[illegible]

[illegible] M.A., M.S., B.L.

[illegible] B.A. (Hons), B.Ed.

အိမ်တွင်းစာကြည့်တိုက်



ဘုန်းတော်ကြီး ဦးသီလ　　မဟာဝိသုဒ္ဓါရုံဆရာတော်　　ဗဟန်းကျောင်းတော်ရာဆရာတော်　　ပုသိန်သဘော်ကျောင်းတောရဆရာတော်

၂၁၉၇၅

စစ်ကိုင်းတောင်ရိုး

ရွှေဟင်္သာဆရာတော်—အရှင်ပဏ္ဍိတထေရ်

စီစဉ်ရေးသားအပ်သော

# ရွှေကျင်နိကာယ

## သာသနာဝင်

[အလုံမြို့ ဦးပဒေ့, မိုးကောင်းတိုက် ဦးပဒေ၊ သီလဝိသောဓနီ၊
ဝဋ္ဋနာဒီပနီများ နောက်ဆက်တွဲအဖြစ် ပါဝင်သည်]


ပြည်ထောင်စုမြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့
ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာတော်နှစ် ၂၅၀၇ ဂေါဇာသက္ကရာဇ် ၁၃၂၅ ၁၉၆၃

# ဘယ်လို ကာကွယ်ကြမလဲ?

အိန္ဒိယပြည်ကြီးသည် ဘုရားရှင် ပွင့်ထွန်း၍ တန်ခိုးကြီးသော ရဟန္တာ အရှင်မြတ်ကြီးများ အစဉ်အဆက် ထွန်းကားပြီး သီရိဓမ္မာသောက မင်းကြီးကဲ့သို့ ကမ္ဘာကျော် ဗုဒ္ဓဘာသာ ဘုရင်ကြီးများ ကိုယ်တိုင်က ဘုရားရှင်၏ အလိုတော်ကျ ပစ္စက္ခကျိုး, တမလွန်ကျိုးကို စံနစ်တကျ ဆောင်ရွက်နိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် ဗုဒ္ဓဘာသာ ဘာ့ကြောင့် ဆုတ်ယုတ် ကွယ်ပျောက်ခဲ့ရသနည်း။

**ကြပ်ကြပ်စဉ်းစားပါ**

ယနေ့ ဗမာပြည်ရှိ ဗုဒ္ဓဘာသာသာသနာ ဘယ်အခြေမှာ ရှိနေသနည်း။

# ရွှေကျင်နိကာယ သာသနာဝင်

## ဖြစ်မြောက်အောင် ဘာ့ကြောင့်ကြိုးစားရသနည်း?

ဆာယံ ဆာယမ္ပိ သေန္တာ၊ သေန္တာ မဏိဂူဟကံ။
သုခံ သုခမ္ပိ ပတ္တေန္တာ၊ ပတ္တေန္တာ ဝေါဝ သာသနံ။

ဘန္တေ-ရွှေဘုန်းတော်နေဝန်း ထွန်းတောက်ပတော်မူသော မြတ်စွာဘုရား၊ လောကေ-လောက၌၊ ဆာယံ ဆာယမ္ပိ-အရိပ်ထက် အရိပ်ကိုလည်း၊ သေန္တာ သေန္တာ-ရှာကြကုန် ရှာကြကုန်သော သူတို့သည်၊ မဏိဂူဟကံ-ပတ္တမြားဂူသို့၊ ဥပဂတာ ယထာ-ကပ်ကြရကုန်သကဲ့သို့၊ တထာ-ထို့အတူ၊ သုခံ သုခမ္ပိ-ချမ်းသာထက် ချမ်းသာရာကိုလည်း၊ ပတ္တေန္တာ ပတ္တေန္တာ-တောင့်တကုန် တောင့်တကုန်သောသူတို့သည်၊ ဝေါဝ-ကိုယ်တော်ဘုရားတို့၏သာလျှင်၊ သာသနံ-သာသနာတော်မြတ်သို့၊ ဥပဂတာ-ကပ်ကြရပါကုန်၏။

သုတဝံ သုတဝံ တော်၊ ပညဝံ ပညဝံတုလံ။
သီလဝံ သီလဝံ သန္တံ၊ တပဝံ တပဝံ နမေ။

ဘန္တေ-ဘုန်းတော်နေရောင် ပြောင်ပြောင်တောက်တော်မူသော မြတ်စွာဘုရား၊ တော် တောဒိသံ-ဤသို့စဉ်လောက် ဘုန်းတန်ခိုး ထွန်းတောက်ပတော်မူသော၊ သုတဝံ သုတဝံ-သုတရှိသူတို့ထက် အထူး သုတရှိတော်မူသော၊ ပညဝံ ပညဝံ-ပညာရှိသူတို့ထက် အထူး ပညာရှိတော်မူသော၊ တပဝံ တပဝံ-ခြိုးခြံသော အကျင့် သီတင်းကောင်း ရှိသူတို့ထက် အကျင့် သီတင်းကောင်း ရှိတော်မူသော၊ အတုလံ-အတုမရှိသော၊ သန္တံ-ငြိမ်သက်တည်ကြည်စွာသော၊ ဘောန္တံ-ကိုယ်တော်သခင် ဘုရားရှင်ကို၊ နမေ-ရိုသေမြတ်နိုး ဦးနှိမ်ကျိုး၍ ရှိခိုးပါ၏။

အခါတပါး၌ မြတ်စွာဘုရားသခင်သည် စမ္ပာမြို့ ဂဂ္ဂရာရေကန် ကမ်းနား၌ များမြတ်သော ရဟန်းသံဃာများနှင့်အတူ သီတင်းသုံးနေတော်မူ၏၊ ထိုအခါ ကန္ဒရကပရိဗိုဇ်နှင့် ဆင်ထိန်း၏သား ပေဿတို့သည် ဘုရားရှင်ထံသို့ လာကြပါသည်။

ကန္ဒရကပရိဗိုဇ်သည် ဘုရားရှင်၏ တပည့်သား ပရိသတ် ရဟန်းတော်များကို လှည့်လည် ကြည့်ရှုပြီးလျှင် "အံ့ဖွယ်ရှိပေစွ၊ အရှင်ဂေါတမသည်

ရဟန်းအပေါင်းကို အလွန်လျှင် ကောင်းစွာ သွန်သင်ထားပေ၏”ဟု ရဟန်းတို့၏ ငြိမ်သက်ခြင်းကို မြင်သဖြင့် ဂေါတမဘုရားကိုရင်း, ပွင့်တော်မူပြီးသော ဘုရားရှင်တို့ကိုရင်း, ပွင့်တော်မူလတ္တံ့သော ဘုရားရှင်တို့ကိုရင်း အလွန်လျှင် ချီးမွမ်းခဲ့ပါသည်။

“ကန္ဒရက....ဤစကားသည် မှန်၏၊ ငါဘုရားသည် ရဟန်းအပေါင်းကို သွန်သင်တော်မူသကဲ့သို့ပင် ရှေးဘုရားရှင်အပေါင်းတို့သည်လည်း သွန်သင်တော်မူကြကုန်ပြီ၊ အနာဂတ်ကာလ၌ ပွင့်တော်မူကြကုန်လတ္တံ့သော ဘုရားရှင်တို့သည်လည်း ဤအတိုင်းပင် သွန်သင်တော်မူကြကုန်လတ္တံ့” ဟု မိန့်တော်မူ၏။

ဤသို့ မိန့်တော်မူသော် ဆင်ထိန်းသားဖြစ်သော ပေဿသည် မြတ်စွာဘုရားအား “အသျှင်ဘုရား....မြတ်စွာဘုရားသည် သတ္တဝါတို့၏(သန္တာန်၌) ကိလေသာစင်ကြယ်ရန်,စိုးရိမ်ပူဆွေးခြင်း ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန်, ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့ ချုပ်ငြိမ်းရန် အရိယမဂ်ကိုရရန်, နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုရန် သတိပဋ္ဌာန် လေးပါးတို့ကို အလွန်လျှင် ကောင်းစွာ ပညတ်ထားတော်မူပါပေသည်၊ တပည့်တော်တို့ လူဝတ်ကြောင်များပင်လည်း ရံခါရံခါ ဤတရားကို ကောင်းစွာတည်နေသော စိတ်ရှိကြကုန်သည် ဖြစ်၍ နေထိုင်ကြပါကုန်အံ့။

အသျှင်ဘုရား....လူတို့၏သန္တာန်၌ ဖြစ်သော ကိလေသာအစွဲအလမ်း, ကိလေသာအရှုပ်အထွေး စဉ်းလဲခြင်းသည် ရှိနေသည် ဖြစ်ပါလျက် ထိုသတ္တဝါတို့၏ အကျိုးစီးပွါး ရှိမရှိကို အလွန်လျှင် သိတော်မူနိုင်ပါပေ၏။ အသျှင်ဘုရား....လူတို့သည်ရှုပ်ပွေလှပါသည်(အပြောတမျိုးစိတ်ထဲကတမျိုး ဖြစ်ကြပါသည်)၊ တိရစ္ဆာန်တို့သည် ပေါ်လွင်လှပါ၏၊ ကျွန်ုပ်သည် ဆင်ရိုင်းတို့ကို သင်ကြားဆုံးမနိုင်သူဖြစ်ပါသည်၊ ဆင်ရိုင်းသည် စမ္ပာမြို့သို့ အသွားအပြန် ပြုလုပ်ရသည့် အချိန်အတွင်း၌ အလုံးစုံသော စဉ်းလဲကောက်ကျစ်မှုတို့ကို ထင်ရှားစွာ ပြသပါသည် (ဖုံးကွယ်မထားပါ)၊ အသျှင်ဘုရား....လူတို့သည်ကား ကျွန်ုပ်တို့၏ ကျေးကျွန်အစေခံ အလုပ်သမားတို့ဟူ၍ ကိုယ်နှုတ်ဖြင့် တမျိုးတဖုံ ပြုလုပ်ကြ၍ စိတ်တွင်း၌ကား တမျိုးတဖုံသာ ဖြစ်ကြပါသည်၊ အသျှင်ဘုရား....လူတို့သည်ကား ရှုပ်ပွေလှပါသည်၊ တိရစ္ဆာန်တို့သည်ကား ပေါ်လွင်လှပါ၏”ဟု လျှောက်၏။

ဤအကြောင်းအရာသည် မဇ္ဈိမပဏ္ဏာသပါဠိတော် ပထမဦးဆုံး ကန္ဒ-ရကသုတ်တွင် ပါဝင်သော အကြောင်းအရာ ဖြစ်ပါသည်။ ကောက်ချက် ထုတ်ရလျှင် "စိတ်တွင်းက တမျိုး, အပြင်အမူအရာက တဖုံ" အားဖြင့် ဟန် ဆောင်တတ်သော လူအများကို ဘုရားရှင်သည် ယဉ်ကျေးအောင် ဆုံးမ ရာ၌ အတုမဲ့ပုဂ္ဂိုလ် ဖြစ်ပါသည်။

## စံပြအဖြစ် ပြစရာ

ဤကဲ့သို့ လူအများအား ယဉ်ကျေးအောင် ဆုံးမရာ၌ အတုမဲ့ပုဂ္ဂိုလ် ဖြစ်သော ဘုရားရှင်၏ ဆုံးမပြီး ယဉ်ကျေးပြီးသား ပုဂ္ဂိုလ်များကို နမူနာ စံထားဘွယ် လက်တွေ့အဖြစ်ဖြင့် ဘယ်နေရာ ဘယ်ဒေသ ဘယ်အရပ်မှာ ပြရပါအံ့နည်း။ ဘုရားရှင် မျက်မှောက်တော်ခေတ်မှာမူ သာမညဖလသုတ် တွင် အဇာတသတ်မင်းနှင့် သံဃာတော်များသည်၎င်း အခြား များစွာ သော သုတ်တော်များတွင်၎င်း တွေ့နိုင်ကြပါသည်။ အလှမ်းမဝေးသေး သော အဆက်အနွယ်ကိုမူ ပြစရာ ဘယ်မှာရှိပါအံ့နည်း၊ ဘုရားရှင် ဆုံးမ ထားပြီးသော ပုဂ္ဂိုလ် တဦးတယောက်, တဂိုဏ်းတဖွဲ့သည် အဘယ်မှာနည်း ဟု ယနေ့ခေတ်သား လူအများအား စံအဖြစ် ပြစရာကို အမျိုးမျိုးကြံဆ စဉ်းစားခဲ့, ကြိုးစားခဲ့ရာမှ ယခုကဲ့သို့ ဤ"ရွှေကျင်နိကာယ သာသနာဝင်" စာအုပ်ကြီးကို ရေးသားထုတ်ဝေနိုင်အောင် ကြိုးစားလာခဲ့ရခြင်း ဖြစ်ပါ သည်။

ကျွန်တော်သည် ဘုရားရှင်၌ အကြွင်းမဲ့ ယုံကြည်ပါသည်၊ ထို့ကြောင့် ဘုရားရှင်၏ ဟောထားအပ်သော တရားတော်သည် လောကီအကျိုး, လောကုတ္တရာအကျိုးတို့ကို မုချပေးသည်ဟု ယုံကြည်ပါသည်။ တရား၏ အကျိုးအာနိသင်သည်လည်း တရားကျင့်သော ပုဂ္ဂိုလ်များ၌ မုချ မျက် မှောက်အကျိုးပေးသည်သာမက တရားကို မကျင့်သုံးသော ပုဂ္ဂိုလ်များနှင့် အမူအရာ အနေအထိုင် စသည် ကွာခြားကြောင်းကို ယုံကြည်ပါသည်၊ ထို့ကြောင့် ဘုရားရှင်၏ တပည့်သား သံဃာများသည် ဘုရားရှင်နှင့် အနီးဆုံးဖြစ်၍ ထိုသံဃာများတွင်လည်း ဘုရားရှင် ဆုံးမတော်မူသော အသေးအဖွဲ့ကလေးများကိုပင် လေးလေးစားစား စောင့်ထိန်းတော်မူကြ သော ပုဂ္ဂိုလ်သံဃာများသည် ဘုရားရှင်၏ ခေတ်အခါကို ညွှန်ပြနိုင်ရန် နမူနာ ရလိမ့်မည်ဟု ယုံကြည်မိပါသည်။

## ဒွါရဂိုဏ်းနှင့် ဒွါရဆရာတော်များ

ကျွန်တော်၏ ဖခင်သည် ဓနုဖြူမြို့ တောင်ပေါ်ကျောင်း ဆရာတော် **ဦးကောသလ္လ**နှင့် တိုက်အုပ်ဆရာတော် **ဦးဂုဏဝံ** အစရှိသော ဒွါရဂိုဏ်း ဆရာတော်များ၏ တပည့်ဖြစ်သည့်အလျောက် ကျွန်တော် ငယ်စဉ်က ဖခင်၏ ပိဋကတ်တိုက်မှ ရဟန်းတော်များ၏ ဝိနည်းတရားတော်နှင့် ဆိုင်ရာ အယူအဆ သဘောထားများကို ဖတ်ရှုခဲ့ရပါသည်။

ထိုကျေးဇူးကြောင့် ကာယကံနှင့် ဝစီကံ ကိုယ်နှုတ်နှစ်ပါးကို ယဉ်ကျေးအောင် ထိန်းသိမ်း စောင့်ရှောက်ကာမျှနှင့်ပင် ရဟန်းတော်များသည် ယဉ်ကျေး၍ ကြည်ညိုဘွယ် ဖြစ်ခဲ့လေပြီဟု သဘောပေါက်ခဲ့မိပါသည်။

## ရွှေကျင်ဆရာတော်များနှင့် ရွှေကျင်ဂိုဏ်း

ထိုမှတဆင့် ဒွါရဂိုဏ်းဆရာတော်များနှင့် အနေဝေးသွားပြီးနောက် ရွှေကျင်ဂိုဏ်းဆိုင်ရာ ပုဂ္ဂိုလ်များတွင် မြောင်းမြမြို့ **ပဇ္ဇောတာရုံတိုက်ဆရာတော်**သည် ကျွန်တော်တို့၏ ဆရာရင်း, တပည့်ရင်း ဖြစ်ခဲ့ပါသည်၊ ထိုမြောင်းမြဆရာတော်၏ အစောင့်အရှောက်နှင့်ပင် စစ်ပြီးစအချိန်တွင် ညောင်တုံး **ရွှေဟသ်ာတောရ စံကျောင်းဆရာတော်**နှင့် အမရပူရ မဟာဂန္ဓာရုံ **အရှင်ဇနကာဘိဝံသဆရာတော်**တို့ထံသို့ ခေါ်ဆောင်သွားခြင်းဖြင့် ထိုဆရာတော်များနှင့် တွေ့ဆုံစေခဲ့ပါသည်၊ ယင်းသို့ ဆရာတော် ဦးဇနကနှင့် တွေ့ဆုံခွင့်ရသောကြောင့် ပင်လျှင်လည်း "အနာဂတ် သာသနာရေးကျမ်း"ကို သာသနာတော်အတွက် ပေါ်ပေါက်စေပြီးလျှင် ယနေ့တိုင်အောင်ပင် တဆင့်ထက် တဆင့် သာသနာတော်အတွက် အခြေနှင့်တကွ တိုးတက်အောင် ဆောင်ရွက်ခွင့် ရလာခဲ့ပါသည်၊ ထိုအချိန်တွင် စစ်ကိုင်း **ရွှေဟသ်ာ ဆရာတော်**၏ "ထွင့်ခေါင် ဆရာတော် အတ္ထုပ္ပတ္တိ" အမည်ဖြင့် စာအုပ်ငယ် တအုပ်ကို ရရှိ၍ ၎င်းစာအုပ်ကို ဖတ်ရင်းပင် ဘုရားရှင်၏ သာသနာတော်ကို ခေတ်လူများ မျက်မြင်ဒိဋ္ဌ အနီးဆုံး စဉ်းစားကြည်ညိုနိုင်ခွင့် ရအောင် လုပ်ရလျှင် အလွန်ကောင်းလိမ့်မည်ဟု ယုံကြည်လာမိပါသည်။

ပထမ ရွှေကျင်ဆရာတော်ဘုရားကြီး ရေးသားသော "ဝိစိတြာဝန္ဒနာ" အမည်ရှိ ဘုရားရှင်၏ ဂုဏ်တော်များကိုင်း, "စူဠသိဿကောဝါဒ, မဟာသိဿကောဝါဒ" အမည်ရှိ တပည့်များကို ဆုံးမပုံ ဆုံးမနည်းများကိုင်း,

ရွှေကျင်ဆရာတော်ဘုရားကြီး၏ အကြောင်းအရာများကို ဆရာသမားများ၏ ပြောပြချက်ဖြင့်၎င်း, ရွှေကျင်သံဃာများ၏ မျက်မြင်ကိုယ်တွေ့ ဆရာသမား အဆုံးအမဩ လေးစားကြပုံကို၎င်း တွေ့ရှိရသဖြင့် ဤရွှေကျင်ဆရာတော်ကြီးနှင့် ရွှေကျင်ဂိုဏ်းသည်ပင် ခေတ်လူအများ ထင်ရှားသိသာအောင် တင်ပြရသော် ဘုရားသာသနာတော်၏ နမူနာသည် ရပေလိမ့်မည်ဟု ယုံကြည်ခဲ့ပါသည်။

## ရွှေကျင်ဆရာတော်၏ အတ္ထုပ္ပတ္တိ

အထက်ပိုင်းတွင် ရွှေကျင်ဆရာတော်ဘုရားကြီးနှင့် ခင်မွန်ဆရာတော်, ဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးတို့ကို ပဓာနထား၍ အောက်ပိုင်းတွင် ပဲခူးတောရဆရာတော်ကြီး ဘုန်းတော်ကြီး ဦးသီလနှင့် ဗဟန်းကျောင်းတော်ရာ ဆရာတော်ဘုရားကြီး ၂-ပါး ပေါင်း ဆရာတော်ကြီး ၅-ပါး၏ အတ္ထုပ္ပတ္တိကို ရေးသားနိုင်ရန် ရသမျှ စာအုပ်,စာတမ်း,စာအုပ်မူ,ပေမူများကို စုဆောင်းရှာဖွေခဲ့ပါသည်။ ကျွန်တော်တို့ မြန်မာများတွင် အတ္ထုပ္ပတ္တိ ရေးလေ့ရေးထ မရှိခဲ့ခြင်းကြောင့် အတော်ပင် အခက်အခဲနှင့် ကြုံခဲ့ရပါသည်။ သို့သော် အင်္ဂလိပ်လူမျိုး ပါဠိဆရာကြီး **မစ္စတာဂရေး**သည် "ဝိစိတြာဝန္ဒနာ" ကို သဘောကျ နှစ်သက်သဖြင့် အင်္ဂလိပ်ဘာသာသို့ပြန်ဆိုပြီး အင်္ဂလန်သို့ပို့လိုက်ရာ အင်္ဂလိပ်အမျိုးသား ပညာရှိအချို့က နှစ်သက်ကြသဖြင့် စာရေးသားသော ဆရာတော်၏ အတ္ထုပ္ပတ္တိကို မေးလျှောက်သဖြင့် ရွှေကျင်ဆရာတော်ဘုရား အသက်ထင်ရှား ရှိတော်မူစဉ်က မောင်းထောင် ဆရာတော်ဘုရား ရေးသားပေးသော ရွှေကျင်ဆရာတော်ဘုရားကြီး၏ အတ္ထုပ္ပတ္တိ အကျဉ်းမျှကို မူထား၍ အကျယ်ကိုမူ ဆရာစဉ်ဆက် အမှတ်အသား မိန့်ဆိုချက်များနှင့် ရေးထားသော ကျမ်းများကို မူထား၍သာ ရှာရပါတော့သည်။ (၁၉၅၅) ၁၃၁၇-ခုနှစ်လောက်က စတင် ကြိုးစားခဲ့ရာ ယနေ့မှပင် အောင်မြင်ခဲ့ပါသည်။

## အသေးအဖွဲ အရေးကြီးပုံ

ဤကဲ့သို့ အချိန်ကြာမြင့်စွာ ကြိုးစားရခြင်းကြောင့်လည်း ရွှေကျင်ဆရာတော်ဘုရားကြီး၏ စိတ်ဆန္ဒတော်နှင့် အပြုအမူများကို တစထက်တစ ပိုမို သိရှိလာရခြင်းကြောင့် အလွန် အကျိုးရှိသည်ကို တွေ့လာရပါသည်။ ဆရာတော်ကြီးသည် အသေးအဖွဲကို အလွန် အလေးပြုတော်မူပါသည်။

ထိုကဲ့သို့ အလေးပြုတော်မူခြင်းကြောင့်လည်း အကြီးအကျယ်အောင်မြင်၍ ယနေ့တိုင် ကြာမြင့်စွာ တည်ရှိနေသည်ကို တွေ့ရခြင်း ဖြစ်သည်ဟု သဘော ပို၍ ပေါက်လာပါသည်၊ အာဏာမရှိ ဒဏ်မထားပဲ ဘုရားရှင် ကိုယ်တော် မြတ်၏ အဆုံးအမ သာသနာတော်သည် နှစ်ပေါင်း ၂၅၀၀-ကျော်မှ ယနေ့ တိုင် အနွယ်မဖျက် ဘုရားရှင်၏ တပည့်သား ပီပီသသ ကျင့်သုံးကြသော ပုဂ္ဂိုလ်များကို တွေ့မြင်နေရခြင်းဖြင့်၎င်း, ကမ္ဘာ့နေရာအနှံ့ အာဏာမဖက် သဒ္ဓါသက်သက်ဖြင့် ပျံ့နှံ့ပုံကို၎င်း စိတ်တွင်းမှသိလာခဲ့ရသည့်ပြင် ရွှေကျင် ဆရာတော်ကြီးသည် ဘုရားရှင်၏ နည်းကို အတတ်နိုင်ဆုံး ကြိုးစား အား ထုတ်ပြီး တပည့်များကို မနားမနေ အသေးအဖွဲကို ဂရုစိုက် ဆုံးမသွန်သင် တော်မူသဖြင့်လည်း ရွှေကျင်ဂိုဏ်းကြီးသည် နေရာအားဖြင့်လည်း ကျယ် ပြန့်၍ အချိန်အားဖြင့်လည်း ယနေ့တိုင် သပ်ယပ် ထင်ရှားလျက် ရှိသည်ဟု ပို၍ ယုံကြည်လာပါသည်။

## ဘုရားရှင် အသေးအဖွဲ ဂရုစိုက်တော်မူပုံ

ဘုရားရှင်ကိုယ်တော်မြတ်သည် ရဟန်းများ ညဥ့်စာ မစားကြရန် ပညတ် တော်မူသောအခါက ဖြစ်ပါသည်၊ ထိုစဉ်အခါက ဥဒါယီ လျှောက်ပုံနှင့် ဘုရားရှင်မိန့်တော်မူပုံမှာ ကျွန်တော်တို့ သာသနာဝင် ရဟန်းရော လူအများ ပါ နှလုံးဝမ်းထဲ အလွန်စွဲအောင် မှတ်ထားသင့်ပါသည်။

"အသျှင်ဘုရား....မြတ်စွာဘုရားသည် ရဟန်းတို့အား နေလွဲသောအခါ၌ စားခြင်းကို ပယ်စွန့်ကြကုန်လော့ဟု မိန့်တော်မူခဲ့စဉ်က ကျွန်ုပ်အား စိတ် ဆင်းရဲမှု ဖြစ်ခဲ့ရပါသည်၊ သို့သော် မြတ်စွာဘုရား၌ ချစ်ခြင်း, ရိုသေခြင်း, ရှက်ခြင်း, ကြောက်ခြင်းတို့ကို ကောင်းစွာ ထောက်မြော်ကြလျက်သာ ထို နေလွဲအခါ၌ စားခြင်းကို ပယ်စွန့်ကြရပါကုန်သည်၊ အသျှင်ဘုရား....ကျွန်ုပ် တို့သည် နံနက်အခါ၌လည်း စားပါကုန်သည်၊ ညဥ့်အခါ၌လည်း စားပါကုန် သည်၊ အထူးသဖြင့် လွန်မြတ်သော ညဥ့်စာကိုလည်း ငါတို့အား စွန့်ရမည် ဟု မြတ်စွာဘုရား ဟောကြားတော်မူ၏ဟု ကျွန်ုပ်အား စိတ်ပြောင်းလဲမှု, စိတ်ဆင်းရဲမှု ဖြစ်ခဲ့ရပါသည်။

သို့သော် ညဥ့်ဘက်၌ ဆွမ်းခံလှည့်လည်ကြသော ရဟန်းတို့အား အညစ် အကြေး စွန့်ရာသို့လည်း ဝင်ကြကုန်၏၊ ညွှန်တွင်းသို့လည်း ကျကြကုန်၏၊ ဆူးရှိသော တွင်းကိုလည်း နင်းမိကြကုန်၏၊ အိပ်နေသော နွားမကိုလည်း

တက်နင်းမိကြကုန်၏၊ ခိုးခဲ့ပြီးသောသူခိုး,မခိုးရသေးသောသူခိုးတို့နှင့်လည်း တွေ့ဆုံမိကြကုန်၏၊ မာတုဂါမနှင့်မူလည်း မသင့်တော်ဘဲ တွေ့ဆုံကြရကုန်၏။

အသျှင်ဘုရား....ရှေးကဖြစ်ဘူးသည်မှာ တပည့်တော်ကိုယ်တိုင် ညဉ့်မှောင်မိုက်၌ ဆွမ်းအလို့ငှါ လှည့်လည်၏၊ ခွက်ဆေးကြောနေသော မိန်းမတယောက်သည် လျှပ်စစ်ပြက်သောအခိုက်၌ ကျွန်ုပ်ကိုမြင်၍ အမယ်လေး ကိုယ်ကျိုးနဲ့ပါပေါ့၊ ဘီလူးကြီးပါတကား-ဟု လန့်အော်ပါသည်၊ ဤသို့ လန့်အော်သော် တပည့်တော်သည် နှမ....ငါသည် ဘီလူးမဟုတ်ပါ၊ ဆွမ်းရပ်နေသော ရဟန်းပါ-ဟု ထိုမိန်းမကို ပြောဆိုခဲ့ပါ၏၊ရဟန်း သင့်အား မိဘမဲ့လေ ယောင်တကား၊ ရဟန်း.... ထက်လှစွာသောဓားယဲဖြင့် သင်၏ဝမ်းပိုက်ကို ထိုးဖောက်ခြင်းက မြတ်သေး၏၊ ညဉ့်မှောင်မိုက်၌ ဝမ်းဟူသော အကြောင်းကြောင့် ဆွမ်းခံလှည့်လည်ခြင်းသည် မမြတ်သည်သာတည်းဟု ထိုမိန်းမက ဆိုပါသည်။

အသျှင်ဘုရား....ထိုအကြောင်းများကို ပြန်အောက်မေ့သော ကျွန်ုပ်အား မြတ်စွာဘုရားသည် ငါတို့၏ များစွာသော ဆင်းရဲတရားတို့ကို စင်စစ် ပယ်ရှားတော်မူတတ်ပါ၏၊ မြတ်စွာဘုရားသည် ငါတို့၏ များစွာသော ချမ်းသာတရားတို့ကို စင်စစ် ရှေးရှုဆောင်တတ်ပါပေ၏၊မြတ်စွာဘုရားသည် ငါတို့၏ အကုသိုလ်တရားတို့ကို ပယ်ရှား, ကုသိုလ်တရားတို့ကို စင်စစ် ရှေးရှုဆောင် တတ်ပါပေ၏ဟူ၍ ဤသို့ အကြံဖြစ်မိပါသည်"ဟု လျှောက်၏။

ထိုအခါ ဘုရားရှင်က မိန့်တော်မူသည်မှာ "ဥဒါယီ....အချို့သော အချည်းနှီးသော ယောက်ျားတို့အား ဤအရာကို ပယ်ကြကုန်လော့ဟု ငါက ဆိုသည်ရှိသော် ထိုရဟန်းတို့သည် 'ဤ နည်းနည်း ပါးပါး ကလေးမှာ အဘယ်ပြောပလောက်သနည်း၊ ခေါင်းပါးခြင်း၌ ကြောင့်ကြစိုက်လွန်းသည် သာတည်း'ဟု ဆိုကုန်၏။

ထိုရဟန်းတို့သည် စွန့်သင့်သော ထိုအရာကိုလည်း မစွန့်ကုန်၊ ငါ (ဘုရားရှင်၌)ရင်း,သိက္ခာသုံးပါးကိုလိုလားသော ရဟန်းတို့၌ရင်း မကျေနပ်မှု ဖြစ်ကြကုန်၏ (ကြပ်ကြပ် စဉ်းစားပါ)၊ ဥဒါယီ....ထိုအချည်းနှီးသော ယောက်ျားတို့အား ထိုနည်းနည်းပါးပါးကလေးသည်ပင် အားကြီးသော အနှောင်အဖွဲ့, မြဲမြံသောအနှောင်အဖွဲ့, ခိုင်ခံ့သော အနှောင်အဖွဲ့, မဆွေး

မြေ့သော အနှောင်အဖွဲ့ ဖြစ်၏၊ ကြီးစွာသော သစ်သားတောက်လည်း ဖြစ်နေ၏။

ဥဒါယိ….ဥပမာသော်ကား ဘီလုံးငှက်ငယ်သည် နွယ်ပုပ်အနှောင်အဖွဲ့ ဖြင့် ဖွဲ့မိသော် ထိုအရပ်၌သာလျှင် ညှဉ်းဆဲ ခံရခြင်းသို့ငှင်း, အဖမ်းခံရ ခြင်းသို့ငှင်း, သေဆုံးခြင်းသို့ငှင်း ရောက်၏၊ ဤသို့ဖြစ်ရခြင်းကို ဘီလုံး ငှက်ငယ်အတွက် သေးငယ်သော အနှောင်အဖွဲ့, အားနည်းသော အနှောင် အဖွဲ့သာဖြစ်၏ဟု ဆိုငြားအံ့၊ ထိုသူ၏ပြောဆိုခြင်းသည် ကောင်းစွာ ပြော ဆိုခြင်း ဖြစ်ပါမည်လောဟု ဘုရားရှင် မေးတော်မူသောအခါ ဥဒါယီက အရှင်ဘုရား…. ဤအနှောင်အဖွဲ့သည် ထိုဘီလုံးငှက်ငယ်အတွက် အားကြီး သော အနှောင်အဖွဲ့, မြဲမြံသောအနှောင်အဖွဲ့, ခိုင်ခံ့သောအနှောင်အဖွဲ့သာ ဖြစ်ပါသည်ဟု လျှောက်၏။

ဥဒါယီ…. ဤအတူသာလျှင် ထိုအချည်းနှီးသော ယောကျ်ားတို့အား တိုနည်းနည်းပါးပါးကလေးသည် အားကြီးသော အနှောင်အဖွဲ့, မြဲမြံသော အနှောင်အဖွဲ့, ခိုင်ခံ့သော အနှောင်အဖွဲ့သာလျှင် ဖြစ်ခဲ့ပေသည်”ဟု မဇ္ဈိမ- ပဏ္ဏာသပါဠိတော် လဋုကိကောပမ သုတ်တော်တွင် ဟောထားတော်မူ သည်မှာ ဘုရားရှင်သာသနာတော်၌ ကြည်ညိုသူတိုင်း လေးစားလိုက်နာ အပ်လှပါသည်။

## ရွှေကျင်ဆရာတော်ဘုရားကြီး၏ အသေးအဖွဲ့ဂရုပြုပုံ

ရွှေကျင် ဆရာတော်ဘုရားကြီးသည် မင်းနှင့် ဆက်ဆံရာတွင်ငှင်း, လူ အများနှင့် ဆက်ဆံရာတွင်ငှင်း သံဃာတော်များနှင့် ဆက်ဆံ၍ အုပ်ချုပ်ရာ ဩဝါဒပေးရာတိုင်း၌ပင် အသေးအဖွဲ့ကို အထူး ဂရုပြုတော်မူသည်ကို တွေ့ရ ပါသည်။ ဥပမာ ဆရာတပည့်ကို ဆုံးမရာတွင် စာဆိုအတိုင်းသာ ဆုံးမ ခြင်း မဟုတ်၊ လက်တွေ့ လူ့သဘောကိုလိုက်၍ ဂုဏ်ရှိသော တပည့်နှင့် ဂုဏ်မရှိသောဆရာ, ဂုဏ်ကြီးသောဆရာနှင့် ဂုဏ်မရှိသောတပည့်, ကိုရင်, ကျောင်းသား, ဖိုးသူတော်တို့ အပေါ်၌ ဆိုဆုံးမရန် ညွှန်ကြားသော စံနစ်များကို အလွန်အသေးစိတ် မှတ်သားနည်းယူဘွယ် ကောင်းလှပါသည်၊ အထူးသဖြင့် ဆရာတော်ဘုရားကြီး၏ စူဠသိဿကောဝါဒ,မဟာသိဿ- ကောဝါဒ အစရှိသော ဆုံးမပုံများကို ထပ်ခါထပ်ခါ လေ့လာမိလျှင်

ဘယ်သူမှ မကြည်ညိုပဲ မနေနိုင်အောင် ဖြစ်ရပါလိမ့်မည်၊ ရွှေကျင် ဆရာတော်ဘုရားကြီး၏ တပည့်များတွင် ဖိုးသူတော်, ဖိုးသူတော်မှ ကိုရင်, ကိုရင်မှ ပဥ္စင်းရဟန်းအဖြစ် ရောက်လာကြသူများ မည်မျှ အချိုးကျ၍ မည်မျှ သာသနာ့ ကြည်ညိုဘွယ်ကို ဆောင်သည်ကို ရွှေကျင်ဂိုဏ်းတွင် အတော်များများ တွေ့ရပါသည်၊ ရဟန်းဘဝတွင် ဗဟုဿုတရှိ၍ ကျမ်းဂန်တတ် ဖြစ်နေရုံမျှနှင့် တင်းတိမ်မနေကြရန် ဆုံးမချက်ကို စူဠသိဿကောဝါဒမှ အနည်းငယ် ထုတ်ပြလိုက်ပါအံ့။

"နိဗ္ဗုတစခန်း ဘေးမသန်းသည့် နိဗ္ဗာန်လမ်းကို ရော်ရမ်း မှန်းထားမိသော ဗဟုဿုတ သီလသံဝရ ပြည့်စုံရုံမျှနှင့် တင်းတိမ်အားရ စိတ်ချ၍ မနေမိကြရအောင် ဆင်ဘေး, ကျားဘေးတို့မှ ချမ်းသာလို၍ ထန်းပင်ကို တက်ရာတွင် ပတ်အိုးဝင်မိမှ ငိရိယပေါ့သည့်အတွက် ထန်းပင် ပတ်အိုးမှ ပက်လက်လန်၍ ကျသည့်သူ၏ပမာ မီးရှူးထမ်း၍သွားသော သူကန်းသည် မိမိထမ်းဆောင်သော မီးရှူး၏ အရောင်ကို မမြင်ရသကဲ့သို့ ငှင်းပရိယတ္တိကာလထဲတွင်သော်လည်း သင့်လျော်သော အချိန် ထားသဖြင့် ပဋိပတ္တိကာလ ဘာဝနာသမယကိုလည်း ကြားချပ်၍ လျောက်ပတ်စွာ နှလုံးထားမိကြအောင်" စသည်ဖြင့် အကွက် မလပ်ရအောင် ဆုံးမတော်မူသည်မှာ ဘုရားရှင်ကို ကြည်ညိုသူတိုင်း ရွှေကျင်ဆရာတော်ဘုရားကြီးကို မကြည်ညိုပဲ မနေနိုင် ရှိလှပါသည်။

"ဗဟုဿုတစသော ဂုဏ်တပါးရှိလျက် အာစရိယမုဋ္ဌိ နည်းကောင်းမရှိသောကြောင့် ခေါ်လုပ် ရုပ်ထု အပြုအပြင် မခံရသော သံစိမ်းတုံး,ကျောက်စိမ်းဘုံး,အသွေးအဆေးမခံရသော သံချေးပိတ်ဖုံး ခေါ်မအိုပေတုံး,ကျောက်သွေးသမားလက်သို့ မရောက်သော ကျောက်ကာတွေ့ဖုံး စိန်ကျောက်တုံး, အချက်အပြုတ်မခံရ၍ ပုပ်ရှာရသော ယင်တရုံးရုံး ဝက်သားတုံးကဲ့သို့ သာသနာတော်၌ အသုံးကျလောက်လျက် ဆရာကောင်းနည်းကို မရသည့်အတွက် အသုံးလှလှ မကျမရှိကြရအောင် မကောင်းမြစ်ထာ ပယ်ခွါနှိမ်နင်း ဆုံးမခြင်းအလေ့ရှိသော နိဂ္ဂဟောဝါဒီ ဆရာမြတ်တို့၏ ဩဝါဒကို သဘောကျကျ နားဝဝခံနိုင်ကြအောင်, ခံမိကြအောင်"....စသည်ဖြင့် ဆရာကောင်းထံတွင် နည်းခံရန်အတွက် ဆုံးမပုံမှာလည်း ပေါ်လွင်၍ အလွန်နာယူဖွယ်ကောင်းလှပါသည်။

## သာသနာတော်ကို ဘယ်လိုစောင့်ရှောက်ကြမလဲ

ထို့ကြောင့် ဘုရားရှင်၏ သာသနာကို ကာကွယ်ထိန်းသိမ်း၍ စည်ပင်ပြန့်ပွါးအောင် ဆောင်ရွက်လိုသူသည် အောက်ပါ အချက်များနှင့် တိတိကျကျ ပြည့်စုံမှသာ မိမိ၏ ရိုးသားသောဆန္ဒသည် အောင်မြင်လိမ့်မည်၊ မအောင်မြင်ခဲ့သော် အချည်းနှီးကား မဖြစ်၊ ပါရမီကုသိုလ် မုချဖြစ်လိမ့်မည်ဟု ယုံကြည်ပါသည်။

၁။ ဘုရားရှင်၏အလိုတော်ကို ကျနအောင် နားလည်၍ လူသားတို့အတွက် ယခုပစ္စက္ခ လက်တွေ့ကျိုးနှင့် လောကုတ္တရာကျိုးကို တကယ် ရိုးသားစွာ ဆောင်ရွက်ပေးလိုသော ဆန္ဒရှိခြင်း၊

၂။ ထိုဆန္ဒအရ မိမိကိုယ်တိုင်က သိပြီးသော တရားတော်ကို ကိုယ်ကျင့် တရားအဖြစ်သို့ ရောက်ပြီးဖြစ်အောင် ကျင့်ထားခြင်း၊

၃။ ဘုရားရှင်၏အဆုံးအမတော်ကို စွမ်းနိုင်သလောက်ကျင့်ပြီးဖြစ်သော ပုဂ္ဂိုလ်နှင့် တူညီအောင် သူတပါးအကျိုး ဆောင်ရွက်ရာ၌ ပကာသန, အကျော် အစော, လာဘ်လာဘ, ရာထူး ဂုဏ်သိရ်ို စသည်တို့ကို မြှော်ကိုး၍ ဈေးသည်သည် အမြတ်ကိုသာ ပဓာန ထားသကဲ့သို့ မကျင့်သုံးပဲ ပါရမီကုသိုလ်အဖြစ်သာ သဘောထား၍ ကျင့်သုံးနိုင်ခြင်း၊

၄။ အထူးသဖြင့် အနည်းဆုံး ကိုယ်ကျင့်တရားသည် ရဟန်းရော လူပုဂ္ဂိုလ်များပါ ဖြောင့်မတ်ဖြူစင်သော စိတ်ရှိ၍ မိမိတို့ ထိန်းသိမ်းသင့်သော သီလကို ပြည့်စုံစေပြီးလျှင် လာဘသက္ကာရ အကျော် အစောကို စိတ်တွင် ရှိသော်လည်း မကျင့်သုံးမိအောင်, ထိုစိတ်၏ ဆွဲဆောင်ရာသို့ မပါအောင် ထိန်းသိမ်းနိုင်ရပါမည်၊

၅။ ထူးခြားသော ခေါင်းဆောင် ပုဂ္ဂိုလ်များ၌ကား ဘုရားရှင်၏ ပိဋကတ်တော် စာပေများသည် လူအများ၏ ပစ္စက္ခ မျက်မှောက် (က) နိုင်ငံရေး (ခ) စီးပွါးရေး (ဂ) လူမှုရေး (ဃ) ပညာရေး (င) အသိဉာဏ် ရင့်ကျက်လာရေး (စ) ကိုယ်စိတ်နှစ်ပါး ချမ်းသာရေး စသည်ဖြင့် တိတိကျကျ နားလည် ကျင့်သုံးတတ်အောင် နည်းပြနိုင်သူများ ဖြစ်သင့်ပါသည်။

ထို့ကြောင့် ဗုဒ္ဓကို တကယ်ကြည်ညို၍ သရဏဂုံကို ဆောက်တည်ပါသည် ဆိုသူ ဥပါသကာများနှင့် သံသရာမှ ကျွတ်လွတ်ရန်ပင် ရည်ရွယ်ရင်းရှိကြသော ရဟန်းတော်များသည် ဘုရား၏တပည့်သား ပီသစွာ ကြိုးစားတော်မူကြရန် အောက်ပါ ရွှေကျင်ဆရာတော်ဘုရား၏ အဆုံးအမ ဂါထာများကို သတိထား ကျင့်သုံးပြီး သာသနာတော်ကို စောင့်ထိန်းနိုင်ကြစေရန် ဆုတောင်းပါသည်။

၁။ ဒုဇ္ဇနေသုပိ သတ္တေသု၊ အနုကမ္ပေန္တိ သာဓဝေါ။
ကုဋ္ဌိနမ္ပိ နာသိကဂ္ဂေ၊ ကုင်္ကုမံ သုဂန္ဓိ ဇနေ။

ဒုဇ္ဇနေသုပိ သတ္တေသု-မသူတော် ဖြစ်ကုန်သော သတ္တဝါတို့၌ သော်လည်း၊ သာဓဝေါ-သူတော်ကောင်းတို့သည်၊ အနုကမ္ပေန္တိ-ချီးမြှောက်နိုင်ကြကုန်၏၊ ကုဋ္ဌိနမ္ပိ-နူနာရှိကုန်သော သူတို့၏လည်း၊ နာသိကဂ္ဂေ-နှာခေါင်းဖျား၌၊ကုင်္ကုမံ-မာလာကျိကျူ နံ့သာမှုန့်သည်၊သုဂန္ဓိ-သင်းပျံ့ မွှေးကြိုင် ရနံ့လှိုင်သည်ကို၊ ဇနေ-ဖြစ်စေနိုင်၏။

၂။ ဗာလကေသုပိ သတ္တေသု၊ ဒယံ ကုဗ္ဗန္တိ သာဓဝေါ။
မဂ္ဂါနမ္ပိ ဟိ သမ္မုခေ၊ န စန္ဒော ကောမုဒံ ဟရေ။

ဗာလကေသုပိ သတ္တေသု-မိုက်လှသော သတ္တဝါတို့၌သော်လည်း၊ သာဓဝေါ-သူတော်ကောင်းတို့သည်၊ ဒယံ-သနားခြင်းကရုဏာကို၊ ကုဗ္ဗန္တိ-ပြုနိုင်၊ ပွါးနိုင်ကြကုန်၏၊ ဟိ-ဆိုသင့်စွ၊ မဂ္ဂါနမ္ပိ-သားသမင်တို့၏လည်း၊ သမ္မုခေ-မျက်မှောက်၌၊ စန္ဒော-ကောင်းကင်အဝှန်း တက်၍ထွန်းသော လမင်းသည်၊ ကောမုဒံ-မိမိထွန်းနေကျ အရောင်အလင်းကို၊ န ဟရေ-မပယ်။

၃။ ဝေရီသုပိ စ သတ္တေသု၊ န ဝိဟိံသန္တိ သာဓဝေါ။
သုဝဏ္ဏမ္ပိ ဟိ အတ္တာနံ၊ ရန္ဓန္တံ န ကုဒါ ဒဟေ။

ဝေရီသုပိ စ သတ္တေသု-ရန်သူဖြစ်သော သတ္တဝါတို့၌ သော်လည်း၊ သာဓဝေါ-သူတော်ကောင်းတို့သည်၊ န ဝိဟိံသန္တိ-မညှဉ်းဆဲကြကုန်၊ ဟိ-ဆိုသင့်စွ၊ သုဝဏ္ဏံ-ရွှေရတနာသည်၊ အတ္တာနံ-မိမိကို၊ ရန္ဓန္တံ-ကျိချက်ညှဉ်းဆဲသောသူကိုသော်လည်း၊ ကုဒါ-တရံတခါမျှ၊ န ဒဟေ-မလောင်။

၄။ ဒုပညေသုပိ သတ္တေသု၊ နာဝမညန္တိ ပဏ္ဍိတာ။
အန္ဓာနမ္ပိ ဟိ သမ္မုခေ၊ စက္ခုမာ နာန္ဓတံ ဂတော။

ဒုပ္ပညေသုပိ သတ္တေသု-သုတဝေးကွာ ပညာမရှိသော သူတို့၌သော်လည်း၊ ပဏ္ဍိတာ-ကျိုးကြောင်းမြော်သိ ပညာရှိကုန်သောသူတို့သည်၊ နာဝမညန္တိ-မထီမဲ့မြင် မရှိမသေ မပြုကြကုန်၊ ဟိ-ဆိုသင့်စွ၊ အန္ဓာနမ္ပိ-သူကန်းတို့၏လည်း၊ သမ္မုခေ-မျက်မှောက်အနီး၌၊ စက္ခုမာ-မျက်စိအမြင်ရှိသော သူသည်၊ အန္ဓတံ-ကန်းသည်၏အဖြစ်သို့၊ န ဂစ္ဆတော-မရောက်။

၅။ ဒုဿီလေသုပိ သတ္တေသု၊ န ဝိရောသေန္တိ သီလဝါ။
နဂ္ဂါနမ္ပိ ဟိ သမ္မုခေ၊ န ပေါသော နဂ္ဂတံ ဂစ္ဆတော။

ဒုဿီလေသုပိ သတ္တေသု-သီလမရှိသော သူတို့၌သော်လည်း၊ သီလဝါ သီလဝန္တာ-သီလရှိကုန်သောသူတို့သည်၊ န ဝိရောသေန္တိ-မချုတ်ချယ်မစောင်းမြောင်းကြကုန်၊ ဟိ-ဆိုသင့်စွ၊ နဂ္ဂါနမ္ပိ-အဝတ်မရှိ နေနိုင်ဘိသော သူရှူးတို့၏လည်း၊ သမ္မုခေ-မျက်မှောက်၌၊ ပေါသော-လူတမ်းစေ့သောသူသည်၊ နဂ္ဂတံ-အဝတ်မရှိ အချည်းနှီး၏အဖြစ်သို့၊ န ဂစ္ဆတော-မရောက်။

၆။ ဒုဗ္ဗစေသုပိ သတ္တေသု၊ နာဝကုဇ္ဈန္တိ ပဏ္ဍိတာ။
အတေကိစ္ဆဿ သမ္မုခေ၊ ဘိသက္ကော န မတံ ဂစ္ဆတော။

ဒုဗ္ဗစေသုပိ သတ္တေသု-ဆိုနိုင်ခက်သူ ကျင့်မဖြူသော သူတို့၌သော်လည်း၊ ပဏ္ဍိတာ-ဆုံးမတတ်သူ ပညာရှိတို့သည်၊ နာဝကုဇ္ဈန္တိ-ဆုံးမ၍မရသည့်အတွက်ကြောင့် စိတ်ကွက်စိတ်ပေါက် ဒေါသမရောက်ကြကုန်၊ ဟိ-ဆိုသင့်စွ၊ အတေ-ကိစ္ဆဿ-ဆေးကု၍မရသောသူနာ၏၊ သမ္မုခေ-မျက်မှောက်၌၊ ဘိသက္ကော-ဆေးသမားသည်၊ မတံ-သေခြင်းသို့၊ န ဂစ္ဆတော-မရောက်။

၇။ အဇာနန္တေသုပိ သတ္တေသု၊ ဓမ္မံ ဒေသေတိ သာဓဝေါ။
အဂမ္ဘီရေသုပိ ခေတ္တေသု၊ မဟာဒေဝေါဘိဝဿယေ။

အဇာနန္တေသုပိ သတ္တေသု-ဟောတရားကို နားမဝင် နားမလည်ကုန်သောသူတို့၌သော်လည်း၊ သာဓဝေါ-သူတော်ကောင်းတို့သည်၊ ဓမ္မံ-တရားတော်ကို၊ ဒေသေန္တိ-ဝါသနာပါစိမ့်သောငှါ ကောင်းစွာ ဟောပြောကြကုန်၏၊ ဟိ-ဆိုသင့်စွ၊ အဂမ္ဘီရေသုပိ ခေတ္တေသု-လယ်တိမ်လယ်ကောတို့၌သော်လည်း၊ မဟာဒေဝေါ-မိုးကြီးသည်၊ အဘိဝဿယေ-ရွာလေတော့၏။

၈။ နိဂုဏောသုပိ သတ္တေသု၊ ပညံ သိက္ခန္တိ သာဓဝေါ။
စဏ္ဍာလာနမ္ပိ ဂါမေသု၊ မဟာမေဃော န ဝဇ္ဇယေ။

နိဂုဏေသုပိ သတ္တေသု-ဂုဏ်မရှိသော သူတို့၌သော်လည်း၊ သာဓဝေါ သူတော်ကောင်းတို့သည်၊ ပညံ-အတတ်ပညာကို၊ သိက္ခန္တိ-သင်ပြင် ပြသကြကုန်၏၊ ဟိ-ဆိုသင့်စွ၊ စဏ္ဍာလာနံ-ဒွန်းစဏ္ဍားတို့၏၊ ဂါမေသုပိ-ရွာတို့၌သော်လည်း၊ မဟာမေဃော-ကောင်းကင်အလုံး ချုန်း၍ရွာသော မိုးကြီးသည်၊ န ဝဇ္ဇယေ-မကွင်းမကြဉ်။

၉။ ဧဒိံ သရံ သန္တာ သန္တော၊ သဗ္ဗေသံ ဒုဇ္ဇနာဒိနံ။
ဒယံ မေတ္တံ သုဇနေန္တာ၊ အနုဂ္ဂဏှန္တိ သဗ္ဗဒါ။

ဧဒိံ-ဤသို့သော သဘောခြင်းရာကို၊ သရံ သရန္တာ-အောက်မေ့ကြကုန်သည်ဖြစ်၍၊သန္တာ-သူတော်ကောင်းသာမန်ထက်၊ သန္တော-သူတော်ကောင်းဝိသေသဖြစ်ကုန်သောသူတို့သည်၊ သဗ္ဗေသံ-ခပ်သိမ်းကုန်သော၊ ဒုဇ္ဇနာဒိနံ-မသူတော်အစရှိကုန်သောသူတို့အားသော်လည်း၊ ဒယံ-သနားခြင်းကရုဏာကိုၣင်း၊ မေတ္တံ-ချစ်ခြင်း မေတ္တာကိုၣင်း၊ သုဇနေန္တာ-ကောင်းစွာ ဖြစ်စေနိုင်ကြကုန်သည်ဖြစ်၍၊ သဗ္ဗဒါ-အချင်းခပ်သိမ်း၊ အနုဂ္ဂဏှန္တိ-ပညာရှိသူတော်ကောင်းအဖြစ်သို့ ရောက်စိမ့်သောငှါ ကောင်းစွာ ချီးမြှောက်နိုင်ကြကုန်၏။

၁၀။ ယေ တေ သန္တာ သန္တတရာ၊ တေသံ အဂ္ဂေါ တထာဂတော။
ဧဒိံ သရံ ဓီမာ ကော တံ၊ န သက္ကာ အပိယေတဝေ။

လောကေ-လောက၌၊ သန္တာ-သူတော်ကောင်းထက်၊ သန္တတရာ-လွန်သော သူတော်ကောင်းဖြစ်ကုန်သော၊ ယေ တေ ပုဂ္ဂလာ-အကြင်ပုဂ္ဂိုလ်တို့သည်၊ သန္တိ-ထင်ရှားရှိကြကုန်၏၊ တေသံ-ထိုသူတော်ကောင်းထက် သူတော်ကောင်းဖြစ်ကုန်သော ပုဂ္ဂိုလ်တို့တွင်၊ ဝါ-ပုဂ္ဂိုလ်တို့ထက်၊ တထာဂတော-ကိုယ်တော်မြတ်ဘုရားသည်၊ အဂ္ဂေါ-အလွန်ဆုံးဖြစ်တော်မူ၏၊ ဧဒိံ-ဤသို့သော သဘောကို၊ သရံ သရန္တော-အောက်မေ့သော၊ ဓီမာ-ပညာရှိသော၊ ကော-အဘယ်သူသည်၊ တံ-ထိုကိုယ်တော်မြတ်ဘုရားကို၊ အပိယေတဝေ-နှလုံးအသဲ ဝင်၍စွဲအောင် မချစ်ပဲနေခြင်းငှါ၊ န သက္ကာ-မတတ်ကောင်းပဲ ရှိနိုင်ပါတော့အံ့နည်း။

## ပြည်ထောင်စုမြန်မာနိုင်ငံတော် သံဃာတော်အရှင်မြတ်တို့အား အထူးလျှောက်ထားချက်ပါဘုရား

ရှိခိုးလျှောက်ထားပါသည် အရှင်သူမြတ်တို့ဘုရား....၊

ဘုရားတပည့်တော်သည် ဘုရားရှင်ကိုယ်တော်မြတ်၏ အဆုံးအမ သာသနာတော်မြတ်သည် လောကသားတို့၏ ပစ္စုပ္ပန်ကျိုး, တမလွန်ကျိုး အစီးအပွါးချမ်းသာကို နှစ်ခွမရှိ မုချ အကျိုးပြုသော အယူဝါဒဖြစ်သည်ဟု ခိုင်ခိုင်မာမာ တပည့်တော်၏ ဉာဏ်မှီသမျှဖြင့် ဝေဘန်ပိုင်းခြား၍ အကြွင်းမရှိ ယုံကြည်ပြီးဖြစ်ပါသည်၊ ထိုယုံကြည်ချက်ကိုလည်း အစွဲအလမ်း ဘာပဲဖြစ်ဖြစ် ငါ့ဟာသာ မှန်သည်ဆိုသော သဘောဖြင့် ဆင်ကန်း တောတိုး ယုံကြည်နည်းမျိုး မဟုတ်ပါဘုရား။

ဗုဒ္ဓ၏အဆုံးအမတော်ကို လိုက်နာကျင့်သုံးခြင်းကြောင့် မြန်မာလူမျိုးများသည် လောက၌ မတိုးတက်နိုင်, သို့မဟုတ် ဗုဒ္ဓဝါဒကြောင့် မြန်မာလူမျိုးများ ဆုတ်ယုတ်လိမ့်မည်ဟု ပညာရှိများ လက်ခံနိုင်အောင် တင်ပြနိုင်သူရှိပါက တပည့်တော်သည် ဗုဒ္ဓဝါဒကိုစွန့်လွှတ်ရန် အသင့်ပင်ရှိပါသည်။

ယခု "ရွှေကျင်နိကာယ သာသနာဝင်" စာအုပ်ကို ထုတ်ဝေနိုင်အောင် ကြိုးစားခြင်းမှာ ဆရာစွဲ ဂိုဏ်းစွဲရှိ၍ လုံးဝမဟုတ်ပါ၊ ဘုရားသာသနာတော်ကို အရှည်တည်တံ့အောင်, ခိုင်မာအောင်, ပြန့်ပွါးအောင် လုပ်လိုရင်း စေတနာ အဓိကဖြစ်ပါသည်၊မြန်မာပြည်တွင် ဗုဒ္ဓဘာသာ၏ အခြေအနေမှာ တစ္စန်းတွင် ဝိပဿနာကို အရေးကြီးသည့် အပိုင်းတွင်ထား၍ တပိုင်းတွင်မူ လူဥပါသကာများ၏ ရှိခိုးပူဇော်ခြင်းကို ခံယူနေကြသော သံဃာတော်များ ကိုယ်တိုင် ကွန်မြူနစ်အစရှိသည့်နိုင်ငံရေးသမားများ၏တပည့်များဖြစ်လျက် သံဃာတော်များနှင့် မသင့်တော်သော အပြုအမူများကို ပြုမူနေခြင်းဖြင့် ကျဆင်းလျက် ရှိနေသည်ကို မျက်မြင် တွေ့နေရပါပြီ။

ရွှေစစ်သည် ရွှေတုကြောင့် ကွယ်ရသည့်နည်းတူ သာသနာတော်တွင်လည်း အတုအယောင်များကြောင့် သာသနာတော် ဆုတ်ယုတ်ရန် ဖြစ်လာလိမ့်မည်ဟု သံယုတ်ပါဠိတော်တွင် ဟောတော်မူသည့်အတိုင်း ဝိနည်းသိက္ခာပုဒ်တော်နှင့် ဘုရားရှင်အား လေးစားမှု မရှိကြသော ရဟန်းတော်များကြောင့်ရင်း, ဝိပဿနာ အတုအယောင်များကြောင့်သော်ရင်း သာသနာ

တော်သည် မြန်မြန်ကွယ်ဘို့ရာများ ဖြစ်လာလေပြီလားဟု ထင်မိပါသည် ဘုရား။

ရှေးအခါက ဆရာတော်ကြီး တပါး၏ ကျောင်းတွင် ဆေးလိပ်သောက်သော ရဟန်းအား သာသနာပိုင် သိရှိ၍ ကျောင်းထိုင်ဆရာတော်ကြီးအား သွားရောက် လျှောက်ထားစေရာ "ငါ့ ဦးပဉ္စင်း ဆေးလိပ်သောက်ထာ မင်းတို့သာသနာပိုင် ဘုရားတည်တာလောက် မဆိုးသေးပါဘူး" ဟု ပြန်လည်လျှောက်ထားလိုက်ကြောင်း စကားစဉ်ကို ကြားရဘူးပါသည်၊ ထိုစကားသည် ဘုရားတပည့်တော် အမြင်အရ မိမိကျောင်း ဦးပဉ္စင်း ဆေးလိပ်သောက်ထာ အပြစ်ရှိ-မရှိ ရှိလျှင် ပြင်ရန်သာအဓိက ဖြစ်သည်၊ သာသနာပိုင် ဘုရားတည်သည့် အပြစ်နှင့် ထေ၍ရမည်ဟု မထင်ပါ၊ ၂-ခု မကောင်းသာ ဖြစ်နေပါသည် ဘုရား။

ထို့ကြောင့် ပုဂ္ဂိုလ်ဖြစ်စေ, အဖွဲ့အစည်းဖြစ်စေ မကောင်းမှုများကို သဒ္ဒါတရားနှင့် ပြင်ချင်အောင် နှိုးဆော် တိုက်တွန်းသင့်ပါသည်၊ မရပါက သဒ္ဒါတရားရှိသူ မှန်ပါလျှင် မိမိကသာ စတင် ပြုပြင်သင့်ကြပြီဟု ထင်ပါသည် ဘုရား။

ရွှေကျင်ဂိုဏ်း, ဒွါရဂိုဏ်း, သုဓမ္မာဂိုဏ်း စသည်ဖြင့် ဂိုဏ်းဂဏစွဲ ရှိနေရန်ကား မလိုပါ, သို့သော် ပြင်သင့်သူက မပြင်ပဲ လူအများ၏ သဒ္ဒါတရားကို မငဲ့ကွက် ထင်ရာသာ လုပ်နေကြမည်ဆိုလျှင် သံဃာချင်းလည်း စည်းလုံးမှုမရှိပဲ မကြာမီ အရှင်ဘုရားများကိုယ်တိုင် ထင်ရာလုပ်ခွင့် ရကြတော့မည် မဟုတ်ပဲ သာသနာတော်၏ အန္တရာယ်သည် ထင်ရှားပေါ်ပေါက် လာပါတော့မည်၊ထို့ကြောင့် အနည်းဆုံး မိမိ အခွင့်အရေးများ မဆုံးရှုံးရအောင်ပင် ဘုရားရှင်၏ အဆုံးအမ သိက္ခာပုဒ်တော်များနှင့် အညီ ပြုပြင်ရန်သင့်ပြီဟု ယူဆပါသည် ဘုရား။

ဘုရားရှင် သာသနာတော်ကို ကာကွယ်ရန် နည်းလမ်းမှာ မိမိကိုယ်တိုင်က ဘုရားရှင်အား ကြည်ညိုလျက် ဘုရားရှင်၏ အဆုံးအမကို သဒ္ဒါတရား မှန်မှန်နှင့် ထိုက်တန်သော ကိုယ်ကျင့်တရား ခိုင်လုံမှုသာ စွမ်းဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည် ဘုရား၊ မိမိဘာသာ အလိုရှိသလို နေထိုင်သွားလာ နေသော ရဟန်းပုဂ္ဂိုလ်, လူပုဂ္ဂိုလ်များက ဘုရားရှင် သာသနာတော်ကို ထိန်းသိမ်းနိုင်လိမ့်မည်ဟု တပည့်တော် မယုံကြည်ပါ ဘုရား။

ယခု ကွန်မြူနစ်ဝါဒကို နှစ်သက် ယုံကြည်ကြသူများသည် ဝါဒရှင်ဖြစ်သော ကာလ်မတ်စ်, လီနင်, စတာလင် အစရှိသူများကို ယုံကြည်ရာ၌ အသက်ပင် စွန့်လွှတ်လျက် ယုံကြည်နေကြသည်ကို လက်တွေ့ပင် ဖြစ်ပါသည်၊ ဘုရားတပည့်တော်များ၏ ဘုရားရှင်မှာ အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသည်ဟု ယုံကြည်နေကြသည်ဆိုသော ဗုဒ္ဓဘာသာဝင် ရဟန်းနှင့် လူများမှာမူ ဘုရားရှင်၏ အဆုံးအမကို အဘယ်လောက်များ လိုက်နာကြပါပြီနည်း၊ မည်မျှ အနစ်နာခံကြပါပြီနည်း၊ မိမိကိုယ်ကို စစ်ဆေး၍ မိမိကိုယ်တိုင်က စ၍ ပြုပြင်သင့်ပြီဟု ယုံကြည်ပါသည် ဘုရား။

မြန်မာပြည်တွင် ရဟန်းတော်အချို့ကလည်း သက်န်းကို အခွင့်အရေးယူ၍ အမြတ်ထုတ်လျက်ရှိခြင်း, လူအများကလည်း ဗုဒ္ဓဘာသာ အမည်ခံ၍ အမြတ်ထုတ်လျက် ရှိနေကြခြင်းဖြင့်သာ အချိန်ကုန်လွန်သွားမည့် အရေးကို တွေးမိသောကြောင့် ယခု ဓွေကျင်နိကာယ သာသနာဝင်ကျမ်းကို ထုတ်ရခြင်းဖြစ်ပါသည်၊ အားလုံးသော သံဃာများကလည်း ပုဂ္ဂိုလ်စွဲ ဂိုဏ်းစွဲ မရှိပဲ သာသနာတော် အကျိုးကိုသာ နှလုံးထား၍ ဖတ်ရှုလေ့လာပြီး လက်တွေ့ အသုံးချကြစေချင်ပါသည် ဘုရား။

ပရိယတ္တိသာသနာနှင့် ပဋိပတ္တိသာသနာ ၂-ခုကို ကျနအောင်တွဲ၍ မထိန်းသိမ်းပါက ပဋိဝေဓသာသနာ ထင်ရှား ပြနိုင်စရာမမြင်ပဲ မကြာမြင့်မီ အချိန်တွင် သာသနာ့ရန်သူများ၏ အကြိုက် ပြိုကွဲပျက်စီးခြင်းသို့ ရောက်ပါလိမ့်မည်။

ဘုရားရှင် ပွင့်ထွန်း၍ တန်ခိုးကြီးမားသော ရဟန္တာကြီးများနှင့် သီရိဓမ္မာသောက မင်းကြီးကဲ့သို့ ကမ္ဘာကျော် ဗုဒ္ဓဘာသာ ဘုရင်ကြီးများ ထွန်းကားခဲ့သော အိန္ဒိယပြည်မှာပင် ဗုဒ္ဓဘာသာ ဘာ့ကြောင့် ကွယ်ခဲ့ရသည်ကိုလေးလေးနက်နက်အာရုံပြုစဉ်းစားတော်မူကြပြီးလျှင်၍ “ဓွေကျင်နိကာယ သာသနာဝင်” စာအုပ်ကြီးကို သာသနာတော်အတွက် တစိတ်တဒေသ အသုံးပြုနိုင်ကြစေရန် ရည်ရွယ်မြှော်လင့်၍ ကြိုးစား ထုတ်ဝေလိုက်ပါသည် ဘုရား။

## သာသနာစိတ် ထားတော်မူကြရန်

ဝိပဿနာတရားကို အားထုတ်၍သာ မိမိချမ်းသာကို ရှာတော်မူနေကြသော ပုဂ္ဂိုလ်မြတ်တို့သည်လည်း အဘဘုရားရှင်၏ အလိုတော်ကျ သတ္တဝါ

များ၏ အကျိုး, နိုင်ငံတော်၏ အကျိုးစီးပွါးအလို့ငှါ သာသနာတော် တာဝန်ကို ပြန်လည်သုံးသပ်၍ သာသနာစိတ် မွေးမြူတော် မူသင့်ကြသည်ဟု ယုံကြည်ပါသည် ဘုရား၊ မြတ်စွာဘုရားသခင်သည်—

"သာရိပုတ္တရာ (ကြောင့်ကြမဲ့ မျက်မှောက်သောကိုယ်၏ အဖြစ်၌ ချမ်းသာစွာ နေထိုင်မှုကို) သင်ဆိုင်းငံ့ဦးလော့"

"မောဂ္ဂလ္လာန် ငါသည်ငှင်း သာရိပုတ္တရာ မောဂ္ဂလ္လာန်တို့သည်ငှင်း ရဟန်းအပေါင်းကို ဆောင်ကြကုန်အံ့" (မဇ္ဈိမနိကာယ် စာတုမသုတ်)—

ဟု ဟောတော်မူပုံကိုငှင်း, မဟာကပ္ပိနထေရ် ဥပုသ်ပြုကြွရန် ဘုရားရှင် မိန့်တော်မူပုံကို ထောက်ထား၍ငှင်း သာသနာတော်အတွက် ကြောင့်ကြမဲ့ မနေသင့်ကြဟု ယုံကြည်ပါသည် ဘုရား။

ယနေ့ ခေတ်လူငယ်များသည် မြန်မာပြည် ရဟန်းတော်များ၏ ကုန်ကျစရိတ်ကို တွက်ဆ၍ လက်ငင်း လောကအကျိုး ရှိ-မရှိကိုလည်း ဝေဘန်လျက်ရှိကြပါပြီ၊ ဥပမာ ရဟန်း သီလရှင် စသည် တသိန်းဆိုလျှင် တနေ့စားစရိတ် တဦးတကျပ်နှင့်တွက်က တနေ့တသိန်း တနှစ် ၃၆၅-သိန်း အဝတ် အလှူအတန်း စာအုပ်ဘိုး ကျောင်းအဆောက်အဦ စသည်ဖြင့် တွက်လျှင် သိန်းပေါင်းများစွာ ကုန်ကျနေသည်ကို တွေ့ရ၍ ငှင်းကုန်ကျငွေများအတွက် တိုင်းသူပြည်သားများမှာ လက်ငင်းလောကကျိုး ဘယ်လိုပြန်၍ရသည်ကို စဉ်းစားပြီး လာကြပါပြီ၊ ထိုအတွေးအခေါ်ကို တိုင်းပြည်တွင် ဓမ္မလမ်းကျ တရားသဖြင့် စဉ်းစားတတ်အောင်, ပြေလည်အောင် မတင်ပြနိုင်ပါက သာသနာတော်အတွက် အခက်အခဲတခု ဖြစ်လာလိမ့်မည်ဟု ယုံကြည်ပါသည် ဘုရား။

ထို့ကြောင့် ယနေ့ကစ၍ မည်သူလုပ်ချင်လုပ် မလုပ်ချင်နေ မိမိအကျိုး, တိုင်းပြည်အကျိုး, သာသနာတော်မြတ်အကျိုးကို ငါကစ၍ ပြုပြင်မည်၊ ငါကစ၍ အနစ်နာခံမည်၊ ငါကစ၍ သီလရှိမည်၊ ငါကစ၍ ကြိုးစားမည် စသည်ဖြင့် အဓိဋ္ဌာန်ပြုကြပြီးလျှင် တိုင်းသူပြည်သားများ၏ လောကီပစ္စက္ခ အကျိုးနှင့် တမလွန်အကျိုးတို့ကို ရှင်တော်ဘုရား၏ အလိုကျ မိမိရော

လူအများပါ တိုးတက်လာအောင် ကြိုးစားပေးတော်မူကြပါရန် လေးမြတ်စွာ ခြေတော်ဦးခိုက် ရှိခိုး လျှောက်ထား ဝံ့ပါသည် ဘုရား။

သံဃာတော်မြတ်တို့၏ ခြေတော်အစုံကို ရှိခိုးလျက်

**ထိန်ဝင်း**

၁၀၇-စိန်ဂျွန်းလမ်း၊ ရန်ကုန်မြို့။


၁၃၂၅-ခု၊ တော်သလင်းလဆန်း ၄-ရက်၊

ကြာသပတေးစ-သောကြာနေ့ ညနေ ၆-နာရီ။

---

**ထုတ်ဝေသူ၏ လျှောက်ထားတောင်းပန်ချက်**

ဤ"ရွှေကျင်နိကာယ သာသနာဝင်"ကို ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာအစည်းအဝေးကြီး အချိန်မှီ ကတိုက်ကရိုက် စီစဉ်ပုံနှိပ်ရပါသောကြောင့် ချို့ယွင်းချက်များ ရှိကောင်းရှိပါလိမ့်မည်၊ ချို့ယွင်းချက် တစုံတရာကို တွေ့ရှိတော်မူပါက နောက်အကြိမ် ရိုက်နှိပ်သည့်အခါ ပြင်ဆင်ဖြည့်စွက်နိုင်ရန် အလို့ငှါ အကြံပေး မိန့်ကြားတော်မူကြပါရန် ရိုသေစွာ ရှိခိုးလျှောက်ထားဝံ့ပါသည် ဘုရား။



"ရွှေကျင်နိကာယ သာသနာဝင်" ရေးသားချီးမြှင့်တော်မူသော
စစ်ကိုင်းချောင်-ရွှေဟသာ်ာတိုက်သစ်ဆရာတော်
အရှင်ပဏ္ဍိတထေရ်

# နိဒါန်း

ဤ**ရွှေကျင်နိကာယသာသနာဝင်**စာတမ်းဖြစ်ပေါ်လာခြင်းအကြောင်းကို အကျယ်တဝင့် ရေးသားရန် ရည်ရွယ်ခြင်း မရှိပေ၊ အကျယ်တဝင့်ကြီး ချဲ့ထွင်ရန်လည်း လိုမည်မထင်ပေ၊ သို့ရာတွင် အဘယ့်ကြောင့် ဖြစ်ပေါ်လာသည်ဟူသော အကြောင်းမျှကို စာရှုသူတို့ သိရှိကြစေရန် ရေးသားဘို့တာဝန်ကား ရှိပေသည်၊ သို့ဖြစ်၍ အနည်းငယ် အကျဉ်းရုံး၍ ရေးသားရပေမည်။

ထွင့်ခေါင်ဆရာတော်ဘုရားကြီး အကြောင်းကို ရေးသားစဉ်ကရင်း, ရွှေဟင်္သာတောရသမိုင်းကို ရေးသားစဉ်ကရင်း ရွှေကျင်ဂိုဏ်းကြီး၏ အဓိပတိဖြစ်သော ရွှေကျင်ဆရာတော်ဘုရားကြီး၏အကြောင်းကိုလည်း ရေးဘို့ရန် အချို့သော ဆရာတော်များက တိုက်တွန်းတော်မူကြကုန်၏။

ထို့နောက် လွန်ခဲ့သော ၄-၅-နှစ်ကစ၍ ရန်ကုန်မြို့နေ ဉပါသကာ **မောင်ထိန်ဝင်း**က ကျောင်းသို့ ရောက်လာတိုင်း, တွေ့ကြုံတိုင်း ရွှေကျင်ဆရာတော်ကြီး အကြောင်းကို ရေးပါရန် အကြိမ်ပေါင်းများစွာ တိုက်တွန်း လျှောက်ထားလေသည်၊ ဘုန်းကြီးကလည်း အသက်အယွယ်ကြီးပြီဖြစ်၍ စာရေးခြင်းနှင့်တကွ ပရိယတ်ဘက် စိတ်အားသန်မှု မရှိတော့ပြီ၊ သို့ကြောင့် အခြားသင့်လျော်သော ပုဂ္ဂိုလ်များအား တိုက်တွန်းလျှောက်ထားပါလေဟု ပြောကာ အတန်တန်ငြင်းခဲ့၏။

နောက်ဆုံး ၁၃၂၄-ခုနှစ် ဝါဆိုလ၌ မောင်ထိန်ဝင်း ရောက်လာကာ ထပ်မံ၍ တိုက်တွန်းပြန်ရာ ဘုန်းကြီးတော့ စာမရေး စာမချတော့ပဲ နေတော့မည်၊ မရေးနိုင်တော့ဘူး-ဟု ငြင်းပယ်စကား ပြောလိုက်ရာ မောင်ထိန်ဝင်းသည် အားငယ် ဝမ်းနည်းသော မျက်နှာဖြင့် အရှင်ဘုရားမှ မရေးလျှင် အခြားပုဂ္ဂိုလ်ထဲကလည်း ရေးမည့်သူပေါ်လာမှာ မဟုတ်ပါ၊ ဤမျှ ဂုဏ်ကျေးဇူးကြီးမားတော်မူသော ဂဏာဓိပတိ, ဂဏာသာမိ ဆရာတော်ကြီးတပါး၏ အကြောင်းသည် တိမ်ကော ပပျောက်ရပါတော့မည်ဟု အားနည်းစွာ လျှောက်ထားပြန်သည်၊ ထိုအခါ၌ မောင်ထိန်ဝင်းအား ကရုဏာများစွာ ဖြစ်လိုက်မိသည်၊ တကယ်ထက်သန်သော သာသနာစိတ်

ရှိသော ဥပါသကာ တယောက် ဖြစ်ပါပေသည် ဟူ၍လည်း စိတ်၌ စွဲမှတ်မိလိုက်၏။ မောင်ထိန်ဝင်းသည် ကန်တော့ပြီး ပြန်အသွား တံခါးပေါက်အရောက်တွင် တဖန် ထပ်၍ ရှိသေသော အမူအရာဖြင့် တိုက်တွန်းလျှောက်ထား သွားသေးသည်။

မောင်ထိန်ဝင်း ပြန်သွားပြီးနောက် ဘုန်းကြီးတပါးတည်း စဉ်းစားမိသည်မှာ မောင်ထိန်ဝင်းသည် အမှန်တကယ် သာသနာတော် ကောင်းကျိုးကို လိုလားသော သမ္မာဆန္ဒရှိသူ ဖြစ်ပါပေသည်၊ ရွှေကျင်ဆရာတော်ဘုရားကြီးအကြောင်းကို သိရှိကြရကုန်သော ရွှေကျင်ဂိုဏ်းဝင် သံဃာများနှင့်တကွ သူတော်ကောင်းနှလုံး ရှိကြကုန်သော အခြားဂိုဏ်းဝင် သံဃာတော်များ, ဒကာ ဒကာမများတို့သည် သူတော်ကောင်းပညာရှိ သာသနာပြုပုဂ္ဂိုလ်ကြီး ဖြစ်တော်မူသော ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဂုဏ်တော်များကို အာရုံပြု၍ သဒ္ဓါပြဓာန်းသော ကုသိုလ်စိတ်တွေ ဖြစ်ကြပေလိမ့်မည်၊ ရွှေကျင်ဆရာတော်ဘုရားကြီး၏ ကျင့်ဝတ် ပဋိပတ် တစိတ်တဒေသတို့ကိုလည်း တုပနည်းယူ၍ တတ်နိုင်သလောက် ကျင့်ဆောင်ကြပေလိမ့်မည်။ ဤအချိန်, ဤကာလ, ဤမင်းများလက်ထက်က ဤသို့သော သူတော်ကောင်း ပုဂ္ဂိုလ်ကြီးများ ပေါ်ထွန်းတော်မူသွားကြပါပေသည် ဟု နောက်နောက်သော ပုဂ္ဂိုလ်တို့ လက်ညှိုးညွှန်နိုင်ဖွယ်ရာလည်း ဖြစ်ပေလိမ့်မည် စသော သာသနာတော်နှင့် စပ်သော အကျိုးကျေးဇူးတွေကို မြင်၍သာ ငါ့ကို တိုက်တွန်းတောင်းပန်ခြင်း ဖြစ်ပေသည်၊ ငါပြင်းပယ်လိုက်သော ခဏ၌ စိတ်အားညှိုးငယ်၍ ဝမ်းနည်းပက်လက်ဖြစ်သော မျက်နှာ အသံလက္ခဏာ ဖြစ်ပေါ်သည်အထိ လိုလားသောဆန္ဒရှိသူဖြစ်ပေသည် ဟု တွေးတော စဉ်းစား ငဲ့ညှာ သနားသော စိတ်အဆက်ဆက် ဖြစ်ကာ မောင်ထိန်ဝင်းဆန္ဒလည်း ပြည့်စေတော့၊ သာသနာတော်အတွက် ကျေးဇူးများသော အထောက်အပံ့ရ စာတမ်းတရပ်လည်း ဖြစ်စေတော့ဟု ဆင်ခြင်၍ ရေးရန် ဆုံးဖြတ်လိုက်လေသည်။

ယင်းသို့ ရေးရန် ဆုံးဖြတ်လိုက်သော်လည်း ရွှေကျင်ဆရာတော်ဘုရားကြီးတပါးတည်း၏ အကြောင်းတရပ်မျှကို ရေးခြင်းထက် ရွှေကျင်သာသနာ အထက်အောက် တလျှောက်လုံး ပါဝင်စေသော **ရွှေကျင်နိကာယ သာသနာဝင်**ဖြစ်အောင် ရေးလျှင် သာ၍ ပြည့်စုံကောင်းမွန်ပေလိမ့်မည်ဟု

သဘောရသဖြင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် ပထမ သင်္ဂါယနာတင်ချိန်မှစ၍ ယနေ့မျက်မှောက် ရွှေကျင်နိကာယ သာသနာ အခြေတိုင်အောင် မကျယ်လွန်းစေပဲ ရွှေကျင်သာသနာ အဆက်ဆက် ဆင်းသက်ဆောင်ရွက်လာတော်မူကြပုံကို အမှန်အတိုင်း တိတိကျကျ ထုတ်ဖော်ရေးသားခြင်းဖြင့် ဤ"ရွှေကျင်နိကာယ သာသနာဝင်" စာတမ်း တစောင် ပေါ်ပေါက် ဖြစ်ထွန်းလာရခြင်းပင် ဖြစ်ပါသတည်း။

**အရှင်ပဏ္ဍိတထေရ်**

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ပဏာမ .... .... .... .... | ၁ |
| အဘိဓာန်ကနှင့် ပဋိညာဉ် .... .... .... | ၁ |
| **ပထမပိုင်း** | |
| သာသနာဝင် အကျဉ်းချုပ် .... .... .... | ၆ |
| မဇ္ဈိမဒေသ သာသနာဝင် .... .... .... | ၈ |
| ပထမ သင်္ဂါယနာတင်ခြင်း .... .... | ၁၇ |
| ဒုတိယ သင်္ဂါယနာတင်ခြင်း.... .... .... | ၂၇ |
| တတိယ သင်္ဂါယနာတင်ခြင်း .... .... | ၃၉ |
| သထုံပြည် သာသနာဝင် .... .... .... | ၅၃ |
| ပုဂံပြည် သာသနာဝင် .... .... .... | ၅၇ |
| ကူးခန်းကြီး သာသနာဝင် .... .... .... | ၇၄ |
| ဒီပဲယင်း သာသနာဝင် .... .... .... | ၉၂ |
| ရွှေဘို သာသနာဝင် .... .... .... | ၉၃ |
| **ဒုတိယပိုင်း** | |
| ရွှေကျင်ဆရာတော်ဘုရားကြီး .... .... .... | ၉၉ |
| တောင်တော် သာသနာပိုင် ဆရာတော် .... .... | ၂၃၆ |
| မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး .... .... | ၂၄၁ |
| ဒီပဲယင်း ဆရာတော်ဘုရားကြီး .... .... .... | ၂၈၁ |
| ကျီကန္တစံ ဆရာတော်ဘုရားကြီး .... .... .... | ၂၉၀ |
| အလုံ ဆရာတော်ဘုရားကြီး .... .... .... | ၂၉၅ |
| ချမ်းသာကြီး ဆရာတော်ဘုရားကြီး .... .... | ၂၉၆ |
| လှတော ဆရာတော်ဘုရားကြီး .... .... .... | ၂၉၈ |
| ကျိုက်လတ် ပစ္ဆိမာရုံ ဆရာတော်ဘုရားကြီး .... .... | ၃၀၄ |
| မဟာဝိသုဒ္ဓါရုံတိုက်သစ် တိုက်အုပ်ဆရာတော်ဘုရားကြီး .... | ၃၁၀ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| သက်တော်ရှည် စံကင်း ဆရာတော်ဘုရားကြီး .... .... | ၃၁၂ |
| အဘယာရာမ ရွှေဂူတိုက်သစ် ဆရာတော် ဘုရားကြီး .... | ၃၂၀ |
| ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ အစည်းအဝေးကြီး .... .... | ၃၄၆ |
| စံကျောင်း ဆရာတော် ဘုရားကြီး .... .... | ၃၅၃ |
| စည်ရှင် ဆရာတော် ဘုရားကြီး .... .... .... | ၃၆၁ |
| မြောင်းမြ ဆရာတော် ဘုရားကြီး .... .... | ၃၇၃ |
| သုံးဂိုဏ်းချုပ် ခင်မွန်ဆရာတော်ဘုရားကြီး .... .... | ၃၈၁ |
| ကျောက်အိုင် ဆရာတော်ဘုရားကြီး .... .... | ၄၁၁ |
| ကင်း ဆရာတော်ဘုရားကြီး .... .... .... | ၄၁၅ |
| တိုက်အုပ် ဆရာတော်ဘုရားကြီး .... .... .... | ၄၁၈ |
| အတိသုဒ္ဓါရုံဆရာတော်ဘုရားကြီး .... .... | ၄၂၅ |
| ပတ္တမြားဆရာတော်ဘုရားကြီး .... .... .... | ၄၃၄ |
| ကျောက်ကာဂိုဏ်းချုပ်ဆရာတော်ဘုရားကြီး .... .... | ၄၃၉ |
| ဂူဖြူတောရ ဆရာတော်ဘုရားကြီး .... .... | ၄၄၉ |
| ကျောက်ခတ်ဆရာတော်ဘုရားကြီး .... .... | ၄၅၆ |
| ရေစကြို ပတ္တပိုဏ်ဆရာတော်ဘုရားကြီး .... .... | ၄၅၇ |
| မဟာဂန္ဓာရုံဆရာတော် အရှင်ဥတ္တရထေရ် .... .... | ၄၅၈ |
| တောင်ဗိလာဆရာတော်ဘုရားကြီး .... .... | ၄၆၄ |
| ချမ်းအေးဆရာတော်ဘုရားကြီး .... .... .... | ၄၆၈ |
| ကျောင်းတော်ရာဆရာတော်ဘုရားကြီး .... .... | ၄၇၄ |
| ဘုန်းတော်ကြီး အရှင် ဦးသီလ .... .... .... | ၅၀၅ |
| ကျမ်းဆရာ၏ ရည်ရွယ်ချက် .... .... .... | ၅၀၆ |
| အဆုံးအမသြဝါဒကြောင့် ရွှေကျင်ဂိုဏ်း ကောင်းခြင်း .... | ၅၀၇ |
| သြဝါဒတိုကလေးများ အချို .... .... .... | ၅၀၈ |
| ထိဝိနိစ္ဆယ .... .... .... .... | ၅၁၂ |
| တိုက်တွန်းခြင်း .... .... .... .... | ၅၁၇ |
| နိဂုံး .... .... .... .... | ၅၁၉ |

အကြောင်းအရာ — စာမျက်နှာ

**နောက်ဆက်တွဲ**

**အလုံးမြို့ ဥပဒေ** .... .... .... ၅၂၀
ပဉ္စဝီသတိ ဥပဒေတော် .... .... ၅၂၀
ဦးစီးနာယက ရွှေကျောင်းဆရာတော်နှင့် သာသနသောဓက ဆရာတော် ၄-ပါး ဝန်ခံချက် .... .... ၅၂၃
ဂိုဏ်းအုပ်ဆရာတို့ ဝန်ခံချက် .... .... ၅၂၄
ဂိုဏ်းထောက်ဆရာတို့ ဝန်ခံချက် .... .... ၅၂၅
ပထမပါတိမောက်ခေါင်းဆောင်တို့ ဝန်ခံချက် .... ၅၂၆
ဒုတိယပါတိမောက်ခေါင်းဆောင်တို့ ဝန်ခံချက် .... ၅၂၆
ပါတိမောက်ငယ်သားပုဂ္ဂိုလ်တို့ ဝန်ခံချက် .... ၅၂၇

**မိုးကောင်းတိုက် ဥပဒေ** .... .... .... ၅၃၅
ကုလဒူသနအခန်း .... .... .... ၅၃၈
အနေသနအခန်း .... .... .... ၅၃၉
နာယကဆရာတော်ကြီးများ ကျင့်ဆောင်ရန်ဩဝါဒ ၅၄၂
တိုက်အုပ်ပုဂ္ဂိုလ်များကျင့်ဆောင်ရန်ဩဝါဒ .... ၅၄၃
တိုက်ကြပ်ပုဂ္ဂိုလ်များကျင့်ဆောင်ရန်ဩဝါဒ .... ၅၄၄
ကျောင်းနေပုဂ္ဂိုလ်များကျင့်ဆောင်ရန် ဩဝါဒ .... ၅၄၅
တိုက်သားပုဂ္ဂိုလ်များကျင့်ဆောင်ရန် ဩဝါဒ .... ၅၄၆

**သီလဝိသောဓနီ** .... .... .... ၅၄၈
ကျမ်းဦးစကား .... .... .... ၅၄၈
စီဝရပရိဘောဂဝိနိစ္ဆယ .... .... ၅၅၅
သန္နိဓိဝိနိစ္ဆယ .... .... .... ၅၆၂
ကုလဒူသကဝိနိစ္ဆယ .... .... .... ၅၆၅
နီဝရဏမာရ်ကို ပယ်သတ်ရန် ဥဒါန်းဂါထာပါဠိ အနက်များ .... .... .... ၅၇၇
အမျိုးကောင်းသားတို့ သင်ကြားလေ့ကျက် လိုက်နာမှတ်သားရန် ဩဝါဒကထာ ဂါထာပါဠိ အနက်များ .... ၅၇၉

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **ဝဍ္ဎနာဒီပနီ** .... .... .... .... | ၆၀၄ |
| အာသီသပတ္ထနာ .... .... .... | ၆၀၄ |
| ၁-ရာဂဝဍ္ဎနာ .... .... .... | ၆၀၄ |
| ၂-သောကဝဍ္ဎနာ .... .... .... | ၆၀၅ |
| ၃-ပဟာသဝဍ္ဎနာ .... .... .... | ၆၀၆ |
| ၄-နိက္ခိတ္တဓုရတာဝဍ္ဎနာ .... .... .... | ၆၀၆ |
| ၅-စိတ္တသန္တာပဝဍ္ဎနာ .... .... .... | ၆၀၇ |
| ၆-အသဒ္ဒိယဝဍ္ဎနာ .... .... .... | ၆၀၈ |
| ၇-ပရဝဇ္ဇာနုပဿိတာဝဍ္ဎနာ .... .... | ၆၀၉ |
| ၈-ဖရုသဝါစတာဝဍ္ဎနာ .... .... .... | ၆၁၁ |
| ၉-စာဋုကမျတာဝဍ္ဎနာ .... .... .... | ၆၁၂ |
| ၁၀-အသံဝိဘာဂသီလတာဝဍ္ဎနာ .... .... | ၆၁၂ |
| ၁၁-မိစ္ဆာဇီဝဝဍ္ဎနာ .... .... .... | ၆၁၃ |
| ၁၂-အသင်္ဂဟသီလတာဝဍ္ဎနာ .... .... | ၆၁၃ |
| ၁၃-အနနုလောမိကဂိဟိသံသဂ္ဂဝဍ္ဎနာ .... .... | ၆၁၅ |
| ၁၄-ပိသုဏဝါစတာဝဍ္ဎနာ .... .... .... | ၆၁၅ |
| ၁၅-အနတ္တကာမတာဝဍ္ဎနာ .... .... | ၆၁၅ |
| ၁၆-ကုလမစ္ဆရိယဝဍ္ဎနာ .... .... .... | ၆၁၆ |
| ၁၇-အာဝါသမစ္ဆရိယဝဍ္ဎနာ .... .... | ၆၁၆ |
| ၁၈-ဓမ္မမစ္ဆရိယဝဍ္ဎနာ .... .... .... | ၆၁၆ |
| ၁၉-ဘဿာရာမတာဝဍ္ဎနာ .... .... | ၆၁၇ |
| ၂၀-သင်္ဂဏိကာရာမတာဝဍ္ဎနာ .... .... | ၆၁၈ |
| ၂၁-ကမ္မာရာမတာဝဍ္ဎနာ .... .... .... | ၆၁၈ |
| ၂၂-ဗျာပါဒဝဍ္ဎနာ .... .... .... | ၆၁၉ |
| ၂၃-ကာမစ္ဆန္ဒဝဍ္ဎနာ .... .... .... | ၆၁၉ |
| ၂၄-ထိနမိဒ္ဓဝဍ္ဎနာ .... .... .... | ၆၂၀ |
| ၂၅-ဥဒ္ဓစ္စဝဍ္ဎနာ .... .... .... | ၆၂၀ |
| ၂၆-ကုက္ကုစ္စဝဍ္ဎနာ .... .... .... | ၆၂၁ |
| ၂၇-ဝိစိကိစ္ဆာဝဍ္ဎနာ .... .... .... | ၆၂၁ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၂၈-သံမောဟဝတ္ထုနှာ .... .... .... | ၆၂၂ |
| ၂၉-မိစ္ဆာဒိဋ္ဌိဝတ္ထုနှာ .... .... .... | ၆၂၂ |
| ၃၀-အဒယာပန္နတာဝတ္ထုနှာ .... .... .... | ၆၂၃ |
| ၃၁-ကာမသုခလ္လိကာနုယောဂဝတ္ထုနှာ .... .... | ၆၂၄ |
| * အပရိက္ခဏတာဝတ္ထုနှာ .... .... .... | ၆၂၄ |
| ၃၂-ဂရှုနံ အနုသာသနိယာ အပဒက္ခိဏဂ္ဂါဟိတာဝတ္ထုနှာ .... | ၆၂၅ |
| ၃၃-သဗြဟ္မစာရီသု အဂါရဝဝတ္ထုနှာ .... .... | ၆၂၆ |
| ၃၄-အတ္တာနိ စ ဓမ္မေ စ ပရိဗ္ဘဝဝတ္ထုနှာ .... .... | ၆၂၆ |
| ၃၅-အသဓမ္မာဒနသီလတာဝတ္ထုနှာ .... .... | ၆၂၇ |
| ၃၆-မာယာသာဌေယျဝတ္ထုနှာ .... .... | ၆၂၈ |
| ဝတ္ထုနှာ ၃၆-ပါး သင်္ဂဟဂါထာ ပါဠိ နိဿယများ .... | ၆၂၈ |
| ရှေးကျောင်းသံဃာတော်များသို့ အထူးလျှောက်ထားချက် | ၆၃၆ |

# ရွှေကျင်နိကာယ

## သာသနာဝင်

ပဏာမ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

အဟံ-ငါသည်။ အရဟတော-ပူဇော်ခံတော် မူထိုက်သော။ တနည်း၊ အရဟတော-ကိလေသာ ရန်သူတို့ကို ပယ်သတ်တော်မူတတ်သော။ တနည်း၊ အရဟတော-မကောင်းမှုကို ပြုခြင်း၌ ထိုက်တော်မမူသော။ သမ္မာသမ္ဗုဒ္ဓဿ-သစ္စာလေးပါး တရားတို့ကို မှန်ကန်စွာ ကိုယ်တိုင်သိတော်မူသော။ တဿ ဘဂဝတော-ဘုန်းတော်ကြီးသော ထိုမြတ်စွာဘုရားအား။ နမော-ရှိခိုးပါသတည်း။

---

အဘိယာစက နှင့် ပဋိညာဉ်

သာသနဋ္ဌိတိကာမေန
ဓမ္မရာဇဿ သတ္ထုနော
ရတနတ္တယပါသကေန
ထိန်ဝင်းနာမေန ယာစိတော။

သာသနေ ရွှေကျင်နိကာယ-
ဝရဂဏဿ ဘူတလေ
ထေရာနံ ဝံသဒီပက-
ဝါကျံ ကဿာမိ သာဓဝေ။

သတ္တုနေ၁-လူ နတ် ပြဟ္မာ သတ္တဝါတို့၏ ဆရာတဆူဖြစ်တော်မူသော။ ဓမ္မရာဇာဿ-တရားမင်းစစ် ဓမ္မရာဇ် ထွတ်ထား မြတ်ဘုရား၏။ သာသနဋ္ဌိတိ-ကာမေန-ဆုံးမသြဝါ သာသနာလျှောင် ရှည်ကြာကြံ့ကြံ့ စင်ကြယ်စွာ တည်ဘို့ခြင်းကို လိုလားသော။ ထိန်ဝင်းနာမေန-**မောင်ထိန်ဝင်း** အမည်ရှိသော။ ရတနတ္တယပါသကေန-ဘုရား တရား သံဃာ ရတနာသုံးပါး အပေါင်းကို ရှိညွတ်သောစိတ်ဓာတ်ဖြင့် အမှန်ဆည်းကပ်တတ်သော ဥပါသ-ကာသည်။ ယာစိတော-သုံးလေးနှစ်တိုင်တိုင် ကြံ့ခိုင်သောဆန္ဒဖြင့် အကြိမ်ပေါင်းများစွာ တောင်းပန်အပ်သည်ဖြစ်၍——

သာဓဝေ-အိုသူတော်ကောင်းတို့။ အဟံ-ငါသည်(ထည့်)။ သာသနေ-မြတ်စွာဘုရား၏ သာသနာတော်တည်းဟူသော။ ဘူတလေ-မြေအပြင်၌။ ပါကဋဿ-နေအသွင် လပမာ ထင်လျားလှစွာသော (ထည့်)။ ရွှေကျင်-နိကာယဝရဂဏဿ-အဆက်ဆက်သော ဆရာတို့၏ အဆုံးအမ သြဝါဒတို့ကြောင့် မြတ်သော ရွှေကျင်နိကာယဟူသော ရဟန်းသံဃာအပေါင်း၏။ ထေရာနံ-ဂဏာသမုဋ္ဌာပက ရွှေကျင်ဆရာတော်ဘုရားကြီးနှင့် တကွဖြစ်သော မုနိပုင်္ဂဝ ထေရပါမောက် တံခွန်ဆောက်သို့ ထွန်းပေါက်ထင်လျား ရွှေဆောင်မဟာထေရ်ကြီးများ၏။ ဝံသဒီပကဝါကျံ-အန္တယ်အဆက်ပြ စကားဟူသော ရွှေကျင်နိကာယ သာသနာဝင်စာတမ်းကို။ ကဿာမိ-စွမ်းနိုင်သလောက် အပြီးရောက်အောင် အားဆောက်၍ ရေးသားပေအံ့သတည်း။

**ရွှေကျင်နိကာယ** ဟူသည်မှာ ရွှေကျင်သံဃာ အပေါင်းပင်တည်း။ အကျင့်သီလတူကြသော သံဃာအပေါင်းကို နိကာယဟူ၍ရင်း ဂဏ(ဂိုဏ်း) ဟူ၍ရင်း ပြောဆိုသုံးစွဲကြသည်။ ယင်းသံဃာအပေါင်း ဟောသော နိကာ-ယပုဒ်သည် အမျိုးနှင့် ဆက်ဆံ သက်ဆိုင်သော ဝိသေသျပုဒ်ဖြစ်၏။ ရွှေကျင်ဟူသော ဝိသေသနပုဒ်ကို ရှေ့၌ ထည့်သွင်းပေးလိုက်သဖြင့် အခြားသံဃာအပေါင်းမဟုတ်၊ ရွှေကျင်သံဃာအပေါင်း အဖြစ်ကို သိစေ၏။

ဤသံဃာအပေါင်းကို အဘယ့်ကြောင့် ရွှေကျင်နိကာယ=ရွှေကျင် သံဃာအပေါင်းဟု ခေါ်ဝေါ်ပညတ် သမုတ်အပ်သနည်းဟူ၍ မေးမြန်းဖွယ်ရှိသဖြင့် ထိုမေးမြန်းဖွယ်ကို ရှင်းလင်း၍ ထင်ရှားစေဦးအံ့။

မြန်မာနိုင်ငံတော် အထက်ပိုင်း ရွှေဘိုမြို့နယ်-ရွှေဘိုတောင်လက် ရွှေဘိုမြို့နှင့် ဆယ်မိုင်ခန့် အကွာတွင် ရွှေကျင်အမည်ရှိသော ရွာသည် ယနေ့တိုင်

ထင်ရှားရှိပေသည်၊ ယင်း ရွှေကျင်ရွာ၌ ဖွားမြင်တော်မူသော ဆရာတော် ဖြစ်၍ ရွှေကျင်ဆရာတော်ဟု ထင်ရှားတော်မူသည်၊ ရွှေကျင်ဆရာတော် ၁၉-ဝါ အရတွင် ပညာရှိသူတော်ကောင်းများကို မြတ်နိုးကြည်ညိုတတ်သော မင်းတုန်းဘုရင်မင်းတရားကြီးသည် မန္တလေး ရွှေမြို့တော်သို့ ရွှေကျင်ဆရာတော်ကို ပင့်ဆောင်၍ ရွှေကျင်ဆရာတော်၏ ဆန္ဒတော်နှင့် ကိုက်ညီစေရန် မန္တလေးမြို့တော်မြောက် မန္တလေးတောင်ခြေ၌ တိုက်တော်ကို တည်ထောင်က မဟာဓမ္မိကာရာမ ရွှေကျင်တိုက်-ဟု ကမ္ပည်းတပ်၍ တင်လှူသဖြင့် သီတင်းသုံးတော်မူစဉ် မန္တလေးမြို့ပေါ်၌ပင် ရွှေကျင်ကျောင်းတိုက်ပေါင်း ၁၂-တိုက်ရှိ၍ ရွှေကျင်ဆရာတော်၏ ဩဝါဒခံ တပည့်သံဃာ ပရိသတ်လည်း တထောင်ကျော် ပွါးများလာပေသည်။

## ရွှေကျင်ဂိုဏ်း-တနည်း-ရွှေကျင်နိကာယ-အမည်
## ထင်ရှားစွာ ပေါ်ပေါက်လာသောအချိန်

ရွှေကျင်ဆရာတော်ဘုရားသည် အချိန်ရှိသမျှ ဓုရနှစ်ပါးကို လစ်လပ်သည်မရှိ၊ ပွါးများလေ့လာတော်မူသည် ဖြစ်သောကြောင့် သုဓမ္မာ အစည်းအဝေးသို့ ကြွတော်မူခြင်းမရှိပေ၊ သာသနာပိုင်ဆရာတော်သည် မဟာဒဏ်ဝန်မှတဆင့် အကြောင်းပြု၍ ရွှေကျင်ဆရာတော်ကို ဆင့်ခေါ်တော်မူသည်ကို မင်းတုန်းမင်းတရား ကြားသိတော်မူသကာလ ရွှေကျင်ဆရာတော်ကို သာသနာပိုင် ဆရာတော်က အဆင့်အခေါ် မရှိပါစေနှင့်၊ အာဝေဏိကနိကာယ သီးခြားရွှေကျင်ဂိုဏ်း-ရွှေကျင်နိကာယ အဖြစ်ဖြင့် အလိုရှိသလို ချမ်းသာစွာ သီတင်းသုံးနေတော်မူပါစေ-ဟု အမိန့်တော်တရပ်ကို ထုတ်ပြန်သော အချိန်ကာလမှစ၍ ရွှေကျင်ဆရာတော် ကြီးမှူးစောင့်ရှောက်၍ ဩဝါဒ အနုသာသနီ ပေးအပ်သော သံဃာအပေါင်းသည် ရွှေကျင်ဂိုဏ်း-ရွှေကျင်နိကာယ-ဟူသော ဝိသေသအမည်ဖြင့် အထင်အရှား ဖြစ်ပေါ်ခဲ့ပေသည်။

ယင်း ရွှေကျင်ဂိုဏ်း-ရွှေကျင်နိကာယသည် ရွှေကျင် ဆရာတော်ကြီး လက်ထက်တော်မှစ၍ ယနေ့တိုင် တည်တွန်းလျက် သံဃာနှင့်ကျောင်းတိုက် အရေအတွက်လည်း ယုတ်လျော့သည်မရှိ၊ တိုးပွါးသည်ထက် တိုးပွါးလာခဲ့သည်ဖြစ်ရာ ၁၃၁၇-ခုနှစ် ဝါဆိုသံဃာစာရင်းအရ ကျောင်းတိုက်ပေါင်း ၁၄၀၆-ရှိ၍ သံဃာပေါင်း ၁၁၃၅၁-ရှိလေသည်။ ဤစာ ရေးဆဲအချိန်၌

သံဃာစာရင်း အပြည့်အစုံမရရှိသေးသောကြောင့် စာရေးချိန်၌ရရှိသော သံဃာစာရင်းကို ဖော်ပြခြင်းမပြုရပဲ ၁၃၁၈-ခု စာရင်းကိုသာ ဖော်ပြ လိုက်ရပါသည်။ သီဟိုဠ် ယိုးဒယားနှင့်တကွ မြန်မာနိုင်ငံအလုံးရှိ ရွှေကျင် ဂိုဏ်းဝင် သံဃာတို့သည် ဆိုင်ရာနယ်ပယ် ဌာနမှတဆင့် မန္တလေးမြို့ ရွှေကျင်ဂိုဏ်း ရွှေကျင်နိကာယ၏ ဗဟိုဌာနဖြစ်သော မဟာဝိသုဒ္ဓါရုံတိုက် ရွှေကျင်နိကာယ ဥက္ကဋ္ဌမဟာနာယကချုပ် အဘိဓဇမဟာရဋ္ဌဂုရု စံကင်း ဆရာတော်ဘုရားကြီးထံတော်သို့ နှစ်စဉ်နှစ်တိုင်း ဝါဆိုသံဃာစာရင်းအတိ အကျကို ဆက်ကပ်လျှောက်ထားကြရပေသည်။ ရွှေကျင်နိကာယဗဟိုဌာနမှ ဝါဆိုသံဃာစာရင်းချုပ်ကို နယ်ဌာနတိုင်းသို့ ပေးပို့လေ့ရှိသည်။ အရေး ကြီးသော သာသနာရေးကိစ္စ ပေါ်ပေါက်လာသောအခါတို့၌ ရွှေကျင် နိကာယ ဝန်ဆောင်ဆရာတော်များကိုင်၊ လက်လှမ်းမှီရာ မန္တလေးမြို့ ပတ်ဝန်းကျင်မှ အချို့ဆရာတော်များကိုင်း မဟာနာယကချုပ် ဆရာ တော်ဘုရားကြီးက ဆင့်ခေါ်တော်မူ၍ မိမိ၏မျက်မှောက်တော်၌ စည်းဝေး ညှိနှိုင်းတိုင်ပင်ကာ နောက်ဆုံး၌ မဟာနာယကချုပ် ဆရာတော်ဘုရားကြီး အဆုံးအဖြတ်ပေးတော်မူသည်ကို အတည်ပြုလက်ခံ ဆုံးဖြတ်ကြ၍ မဟာ နာယကချုပ် ဆရာတော်ဘုရားကြီးအမိန့်တော်ဖြင့် ရွှေကျင်နိကာယ ဌာန အရပ်ရပ်သို့ ပို့ကြရပေသည်။ အရပ်ရပ်ရှိ ရွှေကျင်နိကာယ သံဃာမှန် ကလည်း ဤအမိန့်တော်အတိုင်းသာ လိုက်နာကျင့်ဆောင်ကြရပေသည်။

ဤသို့လျှင် အဆက်ဆက်သော ရွှေကျင်နိကာယ သံဃာတော်တို့သည် အဆင့်ဆင့်အားဖြင့် မိမိတို့၏ အထက်မှ အကြီးချုပ်ပြု၍ အုပ်ထိန်းတော် မူကြသော မဟာနာယကချုပ်၊ မဟာနာယက၊ နာယကမထေရ်ကြီးတို့၏ ယထာဓမ္မ အဆုံးအမဩဝါဒများကို ရိုသေလေးစားစွာ လိုက်နာကြသော ကြောင့် ရွှေကျင်နိကာယသည် ယုတ်လျော့ပျက်ပြားခြင်းမရှိပဲ စည်းလုံး ညီညွတ်သော နိကာယအဖြစ်ဖြင့် ဗုဒ္ဓမြတ်စွာ သာသနာတော်၌ ထင်ရှားစွာ တည်မြဲလျက်ရှိပေသည်။

ရွှေကျင်နိကာယ၏ အထက်ဖြစ်သော ရှေးရှေးဆရာသခင် ထေရ်အရှင် မြတ်တို့၏ အဆက်အနွယ်ကိုင်း၊ ရွှေကျင်ဆရာတော်ကြီးမှ ထောက်၍ အောက်ဖြစ်သော နောက်နောက်သော ဆရာတော်အရှင်မြတ်တို့၏ အဆက် အနွယ်ကိုင်း ရွှေကျင်နိကာယ သံဃာတော်တို့သည် အထူးသိရှိတော်မူသင့်

ကြပါသည်။ သာသနဗဟုသုတကို လိုလားတော်မူသော နိကာယန္တရပုဂ္ဂိုလ်များလည်း ဗဟုသုတအဖြစ် မှတ်သားသင့်တော်မူကြပါသည်။ စင်စစ်တမူကား နှစ်ပေါင်းတရာကျော်တိုင်တိုင် ရွှေကျင်နိကာယဟူသော အမည်နာမဖြင့် ကျော်ကြားထင်ရှားလျက်ရှိသော ရွှေကျင်နိကာယ၏ သာသနာဝင်သည် မြန်မာနိုင်ငံ သာသနနယ်ပယ်၌ မှတ်တမ်းတင်ကာ ရှိသင့်ရှိထိုက်သော သာသနာဝင်ကြီးတရပ်ပင် ဖြစ်ပေသည်။ ဤသို့သော သဘောအချက်ကို ဉာဏ်၌ ကွက်ကွက်ထင်ထင် ပေါ်လွင်မြင်တွေ့မိသော ရန်ကုန်မြို့ ဝိုင်-အမ်-ဘီ-အေ အသင်းကြီး၌ အရေးပါသော အသင်းသားတဦး ဖြစ်သော ဒါယကာ-**မောင်ထိန်ဝင်း**သည် သုံးလေးနှစ်တိုင်တိုင် အကြိမ်ပေါင်းများစွာ ရွှေကျင်နိကာယသာသနာဝင်ကို ရေးပါရန် တိုက်တွန်းသည်ကို နောက်ဆုံး၌ လက်ခံ၍ ရေးသားရန် တာဝန်ယူလိုက်ရသည်အားလျော်စွာ **ရွှေကျင်နိကာယ သာသနာဝင်**ကို ရေးသားပေတော့မည် ဖြစ်ပါသတည်း။

ရွှေကျင်နိကာယ သာသနာဝင်ကို ရေးရာ၌ ပထမပိုင်း, ဒုတိယပိုင်း ဟူ၍ နှစ်ပိုင်းနှစ်ကဏ္ဍ ခွဲခြား၍ ရေးသားမည်ဖြစ်ရာ ပထမပိုင်းဖြင့် ဝိနည်းပိဋကအရာ၌ တေဒဂ်ဘွဲ့ထူးကို ရရှိတော်မူသော အရှင်ဥပါလိမှစ၍ သီးလုံးဆရာတော်ဘုရားကြီးတိုင်အောင်သော မထေရ်မြတ်တို့၏ အစဉ်ကို ရေးမည်ဖြစ်သည်။

ဒုတိယပိုင်းဖြင့် ရွှေကျင်ဆရာတော်ဘုရားကြီးနှင့်တကွ ရွှေကျင်ဆရာတော်ဘုရားကြီး၏ တပည့်တပန်း အဆက်အနွယ် အကိုင်းအခက် အတက် အလက်တို့တွင် ယနေ့တိုင် ထင်ထင် ရှားရှား သာသနတာဝန်, ရွှေကျင်ဂိုဏ်း ရွှေကျင်နိကာယ၏ တာဝန်ကို ဆောင်ရွက်လျက် ရှိတော်မူကြသော ရှေ့ဆောင် ဆရာတော်ကြီးများ၏အစဉ် သာသနာဝင်ကို ရေးမည်ဖြစ်ပါသည်။

ယင်းသို့ နှစ်ပိုင်းနှစ်ကဏ္ဍ ခွဲခြား၍ ရေးသားခြင်းဖြင့် ရွှေကျင်နိကာယ သာသနာဝင်သည် ပြည့်စုံသော သာသနာဝင်ဖြစ်ပေလိမ့်မည်ဟု မြော်လင့်ပါသည်။

# ပထမပိုင်း

## သာသနာဝင် အကျဉ်းချုပ်

ပထမပိုင်း၌ ရှေးဦးစွာ ဆရာစဉ်ဟူသော မထေရ်မြတ်တို့၏ သာသနာဝင် အကျဉ်းချုပ်ဇယားကို ပြပါမည်။

| | | |
|---|---|---|
| ၁။ | မဇ္ဈိမဒေသ မထေရ်မြတ်တို့၏အစဉ် သာသနာဝင် | ၅-ဆက်။ |
| ၂။ | သထုံပြည် မထေရ်မြတ်တို့၏အစဉ် သာသနာဝင် | ၁၀-ဆက်။ |
| ၃။ | ပုဂံပြည် မထေရ်မြတ်တို့၏အစဉ် သာသနာဝင် | ၈-ဆက်။ |
| ၄။ | ပုခန်းကြီး (ကူးခန်းကြီး) မထေရ်မြတ်တို့၏ အစဉ် သာသနာဝင် | ၇-ဆက်။ |
| ၅။ | ဒီပဲရင်း မထေရ်မြတ်တို့၏အစဉ် သာသနာဝင် | ၂-ဆက်။ |
| ၆။ | ရွှေဘို မထေရ်မြတ်တို့၏အစဉ် သာသနာဝင် | ၂-ဆက်။ |
| | ပေါင်း .... | ၃၄-ဆက်။ |

မဇ္ဈိမဒေသ သာသနာဝင် ၅-ဆက်ဟူသည်မှာ—

၁။ အရှင်မဟာကဿပ, အရှင်အာနန္ဒာ, အရှင်ဥပါလိ-ဤသုံးပါးမှာ ပထမ သင်္ဂါယနာတင်တော်မူကြကာ တပြိုင်နက် သာသနာပြုတော်မူကြသဖြင့် သာသနာဝင်တဆက်အဖြစ်ဖြင့် ယူသည်။

၂။ အရှင်ဥပါလိ၏တပည့် အရှင်ဒါသကထေရ်။

၃။ အရှင်ဒါသက၏တပည့် အရှင်သောဏကထေရ်။

၄။ အရှင်သောဏက၏တပည့် အရှင်သိဂ္ဂဝနှင့် အရှင်စဏ္ဍဝဇ္ဇီထေရ်။

၅။ အရှင်သိဂ္ဂဝနှင့် အရှင်စဏ္ဍဝဇ္ဇီတို့၏တပည့် အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်။

ဤသို့ဖြင့် မဇ္ဈိမဒေသမထေရ်မြတ်တို့၏အစဉ် သာသနာဝင် ၅-ဆက် ဖြစ်သတည်း။

---

သထုံပြည် သာသနာဝင် ၁၀-ဆက်ဟူသည်မှာ—

၁။ အရှင်သောဏ, အရှင်ဥတ္တရ။

၂။ အရှင်သောဘိတ။

၃။ အရှင်သောမဒတ္တ။
၄။ အရှင်သုမနတိဿ။
၅။ အရှင်သောပါက။
၆။ ဒုတိယအရှင်သောမဒတ္တ။
၇။ အရှင်အနောမဒဿီ။
၈။ အရှင်အဓိသီလ။
၉။ အရှင်ပြာဏဒဿီ။
၁၀။ အရှင်မဟာကာလ, အရှင်သီလဗုဒ္ဓိ။
(အရှင်အရိယဝံသ-ဟူ၍လည်း ထည့်သွင်းရေတွက်ကြသေး၏။)

ဤသို့ဖြင့် သထုံပြည် မထေရ်မြတ်တို့၏အစဉ် သာသနာဝင် ၁၀-ဆက် ဖြစ်သတည်း။

---

ပုဂံပြည် သာသနာဝင် ၈-ဆက်ဟူသည်မှာ—

၁။ အရှင်အရဟံ။
၂။ အရှင်ဂုဏသာရ။
၃။ အရှင်အဂ္ဂပဏ္ဍိတ။
၄။ အရှင်အဂ္ဂဝံသ။
၅။ အရှင်ဥတ္တရာဇီဝ။
၆။ ပထမဆပ္ပဒ = အရှင်သဒ္ဓမ္မပါလ (ဘွဲ့တော်)။
၇။ ဒုတိယဆပ္ပဒ = အရှင်သဒ္ဓမ္မဉာဏ (ဘွဲ့တော်)။
၈။ တတိယဆပ္ပဒ = အရှင်ဓမ္မသိရီ (ဘွဲ့တော်)။

ဤသို့ဖြင့် ပုဂံပြည်မထေရ်မြတ်တို့၏အစဉ် သာသနာဝင် ၈-ဆက်ဖြစ် သတည်း။

---

ပုခန်းကြီး (ကူးခန်းကြီး) သာသနာဝင် ၇-ဆက်ဟူသည်မှာ—

၁။ တတိယဆပ္ပဒ=အရှင်ဓမ္မသိရီ၏တပည့် အရှင်သုဓမ္မစာရီ။
၂။ အရှင်အဂ္ဂဓမ္မာလင်္ကာရ။
၃။ အရှင်ဓမ္မနန္ဒ။
၄။ အရှင်ပုညဝါသီ။
၅။ အရှင်ဇမ္ဗုဓဇ (အရှင်ဇမ္ဗုဒီပဓဇ)။

၆။ အရှင်ဉာဏာလင်္ကာရ။

၇။ အရှင်ဉာဏဝရ။

ဤသို့ဖြင့် ပုခန်းကြီးမထေရ်မြတ်တို့၏အစဉ် သာသနာဝင် ၇-ဆက် ဖြစ်သတည်း။

---

ဒီပဲရင်း သာသနာဝင် ၂-ဆက်ဟူသည်မှာ—

၁။ ဒီပဲရင်း နမောဆရာတော် အရှင်ပုညာရမ္ဘ။

၂။ ဒုတိယ နမောဆရာတော် အရှင်ဝိစာရိန္ဒ။

ဤသို့ဖြင့် ဒီပဲရင်းမထေရ်မြတ်တို့၏အစဉ် သာသနာဝင် ၂-ဆက်ဖြစ် သတည်း။

---

ရွှေဘို သာသနာဝင် ၂-ဆက်ဟူသည်မှာ—

၁။ (ဂဏဝိမုတ်) သီးလုံးဆရာတော် အရှင်စန္ဒိမာ။

၂။ (ဂဏဝိမုတ်) ရွှေကျင်ဆရာတော် အရှင်ဇာဂရ။

ဤသို့ဖြင့် ရွှေဘိုမထေရ်မြတ်တို့၏အစဉ် သာသနာဝင် ၂-ဆက် ဖြစ်သတည်း။

ပြဆိုအပ်ခဲ့ပြီးသော အစဉ်အားဖြင့် အရှင်မဟာကဿပ, အရှင် အာနန္ဒာ, အရှင်ဥပါလိတို့မှစ၍ ရွှေကျင် ဆရာတော်ဘုရားကြီးတိုင်အောင် ရွှေကျင်နိကာယ မထေရ်မြတ်တို့၏အစဉ် သာသနာဝင်သည့် ၃၃-ဆက် ရှိ ကြောင်းကို အကျဉ်းချုပ် မှတ်သားနိုင်ရန် ဦးစွာဖော်ပြအပ်ပါသည်။

---

## မဇ္ဈိမဒေသ သာသနာဝင်

ယခုအချိန်မှစ၍ ၃၃-ဆက်သော မထေရ်မြတ်တို့၏ အကြောင်းကို ထိုက်သည့်အလျောက် အနည်းငယ်မျှစီ ချဲ့၍ ပြဆိုပါအံ့—

### ၁။ အရှင်မဟာကဿပ

အရှင်မဟာကဿပထေရ် ဟူသည်မှာ—ဇမ္ဗူဒီပ မဇ္ဈိမဒေသ မဂဓတိုင်း မဟာတိတ္ထမည်သော ပြာဟ္မဏရွာသား ဖြစ်တော်မူသည်။ ကပိလပြာဟ္မဏ နှင့် မဟာဒေဝီတို့၏ သားရတနာဖြစ်တော်မူသည်။ အမည်အားဖြင့် ပိပ္ပလိ လုလင်ဖြစ်၏။ အသက်နှစ်ဆယ်ယှဉ် ရောက်ကာလ မိဘတို့က မဒ္ဒတိုင်း

သာဂလမြို့သူ ဘဒ္ဒါကာပိလာနီနှင့် ထိမ်းမြားပေးကြသော်လည်း ဇနီးမောင်နှံ နှစ်ဦးလုံးပင် ကာမဂုဏ်ဖြင့် အလိုမရှိကြသော ဆန္ဒချင်း တူညီကြ၍ သန့်ရှင်းစွာ နေခဲ့ကြစဉ် တနေ့သောအခါ အလုပ်သမားများ လယ်ယာထွန်ယက်ကြသည်ကို ပိပ္ပလိလုလင် မြင်းစီး၍ သွားရောက်ကြည့်ရှုရာ ထယ်စာမှ ထွက်လာကြသော တီကောင် ပိုးကောင်တို့ကို ကျီးစသော ငှက်များ ကောက်ယူသတ်ဖြတ် စားကြသည်ကို မြင်သဖြင့် သံဝေဂဉာဏ်ဖြစ်ပေါ်ကာ ချမ်းသာကြွယ်ဝသမျှ ပစ္စည်းဟူသမျှကို ဘဒ္ဒါကာပိလာနီအား လွှဲအပ်၍ ရဟန်းပြုတော့အံ့ဟု နှလုံးသွင်းကာ အိမ်သို့ပြန်ခဲ့၏။

ဘဒ္ဒါကာပိလာနီသည်လည်း ထိုနေ့၌ အထိန်းအယဖြစ်သော အိမ်သားများနှင့်အတူ နှမ်းများကို ဖြန့်၍ နေလှန်းရာ နှမ်းပိုးတို့ကို ကျီးတွေကောက်ယူစားကြသည်ကို တွေ့မြင်၍ သံဝေဂဉာဏ်ဖြစ်ပေါ်လျက် ပိပ္ပလိလုလင်အား ဥစ္စာပစ္စည်းတို့ကို ပေးအပ်၍ ရဟန်းမ-ပြုလုပ်တော့မည်ဟု ကြံစည်ကာ နေ၏။ ပိပ္ပလိလုလင် ပြန်ရောက်လာသောအခါ တယောက်ကို တယောက် ပစ္စည်းဥစ္စာအရပ်ရပ်ကို လွှဲအပ်ကြသော်လည်း နှစ်ဦးလုံးပင် ထိုပစ္စည်းဥစ္စာတို့၌ အပြစ်မြင်၍ ခင်မင်တပ်မက်မှု မရှိကြသည်ဖြစ်၍ ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝယ်ယူကာ အချင်းချင်း တယောက်ဆံကို တယောက်ကရိတ်ပယ်လျက် လောက၌ အကြင်ရဟန္တာအရှင်မြတ်များ ရှိတော်မူကြကုန်၏၊ ထိုအရှင်မြတ်တို့အား ရည်မှတ်ကာ ဆရာတင်၍ ကျွန်ုပ်တို့ ရဟန်းပြုပါသည်ဟု အဓိဋ္ဌာန်ပြု၍ ဖန်ရည်ဆိုးသော သင်္ကန်းကို ဝတ်ကြ, မြေသပိတ်ကို လွယ်ကြလျက် တိုက်အိမ်မှ ထွက်သွားကြကုန်၏။ အိမ်၌ ကျေးကျွန်နှင့် အလုပ်သမားတို့သည် မိမိတို့၏ အရှင်သခင်များဟူ၍ မမှတ်မိ မသိရှိကြကုန်။

နေအိမ်မှထွက်သွားကြပြီးနောက် လမ်းခွဲတခုသို့ ရောက်ကာလ ငါတို့သည် ရဟန်းဖြစ်ကြပြီဖြစ်၍ အတူတကွ သွားခြင်းငှါ မသင့်တင့်မလျောက်ပတ်ချေ၊ ဤအရပ်မှပင် လမ်းခွဲကြတော့အံ့ဟု ဆို၍ ပိပ္ပလိလုလင်က လကျာ်လမ်း, ဘဒ္ဒါကာပိလာနီက လက်ဝဲလမ်းကိုယူ၍ အသီးအသီး ခွဲခွါကာ သွားကြကုန်၏။

မြတ်စွာဘုရားသည် ပိပ္ပလိလုလင်တို့ ဇနီးမောင်နှံ တောထွက် ရဟန်းပြုလာကြသည်ကို ဉာဏ်တော်ဖြင့် မြင်တော်မူ၍ ငါဘုရားသည် ထိုပုဂ္ဂိုလ်

တို့အား ချီးမြှောက်သင့်ပေသည်ဟု တကိုယ်တော်တည်း သုံးဂါဝုတ် ခရီးကို ကြွတော်မူကာ ရာဇဂြိုဟ်မြို့နှင့် နာလန္ဒရွာအကြား ဗဟုပုတ္တက ညောင်ပင်ရင်း၌ မြတ်စွာဘုရား၏ အသရေတော်တို့ဖြင့် သီတင်းသုံးနေတော်မူ၏။ ပိပ္ပလိလုလင်ဖြစ်သော မဟာကဿပရဟန်းသည် မြတ်စွာဘုရားကို ဖူးမြင်ရလျှင်ပင် ဤပုဂ္ဂိုလ်သည် ငါ၏ဆရာဖြစ်ပေလိမ့်မည်၊ ဤပုဂ္ဂိုလ်မြတ်ကိုသာ ငါရည်မှတ်၍ ရဟန်းပြုခဲ့ပေသည်ဟု မြင်ရာအရပ်မှ ကိုယ်ကိုကိုင်း, ဦးခေါင်းကိုညွတ်၍ ရှိခိုးလျက် ဘုန်းတော်ကြီးသော အရှင်သည်တပည့်တော်၏ ဆရာပါ၊ တပည့်တော်သည် အရှင်၏တပည့် ဖြစ်ပါသည်ဟု လျှောက်၏။ ကဿပ ထိုင်လော့၊ သင့်အား အမွေပေးအံ့ဟု သုံးပါးသော ဩဝါဒတို့ဖြင့် ရဟန်းပြုပေးတော်မူ၏။ လမ်းခရီးအကြား တခုသော သစ်ပင်အောက်၌ ခေတ္တနားနေတော်မူစဉ် ကဿပရဟန်းက မိမိ၏ နူးညံ့လှသော သင်္ကန်းကို မြတ်စွာဘုရားအား ကပ်လှူ၍ မြတ်စွာဘုရားက ကိုယ်တော်တိုင် ပံသုကူကောက်၍ ချုပ်ဆိုးပြီးကာ ကိုယ်တိုင်ဝတ်ရုံတော်မူသော ပံသုကူသင်္ကန်းကို ကဿပအား ချီးမြှောက်တော်မူသည်။ ကဿပထေရ်သည် မြတ်စွာဘုရားကိုယ်တော်တိုင် ဝတ်ရုံသုံးဆောင်တော်မူသော (ပရိဘောဂစေတီထိုက်သော) သင်္ကန်းကို ငါရပြီ၊ အချီးမြှောက်ခံရပြီဟု မာန်ထောင်တက်ကြွမှု မရှိမူ၍ မြတ်စွာဘုရားထံတော်၌ပင် ၁၃-ပါးသော ဓုတင်တို့ကို ခံယူဆောက်တည်၍ ခုနစ်ရက်မျှသာ ရဟန်းတရား အားထုတ်ရာ ရှစ်ရက်မြောက်သောနေ့၌ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်တော်မူ၏။

ဥရုဝေဠကဿပ, နဒီကဿပ, ဂယာကဿပ, ကုမာရကဿပ ထေရ်တို့ကို ထောက်၍ မဟာကဿပထေရ်-ဟု ထင်ရှားတော်မူသည်။ နောက်အခါ၌ မြတ်စွာဘုရားက....ငါဘုရားသာသနာတော်တွင် ဓုတင်ကိုလည်း ဆောင်၍ ဓုတင်တရားစကားကိုလည်း ပြောဟောသော ငါ့တပည့်သား ရဟန်းတို့တွင် မဟာကဿပသည် အတော်ဆုံး,အမြတ်ဆုံးဟူ၍ ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှင့်သည်ကို ခံယူတော်မူရပေသည်။ ဤဘွဲ့ထူးဖြင့် ချီးမြှင့်မှုကို ခံယူရလေအောင် လွန်ခဲ့သော ကပ္ပါတသိန်းကာလ ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်တော်ကစ၍ ဒါနစသော ပါရမီကောင်းမှုကိုပြု၍ တောင့်တတော်မူခဲ့ရပေသတည်း။

## ၁။ အရှင်အာနန္ဒာ

အရှင်အာနန္ဒာဟူသည် ဇမ္ဗူဒိပ မဇ္ဈိမဒေသ ကပိလဝတ်ပြည် သာကီဝင်မင်း အမိတောဒနမင်း၏ သားတော်ဖြစ်သည်၊ မြတ်စွာဘုရား၏ ဝမ်းကွဲညီတော်တည်း။ မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီး ကာလ ပထမ အစဆုံး ကပိလဝတ်ပြည်သို့ ကြွတော်မူခိုက် မြတ်စွာဘုရား၏ အခြံအရံအလို့ငှါ အခြားသော သာကီဝင်မင်းသားများနှင့်အတူ အိမ်တော်မှထွက်၍ မြတ်စွာဘုရားထံ၌ ရဟန်းပြုတော်မူသည်။ ရဟန်းပြု၍ မကြာမြင့်မီ မန္တာဏီပုတ္တ အရှင်ပုဏ္ဏထံမှ တရားစကားကို ကြားနာရ၍ သောတာပတ္တိဖိုလ်သို့ ရောက်တော်မူသည်။

မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် သိက္ခာဝါတော်ပေါင်း ၂၀-တိုင်တိုင် အလုပ်အကျွေး တပည့် အမြဲရှိတော်မမူပေ။ ရံခါ နာဂသမာလထေရ် ပြုစုသည်၊ ရံခါ နာဂိတထေရ်၊ ရံခါ ဥပဝါနထေရ်၊ ရံခါ သုနက္ခတ္တ ရဟန်း၊ ရံခါ စုန္ဒသမဏုဒ္ဒေသ (ရဟန်းလောင်း စုန္ဒ)၊ ရံခါ သာဂတထေရ်၊ ရံခါ ရာဓထေရ်၊ ရံခါ မေဃိယထေရ် အလုပ်အကျွေးပြုတော်မူကြသည်။ ယင်းသို့ အလုပ်အကျွေး တပည့်ရဟန်း အမြဲမရှိရာတွင် အခါတပါး၌ နာဂသမာလထေရ်နှင့်အတူ မြတ်စွာဘုရားသည် ခရီးရှည် ကြွတော်မူရာ ခရီးလမ်းနှစ်ခွ လမ်းဆုံတခုသို့ရောက်လျှင် နာဂသမာလထေရ်က လမ်းမှဖဲ၍ မြတ်စွာဘုရား.... တပည့်တော် ဤလမ်းက သွားပါမည်ဟု လျှောက်၏၊ မြတ်စွာဘုရားက ရဟန်း....လာခဲ့၊ သည်လမ်းက သွားကြမည်ဟု မိန့်ခေါ်သော်လည်း မလာပဲ မြတ်စွာဘုရား.... မြတ်စွာဘုရား၏ သပိတ်သင်္ကန်းကို ယူတော်မူပါလော့၊ တပည့်တော်ကား သည်လမ်းကပင် သွားပါရစေဟု လျှောက်၍ သပိတ်သင်္ကန်းကို မြေပေါ်သို့ ချမည်ပြုသဖြင့် မြတ်စွာဘုရားက အိုရဟန်း....ငါ့ထံယူခဲ့ဟု မိန့်တော်မူကာ မြတ်စွာဘုရားသည် မိမိ၏ သပိတ်သင်္ကန်းကို မိမိကိုယ်တော်တိုင် ဆောင်ယူလျက် ကြွတော်မူရ၏။

မိမိအလိုရှိသောလမ်းဖြင့် သွားသော နာဂသမာလထေရ်သည် လမ်း၌ တောပုန်း ခါးပြတို့ကို တွေ့၍ ခါးပြများက သပိတ်သင်္ကန်းတို့ကို လုယူပြီး ဦးခေါင်းကို ရိုက်ခွဲလိုက်သည်ကို ခံရ၏။ ထိုအခါမှ မြတ်စွာဘုရားသာလျှင် ငါ၏ မှီခိုအားထားရာ ဖြစ်တော့သည်ဟု ဘုရားထံတော်သို့ သွား၍

အကြောင်းခြင်းရာကို လျှောက်၏။ မြတ်စွာဘုရားသည် စိတ်ဆိုးတော်မမူ သည်းခံတော်မူ၍ ရဟန်း....မစိုးရိမ် မကြောင့်ကြလင့်၊ ဤအန္တရာယ်ကို မြင်၍ပင် သင့်ကို ငါဘုရား တားမြစ်ခြင်း ဖြစ်သည်ဟု စိတ်သက်သာရာကို ရစေတော်မူပေသည်။

အခါတပါးလည်း မေဃိယထေရ်နှင့်အတူ မြတ်စွာဘုရား အရှေ့ ဝါး တော ဟူသော သမင်တောသို့ ကြွတော်မူရာ မြစ်ကမ်းနဖူး၌ သာယာ သော သရက်တောကို မြင်၍ မြတ်စွာဘုရား.... မြတ်စွာဘုရား၏ သပိတ် သင်္ကန်းကို ယူတော်မူပါ၊ တပည့်တော် ဤသရက်တောအုပ်မှာပင် ရဟန်း တရားကို အားထုတ်ပါအံ့ဟု လျှောက်၏၊ မြတ်စွာဘုရားက သုံးကြိမ်တိုင်တိုင် မြစ်တားလျက် မနာယူပဲ သရက်တောအုပ်သို့ သွားရာ အကုသိုလ်စိတ်နှင့် ယှဉ်သော ဝိတက်တွေသာ ဖြစ်ပေါ်နေသောကြောင့် မြတ်စွာဘုရားထံ ပြန်လာ၍ လျှောက်ထားလျှင် ရဟန်း.... ဤ အကြောင်းကိုမြင်၍ပင် ငါ ဘုရား မြစ်တားတော်မူသည်ဟု မိန့်တော်မူ၍ သာဝတ္ထိမြို့တော်သို့ ကြွတော် မူသည်။

သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော် ဂန္ဓကုဋီကျောင်း ပရိဝုဏ်၌ ရဟန်း အပေါင်းခြံရံလျက် သီတင်းသုံးတော်မူစဉ် ရဟန်းတို့.... ယခုအခါ ငါဘုရား သည် အသက်အယွယ် ကြီးရင့်တော်မူပြီ၊ အမြဲတမ်း အလုပ်အကျွေး ရှိသင့် ပြီ၊ သို့ဖြစ်၍ ငါ့အား အမြဲတမ်း ပြုစုလုပ်ကျွေးရန် သင့်တော်သော ရဟန်း တပါးကို ရွေးကောက်ကြလေလော့ဟု မိန့်ကြားတော်မူရာ အရှင်သာရိ- ပုတ္တရာ, အရှင်မောဂ္ဂလ္လာန်မှစ၍ မဟာသာဝကကြီးတို့သည် တပည့်တော် ပြုစုလုပ်ကျွေးပါမည်ဟု အသီးအသီး လျှောက်ကြသော်လည်း မြတ်စွာ ဘုရားသည် လက်မခံမူ၍ ပယ်တော်မူ၏။ အရှင်အာနန္ဒာမူကား မလျှောက် မထား ဆိတ်ဆိတ်သာ နေတော်မူ၏။

အခြား ရဟန်းများက ငါ့ရှင်အာနန္ဒာ.... အလုပ် အကျွေး ရာထူးကို တောင်းပါဟု တိုက်တွန်းကြ၏၊ ငါ့ရှင်တို့.... တောင်း၍ရသော ရာထူးသည် ဘယ်မှာတန်ဘိုးရှိပါမည်နည်း၊ မြတ်စွာဘုရားသည် တပည့်တော်ကို အဘယ် လျှင် မြင်တော်မမူပဲ ရှိမည်နည်း၊အလိုရှိတော်မူလျှင် အာနန္ဒာ.... ငါ့ကို ပြုစု လုပ်ကျွေးလေလော့ဟု မိန့်တော်မူပါလိမ့်မည်ဟု ဆို၏။ ထိုအခါ မြတ်စွာ ဘုရားက ရဟန်းတို့.... အာနန္ဒာကို အခြားသူများ မတိုက်တွန်းရပါဘူး၊ မိမိ အလိုလိုသိပြီး ငါဘုရားကို ပြုစုလုပ်ကျွေးပါလိမ့်မည်ဟု မိန့်တော်မူ၏။

ရဟန်းတော်များက ငါ့ရှင်အာနန္ဒာ....ထပါ-ထတော်မူစမ်းပါ။ မြတ်စွာဘုရားအား အလုပ်အကျွေး ဥာနန္တရကို တောင်းစမ်းပါဟု ဝိုင်းဝန်းတိုက်တွန်းကြသော အခါမှ အရှင်အာနန္ဒာသည် နေရာမှထ၍ ပယ်အပ်သော ဆု ၄-မျိုး, တောင်းအပ်သော ဆု ၄-မျိုးအားဖြင့် ပေါင်း ဆု ၈-မျိုးကို မြတ်စွာဘုရားထံ၌ တောင်းတော်မူ၏။

ထို ဆု ၈-မျိုးတို့တွင် ပယ်အပ်သော ဆု ၄-မျိုးဟူသည်——

ဘုန်းတော်ကြီးသော မြတ်စွာဘုရား....၁။ မြတ်စွာဘုရားသည် ကိုယ်တော်တိုင် အလှူခံယူရရှိသော ကောင်းမြတ်သော သင်္ကန်း, ၂။ ကောင်းမြတ်သော ဆွမ်းတို့ကို အကယ်၍ တပည့်တော်အား မချီးမြှောက် မပေးစွန့်သည် ဖြစ်အံ့၊ ၃။ ဂန္ဓကုဋီ တခုတည်း၌ အတူတကွ နေခွင့်မပေးသည် ဖြစ်အံ့၊ ၄။ မြတ်စွာဘုရားအား ပင့်ဘိတ်ရာသို့ ခေါ်မသွားသည်ဖြစ်အံ့ – တပည့်တော်သည် မြတ်စွာဘုရားအား ပြုစုလုပ်ကျွေးပါမည် ဘုရား။

အဘယ်သို့သော အပြစ်ကိုမြင်၍ ဤ ၄-မျိုးကို ပယ်စေရသနည်းဟု မြတ်စွာဘုရားက မေးတော်မူရာ အာနန္ဒာသည် သင်္ကန်းကောင်း, ဆွမ်းကောင်းရသောကြောင့်, မြတ်စွာဘုရားနှင့် တကျောင်းတည်း နေရသောကြောင့်, မြတ်စွာဘုရားကို ပင့်လျှင် လိုက်ပါရသောကြောင့် မြတ်စွာဘုရားကို ပြုစုလုပ်ကျွေးခြင်း ဖြစ်သည်၊ ဤအကျိုးကျေးဇူးများကို ရလျှင် လုပ်ကျွေးဘို့ရန် ဘယ်သူဝန်လေးပါမည်နည်းဟု ပြစ်တင်ပြောဆိုကြမည်ကို မြင်ပါ၍ ဤ ၄-မျိုးသော ပယ်ခြင်းတို့ကို တောင်းပါသည်ဟု လျှောက်၏။

တောင်းအပ်သော ဆု ၄-မျိုး ဟူသည်——

၁။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် တပည့်တော် လက်ခံအပ်သော ပင့်ဘိတ်ရာသို့ ကြွတော်မူသည်ဖြစ်အံ့၊ ၂။ မြတ်စွာဘုရားအား ဖူးမျှော်ကြရန် အခြားသော တိုင်းနိုင်ငံနှင့် ဇနပုဒ်တို့မှ ရောက်လာကြကုန်သော ပရိသတ်ကို ရောက်လာသော အချိန်၌ပင် မြတ်စွာဘုရားကို ဖူးမျှော်နိုင်စေရန် တပည့်တော် လျှောက်ထားသောအခါ အခွင့်ပေးတော်မူသည် ဖြစ်အံ့၊ ၃။ တပည့်တော် ယုံမှားသံသယ ရှိသောအခါ၌ မြတ်စွာဘုရားထံသို့ ဆည်းကပ်

မေးလျှောက်ခွင့် ပြုသည်ဖြစ်အံ့၊ ၄။ တပည့်တော်၏ မျက်ကွယ်၌ ဟောတော်မူသော တရားတော်ကို တပည့်တော်အားပြန်၍ ဟောကြားတော်မူသည် ဖြစ်အံ့—ဤဆု ၄-မျိုးကို ရပါက မြတ်စွာဘုရားအား ပြုစုလုပ်ကျွေးပါအံ့ ဘုရား။

အာနန္ဒာ....အဘယ်အကျိုးကျေးဇူးများကို မြင်၍ ဤဆု ၄-မျိုးကို တောင်းသနည်းဟု မြတ်စွာဘုရားက မေးမြန်းတော်မူရာ မြတ်စွာဘုရား.... ဤအခွင့်အရေးမျှလောက်မှ မရလျှင် အာနန္ဒာသည် မြတ်စွာဘုရားအား ပြုစုလုပ်ကျွေးရာ ဘာအကျိုးရှိသနည်း၊ ဤမျှလောက်မှ မြတ်စွာဘုရားသည် ချီးမြှောက်တော်မမူပေဘူးဟု ပြစ်တင်ပြောဆိုဖွယ် ဖြစ်မည်ကိုမြင်၍ ဆု ၄-မျိုးကို တောင်းရခြင်း ဖြစ်ပါသည်ဟု လျှောက်လေ၏။

တဖန် မြတ်စွာဘုရား၏ မျက်ကွယ်၌ တပည့်တော်ကို ရဟန်းများက ငါ့ရှင် အာနန္ဒာ....ဤဂါထာ, ဤသုတ်, ဤဇာတ်ကို မြတ်စွာဘုရားသည် အဘယ်ဒေသမှာ ဟောတော်မူပါသလဲဟု မေးကြသောအခါ တပည့်တော် မဖြေကြားနိုင်ပါလျှင် ငါ့ရှင် အာနန္ဒာ ဤမျှကိုပင် မသိရှာပဲကိုး၊ မြတ်စွာဘုရားနောက်တော်က ကာလကြာမြင့်စွာ အရိပ်ကဲ့သို့ လိုက်ပြီး ဘယ်ပုံနေလာခဲ့ပါသလဲ-ဟု အပြစ်တင်ကြဖွယ်ရာ ရှိပါသည်၊ သို့ဖြစ်၍ တပည့်တော်၏ မျက်ကွယ်၌ ဟောတော်မူသော တရားတော်ကိုလည်း တဖန်ပြန်၍ ဟောတော်မူစေခြင်း ဖြစ်ပါသည်ဟု လျှောက်၏။

မြတ်စွာဘုရားကလည်း အရှင်အာနန္ဒာတောင်းသော ဆု ၈-မျိုးကို ခွင့်ပြုတော်မူသဖြင့် သူမတူအောင် မြတ်စွာဘုရား သက်တော်ရှည်သမျှ ကာလပတ်လုံး ပြုစုလုပ်ကျွေးတော်မူခဲ့ပေသည်။ သို့ကြောင့်လည်း မြတ်စွာဘုရားက ပရိသတ်အလယ်၌ ငါဘုရားအား ပြုစုလုပ်ကျွေးကြသော ရဟန်းတို့တွင် အတော်ဆုံး အမြတ်ဆုံးဟု ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှောက်တော်မူသည်။ ဥပဋ္ဌာက ဧတဒဂ်ဘွဲ့ထူးနှင့်တကွ သတိမန္တ, ဂတိမန္တ, ဓိတိမန္တ, ဗဟုဿုတ-ဟူကုန်သော ဘွဲ့ထူး ၄-မျိုး ပေါင်း ဧတဒဂ်ဘွဲ့ထူး ၅-မျိုးဖြင့် ချီးမြှောက်တော်မူသည်။ လွန်လေပြီးသော ကပ္ပါတသိန်းထက် ပဒုမုတ္တရ မြတ်စွာဘုရား ရှေ့မှောက်တော်မှစ၍ ဒါန အစရှိသော ပါရမီတို့ကို ဖြည့်လောင်းဆည်းပူး၍ တောင့်တခဲ့သောဆုသည် ဤအခါ၌ အရှင်အာနန္ဒာအား ပြည့်စုံတော့သတည်း။

## ၁။ အရှင်ဥပါလိ

အရှင်ဥပါလိသည် ကပိလဝတ္ထုပြည် ဆတ္တာသည်မျိုးမှ ပေါက်ဖွားတော်မူသည်၊ ဥပါလိဟူ၍ အမည်ထင်ရှားခဲ့၏။ အယွယ်ရောက်သောအခါ အာနန္ဒာမင်းသား, ဘဂု, ကိမိလ, ဘဒ္ဒိယ, အနုရုဒ္ဓ, ဒေဝဒတ္တမင်းသားတို့နှင့် ခင်မင်ရင်းနှီးသဖြင့် ထိုမင်းသားတို့ သွားလေရာသို့ လိုက်ပါလေ့ ရှိ၏။ မြတ်စွာဘုရားသည် အနုပိယမည်သော သရက်ဥယျာန်၌ သီတင်းသုံးတော်မူစဉ် အာနန္ဒာစသော မင်းသားခြောက်ယောက်တို့နှင့်အတူ ထွက်ခဲ့၍ ရှင်ရဟန်းပြုကြ၏။ ဥပါလိသည် မြတ်စွာဘုရားထံတော်၌ ဓုရ ၂-ပါးကို အားထုတ်သင်ယူရာ မကြာမြင့်မီ အရဟတ္တဖိုလ်သို့ ရောက်တော်မူ၏။

အရဟတ္တဖိုလ်သို့ ရောက်ပြီးသောအခါ မြတ်စွာဘုရားသည် အရှင်ဥပါလိကို ကိုယ်တော်တိုင် ဝိနည်းပိဋကကို သင်ကြားပေးတော်မူ၏။ ထိုနောက် ဘာရုကစ္ဆကဝတ္ထု, အဇ္ဇုကဝတ္ထု, ကုမာရကဿပဝတ္ထုတို့ကို ဆုံးဖြတ်ရာတွင် မြတ်စွာဘုရားသည် သာဓု-သာဓုဟု မြွက်ကြားတော်မူ၍ ဝိနည်းဓိုရ် တပည့်ရဟန်းတို့တွင် အတော်ဆုံး အမြတ်ဆုံးဟု ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှောက်တော်မူသည်ကို ခံယူရ၏။

ကပ္ပါတသိန်းကာလ ပဒုမုတ္တရ ဘုရားရှင် လက်ထက်တော်မှစ၍ ဒါနအစရှိသော ကောင်းမှုပါရမီတို့ကို ဖြည့်လောင်း ဆည်းပူးတော်မူ၍ တောင့်တခဲ့သော အရဟတ္တဖိုလ်နှင့်တကွသော ဝိနည်းဓိုရ် ဧတဒဂ်ဘွဲ့ကို ရယူလိုသော သမ္မာဆန္ဒသည် အရှင်ဥပါလိအား ပြည့်ဝခြင်းသို့ ရောက်ရပေတော့သတည်း။

## ၁။ အရှင်အနုရုဒ္ဓ

အရှင်မဟာကဿပအမှူးရှိသော ပထမသင်္ဂါယနာတင်ကြသော မထေရ်တို့တွင် အရှင်အနုရုဒ္ဓသည် ရှေ့ပိုင်းမှထင်ရှားသော သင်္ဂီတိကာရကမထေရ်အဖြစ်ဖြင့် ပါဝင်ကာ သာသနာပြုတော်မူခဲ့သည်ဖြစ်၍ အရှင်အနုရုဒ္ဓထေရ်ကိုလည်း အသိအမှတ်ပြု၍ ကြည်ညိုနိုင်ကြစေရန် အကျဉ်းချုပ်ပြပါဦးအံ့။

ကပ္ပါတသိန်းထက်မှစ၍ ဖြည့်ဆည်းစုဆောင်းတော်မူခဲ့သော ပါရမီကောင်းမှုရှင်ဖြစ်သော အရှင်အနုရုဒ္ဓသည် ဂေါတမမြတ်စွာဘုရား ပွင့်ထွန်းတော်မူသောအချိန်၌ ကပိလဝတ္ထုပြည် အမိတောဒန သာကီဝင်မင်း၏ သားတော်ဖြစ်၍ အနုရုဒ္ဓမင်းသားဟူ၍ အမည်အားဖြင့် ထင်ရှား၏၊

မဟာနာမ သာကီဝင်မင်း၏ ညီငယ်, မြတ်စွာဘုရား၏ ဘထွေးတော်၏ သားဖြစ်သဖြင့် မြတ်စွာဘုရား၏ ဝမ်းကွဲညီတော် ဖြစ်၏။ အလွန်နူးညံ့ သိမ်မွေ့၏၊ ကြီးမားသော ဘုန်းကမ်လည်းရှိလှ၏၊ မရှိဟူသော စကား၏ အဓိပ္ပါယ်ကိုပင် နားမလည်၊ မသိရှိပေ၊ မရှိသည်ကို သိစေတော့ဟု သူ၏ မယ်တော်က ရွှေပန်းကန်တချပ်ကို အခြားရွှေပန်းကန်တချပ်ဖြင့် ဖုံးအုပ်၍ ပန်းကန်ထဲ၌ တစုံတခုကိုမျှ မထည့်ပဲ အနုရုဒ္ဓမင်းသားထံ ပို့စေလိုက်၏၊ မင်းချင်းယောကျ်ားက ယူဆောင်ပို့ရာ လမ်းခရီးရောက်ကာလ နတ်များက နတ်မုန့်တွေ အပြည့်ထည့်ပေးလိုက်သော ဟူ၏၊ မရှိသည်ကို မသိသည့်ပြင် နတ်မုန့်တွေကိုပင် မရှိမုန့်တမျိုးဟု မှတ်ထင်နေ၏၊ ယင်းသို့လျှင် ဘုန်းကမ် ကြီးမားပေသည်။

မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ပထမ အကြိမ် ကပိလဝတ် နေပြည်တော်သို့ ကြွတော်မူသောအခါ အာနန္ဒာ မင်းသားနှင့်တကွ အနုရုဒ္ဓမင်းသားစသော မင်းသားခြောက်ယောက်တို့ သည် အနုပိယ သရက်ဥယျာဉ်၌ သီတင်းသုံးတော်မူသော မြတ်စွာဘုရား ထံတော်သို့ သွားကြ၍ ရဟန်းပြုကြရာ ရဟန်းပြုသောနှစ်၌ပင် ဘဒ္ဒိယထေရ် ရဟန္တာဖြစ်တော်မူသည်၊ အနုရုဒ္ဓထေရ်သည် ဒိဗ္ဗစက္ခုအဘိညာဏ်ကို ရတော်မူသည်၊ ဒေဝဒတ်သည် သမာပတ်ရှစ်ပါးကို ရသည်၊ အာနန္ဒာ ထေရ်သည် သောတာပတ္တိဖိုလ်သို့ ရောက်တော်မူသည်၊ ဘဂုထေရ်နှင့် ကိမိလထေရ်တို့သည် အရဟတ္တဖိုလ်သို့ ရောက်တော်မူကြသည်။

အနုရုဒ္ဓထေရ်သည် အရှင်သာရိပုတ္တရာထေရ်ထံ၌ ကမ္မဋ္ဌာန်းတရားကို သင်ကြားနာယူ၍ ပါစီနဝံသ မိဂဒါယတောသို့သွား၍ တရားအားထုတ်စဉ် မဟာပုရိသဝိတက် ခုနစ်ပါးကို ကြံစည်ရာ ရှစ်ခုမြောက်၌ ပင်ပန်းသည်ကို မြတ်စွာဘုရား သိမြင်တော်မူသဖြင့် ကိုယ်တော်တိုင်ကြွရောက်၍ ရှစ်ခု မြောက်ဖြစ်သော မဟာပုရိသဝိတက်ကို ဖြည့်စွက် ဖြေရှင်းပေးတော်မူပြီး လျှင် ပစ္စည်းလေးပါး၌ ရသမျှဖြင့် မျှတရောင့်ရဲခြင်း, ဘာဝနာ၌ မွေ့လျော် ခြင်းတို့ဖြင့် တန်ဆာဆင်အပ်သော မဟာအရိယဝံသ အကျင့်ပဋိပတ်ကို ဟောကြားတော်မူကာ ပြန်ကြွတော်မူလျှင်ပင် အရှင်အနုရုဒ္ဓသည် ဝိဇ္ဇာ-ရေ မဟာခီဏာသဝကြီးအဖြစ်သို့ ရောက်တော်မူ၍ ကပ္ပါတသိန်းထက်မှ ပါရမီကောင်းမှုတို့ကို ဖြည့်ဆည်းပူးကာ တောင့်တခဲ့သော ပတ္ထနာသည် ပြည့်ဝခြင်းသို့ ရောက်ပေတော့သတည်း။

## ပထမသင်္ဂါယနာတင်ခြင်း

မြတ်စွာဘုရားသည် ကုသိနာရုံပြည်မှ အာတုမာမြို့သို့ ဒေသစာရီ ကြွချီ တော်မူရာ ရဟန်းတော် ၂၅၀-တို့လည်း နောက်တော်မှ လိုက်ပါတော်မူကြ ကုန်၏၊ အာတုမာမြို့၌ လူ့ဘောင်မှာနေစဉ်က ဆတ္တာသည် အလုပ်ဖြင့် အသက်မွေးမြူခဲ့သော သုဘဒ္ဒအမည်ရှိသော တောထွက် ရဟန်းကြီးတပါး ရှိ၏၊ ထိုရဟန်းကြီး၌ တပည့်သာမဏေငယ် ၂-ယောက်လည်း ရှိ၏၊ ထိုသူ ငယ် ၂-ယောက်သည် ဆတ္တာသည်အတတ်၌ ကျွမ်းကျင်စွာ တတ်မြောက် ကြ၏၊ သာယာနာပျော်ဖွယ်ရှိအောင် စကားကိုလည်း ချိုသာစွာ ပြော တတ်ကြ၏၊ ဉာဏ်ပဋိဘာန်လည်း ရှိကြ၏၊ နောက်ပါ ရဟန်းတော် ၂၅၀- တို့နှင့်တကွ မြတ်စွာဘုရားသည် အာတုမာမြို့သို့ ကြွလာသတဲ့ဟု ကြားသိ ရသော ရဟန်းကြီးသည် မြတ်စွာဘုရားနှင့် သံဃာတော်များအား ကျွေး မွေးလှူဒါန်းလိုသော စေတနာဖြင့် တပည့်သာမဏေကလေး ၂-ယောက်ကို အမောင်တို့....သင်တို့သည် ဆတ္တာသည်ကိရိယာထည့်သော သင်ခုန်းအိတ်ကို လွယ်ဆောင်ကြပြီးကာလ အိမ်တိုင်းအိမ်တိုင်းသို့ ဝင်၍ ဆံမုတ်ဆိတ်ရိတ်ပေး ခြင်းကိုပြုကာ အိတ်ဖြင့်ဖြစ်စေ, တောင်းဖြင့်ဖြစ်စေ, ဆန်, ဆီ, ဆား, စားဖွယ်,ခဲဖွယ်တို့ကို ယူခဲ့ကြလော့၊ မြတ်စွာဘုရား ကြွလာသောအခါ ယာဂု သောက်ဖွယ်ကို ဆက်ကပ်ကြမည်ဟု စေလွှတ်၏၊ သာမဏေငယ်တို့သည် ရဟန်းကြီးအမိန့်အတိုင်း အိမ်စဉ်ဝင်၍သွားကြရာ အပြောကောင်း,ဉာဏ်ရှိ, မုတ်ဆိတ်ဆံပင် ရိတ်ခြင်း၌လည်း ကျွမ်းကျင် လိမ္မာကြသည်ဖြစ်၍ ဆံပင် မရိတ်လိုသူတို့ပင် ရိတ်ကြကာ ပိုမို၍ ပေးလိုက်ကြသဖြင့် ဆန်,ဆီ,ဆား,စား ဖွယ်,ခဲဖွယ်တို့ များစွာရရှိခဲ့ကြ၏။ ရဟန်းကြီးသည် ထို ဆန် စသည်တို့ဖြင့် ယာဂုကိုစီရင်၍ နံနက် အရုဏ်တက်ချိန်၌ မြတ်စွာဘုရားအား သွားရောက် ကပ်လှူရာ ရဟန်း.... ဤယာဂုကို အဘယ်မှာ ရသနည်းဟု မေးမြန်းတော်မူ သဖြင့် ရပုံရနည်းကို အမှန်အတိုင်း လျှောက်ကြားသောအခါ ရဟန်း... ဤ သို့ ရခြင်းသည် မသင့်လျော် မလျောက်ပတ်ချေ၊ ရဟန်းတို့အား မလျော်၊ မအပ်စပ်၊ ရဟန်းဖြစ်လျက် အဘယ့်ကြောင့် မအပ်စပ်သော နည်းဖြင့် ပစ္စည်းကို ရှာစေဘိသနည်း၊ ဤသို့ပြုခြင်းသည် ကြည်ညိုဖွယ် ဖြစ်သည် မဟုတ်-စသည်ဖြင့် ကဲ့ရဲ့ပြစ်တင်တော်မူပြီးနောက် တရားစကားကို ဟော ကြားတော်မူ၍——

ရဟန်းတို့.... ရဟန်းဖြစ်သောပုဂ္ဂိုလ်သည် ရဟန်းများနှင့် မအပ်စပ်သော ရှာမှီးစေခြင်းကို မပြုအပ်၊မပြုရ၊ ပြုသောရဟန်းသည် ဒုက္ကဋ်အာပတ်သင့်၏။ ရဟန်းတို့.... ဆတ္တာသည် ပြုလုပ်ဘူးသော ရဟန်းသည် ဆတ္တာသည် ပစ္စည်း သင်ဓုန်းဓား စသော ဘဏ္ဍာကို မဆောင်အပ်၊ မဆောင်ရ၊ ဆောင်သော ရဟန်းသည် ဒုက္ကဋ်အာပတ် သင့်၏ ဟု သိက္ခာပုဒ် ၂-ရပ်ကို ပညတ်တော်မူ၏။ ရဟန်းကြီး စေခိုင်းသော သူငယ် ၂-ယောက်ဟူသည်မှာလည်း ရဟန်းကြီး၏ သားဖြစ်ကြသော သာမဏေတို့ပင် ဖြစ်ကြသည်။

ဘိုးတော် အဥ္စနမင်းကြီး၏ နဝစန္ဒာကိန်းဖြင့် ဖွဲ့ကြွင်းသက္ကရာဇ် ၁၄၈-ခုနှစ် ကဆုန်လပြည့်နေ့၌ မြတ်စွာဘုရားသည် ကုသိနာရုံပြည်တွင် ပရိနိဗ္ဗာန်စံတော်မူ၍ ခုနစ်ရက်မြောက်သောအခါ အရှင်မဟာကဿပထေရ်သည် နောက်ပါ ရဟန်းတော် ငါးရာတို့နှင့်တကွ ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ဒေသစာရီ ကြွလာတော်မူစဉ် ကုသိနာရုံပြည်၌ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူကြောင်းကို သတင်းစကား ကြားသိရတော့သည်၊ အရှင်မဟာ-ကဿပနောက်မှ လိုက်ပါသော ရဟန်းတို့အတွင်း၌ ဆတ္တာသည် ဖြစ်ခဲ့ဘူးသော သုဘဒ္ဒရဟန်းကြီးလည်း ပါလာလေသည်၊ အာသဝေါကင်းကုန်ပြီးသော ရဟန္တာအရှင်တို့သည်ကား သင်္ခါရသဘာဝ ရုပ်နာမ်ဓမ္မ မှန်သမျှတို့သည် မမြဲကြသည်မှာ သဘောဓမ္မတာတို့သာ ဖြစ်ကြပေသည် ဟု သမ္ပ-ဇညတရားဖြင့် သိမ်းဆည်းဆင်ခြင်၍ သည်းခံတော်မူနိုင်ကြပေသည်၊ အာ-သဝေါ မကင်းကြသေးသော ရဟန်းတော်တို့မှာမူကား မြတ်စွာဘုရားသည် အလွန်မြန်စွာ ပရိနိဗ္ဗာန်ပြုတော်မူပေသည်၊ အလွန်စောလှစွာ ကွယ်လွန်တော်မူပါပေသည် ဟု လက်မျှားကို မြှောက်လျက် ထောက်တည်မရ ငိုကြွေးကြကုန်၏။ ထိုအခါ ဆတ္တာသည်ဘဝမှ တောထွက်၍ ရဟန်းပြုသော သုဘဒ္ဒ အမည်ရှိသော ရဟန်းကြီးသည် ဝမ်းသာအားရသော လက္ခဏာဖြင့် အိုငါ့ရှင်တို့.... မစိုးရိမ်ကြနှင့်၊ မငိုကြွေးကြနှင့်၊ ငါတို့သည် ရဟန်းကြီးဂေါတမမှ လွတ်မြောက်ကြပြီ မဟုတ်လား၊ ရဟန်းကြီး ဂေါတမသည် ရဟန်းတို့.... သည်ဟာ မအပ်ဘူး၊ သည်ဟာမှ အပ်သည် စသည်ဖြင့် ငါတို့ကို နှိပ်စက်ခဲ့သည် မဟုတ်ပါလား၊ ယခုမူကား ငါတို့သည် ပြုလိုရာကို ပြုနိုင်ကြပြီ၊ ရဟန်းကြီးဂေါတမ နှိပ်စက်ခံရခြင်းမှ လွတ်ပြီ မဟုတ်ပါလား ဟု ပြောသတဲ့။

သုဘဒ္ဒရဟန်းကြီး၏စကားကို အရှင်မဟာကဿပထေရ် ကြားသိတော်မူလျှင် မြတ်စွာဘုရား၏ ရုပကာယ ဥတုဇရုပ်ကလာပ်တော် ထင်ရှားရှိတော်မူပါသေးလျက်ပင် သာသနာတော်၏ အန္တရာယ်ဖြစ်သောစကားကို ကြားရပေသည်၊ ဤရဟန်းကြီးသည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူလျှင်ပင် မြတ်စွာဘုရား၏တရားတော်လည်း ပပျောက်လေပြီဟု ထင်မှတ်လေသည်။ ဤသို့သော ရဟန်းတို့သည် အပေါင်းအသင်း အဖော်သဟဲကိုရကြလျှင် မကြာမြင့်မီ သာသနာတော်ကို ကွယ်ပစေကြပေရာသည်၊ သုတ္တန်၊ အဘိဓမ္မာနှင့် ဝိနည်းဒေသနာတော်များ ထင်ရှားတည်ရှိနေသမျှကာလပတ်လုံး မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူသည်နှင့်မခြား သာသနာတော် တည်ထွန်းပေလတ္တံ့၊ မြတ်စွာဘုရားကိုယ်တော်တိုင်ကလည်း—အာနန္ဒာ.... သုတ္တန်၊ အဘိဓမ္မာနှင့် ဝိနည်းဒေသနာတို့ကို ငါဘုရားဟောကြားခဲ့လေပြီ၊ ထိုသုတ်၊အဘိဓမ္မာ၊ဝိနည်းသည် ငါဘုရားလွန်တော်မူသောအခါ၌ သင်တို့၏ ဆရာပင်ဖြစ်တော့သည်ဟု မိန့်ကြားတော်မူခဲ့ပြီ၊သို့ကြောင့် သုတ်၊အဘိဓမ္မာ၊ ဝိနည်းကို သင်္ဂါယနာတင်ရမူ သာသနာတော် ရှည်မြင့်စွာ တည့်ကြောင်း ဖြစ်၍ ကောင်းပေလိမ့်မည်ဟု အကြံဖြစ်တော်မူလေသည်။

သုဘဒ္ဒရဟန်းကြီးကို ဤနေရာ၌ပင် လူဝတ်လဲစေ၍ နှင်ထုတ်ရန် သင့်သော်လည်း ရှင်ဂေါတမ ပရိနိဗ္ဗာန်စံလွန်၍ သာဓုကီဠနသဘင် ဆင်ယင်၍ မီးမသင်္ဂြိုဟ်ရသေးမီကပင် သူ၏တပည့်ရဟန်းတွေ့ ခိုက်ရန်ဖြစ်ပွါး ကွဲပြားကြလေပြီဟု သူတပါးတို့ ကဲ့ရဲ့ပြစ်တင်ဖွယ် ဖြစ်မည်ကိုမြင်၍ အရှင်မဟာကဿပထေရ် သည်းခံတော်မူခဲ့ပေသည်။

အရှင်မဟာကဿပထေရ်သည် သုဘဒ္ဒရဟန်းကြီးစကားကို ကြားရ၍ သာသနာတော်အတွက် သံဝေဂဖြစ်တော်မူ၍ သင်္ဂါယနာတင်ရန် ကြံရွယ်တော်မူခိုက်၌ ထက်သန်သော ဆန္ဒတော်ဖြစ်ပေါ်ခြင်း အကြောင်းမှာ— မြတ်စွာဘုရားသည် ကိုယ်တော်မြတ် ဝတ်ရုံသုံးဆောင်တော်မူသော သင်္ကန်းကြီးကို သမာနသာဓာရဏ=ကိုယ်တော်မြတ်နှင့် အသုံးအဆောင်တူပြု၍ ငါ့အား ချီးမြှောက်တော်မူခဲ့သည်။ ထို့ပြင် ရဟန်းတို့.... ငါဘုရားသည် ကာမဂုဏ် အာရုံတို့မှ ကင်းဆိတ်၍ ပထမစျာန်၊ ဒုတိယ၊ တတိယ၊ စတုတ္ထ စျာန်တို့ကို ပြည့်စုံစွာ ဝင်စားနေသကဲ့သို့ ကဿပသည်လည်း နေနိုင်ပါပေသည်၊ အာရုပ္ပစျာန်တို့ကိုလည်း ဝင်စား၍ နေနိုင်ပါပေသည်-စသည်တို့ဖြင့်

ကိုယ်တော်မြတ်နှင့်အတူပြု၍ ချီးမြှောက်တော်မူခဲ့ပေသည်။ ထို့ပြင်လည်း ကဿပ.... ရဟန်းတို့ကို သင်သော်လည်း ဟောပြောလေ၊ဆုံးမလေ၊သို့မဟုတ် ငါဘုရားသော်လည်း ဟောပြောဆုံးမမည် စသည်ဖြင့် ကိုယ်တော်မြတ်နှင့် အတူပြု၍ ချီးမြှောက်တော်မူခဲ့ပါပေသည်။ ငါသည် မြတ်စွာဘုရား ချီးမြှောက်တော်မူခဲ့သော ကျေးဇူးမြီတို့ကို သင်္ဂါယနာတင်မှုဖြင့် ကျေလည် စေခြင်းမှတပါး အခြားမရှိတော့ပြီဟု ဆင်ခြင်၍ ပိုမိုထက်သန်သော ဆန္ဒ ဖြစ်တော်မူလေသည်။

သင်္ဂါယနာတင်၍ သာသနာတော် အဓွန့်ရှည်မြင့်စွာ တည်စေရန် ဆောင်ရွက်မှုဟူသည်မှာလည်း ကာလကြာညောင်း နှစ်ပေါင်းရှည်ကြာစွာ ဖင့်နွှဲလေးကန်နေ၍ မသင့်တော်ပေ။ အလဇ္ဇီ-မသူတော်တို့၏ မသူတော် တရားတွေ မထွန်းကားမီ,မပြန့်ကျယ်မီ,မသူတော်တွေ အားမရှိမီ,မသူတော် တွေ အပေါင်းအသင်း အင်အား မကြီးမားမီ သင်္ဂါယနာတင်မှသာ သင့်တော်ပေမည်ဟု နှလုံးသွင်းတော်မူ၍ သီတင်းသုံးဖော်တို့ကို—— ငါ့ရှင်တို့.... သုဘဒ္ဒ ရဟန်းကြီးစကားကို ဤသို့ ကြားခဲ့ရသည်၊ သို့ဖြစ်၍ မသူတော်တို့၏ မသူတော်စကား မထွန်းကား မကျယ်ပြန့်မီ သင်္ဂါယနာ တင်ကြစို့-ဟု အမိန့်ရှိတော်မူပေသည်။

ထိုအခါ ရဟန်းတော်တို့က — အရှင်ဘုရား.... သို့ဖြစ်ပါမူကား သင်္ဂီတိ-ကာရကရဟန်းတို့ကို အရှင်ဘုရားပင်လျှင် ရွေးကောက် တင်မြှောက်တော် မူပါ-ဟု လျှောက်ကြကုန်၏။ အရှင်မဟာကဿပထေရ်သည် အင်္ဂါ ၉-တန် နှင့် ပြည့်စုံသော မြတ်စွာဘုရား၏ သာသနာတော်ထမ်း ပရိယတ္တိဆောင် ဖြစ်ကုန်သော သောတာပန်, သကဒါဂါမ်, အနာဂါမ်, သုက္ခဝိပဿက ရဟန္တာတို့ကို အပထား၍ တိပိဋကရေ, ပဋိသမ္ဘိဒါပတ္တ, မဟာအာနုဘာဝ စသော ဂုဏ်ထူးရှိတော်မူကုန်သော အများအားဖြင့် တေဝိဇ္ဇာထူးဖြင့် ချီးမြှောက်ခြင်းကို ခံယူကြရကုန်သော ရဟန္တာကြီး ၄၉၉-ပါးတို့ကို ရွေးချယ်တော်မူထား၏။ အရှင်အာနန္ဒာမှာကား ထိုအချိန်၌ သောတာပန် မျှ ဖြစ်သေး၍ အရှင်အာနန္ဒာကို ငဲ့လျက် တပါးတွက်ချန်၍ ရွေးထားတော် မူ၏။ ဤသင်္ဂါယနာ၌ အရှင်အာနန္ဒာ မပါပဲလည်း မဖြစ်၊ သောတာပန်မျှ သာ ဖြစ်သဖြင့် ထည့်သွင်း၍လည်း မဖြစ်သေးသောကြောင့် ချန်ထားခဲ့၏။

အရှင်အာနန္ဒာမပါလျှင် မဖြစ်သည်မှာ—အရှင်အာနန္ဒာသည် မြတ်စွာဘုရား ဟောကြားတော်မူသမျှ သုတ္တ,ဂေယျ စသော ဒေသနာတော်ကို မြတ်စွာဘုရားထံတော်မှ မကြားနာရဘူးသည် မရှိသောကြောင့်တည်း။ ရွေးကောက်ထည့်သွင်း၍ မဖြစ်သေးသည်မှာ သောတာပန်မျှရှိသေးသည် တကြောင်း, အရှင်မဟာကဿပနှင့် အရှင်အာနန္ဒာသည် အလွန်ရင်းနှီး ကျွမ်းဝင်ကြသည်၊ ဘုရားညီတော် သာကီဝင်မင်းမျိုးလည်းဖြစ်၍ သူတပါး တို့ စွပ်စွဲကဲ့ခဲ့မည့်အရေးကို ရှောင်တော်မူလိုသည် တကြောင်းကြောင့် အရှင်မဟာကဿပသည် သူ၏အလိုဖြင့် မရွေးမူ၍ ရဟန်းတော်တို့၏ အလို ဆန္ဒဖြင့်သာ ရွေးစေတော့-ဟု ချင်းချန်ထားခြင်းဖြစ်၏။ အရှင်မဟာကဿပ ရည်ရွယ်တော်မူသည့် အတိုင်းပင် ရဟန်းတော်များက အရှင်အာနန္ဒာကို ရွေးကောက်ထည့်သွင်းရန် တောင်းပန် လျှောက်ထားကြ၍ အရှင်အာနန္ဒာ ကို ရွေးကောက်တော်မူပေသည်။

ဂေါဇာသက္ကရာဇ် ၁၄၈-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅-ရက်နေ့၌ သင်္ဂါယနာတင်တော်မူကြမည်ဖြစ်ရာ အရှင်အာနန္ဒာသည် ငါကား သောတာပန်အဖြစ်ဖြင့် သင်္ဂါယနာသဘင်သို့ ဝင်ရန်မသင့်၊ ရဟန်းကိစ္စပြီးစေမှ သင့်မည်-ဟု နှလုံးသွင်း၍ တညလုံး ကာယဂတာသတိကမ္မဋ္ဌာန်းကို ဆင်ခြင် အားထုတ်ရာ မိုးသောက်ယာမ်အချိန်၌ အာသဝေါကုန်ခန်း၍ ရဟန္တာ ဖြစ်တော်မူ၏။ နောက်တနေ့ဖြစ်သော ဝါခေါင်လပြည့်ကျော် ၅-ရက်နေ့ သင်္ဂါယနာသဘင်သို့ ရဟန္တာကြီးအဖြစ်ဖြင့် ဝင်ရောက်၍ ဆောင်ရွက် တော်မူရလေသည်။ အရှင်မဟာကဿပ, အရှင်အာနန္ဒာ, အရှင်ဥပါလိ, အရှင်အနုရုဒ္ဓ-စသော ငါးရာသော မထေရ်မြတ်တို့သည် ခုနစ်လတိုင်တိုင် ပထမသင်္ဂါယနာ တင်တော်မူခဲ့ကြပေသည်၊ ရဟန္တာမြတ်ကြီးငါးရာတို့ ဆင် ယင်သော သင်္ဂါယနာသဘင် ဖြစ်သောကြောင့် ပဉ္စသတိက သင်္ဂါယနာ ဟူ၍ရင်း, အရှင်မဟာကဿပ စသော မထေရ်မြတ်ကြီးတို့ ဆောင်ရွက် တော်မူသောကြောင့် ထေရိကာသင်္ဂါယနာ ဟူ၍ရင်း ပြောဆိုကြပေသည်။

ပထမသင်္ဂါယနာတင်ပွဲ၌ အရှင်အာနန္ဒာသည် နိကာယ် ၅-ရပ်ကို ဖြေ ဆိုပြီးသည့်အခါ သင်္ဂါယနာတင် မဟာထေရ်မြတ်တို့ မိန့်ကြားတော်မူကြ သော အကြောင်းအချက်တို့မှာ အလွန်မှတ်သားဖွယ်ကောင်းသဖြင့် ဖော် ပြပါဦးမည်။

## ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်များ

နိကာယ် ၅-ရပ်ကို သင်္ဂါယနာ တင်တော်မူကြပြီးသောအခါ အရှင်အာနန္ဒာက မထေရ်ကြီးတို့ကို လျှောက်ထားသည်မှာ---

အရှင်ဘုရားတို့....မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူခါနီး၌ အာနန္ဒာ.... သံဃာသည် အလိုရှိကြလျှင် ငါဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသောအခါ ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်များကို နှုတ်ပယ်ရာ၏-ဟု မိန့်မှာတော်မူသွားပါသည်-ဟု လျှောက်၏။

ငါ့ရှင် အာနန္ဒာ....ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်များဟူသည် အဘယ် သိက္ခာပုဒ်များပါလဲ-ဟု မြတ်စွာဘုရားအား ငါ့ရှင်မေးလျှောက်လိုက်ပါသလား-ဟု မထေရ်တို့က မေးကြ၏။ မမေးလိုက်ရပါအရှင်ဘုရား-ဟု ဖြေ၏။

ထိုအခါ အချို့မထေရ်များက အာပတ်ခုနစ်မျိုးတို့တွင် ပါရာဇိက ၄-ပါးတို့ကို ထား၍ ကျန်သော သိက္ခာပုဒ်များသည် ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်များဖြစ်သည်ဟု မိန့်ဆိုကြကုန်၏။

အချို့ထေရ်များကမူ ပါရာဇိက ၄, သံဃာဒိသေသ် ၁၃-တို့ကို ထား၍ ကြွင်းသော သိက္ခာပုဒ်များသာ ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်တို့ ဟူ၍ မိန့်ဆိုကြကုန်၏။

အချို့ ထေရ်များက ပါရာဇိက ၄, သံဃာဒိသေသ် ၁၃, အနိယတ ၂-တို့မှတပါး ကျန်သောသိက္ခာပုဒ်များဟု ဆိုကြကုန်၏။

အချို့ ထေရ်များက ပါရာဇိက ၄, သံဃာဒိသေသ် ၁၃, အနိယတ ၂, နိဿဂ္ဂိပါစိတ် ၃၀-တို့မှတပါး ကျန်သော သိက္ခာပုဒ်များ ဖြစ်သည် ဟု မိန့်ဆိုကြကုန်၏။

အချို့ကလည်း ပါရာဇိက ၄, သံဃာဒိသေသ် ၁၃, အနိယတ ၂, နိဿဂ္ဂိပါစိတ် ၃၀, သုဒ္ဓပါစိတ် ၉၂-တို့မှ ကျန်သော သိက္ခာပုဒ်များ ဖြစ်သည်ဟု မိန့်ဆိုကြကုန်၏။

အချို့ကလည်း ပါရာဇိက ၄, သံဃာဒိသေသ် ၁၃, အနိယတ ၂, နိဿဂ္ဂိပါစိတ် ၃၀, သုဒ္ဓပါစိတ် ၉၂, ပါဋိဒေသနီ ၄-မှ အပ ကြွင်းသော သိက္ခာပုဒ်တို့သာလျှင် ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်များဖြစ်သည်ဟု မိန့်တော်မူကြ၏။

ထိုအခါ အရှင်မဟာကဿပသည် သံဃာကို သိရှိစေတော်မူသည်မှာ—

ငါ့ရှင်တို့.... ငါတို့ စောင့်ရှောက်ကြရသော သိက္ခာပုဒ်တွေထဲ၌ ဤအမှုသည် ရဟန်းတော်များအား အပ်စပ်၏၊ ဤအမှုများကား မအပ်စပ်ဟူ၍ လူဒကာ ဒကာမများပင် သိကြသော သိက္ခာပုဒ်တွေလည်း ရှိကြပေသည်၊ အကယ်၍ ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်တွေကို ငါတို့ နုတ်ပယ်လိုက်ပါမူ ရှင်ဂေါတမသည် တပည့်သာဝကတို့အား သိက္ခာပုဒ်ပညတ်တော်မူခဲ့ခြင်းသည် ရှင်ဂေါတမကို သင်္ဂြိုဟ်သော မီးမှ မီးခိုးငြိမ်းရုံမျှသာ ဖြစ်ပေသည်၊ ရှင်ဂေါတမ၏ တပည့်သားရဟန်းတွေသည် ရှင်ဂေါတမ အသက်ထင်ရှား တည်ရှိခိုက်တွင်သာ သိက္ခာပုဒ်တို့၌ ကျင့်သုံးကြပေသည်၊ ရှင်ဂေါတမ နိဗ္ဗာန်စံလွန်တော်မူလျှင်ပင် မကျင့်ကြတော့ဘူး-ဟု ပြောဆိုဖွယ်ရာ ဖြစ်နေပေလိမ့်မည်။

သို့ဖြစ်၍ သံဃာသည် မြတ်စွာဘုရား ပညတ်တော်မမူသည်ကိုလည်း ဖြည့်စွက်ပညတ်မှုကို မပြုရ။ ပညတ်တော်မူခဲ့ပြီးသည်ကိုလည်း ပယ်ဖျက်ခြင်းအမှုကိုမပြုရာ။ မြတ်စွာဘုရားပညတ်တော်မူခဲ့သော သိက္ခာပုဒ်တို့ကိုသာလျှင် ရိုသေစွာ လိုက်နာကျင့်ကြကုန်အံ့-ဟု ဉတ္တိဒုတိယ ကမ္မဝါစာဖြင့် အခိုင်အမာ မိန့်ကြားတော်မူခဲ့ပေသည်။

## အရှင်အာနန္ဒာ သော‌ာဝစသဿတာဂုဏ်တော် ရှိပုံ

တေဒဂ်ဘွဲ့ထူးငါးတန်ကို လက်ခံရရှိတော်မူသော သာကိယဝံသ ဘုရားညီတော် အရှင်အာနန္ဒာ၏ သူတော်ကောင်းလက္ခဏာပြည့်ဝ၍ သောဝစဿတာ မင်္ဂလာဂုဏ် ရှိတော်မူပုံမှာ ကြည်ညို နည်းယူ တုပလိုသူတို့ အကျိုးများလောက်ပါပေသည်။

သင်္ဂါယနာပွဲဝင် ထေရ်အရှင်တို့က အရှင်အာနန္ဒာကို အပြစ်တော်တင်ကြသည်မှာ—ငါ့ရှင် အာနန္ဒာ....သင်သည် ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်များသည် အဘယ်သိက္ခာပုဒ်များ ပါနည်း-ဟု မြတ်စွာဘုရားအား မလျှောက်ထား၊ မမေးမြန်းလိုက်ခြင်းသည် မကောင်းသဖြင့်ပြုခြင်း ဒုက္ကဋ ဖြစ်၏၊ ထိုဒုက္ကဋ်ကို

ပြောကြားလော့-ဟု ဆိုကြရာ တပည့်တော် သတိမရ၍ မမေးမလျှောက် လိုက်ရခြင်းသာဖြစ်ပါသည်၊ မကောင်းသဖြင့် ပြုသည်ဟုကား မယူဆပါ၊ သို့ရာတွင် အရှင်ဘုရားတို့၏စကားကို ယုံကြည်ရိုသေသောအားဖြင့် ထိုဒုက္ကဋ်ကို ပြောကြားပါမည်အရှင်ဘုရား-ဟု လျှောက်၍ ဝန်ခံပြောကြားတော်မူပေသည်။

ငါ့ရှင် အာနန္ဒာ.... ငါ့ရှင်သည် မြတ်စွာဘုရား၏ မိုးသံခံသင်္ကန်းကို နင်း၍ချုပ်သည်မှာ ဒုက္ကဋ်ဖြစ်၏၊ ယင်းဒုက္ကဋ်ကို ပြောကြားလော့ ဟု ဆိုကြရာ အမှန်မှာ တပည့်တော်သည် မရိုသေ မလေးစားသဖြင့် နင်း၍ချုပ်သည်မဟုတ်ပါ၊ သို့ကြောင့် ဒုက္ကဋ်ဟု မမြင်ပါ မယူဆပါ၊ သို့သော်လည်း အရှင်ဘုရားတို့၏ စကားတော်ကို ရိုသေ ယုံကြည်သဖြင့် ဝန်ခံပြောကြားပါမည်ဟု လျှောက်လေသည်။

ငါ့ရှင် အာနန္ဒာ....ငါ့ရှင်သည် မာတုဂါမတို့ကို ရှေးဦးစွာမြတ်စွာဘုရား ကိုယ်တော်ကိုထိကာ ရှိခိုးစေသဖြင့် မြတ်စွာဘုရားကိုယ်တော်၌ ထိုမာတု-ဂါမတို့ ငိုသောမျက်ရည်ဖြင့် လိမ်းကျံပေသည်၊ ယင်းဒုက္ကဋ်ကိုလည်း ပြောကြားလော့-ဟု ဆိုကြ၏။ အရှင်ဘုရားတို့.... ထိုမာတုဂါမတို့သည် နေဝင်မိုးချုပ်တိုင် မရောက်ပါစေနှင့် နှလုံးပြု၍ ရှိခိုးစေခြင်းသာဖြစ်၍ အပြစ်မမြင်မိပါ၊ သို့သော်လည်း အရှင်ဘုရားတို့၏ စကားကို ရိုသေ ယုံကြည်သဖြင့် ပြောကြားပါမည်ဟု ဝန်ခံတော်မူရှာ၏။

ငါ့ရှင် အာနန္ဒာ.... မြတ်စွာဘုရားသည် အာယုသင်္ခါရလွှတ်တော်မမူမီ ပရိနိဗ္ဗာန်ပြုမည့်အကြောင်း.... ယဿ ကဿစိ အာနန္ဒ စတ္တာရော ဣဒ္ဓိပါဒါ ဘာဝိတာ ဗဟုလီကတာ ယာနီကတာ ဝတ္ထုကတာ အနုဋ္ဌိတာ ပရိစိတာ သုသမာရဒ္ဓါ၊ သော အာကင်္ခမာနော *ကပ္ပံ ဝါ တိဋ္ဌေယျ ကပ္ပါဝသေသံ ဝါ၊ တထာဂတဿ ခေါ အာနန္ဒ စတ္တာရော ဣဒ္ဓိပါဒါ ဘာဝိတာ ဗဟုလီ-ကတာ ယာနီကတာ ဝတ္ထုကတာ အနုဋ္ဌိတာ ပရိစိတာ သုသမာရဒ္ဓါ၊ သော အာကင်္ခမာနော အာနန္ဒ တထာဂတော *ကပ္ပံ ဝါ တိဋ္ဌေယျ ကပ္ပါဝသေသံ ဝါ-ဟူ၍ .... ငါဘုရား နေလိုက ပရိနိဗ္ဗာန်မပြုသေးမူ၍ အာယုကပ်ပတ်လုံး

---

* ပါဠိတော်၌ ကပ္ပံ ဝါ တိဋ္ဌေယျ ကပ္ပါဝသေသံ ဝါ-ဟု ရှိရာ အဋ္ဌကထာတို့၌ ကပ္ပ-ဆိုသော်လည်း ဤ၌ ထိုအချိန်ကာလ လူတို့၏အသက်တမ်း အာယုကပ်ကိုသာ ဆိုလိုသည်-ဟု မိန့်ဆိုကြသည်။

သော်ငြင်း, အာယုကပ်ထက် လွန်၍သော်ငြင်း နေနိုင်သေးသည်-ဟု အထင် အရှား အရိပ်နိမိတ် မိန့်ကြားတော်မူပါလျက် ငါ့ရှင်သည် မြတ်စွာဘုရား.... များစွာသော နတ် လူ တို့၏အကျိုးငှါ အာယုကပ်ပတ်လုံး ပရိနိဗ္ဗာန်စံဝင် တော်မမူပဲ သက်တော်ရှည်ကာ တည်တော်မူပါ-ဟု မလျှောက်ထား မတောင်းပန်လိုက်ခြင်းသည် ငါ့ရှင်၏ ဒုက္ကဋ=မကောင်းသော ပြုလုပ်မိခြင်း ပင်ဖြစ်၏၊ ယင်းဒုက္ကဋ်ကို ပြောကြားလော့-ဟု ဆိုကြကုန်၏။

အရှင်ဘုရားတို့.... တပည့်တော်သည် မာရ်နတ်ပူးဝင် နှောင့်ယှက်သော စိတ်ရှိသဖြင့် မလျှောက်ထား, မတောင်းပန်လိုက်ရခြင်းဖြစ်၍ အပြစ်မရှိဟု ထင်မြင်ယူဆပါသည်၊ သို့သော်လည်း အရှင်ဘုရားတို့၏ စကားကို ရိုသေ ယုံကြည်သဖြင့် ပြောကြားပါအံ့ဘုရား-ဟု လျှောက်၏။

ငါ့ရှင်အာနန္ဒာ....ငါ့ရှင်သည် မြတ်စွာဘုရား သာသနာတော်၌ မာတု-ဂါမတို့ကို ရှင်ရဟန်းဖြစ်စေရန် အားထုတ်ပေးလေသည်၊ ယင်းအမှုသည် လည်း မကောင်းသော ပြုခြင်းဖြစ်၍ ဒုက္ကဋဖြစ်၏၊ ထိုကိုလည်း ပြောကြား လော့ဟု ဆိုကြကုန်၏။

အရှင်ဘုရားတို့....မဟာပဇာပတိဂေါတမီသည် မြတ်စွာဘုရား၏ မိထွေး တော်အရင်းပါ၊ မြတ်စွာဘုရားအား စောင့်ရှောက်ကျွေးမွေးပြုစု ကိုယ်တိုင် နို့ချိုတော် တိုက်ကျွေးခဲ့သော ဒုတိယမယ်တော်ပါ၊ မယ်တော်မာယာ နတ်ရွာလားတော်မူပြီးနောက် နို့ချိုတိုက်ကျွေး၍ ကြီးပြင်းအောင် မွေးတော်မူခဲ့သော ကျေးဇူးကိုကြည့်၍ သာသနာတော်၌ ရဟန်းပြုပေး တော်မူရန် ကြောင့်ကြပြု၍ လျှောက်ထားပေးခဲ့ခြင်းဖြစ်၍ အပြစ်မရှိဟု ယူဆပါသည်၊ သို့ပင်ဖြစ်ပါသော်လည်း အရှင်ဘုရားတို့၏ စကားကို ရိုသေ ယုံကြည်သဖြင့် ဒုက္ကဋ်ကို ဝန်ခံပြောကြားပါအံ့-ဟု မတင်းမမာ ကျိုးနွံစွာ ပြန်ကြား လျှောက်ထားတော်မူလေသည်။

ဤအရာ၌ ဒုက္ကဋ=ဒုက္ကဋ်ဟူသည် ဒုက္ကဋ်အာပတ်ကို ဆိုသည်မဟုတ်၊ ဒုက္ကဋ်အာပတ်လည်းမသင့်၊ ပြုသင့်လျက် မပြုမိ၊ ပြောသင့်လျက် မပြောမိ၊ မပြုသင့်ဟု ထင်သောအရာကို ပြုခြင်းကြောင့်သာ ဒုက္ကဋ-ဟု စကားအနေ ဖြင့် သုံးစွဲခြင်းဖြစ်သည်။

အထက်ပါ အရှင်အာနန္ဒာ၌ မထေရ်တို့၏ စကားကို ရိုသေလေးစားပုံ၊ ပြောဆိုဆုံးမလွယ်ရှိပုံ၊ ယောနိသောမနသိကာရ ထားပုံတို့ကို မှတ်သား နည်းယူထိုက်လှသောကြောင့် ထုတ်ဖော်ပြသလိုက်ရခြင်း ဖြစ်သည်။

## အရှင်ဆန္နနှင့် ဗြဟ္မဒဏ်

သင်္ဂါယနာတင်ပြီးသောအခါ အရှင်အာနန္ဒာသည် မထေရ်ကြီးများကို အရှင်ဘုရားတို့....မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူခါနီးအခါ၌ အာနန္ဒာ.... ငါဘုရား ကွယ်လွန်တော်မူပြီးလျှင် သံဃာသည် ဆန္နရဟန်းအား ဗြဟ္မဒဏ် ပေးစေလော့ဟု မိန့်မှာတော်မူခဲ့ပါသည်ဟု လျှောက်ရာ ဗြဟ္မဒဏ်ဆိုတာ အဘယ်ကဲ့သို့ပါနည်းဟု ငါ့ရှင်သည် မြတ်စွာဘုရားအား မေးလျှောက်လိုက်ပါရဲ့လား။

မှန်ပါ မေးလျှောက်လိုက်ပါသည်။ အာနန္ဒာ... ဆန္နရဟန်းသည် သူအလို ရှိရာ ပြောဆိုပေစေ၊ ရဟန်းတို့က ဆန္နကို မပြောကြနှင့်၊ မဆုံးမကြနှင့်၊ မသွန်သင်ကြနှင့်-ဤသည်လျှင် ဗြဟ္မဒဏ်တည်းဟု မိန့်တော်မူပါသည်ဟု လျှောက်၏။

ယင်းသို့တမူကား ငါ့ရှင်သည်ပင် ဆန္နရဟန်းအား ဗြဟ္မဒဏ်ပေးလေ-ဟု မိန့်ဆိုတော်မူကြရာ အရှင်ဘုရားတို့.... ဆန္နရဟန်းသည် ကြမ်းကြုတ်ခက် ထန်ပါသည်၊ အဘယ်သို့လျှင် ဗြဟ္မဒဏ်ပေးရပါအံ့နည်း။

ထိုသို့ဖြစ်လျှင် ရဟန်းများစွာနှင့်သွား၍ ဗြဟ္မဒဏ်ပေးလေ-ဟုမိန့်ကြား သည်ကို နာခံ၍ ရဟန်းငါးရာနှင့်တကွ လှေဖြင့် ကောသမ္ဗီမြို့သို့ ဆန်တက်၍ ကြွတော်မူလေသည်။

အရှင်ဆန္နသည် အရှင်အာနန္ဒာထံသို့ လာရောက်ရှိခိုး၍ ထိုင်နေစဉ် ငါ့ရှင်ဆန္န....သံဃာသည် ငါ့ရှင်ကို ဗြဟ္မဒဏ်ထားတော်မူသည်ဟု ပြောကြား ရာ—

အရှင်....အဘယ်သို့ ဗြဟ္မဒဏ်ထားပါသလဲ။

ငါ့ရှင်ဆန္န....သင်သည် အလိုရှိရာ ပြောဆိုပေစေ၊ ရဟန်းတို့သည် ငါ့ရှင် ကို မပြောရ၊ မဆုံးမရ၊ မသွန်သင်ရ-ဟု ဆိုပါသည်၊ ဤသည်လျှင် ဗြဟ္မဒဏ် ထားခြင်းဖြစ်သည် ငါ့ရှင်။

အရှင်အာနန္ဒာ....ရဟန်းတော်တို့သည် တပည့်တော်အား စကားမပြော ကြရ၊ မဆုံးမရ၊ မသွန်သင်ရခြင်းဟူသော ဗြဟ္မဒဏ်ထားခြင်းဖြင့်ပင် တပည့် တော်ကို သတ်သည်မမည်ပါသလော-ဟု ဆို၍ အရှင်အာနန္ဒာရှေ့၌ပင်လျှင် သတိမေ့၍ လဲကျသွားလေ၏။

ထိုနောက် အရှင်ဆန္နသည် ဗြဟ္မဒဏ် ပေးခံရခြင်းဖြင့် နှိပ်စက်အပ်သည် ဖြစ်၍ ရှက်နိုးစက်ဆုပ်သည်ဖြစ်၍ တပါးတည်း မမေ့ မလျော့ ရဟန်းတရားကို အားထုတ်ရာ မကြာမီ အာသဝေါကုန်ခန်း၍ ရဟန္တာအဖြစ်သို့ ရောက်တော်မူသတည်း။ (ဤအကျိုးကို မြင်တော်မူ၍ ဗြဟ္မဒဏ်ပေးရန် မြတ်စွာဘုရား မှာထားတော်မူခဲ့ပေသည်။)

ရဟန္တာဖြစ်ပြီးနောက် အရှင်အာနန္ဒာထံသို့သွား၍ အရှင်ဘုရား....တပည့်တော်အား ဗြဟ္မဒဏ်မှ လွတ်ငြိမ်းစေတော်မူပါဟု လျှောက်၏။ ငါ့ရှင်ဆန္န.... အရဟတ္တဖိုလ်ကို မျက်မှောက်ပြုပြီးသော ငါ့ရှင်၌ ဗြဟ္မဒဏ်သည် အလိုလို ငြိမ်းပြီး ဖြစ်လေပြီဟု မိန့်တော်မူလေ၏။

ပထမသင်္ဂါယနာနောက်ပိုင်း ကိစ္စအချို့ကို ဗဟုသုတ အလို့ငှါ ဖော်ပြလိုက်ပါသတည်း။

> ပထမသင်္ဂါယနာတင်ခဏ်းကို အကျယ်တဝင့် အစုံအလင် ဖော်ပြ ရေးသားရန် သင့်သော်လည်း အလွန်ကျယ်ဝန်းကာ လိုရင်း မရောက်နိုင် ဖြစ်နေမည်ကြောင့် ချုံး၍ ရေးလိုက်ရတော့သည်။ (အမှာစကားချုပ်)

ပထမသင်္ဂါယနာ ပြီး၏။

---

## ဒုတိယသင်္ဂါယနာတင်ခြင်း

ပထမသင်္ဂါယနာတင်ခြင်းဖြင့် သာသနာတော် အဓွန့်ရှည်စွာ သန့်ရှင်း စင်ကြယ်လျက် တည်ရစ်စေရန် မိမိတို့၏ သာသနာ့တာဝန်ကို ခုနစ်လတိုင်တိုင် ဆောင်ရွက်တော်မူကြပြီးလျှင် သက်တော် ၁၂၀-ဟူသော အာယုကပ်ပတ်လုံး သာသနာတော်ကို စောင့်ထိန်းပြီးနောက် အရှင်မဟာကဿပ စသော မထေရ်မြတ်ကြီးတို့သည် ခန္ဓာဇာတ်သိမ်း၍ ချုပ်ငြိမ်းတော်မူကြလေကုန်၏။

အရှင်ဥပါလိထေရ်သည် မြတ်စွာဘုရားမျက်မှောက်တော်၌ ဝိနည်းသာသနာဝင်ကို ကိုယ်တိုင် နာကြားသင်ယူခဲ့၍ တပည့်ပရိသတ်တို့အားလည်း ပို့ချသင်ကြားတော်မူရာ ဝိနည်းအရာ၌ ကျွမ်းကျင်တတ်မြောက်

လိမ္မာကြကုန်သော ပုဂ္ဂိုလ်တို့တွင် သောတာပန်, သကဒါဂါမ်, အနာဂါမ် တို့သည် မရေတွက်နိုင်အောင်ပင် များပြားကုန်၏၊ ဝိနည်းဓိုရ် ရဟန္တာ တို့သည်ပင် တဒထောင်မျှရှိသတတ်။

## ၂။ အရှင်ဒါသကထေရ်

အရှင်ဒါသကထေရ်သည် အရှင်ဥပါလိထေရ်၏ အတူနေ သဒ္ဓိဝိဟာရိက တပည့်တည်း၊ အရှင်ဥပါလိထံ၌ ဝိနည်းပိဋကကို အာစရိယမုဋ္ဌိ လက်ဆုပ်ရရှိ အောင် သင်ယူ၍ အရှင်ဥပါလိအနီး၌ပင် နေ၍ ဝိနည်းကို ပို့ချတော်မူ၏။ ထိုအရှင်ဒါသကထံ၌ ဝိနည်းပိဋကကို သင်ယူ၍ တတ်မြောက်ကျွမ်းကျင် ကြသော ပုထုဇန်ရဟန်းစသော ရဟန်းတော်တို့သည် မရေတွက်နိုင်အောင် များကုန်၏၊ ရဟန္တာတို့သည်ပင် တထောင်ရှိသော ဟူ၏။

အရှင်ဒါသကထေရ် ဟူသည်မှာ—ဝေသာလီ ပြည်သားတည်း၊ ဝေဒ- ပါမောက္ခဆရာကြီးထံ၌ ပညာသင်ယူကြကုန်သော တပည့်အန္တေဝါသိက သုံးရာတို့တွင် တပည့်ကြီးဖြစ်၏။ ၁၂-နှစ်ယွယ်ကပင် ဝေဒန္တပါရဂူ ဗေဒင် သုံးပုံတတ် တယောက်ဖြစ်ခဲ့သည်၊ ဒါသကလုလင်သည် တပည့်များနှင့် အတူ ဝေသာလီပြည် ဝါလိကာရုံ ကျောင်းတိုက်၌ သီတင်းသုံးနေတော် မူသော အရှင်ဥပါလိထံ သွားရောက်ဆည်းကပ်၍ ဗေဒင်ကျမ်းအရာ ခဲရာ ခဲဆစ်တို့ကို မေးလျှောက်ရာ အရှင်ဥပါလိက ဖြေကြားပြီးကာလ အရှင် ဥပါလိက နာမ်တရားကို ရည်ရွယ်၍ အမောင်....တခုသော သဘောတရား သည် အားလုံးသော သဘောတို့၌ သက်ရောက်၏၊ အားလုံးသော တရား တို့သည်လည်း တခုသော တရား၌သာ သက်ဝင်ကြကုန်၏။ အဲသည်တရား တခုဆိုသည်မှာ အဘယ်တရားပါလဲ-ဟု မေးမြန်းတော်မူရာ မဖြေနိုင်၍ အရှင်ရဟန်း....ဤမန္တန်ကို ဘာမန္တန်ခေါ်ပါသလဲ၊ ကျွန်ုပ်တို့ သင်ယူနိုင်ပါ သလား ဟု လျှောက်၏။

အမောင်....ငါတို့ကဲ့သို့ ရှင်ရဟန်းပြုနိုင်မူကား သင်ကြားပေးနိုင်၏ ဟု ဆိုသဖြင့် ဒါသကလုလင်သည် မိဘနှင့် ဆရာ့ထံ ခွင့်ပန်၍ တပည့်သုံးရာနှင့် အတူတကွ အရှင်ဥပါလိထံ၌ ရှင်သာမဏေပြုကြ၏။ အသက် ၂၀-ပြည့်ကြ သောအခါ ရဟန်းဘောင်သို့ တက်ကြ၏။ အရှင်ဒါသကသည် ရဟန်းဖြစ်ပြီး နောက် အာသဝေါကင်းကွာ၍ ရဟန္တာအဖြစ်သို့ ရောက်တော်မူ၏။ အရှင်

ဥပါလိသည် ဒါသကအရှင်ကို ပဓာနပြု၍ ရဟန်းသုံးရာတို့ကို ပိဋကတ်သုံးပုံကို ပို့ချသင်ကြား ပေးတော်မူ၏။

## ၃။ အရှင်သောဏထေရ်

အရှင်သောဏသည် ဗာရာဏသီပြည်၏ တဘက်ကမ်း ကာသိတိုင်းသား ဖြစ်၏၊ ကုန်သည်မျိုးတည်း။ ၁၅-နှစ်ယွယ်၌ မိဘများနှင့်အတူ ရာဇဂြိုဟ်မြို့ တောင်ထိပ်ပွဲသို့ ကုန်ရောင်းသွားကြ၏။ ၅၅-ယောက်သော သူငယ်ချင်းများနှင့်အတူ ဝေဠုဝန်ကျောင်းတော်သို့ သွားကြရာ အရှင်ဒါသကထေရ်ကို ဖူးတွေ့ကြရ၍ အလွန်ကြည်ညိုသဖြင့် ကိုယ်တိုင်ရှင်ရဟန်းပြုရန် မိဘများထံ ထမင်းအငတ်ခံကာ ခွင့်တောင်း၍ အရှင်ဒါသကထေရ်ထံ၌ ရှင်သာမဏေပြု၊ ထိုနောက် ရဟန်းဖြစ်ကြပြီးလျှင် မကြာမြင့်မီပင်လျှင် ရဟန္တာ ဖြစ်ကြကုန်၏။ အရှင်ဒါသကထေရ်သည် အရှင်သောဏအား မြတ်စွာဘုရား ဒေသနာတော် အားလုံးကို သင်ကြားပေးတော်မူလေသည်။ အရှင်သောဏထေရ်သည်လည်း ဂဏပါမောက္ခ=ဂိုဏ်းဆရာကြီးတဆူအဖြစ်ဖြင့် များစွာသော တပည့်ရဟန်းတို့အား သုတ်, ဝိနည်း, အဘိဓမ္မာတို့ကို ပို့ချသင်ကြား ပေးတော်မူလေသည်။

## ၄။ အရှင်သိဂ္ဂဝနှင့် အရှင်စဏ္ဍဝဇ္ဇီ

အရှင်သိဂ္ဂဝသည် အမတ်ကြီးသားဖြစ်၍ အရှင်စဏ္ဍဝဇ္ဇီသည် သေဋ္ဌေးသားဖြစ်၏။ နှစ်ဦးလုံး ပါဋလိပုတ်မြို့သားများ ဖြစ်ကြကုန်၏။ သိဂ္ဂဝလုလင်နှင့် စဏ္ဍဝဇ္ဇီလုလင်တို့သည် တနေ့သ၌ ပါဋလိပုတ်မြို့ ကုက္ကုဋာရုံကျောင်းတိုက်သို့ သွားကြရာ အရှင်သောဏထေရ် နိရောဓသမာပတ် ဝင်စားနေသည်ကို မြင်၍ အနီးသို့ ချဉ်းကပ် ရှိခိုးကြပါလျက် စကားမပြောနေသည့် အကြောင်းကို သိလို၍ ရဟန်းတော်များထံ သွားရောက် မေးလျှောက်ကြ၏။ သမာပတ် ဝင်စားနေသဖြင့် စကားမပြောကြောင်း ဖြေကြားကြ၏။ အဘယ်သို့လျှင် သမာပတ်မှ ထတော်မူပါသနည်းဟု ဆက်လက်မေးလျှောက်ကြသဖြင့် မြတ်စွာဘုရား မိန့်ခေါ်သောအခါ၊ သံဃာက မိန့်ခေါ်သောအခါ၊ မိမိပိုင်းခြားဓိဋ္ဌာန်သော အချိန်ကာလ စေ့သောအခါ၊ အသက်တော်ကုန်သောအခါတို့၌ သမာပတ်မှ ထကြောင်း ဖြေဆိုတော်မူကြပြီးလျှင် အခြေအရံ ပရိသတ်နှင့်တကွသော သိဂ္ဂဝလုလင်တို့၏ ဥပ-

နိဿယကို မြင်တော်မူကြ၍ သံဃာတော်၏ အမိန့်ဖြင့် အရှင်သောဏကို နိဿရဏသမာပတ်မှ ထစေတော်မူကြကုန်၏။

အရှင်သောဏထေရ်ကို အရှင်ဘုရားသည် တပည့်တော်တို့နှင့် အဘယ့်ကြောင့် စကားမပြောပါသနည်းဟု မေးလျှောက်ကြရာ အမောင်တို့....ခံစားအပ်သော တရားကို ခံစားကြကုန်၏-ဟု မိန့်လျှင် တပည့်တော်တို့ကော ထိုတရားကို ခံစားခြင်းငှါ ဖြစ်နိုင်ပါသလား-ဟု လျှောက်သဖြင့် အေး-ငါတို့ကဲ့သို့ ရဟန်းပြုလျှင် ခံစားနိုင်ကြပါလိမ့်မည်-ဟု ဖြေကြားသည်ကို နှစ်သက်အားရ၍ မိဘများထံ ခွင့်ပန်ကြကာ သိဂ္ဂဝ, စဏ္ဍဝဇ္ဇီ လုလင် ၂-ယောက်တို့သည် အဖော်ငါးရာတို့နှင့်တကွ အရှင်သောဏထံ၌ ရှင်ရဟန်းပြုကြကုန်၏။ အရှင်သိဂ္ဂဝနှင့် အရှင်စဏ္ဍဝဇ္ဇီတို့သည် အရှင်သောဏထံ၌ပင် ဓမ္မဝိနယ သာသနာကို သင်ကြားကြကုန်၍ နောက်အဘို့၌ ဆဋ္ဌဘိညရဟန္တာကြီးများအဖြစ်သို့ ရောက်ကြလေကုန်၏။

အရှင်ဥပါလိ စသော ရဟန္တာအရှင်မြတ်ကြီးများ ပရိနိဗ္ဗာန်ဝင်စံတော်မူကြပြီးနောက် အစဉ်အတိုင်း ရက်,လ,နှစ်တွေ ကုန်လွန်ခဲ့လေရာ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီး အနှစ်တရာမြောက်သို့ ဆိုက်ရောက်လာခဲ့ပေသည်။ (စကားချပ်။ ဘိုးတော်အဋ္ဌနမင်းကြီး ဖြိုကြွင်းသက္ကရာဇ် ၁၄၇-ခုနှစ်ကို တဖန်ဖြို၍ ဂေါဇာသက္ကရာဇ်နှင့် သာသနာနှစ်ကို အတူပြုထားကြပေသည်။)

ယင်းသို့ ဘုရားရှင်ပရိနိဗ္ဗာန်ဝင်စံပြီး အနှစ်တရာမြောက်သော အချိန်၌ ဝဇ္ဇီတိုင်း ဝေသာလီမြို့၌နေသော ရဟန်းတို့သည် ဝိနည်းဒေသနာတော်နှင့် ဆန့်ကျင်သော အဓမ္မဝတ္ထု ဆယ်မျိုးကို ဟောပြောပြဆိုကြကုန်၏။

အဓမ္မဝတ္ထု ဆယ်မျိုးဟူသည်မှာ—

၁။ နွားဦးချိုဖြင့် ထည့်အပ်သော ဆားကို ဆောင်၍ ဆားမရှိသော ဆွမ်းဖြင့် စားကောင်း၏၊ စားအပ်၏၊ သန္နိဓိအာပတ် မသင့်ဟု ပြောဟောကျင့်သုံးခြင်း။

၂။ မွန်းလွဲ၍ အရိပ်လက်နှစ်သစ် လွန်သော်လည်း ဘောဇန်ကို စားကောင်း၏၊ စားအပ်၏၊ ဝိကာလဘောဇနသိက္ခာပုဒ်ဖြင့် အာပတ်မသင့်ဟု ပြောဟောကျင့်သုံးခြင်း။

၃။ တရပ်တရွာသို့ သွားလိုသော ရဟန်းသည် ပဝါရိတ် သင့်သော်လည်း အတိရိက်ဝိနည်းကမ် မပြုပဲ ဘောဇန်ကို စားကောင်း၏၊ စားအပ်၏၊ အာပတ် မသင့်ဟု ပြောဟောကျင့်သုံးခြင်း။

၄။ တခုသောသိမ်၏ နယ်နိမိတ်အတွင်း၌ရှိသော ထိုထိုကျောင်းတို့၌ အသီးအသီးသော သံဃာသည် ဥပုသ်ကမ်စသော ကမ်များကို ပြုကောင်း၏၊ ပြုအပ်၏၊ ဝင်္ဂမဖြစ်ဟု ပြောဟောကျင့်သုံးခြင်း။

၅။ မရောက်လာသေးသော ရဟန်းတို့ထံမှ ဆန္ဒကို လာရောက်မှပင် တောင်းမည်၊ ထိုရဟန်းတို့မလာမီ ကမ်ပြုနှင့်သော်လည်း ဝင်္ဂမဖြစ်ဟု ပြောဟောကျင့်သုံးခြင်း။

၆။ ဆရာဥပဇ္ဈာယ်တို့၏ အစဉ်အလာ အလေ့အကျင့်သည် အချင်းခပ်သိမ်း အပ်သည်ဟု ပြောဟောကျင့်သုံးခြင်း။

(အမှန်မှာမူကား-ဆရာဥပဇ္ဈာယ်တို့၏ အလေ့အကျင့် ဖြစ်ကာမျှဖြင့် ဧကန်လုံး မအပ်၊ တရားနှင့် ညီလျော်လျှင် အပ်၏၊ မညီလျော်လျှင် မအပ်။)

၇။ နို့သဘောမှ စွန့်၍ နို့ဓမ်းအဖြစ်သို့ မရောက်သေးသော ဝတ္ထုကို ပဝါရိတ်သင့်သော ရဟန်းသည် အတိရိက်ဝိနည်းကမ် မပြုပဲ စားကောင်း၏၊ စားအပ်၏၊ အာပတ် မသင့်ဟု ပြောဟော ကျင့်သုံးခြင်း။

၈။ သေရည်အဖြစ်သို့ မရောက်သေးသော နုသောသေကို သောက်ကောင်း၏၊ သောက်အပ်၏၊ အာပတ်မသင့်ဟု ပြောဟော ကျင့်သုံးခြင်း။

၉။ အမြိတ်အဆာမရှိသော နိသီဒိုင်ကို သုံးဆောင်ကောင်း၏ဟု ပြောဟောကျင့်သုံးခြင်း။

၁၀။ ရွှေငွေကို ကိုင်ခံကောင်း၏ဟု ပြောဟောကျင့်သုံးခြင်း။
ဤသည်လျှင် အဓမ္မဝတ္ထု ဆယ်မျိုးတည်း။

ထိုအခါ ကာကဏ္ဍကပြာဟ္မဏ၏ သားတော်ဖြစ်သော အရှင်ယသသည် ဝေသာလီပြည်သို့ ဒေသစာရီ လှည့်လည်ရောက်ရှိတော်မူ၍ မဟာဝုန်တော

ကူဋာဂါရသာလာ၌ သီတင်းသုံးနေတော်မူ၏။ ဝေသာလီပြည် ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် ဥပုသ်နေ့၌ ကြေးဖလားတွင် ရေအပြည့်ထည့်၍ သံဃာတို့၏အလယ်မှာ ထားကာ ဥပါသကာဒကာတို့....သံဃာတော်အား သက်နိုး သပိတ် စသော ပရိက္ခရာ လိုအပ်သောအခါ အသုံးပြုရန် တကျပ်ဖြစ်စေ, ငါးမူးဖြစ်စေ,တမတ်ဖြစ်စေ,တပဲပင်ဖြစ်စေ ပေးလှူကြကုန်လော့ဟု ပြောကာ အလှူခံကြကုန်၏။ အရှင်ယသထေရ် မြင်တော်မူလျှင် ဒကာတို့....မပေးမလှူကြနှင့်၊ ရွှေငွေသည် ရဟန်းများနှင့် မအပ်ဘူး၊ ရဟန်းများသည် ရွှေငွေကို မသာယာကြဘူး၊ အလှူမခံကြဘူး ဟု တားမြစ်သော်လည်း ဝေသာလီပြည်သား ဥပါသကာတို့သည် သံဃာအား တကျပ်,ငါးမူး,တမတ်,တပဲ တတ်နိုင်သလောက် လှူမြဲလှူကြလေသည်။

အလှူခံရသော အနာမာသဝတ္ထုတို့ကို ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် နောက်တနေ့၌ ရဟန်းများ အစုအစုပြု၍ ခွဲဝေပေးကမ်းကြ၏၊ အရှင်ယသအားလည်း ရသင့်သော အဘို့ဘာဂကို ပေးရာ ငါ့ရှင်တို့....ငွေဖြင့် ငါ့အဘို့အစု မရှိပါ၊ ငါသည် ငွေကို မသာယာပါ-ဟု ပြော၍ ပယ်လိုက်၏။

ဝေသာလီပြည် ဝဇ္ဇီတိုင်းသားရဟန်းတို့သည် ငါ့ရှင်တို့.... ကာကဏ္ဍကစ၏သား အရှင်ယသသည် သဒ္ဓါတရားနှင့် ပြည့်စုံကုန်သော ကြည်ညိုတတ်ကုန်သော ဥပါသကာတို့ကို ဆဲရေး, ရေရွတ်၍ မကြည်ညိုအောင် ပြုလေ၏၊ ငါတို့သည် ယသကို ယခု ပဋိသာရဏီယကမ် ပြုကြကုန်အံ့ဟုတိုင်ပင်၍ အရှင်ယသအား ပဋိသာရဏီယကမ် ပြုကြ၏။

အရှင်ယသက ငါ့ရှင်တို့.... ပဋိသာရဏီယကမ် ပြုအပ်သော ရဟန်းအား နောက်လိုက်တမန်ရဟန်း ပေးရမည် ဟု ပညတ်တော်မူသည်ဖြစ်၍ ငါ့အား အနုဒူတ=နောက်လိုက်တမန်ရဟန်း ပေးကြလော့ ဟု တောင်းသဖြင့် ဝဇ္ဇီ ရဟန်းတို့သည် ရဟန်းတပါးကို သမုတ်၍ အရှင်ယသအား နောက်လိုက်တမန်အဖြစ်ပေးကြရ၏။ အရှင်ယသသည် နောက်လိုက်တမန်ရဟန်းနှင့်အတူ ဝေသာလီမြို့တွင်းသို့ ကြွ၍ ဥပါသကာတို့ကို ဒကာတို့.... ငါသည် ရတနာသုံးပါးကို ယုံကြည်ကုန်သော ကြည်ညိုကုန်သော ဥပါသကာတို့ကို ဆဲဆိုရေရွတ်မိသတဲ့၊ မကြည်ညိုအောင် ပြုမိသတဲ့၊ ငါသည် ဓမ္မမဟုတ်သည်ကို မဟုတ်ဟု ဆိုမိ၏၊ ဓမ္မဟုတ်သည်ကို ဟုတ်သည်ဟု ဆိုမိ၏၊ ဝိနည်းမဟုတ်သည်ကို မဟုတ်ဟု ဆိုမိ၏၊ ဟုတ်သည်ကိုလည်း ဟုတ်သည်ဟု ဆိုမိ၏။

ဒကာတို့.... အခါတပါး သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရား သီတင်းသုံးတော်မူစဉ် မိန့်တော်မူဘူးသည်မှာ—ရဟန်းတို့....လ-နေတို့၏ ညစ်နွမ်းကြောင်း, အလင်းအရောင်မှေးမှိန်ကြောင်းတို့သည် လေးမျိုးရှိ၏။ ထိုလေးမျိုးတို့တွင် တမျိုးမျိုးကြောင့် လ-နေတို့သည် မတောက်ပ, မထွန်းလင်း,မတင့်တယ်ကြခြင်းဖြစ်ကုန်သည်။ ယင်းလေးမျိုးဟူသည်မှာ—တိမ်တိုက်, ဆီးနှင်း, မီးခိုးမြူ, အသုရိန္ဒဖြစ်သော ရာဟု ဤလေးမျိုးတို့ပေတည်း။ ထိုလေးမျိုးတို့တွင် တမျိုးမျိုးကြောင့် လ-နေတို့၏ အရောင်အလင်းသည် တောက်ပ,ထွန်းလင်း, တင့်တယ်ခြင်းမရှိပဲ ဖြစ်ကြရပေသည်။

ပြဆိုခဲ့ပြီးသော လ-နေတို့ကဲ့သို့ပင် ရဟန်းနှင့်ပြာဟ္မဏတို့အား၊ တနည်းငြိမ်းအေးသော ကိလေသာရှိသော ရဟန်း, မြတ်သော အကျင့်ရှိသော ရဟန်းတို့အားလည်း မတောက်ပ, မထွန်းလင်း,မတင့်တယ်ကြောင်းတို့သည် လေးမျိုးပင် ရှိကြပေသည်။ လေးမျိုးဟူသည်မှာ ရဟန်းတို့သည်—

၁။ အရက်သေစာသောက်စားခြင်း။

၂။ မေထုန်အမှုပြုခြင်း။

၃။ ရွှေငွေကိုသာယာ၍ အလှူခံခြင်း။

၄။ မိစ္ဆာဇီဝဖြင့် အသက်မွေးခြင်း။

ဤလေးမျိုးတို့ဖြစ်ကုန်၏။

ရဟန်းတို့.... ငါဘုရား ညွှန်ပြအပ်ပြီးသော လေးမျိုးတို့တွင် တမျိုးမျိုးသော အညစ်အကြေးဖြင့် ညစ်ထေးငြိစွန်း ဖုံးလွှမ်းမိသော ရဟန်းသည် သီလစသောဂုဏ်ရောင် မတောက်ပ,မထွန်းလင်းတော့သည်ဖြစ်၍ တင့်တယ်ခြင်းမရှိ၊ ကြက်သရေကင်းမဲ့သည်သာ ဖြစ်လေတော့သည်ဟု ဟောကြားတော်မူခဲ့ဘူးလေပြီ။ ဒကာတို့.... မြတ်စွာဘုရား မိန့်ကြားတော်မူသည့် ဒေသနာတော်အတိုင်း ပြောဟောလေ့ရှိသော ငါသည် သာသနာတော်၌ ယုံကြည်လေးစား ကြည်ညိုကြကုန်သော ဥပါသကာတို့ကို ဆဲရေးရေရွတ်ပြောဆိုသတဲ့၊ မကြည်ညိုအောင်ပြုမိသတဲ့၊ ငါသည် အဓမ္မကို အဓမ္မဟူ၍ ပြောဆိုမိ၏၊ ဓမ္မကိုလည်း ဓမ္မဟူ၍, အဝိနယကိုလည်း အဝိနယဟူ၍, ဝိနယကိုလည်း ဝိနယဟူ၍ ပြောဆိုမိ၏။

ဒကာတို့.... အခါတပါးတုံလည်း မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့တော် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်—

နန်းတော်တွင်း၌ မင်းပရိသတ်တို့ အညီအညွတ် စည်းဝေးနေကြခိုက်၌ အန္တရကထာ ဖြစ်သော စကားတသုံး ပြောခဲ့ဘူးသည်မှာ— သာကီဝင် မင်းသားဖြစ်သော ဘုရားတပည့် ရဟန်းတော်များ ရွှေငွေအလှူခံအပ် သည်၊ ရဟန်းတော်တို့သည် ရွှေငွေကို သာယာကြသည်၊ ရဟန်းတော်တို့ သည် ရွှေငွေကို အလှူခံယူကြသည်ဟူ၍ ပြောဆိုနေကြသည်။ ထိုအခါ မဏိစူဠကအမည်ရှိသော ရွာသူကြီးက ထ၍ အရှင်မင်းဘုရားတို့....သည်လို မိန့်ဆိုတော်မမူကြပါရန် တောင်းပန်ပါသည်၊ အမှန်မှာ ရဟန်းတော်များ အား ရွှေငွေသည် မအပ်ပါ၊ ရဟန်းတော်များသည် မသာယာကြပါ၊ ရဟန်း တော်များကလည်း အလှူမခံယူကြပါ၊ ရဟန်းတော်များသည် ရွှေငွေ သာယာခြင်းမှ လွတ်ကင်းကြပါသည်ဟု ပြောကြားပါသတဲ့။

ထိုနောက် မဏိစူဠက ရွာသူကြီးသည် မြတ်စွာဘုရားထံသို့ သွား၍ မင်းပရိသတ်အစည်းအဝေး၌ မင်းများပြောဆိုကြသည်ကို ကန့်ကွက်လျက် မိမိပြောဆိုခဲ့ပုံကို လျှောက်ကြားပြီးလျှင် မြတ်စွာဘုရား.... တပည့်တော် မင်းပရိသတ် အစည်းအဝေး၌ ပြောကြားခဲ့သော စကားသည် မြတ်စွာ ဘုရားဟောကြားတော်မူတိုင်း ပြောမိခြင်းဖြစ်ပါရဲ့လား၊ မြတ်စွာဘုရား ကိုလည်း မဟုတ်မတရား စွပ်စွဲရာမရောက်ပဲ ရှိပါရဲ့လား၊ မြတ်စွာဘုရား တရားတော်အားလျော်စွာ ဖြေကြားပြောဆိုမိခြင်း ဖြစ်ပါရဲ့လား မြတ်စွာ ဘုရားဟု လျှောက်ကြားရာ ရွာသူကြီး.... သင်သည် သည်ကဲ့သို့ ကန့်ကွက်၍ မှန်ကန်သည့်အတိုင်း ပြောဆိုခဲ့ခြင်းသည် ငါဘုရား ပြောဟောသည်နှင့် ညီညွတ်သော ပြောဆိုခြင်းပင် ဖြစ်သည်၊ ငါ့အား မဟုတ်မတရား စွပ်စွဲ ရာသို့လဲ မရောက်ပေ၊ ငါဘုရား၏ တရားအားလျော်သော ဖြေဆိုခြင်းသာ ဖြစ်ပေသည်။ ရွာသူကြီး.... ရဟန်းတော်တို့အား ရွှေငွေမအပ်ဘူး၊ ရဟန်း တို့သည် ရွှေငွေကို မသာယာကြဘူး၊ ရွှေငွေကို မခံယူကြဘူး၊ ရွှေငွေကို ခံ ယူခြင်းမှ ကင်းလွတ်ကြပေတယ်။

အိုရွာသူကြီး....ရွှေငွေနှင့်အပ်စပ်၍ ရွှေငွေကို သာယာကောင်း သောသူသည် ကာမဂုဏ်ငါးပါးတို့ကိုလည်း သာယာကောင်းတော့ သည်သာ, ကာမဂုဏ်တို့ကို အပ်စပ်တော့သည်သာ ဖြစ်၏။ ရွှေငွေ နှင့် ကာမဂုဏ်ကို သာယာခြင်းသည် ရဟန်းတရားမဟုတ်, သာကီ ဝင်မင်းသား ဘုရားသားတို့၏ အကျင့်မဟုတ် ဟူ၍ အသင် မှတ် သားလေလော့ဟု မိန့်တော်မူပြီးနောက်——

ရှာသူကြီး....ငါဘုရား ဤသို့မိန့်ကြား၏၊ မြက်ကိုအလိုရှိသော ရဟန်းသည် မြက်ကို ရှာမှီးအပ်၏၊ သစ်ကို အလိုရှိလျှင် သစ်ကို ရှာမှီးအပ်၏၊ လှည်းကိုလိုလျှင် လှည်းကို ရှာမှီးအပ်၏၊ ယောကျ်ားဆောင်ရွက်အပ်သော အမှုကိစ္စကို ပြုလိုလျှင် ဆောင်ရွက်မည့်ယောကျ်ားကို ရှာအပ်၏၊ ရွှေငွေကိုကား ဘယ်ကဲ့သို့သောနည်းဖြင့်မှ မရှာမှီးအပ်-ဟူ၍ မြတ်စွာဘုရား မိန့်ကြားတော်မူခဲ့ပါသည် ဒကာတို့။

ဤသို့လျှင် မြတ်စွာဘုရားနှင့်အတူ ပြောဟောလေ့ရှိသော ငါသည် ရတနာသုံးပါး၌ ယုံကြည်ကြသော ကြည်ညိုကြသော ဥပါသကာတို့ကို ဆဲဆိုရေရွတ်မိပါသတဲ့၊ မကြည်ညိုအောင်ပြုပါသတဲ့၊ ငါသည် အဓမ္မကို အဓမ္မဟူ၍ရင်း, ဓမ္မကို ဓမ္မဟူ၍ရင်း, အဝိနယကို အဝိနယဟူ၍ရင်း, ဝိနယကို ဝိနယဟူ၍ရင်း ပြောဆိုမိပါ၏။

ဥပါသကာတို့.... အခါတပါးလည်း မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့တော်၌ သာကီဝင်မင်းသား အရှင်ဥပနန္ဒကို အကြောင်းပြု၍ ရွှေငွေကို ပယ်တော်မူ၍ သိက္ခာပုဒ်တော်ကို ပညတ်တော်မူခဲ့ပါသည်။ ငါသည်လည်း မြတ်စွာဘုရား ပညတ်တော်မူတိုင်း ပြောဟောသူဖြစ်သည့်ဟု ပြောကြားသောအခါ ဝေသာလီမြို့သား ဥပါသကာတို့သည် အရှင်ယသတပါးသာလျှင် ရဟန်းစစ်ဖြစ်တော်မူပါပေတယ်၊ သာကီဝင်မင်းသား ဘုရားရှင်၏ သားတော်အစစ် ဖြစ်ပါပေတယ်၊ အားလုံးသော ဝေသာလီပြည်သား ရဟန်းတွေသည် ရဟန်းစစ်မဟုတ်ကြ၊ ဘုရားသားတော်စစ်မဟုတ်ကြကုန်။ အရှင်ဘုရားယသသည် ဝေသာလီမြို့၌ သီတင်းသုံးတော်မူပါ၊ တပည့်တော်တို့ ပစ္စည်းလေးပါးဖြင့် ထောက်ပံ့ကြပါမည်ဟု လျှောက်ကြကုန်၏။ အရှင်ယသသည် ဝေသာလီမြို့သား ဥပါသကာတို့ကို ရှင်းလင်းစွာ ပြောကြားသိရှိစေပြီးလျှင် နောက်ပါတမန်ရဟန်းနှင့်အတူ ကျောင်းတိုက်သို့ ပြန်ကြွတော်မူလာခဲ့လေ၏။

ဝေသာလီမြို့သား ရဟန်းတို့သည် နောက်ပါတမန်ရဟန်းကို ငါ့ရှင်.... ရှင်ယသသည် ဝေသာလီဥပါသကာတို့ကို ဝန်ချတောင်းပန်ရဲ့လား-ဟု မေးကြ၏။ ငါ့ရှင်တို့.... ဥပါသကာတို့သည် ငါတို့ကို ရဟန်းယုတ် ပြုလုပ်ကြသည်။ ရှင်ယသတပါးသာ ရဟန်းစစ် ရဟန်းကောင်းဖြစ်သည်၊ ငါတို့အားလုံးကိုကား ရဟန်းစစ် ရဟန်းကောင်းမဟုတ် ဟု ဆိုကြပေသည် ဟု

ပြောရာ ငါ့ရှင်တို့.... ဤရှင်ယသသည် ငါတို့ မသမုတ်ပါပဲလျက် လူတို့ထံ၌ ရဟန်းများအပြစ်ကို ပြပေသည်။ ယခုအခါ ရှင်ယသကို နှင်ထုတ်ကြကုန် အံ့-ဟု စည်းဝေးကြကုန်စဉ် အရှင်ယသသည် ကောင်းကင်သို့ ပျံတက် တော်မူ၍ ကောသမ္ဗီမြို့သို့ ကြွတော်မူ၏။

ထိုနောက် အရှင်ယသသည် ပါဝေယျကတိုင်းရှိ သံဃာများထံသို့၎င်း, အဝန္တိဒက္ခိဏာပထတိုင်းရှိ သံဃာများထံသို့၎င်း တမန်များကို စေလွှတ်၍ ဤ အဓိကရုဏ်းကို ငြိမ်းအေးကြောင်း ပြုကြရန် သံဃာ စုတော်မူရသည်၊ အဟောဂင်္ဂါတောင်၌ သီတင်းသုံးသော အရှင်သမ္ဘူတထံသို့ ကိုယ်တိုင် ကြွသွား၍ အကျိုးအကြောင်းပြကာ အဓိကရုဏ်းကို အမြန်ငြိမ်းအောင် ပြုမှ သင့်လျော်မည်ဖြစ်သည်ကို လျှောက်ထားလေရာ အရှင်သမ္ဘူတထေရ် လည်း လက်ခံတော်မူလေသည်။

သောရေယျအရပ်၌ သီတင်းသုံးတော်မူသော အရှင်ရေဝတထေရ်သည် ရအပ်ပြီးသော အာဂမရှိ၏၊ ဓမ္မဓရ, ဝိနယဓရလည်း ဖြစ်၏၊ မာတိကာကို လည်း ဆောင်၏၊ ထက်မြက်၏၊ လိမ္မာကျွမ်းကျင်၍ ဉာဏ်ပညာလည်း ရှိ၏၊ လဇ္ဇီသူတော်ကောင်းဖြစ်၏၊ သိက္ခာကိုလည်း လိုလား၏၊ ထိုရေဝတထေရ် ကိုလည်း ကြွရာအရပ်သို့ လိုက်၍ အကြောင်း လျှောက်ထားရာ တရားမှန် အတိုင်း အဓမ္မဝတ္ထု ဆယ်မျိုးကို မအပ်ကြောင်း မိန့်ကြား၍ အဓိကရုဏ်း ငြိမ်းမှုပြုရန် လက်ခံတော်မူ၏။

ထိုအချိန်၌ ဝါတော် တရာ့နှစ်ဆယ်ရရှိတော်မူပြီးသော အရှင် သဗ္ဗ· ကာမီ မဟာထေရ်ကြီးသည် ဝေသာလီပြည်၌ သီတင်းသုံးတော်မူလျက် ရှိ၏။ တေဒင်္ဂါးတန် ဘွဲ့ထူးရ အရှင်အာနန္ဒာ၏ အတူနေ သဒ္ဓိဝိဟာရိက တပည့်ရင်းလည်း ဖြစ်တော်မူ၏၊ မြေအပြင်၌ အကြီးအမှူး သံဃဦးစီးလည်း ဖြစ်တော်မူ၏။ အရှင်ရေဝတ, အရှင်သမ္ဘူတတို့သည် အရှင်သဗ္ဗကာမီ မဟာထေရ်ကြီးထံသို့ ညအိပ်ဆည်းကပ်ကာ အကျိုးအကြောင်းပြ မေး လျှောက်ကြပြန်ရာ အရှေ့တိုင်း ဝေသာလီပြည်သား ရဟန်းတို့သည် အဓမ္မဝါဒီတို့ဖြစ်၍ ပါဝေယျက ရဟန်းတို့သည် ဓမ္မဝါဒီတို့ဖြစ်သည်၊ သို့သော် ယခုအချိန်၌ ငါ၏ အယူဝါဒကို အထင်အရှား မထုတ်ဖော်လို သေး၊ ဤ အဓိကရုဏ်း၌ ငါ့ကို ဖြေကြားရန် သံဃာက သမုတ်ကြပေ လိမ့်မည်၊ ထိုအခါမှ ထုတ်ဖော်ဖြေကြားမည်-ဟု မိန့်ကြားတော်မူ၍ လက်ခံ တော်မူလိုက်သည်။

နောက်ဆုံး၌ ဝေသာလီပြည် ဝါလိကာရုံကျောင်းတိုက်၌ အဓိကရုဏ်းကို ရှင်းလင်းဆုံးဖြတ်ကြရန် သဘောတူညီတော်မူကြပြီးလျှင် ဝါလိကာရုံကျောင်းသို့ အားလုံးကြွရောက် စည်းဝေးတော်မူကြပြီးလျှင်—

အရှေ့တိုင်း ဝေသာလီပြည်သား ရဟန်းတော်တို့အတွက် အရှင်သဗ္ဗကာမီ, အရှင်သာဠ္ဍ, အရှင်ခုဇ္ဇသောဘိတ, အရှင်ဝါသဘဂါမိက လေးပါးတို့ကိုငင်း, ပါဝေယျကရဟန်းတော်တို့အတွက် အရှင်ရေဝတ, အရှင်သမ္ဘူတ, အရှင်ယသ, အရှင်သုမန လေးပါးတို့ကိုငင်း ရွေးကောက်တော်မူကြ၍ ၃ ဉ္တတ္တိဒုတိယကမ္မဝါစာဖြင့် ၎င်းရှစ်ပါးကို အဓိကရုဏ်းငြိမ်းရေးကို မိန့်ဆိုကြရန် သမုတ်ကြကုန်၏။

ထိုနောက် အရှင်ရေဝတက မေးလျှောက်၍ အရှင်သဗ္ဗကာမီ မဟာထေရ်က ဖြေဆိုသည့်အတိုင်း သံဃာတော်က ဆယ်ပါးသော အဓမ္မဝတ္ထုတို့ကို ပယ်ချကာ အတည်ပြု ဆုံးဖြတ်တော်မူကြပြီးလျှင် မဟာထေရ်ကြီးတို့သည် ဓမ္မဝိနယဒေသနာတော်ကို သင်္ဂါယနာတင်ကြကုန်အံ့-ဟု တိုင်ပင်၍ တိပိဋကဓရ ပဋိသမ္ဘိဒါပတ္တ ရဟန္တာကြီးခုနစ်ရာတို့ကို ရွေးကောက်တော်မူကြ၍ ဝေသာလီပြည် ဝါလိကာရုံကျောင်းတိုက်၌ပင် ပဌမသင်္ဂါယနာသဘင် ဆင်ယင်သည့် နည်းတူ သင်္ဂါယနာ တင်တော်မူကြကုန်သတည်း။

ထိုသင်္ဂါယနာတင်ပွဲ၌ ပါဝင်တော်မူကြကုန်သော မထေရ်ကြီးတို့တွင် အရှင်သဗ္ဗကာမီ, အရှင်သာဠ္ဍ, အရှင်ရေဝတ, အရှင်ခုဇ္ဇသောဘိတ, အရှင်သာဏသမ္ဘူတ ငါးပါးတို့သည် အရှင်အာနန္ဒာ၏ သဒ္ဓိဝိဟာရိက တပည့်တို့ဖြစ်ကုန်၏။ မြတ်စွာဘုရားကို မှီလိုက်, ဖူးမြင်လိုက်ရဘူးကုန်သော မဟာထေရ်တို့ပေတည်း။ အရှင်သုမန, အရှင်ဝါသဘ မဟာထေရ် နှစ်ပါးတို့သည် အရှင်အနုရုဒ္ဓ၏ သဒ္ဓိဝိဟာရိက တပည့်တို့ ဖြစ်ကုန်၏။ မြတ်စွာဘုရားကို မှီလိုက်၍ ဖူးမြင်ကြရသော အရှင်မြတ်တို့ပင်တည်း။

ဤသင်္ဂါယနာကို ပဌမသင်္ဂါယနာကိုထောက်၍ ဒုတိယသင်္ဂါယနာဟူ၍၎င်း, ခုနစ်ရာသော ရဟန္တာမြတ်တို့တင်သော သင်္ဂါယနာဖြစ်၍ သတ္တသတိက သင်္ဂါယနာ ဟူ၍၎င်း ခေါ်ဆိုအပ်၏။ ထိုသင်္ဂါယနာ၌ အရှင်ဒါသက,အရှင်သောဏကတို့လည်း ပါရှိမည်သာဟု ယုံကြည်ရာ၏။ အရှင်သိဂ္ဂဝနှင့် အရှင်စဏ္ဍဝဇ္ဇီတို့မှာကား ဒုတိယသင်္ဂါယနာတင်ချိန်၌ သံဃနဝကတို့

သာ ဖြစ်ကြပေသေးသည်၊ ထိုမထေရ် နှစ်ပါးကိုကား တတိယသင်္ဂါယနာ အတွက် တာဝန်ပေးတော်မူကြလတ္တံ့ပင် ဖြစ်သည်။

အရှင်ယသအမှူးရှိသောအရှင်တို့ သင်္ဂါယနာတင်သည်ကို တုမူ၍ အရှေ့ တိုင်း တရားရှုံးသော ဝေသာလီပြည်သား ရဟန်းတို့ကလည်း ၎င်းတို့ အလို အတိုင်း ဝိနည်းဒေသနာတော်ကို ပြုပြင်၍ သင်္ဂါယနာတင်ကြလေသည်။ သူတို့ကို မြောက်ပိုင်းသာသနာ မဟာယာနဂိုဏ်းဟူ၍ သမုတ်ကြ၏။ အရှင် ယသအစရှိသော ပုဂ္ဂိုလ်တို့ ဦးစီးသော သာသနာကိုကား တောင်ပိုင်း သာသနာ ဟီနယာနဂိုဏ်းဟူ၍ ဆိုကြ၏။

ဒုတိယသင်္ဂါယနာတင် အရှင်ယသစသော မထေရ်တို့သည် ယထာဓမ္မ သင်္ဂါယနာတင်တော်မူခြင်းဖြင့် ထုတ်ပယ်ခြင်းခံရကုန်သော ဝဇ္ဇီတိုင်းသား ရဟန်းတသောင်းတို့သည် မိမိတို့အားလျော်သော အသင်းအပင်းကို ဖွဲ့ စည်း၍ မဟာသံဃိကဂိုဏ်း အမည်ဖြင့် တဂိုဏ်း တည်ထောင်ကြ၏။ ထို နောက် မဟာသံဃိကဂိုဏ်းမှ ဂေါကုလိကဂိုဏ်း, ဧကဗျောဟာရိကဂိုဏ်း ဟူ၍ နှစ်ဂိုဏ်းကွဲကြပြန်၏။ နောက်ဆုံး၌ မဟာသံဃိကဂိုဏ်းနှင့်တကွ ခြောက်ဂိုဏ်းဖြစ်၏။ ထေရဝါဒဂိုဏ်းမှလည်း ထေရဝါဒနှင့်တကွ တဆယ့် နှစ်ဂိုဏ်း ကွဲကြကုန်၏ (အဆင့်ဆင့် ကွဲသည်ကို ဆိုလိုသည်)။ ထေရဝါဒ တဂိုဏ်းသာလျှင် မကွဲမပြားပဲ ရှိခဲ့လေသည်။

(ဂိုဏ်းကွဲနှင့်စပ်၍အကျယ်သိလိုမူ သာရတ္ထဒီပနီဋီကာ၌ကြည့်ပါလေ။)

တိဘက်, တရုပ်, ဂျပန် စသော တိုင်းပြည်တို့၌ ထွန်းကားလျက်ရှိသော သာသနာသည် ဝေသာလီရဟန်းတို့မှ အဆင့်ဆင့် ပြန့်ပွါးသော မြောက်ပိုင်း သာသနာ ဖြစ်သည်၊ ဝေသာလီရဟန်းတို့သည် ဒသအဓမ္မဝတ္ထု = အဓမ္မ ဝတ္ထု ဆယ်မျိုးလောက်သာ အရှင်ယသတို့နှင့် ကွဲပြားကြသည်၊ သင်္ကန်း ပရိက္ခရာ သုံးစွဲပုံ ဝတ်ရုံပုံကား ထူးခြားမှု မရှိကြပေ။ တိဘက်, တရုပ်, ဂျပန် သို့ သာသနာရောက်သောအခါမှသာ ထိုထို တိုင်းပြည် အရပ်ဒေသ ဥတု ရာသီအလျောက် အင်္ကျီရှည်, ဘောင်းဘီ, ဦးထုပ်, ခြေအိတ်, နောက်ပိတ် ဘိနပ်တို့ကို မသုံးစွဲ မဝတ်ရုံပဲ မဖြစ်ကြ၍ အေးသော ဥတုဒဏ်ကို ခံနိုင် စေရန်သာ ပြုပြင်၍ ဝတ်ရုံကြသည်-ဟု ယူဆသင့်ပေသည်။ တိဘက်စသော နိုင်ငံတို့သည် အလွန်အေးသော ဥတုရာသီရှိ၍ ဆီးနှင်းထူထပ်သော ဒေသ တို့ဖြစ်ကြပေသည်။

ဒုတိယသင်္ဂါယနာ ပြီး၏။

## တတိယသင်္ဂါယနာတင်ခြင်း

ဒုတိယသင်္ဂါယနာ ပွဲသဘင်၌ ဦးစီးရှေ့ဆောင်ဖြစ်တော်မူကြကုန်သော အရှင်ယသ, အရှင်သဗ္ဗကာမီ, အရှင်ရေဝတစသော မဟာထေရ်တို့သည် သင်္ဂါယနာကိစ္စပြီးသောအခါ အနာဂတ်ကာလ၌ သာသနာတော်အား အန္တရာယ်ရှိလေဦးမည်လောဟု အနာဂတံသဉာဏ်တော်ဖြင့် ကြည့်ရှုတော်မူကြလျှင် ဤနေ့မှ နောက် ၁၁၈-နှစ်မြောက် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးသည်မှ ၂၁၈-နှစ်သို့ ရောက်သောအခါ သိရီဓမ္မာသောက အမည်ရှိသော မင်းသည် ဇမ္ဗူဒိပ်တကျွန်းလုံးကို အစိုးရသော ဧကရာဇ်မင်းဖြစ်လတ္တံ့၊ ထိုမင်းသည် ဘုရားရှင်သာသနာတော်ကို အလွန်ကြည်ညို၍ သာသနာတော် ထမ်း ရဟန်းသံဃာတော်တို့အား ကြီးကျယ်သော လာဘသက္ကာရတို့ဖြင့် ပူဇော်လတ္တံ့၊ တိတ္ထိတို့သည် လာဘ်လာဘကို မြှော်လင့်တောင့်တ၍ သာသနာတော်သို့ ဝင်လာကြပြီးလျှင် မိမိတို့၏ တိတ္ထိဝါဒ အမျိုးမျိုးတို့ကို ပြောဟောပြသကြပေလိမ့်မည်၊ ထိုအခါ သာသနာတော်၌ ကြီးစွာသော ဘေးအန္တရာယ် ဖြစ်ပေလိမ့်မည်ဟု မြင်တော်မူကြလေသည်။

ငါတို့မြင်သော သာသနာတော်၏ ဘေးအန္တရာယ် ဖြစ်ပေါ်သောအခါကို ငါတို့ကား မမှီကြတော့ပြီ၊ ယင်း သာသနအန္တရာယ်ကို အဘယ်သူ ငြိမ်းအေးစေခြင်းငှါ စွမ်းဆောင်နိုင်အံ့နည်းဟု ကြည့်ရှုတော်မူကြရာ တိဿဗြဟ္မာကြီးကို မြင်၍ ဗြဟ္မာဘုံသို့ ကြွတော်မူကြကာ တိဿဗြဟ္မာကြီးအား တိုက်တွန်းကြရာ ဗြဟ္မာကြီးလည်း ငါသည် မြတ်စွာဘုရား၏ သာသနာတော်၌ ဖြစ်ပေါ်သော ဘေးအန္တရာယ်ကို သုတ်သင်ရှင်းလင်း၍ သာသနာတော်ကို ချီးမြှောက်နိုင်မည်တဲ့ဟု ဝမ်းပန်းတသာ ဝန်ခံလိုက်၏။

မထေရ်မြတ်တို့သည် တိဿဗြဟ္မာကြီးကို တိုက်တွန်းသော ကိစ္စပြီး၍ ပြန်ကြွလာတော်မူကြပြီးလျှင် အရှင်သိဂ္ဂဝနှင့် အရှင်စဏ္ဍဝဇ္ဇီတို့ကို တိဿ-သူငယ်အား စောင့်ရှောက်ရန် တာဝန်ပေးတော်မူကြ၏။ ထိုမထေရ်နှစ်ပါးကား သီတင်းငယ်များဖြစ်သော်လည်း တိပိဋကဓရ ပဋိသမ္ဘိဒါပတ္တ ခီဏာ-သဝတို့ ဖြစ်ကြ၏။ သီတင်းငယ် သံဃနဝက ဖြစ်တော်မူကြ၍သာ ဒုတိယသင်္ဂါယနာပွဲ၌ မပါကြရပေ။အရှင်ယသ-စသော မဟာထေရ်မြတ်ကြီးတို့က ငါ့ရှင်တို့....အသင်တို့သည် ယခုပြီးခဲ့သော အဓိကရုဏ်းကိစ္စ၌ အကူအညီမပြု

ခဲ့ကြပေ။ သို့ဖြစ်၍ သင်တို့အား ဒဏ်ထားခဲ့မည်၊ တိဿပြဟ္မာသည် မောဂ္ဂလိ ပြာဟ္မဏအိမ်၌ ပဋိသန္ဓေတည်နေလိမ့်မည်၊တိဿသူငယ်ကို တဦးက ရှင်သာ-မဏေဖြစ်အောင် ဆောင်ရွက်၍ တဦးက ဘုရားစကားတော်ဟူသော ပိဋက တော်ကို သင်ကြားပေးရမည်-ဟု ဒဏ်ထားတော်မူခဲ့ကြကာ အာယုကပ် ပတ်လုံး တည်တော်မူကြပြီးနောက် မီးပုံကြီးများ ဝင်းဝင်းတောက် ထွန်းလင်းရာမှ ငြိမ်းလေသကဲ့သို့ ခန္ဓာဇာတ်သိမ်း၍ ငြိမ်းတော်မူကြ ကုန်၏။

တိဿပြဟ္မာသည်လည်း စုတေ၍ မောဂ္ဂလိပြာဟ္မဏအိမ် ပြာဟ္မဏီမ၏ ဝမ်း၌ ပဋိသန္ဓေတည်နေလာ၏၊ အရှင်သိဂ္ဂဝထေရ်သည် တိဿလုလင် ပဋိသန္ဓေ တည်လာသည်မှ စ၍ တိဿလုလင် ခုနစ်နှစ်သားတိုင်အောင် မောဂ္ဂလိပြာဟ္မဏအိမ်၌ သည်းခံတော်မူကာ ဆွမ်းရပ်တော်မူသော်လည်း ကန်တော့ဆွမ်းပါဘုရား-ဟူသော စကားကိုမျှ မရခဲ့၊ တနေ့သောအခါ အခြားအိမ်သွားပါဦးတော့-ဆိုသော ကန်တော့ဆွမ်းကို ရခဲ့၏။ အခြားမှ ပြန်လာသော မောဂ္ဂလိပြာဟ္မဏသည် လမ်း၌ အရှင်သိဂ္ဂဝကို မြင်၍ အိုရဟန်း....ကျွန်ုပ်တို့အိမ်က တစုံတရာ ရခဲ့ပါသလား-ဟု မေးရာ အေး ရခဲ့ ၏ဟု ဖြေဆိုလိုက်၏။ အိမ်ရောက်ကာလ ရဟန်းအား ဘာပေးလှူလိုက်သ လဲဟု မေးရာ ဘာမှမပေးလိုက်ရကြောင်း ပြောကြ၏။ နောက်တနေ့ အရှင် သိဂ္ဂဝ ဆွမ်းခံကြွလာသောအခါ ကျွန်ုပ်တို့အိမ်က ဘာမျှမပေးလှူလိုက်ပါပဲ လျက် တစုံတခုကိုရခဲ့သည်ဟု သင်ရဟန်း ပြောသည်။ ရဟန်းဆိုတာ မုသား ပြောကောင်းသလားဟု စွပ်စွဲကဲ့ရဲ့လေရာ အချင်းပြာဟ္မဏ....ငါသည် သင်တို့ အိမ်၌ ခုနစ်နှစ်ပတ်လုံး ဆွမ်းရပ်လာခဲ့ပေသည်၊ သွားပါဦးတော့-ဆိုတဲ့ စကားတခွန်းမျှ မရခဲ့ဘူးပေ။ မနေ့ကတော့ သွားပါဦးတော့-ဆိုတဲ့ စကား ပဋိသန္ဓာရမျှကို ရသောကြောင့် ရသည်ဟု ငါပြောခြင်းဖြစ်တယ်ဟု ပြောသည်တွင် ဤရဟန်းများသည် ပဋိသန္ဓာရစကားမျှ ရခြင်းကိုပင် ချီးမွမ်းကြသေးမူကား အခြား စားဖွယ်ခဲဖွယ် တစုံတရာကို ပေးလှူပါလျှင် အဘယ်မှာ မချီးမွမ်းကြပဲ ရှိအံ့နည်းဟု ကြည်ညိုစိတ် ဖြစ်ပေါ်လာကာ တယောက်ချိသော ဆွမ်းနှင့်ဟင်းကို အစပြုလှူ၍ နောက် နေ့စဉ် အိမ်၌ ဆွမ်းဘုဉ်းပေးရန် ပင့် ဆွမ်းကပ်သဖြင့် တိဿလုလင်နှင့် စကားပြောခွင့်ရ, တိဿလုလင် မေးသမျှကို ဖြေပြီးနောက် အရှင်သိဂ္ဂဝထေရ်က စိတ္တယမကာ၌ မိဿကဝါရတခုကို မေးရာ မဖြေနိုင်၍ ဤဗုဒ္ဓဗေဒင်ကို သင်ယူလိုကြောင်း

ပြောကာ မိဘများထံ ခွင့်တောင်း၍ အရှင်သိဂ္ဂဝထံ၌ ရှင်သာမဏေပြု လေ၏။

တိဿ သာမဏေသည် ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းကို ဆရာညွှန်ပြတိုင်း အားထုတ်ရာ မကြာမီ သောတာပတ္တိဖိုလ်သို့ ရောက်၏။ သာမဏေသည် သောတာပန်ဖြစ်ပြီ ဖြစ်၍ သာသနာ့ဘောင်မှ လူ့ဘောင်သို့ ပြန်တော့မည် မဟုတ်ပေ၊ ရှေ့သို့ဆက်၍ ကမ္မဋ္ဌာန်းပေး၍ ပွါးစေလျှင် အရဟတ္တ-ဖိုလ်သို့ ရောက်ပေမည်၊ အရဟတ္တဖိုလ်သို့ ရောက်လျှင် ဘုရား တရား စကားတော်ကို သင်ယူတော့မည် မဟုတ်၊ ကြောင့်ကြမဲ့ နေတော့မည်။ အရှင်စဏ္ဍဝဇ္ဇီထံသို့ ပိဋကတော်ကို သင်ယူစေရန် အချိန်သင့်ပြီဟု ဆင်ခြင်၍ တိဿသာမဏေကို ပိဋကစာပေသင်ကြားရန် အရှင်စဏ္ဍဝဇ္ဇီထံသို့ ပို့လိုက်၏။ အရှင်စဏ္ဍဝဇ္ဇီသည် ဝိနည်းမှတပါး ပိဋကတော်ကို အဋ္ဌ-ကထာနှင့်တကွ သာမဏေအဖြစ်နှင့်ပင် ပေါက်ရောက်အောင် သင်ကြားပေးတော်မူ၏။ ရဟန်းဖြစ်သောအခါ၌ကား ဝါမရသေးမီပင် တိပိဋကဓရ ဖြစ်လေတော့သည်။ အရှင်သိဂ္ဂဝ, အရှင်စဏ္ဍဝဇ္ဇီတို့သည် မောဂ္ဂလိဗြာဟ္မဏ၏သား ရှင်တိဿ၏ အသိဉာဏ်တည်းဟူသောလက်၌ အလုံးစုံသော ဘုရားစကားတော် ပိဋကတို့ကို တည်ရှိစေပြီးလျှင် သက်တမ်းကုန်ဆုံးသဖြင့် ပရိနိဗ္ဗာန် ပြုတော်မူကြသတည်း။ အရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည် နောက်မကြာမီ အဂ္ဂဒက္ခိဏေယျ = မြတ်သောအလှူခံထိုက်သော ရဟန္တာအဖြစ်သို့ ရောက်တော်မူလျက် များစွာသော တပည့်သံဃာတို့အား ဓမ္မ-ဝိနယဟူသော ပိဋကတို့ကို ပို့ချတော်မူ၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် နှစ်ပေါင်း ၂၁၈-နှစ်သို့ ရောက်လျှင် သိရီဓမ္မာသောကမင်းကြီးသည် ဇမ္ဗူဒိပ်တကျွန်းလုံးကို အစိုးရသော ဧကရာဇ်မင်းအဖြစ်သို့ ရောက်တော့သည်။ ဧကရာဇ်မင်းအဖြစ်သို့ ရောက်ပြီးနောက် ခမည်းတော် ဗိန္ဒုသာရမင်းကဲ့သို့ပင် ခြောက်သောင်းမျှ လောက်သော ဗြာဟ္မဏတို့အားရင်း, ဗြာဟ္မဏဇာတ်ရှိသော ပါသဏ္ဍတို့အားရင်း, အဖြူဝတ် ပရိဗိုဇ်တို့အားရင်း အမြဲကျွေးမွေး လာခဲ့သည်မှာ သုံးနှစ်ကြာခဲ့လေသည်။ အခါတပါး လေသာပြူတင်းမှ ရပ်လျက် ကြည့်ရှုစဉ် ငြိမ်သက်သောဣန္ဒြေ ကင်းမဲ့ကာ စားသောက်နေကြသော ဗြာဟ္မဏ, ပါသဏ္ဍ,ပရိဗိုဇ်တို့ကို မြင်ရ၍ ဤကဲ့သို့သော အလှူဒါနကြီးမျိုးကို သင့်တော်

သော ပုဂ္ဂိုလ်တို့အား ရွေးချယ်၍ ပေးလှူ ကျွေးမွေး ထိုက်ပေသည်ဟု ကြံစည်၍ အိုအမတ်တို့ ...အသီးအသီး အသင်တို့သည် သူတော်ကောင်းဟု ကိုးကွယ် ဆည်းကပ်ကြသော သမဏ,ဗြာဟ္မဏတို့ကို ပင့်ဘိတ်ခဲ့ကြလော့၊ နန်းတော်၌ အလှူပေးအံ့ဟု မိန့်ဆိုလိုက်ရာ အမတ်တို့သည် မိမိတို့သက်ဆိုင်ရာ ဘိုးသူတော်, ပရိဗိုဇ်, အာဇီဝကတက္ကတွန်း, နိဂဏ္ဌစသည်ကိုကို ပင့်ဘိတ်ခဲ့ကြ၏။ အရှင်မင်းကြီး....ဤပုဂ္ဂိုလ်တို့သည် အကျွန်ုပ်တို့၏ ပုဟန္တာတွေ ပါဟု သံတော်ဦးတင်ကြ၏။ မင်းကြီးသည် နန်းတော်၌ ကြီးကြီး ငယ်ငယ် အမြတ် အယုတ်အားဖြင့် ထိုင်စရာ အခင်းအကျင်း အစုံအလင် ခင်းကျင်းထားပြီးဖြစ်၍ အရှင်တို့သည် မိမိတို့နှင့် သင့်လျော်သော နေရာ၌ ထိုင်ကြပါဟုဆိုလျှင် အချို့က ကြိုးကြိမ်ဖြင့်ပြုလုပ်အပ်သော အခင်းတို့၌, အချို့ကား ပျဉ်ချပ်အခင်းတို့၌ ထိုင်ကြသည်ကို မင်းကြီးသည် ကြည့်လျက် ဤသူတို့ သန္တာန်၌ အနှစ်အသား တရားမရှိသည်ကို ပညာမျက်စိဖြင့် သိမြင်၍ ထိုသူတို့အား လျော်သော ခဲဖွယ်ဘောဇဉ်တို့ကို ပေးကမ်း၍ လွှတ်လိုက်၏။

(ပါသဏ္ဍ-ဟူသည် ဘုရားသာသနာတော်မှအပဖြစ်သော အယူဝါဒ ရှိသူတို့တည်း။ နိဂဏ္ဌ-ဟူသည်မှာ ငါတို့သန္တာန်၌ ကိလေသာ အနှောင်အဖွဲ့ အထုံးအထွေးမရှိဟု အယူရှိသော တိတ္ထိတို့တည်း။)

ဤသို့ဖြင့် အချိန်ကာလ လွန်ခဲ့လေသော် တနေ့သောအခါ မင်းကြီးသည် လေသာပြူတင်းမှ ရပ်လျက် ကြည့်စဉ် တရားဖြင့် ယဉ်ကျေးစွာ စောင့်စည်းအပ်သော ကိုယ်အမူအရာရှိသော ငြိမ်သက်သော ဣန္ဒြေဖြင့် မင်းနန်းတော်ရှေ့မှ ဖြတ်သန်းသွားသော နိဂြောဓသာမဏေကို တွေ့မြင်လေ၏။

(နိဂြောဓသာမဏေဟူသည့် သိရိဓမ္မာသောကမင်းကြီးနှင့် ဘတူ မိကွဲ ညီတော်သုမနမင်းသား၏ သားတော်ဖြစ်၏။ သိရိဓမ္မာသောက မင်းကြီးသည် ခမည်းတော် ဗိန္ဒုသာရမင်းကြီး မကျန်းမာ၍ အားနည်းသောအခါကပင် အမိကွဲ ညီအစ်ကိုတော် သုမနမင်းသားအား ဖမ်း၍ ဖျောက်လိုက်၏။ သုမနမင်းသမီးသည် ကိုယ်ဝန် အရင့်အမာဖြင့် ရပ်ဖျောက်ကာ စဏ္ဍာလရွာသို့ တိမ်းရှောင်ယင်း တွက်လာရာ စဏ္ဍာလရွာလူကြီးက အရှင်သခင်၏ သမီးရင်းကဲ့သို့ စောင့်ရှောက်ပြုစု၏။ ရွာအနီး နိဂြောဓ အမည်ရှိ

သော သစ်ပင်စောင့်နတ်သည် ဖန်ဆင်းပေးအပ်သော အိမ်၌ နေရ၏။ ထိုနေ့၌ပင် မင်းသားငယ်ကို ဖွားမြင်သဖြင့် နိဂြောဓ သတို့သားဟု အမည်ပေး၏။ နိဂြောဓမင်းသား ခုနစ်နှစ်ယွယ်ရောက်လျှင် ရဟန္တာ မဟာဝရုဏထေရ်သည် နိဂြောဓမင်းသား၏ ဥပနိဿယကို မြင်တော်မူ၍ သုမနမင်းသမီးအား တရားစကား ဟောပြော၍ နိဂြောဓမင်းသားကလေးအား ရှင်သာမဏေပြုပေး တော်မူရာ ဆံပင်ကိုပယ်ခိုက် တစပဉ္စက ကမ္မဋ္ဌာန်းကို သင်ပေးသည့်အတိုင်း နှလုံးသွင်းရာ ဆံရိတ်ပြီးလျှင်ပင် အရဟတ္တဖိုလ်သို့ ရောက်တော်မူလေသည်။ နိဂြောဓသာမဏေသည် တနေ့သောအခါ ဆရာ ဥပဇ္ဈာယ်တို့၏ ဝတ်နိဗဒ်ကို ပြုခဲ့ပြီးနောက် သက်န်းသပိတ်ကို ယူ၍ မယ်တော်ထံသို့ သွားအံ့ဟု မင်းယင်ပြင်ရှေ့မှ ဖြတ်သန်း၍ ကြွသွားခိုက် ဖြစ်လေသည်။)

ငြိမ်သက်တည့်ကြည်သော ဣန္ဒြေ, ငြိမ်းအေးသော စိတ်ဖြင့် ထမ်းပိုးတပြန်မျှကြည့်လျက် အရှင်နိဂြောဓသာမဏေသည် ကြွတော်မူလေသည်။ မင်းကြီးကိုမြင်လျှင် အားလုံးသော လူတို့သည် လူမိုသော သားသမင်ကဲ့သို့ တုန်လှုပ်ချောက်ချားသော ကိုယ်,နှုတ် အမူအရာတို့ဖြင့် သွားနေကြသည်။ ဤသူငယ်သည်ကား မပြန့်လွင့်သောစိတ်ဖြင့် တူရူကြည့်ပုံ, တစောင်းကြည့်ပုံ, ကွေးပုံ, ဆန့်ပုံ, လွှားပုံ တင့်တယ်လှပါဘေတယ်၊ ကေန်မလွဲ ထိုသူငယ်၏ အဇ္ဈတ္တသန္တာန်၌ လောကုတ္တရာတရားထူး ရှိပေလိမ့်မည်ဟု မြင်လျှင်မြင်ခြင်းပင် ကြည်ညို ချစ်ခင်စိတ် ဖြစ်၏။ ကြည်ညို ချစ်ခင်စိတ် ဘာ့ကြောင့်ဖြစ်သနည်း၊ ရှေးရှေးသောဘဝက အတူတကွ ကောင်းမှုပြုခဲ့ဘူးသည် တကြောင်း, ပစ္စုပ္ပန်ဘဝ၌လည်း ကျေးဇူးဥပကာရ မကင်းကြသည် တကြောင်းဟု ဆိုသည်။ မင်း၏ တူတော်အရင်းလည်း ဖြစ်သောကြောင့် အရပ်စကားဖြင့်ဆိုသော် သွေးပြောသောကြောင့်လည်း တကြောင်း ဟု ဆိုရပေမည်။

အတိုချုပ်အားဖြင့် မင်းကြီးပင့်၍ နန်းတော်ကြွ ဆွမ်းလှူ တရားစကားထိုက်သလောက် ကြားနာရသဖြင့် တစတစ သာသနာတော်ကို ကြည်ညိုလာလေရာ မြတ်စွာဘုရား သာသနာတော်၌ ပုထုဇန် ဒါယကာတို့တွင် သိရိဓမ္မာသောကမင်းကြီးကဲ့သို့ မည်သူတဦးတယောက်မျှ ပစ္စယာနုဂ္ဂဟ

ဖြင့် သာသနာတော်ကို ချီးမြှောက်နိုင်သူ မရှိအောင် ကြည်ညိုသော သာသနဒါယကာ အဖြစ်သို့ ရောက်လေသည်၊ တိတ္ထိခြောက်သောင်းတို့ကို ကျွေးမွေးသောနေရာ၌ ရဟန်းတော် ခြောက်သောင်းတို့ကို အမြဲပင့်၍ ဆက်ကပ်လှူဒါန်းခြင်းဖြင့် သာသနာတော်ကို အားပေး ချီးမြှောက်လေသည်။ သာသနာတော်ထမ်း ရဟန်းတော်တို့အား ပစ္စည်းလေးပါး၌ လိုလေသေးမရှိအောင် ထောက်ပံ့လှူဒါန်းခြင်းကြောင့် ပစ္စည်းလေးပါး အထူးပြည့်စုံတော်မူကြသည်။

တိတ္ထိတို့သည် ပူဇော်သကာ လာဘ်လာဘ ဆုတ်ယုတ်လာကြကုန်၏၊ အယုတ်သဖြင့် ဝလောက်ရုံပင် မရကြသည်ဖြစ်၍ လာဘ်လာဘကို မြှော်လင့်တောင့်တကာ ဘုရားရှင်သာသနာတော်၌ ရှင်ရဟန်းပြုကြပြီးလျှင် မိမိတို့၏ တိတ္ထိအယူဝါဒကိုသာ ဤကား ဓမ္မ, ဤကား ဝိနယ ဟူ၍ ပြောဆိုပြသကြကုန်၏၊ ရဟန်းအဖြစ်ကို မရကြသော တိတ္ထိတို့သည်လည်း မိမိတို့ကိုယ်တိုင် ဆံရိတ်, သင်္ကန်းတို့ကို ဝတ်ရုံ၍ ရဟန်းတော်ကျောင်းများ လှည့်လည်လျက် ဥပုသ်ကမ်, ပဝါရဏာကမ်, အခြားသော သံဃကမ်များ၌ ဝင်၍ ကမ်ဆောင်ကြ၏၊ ထိုကြောင့် ရဟန်းတော်တို့သည် တိတ္ထိတို့နှင့်အတူ ဥပုသ်ကမ် မပြုကြကုန်။

အရှင်မောဂ္ဂလိပုတ္တတိဿထေရ် ဆင်ခြင်တော်မူသည်မှာ ဤအဓိကရုဏ်းသည် မကြာမီ ခက်ထန် ကြမ်းတန်း လာပေလိမ့်မည်။ ငါ ဤသံဃာထဲ၌ နေသဖြင့် ဤအဓိကရုဏ်းကို ငြိမ်းအေးစေရန် မဖြစ်နိုင်ရာ ဟု ဆင်ခြင်၍ တပည့် အရှင်မဟိန္ဒထေရ်အား ဂိုဏ်းကို လွှဲအပ်တော်မူပြီးလျှင် ဂင်္ဂါမြစ် အထက်တောင်သို့ ကြွရောက် သီတင်းသုံး နေတော်မူ၏။ (အဟောဂင်္ဂါ မည်သော တောင်-ဟူ၍ ဋီကာဖွင့်၏။) တိတ္ထိတို့သည် ရဟန်းတော်တို့က ဟုတ်မှန်သော ဝတ္ထုဖြင့် စောဒနာ၍ အောက်မေ့စေ၍ ဥ တ်ကမ္မဝါစာဖြင့် ဥက္ခေပနိယကမ် စသည်ကို ပြု၍ နှိမ်နင်း နှင်ထုတ်ကြသော်လည်း ဓမ္မ ဝိနယ သတ္ထုသာသနအားလျော်သော အကျင့်၌ မတည်ကြကုန်မူ၍ တပါး မကများလှစွာသော သာသနာတော်၏ အမြုပ်, အညစ်အကြေး, ဆူးငြောင့်တို့ကို ပြုကြ, ပေါ်ပေါက်စေကြ၏။

အချို့တိတ္ထိတို့သည် မီးကို လုပ်ကျွေးကြ၏၊ အချို့ကား ပဉ္စာတပ အကျင့်ကို ကျင့်ကြ၏၊ အချို့ကား နေထွက်မှ နေဝင်တိုင်အောင် နေကို မျက်နှာ

မူ၍ နေနောက်သို့ လိုက်ကြည့်ကြ၏၊ အချို့ကား သင်တို့၏ ဓမ္မဝိနယကို ဖျက်ဆီးကြအံ့ဟု အားပေးကြကုန်၏။ (ပဥ္စာတပ-ဟူသည် မီးပုံလေးပုံတို့၏ အလယ်မှာထိုင်၍ နေပူခံခြင်းကို ဆိုသည်။) ရဟန်းတော်တို့သည် တိတ္ထိတို့နှင့် အတူတကွ ဥပုသ် ပဝါရဏာမပြုပဲ နေကြသည်မှာ ခုနစ်နှစ် ကြာသွားပေသည်။

ရဟန်းတော်များသည် တိတ္ထိတို့နှင့် ဥပုသ်ပဝါရဏာ ပြုတော်မမူကြသည်မှာလည်း အကြောင်းမဲ့ မဟုတ်ပေ....န ဘိက္ခဝေ သဂဟဋ္ဌာယ ပရိသာယ ပါတိမောက္ခံ ဥဒ္ဒိသိတဗ္ဗံ၊ ယော ဥဒ္ဒိသေယျ အာပတ္တိ ဒုက္ကဋဿ။လ။ န ဘိက္ခဝေ တိတ္ထိယပက္ကန္တကဿ နိသိန္နပရိသာယ ပါတိမောက္ခံ ဥဒ္ဒိသိတဗ္ဗံ၊ ယော ဥဒ္ဒိသေယျ အာပတ္တိ ဒုက္ကဋဿ-စသည်ဖြင့် လူဝတ်ကြောင်ရှိသော ပရိသတ်၌ ဖြစ်စေ။လ။ မြတ်စွာဘုရား၏ သာသနာတော်မှ အပ ဖြစ်သော တိတ္ထိအယူဝါဒကိုယူသော ပုဂ္ဂိုလ်ရှိသော ပရိသတ်၌ ဖြစ်စေ ဥပုသ်ပဝါရဏာကမ် မပြုရ၊ ပြုသော ရဟန်းသည် ဒုက္ကဋ် အာပတ်သင့်၏ဟု မြတ်စွာဘုရား မြစ်တား ပညတ်တော်မူသည်ဖြစ်၍ တိတ္ထိတို့နှင့်အတူ ဥပုသ်ပဝါရဏာ မပြုခြင်း ဖြစ်သည်။တိတ္ထိတို့သည် ရဟန်းတော်တို့၏ ဥပုသ်ပဝါရဏာကမ်၌ ပါဝင်ကြရုံ သာမန်သာ မဟုတ်ကြသေးမူ၍ မိမိတို့၏ ဝါဒကိုပြလျက် ဘုရားသာသနာတော်ကို ဖျက်လိုဖျက်ဆီး ပြုနေကြသောကြောင့်လည်း ၎င်းတိတ္ထိတို့ကို စက်ဆုပ်တော်မူကြပေသည်။ ဥပုသ်ပဝါရဏာ ပြုတော်မူကြရာ၌ အနည်းဆုံး နှစ်တောင့်ထွာ ဟတ္ထပါသ်မှ လွတ်အောင် ဖယ်ထားရမည့် ပုဂ္ဂိုလ်မျိုးမှာကား ၂၁-မျိုး ဖြစ်ကြောင်း ဟောတော်မူခဲ့သော ဝိနယဒေသနာတော်သည် ဝိနယပိဋက မဟာဝဂ္ဂ ပါဠိတော်၌ ရှိလေသည်။

ခုနစ်နှစ်တိုင်တိုင် ရဟန်းတော်များ ဥပုသ်ပဝါရဏာပြုတော်မမူပဲ နေကြသည်ကို သိရှိမှာသောကမင်းကြီး ကြားသိတော်မူကာလ တယောက်သော အမတ်ကို အချင်း....ကျောင်းတော်သို့သွား၍ ဥပုသ်ပဝါရဏာ မပြုကြသော ရဟန်းတို့၏ အဓိကရုဏ်းကို ငြိမ်းအောင်စီမံ၍ ဥပုသ်ပြုကြစေလော့ဟု စေလွှတ်လိုက်၏။ အမတ်မိုက်သည် မင်းကြီးကိုလည်း ပြန်၍မမေးဝံ့၊ မည်ကဲ့သို့ စီမံဆောင်ရွက်ရမည်ကိုလည်း မသိသဖြင့် အခြားအမတ်တို့ကို စုံစမ်းမေးမြန်းရာ မိတ်ဆွေ.... တိုင်းစွန်ပြည်နား၌ သူပုန်ထကြွ သောင်းကျန်းသောအခါ သူခိုး ဓားပြသူပုန်တို့ကို သတ်၍ ငြိမ်းစေသကဲ့သို့ ဥပုသ်မပြု

သော ရဟန်းတို့ကိုသတ်၍ ဥပုသ်ပြုစေလိုသော သဘောပင်ဖြစ်ပါလိမ့်မည်ဟု ပြောကြသည့်အတိုင်း ကျောင်းတော်သို့သွား၍ သံဃာစုဝေးစေပြီးလျှင် အရှင်မင်းကြီးက ဥပုသ်ပြုဘို့ပြောရန် စေလွှတ်လိုက်ပါသည်၊ အရှင်ဘုရားများ ဥပုသ်ပြုတော်မူကြပါဟု လျှောက်၏။ ရဟန်းတော်များကလည်း ငါတို့သည် တိတ္ထိတို့နှင့်အတူ ဥပုသ်မပြုလိုဟု မိန့်ကြားကြသည်တွင် အမတ်မိုက်သည် မထေရ်ကြီးမှစ၍ သန်လျက်ဖြင့် ဦးခေါင်းတော်များကို ဖြတ်လေတော့သည်။ အရှင်တိဿထေရ်သည် အမတ်မိုက်၏ ထိုအခြင်းအရာကိုမြင်ရာ မင်းကြီးသည် မထေရ်တို့ကို သတ်ရန်စေခိုင်းတော်မူမည်ကား မဟုတ်တန်ချေ။ ဤအမတ် အယူအဆလွဲ၍ ပြုလုပ်ခြင်းသာ ဖြစ်ပေလိမ့်မည်ဟု ဆင်ခြင်တော်မူလျက် ထိုအမတ်၏ အနီးသို့သွား၍ ထိုင်တော်မူ၏။ အမတ်မိုက်သည် အရှင်တိဿကို မှတ်မိ၍ သတ်ဖြတ်ရန် မဝံ့သဖြင့် မင်းကြီးထံသွား၍ အရှင်မင်းကြီး....အကျွန်ုပ်သည် အရှင်မင်းကြီး စေခိုင်းတော်မူသည့်အတိုင်း ကျောင်းတော်သို့သွား၍ ဥပုသ်ပြုစေရာ ဥပုသ်မပြုသော ရဟန်းတော်များ ဤမျှလောက်ကို ဦးခေါင်းကို ဖြတ်ခဲ့ပါပြီ၊ အရှင်တိဿကို သတ်ရန်အလှည့် ရောက်နေပါသည် မည်ကဲ့သို့ပြုရပါမည်နည်းဟု တင်လျှောက်ကာလ—

ဟယ်အမတ်မိုက်....ရဟန်းတော်တို့ကိုသတ်ရန် ငါမစေခိုင်းပါတကား-ဟု နှလုံးတော်မသာယာ,ကိုယ်၌လည်း ပူလောင်ခြင်း ဖြစ်၍ ကျောင်းတော်သို့ အမြန်ထွက်တော်မူပြီးလျှင် အရှင်ဘုရားတို့....ဒကာတော်မစေခိုင်းပါပဲလျက် ဤအမတ်သည် ရဟန်းတော်တို့အား သတ်ဖြတ်မှုကို ပြုပါသည်၊ ဤမကောင်းမှုသည် အဘယ်သူ၌ အပြစ်ရှိပါသနည်းဟု မေးလျှောက်၏။ ထိုအခါ အချို့ရဟန်းတော်များက ဒကာတော် စေခိုင်းသောစကားအရ ပြုသောကြောင့် ဒကာတော်၌ အပြစ်ရောက်ပေမည်ဟု ဆိုကြ၏။ အချို့ရဟန်းတော်များကမူ နှစ်ဦးလုံး၌ပင် အပြစ်သင့်မည်ဟု ပြောကြ၏။ အချို့ရဟန်းများကမူကား ဒကာတော်မင်းကြီး.... သင်မင်းကြီးသည် ဤအမတ်အား ကျောင်းတော်သို့ သွား၍ ရဟန်းတော်များကို သတ်စေလိုသော စိတ်ဆန္ဒရှိသလောဟု မေးကြ၏။ မရှိပါ၊ ဒကာတော်ဆန္ဒမှာ ရဟန်းတော်များ အညီအညွတ် ဥပုသ်ပြုစေလိုသောဆန္ဒသာ ရှိပါသည်ဟု လျှောက်၏။ ဒကာတော်....အကယ်၍ ကောင်းစေလိုသော စိတ်ဆန္ဒရှိလျှင် ဒကာတော်၌ အပြစ်မရှိပါဘူး၊ အမတ်အပေါ်၌သာ အပြစ်ရှိပေသည်ဟု မိန့်ဆိုကြကုန်၏။

သိရိဓမ္မာသောကမင်းကြီးသည်ကား ရဟန်းတော်များ တမျိုးစီမိန့်ဆိုတော်မူကြသောကြောင့် အတိအကျ သံသယကင်းရှင်းခြင်းမဖြစ်ပဲ နှလုံးနှစ်ခွဖြစ်လျက် မတင်မကျ နှလုံးမချမ်းမသာ ရှိနေလေသည်။

### အရှင်တိဿထေရ်

ဤနေရာ၌ အရှင်တိဿအကြောင်း အနည်းငယ်သိသင့်ကြ၏။ အရှင်တိဿ-ဟူသည် သိရိဓမ္မာသောကမင်းကြီးနှင့် မိတူဘတူမင်းကြီး၏ ညီတော်အရင်းတည်း၊ မင်းကြီးသည် အဘိသိက်ခံ၍ ဧကရာဇ်မင်းပြုသောအချိန်၌ အိမ်ရှေ့မင်းအဖြစ် တင်မြှောက်ခြင်းခံယူရသော ပုဂ္ဂိုလ်ဖြစ်၏။ အိမ်ရှေ့မင်းအဖြစ်နှင့်ရှိစဉ် တနေ့သ၌ တောလည်ထွက်ရာ မြူးထူးပျော်ပါးနေကြသော တောသမင်တို့ကိုမြင်၍ ဤသမင်တို့သည် မြက်ကိုစားနေသော တိရစ္ဆာန်တို့ဖြစ်လျက် ဤသို့ဤနှယ် ပျော်ရွှင်ကြဘိသေး၏။ ရဟန်းတော်တို့သည်ကား နန်းတော်၌ မွန်မြတ်သော ဘောဇဉ်တို့ကိုစား၍ နူးညံ့ ညက်ညောသော အိပ်ရာတို့၌ အိပ်ကြရသည်ဖြစ်ရာ အဘယ်မှာ မမြူးထူး မပျော်ပါးကြပဲ ရှိပေလိမ့်မည်နည်းဟု ဝိတက်ဖြစ်သည်ကို တောမှပြန်ရောက်ကာလ မင်းကြီးအား ပြောကြား၏။ ညီတော်သည် မနိုင်းယှဉ် မကြံစည်သင့်သည်ကို ကြံစည်ပေသည်၊ ပရိယာယ်ဖြင့် သိစေအံ့-ဟု တနေ့သောအခါ၌ တစုံတရာကြောင့် စိတ်ဆိုးဟန်ပြု၍ ညီတော် ခုနစ်ရက် မင်းအဖြစ်ကို လက်ခံ၍ စံစားလော့၊ ခုနစ်ရက်လွန်သော် သင့်ကို သတ်အံ့ဟု ဆိုလိုက်၏။

ငါ့ကို ခုနစ်ရက်မြောက်သောနေ့၌ မင်းကြီးသည် သတ်တော့မည်ဟု တုန်လှုပ်၍ ကောင်းကောင်းမအိပ်၊ ကောင်းကောင်းမစား၊ ရေကိုပင် ကောင်းကောင်းမချိုး ညှိုးငယ် ပိန်ချုံးလျက်ရှိ၏။ ထိုနောက် မင်းကြီးက ငါ့ညီ ဘာ့ကြောင့် ဤသို့ညှိုးငယ်ပိန်ချုံးခြင်းများ ဖြစ်နေသနည်းဟု မေးရာ အရှင်မင်းမြတ်.... သေဘေးကို ကြောက်ရွံ့သောကြောင့် ဖြစ်ပါသည်ဟု ဖြေဆို၏။ ဟဲ့ညီမောင်....ဘယ်နေ့မှသေရမည်ဟုရက်နေ့အပိုင်းအခြားကို သိမြင်နေသော အသင်သည်ပင် မပျော်ရွှင်နိုင်ရှိနေပါမူ ထွက်သက်ထွက်ချိန်မှာ သေမည်လား၊ ဝင်သက်ဝင်ချိန်မှာ သေမည်လားဟု အမြဲသေဘေးကို ရှုနေသော ရဟန်းတော်တို့၌ အဘယ်မှာလျှင် ပျော်ရွှင်နိုင်ပါ့မည်လဲ ငါ့ညီ-ဟု ပြောသည့်အခါမှ သဘောပေါက်၍ သာသနာတော်၌ ကြည်ညိုသော ဥပါသကာ ဖြစ်၏။

ဆင်ပြောင်ကြီးသည် အင်ကြင်းခက်ဖြင့် အရှင်ယောနက မဟာဓမ္မ-ရက္ခိတထေရ်ကို ယပ် လေခပ်ပေးနေသည်ကို မြင်ရခြင်း, ကောင်းကင်သို့ ပျံတက်၍ အသောကာရုံကျောင်း ရေကန်၌ ရေချိုးခြင်း, သင်္ကန်းများကို ကောင်းကင်၌ ဝဲလွဲဆွဲလျက် ရှိသည်ကိုမြင်၍ ကြည်လည်း ကြည်ညို, အားလည်းကျ၍ အသောကမင်းကြီးထံ အတန်တန် ခွင့်ပန်၍ ရဟန်းဖြစ်လာသော အိမ်ရှေ့မင်းသား အရှင်တိဿ ဖြစ်လေသည်။

အရှင်တိဿ ရဟန်းပြုသည်ကို ကြားသိသော သိရီဓမ္မာသောကမင်းကြီး၏ တူ-သမက်, သင်္ဃမိတ္တာမင်းသမီး၏ ကြင်ယာတော် အဂ္ဂိဗြဟ္မအမည်ရှိသော မင်းသားသည်လည်း မင်းကြီးထံ ခွင့်ပန်၍ ခွင့်ရသည့်နေ့၌ပင် ရဟန်းပြု၏။

သိရီဓမ္မာသောကမင်းကြီးသည် အမတ်မိုက်ပြုမိသောကိစ္စ၌ သံသယဖြစ်၍ နှလုံးမချမ်းမသာ ရှိလှသဖြင့် အရှင်ဘုရားတို့.... ဒကာတော်၏ ယုံမှားသံသယကို ပယ်ဖျောက်၍ သာသနာတော်ကို ချီးမြှောက်ခြင်းငှါ စွမ်းဆောင်နိုင်မည့် တပါးတလေသော ရဟန်းတော် ရှိပါသလား ဟု မေးလျှောက်၏။ ဒကာတော်.... ဒကာတော်၏ ယုံမှားသံသယကို ဖျောက်၍ သာသနာတော်ကို ချီးမြှောက်စွမ်းနိုင်သော ရဟန်းတော်ကား ရှိပေသည်၊ အမည်အားဖြင့် အရှင်မောဂ္ဂလိပုတ္တတိဿထေရ် ဖြစ်သည်၊ အဟောဂင်္ဂ၌ သီတင်းသုံးတော်မူသည် ဟု ပြောကြားကြလျှင် မင်းကြီးသည် နေ့ချင်းပင်လျှင် ဓမ္မကထိက ရဟန်းတော် လေးပါး, နောက်ပါရဟန်းတော် လေးထောင်, အမတ် လေးယောက်, နောက်ပါ လူလေးထောင်တို့ကို စီမံခန့်ခွဲ၍ ပင့်စေ၏။ အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်သည် ကြွလာတော်မမူ။ နှစ်ကြိမ် စေလွှတ် ပင့်သော်လည်း မကြွချေ။ အဘယ်ကြောင့် မကြွသနည်း ဟု မေးလျှောက်ကာလ မင်းကြီးက ပင့်လျှောက်သည် ဆို၍ မလာခြင်းဖြစ်သည်၊ သာသနာတော် ဆုတ်ယုတ်နေပါသည်၊ ကြွရောက် ချီးမြှောက်တော်မူပါဆို၍ ပင့်မူကား ကြွလာရာသည် ဟု ရဟန်းတော်များ အကြံပေးသည့်အတိုင်း ပင့်မှ ကြွလာတော်မူလေသည်။

## မကြွရောက်မိ

အရှင်ဘုရားတို့.... အရှင် ထေရ်မြတ်သည် သက်ယွယ်တော် ကြီးပါသလား၊ ငယ်ယွယ်ပါသလား။ ဒကာတော်.... သက်ယွယ်တော်ကြီးပေပြီ။ သို့

ဖြစ်လျှင် ပေါင်းချုပ်ဖြင့်သော်၎င်း, ထမ်းစင်ဖြင့်သော်၎င်း ပင့်လျှင် စီးတော်မူပါမည်လား၊ ဒကာတော် မစီးပေဘူး၊ သည်လိုဖြင့် လှေအစုအဖွဲ့ကို ဖွဲ့၍ ထို လှေ အဖွဲ့၌ မထေရ်မြတ်ကို သီတင်းသုံးတော်မူစေလျက် ဂင်္ဂါမြစ်ကမ်းနှစ်ဖက်တို့၌ အစောင့်အရှောက်ချထားကာ ပင့်ဆောင်ခဲ့ရမည် ဟု အမတ်တို့ကို အမိန့် ထုတ်ပြန်လိုက်၏။ (သာသနာတော်၏ရန်သူများ အနှောင့်အယှက်မပြုနိုင်စေရန် မြစ်ကမ်းနှစ်ဖက်တို့၌ အစောင့်အရှောက် ချထားစေလေသည်။) ပါဋလိပုတ် မြို့တော်သို့ ရောက်လျှင် မင်းကြီးကိုယ်တိုင် ကြိုဆိုကာ မိမိ၏ဥယျာဉ်သို့ ပင့်ဆောင်, ဥယျာဉ်ပြင်ပ၌ အစောင့်အကြပ် သုံးထပ်ထားစေ၍ မိမိကိုယ်တိုင် မထေရ်မြတ်၏ ခြေတော်တို့ကို ဆေးကြော, ခြေနယ်ဆီ သုတ်လိမ်းပေးပြီးနောက် မထေရ်မြတ်သည် ငါ၏ ယုံမှားသံသယကို ပယ်ဖျောက်နိုင်ပါမည်လား၊ ဖြစ်ပေါ်ဆဲ အဓိကရုဏ်းကို ငြိမ်းစေ၍ သာသနာတော်ကို ချီးမြှောက်စွမ်းနိုင်ပါမည်လား ဟု စုံစမ်းလို၍—

အရှင်ဘုရား.... ဒကာတော်သည် တန်ခိုးပြခြင်းတရပ်ကို ကြည့်ရှုပါရစေ ဟု လျှောက်၏။ ဒကာတော်....ဘယ်လို တန်ခိုးပြခြင်းကို ကြည့်လိုပါသလဲ၊ မြေလှုပ်ခြင်းကို ကြည့်လိုပါသည်ဘုရား၊ မြေတပြင်လုံးလှုပ်သည်ကို ကြည့်လိုသလား၊ တစိတ်တဒေသလှုပ်သည်ကို ကြည့်လိုသလား၊ ဘယ်ဟာက ခက်ခဲပါသလဲ အရှင်ဘုရား၊ ဒကာတော်.... ရေပြည့်သောခွက်ထဲ၌ ရေအကုန်လှုပ်ခြင်းနှင့် တဝက်လှုပ်ခြင်း ဘယ်ကခက်သလဲ၊ တဝက်လှုပ်ခြင်းက ခက်ပါသည်ဘုရား၊ ဒကာတော်....ထို့အတူ တစိတ်တဒေသ မြေလှုပ်ခြင်းသည် ခက်၏။ အရှင်ဘုရား.... သို့ဖြစ်ပါလျှင် မြေတစိတ်တဒေသလှုပ်သည်ကို ကြည့်ပါရစေ-ဟု လျှောက်၏။

မင်းကြီး.... အရပ်လေးမျက်နှာ တယူဇနာစီဝေးသော အရပ်တို့တွင် အသီးသီး အပိုင်းအခြား အမှတ်အသား စည်းမျဉ်းကြောင်း တားစေပါ၊ အရှေ့အရပ် မျဉ်းကြောင်း၏ အပြင်ဘက်၌ ဘီးတခု, မျဉ်းကြောင်း အတွင်းဘက်၌ ဘီးတခုချ၍ ရထားကို ထားပါ။ တောင်အရပ်မျဉ်းကြောင်း ပြင်ဘက်၌ ခြေနှစ်ချောင်း, အတွင်းဘက်၌ ခြေနှစ်ချောင်း ချစေ၍ မြင်း တကောင် ထားပါ။ အနောက်အရပ် မျဉ်းကြောင်း ပြင်ဘက်၌ ခြေတချောင်း,အတွင်း၌ ခြေတချောင်းချစေ၍ လူတယောက်နေပါစေ။ မြောက်အရပ်မျဉ်းကြောင်း၏ ဗဟိုတည့်တည့်၌ ရေအပြည့်ထည့်သော ရေခွက်တခု

ကို ချထားပါစေ-ဟု မိန့်ကြားတိုင်း မင်းကြီးသည် ထားစေပြီးသောအခါ မထေရ်မြတ်သည် အဘိညာဏ်၏အခြေပါဒက စတုတ္ထစျာန်ကိုဝင်စားတော်မူပြီးနောက် မင်းကြီးသည် မြင်စေသတည်း ဟု တယူဇနာ ပမာဏရှိသော မြေလှုပ်မှုကို ဓိဋ္ဌာန်တော်မူ၏။ မျဉ်းကြောင်း အတွင်းကျသော ရထား ဘီးသာ လှုပ်၍ အပြင်ဘက်မှ ဘီးသည် မလှုပ်၊ ထို့အတူ အတွင်းဘက် ကျသော မြင်းခြေနှစ်ချောင်း, လူ၏ခြေတချောင်း, အတွင်းဘက်ကျသော ရေတခြမ်းတို့သာ လှုပ်ကြ၍ အပြင်ဘက်မှ မြင်းခြေ, လူ့ခြေနှင့် ရေတို့ ကား မလှုပ်ကြကုန်။

မင်းကြီးသည် ထိုတန်ခိုးပြခြင်းကိုမြင်ကာလ မထေရ်မြတ်သည် သာသနာတော်ကို ချီးမြှောက်ခြင်းငှါ စွမ်းတော်မူနိုင်ပေပြီ-ဟု ဆုံးဖြတ်၍ မိမိ၏ ယုံမှားသံသယကို မေးလျှောက်၏။ အရှင်ဘုရား....ဒကာတော်သည် အမတ် တယောက်ကို ကျောင်းတော်သို့ စေလွှတ်၍ ဖြစ်ပေါ်သော အဓိကရုဏ်းကို ငြိမ်းစေပြီးလျှင် ရဟန်းတော်များ အညီအညွတ် ဥပုသ်ပြုတော်မူကြစေရန် ပြောကြားလိုက်ပါသည်၊ ထိုအမတ်သည် အယူအထင်လွဲ၍ ဤမျှသော ရဟန်းတော်တို့ကို သတ်လိုက်မိပါသည်၊ ဤမကောင်းမှုသည် အဘယ်သူ အား ဖြစ်ပါသနည်းဟု လျှောက်၏။

ဒကာတော်မင်းကြီး....ဤအမတ်သည် ကျောင်းတော်သို့သွား၍ ရဟန်း တော်များကို သတ်စေလိုသောစိတ် ရှိသလော၊ မရှိပါအရှင်ဘုရား။ မင်း ကြီး သတ်စေလိုသောစိတ် မရှိလျှင် အသင်မင်းကြီး၌ ဤမကောင်းမှု မကျ ရောက်ချေ-ဟု ဖြေကြားတော်မူပြီးနောက်....စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ၊ စေတယိတွာန ကမ္မံ ကရောတိ ကာယေန ဝါစာယ မနသာတိ-ဟူ သော သုတ်ကို ထုတ်ဆောင်တော်မူပြီးလျှင် ယင်းအဓိပ္ပါယ်ကို ထင်ရှားစေ ရန် တိတ္တိရဇာတ်တော်ကို ညွှန်ပြ ဟောကြားတော်မူသည်။ (အကျယ်အလို ရှိကြမူ စတုက္ကနိပါတ်,ပုစိမန္ဒဝဂ်,တိတ္တိရဇာတ်၌ ကြည့်ကြပါကုန်။) စကား အချုပ်မှာကား—မကောင်းမှုကမ်ကို ပြုလိုသောစေတနာ မရှိမူ အပြစ်မရှိ ဟု ဟောကြားတော်မူခြင်းပင် ဖြစ်သည်။

အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်သည် သိရိဓမ္မာသောကမင်းကြီး၏ သံသယကို ယုံမှားကင်းရှင်းစေပြီးကာလ မင်းဥယျာန်၌သာလျှင် ခုနစ်ရက် သီတင်းသုံးတော်မူလျက် မင်းကြီးအား မြတ်စွာဘုရား၏ ဝါဒတော်ကို

သင်ယူမှတ်သားစေ၏။ မင်းကြီးသည် ခုနစ်ရက်မြောက်သောနေ့၌အသောကာရုံကျောင်းတော်၌ သံဃာစည်းဝေးစေ၍ တင်းထိမ်ကန့်လန့်ကာ ကာစေပြီး ကန့်လန့်ကာတွင်း၌ နေလျက် ဝါဒတူသောရဟန်းတို့ကို တစုစီပြု၍ တစုတစုစီသော ရဟန်းတို့ကို ပင့်စေကာ မြတ်စွာဘုရားသည် အဘယ်သို့သော အယူဝါဒ ရှိသနည်းဟု မေး၏။ ထိုအခါ သဿတဝါဒီ အယူရှိသော တိတ္ထိတို့က မြတ်စွာဘုရားသည် သဿတဝါဒီ အယူရှိပါသည်ဟု ဖြေကြ၏။ ဧကစ္စသဿတဝါဒီတို့ကလည်း ဧကစ္စသဿတဝါဒီ အယူရှိသည်ဟုရင်း, အန္တာနန္တိကာ, အမရာဝိက္ခေပိကာ, အဓိစ္စသမုပ္ပန္နိကာ, သညီဝါဒီ, အသညီဝါဒီ, နေဝသညီနာသညီဝါဒီ, ဥစ္ဆေဒဝါဒီ, ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒီ-အားဖြင့် အထူးထူးသော အယူရှိကြသော တိတ္ထိတို့သည် အသီးသီး မိမိတို့၏ ဝါဒကို မြတ်စွာဘုရား၏ဝါဒအဖြစ်ဖြင့် ဖြေဆိုပြောကြားကြကုန်၏။

မင်းကြီးသည် ရှေးဦးစွာကပင် မြတ်စွာဘုရား၏ အယူဝါဒတော်ကို မှတ်သား သင်ယူပြီး ဖြစ်သောကြောင့် ဤသူတို့သည် ရဟန်းစစ်မဟုတ်ကြ၊ တိတ္ထိတွေဟု သိရှိ၍ ထိုတိတ္ထိတို့အား အဝတ်ဖြူများပေး၍ လူထွက်စေ၏။ လူဝတ်လဲကြရသော ရဟန်းယောင် တိတ္ထိတို့သည် ခြောက်သောင်းရှိကြကုန်၏။

ထိုနောက် မင်းကြီးသည် ရဟန်းတော်တို့ကို ပင့်စေ၍ ယခင်အတိုင်း မြတ်စွာဘုရားသည် အဘယ်သို့သော အယူဝါဒရှိပါသနည်းဟု မေးလျှောက်ရာ မင်းကြီး....မြတ်စွာဘုရားသည် ဝိဘဇ္ဇဝါဒီ = ဝေဘန်ခွဲခြမ်းကာ ဟောတော်မူလေ့ရှိသည်-ဟု ဖြေဆိုကြလျှင် မင်းကြီးသည် အရှင်မောဂ္ဂလိပုတ္တတိဿထေရ်ကို အရှင်ဘုရား....မြတ်စွာဘုရားသည် ဝိဘဇ္ဇဝါဒီ ဟုတ်ပါသလားဟု လျှောက်ထားရာ မင်းကြီး....ဟုတ်ပေသည်-ဟု ဖြေကြားတော်မူသဖြင့် အရှင်ဘုရားတို့....ယခုအခါ သာသနာတော် သန့်ရှင်းစင်ကြယ်ပါပြီ။ သံဃာတော်သည် ဥပုသ်ပြုတော်မူပါလော့-ဟု လျှောက်ကြားကာ အစောင့်အရှောက်ပေးတော်မူ၍ မြို့သို့ဝင်လေ၏။

သံဃာတော်သည် အညီအညွတ် စည်းဝေးတော်မူကြ၍ ဥပုသ်ကမ်ပြုတော်မူကြ၏။ သံဃာတော်ခြောက်သန်းရှိသော ဟူ၏။ ထိုသံဃာ့အစည်းအဝေး၌ အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ် တိတ္ထိတို့၏ ဝါဒကို နှိမ်နင်း

ရှင်းလင်းတော်မူပြီးလျှင် ကထာဝတ္ထုကျမ်းကို ဟောကြားတော်မူသည်။ အစည်းအဝေးပါ ရဟန်းတော်များအတွင်းမှ တိပိဋကရေ ပဋိသမ္ဘိဒါ-ပတ္တ တေဝိဇ္ဇ-စသည် ဂုဏ်ထူးရှိကုန်သော ရဟန္တာတထောင်တို့ကို ရွေးချယ်တော်မူကာ အရှင်မဟာကဿပ, အရှင်မဟာယသတို့ သင်္ဂါယနာတင်တော်မူခဲ့ကြကုန်သကဲ့သို့ သင်္ဂါယနာတင်တော်မူကြ၍ သာသနာတော်၏ အညစ်အကြေးကို ဆေးကြော သုတ်သင်တော်မူကြကုန်၏။ ယခင် သင်္ဂါ-ယနာ ၂-ကြိမ်ကို ထောက်၍ တတိယသင်္ဂါယနာအဖြစ်ဖြင့် ထင်ရှားလေသည်။ တတိယသင်္ဂါယနာသဘင်ကို တထောင်သော ရဟန္တာတို့သည် ကိုးလ (၉-လ) တိုင်တိုင် တင်တော်မူကြကုန်သတည်း။

တတိယသင်္ဂါယနာ ပြီး၏။

အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်သည် တတိယသင်္ဂါယနာ တင်တော်မူပြီးသည့်အခါ ငါတို့ ကွယ်လွန်ကြပြီးသည့်နောက်၌ သာသနာတော်သည် အဘယ်အရပ်ဒေသ၌ တည်လေအံ့နည်းဟု ဆင်ခြင်တော်မူကာလ ပစ္စန္တ အရပ်ဒေသတို့၌ သာသနာတော် ထွန်းကားတည်ရှိပေလိမ့်မည်ဟု မြင်တော်မူ၍ ကိုးတိုင်း ကိုးဌာနဖြစ်သော ပစ္စန္တအရပ်တို့သို့ သင့်လျော်သောမထေရ်တို့ကို ရွှေဆောင်စေလျက် သံဃာဂိုဏ်းပြည့်စေရန် ငါးပါး, ငါးပါးစီ သာသနာပြု စေလွှတ်တော်မူရာ——

၁။ မဇ္ဈန္တိကထေရ် အမှူးရှိသောသံဃာကို ကသ္မီရတိုင်းသို့ရင်း။

၂။ မဟာရေဝထေရ်အမှူးရှိသောသံဃာကို မဟိံသကသို့ရင်း။

၃။ ရက္ခိတထေရ်ကို ဝနဝါသီသို့ရင်း။

၄။ ယောနက ဓမ္မရက္ခိတထေရ်ကို အပရန္တသို့ရင်း။

၅။ မဟာဓမ္မရက္ခိတထေရ်ကို မဟာရဋ္ဌသို့ရင်း။

၆။ မဟာရက္ခိတထေရ်ကို ယောနကတိုင်းသို့ရင်း။

၇။ မဇ္ဈိမထေရ်ကို ဟိမဝန္တာသို့ရင်း။

၈။ သောဏထေရ်နှင့် ဥတ္တရထေရ်ကို သုဝဏ္ဏဘူမိသို့ရင်း။

၉။ မိမိ၏ သဒ္ဓိဝိဟာရိက တပည့် မဟိန္ဒထေရ်ကို သီဟိုဠ်သို့ရင်း။

အသီးအသီး စေလွှတ်တော် မူလေသည်။ ရှေးဆောင် မထေရ်တို့သည် သံသာဂိုဏ်းပြည့်အောင် မိမိ မိမိတို့နှင့်တကွ ငါးပါးစီ ကြွတော်မူကြသည်မှာ မဇ္ဈိမဒေသမှ တပါး ပစ္စန္တအရပ်ဒေသတို့၌ ရဟန်းသံဃာ ငါးပါးပြည့်လျှင် ဥပသမ္ပဒကမ်စသည်ကို ဆောင်ရွက်နိုင်သည် ဖြစ်သောကြောင့်တည်း။

မဇ္ဈိမဒေသ သာသနာဝင် ပြီး၏။

---

# သထုံပြည် သာသနာဝင်

အရှင်သောဏထေရ်သည် အရှင်ဥတ္တရထေရ်နှင့် အတူတကွ နောက်ပါ ရဟန်းများကိုခေါ်၍ သုဝဏ္ဏဘူမိသို့ ကြွတော်မူကြ၏။ တတိယသင်္ဂါယနာတင်ပြီးစ သာသနာတော်နှစ် ၂၃၅-နှစ်မြောက် ဖြစ်သည်။ ထိုအချိန်၌ သထုံပြည်ကို သိရိမာသောကမင်း အုပ်စိုး မင်းပြုလျက်ရှိ၏။ ရေစောင့်ဘီလူးမသည် အသင်းအပင်းနှင့်တကွ သမုဒ္ဒရာမှ တက်လာပြီးလျှင် နန်းတော်၌ သားဖွားတိုင်း သားဖွားတိုင်း လုယူ စားလေ့ရှိ၏။ အရှင်သောဏထေရ်များ ကြွရောက်တော်မူသောနေ့၌လည်း နန်းတော်၌ သားဖွားလျက်ရှိသဖြင့် အစောင့်အရှောက်လူတို့သည် သင်္ကန်းဝတ်ရုံတော်မူသော မထေရ်မြတ်တို့ကို မြင်လျှင် ရေဘီလူးမ၏ အဖော်သဟဲ အသင်းအပင်းများဟု မှတ်ထင်၍ လက်နက်များဖြင့် ရိုက်ပုတ်ကြရန် လာကြကုန်၏။ မထေရ်တို့က အကြောင်းကိုမေးရာ အသင်တို့သည် မင်းနန်းတော်၌ ဖွားမြင်သော ကလေးသူငယ်ကို လုယက် စားလေ့ရှိသော ရေဘီလူးမ၏ အဖော်သဟဲတွေ ဖြစ်သလားဟု ရိုက်ပုတ်ရန်လာကြသည်ဟု ပြောကြ၏။ မထေရ်တို့က ငါတို့သည် ရေဘီလူးမ၏ အဖော်တွေမဟုတ်၊ ငါတို့သည် ရဟန်းတော်များ ဖြစ်ကြသည်။ ရဟန်းတော်ဟူသည်— ၁-သူတပါးအသက်ကိုသတ်ခြင်းမှ ရှောင်ကြသည်။ ၂-ခိုးယူခြင်းမှလည်း ရှောင်ကြသည်။ ၃-မမြတ်သော မေထုန်အမှုမှလည်း ရှောင်ကြသည်။ ၄-မုသားပြောခြင်းမှလည်း ရှောင်ကြသည်။ ၅-အရက်သေစာသောက်ခြင်းမှလည်း ရှောင်ကြသည်။ ၆-ညစာစားခြင်းမှလည်း ရှောင်ကြသည်။ သီလရှိကြသည်။ ကောင်းသော အလေ့အကျင့် ရှိကြသည် ဟု ပြောဟောနေစဉ်၌ပင် ရေဘီလူးမသည် အသင်းအပင်းနှင့် သမုဒ္ဒရာမှ တက်လာကြသည်ကို မြင်၍ အရှင်တို့....ရေဘီလူးမလာပါပြီဟု ကြောက်လန့်ကာ အော်ဟစ်ကြ၏။ အရှင်သောဏထေရ်သည် ရေဘီလူးမထက် နှစ်ဆ

ကြီးသော ရုပ်တို့ကို ဖန်ဆင်း၍ ဘီလူးမတို့ကို ဝိုင်းရာ ဘီလူးမတို့သည် ပြေးကြကုန်၏။ မမြင်ရာသို့ ရောက်သည်တိုင်အောင် ပြေးစေပြီးနောက် ထက်ဝန်းကျင်၌ ပရိတ်ဒေသနာတော် အရံအတားကို ပြုတော်မူ၏။

မထေရ်များရှိရာသို့ ရောက်ကြသော ပရိသတ်အား ဗြဟ္မဇာလသုတ်ကို ဟောတော်မူ၍ သရဏဂုံ သီလတို့၌ တည်စေတော်မူသည်။ ခြောက်သောင်းမျှလောက်သော လူတို့သည် တရားထူးကို ရကြကုန်၍ သုံးထောင့်ငါးရာသော သူငယ်တို့သည်လည်း ရှင်ရဟန်းပြုကြကုန်သည်။ အမျိုးသမီး တထောင့်ငါးရာတို့သည်လည်း ရဟန်းပြုကြသဖြင့် အရှင်သောဏထေရ်သည် သထုံပြည်၌ သာသနာတော်ကို တည်ထွန်းစေတော်မူသတည်း။ တရားထူးရကြသော ပုဂ္ဂိုလ်ခြောက်သောင်း, ရဟန်းပြုသော အမျိုးသား သုံးထောင့်ငါးရာ, အမျိုးသမီးတထောင့်ငါးရာတို့ ဟူသည်ကို သာသနာပြုစ တချိန်တည်း၌ ပေါ်ပေါက်သည်ဟု မယူရာ၊ အရှင်သောဏနှင့် အရှင်ဉတ္တရတို့ သာသနာပြုတော်မူသည့် ကာလအတွင်း၌ ထိုမျှလောက် ဖြစ်ထွန်းသည်ဟု ယူမှ သင့်မြတ်ပေမည်။ အမျိုးသမီးတို့ ရဟန်းပြုကြသည်မှာလည်း အရှင်သောဏထေရ်များ ကြွရောက်ပြီးနောက် သာသနာအခြေစိုက်မိ၍ မဇ္ဈိမဒေသက ဘိက္ခုနီ = ရဟန်းမများ ရောက်လာသောအခါမှသာ ရဟန်းပြုကြသည်ဟု မှတ်ရပေမည်။

မင်းအိမ် (နန်းတော်)၌ ဖွားမြင်သော သူငယ်တို့ကိုလည်း အရှင်မြတ်နှစ်ပါးတို့ကို လေးစား၍ အထိမ်းအမှတ် ပြုသောအနေဖြင့် သောဏုတ္တရ-ဟူ၍ အမည်ပေးကြကုန်၏။ နိုင်ငံတော်၌ ရေဘီလူးမဘေးမှ လွတ်ကင်းငြိမ်းအေးစေခြင်းငှါ မထေရ်များ ဖန်ဆင်းသော ရုပ်ပုံကို ထန်းရွက်,ပေရွက်, သလူရွက်များ၌ ရေး၍ ဆောင်ကြကုန်၏။ မထေရ်မြတ်တို့ ဖန်ဆင်းသော ရုပ်တုဖြစ်သော မနုဿီဟခေါ် လူတပိုင်း ခြင်္သေ့တပိုင်း ကျောက်ရုပ်ကိုလည်း သထုံမြို့၏ အရှေ့မြောက်ထောင့် တောင်ထိပ်၌ တည်ထားကြကုန်၏။ ယနေ့တိုင် မနုဿီဟ ကျောက်ရုပ် ထင်ရှားရှိသေးသည်ဟု သိရသည်။

၁။ အရှင်သောဏ, အရှင်ဉတ္တရ။
၂။ ထိုမထေရ်တို့၏ တပည့် အရှင်သောဘိတ။
၃။ အရှင်သောမဒတ္တ။
၄။ အရှင်သုမနတိဿ။

၅။ အရှင်သောပါက။

၆။ အရှင်သောမဒတ္တ။

၇။ အရှင်အနောမဒဿီ။

၈။ အရှင်အဓိသီလ။

၉။ အရှင်ပြာဏဒဿီ။

၁၀။ အရှင်သီလဗုဒ္ဓိနှင့် အရှင်မဟာကာလ။

ဤသို့အားဖြင့် သထုံပြည် ဆရာစဉ်ဆက် သာသနာတော်ကို ဆောင်ခဲ့ကြသည်မှာ ၁၀-ဆက် ဖြစ်လေသည်။ အရှင်ပြာဏဒဿီကား အဘိညာဏ် ရသည်ဟု ကလျာဏီ ကျောက်စာ၌ ဆိုသည်။ အရှင်သီလဗုဒ္ဓိ၏ တပည့် အရှင်ဓမ္မဒဿီသည် အထက်မြန်မာနိုင်ငံ ပုဂံပြည်၌ အစဦးဆုံး သာသနာပြု အရှင်ဖြစ်သည်။ အရှင်ဓမ္မဒဿီကို ထည့်၍ ရေတွက်လျှင် သထုံသာသနာ ဆရာစဉ် ၁၁-ဆက်ဖြစ်၏။

သထုံပြည်မင်းဆက် ၅၂-ဆက်တွင် ဂ-ဆက်မြောက် သာသနာတော်နှစ် ၂၃၅-ခုနှစ် အရောက် သိရိမာသောကမင်း လက်ထက်၌ သာသနာ ရောက်၍ ၂၅-ဆက်မြောက် ဓမ္မပါလရာဇာမင်း လက်ထက် သီဟိုဠ်မှ ပိဋကတော်များ ရောက်လာသည် (ပါဠိတော်များသာ ဖြစ်ရာသည်)။ သထုံဆရာစဉ် ၁၀-ဆက်၊ တနည်း- ၁၁-ဆက်တွင် ခုနစ်ဆက်မြောက် အရှင်အနောမဒဿီ လက်ထက်၌ သီဟိုဠ်ကျွန်း၌ အရှင်ဗုဒ္ဓဃောသ ပြုသော အဋ္ဌကထာသစ်ကို အရှင်ဗုဒ္ဓဃောသ ယူဆောင်လာသည်ဟု ဗုဒ္ဓဃောသုပ္ပတ္တိ၌ ဆိုသည်။

လူဆိုး တန္တ သူခိုး ဓားပြဘေး, ရောဂါဘေး, ငတ်မွတ်ခေါင်းပါးသော ဘေးတို့ကြောင့် ရမည္ပတိုင်းသည် စီးပွါးရေးဘက်၌ အားနည်းလာလေရာ ဒါယကာတို့၏ ပစ္စည်းလေးပါးကို အမှီပြု၍ အားရှိရသော ဘုရားရှင် သာသနာတော်သည်လည်း တဖြေးဖြေး အားနည်းလာလေတော့သည်။ သူရိယကုမာရမည်သော မနူဟာမင်းလက်ထက် သာသနာတော်နှစ် ၁၆၀၀-ရှိသောအခါ၌ကား သာလွန်၍ အားနည်း မှေးမှိန်ခဲ့လေပြီ။

သို့ အားနည်းလှသဖြင့် သာသနာတော် ၁၆၀၁-နှစ်၌ ပုဂံပြည့်ရှင် အနော်ရထာမင်း (အနုရုဒ္ဓမင်း) လာရောက်တိုက်ခိုက်၍ မင်းနှင့်တကွ ပိဋကတော်များ, ရဟန်းသံဃာတော်များကိုပါ ပုဂံပြည်သို့ သိမ်းယူ ပင့်

ဆောင်သွားသောကြောင့် သထုံပြည်သည် ရှာနိဂုမ်းမျှ အနေလောက်သာ ကျန်ရှိတော့သည် ဟု ကလျာဏီ ကျောက်စာ၌ ဆိုသည်။

အလျဉ်းသင့်၍ သထုံပြည်သည် အဘယ်အရပ်ဒေသဖြစ်သည်ဟု ယူဆသင့်ကြောင်း ဆိုသော ဝါဒတပါးကို ဖော်ပြဦးအံ့။

ဣန္ဒိယပြည် နာလန္ဒ ကျောင်းတော်ကြီးကို တူးဖော်ရာမှ ရရှိသော ကြေးပုရပိုက်၌ သုဝဏ္ဏဒီပခေါ် စုမာတြာကျွန်းဘုရင် သိရီဗလပုတ္တဒေဝ-က ရာဇဂြိုဟ်ပြည်နယ် ဂယာစီရင်စုမှ ရွာငါးရွာကို မိမိပိုင်သော စုမာတြာမှ ရွာငါးရွာနှင့် လဲလှယ်၍ နာလန္ဒကျောင်းတော်ကြီးအား လှူဒါန်းကြောင်း ရေးသားထားသည်ကို တွေ့ကြရသည်။ ထို သိရီဗလပုတ္တဒေဝ ဘုရင်မှာ ကိုးရာစုနှစ်က ဖြစ်သည်။ ထို့ကြောင့် ထိုစဉ်အခါကလည်း အင်ဒိုးနေရှားပြည် စုမာတြာကျွန်း၌ ဘုရင်နှင့် ပြည်သူပြည်သားများမှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြောင်း ထင်ရှားပေသည်။

ထိုကြေးပုရပိုက်၌ သုဝဏ္ဏဒီပ ဟူသော အမည်ကို အမှီပြု၍ သိရီဓမ္မာ-သောကမင်းကြီးလက်ထက်က သာသနာပြု စေလွှတ်ရာ ၉-ဌာနတွင် အပါအဝင်ဖြစ်သော သုဝဏ္ဏဘူမိ ဆိုသည်မှာ စုမာတြာကျွန်းပင် ဖြစ်သည် ဟူ၍ ၎င်း, မြန်မာပြည်က သထုံမြို့ကို သုဝဏ္ဏဘူမိ ဟု ခေါ်သည်မှာလည်း ထို စုမာတြာမှပင် တဆင့်ပွါးလာသောအမည် ဖြစ်သည်ဟူ၍၎င်း အချို့သော ပညာရှိတို့က ယူဆဆုံးဖြတ်ကြသည်။ ထိုဆုံးဖြတ်ချက်အရဆိုလျှင် စုမာတြာကျွန်း၌ ခရစ်သက္ကရာဇ် မပေါ်မီ အနှစ်သုံးရာလောက်ကပင် ဗုဒ္ဓသာသနာ ရောက်ရှိနေသည်ဟု ယူဆဖွယ် ရှိပေသည်-ဟူ၍ မဟာစည်ဆရာတော်၏ အင်ဒိုးနေရှား သာသနာပြု မှတ်တမ်း၌ ဆိုပေသည်။

ခရစ်သက္ကရာဇ်မပေါ်မီ နှစ်ပေါင်း သုံးရာလောက်ကဆိုလျှင် တတိယသင်္ဂါယနာတင်ချိန်, သို့မဟုတ် ပြီးချိန်လောက်နှင့် တိုက်ဆိုင်နေပေသည်။

မော်လမြိုင်မြို့ အဂ္ဂမဟာပဏ္ဍိတ တောင်ပေါက်ကျောင်းဆရာတော်ကြီး **အရှင်စက္ကပါလ**ကမူ—

ကျွန်းများတွင် "**သုမာတြာကျွန်းကို မူလသုဝဏ္ဏဘူမိ အဖြစ်ယူရခြင်းအကြောင်း**" ဟု စာခေါင်းတပ်လျက် ဣန္ဒိယပြည် ကမ္ဘည်းကျောက်စာဘက်ဆိုင်ရာက ထုတ်ဝေသော နာလန္ဒာအကြောင်းစာအုပ်၌ ဖော်ပြ

ပါရှိသော နာလန္ဒာကျောင်းကြီး တူးဖော်တွေ့ရှိပုံ အကြောင်းအရာတွင် အောက်ပါအချက်များ ပါရှိသည်။ [တူးဖော်တွေ့ရှိရာ၌ နံပါတ်(၁)ဧည့်ခံ ခန်းမကြီးအဝင် အနောက်မြောက်ထောင့် တနေရာတွင် ဝဂ်တိုင်း ပါလ မင်းဆက် သုံးဆက်မြောက် ခရစ်သက္ကရာဇ် ၉၀၀၊ သာသနာနှစ် ၁၄၄၄-ခု နောက်ပိုင်း အနှစ်ငါးဆယ်လောက်က အုပ်စိုးခဲ့သော ဒေဝပါလမင်း ထား ခဲ့သော ကြေးပုရပိုက်ကို တူးဖော်တွေ့ရှိရသည်။ ၎င်းပုရပိုက်၌ ဖော်ပြထား သည်မှာ သုဝဏ္ဏဒ္ဒိပခေါ် သုမာတြာကျွန်း ဘုရင် သိရိဗလပုတ္တဒေဝသည် နာလန္ဒာကျောင်းတော်ကြီး တည်မြဲစေရန် အစောင့်အရှောက် အထောက် အပံ့ဖြစ်စေရန်နှင့် ၎င်းကျောင်း၌ လာရောက်သီတင်းသုံး၍ ပညာသင်ကြား ကုန်သော ရဟန်းတော်များ ချမ်းသာစေရန် အလို့ငှါ သိရိနဂရခေါ် ပါဋလိပုတ်ခရိုင် နိုင်ငံအတွင်း ရာဇဂဟ ဂယာစီရင်စုများတွင် ရှိသော ရွာ ငါးရွာတို့ကို ပေးလှူရာ ၎င်းရွာငါးရွာအဘို့ မိမိပိုင်သော သုဝဏ္ဏဘူမိ၌ ရှိသော ရွာငါးရွာကို အစားထိုး၍ ထိုအခါက ပါဋလိပုတ်ခရိုင် နိုင်ငံကို ပိုင်ဆိုင်သော ဒေဝပါလမင်းအား ဖလှယ်ပေးကြောင်း—ဤသို့ ဖော်ပြ ထားသည်-စသည်ဖြင့် ဗုဒ္ဓသာသနိက ပထဝီဝင်ကျမ်းကြီး၌ သုမာတြာ ကျွန်းသည်သာ မူလသုဝဏ္ဏဘူမိဖြစ်ကြောင်း။ ယင်းသုဝဏ္ဏဘူမိ နယ်ပယ် အတွင်းသို့ ပါဝင်သင့်သော ဒေသများမှာ—ဂျာဝါ, သုမာတြာ, ဗာလီ, ဘိုနီယိုကျွန်းများ၊ စက်ာပူ, မလေး, ယိုးဒယား, ခမင်, ကမ္ဘောဒီးယား, တနင်္သာရီစသော မြန်မာပြည်အောက်ပိုင်း ရာမညတိုင်းများ ဖြစ်သင့်သည် ဟူ၍ ရှည်လျားကျယ်ဝန်းစွာ ရှင်းလင်း ရေးသား ထားတော်မူသည်။ နှစ်သက်ရာ ယူကြရန်ပင် ဖြစ်သည်။

သထုံပြည် သာသနာဝင် ပြီး၏။

---

# ပုဂံပြည် သာသနာဝင်

### ၁။ ရှင်အရဟံ

ရှင်အရဟံသည် သထုံ အရှင်သီလဗုဒ္ဓိ၏ တပည့် အရှင်ဓမ္မဒဿီတည်း။ ရှင်အရဟံ၏အတ္ထုပ္ပတ္တိမှာ—

၁။ ရာဇဝင်လာ။

၂။ ပရိတ္တနိဒါန်းလာ။

၃။ သာသနာဆက်စာလာ—
အားဖြင့် သုံးမျိုးကွဲပြားလျက် ရှိပေသည်။

ယင်းသုံးမျိုးလုံးကိုပင် သာသနာလင်္ကာရ စာတမ်း၌ ဖော်ပြထားလေသည်။ ယခုခေတ်ရေး သာသနဝံသဒီပနီအချို့၌လည်း သာသနာလင်္ကာရ စာတမ်းအတိုင်းပင် ကူးယူဖော်ပြကြသည်။ ပရိတ္တနိဒါန်းအလို ရှင်အရဟံသည် သီဟိုဠ်ကျွန်းသားဖြစ်၏။ ရာဇဝင်နှင့်သာသနာဆက်စာအဆို မြန်မာနိုင်ငံတော် ရာမညတိုင်းသားဖြစ်၏။ အဆိုသုံးချက်မညီသော်လည်း သထုံမှ ဆင်းသက်လာသော သာသနာအဖြစ်မှာမူကား ထင်ရှား၏။ သထုံဇာတိဟု ယူရန်လည်း ယုတ္တိရှိ၏။ ရာဇဝင်နှင့် သာသနာဆက်က ထောက်ခံလျက်ရှိ၏။ ရှင်အရဟံ ဖြစ်ပေါ်လာပုံကို ရာဇဝင်ဆရာတို့ဆိုပုံမှာကား အရှင်မဟာမောဂ္ဂလိပုတ္တတိဿနှင့် အရှင်နာဂသေနတို့၏ဖြစ်ပေါ်ပုံကို တုမူ၍ ဆိုရာရောက်နေ၏၊ ဗြာဟ္မဏလူမျိုး အလွန်နည်းပါးသော နိုင်ငံ၌ ဗြာဟ္မဏမျိုး၌ ပဋိသန္ဓေတည်ကာ ဖွားမြင်ပုံတို့မှာ သဘာဝယုတ္တိကင်းသည်ဟု ဆိုချင်၏။ ရိုးရိုး ရာမညတိုင်း သထုံပြည် အမျိုးကောင်းထဲ၌ ဖွားမြင်သော ပုဂ္ဂိုလ်မြတ်အဖြစ်ကိုကား ယုံမှားဖွယ်မရှိ လက်ခံထိုက်ပေသည်။

ရှင်အရဟံသည် သာမဏေမပြုမီက ခေတ်အလျောက် လူတို့တတ်အပ်သော သိပ္ပပညာတို့ကို တတ်မြောက်ခဲ့၏။ ရှင်သာမဏေ ဖြစ်ပြီးကာလ ပိဋကစာပေတို့ကို အဋ္ဌကထာနှင့်တကွ သင်ကြားဆောင်ရွက်ပြီး ဖြစ်တော့သည်ဟု ဆိုသည်။ ရဟန်းဖြစ်ပြီးနောက် မကြာမြင့်မီ ရဟန္တာအဖြစ်သို့ ရောက်တော်မူလေသည်။ ရဟန်းဖြစ်ပြီးကာလ ဂျွမ်း,ယိုးဒယား,သောက္ကတဲမြို့တို့၌ ဆယ်နှစ်ကျော် သီတင်းသုံးနေတော်မူခဲ့သေးသည်၊ သည်နောက်မှ သထုံသို့ကြွ၍ တောရကျောင်း နေတော်မူလေသည်။

သာသနာတော်နှစ် ၁၆၀၁-ခုနှစ်တွင် ရှင်အရဟံ ပုဂံပြည်သို့ ကြွ၍ သာသနာပြုတော်မူသည်။

သာသနာပြု ကြွတော်မူရခြင်းအကြောင်းမှာ ပုဂံပြည်၌ သမုဒ္ဒရာဇ်မင်းက စ၍ အနော်ရထာမင်းစောတိုင်အောင် မင်းဆက် သုံးဆယ်တို့သည် သမထီးအရပ်၌ နေကုန်သော အရည်းကြီး သုံးကျိပ်တို့နှင့် တပည့် အရည်းခြောက်သောင်းတို့၏ ဩဝါဒကို ခံယူ၍ ပြည်သူ တိုင်းသားတို့နှင့်တကွ လိုက်နာကြကုန်၏။

အရည်းကြီးတို့၏ အယူဝါဒဟူသည်မှာ—

၁။ သူတပါးအသက်ကို သတ်မိသောသူသည် ဤပရိတ်ကို ရွတ်ဆိုလျှင် ကမ္မပထမမြောက်၊ ကင်းလွတ်၏။

၂။ မိဘကို သတ်မိသောသူသည် ဤပရိတ်ကိုရွတ်ဆိုလျှင် ပဉ္စာနန္တရိယကံမှ လွတ်၏။

၃။ မင်း, မှူးမတ်မှစ၍ တိုင်းသား ပြည်သူအားလုံး ဆင်းရဲသားတို့တိုင်အောင် လိုက်နာရသော ကျင့်ဝတ် အထူးမှာ—

မိမိတို့၏ သားသမီးများကို အာဝါဟ, ဝိဝါဟအမှု ထိမ်းမြားမင်္ဂလာပြုအံ့သောအခါ သတို့သမီးကို ညဦးကပင် အရည်းကြီးတို့ထံသို့ ပို့ရ၏၊ နံနက်မိုးသောက်ကာလ ပြန်လွှတ်လိုက်မှသာ ထိမ်းမြား လက်ထပ် မင်္ဂလာကို ပြုရသည် ဟူ၏။ ဤသို့ တညတာ ပို့ထားခြင်းကို ဆရာသခင်တို့အား ပန်းဦးပေးလှူခြင်း ဟု ဆိုကြ၏။ ယင်းသို့ မပို့သောသူသည် ကြီးလေးသော မင်းပြစ်မင်းဒဏ်ကို ခံရသော ဟု ဆို၏။

**မှတ်ချက်။** ။ ဤအထက်ပါ စကားသုံးရပ်တွင် တတိယမြောက် ပန်းဦးပေးရသည်ဆိုသော စကားသည် စာထက် ပေထက် ရောက်လျက်ရှိသော စကားဖြစ်၍ မှတ်သားရမည် ဖြစ်သော်လည်း ပုဂံပြည်ကဲ့သို့သော မင်းစိုးရာဇာအုပ်ချုပ်၍ စာနှင့် ပေနှင့် ကျမ်းဂန်များနှင့် ယဉ်ကျေးလျက်ရှိသော လူမျိုးတို့၌ ဤမျှလောက် ညံ့အောင် ရိုင်းစိုင်းပေလိမ့်မည် ဟု ယူဆရန် ခဲယဉ်းလှပေသည်။ ဘုရားသာသနာတော် မရောက်သေးသောကြောင့် ထိုမျှ ရိုင်းသေးသည်ဟု ဆိုရမည်မှာလည်း ဘုရားသာသနာမှ အပဖြစ်သော အခြား ဘာသာတို့၌လည်း လောကကျင့်ဝတ်အနေဖြင့် အထိုက်အလျောက် ယဉ်ကျေးလိမ္မာစေရန် ညွှန်ကြားသော စာပေ ကျမ်းဂန်များ, ဘာသာအလိုက် ပညာရှိကြီးများ ရှိကြသည်ဖြစ်၍ ထိုပညာရှိတို့၏ ဆုံးမသြဝါဒအားဖြင့် ဘာသာအားလျော်စွာ ယဉ်ကျေးမှုရှိကြပေရာသည် ဟူ၍ ဆင်ခြင်လိုပေသည်။ သင့်မသင့် ချင့်ချိန်၍သာ ယူကြစေချင်သည်။ (ရှိပါစေတော့)။

နောက်တဖန် သုံးကျိပ်သော အရည်းတို့၌ တပည့် ခြောက်သောင်းရှိသည်ဆိုသော စကားသည်လည်း ယုတ္တိကင်းသော စကားပင်-ဟု ဆိုလိုပေ

သည်။ သာသနာတော်နှစ် ၁၆၀၀-အတွင်း၌ သထုံပြည်၌ ရာမညမင်းများ အုပ်စိုး၍ ပုဂံပြည်၌ မြန်မာမင်းများအုပ်စိုးခဲ့ကြသဖြင့် မြန်မာနိုင်ငံ ဆီးရှက် လောက်၌ တိုင်းပြည်နှစ်ပြည် ကွဲပြားလျက်ရှိ၏။ ထိုအချိန်၌လည်း မြန်မာ နိုင်ငံ ထက်အောက်ဒေသတို့၌ တောတောင်သာလျှင် ထူထပ်၍ အောက် ပိုင်း၌ ပင်လယ်ရေပြင်က များလျက်ရှိသော အချိန်ဖြစ်၏။ လူဦးရေသည် လည်း ယခုခေတ်နှင့်နှိုင်းစာလျှင် နည်းသော ခေတ်ကာလဖြစ်၏။ နိုင်ငံ တနိုင်ငံအတွင်း၌ နှစ်ပြည် နှစ်နိုင်ငံကွဲပြား၍ လူဦးရေနည်းသော ထိုအချိန် ၌ အရည်း ရှင်ယောင်တွေ ခြောက်သောင်းရှိနိုင်ရန် အလွန်ခဲယဉ်းပေရာ သည်။ ယခုအချိန်၌ တနင်္သာရီတိုင်း, ရခိုင်တိုင်း, တောင်ပိုင်း, မြောက်ပိုင်း ရှမ်းပြည်တို့အပါအဝင်ဖြစ်၍ ကျယ်ဝန်းသော မြန်မာနိုင်ငံတော်၌ သာသ- နာတော် နေ့လပမာ ထင်လင်းတောက်ပနေသော အချိန်အခါဖြစ်ပါ လျက် ရဟန်းရော သာမဏေပါ ရှစ်သောင်းကျော်လောက်သာ ရှိသော ကြောင့် လူဦးရေနည်း၍ နှစ်နိုင်ငံဖြစ်နေသော ထို ပုဂံခေတ် အချိန်၌ ပုဂံပြည်တွင် အရည်း ခြောက်သောင်း ရှိနိုင် မရှိနိုင်ကိုလည်း ဆင်ခြင်၍ ယူသင့်လှပေသည်။ (ရှိပါစေဦးတော့)။

အရည်းကြီးတို့ကား ပုဂံပြည်၌ အမှန်ရှိ၍ မိမိစား နေမှု ချမ်းသာရေး ကိုသာလျှင် ရည်ရွယ်၍ အဓမ္မဝတ္ထု တရားမှန်မဟုတ်သောဝါဒတို့ကို ပြော ဟောနေကြသည်မှာလည်း မှန်ပေသည်။ မြန်မာနိုင်ငံ ပုဂံပြည်၌ မှားယွင်း သောအယူဝါဒတို့ ဖုံးလွှမ်း၍ သာသနာတော် ကွယ်ပနေသည်ကို သိရှိတော် မူသော ရှင်အရဟံသည် နောက်က ရေးခဲ့သည့်အတိုင်း သာသနာတော်နှစ် ၁၆၀၁-ခုနှစ်၌ ပုဂံပြည်သို့ သာသနာပြုရန် ကြွတော်မူခြင်းဖြစ်သည်။

ပုဂံပြည်သို့ ရောက်လျှင် မြို့အနီး တောအုပ်တခု၌ သီတင်းသုံးနေသည် ကို မုဆိုးတယောက် တွေ့မြင်ရာ ရဟန်းတော်ကို ယခင်က မြင်ဘူးသည် မဟုတ်သဖြင့် ထူးဆန်းသော လူတဦးအနေဖြင့် မင်းအား ပြရန် မြို့တွင်းသို့ ခေါ်ဆောင်လာခဲ့၏။ ရှင်အရဟံသည် ရဟန်းပရိက္ခရာဖြစ်သော သပိတ် သက်န်းကိုလွယ်ကာ လိုက်လာတော်မူသည်၊မုဆိုးသည် မင်းအား ထူးဆန်း သော လူတဦး တော၌တွေ့၍ ခေါ်ယူခဲ့ကြောင်း ပြောကြား၏။ မင်းသည် ရှင်အရဟံကို ကြည့်၍ ဤပုဂ္ဂိုလ်သည် လူရိုင်းမဟုတ်ပေရာ၊ အကြောင်းမူ ကား ဤပုဂ္ဂိုလ်သည် တည်ကြည်ငြိမ်သက်သော ဣန္ဒြေရှိသဖြင့် မြင့်မြတ်

သော ပုဂ္ဂိုလ်သာဖြစ်ရာသည်ဟု နေရောင်ခြည်တွေ့ထိသော ပဒုမာကြာ ပန်းသည် ပွင့်လန်းခြင်းသို့ ရောက်သကဲ့သို့ ရွှင်လန်းကြည်လင်သော စိတ် ဖြင့် အသင်သည် လျှောက်ပတ်သောနေရာ၌ ထိုင်ပါလော့ဟု ဆို၏၊ ရှင် အရဟံသည် ဤအရပ်၌ မိမိက အလေးပြုရအံ့သော ပုဂ္ဂိုလ်ကို မမြင်သော ကြောင့် မင်း၏ နေရာ ရာဇပလ္လင်ထက်၌ သီတင်းသုံးတော်မူလေသည်။

မင်းကြီးသည် ကြည့်ရှုတော်မူ၍ ဤသူသည် မြင့်မြတ်သော နေရာ၌သာ နေသူဖြစ်၍ မြတ်သောသူ အစစ်အမှန်ဖြစ်ပေပြီ-ဟု နှလုံးမူ၍ မေး မြန်းသည်မှာ—

အသင်သည် အဘယ်သူ၏ အမျိုးအနွယ်ဖြစ်ပေသနည်း၊ အဘယ်အရပ်မှ လာပါသနည်း၊ အဘယ်သူ၏ ဩဝါဒကို ခံယူပါသနည်း။

ငါတို့၏ အမျိုးအနွယ်သည် သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရား၏ အမျိုးအနွယ် ဖြစ်ပေသည်၊ ငါ၏ ဥပဇ္ဈာယ်နှင့် သဗြဟ္မစာရီ သီတင်းသုံးဖော် သံဃာ တော်များရှိရာအရပ်မှ လာခဲ့သည်၊ သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရား၏ ဩဝါဒ ကို ခံယူပေသည်။

သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား၏ ဩဝါဒတရားတော်ကို တစိတ်တဒေသ ဟောကြားပါဟု တောင်းပန်၏။

ရှင်အရဟံသည် အပ္ပမာဒတရားဒေသနာတော်ကို ဟောကြားတော်မူ သည်။

ဘုရားရှင်ကား အဘယ်မှာရှိပါသနည်း၊ တရားတော် အရေအတွက် အဘယ်မျှရှိပါသနည်း၊ အရှင်မှ တပါးသော တပည့်သာဝကများ ရှိပါသေး သလား။

သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူပြီ၊ အရိုး ဓာတ် တော်မွေတော်သာ ယခု ကြွင်းလျက်ရှိသည်။ တရားတော်ကား (၈၄၀၀၀) ရှစ်သောင်းလေးထောင် ရှိကြောင်း၊ သထုံပြည်၌ ပိဋကတော် အစုံ (၃၀) သုံးဆယ်ရှိ၍ ငါမှတပါး ပရမတ္ထသံဃာတော်,သမ္မုတိသံဃာတော် များစွာ ရှိကြောင်းကို ဖြေကြားလေလျှင်—

မင်းကြီးသည် ပိုမိုတက်ကြွ ဝမ်းမြောက်ဝမ်းသာဖြစ်ကာ သဒ္ဓါစေတနာ ထက်သန်စွာဖြင့်—

အရှင်မြတ်....ကျွန်ုပ်သည် ယခုမျက်မှောက်ကာလ၌ အရှင်မှတပါး အခြား အားထားကိုးကွယ်ရာ မရှိပါပြီ၊ ကျွန်ုပ်၏ ကိုယ်နှင့်အသက်ကို အရှင်

အားအပ်နှင်းပါသည်၊ အရှင်၏ အဆုံးအမဩဝါဒကို ကျွန်ုပ်ခံယူပါတော့အံ့ ဟု လျှောက်ပြီးလျှင် ပုဂံပြည်အနီး သင့်တင့်လျောက်ပတ်သော အရပ်၌ ကျောင်းတော်ဆောက်လုပ် လှူဒါန်းပြီးလျှင် အရည်းကြီးတို့ကိုလည်း ပယ်တော်မူသည်၊ ပြည်သူတိုင်းသားတို့ကိုလည်း ရှင်အရဟံ၏ တရားဒေသနာကို ကြားနာစေကာ အရည်းကြီးတို့ကို ကိုးကွယ်ခြင်းမှ စွန့်လွှတ်စေလေသည်။ အရည်းကြီးတို့၏ အန္တရာယ်မှ လုံခြုံစေရန် အစောင့်အရှောက် လူတရာ အရာမ်စောင့်အဖြစ် လှူထားလေသည်။ ဝိနည်းကမ်နှင့်အညီ လူအချို့ကို တော်လှန်စေ၍ ရှင်ရဟန်းပြုစေတော်မူကာ ပိဋကတော်ကို သင်ကြားစေတော်မူသည်။

ရှင်အရဟံ မိန့်တော်မူသည်မှာ—ဘုရားရှင် သာသနာတော်တည်ရန်မှာ ပရိယတ္တိသာသနာတော် အခြေခံဖြစ်သည်၊ ပရိယတ်ရှိမှ ပဋိပတ္တိသာသနာ ရှိသည်၊ ပဋိပတ္တိသာသနာရှိမှ ပဋိဝေဓသာသနာတော် ဖြစ်ပေါ်နိုင်သည်၊ ဤပြည်၌ ပိဋကတော် အပြည့်အစုံ မရှိသေးချေ။ ပိဋက တော် အစုံအလင် ရှိသော တိုင်းပြည်တို့သို့ လက်ဆောင်ပဏ္ဏာပို့ကာ တောင်းယူ ပူဇော်ထိုက်သည်၊ သို့မှလည်း သာသနာတော် ဤပြည်၌ အခွန့်ရှည်စွာ တည်ပေမည်ဟု မိန့်တော်မူကာလ အဘယ်တိုင်းပြည်၌ ပိဋကတော် အပြည့်အစုံရှိပါသနည်း ဟု လျှောက်ထားသဖြင့် သုဝဏ္ဏဘူမိသထုံပြည်၌ ပိဋကတော် အစုံ (၃၀) သုံးဆယ် ရှိပေသည်။ မြတ်စွာဘုရား၏ သာရီရိက ဓာတ်တော်မွေတော်တို့လည်း အများပင် ရှိပေသည်ဟု မိန့်တော်မူသည်ကာလ အနော်ရထာမင်းကြီးသည် မင်းထိုက်စိုးတန် လက်ဆောင်ပဏ္ဏာများစွာကို စီရင်စေ၍ စကားအရာ၌ လိမ္မာ၍ သာယာချေငံစွာ ပြောတတ်သော အမတ်တယောက်ကို အကြီးအမှူးပြု၍ သထုံပြည်သို့ ပိဋကတော်နှင့် သရီရဓာတ်တော်များကို တောင်းစေလိုက်ရာ သထုံပြည့်ရှင် မနူဟာမင်းသည် မချေမငံ ရင့်သီးစွာ ဆိုလိုက်သည် ဟူ၏။

အနော်ရထာမင်းသည် မနူဟာမင်းဆိုလိုက်သော စကားကို ကြားသိသောအခါ ပြင်းပြစွာ အမျက်ထွက်တော်မူ၍ (ရေကြောင်းမှ လှေရှစ်သိန်း, သူရဲရှစ်ကုဋေ၊ ကြည်းကြောင်းမှ စစ်သူကြီး ၄-ယောက်,ဆင်ရှစ်သိန်း, မြင်းရှစ်သိန်း, သူရဲကုဋေရှစ်ဆယ်) ဤသို့သော အလုံးအရင်းနှင့် တကွ ကိုယ်တော်တိုင် နောက်မှ တပ်မပြု၍ သထုံပြည်သို့ ချီတက်တော်မူသည်။

**မှတ်ချက်။** ။လက်သည်းကွင်းပြထားသော ကွင်းတွင်းရှိ လှေ့ဆင်၊ မြင်း စစ်သည် သူရဲတို့၏ အရေအတွက်မှာ အရည်းခြောက်သောင်း ဟူသော စကားရပ်၌ ပြဆိုခဲ့သကဲ့သို့ ဆင်ခြင်၍သာ ယူသင့်သည်။ ထက်,အောက် မြန်မာတနိုင်ငံလုံးရှိလူဦးရေထက်များလွန်းနေပေသေးသည်။

အနော်ရထာမင်း ချီတက်လာကြောင်းကို မနူဟာမင်း ကြားလျှင် အလွန်ကြောက်ရွံ၍ မြို့ကို အလုံအခြုံပြုကာ ခံနေ၏။ အစိမ်းပယောဂ စီရင်ကာကွယ်ထားခြင်းကြောင့် အနော်ရထာမင်း ကြိမ်ဖန်များစွာ လုပ်ကြံသော်လည်း မအောင်မြင်ချေ။ ဟူးရားဖြူ, ဟူးရားညိုတို့အား မေး၍ ပယောဂနည်းဖြင့် စီရင်ကာကွယ်ထားကြောင်း သိ၏။ ပယောဂစီရင်ပုံမှာ ဇော်ဂျီတကောင်ကို မီးဖုတ်ကင်ကာ စားသော ကုလားငယ်၏ ဦးခေါင်းနှင့် အပေါင်အလက်များကို မြို့ပတ်ဝန်းကျင်၌ မြှုပ်ထားသည်ဟု ဆိုသည်။ အနော်ရထာမင်းသည် ထိုအစီအရင်ကို သိရှိသောကာလ တူးဖော်စေ၍ သမုဒ္ဒရာတွင်းသို့ ပစ်စွန့်စေသည်တွင်မှ သထုံမြို့ကို အောင်မြင်လေသည်။

သထုံကို အောင်မြင်သောအခါ သထုံမင်း အဆက်ဆက်တို့ ရတနာပန်းတောင်း၌ ထား၍ ကိုးကွယ်သော ဓာတ်တော် မွေတော်တို့နှင့်တကွ ပိဋကတော်အစုံ သုံးဆယ်တို့ကို သထုံမင်းလက်ရှိ ဆင်ဖြူတော် ၃၂-စီးတွင် တင်၍ ပုဂံပြည်သို့ ယူဆောင်ခဲ့သည်၊ ပုဂံပြည်သို့ ရောက်လျှင် ဓာတ်တော် မွေတော်များကို ရတနာအတိပြီးသော ပတ္တမြားကြုတ်တွင် ဌာပနာ၍ ခေါင်းရင်းတော်ဝယ် ထားကာ မပြတ်ကိုးကွယ်တော်မူ၏။ ပိဋကတော်အစုံ သုံးဆယ်ကို ရတနာတို့ဖြင့်မွမ်းမံအပ်သော ပြာသာဒ်တွင် ထား၍ အရိယာသံဃာတော်တို့ သင်ကြားပို့ချရ၏။ သထုံပြည်မှလည်း အရိယာအစစ်သံဃာတော်တထောင်ကိုပါ ပင့်ဆောင်ခဲ့သည်ဟု ဆိုသည်။

အနော်ရထာမင်းသည် မနူဟာမင်းကိုလည်း ဖမ်းဆီးခေါ်ဆောင်ခဲ့၍ ပုဂံပြည် မြင်းကပါအရပ်၌ အလုပ်အကျွေးများနှင့် နေစေသည်၊မနူဟာမင်း စကားပြောသောအခါ ခံတွင်းမှ စက်ပြောင်ပြောင် ထွက်သည်ဟူ၏။ အနော်ရထာမင်းထံ အဖူးအမျှော်လာ၍ ဦးချသောအခါ အနော်ရထာမင်း ကြက်သီးမွေးညှင်း ထသည်,ထိတ်ထိတ်လန့်လန့် ရှိသည်ဖြစ်၍ မနူဟာမင်း တန်ခိုးညှိုးစေခြင်းငှါ မနောလင်ပန်းနှင့် စားတော်ပွဲပြင်ပြီးသော် ဘုရားမှာ

တင်စေပြီးမှ ထိုစားတော်ပွဲကို မနူဟာမင်းကို ကျွေးစေသည်၊ ကာလရှည် လတ်သော် ခံတွင်းက စက်ရောင်မထွက် ကွယ်သောဟူ၏။ မနူဟာမင်းသည် သံဝေဂရသဖြင့် မိမိလက်ရှိ မနော်မယပတ္တမြားကို ပုဂံသေဌေးအား ရောင်း၍ ရသောငွေဖြင့် ထက်ဝယ်ဖွဲ့ခွေ သီတင်းသုံးတော်မူပုံ ရုပ်ပွါးတော်တဆူ, ပရိနိဗ္ဗာန်စံတော်မူဟန် တဆူ တည်တော်မူ၍ သံသရာဝယ် ကျင်လည်သမျှ သူနိုင်သည့်ကိုယ် မဖြစ်လို-ဟု ဆုပန်သည်ဟူ၏။ ဤရုပ်ပွါးတော် ၂-ဆူမှာ မနူဟာဘုရားဟုတွင်လျက် ယနေ့တိုင်ရှိ၏။ ရုပ်ပွါးတော်ကြီးများ ကြီးမား တော်မူသော်လည်း ဂန္ဓကုဋိအုပ်တိုက်မှာ ကျဉ်းကြပ်လှ၏။ တည်ထားပုံနှင့် ဂန္ဓကုဋိ ကျောင်းတော်ပုံမှာလည်း ခိုင်ခံ့၍ ဆန်းကြယ်၏။ မနူဟာမင်း သည် မိမိခြေချုပ်နှင့် ကျဉ်းမြောင်းစွာနေရသော အချိန်၌ ပြုသောကောင်း မှုဖြစ်သောကြောင့် ဂန္ဓကုဋိအုပ်ကျောင်းတော်ကိုလည်း ကျဉ်းကျဉ်းပင် တည်ဆောက်စေသည် ဟု ပစပ်ရာဇဝင်အနေဖြင့် ပြောကြ၏။

အနော်ရထာမင်းသည် ပကတိကပင် အရည်းကြီးတို့၏ အဖြဲ့ဟူမှစရိယ မသင့်မြတ်သော အမူအကျင့်ကို ကြားသိတော်မူ၍ ကြည်ဖြူနှစ်သက်တော် မမူသဖြင့် ပြည်သူအများနှင့်တကွ မပေးကမ်း မလှူဒါန်းပဲနေသော် စဉ်းလဲ ဆန်းပြားသော အရည်းကြီးတယောက်သည် မိမိတို့ အပြုအမူနှင့် လျော်ညီ အောင် ကျမ်းစာတခုပြုလုပ်ပြီးလျှင် သရေခေတ္တရာ ရသေ့ပြည်တွင် သခွတ် ပင်ကြီးအခေါင်း၌ ထိုကျမ်းစာကို ထည့်သွင်းထားလေ၏၊ သစ်ပင် အခွံ အသား စေ့စပ်လွယ်အောင် စိုစိုစွတ်စွတ် မြေကိုမံထားကာ မသေ့မခြောက် ရလေအောင် လှံ့လပြုနေ၏။ သုံးနှစ်ကြာ၍ သစ်ပင် အခွံအသား စေ့စပ် သောအခါ ပုဂံပြည်သို့လာ၍ အနော်ရထာမင်းအား ဤသို့ ပြောကြား၏။

ကျွန်ုပ်တို့၌ ကျမ်းစာမရှိ၍ တောင့်တကြသည်တွင် ဘေးလောင်းတော် ဒွတ္တပေါင်မင်းကြီးမြို့တော် ရသေ့မြို့တွင် မြို့လယ် သခွတ်ပင်ကြီးအတွင်း ကျမ်းစာရှိသည်ကို ဖော်ယူ သင်ကြား ကျင့်ဆောင်ကြရမည်ဟု နတ်တို့ အိပ်မက်ပေး ပြောဆိုလာသည်-ဟူ၍ မင်းကြီးအား ပြောကြားလျှင် မင်းကြီးသည် ဝမ်းမြောက်ဝမ်းသာ စစ်အင်္ဂါလေးပါးဖြင့် ရသေ့မြို့သို့ ချီတက်၍ ရှာစေရာ လုံးပတ် ၃၂-တောင်ရှိသော သခွတ်ပင်ကြီးကို တွေ့၍ ဖောက်ထွင်းစေသည်တွင် သစ်ခေါင်းတွင်းမှ ကျမ်းစာရရှိ၍ မင်းထံဆက် သဖြင့် ကြည့်ရှုနာခံတော်မူရာ သဘောသကန် မဟုတ်မမှန် ကြံဖန်လည်

ဆယ်၍ ပြုလုပ်ထားကြောင်း သိတော်မူသဖြင့် ထိုအရပ်တွင်ပင် မီးတိုက်စေ၏။ ထိုအရပ်သည် မီးတိုက်ကုန်းဟု ယနေ့တိုင် တွင်သည်ဟု ဆိုသည်။ ရှင်အရဟံသည် ဤသတင်းစကားကိုကြား၍ ပုဂံသို့ သာသနာပြုရန် ကြွတော်မူလာခြင်းဖြစ်သည်ဟု ဆိုသည်။

ရှင်အရဟံသည် ပုဂံပြည်သို့ သက္ကရာဇ် ၄၁၉-ခုနှစ် သာသနာတော် ၁၆၀၁-ခုနှစ်၌ ရောက်တော်မူ၍ အရှင်ဉာဏ, အရှင်အာနန္ဒာ, အရှင်သီလဗုဒ္ဓိတို့ အကူအညီဖြင့် တွဲဖက်၍ သာသနာပြုတော်မူခဲ့ရာ ပုဂံပြည်၌ သာသနာတော်သည် နေဝါလဝန်းပမာ ထွန်းလင်းတောက်ပခဲ့ပေသည်၊ အနော်ရထာမင်း, စောလူးမင်း, ထီးလှိုင်သျှင်ကျန်စစ်မင်း, အလောင်းစည်သူမင်းအားဖြင့် မင်းလေးဆက်တိုင် သာသနာပြုတော်မူသည်။ အလောင်းစည်သူမင်း နန်းတက်၍ ၂-နှစ်မြောက် သက္ကရာဇ် ၄၅၆-ခုနှစ်၊သက်တော် ၈၁-နှစ်၌ ပရိနိဗ္ဗာန် ပြုတော်မူသည်။ ပုဂံပြည်သို့ သက္ကရာဇ် ၄၁၉-ခုနှစ်၌ ကြွရောက်တော်မူ၍ ၄၅၆-ခုနှစ်၌ ပရိနိဗ္ဗာန်ပြုတော်မူသဖြင့် ပုဂံပြည်၌ ၃၇-နှစ် သာသနာပြုတော်မူရပေသည်။ သက်တော် ၈၁-နှစ်၌ ပရိနိဗ္ဗာန်ပြုတော်မူရာ ပုဂံပြည်၌ သီတင်းသုံး၍ သာသနာပြုသော ၃၇-နှစ်ကို နုတ်သော် ရှင်အရဟံသည် ပုဂံပြည်သို့ သက်တော် ၄၄-နှစ်က ကြွရောက်တော်မူသည်ဟု သိရပေသည်။

## ၂။ရှင်ဂုဏသာရ ၃။ရှင်အဂ္ဂပဏ္ဍိတ ၄။ရှင်အဂ္ဂဝံသ

ရှင်အရဟံသည် ထီးလှိုင်ကျန်စစ်မင်းလက်ထက်၌ သက်ယွယ်တော်ကြီးရင့်ပြီဖြစ်သောကြောင့် အားစိုက် ခွန်စိုက် သာသနာမပြုနိုင်တော့ချေ၊ တပည့်များဖြစ်သော ရှင်ဂုဏသာရနှင့် ရှင်အဂ္ဂပဏ္ဍိတတို့ကိုသာ သာသနာပြုစေရတော့သည်။ ထိုအချိန်၌ ပုဂံပြည်တွင် အဂ္ဂပဏ္ဍိတဘွဲ့မည်ဖြင့် မထေရ်သုံးပါးရှိသည်ဟု ဆိုသည်၊ ပထမအဂ္ဂပဏ္ဍိတသည် ရှင်အရဟံ၏ တပည့်ရင်းဖြစ်ရာသည်၊ တတိယအဂ္ဂပဏ္ဍိတသည်ကား ပထမအဂ္ဂပဏ္ဍိတ၏ ဥပဇ္ဈာယ်ယူသဒ္ဓိဝိဟာရိက ဖြစ်သည်၊ ဒုတိယအဂ္ဂပဏ္ဍိတ၏ တူဖြစ်သည်ဟု ဆိုသည်။ ဒုတိယအဂ္ဂပဏ္ဍိတသည် "လောကုပ္ပတ္တိပကာသနီ" ကျမ်းကို ရေးသည်၊ တတိယအဂ္ဂပဏ္ဍိတသည် "သဒ္ဒနီတိ"ကျမ်းကို ရေးသည်၊ သဒ္ဒနီတိကျမ်းဆရာကို အဂ္ဂဝံသ-ဟူ၍ နိဂုမ်း၌ ပြဆိုသည်။

သီဟိုဠ်ရဟန်းများက မြန်မာရဟန်းများ သဒ္ဒါမတတ်ဟူ၍ အထင်အမြင်သေးကာ ပြောဆိုကြပြီးကာလ မြန်မာရဟန်းများနှင့် သဒ္ဒါပြိုင်ရန် ပုဂံပြည်သို့လာကြရာ မြန်မာရဟန်းများက သဒ္ဒနီတိကို ထုတ်ပြသောအခါမှ မြန်မာရဟန်းများ သဒ္ဒါတတ်ကျွမ်း နိုင်နင်းကြပါပေသည်ဟု အရှုံးပေးကာ သီဟိုဠ်သို့ ပြန်ကြသည်ဟု စကားစဉ်ရှိ၏။ ရှင်အဂ္ဂပဏ္ဍိတသည် သဒ္ဒနီတိကျမ်းကို သက္ကရာဇ် ၅၁၆၊ သာသနာတော်နှစ် ၁၆၉၇၊ အလောင်းစည်သူမင်းလက်ထက်၌ ရေးသားတော်မူခဲ့သည်။

ပုဂံပြည်က ရဟန်းများ သဒ္ဒါတတ်ကျွမ်းလှသည်ဟူသော သတင်းသည် သီဟိုဠ်တိုင်အောင် ကျော်ကြားသဖြင့် သီဟိုဠ်သားရဟန်းများ သဒ္ဒါပြိုင်ရန် ပုဂံသို့ လာကြသည်၊ ပုဂံရဟန်းများက သဒ္ဒနီတိကို ပြလိုက်ရာတွင် သဒ္ဒါအရာ၌ ဤကျမ်းကဲ့သို့ကျမ်း သီဟိုဠ်မှာပင် မရှိပေ၊ ဤကျမ်း၌ ပြဆိုသည့် သဒ္ဒါနည်းတို့ကို အပြည့်အစုံ ငါတို့လည်း မသိနိုင်ကြပါဆို၍ ပြန်သွားကြသည်ဟုလည်း စကားစဉ်ရှိသည်။

ပိဋကသမိုင်း၌ သဒ္ဒနီတိကျမ်းကို ကျစွာမင်းလက်ထက်၌ ရေးသည်ဟု ဆိုသည်၊ မည်သည့်မင်းလက်ထက် မည်သည့်ခုနှစ်၌ ရေးသည်ဖြစ်စေ ရှင်အဂ္ဂပဏ္ဍိတ (တနည်း) ရှင်အဂ္ဂဝံသအမည်ရှိသော မထေရ်မြတ် ရေးသားခဲ့သော သဒ္ဒနီတိ ဖြစ်သည်ကိုကား သဘောတူညီကြပေသည်။ ရှင်အဂ္ဂပဏ္ဍိတနှင့် ရှင်ဥတ္တရာဇီဝကိုလည်း ရှေ့နောက် အထက်အောက်အဆို တဦးနှင့်တဦး မတူညီပဲ ရှိတတ်ကြသေးသည်။ အမှန်မှာ သဒ္ဒနီတိကျမ်းပြီး နိဂုမ်း၌ ခုနှစ်သက္ကရာဇ် မဖော်ပြခဲ့ခြင်းသည်သာ ချို့ယွင်းချက်ဖြစ်၏။ အကယ်၍ နိဂုမ်း၌ သက္ကရာဇ်ပါရှိပါမူကား ငြင်းခုံပြောကြားနေဖွယ် မရှိတော့ချေ။

## ၅။ ရှင်ဥတ္တရာဇီဝ ၆။ ရှင်ဆပ္ပဒ

သထုံပြည် သာသနာပြု အရှင်သောဏ, အရှင်ဥတ္တရ၊ ထိုနှစ်ပါးတို့၏ တပည့် ရှင်သောဘိတ၊ ထို၏တပည့် ရှင်သောမဒတ္တ၊ ထို၏တပည့်ရှင်သုမနတိဿ၊ ထို၏တပည့် ရှင်သောပါက၊ ထို၏တပည့် ရှင်သောမဒတ္တ၊ ထို၏တပည့် ရှင်အနောမဒဿီ၊ ထို၏တပည့် ရှင်အဓိသီလ၊ ထို၏တပည့် ရှင်ပြောဏဒဿီ၊ ထို၏တပည့် ရှင်အရိယဝံသ၊ ထို၏တပည့် ရှင်ဥတ္တရာဇီဝသည် ပုဂံမင်းတို့၏ မင်းဆရာဖြစ်၏။

အရှင်ဥတ္တရာဇီဝသည် အထက်ပါ ဆရာစဉ်အတိုင်း သထုံ သာသနာပြု ဆရာရှင်တို့၏ အဆက်အနွယ်ဖြစ်၍ ပုဂံသို့ကြွရောက်ကာ သာသနာပြုတော်မူသည်။ ဤသို့ ယူခြင်းဖြင့် ရှင်အရဟံ၏ တပည့် မဟုတ်သော်လည်း သာသနာပြု အစဉ်အဆက်ကား မပြတ်ဆက်လျက် ရှိသည်ကိုသာ ပဓာနပြု၍ ယူရပေမည်။

ပုဂံပြည် သာသနာသည် အနော်ရထာမင်း လက်ထက်မှစ၍ မကွဲမပြား တညီတညွတ်တည်း စည်းလုံးလျက်ရှိခဲ့ရာ မင်းစဉ်အားဖြင့် နရပတိစည်သူ၊ ဆရာစဉ်အားဖြင့် ရှင်ဥတ္တရာဇီဝလက်ထက်တိုင် ဖြစ်သည်။ အလောင်းစည်သူမင်း လက်ထက်၌ မင်းသည် တိုင်းခန်း လှည့်လည်ဖန်များ၍ သာသနာရေးဘက်၌ လစ်ဟင်းလျက် ရှိလာလေသည်။ သည်မှ နောက်တက်သော မင်းတို့သည်လည်း သာသနာဘက်၌ လျစ်လျူရှုကြသည်သာ ဖြစ်သောကြောင့် အလဇ္ဇီရဟန်းတို့သည် ထကြွရန် အခွင့်အလမ်းသာ၍ လာကြကုန်၏၊ နရပတိစည်သူမင်း လက်ထက်၌ ရှေးက အကြွင်းအကျန်ဖြစ်သော ရှင်ယောင် အရည်းကြီး ဂိုဏ်းသားတို့သည် ဒုဿီလ ရဟန်းတို့နှင့် ပေါင်းကာ ဆိုးသွမ်း သောင်းကျန်းကြလေသည်။ ပြည့်ရှင်မင်းတို့က အာဏာစက်ဖြင့် ကူညီမှု မရကြသောကြောင့် အရှင်ဥတ္တရာဇီဝတို့လည်း တားမြစ်မနိုင်အောင် ဖြစ်လေသည်။

## ရှင်ဥတ္တရာဇီဝ သီဟိုဠ်ကြွခြင်း

ကာလကြာမြင့်သောအခါ အလဇ္ဇီဒုဿီလတို့ တန်ခိုးကြီးကာ လွှမ်းမိုးလာကြသဖြင့် လဇ္ဇီရဟန်းတော်များ အားနည်းမှေးမှိန်ကြကုန်၏။ နရပတိစည်သူမင်းလက်ထက်၌ မင်းက ရှင်ဥတ္တရာဇီဝ စသော လဇ္ဇီသူမွန်များကို အားပေးချီးမြှောက်သော်လည်း အလဇ္ဇီတို့ကို နှိမ်နင်းပယ်ရှားနိုင်လောက်အောင် အင်အားမရှိ ဖြစ်ချေသည်။ သို့ဖြစ်၍ ရှင်ဥတ္တရာဇီဝသည် ဂိုဏ်းသံဃာ သန့်ရှင်းစေခြင်းငှါ သာသနာတော် (၁၇၁၄) ဂေါဇာသက္ကရာဇ် (၅၃၂)ခုနှစ်၌ နောက်ပါ သံဃာများနှင့်တကွ သီဟိုဠ်ကျွန်းသို့ ကူးတော်မူသည်။ အသက် ၂၀-ပြည့်သော သာမဏေတပါး ပါသည်ဟု ဆိုသည်။ သာသနာလင်္ကာရ၌ နောက်ပါရဟန်း တဆယ်နှင့် မောင်ပျား အမည်ရှိ သူငယ်တယောက်ပါသည်ဟု ဆိုသည်။ ၎င်းသူငယ်ကို သီဟိုဠ်ရဟန်းများက ဆပ္ပဒ-ဟု ခေါ်ကြသည်။ မြန်မာဘာသာ ပျား၊ ပါဠိဘာသာ ဆပ္ပဒ-ဖြစ်၍ ပါဠိဘာသာဖြင့် ဆပ္ပဒ-ခေါ်သည်ဟု စကားစဉ် ရှိလေသည်။

သီဟိုဠ်သို့ ရောက်လျှင် ရှင်မဟိန္ဒအနွယ် မဟာဝိဟာရဝါသီဂိုဏ်းသံဃာများနှင့်တကွ အနွယ်ချင်း စေ့စပ်ကာ အသက်ပြည့်ပြီးသော ဆပ္ပဒ-ကို ရဟန်းပြုပေးကြသည်၊ ရှင်ဆပ္ပဒ-ကို ပုသိမ်နယ် ဆပ္ပဒ-ကျေးရွာသား ဖြစ်၍ ဆပ္ပဒ-အမည်ရှိသည် ဟူ၍လည်း ဆို၏။ မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ ပါဠိဂါထာများကို ရေးသားသော သီဟိုဠ်ဇာတိ သီဟိုဠ်ကျွန်း ကောလမ္ဗိုမြို့ မဟာဝိသုဒ္ဓါရာမယ ကျောင်းတိုက်ဆရာတော် အရှင်သိရိ-ဓမ္မကမူကား အထက်က ရေးခဲ့သည့်အတိုင်း ရှင်ဆပ္ပဒ-၏ လူမည်မှာ မောင်ပျား ဖြစ်သည်၊ ပါဠိဘာသာအားဖြင့် သီဟိုဠ်သံဃာများက ဆပ္ပဒ-ဟု ခေါ်ဝေါ်ကြသည်မှာ အမှန်ဖြစ်သည်ဟု ထောက်ခံထားပေသည်။ ဆရာဖြစ်သော အရှင်ဥတ္တရာဇီဝတို့က ချီးမြှောက်အပ်သော ဘွဲ့မည်ကား ရှင်သဒ္ဓမ္မပါလ ဖြစ်သည်။ ထိုအရှင်ရေးသော သခေ်ပဝဏ္ဏနာဋီကာ, သုတ္တ-နိဒ္ဒေသကျမ်း နိဂုမ်းတို့၌ သဒ္ဓမ္မဇောတိပါလ-ဟူ၍ ရှိလေသည်။

အရှင်ဥတ္တရာဇီဝထေရ်သည် ရှင်ဆပ္ပဒကို ရဟန်းအဖြစ်သို့ ရောက်အောင် ဆောင်ရွက်ပြီးသောအခါ ပုဂံပြည်သို့ပင် ပြန်ကြွလာတော်မူခဲ့၏။ ရှင်ဆပ္ပဒသည်ကား ဆရာနှင့်အတူ ပြန်လိုက်ခဲ့ပါမူ ဉာတိပလိဗောဓ စသည်တို့ အနှောင့်အယှက်ရှိက စာပေအသင်အကြား ပျက်မည်စိုးရိမ်သဖြင့် သီဟိုဠ်၌ပင် ဆယ်ဝါတိုင် နေရစ်ခဲ့ပြီး ပရိယတ္တိကို အားထုတ်သင်ကြားလေသည်။

ဆယ်ဝါရသောအခါ သီဟိုဠ်သားဖြစ်ကြသော တာမလိန္ဒထေရ်, သီဝလိထေရ်, အာနန္ဒာထေရ်, ရာဟုလာထေရ်တို့ကို အတူတကွ ပင့်ဆောင်၍ သာသနာတော် (၁၇၃၅) ဂေါဇာသက္ကရာဇ် (၅၇၃)ခုနှစ်၌ ပုသိမ်သို့ ပြန်ကြွခဲ့သည်။ ပုသိမ်သို့ ရောက်လျှင် ဝါကပ်ရန် နီးကပ်နေသဖြင့် ပုဂံပြည်သို့အရောက် မကြွနိုင်ကြမူ၍ ပုသိမ် ငပုတောမြို့၌ပင် ဝါကပ်ကြရပေသည်။ ဝါလကျွတ်၍ ပဝါရဏာပြုပြီးနောက် ပုဂံပြည်သို့ ကြွလာကြရာ ပုဂံသို့မရောက်မီ နှစ်ရက် သုံးရက်ကပင် ပုဂံပြည်၌ အရှင်ဥတ္တရာဇီဝ ပျံလွန်တော်မူသည်။ အရှင်ဆပ္ပဒထေရ်သည် အရှင်ဥတ္တရာဇီဝ၏ သင်းချိုင်းရာသို့ သွားရောက် အလေးအမြတ်ပြုရလေသည်။

အရှင်ဆပ္ပဒသည် အရှင်ဥတ္တရာဇီဝ လွန်တော်မူပြီဖြစ်၍ အခြား ပုဂံရဟန်းများနှင့် အတူတကွ ကမ်မပြုမူ၍ သီဟိုဠ်မှ အတူပါလာကြသော သီဟိုဠ် ရဟန်းတော်များနှင့်သာ တဂိုဏ်းခြား၍ ကမ်ပြုပေသည်။ ပထမ

ပုဂံပြည်၌ ရှိနှင့်သော ရဟန်းများကို ရှေးရှိရင်း ရဟန်းများဖြစ်သော ကြောင့် ပုရိမဂဏ (ပုရိမဂိုဏ်း) ဟု ခေါ်သည်။ အရှင်ဆပဒနှင့်တကွ သီဟိုဠ် သံဃာများကိုကား နောက်မှ ကြွလာကြသည်ဖြစ်၍ ပစ္ဆိမဂဏ (ပစ္ဆိမဂိုဏ်း) ဟု ဆိုလေသည်။ ပစ္ဆိမဂိုဏ်း အမည်ဖြင့် ထင်ရှားလေသည်။

နရပတိ စည်သူမင်းသည် ပစ္ဆိမဂိုဏ်း သံဃာကို အားပေးချီးမြှောက်၏၊ ဧရာဝတီမြစ်၌ လှေဖောင်ဖွဲ့စေ၍ များစွာသော သာမဏေတို့ကို ရဟန်းပြုပေး၏။ ကြာမြင့်လေသော် ပစ္ဆိမဂိုဏ်း သံဃာ ပွါးများ တိုးတက်လာလေသည်။ ဆပဒထေရ်သည် သုတ္တနိဒ္ဒေသ, သခေ်ပဝဏ္ဏနာဋီကာ, နာမစာရဒီပက, ဝိနယဂုဠှတ္ထဒီပနီ, သီမာလင်္ကာရကျမ်းများကို ရေးတော်မူခဲ့၏။ ပုရိမဂိုဏ်း သံဃာတို့သည် မင်း၏ အချီးအမြှောက်ကို မရသော ကြောင့် ဆရာ စဉ်ဆက် မှေးမှိန်သွားသော်လည်း လုံးဝ ပျောက်ပျက် အဆက်ပြတ်သွားသည်ကား မဟုတ်ပေ၊ ပင်းယ ခေတ်၌ နှစ်ဂိုဏ်း ပြန် ပေါင်းမိကာ ပုဂံပြည် ရှင်အရဟံ အနွယ် လုံးစည်းမိကြလေသည်။

## ၇။ ဒုတိယ ဆပဒထေရ်

သာသနာတော်နှစ် (၁၇၇၈) သက္ကရာဇ် (၅၇၃) ခုနှစ် ဇေယျသိင်္ခ ခေါ် နန်းတောင်းများမင်း နန်းတက်၏၊ ထိုမင်းသည် စေတနာ ဟူသော ကောင်းမှုကုသိုလ်တော်ကို တည်တော်မူ၏၊ ကျန်စစ်သား၏ ကနားတော် ရာ၌ ပွတ် စေတီတဆူကိုလည်း တည်တော်မူ၏၊ မင်းသားဘဝက ခမည်းတော် မိဋ္ဌာန်၍ မိမိသို့ ထီးဖြူညွှတ်ရာဌာန၌ စူဠာမဏိသဏ္ဍာန် တည်တော်မူ၏၊ ထိုစေတီသည် "ထီးလိုမင်းလိုစေတီ" ဟု တွင်လေသည်။ ထို မင်းသည် တရားစောင့်၏၊ နောင်တော် လေးပါးကိုလည်း ခ,ယမ်း ရှိသေစွာ သီတင်းတိုင်း သွား၍ ဖူးမျှော်ကန်တော့၏၊ ပြည်သူတို့ထံမှ ရရှိသော အခွန် ကို ငါးဖို့ ငါးစုပြု၍ လေးဖို့ကို နောင်တော် လေးပါးတို့အား ဆက်၏၊ ပြည်သူတို့ကို အလွန်စောင့်ရှောက်၏၊ ပြည်သူတို့ကလည်း အလွန်လိုလား နှစ်သက်ကြ၏။ ထို ဇေယျသိင်္ခမင်း လက်ထက်၌ရှင်း,—

သာသနာတော်နှစ် (၁၇၇၈) သက္ကရာဇ် (၅၉၆) ခုနှစ် ဇေယျသိင်္ခမင်း၏ သား ကျစွာမင်း လက်ထက်၌ရှင်း ဒုတိယဆပဒထေရ် သာသနာပြုတော် မူသည်။ ဇေယျသိင်္ခမင်း လက်ထက်၌ သာသနာရေး မလျော့မတိုးသော်

လည်း ကျစ္စာမင်းလက်ထက်၌ကား အထူးသဖြင့် ပရိယတ္တိသာသနာ ပွင့်လင်းသည် ဟု ဆိုရပေမည်။ ကျစ္စာမင်းသည် ပုဂံပြည်၌ပင် အနော်ရထာမင်းအဖြစ် တကြိမ်၊ ကျစ္စာမင်းအဖြစ် တကြိမ် မင်းနှစ်ကြိမ်ဖြစ်၍ သာသနာတော်ကို အားပေး ချီးမြှောက်တော်မူခဲ့ပေသည်၊ ပါဠိမီခေတ်ခံ ရင့်သန်တော်မူသည်ဖြစ်၍ သာသနာရေး၌ ဝါသနာ အထူးပါရှိပေသည်၊ ပိဋကတော်ကို (၉) ခေါက်ပြန်၍ သင်ယူမိ၏၊ ပါဠိ အဋ္ဌကထာ ဋီကာတို့၌ ကျနစွာ တတ်မြောက်သည်ဖြစ်၍ တိုင်းရေး ပြည်မှု အရပ်ရပ်ကို သားတော် အိမ်ရှေ့မင်း (ဥဇနာ) အား လွှဲအပ်၍ တူးရှင်းတောင်ခြေ၌ ရေကန်ကြီးကို ဆည်၍ မင်းတဲ သာယာစွာ ဆောက်စေပြီးလျှင် ထိုမင်းတဲ၌ ရဟန်းသံဃာတော်တို့အား တနေ့လျှင် စာကိုးဝါ ပို့ချ၍ နေသည် ဟူ၏၊ မောင်းမတို့အား သင်ပြရန် သဒ္ဒဗိန္ဒုကျမ်း၊ ပရမတ္ထဗိန္ဒုကျမ်းတို့ကို ရေးသားခဲ့၏၊ ပိဋကတ်၌ ခဲရာခဲဆစ် အဖု အထစ်တို့၌ သဘောမကျရှိ၍ ကျစ္စာမင်းထံ၌ မေးမြန်းကြရ၏။ ရှင်းလင်းပြတ်သားစွာ ဆုံးဖြတ်ဖြေဆိုရာ၌ ထိုခေတ်က သူမတူအောင် ရှိသည် ဟူ၏။

ဒုတိယဆပ္ပဒထေရ်တွင်သည်မှာ—ဆပ္ပဒရွာဖွားဖြစ်၍ တွင်သည်မဟုတ်၊ ပထမဆပ္ပဒထေရ်၏ တပည့်အနွယ် ဖြစ်သောကြောင့် ဖြစ်၏။ ထိုအရှင်၏ ဘွဲ့တော်ရင်းကား အရှင်သဒ္ဓမ္မဉာဏတည်း၊ သီဟိုဠ်သို့လည်း ကြွရောက်ဘူးသည်ဖြစ်၍ သီဟိုဠ်မင်းနှင့် ပုဂံမင်းများ လေးမြတ်ကြည်ညိုမှု ခံယူရပေသည်၊ သိက္ခာကိုလည်း အလိုရှိတော်မူတတ်သည်၊ ပိဋကတော်နှင့် ဟက္က သဒ္ဒါကျမ်း၊ တက်ကျမ်း၊ ဆန်းကျမ်း၊ ဘာသန္တရကျမ်းတို့၌ ကျွမ်းကျင်တော်မူသည်၊ သူတပါး၏ အကျိုးစီးပွါး၌လည်း မွေ့လျော်တတ်သည်၊ သူတော်ကောင်းကို မြတ်နိုး ချီးမြှောက်တတ်သည်၊ ဝုတ္တောဒယ ဆန်းကျမ်း၏ အဖွင့် ပဉ္စိကာမည်သော "ဆန္ဒောသာရတ္ထဝိကာသနီဋီကာ" ကို စီရင်သည်ဟု ပြောစဉ်ရှိသည်၊ ထိုမထေရ်၏ ကောင်းသတင်းသည် ကျော်စောလှ၏ ဟု ဆိုလေသည်။

### ဂ။ တတိယဆပ္ပဒထေရ်

တတိယဆပ္ပဒထေရ်သည်လည်း ဆပ္ပဒရွာဇာတိမဟုတ်၊ ဒုတိယဆပ္ပဒ၏ တပည့်အနွယ်ဖြစ်သောကြောင့် တတိယဆပ္ပဒ တွင်လေသည်၊ ဘွဲ့မည်တော်ရင်းကား အရှင်သဒ္ဓမ္မသိရိ ဖြစ်၏။ ပုဂံပြည်မင်း နရသီဟပတေ့ လွန်သည့်

နောက် သားတော်သီဟသူနှင့် ကျော်စွာတို့ လက်ထက် တိုင်းပြည်ဗရုတ်သုတ်ခ မငြိမ်မသက် ၂-ကြိမ်, ၃-ကြိမ် မင်းပြောင်းမင်းလွှဲ အခါတွင်း၌ တတိယဆပ္ပဒထေရ်တို့ ငြိုငြင်စွာပင် သာသနာတော်ကို စောင့်ရှောက်ထိန်းသိမ်းတော်မူရပေသည်။ ပုဂံပြည်၌ သာသနာရောင်သည်လည်း မှေးမှိန်လာခဲ့လေပြီ။ အရှင်သဒ္ဓမ္မသိရီ ဘွဲ့တော်ရှိသော တတိယဆပ္ပဒထေရ် သာသနာစောင့်တော်မူရသော အချိန်သည် သာသနာနှစ် (၁၇၃၀) သက္ကရာဇ် (၆၄၇) ခုနှစ်လောက်က ဟု ခန့်မှန်းရသည်။ ထိုသက္ကရာဇ်မှာ နရသီဟပတေ့မင်း၏သား ဒလစားကျော်စွာ နန်းတက်နှစ်ပင် ဖြစ်သည်။

ရှင်သဒ္ဓမ္မသိရီသည် "သဒ္ဒတ္ထဘေဒစိန္တာ" ကျမ်းကို စီရင်သည်ဟု ဆရာတို့ဆိုကြသည်ဟူ၏။ ပိဋကတော်၌ ကျမ်းကျင်ရုံမက ဘာသန္တရဖြစ်သော သက္ကဋကျမ်းများ, ဗေဒင်ကျမ်းများတို့၌လည်း တတ်မြောက်လိမ္မာတော်မူသည်မှာ စီရင်သောကျမ်းဖြင့် သိရှိနိုင်ပေသည်၊ "ဗေဒင်မျှိဟဇ်နိဿယ" ကိုလည်း စီရင်သည်ဟုဆိုသည်၊ ပုဂံမြို့အနီး တူးရွှင်းခြေရွာ ဇာတိဟုဆိုသည်။

နရသီဟပတေ့မင်းလက်ထက် တရုပ်တို့နှင့် အကြီးအကျယ် စစ်မက်ဖြစ်ပွါးရာ အရေးနိမ့်၍ အောက်ပြည်သို့ လှေဖြင့် စုန်ပြေးရလေသည်၊ သို့ကြောင့် တရုပ်ပြေးမင်းဟု နောင်အခါ တွင်သည်။ အောက်ပြည်၌ ငါးလနေခဲ့ပြီး ပုဂံသို့ ပြန်တက်လာရာ ပြည်မြို့ဆိပ်ကမ်း၌ သားတော်ပြည်စား သီဟသူက စားတော်ပွဲ၌ အဆိပ်ထည့်ကျွေးသောကြောင့် နတ်ရွာလားရ၏။ သီဟသူလည်း ပဲခူး၌ မိမိပစ်သောမြားသည် မိမိသို့ပြန်ထိသဖြင့် အနိစ္စရောက်ရ၏။ မိဘုရားစောနှင့် အမတ်တို့ညီ၍ ဒလစားကျော်စွာကို မင်းမြှောက်ကြ၏။ သို့မင်းမြှောက်သော်လည်း နိုင်ငံတော်အလုံးကို မသိမ်းနိုင်တော့မူ၍ အနော်ရထာမင်းမှစ၍ ခမည်းတော် နရသီဟပတော့ တရုပ်ပြေးမင်းတိုင်အောင် တဆယ့်တဆက်သော ပုဂံပြည်မင်းတို့၏ နိုင်ငံတော်ဖြစ်သော တိုင်းခရိုင် မြို့ပြတို့သည် အစိတ်အစိတ် ခြားနားပုန်ကန်၍ သီးခြားအုပ်ချုပ်နေကြလေတော့သည်၊ ကျော်စွာမင်းထံသို့ အခွန်ပဏ္ဏာ အဆက်အသ မပြုကြကုန်။

ပုဂံမင်းပိုင်သော နိုင်ငံတော်နယ်ပယ်သည် ကျဉ်းမြောင်းအားနည်း၍ လာလေတော့သည်၊ မိမိကို မင်းအဖြစ်သို့ရောက်အောင် ကြံဆောင်တင်

မြှောက်ပေးသော မိဘုရားစောကိုလည်း ကျော်စွာမင်းသည် အတိုင်အပင် မရှိ၊ အမေ့အလျော့နေလေ၏။ ထိုအခါနိ်တွင် ဘိန္နကမြို့ကို အစိုးရသော စော်ဘွားကြီး၏ သားတော် အငယ် သိခ်ဖိုလ်သည် နောင်တော်၏ ဘေးရန်မှ လွတ်စေရန် မြန်မာနိုင်ငံသို့ ပြေးလာခဲ့ရာ မြင်စိုင်းအရပ်သို့ ရောက်၍ မြင် စိုင်းအရပ်တွင် သူကြွယ်သမီးနှင့် သင့်မြတ်၍ ၁-အသင်္ခယာ, ၂-ရာဇသင်္ကြံ, ၃-သီဟသူ ဟူ၍ သားသုံးယောက်နှင့် သမီးတယောက်ကို မြင်၏။ သားသုံး ယောက် အယွယ်ရောက်ကာလ နရသီဟပတေ့မင်း လက်ထက်၌ မင်းထံ ပို့ဆက်၍ မင်းမှုထမ်းစေ၏။ အမှုတော်ကို ပြေကုန်အောင် ထမ်းဆောင် နိုင်ကြ၍ ကြေးမက်စည်းစိမ် ပေး၍ သူကောင်းပြုသည်ကို ခံယူကြရ၏။ နရသီဟပတေ့ ကွယ်လွန်သည့်နောက် သားတော် ကျော်စွာမင်းထံ၌ ဆက်လက် အမှုထမ်းရွက်ကြ၏။ အမှုတော် အောင်မြင်ဖန် များသဖြင့် အစ်ကိုကြီးကို အသင်္ခယာဟူ၍ရင်း, အလတ်ကို ရာဇသင်္ကြံဟူ၍ရင်း, အငယ် ကို သီဟသူဟူ၍ရင်း အသီးအသီး ဘွဲ့မည်တို့ကို ပေး၍ မြင်စိုင်းမြို့, မက္ခရာမြို့, ပင်လယ်မြို့တို့ကိုလည်း အစဉ်အတိုင်း ပေးတော်မူ၏၊ ကာလကြာမြင့်လျှင် ညီနောင်သုံးယောက်တို့သည် ဆင် မြင်း ဗိုလ်ပါ အလုံးအရင်း အားရှိကြ ကုန်၏။

မိဘုရားစောသည် မိမိအား အသိအမှတ်မပြု၊ အတိုင်အပင်မရှိ နေ သည်ကို မကျေနပ်သဖြင့် ကျော်စွာမင်းအား ရန်ငြိုးထားလျက်ရှိရာ အသင်္ခယာ, ရာဇသင်္ကြံ, သီဟသူတို့နှင့် တိုင်ပင်၍ ကျော်စွာကို မိဘုရားစော သွေးဆောင်ကာ မြင်စိုင်းအရောက် ဖြားယောင်းခေါ်ဆောင်လာပြီးလျှင် ညီနောင်သုံးယောက်တို့က ဖမ်းဆီး၍ ဦးခေါင်းရိတ် သင်္ကန်းဝတ်စေကာ ကျောင်း၌ အစောင့်နှင့်ထား၍ ညီနောင်သုံးယောက် အပြိုင်မင်းပြုကြ၏။ ပုဂံ၌ ကျော်စွာ၏သား စောနစ် မင်းပြုနေ၏။ စောနစ်မင်းက တရုပ်တို့ကို အကူအညီတောင်းသဖြင့် တရုပ် (ကိုးသိန်း) မြင်စိုင်းသို့ စစ်ချီလာပြီး လျှင် မင်းရိုးမှန်သူကို နန်းတင်မည်ဟု ဆိုရာ ညီနောင်သုံးယောက် တို့သည် အားမတန်သဖြင့် ကျော်စွာကိုသတ်၍ မင်းရိုးမရှိပြီဟု ဦးခေါင်းကို ပြကြ၏။ တရုပ်တို့လည်း မင်းရိုးမရှိမူ ပြန်တော့မည်၊ လက်ဆောင်ပဏ္ဏာသာ ပေးလော့ ဟု ဆို၏။ ပေးပါမည်၊ မြောင်းတူးခဲ့ပါ ဟု ဆိုသဖြင့် အလျားတာ ၇၀၀၊ အနံ ၂-တာ၊ စောက် ၂-တာ ရှိသော မြောင်းကို တညနှင့် တူးပေးခဲ့ကြသည် ဟူ၏။ လက်ဆောင်ပဏ္ဏာများလည်း ရ၍ တရုပ်တို့

ပြန်ကြ၏။ မြင်စိုင်းမင်းညီနောင်တို့သည် ခမည်းတော် ကျော်စွာမင်း၏ ကျေးဇူးကို ထောက်မြော်၍ ပုဂံစောနစ်မင်းကို အနှောင့်အယှက်မပြု ငြိမ်းချမ်းစွာပင် မင်းပြုစေလေသည်။

စောနစ်မင်းအိမ်နိမ့် ၁၆၊ စည်းစိမ် ၂၇၊ သက်တော် ၄၃-နှစ်၌ အနိစ္စရောက်၏။ သက္ကရာဇ် ၆၇၉-ခုနှစ်၌ စောနစ်မင်း၏သားတော် စောမွန်နစ်ကို ပင်းယ စကားခုနစ်ကျောင်းဒါယကာ ဥဇနာမင်းလက်ထက် ပုဂံကိုပေး၍ မင်းပြုရ၏၊ စောမွန်နစ်ကား အိမ်နိမ့် ၁၅၊ စည်းစိမ် ၄၃၊ သက်တော် ၅၈-နှစ်၌ အနိစ္စရောက်၏။

ဤတွင် သမုဒ္ဒရာဇ်မင်းမှစ၍ စောမွန်နစ်မင်းတိုင် ပုဂံမင်း ၅၅-ပါး မင်းဆက်ပြတ်၏။ တနည်း-မုက္ခမန်မင်းနှင့် မင်းရှင်စောကိုပါ ထည့်လျှင် ပုဂံမင်း ၅၇-ဆက်ဖြစ်၏။

ပုဂံရာဇဝင်ကို အနည်းငယ် ဖော်ပြရခြင်းသည် ပုဂံပြည်နောက်ပိုင်း၌ မင်းအပြောင်းအလဲနှင့် တိုင်းပြည်ဗရုတ်ဗရက် ဖြစ်လျက်ရှိရာ သာသနာတော် ဆက်ကလည်း ထွန်းကားတည်ငြိမ်မှု မရှိ၊ ပုဂံ၌ သာသနာမေးမှိန်ကာ သာသနာပြု သာသနာစောင့် ရဟန်းသံဃာတော်များလည်း သင့်လျော်ရာ အရပ်ဒေသသို့ ပြောင်းကာ ရွှေကာ သာသနာတော်ကို တတ်နိုင်သမျှ စောင့်ရှောက် ထိန်းသိမ်းတော်မူကြရသည်ကို သိစေလိုသောကြောင့် ဖြစ်သည်။

မင်းညီနောင် သုံးယောက်တို့သည် မြင်စိုင်း, မက္ခရာ, ပင်လယ်မြို့တို့၌ အသီးအသီး မြို့တည်ကာ မင်းပြုလျက်ရှိကြရာ သက္ကရာဇ် ၆၆၇-ခုနှစ်၌ မက္ခရာမင်း အနိစ္စရောက်၏။ မြင်စိုင်းမင်း အသင်္ခယာကို ၆၇၂-ခုနှစ်၌ ညီတော်သီဟသူ ဆေးခတ်၍ ကွယ်လွန်သည်။ သီဟသူသည် ၆၇၄-ခုနှစ်၌ ပင်းယ(ပန်းရ)မြို့ကို တည်သည်၊ ရွှေစည်းခုံနေရာ၌ ရွှေပန်းခိုင်ရသောကြောင့် ပန်းရမြို့ဟု တွင်သည်၊ နောက်မှ ပင်းယဖြစ်သည်ဟူ၏။ မြို့ဘွဲ့မှာကား ဝိဇယပူရ ဖြစ်သတည်း။

ပုဂံပြည် သာသနာဝင် ပြီး၏။

# ကူးခန်းကြီး သာသနာဝင်

## ၁။ ရှင်သုဓမ္မစာရီ

မြင်စိုင်းမင်း အသခ်ယာရှိစဉ် သက္ကရာဇ် ၆၆၂-ခုနှစ်ဆီကပင် မြင်စိုင်းမင်းသည် ကူးခန်းကြီးမြို့ (ပုခန်းကြီးမြို့) ၌ စေတီ ပုထိုး ဂူကျောင်းတို့ကို ဆောက်လုပ်လှူဒါန်းစပြု၏။ ထိုအချိန်ကာလခန့်၌ ပုဂံပြည် တတိယဆပ္ပဒ ရှင်ဓမ္မသိရီတပည့် ရှင်သုဓမ္မစာရီသည် ကူးခန်းကြီးမြို့ မြင်စိုင်းမင်း အသခ်ယာ၏ ကောင်းမှုတော်အနီး ခေမင်္ကျောင်းတိုက်၌ သီတင်းသုံးတော်မူသည်။ အရှင်သုဓမ္မစာရီအား အသခ်ယာ မြင်စိုင်းမင်းသည် မြင်စိုင်းမှနေ၍ ကြည်ညိုကိုးကွယ်လေသည်။

အရှင်သုဓမ္မစာရီသည် ပုဂံပျက်၍ ပင်းယ၌ စကားခုနစ်ကျောင်း တည်စကပင် ကူးခန်းကြီးမြို့သို့ ကြွရောက်လာသည်၊ စကားခုနစ်ကျောင်း တည်ပြီးကာလ အတန်ကြာလျှင် ဆရာဖြစ်တော်မူသော တတိယဆပ္ပဒ အရှင်ဓမ္မသိရီ ကွယ်လွန်၍ အရှင်သုဓမ္မစာရီ သာသနာပြုတော်မူရသည်၊ စကားခုနစ်ကျောင်းအုပ် ရှင်သုဓမ္မသာမိ လက်ထက်၌ စေ့စပ်မိကြသောကြောင့် ကူးခန်းကြီး ရှင်သုဓမ္မစာရီသည်လည်း စကားခုနစ်ကျောင်း လဇ္ဇီဂါမဝါသီ သံဃာ့တူးရှင်းခြေ ပရက္ကမ အရညဝါသီ သံဃာများနှင့် အယူသီလ တူမျှကြ၍ သမ္ဘောဂသံဝါသအဖြစ် ပေါင်းသင်းဆုံမိကြသည်။

> ရွှေကျင်ဂိုဏ်း = ရွှေကျင်နိကာယ သံဃာသည် ကူးခန်းကြီး အရှင်သုဓမ္မစာရီမှ ဆက်နွယ်လာသည် ဖြစ်သောကြောင့် အရှင်သုဓမ္မစာရီသည် ရွှေကျင်နိကာယ၏ အမွန်အစ ပဘဝဟု ဆိုလိုမူဆိုထိုက်ပေသည်၊ ရွှေကျင်အစ သီးလုံးကဟူ၍လည်း ဆိုကြသည်။
>
> **အမှာစကားချပ်။** ။ရွှေကျင်နိကာယ သာသနာဝင်အဖြစ်ဖြင့် ဤစာကိုရေးလျက်ရှိရာ ရွှေကျင်နိကာယ၏ အနွယ်အဆက် အစစ်အမှန်ကိုသာ ရေးသည်ကို သတိရှိစေချင်သည်။ မြန်မာနိုင်ငံတော် သာသနာသက်တမ်း တလျှောက်အတွင်း၌ ထင်ပေါ်ကျော်ကြားကုန်သော အရှင်ကောင်း အရှင်မြတ် ဟူသမျှတို့ကို ဆွဲဆောင် ထည့်သွင်းပြီးကာလ ရွှေကျင်နိကာယ သာသနာဝင် သံဃာတော်များအဖြစ်ဖြင့် မရေးမူ၍, ပိဋကတ္တယဆောက, လဇ္ဇီ-

သီလဝန္တ, သိက္ခာကာမ,ဝိနယဓရဖြစ်တော်မူကြသော ရွှေကျင်နိကာယ ဆရာအစဉ်အဆက်ကိုသာလျှင် ဖော်ပြရေးသားသော ရွှေကျင်နိကာယ သာသနာဝင်-ဟူ၍ မှတ်ယူကြစေလိုပါသည်။

အရှင်သုဓမ္မစာရီ (ကူးခန်းကြီး)သည် စကားခုနစ်ကျောင်း ဂါမဝါသီ, အရညဝါသီ သံဃာများနှင့် ဆက်ဆံပေါင်းသင်းသည် ဟူသော စကား၌ ဂါမဝါသီ, အရညဝါသီ စသည်ဖြစ်ပုံ အကြောင်းဇစ်မြစ်ကို သာသနာလင်္ကာရလာအတိုင်း ရှင်းလင်းပြပါဦးအံ့။

**ပင်းယမြို့ စကားကျောင်း ခုနစ်ကျောင်း**

သက္ကရာဇ် ၆၇၄-ခုနှစ်တွင် သားတော်အကြီး အိမ်ရှေ့မင်း ဉဇနာမင်း ဖြစ်၍ ပင်းကျားအရပ်၌ စကားခုနစ်ကျောင်း ဆောက်လုပ်တော်မူသည်။ သက္ကရာဇ် ၇၀၂-ခုတွင် ထိုကျောင်းများကို အသီးအသီး ရေစက်သွန်းလောင်း ကျောင်းလွှတ်ပူဇော်ပွဲ ကျင်းပလေသည်။

၁။ **စမ္ပကမ**ည်သော ကျောင်းတော်ကို စာခိုပေသင် အမတ်သား သုဓမ္မမ**ဟာ**သာမိထေရ်အား တင်လှူတော်မူသည်။ ထိုအရှင်သည် ပုဂံသံဃာလေးစုတွင် ရှင်အရဟံ အနွယ် ပုရိမသံဃာအဝင် ဖြစ်သည်။

၂။ **ဝေဠုဝန်**မည်သော အာရာမ်ကျောင်းတော်ကို အဘိဓမ္မာတတ်သော ရှင်ဉာဏဓဇအား တင်လှူတော်မူသည်။ ထိုအရှင်သည်လည်း ရှင်အရဟံအနွယ် ပုရိမသံဃာအဝင်ပင် ဖြစ်သည်။

၃။ **ဇေတဝန်**မည်သော အာရာမ်ကျောင်းတော်ကို အဌကထာနှင့်တကွ ဝိနည်း ငါးကျမ်း ဝါစုဂ္ဂတရသော ရှင်ဂုဏာဘိရာမအား တင်လှူတော်မူသည်။ ထိုအရှင်သည် ရှင်အာနန္ဒာအနွယ် ပစ္ဆိမ သံဃာအဝင်တည်း။

၄။ **ကုလားကျောင်း**မည်သော အာရာမ်ကျောင်းတော်ကို ရှင်အာဒိစ္စရံသီအား တင်လှူတော်မူသည်။ ထိုအရှင်သည်လည်း ရှင်အာနန္ဒာအနွယ် ပစ္ဆိမသံဃာအဝင် ဖြစ်သည်။

၅။ **ရွှေကျောင်း**မည်သော အာရာမ်ကျောင်းတော်ကို ရှင်သုဓမ္မာလင်္ကာရအား တင်လှူတော်မူသည်။ ထိုအရှင်သည်လည်း ရှင်အာနန္ဒာ အနွယ် ပစ္ဆိမဂိုဏ်းဝင် ဖြစ်သည်။

၆။ **အိမ်နိမ့်**မည်သော အာရာမ်ကျောင်းတော်ကို ယခင်ကျောင်းမတော်နေ ဆရာတပည့်ရင်း ဆန်း, အလက်ာ, ကလာပ်, ဝိဒဂ်, ဒဏ္ဍီ, ဗာဟီ, ဗေဒင်နှင့် တကွ သဒ္ဒါညာသ်ကျမ်းတတ်သော သက်ပန်းမြင်စိုင်း အရပ်တွင် နေသော အသက် ၂၈-နှစ်သာရှိသော ရှင်ဝရပတ္တအား တင်လှူတော်မူသည်။ ထိုအရှင်လည်း ယခင်ကျောင်းမတော်နေ ဆရာအနွယ် ဂိုဏ်းဝင်ပင် ဖြစ်သည်။

၇။ **တောင်စွန်းကျောင်း**မည်သော အာရာမ်ကျောင်းတော်ကို ရှင်သိရိပုညဝါသီအား တင်လှူတော်မူသည်။ ထိုအရှင်သည်လည်း အထက်အဆိုပါ အနွယ်ဂိုဏ်းဝင်ပင် ဖြစ်သတည်း။

ကျောင်းမတော် အရှေ့မြောက်တွင်လည်း မင်းကြီးကိုယ်တိုင် လက်တော်ဖြင့်ကိုင်၍ ဗောဓိညောင်ပင် စိုက်တော်မူ၏။ စကားခုနစ်ကျောင်းအားလည်း ဝတ္ထုကမ် မိုဃ်းမြေနှင့်တကွ အာရာမ်စောင့် အလုပ်အကျွေးလှူတော်မူသည်။

[စကားသားသစ်ဖြင့် ဆောက်သည်ဖြစ်၍ စကားခုနစ်ကျောင်းခေါ်သည်။]

ထိုစကားခုနစ်ကျောင်းကို တင်လှူ၍ ဥဇနာမင်းကြီး ကိုးကွယ်သော မထေရ်ခုနစ်ပါးသည် သထုံနွယ် ပုရိမသံဃာ, ပုဂံနွယ် ပစ္ဆိမ သံဃာအဝင်ဖြစ်ကြ၍ သီလဝန်, ဂုဏဝန်, လဇ္ဇီပေသလ, သိက္ခာကာမ ဖြစ်ကြသောကြောင့် မြင်စိုင်း ပင်းယ၌ သာသနာတော် ထွန်းလင်း၍ သန့်ရှင်း စင်ကြယ်လှပေသည်ဟု ဆိုသည်။ ထိုခုနစ်ကျောင်း သံဃာတို့မှ သက်ဆင်း၍ မြင်စိုင်း, ပင်းယ, စစ်ကိုင်း, အင်းဝ စသည်သို့ ပြန့်ပွါးသော သံဃာကား ထောင်ပေါင်းများစွာ ရှိသည် ဟူ၏။

ယင်းသို့ သန့်ရှင်းစင်ကြယ်သော လဇ္ဇီသူမွန်တို့၏ အဆက်အနွယ်မှ ဆင်းသက်လာသော သံဃာများဖြစ်ပါလျက် နောက်အခါ စကားခုနစ်ကျောင်း သံဃာစုထဲကပင် မြတ်စွာဘုရား လက်ထက်တော် ကီဋာဂိရိတိုင်းသား အဿဇိပုနဗ္ဗသုက ရဟန်းများကဲ့သို့ ယုတ်မာ ဆိုးသွမ်း လာကြလျက် ပွဲကျောင်း ဂါမဝါသီ ဖြစ်လေကုန်၏၊ လဇ္ဇီပေသလ ရဟန်းတို့သည်ကား စကားကျောင်းမှ အခြားသို့ ထွက်ခွါသွားကြကုန်၏။

## စကားကျောင်းရဟန်းတို့ ပွဲကျောင်းဖြစ်ခြင်းအကြောင်း

ဥဇနာမင်းကြီးသည် စကားခုနစ်ကျောင်းအား ဝတ်မိုးဃ်း ဝတ်မြေ အများအပြား လှူဒါန်းခဲ့သည်တွင် ထိုဝတ်မိုးဃ်းဝတ်မြေက အဖို့အစု အခွန် ဘဏ္ဍာများကို တောင်းခံအံ့သောငှါ ကြောင့်ကြဗျာပါရ မပြုလိုသဖြင့် ကျောင်းမတော်၌ သီတင်းသုံးနေသော ရှင်သုဓမ္မမဟာသာမိ ထေရ်က ၁။ ဝတ္ထုကမ်သိမ်း, ၂။ သာသနာစိုး, ၃။ ဝတ်စား သံဃာအားဖြင့် သံဃာသုံးမျိုး သီးသန့်ခန့်အပ်၍ ထားလေသည်။

၁။ **ဝတ္ထုကမ်သိမ်း** ဆိုသည်မှာ—အခွန်ဘဏ္ဍာကို ကောက်ခံ သိမ်းဆည်းရသော ရဟန်းစုကို ဆိုလိုသည်။

၂။ **သာသနာစိုး** ဆိုသည်မှာ—တရားနှင့်အညီ ကျင့်ဆောင်ကြလေအောင် ဆုံးမရသော ရဟန်းစုကို ဆိုလိုသည်။

၃။ **ဝတ်စား** ဆိုသည်မှာ—ဝေဘန်သော အဖို့အစုကို ခံစားရသော ရဟန်းစုကို ဆိုလိုသည်။

ထိုစဉ်အခါ၌ ဝတ္ထုကမ်မိုးဃ်းမြေကို အမှီပြု၍ အမှုအခင်း များသောကြောင့် ရဟန်းသံဃာများသည် ပရိယတ်, ပဋိပတ် ရဟန်းမြတ်တို့အလုပ် ယုတ်လျော့သည်ကို မနှစ်မြို့ကြသောကြောင့် ရှင်သာသနဓရသည် တူးရှင်းတောင်ခြေသို့၎င်း, ရှင်ပရက္ကမ ညီနောင်တို့သည် တောင်ပလူကုန်းနှင့် စစ်ကိုင်းချောင်များသို့၎င်း ထွက်ခွါ သွားကြကုန်၏။

တူးရှင်းတောင်ခြေနှင့် စစ်ကိုင်းချောင်များသို့ ထွက်ခွါသွားတော်မူကြသော သံဃာများကို တောနေကေစာရီများဟု ခေါ်ဆိုကြသည်၊ မြို့ရွာအနီး၌ ကျန်ရစ်သော သံဃာများကို ဂါမဝါသီများဟု ခေါ်ဆိုကြသည်၊ ထိုအချိန်ကစ၍ ဂါမဝါသီ, အရညဝါသီဟူ၍ ကွဲပြားကြသည်။ ကုန်းခန်းကြီးမြို့ အရှင်သုဓမ္မစာရီသည် တောနေ အရညဝါသီ လဇ္ဇီပက္ခ ဖြစ်တော်မူရာသည်၊ သို့ရာတွင် ဂါမဝါသီ လဇ္ဇီသူမွန်တို့နှင့်လည်း ဆက်ဆံကြောင်းကို နောက်က ပြဆိုခဲ့ပြီ။

## ရှင်ယောင်အရည်းတို့နှင့် အလဇ္ဇီဒုဿီလတို့ အထူး

၁။ သိက္ခာမတင်, သိမ်မဝင် ရသေ့ ရဟန်း အသွင်ဖြင့် နေသူတို့ကို **အရည်းရှင်ယောင်** ဆိုသည်။

၂။ သိမ်ဝင်၍ သိက္ခာတင်လျက် ရဟန်းကျင့်ဝတ်ကို မကျင့်သူတို့ကို **အလဇ္ဇီဒုဿီလ** ဆိုသည်။

(သာသနာလင်္ကာရစာတမ်း။)

**အလဇ္ဇီနှင့် ဒုဿီလ အထူး**

၁။ ရဟန်းသိက္ခာ တည်သေးလျက် ရဟန်းကျင့်ဝတ် ချွတ်ယွင်းညစ်ထေးသော ရဟန်းသည် **အလဇ္ဇီ** ဖြစ်သည်။

၂။ ရဟန်းသိက္ခာ ကျလျော့နေလျက် ရဟန်းအဝတ်နှင့် နေသောသူသည် **ဒုဿီလ** ဖြစ်သည်။

ဥဇနာမင်းကြီး လှူဒါန်းခဲ့သော ဝတ္ထုကမ်မြေကိစ္စနှင့် ပတ်သက်၍ စကားကျောင်းအုပ် အရှင်မဟာသုဓမ္မသာမိ ခွဲခြားစီမံအပ်သော ၁။ ဝတ္ထုကမ်သိမ်း။ ၂။ သာသနာစိုး။ ၃။ ဝတ်စား ဤသုံးမျိုး၏ အဓိပ္ပါယ် သာ၍ပေါ်လွင် ရှင်းလင်းစေရန် သက္ကရာဇ် ၁၀၁၁-ခု မင်းရဲရန္တမိတ် ဝတ္ထုကမ်လှူစာတမ်းနှင့် တိုက်ဆိုင်၍ အရှင်အာလောကသည် သာသနာဝင်ကျမ်း၌ အောက်ပါအတိုင်း ရေးသားလေသည်။

ဝတ္ထုကမ် အခွန်ဘဏ္ဍာ မြေဆီမြေခ တောင်းခံရေး၌ လှုံ့လဥဿာဟမပြုလိုသောကြောင့် စကားကျောင်းအုပ် ကျောင်းမတော် အရှင်သုဓမ္မသာမိဆရာက ၁။ ကပ္ပိယဆွမ်းမြေ။ ၂။ အာရာမ်စောင့်လုပ်စားမြေ။ ၃။ ဘဏ္ဍာစိုး စားမြေ-ဟူ၍ သုံးမျိုးခွဲလိုက်၏။ ယင်းသုံးမျိုးတို့တွင် အချို့ရဟန်းတို့က အခွန်ဘဏ္ဍာ တောင်းခံ ထိန်းသိမ်းရသည်၊ ၎င်းရဟန်းကို ဘဏ္ဍာစိုးဟုခေါ်သည်။ ဝတ္ထုကမ် သုံးပုံတပုံကို ဘဏ္ဍာစိုးတို့ သုံးဆောင်ရသည်၊ ၎င်းမြေကို ဘဏ္ဍာစိုးတို့စားမြေ ခေါ်သည်။ သုံးပုံဘပုံကို ဆွမ်းချက်ရသည်၊ ၎င်းမြေကို ကပ္ပိယဆွမ်းမြေ ခေါ်သည်။ သုံးပုံတပုံကို အာရာမ်စောင့်တို့စားရန် ပေးရသည်၊ ၎င်းမြေကို အာရာမ်စောင့်စားမြေ ခေါ်သည်။

ဝတ္ထုကမ် အခွန်ဘဏ္ဍာ ကောက်ခံ သိမ်းဆည်း ကြသော ဘဏ္ဍာစိုးရဟန်းတို့သည် ပရိယတ်, ပဋိပတ်ကို လှုံ့လမပြုကြမူ၍ အခစား လူတို့အား နှိပ်စက်ဆူပူ၍သော်လည်း အခွန်အခ တောင်းယူကြကုန်၏။ ဤသို့ပြုဖန်များလေသော် လူတို့က သံဃရာဇာဟု ခေါ်ဆိုကြသည်၊ ကာလကြာမြင့်သောအခါ စကားရွေ့လျော၍ သံဃဇာဟု ခေါ်ကြသည်။

သံဃဇာ ရဟန်းတို့သည် ဝတ္ထုကမ်ကို အစိုးတရ ပြုလုပ်၍ ဝတ္ထုကမ် အားကိုးဖြင့် ဆိုးသွမ်း လာကြကုန်၏၊ ပွဲကြည့်ကြ ပွဲကကြ၏၊ လက်ဝှေ့ လက်ပမ်း သတ်ကြ၏။ သို့ကြောင့် ပွဲကျောင်းသံဃာ ပွဲကျောင်းဂိုဏ်းဟု ခေါ် ဆိုကြကုန်၏။

**စကားချပ်။** ။ရဟန်းတော်များ၌ ဝတ္ထုကမ် ဟူသော ဝတ်မိုဃ်း ဝတ်မြေသည် မီးနှင့်လည်းတူ၏၊ ရေနှင့်လည်းတူ၏၊ မီးရေတို့သည် လိမ္မာ စွာ အသုံးပြုတတ်သော လူတို့၌ ကျေးဇူးများလှ၏၊ အသက်ရှည်ကြောင်း ကျန်းမာချမ်းသာကြောင်း ဖြစ်၏၊ လိမ္မာစွာ မသုံးတတ်သူတို့၌ အသက်ကို ဆုံးရှုံး စေတတ်သော ရန်သူသဖွယ် ဖြစ်၍ အကျိုးစီးပွါး ဆုတ်ယုတ် ပျက်ပြား စေတတ်ကုန်၏။ ပွဲကျောင်း ပုဂ္ဂိုလ်တို့သည် လိမ္မာစွာ အသုံးမပြုတတ်ကြသောကြောင့် လဇ္ဇီရဟန်းကောင်းဘဝမှ လျှောကျ၍ ပွဲကျောင်းပုဂ္ဂိုလ်များ အဖြစ်သို့ ရောက်ကြရကုန်၏။

ပရက္ကမညီနောင် မထေရ်တို့သည် အင်းဝမြို့တော်နေရာ တောင်ပလူ ကုန်း၌ ပထမနေကြရာ ရွာနှင့်နီးကပ် လာပြန်သောကြောင့် စစ်ကိုင်းတောင် ရိုးသို့ ကူး၍ အုံ့တော်မူ ဘုရားအနောက် ချောက်၌ နေကြလေသည်၊ အရှေ့ ချောက်၌ တပါး, အနောက် ချောက်၌ တပါး ကေစာရီ နေကြသည်၊ အရှေ့ ပရက္ကမ, အနောက် ပရက္ကမ ဟူ၍ တွင်သည်၊ နောက်သောအခါ စစ်ကိုင်း ချောက်အမည်မှ စစ်ကိုင်းချောင် ဟု ရွှေ့လျှောကာ အမည်တွင်ရာ ယနေ့ တိုင် စစ်ကိုင်းတောင်ရိုးရှိ ကျောင်းသခ်မ်းများကို ပရက္ကမချောင်, အနုရုဒ္ဓ ချောင် စသည်ဖြင့် ခေါ်ဝေါ်ကြလေသည်။

## ယနေ့ ပရက္ကမ ဆရာတော်များ

အရှေ့ ပရက္ကမ, အနောက် ပရက္ကမ ချောင်တို့၌ ယခုလည်း ဝိပဿနာ ဓုရာဝဟ ဖြစ်တော်မူကြသော မထေရ် နှစ်ပါး တချောင် တပါးစီ သီတင်း သုံးလျက်ရှိကြပေသည်။ တိစီဝရိက်, ပိဏ္ဍပါတ်, အာရညကင်, အဗ္ဘော- ကာသိက စသော ဓုတင်ကျင့်ဝတ်တို့နှင့် ပြည့်စုံတော်မူကြသည်သာမက ပတ္တဘာရ ဆိုသကဲ့သို့၊ ကျေးငှက်တို့သည် အတောင်သာလျှင် ဝန်ရှိသလို ထိုမထေရ်နှစ်ပါး တို့၌လည်း သပိတ်သာလျှင် အပိုဝန် ဆိုရအောင်ရှိသဖြင့် ပလိဗောဓ နည်းစွာနေကြသောကြောင့် တောနေရဟန်းစစ်စစ်နှင့်တူကြပါ ပေသည်။ ရှင်လူအများ၏ ကြည်ညိုခြင်းကိုလည်း ခံယူကြရပါပေသည်။

ပရက္ကမညီနောင်တို့ ပရက္ကမချောင်တို့၌ သီတင်းသုံးနေကြစဉ် ပရက္ကမချောင် အရှေ့ မြစ်ကမ်း၌ လက်ပမ်းရွာရှိရာ ဘုရင်မင်းခေါင်ကြီးက တည်သော ဆွမ်းဝတ်ကို လက်ပမ်းရွာသူတို့ ချက်၍ ကပ်လှူကြရသောကြောင့် လက်ပမ်းရွာသည် ဝတ်ချက်ရွာ ဟု တွင်သည်။ ထိုအမည်သည် သာသနာတော်နှင့်စပ်၍ ဂုဏ်ကြက်သရေရှိသော အမည်ပင် ဖြစ်ပေသည်။ အရိယာနွယ် သံဃာတော်များအား ဆွမ်းဝတ်ချက်၍ အမြဲကပ်လှူကြရသော ကောင်းမှုသည် ရခဲမျှပင်။ သို့သော်လည်း ယခု ခေတ် ရွာသူ ရွာသား အချို့တို့ကမူကား ဝါးချက်ရွာ ဟု အသုံး ပြုကြသည်၊ ဝါးချက်မှာ အဓိပ္ပါယ်မရှိ၊ ဝတ်ချက်သာလျှင် အဓိပ္ပါယ်ရှိ၍ သုတိမင်္ဂလာရှိသည်၊ ယခု သီတင်းသုံးလျက်ရှိသော ပရက္ကမ မထေရ် နှစ်ပါးတို့သည်လည်း ဝတ်ချက်ရွာ၌ ခုနစ်ရက် ဆွမ်းခံနေကြသည်ဖြစ်၍ ဝတ်ချက် ရွာသူရွာသားများကလည်း ဆွမ်းဝတ်ချက်၍ လောင်းလှူလျက်ပင် ရှိကြပေသည်။

## ၂။ ရှင်အဂ္ဂဓမ္မာလင်္ကာရ

သာသနာတော်နှစ် ၁၉၀၀၊ သက္ကရာဇ် ၇၂၆-ခုနှစ် စစ်ကိုင်း, ပင်းယတို့၌ မင်းဆက်ပြတ်၍ သတိုးမင်းဖျား အင်းဝကို တည်သည်။ သတိုးမင်းဖျားဟူသည် စစ်ကိုင်းမင်း အသင်္ခယာ စောယွမ်း၏ မြေးဖြစ်၏။ ကူးခန်းကြီးမြို့၌လည်း ခေမင်္ဂတိုက် ရှင်သုဓမ္မစာရီ လွန်တော်မူ၍ ရှင်သုဓမ္မစာရီ၏ တပည့် ကူးခန်းကြီးမြို့ အနောက်ဝါကျ ဥမင်ကျောင်း ရှင်အဂ္ဂဓမ္မာလင်္ကာရ ဆက်လက်၍ သာသနာပြုတော်မူသည်။

### သတိုးမင်းဖျား ရှင်ယောင်တို့ကို နှိပ်ကွပ်ခြင်း

အခါတပါး၌ စစ်ကိုင်းချောက် ရှင်ပျက် အလဇ္ဇီ ရဟန်းတဦးထံ၌ မှုံသည်မတယောက် ငွေအပ်နှံထားသည်ကို လက်ခံ သိမ်းဆည်းပြီးနောက် ပြန်မပေးလို၍ ကွယ်ဝှက် ပြောဆိုသဖြင့် မှုံသည်မသည် မင်းနားရောက်အောင် တင်လျှောက်ကာလ သတိုးမင်းဖျားသည် ထိုရဟန်းကို ခေါ်၍ ကိုယ်တိုင် စစ်ဆေးလျှင် ရဟန်းသည် မကွယ်မဝှက်ဝံ့၍ ငွေကို ထုတ်ပေးရ၏။ မင်းသည် ရဟန်းဖြစ်လျက် ဤသို့ ပြုရာသလော ဟု ကိုယ်တိုင် ကွပ်မျက်၍ နန်းကြမ်းပြင်ကို ဖွင့်ချသည် ဟူ၏၊ ထို အကြောင်းကို ကြားသိကြသ

ဖြင့် ရှင်ယောင် ရဟန်းတို့သည် အထင်အရှား မဆိုးသွမ်းဝံ့ကြချေ။ သတိုး မင်းဖျားသည် ရှင်ယောင် ရဟန်းဆိုးတို့ကို နှိပ်ကွပ်သန့်ရှင်း၍ သာသနာ ပြုသော်လည်း မင်းစည်းစိမ် ၃-နှစ် ခုနစ်လ ခန့်မျှရှိ၍ သာသနာ တိုး တက်သန့်ရှင်းမှု မထင်ရှားလှချေ။ ရာဇဝင်ကလေး ဆရာကမူ ထိုမင်းသည် ကြမ်းကြုတ်၏၊ သာသနာတော်ကို မရိုသေ ဟု ဆိုသည်။

## ရဟန်းများ ဦးထုပ်ဆောင်း၍ တလပတ် ကိုင်ခြင်း

မင်းကြီးစွာသည် သာသနာတော် ၁၉၁၂၊ သက္ကရာဇ် ၇၃၀-ခုနှစ်၌ ထီးနန်းကို သိမ်းပိုက်ရာ ပေါင်းထုပ်ကိုစွပ် ထန်းရွက်ယပ်ကို ကိုင်၍ နန်း တက်လေသည်။ မင်းကို အတုယူ၍ ပွဲကျောင်းသံဃာများ ဦးထုပ်ဆောင်း တလပတ်ကိုင်ကြသည် ဟု ဆိုသည်။

[တလပတ် ဟူသည် ပါဠိ-တာလ+ပတ္တ = ထန်း+ရွက်-မြန်မာ။]

ထိုခေတ်၌ မင်းပြောင်းမင်းလွဲများ၍ တိုင်းရေး ပြည်ရေး ရှုပ်ထွေး သော အချိန်ဖြစ်၍ မင်းများလည်း သာသနာဘက်သို့ မျက်နှာမလှည့်အား ပဲ ဖြစ်ကြဟန် ရှိပေသည်။ သို့ကြောင့်လည်း ရဟန်းကောင်း လဇ္ဇီ သူမွန်တို့ များသောအားဖြင့် အစွန်အဖျား ဒေသတို့၌ ရှောင်တိမ်း၍ စွမ်းနိုင်သမျှ သာသနာတော်ကို ထိန်းသိမ်း စောင့်ရှောက်တော်မူကြရသည့် လက္ခဏာ ရှိလေသည်။ သိရပုံမှာ—

## ဒန့်တောဆရာတော်

မင်းကြီးစွာစော်ကဲ လက်ထက်၌ ပွဲကျောင်းဂိုဏ်း အလဇ္ဇီရဟန်းများ အားရှိကြကုန်၏။ သို့ဖြစ်၍ ယခင်က စကားကျောင်း၌ စာပေသင်ကြား ခဲ့သော ပရက္ကမန္တယ် ရှင်ခေမာစာရသည် အင်းဝမြို့ မနာပြင်အရပ်၌ နေလာ၏၊ ရှင်ခေမာစာရသည် ပွဲကျောင်း အလဇ္ဇီရဟန်းတို့အား မင်းက ချီးမြှောက်သည်ကို မနှစ်လိုသဖြင့် တညသောအခါ ညဥ့်နှစ်ပဟိုရ် လူခြေ တိတ် သန်းခေါင်ကျော် အချိန်၌ ဘုရားရှေ့ ဆွဲထားသော စည်ကြီးကို အချက်ပေါင်းများစွာ တီးခတ်စေ၏။ နန်းတော်မှ မင်းကြီးကြား၍ မေး မြန်းစေလေရာ သိကြားမင်းသေ၍ စည်တီးသည်-ဟု ပြော၏။ အဘယ့် ကြောင့် သိသနည်း မေးလျှင် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူခါနီးတွင် သာသနာတော်ကို စောင့်ရှောက်ပါမည်-ဟု သိကြားမင်း ဝန်ခံလိုက်သည်၊

ယခုကား သာသနာတော်ကို စောင့်ရှောက် ထိန်းသိမ်းသော လဇ္ဇီသီလဝန္တ ရဟန်းကောင်းတို့ မျက်နှာမရှိ၊ အချီးအမြှောက် မခံကြရ၊ အလဇ္ဇီ မသူတော် ရဟန်းတို့သာ ချီးမြှောက်ခံကြရသည်၊ သိကြား မစောင့်သည် ဖြစ်မည်-ဟု ပြောဆိုလိုက်၏။ မင်းကြီးစွာစော်ကဲ သတိရ၍ ဝမ်းဘဲအင်း မြောက်ဘက် ဒန့်တောအရပ်တွင် ကျောင်းဆောက်၍ ရှင်ခေမာစာရအား တင်လှူ၏။ ဒန့်တောဆရာတော်-ဟု တွင်၏။ ဤမှစ၍ စကားခုနစ်ကျောင်း ကူးခန်းကြီး, တူးရှင်းခြေ, ပရက္ကမ လဇ္ဇီသူမွန်ရဟန်းများ အတန်အရာ အချီး အမြှောက် အထောက်အပံ့ ရသည်-ဟု ဆိုသည်။

## ကူးခန်းကြီးဂိုဏ်းသံဃာ အထောက်အပံ့ ရခြင်း

သာသနာတော်နှစ် ၁၉၇၀၊ သက္ကရာဇ် ၇၈၈-ခုနှစ် မိုးညှင်းမင်း နန်းတက်၍ ကူးခန်းစား တရဖျားကို သိမ်းယူခဲ့ပြီးလျှင် ယောက်ဖတော် သိရိဇေယျသူရကို မြို့စားခန့်အပ်ခဲ့သည်၊ နောက် သိရိဇေယျသူရ လပ်ပြန်၍ သမက်တော် သီဟပတေ့ကို မြို့စားပေးပြန်သည်၊ သိရိဇေယျသူရနှင့် သီဟပတေ့တို့သည် သာသနာတော်၌ သက်ဝင်ကြည်ညိုတတ်ကြ၍ ကူးခန်းကြီး ဂိုဏ်းသံဃာကို ချီးမြှောက်လေသည်၊ ကူးခန်းကြီးမြို့၌ စည်းခုံစေတီတော် နှင့် ကျောင်းတော်များလည်း ဆောက်လုပ် လှူဒါန်းခဲ့သည်။ စစ်ကိုင်း "ဆင်များရှင် (ရတနာ) စေတီ"ကိုလည်း တည်၍ လှူခဲ့သည်။

## ၃။ရှင်ဓမ္မနန္ဒ ၄။ရှင်ဇမ္ဗုဓဇ

သာသနာတော်နှစ် ၁၉၈၆၊ သက္ကရာဇ် ၈၀၄-ခုနှစ်၌ နန်းတက်သော ထူပါရုံဒါယကာ နရပတိမင်းလက်ထက်၌ ကူးခန်းကြီးအနောက် ဝါကျဥမင် ကျောင်း ရှင်အဂ္ဂဓမ္မာလင်္ကာရ လွန်၍ နောင်ဘရွှာ ရှင်ဓမ္မနန္ဒ ဆက် လက်၍ သာသနာပြုတော်မူသည်။

**သာသနာလင်္ကာရအဆို။** ။ပုခန်းကြီးမြို့တွင် ရွှေဥမင်ဆရာတော်တို့ အဆက်အနွယ်ကား အဝ မတည်မီ ပင်းယ ကောင်းစားစဉ်ကပင် မင်းရဲ သင်္ခယာသည် ပုခန်းကြီးမြို့ကို ပြုစု၍ စေတီဂူကျောင်းတည်သည်၊ အဝ တည်မှလည်း သတိုးမင်းဖျား ဘိုးတော် အသင်္ခယာသည် မင်းငါးဆက် တိုင်အောင် ပုခန်းကြီးကို ပြုစုသည်၊ ရွှေကျောင်းဥမင်တည်ပြီးလျှင် ပုဂံ စွေ့ယ်ရှင် တွင်သော သီလဗုဒ္ဓိပံသုကူကြီး၏ အဆက်အနွယ် ရှင်ဇောတိပုည

ကို ပင့်၍ ရွှေဥမင်ကျောင်းတိုက်ကို တင်လှူသည်ဟူ၍ ဆရာစဉ်စာတမ်းတွင် ဆိုသည်၊ ထိုရှင်ဇောတိပုညတပည့် ရှင်ဓမ္မနန္ဒ၊ ၎င်းတပည့် ရှင်ဇမ္ဗုဓဇသည် ပါဠိအဋ္ဌကထာဋီကာ ကျမ်းဂန်ကျနသည်၊ အနက် မြန်မာနိုင်နင်းသည်၊ ဝိနည်းငါးကျမ်း ပါဠိတော်အဋ္ဌကထာနိသျကို စီရင်၏။ ယခုထက်တိုင် မှီခိုရာဖြစ်ပေသည်၊ ရှင်ဇမ္ဗုဓဇကိုယ်တော်တိုင် ရေးသားစီရင်သော ဝိနည်းပါဠိတော် အဋ္ဌကထာနိသျလည်း ဆရာစဉ်ဆက် လက်စွဲလက်မကွာ ကိုးကွယ်ပူဇော်လာသည်၊ ယခုထက်တိုင် ကျောင်းတော်တွင် ရှိသည် ဟူ၏။

**ဇာဂရိယကျမ်းအဆို။** ။သက္ကရာဇ် ၉၉၆-ခုနှစ်တွင် သာလွန်မင်းတရားကြီးသည် ထီးနန်းစိုးစံတော်မူ၍ တောင်ဘီလာပုဂ္ဂိုလ်ကျော်ကို မင်းဆရာ သာသနာပြု အပ်နှင်းတော်မူ၏။ ထိုအခါ ကူးခန်းကြီးမြို့ ရှင်အရဟံအနွယ် ရွှေဥမင်ကျောင်း ရှင်ဓမ္မနန္ဒ၏တပည့် ရှင်ဇမ္ဗုဓဇထေရ်သည် ပါဠိအဋ္ဌကထာဋီကာတို့၌ သဘောကျနသည့်ပြင် အနက် မြန်မာအပြန်အဆို အလွန်နိုင်နင်းတော်မူသဖြင့် ဝိနည်းငါးကျမ်း ပါဠိတော်နိသျ, အဋ္ဌကထာနိသျ ကျမ်းများကို ရေးသားတော်မူလေသည်၊ ၎င်းကျမ်းစုသည် ယခုထက်တိုင်အောင် ဆရာတော် အစဉ်အဆက်တို့ မှီခိုရာဖြစ်ပေသည်-ဟု ဆိုသည်။

## ၅။ရှင်ပုညဝါသီ

သာသနာဝင်ကျမ်း၌ သက္ကရာဇ် ၇၆၃-ခုနှစ်၊ သာသနာတော်နှစ် ၂၀၄၅၊ရွှေနန်းကျော့ရှင် နရပတိလက်ထက် ကူးခန်းကြီးမြို့ နောင်ဘရွာ ရှင်ဓမ္မနန္ဒ ပျံလွန်တော်မူ၍ နွယ်နီမုတ်ကျောင်း ရှင်ပုညဝါသီ ဆက်လက်၍ သာသနာပြုတော်မူသည်။

### ရွှေဥမင် ရှင်ဇမ္ဗုဓဇ

သာလွန်မင်းတရားကြီးလက်ထက် ကူးခန်းကြီး နွယ်နီမုတ်ကျောင်း ရှင်ပုညဝါသီလွန်၍ ဥမင်ကျောင်း ရှင်ဓမ္မနန္ဒတပည့် ရှင်ဇမ္ဗုဓဇ သာသနာ-ပြုသည် (နောက် ရွှေဥမင်ဆရာတော် တွင်သည်)ဟု ဆိုသည်။ သာသနာလင်္ကာရ၌ နွယ်နီမုတ်ကျောင်း ရှင်ပုညဝါသီ မပါချေ။

တောင်ဘီလာဆရာတော်သည် မန်းစက်တော်ရာသို့ အဖူးအမျှော်ကြွရာ အပြန်တွင် ပုခန်းကြီး ရွှေဥမင် ရှင်ဇမ္ဗုဓဇထံဝင်၍ တရားကျမ်းဂန်

ဆွေးနွေးဟောပြောကြသည်၊ လစ္ဆဝီပေသလ သိက္ခာကာမ သူတော်ကောင်းချင်း ဘက်လဲတကင်း မြတ်နိုးစုံမက်စွာ ရှိကြ၍၊ ဆရာတော်နှစ်ပါးသည် သိက္ခာဝါလည်း တူကြ၍၊ တောင်ဘီလာ ဆရာတော်အပြန် အနည်းငယ် လိုက်ပို့သည်တွင် ကျွန်ုပ် မင်းဆရာဖြစ်သည် ငါ့ရှင် ရှေ့က ကြွပါဟု တောင်ဘီလာ ဆရာတော်ဆို၏။ ငါ့ရှင်က မင်းဆရာဖြစ်ပေသည်၊ ငါ့ရှင်သာ ရှေ့က ကြွပါဟု ရှင်ဇမ္ဗုဓဇ ဆို၏။

ပုဂ္ဂိုလ်မြတ်နှစ်ပါးတို့၏ အာဘော်မှာ တောင်ဘီလာ ဆရာတော် ရှေ့က ကြွလျှင် မင်းဆရာဖြစ်၍ ရှေ့ကကြွသည်ဟု ဆိုဖွယ်ဖြစ်လိမ့်မည်၊ သို့ကြောင့် ရှင်ဇမ္ဗုဓဇကို ရှေ့ကကြွရန်ဆိုသည်။ ရှင်ဇမ္ဗုဓဇက ရှေ့ကကြွလျှင် မင်းဆရာကိုပင် မလေးမစား ရှေ့ကကြွသည်ဟု ဆိုဖွယ်ဖြစ်လိမ့်မည်၊ သို့ကြောင့် မင်းဆရာသာ ရှေ့ကကြွပါဟု ဆိုသည်။

တောင်ဘီလာ ဆရာတော်သည် ရွှေဥမင်ဆရာတော် ရှင်ဇမ္ဗုဓဇထံသို့ ရောက်၍ အာလာပ,သလ္လာပ ပြောကြားပြီးကာလ ရွှေဥမင်ဆရာတော်သည် အလုပ်အကျွေး သူတော်တယောက်နှင့်သာ ပရိသတ်နည်းနည်းနေသည် ဖြစ်၍ တောင်ဘီလာဆရာတော်က ပရိသတ်နည်းလှသည် ကြောက်တော် မမူပါသလောဟု မေးရာ ရွှေဥမင်ဆရာတော်က ကြောက်၍ပင် ပရိသတ် နည်းနည်းနှင့် နေပါသည်ဟု ပြန်ကြားလေသည်။

ထိုနောက် တောင်ဘီလာဆရာတော် ဆောင်ယူခဲ့သော လှူဖွယ်ဝတ္ထုများကို အသီးအသီး တခုစီ ကိုယ်တော်တိုင် ကိုင်၍ သက်န်းပါဘုရား၊ မင်းကေရာဇ် လှူ၍ရသော ဝတ္ထုပါ၊ သံသရာကို ချီးမြှင့်သဖြင့် သုံးဆောင်တော်မူပါဆို၍ လှူသည်ကို ရွှေဥမင်ဆရာတော်က လက်နှင့်ခံ၍ "သာဓု သာဓု ရွှေစည်းခုံကို လှူပါ၏"ဆိုကာ ချထား၏။ ဤနည်းနှင်နှင် လှူလှူသမျှသော ဝတ္ထုတို့ကို ဘုရားအား လှူပါ၏ ဆို၍ချည်း ချထားသည်ကို တောင်ဘီလာဆရာတော် မြင်သဖြင့် အော်-ငါကား မင်းဆရာဖြစ်၍ ငါ့ ပစ္စည်း၌ ရွံရှာနိုး၍ ဆိုချေသည်ဟုသာ နှလုံးပိုက်တော်မူသည်၊ မည်သို့မျှ စိတ်ငြိုငြင်မှုမရှိ ဟူ၏။

ရွှေဥမင်ဆရာတော်ရေးသော ဝိနည်းပါဠိတော် နိသျကို တောင်ဘီလာ ဆရာတော် တောင်းယူကြည့်ပြီးကာလ လောက၌ ဘုရား ၂-ဆူပြိုင်ပွင့်

သော် သတ္တဝါတွေ အငြင်းအခုံဖြစ်၍ အကျိုးမရှိရာသကဲ့သို့ နိသျနှစ်နည်း ရှိသဖြင့် အကျိုးမရှိဟုဆို၍ ကိုယ်စီရင်သည့် နိသျကို စေတီယင်ပြင်၌ မီးပူ ဇော်သည် ဟူ၏။ ရွှေဥမင်နိသျမူကား ယနေ့တိုင် ရှိ၏။ တောင်ဘီလာ ဆရာတော်သည် ကုန်းခန်းကြီး ရွှေဥမင်ဆရာတော်ထံမှ ပြန်လျှင် ကျောင်း တော်သို့ မဝင်မူ၍ သက္ကရာဇ်တထောင် သက်တော် ၆၀-ပြည့်နှစ်တွင် တောင်ဘီလာတောသို့ ဝင်တော်မူ၏။ ဤတွင်မှ တောင်ဘီလာဆရာတော် ဟု တွင်သည်။ တောင်ဘီလာတောရ၌ ဝိနယာလင်္ကာရဋီကာကို စီရင် တော်မူသည်။ ယနေ့တိုင် စစ်ကိုင်းတောင်ရိုး၌ တောင်ဘီလာချောင် ကျောင်းတော်ရာနှင့် တောင်ဘီလာဆရာတော် တည်ထားသော စေတီနှင့် အထက်အောက် ခြေတော်ရာနှစ်ဆူ မပျက်မစီးရှိပေသေးသည်။

သာလွန်မင်းတရားကြီးနှင့် သာသနာရေး သာသနာကြောင်း ဟော ပြောစဉ် စကားအလျဉ်းသင့်ခိုက် တောင်ဘီလာ ဆရာတော်က သာလွန် မင်းတရားကြီးအား ရွှေဥမင် ရှင်ဇမ္ဗုဓဇအကြောင်း ဂုဏ်ကျေးဇူးကို ပြောပြရာ သာလွန်မင်းတရားကြီး ကြည်ညိုလှသဖြင့် ရှင်ဇမ္ဗုဓဇအား ဘွဲ့တော်ရင်း၌ ဒီပ-ပုဒ်တိုး၍ အရှင်ဇမ္ဗုဒီပဓဇ ဟူသော ဘွဲ့တံဆိပ်တော်ကို ကပ်လှူလေသည်၊ ဝတ်ချက်ရွာ တောင်ဘက်၌ ရွှေကျောင်းဆောက်လုပ်၍ လည်း လှူသည်ဟူ၏။

## ၆။ ရှင်ဉာဏာလင်္ကာရ

သာသနာတော် ၁၂၁၆၊ သက္ကရာဇ် ၁၀၃၄-ခုနှစ်၌ ဝမ်းဘဲအင်းစံမင်း နန်းတက်၏။ "သိရိပဝရ မဟာဓမ္မရာဇာ" ဟူသော တံဆိပ်နာမံကို ခံယူသည်။ ထိုမင်းကို အင်္ဂါမင်းဟူ၍၎င်း, ဝမ်းဘဲအင်းစံမင်းဟူ၍၎င်း, မင်းရဲကျော်ထင် ဟူ၍၎င်း ခေါ်ဝေါ်ကြသည်၊ ၁၀၄၉-ခုနှစ်တွင် သားတော် တပယင်းမင်း ကို အိမ်ရှေ့အရာပေးတော်မူသည်၊ ထိုမင်းသည် နန်းစည်းစိမ် ၂၆-နှစ်တိုင် တိုင် နိုင်ငံတော်၌ ထူးခြားပြောင်းလဲသော အရေးတော်ပုံများ ပြောပ လောက်အောင် မရှိမူ၍ နိုင်ငံတော် သာယာငြိမ်းအေးစွာ စိုးစံတော်မူရ လေသည်၊ ဝမ်းဘဲအင်းစံမင်း-မင်းဖြစ်ကြောင်းမှာ နောင်တော်နရာဝရမင်း နတ်ရွာစံသောအခါ မှူးမတ်တို့သည် ဘုရင်မင်း နတ်ရွာ စံကြောင်းကို အများကို အသိမပေးသေးပဲ အမတ်တို့အချင်းချင်း တိုင်ပင် နှီးနှော၍ မင်းလောင်းမင်းလျာ ရွေးကြသည်၊ သို့ရွေးကြရာတွင် မင်းသားသီရိဓမ္မာ-

သောကသည် ငြိမ်ဆိမ်ဆေးလေး၏၊ ဓမ္မသတ်ပုံပြင် ရာဇဝင်ထုံးဟောင်းတို့၌ မကျွမ်းကျင်ပေ။ မင်းသားစစ်သည် ဗဟုဿုတ လေ့လာ၏၊ ကြက်တိုက် အန်ခတ် သောက်စားမှု၌ မွေ့လျော်၏။ မင်းရဲနရာမှာ မာန်ခက်ထန်သည်၊ ရက်စက်ကြမ်းကြုတ်သည်၊ ပြည်ကြီးဝန်ကို မရွက်ဆောင်နိုင်ရာ။ ရမည်းသင်း မင်းရဲကျော်ထင်မူကား ခမည်းတော်ဘုရား၏ ညီတော် နှမတော် မင်းနှစ်ပါး၏ သားတော်လည်းဖြစ်သည်၊ ဓမ္မသတ်ပုံပြင် ရာဇဝင်ထုံးဟောင်း တို့၌လည်း ကျွမ်းကျင်သည်၊ စိတ်နှလုံးဖြူစင် ယဉ်ကျေးသည်၊ သစ္စာစကား အမှန်အကန်ကိုလည်း ပြောဆိုလေ့ရှိသည်၊ ဝိနည်းသိက္ခာနှင့်လည်း ပြည့်စုံ သည်-ဟု အမတ်တို့ စိတ်သဘောညီကြ၍ အများသဘောတူ မင်းအဖြစ် တင်မြှောက်ကြသည်။

ဝမ်းဘဲအင်းစံမင်း မင်းဖြစ်လိုသော် တပေါင်ပေါ်သည်ကား—

"ဆင်စွယ်ပြဲနှင့် အရဲကိုလာ၊ မင်းအင်္ဂါ မှာညွှန့်သို့" ဟူသတည်း။

**ဆင်စွယ်ပြဲ** ဟူသည် ထိုမင်း ငယ်စဉ် သျှောင်ထုံးသောအခါ ဘကြီး တော် ပြည်မင်းတရားက ဆင်တစီးလက်ဖွဲ့ရာ မယ်တော်သည် ဆင်ကဲကို တံစိုးပေး၍ ငါ့သားကို မင်္ဂလာရှိသောဆင်ကို ပေးပါဟုဆို၏။ သို့ကြောင့် ဆင်ကဲက ရွှေသို့ကောင်းစားမည့် ဆင်ကလေးကို ရွေးပြီးပို့ရာ ငါ့တံစိုးကို စား၍ ငါ့သားအား အသုံးမဝင်သည့် ဆင်ကလေးကို ပေးရာသလောဟု မိဘုရား ဆိုလျှင် အရှင့်သမီးတော် စိုးတော်မမူနှင့်၊ သည်ဆင် မုံအာ ဆောက်သည့်ကာလ ထီးနန်းကိုရမည်ဟုလျှောက်သဖြင့် ကောင်းမွန်စွာ သိမ်းပိုက် ပြုစုထားသော ဆင်စွယ်ပြဲ ဖြစ်သည်-ဟု ဆိုသည်။

ထိုဝမ်းဘဲအင်းစံမင်း လက်ထက်၌ ရှင်ဇမ္ဗုဓဇလွန်၍ ကူးခန်းကြီး ဆယ်အင်းတောရ ရှင်ဉာဏာလင်္ကာရကို ဂိုဏ်းအုပ်ခန့်သဖြင့် ရှင်ဉာဏာ- လင်္ကာရသည် သာသနာကို ဆက်လက် စောင့်ရှောက်ရပေသည်။ ထိုနောက် ညောင်ရမ်းမင်း ဆယ်ဆက်တွင် နောက်မင်းငါးဆက်တို့ လက်ထက်၌ ယခု ကာလ လူတို့ကဲ့သို့ သာသနာဘက်၌ အသိဉာဏ်ကျယ်ပြန့်စွာ မြင်သူတို့ နည်းပါး, လူပြိန်းတို့သာ များလာသဖြင့် ပုဂ္ဂိုလ်ကို မရွေးချယ်တတ်၊ အုတ်အရောရော, ကျောက်အရောရော ဆည်းကပ်ကိုးကွယ်ကြသည် ဟူ၏။ ယင်းသို့လျှင် အရောရောဒကာတို့ ကိုးကွယ်ကြသော်လည်း ရှင်ဉာဏာ-

လက်ာရသည် ဆရာစဉ်ကိုမဖျက်မူ၍ အာရညကင်ဓုတင်ကိုအသက်ထက်ဆုံး ဆောက်တည်၍ သာသနာတော်ကို ထိန်းစောင့်တော်မူလေသည်။

သက္ကရာဇ် ၁၀၆၀-ပြည့်နှစ်တွင် သားတော်အိမ်ရှေ့မင်းသည် ထီးနန်းဥကင် ရာဇပလ္လင်နှင့် ထီးဖြူရှစ်ဆင့် ဖွင့်လှစ်တော်မူ၍ မင်းအဖြစ်သို့ ရောက်တော်မူသည်။ ထိုအခါ သာသနာတော် အားသေးခိုက် ဖြစ်သည် အလျောက် အနောက်ဘက်တံ့ရွာ ကျောင်းနေ ရှင်ဂုဏာဘိလင်္ကာရအမည် ရှိသော ပုဂ္ဂိုလ်သည် သာမဏေတို့ကို ရွာဝင်ရွာထွက်၌ လက်ကတော့ထိုး၍ ဦးထုပ်ဆောင်းစေ၏။

တောင်ငူမြို့ အရှင်ဗုဒ္ဓင်္ကုရ, အရှင်စိတ္တ ဆရာတော်နှစ်ပါးနှင့်တကွ ဒီပဲယင်း အရှင်သုနန္ဒ,တရုပ်မြို့ ငါးရံ့အို ရှင်ကလျာဏတို့က သာမဏေတို့ကို ရွာတွင်းသို့ဝင်တိုင်း သင်္ကန်းကို ရုံစေကြ၏။ ဦးထုပ်ကိုလည်း မဆောင်း စေကြကုန်။

သို့ကြောင့် ထိုအချိန်၌ လက်ကတော့ထိုးသည်ကို အကြောင်းပြု၍ "**အတင်ဂိုဏ်း**" ဟူ၍၎င်း, သင်္ကန်းရုံသည်ကို အကြောင်းပြု၍ "**အရုံဂိုဏ်း**" ဟူ၍၎င်း ကွဲပြားကြကုန်၏။

သက္ကရာဇ် ၁၀၇၆-ခုနှစ်တွင် သားတော် ဥပရာဇ် မင်းအဖြစ်ကို ခံယူတော်မူသည်၊ ထိုမင်းလက်ထက် ရွှေရင်မျှော်ရွာကြီးဇာတိ အရှင်ဥက္ကံသမာလာ ပုဂ္ဂိုလ်ကျော် ပေါ်ထွန်းလာ၍ တွင်းသင်းဝန်ကြီးက ပင့်ဆောင်လျက် ရွှေကြက်ယက်တွင် ကျောင်းဆောက်ကိုးကွယ်သည်။ ထိုဆရာတော်သည် ရွာကြီးသားဖြစ်၍ ပညာလုံလောက် တတ်မြောက်ပါလျက် ဘုရင်မင်းကိုယ်တိုင် မကိုးကွယ်ပဲ တွင်းသင်းဝန်ကြီးကိုသာ အရေးကုန်လွှဲအပ်ပေသည်၊ အရှင်ဥက္ကံသမာလာသည် လောက, ဓမ္မ, ရာဇ အကြောင်း သုံးပါးတို့၌ ထူးခြားသာလွန်စွာ ကျွမ်းကျင်လိမ္မာတော်မူသည်ဟု ဆိုသည်။

ဘုရင်မင်းကိုယ်တိုင် အထင်အရှား ပြု၍ အရှင်ဥက္ကံသမာလာကို မကိုးကွယ်ခြင်း အကြောင်းကို ပညာရှိတို့ တွေးတော ယူကြသည်မှာ— ရှင်ဥက္ကံသမာလာသည် မှူးမတ်တို့ တတ်သိအပ်သော အတတ်ပညာတို့၌ ပါရဂူမြောက် ပုဂ္ဂိုလ်တယောက် ဖြစ်သောကြောင့် မင်းအားကိုးနှင့် လူထွက်မည် စိုးသောကြောင့် မင်းက အထင်အရှား မကိုးကွယ်ခြင်း ဖြစ်သည်ဟု ယူဆကြသည် ဟူ၏။

အရှင်ဥက္ကံသမာလာသည် ဝဏ္ဏဗောဓနေသတ်ပုံကျမ်းကို စီရင်ခဲ့သည်၊ ဓုရနှစ်ပါး၌လည်း အာဇာနည်ပုဂ္ဂိုလ် ဖြစ်တော်မူသည်ဟု ဆိုသည်၊ သက်တော် ရှည်တော်မမူ၍သာ အတင်ဂိုဏ်းသားများကို ယထာဓမ္မ မဆုံးမရမီ ပျံလွန်တော်မူရရှာပေသည်။

## ၇။ ရှင်ဉာဏဝရ

သက္ကရာဇ် ၁၀၈၅-ခုနှစ် တနင်္ဂနွေမင်း နတ်ရွာစံသောအခါ သားတော် အိမ်ရှေ့မင်းသည် နတ္တော်လဆန်း ၉-ရက်နေ့၌"မဟာဓမ္မရာဇာဓိပတိ"တံဆိပ် နာမံခံ၍ မင်းပြုတော်မူသည်။ စစ်တောင်းသို့ ကိုယ်တော် ရောက်ကိန်းရှိ သည် ဟု ပညာရှိတို့ တင်လျှောက်သဖြင့် စစ်တောင်းမြေကို ယူပြီးလျှင် နံတူဖြစ်သော အင်းဝအနောက် ဆင်တဲ၌ ဖြန့်စေ၍ နန်းတော်ဆောက်စေ ပြီးလျှင် ကျော်အောင်စံနန်းသမုတ်၍ စံတော်မူ၏၊ ထိုနောက် နန်းတော်ကို ဖျက်၍ ကျောင်းဆောက်၍ ကျော်အောင်စံထား သမုတ်တော်မူ၍ ပုခန်း ကြီးမြို့ကျေး ပိုက်သင်ရွာ ရှင်ဉာဏဝရကို တင်လှူတော်မူသည်။ ရှင် ဉာဏဝရသည်ကား ပထမကျော်ပြန် ဖြစ်၏။ သဂြိုဟ်ဂဏ္ဌိ, အဠသာလိနီ ဂဏ္ဌိ, သုရာပါနဝိနိစ္ဆယ, အဘိဓာန်နိဿ, ရာဇာဓိရာဇနာမတ္ထပကာသနီ ကျမ်းများကို စီရင်၏။

ရှင်ဉာဏဝရသည် ဆယ်အင်းတောရ ရှင်ဉာဏာလင်္ကာရ၏ တပည့်ဖြစ်၍ ရှင်ဉာဏာလင်္ကာရကွယ်လွန်လျှင် ကူးခန်းကြီးမြို့ကျေး ပိုက်သင်ရွာက နေ၍ သာသနာတော်ကို ဆက်လက် စောင့်ရှောက်တော်မူသည်၊ ကျော်အောင် စံထားကျောင်းကို အလှူခံကာ သီတင်းသုံးရသည်မှစ၍ ကျော်အောင်စံ ထား ဆရာတော် ဟု တွင်သည်။

ကြည်ညိုသဒ္ဓါ စေတနာပွါးစေရန် ကျော်အောင်စံထား ဆရာတော်၏ အတ္ထုပ္ပတ္တိကို ညောင်ကန်သာသနာဝင်မှ ထုတ်ယူပြပါဦးမည်။

### ကျော်အောင်စံထားဆရာတော်

ရောဝတီ သလ္လာဝတီ မြစ်နှစ်စင်းတို့၏ အနောက်ဘက် သုနာပရန္တတိုင်း အဝင်အပါ ပုခန်းကြီးမြို့ အနောက်မျက်နှာ ခရီးယူဇနာ ရှစ်တိုင်ခန့် ကွာဝေးသော ပိုက်သင်ရွာတွင် သက္ကရာဇ် ၁၀၆၇-ခုနှစ် အဘ ဦးရွှေအောင်, အမိ ဒေါ်ကြုတ်တို့မှ ကျော်အောင်စံထား ဆရာတော်အလောင်း သတို့ သားကို ဖွားမြင်ခဲ့သည်၊ ငယ်မည် မောင်ပန်း ဖြစ်သည်။

မောင်ပန်း ၆-နှစ်သား အယွယ်တွင် မိဘတို့က ပုခန်းကြီးတောင်နောင်ဘုရွာ နိဗ္ဗာန်ကျောင်းဆရာတော် အရှင်ဓမ္မနန္ဒာလင်္ကာရ မထေရ်၏ တပည့်ကြီး ဖြစ်သော ပိဋကပေဒင်၌ ကျွမ်းကျင်တော်မူသော အရှင်စန္ဒမဥ္ဇူသာထံ၌ အပ်နှံလေသည်။ မောင်ပန်းသည် ကျောင်းသားအယွယ်ကပင် ဇာတ်ကြီးဆယ်စောင် ကုန်အောင် သင်ကြားပြီး၍ သာမဏေပြုရာ သာမဏေဘွဲ့မှာ အရှင်ဉာဏဝရ ဖြစ်သည်။

ရှင်သာမဏေ ဉာဏဝရသည် သုံးနှစ်အတွင်း၌ သဒ္ဒါ ကစ္စာယန, အဘိဓမ္မတ္ထသင်္ဂဟ, မာတိကာ, ဓာတုကထာ, ဉာသ်, ဋီကာ, အဘိဓာန်, အလင်္ကာ, နေ့ဝါ, ညဝါ ပေါက်ရောက်၍ သာမဏေကျော်အဖြစ် ထင်ရှားလာပေသည်။ သက္ကရာဇ် ၁၀၇၅-ခုနှစ် သီတင်းကျွတ်လဆန်း ၅-ရက်နေ့၌ ဆရာရင်း အရှင် စန္ဒမဥ္ဇူ ပျံလွန်တော်မူ၍ အင်းဝသို့ စာသင် ထွက်လာခဲ့သည်။ အင်းဝ၌ မှန်နန်းဆင်ဖြူရှင် တနင်္ဂနွေမင်း ကိုးကွယ်တော်မူသော အောင်မြေ စံလွှတ်ကျောင်းတိုက် မိုးထိဆရာတော်ထံ၌ ပါဠိ အဋ္ဌကထာ ဋီကာ နည်းခံ သင်ကြား လေ့လာခဲ့လေသည်။

မိုးထိဆရာတော်ထံ၌ ရွှေဘိုတောင်လက် စမွန်းရွာသား ငယ်မည် မောင်ဖုံး, ရှင်မည် ရှင်ဂမ္ဘီသာရ ဘွဲ့မည်ရှိသော သာမဏေကျော်တပါးလည်း ရှိလေသည်။ ရှင်ဉာဏဝရသည် ရှင်ဂမ္ဘီသာရနှင့် တွဲ၍ စာပေ သင်ကြားခဲ့ရာ သက္ကရာဇ် ၁၀၈၆-ခုနှစ် နယုန်လပြည့်နေ့တွင် ရှင်ဂမ္ဘီသာရနှင့် ယှဉ်ပြိုင်ကာ သုဓမ္မာဇရပ်၌ စာပြန်ရ, စာမေးခံရသည်၊ သုဓမ္မာ ဆရာတော်တို့သည် ပထမကျော်ပြန် သာမဏေနှစ်ပါးကို အာဂုမ်ပြန်ဆိုစေခြင်း, နှုတ်လွတ် မေးမြန်းခြင်း, သင်ကြားပြီးသော ကျမ်းဂန်ထဲမှ ခဲရာ ခဲဆစ်တို့ကို ကောက်နုတ် မေးခြင်းများကို ပြုရာ မေးမြန်းတိုင်းကို သာမဏေ နှစ်ပါးလုံးပင် လျင်မြန်စွာ ဖြေဆိုနိုင်ကြသည်၊ ဓာတ်ရ ပစ္စည်းရ ဝိဂ္ဂိုဟ် ဝစနတ္ထ သံဝဏ္ဏနာ ကျမ်းရိုး ကျမ်းတက်များကို မေးမြန်းရာတွင်လည်း နှစ်ပါးလုံးပင် မိုဃ်းသီးမိုဃ်းပေါက် ကျရောက်သည့်အသွင် သိန္ဓောနှင်သကဲ့သို့ လျင်မြန်စွာ ကောက်ယူ ဖြေဆိုနိုင်ကြသည်။ တပါးက တပါးကို မသာမလွန်ကြမူ၍ ညီတူ အားမျှ ရှိနေကြသည်။

ပထမကျော် ဟူသည်မှာလည်း တနှစ်အတွင်း နှစ်ပါးပေးရိုးမရှိ၊ တပါးသာလျှင် ပေးကြမြဲရှိသောကြောင့် ပထမပြန်ပွဲကို ကြီးမှူး ကြပ်မတ်တော်မူ

ကြသော ဆရာတော်များသည် အရည်အချင်း တူညီနေသော သာမဏေ နှစ်ပါးအတွက် ပထမကျော် အဖြစ် အပေးခက်တော်မူနေကြ၏။ သို့သော် အကြံရတော်မူကြ၍ အမောင် သာမဏေတို့....သင်တို့နှစ်ဦး၏ နှုတ်ရေးကို မူ ငါတို့သိရပေပြီ၊ လက်ရေးသာလိုတော့သည်၊ လက်ရေးရေး၍ ပြကြဦး လော့ ဟု မိန့်တော်မူကြသဖြင့် ရှင်ဉာဏဝရသည် ဆရာတော်များ၏ ရှေ့တော်မှောက်တွင် ပုရပိုက်ကို ဖြန့်ခင်း မျဉ်းသား၍ ရိုသေကောင်းမွန်စွာ ရေးသားလေသည်၊ရှင်ဂမ္ဘီသာရ-ကမူ ပုရပိုက်တွင် မျဉ်းမတင်မချပဲ အလွတ် ရေးသားလေသည်။

နှစ်ပါးလုံး ရေးသားပြီး၍ ဆရာတော်များထံ တင်ပြကြသောအခါ ဆရာတော်များ ကြည့်ရှုစစ်ဆေးပြီး အဆုံးအဖြတ်ပေးတော်မူသည်မှာ—

မျဉ်းဟူသည် ဆရာနှင့်တူသည်၊ ဆရာဟူ၍ပင် ခေါ်ဆိုရပေမည်။ ဘယ်အခါမဆို ဆရာကို လက်လွှတ်ခြင်းငှါမသင့်၊ ရှင်ဂမ္ဘီသာရမှာ ယခုက ပင် ဆရာကို လက်လွှတ်ခဲ့ချေပြီ၊ ရှင်ဉာဏဝရသည်ကား “လက်ရေးကောင်း တို့မည်သည် မျဉ်းကြောင်းကို လက်မလွှတ်ရ”ဟူသော ဥပဒေသနှင့် ညီစွာ ဆရာကို လက်မလွှတ်မူ၍ ရိုသေကျိုးနွံရှိပေသည်။ ဆရာကောင်းတပည့် ပီသပေသည်။ သို့ဖြစ်သောကြောင့် ရှင်ဉာဏဝရကို အနိုင်ပေးရပေလိမ့် မည်-ဟု မိန့်တော်မူကြပြီးလျှင် ရှင်ဉာဏဝရအား ပထမကျော်ဘွဲ့တံဆိပ်ကို ပေးအပ်ကာ ပထမကျော်အဖြစ် ကြေငြာတော်မူလိုက်ကြကုန်၏။ ရှင်ဉာဏ-ဝရသည် ဤပထမကျော် အောင်ပန်းကို အသက် ၁၉-နှစ်ကပင် ဆွတ်လှမ်း ဆောင်ယူနိုင်ခဲ့ပေသည်။

ထိုအချိန်၌ ရှင်ဉာဏဝရအား ချီးကျူးကြဟန်မှာ ရှင်ဉာဏဝရကို သာမန် ရဟန်းရှင်လူတို့ မေး၍ မဖြစ်ပြီ၊ မြတ်စွာဘုရားနိမ္မိတရုပ်ပွါးက မဖြေနိုင်အောင် မေးမြန်းတော်မူမှသာ မဖြေနိုင်ပဲရှိတော့မည်-ဟု ချီးကျူး စကား ပြောကြားကြသည်ဟူ၏။ ငါတို့သည်လည်း ရှင်ဉာဏဝရကဲ့သို့ ဉာဏ် ပဋိဘာန် ထက်သန်ကောင်းမွန်ရပါလို၏-ဟု လည်း တောင့်တကြသည်-ဟု ဆိုသည်။

ရှင်ဉာဏဝရ၏ သားချင်းပေါက်ဖော်မှန်သမျှ ၄၅-အိမ်ထောင် စာရင်း ကျသူတို့ကိုလည်း အသည်စာရင်းဝင်အဖြစ်မှ ထုတ်နုတ်၍ မင်းရဲမြင်းစုမှာ ဖြည့်သွင်းကာ ဖွဲ့ပေးတော်မူသည်၊ ပိုက်သင်ရွာ မြောက်ဘက်တွင်

ကျောက်တိုင် နယ်နိမိတ် အပိုင်းအခြားနှင့် မြင်းသည်ရွာ ဟူ၍ ခေါ်တွင်စေသည်၊ ယခုတိုင် ရွာဟောင်းကုန်း ဖုံးဆိုးတော ရှိသေးသည်-ဟု ဆိုသည်။

သက္ကရာဇ် ၁၀၇၇-ခုနှစ်တွင် ရဟန်းဖြစ်တော်မူ၍ ကျောင်းထိုင် အင်္ဂါနှင့် ပြည့်စုံလျှင် နေရင်း ပိုက်သင်ရွာသို့ပြန်ကြွ, ကူးခန်းကြီးမြို့ စည်သူရှင်ဘုရား၏ အနောက်မျက်နှာ၌ ဒါယကာ မောင်အောင်ဇေယျ (ရွှေဘိုမင်း ဦးအောင်ဇေယျမဟုတ်) က ဘုံသုံးဆင့်ဖြင့် ဆောက်လုပ်လှူဒါန်းသော မတော်င့်တကျောင်း၌ စာပေပို့ချနေစဉ် ရာဇာဓိရာဇနာမတ္တပကာသနီကျမ်း, ရာဇာလင်္ကာရကျမ်း, အဋ္ဌသာလိနီဂဏ္ဌိပဒ, အဘိဓမ္မတ္ထ သင်္ဂြိုဟ်ဂဏ္ဌိ, ပါတိမောက္ခလေခနခလိတနယကျမ်းတို့ကို စီရင်ရေးသားတော်မူသည်။ မြန်မာ့စွယ်စုံကျမ်းအတွဲ ၂-တွင် အောက်ပါ ကျမ်းများကိုလည်း ထည့်သွင်း၍ ပြထားသေးသည်၊ ကစ္စာယနသာရနိသျသစ်အကျယ်, ကမ္မဝါဂဏ္ဌိကျမ်း, ဒုဋ္ဌက္ခရဂဏ္ဌိကျမ်း, စက္ကင်္ဂဝိနိစ္ဆယ, မဟာနမက္ကာရပဋိနိသျကျမ်းများအပြင် အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာကိုလည်း မြန်မာဘာသာဖြင့် အဖွင့် ဂဏ္ဌိကို စီရင်တော်မူသည်-ဟု ဆိုသည်။

ထိုမှနောက် မင်းကြေးရာဇ်က ပုခန်းကြီးမြို့မှ အင်းဝနေပြည်တော်သို့ ပင့်ဆောင်၍ အရံကျောင်းဆောင်ငယ်ပေါင်း တရာ(၁၀၀)ရှိသော ကျော်အောင်စံထား ကျောင်းတော်ကြီးကို ရေစက်သွန်းချ တင်လှူတော်မူသဖြင့် သီတင်းသုံးတော်မူရသည်၊ "ဇိနစက္ကာဘိရာမ"ဟူသော နာမ တံဆိပ်တော်၊ "ကျော်အောင်စံထား"ဟူသော ဌာန တံဆိပ်တော်များကိုလည်း အလှူခံယူတော်မူရသည်။

သက္ကရာဇ် ၁၁၀၈-ခုနှစ်၌ ရာဇဝတီမြစ် မြောက်ဘက်ရှိ ရဟန်းရှင်လူတို့သည် ယိုသစ်စဖြစ်သော ထန်းရည်, အုန်းရည်တို့ကို ရဟန်းတို့ သောက်အပ်, မသောက်အပ် ဝိဝါဒဖြစ်ကြရာ လဇ္ဇီပေသလ သိက္ခာကာမဖြစ်တော်မူသော ပလိုင်းဆရာတော် အရှင်သုဇာတ သုရာအဆုံးအဖြတ်ကို ရေးသားတော်မူသည်-ဟု ကြားသိလျှင် ကျော်အောင်စံထား ဆရာတော်သည် သုရာဝိနိစ္ဆယကျမ်းကို ရေးတော်မူသည်။ ထိုမှတပါးလည်း အဘိဓာန် နိသျ, ဆန်းနိသျသစ်များကိုလည်း ရေးသားတော်မူခဲ့သေးသည်။

ကျော်အောင်စံထား ဆရာတော်သည် သက္ကရာဇ် ၁၁၁၀-ခုနှစ်တွင် ညောင်ကန်ရွာသို့ ကြွရောက်တော်မူ၍ ငါးဝါပတ်လုံး ခုရနှစ်ပါးကို အား

ထုတ်တော်မူစဉ် သက္ကရာဇ် ၁၁၁၅-ခုနှစ် သက်တော် ၄၈၊ ဝါတော် ၂၈-ဝါ အရတွင် ပျံလွန်တော်မူလေသည်။ (အလောင်းမင်းတရားကြီး ရွှေဘိုမြို့တွင် နန်းတက်သော နှစ်တည်း။)

ကူးခန်းကြီး သာသနာဝင် ပြီး၏။

---

# ဒီပဲယင်း သာသနာဝင်

## ၁။ပထမ နမောဆရာတော် ရှင်ပုညာရမ္မ

သက္ကရာဇ် ၁၁၃၈-ခုနှစ်၊ သာသနာတော် ၂၂၂၀-ပြည့်နှစ်၌ စဉ့်ကူးမင်း လက်ထက် ကူးခန်းကြီးဆရာစဉ်ပြတ်၍ ကူးခန်းကြီးအနွယ် ဒီပဲယင်း နမော ရွာ ရှင်ပုညာရမ္မထေရ် သာသနာကို ဆက်လက် စောင့်ရှောက်တော် မူသည်။

စဉ့်ကူးမင်း လက်ထက်၌ အရုံအတင် စကားပြောဆိုကြရာ အရုံဘက်က ကျမ်းဂန်သာဓက အကိုးအကား ခိုင်မာစွာနှင့် ပြောကြားသဖြင့် အရုံ ဘက်က နိုင်လေသည်၊ အတင်ဘက်က ဝန်ချရပေသည်။ သက္ကရာဇ် ၁၁၄၂-ခုနှစ် နယုန်လဆန်း ၁၅-ရက်နေ့ အမိန့်တော် ထုတ်ပြန်တော်မူသည်မှာ— ပါဠိအဋ္ဌကထာဋီကာသို့ သက်ဝင်ရာ, တရားရှိရာ သာမဏေများကို ရွာသွား ရွာဝင် ဝတ်ရုံစေ-ဟူသတည်း။

အရုံအတင် စကားပြောကြရာတွင် အရုံဘက်မှ ဦးဆောင်၍ပြောကြား သော ဆရာတော်သည် အရှင်နန္ဒမာလာ ဘွဲ့မည်ရှိသော ပုဂ္ဂိုလ်ဖြစ်သည်။ ဗန်ကျီတွင်းတိုက် ပေါက်မြင့်ဇာတိ ဖြစ်၏။ စလင်း မြို့ရှေ့ကျောင်း၌ ဝါဆို၍ စာပေကျမ်းဂန် ပို့ချကာနေ၏။ သာမဏေများကို ရွာသွားရွာဝင် လက်ကန်တော့ တင်စေသော အတင်ဂိုဏ်းသားတို့အား ဝိနည်းကမ်းနှင့် မညီဟု ပြောဆိုဆုံးမ၏။ပါဠိအဋ္ဌကထာဋီကာတို့၌ လာသော ဝတ်ရုံနည်းကို ပြ၍ စာပေစီကုံး ရေးသားတော်မူသည်။

အရှင်နန္ဒမာလာ၏ သတင်းကောင်းကို ကြားသိရသဖြင့် စဉ့်ကူးမင်း သည် အင်းဝသို့ ပင့်စေ၍ ရွှေမြို့တော်မှ သေန်အရပ် ရေနန်းတော်၌ တည်းခို သီတင်းသုံးစေ၏။ အရှင်နန္ဒမာလာသည် မင်းတရားကို သာမဏေတို့ ရွာ သွား ရွာဝင် ကာလတို့၌ ဝတ်ရုံသင့်ကြောင်း ဝိနည်းကျမ်းဂန် ညွှန်ကြား၍

သိစေတော်မူသည်။ သို့ကြောင့်လည်း မင်းတရားကိုယ်တိုင် သဘောတော်ပေါက်၍ နောက်က ဆိုအပ်ပြီးသော အမိန့်တော်ကို ထုတ်ပြန်လိုက်ခြင်းဖြစ်သတည်း။

### ၂။ ဒုတိယ နမောဆရာတော် ရှင်ဝိစာရိန္ဒ

သက္ကရာဇ် ၁၁၄၃-ခုနှစ် အလောင်းမင်းတရား၏ သားတော်အလတ်ပဒုံမင်းသည် တပို့တွဲလပြည့်ကျော် ၁၄-ရက်နေ့တွင် နန်းတက်တော်မူ၏၊ "သုသိရီဓမ္မရာဇာ"ဘွဲ့ကို ခံယူ၏။ ပဒုံမင်းလက်ထက်၌ အရုံဂိုဏ်း,အတင်ဂိုဏ်းတို့ကို မကြောက်မရွံ့ ရှင်းလင်းပြောဆိုကြစေ အမိန့်တော်ရှိ၍ တွင်းသင်းဝန်ဦးထွန်းညိုတို့ နေ့စဉ် သွားရောက်၍ လျှောက်ကြားစေရာ အတင်ဂိုဏ်းဆရာတို့သည် ရှေးနည်းဘူ ဝန်ခံကြသဖြင့် မင်းတရားကြီး များစွာနှစ်သက်တော်မူသည်။

ပဒုံမင်းတရားသည် အမရပူရမြို့ကို တည်ပြန်သည်၊ မြို့တော်တည်ပြီးနောက် မင်းအိုဆရာတော်, ဆုံထားဆရာတော်, မန်လည်ဆရာတော်, မင်းရွာဆရာတော် ဤဆရာတော်လေးပါးကို သာသနာပြု အပ်နှင်းတော်မူသည်၊ ထို့ပြင် ညောင်ကန်ဆရာတော်, ရွှေတောင်ဆရာတော်, ဆင်တဲဆရာတော်,မဲသီးဆရာတော်,မှန်ကင်းဆရာတော်တို့အားလည်း သာသနာပြုအပ်နှင်းတော်မူသည်။

နမောရွာ ရှင်ပုညာရမ္ဘ၏တပည့် အရှင်ဝိစာရိန္ဒကိုလည်း နမောဂိုဏ်းအုပ် ခန့်အပ်ချီးမြှောက်တော်မူသည်။

ဒီပဲယင်း သာသနာဝင် ပြီး၏။

# ရွှေဘို သာသနာဝင်

### ၁။ သီးလုံးဆရာတော်

သက္ကရာဇ် ၁၁၀၁-ခု၊သာသနာတော် ၂၃၆၃-ခုနှစ်တွင်အမရပူရမြို့တော်၌ နောင်တော်ကြီး နန်းတက်တော်မူသည်၊ မင်းတုန်းမင်းကိုထောက်၍ ဘကြီးတော်ဟူ၍လည်း ခေါ်ဝေါ်ကြသည်၊ အင်းဝမြို့ကို တဖန်တည်သောကြောင့် ရတနာပူရ စတုတ္ထမြို့တည်မင်းဟူ၍လည်း ခေါ်သည်၊ ထိုမင်းလက်ထက်၌ ဒုတိယ နမောဆရာတော် ပျံလွန်တော်မူ၍ ဒီပဲယင်း သာသနာဆက် ပြတ်

သည် (ရွှေကျင် သာသနာဝင်ကိုသာ ဆိုလိုသည်)၊ ဒုတိယ နမောဆရာတော် တပည့် သီးလုံးရွာ တောရဆရာတော် အရှင်စန္ဒိမာ ဆက်လက်၍ သာသနာပြုတော်မူသည်။

သက္ကရာဇ် ၁၁၉၉-ခုနှစ်၊ သာသနာ ၂၃၈၁-ခုနှစ်တွင် ညီတော် သာယာဝတီမင်း နန်းတက်၏၊ ရွှေဘိုမင်းလည်း ခေါ်၏၊ အမရပူရမြို့ကို ၂-ကြိမ်မြောက် တည်သောကြောင့် ဒုတိယ အမရပူရမြို့တည်မင်း ဟူ၍လည်း တွင်၏။ ရွှေဘိုမင်းသည် သီးလုံးတောရဆရာတော် အရှင်စန္ဒိမာကို ဂဏဝိမုတ် အမိန့်ထုတ်ပြန်တော်မူ၍ အခြားဂိုဏ်းတို့ အလွတ်ဂိုဏ်း သီးခြားအဖြစ်ဖြင့် ကိုးကွယ်တော်မူသည်။ ထိုနောက် "စန္ဒိမာဘိဝံသသိရီသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု" တံဆိပ်တော်ကို ကပ်လှူတော်မူသည်။

ရွှေဘိုမင်းလက်ထက်၌ မင်းတုန်းမင်းသားသည် မင်းသားကြီး နေရာ၌ ခစားခွင့်ရ၍ လွတ်ရုံးသို့ တက်ရောက် တရားစီရင်ရ၏။ ထိုအခါကပင် မင်းတုန်းမင်းသည် သီးလုံးဆရာတော်ကို ကြည်ညိုခဲ့ပေသည်၊ ဘုရင်မင်းအဖြစ်သို့ ရောက်ကာလ နေပြည်တော်သို့ပင့်ရာ ကြွရောက်တော်မမူသဖြင့် သီးလုံးရွာ၌ပင် "ရတနာဘုံစံ" ဟူ၍ ကမ္ပည်းတပ်သော ကျောင်းတော်ကို ဆောက်လုပ်၍ လှူဒါန်းတော်မူသည်။

သီးလုံး ဆရာတော်သည် ဝိနည်းအဆုံးအဖြတ်နှင့်တကွ မူလပဏ္ဏာသ အဋ္ဌကထာနိသျ, ကုလဒူသကဝိနိစ္ဆယ, ဂမ္ဘီရတ္ထဒေသနာ ကျမ်းများကို ရေးသားတော်မူခဲ့သည်။

ဝိနည်းအဆုံးအဖြတ်များတွင် ဒွိသန္တက ဝိနိစ္ဆယတရပ်ကို ဖော်ပြခြင်းဖြင့် စာရှုသူ ပုဂ္ဂိုလ်များ ကျေးဇူးရှိရာသည်ဟု မြော်လင့်သည်။

ကျမ်းဂန်လာသည့် ဒွိသန္တက အစစ်မှာ တစုံတယောက်သော ဒါယကာသည် နှစ်ယောက်သော ရဟန်းတို့အား ဤဝတ္ထုကို ( သက်နှ်း စသော ကပ္ပိယပစ္စည်း ) ကိုယ်တော်တို့ သုံးဆောင်တော်မူပါ ဟု ဆို၍ လှူသော ပစ္စည်းကို ထို ရဟန်း နှစ်ဦးတို့သည် ထက်ဝက်စီပိုင်၏၊ အကယ်၍ ရဟန်း တဦးက အလိုမရှိမူ၍ အရှင်ဘုရားသာ သုံးပါတော့ ဟု လှူအံ့၊ ကျန် တပါး သာပိုင်တော့သည်။ နှစ်ယောက် ပိုင်ဆိုင်သောအချိန်၌ တယောက်က ငါသာ ရလိုသည်ဟု အစိုးတရ မယူအပ်၊ မယူကောင်း၊ ရဟန်းနှစ်ယောက်တွင် တယောက်ယောက်သေက ကျန်သောရဟန်း ရ၏၊ ဤသည်ကား ဒွိသန္တက အစစ်ဖြစ်၏။

ဒွိသန္တကအစစ်နှင့်လျော်သော ဒွိသန္တကအတုမှာ—တဦးသော ရဟန်း၏ ပစ္စည်းကို မိမိနှင့်သဘာဂဖြစ်သော အခြား ရဟန်းအား ငါ့ရှင် အလိုရှိလျှင် အလိုရှိတိုင်း သုံးပါ၊ ငါအလိုရှိလျှင်လည်း သုံးပါမည်၊ နှစ်ဦးပိုင် ဒွိသန္တက ဖြစ်ပါစေ-ဟု ဆို၍ ပြုလျှင် ဒွိသန္တက ဖြစ်၏ ဟု ကျမ်းဂန်တတ် ဆရာကြီး ဆရာမြတ်တို့ ပြောရိုးဆိုစဉ်ရှိသည်။ ထိုဆရာမြတ်တို့၏ စကားသည် ဝိဿာသဂါဟနှင့် လျော်သည် ဟု မိန့်ဆိုကြသည်။

ဝိဿာသဂါဟလက္ခဏာမှာ—

၁။ ပစ္စည်းရှင် အသက်ရှင်သည်လည်း ဖြစ်စေ၊
၂။ အလိုရှိတိုင်း သုံးဆောင်ပါ ဟု နှုတ်မြွက်ဆိုဘူးသည်လည်း ဖြစ်စေ၊
၃။ သုံးဆောင်လျှင် ဝမ်းမြောက်သည်လည်း ဖြစ်စေ။

ဤ အင်္ဂါ လက္ခဏာ သုံးပါးနှင့် ပြည့်စုံမှ ဝိဿာသဂါဟ မြောက်၏။ မပြည့်စုံလျှင် မမြောက်။

ဒွိသန္တကပင် ဖြစ်သော်လည်း နောင်တဖန် တစုံတခုသော အကြောင်းကြောင့် နှလုံးမသာရှိ၍ ပစ္စည်းရှင်ရဟန်းက ဒွိသန္တက မပြုလိုပြီ၊ ငါ့ပစ္စည်းကို ငါသာ သုံးဆောင်တော့မည်၊ ငါ့ရှင် သုံးဆောင်ခြင်းကို အလိုမရှိ ဟု ဆိုလျှင် ပစ္စည်းရှင်၏ ပစ္စည်းပင် ဖြစ်တော့သည်၊ အခြား ရဟန်းသည် မသုံးဆောင်ပိုင်၊ မသုံးဆောင်ရပြီ။ ဒွိသန္တက ပြုလုပ်သည်ဆိုကာမတ္တဖြင့် ဒွိသန္တက မဖြစ်၊ ဝိဿာသဂါဟလည်းမဖြစ်။

ဝဇိရဗုဒ္ဓိဋီကာလာ ဒွိသန္တက တနည်းမှာ—

ဒွိသန္တက ပြုလိုသော ရဟန်းနှစ်ယောက် သုံးယောက်တို့သည် ဒွိသန္တက ပြုလုပ်မည့် ပစ္စည်းကို သီလကို ချစ်မြတ်နိုးသော သီလရှိသော ရဟန်းတပါးအား ပေးစွန့်ကြရ၏။ သီလရှိသော ရဟန်းက တဖန် ထိုပစ္စည်းကို ဒွိသန္တက ပြုလိုကြသော ရဟန်းတို့အား ငါ့ရှင်တို့ အလိုရှိတိုင်း သုံးဆောင်ကြလော့ ဟု ပြန်၍ ပေးစွန့်ရ၏။ ဤသို့ပြုခြင်းဖြင့် ထိုရဟန်းတို့သည် ထိုပစ္စည်း ပရိက္ခရာ၌ တူညီသော ပိုင်ဆိုင်သူတို့ ဖြစ်ကြလေသည်။ ဤသမာန ပရိက္ခာရိက လက္ခဏာသည် ပါဠိတော်၌လာသော လက္ခဏာ၌ အတွင်းဝင်သောကြောင့် ခိုင်မြဲသော ဒွိသန္တကလက္ခဏာ ဟု ဆိုကြကုန်၏။

အပရေဆရာတို့ကား အထက်ပါ ဒွိသန္တကဝါဒကို မနှစ်သက်၍ ပယ်ကြသည် ဟူ၏။ ဤသို့ အပရေဆရာတို့သည် အနုဂဏ္ဌိပုဒ်၏ ဝါဒကို မနှစ်

သက်ယောင်ပြု၍ ပြသော်လည်း ရှေ့ဝါဒ နောက်ဝါဒ နှစ်ပါးသည် အသင့်ပင်ဖြစ်၏ ဟု မှတ်ယူရာ၏။

ဒွိသန္တက အဆုံးအဖြတ် ပြီး၏။

**မှတ်ချက်။** ။ သီးလုံးဆရာတော်ကြီး၏ ဒွိသန္တက အဆုံးအဖြတ်၌ ခေတ်အား လျော်သင့်ရှိ အနည်းငယ် စကားသုံးပြင်ခြင်း, သာဓက ပါဠိအနက်တို့ကိုမြှုပ်၍ အဓိပ္ပါယ်မပျက်စေပဲ ထည့်သွင်းအပ်ပါသည်။

သီးလုံးဆရာတော်သည် ပရိယတ်သာမဟုတ်၊ ပဋိပတ်၌လည်း အားထုတ်တော်မူသည်မှာ ဖော်ပြလတ္တံ့သော အကြောင်းဖြင့် ထင်ရှားပေသည်။

သီးလုံး ဆရာတော် ဘုရားကြီးသည် လူသူတော် ကပ္ပိယ ကာရက တယောက်နှင့် အတူတကွ တောရကျောင်း၌ သီတင်းသုံးတော်မူသည်ဖြစ်ရာ တခုသောနွေဥတု လသာသော ညဥ့်၌ ကျောင်းမှ အလှမ်းဝေးကွာသော ရေကန်သို့ လူသူတော်သည် ရေချိုးရန် သွား၏၊ ရေကန်သို့ ရောက်လျှင် သီးလုံးဆရာတော်ဘုရားကြီး ရေသုံးသပ်တော်မူနေသည်ကို တွေ့မြင်ရ၍ သူတော်မှာ မဖြစ်စဘူး ထူးထူးကဲကဲ အံ့ဘွယ်သရဲဖြစ်လျက် "အိုမင်းမစွမ်းရှိတော်မူသော ဆရာတော်ဘုရားကြီးသည် ညဥ့်အခါ ဤမျှ ဝေးကွာသော ရေကန်သို့ အဘယ်ခရီးဖြင့် လျင်မြန်စွာ ကြွရောက်နိုင်ပါအံ့နည်း"ဟု ဆင်ခြင်တွေဝေနေစဉ် ဆရာတော်ဘုရားကြီး ရေသုံးသပ်ပြီးတော်မူ၍ "သူတော်ဤအကြောင်းကို ငါအသက် ထင်ရှားရှိစဉ် ဘယ်သူ့အားမျှ မပြောရ"ဟု နှုတ်ပိတ် မိန့်ကြားတော်မူပြီးနောက် ကောင်းကင် ခရီးဖြင့် ကျောင်းသို့ ပြန်ကြွတော်မူခဲ့၏။ ဆရာတော် ပျံလွန်တော်မူသော်မှ သူတော်လည်း ဤအကြောင်းကို ထုတ်ဖွင့်ပြောကြားလေသည်။ သီးလုံးဆရာတော်ဘုရားကြီးသည် အဘိညာဏ်ရ ဖြစ်တော်မူသည်မှာ ထင်ရှားလှပေပြီ။ အဘိညာဏ်ကို ရကြောင်း ပဋိပတ်ကို အားမထုတ်ပဲ အဘိညာဏ်ကို ရသည်မဟုတ်သောကြောင့် ပဋိပတ်သာသနာတော်နှင့် ပြည့်စုံတော်မူသော ဆရာတော်ဖြစ်သည်ဟုလည်း ဆိုဝံ့ပေသည်။

ရွှေကျင် နိကာယ ပရံပရသာသနာဆောင် အရှင်တို့သည် အများအားဖြင့် ပရိယတ်, ပဋိပတ်သာသနာတော် နှစ်ရပ်ကို ဆောင်ရွက်တော်မူကြသော စွယ်စုံ မထေရ်မြတ်တို့သာလျှင် ဖြစ်ကြလေရာ.... ဣမေ သုဘဒ္ဒ

ဘိက္ခု သမ္မာ ဝိဟရေယျုံ၊ အသုညော လောကော အရဟန္တေဟိ အဿ....ဟူ၍ မိန့်ကြားတော်မူအပ်သော မြတ်စွာဘုရား၏ အဒ္ဒေဇ္ဇ၀စန စကားတော်အရ အဘိညာဏ်မက အရဟန္တ ဟူသော ရဟန္တာ အဖြစ်သို့တိုင်အောင်လည်း ဆိုက်ရောက်တော်မူနိုင်ကြပါပေသည်။

သီးလုံး ဆရာတော်ဘုရားကြီးသည်ပင်လျှင် လောကီ အဘိညာဏ်မျှမဟုတ်မူ၍ အာသဝက္ခယ အဘိညာဏ်နှင့်တကွ ဆဠဘိည ပုဂ္ဂိုလ် မဖြစ်ဘူးဟူ၍ မဆိုဝံ့ချေ။ သူတော်ကောင်းတို့၏ လက္ခဏာမှာ အလွန်လျှို့ဝှက်စောင့်စည်းသော အခြင်းအရာ ရှိတော်မူတတ်ကြသည်။

စိတ္တလတောင်၌ သီတင်းသုံးတော်မူသော ရဟန္တာမထေရ်မြတ်၏ အလုပ်အကျွေး ရဟန်းကြီးတပါးသည် တနေ့သ၌ ဆွမ်းခံရန် မထေရ်မြတ်၏ သပိတ်သင်္ကန်းတို့ကို ယူဆောင်၍ မထေရ်မြတ်၏ နောက်မှ လိုက်လာခဲ့ယင်း "အရှင်ဘုရား အရိယာဆိုတာ ဘယ်လိုပုဂ္ဂိုလ်ပါလဲ၊ ဘယ်လိုနေပါသလဲ?"ဟု မေးလျှောက်၏၊ မထေရ်မြတ်က "ငါ့ရှင် အချို့ပုဂ္ဂိုလ်ဟာ အရိယာ၏ နောက်က သပိတ်သင်္ကန်းကို ယူဆောင်၍ အတူတကွ သွားနေသော်လည်း ဤပုဂ္ဂိုလ်သည် အရိယာပဲဟု မသိဘူး၊ အရိယာကို အဲသည်လို အသိခက်တယ် ငါ့ရှင်"ဟု မိန့်ဆို၏။ ရဟန်းကြီးသည် သူ့ဆရာကို ရဟန္တာဟူ၍ မရိပ်မိချေ။

## ရှမ်းကလေးကျွန်း ဆရာတော်

သက္ကရာဇ် ၁၂၀၀-ခု၊ သာသနာတော်နှစ် ၂၃၈၀-ပြည့်နှစ်၌ ပုဂံမင်းနန်းတက်၏၊ ပုဂံမင်းကား သာသနာရေးကို အလေးမပြု၊ ပုဂ္ဂိုလ်ကောင်း, မကောင်း မစိစစ်၊ အရည်အသွေး ရှိ,မရှိ မဆင်ခြင်မူ၍ ကိုးကွယ်သောကြောင့် အလဇ္ဇီရဟန်းတို့ အားရှိကြ၏။ ရှမ်းကလေးကျွန်း ဆရာတော်သည် ရွှေဘိုတောင်လက် ခေါ်တောရွာသို့ ကြွ၍ သီတင်းသုံးနေတော်မူရရှာသေးသည်။

ရှမ်းကလေးကျွန်း ဆရာတော်သည် ပင်ကိုယ်ကပင် ရှမ်းကလေးကျွန်း၌ သီတင်းသုံးနေရင်း ဖြစ်သည်၊ ပုဂံမင်း လက်ထက် ပုဂံမင်းဆရာ ဒုတိယ ဗားကရာ သာသနာပိုင်ဆရာတော်၏ ဝိနိစ္ဆယကို ရှမ်းကလေးကျွန်း ဆရာတော်က တဖန် ဝိနိစ္ဆယ ချသည်ကို ဗားကရာသာသနာပိုင် မနှစ်သက်၍ မောင်နန္ဒကို အမရပူရ, အင်းဝ, စစ်ကိုင်း သုံးနယ်မှ ထွက်စေဟု နှင်ထုတ်

သောကြောင့် ခေါ်တောသို့ ရောက်သည်၊ မင်းတုန်းမင်း လက်ထက်မှ မင်းတုန်းမင်းက ပြန်ပင့်ပြီး ရှမ်းကလေးကျွန်း၌ပင် ကျောင်းဆောက်လှူသည်ဟု သိရသည်။ မင်းတုန်းမင်းလက်ထက်၌ ရှမ်းကလေးကျွန်း ဆရာတော်ဟု တွင်သည်။ ရှမ်းကလေးကျွန်း ဆရာတော်သည် ရဟန်းငယ်ဘဝ စာသင်စဉ်ကပင် အမိဋ္ဌာန်ပြုခဲ့သည်အတိုင်း အဋ္ဌသာလိနီ တကျမ်းလုံး အာဂုမ်ဆောင်တော်မူခဲ့သည်ဟု စကားစဉ်ရှိ၏။ အလဇ္ဇီရဟန်းတို့ မဟုတ်မတရား ဂုံးချောပြောဆိုသောကြောင့် ရှမ်းကလေးကျွန်း ဆရာတော် ခေါ်တော၌ သီတင်းသုံးစဉ် ဒဏ်ထမ်းရသည်ဟု ဆို၏။ မင်းတုန်းမင်းသည် ဤအချိန်ကပင် လဇ္ဇီသီလဝန် ပုဂ္ဂိုလ်များ ညှဉ်းပန်းနှိပ်နင်းခြင်း ခံနေကြရသည်ကို သိမြင်သဖြင့် ငါ အထွဋ်အမြတ်သို့ ရောက်မူကား ယင်းသို့ မဖြစ်စေရ၊ သာသနာတော် ကောင်းစေရန် လဇ္ဇီသီလဝန် ပညာဝန် ပုဂ္ဂိုလ်တို့အား ချီးမြှောက်အားပေးမည်ဟု နှလုံးသွင်းခဲ့ရင်း ရှိပေသည်။

သက္ကရာဇ် ၁၂၁၄-ခုနှစ်၌ မင်းတုန်းမင်း ထီးနန်းကို သိမ်းပိုက်ပြီးကာလ သီးလုံးဆရာတော်ကို မြို့တော်သို့ ကြွရောက် သီတင်းသုံးရန် အကြိမ်ကြိမ် ပင့်သော်လည်း မကြွ၊ သီးလုံးရွာ၌ပင် ရတနာဘုံစံ ကျောင်းတော်ကို ဆောက်လုပ် တင်လှူရသည်။

သက္ကရာဇ် ၁၂၁၇-ခုနှစ်၌ ခေါ်တောရွာ အရှင်နန္ဒမထေရ်မြတ်ကို ပင့်၍ အမရပူရမြို့ အနောက်ပြင် ရှမ်းကလေးကျွန်းအရပ်၌ ကျောင်းတော် ဆောက်လုပ် လှူဒါန်းရပေသည်၊ သို့ကြောင့် ရှမ်းကလေးကျွန်း ဆရာတော်ဟု ထင်ရှားတော်မူသည်။


## ပထမပိုင်း ပြီး၏။

# ဒုတိယပိုင်း

## ရွှေကျင်ဆရာတော်ဘုရားကြီး

သာသနာတော်နှစ် ၂၃၆၆၊ ဂေါဇာ သက္ကရာဇ် ၁၁၈၄-ခုနှစ်၊ ဥတုဝသန္တ ပထမဝါဆိုလပြည့်ကျော် ၁၂-ရက်နေ့ည မြန်မာနာရီ သုံးချက်တီးကျော် ၁၃-ရက် အင်္ဂါနေ့အဝင် မိဂသီနက္ခတ်နှင့် ယှဉ်၍ မင်္ဂလာအချိန် သုဒ္ဓိဒိန် ၆၄-ရက်၊ စန်းလက်ပြိဿ ဗုဒ္ဓနဝင်းစီးလျက် ရွှေဘိုမြို့တောင်လက် လှတောကြီး ငါးရွာအဝင် **ရွှေကျင်** အမည်ရှိသောရွာတွင် ခမည်းတော် **ဦးမောင်,** မယ်တော် **ဒေါ်မိ**တို့မှ ထွန်းကားဖွားမြင်တော်မူသော အမျိုးကောင်းသား ဖြစ်သည်၊ သန့်စင်သောရုပ်လက္ခဏာ အကြောင်းပဝတ္တနိမိတ်ဖြင့် **မောင်သန့်** ဟူ၍ အမည်သညာကို မှည့်ခေါ်သမုတ်ကြသည်။

မောင်သန့်ကို ဖွားမြင်သောအချိန်၌ မိဿရာသီတွင် စနေ၊ ပြိဿရာသီတွင် လက်,စန်း, ကြာသပတေး, သောကြာ၊ ကရကဋ်ရာသီတွင် တနင်္ဂနွေ, ဗုဒ္ဓဟူး၊ ကန်ရာသီတွင် အင်္ဂါ၊ ကုမ်ရာသီတွင် ရာဟုဂြိုဟ်တို့ အသီးအသီး တည်ရှိဆဲဖြစ်ကြသည်။ စဉ်နက္ခတ် လေးလုံး,ပါဒ် သုည,ရှစ်ဗီဇနာ ဖြစ်သည်။




စဉ်
၄
၀
၈

**ဇာဂရိယ**ကျမ်း၌ ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဂြိုဟ်နေဟန်ကို သုတေသီတို့ အလွယ်တကူ မှတ်လိုက မှတ်ယူနိုင်စေရန် လက်ာစီကုံးထားသည်ကို ရေးကူးပြအပ်ပါသည်။

ရေနာဂိန်မိဿမှာ၊ နိစ်ပြနှင့် ရပ်ခံ၊ တိတျဆဒ္ဒန်ငယ်၊ ကြင့်မှန်
ပျော်မြန်း၊ ဘုံပြိုဿ ကွက်ရောက်ရာမှာ၊ လက်သောကြာ ကြွက်မင်း
နှင့်စန်း။ ရှည်အသက် အာယုပိုအောင်၊ ပါကုသိုလ် ထုံဖြန်း၊ ရာဟု
ဂြိုဟ် ကုမ်စန်းမှို၊ စုံစမ်းတော့ သေချာ၊ ရန်ပြိုကာ ကံခိုဆင်း၊ နံဂြိုဟ်
မင်း စွမ်းခြင်သော့ပါ။ လေးနက္ခတ် ပါဒ်သုညာမှာ၊ အင်္ဂကြုံလာ ဗိဇ
နာ့ငယ်နှင့်၊ ညီအမျှ စဉ်ဟုခေါ်၊ ထွန်းဘွိုတေဇော်၊ တိုင်းလုံးကျော်
ဆရာတော်ကို၊ ဗေဒင်အာဘော်ကုန် ဟောပါတော့လေး။

ရွှေကျင်ဆရာတော်ဘုရားကို ဖွားမြင်တော်မူသောအချိန်၌ ဘိုးတော် ပဒုံမင်း၏မြေး မင်းတုန်းမင်းမှ ထောက်၍ ဘကြီးတော်သောကြောင့် ဘကြီးတော်ဟု တွင်သော အင်းဝ စတုတ္ထမြို့တည် မင်းတရား ထီးနန်းစိုးစံသောအခါ ဖြစ်သည်။

သတ္တိသားမောင်သန့် အသက်ခုနစ်နှစ်ရှိလျှင် ရွှေကျင်ရွာ၌ ထင်ရှားသော မဟာဗောဓိကျောင်း ဆရာတော် ဦးဝရဗုဒ္ဓိထံ မိဘများအပ်နှံ၍ စာပေသင်ကြားခဲ့သည်၊ ၁၄-နှစ်အယွယ်၌ ရှင်သာမဏေဖြစ်၍ ရှင်ဘွဲ့မှာ **ရှင်ဇာဂရ** ဖြစ်သည်။ ၁၅-နှစ်ယွယ် ရှင်သာမဏေအဖြစ်ဖြင့် ရတနာသီခမြို့ (ရွှေဘိုမြို့)ဝက်ပါကျောင်းတိုက် ဆရာတော်ထံ၌ စာပေကျမ်းဂန် ဆက်လက် သင်ကြားရပေသည်။ အသက် တဆယ့်ရှစ်နှစ် အယွယ်၌ စန္ဒိမာဘိဝံသ သိရီသဒ္ဓမ္မဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု တံဆိပ်တော်ရ သီးလုံးဆရာတော် ဘုရားကြီး ခြေတော်ရင်းသို့ ဆည်းကပ်မိ၍ သီးလုံးဆရာတော်ဘုရားကြီး၏ တပည့်ရင်း အန္တေဝါသိက ဖြစ်လေသည်။

မြန်မာနိုင်ငံတော်ကို မြန်မာမင်းများ အစဉ်အဆက် စိုးမိုးအုပ်ချုပ် ခဲ့ကြသော ထိုထို လက်ထက်တော်တို့၌ သာသနဝန်ထမ်း ရဟန်းတော်တို့၏ ကျောင်းတော်များသည်ပင် သိပ္ပသာလာ ဒိသာပါမောက် ကျော်ဖောက် ဝေးနီး တက္ကသိုလ်ကျောင်းတိုက်ကြီးများ ဖြစ်ခဲ့ပေသည်၊ ထိုရဟန်းတော် တို့၏ တက္ကသိုလ်ကျောင်းတိုက်ကြီးတို့၌ လောကီလောကုတ် ဗဟုဿုတ အဝဝသော သိပ္ပဝိဇ္ဇာ ပညာရပ်တို့ကို ဆည်းပူး လေ့လာကြရပေသည်၊ လောကီလမ်း, သာသနာလမ်းနှစ်သွယ်တွင် မိမိတို့ဆန္ဒ လိုအင်ရှိရာလမ်းသို့ လိုက်ကြသောအားဖြင့် တံဆိပ်ရ-မရ ဆရာတော်အဖြစ်သို့ ရောက်သူတို့ လည်း ရောက်ကြကုန်၏၊ စာရေးစာချီမှ စ၍ မှူးကြီးမတ်ကြီး ဖြစ်သူတို့

လည်း ဖြစ်ကြသည်၊ ဘုရင်ကေရာဇ်တိုင်အောင် ဖြစ်သူတို့လည်း ဖြစ်ကြသည်၊ သို့ကြောင့် ခေတ်အားလျော်စွာ ရွှေကျင်ဆရာတော် အလောင်းအလျာ သာမဏေ ရှင်ဇာဂရသည် အဆင့်ဆင့်သော ဆရာတော်အရှင်ကောင်း ရဟန်းတော်ကျောင်းများသို့ ပြောင်းကာပြောင်းကာ စာပေပညာကို သင်ကြားဆည်းပူးခဲ့ရာ ထူးချွန်သော ပါရမီကမ် ရှိသည့်အလျောက် အယွင်းနှင့်မတန်အောင် ထွန်းထွန်းပေါက်ပေါက် တတ်မြောက်ခဲ့ပေသည်။

အသက် ၂၀-ပြည့်သောအခါ ဆရာတော် ဦးဝရဗုဒ္ဓိထံ၌ပင် ရဟန်းအဖြစ်သို့ တက်ရောက်ပြီးနောက် အမရပူရမြို့တော်၌ ထင်ပေါ်ကျော်ကြားသော ဆရာတော်များထံ ဆည်းကပ်လျက် အရပ်ရပ်သော ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းတို့ကို ရဟန်းသိက္ခာ ဝါ ရှစ်ဝါတိုင်တိုင် လေ့လာဆည်းပူး သင်ကြားခဲ့ပေသည်။

ထိုနောက် မန်ကျည်းစဉ်၊ ခေါ်တော၊ ရှိမ်းမကားတို့၌ တပည့် စာသင်သားတို့အား စာပေပို့ချကာ နေတော်မူသည်။ ရဟန်းသိက္ခာ ၁၄-ဝါ ရရှိသောအခါ မင်းတုန်းမင်းသားသည် ထီးဖြူသစ်ရှစ် ဖွင့်လှစ်တော်မမူမီ မင်္ဂလာအိမ်တော်မှ ရွှေဘိုသို့ ထွက်တော်မူစဉ် ရွှေကျင်ဆရာတော်ကို ဖူးမျှော်ရ ဩဝါဒဒေသနာကထာကို ကြားနာရသဖြင့် နောင်အခါ သာသနာတော် တိုးတက်စည်ကား ပြန့်ပွါးလေအောင် ဆောင်ရွက်ပြုစုတော်မူပါရန် စကားစ လျှောက်ထား သွားခဲ့လေသည်။

အရှင်ဇာဂရ အမရပူရမြို့တော် သဲအင်းတိုက်၌ စာလိုက်နေစဉ် အာပတ္တာဓိကရုဏ်းတရပ် ဆုံးဖြတ်ပေးရန် စေ့ဒကပုဂ္ဂိုလ်က တောင်းပန် လျှောက်ထားသဖြင့် ယင်းအမှုကို ဆုံးဖြတ်နိုင်ရန် အိမ်ရှေ့မင်းသားဖြစ်သော မင်းတုန်းမင်းသား အိပ်နေရာ အိပ်ခန်းဆောင်သို့ အရှင်ဇာဂရ ကိုယ်တိုင် ဝင်ရောက် အိပ်ရာမှနှိုး၍ အမှုအခင်း အကြောင်းကို ရှင်းလင်း ပြောပြရာ အိမ်ရှေ့မင်းသားက ဤပုဂ္ဂိုလ်သည် သာသနာတော်ရေးနှင့်စပ်လျှင် ယထာဓမ္မ လမ်းမှန်ကျကျ ဆောင်ရွက်ခြင်းငှါ စွမ်းနိုင်ပေလိမ့်မည်-ဟု အသိအမှတ် ပြုလိုက်ဘူးသည်။

**မင်းကွန်း ငွေတောင်တောရ-ပတ္တမြားဆရာတော်။**

အရှင်ဇာဂရသည် သီးလုံးဆရာတော်ဘုရားကြီးထံ၌ ဆည်းကပ်ပြီးနောက် မန်ကျည်းကန်ရွာ ဆရာတော်၊ မူးဝရွာထောင် ဆရာတော်များထံ၌

နည်းနိသျမျိုးကို ခံယူလေ့လာပြန်သည်။ ထိုနောက် အမရပူရမြို့တော် သဲအင်း သာသနာပိုင်တိုက်၌ နေ၍ သဲအင်းဆရာတော်မှစ၍ စာချ စာတတ် အရာ ထင်ပေါ် ကျော်ကြားသော ဆရာတော်များထံ စာပေသင်ကြားတော်မူသည်။ စာပေသင်ကြား နည်းနာခံယူနေစဉ်၌ပင် နယ်မှ ရောက်လာသော အာပတ္တာဓိကရုဏ်း အချို့ကို အရှင်ဇာဂရအား လွှဲအပ် ဆုံးဖြတ်စေသဖြင့် အရှင်ဇာဂရ ဝိနိစ္ဆယ ပြုလုပ်ဆုံးဖြတ်ရာ တရားလမ်းမှန်ကျ၍ ကျေနပ်ကြသည်။

**မင်းကွန်း ငွေတောင်တောရ-ပတ္တမြားဆရာတော်။**

(**မန်ကျည်းစဉ်** ဟူသည်—စစ်ကိုင်းမြို့ မြောက်ဘက် တမိုင်ခန့် အကွာ မန်ကျည်းစဉ်ရွာပင် ဖြစ်တန်ရာသည်။ စစ်ကိုင်း ရွှေဘို ကားလမ်းနံဘေး၌ ရှိသည်။ ယခင်က ထင်ရှားသော ကြွယ်ဝ ချမ်းသာသူပေါသော ရွာကြီး ဖြစ်သည်။) စစ်ကိုင်း မန်ကျည်းစဉ်ရွာ ဖြစ်ဖွယ်ရာ အထောက်အထားလည်း ဖြစ်၍ ရွှေကျင်ဆရာတော် နိဝါတ, နိမာနဂုဏ် ရှိတော်မူပုံ, စာပေပညာ အရည်အချင်းရှိပုံ, ပညာရှိသူတော်ကောင်းများကို လိုလားနှစ်သက်ပုံတို့မှာ ပြဆိုလတ္တံ့သော စကားရပ်ဖြင့် သိရာ၏။

စစ်ကိုင်းမြို့တွင်း၌ ထူပါရုံစေတီတော်ကြီးတဆူ အထင်အရှား ရှိပေသည်။ ထူပါရုံစေတီတော်ကြီးအနီး၌ သိတင်းသုံး၍ စာပေပို့ချလျက်ရှိသော ထူပါရုံကျောင်းတိုက် ဆရာတော်ဘုရားကြီးသည် ဗင်္ဂလီ, နာဂရီဘာသာ ကလာပ်, ဝိဒဂ်ကျမ်းတို့၌ တတ်မြောက် ကျွမ်းကျင်တော်မူသည်။ ဒွါရ-နိကာယာဓိပတိ ယတိရာဇာ ဖြစ်တော်မူလတ္တံ့သော အရှင်ဥက္ကံဝံသမာလာသည် အမရပူရမြို့ မြသိန်းတန် ဆရာတော်ဘုရားကြီးထံ၌ သဒ္ဒတ္ထဘေဒ-စိန္တာ, နေတ္တိကျမ်းတို့ကို သင်ယူ လေ့လာတော်မူပြီးကာလ စစ်ကိုင်းဘက်သို့ နောက်ပါ တပည့်သံဃာ အနည်းငယ်နှင့်တကွ ကူး၍ ထူပါရုံဆရာတော်ဘုရားကြီးထံ၌ ဗင်္ဂလီ, နာဂရီ ဘာသန္တရနှင့်ရှိသော ကလာပ်ကျမ်း, ဝိဒဂ်ကျမ်းတို့ကို လေ့လာသင်ကြားတော်မူပြန်သည်။

ထိုအချိန်၌ ရွှေကျင်ဆရာတော်ဘုရားသည် သံဃာ ၅၀-ခန့်ဖြင့် စစ်ကိုင်းဘက်၌ စာသင်တိုက်ဖွင့်၍ စာပေပို့ချနေဆဲ ဖြစ်လေသည်။ အုတ်ဖို ဆရာတော် အရှင်ဥက္ကံဝံသမာလာသည် ထူပါရုံဆရာတော်ကြီးထံ ရောက်ရှိနေကြောင်းကို ရွှေကျင်ဆရာတော် ကြားသိတော်မူလျှင် အောက်သား မနေ့ဖြူ

ဘုန်းကြီးဟု အမည်တွင်သော အရှင်ဥက္ကံဝံသမာလာသည် သဒ္ဒါအရာ အလွန်လိမ္မာ နိုင်နင်းတော်မူသည်ဟု သတင်းကောင်း ကြားသိရသည်မှာ ကြာမြင့်လှလေပြီ၊ မြသိန်းတန် ဆရာတော်ကြီး အမိန့်အရ နိယမသာရ-ဒီပနီကျမ်းကိုလည်း ရေးသားခဲ့ကြောင်း, နေတ္တိကျမ်းနှင့် ဘေဒစိန္တာကျမ်းများကိုလည်း မြသိန်းတန် ဆရာတော်ဘုရားကြီးထံတော်၌ သင်ကြားခဲ့ကြောင်း ကြားသိရသည်။ ယခုမူကား ကိုယ်တိုင် တွေ့မြင်ရတော့မည် ဟု ကြည်ရွှင်ဝမ်းသာစွာ တပည့်သံဃာ ခြံရံလျက် လာရောက်ဆွေးနွေး မေးမြန်းတော်မူလေသည်။ ရွှေကျင်ဆရာတော်ဘုရား မေးမြန်းတော်မူအပ်သမျှ ဂဏ္ဌိပဒ ခဲရာခဲဆစ်တို့ကို အုတ်ဖိုဆရာတော်ဘုရားက ဖြေကြားရှင်းလင်းတော်မူလေလျှင် ရွှေကျင်ဆရာတော်ဘုရားသည် များစွာနှစ်သက် သဘောကျတော်မူသဖြင့် အရှင်ဘုရား....ဗားကရာ သာသနာပိုင် ဆရာတော်ဘုရားကြီး, မြသိန်းတန် ဆရာတော်ဘုရားကြီးများထံမှ သင်အံမှတ်သားအပ်ခဲ့ကုန်သော သဒ္ဒတ္ထဘေဒစိန္တာကျမ်း, နေတ္တိကျမ်းတို့ကို နည်းယူသင်ကြားလိုပါကြောင်း တပည့်တော်အား စာဝါ သနားပို့ချတော်မူပါဟု လျှောက်ထားလေ၏။

ထိုအခါ အုတ်ဖိုဆရာတော်ဘုရားကြီးက အရှင် ရွှေကျင်ဆရာတော်.... အရှင် သင်ကြားနည်းယူလိုသော ကျမ်းဂန်များ ယခု ပါလာပါ၏။ သို့သော်လည်း တပည့်တော်သည် ကလာပ်, ဝိဒဂ်စသော နာဂရီ, ဗင်္ဂလီ ဘာသန္တရ ကျမ်းဂန်များကို သင်ကြားနေရပါသောကြောင့် အားလပ်ခွင့် မရသဖြင့် စာပို့ချခြင်း မပြုနိုင်ပါ။ အားလပ်ခွင့် ရသောအခါ လာရောက် မေးမြန်းတော်မူပါ။ အရှင်မေးမြန်းသမျှ အချက်တို့ကို လှစ်မြှက်ဖြေကြားပါအံ့ ဟု အခွင့်ပြုလိုက်လေသည်။ ထိုနေ့ကို အစပြု၍ တဝါတွင်းလုံးပင် ရွှေကျင်ဆရာတော် မေးသမျှကို အာစရိယမုဋ္ဌိမချန် ပြန်လှန်ဖြေကြားတော်မူသည်ဖြစ်၍ အုတ်ဖိုဆရာတော်ဘုရားနှင့် ရွှေကျင်ဆရာတော်ဘုရား နှစ်ပါးကုန်သော သူမွန် သူမြတ်တို့သည်....ကလျာဏမိတ္တတာ ကလျာဏမိတ္တကေဟိ သဒ္ဓိံ သံသန္ဒိတ္တိ သမေန္တိ....ဟူသော နိဒါနဝဂ္ဂ ဓာတုသံယုတ် ပါဠိတော်နှင့်အညီ ညီအစ်ကိုရင်းမက မေတ္တာသက်ဝင် ချစ်ခင်ကြည်ညိုခြင်း ပြင်းစွာ ဖြစ်တော်မူကြပေသတည်း။

ဤသို့သော ကျေးဇူးဥပကာရကို ထောက်မြော်၍ ရွှေကျင်ဆရာတော်ဘုရားကြီးသည် အသက်ထက်ဆုံး အုတ်ဖိုဆရာတော်ဘုရားကြီး၏ အဆုံးအမ

ကိုခံယူလိုက်နာတော်မူသည်။ ဒဏ်ထားတော်မူသည်ကိုလည်း ကြည်သာစွာ ဒဏ်ထမ်းတော်မူသည်၊ အုတ်ဖိုဆရာတော်ဘုရားကြီး၏ ထံမှောက်သို့ ဆိုက်ရောက်တော်မူလာလျှင် ဆရာတော်ဘုရားကြီး၏ ခြေတော်စုံကို လက်နှစ်ဖက်ဖြင့် ကိုင်ယူ၍ မိမိနဖူးဖြင့် ပွတ်သပ်လျက် ရှိခိုးတော်မူသည်၊ ရွှေကျင်ဆရာတော်ဘုရားကြီးကား အုတ်ဖိုဆရာတော်ဘုရားကြီးအောက် ငါးဝါသာငယ်သတည်း။ တောင်တော် သာသနာပိုင် ဆရာတော်ဘုရားကြီး ဦးမာလာ မိန့်တော်မူသည်မှာ အုတ်ဖိုဆရာတော်ဘုရားကြီးထံ၌ ရွှေကျင်ဆရာတော် တပည့်ပရိသတ်နှင့်တကွ သွားရောက်၍ တဝါတွင်းလုံး မရှင်းမလင်းသမျှ အချက်များကို မေးမြန်းတော်မူသောအခါက ဆရာတော်လည်း အမြဲလိုက်ပါတော်မူသည်၊ သို့သော် ထိုအခါက ငါတို့က မထင်ရှားသော ရဟန်းကြီးဖြစ်၍ အမှတ်ထားပုံမပေါ်၊ ငါတို့ကား ဘယ်အခါမှ မမေ့၍ တပည့်ကြီး မှန်ကျောင်းဆရာတော် ဦးဉာဏဝံသ, တိုက်အုပ်ဆရာတော် ဦးဉာဏ နန်းဦးနန်းတွင်း တပည့်များကို စာသင်လွှတ်ရသည်ဟု မိန့်တော်မူသည်ကို တဆင့်စကား မှတ်သားရဘူးသည်၊ အုတ်ဖိုဆရာတော်ဘုရားကြီးထံ တိုက်အုပ် ဦးဉာဏတို့ လာရောက်ဆည်းကပ်၍ သဒ္ဒတ္ထဘေဒစိန္တာကျမ်းကို သင်ကြားနည်းယူပြီးလျှင် မန္တလေးမြို့တော်၌ ထိုကျမ်းကို ပို့ချတော်မူသည်၊ "မှတ်ထားကွဲ့ အုတ်ဖိုဆရာတော်ဘုရားကြီး အစိပ္ပါယ်၊ ၂။" ဟု ပြောဆို၍ စာချတော်မူရာ စာလိုက်တပည့် များပြားလှသဖြင့် အချို့မှာ နေရာမရ ထီးဆောင်း၍ လိုက်ကြရသည်ဟူ၍လည်း တဆင့်စကား ကြားနာမှတ်သားရဘူးလေသည်။ [ဤစကားရပ်များသည် မဟာဒွါရနိကာယ သာသနဝံသဒီပနီ-လာ စကားများဖြစ်သည်။]

အထက်ပါ စကားရပ်တို့ဖြင့် ရွှေကျင်ဆရာတော်ဘုရားသည် ထိုအချိန်၌ စစ်ကိုင်းမြို့ မန်ကျည်းစဉ်ရွာ၌ သီတင်းသုံး နေကြောင်းနှင့်တကွ ရွှေကျင်ဆရာတော်ဘုရားကြီး၏ သူတော်ကောင်းဓာတ်ခံ ရင့်သန်ပုံ, သူတော်ကောင်း ပညာရှိများကို မြတ်နိုးကြည်ညိုတော်မူတတ်ပုံ, ပညာဓာတ်ခံကြီးမားတော်မူပုံ, ဗဟုဿုတ လိုလားတော်မူသည့်အတိုင်း ဆည်းပူးလေ့လာတော်မူတတ်ပုံ, နိဝါတ နိမာန ရှိတော်မူပုံ, ကျေးဇူးဥပကာရ သိတော်မူပုံ, သံဃာ ငါးဆယ်ကျော်ကို စာပေပို့ချနေသော ဆရာတဆူ ဖြစ်တော်မူသော်လည်း တင်းတိမ် တက်ကြွနေမှုမရှိပဲ ရနိုင်သမျှ ဆက်လက်ဆည်းပူးခဲ့ခြင်းဖြင့် ထင်ပေါ် ကျော်ကြားသော ဂဏသမုဋ္ဌာပက ဂိုဏ်းဆရာကြီး

အဖြစ်ဖြင့် စာတတ်ကြီးတပါး ဖြစ်တော်မူပုံတို့မှာ ငြင်းဆို၍ မဖြစ်နိုင်ကြပေ။

ဤစာပိုဒ်ကလေးကို ထပ်မံရေးသားရခြင်းမှာ ဤစာရေးသောဘုန်းကြီး ကျောင်းသားငယ်ဘဝက လေးမျက်နှာမြို့၌ စာပေ မတတ်ကျွမ်းသော ဘုန်းကြီးအချို့ အချင်းချင်းပြောသောစကားကို အမှတ်မထင် ကြားလိုက်ရဘူးသောကြောင့် ရေးသားရခြင်းဖြစ်သည်။

ကြားသိလိုက်ရသည့် စကားမှာ—

ရွှေကျင် ဆရာတော်ဘုရားကြီးသည် အောက်မြို့ဒေသ အရပ်ရပ်သို့ သာသနာပြု လှည့်လည် ဟောပြောတော်မူသောအခါ လေးမျက်နှာမြို့သို့လည်း ကြွရောက်တော်မူခဲ့ဘူးလေသည်။ ရွှေကျင်ဂိုဏ်း-ရွှေကျင်နိကာယ၏ မှန်ကင်းအထွဋ်သဖွယ် ဆရာမြတ်ကြီး ဖြစ်တော်မူသည်ကို အမိကပြု၍ ရွှေကျင်ဆရာတော်ဘုရားကြီးထံသို့ ကပ်ရောက် စူးစမ်းခြင်းကိုပင် မပြုကြပဲ "သင်္ဂဇာဆရာတော်လောက် စာမတတ်ပါဘူးကွာ" ဟု ထိုစဉ်အခါက စာပေလုံးဝမတတ်သော ကမ္မဝါဒီဘုန်းကြီးချင်း ပြောကြားကြသည်ဟု ဤစာရေးသော ဘုန်းကြီး၏ ငယ်ဆရာရင်း ဘုန်းတော်ကြီးထံမှ တဆင့်ကြားလိုက်ရပေသည်။ ကြားလိုက်ရသော ကျောင်းသားအရွယ်၌ကား မိမိ၌ ဝေဘန်စွမ်းနိုင်သော အကြားအမြင် ဗဟုဿုတ ဘာမျှမရှိသေးသောအချိန် ဖြစ်သဖြင့် ဟုတ်ပေရာ၏-ဟူ၍သာ မှတ်ယူလိုက်ရပေသည်။

ဆယ်ဝါမပြည့်မီကပင် သံဃာငါးဆယ်ကျော်တို့အား ပါဠိ, အဋ္ဌကထာ, ဋီကာကြီးများကို ပို့ချလာခဲ့ခြင်း, ရွှေဘိုမြို့ ဝင်္ကပါဆရာတော်, သီးလုံးဆရာတော်ဘုရားကြီးများထံ၌ လက်ပွန်းတတီး ဆည်းကပ် သင်ယူခဲ့ခြင်း, အမရပူရမြို့တော်၌ ထင်ရှားသော စာချဆရာတော်များထံ၌ ချဉ်းကပ်ကာ လေ့လာဆည်းပူးခဲ့ခြင်း, စာချဆရာဖြစ်နေလျက်ပင်လျှင် အုတ်ဖိုဆရာတော်ဖြစ်အံ့သော အရှင်ဥက္ကံဝံသမာလာထံ တဝါတွင်းလုံး အလေးအမြတ်ပြု၍ နည်းယူ မှတ်သား မေးမြန်း စုဆောင်း လေ့လာခဲ့ခြင်း၊ ယင်းတို့ကြောင့်လည်း အုတ်ဖိုဆရာတော်ကြီးကိုယ်တိုင် နှစ်လိုမြတ်နိုးကြည်ညို၍ ညီအစ်ကိုရင်းပမာ မေတ္တာသက်ဝင်၍ ရင်းနှီးခင်မင်တော်မူသည်ကို ခံယူရပေသည်။

ရွှေငွေစိန်ကျောက်စသော ရတနာတို့ အရည်အသွေးကောင်း,မကောင်း တန်ဘိုးရှိ,မရှိကို ထိုရွှေငွေစိန်ကျောက်စသော ရတနာဘက်၌ နားလည် ကျွမ်းကျင်သော်မှသာလျှင် တန်းဘိုးမှတ်၍ ကောင်း,မကောင်း ဆုံးဖြတ် နိုင်ကြသကဲ့သို့ စာပေကျမ်းဂန် အရာတို့၌လည်း မိမိတို့ကိုယ်တိုင်က စာပေ တတ်မြောက်မှု, ဗဟုသုတရှိမှု, နည်းနိဿယ အာစရိယမုဋ္ဌိ လက်ဆုပ်လက် ကိုင်ရရှိမှသာလျှင် တပါးသော ပုဂ္ဂိုလ်အပေါ်၌ အကဲဖြတ်နိုင်ကြပေသည်၊ "ချင်းလက် စိန်ရောက်" ဆိုရိုးစကားကဲ့သို့ရှင်း,.... မဟိဒ္ဓိကော ခေါ မဟာ- သမဏော။ပ။ န တွေ့ဝ စ ခေါ အရဟာ ယထာ အဟံ.... ဟူသကဲ့သို့ရှင်း မသိသည်မှာ အခက်ဆုံးပင် ဖြစ်ပေသည်၊ သို့ကြောင့်လည်း မဟာဇာနိယော ဝတ ဟူသကဲ့သို့ ပညာရှိ သူတော်ကောင်းကြီးကို ဆည်းကပ်လိုက်ရခြင်းမှ အကြီးအကျယ် ဆုံးရှုံးကြ၍ နစ်မွန်းကြရရှာပေသည်ဟု ကရုဏာစိတ် များစွာ ဖြစ်ရပေသတည်း။

မင်းတုန်းမင်းတရားသည် ဘုရင်မင်းအဖြစ်သို့ ရောက်၍ မန္တလေး နေပြည်တော်ကို တည်ထောင်ပြီးကာလ သိက္ခာတော် ၁၉-ဝါရရှိသော ရွှေကျောင်ဆရာတော်ကို တပည့်သံဃာ အပေါင်းနှင့်တကွ ရှိမ်းမကားရွာမှ မန္တလေး ရတနာပုံမြို့တော်သို့ ပင့်ဆောင်၍ မန္တလေးတောင်၏ မြောက် မျက်နှာအရပ်၌ အရံ ကျောင်းတိုက် လေးတိုက်နှင့်တကွ မဟာဓမ္မိကာ- ရာမ-ဟူသော ကမ္ပည်းထိုး၍ ရွှေကျောင်တိုက်မကြီးကို တည်ထောင် ဆောက် လုပ် လှူဒါန်းတော်မူသည်။

မဟာဓမ္မိကာရာမ ရွှေကျောင်တိုက်မကြီးအတွင်း ရွှေကျောင်ဆရာတော် သီတင်းသုံးတော်မူရန် ကျောင်းတော်ကြီး၌ တိုင်ပေါင်း ၂၆၂-တိုင် ရှိသည်၊ ကျောင်းတိုက် အတွင်း အဆောက် အဦ အချို့ အပါအဝင် ငွေပေါင်း ၂၂၂၃၅၅-ကျပ်ကုန်သည်။

ရွှေကျောင်တိုက်မ၊ တိုင်ပေါင်းပြ၊ မှတ်ကြ ဒွိသောဒ္ဒါ။
ပြည်ပန်းညို၊ ချိုချိုခတ်၊ ရွှေကျောင်တိုက်မ ငွေကုန်မှတ်။

**မင်းကွန်း ငွေတောင်တောရ-ပတ္တမြားဆရာတော်။**

ဤကျောင်းတိုက်ကြီး ငါးတိုက်သည် ရွှေကျောင် ငါးတိုက် ဟု တွင်သည်၊ အမည်များမှာ ၁။ ထရံကာတိုက် (မှိုင်းလုံတိုက် ဟူ၍လည်း ခေါ်သည်)။

၂။ ရမည်းသင်းတိုက်။ ၃။ မဟာဓမ္မိကာရာမ (ရွှေကျင်တိုက်)။ ၄။ မင်းကင်းတိုက်။ ၅။ မြတောင်တိုက်များ ဖြစ်ကြသည်။ ရွှေကျင်ငါးတိုက် အရှေ့အနောက်ဆက်ကာ တန်းလျက်ရှိရာ ရွှေကျင်တိုက်မမှာ အလယ်ဗဟို၌ တည်ရှိလေသည်။

မင်းတုန်းမင်းသည် ရွှေဘိုသို့ ထွက်စဉ်က ရွှေကျင်ဆရာတော်ကို ဖူးမြင်ခွင့်ရသဖြင့် ဆည်းကပ်ဖူးမျှော်၍ တရားဒေသနာတော်ကို နာယူရလေသည်။ ထိုအခါ ရွှေကျင်ဆရာတော်၏ ရဟန်းတော် ပီသပုံ, ရဟန်းကျင့်ဝတ်ပြည့်စုံပုံ, ရဟန်းကောင်းလက္ခဏာရှိပုံ, တပည့်တပန်း ရဟန်းသာမဏေတို့အား သွန်သင်ဆုံးမပုံ, တပည့်များ ယဉ်ကျေးလိမ္မာ ရှိပုံတို့ကို ထူးထူးခြားခြား တွေ့မြင် ကြည်ညိုရသောကြောင့် ဤဆရာတော်သာ ကြီးမှူးခေါင်းဆောင်၍ သာသနာတော်ကို ပြုပြင်စောင့်ရှောက်စေရမူကား ဘုရားရှင်သာသနာတော်ကြီးသည် အလွန် သန့်ရှင်း စင်ကြယ်စွာ သူတော်ကောင်း ရဟန်းမြတ်တို့ အဆက်ဆက် သာသနာသက်ရှည်၍ ပြည်သူ တိုင်းသား ဥပါသကာ ဥပါသိကာ အများသည်လည်း သုံးပါးသော ချမ်းသာကို တောင့်တတိုင်း ရရှိပေရာသည် ဟု မနသာ ဝတ် စိတ်ညွတ် ရာထားခဲ့ခြင်းဖြစ်သည်၊ ယင်းသို့ စိတ်ညွတ်ခဲ့သည့်အတိုင်း သက္ကရာဇ် ၁၂၃၀-ပြည့်နှစ်၌ အလုံမြို့, ဒီပဲယင်းမြို့, ဗန့်ကျီမြို့, တလုတ်မြို့, ရတနာသီခမြို့, ကလေး, ရာဇဂြိုဟ် စသော မြို့တို့၌ သာသနာပြုရန် အပ်နှင်းတော်မူသဖြင့် ရွှေကျင်ဆရာတော်ဘုရားသည် အဆိုပါမြို့တို့၌ ဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက်အကြီးအကဲတို့ကို ခန့်ထား၍ များစွာသော ဂိုဏ်းသံဃာတို့အား ဩဝါဒပေးခြင်း, နည်းလမ်းညွှန်ကြားခြင်း, ကူညီစောင့်ရှောက်ခြင်း စသည်ဖြင့် ရွှေကျင်ငါးတိုက်နှင့်တကွ သာသနာပြုတော်မူခဲ့ပေသည်။

နေပြည်တော် မန္တလေး ရတနာပုံမြို့တော်၌လည်း ၁၂၃၃-ခုနှစ် တပေါင်းလဆန်း ၁၃-ရက်နေ့၌ လျှူဒါန်းအပ်သော အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက် စသော ၁၂-ရပ်သော တိုက်တော်တို့တွင် ပိဋကတ္တယပါရဂူဖြစ်တော်မူကြသော တပည့် ဆရာတော်, စာချ, ဂဏဝါစက ပုဂ္ဂိုလ်တို့အား လွှဲအပ် ချီးမြှောက်တော်မူ၍ သာသနာ့ အညစ်အကြေးကို ဆေးလျှော် သုတ်သင် ဖြူစင် သန့်ရှင်းစေတော်မူသည်။

## ဘွဲ့တံဆိပ်တော် အလှူမခံ

သက္ကရာဇ် ၁၂၃၃-ခုဦးပင် သိက္ခာဝါတော် ၃၀-အရ ရှေးဘေးလောင်းတော် သာသနာပြုမင်းတို့ ထုံးတမ်းစဉ်လာအတိုင်း သာသနာပြု ဆရာတော်များအား ဘွဲ့တံဆိပ်ကပ်လှူ၍ သာသနာတော်ဆိုင်ရာ အာဏာအခွင့်အရေးကို လွှဲအပ်ပေးတော်မူမြဲ ဖြစ်သည့်အလျောက် ဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်းသည်ကို အလှူခံယူတော်မမူချေ။

## တောရကျောင်းသို့

သံသရာဘေးကို တွေးတော ဉာဏ်မှန် အမြင်သန်၍ နှစ်တန်သော ဓုရတွင် နိဗ္ဗာန် မြို့သို့ လျင်မြန်စွာ ရောက်ခြင်း၏ နီးသော အကြောင်းဖြစ်သော ပဋိပတ် ကျင့်လမ်းကိုသာလျှင် တက်လှမ်းအားထုတ်တော်မူလိုသော နိက္ခမဇ္ဈာသယဓာတ် ပြင်းထန်လှသောကြောင့် ကိန္နရာတောင်, ရေတံခွန်တောင်, စဉ့်ကိုင်တောရ, ကုက္ကိုချောင် တောရတို့သို့ ထွက်ကြွ၍ ဝိပဿနာဓုရကို အားသွန်ကြိုးပမ်းတော်မူခြင်းဖြင့် ကာလကို ကုန်လွန်စေတော်မူသည်၊ ကာလ, အချိန်, နာရီ, နေ့ရက်, လ, နှစ်တို့သည် သတ္တဝါတို့ကို စားမျိုသကဲ့သို့ အချည်းနှီး အကျိုးမဲ့ အသက်တာကို ကုန်စေသော်လည်း ရွှေကျင်ဆရာတော်ဘုရားကြီးကဲ့သို့သော ပုဂ္ဂိုလ်မြတ်တို့မှာမူကား ကာလကို မိမိတို့ကပင် စားမျို ကုန်လွန်စေသကဲ့သို့ အချည်းနှီးသော ကာလ, နာရီ, အချိန်, နေ့ရက်, လ, နှစ်တို့ကို မကုန်လွန်စေပဲ ကာလတိုင်း, နာရီတိုင်း, နေ့ရက်တိုင်း, လတိုင်း, နှစ်တိုင်းကို နှစ်ပါးသော ဓုရတွင် တပါးပါးသော ဓုရဝန်ကို ပြီးစေခြင်း ဆောင်ရွက်ခြင်းဖြင့်သာလျှင် လွန်စေ, ကုန်စေတော်မူကြပါပေသည်။

## ရွှေကျင် ဆရာတော်ဘုရားကြီး၏ တရားအားထုတ်စဉ်

### [ မှတ်ချက် ]

ရွှေကျင် ဆရာတော်ဘုရားကြီးသည် သီးလုံး ဆရာတော်ဘုရားကြီး၏ တပည့်ရင်းဖြစ်ပေသည်၊ သီးလုံး ဆရာတော်ဘုရားကြီးသည် အခါတပါး ရှိန်းမကားရွာတွင် သိမ်သမုတ်ရန် ကိစ္စအတွက် မန္တလေး, စစ်ကိုင်း, မင်းကွန်း စသော ဌာနများမှ ရာဇဂုရု တံဆိပ်တော် ရ,မရ ဆရာတော်များကို

ပင့်ဖိတ်၍ အသီးသီး ဆရာတော်များ ကြွရောက်တော်မူကြပြီး သိမ်သမုတ်ရန် စုဝေးမိကြသောအခါ သံဃာတော် အရှင်မြတ်များက သီးလုံးဆရာတော်ကြီးအား ရှင် လူ ပရိသတ်အားလုံးကို တရားဟော ချီးမြှင့်တော်မူရန် လျှောက်ထား တောင်းပန်ရာ တရားမဟောမီ စကားပလ္လင်ခံအနေမိန့်တော်မူလေသည်မှာ "တရားဟောရာ၌ မိမိသဘောကျ အားထုတ်နေကျနှလုံးသွင်းလျက်ရှိသော တရားများကိုသာ ဟောမည်"ဟု ဝန်ခံတော်မူပြီး အနာဂါမိဖိုလ်တိုင်အောင် ဝိပဿနာရှုပုံ, ဉာဏ်ဖြစ်ပုံ, မဂ်ဖိုလ်သို့ ဆိုက်ရောက်ပုံ, ဖလသမာပတ် ဝင်စားပုံများကိုပါ ကျနု-ကုန်စင်အောင် ဟောပြတော်မူသတဲ့။

## သင်္ဂဇာဆရာတော် ဦးအဂ္ဂ

ဤသို့ မဂ်ဖိုလ်နိဗ္ဗာန်နှင့်စပ်သော တရားတော်မြတ်ကို သီးလုံး ဆရာတော်ကြီး ဟောပြ၍ ရဟန်း ရှင် လူ အများ ကြည်ဖြူ ဝမ်းမြောက်ကြလျက် ကျမ်းဂန်အတတ် အကျော် ဆရာတော်ကြီးများပင် အံ့သြဘွယ်ရာ သိမ်မွေ့ နက်နဲခက်ခဲကြောင်း သိရှိတော်မူကြသဖြင့် သံဃပရိသတ်တွင် ပါဝင်သော သင်္ဂဇာဆရာတော် ဦးအဂ္ဂက ယခု ဆရာတော်ဘုရား ဟောကြားတော်မူသည့် တရားတော်အတိုင်း ကျမ်းဂန် ရေးသား ဖြန့်ဖြူးတော်မူပါလျှင် သာသနာတော်မှာ လွန်စွာ ကျေးဇူးများဘွယ်ရှိမည် ဖြစ်ပါသည် ဘုရားဟု လျှောက်ထားရာ သီးလုံး ဆရာတော်ဘုရားကြီးက ဦးအဂ္ဂ ရေ.... ပြောမှု,ဟောမှု,ကျင့်ကြံမှုကတော့ ကိုယ်သဘောကျသောအတိုင်း ဟောနိုင်, ပြောနိုင်, ကျင့်ကြံနိုင်ကြတယ်၊ ကျမ်းဂန် ရေးသားမှုကတော့ မလွယ်လှဘူး၊ ကျမ်းဂန် ရေးသားလျှင် သူတပါး ကျမ်းဂန်နှင့် တူညီစေရသည်၊ မတူညီ၍ ဝိဝါဒဖြစ်နေကြပါလျှင် ငါတို့ရှိခိုက်မှာ နားလည်အောင် ဖြေရှင်း ဟောပြောနိုင်သော်လည်း မကြာမီ ငါတို့က သေကြရလိမ့်မည်ဖြစ်၍ ထူးထွေသော အရာများ၌ ငြင်းခုံမှု ဖြစ်ပွါးနေရစ်ကြမည်ကို စိုးရိမ်ရသည်ဟု မိန့်ကြားတော်မူသတဲ့။

[ဤစကားစဉ်ကို ဆရာတော်ကြီးများ အမိန့်ရှိသည်ကို ကြားရဘူးသည့်ပြင် ၁၉၅၉-ခုနှစ် မင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိတွင်လည်း တွေ့ရှိရပါသည်။ သီးလုံး ဆရာတော်

ဘုရားကြီး၏ ပဋိပတ္တိကျင့်စဉ်ကို စာအုပ်အဖြစ်ဖြင့် ရိုက်နှိပ်ထားရှိကြောင်း, ရွှေဘိုနယ်တွင် ထိုစာအုပ်ကို တွေ့ဘူးကြောင်း ဆရာတော်တပါး အမိန့်ရှိသည်ကို သိရပါသည်။]

ရွှေကျင် ဆရာတော်ဘုရားကြီးသည်လည်း တောထွက်၍ တရား အားထုတ်လျက်ရှိသည်မှာ ထင်ရှားသဖြင့် သီးလုံး ဆရာတော်ဘုရားကြီး၏ တပည့်ကြီး ဖြစ်သည်တကြောင်း,မိမိကိုယ်တိုင် တောထွက် တရားအားထုတ်နေသော ယောဂီပုဂ္ဂိုလ်ကြီးဖြစ်သည့်အလျောက် အမြဲ နှလုံးသွင်းသော တရားရှိလိမ့်မည် ဟူ၍ ၎င်းရွှေကျင် ဆရာတော်ဘုရားကြီး၏ တရား အားထုတ်စဉ်ကို ကြိုးစားရှာဖွေခဲ့ရာ ဝိသုဒ္ဓိမဂ္ဂဒီပနီ, အမရပါနရူဘွယ်, အဋ္ဌိကကမ္မဋ္ဌာန်း-ဟူသော နာမည် အသီးသီးဖြင့် ပေမူတခုကို တွေ့ရှိခဲ့ရာ သမထလမ်း, ဝိပဿနာလမ်း-ဟု ခွဲခြား၍ တရားအဆင့်ဆင့် တက်၍ နိဗ္ဗာန်တိုင်အောင် ရေးသားထားသည်ကို တွေ့ရှိရပါသည်။ [ထုတ်ဝေသူ၏ မှတ်ချက်။]

သက္ကရာဇ် ၁၂၃၇-ခုနှစ်၌ မလွန်မြို့ မင်းလှရွာ အရှေ့တောင် မြစ်တဖက် ဝါးရုံချောင် နွားလန်တောင် တောရကျောင်း၌ ဝါကပ်တော်မူ၍ ဝိပဿနာ ဘာဝနာလုပ်ငန်းဖြင့် အချိန်ကို ကုန်စေတော်မူသည်။ ၁၂၃၉-ခုနှစ်၌ သီဟိုဠ်ကျွန်းသို့ ကြွတော်မူ၍ စွယ်တော်ခတ်မြတ်ကို ဖူးမျှော်ယင်း ဝါကပ်တော်မူသည်၊ ၁၂၄၀-ပြည့်နှစ် သီဟိုဠ်ကျွန်းမှ ပြန်လည်ကြွရောက်တော်မူကာ မင်းလှရွာ တောရကျောင်း၌ပင် ဝါကပ်တော်မူသည်။

ရွှေကျင် ဆရာတော်ဘုရားကြီး သီဟိုဠ်ကျွန်း၌ စွယ်တော်မြတ်ကို ဖူးမျှော်ပူဇော်လျက် ဝါကပ်တော်မူစဉ် သက္ကရာဇ် ၁၂၄၀-ပြည့်နှစ် သီတင်းကျွတ် လဆန်း ၆-ရက် အင်္ဂါနေ့တွင် မင်းတုန်းမင်းတရားကြီး နတ်ရွာစံတော်မူသည်၊ မိဘုရားခေါင်ကြီးကား ၁၂၃၇-ခုနှစ်ကပင် နတ်ရွာလားလေသည်။ ၁၂၄၀-ပြည့်နှစ် ဝါခေါင်လ၌ မင်းတရားကြီး ကျန်းမာတော်မမူသည်နှင့် မှူးမတ်တို့အား နန်းစဉ်ပေးမြဲ သစ္စာတော်ပြန်တမ်းတွင် "ငါ့ကိုသာ အရှင်မှတ်၊ ငါမှတပါး ငါညွှန်ပြသည်ကိုသာ အရှင်မှတ်" ဟူသော စကားခွန်းကို ထည့်သွင်း၍ ရွှေနန်းတော်ကြီး နန်းဦးဘုရားရှေ့တော်တွင် ဝါခေါင်လဆန်း ၁၂-ရက်နေ့ နာခံတော် နေမျိုးမင်းထင်စည်သူကို သစ္စာ

တော်ပြန်တမ်း ဖတ်လျှောက်စေ၍ သစ္စာတော်ပေးသည်၊ တော်သလင်းလတွင် မှူးမတ်တို့တိုင်ပင်၍ သီပေါမြို့စား မင်းသားကို အိမ်ရှေ့နှင်းရန် သဘောတူကြသဖြင့် မင်းသားအားလုံးကို ရွှေနန်းတော်သို့ အမှတ်မဲ့ခေါ်၍ ချုပ်ထားပြီးလျှင် တော်သလင်းလပြည့်ကျော် ၉-ရက်နေ့ သီပေါမင်းသားကို အိမ်ရှေ့နှင်း၍ ချုပ်ထားသော မင်းသားများကို ခြေကျဉ်းစွဲရိုက်ရာ ထိုအကြောင်းကို အသီးအသီးသော မင်းသားတို့၏ မယ်တော်များက မင်းတရားကြီးကို ရွှေနားတော်ကြား လျှောက်တင်ကြလေလျှင် ချက်ခြင်းလွှတ်စေ၍ သားတော်သုံးဆယ်မင်းသားကို ချင်းတွင်းကြောင်း,သားတော်မက္ခရာမင်းသားကို တောင်တွင်းကြီးကြောင်း, သားတော် ညောင်ရမ်းမင်းသားကို အောက်မြစ်စဉ်ကြောင်း အသီးအသီး ဘုရင်ခံသနားတော်မူသည်၊ ညောင်ရမ်းမင်းသားနှင့် ညောင်အုပ်မင်းသားတို့သည် ရိပ်မိ၍ အင်္ဂလိပ်သံတဲ၌ ခိုဝင်နေရာ အင်္ဂလိပ်တို့က ၎င်းတို့၏ပိုင်နယ်သို့ ပို့လိုက်၏၊ မင်းသားတို့သည် နန်းတော်မှ ထွက်ခဲ့ကြ၍ မြောက်ဥယျာဉ်အတွင်း မယ်တော်,နှမတော်များနှင့် နှုတ်ခွန်းဆက်လက်စံနေတော်မူကြစဉ် ဆင်ဖြူမရှင် မိဘုရားကြီးနှင့် မှူးမတ်တို့တိုင်ပင်၍ ထပ်မံဖမ်းဆီးပြီးလျှင် မယ်တော် သားတော်များပါ ထပ်မံအကျဉ်းချုပ်ထားလိုက်လေသည်၊ မင်းတရားကြီးသည်လည်း ရောဂါတိုးတက်တော်မူ၍ သီတင်းကျွတ်လဆန်း ၆-ရက် အင်္ဂါနေ့၌ နတ်ရွာစံတော်မူလေသည်။

မင်းတရားကြီး အလောင်းတော်ကို လွှတ်တော်၏ အရှေ့မြောက်တွင် အုတ်နန်းပြာသာဒ်နှင့် ကောင်းမွန်စွာထား၍ သင်္ဂြိုဟ်ကြသည်။

မင်းတုန်းမင်းတရားကြီး၌ သားတော်သမီးတော်များမှာ—

အရှင်မိဘုရားခေါင်ကြီးနှင့် မြောက်နန်းမိဘုရားတို့တွင် သားတော်သမီးတော်ထွန်းကားခြင်း မရှိကြ၊ အလယ်နန်းတော် မိဘုရားတွင် သားတော် ၂-ပါး, သမီးတော် ၄-ပါးမြင်သည်။ အနောက်နန်းတော် မိဘုရားတွင် သားတော် ၁၊ သမီးတော် ၁။ အခြားမိဘုရားများ ကိုယ်လုပ်တော်များမှ ဖွားမြင်ကြသော အရပ်ရပ် သားတော်သမီးတော်များနှင့် ပေါင်းသော် သားတော် ၅၄-ပါး၊ သမီးတော် ၆၀-နှင့် မင်းမိဘုရားပေါင်း ၄၉-ပါး ရှိလေသည်။

## သီပေါမင်းသား ထီးနန်းဆက်ခံ၍ မင်းပြုတော်မူခြင်း

ခမည်းတော်မင်းတရား နတ်ရွာစံတော်မူပြီးနောက် သားတော်အိမ်ရှေ့မင်း သီပေါမြို့စား မင်းသား သုသိရီမဟာဓမ္မရာဇာသည် သက္ကရာဇ် ၁၂၄၀ ပြည့်နှစ် သီတင်းကျွတ်လဆန်း ၁၃-ရက်နေ့တွင် ခမည်းတော်၏ အရိုက်အရာ ရွှေထီးရွှေနန်းကို သိမ်းပိုက်၍ စိုးစံတော်မူသည်၊ ခမည်းတော်ဘုရား၏ အလယ်နန်းမိဘုရားတွင် မြင်သော သမီးတော် မြတောင်မြို့စားကို အဂ္ဂမဟေသီ မိဘုရားခေါင်ကြီးအရာ မြှောက်စားတော်မူသည်။

ရွှေကျင်ဆရာတော်ဘုရားကြီးသည် သီပေါမင်းတရား ပင့်လျှောက်သဖြင့် ရတနာပုံနေပြည်တော်သို့ ၁၂၄၃-ခုနှစ်၌ ကြွရောက်သီတင်းသုံးတော်မူသည်။

## သာသနာပိုင် ဘွဲ့တံဆိပ် ကပ်လှူ၍ ၆-ဌာန သာနာပြု လွှဲအပ်တော်မူခြင်း

သီပေါမင်းတရားသည် သက္ကရာဇ် ၁၂၄၃-ခုနှစ်၌ မိမိစိုးပိုင်သော နိုင်ငံတော်ကို ၆-ဌာန ခွဲခြားသတ်မှတ်၍ ရွှေကျင်ဆရာတော်ဘုရားကြီးအား.... "ဇာဂရာဘိဓဇသဒ္ဓမ္မဝံသဓမ္မသေနာပတိအတုလာဓိပတိသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု"ဟူသော သာသနာပိုင် ဘွဲ့တံဆိပ်တော် ကပ်လှူသည်။ ရွှေကျင်ဆရာတော်ကား လက်ခံတော်မမူ၊ တောင်တော်ဆရာတော်အား.... "မာလာလင်္ကာရဓဇ ဓမ္မသေနာပတိ အတုလာဓိပတိ သိရိပဝရ မဟာဓမ္မရာဇာဓိ ရာဇဂုရု"ဟူသော သာသနာပိုင်တံဆိပ်တော် ကပ်လှူကာ ဆရာတော် ၂-ပါး သာသနာပြုတော်မူရန် တောင်းပန်လျှောက်ထား၍ ၆-ဌာန သတ်မှတ် ပေးအပ်တော်မူသည့်အတိုင်း—

**ပထမဌာန။** ။အာလောကာဘိဓဇ အတုလာဓိပတိ သိရိပဝရ မဟာဓမ္မ ရာဇာဓိရာဇဂုရု-တံဆိပ်တော်ရ မြတောင်ဆရာတော် အရှင်အာလောကကို မြောက်လားသော် မတ္တရာ စဥ့်ကူးမြို့၊ တောင်လားသော် မြစ်ငယ်၊ အရှေ့လားသော် တောင်ခြေ၊ အနောက်လားသော် ဧရာဝတီအထိ ရွှေမြို့တော် မြတောင်တိုက်ကနေ၍ သာသနာပြုတော်မူစေသည်။ (မြတောင်ဟူသည်မှာ—ရွှေကျင်ငါးတိုက် အဝင်အပါ မြောက်ပြင် မြတောင်တိုက်

ဖြစ်သည်။ နောက်မှ သီပေါမင်း မိဘုရားတို့ ဆောက်လုပ်လှူဒါန်းသော အနောက်ပြင် မြတောင်တိုက်သို့ မြတောင်ဆရာတော် ပြောင်းရွှေ့တော်မူသည်။)

**ဒုတိယဌာန။** ။ဝိစာရာလင်္ကာရဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု-တံဆိပ်တော်ရ ရွှေကျင်တိုက်မ တိုက်အုပ်ဆရာတော် အရှင်ဝိစာရကို အင်းဝ, ပျင်စည်, ကနား, မြို့သာ, ဖောင်ကျင်း, လယ်တွင်း ၉-ခရိုင်, အရှေ့ကို ရွှေပြည်ရန်အောင်, အနောက်-တောင်သာ, ညောင်အုပ်, နွားထိုးကြီး, လှိုင်းတက်, သာဂရမြို့နယ်များ၌ ကျောက်ဆည်မြို့ ဇော်ဂျီမြစ်ထိပ် သာသနာပြုကျောင်းကနေ၍ သာသနာပြုစေတော်မူသည်။

**တတိယဌာန။** ။ဝါယာမဓဇမဟာဓမ္မရာဇာဓိရာဇဂုရု-တံဆိပ်တော်ရ ရမည်းသင်းတိုက် ဆရာတော် အရှင်ဝါယာမကို ညောင်ရမ်း, ယင်းတော်, ရနောင်, ထရံကာမြို့, ဝတီး, ငှက်သိုက် စသော ရမည်းသင်း ၅-မြို့နှင့် ပျဉ်းမနားမြို့နယ်တို့၌ ရမည်းသင်းမြို့ ကျောင်းတော်ကနေ၍ သာသနာပြုစေတော်မူသည်။

**စတုတ္ထဌာန။** ။ဝိသုဒ္ဓါစာရာဘိဓဇဓိပတိ သိရိပဝရမဟာဓမ္မ ရာဇာဓိရာဇဂုရု တံဆိပ်တော်ရ မဟာဝိသုဒ္ဓါရာမ ဆရာတော်ကို ပန်းတလည်း, မိတ္ထီလာ, ပင်း, နတ်မောက်, ကျောက်ပန်းတောင်း, တောင်တွင်းကြီး မြို့နယ်များ၌ တောင်တွင်းကြီးမြို့ အရှေ့တောင် မဟာမေဃဝန်ကျောင်းတော်ကနေ၍ သာသနာပြုစေတော်မူသည်။ မဟာဝိသုဒ္ဓါရာမ ဆရာတော်သည် ရတနာပုံမြို့တော်သို့ ဝါဆိုမှီ ပြန်ကြွလာတော်မူ၍ သောဘဏာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု-တံဆိပ်တော်ရ သာဘန်းဆရာတော် အရှင် သောဘဏကို လွှဲအပ်ခဲ့သည်။

**ပဥ္စမဌာန။** ။မင်းလှဆရာတော် အရှင်သုန္ဒရကို ရောဝတီမြစ် အရှေ့ဘက်ကမ်း တရုပ်မြို့, မြင်းခြံမြို့, ပုပ္ပါး, စလေ, ပုဂံ, ပုခန်းငယ်, ကြေးမြင်, ရေနံချောင်း, ဝက်မစွတ်, မြစ်ကွေ့, မြင်ကွန်း, ပတ္တနဂိုရ်, တောင်ခွင်, မြေထဲ, ဆင်ပေါင်ဝဲ မြို့များနှင့် အနောက်ဘက်ကမ်း ပုခန်းကြီး တောင်လက်, စလင်း, လယ်ကိုင်း, စကု, မလွန်, မင်းတုန်း, မဖဲ, စေတုတ္တရာ, လောင်းရှည် စသောမြို့နယ်များ၌ မင်းလှကျောင်းကနေ၍ သာသနာပြုစေတော်မူသည်။

**ဆဋ္ဌဌာန။** ။ပုံတောင်ပုံညာ ဆရာတော် အရှင်သုဝဏ္ဏနှင့် အရာတော် ဆရာတော် အရှင်သောမ ၂-ပါးကို ချင်းတွင်းမြစ် အနောက်ဘက်ကမ်း ပုခန်းကြီး မြောက်လက်, ယော, ဆော, ဗန့်ကျီ, ကမ်းနီ, မင်းကင်း, ကလေး, သောင်ထွတ်, မြစ်အရှေ့ဘက်ကမ်း အနိမ့်, အမြင့်, အလုံ, ကနဲ, ကဒူး, ခမ်းပ, မိုင်းကိုင်, ဇိုင်းဂနိုင်းစသော မြစ်စဉ်ဝဲယာမြို့များ၌ အလုံသာသနာပြု ကျောင်းတော်ကနေ၍ သာသနာပြုစေတော်မူသည်။

**သတ္တမဌာန။** ။ဣန္ဒကာဘိဓဇသိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု- တံဆိပ်တော်ရ ထရံကာဆရာတော် အရှင်ဣန္ဒကကို စစ်ကိုင်း, ရွှေဘို, ကျောက် မြောင်း, ရေနံ, စော်သာနီ, ထန်းတပင် စသော ပဥ္စာလ ငါးမြို့, ဒီပဲယင်း မြို့များကို ရွှေဘိုကျောင်းတော်ကနေ၍ သာသနာပြုစေတော်မူသည်။

**အဋ္ဌမဌာန။** ။ဇယန္တာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု- တံဆိပ်တော်ရ ခေါ်တောဆရာတော် အရှင်ဇယန္တကို အထက်ရေဝတီမြစ် အနောက်ဘက် ကမ်း မလယ်, ချွန်းတောင်, ထီးချိုင့်, ကသာ, မိုးကောင်း, မိုးညှင်း, မြစ်ကြီး နား, အရှေ့ဘက်ကမ်း စမ္ပာနဂိုရ်, ကြံညှပ်, တကောင်း, မြတောင်, ယင်းခဲ, ရွှေဂူ, စာဝတီး, ကောင်းတုံ, ဗန်းမော်စသော မြို့နယ်များ၌ ဗန်းမော်မြို့ ရွှေကျင်ကျောင်းတော်ကနေ၍ သာသနာပြုစေတော်မူသည်။

**နဝမဌာန။** ။ရှမ်းပြည် တောင်ပိုင်း မြောက်ပိုင်းတို့ကို အကြောင်း မညီညွတ်သေး၍ တပြိုင်နက် သာသနာပြု မလွှတ်နိုင်ခဲ့ချေ။

ဆိုအပ်ခဲ့ပြီးသော ရှစ်ဌာနသို့ သာသနာပြု ကြွတော်မူကြကုန်သော ဥက္ကဋ္ဌ ဆရာတော်ကြီးများမှာ တဌာန တဌာန၌ စာချပုဂ္ဂိုလ် နှစ်ပါးစီနှင့် တကွ နောက်ပါသံဃာ ၁၅-ပါးစီ၊စာရေးကြီးတစ်၊စာရေးငယ်နှစ်၊ဆွမ်းချက် ကပ္ပိယ နှစ်ယောက်စီဖြင့် အသီးအသီး မိမိတို့ နယ်ပယ်ဆိုင်ရာ မြို့များသို့ မြစ်ကြောင်းဖြစ်လျှင် လှေသဘော်ဖြင့် ကုန်းကြောင်းဖြစ်လျှင် လှည်းပေါ် အထုပ်အပိုးတင်၍ ခြေလျင်ကြွတော်မူကြရသည်။

၁၂၄၃-ခုနှစ် ကဆုန်လပြည့်ကျော် ၅-ရက်နေ့ နံနက်ဆွမ်းကို တိုင်တား တိုက်ဝယ် တိုင်တားဝန်ကြီးက ဆက်ကပ်၍ နေ့ဆွမ်းကို အိမ်တော်ရာဘုရား မှာ **အနောက်ပြင် ထောင်မှူး** စသော အရာရှိများက ကပ်လှူကြသည်။ **အောက်အကြေသို့** ကြွကြရမည့် ဆရာတော်များသည် စကြာရေမွန်သင်္ဘော

သို့ ကြွ၍ ညကျိန်းတော်မူကြရသည်။ အထက်အညာသို့ ကြွကြရမည့်ဆရာတော်များသည် ဗန်းမော်ဆန်မည့်သံသင်္ဘောသို့ ကြွတော်မူ၍ ညကျိန်းတော်မူကြရသည်၊ ၆-ရက်နေ့နံနက်၌ သင်္ဘောများ ထွက်ကြသည်၊ ဗန်းမော်ဆန်သော သင်္ဘောမှ သာသနာပြု ဆရာတော်များသည် ရောက်ရာအရပ်ဌာနတို့၌ ရွှေကျင် ဆရာတော်ဘုရားကြီး၏ အမိန့်တော် အာဏာ ဆင့်ဆိုစာများကို ဖတ်ကြားဆုံးမကာ ဩဝါဒပေးတော်မူကြလျက် ဗန်းမော်သို့ အရောက် ကြွတော်မူကြသည်။

[အနောက်ပြင် ထောင်မှူး-ဟု ဆိုရာ၌ ထောင်မှူး-ဟု အမည်တပ်သော်လည်း ရာဇဝတ်သားများကို ချုပ်နှောင်ရာဖြစ်သော ထောင်ကို ကြီးမှူးသည့်ထောင်မှူးကို ဆိုသည်မဟုတ်၊ မြို့တော် လေးပြင်လေးရပ် ရှိသည်တွင် ရှေ့-နောက်-တောင်-မြောက် တပြင်လျှင် လူတထောင်စီနှင့် ကြီးမှူးစောင့်ရှောက်ရသော လူတထောင်၏ အထက်က အကြီးအမှူးကို ထောင်မှူးဆိုခြင်း ဖြစ်သည်။ အချုပ်ထောင်မှူးနှင့် ကွဲပြားပါစေ။]

အောက်သို့စုန်သော စကြာရေမွန်သင်္ဘောမှာ စစ်ကိုင်းမြို့၌ တနေ့တညဉ့်ရပ်နားလျက် အမိန့်တော်ဖတ်ကြား ဩဝါဒများ ပေးတော်မူကြရသည်။ (၇) အမှတ် သာသနာပြုဌာန သာသနာပြု ထရံကာဆရာတော်တို့သည် စစ်ကိုင်း၌ ဆင်းတော်မူကြ၍ ရွှေဘိုသို့ ကုန်းလမ်းခရီးဖြင့် ကြွတော်မူကြသည်။ ခုနစ်ရက်နေ့နံနက် အင်းဝမြို့၌ သင်္ဘောဆိုက်ကပ်ပြီးလျှင် ဩဝါဒ ပေးတော်မူကြကာ (၂) အမှတ် သာသနာပြုဌာန သာသနာပြု ဆရာတော် အရှင်ဝိစာရ, (၃) အမှတ် သာသနာပြုဌာန သာသနာပြု ဆရာတော် အရှင်ဝါယာမတို့သည် အင်းဝဆိပ်ကမ်းမှာ သက်ဆင်း၍ ဆိုင်ရာမြို့နယ်များသို့ ကုန်းလမ်းခရီးဖြင့် ကြွတော်မူကြလေသည်။

စကြာရေမွန်သင်္ဘောသည် အင်းဝမှဆက်လက်စုန်ဆင်းခဲ့ရာ ရှစ်ရက်နေ့မြင်းခြံသို့ ရောက်၍ ၉-ရက်နေ့ အမိန့်တော် ဖတ်ကြားတော်မူကြသည်၊ ၉-ရက်နေ့၌ပင် ကွမ်းရွာအရောက်စုန်၍ ဆယ်ရက်နေ့ ရွှေတန့်တစ်ဘုရားအနီး၌ အမိန့်တော် ဖတ်ကြားတော် မူကြသည်၊ (၆) အမှတ်သာသနာပြုဌာန သာသနာပြု ဆရာတော် အရှင်သုဝဏ္ဏ, အရှင်သောမတို့သည် ချင်းတွင်းမြစ်ညာသို့ လှေဖြင့်ဆန်တက်၍ ကြွတော်မူကြကုန်၏။ ၎င်းနောက် ပုဂံတဌာန, စလေတဌာန, ရေနံချောင်းတဌာန, မင်းပူးတဌာန, မြစ်ကွေ့တဌာန, မင်းလှ ဆိတ်ငြိမ်ကျောင်း တဌာနတို့၌ သာသနာပြု ရွှေကျင်

ဆရာတော် ဘုရားကြီး၏ အမိန့်တော် အာဏာ ဆင့်ဆို စာများကို ဖတ်ကြား၍ ဆုံးမဩဝါဒ ပေးကြပြီးလျှင် (၅) အမှတ် သာသနာပြုဌာန သာသနာပြုဆရာတော် အရှင်သုနန္ဒနှင့်တကွ(၄)အမှတ်ဌာန သာသနာပြု မဟာဝိသုဒ္ဓါရာမ ဆရာတော်တို့သည် တပည့်ပရိသတ်ခြံရံလျက် မင်းလှအရှေ့ မြစ်တဘက်မြင်ကွန်းနယ် တိုင်ပျောက်ရွာသို့ ကူးပြီးလျှင် စိုင်ကျ, ရှော်တော, သစ်ရာခေါက်, ကျောက်အိုင်, ဝက်ချမ်းကန်, ကုက္ကိုခွ, နားဒေါင်းကျ, ကန်ရေစသော လမ်းရှိရွာတို့၌ နံနက်ဆွမ်း, နေ့ဆွမ်း, ညဉ့်ကျိန်း စသည်ဖြင့် နားနားနေနေ ကြွတော်မူကြရာ ခရီးတသောင်းခြောက်တိုင် ရောက်တော်မူကြကုန်၏။ ၁၂၄၃-ခု နယုန်လဆန်း ၁၄-ရက်နေ့ တောင်တွင်းကြီးမြို့ တောင်မျက်နှာ အရှေ့တံခါး ရွှေပွင့်လှဘုရားအနီး၌ မင်းကေရာဇ်အမိန့်တော်ဖြင့် အခွန်ဝန်, တောင်တွင်းကြီးဝန် ဦးမောင်မောင်, သစ်တောဝန် ဦးလူကြီးစသော အရာရှိများ ဆောက်လုပ်ထားနှင့်သော သာသနာပြု မေဃဝန်ကျောင်းတော်သို့ နေ့ဆွမ်းမှီ ဆိုက်ရောက်တော်မူကြကုန်၏။

သာသနာပြုဌာနတိုင်းတို့၌ လွှတ်တော်က ဆင့်ဆိုပြီးဖြစ်၍ သာသနာပြုကျောင်းတော် အသင့်ရှိနှင့်ကြလေသည်၊ အမိန့်တော် အာဏာ ဩဝါဒ စာများကို ဖတ်ကြားဆင့်ဆိုမည့် နေ့တို့၌လည်း ဆင့်ဆိုပြီးဖြစ်၍ မဏ္ဍပ် ကနားနှင့်တကွ ဆွမ်းကွမ်းစသည်တို့ အဆင်သင့်ပင် ပြည့်စုံလျက်ရှိပေသည်။ မြို့တိုင်းရှိ မြို့ခံပုဂ္ဂိုလ်တို့သည် သာသနာပြုဆရာတော်များနှင့်အတူ ပါဝင်ကြသည်ဖြစ်၍ တံခွန်,ကုက္ကား, အလံ စသည်တို့ဖြင့် ခမ်းနားသိုက်မြိုက်စွာ ကြိုဆိုကြကုန်၏။ တောင်တွင်းကြီးမြို့၌ ကိစ္စပြီးပြေလျှင် ပန်းတလည်းမြို့ အနောက်လက် ညောင်ပင်ရွာ ဆရာတော်အရှင်သိရိ, အရှေ့လက် သာဘန်း ဆရာတော်အရှင်ဝိမလ နှစ်ပါးတို့ကို ပင်း,နတ်မောက်,ကျောက်ပန်းတောင်း သုံးမျိုးတဌာန, မိတ္ထီလာမြို့တဌာန, မလှိုင်တဌာန ၎င်းဌာနတို့၌ အမိန့်တော်များ ဖတ်ကြားဆင့်ဆိုကြရန် စေလွှတ်တော်မူခဲ့၍ သောဘဏာလင်္ကာရ မဟာဓမ္မရာဇာဓိ ရာဇဂုရု သာဘန်းဆရာတော် အရှင်သောဘဏကို (၄) အမှတ်ဌာန၌ အကြီးအချုပ်အဖြစ် သံဃာအရံနှင့်တကွ တောင်တွင်းကြီး သာသနာပြုကျောင်း၌ နေရာချထား၍ မဟာဝိသုဒ္ဓါရာမ ဆရာတော်ကြီးသည် အချို့သံဃာနှင့်တကွ စကြာရေမှန် သင်္ဘောဖြင့် ရွှေမြို့တော်သို့ ပြန်ကြွတော်မူခဲ့သည်။

ဤအထက်ပါ သီပေါမင်းတရား အပ်နှင်းတော်မူသဖြင့် ရှစ်ဌာနတို့၌ သာသနာပြုစေလွှတ်၍ သာသနာတော် ကောင်းမွန်သန့်စင်အောင် ဆောင်ရွက်တော်မူခြင်း,မင်းတုန်းမင်းတရားကြီးလွှဲအပ်တော်မူ၍ ၁၂၃၀-ပြည့်နှစ်၌ အလုံ, ဒီပဲယင်း, ဗန့်ကျီ, တလုပ်မြို့, ရတနာသိခ, ကလေး, ရာဇဂြိုဟ် စသော မြို့နယ်တို့၌ သာသနာပြုတော်မူခဲ့ခြင်းတို့သည် အထင်အရှားပင် ဖြစ်သောကြောင့် ရွှေကျင်သာသနာ ပြန့်နှံ့ကြီးပွါး၍ အသားတက်နေသည်ကို ရွှေကျင်ဆရာတော်ဘုရားကြီး၏ မြေးမြစ်ဖြစ်သော ဤသာသနာဝင်ရေးသော ဘုန်းကြီးတို့သည် ဝင့်ဝါနေဖွယ်မရှိ၊ ပကတိ ထင်လင်းနေပါတော့သည်။

သီပေါမင်းတရားသည် ရွှေကျင်ဆရာတော်နှင့် တောင်တော်ဆရာတော် နှစ်ပါးကို သာသနာပြု သာသနာပိုင် ဘွဲ့တံဆိပ်တော်ကပ်လှူ၍ သာသနာပြု လွှဲအပ်တော်မူသည်မှာ—

**မင်းတုန်းမင်း သားတော်များကို ရွှေကျင်ဆရာတော်ထံ အပ်နှင်းခြင်း**

မင်းတုန်းမင်းတရားကြီးသည် သက္ကရာဇ် ၁၂၃၄-ခုနှစ်၌ လက်ရုံးရည် နှလုံးရည် ရှိမည်ထင်သော သားတော်များကို ပိဋက စာပေသင်ကြားပေးရန် ရွှေကျင်ဆရာတော်ဘုရားထံ အပ်နှံတော်မူသည်၊ ၎င်းနှစ် နန်းတော်မြို့အတွင်း၌ နန်းဦးကျောင်း ဆောက်လုပ်ပြီးလျှင် ကျောင်းတော်၌ အမြဲသီတင်းသုံး၍ မင်းသားငယ်များကို စာပေ ပို့ချပေးရန် ကျောင်းဘုန်းကြီး တပါး လျှောက်တောင်းသဖြင့် ရွှေကျင်ဆရာတော်ဘုရားသည် တောင်တော်ဆရာတော်နှင့် ပုသိမ်ဆရာတော်ကို ထည့်လိုက်သည်၊ တောင်တော်ဆရာတော်သည် ရွှေကျင်ဆရာတော်ထက် သိက္ခာဝါ အနည်းငယ်ကြီးသော်လည်း ရွှေကျင်ဆရာတော်၏ သီလ သိက္ခာကို လေးမြတ်ကြည်ညိုသည် ဖြစ်၍ ရွှေကျင်ဆရာတော်၏ ဩဝါဒခံယူ၍ ရွှေကျင်တိုက်မကြီး၌ပင် နေတော်မူသည်၊ တောင်တော် ဆရာတော်နှင့် ပုသိမ်ဆရာတော်ထံ၌ မိုးလှိုင် မင်းသား, တောင်ညိုမင်းသား, ရွှေဂူမင်းသား, သာဂရမင်းသား, သီပေါမင်းသားတို့ကို ရှင်သာမဏေဝတ်ဖြင့် စာပေ ပို့ချ ပေးရသည်၊ တဝါဆိုပြီးသောအခါ ပုသိမ်ဆရာတော် ပြန်ကြွ၍ တောင်တော် ဆရာတော် တပါးတည်းသာ နန်းဦးကျောင်း၌ အမြဲ သီတင်းသုံးလျက် စာပေပို့ချနေတော်မူသည်။ သို့ဖြစ်၍ သီပေါမင်း လက်ထက်၌ ခမည်းတော် မင်းတုန်းမင်းတရားကြီး

ကိုယ်တိုင် ကြည်ညို လေးစားကာ သာသနာပြု လွှဲအပ်တော်မူခဲ့သော ကျေးဇူးရှင် ရွှေကျင်ဆရာတော်ဘုရားနှင့် စာပေ ပို့ချပေးသော ဆရာဖြစ်သော တောင်တော်ဆရာတော် ဤနှစ်ပါးကိုတွေ့၍ သာသနာပြု သာသနာပိုင် တံဆိပ်တော် ဆက်ကပ်၍ သာသနာပြုရန် လျှောက်ထား လွှဲအပ်တော်မူခြင်း ဖြစ်သည်။

သီပေါမင်းသည် တောင်တော်ဆရာတော်အား မိုးကောင်းတိုက်နှင့် အရှေ့ပြင် တိုက်တော်ကို အပ်လှူ၏၊ နောက် တိုင်တားဝန်ကြီးက တိုက်တည်၍ အနောက်တိုက်တော်၌ပင် သီတင်းသုံးနေတော်မူရာ ၁၂၅၆-ခု၊ ပြာသိုလ၌ ပျံလွန်တော်မူသည်။

## ရွှေကျင်ဆရာတော်နှင့် ရှမ်းကလေးကျွန်း ဆရာတော်တို့ သာသနာပြု၍ ပဗ္ဗာဇနိယကမ်ဖြင့် နှင်ထုတ်အပ်သော အလဇ္ဇီဒုဿီလ ရဟန်းများ ရာမညတိုင်းသို့ ရောက်ကြခြင်း

**မဟာဒွါရနိကာယ သာသနဝံသဒီပနီ အဆို။** ။ ရတနာပုံ မြို့တည်နန်းတည် ပဉ္စမသင်္ဂါယနာတင် သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်ကြီးသည် ရွှေဘေးလောင်းတော် အဇာတသတ်မင်း, ကာလာသောကမင်းတို့ကဲ့သို့ အလဇ္ဇီဒုဿီလ ပါပဘိက္ခုတို့ကို နှိပ်နင်း၍ သာသနာတော်ကို ထောက်ခံပြုစုတော်မူသည်။ ရှမ်းကလေးကျွန်းဆရာတော်, ရွှေကျင်ဆရာတော်တို့ကို အထူးယုံကြည် သဒ္ဓါလေးမြတ်တော်မူ၍ ထိုဆရာတော်နှစ်ပါးကို အမှီပြုလျက် သာသနာတော်ကို သုတ်သင် ရှင်းလင်းတော်မူသည်၊ အလဇ္ဇီဒုဿီလ ပါပဘိက္ခုတို့ကိုလည်း ပဗ္ဗာဇနိယကမ်ပြုစေ၍ နိုင်ငံတော်အဝှမ်းမှ နှင်ထုတ်တော်မူသည်၊ ရှမ်းကလေးကျွန်း ဆရာတော်ဘုရားကြီးကို အမှီပြု၍ နိုင်ငံတော်အတွင်း အလဇ္ဇီဒုဿီလ ရဟန်းတို့ကို မကိုးကွယ် မလှူဒါန်းကြစေရန် အမိန့်တော်ပြန်၍ တားမြစ်တော်မူသည်၊ ထိုအမိန့်တော် ပြန်တမ်းကြီးကား ယခုတိုင် ထင်ရှားရှိသေး၏၊ ထိုအခါ အလဇ္ဇီ ဒုဿီလ ပါပဘိက္ခု ဒုမ္မင်္ကုတို့သည် နေအရုဏ်တက်သောအခါ ခင်ပုတ်ငှက်တို့ကဲ့သို့ တိုးလျှိုး ပုန်းအောင်း ကြရကုန်သတည်း၊ ထိုကြောင့် မဟာရာဇဝင်တော်ကြီးနှင့် သာသနဝံသပ္ပဒီပိကာ စသည်တို့၌—

ဇိနစက္ကဉ္စ ဇောတေတိ၊ မဟာသောကာဒယော ယထာ။
အလဇ္ဇိနော စ နိဂ္ဂယှ၊ ပဂ္ဂဟိတွာန လဇ္ဇိနော။
တဒါ ပန ဇိနစက္ကံ၊ နဘေ စန္ဒောဝ ပါကဋံ။
အလဇ္ဇိနော နိလီယန္တိ၊ အရုဏုဂ္ဂေဝ ကောသိယာ။

မဟာသောကာဒယော ယထာ— ဘေးလောင်းတော် မဟာသောက အစရှိသော မင်းတို့ကဲ့သို့။အလဇ္ဇိနော စ— အလဇ္ဇီတို့ကိုလည်း။ နိဂ္ဂယှ— နှိပ်နင်းတော်မူ၍။လဇ္ဇိနော စ— လဇ္ဇီပုဂ္ဂိုလ်တို့ကိုလည်း။ပဂ္ဂဟိတွာန— ချီးမြှောက် ထောက်ပံ့တော်မူ၍။ဇိနစက္ကဉ္စ— သဗ္ဗညုဘုရားသာသနာတော် မြတ်ကိုလည်း။ ဇောတေတိ— ထွန်းတောက်ပစေပြီ။

ပန — ဆိုရန်စကား ကြွင်းသေး၏။ တဒါ— ထိုအခါ၌။ ဇိနစက္ကံ— သဗ္ဗညုဘုရား သာသနာတော်သည်။နဘေ— အဇဋာကာသ ကောင်းကင်ဝ ၌။စန္ဒောဝ— လမင်းကဲ့သို့။ ပါကဋံ— ထင်ရှားစွာ၏။ အလဇ္ဇိနော— အလဇ္ဇီပုဂ္ဂိုလ်တို့သည်။ အရုဏုဂ္ဂေ— နေအရုဏ် တက်လတ်သည်ရှိသော်။ ဝါ— နေ အရုဏ်တက်သောအခါ၌။ ကောသိယာ ဣဝ— ခင်ပုတ်ငှက်တို့ ကဲ့သို့။ နိလီယန္တိ— ပုန်းအောင်း တိုးလျှိုးကြကုန်၏။

ဤသို့ နှင်ထုတ်တော်မူလျှင် အလဇ္ဇီ ဒုဿီလ ပါပ ရဟန်းဆိုးတို့သည် ရာမညတိုင်းသို့ စုန်ဆင်း လာရောက်ကြ၍ အနာစာရ အမှုမျိုးကို ပြုကြကုန် သည်၊ အချို့တို့သည် ရွှေငွေမာသကကို ခံယူသိမ်းဆည်းကြသည်၊ အချို့တို့ ကား ရွှေဖြစ်,ငွေဖြစ် အဂ္ဂိရတ် လုပ်ရပ်လမ်းကို ကြိုးပမ်း အားထုတ်ကြ သည်၊ နွား, ကျွဲ ကသော ယာဉ်ကို စီးကြသည်၊ လှေပွဲ, နွားပွဲ, လှည်းပွဲ, ကျွဲပွဲ လောင်းတမ်း ကစားကြသည်၊ သေရည် သေရက် သောက်ကြသည်၊ ရောင်းဝယ်ကြသည်၊ ကုလဒူသက အနေသနမှုတို့ကို ပြုကြသည်၊ သည်မှ တပါးသော အနာစာရများကိုလည်း ပြုကြသည်၊ အချို့တို့ကား အဓမ္မ-ဝတ္ထု (၁၃) ပါးကို ထင်ရှား ပြကြကုန်သည်။

**အဓမ္မဝတ္ထု ၁၃-ပါးကား—**

၁။ လောဏသောဝီရကစာရ— ပအုန်းရည်ကိုယူ၍ ဝိကာလအခါ အကြောင်း ရှိ,မရှိ သုံးဆောင်အပ်ကြောင်း။
(စာရင်း၌ စားသောက်အပ်ကြောင်းဟု ရှိသည်၊ အရည်ဖြစ်၍ သောက်အပ်ကြောင်းဟုသာ ဆိုရလိမ့်မည်။)

၂။ မဟာနိဒ္ဒေသ၌ လာသော ယာဂုပါန, ပဌမပါနတို့ကို လေသမတ္တ ပြု၍ ဝိကာလအခါ၌ပင် ယာဂု, နွားနို့တို့ကို ရေရော၍ သုံးဆောင်အပ်ကြောင်း။ (ယခင်နည်း)

၃။ ရွှေငွေစသော အနာမာသဝတ္ထုကို မပြတ်မလပ် သိမ်းဆည်းခံယူလျက် ထိုဝတ္ထုကို မစွန့်ပဲ ဒေသနာကမ် ပြုလျှင် အလဇ္ဇီ ပါပဘိက္ခု အဖြစ်မှ လွတ်ကင်းကြောင်း။

၄။ မာသကဝတ္ထုတို့ကို ခံယူသုံးဆောင်အပ်ကြောင်း။

၅။ ကွမ်းဆေး စသည်တို့ကို ဝိကာလအခါ အကြောင်းရှိ, မရှိ သုံးဆောင်အပ်ကြောင်း။

၆။ လူတို့ကဲ့သို့ စပါးမျိုးတို့ကို ကျီကြသွင်း၍ သိုမှီးအပ်ကြောင်း။

၇။ ကုသိုလ်ကို ရည်မှတ်၍ မိမိထံသို့ ရောက်ပေါက် ဆည်းကပ်လာကုန်သော ဒါယကာတို့အား ကျွေးမွေး ပေးကမ်းအပ်ကြောင်း။

၈။ မပေးမကမ်းကုန်သော ရဟန်းတို့အား အာပတ်မှ မလွတ်ကြောင်း။

၉။ တော, တောင်, မိုး, မြေစသော အဝိညာဏကဝတ္ထု၌ ပရမတ်ရုပ်မရှိ၊ ပညတ်ရုပ်သာ ရှိကြောင်း။

၁၀။ အဘိဇ္ဈာ,ဗျာပါဒ မနော ဒုစရိုက် နှစ်ပါး အကျိုးမပေး၊ မိစ္ဆာဒိဋ္ဌိသာ အကျိုးပေးကြောင်း။

၁၁။ ဥပုသ်သည် ဒါယကာတို့ ဂမနိယဝတ္ထု၌ သွားလာမိလျှင် ကာမေသုမိစ္ဆာစာရ ဖြစ်ကြောင်း။

၁၂။ နိဗ္ဗာန်၌ စိတ်တည်းဟူသော နာမ် ရှိကြောင်း။

၁၃။ ဘုရားရှင် ကပိလဝတ်ပြည်သို့ ပဌမတကြိမ် ကြွတော်မူသောအခါ ရာဇဂြိုဟ်ပြည်၌ ဒုတိယဝါကပ်ပြီးမှ ကြွတော်မူကြောင်း။

ဤသို့ အစရှိသော အဓမ္မဝတ္ထုတို့ကို ပြကြကုန်၏။

**မှတ်ချက်။** ။စာရင်း၌— အချို့ကား အဓမ္မဝတ္ထု ၁၃-ပါးကို ပြကြကုန်၏-ဟု ဆိုခဲ့သည်အတိုင်း ၁၃-ပါးကို သရုပ်ဖော်ပြပြီးနောက် ဤသို့ အစရှိသော အဓမ္မဝတ္ထုတို့ကို ပြကြကုန်၏ဟု ဆိုသဖြင့် အာဒိဝန်အရ အဓမ္မဝတ္ထုများ ရှိသေးရာ ရောက်၏။

ထုတ်ပြအပ်ပြီးသော အဓမ္မဝတ္ထု ၁၃-ပါးကိုပြ၍ ဤအတိုင်း လိုက်နာကျင့်သုံးကြသော ရဟန်းတို့သည် အများအားဖြင့် အထက်ပိုင်းမှ ရွှေကျင်ဆရာတော်ကြီးနှင့် ရှမ်းကလေးကျွန်း ဆရာတော်ကြီးများက မင်းတရားကြီး၏ လျှောက်ထားချက်အရ အထက်မှ ပဗ္ဗာဇနိယ ကမ်ပြု၍ ထုတ်လိုက်သော ရဟန်းများဖြစ်ရာ ထိုရဟန်းတို့၏ ဝါဒကို အုတ်ဖိုဆရာတော်ဘုရားကြီးသည် ဓမ္မဝိနယနှင့် လျော်စွာ ဝိနိစ္ဆယတို့ကို ရေးသားတော်မူ၍ သုတ်သင် ရှင်းလင်းတော်မူလေသည်။

ယင်းသို့ သုတ်သင်ရာတွင် သိက္ခာကာမ ဖြစ်တော်မူကြကုန်သော အချို့ဆရာတော် သံဃာတော်များသည် အုတ်ဖိုဆရာတော်ဘုရားကြီးထံ ဆွေးနွေး မေးလျှောက်ကြကာ အချင်းချင်း ညီညွတ်ပူးပေါင်း၍ ကောင်းမွန်စွာကျင့်သုံးတော်မူကြသည်ကိုလည်း ဆိုလတ္တံ့သော အကြောင်းဖြင့် သိရှိရာသည်။

ဤသို့ သာသနာပြုစုတော်မူသည်ကို နှစ်သက် ဝမ်းမြောက်တော်မူကြသဖြင့် ကောင်းသည်, မှန်သည်ကိုသာ အလိုရှိတော်မူကြကုန်သော ကျိုက်ကလို့ ဆရာတော်ဘုရားကြီး, ဓညဝတီပြည် စစ်တွေမြို့ စစ်ကဲကျောင်း ဆရာတော်ဘုရားကြီး အရှင် ဥတ္တမ, ဦးရဲကျော်သူကျောင်း ဆရာတော် အရှင်ဥက္ကံသ, နာစီတောရ ဆရာတော် အရှင်ဝိသုဒ္ဓ,ပြည်မြို့ ပါဒကျောင်း ဆရာတော်ကြီး ဤလေးပါးနှင့် ရွှေတောင်မြို့ ချောင်းထောင့် ဆရာတော်ဘုရားကြီး,ပဗ္ဗာဇနိယ ဂိုဏ်းဝင် ကြံခင်းမြို့ ဆရာတော် အရှင်အာဒိစ္စ,မြန်အောင်မြို့ ဆရာတော် အရှင်တေဇ အစရှိကုန်သော ဆရာတော်ဘုရားကြီးတို့သည် အုတ်ဖိုဆရာတော်ဘုရားကြီးထံ လာရောက် ဆွေးနွေး မေးမြန်း လျှောက်ထားကြ၍ ပက္ခမပြားပဲ တဂိုဏ်းတည်း ပြုတော်မူကြကုန်သည်။

ပဗ္ဗာဇနိယ ဂိုဏ်းဟူသည်ကား— ရွှေကျင် ဆရာတော်ဘုရားကြီးသည် အထက်နယ်၌ သာသနာပြုတော်မူသောအခါ သာသနာတော် စည်ပင်ပွင့်လင်း သန့်ရှင်းခြင်းကို အလိုရှိကြကုန်သော ပုဂ္ဂိုလ်တို့သည် မိမိတို့၏ ကျောင်းကန် ပရိက္ခရာတို့ကို အာလယပြတ် စွန့်ပစ်၍ ကောင်းမွန်စွာ နေထိုင် ကျင့်ကြံကြကုန်သည်၊ ထိုပုဂ္ဂိုလ်တို့နှင့် စပ်ရာစပ်ရာ အောက်ရာမညတိုင်းရှိ ပုဂ္ဂိုလ်တို့သည်လည်း ထိုအတူ ကျောင်းကန် ပရိက္ခရာတို့ကို အာလယပြတ် စွန့်ပစ်၍ ကောင်းမွန်စွာ နေထိုင် ကျင့်ကြံကြကုန်သည်၊

ထိုပုဂ္ဂိုလ်တို့ကို **ပဗ္ဗာဇနိယဂိုဏ်း**-ဟု ခေါ်သည်၊ ကြွင်းပုဂ္ဂိုလ်တို့ကို **အလဇ္ဇီ-ဂိုဏ်း**-ဟု မြန်အောင်နယ်၌ ခေါ်သည်။

**မဟာဒွါရနိကာယ သာသနဝံသဒီပနီ။**

ရွှေကျင်ဆရာတော်သည် ထိုက်သင့်သော ရဟန်းများကို ပဗ္ဗာဇနိယကမ် ပြုစေ၍ သာသနာပြုခြင်းကိုင်း, ပဲခူးနှင့် အရှေ့ဘက် မြို့နယ်တခွင်၌ တောရရွှေကျင်ဂိုဏ်း စတည်ဖြစ်ပေါ်ခြင်းများကိုင်း သိသင့် သိအပ်ကြသောကြောင့် သက္ကရာဇ် ၁၃၁၂-ခုနှစ် နတ်တော်လအတွင်း သက်တော်ရှစ်ဆယ်ကျော် ပဲခူးမြို့ ဆံတော်တွင်း ဆရာတော်ဘုရားကြီး (ပဲခူးတောရရွှေကျင်နိကာယ မဟာနာယက) ရေးသားတော်မူအပ်သော မှတ်တမ်းစာကို ထည့်သွင်းဖော်ပြလိုက်ပါသည်။

မြန်မာနိုင်ငံတော် အထက်ပိုင်း၌ ရွှေကျင်ဂိုဏ်းကြီးသည် ပထမအစ ဖြစ်ပေါ်လာခြင်းကိုင်း, မြန်မာနိုင်ငံတော် အောက်ပိုင်း၌ အရညဝါသီ ရွှေကျင်ဂိုဏ်းကြီးသည် ဒုတိယအစ ပေါ်လာခြင်းကိုင်း အသီးအသီးသော ရွှေကျင်ဂိုဏ်းဝင် ထေရ်အရှင်မြတ်တို့သည် ကနဦးအစ ပထမ၌ သိသင့် သိထိုက် သိထားအပ်သော အကြောင်းရင်းတရပ်ဟု မှတ်ယူသင့်ပေသည်။ သို့မှသာလျှင် မြင်းစီးယောကျ်ား အထီး အမ ခွဲခြား၍ သိရှိဘိသို့ ပြောကြားတော်မူနိုင်ကြပေလိမ့်မည်။

**မြန်မာနိုင်ငံတော် အထက်ပိုင်း ရွှေကျင်ဂိုဏ်း**

မြန်မာနိုင်ငံတော် အထက်ပိုင်း (သုနာပရန္တတိုင်း)၌ ရွှေကျင်ဂိုဏ်းကြီးသည် ဖြစ်ထွန်းပေါ်ပေါက်လာရခြင်း အကြောင်းရင်းမှာ ဤသို့တည်း။

ရွှေဘိုမြို့နယ်အတွင်း ရွှေကျင်ရွာတွင် ဖွားမြင်ရာဇာတိ ဖြစ်တော်မူသော ရွှေကျင်ဆရာတော် (အရှင်ဇာဂရ)သည် ပုဂံမင်းလက်ထက် အမရပူရမြို့တော်သို့ စာသင်ကြွတော်မူ၍ စာပေသင်ကြား ပြီးမြောက်ပြီးနောက် မကြာခင် သာသနာတော်ဝင် သံဃာတော်များ ကသောင်းကနင်း မြို့တွင်းမြို့ပ သမဏသာရုပ္ပ ကင်းစွာ ပြုကျင့်နေထိုင်ကြခြင်းကြောင့် ဂေါဇာသက္ကရာဇ် ၁၂၁၃-ခုနှစ်လောက်တွင် မိမိ ဇာတိဌာန ရွှေကျင်ရွာသို့ ပြန်ကြွတော်မူရာ စစ်ကိုင်းမြို့ ရွာထောင်ရွာအနီး တောလမ်းခရီး၌ မင်းတုန်းမင်းသား, မင်းတပ်မင်းသားတို့နှင့် တွေ့ဆုံမိလေ၏။ ထိုအခါ မင်းသားများက

လျှောက်သည်မှာ—"အရှင်ဘုရား....နေပြည်တော်မှာ သာသနာတော်ထမ်း ရဟန်းတော်များသည် ကမောက်ကမ မလျောက်ပတ်သော အမူအကျင့် တွေကို တွေ့မြင်နေကြရပါသည်၊ သာသနာတော်မြတ်ကြီးအတွက် ရွှေဘိုသို့ ထွက်၍ အောင်မြေနင်းကာ အကြံအစည် အောင်မြင်ပါလျှင် နေပြည် တော်သို့ အရှင်ဘုရားများ ကြွရောက်တော်မူပြီး သာသနာ ပြုတော်မူစေ ချင်ပါကြောင်း"ဖြင့် လျှောက်ထားကြရာ—"အိမ်း....ငါတို့သဒ္ဓါအလျောက် ယုံကြည်လောက်သော မင်းကောင်းမင်းမြတ် သာသနာစောင့် သမုတိနတ် များ ပေါ်ပေါက်လာခဲ့မူကား ကောင်းမည်ဟု ထင်ယူခဲ့ပေသည်"ဟု ပြန်လည် မိန့်ကြားတော်မူလိုက်လေသည်။

မင်းသားများသည် ရွှေကျင်ဆရာတော်ဘုရား၏ လူအမည်, ရဟန်းဘွဲ့ တော်, နေရပ်တို့ကို မေးလျှောက်မှတ်သားပြီးကာလ လမ်းခွဲကာ ရွှေဘိုသို့ သွားကြတော့သည်၊ မင်းသားတို့သည် မိမိတို့၏ စေတနာအလျောက်ပင် အောင်မြင်၍ ရာဇာဘိသေက မင်္ဂလာကို ခံယူ၍ ညီတော်မင်းတပ် (ကနောင်) မင်းသားအား အိမ်ရှေ့အပ်နှင်းတော်မူသည်။

သက္ကရာဇ် ၁၂၁၂-ခုနှစ်၌ ရတနာပုံ မန္တလေး နေပြည်တော်ကို တည်ထောင်ပြီးစီး၍ ရွှေ့ပြောင်းစံနေတော်မူလျှင် ရွှေကျင်ဆရာတော် အရှင်ဇာဂရအား အမတ်များကို စေလွှတ် ပင့်လျှောက်စေသည်။ ရွှေကျင် ဆရာတော်သည် ချက်ခြင်း လိုက်ပါကြွရောက်တော်မမူပဲ မြို့တော်၌ နေရ မည်ကို ငြီးငွေ့တော်မူ၍ ငြင်းပယ်တော်မူလိုက်သည်။ ရွှေကျင်ဆရာတော် လိုက်ပါတော်မမူသည်ကို မင်းတရားကြီး သိရှိ၍ ရွှေကျင်ဆရာတော်ဘုရား ၏ ခမည်းတော်နှင့် မယ်တော်တို့ကို ရွှေတော်သို့ ခေါ်၍ သားတော်ဖြစ် သော ရွှေကျင်ဆရာတော်ကို နေပြည်တော်သို့ ကြွအောင် ပင့်ဆောင် ပေးရန် ပြောကြား စေခိုင်းသည်တွင်မှ ခမည်းတော် မယ်တော်တို့ ပင့်လျှောက်ချက်ဖြင့် မန္တလေးနေပြည်တော်သို့ ကြွတော်မူသည်။

ရွှေကျင်ဆရာတော် နန်းတော်သို့ ရောက်လျှင် မင်းတရားကြီးက နေပြည်တော်၌ အရှင်မြတ် နှစ်သက် သဘောကျတော်မူသော ဌာနကို ညွှန်ပြတော်မူပါ၊ အရှင်မြတ် ညွှန်ကြားရာဌာန၌ ကျောင်းတော်ဆောက် လုပ် လှူဒါန်းလိုပါကြောင်းကို လျှောက်ထားသဖြင့် ပင်ကိုယ်ဆန္ဒကပင် တိတ်ဆိတ်ငြိမ်သက်သော တောရကျောင်း ဌာနမျိုးကို နှစ်သက်တော်

မူရင်း ရှိသည်ဖြစ်သဖြင့် မြို့တော်ပတ်ဝန်းကျင်အတွင်း ကြည့်ရှုတော်မူရာ မန္တလေးတောင်၏ မြောက်ဘက်သည် မြို့တော်ပင် ဖြစ်လင့်စေကာ လူသူ ကင်းဝေး၍ ဆိတ်ငြိမ်သောဌာန ဖြစ်ပေသည်ဟု နှလုံးသွင်း၍ ထိုဌာနကို ပင် ညွှန်ကြားတော်မူသည်၊ သို့ ညွှန်ကြားသည့် ဌာန၌ပင် နောက်က ရေးသား ပြဆိုပြီးခဲ့သောအတိုင်း ရွှေကျင်ငါးတိုက်ဟူသော ကျောင်းတိုက် ကြီးများကို တည်ဆောက်၍ လှူဒါန်းတော်မူခဲ့ပေသည်။ ဤသို့ဖြင့် မန္တ လေး နေပြည်တော်က စ၍ အထက်ပိုင်း၌ ရွှေကျင်နိကာယ အာဒိပဘဝ အစပြု၍ ထွန်းလင်း ပေါ်ပေါက်ခဲ့ပေသည်။

## မြန်မာနိုင်ငံတော် အောက်ပိုင်း ရွှေကျင်ဂိုဏ်း

မြန်မာနိုင်ငံတော် အောက်ပိုင်း ရာမညတိုင်း၌ အရညဝါသီ ရွှေကျင် ဂိုဏ်းကြီး ထွန်းကား ပေါ်ပေါက်လာသည်မှာကား ဤသို့တည်း။

မန္တလေး ရတနာပုံ နေပြည်တော်၌ တထောင်ကျော်သော ရွှေကျင် ဆရာတော်၏ တပည့်တပန်း ရဟန်း သာမဏေတို့၏ နေထိုင် ဝတ်ရုံ စားသောက်ပုံမှ စ၍ ဝိနယဂရုက သမဏသိက္ခာ ရှိတော်မူကြပုံနှင့် တကွ ရှေ့ဆောင်ဦးစီး မဟာနာယကချုပ် ထေရ်ကြီးဖြစ်တော်မူသော ရွှေကျင် ဆရာတော်ဘုရားကြီး၏ မွေးကြိုင်သင်းပျံ့သော ဂုဏ်ရနံ့သည် လေအောက် လေညာ မခြား အောက်မြန်မာနိုင်ငံတော် တလွှားသို့ ပြန့်ပွါး မွေးကြိုင် လျက်ရှိရာ ရွှေကျင်ဆရာတော်ဘုရားကြီး၏ သီလစသော ဂုဏ်တော် သတင်းရနံ့ကို ရှူရှိုက်ကြားသိတော်မူရသော ပုဂံတောင်ဆရာတော် အရှင် ကေလာသနှင့် ပဲခူး ဟံသာဝတီဆရာတော် ဦးသီလ အရှင်မြတ်တို့သည် (နောင်အခါ ရဟန္တာဟု ကျော်ကြားအံ့သော ဘုန်းတော်ကြီး ဦးသီလ ပင်တည်း။) မန္တလေး နေပြည်တော်သို့ ကြွတော်မူ၍ ရွှေကျင်ဆရာတော် ဘုရားကြီးထံသို့ ဆိုက်ရောက်သဖြင့် ရွှေကျင်ဆရာတော်ဘုရားကြီးကို ဖူးတွေ့ ရလျှင်ပင် အလွန် နှစ်လို ဝမ်းမြောက်တော်မူကြသည် ဟူ၏။ ရွှေကျင်ဆရာ တော် ဘုရားကြီးအနီး၌ နည်းနိဿယ ဩဝါဒအရပ်ရပ်ကို ခံယူမှတ်သား၍ အားရနှစ်ထောင်း ပန်းဝတ်ပန်းရည် ဖောဖောသီသီကို ဆွတ်ယူစားသုံးကြ ရသော ပျားပိတုန်းတို့အသွင် အလွန်လျှင် ကျေနပ်ရွှင်လန်းကြသဖြင့် အောက်မြန်မာနိုင်ငံတော်၌ ရွှေကျင်ဂိုဏ်း ရွှေကျင်နိကာယသာသနာ

စည်ပင်ပြန့်ပွါးအောင် ဆောင်ရွက်မည့် တပည့်များအဖြစ် ယုံကြည်မှတ်သားတော်မူရန် အပ်နှင်း လျှောက်ထားကြသည့်အတိုင်း ရွှေကျင်ဆရာတော် ဘုရားကြီးကလည်း ဆရာစဉ်ဆက် ဆောင်ရွက်လာခဲ့သော နည်းနိဿယများနှင့်တကွ ကာလ,ဒေသအားလျော်သော ဩဝါဒဒေသနာတို့ကို ဟောကြားပြသ နည်းနိဿယ ပေးတော်မူလိုက်သည်ဟု သိရှိရပေသည်။

ထိုအရှင်နှစ်ပါးတို့သည် ရွှေကျင်ဆရာတော်ဘုရားကြီး ချီးမြှင့်တော်မူသော ဓုရနှစ်ဖြာ သာသနာတော်နှင့် စပ်သမျှ နည်းနိဿယ ဩဝါဒတို့ကို ကောင်းစွာ မှတ်သားနာယူခဲ့ကြပြီးလျှင် မိမိတို့ နေရင်းဌာနသို့ ပြန်ကြွတော်မူခဲ့ကြကုန်၏။

ပဲခူး ဟံသာဝတီသို့ ဆိုက်ရောက်တော်မူကြလျှင် ဘုန်းတော်ကြီး ဦးသီလ၏ ငယ်ဆရာ (ပထမဆရာ)ဖြစ်ကြပေကုန်သော ဆရာတော်ဦးဘုံ (ဦးပုံဟူ၍လည်း ခေါ်သည်) ဦးရှမ်းကြီးစသော ကျေးဇူးရှင် ဆရာတော်ဘုရားများအား ရိုသေစွာ ဂရုဂါရဝပြုလျက် ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဂုဏ်တော် ကျေးဇူးတော်များကို လျှောက်ထားလေရာ ပဏ္ဍိတသာမဏေ လျှောက်ထားသည်ကို အရှင်သာရိပုတ္တရာထေရ် လိုက်နာသကဲ့သို့ ဘုန်းတော်ကြီး ဦးသီလတို့ လျှောက်ထားချက်များကို နှစ်လိုအားရ သဘောကျတော်မူကြ၍ မိမိတို့နေရင်း ကျောင်းကန်နှင့်တကွ ရွာကိုပါ စွန့်ခွါတော်မူကြပြီးလျှင် တောရဆောက်တည်တော်မူကြကုန်၏။

ဤမှစ၍ ဘုန်းတော်ကြီး ဦးသီလကို အကြောင်းပဘာဝ အမွန်အစပြုကာ အောက်မြန်မာနိုင်ငံတော်၌ အရညဝါသီ ရွှေကျင်ဂိုဏ်း ရွှေကျင်နိကာယ ဟူ၍ အထင်အရှား ထွန်းကားပေါ်ပေါက်လာပေသည်။ မြန်မာနိုင်ငံတော် အောက်ပိုင်း, အထက်ပိုင်းတွင် မကမူ၍ ဋ္ဌဂ္ဂိယ, သီဟိုဠ်, ယိုးဒယား စသည်ဖြင့် တိုင်းတပါး နိုင်ငံရပ်ခြားတိုင်အောင် ယနေ့ထိ ရွှေကျင်နိကာယ ရွှေကျင်ဂိုဏ်းသည် ပြန့်ပွါးလျက်ရှိလေသည်။

ဤသည်ကိုပင် ဆံတော်တွင်းဆရာတော်ဘုရားကြီးက မင်းဆက်များဖြင့် ပြတော်မူသည်မှာ—၁-မင်းတုန်းမင်း၊ ၂-သီပေါမင်း၊ ၃-ဝိတိုရိယဘုရင်မ၊ ၄-အက်ဒွပ်ဘုရင်၊ ၅-ပဉ္စမမြောက်ဂျော့ဘုရင်၊ ၆-ဆဋ္ဌမြောက်ဂျော့ဘုရင်၊ ၇-ဂျပန်ဘုရင်၊ ၈-မြန်မာသမတမင်း-ဟူ၍ ပြတော်မူသည်။ အဋ္ဌမမြောက် အက်ဒွပ်လည်း အခိုက်အတန့် ပါဝင်သေးသည်ဟု ထင်သည်။

ယနေ့ မျက်မှောက်အရဆိုလျှင် တော်လှန်ရေး အစိုးရလက်ထက်တိုင် ရွှေကျင်ဂိုဏ်း ရွှေကျင်နိကာယသည် ခိုင်မြဲ စည်ပင်လျက်ပင် ရှိသည်မှာ နိုင်ငံတော်အစိုးရများ အသိဖြစ်ပေသည်။

[ဤသည်ကား-ဆံတော်တွင်းဆရာတော်ဘုရားကြီး၏ မှတ်တမ်းအရ ပြခြင်း ဖြစ်သည်။]

ညောင်လေးပင်ဆရာတော် ရေးတော်မူသော ဘုန်းတော်ကြီး ဦးသီလ အတ္ထုပ္ပတ္တိတွင် ပဲခူးနယ်၌ တောဂိုဏ်း စတည်ဖြစ်ပေါ်လာပုံနှင့် ဂိုဏ်းချုပ် ဆရာတော် ဘုန်းကြီးပုံစသည်တို့ ပဗ္ဗာဇနိယကမ်ပြု၍ ကျောင်းကန်နှင့် ရွာကိုပါ စွန့်ခွါ၍ တောထွက်တော်မူကြသည်ကို အကျယ်တဝင့် ထိုထိုဆရာ တော်များထံမှ ကြားသိရသမျှ ဖော်ပြထားပေသည်။ ဘုန်းကြီးပုံစသော ဆရာတော်များပြုကြသော ပဗ္ဗာဇနိယကမ်သည် ရွှေကျင်ဆရာတော်ဘုရား ၏နည်းလမ်းညွှန်ပြချက်ပင် ဖြစ်လိမ့်မည်ဟု ယူဆရာသည်။ ဘုန်းတော်ကြီး ဦးသီလသည် ရှစ်ဝါခန့်က စစ်ကိုင်း မန္တလေးသို့ ရောက်သည်ကိုလည်း ဘုန်းတော်ကြီး ဦးသီလ အတ္ထုပ္ပတ္တိ၌ပင် ထောက်ခံလျက် ရှိပေသည်။

## ဘုန်းတော်ကြီး ဦးသီလထေရုပ္ပတ္တိလာ တောရဂိုဏ်း ဖြစ်ပေါ်လာပုံကို တနည်းအဖြစ် မှတ်ယူကြရန် ပြပါဦးမည်၊

သက္ကရာဇ် ၁၂၂၆-ခုနှစ်တွင် ပဲခူးမြို့၌ ဂိုဏ်းအုပ်ဆရာတော်ကြီး ဦးပုံသည် မိမိကျောင်းတိုက်ကြီးကို စွန့်ခွါကာ တောထွက်တော်မူသည်။ ထိုအခါမှ စ၍ တောဂိုဏ်း, ရွာဂိုဏ်း၊ တနည်း-အရညဝါသီ, ဂါမဝါသီ ဟု နှစ်ဂိုဏ်း ဖြစ်ပေါ်လာလေသည်။ ဤသို့ တောဂိုဏ်းဖြစ်အောင် ဘုန်းကြီးဦးဝဏ္ဏသည် သုံးနှစ်တိုင်တိုင် လှုံ့ဆော်သည်။ ထိုအခါ ဘုန်းတော်ကြီး ဦးသီလသည် လည်း လှုံ့ဆော်ရာ၌ ပါဝင်သည်။

**မထေရ်လေးပါး။** ။ခွဲ့ဦးအံ့၊ ထိုအခါ ပဲခူးနယ်သား ရဟန်းသုံးပါး သည် မန္တလေးမြို့မှ စာသင်ပြီး အတူပြန်လာကြ၏၊ အထက်မြန်မာပြည်သား ဦးအာစာရလည်း အတူပါလာ၏။ (မျဉ်းသားပြထားသော စာကြောင်းကို သတိပြုစဉ်းစားရာ၏၊ နောက်၌ ပေါ်လွင်လာပေလိမ့်မည်။) ထိုလေးပါး

တွင် ဈေးညောင်ပင်သား ဦးသုမနသည် အရှေ့ရွှေနံ့သာသို့ တောထွက်၏၊ ပဲခူးမြို့တွင်းသား ဦးသုမနသည် ရွှေပန်းအရပ်သို့ တောထွက်၏၊ ဇိုင်းဂနိုင်းကြီးသား ဦးဝဏ္ဏနှင့် အထက်မြန်မာပြည်သား ဦးအာစာရတို့သည် ကလျာဏီ သိမ်နေရာသို့ တောထွက်ကြ၏၊ ထိုမထေရ်လေးပါး တောထွက်စတွင် တောဂိုဏ်းဟူ၍ မဖြစ်သေး၊ ဂိုဏ်းအကွဲအပြားလည်း မရှိသေး။ (တောဂိုဏ်းအနေဖြင့် မပေါ်လွင်သေးသည်မှာ ထိုပုဂ္ဂိုလ်များသည် ရဟန်းငယ်များသာဖြစ်၍ မထင်ရှားသောကြောင့်ဟု ဆိုရပေမည်။) တောင်ငူမြို့နှင့် ရန်ကုန်မြို့အကြားရှိ ကျောင်းအားလုံး တဂိုဏ်းတည်းဖြစ်၍ အလွန်ညီညွတ်၏။ (ကျောင်းအရေအတွက်လည်း အလွန်နည်းသေးဟန် ရှိ၏။) ထိုညီညွတ်သော ဂိုဏ်းကြီးတဂိုဏ်းလုံး၌ ထောင့်ကျောင်းဘုန်းကြီး ဦးစန္ဒာလင်္ကာရမည်သော ဘုန်းကြီးပုံသည် ဂိုဏ်းအုပ်ဘုန်းကြီးဖြစ်၍ အလွန်ထင်ရှား၏၊ ပင်ကိုယ် စိတ်ဆန္ဒ ကောင်း၏၊ မဆုတ်မနစ်သော သဒ္ဓါတရားရှိ၏။

မဟာစေတီဆရာတော် ဦးဂန္ဓမာနှင့်
ကလျာဏီဆရာတော် ဦးစန္ဒိမာ။

## ကလျာဏီလံ့ဆော်ပုံ

ကလျာဏီဘုန်းကြီး ဦးဝဏ္ဏသည် ဘုန်းကြီးပုံထံ မကြာမကြာ ချဉ်းကပ်၍ ဤသို့ လျှောက်ထားလေ့ ရှိ၏၊ အရှင်ဘုရားများနှင့် တပည့်တော်များသည် ပဲခူးနယ်ဘွား အောက်သားများဖြစ်ကြ၍ ရပ်ဆွေရပ်မျိုးပေါများကြပါသည်၊ ပစ္စည်းချမ်းသာ၍ သဒ္ဓါတရားလည်း ထက်သန်ကြပါသည်။ လောကရေးမဖက် သဒ္ဓါတရားသက်သက်ဖြင့် ရဟန်းပြုကြသော တပည့်တော်တို့မှာ ရပ်ဆွေရပ်မျိုးတို့အား သာသနာအနှစ် အမှန်အစစ်ကို မိမိတို့သိသကဲ့သို့ သိစေရပါမူ ရဟန်းပြုကျိုး နပ်လှပါသည်။ တာဝန်လည်း ကျေပါလိမ့်မည်—စသည်ဖြင့် လျှောက်ထားကာ သာသနာရေးကို ဆွေးနွေးလေ့ရှိ၏၊ အရှေ့ရွှေနံ့သာဘုန်းကြီး ဦးသုမနနှင့် ဘုန်းတော်ကြီး ဦးသီလတို့သည် ရံခါမပြတ် ဘုန်းကြီးပုံထံ ချဉ်းကပ်၍ သာသနာ သန့်ရှင်းရေးလျှောက်ထားကြကာ ဆွေးနွေးလေ့ ရှိကုန်၏။

(ဘုန်းတော်ကြီး ဦးသီလသည် မန္တလေးသို့ မတက်မီ ဘုန်းကြီးပုံထံ၌ ငါးဝါအထိ နေခဲ့၍ ဆရာတပည့် ဖြစ်၏။)

## ထိုကာလညီညွတ်ပုံ

သာသနာသန့်ရှင်းရေးအတွက် သုံးနှစ်ခန့်ပတ်လုံး အကြိမ်ကြိမ် ဆွေးနွေးလတ်သော် သင်္ဂါယနာတင် အရှင်မဟာကဿပ, အရှင်ယသ, အရှင်မောဂ္ဂလိပုတ္တတိဿ တို့ကဲ့သို့ သာသနာထွန်းလင်းအောင် ပြုရမူ ကောင်းလေစွဟု ထက်သန်သော စိတ်တို့သည် ဘုန်းကြီးပုံအား တနေ့တခြား တိုးပွါးလာကုန်၏၊ ယခုအခါ တဂိုဏ်းလုံး ညီညွတ်ကြသော်လည်း လှည်းစီး, နွားမွေး, ဆေးကု, ဗေဒင်ဟော, ငွေစုခြင်းစသော အပြုအမူ ကုလဒူသန, အနေသန, မိစ္ဆာဇီဝတို့သာ အတုယူ၍ ဝိနည်းလွတ်ကင်းခြင်းသာ များလှချေသည်၊ ဘုရားရှင်တို့ အလိုကျသော ညီညွတ်ခြင်းသည် ဤသို့ ဟုတ်နိုင်အံ့လော၊ ငါသို့သောသူအား ကြောင့်ကြမဲ့ခြင်းငှါ မသင့်လေတကားဟု ထက်သန်သော စိတ်တို့သည် **ပါရမီဆုတောင်း ရှိလေသလား မသိ၊ မဆုတ်မနစ် ဖြစ်လာကုန်၏။**

## တောထွက်ရန် တရားဟောပုံ

ထိုအခါ ဂိုဏ်းသံဃာတို့အားလည်း ငါ့ရှင်တို့....

သာမညံ ဒုပ္ပရာမဋ္ဌံ၊ နိရယာယုပကဍ္ဎတိ။

ဒုပ္ပရာမဋ္ဌံ—မကောင်းသဖြင့် သုံးသပ်အပ်သော။ သာမညံ— ရဟန်းအဖြစ်သည်။ နိရယာယ—ငရဲသို့။ ဉပကဍ္ဎတိ—ဆွဲငင်၏-ဟု ဘုရားရှင်ဟောသည်။

မအပ်မရာ, သံသယမကင်းစရာ ကျောင်းကန်စသော ပစ္စည်းတို့သည် ကြောက်ဖွယ် ကောင်းကုန်၏။ လွတ်လွတ် ပယ်စွန့်ကြစို့၊ ပယ်စွန့်၍ တောထွက်ကြစို့၊ တောထွက်၍ တရားနှင့်အညီ နေထိုင်ကြစို့-ဟု တိုင်ပင်တိုက်တွန်းစကား ဟောကြားလေ၏။ ဂိုဏ်းသံဃာတို့မှာ. ထိုစကားကို ကြက်သီးများထလျက် သဒ္ဓါပသန္နဖြစ်၍ နှစ်သက်ကြ၏။ အမိန့်တော်မြတ်အတိုင်း လိုက်နာပါမည်ဟု အသီးအသီး တာဝန်ခံ၍ ညီညွတ်စွာ ပဋိညာဉ်ပေးကြ၏။ ရဟန်းရှင်လူ ကြားသိတိုင်းသော သူတို့မှာ အတိုင်းထက်အလွန် ဝမ်းမြောက်ကြလေကုန်၏။

**မဟာစေတီ။**

## တဏှာသြဇာ

အသီးအသီး ပဋိညာဉ်ပေး၍ မိမိကျောင်းသို့ ပြန်ရောက်သောအခါ အချို့မှာ တဏှာ၏လှည့်စားခြင်းကို ခံကြရရှာ၏၊ တဏှာသည် နူးညံ့သော အမူအရာဖြင့် လှည့်စားပုံ ကျွမ်းကျင်လှ၏၊ ငါ တောထွက်သွားလျှင် ငါ့ ပစ္စည်းတွေ ကျန်ရစ်၍ မျက်နှာငယ်ရှာတော့မည်ဟု ကရုဏာဟန် တမျိုး, ဒါယကာတွေ ပင်ပန်းစွာရှာ၍ လှူသောပစ္စည်း အချည်းနှီး မဖြစ်စကောင်းဟု ပညီမြွေအသွင် တဖုံ, ဤကျောင်းကန် စသော ပစ္စည်းတို့သည် နတ်ရွာ နိဗ္ဗာန် ဈာန်မဂ်ဖိုလ် ရကြောင်းဟု ယုံကြည်သော သဒ္ဓါယောင် တနည်း ဤသို့ အနည်းနည်းဖြစ်အောင် လှည့်စား၍ နောက်ဆုံး၌ တောထွက်လျှင် မှားလိမ့်မည် မထွက်လေနှင့်ဟု အမိန့်ပေးသကဲ့သို့ ဖြစ်လေတော့၏။ ထို အမိန့်သြဇာကို အရသာပေါ်အောင် နှလုံးသွင်းလိုက်သောအခါ ယခင်က ပဋိညာဉ် ပေးနိုင်ကြောင်း ဖြစ်သော သဒ္ဓါပသန္နတို့သည် အပြတ်အသတ် ရှုံး၍ အဝေးသို့ လွင့်စင်ကုန်၏၊ နောင်စည်းဝေးရာသို့ ဟန်ဆောင်တက် နိုင်ရုံမျှ မကျန်အောင် ပသန္နသဒ္ဓါ ပျောက်ကွယ်သဖြင့် တဏှာသခင်သာ လွတ်လပ်စွာ ခြယ်လှယ်တော့၏၊ တဏှာ၏ အမိန့်သြဇာအတိုင်း သံဃာသို့ မဝင်မထွက် သမာဓိဝင်စား လမ်းမှားလျက်သာ ငြိမ်သက်စွာ နေကြရလေ ကုန်၏။ ဝိနည်းအာဏာ နုံ့နဲ့စွာ တဏှာသြဇာ ကြီးလေစွတကား။

**မဟာစေတီ။**

## ဘုန်းကြီးပုံ ထက်သန်ခြင်း

ထိုအခါ ပဋိညာဉ်ပျက်သူတို့ကို သနားကြင်နာစွာ အာရုံပြု၍ ဘုန်းကြီး ပုံအား ဤသို့သော အကြံသစ် ဖြစ်လေ၏၊ ဘုရားရှင်သည် ''သမဂ္ဂေါ ဟိ သံဃော သမ္မောဒမာနော အဝိဝဒမာနော ဧကုဒ္ဒေသော ဖာသု ဝိဟရတိ'' ဟု ဟောသည်၊ ကိုယ်ဖြင့် ညီညွတ်တိုင်း သမဂ္ဂဟုတ်၏လော၊ စိတ်ဖြင့် ဝမ်းမြောက်တိုင်း သမ္မောဒမာနဟုတ်၏လော၊ နှုတ်ဖြင့် မငြင်းခုန်တိုင်း အဝိဝဒမာနဟုတ်၏လော၊ ဂိုဏ်းအုပ်ဘုန်းကြီးဖြစ်လျှင် အပါယ်တံခါး ပိတ်ပြီ လော၊ ငါ၏ ဂိုဏ်းအုပ်ဂုဏ်သည် အားကိုးရာ မဟုတ်သေး၊ မိမိကိုယ်သာ မိမိ အားကိုးရာဖြစ်အောင် ရှေးဦးစွာ မြန်မြန် အားထုတ်သင့်ပေသည်ဟု ကြံပြီးလျှင် ဂိုဏ်းအုပ်ကြီးဂုဏ်ထူးကို ပယ်စွန့်ခြင်း, မိမိသို့ အတုလိုက်သူ တို့နှင့်တကွ ပဗ္ဗာဇနိယ ဝိနည်းကမ် ဆောင်ယူခြင်း, ကျောင်းကန် ပစ္စည်း

အားလုံး မငဲ့မကွက် စွန့်လွှတ်ခြင်းတို့ကို ထက်သန်စွာပြု၍ တောထွက်တော်မူလေ၏။ ဘုန်းကြီးပုံ တောထွက်သည်မှ စ၍ တောရဂိုဏ်းဟူ၍ ထင်ရှားသဖြင့် မြို့ဂိုဏ်းမှ သီးခြားလေ၏။

**မဟာစေတီ။**

## ဘုန်းတော်ကြီး (ဦးသီလ) လှူ့ဆော်ပုံ

တနေ့သ၌ ဘုန်းတော်ကြီး ဦးသီလသည် ဘုန်းကြီးပုံကျောင်းတိုက် အဝင်အဝ ဇရပ်တခု၌ တည်းခိုနေ၏၊ ထိုဇရပ်မှပင် ဆွမ်းခံ၍ စား၏၊ ကျောင်းပေါ်သို့ကား မတက်၊ နှစ်ရက်ခန့်ရှိသောအခါ ဘုန်းကြီးပုံသည် ဇရပ်သို့ကြွလာပြီးလျှင် ဦးပဥ္စင်း....အဘယ့်ကြောင့် ကျောင်းပေါ်သို့မတက်သနည်း၊ ငါ့အား အဘယ်သို့ အပြစ်မြင်သနည်းဟု မေး၏၊ ဆရာဘုရားသည် တပည့်များ၏ အနန္တကျေးဇူးရှင်ကြီး ဖြစ်ပါသည်၊ ဆရာဘုရားများ ညွှန်ပြချက်အတိုင်း ဝိနည်းကျမ်းတို့ကို သင်ယူခဲ့ကြရပါသည်၊ ဝိနည်းပြစ်မကင်းသော အရာဌာနတို့ကို တွေ့ရသဖြင့် ကျေးဇူးအထူးဆပ်ရန် အကြံယူလျက် အခွင့်ကောင်း မြှော်လင့်ကာ နေရခြင်း ဖြစ်ပါသည်ဘုရားဟု လျှောက်ထား၏။ ဦးပဥ္စင်း....ငါ့မှာ တပည့်များစွာရှိသော်လည်း ဦးပဥ္စင်းကိုသာ အားထားသည်၊ မသင့်သောအရာဌာနတို့ကိုပြုပြင်လော့၊ ငါ့ကိုပစ်မထားနှင့် ဝိနည်းနှင့်မညီသည်တို့ကို အလိုရှိတိုင်း ပြုပြင်ရန် ငါ ခွင့်ပေးသည်ဟု အမိန့်ရှိလေ၏။ ဤသို့ ခွင့်ပြုပါလျှင် လှည်းယာဉ် လှေလောင်းမှစ၍ သာသနာတော်မြတ်နှင့် မလျော်သည်တို့ကို သုတ်သင် ရှင်းလင်းပါရစေဟု ခွင့်တောင်း၏။

**ပဲခူး ပုဗ္ဗာရုံဆရာတော်-ဦးဝိမလဗုဒ္ဓိ။**

## ဘုရားမီးပူဇော်ခြင်း

**လှည်းယာဉ် လှေလောင်း အကြောင်းကား။** ။ ရဟန်း ငါးဝါအတွင်း ဘုန်းကြီးပုံထံ၌ နေစဉ် ဤဦးပဥ္စင်း ဦးသီလသည် ခိုင်းစေသမျှ သေသပ်စွာ ပြုတတ်၏၊ ကျစ်လစ်၏၊ အရာရာစိတ်ချရ၏ ဟု ဘုန်းကြီးပုံ အထူး အာရုံပြု၏၊ အရပ်ဝေးသို့ ကြွသွားသောအခါ လှည်းကိုပင် မောင်းခိုင်း၏၊ ဤ ဦးပဥ္စင်း လှည်းမောင်းပုံသည် ခရီးလည်းတွင်သည်၊ နွားများလည်း အထူးသက်သာသည်ဟု အရပ်ဝေး ကြွတိုင်း မလိုက်ရသည်မရှိ ဟူ၏၊

ထိုစဉ်အခါ လျှည်းနှင့်စပ်သော ဝိနည်းပြစ်ကို အယူအဆ အပြောအဆိုမရှိကြ၊ ဝိနည်းမတတ်မီအခါ ဘုန်းကြီးပုံ၏ လှည်းဦးစီး ပြုရခြင်းသည် နောင်အခါ **ဝိနည်း လှည်းဦးစီး သာသနလှည်းဦးစီး** ဖြစ်လတ္တံ့သော ပုဗ္ဗနိမိတ်ပင်တည်း။ ဤသို့ သုတ်သင်ခွင့် အမိန့်ရသောအခါ လှည်းယာဉ် လှေလောင်း ဟု အစချီ၍ လျှောက်ထားခြင်းဖြစ်သတတ်၊ ထိုနောက် မအပ်မရာ ပစ္စည်းတို့ကို အားလုံးတစုတည်း စုပုံ၍ ရေနံလောင်းပြီးလျှင် ဘုရားအား **မီးပူဇော်**လေ၏။

**ပုဗ္ဗာရုံဆရာတော်။**

**မှတ်ချက်။** ။ ဘုရားအား မီးပူဇော်သည် ဟု ဆိုခြင်းသည် အချည်းနှီး မီးမဖြစ်စေပဲ သွားယင်းဟန်လွှဲ တချက်ခုတ် နှစ်ချက်ပြတ် ဖြစ်စေလို၍ ပုဗ္ဗာရုံဆရာတော်က စကားယဉ်စွာ သုံးခြင်းသာ ဖြစ်ရာသည်၊ အကပ္ပိယ အဓမ္မိယ ပစ္စည်းများဖြစ်၍ ဘုရားအား ပူဇော်မှုကို ဘုန်းတော်ကြီး ဦးသီလကဲ့သို့သော ပုဂ္ဂိုလ်သည် မပြုပေရာ-ဟု သဘောကျသည်။

**ရွှေကျင်နိကာယ သာသနာဝင်ရေးသူ။**

( ဘုန်းတော်ကြီး ဦးသီလ အတ္တုပ္ပတ္တိလာ ဘုန်းကြီးပုံတို့ တောထွက်ခန်းကို ကူးယူဖော်ပြရာ၌ လက်သည်းကွင်းအတွင်းရှိ စကားတို့သည်၎င်း, မှတ်ချက်သည်၎င်း ရွှေကျင်နိကာယသာသနာဝင်ရေးသူ၏ စကားတို့ပင် ဟု မှတ်ယူပါလေ ။)

## စူဠဂဏ္ဍိခေါ်ခြင်း

ထိုနောက် ဘုန်းတော်ကြီး (ဦးသီလ) သည် ကလျာဏီဘုန်းကြီး, အရှေ့ ရွှေနံ့သာဘုန်းကြီးတို့နှင့် တိုင်ပင်၍ ပဗ္ဗာဇနီယကမ်ကို ဆောင်ယူစေ၍ ကျောင်းကန်တို့ကိုလည်း စွန့်စေ၍ တောကျောင်းသို့ အရောက် ပင့်ဆောင်သွားလေသည်၊ ဤအခါတွင် ရပ်ရွာထဲ၌ သူ့ဘက် ငါ့ဘက် ဒုတ်တပြက် ဓားတပြက် အဓိကရုဏ်းဖြစ်၍ သားနှင့်အမိ ညီနှင့် အစ်ကိုသော်လည်း တောဂိုဏ်းကောင်းသည်, မြို့ဂိုဏ်းကောင်းသည် ဟု ကွဲပြားကြကုန်သတတ်။ အချို့ကား တောဂိုဏ်းဘက်ပါသော သူတို့ကို ဘုန်းကြီး ရွှေချယ်သည်၊ စူဠဂဏ္ဍိတွေ ဟု ဆိုကြ၏။ စူဠ-လိပ်။ ဂဏ္ဍိ-ပန်း = လိပ်ပန်း

လမ်းပိတ်။ **လမ်းပိတ်ပြီဟု၍လည်း** ပြက်ရယ်ပြုကြ၏၊ ပြက်ရယ်ပြုခံရသူတို့ကလည်း အေး....ဟုတ်ပေတယ်၊ ဝါဝါမြင်တိုင်း သောကော ရောကော မကိုးကွယ်၊ သီလသိက္ခာရှိသူ ရွေးချယ်တတ်သောကြောင့် အပါယ်လမ်းပိတ်ပြီ၊ စိတ်ချရပြီဟု နှုတ်ဦးတည့်သလို ခုခံကြကုန်သတတ်။

**ပုဗ္ဗာရုံဆရာတော်။**

## ဘုန်းကြီးပုံ တောထွက်ပုံ

**ငိုကြွေးကြခြင်း။** ။ ဘုန်းကြီးပုံသည် ပဗ္ဗာဇနိယကမ်ဆောင်၍ တောထွက်အံ့ဆဲဆဲတွင် တပည့်ရဟန်းအချို့နှင့် ဒါယကာ ဒါယိကာမတို့ ရောက်လာကြ၍ တောမထွက်ရန် အနည်းနည်း တောင်းပန်ကြ၏။ တပည့်အပေါင်းတို့.... ငါသည် သင်တို့ကို မုန်းတီး၍ တောထွက်မည်မဟုတ် နိယျာနိက သာသနာနှင့် တွေ့ကြုံကျိုးနပ်အောင် မဂ်မျိုးစေ့, ဖိုလ်မျိုးစေ့ ရှာဖွေဝေငှရန် ကိုယ့်အကျိုး, သူ့အကျိုးငဲ့၍ တောထွက်မည်ဖြစ်သည်၊ တားမြစ်ခြင်းဖြင့် အကျိုးမဲ့ အပြစ်မရောက်ကြစေနှင့် ဟု အေးအေးကြည်ကြည် တည်တည် တန့်တန့် မိန့်မြွက်တော်မူလေသည်၊ ထိုမိန့်ခွန်းတော်သည် အေးမြကြည်လင်သော်လည်း တားမြစ်သူတို့ကို မျက်ရည်မဆည်နိုင်အောင် ယိုထွက်စေသည်။ ဤသို့ မျက်ရည်စက်လက် တောင်းပန်ကြစဉ်ပင် ကျောင်းတော်ကြီးပေါ်မှ ဆင်း၍ ကြွသွားတော်မူ၏၊ ထိုအခါ ကား အသံဆူညံစွာ လွတ်၍ ငိုကြွေးကြသော အခါတည်း။

(တေမိ, မဟာဇနက စသော ရှေးသူတော်ကောင်းများနှင့်နှင့် ရှန်း၍ ထွက်တော်မူရရှာပေသည်၊ သတ္တိစွမ်းရည်ကို ကြည်ညို ချီးကျူးအပ်လှပါပေသည်။)

## တောရကျောင်းသို့ကြွပုံ

ကျောင်းအာရာမ်အဝသို့ ဘုန်းကြီးပုံ ရောက်သောအခါ ဘုန်းကြီးအချို့ကို တွေ့၍ တောင်ဝှေး သပိတ် စသည်တို့နှင့်တကွ တိစီဝရိက်သက်န်းများ ပံသုကူ ပစ်ထားသည်ကိုလည်း တွေ့ရလေသည်၊ မင်း အဘိသိက်ခံရန် သွားလိုသော ပြည့်ရှင်မင်းကြီးသည် မင်းမြောက်တန်ဆာ ငါးပါးကို ဆင်မြန်းလေသကဲ့သို့ **အာရညကင် ဘိသိက်** ခံရန် သွားလိုသော ဘုန်းကြီးပုံသည် ဓုတင်ဆောက်တည်၍ ပံသုကူသက်န်း တန်ဆာတို့ကို ကောက်ယူဝတ်ရုံပြီးလျှင် ကျောင်းပေါ်မှ ဝတ်ရုံလာသော သင်္ကန်းတို့ကို ထိုနေရာ၌

ပယ်စွန့်၍ သပိတ်ကို ကိုယ်တော်တိုင် လွယ်ယူလေ၏၊ ထိုနောက် ဘုန်းကြီး ဦးဝဏ္ဏနှင့် ဘုန်းကြီးဦးသီလတို့ကိုလည်း နောက်ပါပြု၍ ရွှေဦးစွာ ကလျာဏီ တောရ ကျောင်းသို့ ကြွသွားတော်မူလေ၏၊ ထိုအခါ၌ ဘုန်းတော်ကြီး ဦးသီလသည် တဆယ့်သုံးဝါ ရရှိလေပြီ။

**ကမာစဲ ဦးကဝိန္ဒ။**

## တောရကျောင်း၌ နေပုံ

သက္ကရာဇ် ၁၂၂၇-ခုနှစ် ဝါတွင်း၌ ဘုန်းကြီးပုံသည် ကလျာဏီကျောင်း တိုက် တောင်ဘက်တွင် ကပ်လျက်ရှိသော သစ်စေးပင် လေးတိုင်စင် ကျောင်းငယ်၌ သီတင်းသုံးသည်၊ ဘုန်းတော်ကြီး ဦးသီလသည်လည်း ထိုကျောင်းတိုက်သို့ အတူလိုက်၍ မနီးမဝေး အနောက်ဘက် ကျောင်း ငယ်တခု၌ သီတင်းသုံးလေသည်၊ တောအရုဏ်ကိုကား ကလျာဏီကျောင်း တိုက် အတွင်း၌သာ ယူကြ၏၊ ဝါကျွတ်လတ်သော် ပဲခူးမြို့ အရှေ့ဟင်္သာ ကုန်းသို့ ရွှေ့ပြောင်း၍ တောကျောင်း၌ အမြဲနေခြင်းဖြင့် နေတော်မူသည်၊ ဘုန်းတော်ကြီး (ဦးသီလ) သည်လည်း အတူလိုက်၍ ဟင်္သာကုန်း၌ ၁၂၂၈-ခုနှစ်တွင် အတူဝါကပ်လေသည်၊ ထိုစဉ်အခါ ဟင်္သာကုန်းနေရာသည် ဆင်နေ ကျားအောင်း ချုံပိတ်ပေါင်းထူလှ၏။

**ပဲခူး ကလျာဏီဆရာတော်။**

ဘုန်းကြီးပုံနှင့် ဘုန်းတော်ကြီး ဦးသီလတို့ ပဗ္ဗာဇနီယကမ်ဆောင်၍ အပ်-မအပ်, ကောင်း မကောင်း ရှေးရှိဟောင်းဖြစ်သော ပစ္စည်းအရပ်ရပ် နှင့်တကွ ကျောင်းကန်တို့ကို လွတ်လွတ် စွန့်တော်မူ၍ တောရဆောက်တည် ကြသော အချိန်သည် အထက်ပိုင်း၌ ရွှေကျင်ဆရာတော်ဘုရား သာသနာ ပြုချိန်ပင် ဖြစ်သည်၊ ပဗ္ဗာဇနီယကမ် ပြုထိုက်သော ရဟန်းတို့ကိုလည်း ပဗ္ဗာဇနီယကမ် ပြုပေးချိန်ပင် ဖြစ်သောကြောင့် မန္တလေးသို့ ရောက်ခဲ့ပြီး ရွှေကျင်ဆရာတော်၏ ဩဝါဒ နည်းနိဿယကို ရရှိခဲ့သော ဘုန်းတော်ကြီး ဦးသီလ လှုံ့ဆော်မှုကြောင့် ပဗ္ဗာဇနီယ တောရဂိုဏ်း စတည် ပေါ်ပေါက် လာခြင်းဖြစ်ရာ အောက်မြန်မာနိုင်ငံတော်၌ အထူးသဖြင့် ပဲခူး, တောင်ငူ, ရန်ကုန်စသော မြို့နယ်တို့၌ တောဂိုဏ်း ဖြစ်ထွန်းလာခြင်းသည်လည်း ရွှေကျင်ဆရာတော်ဘုရားကြီးသည်ပင် မူလပဘဝ အမှန်အစဖြစ်သည်ဟု ဆိုရပေသည်၊ သက္ကရာဇ် ၁၂၅၅-ခုနှစ် ပဲခူးမြို့၌ ရွှေကျင်ဆရာတော်ဘုရား

နှင့် ဘုန်းတော်ကြီးဦးသီလတို့ တဖန် တွေ့ဆုံတော်မူခြင်းသည် ဒုတိယ အကြိမ်သာ ဖြစ်သည်၊ ရွှေကျင်ဆရာတော်ဘုရားလျှင် အကြောင်းရင်းရှိသော တောဂိုဏ်းအဖြစ်ကို ရွှေကျင်ဆရာတော်နှင့် ဘုန်းတော်ကြီး ဦးသီလတို့သည် သိရှိရင်းစွဲ ဖြစ်သည်တကြောင်း, တွေ့ဆုံစဉ်အခါ၌ ထပ်မံ ဆွေးနွေးစိစစ်ကြပြန်သောကာလ အယူသီလ တူမျှ၍ သန့်ရှင်းကြသည်ချည်း ဖြစ်သောကြောင့် ရွှေကျင်ဂိုဏ်းနှင့် တောရဂိုဏ်းသည် တဂိုဏ်းတည်း အဖြစ်ဖြင့် ဆက်ဆံပေါင်းမိကြခြင်း ဖြစ်ပေသည်။ ဤအကြောင်းကို ရည်ရွယ်၍ ဘုန်းတော်ကြီး ဦးသီလ ထေရုပ္ပတ္တိ၌ အောက်ပါအတိုင်း မော်လမြိုင် နတ်ရေတွင်းဆရာတော် မိန့်သည်ဟု ဆိုရပေမည်။

## ရွှေကျင်ဂိုဏ်းနှင့် တောဂိုဏ်း

**ဝိနည်းပဓာန။** ။မန္တလေးမြို့ ရွှေကျင်ဆရာတော်ကြီးသည် ၁၂၅၅-ခုနှစ်တွင် နောက်ပါသံဃာများနှင့် ပဲခူးမြို့သို့ ကြွရောက်တော်မူလာ၏၊ ထိုအခါတွင် ပဲခူးတောရသံဃာများနှင့် တွေ့ဆုံနှီးနှော၍ အငြေအစပ် ဖြစ်လေ၏၊ ပဲခူး, ရွှေကျင်, ဝမ်းပတော, ကျိုက်ထို, သထုံ, မော်လမြိုင်စသော မြို့နယ်တို့၌ ပြန့်နှံ့လျက်ရှိသော အောက်ပြည် တောရဂိုဏ်းသည်၎င်း, အထက်ပြည်၌ နှံ့လျက်တည်ရှိသော ရွှေကျင်ဂိုဏ်းသည်၎င်း ရည်ရွယ်ချက်ဆန္ဒချင်း တူမျှကြ၏၊ ဝိနည်းကို ပဓာနထား၍ သီးသန့်ခြင်း, ဂိုဏ်းတပါးနှင့် အဆက်အဆံ မရှိခြင်းအားဖြင့် အယူသီလ တူမျှသောကြောင့် ဂင်္ဂါ, ယမုနာရေ ရောသကဲ့သို့ တသဘောတည်း ရောနှော ဆက်ဆံမိကြလေ၏၊ ရွှေကျင်ဂိုဏ်းဂုဏ် အောက်ပြည်နှံ့, တောရဂိုဏ်းဂုဏ် အထက်ပြည်နှံ့ ဖြစ်လေ၏။

**မော်လမြိုင် နတ်ရေတွင်းဆရာတော် ဦးအရိန္ဒမ။**

အချို့ဂိုဏ်းဝင် ပုဂ္ဂိုလ်အချို့က ရွှေကျင်ဂိုဏ်းနှင့် တောဂိုဏ်း အထင်အရှား ရောနှော၍ တပေါင်းတည်း တဂိုဏ်းတည်းဖြစ်ကာ ရွှေကျင်သာသနာ ပြန့်ကျယ်လျက် အထက်အောက် စည်ပင်ထွန်းလင်း ပွါးများလာသည်ကို အတုယူ၍ မိမိတို့ဂိုဏ်းနှင့် တောဂိုဏ်း ပေါင်းမိ၍ ကြီးပွါးလာသည်ဟု ဆိုကာ ဂုဏ်ယူကြသည်ကို တွေ့ရခြင်းဖြင့် ရွှေကျင်တောရဂိုဏ်းကြီးသည် အတုယူဖွယ်ရာ အတုယူလောက်သော ဂိုဏ်းကြီး ဖြစ်ပါပေ

သည်ဟု ဂိုဏ်းတပါးတို့၏ ချီးမွမ်းခြင်း တမျိုးဖြစ်သော ဂုဏ်ထူးကို ရခြင်း ပင် ဖြစ်ပေသည်။

ရွှေကျင်ဆရာတော်ဘုရားကြီး သာသနာပြုတော်မူသည်မှာ သူတပါး ကိုသာလျှင် သာသနာပြု၍ မိမိကိုယ်တိုင်မူကား တော်စွာ လျော်စွာ နေတော်မူသည်မဟုတ်ပဲ—

အတ္တာနမေဝ ပဌမံ၊ ပတိရူပေ နိဝေသယေ။
အထညမနုသာသေယျ၊ န ကိလိဿေယျ ပဏ္ဍိတော။

ဟူသော ဒေသနာတော်အရ မိမိကိုယ်တိုင် သိက္ခာပုဒ်တော်များကို ရိုသေ လေးစားစွာ စောင့်ထိန်းတော်မူ၍ စောင့်ထိန်းတော်မူအပ်သော သီလ မြေပေါ်၌ ရပ်တည်လျက် သမာဓိကျောက်ပျဉ်တွင် ဝိပဿနာပညာဓားကို သွေး၍ ထိုပညာဓားဖြင့် ကိလေသာတည်းဟူသော ကြခတ်တောချုံကြီး ကို ရှင်းလင်းတော်မူသော သာသနာပြု ဆရာတော်ကြီးဖြစ်တော်မူပေ သည်။

တနည်းအားဖြင့်ဆိုလျှင်....ယထာကာရီ၊ တထာဝါဒီ၊ ယထာဝါဒီ၊ တထာ ကာရီ....ပြုလေ့ ဟောလေ့ သာသနာပြုတော်မူလေ့ရှိသော ဆရာတော် ကြီး ဖြစ်တော်မူပေသည်၊ မိမိကျင့်သလို ဟောတော်မူ၍ ဟောတော် မူသလိုပင် ကျင့်ဆောင်တော်မူသော ဆရာတော်ကြီး ဖြစ်တော်မူပေသည်။ တခဏ တမုဟုတ် ဟန်လုပ်ကျင့်ဆောင်တော်မူသော ဆရာတော်လည်း မဟုတ်၊ အကယ်၍ ခဏခေတ္တ ဟန်လုပ်ကျင့်ဆောင်သော ပုဂ္ဂိုလ်ဖြစ်ပါမူ ယနေ့တိုင်အောင် ဂုဏ်တော်ပန်းတို့သည် လန်းဆန်း တင့်တယ်မည်မဟုတ်၊ ပညာရှိ သူတော်ကောင်းတို့၏ နှုတ်ဖျား၌လည်း ဂုဏ်သတင်းတည်းဟူ သော အမြိန်အရသာ တည်ရှိနေမည် မဟုတ်ပေ။

## ရွှေကျင်ဆရာတော်နှင့် မြောက်ဥယျာန်တော်

ရွှေကျင်ဆရာတော်ဘုရားကြီး၏ သီလသိက္ခာ လေးစားတော်မူပုံ အချို့ အနည်းငယ် မှတ်သားမိသမျှ ညွှန်ပြရပါလျှင်—

အခါတပါး၌ ရွှေကျင်ဆရာတော်ဘုရားနှင့်တကွ ဆရာတော်အချို့ကို မင်းတုန်းမင်းတရားကြီးက မြောက်ဥယျာန်တော်သို့ ပင့်၍ ကြွတော်မူရာ ဆရာတော်များ ရောက်နှင့်သော်လည်း မင်းတရားကြီး မရောက်လာသေး

၍ ဆရာတော်များသည် ဥယျာန်တော်အတွင်း ထိုထိုဌာနသို့ အညောင်းပြေ ကြွရောက် ကြည့်ရှုတော်မူကြသဖြင့် ရွှေကျင်ဆရာတော်ဘုရားသည်လည်း နေရာမှ ထ၍ တခုသော သစ်ပင်အောက်၌ သစ်ကိုင်းကို လက်လှမ်းဆွဲကာ ရပ်တော်မူနေစဉ် မင်းတရားကြီး ဥယျာန်တော်သို့ ရောက်လာလေသည်၊ သို့ မင်းတရားကြီး လာနေသည်ကို မြင်သော်လည်း နေတော်မူမြဲ သစ်ကိုင်းကို လက်လှမ်းဆွဲကိုင်လျက်ရှိသော ဣရိယာပုထ်ကို မဖျက်မူ၍ လက်လှမ်းလျက်ပင် နေတော်မူသည်ဟူ၏။ ရွှေကျင်ဆရာတော် ဣရိယာပုထ်မဖျက် နေတော်မူသည်ကို မြင်သော အခြားဆရာတော်တပါးက ရွှေကျင်ဆရာတော် မင်းတရားကြီးကို လက်ကတီးမွေးများ ပြနေပါသလားဟု ပြက်ရယ်ပြုသည်ဟု တဆင့် ကြားသိရသည်။

ရွှေကျင်ဆရာတော် ဣရိယာပုထ်မဖျက်ပဲ နေတော်မူခြင်းမှာ **မဟာနိဒ္ဒေသပါဠိတော်**လာ ကြည်ညိုဖွယ်ကို ရှေးရှု၍ ဣရိယာပုထ် ပြုပြင်ခြင်း, ကုဟန မဖြစ်စေရန် နေမြဲ နေတော်မူခြင်းဖြစ်သည်။ လာဘ်လာဘကို တောင့်တ၍ သူတပါး ကြည်ညိုအောင် ရပ်ခြင်း, သွားခြင်း, ထိုင်ခြင်း, လျောင်းခြင်းကို ပြုလျှင် ကုဟနဖြစ်၏၊ ပူဇော်သကာကို တောင့်တ‌ပြုလျှင်လည်း ကုဟနဖြစ်၏၊ ယင်းကုဟနကြောင့် ရသော ပစ္စည်းဖြင့် အသက်မွေးသော ရဟန်းသည် မိစ္ဆာဇီဝဖြင့် အသက်မွေးသည် မည်၏၊ အာဇီဝပါရိသုဒ္ဓိသီလပျက်၏၊ ဤသီလကို စောင့်ထိန်းတော်မူသောအားဖြင့် ရွှေကျင်ဆရာတော်ဘုရားကြီးသည် ဣရိယာပုထ်ကို မဖျက်ပဲ သစ်ကိုင်းကို ကိုင်ဆွဲလျက် နေမြဲ နေတော်မူခြင်း ဖြစ်လေသည်။

### လူသူတော် ကပ္ပိယနှင့် ရွှေကျင်ဆရာတော်

အခါတပါးလည်း ရွှေကျင်ဆရာတော်ဘုရားကြီး၏ လူသူတော် ကပ္ပိယသည် နံနက်ဘက်၌ ရွှေကျင်ဆရာတော်ဘုရားကြီးအား ဝါးဆေး အနည်းငယ်ကို ကပ်၏။ ဆရာတော်ဘုရားကြီး အသုံးပြုတော်မူပြီးနောက် သူတော် ကပ္ပိယသို့ ပြန်၍ စွန့်လိုက်၏၊ နောက်တနေ့နံနက်၌ သူတော်ကပ္ပိယသည် ဝါးဆေးကပ်ပြန်၍ ဆရာတော်ဘုရားကြီး အနည်းငယ် သုံးတော်မူ၍ သံသယရှိသဖြင့် "ဟဲ့သူတော်....သည် ဆေးဟာ မနေ့က ကပ်ပြီးတဲ့ဆေးလား"ဟု မေးတော်မူရာ ကပ္ပိယ က "ဟုတ်ပါသည်"ဟု လျှောက်လျှင် "ဟယ်-ကိုယ်ကျိုးနဲ့ပါပြီ"ဟု ညည်းတွားတော်မူကာ အားလုံးကို စွန့်တော်

မူလိုက်သည်ဟူ၏။ အဘယ့်ကြောင့် ညည်းတွားတော်မူသနည်းဟူမူ ရဟန်းကိုယ်တိုင် အကပ်ခံ၍ တနေ့ သိုမှီးထားသည့် ယာဝကာလိကဝတ္ထုကို တဖန်သုံးဆောင်လျှင် သန္နိဓိပါစိတ်အာပတ် သင့်ခြင်းကြောင့် ညည်းတွားတော်မူခြင်းဖြစ်သည်၊ ကြီးသည် ငယ်သည်မဟူ သိက္ခာပုဒ်တော်ကို ဤသို့လျှင် ရိုသေ လေးစားတော်မူပါပေသည်။

## မင်းတုန်းဘုရင် ဆန္ဒမပြည့်ခဲ့သောကိစ္စ

ရွှေကျင်ဆရာတော် ဘုရားကြီးသည် မင်းတုန်းမင်းတရားကြီး ပင့်လျှောက်၍ နန်းတော်သို့ ကြွတော်မူလျှင် သာသနာရေးနှင့် ပတ်သက်၍ မင်းတုန်းမင်းတရားကြီးအား ဟောပြောဆုံးမလေ့ ရှိသည်။ မင်းမျက်နှာကို မငဲ့ တည့်တည့်ဖြောင့်ဖြောင့် ပြောဟောတော်မူလေ့ ရှိသည်။ မင်းတရားကြီးကို မြည်ခဲ့, ဆိုခဲ့သည်သာ များသည်ဟု သိရသည်။ အထူးသဖြင့် နန်းတော်က ပြန်ကြွခါနီးတိုင်း မင်းတရားကြီးနှင့် ဆန့်ကျင်ဘက် စကားတခွန်းတော့ အနည်းဆုံး မိန့်ဆိုတော်မူခဲ့သည့်ဟု ပစ္ဆာသမဏ နောက်ပါတပည့်ကြီးများထံမှ တဆင့်မှတ်သားရသည်။ သို့ကြောင့် မင်းတရားကြီးသည် အခြားဆရာတော်များနှင့် တွေ့ဆုံသောအခါ ရွှေကျင်ဆရာတော်ဘုရားသည် ဒကာတော်ကို ဆုံးမသွန်သင်မှုကိုလည်း ပြုပါသည်၊ တရားစကားကိုလည်း ဟောပြောပါသည်၊ မြည်တွန်၍လည်း ဆုံးမဩဝါဒ ပေးတော်မူပါသည်။ သို့သော်လည်း ဒကာတော်သည် ရွှေကျင်ဆရာတော်ကို ကြည်လည်း ကြည်ညိုပါသည်၊ ညီတော်ကဲ့သို့လည်း မြတ်နိုးတော်မူပါသည်ဟု လျှောက်ထားဘူးသည် ဟူ၏။

သာသနာတော် အရေးကိစ္စနှင့် စပ်၍ ရွှေကျင်ဆရာတော် အပေါ်၌ မင်းတုန်းမင်းတရားကြီးသည် မည်မျှလောက် အာရုံပြုသည်, အားထားတော်မူသည်မှာ ပြဆိုလတ္တံ့သော စကားဖြင့် သိအပ်ပါသည်။

မင်းတုန်းမင်းတရားကြီးသည် နိုင်ငံတော်ကို စိုးရပိုင်ဆိုင်သော ဘုရင်ဧကရာဇ်ဖြစ်ပါလျက် ဆန္ဒမပြည့်ခဲ့သော ကိစ္စနှစ်ရပ် ရှိသည်ဟု ဗဟုသုတရှိ၍ ရှေးခေတ်မှီ ရှင်ကြီး,လူကြီးတို့ ပြောသည့်စကားကို ကိုယ်တိုင် ကြားသိမှတ်လိုက်ရဘူးပေသည်။

ဆန္ဒမပြည့်ခဲ့သော ကိစ္စနှစ်ရပ်မှာ—

၁။ ရွှေကျင်ဆရာတော်ကို သာသနာပိုင်အဖြစ် တင်မြှောက် ပူဇော်မှု မပြုခဲ့ရခြင်း။

၂။ အိမ်တော်ပါ မိဘုရားကို အဘိသိက်ခံ အဂ္ဂမဟေသီ မိဘုရား ခေါင်ကြီးအဖြစ်ဖြင့် မချီးမြှောက်ရခြင်း။

ဤကိစ္စနှစ်ရပ်ပင် ဖြစ်ပေသည်။

**ရွှေကျင်ဆရာတော်ဘုရား အိပ်မက်မြင်မက်တော်မူခြင်း**

စကားအလျဉ်းသင့်၍ ရွှေကျင်ဆရာတော်ဘုရားကြီး အထက်အောက် မြန်မာနိုင်ငံတော်၌ သာသနာ ပြုတော်မူရအံ့ ဆဲဆဲတွင် အိပ်မက် မြင်မက် တော်မူသည်ကို သံတော်ဆင့်ကြီး ဦးသံမှိုထံမှ တဆင့် ကြားသိရသည်ကို ဖော်ပြဦးအံ့။

ရွှေကျင်ဆရာတော်ဘုရားသည် အိပ်မက်ထဲ၌ မြတ်စွာဘုရားရုပ်ပွါးတော် သီတင်းသုံးတော်မူသော အထက်၌ မျက်နှာကြက် တပ်ဆင်လှူဒါန်းတော် မူမည်ပြုရာ လက်လှမ်းမမှီပဲ ရှိနေရာ မင်းတုန်းမင်းတရားကြီး ကိုယ်တိုင် ရွှေကလာ၍ ကျောကုန်းကာ ဒကာတော်၏ ကျောပေါ်က တက်၍ မျက်နှာကြက် တပ်ဆင်တော်မူပါဟု လျှောက်သဖြင့် မင်းတုန်းမင်းတရားကြီး၏ ကျောပေါ်က တက်၍ မျက်နှာကြက် တပ်ဆင်လှူဒါန်းရမှ ပြီးမြောက် အောင်မြင်သည်ဟု အိပ်မက် မြင်မက်တော်မူသည် ဟူ၏။

**အောင်မြေသာစည်ဆရာတော်။**

မင်းတုန်းမင်းတရားကြီး၏ ရတနာသုံးပါး၌ ကြည်ညိုလေးစားတော်မူ သည်မှာလည်း ထူးကဲခြင်းကို သံတော်ဆင့်ကြီးထံမှပင် တဆင့် ကြားသိ မှတ်လိုက်ရသည်မှာ—

[ဦးသံမှိုရေးသော ရွှေကျင် ဆရာတော်ဘုရားကြီးအကြောင်း စာအုပ်တွင် ပါသည်။ ထွက်ပြီးရှိသည်။ ထုတ်ဝေသူ။]

မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့သည် အရေးတော်အတွက် ရွှေဘိုသို့ ညည့်အခါ အရေးတကြီးထွက်ခဲ့ကြရာ မဟာမြတ်မုနိ ရုပ်ပွါးတော် ကို မင်းတုန်းမင်းသား ဝင်ရောက်ဖူးမျှော် ရှိခိုးနေသည်မှာ အချိန်များစွာ သွန်၍ ကြာမြင့်နေသတတ်၊ ယင်းသို့ ကြာမြင့်နေသော်လည်း ရွှေသို့ ဆက်

လက် ချီတက်ဘို့ အခါသင့်တော်နေပါသည်ဟု မည်သူမျှ မတင်ဝံ့ကြရှိနေရာ ညီတော်မင်းတပ်မင်းသား (ကနောင်မင်းသား) သိသောအခါမှ "နောင်တော်ဘုရား....အရေးပြီးစီးတော်မူမှ သဘောတော်ကျ အားရစွာ ကြည်ညိုတော်မူပါ၊ ယခုကား အရေးတော်အတွင်းဖြစ်၍ ဆက်လက်ချီတက်ရန် အချိန်သင့်နေပါပြီ"ဟု တင်လျှောက်မှ ထွက်ကြွလိုက်ပါတော်မူသည်ဟူ၏။ (ဤသဒ္ဒါတရားမျိုး ကိန်းအောင်းသော မင်းကောင်းဖြစ်၍လည်း သာသနာပြုတော်မူနိုင်ပါပေသည်ဟု ဆိုသင့်တော့သည်။)

**အောင်မြေသာစည်ဆရာတော်။**

## ရွှေကျင်ဂိုဏ်း သီးခြားဖြစ်ပေါ်လာပုံ

ရွှေကျင်ဆရာတော် ဦးစီးရွှေဆောင်၍ ဩဝါဒပေးကာ စောင့်ရှောက်ထိန်းသိမ်းအပ်သော "ရွှေကျင်ဂိုဏ်း—ရွှေကျင်နိကာယ"ဟု သီးခြား ထင်ရှားလာခဲ့သည်မှာလည်း မင်းတုန်းမင်းတရားကြောင့်ပင် ဖြစ်ပေသည်။

ရွှေကျင်ဆရာတော် မန္တလေးမြို့တော်သို့ ကြွရောက် သီတင်းသုံးတော်မူသောအခါ သုဓမ္မာသာသနာပိုင် ဆရာတော်ဦးညေယျထံသို့ ၃-ကြိမ်တိုင်တိုင် အကန်တော့ ကြွတော်မူသည်။ သာသနာပိုင်ဆရာတော်သည် ၃-ကြိမ်လုံးလုံး စကားမပြော တုဏှီဘာဝ ဆိတ်ဆိတ်သာနေသဖြင့် ရွှေကျင်ဆရာတော် ၃-ကြိမ်လုံး အာလာပ, သလ္လာပ စကားမျှမရပဲ ပြန်ခဲ့ရသောကြောင့် နောက်ထပ် သာသနာပိုင်ဆရာတော်ထံသို့ သွားရန် အာလယပြတ်တော်မူခဲ့တော့သည်။ ထိုနောက်မှ အမိန့်အာဏာဖြင့် ခေါ်လေသည်။ ရွှေကျင်ဆရာတော်ကား မကြွတော့ပေ။ ဆင့်ခေါ်မရ၍ မဟာဒဏ်ဝန်ကျောင်းကျွန်တို့နှင့် အတင်းအကြပ် ခေါ်မည်ပြုသည်ကို သိတော်မူ၍ တောသို့ ပြန်နေတော့မည့်အကြောင်း မင်းတရားကြီးထံ ကြွ၍ အကြောင်းပြောကြားရာ မင်းတရားကြီးက မကြွရန် သဘောတော်အတိုင်း ချမ်းသာစွာ မြို့တော်၌ပင် သီတင်းသုံးတော်မူရန် လျှောက်ထားပြီး ရွှေကျင်ဆရာတော် အပေါ်၌ သာသနာပိုင်ဆရာတော်နှင့် သုဓမ္မာက အဆင့်အခေါ် မရှိပါစေနှင့်ဟု အမိန့်တရပ် ထုတ်ဖော်လျှောက်ထားပြီးလျှင် ရွှေကျင်ဆရာတော်ကို သုဓမ္မာဂိုဏ်းမှ ကင်းလွတ်သော **ဂဏဝိမုတ်—ရွှေကျင်ဂိုဏ်း** အဖြစ် သီးသန့်ဂိုဏ်း ဖြစ်စေသည်။

**မင်းကွန်း ငွေတောင်တောရ-ပတ္တမြားဆရာတော်။**

## သုဓမ္မာဝင် ဆရာတော်များနှင့် ရွှေကျင်ဂိုဏ်း

တနေ့သောအခါ သုဓမ္မာဝင် ဆရာတော်များ အမိန့်ဖြင့် သုဓမ္မာသဘင်သို့ ကြွရန် ရွှေကျင်ဆရာတော်ထံ ဆင့်ဆိုလိုက်ရာ ရွှေကျင်ဆရာတော်ကား ကြွရောက်ခြင်း မပြုချေ။ အခါခါ ဆင့်ဆို၍ ငြင်းပယ်ဖန်များလတ်သော် သုဓမ္မာဆရာတော်တို့သည် မင်းလုလင် ကျောင်းကျွန်များ အကူအညီဖြင့် ရွှေကျင်ဆရာတော်ကို ဆွဲခေါ်ရန် တိုင်ပင်လျှင် သဘောတူညီကြ၍ ခေါ်ရန် နေ့ရက်သတ်မှတ် ချိန်းဆိုကြသည်၊ ထိုအခါ ရွှေကျင်ဆရာတော်အပေါ်၌ မေတ္တာသက်ဝင် ခင်မင်ကြည်ညိုကြသော သင်္ဂဇာဆရာတော်, သက်ပန်းဆရာတော်တို့ကဲ့သို့သော သုဓမ္မာအဖွဲ့ဝင် ဆရာတော်အချို့က ကြိုတင်၍ ရွှေကျင်ဆရာတော် ခေတ္တ အခြားအရပ်ဒေသသို့ တိမ်းရှောင် ကြွရောက်နေရန် တိုးတိုးတိတ်တိတ် အသိပေးတော်မူကြ၏။

ရွှေကျင်ဆရာတော်သည် သာသနာရေး သာသနာပြုကိစ္စတို့၌ ထိခိုက်မည့်အန္တရာယ်ကို အကြောင်းပြု၍ အောက်မြို့ အောက်ရွာသို့ ဖြစ်စေ, သီဟိုဠ်ကျွန်းသို့ဖြစ်စေ ကြွရန် ကြံစည် စဉ်းစားတော်မူလေသည်။ ထိုအကြောင်းကို မင်းတုန်းမင်းတရားကြီး ကြားသည့်ကာလ ရွှေကျင်ဆရာတော်ဘုရားကိုလည်း ဘယ်သို့မှ မကြွရန် တားမြစ် လျှောက်ထား၍ သာသနာပိုင် ဆရာတော်နှင့်တကွ သုဓမ္မာဝင် ဆရာတော်များကိုလည်း ရွှေကျင်ဆရာတော်ကို ဆင့်ခေါ်ခြင်းမပြုရန် လျှောက်ထားသဖြင့် ဆင့်ခေါ်မှု ပျက်လေတော့သည်။ ဤအရေးကိစ္စ ပြေငြိမ်းပြီးသောအခါ မင်းတုန်းမင်းတရားကြီးသည် အမိန့်တော်ထုတ်သည်မှာ "ရွှေကျင်ဆရာတော်အား သုဓမ္မာအဖွဲ့က အဆင့်အဆို မရှိပါစေနှင့် **သီးခြား ရွှေကျင်ဂိုဏ်း-ရွှေကျင်နိကာယ**အဖြစ်ဖြင့် ရှိပါစေ"-ဟု သုဓမ္မာဂိုဏ်းမှ သီးခြားထုတ်၍ ဂဏဝိမုတ်အမိန့်တော် ထုတ်ပြန်လိုက်သော အခါမှစ၍ "ရွှေကျင်ဂိုဏ်း-ရွှေကျင်နိကာယ"ဟူ၍ အထင်အရှား အမည်ပေါ်လွင်လာပေသည်။ ရွှေကျင်ဆရာတော်နှင့် အယူသီလ သိက္ခာသာဇီဝ တူမျှတော်မူကြသော မဟာဗိုလ်ဆရာတော်, ရှမ်းကလေးကျွန်း ဆရာတော်တို့သည်လည်း ဂိုဏ်းဆရာကြီးများ ဖြစ်တော်မူကြသည်။

## ရွှေကျင်ဆရာတော်ကြီးနှင့် ခမည်းတော် ဦးမောင်

ရွှေကျင် ဆရာတော်ဘုရားကြီး၌ သိက္ခာကာမ ဝိနယဂရုက သံသယ-ကုက္ကုစ္စက ရှိတော်မူပုံကို ဆက်ပါဦးအံ့။

အခါတပါး၌ ရွှေကျင်ဆရာတော် ဘုရားကြီးသည် ခမည်းတော်ဒါယကာကြီး ဦးမောင်အား အရိပ်အရောင်ပြ တရားဟောတော်မူသည်မှာ—

ဒကာကြီး....သကျပုတ္တိယ သာကီဝင်မင်းသား ဘုရားသားတော်တို့မည်သည် သူတပါးနှင့်စပ်၍ အသက်မွေးရခြင်း, နည်းပါးသော ပစ္စည်းပရိက္ခရာရှိရခြင်း, ကြုံလှီသော ကိုယ်အင်္ဂါ ရှိရခြင်း, မိမိအား ကြည်ညိုလေးမြတ်ကုန်သော ဒကာ ဒကာမတို့၏ သဒ္ဓါတရားကို စောင့်ရှောက်သောအားဖြင့် ပစ္စည်းလေးပါးတို့ကို အလှူခံငြားသော်လည်း လျောက်လျားဘာသာ လှူဒါန်းကြသော ပစ္စည်း, ရဟန်းတော်က ကာယဝိညတ်, ဝစီဝိညတ်တို့ဖြင့် ကြောင်းလမ်း တောင်းရမ်း ပြောဆိုမှ လှူဒါန်းသော ပစ္စည်းဟူ၍ ပစ္စည်း နှစ်မျိုးနှစ်စား ရှိပေသည်။ ထိုပစ္စည်း နှစ်မျိုးစလုံး သည်ပင်လျှင် ရဟန်းတော်ကလည်း ဝိနည်း၌ လိမ္မာ၍ လှူသော ဒါယကာတို့ကလည်း ဝိနည်းဒေသနာတော်ကို အထိုက်အလျောက် သိတန်သမျှသိ၍ ဝိနည်းကမ်နှင့် လျော်စွာ လှူဒါန်းပူဇော်အပ်သော ပစ္စည်းကိုသာလျှင် စင်စစ် ရဟန်းတော်များမှာ သုံးဆောင်အပ်ပေသည်။

ပစ္စည်းလေးပါးကို တရားသဖြင့် ရရှိအောင် အလှူခံ၍ သမ္မာအာဇီဝဖြစ်စေရန်, အာဇီဝပါရိသုဒ္ဓိသီလ ပြည့်စုံစင်ကြယ်စေရန်မှာလည်း ရှေးဘုန်းရှေးကံ ထိုက်တန်သလောက် ရှိခဲ့သော ပုဂ္ဂိုလ်သည်သာလျှင် လိုခါမတကြောင့်ကြမရှိ ပကတိအလိုလို သဒ္ဓါကြည်ညိုကြသဖြင့် ဒကာ ဒကာမတို့လှူဒါန်း၍ ပြည့်စုံတော်မူနိုင်ကြပေသည်၊ ရှေးဘုန်းရှေးကံ နည်းပါးခရီးသွားသဖွယ် ကိုးကွယ်ကြည်ညိုသူ ရှားပါးသော ရဟန်းတော်အချို့မှာမူကား ပစ္စည်းလေးပါးတို့၌ အလိုအလျောက် ရရှိဘို့ရန် မလွယ်ကူပဲ ရှိတတ်ကြသည်ဖြစ်၍ မိမိ၏တပည့်သား ရဟန်းကောင်းများအပေါ်၌ငဲ့ညှာထောက်ထား မဟာကရုဏာတော် ရှိတော်မူသော မြတ်စွာဘုရားသည် ရဟန်းတော်များ၌ မရှိမဖြစ်၍ အလိုရှိပါက တောင်းခံနိုင်သော ဒါယကာနှစ်မျိုးကို ခွင့်ပြုပညတ်တော်မူခဲ့လေသည်။

ဒါယကာနှစ်မျိုး ဟူသည်မှာ ၁။ ဉာတိဒါယကာ-ဆွေမျိုး တော်စပ်သောဒါယကာတမျိုး။ ၂။ ပဝါရိတဒါယကာ-ဆွေမျိုး မတော်သော်လည်း ဘိတ်ကြား ထားသော ဒါယကာတမျိုး။ ဤသို့လျှင် နှစ်မျိုးဖြစ်သည်။ ထိုနှစ်မျိုးတွင် (၁) ဆွေမျိုး ၇-ဆက်သည် အမျိုးတော်စပ်သော ဒါယကာဖြစ်၏။ ဆွေ ၇-ဆက်ယူပုံမှာ.... မိခင်ဘက်မှလည်း ၇-ဆက်၊ ဘခင်ဘက်မှလည်း ၇-ဆက်ယူနိုင်သည်။ မိခင်ဘက်မှ ၇-ဆက်ယူလျှင် မိခင်ကို အလယ်ဗဟို၌ထား၍ မိခင်အထက် ဘိုး, ဘေး, ဘီ အားဖြင့် ၃-ဆက်၊ မိခင်အောက် သား, မြေး, မြစ် အားဖြင့် ၃-ဆက်။ အထက် ၃-ဆက်, အောက် ၃-ဆက် မိခင်နှင့်သော် ၇-ဆက်ဖြစ်သည်။ ဘခင်ဘက်၌လည်း ဤနည်းအတူအားဖြင့် ၇-ဆက်ယူရလေသည်။ ဤမိခင်ဘက်မှ ၇-ဆက်, ဘခင်ဘက်မှ ၇-ဆက်တို့သည် ဆွေမျိုးတို့ဖြစ်သောကြောင့် ရဟန်းတော်တို့သည် မသင့်မကင်းသာ တောင်းခံလိုက ထိုဆွေမျိုးတို့ထံမှ တောင်းခံကောင်းကုန်၏၊ တောင်းခံ၍ရသော ပစ္စည်းဖြင့် ခန္ဓာကိုယ်ကို ပြုစုစောင့်ရှောက် မွေးမြူခြင်းဖြင့် အာဇီဝပါရိသုဒ္ဓိသီလမပျက်၍ ဘုရားရှင်ခွင့်ပြုတော်မူပေသည်။

(၂) ပဝါရိတ ဒါယကာ ဟူသည်မှာ.... မိမိ ကြည်ညို မြတ်နိုးသော ရဟန်းတော်များအား "အရှင်ဘုရားများသည် ရဟန်းတော်များနှင့် အပ်စပ် လျောက်ပတ်သော ပစ္စည်းတို့တွင် အလိုရှိအပ်သော ပစ္စည်းကို အလိုရှိသောအခါ တပည့်တော်ထံ အလှူခံတော်မူပါ၊ စွမ်းနိုင်သမျှ ထောက်ပံ့လှူဒါန်းပါမည်"ဟု လျှောက်ထားသော ဒါယကာသည် ပဝါရိတ= ဘိတ်ကြားတတ်သော ဒါယကာဖြစ်၏။ ထိုဒါယကာထံ၌လည်း မရှောင်မလွဲသာ အသုံးလိုသော ပစ္စည်းကို ဝစီဝိညတ်ဖြင့် နှုတ်ဖွင့်တောင်းခံ၍ သုံးဆောင်ကောင်း၏၊ သုံးဆောင်ပေဦးတော့ ဟု ဘုရားရှင် ခွင့်ပြု ပညတ်တော်မူပေသည်။

ဆွေမျိုးဉာတိလည်း မဟုတ်, ဘိတ်ကြား လျှောက်ထားဘူးသော ဒါယကာလည်း မဟုတ်မူကား ဝစီဝိညတ်ဖြင့် ဖွင့်ထုတ်၍ တောင်းခံခြင်းကို မပြုအပ်၊ မပြုကောင်း၊ မအပ်ပဲလျက် ပြု၍ရသော ပစ္စည်းဖြင့် ခန္ဓာကိုယ်ကို ပြုစုမွေးမြူခဲ့လျှင် မိစ္ဆာဇီဝဖြစ်သဖြင့် အာဇီဝပါရိသုဒ္ဓိသီလပျက်လေတော့သည်။

အထက်အဆိုပါ ဉာတိ= ဆွေမျိုးဒါယကာ, ပဝါရိတ=ဘိတ်ကြားထားသော ဒါယကာနှစ်မျိုးတွင် ဉာတိ- ဆွေမျိုးယောင်ယောင်နှင့် နီးစပ်လျက်

ဆွေမျိုးမဖြစ်သော ဒါယကာမျိုးလည်း ရှိကြသေးသည်၊ ထိုဒါယကာမျိုးသည် အကယ်၍ ဘိတ်ကြားထားမှုမရှိက ထိုဒါယကာထံ မတောင်းခံကောင်းချေ။ ဆွေမျိုးယောင်ယောင်ဖြစ်၍ ဆွေမျိုးဟူ၍ပင် အထင်အမှတ်ရှိကာ တောင်းခံတတ်ကြလေသည်၊ စင်စစ်ကား အဉာတိ, အပဝါရိတ= ဆွေမျိုးလည်းမဟုတ်, ဘိတ်ကြားထားသော ဒါယကာလည်း မဟုတ်သောကြောင့် ထိုဒါယကာမျိုးကို ရဟန်းတော်များသည် ပစ္စည်းလေးပါး တောင်းခံရာ၌ သတိပြုသင့်ပေသည် ဒါယကာကြီး။

သတိပြုသင့်သော ဒါယကာတို့ဆိုသည်မှာ အဘယ်သူတို့ပါနည်းဟူမူ— နောက်ကပြခဲ့သော ဆွေ ၇ ဆက်ထဲတွင် မိခင်၏ မောင်အကြီးဖြစ်လျှင် ဦးရီး (ဦးကြီး) မည်၏။ မိခင်၏ မောင်အငယ်ဖြစ်လျှင် ဦးလေးမည်၏၊ မိခင်၏ အစ်မသည် ကြီးဒေါ်မည်၏၊ မိခင်၏ ညီမသည် ဒေါ်လေး၊ ဝါ-ဒွေးလေးမည်၏။ ဘခင်၏ အစ်ကိုကြီးသည် ဘကြီးမည်၏၊ ဘခင်၏ ညီသည် ဘထွေးမည်၏၊ ဘခင်၏ အစ်မကြီးသည် အရီးကြီးမည်၏၊ ဘခင်၏ ညီမသည် အရီးလေးမည်၏။ ညီအစ်ကို မောင်နှမတို့ကိုမူကား သိသာပေပြီ။ ယင်းသို့လျှင် မိဘက်, ဘဘက်မှ ဆွေမျိုးတို့ရှိကြရာ နီးစပ်၍ ဆွေမျိုးယောင် ထင်သောသူတို့မှာကား—

မိခင်၏ နောက်ယောကျ်ားဖြစ်သော ဘထွေး (ဖထွေး) ဘခင်၏ နောက်မိန်းမဖြစ်သော မိထွေး၊ အဘိုး၏ နောက်မိန်းမဖြစ်သော အဖွားထွေး၊ အဖွား၏ နောက်ယောကျ်ားဖြစ်သော အဖိုးထွေး၊ အစ်ကို၏ မိန်းမဖြစ်သော မရီး၊ အစ်မ၏ ယောကျ်ားဖြစ်သော ယောက်ဖ၊ နှမ၏ ယောကျ်ားဖြစ်သော ယောက်ဖ၊ ညီ၏ မယားဖြစ်သော ခယ်မ၊ ထို့အတူ ဦးကြီး, ဘကြီးတို့၏ မယားများ၊ ဦးလေး, ဘထွေးတို့၏ မယားများ၊ အရီးကြီး, အရီးလေးတို့၏ ယောကျ်ားများ၊ ကြီးဒေါ်, ဒေါ်လေးတို့၏ ယောကျ်ားများ၊ မိမိ၏ တူ, တူမတို့၏ ဇနီးခင်ပွန်းများ၊ မြေးထီး, မြေးမတို့၏ ဇနီး, ခင်ပွန်းများ-ဤသူတို့သည် ဆွေမျိုးယောင်ဖြစ်လျက် ဆွေမျိုးမဟုတ်၊ သူစိမ်းတို့ဖြစ်ကြကုန်၏၊ ထိုသူတို့သည် အကယ်၍ ဘိတ်ကြားမထားကြမူ ထိုသူတို့၌ ပစ္စည်းလေးပါးကို မတောင်းခံအပ်ပေဘူး ဒကာကြီး။ သို့သော် ဆွေချင်းဟပ် မျိုးချင်းစပ်ဆိုသလို အမျိုးမပျက်စေရန် အတွင်းထဲတွင် လှည့်လည်၍ ဆက်စပ် ထိမ်းမြားကြသူတို့ဖြစ်မူကား ဆွေမျိုးပင်ဖြစ်၍ ပြောစရာမရှိပါဘူး။

ဆွေမျိုးယောင်နှင့် ဆွေမျိုး မတော်မစပ်သော သူစိမ်းတို့ဖြစ်လျှင် ဘိတ်ကြားဘူးမှသာလျှင် တောင်းခံအပ်ပေသည်၊ မဘိတ် မကြားဘူးပဲ တောင်းခံ၍ သုံးဆောင်လျှင် မအပ်သောပစ္စည်းတို့ဖြစ်၍ အာပတ်လည်း သင့်, မိစ္ဆာဇီဝလည်း ဖြစ်လေတော့သည်၊ ရဟန်းတော်တို့မှာလည်း ပရပ္ပဋိဗဒ္ဓ, ပရူပဇီဝိကာ=ဒါယကာတည်းဟူသော သူတပါး၏ ပစ္စည်းလေးပါးကို အမှီပြုကာ နေကြရသူတို့ ဖြစ်သည့်အလျောက် အကြောင်းအားလျော်စွာ ရံခါရံခါ လိုအပ်သောပစ္စည်းကို အခြားသော ဉာတိ,ပဝါရိတ ဒါယကာတို့ အား မပြောကြားမူ၍ မိခင်မယ်တော် ဒါယိကာမကြီးထံ၌သာ တောင်းဆို မိပေသည်၊ မယ်တော်ကြီးနှင့်လည်း တရံတခါ မတွေ့ကြုံရှိနေခဲ့သော် မကြုပ်တည်းပါလော၊ သို့အတွက် ဒကာကြီးထံ၌လည်း အကြောင်းရှိက တောင်းခံဘို့ရန် သင့်တော်ပါပေသည်၊ သို့သော်လည်း ဒကာကြီးသည် ဦးပဉ္ဇင်းအား မဘိတ်မကြားဘူးသေး ဖြစ်သည်ဟု ဆိုလေ၏။

ထိုအခါ သားဘုန်းကြီး၏စကားကို နားစိုက်လျက်ရှိသော ခမည်းတော် ဒကာကြီးသည် ဆင်ခြင်မိသည်မှာ–ငါ့သားသည် အခြားပုဂ္ဂိုလ်တို့ထက် သာလွန်၍ ဝိနယဂရုက, သိက္ခာကာမ, ကုက္ကုစ္စသံသယရှိသည်ဟူ၍ သူ၏ ဆရာဖြစ်တော်မူသော သီးလုံးဆရာတော်ဘုရားကြီး အမိန့်ရှိတော်မူဘူး သည်၊ ဒိဋ္ဌမျက်မြင်အားဖြင့်လည်း ဆွမ်းစသော ပစ္စည်းတို့၌ မိမိကိုယ်တိုင် မသိရပဲ အမှတ်မဲ့ သုံးဆောင်သည် မရှိချေ၊ ယခုအခါ ငါ့ကို စကားသိုင်း ဝိုင်း၍ အကျယ်လှည့်ပတ်ကာ ပြောနေသည်မှာ အခြားမဟုတ်၊ ငါ့ကိုပင် အဘခမည်းတော် အစစ်အရင်း ဟုတ်မှဟုတ်လေသလော ဟူသော ယုံမှား သံသယ ရှိသဖြင့် ဆွေဆက်မျိုးစဉ်တွေနှင့် တန်ဆာဆင်၍ ချဲ့ထွင်နေခြင်း ဖြစ်ပေသည်၊ စင်စစ်မူကား ဒကာကြီးသည် မိခင်ဒကာမကြီး၏ ခင်ပွန်း ယောကျ်ားကား မှန်ပေသည်၊ သို့မှန်သော်လည်း ဦးပဉ္ဇင်း၏ ဘခင်အစစ် မှန်ပါ၏လောဟု မေးမြန်းလိုခြင်းပင် ဖြစ်ပေသည်ဟု ရိပ်မိသိရှိလေသည်။

သို့သိရှိလျှင် မောင်ပဉ္ဇင်း.... မောင်ပဉ္ဇင်းက ယခု ဒကာကြီးအား ပဝါ-ရိတဒါယကာအဖြစ် ဘိတ်ကြားစေလိုရိပ် ပြုသည်မှာ သက်သက် အကျိုး ရှိမည်မထင်၊ ဘာ့ကြောင့်ဆိုလျှင် ဤကိစ္စမှာ ဒကာကြီးတာဝန် မဟုတ်ပါ၊ အကယ်၍ မောင်ပဉ္ဇင်း ကျေကျေနပ်နပ် သံသယကုက္ကုစ္စကင်းလိုလျှင် မောင်ပဉ္ဇင်း၏ ဒကာမကြီးကိုသာ မေးမြန်းပါလေ-ဟု လျှောက်ကြားပြီး

ကာလ မောင်ပဋ္ဌင်းကဲ့သို့ ရှာရှာဖွေဖွေ သံသယကုက္ကုစ္စရှိသော ပုဂ္ဂိုလ်ကို ဒကာကြီး ယခုအသက်အယွယ်တိုင်အောင် ယခင်က မတွေ့မကြုံခဲ့ရဘူးပါ၊ ယခုကား ကြားဘူး, မြင်ဘူးရုံမျှမဟုတ်၊ ကိုယ့်သားအရင်းပင် ဖြစ်နေဘိ တော့သည်-ဟု လျှောက်ကြားသည် ဟူ၏။

ရွှေကျင်ဆရာတော်ဘုရားကြီးသည် ဝိနယ ဂရုကရှိရာ, သံသယ ကုက္ကုစ္စ ရှိရာ၌ ဤမျှလောက်ပင် ရှိတော်မူသော လဇ္ဇီသူတော်ကောင်းကြီးတဆူ ဖြစ်တော်မူပါပေသည်။

## ရွှေကျင်ဆရာတော်သည် ခမည်းတော်ဒကာကြီးအား ဆက်လက်၍ တရားဟောခြင်း

ဒကာကြီး.... ရှေးပညာရှိ သူတော်ကောင်းတို့သည် သံသယကုက္ကုစ္စ ရှိလောက်သောနေရာ၌ သံသယကုက္ကုစ္စ ကြီးမားစွာပင် ရှိတော်မူကြသည်၊ သံသယကုက္ကုစ္စ မရှိလောက်ရာမှာပင် သံသယ ရှိတော်မူကြသေးသည်၊ သံသယကုက္ကုစ္စ မရှိဟု ဆိုရစေကာမူ ပညာရှိတို့ ကဲ့ရဲ့အပ်သော အမှုတို့ကို အနည်းငယ် သေးသေးငယ်ငယ်ပင်ဖြစ်စေ မပြုမကျင့်အပ်ကြောင်းကိုလည်း န စ ခုဒ္ဒမာစရေ ကိဉ္စိ၊ ယေန ဝိညူ ပရေ ဥပဝဒေယျုံ-ဟူ၍ ဟောတော်မူ သည်၊ အကြင် အပြုအမူကြောင့် တပါးသော ပညာရှိသူတော်ကောင်းတို့ ကဲ့ရဲ့ဖွယ်ရာဖြစ်လျှင် သေးငယ်သည်ဖြစ်စေ ထိုအပြုအမူကို မပြုမလုပ် ရပေဘူး၊ ဤသို့ ဟောကြားတော်မူသောကြောင့် သူတော်ကောင်းပုဂ္ဂိုလ် မည်သည်မှာ အမှုကိစ္စ ကြီးငယ်မဟူ သူတပါးကဲ့ရဲ့ဖွယ်, သူတော်ကောင်း ပညာရှိများ ရွံရှာစက်ဆုပ်ဖွယ်ဖြစ်အံ့သော အလုပ်ကိစ္စတို့ကို ရှောင်ကြဉ်ရ မည်ပင် ဖြစ်ပေသည် ဒကာကြီး။

ဒကာကြီး....ဘုရားရှင် သက်တော်ထင်ရှား ရှိတော်မူစဉ် အခါတပါး အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလ္လာန်တို့သည် ရာဇဂြိုဟ်မြို့တော်အနီး ဂိဇ္ဈကုဋ်တောင်၌ အခိုက်အတန့် သီတင်းသုံးနေတော်မူကြသတဲ့၊ သို့နေ တော်မူကြရာ အရှင်သာရိပုတ္တရာ၌ လေနာရောဂါ အပြင်းအထန် ဖြစ်တော် မူသဖြင့် ယခင်က အဘယ်ဆေးဝါးမျိုးဖြင့် လေနာရောဂါ ပျောက်ကင်းဘူး ပါသလဲဟု အရှင်မောဂ္ဂလ္လာန်က မေးတော်မူသည်၊ ငါ့ရှင် လူအဖြစ်နှင့် နေစဉ် လေနာဖြစ်ခဲ့ဘူးစဉ်ကတော့ မယ်တော်က နွားနို့ထမင်း (နွားနို့

ဆွမ်း) နွားနို့ဆန်ပြုတ်မျိုးကို ကျိုချက်တိုက်ကျွေး၍ ပျောက်ကင်းဘူးပေ သည်ဟု ပြောကြား၏၊ ငါ့ရှင်သာရိပုတ္တရာ....ငါသည် နက်ဖြန် ဆွမ်းခံသွား သော့အခါ အကယ်၍ အလိုအလျောက် အဆင်သင့် နွားနို့ဆွမ်းရပါက ငါ့ရှင်ထံ ယူဆောင်ကျွေးပါမည်ဟု ပြောလေသည်။

ထိုသို့ မထေရ်နှစ်ပါး ပြောသောစကားကို လိုဏ်ဂူအနီးရှိ သစ်ပင်မှ ရုက္ခစိုးနတ် ကြားသိရာ ထိုအရှင်နှစ်ပါးကို ကြည်ညိုရင်းရှိရာတွင် အရှင် သာရိပုတ္တရာ၌ စွဲကပ်နေသော လေနာရောဂါ ပျောက်ကင်းစေလိုသော စေတနာသဒ္ဓါ ထက်သန်လှသဖြင့် အရှင်မောဂ္ဂလ္လာန်ဒါယကာ ဆွမ်းခံအိမ်မှ သူငယ်တယောက်ကို ပူးကပ်လေ၏၊လူကြီးမိဘတို့သည် ကလေးငယ်အတွက် စိုးရိမ်ကြောင့်ကြကြသဖြင့် အဘယ်နတ်မင်းပါလဲ၊ ဘာမျှား စားသောက် လိုပါသလဲ၊ ပြောတော်မူပါ၊ ကလေးကို ဘေးအန္တရာယ်ကင်းအောင် စောင့် ရှောက်ပါ စသည်ဖြင့် တောင်းပန်ကြသတဲ့၊ တိုတိုချုပ်ပြောရလျှင် လူကြီး မျှား လေးစားကြလေအောင် ကြိမ်းမောင်း ချောက်လှန့်ပြီးနောက် ငါ အခြားအရာကို အလိုမရှိ၊ နက်ဖြန်ခါ အရှင်မောဂ္ဂလ္လာန် ဆွမ်းခံကြွတော်မူ လာလျှင် ရေမရောသော နို့ဆွမ်းကို လောင်းလှူကြရမည်၊ လောင်းလှူ မည်ဆိုလျှင် ဤကလေး ချမ်းသာစေမည်ဟု ဆိုလျှင် အိုအရှင်ကြီး....အရှင် မောဂ္ဂလ္လာန်သည် ကျွန်ုပ်တို့ကိုးကွယ်သော ဆရာသခင်ပင် ဖြစ်ပါသည်။ နို့ ဆွမ်းကိုလည်း လှူကြမြဲပင် ဖြစ်ပါသည်။ အရှင်နတ်မင်း ယခုလို သတိပေး လာသည်အတွက် အထူးဝမ်းမြောက် ကျေးဇူးလည်းတင်ပါသည်၊ နက်ဖြန် ဆက်ဆက် နွားနို့ဆွမ်းစီမံ၍ ကပ်လှူပါမည်ဟု ဝန်ခံလိုက်ကြသဖြင့် ရုက္ခစိုး နတ်လည်း ထွက်သွားလေ၏။

## အရှင်သာရိပုတ္တရာ သီလစောင့်ထိန်းတော်မူပုံ

နက်ဖြန်နံနက် ရှင်မောဂ္ဂလ္လာန် ဆွမ်းခံ ကြွတော်မူလာသောအခါ ထို အိမ်မှ နွားနို့ဆွမ်းကို ကပ်လှူရာ ရှင်မောဂ္ဂလ္လာန်က ရှင်သာရိပုတ္တရာအား ကပ်ရန် ကျောင်းသို့ ယူဆောင်သွားမည်ပြု၏၊ အရှင်ဘုရား... သည်မှာပင် ဘုဉ်းပေးတော်မူပါ၊ ပြီးမှတဖန် သပိတ်၌ထည့်၍ ကပ်လှူလိုက်ပါမည် ဟု လျှောက်၍ ရှင်မောဂ္ဂလ္လာန် ဘုဉ်းပေးရလေ၏၊ ပြီးလျှင် သပိတ်တော်ကို စင်ကြယ်စွာဆေးကြော၍ မွန်မြတ်သော နွားနို့ဆွမ်းကို ကပ်လှူလိုက်၏၊ ရှင်မောဂ္ဂလ္လာန်သည် ကျောင်းသို့ ယူဆောင်ကာ မအေးမီ ခပ်ပူပူကလေး

သောက်ဘို့ရန် ပြောကြား၍ ရှင်သာရိပုတ္တရာအား ကပ်လှူ၏၊ ရှင်သာရိပုတ္တရာသည် ပစ္စည်းလေးပါး၌ မဆင်ခြင်ပဲ အမှတ်မဲ့ သုံးဆောင်ရိုး မရှိ၊ ပစ္စည်း စင်ကြယ်သန့်ရှင်းမှု ရှိ,မရှိနှင့်....ပုရာဏဉ္စ ဝေဒနံ ပဋိဟင်္ခါမိ၊ နဝဉ္စ ဝေဒနံ န ဥပ္ပါဒေဿာမိ....စသော အားဖြင့်လည်း ဆင်ခြင်၍သာ သုံးဆောင်တော်မူမြဲဖြစ်သောကြောင့် ယခုလက်ဝယ်သို့ ရောက်ရှိ၍ ဘုဉ်းပေးအံ့ဆဲဆဲဖြစ်သော နွားနို့ဆွမ်း ဖြစ်ပေါ်ကြောင်းကို ဆင်ခြင်တော်မူကာလ ရက္ခစိုးနတ် ပူးဝင်ပြောဆို၍ ဖြစ်ပေါ်လာကြောင်း မြင်တော်မူလေတော့သည်။

သို့မြင်တော်မူပြီးနောက် ဆက်လက် ဆင်ခြင်တော်မူသည်မှာ—ငါနှင့် ရှင်မောဂ္ဂလ္လာန် လေနာရောဂါ နွားနို့ဆွမ်းနှင့် ပျောက်ကင်းကြောင်း ပြောစကားကို ကြားရာ ငါတို့ကား ရက္ခစိုးနတ် ကြားသိစေလိုသော စိတ်စေတနာ မရှိ၊ ရက္ခစိုးနတ် သွားပြောစေလိုသော စေတနာလည်း မရှိ၊ ရက္ခစိုးနတ် သွားပူးကပ် ပြောသည်ကိုလည်း ငါတို့ မသိကြ၊ သို့ပင် မပြောစေလို့, မသိစေလိုသော်လည်း အပြောနှင့်အကြား တိုက်ဆိုင်မိကြ၍ ရက္ခစိုး ပယောဂသက်သက်သာ ဖြစ်ပေသည်။ ရက္ခစိုးနတ် ပယောဂသက်သက်သာ ဖြစ်၍ ဝိနည်းကမ်နှင့် မဆန့်ကျင်မူ၍ ရဟန်းတော်တို့၌ သုံးဆောင်အပ်သော်လည်း နောက်လာလတ္တံ့သော ပညာရှိသူတော်ကောင်း ရဟန်းတော်တို့သည် ရက္ခစိုးနတ်နှင့် စပ်ဖက်ဖြစ်ပေါ်လာသော နွားနို့ဆွမ်းကို ရှင်သာရိပုတ္တရာထေရ်သည် သုံးဆောင်သွားတော်မူပေသည်ဟု ကဲ့ရဲ့ကြပေလိမ့်မည်၊ အတုယူ၍ ပြုကျင့်ကြပေလိမ့်မည်။

သို့ဖြစ်၍—

ယဒိပိ မေ အန္တဂုဏံ၊ နိက္ခမိတွာ ဗဟိ စရေ။
နေဝ ဘိန္ဒေယျ အာဇီဝံ၊ စဇမာနောပိ ဇီဝိတံ။

ဤနို့ဆွမ်းကို မစားသောက်ရသဖြင့် ငါ၏ အူသိမ်များသည် ပေါက်ထွက်ကြ၍ အသက်ကိုပင် စွန့်ရပေစေ သူတော်ကောင်းများ ကဲ့ရဲ့ဖွယ်ဖြစ်သော အာဇီဝ ပါရိသုဒ္ဓိသီလကိုကား ငါမဖျက်ပေ-ဟု ကျူးရင့်၍ သပိတ်၌ရှိသော နွားနို့ဆွမ်းကို မြေသို့ သွန်လောင်းလိုက်လေ၏။ နွားနို့ဆွမ်း မြေပေါ်သို့ ကျရောက်လျှင်ပင် အရှင်သာရိပုတ္တရာ၏ လေနာရောဂါသည်လည်း ပကတိ ပျောက်ကင်း၍ ကျန်းမာတော်မူလေသည်။

ဒကာကြီး....ဤ နွားနို့ဆွမ်းသည်ကား အမှန်ဆိုရလျှင် အရှင်နှစ်ပါး လုံး၌ ပယောဂပါတော်မမူကြပဲ နတ်၏ ပယောဂကြောင့်သာ ဖြစ်၏၊ အရှင် နှစ်ပါး၏ စကားကို နတ်သိစေလို ကြားစေလိုသော မနသိကာရလည်း မရှိ၊ ကြားသည်ကိုလည်း သိတော်မမူကြ၊ ပူးဝင်ပြောသည်ကိုလည်း သိတော်မမူ ကြ၍ အရှင်နှစ်ပါးအတွက် သန့်ရှင်း အပ်စပ်သော ပစ္စည်းပင် ဖြစ်ပေသည်။ သို့သော်လည်း သံသယရှိသင့်ရာ၌ ရှိတော်မူကြ၍ နောက်အစဉ်အလာ ရဟန်းတော်များလည်း သည်ကိစ္စကို အမြွက်ယူ၍ မတရားကျင့်သုံးကာ မိစ္ဆာဇီဝ မဖြစ်ကြပါစေနှင့်၊ ပညာရှိ သူတော်ကောင်းများလည်း ကဲ့ရဲ့ဖွယ် မဖြစ်ပါစေနှင့်ဟု အသက်ကို မညှာမချစ်ပဲ စွန့်ပစ်တော်မူလိုက်ပေသည် ဒကာကြီး။

## ဂဠုန်ကိုမကြောက် ငှက်မငယ်ကိုကြောက်သူ

ဒကာကြီး....စိုးရိမ်သင့်ရာ၌ စိုးရိမ်တတ်ကြသည်ကို ပြောပြ ဦးမည်။ လွန်လေပြီးသောအခါ သမုဒ္ဒရာအနီး သစ်ပင်ကြီးတပင်၌ ရုက္ခစိုးနတ်တဦး ဗိမာန်နှင့်တကွ နေ၏၊ တနေ့သ၌ ဂဠုန်တကောင်သည် နဂါးတကောင်ကို သုတ်ချီ၍ ထိုသစ်ပင်ကြီး၌ နားကာ နဂါး၏ ဦးနှောက် အဆီအနှစ်ကို ဝစွာစားသောက်ပြီးနောက် နဂါးကိုယ်ကောင်ကို သမုဒ္ဒရာတွင်းသို့ ပြင်းစွာ သော အားအဟုန်ဖြင့် ပစ်လိုက်လေသည်၊ ဂဠုန်နားလာသောအခါ၌၎င်း, နဂါးကို သမုဒ္ဒရာသို့ ပစ်သောအခါ၌၎င်း သစ်ပင်ကြီးသည် သွက်သွက်ခါမျှ တုန်လှုပ် ယိမ်းယိုင်ကာသွား၏၊ ယင်းသို့ အကြီးအကျယ် ယိမ်းယိုင်လှုပ်ရှား သွားသော်လည်း ရုက္ခစိုးနတ်သည် စိုးရိမ်ကြောက်ရွံ့ခြင်း မရှိ၊ ဣန္ဒြေမပျက် နေသတဲ့၊ ထိုအခိုက်၌ အခြားအရပ်မှ ငှက်မကလေးတကောင် လာရောက် နားသည်ကို မြင်သော ရုက္ခစိုးသည် ပြင်းစွာ ကြောက်ရွံ့ ထိတ်လန့် တုန်လှုပ် သော လက္ခဏာ ဖြစ်လေရာ ထိုအခြင်းအရာကို ဂဠုန်မြင်သဖြင့် အသင် ရုက္ခစိုး....နတ်မင်းသည် ကျွန်ုပ်ကြောင့် ဤသစ်ပင် ပြိုလဲလုမတတ် ယိမ်းယိုင် လှုပ်ရှားသောအခါက စိုးရိမ်ကြောင့်ကြသော အမူအရာမရှိ၊ ဤငှက်မငယ် လာနားသောအခါမှသာ အဘယ့်ကြောင့် စိုးရိမ်ကြောက်ရွံ့သော လက္ခဏာ ဖြင့် တုန်လှုပ်ပါသနည်းဟုမေးရာ ဂဠုန်မင်း....အသင့်ကြောင့် သစ်ပင်တုန် လှုပ်ခြင်းသည် တုန်လှုပ်ကာမျှသာ ရှိပါသည်၊ အနာဂတ်ဘေးအန္တရာယ် အထူးမရှိသောကြောင့် မစိုးရိမ်ပါ။ ဤငှက်မငယ်သည် အကယ်၍အခြား

က ညှောင်သီးကို စားပြီးလျှင် ဤသစ်ပင်၌ ငှက်ချေး စွန့်ပစ်ခဲ့ပါမူ ညှောင်ပင်တို့ ဓမ္မတာသဘောအတိုင်း ကြီးပွါးလာပါက ဤသစ်ပင်ကို မျိုး၍ ဤသစ်ပင် ပျက်စီးပါလျှင် ကျွန်ုပ်၏ ဗိမာန်ပါ ပျက်စီး၍ ကျွန်ုပ် မှီခိုရာမဲ့ဖြစ်ကာ စုတေရမည့်ဘေးကို တွေးတော သံသယရှိ၍ ထိတ်လန့်ကြောက်ရွံ့ စိုးရိမ်မိခြင်း ဖြစ်ပေသည်ဟု ဖြေကြားသတဲ့၊ ဂဠုန်မင်းက အသင်ရုက္ခစိုးနတ်မင်း....ယင်းသို့ ဖြစ်လျှင် မစိုးရိမ်ပါလေလင့်ဟု ပြောကာ ငှက်မယယ်ကို ချောက်လှန့်၍ အခြားသို့ ပျံစေသည်ဟု ဇာတ်တော်၌လာပေသည် ဒကာကြီး။

ဤသို့လျှင် စိုးရိမ်ကြောင့်ကြ သံသယရှိသင့်ရာ၌ ရှေးရှေး ပညာရှိသူတော်ကောင်းတို့သည် သံသယရှိခဲ့ကြပေသည်ဟု ပြောဟောသဖြင့် ခမည်းတော် ဒကာကြီးသည် ခမည်းတော်အစစ် ဖြစ်သော်လည်း သားဘုန်းကြီး သံသယကင်းရှင်းပါစေခြင်းငှါ ဝမ်းမြောက်စွာပင် ပဝါရိတဒါယကာအဖြစ်ဖြင့် ထပ်မံဘိတ်ကြား လျှောက်ထားသော ဟူ၏။ ဤမျှပင် ရွှေကျင်ဆရာတော် ဘုရားကြီးသည် ဝိနည်း၌ လေးစားမှု ရှိတော်မူပေသည်။ သို့သော် ယင်းသို့ သံသယစကား ပြောဟောသောအခါသည်ကား ပဥ္စင်းငယ်ဘဝအခါက ဖြစ်လေသည်၊ တပည့်အများခြံရံ၍ စာပေပို့ချနေသော အချိန်, မင်းတရားကြီးစသည်တို့ ချီးမြှောက်ကိုးကွယ်ခြင်းကို ခံယူရသော အချိန်တို့၌မူကား မယ်တော် ခမည်းတော်ကို မိမိကပင် တိုက်ရိုက်ချီးမြှောက်ခြင်း, မင်းတရားကြီး စသည်တို့က ချီးမြှောက်ခြင်းကိုပင် ခံယူကြရပေပြီ။

## ဦးဗုဓ်နှင့် ပမာမှီး၍ ဒကာကြီးအား ဟောခြင်း

အခါ တပါး၌ ခမည်းတော် ဒကာကြီး ဦးမောင်သည် ရွှေကျင်ဆရာတော်ဘုရားကြီးအား ဤသို့ လျှောက်၏၊ မောင်ပဥ္စင်း....အချို့ဆရာတော်တို့သည် ခမည်းတော် မယ်တော်တို့အား မေတ္တာကရုဏာ ရှေ့ထား၍ သက်ကြီး ရွယ်အိုတို့ပေတကားဟု စောင့်ရှောက် ထိန်းမ-နိုင်သမျှ ထိန်းမစောင့်ရှောက်တော်မူကြပေသည်၊ ယင်းသို့ စောင့်ရှောက်ခြင်းသည်လည်း တရားတော်နှင့် ညီ၍ ရှေးသူတော်ကောင်းတို့၏ သဘောမဓမ္မတာ လမ်းကြောင်းပင် ဖြစ်ပါသည်၊ ကေကနိပါတ် မာတုပေါသက ဇာတ်လာ အလောင်းတော် ဆင်မင်းသည်၎င်း, သတ္တကနိပါတ် သောဏနန္ဒဇာတ်လာ သောဏနန္ဒ ပညာရှိသည်၎င်း, မဟာနိပါတ် သုဝဏ္ဏသာမဇာတ်လာ သုဝဏ္ဏ

သာမသည်ရင်း မိမိတို့၏ ကိုယ်ကျိုးစီးပွါးကိုပင် ငဲ့ကွက်မှု မရှိကြပဲ မိဘတို့ကို စွမ်းဆောင်နိုင်သလောက် ပြုစုစောင့်ရှောက်ကြပါသည်၊ သုဝဏ္ဏသာမဇာတ်ပစ္စုပ္ပန်ဝတ္ထုလာ ရဟန်းတော်သည်လည်း မိအို၊ ဖအိုတို့ကို ပိဏ္ဍစာရိကဝတ်ဖြင့် ရှာမှီး၍ပင် ပြုစုစောင့်ရှောက်တော်မူပါသည်၊ သို့ပင် ရှေးသူတော်ကောင်းတို့သည် မိအို၊ ဖအိုတို့ကို ပြုစုစောင့်ရှောက်ကြပါလျက် အချို့သောရဟန်းတော်တို့သည် စောင့်ရှောက်မပြု လျစ်လျူရှုနေကာ နေနိုင်ကြသည်မှာ သင့်လျော်ပါသလောဟု လျှောက်သတတ်။

ယင်းသို့ လျှောက်သည်ကို ရွှေကျင်ဆရာတော်ဘုရား ဆင်ခြင်တော်မူသည်မှာ—ငါ၏ ခမည်းတော်ဒကာကြီးသည် အကြားအမြင် ဗဟုသုတရှိသူဖြစ်၏၊ အရာရာ၌ ဆင်ခြင်၍သာပြုလေ့ရှိသည်၊ ယခုလျှောက်ထားခြင်းမှာ စင်စစ် ငါတို့ကိုယ်တိုင် စောင့်ရှောက် ပြုစုစေလိုသောကြောင့် မဟုတ်ပေရာ အကြောင်းမူကား ဒကာကြီး ကိုးကွယ် ဆည်းကပ်နေသော ငါ၏ကျေးဇူးရှင် သီးလုံးဆရာတော်၊ မဟာဗိုလ်ဆရာတော်ကြီးများသည် ခမည်းတော်မယ်တော်တို့ကို ပြုစုလုပ်ကျွေးမှု ပြုတော်မမူကြသည်ကို ဒကာကြီးအသိပင်ဖြစ်ပေသည်၊ ပြုစုလုပ်ကျွေးတော်မမူကြခြင်းမှာလည်း မအပ်သောကြောင့်ကားမဟုတ်၊ သုဝဏ္ဏသာမ ပစ္စုပ္ပန်ဝတ္ထု၌ မြတ်စွာဘုရား ချီးမွမ်း မိန့်မြွက်တော်မူခဲ့ပေသေးသည်၊ သို့ရာတွင် ချီးမွမ်းတော်မူခြင်းနှင့် ပြုစုခြင်း၏အကျိုး ကျေးဇူးကို သိသူကား နည်းပါး၍ မသိသူသာ များကြပေသည်၊ မသိသူတို့သည် ပြုစုလုပ်ကျွေးသော ရဟန်းတို့အား မသိသည်အလျောက်ကဲ့ရဲ့ပြစ်မှားကြသည် ဖြစ်အံ့၊ ထိုသူတို့၌ ကြီးမားစွာသော အပြစ်ဒေါသတို့သက်ရောက်သဖြင့် အကျိုးမဲ့ ဖြစ်ကြကုန်ရာသည်ဟု နှလုံးသွင်းတော်မူ၍စောင့်ရှောက်မှုကို ပြုတော်မမူကြခြင်းပင် ဖြစ်တော်မူကြပေသည်-ဟု ဆင်ခြင်၍ ဒကာကြီးအား ဤသို့ မိန့်ကြားတော်မူလေသည်။

ဒကာကြီး.... ညောင်ကန်ဆရာတော် ဦးဗုဓ်ကို ကြားဘူးပါ၏လော ဟု မေး၏၊ ဆရာတော် ဦးဗုဓ်သည် နေလသဖွယ် ထင်ရှားသော ပုဂ္ဂိုလ်ဖြစ်၍ ကြားဘူးပါသည် ဟု လျှောက်လျှင် ဒကာကြီး.... ဆရာတော် ဦးဗုဓ်သည် မည်မျှ ကျမ်းဂန်တတ်သိ ပညာရှိသည်, ဝိနယဂရုကရှိတော်မူသည်ကို အထူးပြောရန်မရှိပေ၊ စာကြည့် စာရေးလည်း အလွန်ဝါသနာရှိတော်မူသည်ဖြစ်၍ စာကြည့် စာရေးခြင်းဖြင့်သာ အချိန်ကို သုံးတော်မူသည်။

ညောင်ကန်ရွာကျောင်း၌ နေတော်မူစဉ် ဆရာတော် ဦးဗုဓ်၏ ခမည်းတော် ဒကာကြီးသည် တောင်သူဖြစ်သည့်အလျောက် ယာခင်းသို့သွားရာ ဆရာတော် ဦးဗုဓ်၏ ကျောင်းအာရာမ်တွင်းကသာ ဖြတ်၍ သွားရသည်၊ နေ့စဉ် ယာခင်းသို့ သွားတိုင်း, ပြန်တိုင်း အသွားတကြိမ်, အပြန်တကြိမ် ကျောင်းပေါ် သို့တက်၍ သားဘုန်းကြီးကို သုံးကြိမ်ဦးချပြီးမှ သွားလေ့ ပြန်လေ့ ရှိသတဲ့၊ သို့လျှင် နေ့စဉ် တနေ့ ၂-ကြိမ် ကျောင်းပေါ် အရောက် တက်၍ ရှိခိုးဦးချသော်လည်း ဆရာတော် ဦးဗုဓ်က ဒကာကြီး.... သွားတော့မလား၊ ဒကာကြီး....ပြန်ပလား-ဟု တခါဘူးမျှ မေးမြန်းသည်, စကားပြောသည် မရှိဘူးတဲ့ ဒကာကြီး၊ တနေ့သောအခါ ဒကာကြီး ယာတောက အပြန် မိုဃ်းကလည်းရွာ ရွှံ့များလည်း လူးလိမ်းပေကျံနေလျက် ကျောင်းပေါ် သို့တက်ရာ မြင်နေကျ ကျောင်းခွေးများ အထင်မှား ဝိုင်းလိုက်ကြ, ဟောင်ကြသော်လည်း ဦးဗုဓ် စာရေးမပျက်၊ ကိုယ်တိုင်လည်း မချောက်၊ သာမဏေများ, ကျောင်းသားများကိုလည်း ချောက်လိုက်ပါ ဟု မခိုင်းစေပဲနေသဖြင့် ဒကာကြီးသည် ကျောင်းပေါ် သို့ ရောက်အောင် တပြာနှင့်လည်း ခွေးများကို ချောက်ကာ ဒရေသောပါးတက်၍ ကျောင်းပေါ် ရောက်မှ ခွေးများလည်း ဒကာကြီးကို မှတ်မိသောဟန်ဖြင့် ရှဲသွားကြ၏။

ဒကာကြီးသည် ဆရာတော် ဦးဗုဓ်၏ ခမည်းတော်ပီပီ စိတ်ထက်ဟန်ရှိသည့်အတိုင်း စိတ်ကလည်းဆိုးဆိုးနှင့် ဆရာတော် ဦးဗုဓ်ရှေ့ ရောက်သွား၍ အို ခင်ဗျ,.... အို ခင်ဗျ.... ခင်ဗျားသည် ကျွန်ုပ်သားကား မှန်ပါ၏၊ မှန်သော်လည်း ဖခင်တို့အပေါ်၌ သားဖြစ်သူက ပြုအပ်သော ဝတ္တရားကို အနည်းငယ်မျှ ခင်ဗျားပြုဖော်မရပေ၊ ရှိစေဦးတော့၊ ဒကာကြီးသည် နေ့စဉ် ယာတောသို့ အသွားအပြန် ကျောင်းပေါ် ရောက် တက်၍ တနေ့ နှစ်ကြိမ် ရှိခိုးဦးချသည်ကိုလျက် ဒကာကြီး သွားပလား, ပြန်ပလားမှ မေးဖော် မရချေ၊ ဒါလဲ ရှိစေဦးတော့၊ ယခု ခင်ဗျားတည်းဟူသော အကြောင်းဖြင့် ကျောင်းခွေးတအုပ် ဝိုင်းလိုက်နေသည်ကို သိပါလျက် ကိုယ်တိုင်မမောင်းစေကာမူ တပည့်များကို မောင်းစေသင့်သည် မဟုတ်ပါလား။ ယခုတော့ အလွန်စိမ်းကားစွာ နေနိုင်အားသော သားဖြစ်သဖြင့် ယနေ့က စ၍ ကျွန်ုပ်က အဖေမတော်လိုပြီ၊ ခင်ဗျားသေလျှင်လည်း ကျုပ်မလာ၊ ကျုပ်သေလျှင်လည်း ခင်ဗျားမလာခဲ့ပါနှင့် ဆို၍ ဆင်းသွားတော့သတဲ့ ဒကာကြီး၊ ဆရာတော် ဦးဗုဓ် ပျံလွန်တော်မူသောအခါ ဒကာကြီး အသက်

ထင်ရှားရှိသေးသော်လည်း အရိုးမြေကျသည်အထိ မလာမရောက်၊ တောက်တောက် ခါးခါး ဖြတ်လိုက်သတဲ့ ဒကာကြီး။

မဟာမိတ္တထေရ်၏ မယ်တော် မကျန်းမာသဖြင့် မထေရ်၏ နှမက မယ်တော်အတွက် ဆေးမေး့ဆေးတောင်းလာရာ ငါသည် ဆေးကိုလည်း မသိ၊ ဆေးလည်းမရှိ ဟူ၍ မိန့်ဆိုလိုက်သတဲ့။

ရှေး သူတော်ကောင်းတို့သည် လောကကို မငဲ့ကြတော့မူ၍ ဘုရားရှင်သာသနာ ဘုရားရှင် အဆုံးအမကိုသာ ငဲ့တော်မူကြပေသည်-ဟူ၍ ဟောတော်မူလိုက်ရာ ဒကာကြီးလည်း အတိုင်းထက်အလွန် ဝမ်းမြောက်စွာ သာခုခေါ်၍ ပြန်သွားသည် ဟူ၏။

တောင်ငူမြို့ ဝိသုဒ္ဓါရုံ မြို့ထောင့်ကျောင်း ဆရာတော် အရှင်သံဝရမဟာထေရ် ရေးတော်မူသော ဆရာတော် ဦးဗုဓ် အတ္ထုပ္ပတ္တိနှင့် မန္တလေးမြို့ ပြည်လုံးချမ်းသာကျောင်းတိုက် ဘုန်းတော်ကြီး ဦးသုဒဿန ရေးသော ဆရာတော်ဦးဗုဓ် အတ္ထုပ္ပတ္တိတို့၌——

ဦးပုတ်သည် (ငယ်မည် ဦးပုတ်) ဘယ်သူ့ကိုမျှ မငဲ့မကွက်၊ အတွယ် အတာမရှိ၊ ပကတိသဘောအားဖြင့် လောကကိုမငဲ့၊ စာပေကိုသာ အလေးပြု လေ့ရှိသည်၊ ထိုကြောင့် အခါတပါးသော် အဖ ဦးအိုသည် သားကိုရင်ပုတ်ကို တွေ့ချင်သည်နှင့် ကျောင်းသို့လာရာ ကျောင်းလှေကားရင်း၌ ခွေးကိုက်၍ သွေးထွက်သံယိုဖြစ်သဖြင့် ကျောင်းသား ကိုရင်တို့သည် ဝိုင်းအုံကြည့်ရှု ဆေးကုပေးကြကုန်၏၊ ကိုရင်ပုတ်ကား ကျောင်းပေါ်ကမှ ဆင်းမလာသောကြောင့် အဖ ဦးအို စိတ်ဆိုး၍ မောင်ပုတ်ရယ် မင်းကမှနေနိုင်တာ မဟုတ်ပါဘူးဆို၍ ပြန်သွားရာ နောက်ကို တခါမျှ မတွေ့ကြရတော့ ဟူ၏။

ဤသို့ ရေးသားလျက်ရှိပေသည်။ လွန်ခဲ့ပြီးသော နှစ်ပေါင်း ၁၇၀-ကျော်က အကြောင်းခြင်းရာဖြစ်သောကြောင့် ယခုအချိန်အခါ၌ အတိအကျ သိရှိရန်မှာ လွယ်ကူလှသည် မဟုတ်ပေ၊ ဆရာတော် ဦးဗုဓ်တို့ သားအဖ ကွဲသွားကြသည်မှာကား ဧကန်ပင်ဖြစ်သည်ကိုသာ ယူမှတ်ကြရန်ဖြစ်ပေသည်။

ရွှေကျင် ဆရာတော်ဘုရားကြီး၏ ခမည်းတော် ဒါယကာကြီးသည် ရဟန်းငယ်အဖြစ်ဖြင့်ရှိစဉ် ရွှေကျင်ဆရာတော်လောင်း သားရဟန်းတော်အား စုံစမ်းသောသဘောဖြင့် လျှောက်ထားခဲ့သော်လည်း ရွှေကျင်ဆရာ

တော်သည် ခမည်းတော်မယ်တော်များကို ထူးထူးခြားခြား ပြုစုစောင့် ရှောက်တော်မူသည်ဟု မကြားသိရဘူးပေ။ မင်းတုန်းမင်းတရားကြီးကသာ ရွှေကျင်ဆရာတော်၏အလျင် ခမည်းတော်မယ်တော်များကို ရတနာပုံမြို့ တော်သို့ ကြိုတင်ခေါ်ဆောင်ကာ ချီးမြှောက်ထားသည်ကို သိရပေသည်။ ခမည်းတော်ဒါယကာကြီးသည် ရွှေကျင်ရွာ၌ပင် ဦးစွာ ကွယ်လွန်သည့် လက္ခဏာရှိသည်၊ မယ်တော်ဒါယိကာမကြီးသည်ကား မန္တလေးမြို့တော်၌ ကွယ်လွန်သည်ဖြစ်၍ မင်းတုန်းမင်းတရားကြီးက မိဘုရားကြီးများကို သင်္ဂြိုဟ်ဘိသကဲ့သို့ ကောင်းမွန်ခမ်းနားစွာ သင်္ဂြိုဟ်စေသည်ဟု သိရှိမှတ် သားရပေသည်။

## ရွှေကျင်တိုက်မ သံဃာများ

ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဂုဏ်သတင်းတော်များကို ကြားသိ ကြရသော သူတော်ကောင်းလက္ခဏာရှိသော ရဟန်းသာမဏေတို့သည် အစဉ်မပြတ် ရောက်လာကြလေရာ ရွှေကျင်ဆရာတော်ဘုရားကြီး ကိုယ် တော်တိုင် သီတင်းသုံးတော်မူသော မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မ ကြီး၌ သံဃာသုံးရာကျော်, အရံတိုက်လေးတိုက်၌ နှစ်ရာကျော်စီ ရှိလေရာ ရွှေကျင်ငါးတိုက်တွင်ပင် သံဃာတထောင်ကျော်ရှိလေသည်။ ထိုတထောင် ကျော်သော သံဃာတော်များကို ဆွမ်းမခံစေမူ၍ မင်းတုန်းမင်းတရား, သီပေါမင်းတရား နှစ်လက်ထက်လုံး၌ပင် မင်းတရားနှစ်ဦးက ဆွမ်းတော် ချက် ကပ္ပိယများကို အခကြေးငွေ စွန့်ပေးထောက်မကာ ချက်ပြုတ် ဆက် ကပ်စေကြသဖြင့် ရွှေကျင်သံဃာများသည် ဆွမ်းပစ္စည်း၌ ပို၍ ချမ်းသာ တော်မူကြရပေသည်။

ဆွမ်းမခံကြရပဲ အရဏ်ဆွမ်း, နေ့ဆွမ်း ချမ်းချမ်းသာသာ မကြောင့် မကြ, မတောင့်မတ မျှတော်မူနေကြရသော ရွှေကျင်သံဃာတော်များ သည် အိပ်ကာ,စားကာဖြင့် အချိန်ဖြုန်း၍ နေကြရသည်မဟုတ်၊ ရွှေကျင် ဆရာတော်ဘုရားကြီးသည် တိုက်သားသံဃာ တပည့်ကြီးငယ်တို့အား မပြတ် မလပ် ဆုံးမသြဝါဒတရား ဟောပြောတော်မူသဖြင့် ယဉ်ကျေးသိမ်မွေ့ ရဟန်းတို့၏ဝေ့ ကျင့်ဝတ်တို့နှင့် ညီညွတ်စွာ ရဟန်းကောင်း, သာမဏေ ကောင်း ဖြစ်စေသည့်ပြင် သံဃနော သံဃာငယ်က စ၍ တိုက်အုပ်, တိုက် ကြပ်, မထေရ်ကြီးများတိုင်အောင် ကျင့်သုံးလိုက်နာဖွယ် ကျင့်ဝတ်နည်း

ဥပဒေသများကိုလည်း ရေးသားပေးတော်မူ၍ ထိုဥပဒေသအတိုင်း လိုက်နာကြစေသည်။ ဥပဒေသကထာ၌ ပရိယတ်သာမဟုတ် ပဋိပတ်အလုပ်တရားကို ထည့်သွင်းပညတ်တော်မူကာ လိုက်နာအားထုတ်တော်မူစေသည်၊ ယင်းဥပဒေသကို "ရွှေကျင်ဂိုဏ်းကျင့်ထုံးကြီး"ဟု ဆရာစဉ်ဆက် အမည်ပေး၍ လေးလေးစားစား ယနေ့တိုင် ရွှေကျင်သွေးစစ်စစ်ရှိတော်မူကြသော တိုက်တာအချို့၌ လိုက်နာကျင့်သုံးလျက်ပင် ရှိပေသည်။ **ရွှေကျင်ဂိုဏ်းကျင့်ထုံးကြီး** ဟူသော ဥပဒေသအတွင်း၌—

၁-ရွှေကျင်ဂိုဏ်းဥပဒေ၊ ၂-ဂိဟိစာရိတ္တကျင့်ခန်း၊ ၃-ကျောင်းသားကျင့်ဝတ်၊ ၄-သင်္ဂါယနာတင်ပုံ၊ ၅-ဓမ္မသဓိပနီစာတမ်း၊ ၆-ဓမ္မဝိနယစာတမ်း၊ ၇-ပထမောဝါဒ၊ ၈-ဒုတိယောဝါဒ၊ ၉-သူသတ်သြဝါဒမေတ္တာစာ၊ ၁၀-သစ္စာလေးပါးဖွဲ့နည်း-အားဖြင့် အစိတ်အပိုင်း ဆယ်မျိုးပါဝင်ပေသည်။

ထိုဆယ်မျိုးတို့တွင် ၆-အမှတ် ဓမ္မဝိနယစာတမ်းဟူသည်မှာ ရွှေကျင်တိုက် ၅-တိုက်အတွင်းရှိ တိုက်သားသံဃာများ လိုက်နာပြုကျင့်ရမည့် ဥပဒေသဖြစ်သည်။ ၁-အမှတ် ရွှေကျင်ဂိုဏ်းဥပဒေမှာ ရွှေကျင်ဂိုဏ်းသားအားလုံး လိုက်နာပြုကျင့်ရမည့် ဥပဒေဖြစ်သည်။ ထိုဥပဒေ ၂-မျိုးကို အမြွက်မျှ ပြပါဦးမည်။

ဇာတိ, ဇရာ, ဗျာဓိ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ,ဥပါယာသ-အစရှိသော တဆယ့်တပါးသော မီးတို့ဖြင့် တညီးညီး, တပြောင်ပြောင် အမြဲလောင်အပ်သည်ဖြစ်၍ မျက်စိတမှိတ် လျှပ်တပြက်မျှ သက်သာရာမရ၊ သံသာရဝဋ္ဋဒုက္ခတို့ဖြင့် မပြတ်နှိပ်စက်အပ်သည်ကို မပြတ် အောက်မေ့လေ့, ဆင်ခြင်လေ့, ကြောက်ရွံလေ့ရှိကုန်သော ပုဂ္ဂိုလ်အရှင်မြတ်တို့သည် ဤယခုဆိုလတ္တံ့သော သမ္မာပဋိပတ် အကျင့်ဝတ်အတိုင်း ဝမ်းမြောက်ဝမ်းသာ သဒ္ဓါကြည်လင် ရှင်လန်းသောစိတ်ဖြင့် ကြိုးပမ်းအားထုတ်တော်မူနိုင်ကြစေကုန်သတည်း။

### ၁-ရွှေကျင်တိုက် သံဃာတို့ကို ဆုံးမသော နိဿယောဝါဒ

သီတင်းသုံးနေအံ့သောငှါ ဆိုက်ရောက်လာသော အာဂန္တုကပုဂ္ဂိုလ်တို့သည် သုံးရက်သုံးကြိမ်တိုင်တိုင် လျှောက်ထားလာမှ ဆရာမထေရ်ကြီးက

ပုဂ္ဂိုလ်အင်ကိုထောက်ထား၍ သနားခွင့်ပြုလိုလျှင် ခွင့်ပြုခြင်း၊ ခွင့်ပြုသောအခါ၌လည်း အလုံးစုံ ခွင့်မပြုလိုက်ပဲ ဤတိုက်တာတွင် သံဃာ့ထေရ် ပုဂ္ဂိုလ်ကြီးတို့ထံ လျှောက်ထားဦးလော့ဟု ဤမျှသာခွင့်ပြုခြင်း၊ ၎င်းပုဂ္ဂိုလ်များထံ လျှောက်ထား၍ အခွင့်ရလျှင် အခွင့်ရပါကြောင်း ပြန်၍လျှောက်ထားရခြင်း၊ လျှောက်ထားပြီးနောက် အာမခံဆရာ ရှာလော့ဟု အထက်ဆရာကြီးက ခွင့်ပေးရခြင်း၊ အာမခံရခဲ့သော် အာမခံဆရာနှင့်တကွ ဆရာကြီးထံတက်ရောက်၍ ဤပုဂ္ဂိုလ်၌ ဆုံးမရန်ရှိသမျှကို ဘုရားတပည့်တော်က ဆုံးမပါမည်၊ ဤပုဂ္ဂိုလ် တစုံတရာဖောက်ပြန်လျှင် ဘုရားတပည့်တော်အား ထိုက်ရာဒဏ်သနားတော်မူပါဟု လျှောက်ထားဝန်ခံရခြင်း၊ မထေရ်ကြီးက အာမခံတတ်, အာမခံအပ် နှစ်ရပ်သောပုဂ္ဂိုလ်တို့ နှလုံးသွင်းရန် သတိပေး ပြောဟောဆုံးမရခြင်း၊ ၎င်းနောက် တိုက်တွင်းရှိ မထေရ်ကြီးများထံ သွားရောက်၍ အဆုံးအမ ခံယူလျှောက်ထားရခြင်း၊ ၎င်းနောက် ညဘုရားဝတ်ပြုရာ သံဃာအစုံအညီရှေ့တွင် အထက်နည်းအတိုင်း လျှောက်ထားရခြင်း၊ အကပ္ပိယ, အဝမ္မိယပစ္စည်းများ ပါရှိက စွန့်လွှတ်ရခြင်း၊ အကြောင်းမဲ့ နေလှဲကွမ်းစား, ဆေးဝါးဆေးသောက်, ထီးဆောင်း, ဘိနပ်စီးစသော အလဇ္ဇိဓမ္မတို့ကို မကျူးလွန်မိအောင် ရှောင်ကြဉ်ပါမည်၊ ပုထုဇန်ဂတိအလျောက် ရုန့်ကြမ်းသော အာပတ်တို့၌ သတိမှောက်မှားရှိလျှင် နံ့နာအောင် ဒဏ်ထမ်း၍ အာယတိ သံဝရဖြင့် စောင့်ရှောက်ပါမည်ဟု တာဝန်ခံရခြင်း စသည်တို့ကို ဝန်ခံဆောင်ရွက်ပြီးမှသာ တိုက်သားအဖြစ်ဖြင့် နေထိုင်ခွင့်ပြုခြင်း နေခွင့်ရလျှင်ပင် နိဿယ-ယူရခြင်းစသည်တို့ကို လိုက်နာရလေသည်။

ထိုနောက်—

အာမခံပုဂ္ဂိုလ် ကျင့်ရာသောဥပဒေ၊
အာမခံအပ်သည့်ပုဂ္ဂိုလ် ကျင့်ရာသောဥပဒေ၊
အဝတ်အရုံ၌ ကျင့်ရာသောဥပဒေ၊
ဆွမ်းစားကျောင်း၌ ပြုကျင့်ရာသောဥပဒေ၊
ဘုရားဝတ်တက်ရာကျောင်း၌ ပြုကျင့်ရာသောဥပဒေ၊
ညဦးအခါ စာပြန်ရာသိမ်တန်ဆောင်း၌ ပြုကျင့်ရာသော ဥပဒေ၊
ဥပုသ်ပြုရာသိမ်တန်ဆောင်း၌ ပြုကျင့်ရာသောဥပဒေ၊
နဝကမ္မပြုရာ၌ ပြုကျင့်ရာသောဥပဒေ၊

ရေခပ်,ရေချိုးသွားရာ၌ ပြုကျင့်ရာသောဥပဒေ၊
မြို့ရွာတွင်းသို့ဝင်ရာ၌ ပြုကျင့်ရာသောဥပဒေ၊
ဇာတိရပ်ရွာသို့ ခေတ္တပြန်ရာ၌ ပြုကျင့်ရာသောဥပဒေ၊
ပရိဝါသ်, မာနတ်ဆောက်တည်ရာ၌ ပြုကျင့်ရာသော ဥပဒေ၊
အထက်ဆရာမထေရ်ကြီး ပြုကျင့်ရာသောဥပဒေ၊
တိုက်အုပ်တိုက်ကြပ်တို့ ပြုကျင့်ရာသောဥပဒေ၊
တိုက်သားသံဃာငယ်ဦးပဥ္စင်းတို့ ပြုကျင့်ရာသောဥပဒေ၊
ကျောင်းနေ (ကျောင်းဘုန်းကြီး) တို့ ပြုကျင့်ရာသောဥပဒေ၊
ဂိလာနရဟန်းတို့ ပြုကျင့်ရာသောဥပဒေ၊
အာဂန္တုကရဟန်းတို့ ပြုကျင့်ရာသောဥပဒေ၊
ပဋိပတ္တိအရာ၌ ပြုကျင့်အားထုတ်အပ်သောဥပဒေ၊
အားထုတ်ဖွယ် သမထဝိပဿနာနည်း (အကျဉ်း) စာရိတ္တ
အဆုံးအမများ—

အဆိုပါ ဥပဒေသများနှင့် အညီသာလျှင် အသီးသီး လိုက်နာအားထုတ် နေတော်မူကြရလေသည်။

ပဋိပတ္တိအရာ၌ ပြုကျင့်အားထုတ်အပ်သော ဥပဒေသအတိုင်းလည်း နေ့စဉ် ပြုကျင့်အားထုတ်ကြရပေသည်၊ အားထုတ်ကြရပုံမှာ—

တလတွင် လေးသီတင်း, ရှစ်သီတင်း, ကောသနိက်, ပတ္တပိဏ်ဓုတင်တို့ကို စွမ်းအင်အလျောက် အားထုတ်ခြင်း၊ ခလုပစ္ဆာဓုတင်ကိုကား နေ့စဉ် ကျင့်သုံးရခြင်း၊ နံနက်အိပ်ရာထ ကလတက်ခေါက်သည့်နောက် တဖန်ပြန်မ အိပ်ပဲ နိသဇ်,ရုက္ခမူ, အဗ္ဘောကာသိက ဓုတင်တို့ကို ဆောက်တည်ခြင်း၊ ဒွတ္တိံသာကာရ,အသုဘဘာဝနာ, လက္ခဏတ္တယ ကမ္မဋ္ဌာန်းတို့ကို အားထုတ် နှလုံးသွင်း ပွါးများရခြင်းတို့ဖြစ်ပေသည်၊ ပရိယတ္တိသာသနာ ဂန္ထဓုရကို ဆောင်ရာ၌လည်း ဆရာတော်ဘုရားကြီး နည်းဥပဒေသ ညွှန်ကြားတော်မူသည့် အတိုင်းပင် အားထုတ်ကြရပေသည်၊ ဤသို့လျှင် အထပ်ထပ်သော ထေရ်ကြီး ထေရ်ငယ် ဆရာကောင်းများကြပ်မ၍ ဆုံးမသွန်သင် အုပ်ချုပ် အပ်သော ရွှေကျင်တိုက်သား သံဃာတော်တို့သည် အဘယ်မှာလျှင် သာသနာ့ဝန်ထမ်း ရဟန်းကောင်းမဖြစ်ပဲ ရှိပါတော့အံ့နည်း၊ ရဟန်း ကောင်းအဆက်ဆက်တို့ အစဉ်မပျက် ဆောင်ရွက်တော်မူခဲ့ကြသော

ကြောင့်လည်း ရွှေကျင်ဆရာတော် ဘုရားကြီး၏ သိဿာနုသိဿ တပည့်သား, မြေးတို့သည် ယနေ့တိုင် ထင်ရှားလျက် ရွှေကျင်ဂိုဏ်း ရွှေကျင်နိကာယ သံဃာပေါင်း မြောက်မြားစွာ တည်ရှိခြင်းဖြစ်သည်ဟု ဆိုရပေမည်။

ရွှေကျင်ဂိုဏ်းဥပဒေ။　　။ရွှေကျင်တိုက်ဥပဒေအပြင် ရွှေကျင်တဂိုဏ်းလုံးနှင့် သက်ဆိုင်သော ဥပဒေသ အဆုံးအမများလည်း သီးခြားရှိပြန်သောကြောင့် ထိုရွှေကျင်ဂိုဏ်းဥပဒေကို ရိုသေစွာ လိုက်နာလျက်ရှိကြသော ရွှေကျင်နိကာယ ရွှေကျင်သံဃာတို့သည် ထိုထိုမြို့ရွာဒေသတို့၌ တိမ်ကင်းသော လပြည့်ဝန်းတထွေ ဦးပြီးသောရွှေကဲ့သို့ သန့်စင်ထွန်းလင်းသော ဂုဏ်တို့ဖြင့် သာသနာတော်ကို ဆောင်လျက်ရှိတော်မူကြပေသည်။

## ရွှေကျင်ဂိုဏ်း ဥပဒေ

ရွှေကျင်ဂိုဏ်း တဂိုဏ်းလုံးနှင့် သက်ဆိုင်သော ဥပဒေပုဒ်မပေါင်း အချုပ်အားဖြင့် ၃၀-ရှိလေသည်၊ ထို ၃၀-သော ဥပဒေပုဒ်မအားလုံးသည် စာလွတ်ပေလွတ် ဝိနည်းလွတ် စိတ်ထင်ရာ ရေးသားပညတ်တော်မူသည် မဟုတ်ပဲ ဝိနည်းပညတ်တော် စည်းမျဉ်းကို ပဓာနပြု၍ သုတ္တန်ဒေသနာတော်ဆိုင်ရာ၌လည်း သုတ္တန်ဒေသနာနည်းကို မူထား၍ ရေးသားပညတ်တော်မူခဲ့သော ဥပဒေသများ ဖြစ်လေသည်။

နည်းဥပဒေသ ၃၀-တွင် အမှတ် ၁၊ ဝါ-ပုဒ်မ ၁၊ ဥပဒေသတရပ်ကို အမြွက်မျှ ပြရပါလျှင်——

၁။ ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ အဘိဏှံ သန္နိပါတာ သန္နိပါတဗဟုလာ ဘဝိဿန္တိ၊ ဝုဍ္ဎိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ၊ တဗ္ဗာ၊ နောပရိဟာနိ—ဟူသော ပါဠိတော်နှင့်ညီစွာ ဂိုဏ်းသံဃာတော်တို့ မပြတ်မပြတ် တွေ့မြင်စည်းဝေး တိုင်ပင်ခြင်းသည် သာသနာတော် မဆုတ်မယုတ်, မပျက်မပြား တိုးပွါးစည်ပင်ကြောင်း အပရိဟာနိယတရားဖြစ်၍ တလ ၂-ကြိမ် သံဃာ့ထေရ်ကြီးရှိရာသိမ်၌ အနီးအပါး ငါးရာတွင်းကွာ တတိုင်ကွာ ရဟန်းသံဃာတော်တို့သွားရောက်စည်းဝေး၍ သုတ္တုဒ္ဒေသ သံဃဥပုသ်ပြုကြပြီးလျှင် သံဃာ့ထေရ်ကဖြစ်စေ,

သံဃာ့ထေရ်တိုက်တွန်းအပ်သော ပုဂ္ဂိုလ်ကဖြစ်စေ ဤဥပဒေ စာတမ်းကို ဖတ်ရွတ်၍ ပြောဟောဆုံးမရန်ရှိသမျှကို ပြောဟောဆုံးမ ဩဝါဒပေးရာ နာခံ၍ နေရင်းရပ်ဌာန်သို့ ပြန်လည်ကြကာ ပြောဟောဆုံးမလိုက်သမျှကို နေရာတကျ ကောင်းမွန်စွာ ကျင့်ကြံနေထိုင် အားထုတ်ရခြင်း ဟူ၍ပင် ဖြစ်ပါသည်။

အမှတ် ၂-စသော ကျန်ဥပဒေသပုဒ်မများသည်လည်း အသီးအသီး, အကန့်အကန့်,ဆိုင်ရာဆိုင်ရာ, နေရေး, စားရေး,ဝတ်ရုံရေး, ပရိယတ်ပဋိပတ် အားထုတ်ရေး, မြို့ရွာတွင်းသွားရေး, ခရီးသွားရေး, နိကာယတပါးနှင့် ဆက်ဆံရေး, တပည့်တပန်းမွေး၍ နိဿယပေး ကျောင်းထိုင်ပြုလုပ်ရေးမှစ၍ သာသနာတော်၌ ရဟန်းကောင်းတပါးအဖြစ်ဖြင့် သာသနာ့တာဝန်ကို ဆောင်ရွက်ရေးတို့ဖြင့် ပြည့်ဝစုံလင်လှပါပေသည်။

အဆိုပါ ရွှေကျင်တိုက်ဆိုင်ရာ ဥပဒေသ, ရွှေကျင်တဂိုဏ်းလုံးဆိုင်ရာ နည်းဥပဒေသတို့အပြင် အသီးအခြား ရံခါရံခါ ကာလအားလျော်စွာ ဩဝါဒကထာများကိုလည်း အဝေးမှပင် ရေးသားပေးပို့၍ တပည့်သံဃာ အပေါင်းတို့အား ဆုံးမဩဝါဒ ပေးတော်မူသေးသည်ဖြစ်ရာ ထိုဩဝါဒ ကထာ ဒေသနာတို့သည်ကား စူဠသိဿကောဝါဒ, မဟာသိဿကောဝါဒ-စသည်တို့ ဖြစ်ကုန်၏၊ ထိုတွင် စူဠသိဿကောဝါဒ ဩဝါဒကထာ၌ ဩဝါဒ အမျိုးပေါင်း (၁၅)ပါး ပါရှိပေသည်၊ တဆယ့်ငါးပါးဟူသည်မှာ——

၁။ ပိယေဟိဝိပ္ပယောဂသောကသလ္လဝိဓမနကထာ။
၂။ သံဝရသီလကထာ။
၃။ ဘဿာရာမတာဒိပဟာနကထာ။
၄။ ခန္တိသံဝရကထာ။
၅။ သဗြဟ္မစာရီသုဂါရဝတာကထာ။
၆။ သဗြဟ္မစာရီသုမေတ္တာပုဗ္ဗင်္ဂမအရဏဝိဟာရကထာ။
၇။ သေဝိတဗ္ဗမိတ္တအင်္ဂကထာ။
၈။ သဗြဟ္မစာရီသုပဋိသန္ထာရေဂါရဝတာကထာ။
၉။ ဝတ္တာနုဝတ္တပူရဏကထာ။
၁၀။ သဗြဟ္မစာရီနံသောဝစဿတာကထာ။

၁၁။ နာယကအင်္ဂကထာ။

၁၂။ လာဘသက္ကာရသိလောကာဿာဒနိဂ္ဂဟကထာ။

၁၃။ ကာမာနံအာဒီနဝဒဿနကထာ။

၁၄။ အပ္ပမာဒဝိဟာရကထာ။

၁၅။ သဗ္ဗသင်္ဂါဟိကသခေ်ပကထာ။

ဤသည်တို့ပင် ဖြစ်ကုန်၏။ ယင်းသြဝါဒကထာတို့သည် ကျယ်ဝန်းကြသည်ဖြစ်၍ သခေ်ပနိဒါန်းမျှကို ဖော်ပြပါဦးအံ့—

သာဝဇ္ဇေ ပဋိသေဓေန္တော၊
အနဝဇ္ဇေ နိယောဇကော။
ဘုသော စရတိ သိဿာနံ၊
အတ္ထံ အာစရိယော တတော။

ဤသို့သော ဗျုပ္ပတ်ဝစနတ်ဂါထာ လာသည်နှင့်အညီ မကောင်းမြစ်ထားကောင်းရာတိုက်တွန်း ညွှန်းပြသည်ဖြစ်၍ သိဿကတို့၏ အကျိုးငှါသာကောင်းစွာ ကျင့်ဆောင်တတ်သောကြောင့် အာစရိယန္တတ္ထသညာ ရွှေကျင်တိုက် တပည့်တို့၏ နာယကဆရာသည် “ဂရု-သေစနေ”ဟု လာပေသည့်ခါတ်နက်အရ—

အတ္တလေဏာနသိဿာနံ၊
မေတ္တောဒကေန သိဉ္စတိ။
တေဟိ ဝါ တေန သိဉ္စိတ္တော၊
ဂုရု ဝုစ္စတိ သော တတော။

ဟူသောဂါထာနှင့်အညီ ယင်းရွှေကျင်တိုက် တပည့်အပေါင်းတို့ကလည်း ငါတို့ဆရာ ချမ်းသာပါစေကြောင်း သွန်းလောင်းကြအပ်သော မေတ္တာရှိသည်အားလျော်စွာ တပည့်တို့အား သနားခြင်း မေတ္တာကရုဏာသည် အခါခါ တိုက်တွန်းနှိုးဆော်အပ်သည်ဖြစ်၍—

ဟိမဝန္တေ မဟာသာလေ၊
မဟာမေဃော၀ သဒ္ဒမ္မော။
သောဘေတိ သာသနေ သန္တေ၊
ဝဍ္ဎေန္တော သံဝရာဒိကေ။

မိန့်ပေသည့် ဂါထာနှင့်အညီ ဆောင်းဥတုရာသီအပြောင်း တပေါင်း,တာကူး မင်းလှင်မြူး၍ မိုဃ်းဦးနီးသည့်အခါ ဟိမဝန္တာ မဟာဂနိုင် မြိုင်ညိုကြီး၏ အတွင်း အင်ကြင်းပင်ကြီးတို့၏ အထက် တခဲနက်တက်၍ရွာသော အကာလ မိုဃ်းကြီးသည် ယင်းအင်ကြင်းပင်ကြီးတို့၌ ရွက်ရော်ရွက်ဟောင်း ရွက်မကောင်းတို့ကို တပေါင်းတည်းကြွေကျစေလျက် စိမ်းညိုနီရွှေ ရွက်နုတွေ မြိုင်မြိုင် ပွင့်ဖူးတွေအဆိုင်ဆိုင် ပန်းရနံ့တကြိုင်ကြိုင်နှင့် ဟေဝန္တာ မြိုင် အလုံးကို အံ့ချီး၍မဆုံးနိုင်ဖွယ် အလွန်လျှင် တင့်တယ်စေသည့်ပမာ သတ္တဝါတို့ဓမ္မတာ ဘဝအဆက်ဆက်သံသရာက ရှည်လျားစွာခံစားဟောင်း ကာမဂုဏ်သောင်းပြောင်း ကိလေညှိရွက်ဟောင်း ရွက်မကောင်းတို့ကို တပေါင်းတည်းကြွေကျစေပြီးကာ ထူးမြတ်လှစွာ အဓိသီလသိက္ခာ တည်းဟူသော ရွက်သစ်ရွက်နုတို့ကို လျင်မြန်စွာ နုစေ၍ သမာဓိဝိပဿနာတည်းဟူသော ပွင့်ဖူးတွေ အတန်တန် ဝိမုတ္တိမဂ်ဉာဏ် တည်းဟူသော ပွင့်ချပ်တွေ အဖုံဖုံ သောင်းဇမ္ဗူတုန်ခမန်း ကျော်လွှမ်း၍တက်သည့် သတင်းဂုဏ်တည်းဟူသော ပန်းရနံ့တို့ဖြင့် တပျံ့ပျံ့မွှေးကြိုင်စေလျက် သာသနာတော် တည်းဟူသော ဟိမဝန္တာမြိုင်ခြေဝယ် အသွယ်သွယ်သောသူတော်ကောင်း ရဟန်းတည်းဟူသော အင်ကြင်းပင်ကြီးတို့ကို အံ့ချီး၍မကုန်နိုင်ဖွယ် အလွန်တင့်တယ်စေနိုင်သော ဘုရားရှင်၏ ဒုလ္လဘဒေသနာ ဩဝါဒကထာဖြင့် မင်းလှရွာ အရှေ့တောင် မြစ်တဘက် ဝါးရုံချောင် နွားလံတောင်ခေါ် ဆို မြိုင်ညိုရစ်သန်း တောင်သုံးလုံးခါးပန်း တောစခန်းဌာန ဝိဟာရမှ သိက္ခကတပည့်အပေါင်းတို့အား အသွယ်သွယ်သော တရားစကားတို့ဖြင့် မှာထားဆုံးမလိုက်သည်ဖြစ်၍ ဤဆိုလတ္တံ့သည်ကား ယင်းဩဝါဒကထာ မာတိကာ နိဒါန်းပေဟည်း။

ဤအထက်ပါ မိန့်ခွန်းတော်ဖြင့် ရွှေကျင်ဆရာတော်ဘုရားကြီးသည် နွားလံတောင် တောရကျောင်းမှ ရတနာပုံမြို့တော် ရွှေကျင်ငါးတိုက်နေ တပည့်များထံ ရေးသားပေးပို့တော်မူသော စူဠသိက္ခကောဝါဒ ဩဝါဒကထာ၏ နိဒါန်းနှင့် မာတိကာကို ပြဆိုတော်မူလေသည်။

ထိုစူဠသိက္ခကောဝါဒကို တနည်းအားဖြင့် ရွှေကျင်ငါးတိုက်ရှိ တပည့်ငယ်တို့အား ရည်ရွယ်၍ ဆုံးမစကား မြွက်ကြားတော်မူသော ဩဝါဒကထာဟူ၍မှတ်ရာ၏။ အကြောင်းမူကား သမ္ဘောဂ သံဝါသ အဆုံးအဖြတ်စသော ပို၍ လေးနက်သော ဩဝါဒကထာတို့ဖြင့် ရေးသားဆုံးမ ဩဝါဒ

ပေးတော်မူသော သြဝါဒကထာ ဒေသနာတော်ကို မဟာသိဿကောဝါဒ-ဟူ၍ ရွှေကျင်ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ကမ္ပည်းလိပ်တပ် မှည့်ခေါ်တော်မူအပ်သောကြောင့်တည်း။ မဟာသိဿကောဝါဒ-ဟူသည် ကြီးမြတ်သော သြဝါဒကထာ၊ တနည်း—ထေရ်ကြီး ဝါကြီးဖြစ်၍ စာပေ ပိဋကတ်၌ တတ်မြောက်လိမ္မာကြကုန်သော တပည့်ကြီးများအား မိန့်မြွက် ဟောကြားတော်မူအပ်သော သြဝါဒ-ဆိုလိုသည်ဟု မှတ်ယူရာ၏။

မဟာသိဿကောဝါဒသည် ပဇ္ဇ,ဂဇ္ဇ နှစ်မျိုးရောသော ဝိမိဿဒေသနာ သြဝါဒကထာ ဖြစ်သည်။ လေးနက်သော သြဝါဒကထာနှင့်တကွ အထူး သဖြင့် သမ္ဘောဂ သံဝါသ အဆုံးအဖြတ်ကို ကွဲကွဲပြားပြား မှတ်သားလို သော ပုဂ္ဂိုလ်များ, အလင်္ကာနည်း, ဆန်းနည်း, သဒ္ဒါနည်းတို့ဖြင့် အဆန်း တကြယ် ဖွဲ့ဆိုသီကုံးထားအပ်သော ဂါထာနည်းတို့ကို နည်းယူလေ့လာလို သော ပုဂ္ဂိုလ်များသည် ဤမဟာသိဿကောဝါဒကို အလေးအမြတ်ပြု၍ ကြည့်ရှု လေ့လာသင့်ကြပေသည်။

မဟာသိဿကောဝါဒ၌ အစဦးဆုံး တဂါထာကို ရွှေကျင်ဆရာတော် ဘုရားကြီးမူအတိုင်း ပါဠိရောအနက်ပါ ပြပါဦးအံ့....၊

နမတ္ထု အတုလောဝါဒဿ။

　　အတုလော အတုလံ ဒေန္တော၊
　　ဝေါဝဒါနံ ဝိဝေါဝဒေါ။
　　ဝေါဝါဒကံ မံ သိဿာနံ၊
　　သဒေါဝဒတု တံတုလော။

အတုလောဝါဒဿ—သုံးဆယ့်တဘုံ အလုံးစုံတွင် ဘက်မမြင်သော သြ ဝါဒရှိတော်မူထသော။ (နတ္ထိ တုလော ဧတဿာတိ အတုလော၊ အတုလော သြဝါဒေါ ဧတဿာတိ အတုလောဝါဒေါ။....ပဋိသေဓေ ဝုစ္စိတဗ္ဗာဝေ၊ အညတ္ထေ သဒိသေပိ စ။ ဝိရုဒ္ဓေ ဂရဟေ သုညေ၊ အကာရော ဝိရဟပ္ပကေ-ဟုလာသော သဒ္ဒနီတိကျမ်းထွက် အ-၏အနက် ဆယ်ချက်တို့တွင် ပဋိ-သေဓတ္ထတည်း။)

အတုလောဝါဒဿ—တူသော သြဝါဒရှိသော ပစ္စေကဗုဒ္ဓါ သာဝက စသည်တို့လည်း မဟုတ်ထသော။ (တုလော သြဝါဒေါ ဧတေသန္တိ တုလောဝါဒါ၊ န တုလောဝါဒါတိ အတုလောဝါဒေါ။ ၎င်း။)

အတုလောဝါဒသာ—တူသော ဩဝါဒရှိသော ပစ္စေကဗုဒ္ဓါ သာဝကတို့ထက် ကြီးကဲ လွန်မြတ်တော်မူထသော။ (တုလော ဩဝါဒေါ ဧတေသန္တိ တုလောဝါဒါ၊ တုလောဝါဒေဟိ ဝုစ္စော အတုလောဝါဒေါ၊ အ-ကာရော ဝုစ္စတ္ထော။)

အတုလောဝါဒသာ—ကာမသုခလ္လိကာနုယောဂေါဝါဒ,အတ္တကိလမထာနုယောဂေါဝါဒကဲ့သို့ ယုတ်လွန်း, လွန်လွန်းသော ဩဝါဒကိုမပြု၊ ဟိုဘက်သည်ဘက်မသာ အလယ်တည့်မတ်စွာသော စဉ်းချိန်ခွင်ညှာနှင့်အတူ အလှူပေးခြင်းဒါန, ငါးပါး ရှစ်ပါး ဆယ်ပါး ၂၂၇-ပါးသော သီလ, ဘာဝနာကုသိုလ်တရားတို့ဖြင့် ပြီးသော မဂ္ဂင်ရှစ်ပါးဟူသော မဇ္ဈိမပဋိပဒေါဝါဒရှိတော်မူထသော။ (တုလာယ တုလော သဒိသောတိ တုလော၊ ပဒီပနည်း၊ တုလော ဩဝါဒေါ ဧတဿာတိ တုလောဝါဒေါ၊တုလောဝါဒေါယေဝ အတုလောဝါဒေါ၊ အ-ကာရော တဗ္ဘာဝတ္ထော။)

အတုလောဝါဒသာ—ချိန်နှင့်မတူ ယုတ်လွန်း,လွန်လွန်းသော ဩဝါဒရှိသူမိစ္ဆာဒိဋ္ဌိလူတို့နှင့် အယူဝါဒအားဖြင့် ဆန့်ကျင်ဘက်ဖြစ်ထသော။ (တုလာယ န တုလော န သဒိသောတိ အတုလော၊ အတုလော ဩဝါဒေါ ဧတေသန္တိ အတုလောဝါဒါ၊ အတုလောဝါဒေဟိ ဝိရုဒ္ဓေါ အတုလောဝါဒေါ၊ အ-ကာရမှာ တုလောဝါဒပုဒ်နှင့် တွဲလျက် ပဋိသေဓတ္ထ၊ မတွဲပဲလျက် သက်သက် ဝိရုဒ္ဓတ္ထအားဖြင့် နှစ်ချက်ရ တန္တနည်း။)

အတုလောဝါဒသာ—ချိန်လိုမဟုတ် ယုတ်လွန်း လွန်လွန်းသော ဩဝါဒနှစ်မျိုးကို ကောင်းကောင်းကြီးချိုးဖဲ့ ကဲ့ရဲ့တော်မူလေ့ရှိတော်မူထသော။ (တုလာယ န တုလော န သဒိသောတိ အတုလော၊ အတုလော ဩဝါဒေါ အတုလောဝါဒေါ၊ အတုလောဝါဒံ ဂရဟတီတိ အတုလောဝါဒေါ၊ အ-ကာရမှာ နောက်ပုဒ်နှင့်တွဲလျက် ပဋိသေဓတ္ထ၊ မတွဲပဲလျက် သက်သက် ဂရဟတ္ထအားဖြင့် နှစ်ချက်ရ ရှေးကဲ့သို့ တန္တနည်း။)

အတုလောဝါဒသာ—ကိုယ်တော်မြတ်နှင့် ဘက်ပြိုင်အန်တု ဆုံးမခြင်းကိုပြုနိုင်သူတို့မှ ဆိတ်တော်မူထသော။ (တုလာ သဒိသာ ဟုတွာ ဩဝဒန္တီတိ တုလောဝါဒါ၊ တုလောဝါဒေဟိ သုညော အတုလောဝါဒေါ၊ အ-ကာရ သုညတ္ထ။)

အတုလောဝါဒဿ—အတုမရှိသော ဩဝါဒရှိတော်မူသော ရှေးဘုရားရှင်တို့နှင့်သာ တူတော်မူထသော။ (အတုလော ဩဝါဒေါ ဧတေသန္တိ အတုလောဝါဒါ၊ အတုလောဝါဒေဟိ သဒိသော အတုလောဝါဒေါ။ အ-ကာရမှာ နောက်ပုဒ်နှင့်တွဲလျက် ပဋိသေဓတ္ထ၊ မတွဲပဲလျက် သက်သက် သဒိသတ္ထ အားဖြင့် နှစ်ချက်ရ တန္တနည်း ၎င်းတည်း။)

အတုလောဝါဒဿ—တူသော ဩဝါဒရှိသော ပုဂ္ဂိုလ်တို့မှ ဂုဏ်အားဖြင့် တပါးတခြားချည်းလည်း ဖြစ်တော်မူထသော။ (တုလောဝါဒေဟိ အညော အတုလောဝါဒေါ။ အညတ္ထ။)

အတုလောဝါဒဿ—တူသော ဩဝါဒရှိသူတို့မှ လွန်စွာကွာဝေးတော် မူထသော။ (တုလောဝါဒေဟိ ဝိရဟော အတုလောဝါဒေါ။ ဝိရဟတ္ထ။ နတ္ထိ နိစ္စသမာသမို၊ ဝိဂ္ဂဟော ဝိဂ္ဂဟော သစေ။ အညပဒေန ကာတဗ္ဗော၊ ကာရသဒ္ဒေါ န ကတ္တရိ-သဒ္ဒလက္ခဏာ လာရှိသည့်အတိုင်း အ-အက္ခရာ၏ တုလသဒ္ဒါနှင့် နိစ္စသမာသ်ဖြစ်၍နေရကား ၎င်းအ-အက္ခရာနှင့် တုလသဒ္ဒါကို ဝိဂ္ဂြိဟ်ဝါကျပြုသည်မဟုတ်၊ ၎င်းအ-အက္ခရာ၏ အနက်ကို ပြတတ်သော န-သဒ္ဒါ, ဝုဒ္ဓိ, ဝိရုဒ္ဓသဒ္ဒါ အစရှိသော သဒ္ဒါတပါးနှင့် ဝါကျဆင်၍ ပြရ သည်ဟူ၍မှတ်။)

အတုလောဝါဒဿ—သေးသေးသိမ်သိမ် နှိုင်းချိန်လောက်သော ဩဝါဒ ရှိသည်မဟုတ်၊ ကြီးကြီးကျယ်ကျယ် ပိဋကတ်သုံးသွယ် အံ့ဩဘွယ်သော ဩဝါဒရှိတော်မူပေထသော။ (န အတုလဝါဒေါတိ အတုလဝါဒေါ။ ဤနည်းမှာ ဉာဏ်ကြီးလှသူတို့သာ သဘောကျနိုင်ရာသတည်း။)

တဿ—ထိုမြတ်စွာဘုရားသခင် သုံးဦးလူတို့၏ ကျေးဇူးရှင်အား။ မေ— အကျွန်ုပ်၏။ နမော—ရိုသေညွတ်နူး အထူးရှိခိုးခြင်းသည်။ အတ္ထု—ဖြစ်ပါ စေသတည်း။

ဤပြအပ်ပြီးသော မြန်မာပြန်သည်ကား နမတ္ထု အတုလောဝါဒဿ၏ အနက်မြန်မာပြန် ဖြစ်သည်။

ပထမဂါထာ၏ မြန်မာပြန် အနက်မှာ ဆိုလတ္တံ့အတိုင်းဖြစ်၏။ .

အတုလော—သုံးဆယ့်တပြင် ဘုံသုံးခွင်ဝယ် သီလ သမာဓိစသော ဂုဏ် အင်တို့ဖြင့် တူသောသူ ရှိတော်မမူထသော။ အတုလံ—အတုမရှိသော။

ဒံ-ပဒံ— နိဗ္ဗာန်အရပ်သို့။ ဧန္တော— ကိုယ်တော်မြတ် ရှေးဦးစွာ ရောက်တော်မူသည်ဖြစ်၍။ အတုလံ— အတုမရှိသော နိဗ္ဗာန်ချမ်းသာကို။ ဒေန္တော— ပေးတော်မူပေတတ်ထသော။ ဝေါဝဒါနံ— ဖောက်လွဲဖောက်ပြန် မမှန်ကန်အောင် ဆိုးမတတ်ကုန်သောသူတို့အား။ ဝိဝေါဝဒေါ— အထူးထူးအပြားပြားအားဖြင့် အထူး ဆိုးမတော်မူပေတတ်ထသော။ တံတုလော-တံ အတုလော— ထိုအတုမထင် ဘုရားရှင်သည်။ မံ သိဿာနံ— အကျွန်ုပ် တပည့်တို့ကို။ ဝေါဝါဒကံ—'အထူးထူးအပြားပြားအားဖြင့် ဆိုးမလတ္တံ့သော။ မံ— အကျွန်ုပ်ကို။ သဒါ— အခါခပ်သိမ်း။ ဩဝဒတု— နေရာကျကျ ဆိုးမနိုင်အောင် ဆိုးမတော်မူပါစေသတည်း။

[မံ-ကား သိဿာနံနှင့် ပေါင်း၍တချက်၊ မံ-ချည်း သက်သက်တချက်၊ သိလေသနည်းတည်း။]

ရွှေကျင်ဆရာတော်ဘုရားကြီး ရေးသားတော်မူသော မဟာသိဿကောဝါဒ-သည် ဤသို့စသည်ဖြင့် တဂါထာ တမျိုး ဖွဲ့ဆိုစီကုံးတော်မူ၍ အဆန်းတကြယ် အံ့ဩဖွယ်ရှိအောင် ရေးသားထားတော်မူသော ဩဝါဒဖြစ်ပါပေသည်။

## ရွှေကျင်, ဒွါရ ကွဲပြားခြင်း

မဟာဒွါရနိကာယ သာသနဝံသဒီပနီ စာမျက်နှာ ၄၄၂-၌ ပါရှိသော စကားရပ်တခုကို မဟာသိဿကောဝါဒ ဝိနိစ္ဆယောဝါဒနှင့် အနည်းငယ် ဆက်စပ်နေသဖြင့် သိရှိမှတ်သားမိသမျှ အာစရိယာပါစရိယ ပရမ္ပရ သုတဖြင့် အနည်းငယ် ရှင်းလင်းပါဦးမည်။

ရွှေကျင်ဆရာတော်ဘုရားကြီး သက်တော်ထင်ရှား ရှိတော်မူစဉ်က ရွှေကျင်ဂိုဏ်း, ဒွါရဂိုဏ်း မကွဲမပြား တပေါင်းတည်းပင်ဖြစ်သည်၊ ရွှေကျင်ဆရာတော်ဘုရားကြီး စံလွန်တော်မူသည့်နောက်မှ ထိုဆရာတော်ဘုရားကြီး၏ အဆုံးအမ ဩဝါဒအရပ်ရပ်ကို မလိုက်နာကြသော ရဟန်းတို့ကြောင့် ဒွါရဂိုဏ်းနှင့် ရွှေကျင်ဂိုဏ်း ကွဲပြား ခြားနားလေသည်-ဟူ၍ **မဟာဒွါရနိကာယဝံသဒီပနီ**-၌ ရေးသားထားလေသည်။

ရွှေကျင်ဂိုဏ်းနှင့် ဒွါရဂိုဏ်း ဦးစွာ ပထမ ကွဲပြားကြခြင်း အကြောင်းကို ဆရာသမားများထံမှ တဆင့်ကြားနာလိုက်ရဘူးသည်မှာ.... သမ္မောဂ သံဝါသ ကိစ္စအတွက် ဖြစ်ပေသည်၊ ထိုတွင်လည်း အညနိကာယ သံဃာတို့နှင့် အလှူတင်းကုပ်တခုတည်း, မဏ္ဍပ်တခုတည်း၌ အတူတကွ ပရိတ်ရွတ်ခြင်း, အလှူခံခြင်း, ဆွမ်းစားခြင်းကိစ္စနှင့် စပ်၍ဖြစ်သည်ဟု သိရပေသည်၊ ယင်းကိစ္စဖြစ်သည်မှာလည်း ရွှေကျင်ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသောအခါမှ မဟုတ်၊ ရွှေကျင်ဆရာတော်ဘုရားကြီး သက်တော်ထင်ရှား ရှိတော်မူစဉ်ကပင် ရွှေကျင်ဆရာတော်ဘုရားကြီးနှင့် အုတ်ဖိုဆရာတော်ဘုရားကြီးတို့ ကိုယ်တော်တိုင် ထိုကိစ္စ၌ အယူအဆ မတူမျှကြသောကြောင့် ကွဲကြခြင်းဖြစ်သည်၊ စ၍ကွဲပြားတော်မူရာဒေသမှာ မြန်အောင်မြို့၌ ဖြစ်သည်ဟု မှတ်သားလိုက်ရပေသည်။

ရွှေကျင်ဆရာတော်ဘုရားကြီးသည် အုတ်ဖိုဆရာတော်ဘုရားကြီး အပေါ်၌ အလွန်လေးစား၍ ဂရုဂါရဝပြုတော်မူပုံ, သောဝစဿတာ မင်္ဂလာတရားနှင့် ပြည့်စုံတော်မူပုံ, နိဝါတ နိမာနရှိတော်မူပုံတို့သည် "မဟာဒွါရ-နိကာယဝံသဒီပနီ" တနေရာ၌ ရေးသားလျက်ရှိခြင်းဖြင့်ပင် ထင်ရှားပါသည်၊ အခြားသော အပြစ်ဒေါသ ရှိသည်ဖြစ်စေ, မရှိသည်ဖြစ်စေ အရှင်အာနန္ဒာထေရ်မြတ်သည် ပထမသင်္ဂါယနာတင်အပြီး၌ သံဃာတော်အချို့ အပြစ်တင်၍ ပေးတော်မူအပ်သော ဒဏ်ကို ထမ်းဆောင်သကဲ့သို့ အုတ်ဖိုဆရာတော်ကြီးပေးတော်မူသော ဒဏ်ကိုလည်း ထမ်းဆောင်တော်မူခဲ့ဘူးပေသည်၊ သို့သော် ဝိနည်းကျမ်းဂန်မလာ၊ စာမရှိသော သံဝါသ သမ္မောဂကိစ္စကိုမူကား အစဉ်အလာ သူတော်ကောင်းများ ကွဲ့ရဲ့ ပြစ်တင်ဖွယ်ရာဖြစ်မည်ဖြစ်သောကြောင့် အုတ်ဖိုဆရာတော်ဘုရားကြီး၏ အလိုတော်သို့ မလိုက်ပါပဲ ကွဲပြားတော်မူခြင်း ဖြစ်လေသည်။

ဤစကား၏ ထောက်ခံချက် အခိုင်အမာ သက်သေခံရှိသည်မှာ အခြားမဟုတ်၊ ရွှေကျင်ဆရာတော်ကြီး ကိုယ်တော်တိုင် သက္ကရာဇ် ၁၂၅၃-ခုနှစ် သီတင်းကျွတ် လဆန်း ၆-ရက်နေ့၌ အပြီးရေးသားတော်မူသော မဟာ-သိဿကောဝါဒ-လာ ဝိနိစ္ဆယောဝါဒပင် ဖြစ်သည်။ မဟာသိဿကောဝါဒ၌ ဤကိစ္စကိုရည်စူး၍ ရွှေကျင်ဆရာတော်ဘုရားကြီးသည် အကျယ်တဝင့် ကျမ်းဂန်တို့ကို ကိုးကား၍ ပါဠိဘာသာဖြင့် ရေးသားတော်မူသည်ကို အနည်းငယ် အမြွက်မျှ ထုတ်ပြပါအံ့—

ကေစိ ပန အာယသ္မန္တော ယထာဝုတ္တတ္ထံ အသလ္လက္ခေန္တာ လဇ္ဇီဟောဝါတိ ဝါ အလဇ္ဇီဟောဝါတိ ဝါ ဒွိန္နံ ပဒါနံ သဟာဒိယော-ဂတ္ထံ မညိတွာ ဝိမတိဝိနောဒနိဋီကာကာရာနုမတေန ကေတော ဝန္ဒနာဒိကမ္မံ လဇ္ဇိနော အလဇ္ဇီဟိ သဒ္ဓိံ ကာတုံ န ဝဋ္ဋတီတိ မညန္တိ၊ ဧဝံ ပန မညန္တာ ကေစိ လဇ္ဇိနော ဒါယကာနံ နိမန္တန-ဌာနာဒိသု ကေတော ပရိတ္တဘာဏနကမ္မမ္ပိ အလဇ္ဇီဟိ သဒ္ဓိံ န ကရောန္တိ။ တံ ပဋိစ္စ ဗဟူ မနုဿာ သဂဟဋ္ဌပဗ္ဗဇိတာ ဘိန္နဝိဘိန္နာ ဟုတွာ ဗဟုံ အပုညံ ပသဝန္တိ၊ သာသနေ မဟန္တံ အဗ္ဗုဒံ ဟောတိ၊ တသ္မာ ဧဝံ ကာတုံ န ဝဋ္ဋတိ။....စသည်တို့ပင် ဖြစ်ပေသည်။

ဤစကားရပ်မျှကို ထောက်ဆခြင်းဖြင့် ရွှေကျင်ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် နှစ်သက်တော်မမူ၍ သက်တော်ထင်ရှား ရှိတော်မူစဉ်က ပင် ကွဲပြားခဲ့ကြသည်မှာ ထင်ရှားလှပါသည်၊ နောက်မှ တပည့်ရဟန်းများ မလိုက်နာကြသောကြောင့် မဟုတ်၊ ယနေ့တိုင် ရွှေကျင်ဆရာတော်ဘုရား ကြီး၏ ဩဝါဒမိန့်ခွန်းတော်များကို ရွှေကျင်သံဃာကြီးများ ရိုသေလေး စားစွာ လိုက်နာလျက်ပင် ရှိတော်မူကြပါသည်။ ရွှေကျင်ဆရာတော်ဘုရား ကြီး ပံ့လွှန်တော်မူကာမျှဖြင့် ကျောက်ထီးတန္တု အလွန်အလေးအမြတ် ပြုအပ်သော ရွှေကျင်ဂိုဏ်းကြီး၏ အမွန်ပဘဝ သမုဋ္ဌာပကဖြစ်တော်မူသော ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး၏ ဩဝါဒတို့ကို သူတော်ကောင်း ပညာရှိ တပည့်ကြီးဖြစ်တော်မူကြသော ဆရာတော်အဆက်ဆက်တို့သည် လိုက်နာကျင့်သုံးတော်မူကြလျက်သာ ရှိတော်မူကြပါပေသည်။ သို့ဖြစ်၍ နောက်တပည့်များလက်ထက်မှ ကွဲပြားခြင်းမဟုတ်ပဲ ရွှေကျင်ဆရာတော် ဘုရားကြီး သက်တော်ထင်ရှား ရှိတော်မူစဉ် မြန်အောင်မြို့၌ စ၍ သဘော အယူအဆ ကွဲလွဲတော်မူကြသည်သာ ဖြစ်ပေသည်ဟု မှတ်ယူရာသည်။

ရွှေကျင်ဆရာတော်ဘုရားကြီးသည် "သတ္ထာ"ဟူသော ဂိုဏ်းဆရာကြီး ဂုဏ်ထူးကို ရရှိတော်မူလောက်အောင်ပင် တပည့်တပန်း ရဟန်းသာမဏေ နှင့် ဥပါသကာ ဒကာ ဒကာမတို့ကို အနည်းနည်းအဖုံဖုံ ဆုံးမတော်မူတတ် သည်ဖြစ်ရာ "မေတ္တာယနာမုခေန ရာဂေါ ဝဍ္ဎေတိ" ဟူသော နေတ္တိ အဋ္ဌကထာဝါကျကို အစပြု၍ ပုထုဇန်သတ္တဝါတို့ကို လှည့်ပတ်လိမ်လည် တတ်သော ဝဋ္ဋနာတို့ဖြင့် အလိမ်အလည် အလှည့်အပတ် မခံကြရလေ

အောင် ၃၆-ပါးသော ဝဋ္ဋနာတရားတို့ကို ထုတ်ပြ၍လည်း ဆုံးမတော်မူခဲ့ပါပေသည်။

ထိုမှတပါးလည်း ဩဝါဒကထာ ဒေသနာတော် အမျိုးမျိုးတို့ဖြင့် ရေးသားဆုံးမတော်မူလေ့ရှိရာ သာသနာလျှောက်လည်းဖြစ်၍ ဩဝါဒကထာလည်းဖြစ်စေသော ဩဝါဒမျိုး များစွာတို့ဖြင့်လည်း ဆုံးမဩဝါဒပေးတော်မူတတ်ပါသည်၊ သာသနာလျှောက် ဩဝါဒကထာအများတို့တွင် နောက်သားတို့ နည်းယူကြည်ညိုရစေရန် သာသနာလျှောက် ဩဝါဒကထာတပုဒ်ကို ဖော်ထုတ်အပ်ပါသည်။

## သာသနာလျှောက် ဩဝါဒကထာစာတမ်း

ဘုရားတပည့်တော် နန္ဒမဥ္ဇူ ရှိခိုးလျှောက်ကြား အသနားတော်မြတ်ခံပါသည် သံဃာတော်အရှင်မြတ်တို့ဘုရား.... အရှင်မြတ်တို့ ကျေးဇူးသခင် ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူသည့် နေ့မှစ၍ ထားတော်မူခဲ့သော သာသနာတော်ငါးထောင်အနက် ယခုအခါ လွန်လေပြီးသော သာသနာတော် နှစ်ထောင် လေးရာ သုံးဆယ် ခြောက်ခု လွန်ပါပြီဘုရား၊ ကြွင်းသေးသော သာသနာတော်မြတ်သည်ကား နှစ်ထောင် ငါးရာ ခြောက်ဆယ်လေးခုမျှသာ ကြွင်းပါတော့သည်ဘုရား၊ ယခုအခါ မြန်မာဝေါဟာ ဂေါဇာသက္ကရာဇ် နှစ်အရေအတွက်သော်ကား ၁၂၅၄-ခု ဥတုဝသန္တ သီတင်းကျွတ်လဆန်း ၁၅-ရက် ဗုဒ္ဓဟူးနေ့ ဖြစ်ပါသည်ဘုရား။

ဤသို့လျှင် ဘုရားရှင်သာသနာ လွန်စွာဆုတ်ယုတ် လျော့သွားသည်ဖြစ်ရာ အရှင်မြတ်တို့ သေရခြင်းတရားလည်း တနေ့ထက်တနေ့ အားကြီး၍လာသည်များကို စဉ်းစား ဆင်ခြင်တော်မူကြပါကုန်သည်ဖြစ်၍ရှင်း, ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူခါနီးအခါ—

> အာမန္တယာမိ ဝေါ ဘိက္ခဝေ၊ ပဋိဝေဒယာမိ ဝေါ ဘိက္ခဝေ၊
> အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ—

မြွက်ဟမိန့်ကြား မှာထားတော်မူခဲ့သော ပစ္ဆိမဝစန မြတ်ဗုဒ္ဓအမိန့်တော်ကို ထိပ်ထက်သံမှို အမြဲသိုတော်မူကြကုန်သည်ဖြစ်၍ရှင်း,

> ပါတိမောက္ခသံဝရသံဝုတာ ဟောထ၊ အဏုမတ္တေသု ဝဇ္ဇေသု
> ဘယဒဿာဝီ သမာဒါယ သိက္ခထ သိက္ခာပဒေသု—

အန္တကဝိန္ဒသုတ် ဒေသနာတော်ကို အခါခါ နှလုံးပြုတော်မူကြကုန်သည် ဖြစ်၍ရင်း, ယခုအခါ အာကာသဝေဟာတွင် တင့်တယ်စွာ ထွန်းလင်းသော ရွှေလဝန်းကို မိုဃ်းတိမ်ပုပ်ဖုံးသကဲ့သို့ အလွန်စင်ကြယ်လှစွာသော ဘုရားရှင်သာသနာတော်ကို အချို့ပုဂ္ဂိုလ်တို့ ကျော်နင်းပြုမှားသော အနနုညာတ၊

မအပ်မရာ ဒါယကာတို့အား ပန်းသစ်သီးပေးခြင်း, ဆွမ်းတုံ့ပေးခြင်း, ထမင်းကျွေးခြင်း - စသော ကုလဒူသန အနေသနမှု၊

ဒါယကာတို့ကို တွေ့မြင်လျှင် ရှေးဦးတင်၍ နှုတ်ခွန်းဆက်ခြင်း ပုဗ္ဗဘာသိတတာ မိစ္ဆာဇီဝ၊

လူတို့ချင်းကဲ့သို့ ပြုံးခြင်းရွှေးရှိသည်ဖြစ်၍ စကားပြောလေ့ရှိသော မိဟိတပုဗ္ဗင်္ဂမတာ မိစ္ဆာဇီဝ၊

ဒါယကာတို့အောက် မိမိကိုယ်ကို နှိမ့်ချ၍ ဗျာ, မွန်, ကျွန်ုပ်, ကျုပ် စသည်တို့ဖြင့် ပြောဆိုလေ့ရှိခြင်း စာတုကမျတာ မိစ္ဆာဇီဝ၊

လူတို့အမှုကို ရွက်ဆောင်သည်ပိုးခြင်း ဂိဟိကမ္မ မိစ္ဆာဇီဝ၊

လူတို့ကဲ့သို့ ရောင်းဝယ်ဖောက်ကားခြင်း, ရွှေငွေခံခြင်း, လှည်းစီး နွားမွေး, ဆေးကုဆေးပေး, ဆေးနည်းပေး, သူနာမေးမှုကိုပြုခြင်း, အင်္ဂါရတ်ထိုးခြင်းစသော အလဇ္ဇီပါပဓမ္မ၊

အကြောင်းမရှိပဲ နေလွဲကွမ်းစား, ဆေးဝါးဆေးသောက်, အနာမရှိပဲ မြို့တွင်းရွာတွင်း ထီးဆောင်း ဘိနပ်စီးခြင်း၊

နန္ဒင်းဆိုး, ပေါက်ပွင့်ဆိုး, ပိုးပိတ်နီသက်န်း အရောင်အဆင်းဆိုးရေ နှစ်ပါးတို့ဖြင့် သံသယ မကင်းစကောင်းသော ဖဲ ကတ္တီပါ သက္ကလတ် သင်္ကန်းတို့ကို ဝတ်ရုံခြင်း၊

ကွမ်းသီးဖတ်ခံ ဝါးဖတ်ခံ ဘိနပ်, အသည်းနီ အသည်းနက်တပ်သော ဘိနပ်စသော မအပ်မရာသော ဘိနပ်တို့ကိုစီးခြင်း၊

လထက်ဝက် တောင်သဏ္ဍာန် ပြုလုပ်ကိုက်ဖြတ်အပ်သော ဖဲထီး ပိုးစုံထီး စသော မအပ်မရာသော ထီးတို့ကိုဆောင်းခြင်း၊

သင်္ကန်းမရုံပဲ မြို့တွင်း ရွာတွင်းသို့ သွားလာခြင်း၊

လေးတောင်ထက်မက ပိုလွန်၍ ထိုထိုအရပ်သို့ ကြည့်ရှုလျက် ရွာတွင်း မြို့တွင်း သွားလာခြင်းကိုပြုသဖြင့် ဩက္ခိတ္တစက္ခုသိက္ခာပုဒ်တော်ကို အခါခါ လွန်ကျူးကျော်နင်းခြင်းစသော အလဇ္ဇီပါပဓမ္မဟူသော မိုဃ်းတိမ်ပုပ် ဖုံးလွှမ်း၍ သာသနာတော် နေဝန်း,လဝန်း ညှိုးနွမ်းပျက်စီး ရှိကြသည့်အရာ များကို တရားသံဝေဂ ပြုတော်မူကြကုန်သည်ဖြစ်၍ငင်း,

ကဿပ မြတ်စွာဘုရားသာသနာတော် ဆုတ်ယုတ်ပျက်စီးတုန်းအခါ သာသနာ၌ ရဟန်းပြုမိကြသော ပုဂ္ဂိုလ်တို့ ဤသို့ဆိုအပ်ခဲ့ပြီးသော အလဇ္ဇီ ပါပဓမ္မများကို ပြုကျင့်မိကြသည့်အတွက် သေသည်မှ အခြားမဲ့၌ အဝီစိငရဲ သို့ ရောက်သွားပြီးနောက် ပြိတ္တာဘုံသို့ ရောက်ကြပြန်သဖြင့် ယခုထက်ထိ ဂိဇ္ဈကုဋ်တောင်ကြီး၌ အလျှံညီးညီး သံပြားသင်္ကန်းကြီးကို ဝတ်ရုံပတ်လွှမ်း အော်မြည်တမ်းလျက် ပင်ပန်းကြီးစွာ ဆင်းရဲခံနေရသော ပါရာဇိကဏ် ပါဠိတော်လာ ဝတ္ထုကို အခါခါ နှလုံးပြုတော်မူကြပါကုန်သည် ဖြစ်၍ငင်း,

တင်လဲအိုးထဲ၌ သေဘေးဆိုက်ရသော ပိုးပရွက်များကဲ့သို့ မိမိတို့ အလဇ္ဇီပါပဓမ္မအတွက် ကိုးကွယ်ရာ သာသနာတော်မှ ဘေးကြီးလက်နက် မထိစေရ၊ လဇ္ဇီပေသလ ကုက္ကုစ္စ သိက္ခာကာမဂုဏ်တော်များနှင့် ပြည့်စုံ၍ ပါတိမောက္ခသံဝရသီလ လုံခြုံအောင် အမြဲ သတိဆောင်တော်မူကြပါမည့် အကြောင်း၊

ထိုထိုကာမဂုဏ် ဝိသဘာဂ အာရုံကြီးများနှင့် တွေ့တိုင်း တွေ့တိုင်း ခြင်္သေ့သစ်ကျား သားရဲဘီလူးများကို တွေ့ဘိသည့်အလား အလွန်ကြောက် ရွံ့သော စိတ်ထားဖြင့် ဤအကောင်ပုပ်မတို့သည်ကား လူယောင်ဖန်ဆင်း၍ လူကို ကိုက်သတ် စားသောက်တတ်သော ရက္ခိုသ်ဘီလူးမတို့ကဲ့သို့ ဘဝအ ဆက်ဆက် ငါ့ကို လိမ်လည်လှည့်စား အဝီစိသို့ အခါခါရောက်သွားစေ တတ်သော ရန်သူစစ်စစ် အလွန်ကြောက်အပ် စက်ဆုပ်အပ်သော အသုဘ, အနိစ္စ, ဒုက္ခ, အနတ္တ-အစုမျှသာတည်းဟု နှလုံးပြုတော်မူကြကုန်သဖြင့် ယင်းသို့သော ဝိသဘာဂ အာရုံတို့ကြောင့် တုန်လှုပ်ချောက်ချား မရှိစေရ၊ ဣန္ဒြိယသံဝရသီလကြီးများနှင့် ပြည့်စုံအောင် အထူး သတိဆောင်တော်မူ ကြပါမည့်အကြောင်း၊

အရှင်မြတ်တို့ ပရိယတ် ပဋိပတ်အန္တရာယ် မဖြစ်စေခြင်းငှါ အကြောင်း ထူးကိစ္စမရှိပဲ တကျောင်းမှ တကျောင်း ကူးသန်း, တခန်းမှ တခန်းသို့

လှည့်ပတ်သွားလာ စကားများစွာ ပြောကြား၍ နေခြင်းဟူသော သင်္ဂဏိကာရာမတာ, ဘဿာရာမတာ-အယုတ်တရားများကိုလည်း ပယ်ရှားနိုင်ကြအောင် များများကြီး သတိဆောင်တော်မူကြပါမည့်အကြောင်း၊

အရှင်မြတ်တို့....သူတော်ကောင်းဂုဏ်ကို ဖျက်ဆီးတတ်သော အနည်းငယ်မျှ သူတပါးတို့အဆိုအမြည် မခံနိုင်၊ အလွန်စိတ်တို, စိတ်ဆိုးလွယ်ခြင်း ကောဓအယုတ်တရား၊

ရန်ငြိုးဖွဲ့ထားတတ်ခြင်း ဥပနာဟအယုတ်တရား၊

သူတပါးတို့ဂုဏ်ကို ချေဖျက်၍ ပြောဆိုလေ့ရှိခြင်း မက္ခအယုတ်တရား၊

မိမိနှင့် အဖက်မတန် သုတပညာပိုလွန်သူတို့နှင့် ဖက်ပြိုင်၍ အန်တုပြုလုပ် ပြောဆိုမိတတ်ခြင်း ပလာသ အယုတ်တရား၊

မိမိထက် သိက္ခာဝါကြီးသူတို့အားသော်လည်း နဖူးမြေကျ ဝပ်မချနိုင်, ရှိမခိုးနိုင်၊ ခိုင်ခံ့မာမြင့်ခြင်း ထမ္ဘ အယုတ်တရား၊

သူတပါးတို့ နားမချမ်းသာဖွယ် ချုတ်ချယ်ဆိုမြည်တတ်ခြင်း သာရမ္ဘ အယုတ်တရား၊

မိမိ၏ အနည်းငယ်မျှသော သီလ,ဓနု,သုတ,ပညာဂုဏ်ကို ပိုပိုလျှံလျှံ အထင်ကြီး၍ သူတပါးတို့အား ဖိစီးပြောဆိုတတ်သော မာန, အတိမာန အယုတ်တရား၊

ဝင့်ဝါပလွှား ဝါကြွား ပြောဆိုမိတတ်သော အတ္တုက္ကံသနပကာသန အယုတ်တရား၊

သူတပါးဂုဏ်ကို မလိုတမူ ငြူစူဝန်တိုတတ်သော ဣဿာ မစ္ဆေရ အယုတ်တရား၊

ဆိတ်ကွယ်ရာ၌ သိက္ခာပုဒ်တော်ကို ကျော်နင်းလွန်ကျူး၍ သူတထူး မသိရအောင် ကြံဆောင်ပြောကြား မိမိအပြစ်ကို ဖုံးထားတတ်ခြင်း, စာမတတ်ပဲ တတ်ယောင်ကား တရားမကျင့် ကျင့်ယောင်ကားနှင့် ဝါကြွား စဥ်းလဲခြင်း မာယာ, သာဌေယျ အယုတ်တရား၊

မိမိအယူဝါဒ နေရာမကျသည်ကို သီတင်းသုံးဖော်ဆရာသမားတို့ တရားနှင့်လျော်စွာ ပြောဆိုပါသော်လည်း မိမိအယူကို မစွန့်နိုင်၊ အလွန်ယူအား, ငြင်းအားသန်သော အာဒါနဂါဟီ ဒုပ္ပဋိနိဿဂ္ဂိတာ-အယုတ်တရား၊

သီတင်းသုံးဖော် ဆရာသမား သံဃာတော်များတို့ တရားအလျောက် ပြောဆိုဆုံးမရာ ရှိသေစွာ မလိုက်နာနိုင်၊ အလွန် ဆိုဆုံးမခက်သော ဒေါဝစဿတာ အယုတ်တရား၊

အလွန် သိက္ခာဂုဏ်ဝါကြီးသော မထေရ်ကြီးတို့သော်မှလည်း ဆုံးမ ချီးဖျက်၍မရ၊ အလွန်ခက်ထန်လှသော ဓမ္မသင်္ဂဏီ, ဝိဘင်းပါဠိတော်လာ ဒေါဘဂ္ဂတာအယုတ်တရား၊

သာသနာတော်မှ ရွှေလျောပျက်စီး အဝီစိတိုင်အောင် ဂျမ်းထောင် စောက်ထိုး သွားစေတတ်သော ရုန့်ကြမ်းသော ကာမဝိတက်,ဗျာပါဒ ဝိတက်အယုတ်တရား၊

ဤသို့သော အရှင်မြတ်တို့အကျိုး,သူတပါးတို့အကျိုးနှစ်ပါးကို ဖျက်ဆီး တတ်သော အရှင်မြတ်တို့၏ ကိုယ်တွင်းရန်ကို တိုက်ဖျက်နိုင်အောင် အထူး သတိဆောင်တော်မူကြပါမည့်အကြောင်း၊

အရှင်မြတ်တို့အား သီတင်းသုံးဖော် သံဃာတော်တို့ ကြည်ညိုနှစ်သက် ဖွယ်ရှိအောင် အလွန်ဆိုဆုံးမလွယ်ခြင်း သောဝစဿတာ မင်္ဂလာဂုဏ်နှင့် အထူးပြည့်စုံအောင် သီတင်းသုံးဖော် ဆရာသမားတို့၌ ပြုသင့်ပြုထိုက်သော ဝတ်ကြီးဝတ်ငယ်တို့နှင့် ပြည့်စုံအောင် သီတင်းသုံးဖော် ဆရာသမားတို့အား အလွန်ကြည်ညို ရိုသေလေးမြတ် တုပ်ဝပ်ခြင်း သက္ကစ္စ,သဂါရဝ,သပတိဿ တရားများနှင့် အထူးပြည့်စုံအောင် သီတင်းသုံးဖော် သံဃာတော် ဆရာ သမားတို့ ဂုဏ်ကျေးဇူးများကို အထူးတင်လေ့,ပြောကြားလေ့ရှိခြင်း ကတ-ညုတာ, ကတဝေဒိတာဂုဏ်နှင့် ပြည့်စုံအောင် များများကြီး သတိဆောင် တော်မူကြပါမည့် အကြောင်း၊

သံဃသာမဂ္ဂီ အထူးဖြစ်စေခြင်းငှါ အချင်းချင်း ငြင်းခုံခြင်း နာနာဝါဒ, ဝိဝါဒဘေးကြီး မသင့်စေရ၊ သီတင်းသုံးဖော် ဆရာသမားတို့နှင့် အကျင့် သီလ အယူဝါဒ တူမျှ၍ သဘာဂဝုတ္တိဖြစ်အောင် များများကြီး သတိ ဆောင်တော်မူကြပါမည့် အကြောင်း၊

သံဃဘေဒ,သံဃရာဇိဖြစ်ကြောင်း သူတပါးမကောင်းသည်ကို မြင်လျှင် ကွယ်ရာ အတင်းအဖျင်း ရန်တိုက်စကား မပြောကြားမိစေရ၊ ထိုပုဂ္ဂိုလ်ထံ သွား၍ အကျိုးစီးပွါးကို တောင့်တသော စိတ်ထားဖြင့် လူမသိ,ရှင်မကြား ဖြည်းညှင်းသာယာ တိုးတိုးသက်သာ ကောင်းစွာဟောကြား သတိပေး

ထားတော်မူမိကြအောင် များများကြီး သတိဆောင်တော်မူကြပါမည့် အကြောင်း၊

မိမိထံ သူတပါးတို့လာ၍ အကျိုးလိုဟန် ရန်တိုက်စကား ပြောကြား လာတိုင်း နားမထောင်မိစေရ၊ အကယ်၍ ယုံမှားရှိလျှင် ထိုပုဂ္ဂိုလ်ထံသွား၍ ယုံမှားကင်းအောင် မေးမြန်းသဖြင့် ဒေါသ အာဃာတ ကင်းအောင် အထူး သတိဆောင်တော်မူကြပါမည့် အကြောင်း၊

မိမိကလည်း သူတပါးတို့ နားမခံသာဖွယ် ချုတ်ချယ်မြည်တွန်ခြင်းကို မပြောမိစေရ၊ သူတပါးတို့က မိမိအား နားမခံသာဖွယ် ချုတ်ချယ်မြည်တွန် ပြောဆိုသဖြင့် ကြားသိရသည့်အခါလည်း ထိုပုဂ္ဂိုလ်တို့အား ငြိုးထားရန် မက် စိတ်မထွက်မိစေရ၊ "အကောဓေန ဇိနေ ကောဓံ" ဒေသနာတော် အောင်လံဖြင့် ထိုတဖက်ရန်ကို အောင်စေခြင်းငှါ ထိုပုဂ္ဂိုလ်တို့အား အလွန် သည်းခံနိုင်ခြင်း ခန္တီသံဝရတရားများနှင့် ပြည့်စုံအောင်ပြုသဖြင့် သူမလိမ္မာ တို့ ကဲ့ရဲ့သည့်အတွက် မိမိ ခန္တီသံဝရဂုဏ်ရောင်ထွက်၍ ပညာရှိသူတော် ကောင်းအပေါင်းတို့ နှစ်သက်ကြည်ညိုခံတော်မူကြရအောင် များများကြီး သတိဆောင်တော်မူကြပါမည့် အကြောင်း၊

ကြောင်ဘားဘေးကို ကြောက်၍ ကျားဘေးရှိရာ နောက်ဆုတ်သွား မှားသော ယောကျ်ား တောကျားကိုက်၍ သေဘေးဆိုက်ရဘိသကဲ့သို့ သူတပါးတို့ အနည်းငယ် အဆိုအမြည် အကဲ့ရဲ့ခံရမည့် ဘေးကိုကြောက်၍ ထိုပုဂ္ဂိုလ်တို့အား ခိုက်ရန်ဖြစ်ပွါး ပြစ်မှားမိ၍ အဝီစိငရဲသို့ ရောက်တတ်လှ သည့် အရေးများကို မြော်တွေးစဉ်းစား များများကြီး သတိပြုတော်မူကြ ပါမည့် အကြောင်း၊

လေပြင်းမုန်တိုင်း လှိုင်းကြမ်းမိသည့် လှေသူကြီးယောကျ်ား သူတပါး လှေကို မေ်မကြည့်အားပဲ မိမိလှေကိုသာ မှောက်မသွားရလေအောင် သတိဆောင် အားထုတ်ရဘိသကဲ့သို့—

န ပရေသံ ဝိလောမာနိ၊ န ပရေသံ ကတာကတံ။

အတ္တနောဝ အဝေက္ခေယျ၊ ကတာနိ အကတာနိ စ။—

ဓမ္မပဒပါဠိတော်နှင့်အညီ သူတပါးတို့၏ ကတာကတ အပြစ်ဒေါသကို မရှုမိ စေရ၊ မိမိတို့၏ ကတာကတ ပြစ်ဒေါသကိုသာ အခါခါရှုတော်မူမိကြအောင် များများကြီး သတိဆောင်တော်မူကြပါကုန်သည်ဖြစ်၍ ကိုယ်တော်မြတ်တို့

အားထုတ်သင့်, အားထုတ်ထိုက်သော လိုရင်းရည်ရွယ်တိုင်းသော မဂ်ဖိုလ်ကိစ္စ မြန်မြန်ကြီး ပြီးလွယ်ကြရအောင် နေ့ညဉ့်မခြား မလပ်မအား ပရိယတ်, ပဋိပတ်, ဓုတင်, သမထ,ဝိပဿနာ ဘာဝနာတရားများကို လွန်စွာကြိုးကုတ်အားထုတ်တော်မူမိကြရအောင် များများကြီး သတိဆောင်တော်မူကြပါမည့် အကြောင်း၊

နေ့ကိုင်သက်န်း ဝတ်ရုံကြရာဝယ် ဘုရားရှိခိုး ဝတ်တက်ကြသည့် အခါ, စာချပုဂ္ဂိုလ်များထံ စာတက်ကြသည့်အခါ, မထေရ်ကြီးများထံ ဆည်းကပ်ကြသည့်အခါ,ဥပုသ်ပဝါရဏာ ကမ်ကြီးကမ်ငယ် ရှက်ဆောင်ကြသည့်အခါ, အာဂန္တုက မထေရ်ကြီးများ ရောက်လာ၍ ရှိခိုးဝတ်ချသည့် အခါတို့၌ တဖက်ရုံနည်းအစစ် သီဟိုဠ်ကိုင် သီဟိုဠ်ရုံနည်း မရုံနိုင် မရုံတတ်လျှင်—

ယထာ စ ပါဠိကာရကော ဘိက္ခု ဇံသပါရုပနေန ပါရုတံ ဝါမဗာဟံ ဝိဝရိတွာ စီဝရံ အံသကူဋေ ထပေတိ—

စသည်ဖြင့် အဋ္ဌကထာလာတိုင်း ကျောင်းသံဃာစည်းဝေးရာ သံဃာအစဉ်ကို နေရာချထား ကိစ္စများနိုက် လက်ဝဲမောင်းကို ဖော်ရုံမိသော ပါဠိကာရက ရဟန်းကဲ့သို့ မဖြစ်စေရ၊ လက်ဝဲမောင်း တတောင်ဆစ်ကို လွန်အောင်ဖုံးလွှမ်း၍ ရုံမိလျှင် အာပတ်လွတ်လောက်ရာသည် ဟု ဆရာတော်သင်ပြပေးထားသည့် ဥပဒေသအတိုင်း တတ်စွမ်းနိုင်ကြလျှင် ပထမသီဟိုဠ်တဖက်ရုံနည်း ရုံနိုင်ကြရအောင်၊

ယင်းသို့ မတတ်နိုင်သည့်အခါ ဆရာတော်သင်ပြသည့် ဒုတိယနည်းအတိုင်း တဖက်ရုံ လက်ဝဲမောင်းတတောင်ဆစ်ကို ဖုံးလွှမ်း၍ ရုံတော်မူမိကြရအောင်၊ ပုဆစ်ဒူးဝန်းအောက် လက်ရှစ်သစ်ထက် မရှည်လွန်းစေရ၊ လက်ရှစ်သစ်အောက်လည်း မတိုလွန်းစေရ၊ သင်းပိုင်ကိုယ်ဝတ်တို့ကို အဝန်းသုံးပါးနှင့်ပြည့်စုံစွာ ဝတ်ရုံ၍ ပရိမဏ္ဍလသိက္ခာပုဒ်ကြီးနှစ်ပါးတို့နှင့် ပြည့်စုံအောင် အခါခပ်သိမ်း သတိဆောင်တော်မူကြပါမည့် အကြောင်း၊

ဤအတိုင်း နေ့စဉ်မပြတ် သံဃာတော်တို့ ဝတ်တက်ဝတ်ကပ် အပြီးအဆုံး၌ သတိပေး လျှောက်ထားကြရမည်-ဟူသော ဆရာတော်ဘုရားကြီး၏ အမိန့်တော်များကို ဦးထိပ်ထားရပါသည့်အတိုင်း ဘုရားတပည့်တော်လူငယ် နန္ဒမဥ္စူ ရိုသေဝပ်တွား သတိပေးတရား လျှောက်ကြားဝံ့ပါသည် သံဃာတော်အရှင်မြတ်တို့ဘုရား။

ဤသို့ မဝံ့မစား လျှောက်ထားပါရသော ဘုရားတပည့်တော် နန္ဒမဥ္စူ အားလည်း သနားသည်းခံတော်မူကြပါမည့်အကြောင်းနှင့် အရှင်မြတ်တို့၏ ခြေတော်စုံကို ဦးတင်မိုး၍ ရှိခိုးတောင်းပန်ပါသည် အရှင်မြတ်တို့ဘုရား။

ယင်းသို့ ရှိခိုးလျှောက်ကြား တောင်းပန်ရသော ဘုရားတပည့်တော် လူငယ် နန္ဒမဥ္စူအားလည်း မတော်မတရား ပြုကျင့်မှားသည်တို့ကို မြင်တော်မူကြပါလျှင် ကာလ, ဌာနမရွေး တွေ့မြင်ရာအရပ်၌ပင် နှိုးနာအောင် သဲဒဏ်,ရေဒဏ်ပေး၍ ဆုံးမတော်မူကြပါမည့်အကြောင်းများနှင့် လျှောက်ထား အသနားတော်မြတ်ခံပါသည် သံဃာတော်အရှင်မြတ်တို့ဘုရား။

[သာမဏေငယ်, ကျောင်းသားငယ်တို့ နှုတ်ဝယ်အရ ရွရွကျေအောင် ကျက်ကြပြီးကာ တယောက်တလှည့်စီ နေ့စဉ်မပြတ် လျှောက်ထားအပ်သော သာသနာလျှောက် ဩဝါဒကထာစာတမ်း ပြီး၏။]

ရွှေကျင်ဆရာတော်ဘုရားကြီးသည် တပည့်သားတို့အား ကြီးစွာသော သနားကရုဏာတော် ရှိတော်မူသည်ဖြစ်၍ ဤသို့သော သာသနာလျှောက် ဩဝါဒကထာတို့ဖြင့်လည်း ဆုံးမတော်မူလေ့ရှိရာ ပြအပ်သော ဩဝါဒကထာသည် အမြွက်မျှပြရာ တခုမျှသာ ဖြစ်ပါသည်။

ရှင်ငယ် ရဟန်းငယ် တပည့်တပန်းတို့အား မလပ်တမ်း ဆုံးမတော်မူသည်သာ မဟုတ်၊ မိမိကိုယ်တော်တိုင်လည်း ဂဏာစရိယ ဂဏပါမောက် ထက်အောက်ပေါ်ထင် ဘုရင့်အပူဇော်ခံ ဆရာတော်ကြီးတပါး ဖြစ်တော်မူသည့် ကာလတိုင်အောင် မိမိထက် သိက္ခာကြီးတော်မူသော ဆရာတော်ကြီးများက သတိပေးတော်မူသည်များကိုလည်း လောကဝဇ္ဇနှင့် အာပတ်မှ လွတ်ကင်းပါလျှင် မငြင်းမဆန် သည်းခံလိုက်နာလျက်ပင် ရှိတော်မူပါပေသည်။

## ရွှေကျင်ဆရာတော်နှင့် အုတ်ဖိုဆရာတော်

သက္ကရာဇ် ၁၂၄၀-ခုနှစ်၌ ရွှေကျင်ဆရာတော်ဘုရားကြီးသည် ရွှေတိဂုံစေတီတော်မြတ်ကို ဖူးမျှော်တော်မူရန် ရတနာပုံနေပြည်တော်မှ ရန်ကုန်မြို့သို့ လှေဖြင့် စုန်တော်မူခဲ့ရာ ရန်ကုန်မြို့၌ သာသနာရေးနှင့်စပ်၍ ဖြစ်ပွါးလျက်ရှိသော ဝိဝါဒါဓိကရုဏ်းကို နှစ်ပါးပူးပေါင်း ငြိမ်းအေးတော်မူလို

သောဆန္ဒဖြင့် သာရဝေါ်တောရကျောင်း၌ သီတင်းသုံးတော်မူသော အုတ်ဖို ဆရာတော်ဘုရားကြီးထံသို့ ဝင်ရောက်ဖူးမျှော်ကန်တော့၍ ရန်ကုန်မြို့သို့ ခေတ္တကြွရောက်၍ သာသနအဓိကရုဏ်းကို ငြိမ်းစေတော်မူရန် ပင့်လျှောက် ခဲ့သည်အတိုင်း အုတ်ဖိုဆရာတော်ဘုရားကြီး ရန်ကုန်သို့ ကြွတော်မူသည်။ ပုဇွန်တောင် ကျောက်စရစ်ကုန်းကျောင်း၌ တည်းခိုသီတင်းသုံးတော်မူ သည်။ ရွှေကျင်ဆရာတော်ဘုရားကြီးမှုကား ကြိုတင်ကြွခဲ့၍ ကျောင်းတော် ရာ ရွှေကျင်တိုက်၌ သီတင်းသုံးတော်မူသည်။

ရန်ကုန်၌ ဖြစ်ပေါ်နေသော သာသနဝိဝါဒါဓိကရုဏ်းကိုလည်း ဆရာ တော်ကြီးနှစ်ပါး ပြောဟော ငြိမ်းအေးစေတော်မူကြသည်၊ အုတ်ဖို ဆရာတော်ဘုရားကြီး ရန်ကုန်သို့ မကြွရောက်လာမီ နှစ်ဖက်သောဂိုဏ်း သားတို့က တောင်းပန်အပ်သည်ဖြစ်၍ **"ဓမ္မောသဓဒီပနီစာတမ်း"**အမည်ဖြင့် တပည့်တော် ရေးသားအပ်သော အဆုံးအဖြတ်ကို ဖတ်ကြားလျှောက်ထား လိုပါသည်၊ ပြင်ဆင်သင့်သည်တို့ကိုလည်း ပြင်ဆင်တော်မူရန်ဖြစ်ပါသည်ဟု လျှောက်၍ ဖတ်ကြားစေလေသည်။ အထက်အညာသို့ ရောက်သကာလ အခြားသင့်တော်သော ပုဂ္ဂိုလ်များနှင့် တိုင်ပင်ညှိနှိုင်း၍ ရိုက်ထုတ်သင့် သည်ဟု အုတ်ဖိုဆရာတော်ဘုရားကြီးက မိန့်တော်မူသည် ဟူ၏။ သို့သော် ထိုအချိန်က ရတနာပုံနေပြည်တော်၌ "ရတနာပုံသတင်းစာ ပုံနှိပ်တိုက်" တခုသာ နန်းတော်တွင်း၌ ရှိသည်ဖြစ်၍ စာအုပ်စာတမ်း ရိုက်နှိပ်ရန် လွယ်ကူလျှင်မြန်မှု မရရှိခြင်း, ရန်ကုန်မြို့၌ကား စာပုံနှိပ်တိုက်အများ ရှိခြင်း, တာဝန်ယူပုံနှိပ်မည့်ဒါယကာ အသင့်အလွယ်တကူရှိခြင်းတို့ကြောင့် ရွှေကျင် ဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့၌ပင် စာအုပ်အဖြစ် ရိုက်နှိပ်တော် မူခဲ့လေသည်။

ရန်ကုန်မြို့၌ ကိစ္စပြီးပြေ၍ မန္တလေးသို့ ဆန်တက်တော်မူသောအခါ ဟသ်ာတမြို့ သောင်ဆိပ်အရပ်သို့ ရောက်တော်မူရာ အုတ်ဖိုဆရာတော် ဘုရားကြီးသည်လည်း ရွှေကျင်ဆရာတော်နှင့် တွေ့မြင်လိုသည်တကြောင်း, သပြေပင်ကျောင်းတိုက်၌ သိမသမ္မုတိကမ်ဆောင်ရန် ရှိသည်တကြောင်း ကြောင့် ဟသ်ာတမြို့ သပြေပင်ကျောင်းတိုက်၌ သီတင်းသုံးတော်မူသည်၊ ရွှေကျင်ဆရာတော်ဘုရားကြီးလည်း သပြေပင်ကျောင်းတိုက်သို့ ကြွရောက် သီတင်းသုံးတော်မူလေသည်၊ ဓမ္မောသဓဒီပနီစာတမ်းကို မန္တလေးရောက်မှ

ရိုက်ရန် ညွှန်ကြား၍ ဝန်ခံပါလျက် ရန်ကုန်၌ ရိုက်ခဲ့ရပါမည်လားဟု ပဋိဃာဝဒုက္ကဋ်ဖြင့် အပြစ်တင်တော်မူ၍ ဒဏ်ပေးရမည်ဟု အုတ်ဖိုဆရာတော် ဘုရားကြီးက မိန့်တော်မူသည်ကို ငြင်းပယ်တော်မမူပဲ အရှင်မြတ်ပေးသော ဒဏ်ကို တပည့်တော် ရိုသေစွာပင် ခံယူ၍ ဒဏ်ထမ်းပါမည်ဟု လျှောက် တော်မူရာ—

**ရွှေကျင်ဆရာတော်နှင့် အုတ်ဖိုဆရာတော်ကြီးတို့ သမုတ်သောသိမ်**

ရွှေကျင်ဆရာတော်....အထက်မြို့တော်ရှိ ဆရာတော်တို့သည် ကုလားမင်း ပေးအပ်သောမြေသည် ဝိသုံဂါမ မဖြစ်ဟု အယူရှိကြသည်၊ မင်းဆရာ ဖြစ်သော ရွှေကျင်ဆရာတော်ကိုယ်တိုင် ကုလားမင်းပေးအပ်သော ဝိသုံဂါမ မြေ၌ သီမသမ္မုဟနကမ် ,သီမသမ္မုတိကမ်များကို ရွက်ဆောင်တော်မူခဲ့လျှင် ထိုအယူဝါဒ မကြာမီ ကွယ်ပျောက်ဖွယ်ရှိသည်၊ ထိုကြောင့် ဆရာတော်အား ယခု ဒဏ်သေပေးမည်၊ သံဃာများနှင့်တကွ သိမ်နုတ်တော်မူပါလေ-ဟု သိမ်နုတ်ဒဏ် ပေးတော်မူသည်ကို မငြင်းမဆန် လက်ခံ၍ သိမ်နုတ်တော် မူသည်၊ ပြီးလျှင် ရွှေကျင်ဆရာတော်, အုတ်ဖိုဆရာတော်ကြီး နှစ်ပါး ရှေ့ဆောင်တော်မူ၍ ဟသ်ာတမြို့ သပြေပင်ကျောင်းတိုက်သိမ်ကို သမုတ် တော်မူကြသည်။

[ထိုအခါ ရွှေကျင်ဆရာတော်ဘုရားကြီး၏ တပည့်တစု စိတ်သဘောနု သော ပုဂ္ဂိုလ်တို့သည် မိမိတို့၏ ဆရာတော်ကို ဒဏ်သေ, ဒဏ်ရှင် ပေးရာ သလောဟု ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအပေါ်၌ မလျော်မသင့် တဖျင့်တပါး အာဃာတထား၍ မတရားဆဲရေးကြကုန်သည်၊ အရှင်ဘုရား.... အုတ်ဖိုဆရာတော်ထံပါး၌ ညွှတ်တွားဆည်းကပ် ပြားပြားဝပ်နေရသဖြင့် အဘယ်အကျိုးရှိပါသနည်း၊ မဆည်းကပ်ပါနှင့်၊ သူ့စကားကိုလည်း နားမ ထောင်ပါနှင့်ဟု လျှောက်ထားကြလျှင် ရွှေကျင်ဆရာတော်ဘုရားကြီးက မင်းတို့ မသိပါဘူးကွယ် ဟူ၍သာ မိန့်တော်မူလေသည်] ဟူသတတ်။

[ထိုသီမသမ္မုဟနကမ်ကို မခံမရပ်နိုင်၊ အလွန်နာခြင်းကြီး နာလှသော ကြောင့် ရွှေကျင်နိကာယ ပထမဆရာတော် အရှင်ရွှေကျင်ဆရာတော် ဘုရားကြီး ဘဝနတ်ထံ စံလွန်တော်မူပြီး နောက်ကာလ၌ ရွှေကျင်နိကာယ ဒုတိယနာယက အရှင်ဝိသုဒ္ဓါရုံဆရာတော်မှစ၍ ဒွါရနှင့် ရွှေကျင် တစတစ ခြားနား၍ ဂိုဏ်းကွဲပြားလေသည်]ဟူ၏။

အထက်ပါ ဘရက်ကက်ကွင်း နှစ်ခုအတွင်းပါ စကားရပ်တို့သည် **မဟာ-ဒွါရနိကာယဝံသဒီပနီ**-လာ စကားတို့ ဖြစ်ကုန်၏။

၎င်းစကားတို့သည် ခိုင်မြဲသော စကားများ မဖြစ်ဟု ဆိုလိုပေသည်၊ အကြောင်းကား....ဒွါရနိကာယာဓိပတိ အာဒိပဘာဝ ဒိသာပါမောက္ခ မဟာ-ပညာဝါဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူသော အုတ်ဖိုဆရာတော်ဘုရား တည်းဟူသော သူတော်ကောင်း ပညာရှိကြီးတဆူသည် မိမိကိုယ်တိုင် ညီရင်းအစ်ကိုပမာ ကြည်ညိုမြတ်နိုး ခင်မင်ရင်းနှီးရုံမက မိမိကဲ့သို့ပင် ဂဏာဝစရိယ ဂဏပါမောက် ပေါက်သားဇာနည်ဖြစ်၍ ဝိနယဂရုက သိက္ခာ-ကာမ ဝိနယဓရ မဟာပညဝါ မင်းဆရာကြီးဖြစ်တော်မူသော ရွှေကျင် ဆရာတော်ဘုရားကြီးကို ပညာမဲ့တို့၏ အသုံးအနှုန်းဖြင့် ပရိသတ်အလယ်၌ ဒဏ်သေ, ဒဏ်ရှင်ပေး၍ နှိမ့်ချတော်မူမည်ဟု ၎င်းစာရေးသော ဘုန်းကြီးတို့ မယုံကြည်နိုင်ပေ။ အကယ်၍ သိက္ခာပုဒ်ကြီးတရပ်ကို ကျူးလွန်ကျော်နင်းမိ၍ အပြစ်ထင်တော်မူသည်ဖြစ်ပါကလည်း အတူတကွ သိမ်သမုတ်ခြင်း သီမသမ္မုတိကမ်ကိုဆောင်တော်မူမည် မဟုတ်ပေရာ၊ ရင်းနှီး ခင်မင်ရုံမျှမက အလွန်သန့်ရှင်း စင်ကြယ်သော သီလဝိသုဒ္ဓိအရှင် ဖြစ်တော်မူ၍သာလျှင် ရွှေကျင်ဆရာတော်ကြီးနှင့် အတူတကွ သီမသမ္မုတိကမ်ကို ဆောင်ရွက်တော်မူသည်ဟု ယုံကြည်ပေသည်။

ရွှေကျင်နှင့် ဒွါရ ကွဲပြားကြသည့်အကြောင်းကိုမူကား နောက်က ရေးသားခဲ့ပါပြီ၊ ရွှေကျင်ဆရာတော်ဘုရားကြီး၏ တပည့်ကြီးများသည်လည်း လဇ္ဇီပေသလ သိက္ခာကာမ ပိဋကတ္တယဝိဒူ ဝိနယဓရ ပုဂ္ဂိုလ်မြတ်ကြီးတွေ ဖြစ်သောကြောင့် သီမသမူဟနကမ်ပြုရန် ဒဏ်ပေးကာမျှဖြင့် အုတ်ဖိုဆရာ တော်ဘုရားကြီးအပေါ်၌ ပြစ်မှားတော်မူကြမည် မဟုတ်ပေ။ ကြီးကုန် ကြီးကုန်သော ပုဂ္ဂိုလ်တို့၏ ဆုံးမဩဝါဒကို မျှားသောအားဖြင့် ငယ်ကုန် ငယ်ကုန်သော ပုဂ္ဂိုလ်တို့သည် ရိုသေလေးစားစွာ လိုက်နာတတ်သော အလေ့အထသည် ရွှေကျင်ဂိုဏ်း၏ ဂုဏ်ထူးတခုပင် ဖြစ်ပေသည်။

## ရွှေကျင်အစဉ်အလာ ဆရာတပည့်ဆက်ဆံပုံ

ညောင်တုံးမြို့ ရွှေဟသာ်ာတောရတိုက်၌ သိမ်သမုတ်ရန် မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးနှင့် ရန်ကုန်မြို့ ကျောင်းတော်ရာရွှေကျင်တိုက် ဆရာ

တော်ဘုရားကြီးတို့ သဘော်ဖြင့် အတူတကွ ကြွတော်မူရာ ကျောင်းတော်ရာဆရာတော်ဘုရားကြီးသည် မိမိထက် ငါးဝါမျှသာ သိက္ခာဝါ ကြီးတော်မူသော မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးရှေ့တော်၌ တနေ့လုံး ညောင်တုံးသို့ ရောက်သည်တိုင်အောင် ပုဆစ်ဒူးတုပ် လက်အုပ်ချီလျက် အရိုအသေပေးတော်မူကာ လိုက်ပါလာတော်မူသည်၊ မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးကလည်း ရဟန်းငယ် တပည့်ကလေးတပါးကို ဆုံးမသကဲ့သို့ ပြောဟောဆုံးမတော်မူသည်ဟု ကျေးဇူးရှင်စံကျောင်းဆရာတော်ဘုရား မိန့်ကြားတော်မူသည်ကို မှတ်လိုက်ရပေသည်၊ ပညာရှိသူတော်ကောင်းကြီးများသည် ဤနည်းနှင်နှင်တို့သာ ဖြစ်လေသည်၊ ရွှေကျင်ဆရာတော်ဘုရားကြီးသည် မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး, ကျောင်းတော်ရာဆရာတော်ကြီးတို့၏ ဥပဇ္ဈာစရိယ ဆရာရင်းဖြစ်တော်မူရကား အုတ်ဖိုဆရာတော်ဘုရားကြီး၏ ဩဝါဒကို ဤသို့ပင် ခံယူတော်မူသဖြင့် တပည့်ကြီးများလည်း မိမိ၏ ဆရာအရှင်၌ ပညာရှိသူတော်ကောင်း ရဟန်းမြတ်လက္ခဏာ ရှိတော်မူသည်ကို ဂုဏ်ယူလျက် ကျေနပ်တော်မူကြမည်ပင်ဟု ယုံကြည်ပေသည်။

ဤအထက်ပါ ထုတ်ဆိုအပ်ပြီးသော စကားရပ်တို့ဖြင့် ရွှေကျင်ဂိုဏ်းနှင့် ဒွါရဂိုဏ်းသည် ရွှေကျင်ဆရာတော်ဘုရားကြီး သက်တော်ထင်ရှား ရှိတော်မူစဉ်ကပင် သမ္ဘောဂ သံဝါသကိစ္စ၌ အယူဝါဒ ညီတော်မမူကြသဖြင့် ကွဲပြားခဲ့ကြသည်ကိုရင်း, ရွှေကျင်ဆရာတော်ဘုရားကြီး၏ တပည့်ကြီးအဆက်ဆက်တို့သည် ရွှေကျင်ဆရာတော်ဘုရားကြီး၏ အဆုံးအမ ဩဝါဒနှင့် အယူအဆတော်ကို ရိုသေလေးစားစွာ လိုက်နာကျင့်သုံးတော်မူလျက် ရှိသည်ကိုရင်း အမှန်အတိုင်း သိရှိကြရပေပြီ၊ ရွှေကျင်ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီးစ အခါ၌ ရွှေကျင်ဆရာတော်ဘုရားကြီး၏ တပည့်ကြီးများ စုရုံးစည်းဝေးတော်မူ၍ ရွှေကျင်ဂိုဏ်းကြီး မပြိုကွဲ မပျက်စီးလေအောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် တိုင်ပင်တော်မူကြ၍ အများသဘောကျ ကာလ ဒေသအားလျော်စွာ မြတ်စွာဘုရား၏ ဝိနည်းဒေသနာတော်,ရွှေကျင်ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ရေးသားဆုံးမ ဩဝါဒပေးခဲ့သော ရွှေကျင်ဂိုဏ်း ဥပဒေတော်တို့အား လျော်စေ၍ စည်းမျဉ်းဥပဒေ ရေးဆွဲ၍ အသီးအသီးသော မြို့နယ်အရပ်ရပ်တို့၌ ဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက်, ဝိနည်းဓိုရ် ပုဂ္ဂိုလ်တို့ကို ရွေးချယ်တင်မြှောက်၍

ရွှေကျင်ဂိုဏ်းကြီးကို စောင့်ရှောက်တော်မူကြသော အချိန်၌လည်း ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဩဝါဒတော်ကို ဦးထိပ်ရွက် လေးလေးမြတ်မြတ် ပြုကာ လိုက်နာကျင့်သုံးရန် ညွှန်ကြားသော ဥပဒေသတို့ဖြင့်လည်း ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဩဝါဒကို သေ့ဖီတော်လှန် ပစ်ပယ်မှုမရှိ၊ ရိုသေစွာ လိုက်နာကျင့်သုံးတော်မူကြသည်မှာ ထင်ရှားသည်ကို တွေ့မြင်ကြရပါလိမ့်ဦးမည်။ သို့ဖြစ်၍ ဤတွင် ဤကိစ္စနှင့်စပ်သော စကားရပ်ကို နိဂုမ်းသတ်လိုက်ပါပြီ။

## ရွှေကျင်ဆရာတော်ဘုရားကြီး မျက်နှာကြီးမလိုက်ပုံ

တနေ့သ၌ မင်းတုန်းမင်းတရားကြီးသည် အမတ်တယောက်ကို စေလွှတ်၍ ရွှေကျင်ဆရာတော်ဘုရားကြီးအား ဆွမ်းအလှူခံ ကြွတော်မူရန် နန်းတော်သို့ ပင့်စေသည်၊ အမတ်သည် ရွှေကျင်တိုက်သို့သွား၍ ရွှေကျင်ဆရာတော်ဘုရားကြီးထံမှောက် ရောက်ကာလ ရွှေကျင်ဆရာတော်ဘုရားကြီး သင်္ကန်းရုံတော်မူနေသည်ကို တွေ့မြင်၏၊ ဒကာတော်ရှေမြေ့ရှင်က နန်းတော်သို့ ကြွရောက် ဆွမ်းအလှူခံတော်မူရန် ပင့်လျှောက်ပါကြောင်းပါဘုရား-ဟု လျှောက်ထား၏၊ ဆရာတော်ကြီးသည် မည်သို့မျှပြန်၍ အမိန့်မရှိပဲ သင်္ကန်းရုံပြီးက သပိတ်ကို လွယ်တော်မူ၍ ကျောင်းပေါ်မှ သက်ဆင်းကြွသွားတော်မူသဖြင့် အမတ်သည် နောက်မှလိုက်၍ အခြေအနေကိုကြည့်ရာ မန္တလေးတောင်၏မြောက် အဘိုးအို အမယ်အိုတို့တဲသို့ ဆွမ်းစားကြွတော်မူသည်ကို သိရလေ၏။ ရွှေကျင်ဆရာတော်ကိုလည်း နန်းတော်သို့ကြွရန် ထပ်မံ မပင့်ဝံ့၊ မင်းတရားကြီးကိုလည်း မတင်ဝံ့နှင့် အချိန်ကြာမြင့်မှ နန်းတော်သို့ရောက်၍ မင်းတရားကြီးက ရွှေကျင်ဆရာတော် ကြွလာပြီလားဟု မေးမြန်းမှ မြင်ခဲ့သည့်အတိုင်း တင်လျှောက်ရာ မင်းတရားကြီးသည် ဝမ်းသာအားရရှိလှ၍ ငါကဲ့သို့သောမင်း ရှိသေး၏လော-ဟု ဆို၍ လက်ပမ်းပေါက်ခတ်သည် ဟူ၏။ အကြောင်းမူကား—ရှင်ဘုရင်ကပင့်လျက် ဘုရင့်မျက်နှာကိုမကြည့်၊ဦးစွာပင့်ထားသော သူဆင်းရဲအဘိုးအို အဖွားအိုတို့ တဲသို့သာ တရားအားလျော်စွာ ကြွသွားတော်မူခြင်းဖြင့် ယထာဓမ္မ သာသနမျက်နှာကိုသာ သတ္တိရှိရှိ ကြည့်တော်မူသောဂုဏ်နှင့် ပြည့်စုံတော်မူသော ရဟန်းကောင်း ရဟန်းမြတ်ကို အားထား ကိုးကွယ်ရသော သာသနဒါယကာအနေဖြင့် ဝမ်းမြောက်သောကြောင့် ဖြစ်ပေသည်။

## နိဝါတ နိမာန ရှိတော်မူပုံ တရပ်

ရတနာပုံနေပြည်တော် တောင်ပြင်ဒက္ခိဏာရာမတိုက် ဆရာတော်ဘုရားကြီးသည် အခါတပါး သုဓမ္မာတရားသဘင်မှအပြန် ဝိဟာရစာရိကအဖြစ်ဖြင့် ရွှေကျင်တိုက်သို့ ကြွတော်မူလာလေသည်၊ တိုက်တွင်းသို့ ရောက်တော်မူလျှင် ရွှေကျင်တိုက်နေ သူတော်ငယ်တို့သည် လက်အုပ်ချီမိုး အရိုအသေရှိခိုးလျက် ထိုင်နေကြကုန်၏၊ မင်းတို့ဆရာတော် ဘယ်ကျောင်းမှာနေသလဲဟု သူတော်ငယ်တို့အားမေးရာ မြောက်ချီထားသောလက်အုပ်ဖြင့် ဤကျောင်းမှာ သီတင်းသုံးပါသည်ဘုရား-ဟု လျှောက်ကြသတဲ့။

ရွှေကျင်ဆရာတော်ဘုရား မြင်တော်မူသဖြင့် လှေကားမှဆင်း၍ ခရီးဦးကြိုဆိုကာ ဘုရားကြီးဆရာတော်အား မြင့်မြတ်သော ထေရာရဟနေရာသို့ ပင့်ဆောင်၍ တုပ်ဝပ်ရိုကျိုး ရှိခိုးလျက်သာ နိမ့်ရာမှနေ၍ လေးစားစွာ ဘုရားကြီးဆရာတော်ဘုရားကြီး၏ မိန့်မြွက်တော်မူသည်ကို နာခံသောဟူ၏။ ဘုရားကြီးဆရာတော်သည် အတန်ကြာမျှ အာလာပ, သလ္လာပနှင့် တကွ စာပေကျမ်းဂန်နှင့်စပ်သော စကားများကို မိန့်ကြားတော်မူ၍ ကျေနပ်ဝမ်းမြောက်သော လက္ခဏာဖြင့် ပြန်ကြွတော်မူလေသည်၊ ရွှေကျင်ဆရာတော်ဘုရားကြီးသည် ကျောင်းတိုက် အာရာမ်ပြင်သို့ တိုင်အောင် လိုက်ပို့တော်မူလိုက်၏။

ဘုရားကြီးဆရာတော်ဘုရားကြီးသည် ဒက္ခိဏာရာမတိုက်သို့ ရောက်သောအခါ "ရွှေကျင်ကို အလျင်က အထင်သေးမိပေတယ်၊ ရွှေကျင်တိုက်က သူတော်ငယ်ကလေးတို့ဟာ ဒို့တိုက်က ဦးပဥ္စင်းများထက် ယဉ်ကျေးလေးစားကြပါပေတယ်၊ ရွှေကျင်ဆရာတော်ကိုယ်တိုင်လဲပဲ ဒို့ကို ရိုသေလေးစားသည်မှာ သာမဏေကလေးသဖွယ်ပင် ဖြစ်ပါပေတယ်၊ နိဝါတ နိမာနဂုဏ်ရှိပါပေတယ်"ဟု ချီးမွမ်းစကား မိန့်ကြားတော်မူသည်ဟု အဆင့်စကားမှတ်သားရဘူးလေသည်။

ဒက္ခိဏာရာမတိုက် ဘုရားကြီးဆရာတော်ဘုရားတည်းဟူသော သူတော်ကောင်းပညာရှိ ပိဋကတ္တယဝိဒူ ဆရာတော်ဘုရားကြီးများ ကြည်ညိုချီးကျူးတော်မူမည်ဆိုလျှင်လည်း ချီးကျူးထိုက်ပါပေသည်၊ ကျောင်းသားလူငယ် သူတော်ငယ်မှစ၍ အသင်အပြ ဆိုဆုံးမမှု၌ လစ်လပ်တော်မမူပဲ ကျောင်းသားဖြစ်လျှင် ကျောင်းသားအလျောက်, သူတော်ငယ်ဖြစ်လျှင်

သူတော်ငယ်အလျောက် ပုဂ္ဂိုလ်အားလျော်စွာ ကောင်းနိုးရာရာကို ဆုံးမ သွန်သင်တော်မူသည်၊ မကောင်းရာဟူသမျှကိုလည်း ကန့်မြစ်တော်မူသည်။

"စားဖွယ်သီးမျိုး၊ တကြိမ်ခိုး၊ ထမ်းပိုးဒဏ်သုံးဆယ်ပါဘုရား။
နှစ်ကြိမ်ခြောက်ဆယ်၊ သုံးကြိမ်ဝယ်၊ ကျောင်းမယ် မနေရပါဘုရား။
ကစားမျိုးလိုက်၊ ကျောင်းသားမိုက်၊ ကျောင်း၌မနေရပါဘုရား။"-
စသည်တို့ဖြင့်လည်း နှုတ်တက်ရအောင် ကျက်စေ၍ ဆုံးမတော်မူပေသည်။

"ကျယ်ငါးပါး, များရှစ်ပါး, ကြမ်းကိုးပါး"စသည်တို့ဖြင့်လည်း တပည့် တပန်းများကို ဆုံးမတော်မူသည်။

၁။ စကားပြောကျယ်, အရယ်ကျယ်, အခေါ်ကျယ်, အချေကျယ်, အသန်းကျယ်——**ကျယ်ငါးပါး**ကို ပယ်ရမည်။

၂။ စကားများ, အရယ်များ, အအိပ်များ, အစားများ, နဝကမ္မများ, ပစ္စည်းစုများ, ရှင်ငယ်လူငယ်တို့နှင့် ရောနှောများ, အလည်အပတ်များ—**များရှစ်ပါး**ကို ပယ်ရမည်။

၃။ အစားကြမ်း, အအိပ်ကြမ်း, အသွားကြမ်း, အထိုင်ကြမ်း, အရယ်ကြမ်း, စိတ်ကြမ်း, ကိုယ်ကြမ်း, နှုတ်ကြမ်း, အဆုံးမကြမ်း—**ကြမ်းကိုးပါး**ကို ပယ်ရမည်။

## အဓိပ္ပါယ် ရှင်းလင်းချက်

**အစားကြမ်းမှာ**—— လက်များဖြင့် ဟင်းခွက်ကိုနှိုက်ခြင်း, ရှူးရှူးရှဲရှဲ အသက်ရှူ၍စားခြင်း, ဟင်းရည်ဟင်းဖတ်ကို အတိုင်းအရှည်မသိ အစားကြီးခြင်း, စကားတပြောပြောနှင့် စားခြင်း, ဝက်သားကြက်သား ငါးအမဲကို လွန်စွာစုံမက် အချက်အဝယ်ခိုင်း၍ ရှာကြံစားခြင်း, လဘက်အုပ် လဘက်ရည် ထွေထွေလာလာ ရှာကြံစားသောက်ခြင်း။

**အအိပ်ကြမ်းမှာ**——နေ့ကိုင်နေ့ရမ်းကိုချ၊ ကိုယ်ဝတ်သင်းပိုင်မျှနှင့် အိပ်ခြင်း, ဒူးထောင်ပေါင်ကား အိပ်ခြင်း, ဟောက်၍အိပ်ခြင်း စသည်တို့တည်း။

**အသွားကြမ်းမှာ**——အလွန်လျင်မြန်စွာသွားခြင်း, တောင်မြောက်ကြည့်ရှု လျှပ်ပေါ်လော်လည်သွားခြင်း, ကြမ်းနင်းပြင်းခြင်း, လှေကားအဆင်းအတက် လျင်မြန်ခြင်း စသည်တည်း။

**အထိုင်ကြမ်းမှာ**—မြူမှုန်ဖုံသလဲရှိရာ အခင်းမပါ နေထိုင်ခြင်း, မရှိမသေ နေထိုင်ခြင်း, သီတင်းငယ်တို့ကို တိုးဝှေ့တိုက်ခိုက်နေထိုင်ခြင်း စသည်တည်း။

**အရယ်ကြမ်းမှာ**—လက်ခုပ်လက်ဝါးတီး၍ ရယ်ခြင်း, စစ်စစ်မြည်အောင် ရယ်ခြင်း, ဟီးလားဟားလား အသံပြင်းစွာပြု၍ ရယ်ခြင်း စသည်တည်း။

**စိတ်ကြမ်းမှာ**—စိတ်အလွန်တိုခြင်း, ရန်ငြိုးကြီးခြင်း, ငြူစူ စောင်း မြောင်းခြင်း, သူတပါးတို့အား မကောင်းကြံခြင်း စသည်တည်း။

**ကိုယ်ကြမ်းမှာ**—သီတင်းသုံးဖော်တို့ရှေ့၌ မရှိမသေ ထိုင်ထ သွားလာ ခြင်း, မညွတ်မကိုင်းနိုင်ခြင်း, ပုဆစ်ဒူး နဖူးမြေကျ ဝပ်မချနိုင်ခြင်း စသည် တည်း။

**နှုတ်ကြမ်းမှာ**—ငမိုက်-ငမဲ-ငခွေး-ငဝက် မြည်တွန်ခြင်း, ရဟန်းတို့နှင့် မလျောက်ပတ်သော ပုံကြမ်းစကား ပြောဆိုခြင်း စသည်တည်း။

**အဆုံးမကြမ်းမှာ**—ရိုက်နှက်ပုတ်ခတ်၍ ဆုံးမခြင်း, ကာလ ဌာန မငံ့ မလင့် ဆုံးမခြင်း, ဒေါသမာန်မာနနှင့် ဆုံးမခြင်း စသည်တည်း။

ကြည်ညိုဖွယ် ကိုယ်နှုတ်အမူအရာကို ပြုခြင်း၌ အကျိုးငါးပါး ရှိသည်။ ငါးပါးဟူသည် —၁-မိမိကိုယ်ကို မစွပ်စွဲရခြင်း၊ ၂-သီတင်းသုံးဖော်တို့ ကြည် ညို ချီးမွမ်းခြင်း၊ ၃-သတင်းကောင်း ထွက်ခြင်း၊ ၄-မတွေမဝေ သေခြင်း၊ ၅-သေလျှင် နတ်ရွာသုဂတိသို့ လားရခြင်း။

ဤမှ ပြန်သောအားဖြင့် ကြည်ညိုဖွယ် ကိုယ်နှုတ်အမူအရာ မရှိခြင်း၌ အပြစ်ငါးပါးတို့ကို ရရှိကြပေလိမ့်မည်။

ဆရာသမားထံ ဆုံးမခံ၍ လဇ္ဇီသဘောကို အတန်အရာရ၍ လဇ္ဇီပုဂ္ဂိုလ် ပင် ဖြစ်ကြစေကာမူ အကျဉ်းအားဖြင့် နောက်ကပြဆိုအပ်ပြီးသော သူမ ကြည်ညိုဖွယ်တို့ကို ပယ်နိုင်ကြမှ သာသနာတော်ဝယ် ရဟန်းကောင်း တယောက် ဆိုစလောက်အောင် ဖြစ်နိုင်ကြမည်မှတ်။

ဤကား စာရိတ္တ အဆုံးအမတည်း၊ ဝါရိတ္တ အဆုံးအမလည်း သီးခြား ရှိသေး၏၊ သို့သော် အလိုရှိသူတို့ **ဓမ္မဝိနယဥပဒေသစာတမ်း**၌ ကြည့်ပါကုန်၊ ဤ၌ ကျယ်အံ့စိုး၍ ကူး၍ မပြတော့ပြီ။

## သင်္ဂဇာဆရာတော် မိန့်ခွန်း

ရွှေကျင်ဆရာတော်ဘုရားကြီးသည် ငယ်စဉ်က အမရပူရ နေပြည်တော်၌ ထင်ရှားသော ဆရာတော်များထံ၌ ရဟန်းဝါ ရှစ်ဝါတိုင်ရှိသာ စာသင်

စာလိုက်တော်မူပြီးနောက် တောရကျောင်းများသို့ ထွက်၍ ပဋိပတ်ကို အားထုတ်ယင်း မကင်းရာ မကင်းကြောင်း တပည့်များကို စာပေ ပို့ချနေတော်မူသည်။ ထိုကြောင့် သင်္ဂဇာဆရာတော်ဘုရားကြီးက **"ကို ရွှေကျင်တောထွက် စေသွားပေလို့၊ သို့မဟုတ်က ထိတ်ထိတ်ကြဲ စာတတ်ပေမည်"** ဟု မိန့်မြွက်တော်မူဘူးလေသည်။

ရွှေကျင်ဆရာတော်သည် တပည့် သားမြေးတို့ အပေါ်၌သာ မေတ္တာ-မဟာတ္တဂုဏ်ဖြင့် ဆုံးမဩဝါဒ ပေးတော်မူသည် မဟုတ်၊ အခြားပုဂ္ဂိုလ်တို့ အပေါ်၌လည်း မေတ္တာကရုဏာဓာတ် ကြီးမားတော်မူပါသည်။

## ရဟန်းတော် ၃-ပါးကို ကယ်တော်မူခြင်း

အခါတပါး၌ ထန်းပင်ရင်းတိုက်နေ ကသာစား မင်းသားကလေး၏ အင်္ကျီကို အခြားသူတယောက် ဝတ်သွားရာ ထိုအင်္ကျီအတွက်နှင့် ပတ်သက်၍ မလိုသူက ပုန်ကန်လုပ်ကြံလိမ့်မည်ဟု ဂုံးချောပြောဆိုသဖြင့် ထန်းပင်ရင်းတိုက်သား ဦးဓမ္မသာမိ စသော ဘုန်းကြီးသုံးပါးကို ကြံရာပါဟု ဖမ်းဆီးကာ နက်ဖြန်နံနက် ၁၀-နာရီအချိန် ကွပ်မျက်ရန် အမိန့်ချပြီး ချုပ်ထားသတတ်။

ထိုအခါ မတ္တရာဆရာတော်, မင်းတဲဆရာတော်, မန္တလာရာမဆရာတော်တို့သည် ကြံရာမရဖြစ်၍ မောင်ရွှေကျင်ထံ သွားကြပါဦးဟု အကြံပေးသဖြင့် ဘုန်းတော်ကြီး ဦးမဉ္ဇူသည် ရွှေကျင်ဆရာတော်ဘုရားကြီး၏တူ ကိုရင်ရာဓကို ခေါ်၍ အချုပ်နှင့်ထားသော ဘုန်းကြီး ၃-ပါးကို ပြပြီးလျှင် ရွှေကျင်ဆရာတော် သီတင်းသုံးတော်မူသော တောကျောင်းသို့ သွားကြရာ ည ၁၀-နာရီလောက်မှ ရောက်၍ ရွှေကျင်ဆရာတော် သီတင်းသုံးတော်မူသော ကျောင်းတံခါးကို ခေါက်လျှင် ဘယ်သူတုန်းဟု မေးတော်မူ၏၊ ဘုရားတပည့်တော် ရာဓပါဘုရား၊ ဒကာမကြီး ဘာဖြစ်သလဲ၊ ဒကာမကြီး ဘာမှမဖြစ်ပါဘုရား၊ အန္နိ ဘာကိစ္စရှိတုန်း၊ အခြား အရေးကြီးသော ကိစ္စရှိ၍ လာပါကြောင်း လျှောက်မှ တံခါးဖွင့်တော်မူသည်။

ဘုန်းတော်ကြီးဦးမဉ္ဇူက ကသာစားမင်းသား အင်္ကျီကိစ္စနှင့် ပတ်သက်ပြီး ဘုန်းကြီး ၃-ပါးကို ကြံရာပါဆို၍ ဖမ်းဆီးချုပ်နှောင်ထားပါသည်၊ နက်ဖြန်နံနက် ၁၀-နာရီ ကွပ်မျက်ပါလိမ့်မည်၊ ဆရာတော်ဘုရား ကယ်တော်မူ

ပါမည့်အကြောင်း လျှောက်ထားရာ "အင်း အင်း ကိုယ်ကျိုးနဲ့လို၊ ကိုယ်ကျိုးနဲ့လို၊ ဖြစ်မှဖြစ်ရပလေ သာသနဒါယကာ—သာသနဒါယကာနှင့် သံဃာတွေ သတ်ပစ်ရင်တော့ ရာဇဝင်ရိုင်းတော့မည်"ဟု ညည်းညူတော်မူကာ ကိုယ်တော်တို့က တပည့်တော်ကိုချည်း အားကိုးမနေကြနှင့် ကူညီဘို့ ဆရာတော်များ ရှာကြဦး၊ ကိုင်း မိုးသံချုပ်လှပြီ ပြန်ကြပေတော့၊ နက်ဖြန်နံနက် ကြွလာခဲ့မည်ဟု မိန့်တော်မူလိုက်၏။

နောက်နေ့ နံနက်၌ ခပ်စောစောပင် ရွှေကျင်ဆရာတော်ဘုရားသည် သုဓမ္မာဇရပ်သို့ ရောက်နေတော်မူနှင့်၏၊ ၎င်းနောက် မတ္တရာဆရာတော်, မင်းတဲဆရာတော်, မန္တလာရာမဆရာတော်တို့ အသီးအသီး ကြွရောက်တော်မူလာကြသဖြင့် ထိုဆရာတော်များနှင့် အတူတကွ ဆွမ်းဘုဉ်းပေးတော်မူကြပြီးလျှင် နန်းတော်သို့ ကြွတော်မူကြကုန်၏။

နန်းတော်သို့ ရောက်ကြသောအခါ ရွှေကျင်ဆရာတော်ဘုရားကြီးက မင်းတရားကြီးအား ရဟန်းတွေကို ရာဇဝတ်ပြစ်မှုဖြင့် နက်ဖြန် ၁၀-နာရီ သတ်မည်ဟု ကြားသိရသည်၊ မှန်ပါသလားဟု မေးမြန်းတော်မူရာ ဒကာတော် မသိရပါဟု လျှောက်၍ မိန်းမထိန်း ငလူကလေးကို မင်းတရားကြီး မေးတော်မူရသည်၊ ဟုတ်မှန်ပါကြောင်းကို တင်လျှောက်ကာလမှ မင်းတရားကြီး အမှန်ကို သိရသောဟူ၏။ ရွှေကျင်ဆရာတော် ဘုရားကြီးသည် မင်းတရားကြီးကို မြည်တွန်ဆုံးမတော်မူလေသည်၊ မင်းတရားကြီးလည်း ဩဝါဒစကားတော်ကို ရိုသေစွာ ကြားနာပြီးနောက် ချုပ်နှောင်ထားသော ရဟန်းတော်သုံးပါးကို လွှတ်စေအမိန့် ထုတ်ပြန်တော်မူလိုက်၏။ ရွှေကျင်ဆရာတော်ဘုရားကြီးသည် ထိုရဟန်းတော်သုံးပါးကို ကိုယ်တိုင်ခေါ်ဆောင်တော်မူခဲ့သည် ဟူသတည်း။

## သံဃာတော် ၃၀-ကို ကယ်မတော်မူခြင်း

အခါတပါးလည်း အိမ်တော်ရာ ဘုရားပွဲတော်၌ ရဟန်းတော်များ ပွဲကြည့်ယင်း ခိုက်ရန်ဒေါသ အဓိကရုဏ်းဖြစ်ကြရာ မဟာဒဏ်ဝန်စသည်တို့သည် အကောင်းအဆိုး မခွဲခြားနိုင်ကြပဲ သံဃာ ၃၀-ကို ဖမ်းဆီးတုပ်နှောင်ကာ လှေဖောင်တွင်တင်၍ မြစ်လယ်၌ ကျောက်စွဲ၍ အကျယ်ချုပ်ချထားလေသည်၊ ထိုအခိုက် ရွှေကျင်ဆရာတော်ဘုရားကြီးသည် မင်းကွန်းငွေတောင် တောရကျောင်းမှ မြို့တော်သို့ လှေဖြင့် ကြွလာတော်မူသည်ကို

အချုပ်ခံရသော သံဃာများမြင်၍ ရွှေကျင်ဆရာတော်ဘုရားကြီးဖြစ်သည်ကို သိကြသဖြင့် "ဆရာတော်ဘုရား....ကယ်တော်မူပါဘုရား"-ဟု သံပြိုင်ဟစ်အော်ကြ၏၊ ရွှေကျင်ဆရာတော်ဘုရားကြီး ကြားတော်မူ၍ အတူပါသော ကပ္ပိယအား အကြောင်းကိုမေး၍ သိတော်မူလျှင် "ဖြစ်မှဖြစ်ရလေ ကိုယ်ကျိုးနဲ့လို့"-ဟု နှုတ်မြွက်တော်မူကာ မြို့ဘက်သို့ရောက်လျှင် သက်န်းရုံတော်မူ၍ နန်းတော်သို့ တောက်လျှောက်ကြွတော်မူ၏၊ မင်းတရားကြီးသည် ဝမ်းသာအားရ အလျင်တဆော နေရာခင်းစေ၍ သီတင်းသုံးတော်မူပါဘုရားဟု လျှောက်သော်လည်း ထိုင်တော်မမူ၊ ဘာကို အလိုရှိတော်မူပါသလဲ၊ မိန့်တော်မူပါဘုရားဟု လျှောက်လျှင် "ဒကာတော်ရေမြေ့ရှင်သည် သာသနဒါယကာ သာသနာပြုမင်း ပြုလုပ်နေပါလျက် သံဃာများကို ရေလယ်၌ အချုပ်ချထားသည်မှာ တော်ရော့လား"-ဟု အပြစ်တင်တော်မူ၍ ယခုပင် သံဃာများကို လွှတ်ရန် မိန့်တော်မူသည်၊ လွှတ်ပါမည်ဟု လျှောက်သော်လည်း ထိုင်တော်မမူသေး၊ "လွှတ်ပါမည် ဆိုရုံနှင့် ငါတို့ မကျေနပ်သေးချေ၊ အချုပ်ခံရသော သံဃာများကို ကန်တော့ရဦးမည်"-ဟု ဆက်၍ မိန့်တော်မူ၏၊ ကန်တော့ပါမည်ဟု လျှောက်သော်လည်း ထိုင်တော်မမူသေး၊ "ကန်တော့ဆိုသော်လည်း သက်န်းစသည်ဖြင့် လေးမြတ်စွာ ကန်တော့ရမည်"-ဟု မိန့်တော်မူရာ သက်န်း, ထီး, ဘိနပ် စသည်တို့ဖြင့် လှူဒါန်းပူဇော်၍ ကန်တော့ပါမည်-ဟု ကတိပြုလျှောက်ထားမှသာ ထိုင်၍ သီတင်းသုံးတော်မူလျက် တရားစကား ပြောဟောပြီးလျှင် ရွှေကျင်တိုက်သို့ ကြွတော်မူသည် ဟူသတည်း။

ဤသို့ပင် အခြားသောသံဃာတို့အပေါ်၌လည်း ကရုဏာတော် သက်တော်မူ၍ ကူညီကယ်မသင့်ရာတို့၌ ကူညီကယ်မတော်မူတတ်သော စိတ်ဓာတ်ရှိတော်မူလေသည်။

သံဃာ့အကျိုး, သာသနာ့အကျိုးကို ဆောင်ရွက်တော်မူရာ၌လည်း ကြီးမားလှသော စေတနာတော်နှင့် ဆောင်ရွက်တော်မူသည်သာ မဟုတ်ချေသေး၊ ဂိုဏ်းဂဏမရွေး, ရပ်ရွာမရွေး သူတော်ကောင်းမှန်လျှင် ကျေနပ်စွာ လိုက်နာနိုင်ကြစေရန် ဓမ္မကြောင်း လမ်းကျကျ မဇ္ဈိမပဋိပဒါသဘောသက်စေ၍ ဘက်မလိုက်မှုပဲ ဩဝါဒပေး ဓမ္မောသဓဆေးဖြင့် တိုက်ကျွေးတော်မူတတ်သည်မှာလည်း နောက်ကရေးခဲ့ပြီးသော မြန်မာနိုင်ငံတော်

အထက်ပိုင်း အဝှမ်း၌ သာသနာပြုတော်မူခဲ့သည့်အပြင် မြန်မာသက္ကရာဇ် ၁၂၃၈-ခုနှစ် တာကူးလပြည့်ကျော် ၈-ရက်နေ့ ရန်ကုန်မြို့နေ သံဃာပေါင်းစုံ နှင့်ဒါယကာပေါင်းစုံတို့ လျှောက်ထားတောင်းပန်၍ ရှင်လူပရိသတ် မြောက်မြားစွာတို့အလယ်၌ ရှင်းလင်းဟောကြား ဆုံးဖြတ်တော်မူသော "ဓမ္မောသဓဒီပနီ"ဖြင့် ထင်ရှားပြန်ပါသည်။

ယင်းဓမ္မောသဓဒီပနီမှ နိဒါန်း ၂-ပုဒ်နှင့် နိဂုမ်းကိုင်း, စာသားအနည်းငယ်မျှကိုင်း ပြလိုပါသည်။

**ဓမ္မောသဓဒီပနီ-နိဒါန်း**

သက္ကရာဇ် ၁၂၃၈-ခု တာကူးလပြည့်ကျော် ၈-ရက်နေ့၊
သံဃာတော်တစုတို့က လျှောက်ထားတောင်းပန်သည့်စာ။

ဘုရားတပည့်တော် ကြည့်မြင်တိုင် ရှင်ဇနိန္ဒာဘိ၊ ၎င်း ရှင်ကိတ္တိ၊ ၎င်း ရှင်မာလာ၊ သရက်တော ရှင်ဂုဏ၊ အရှေ့တောရ ရှင်ရေဝတ၊ ရွှေဂုံတိုင် ရှင်ဇယန္တ၊ ကြားတောရ ရှင်ဉာဏ၊ ၎င်း ရှင်သာဂရ၊ ဗားကရာ ရှင်အရိယ၊ သွေးဆေးကန် ရှင်မေဓာ၊ ပုဇွန်တောင် ရှင်ဝရ၊ မြေနီကုန်း ရှင်ပညာဝံသ တို့မှစ၍ ဆရာတော်ဘုရားကို ကိုးစားယုံကြည်ရင်းရှိသော တပည့်သံဃာတော်တစုတို့ အသနားတော်မြတ်ခံ လျှောက်ပါသည် ဆရာတော်ဘုရား။

တပည့်တော်တို့မှာ သာသနာတော်၌ ဘုရားသခင် အမှုတော်ထမ်း ရဟန်းရှင် ပြုလုပ်နေထိုင်ရသည်မှာ သာဝဇ္ဇ, အနဝဇ္ဇ, ဒုဇ္ဇုလ္လ, အဒုဇ္ဇုလ္လ, ဂရုက, လဟုက-အစရှိသော အပြစ်ကြီးငယ်တို့ကို ဖော်ထုတ် ပြသ ဩဝါဒ ပေးတတ်သော ဆရာဥပနိဿယနှင့် ကင်း၍ တင့်တယ်ခြင်း ဖြစ်နိုင်ခဲ့သော ကြောင့်၎င်း, တပည့် ဒကာတို့ကိုလည်း သဒ္ဓါပညာနှင့်မျှသဖြင့် နိဗ္ဗာန်ခရီး နီးစေခြင်းငှါ ယထာဓမ္မ, ယထာဝိနယအလျောက် ချီးမြှောက် ပြည့်နှံးခြင်း ၌ ဒေသနာတော်နှင့် သင့်လျော်ညီမျှ ကျနခဲ့သောကြောင့်၎င်း ဆရာတော်ဘုရား တရားကျမ်းဂန်နှင့်အညီ အဆုံးအမ ဩဝါဒပေးရာ သဘာဂ ဖြစ်သော တပည့်ဂိုဏ်းသံဃာကြီးငယ်တို့နှင့်တကွ သံဃသုဋ္ဌု, သံဃဖာသု ဖြစ်အောင် မရှောင်မညှာ ဆုံးမဩဝါဒပေးတော်မူရာ မှတ်နာလိုပါ ကြောင်းကို အသနားတော်မြတ်ခံ လျှောက်ပါသည် ဆရာတော်ဘုရား။

သက္ကရာဇ် ၁၂၃၇-ခု၊ တာကူးလပြည့်ကျော် ၇-ရက်နေ့၊
ဒါယကာတစုတို့က လျှောက်ထား တောင်းပန်သည့်စာ။

ဘုရားတပည့်တော် ရန်ကုန်မြို့နေ ဒကာအခွန်ဝန် ငရွှေစိုး၊ သိမ်ကြီး ဒကာ ငဖေ့၊ ကျောင်းဒကာ ဘိုးညွှင်း၊ ကျောင်းဒကာ ဘိုးကြီး၊ ပုဇွန်တောင်ရပ်နေ ပွဲစားကြီး ငထွန်းကျော်မှစ၍ ဒကာ ဒကာမအများနှင့် တကွ ဆရာအကြီးတော် ဆရာ ငလှော်၊ ဆရာ ငဆိုး၊ ဆရာ ငကြီး၊ ဆရာ ငဆိုးပုံ၊ ဆရာ ငအုန်းခိုင်တို့ ရှိခိုး အသနားတော်မြတ်ခံ လျှောက်ပါသည် ဆရာတော်ဘုရား။

တပည့်တော်တို့ ရန်ကုန်မြို့ ရာမညတိုင်းမှာ သာသနာတော်ကို အမှီပြု၍ ရဟန်းသံဃာတော်တို့ကို ပစ္စယာနုဂ္ဂဟဖြင့် ချီးမြှင့် လှူဒါန်းကြရာ အလဇ္ဇီ ဒုဿီလ ပုဂ္ဂိုလ်တို့ကိုလှူ၍ အကျိုးရသင့်, မရသင့်၊ အလဇ္ဇီ ဒုဿီ-လပုဂ္ဂိုလ်တို့သည် အလှူခံတကျိပ်လေးပါးသို့ ဝင်သင့်, မဝင်သင့်၊ အလဇ္ဇီ ဒုဿီလပုဂ္ဂိုလ်တို့ကို ဥပနိဿယ, အာသေဝန ပြုသင့်, မသင့်၊ အလဇ္ဇီ ဒုဿီလပုဂ္ဂိုလ်တို့ကို ကိုယ်နှုတ်တို့ဖြင့် ထိပါး၍ ဂရဟိတ, အမနာပ-ပြုသင့်, မသင့် အစရှိသည်ဖြင့် စူဠဂဏ္ဌိအယူ, မဟာဂဏ္ဌိအယူ ကွဲပြားရှိကြ၍ ရှင်လူ အများတို့ ကလဟဝိဝါဒ အငြင်းအခုံစကား ဖြစ်ပွါးရှိသည်များကို ဆရာတော်ဘုရား တရားကျမ်းဂန်နှင့်အညီ ဆုံးဖြတ်ပေးသနားတော်မူရာ နှစ်ပက္ခသားတို့ သဘောမခြား မှတ်သား ကြိုက်ညီလိုပါသောကြောင့် ဘုရားသခင် ရွှေမျက်နှာတော်ကို ထောက်ထားတော်မူပါသဖြင့် ပါဠိ, အဋ္ဌကထာ, ဋီကာ ကျမ်းဂန်တို့နှင့် ညှိနှိုင်းတိုင်းထွာ သေချာပိုင်းခြား ဆုံးဖြတ်တော်မူသည်များကို မှတ်သားနာယူပါရအောင် အဆုံးအမ ဩဝါဒ စာတမ်း ခွဲခြမ်း ရေးသား ပေးသနားတော်မူပါမည့်အကြောင်းကို ရှိခိုး အသနားတော်မြတ်ခံ လျှောက်ပါသည် ဆရာတော်ဘုရား။

## ဓမ္မောသဓဒီပနီစာတမ်း-နိဂုမ်း

သာသနာတော် ၂၄၂၀-ပြည့်နှစ်၊ သက္ကရာဇ် ၁၂၃၇-ခု၊ တာကူး လပြည့်ကျော် ၇-ရက်နေ့ ရန်ကုန်မြို့ တိဂုမ်စေတီတော်မြတ်၏ အရှေ့ ကျောင်းတော်ရာအာရာမ်တွင်း ရန်ကုန်မြို့မှစ၍ ကြည့်မြင်တိုင်, ပုဇွန်တောင် သံဃာတော်ကြီးများနှင့်တကွ အထောင်မကသော ရဟန်းရှင်လူ ပရိသတ်

တို၏ အလယ်၌ သန္တ, ဒန္တ, ဂုတ္တဖြစ်သော သမဏမွန် သီလဝန်တို၏ ကြက်သရေမင်္ဂလာ ဩဘာအပေါင်းနှင့် ပြည့်စုံစွာသော ရွှေကျင်ဆရာတော် ဘုရားသည် ၎င်းပရိသတ်အစည်းအဝေး၌ မိမိထက် သိက္ခာဝါကြီးကုန်သော ဆရာတော် သံဃာတော်တို့အား ရှိခိုးဝပ်တွား အသနားခံ တောင်းပန်သ ဖြင့် အခွင့်ယူပြီးမှ ဓမ္မာသန ဌာနအထူးသို့တက်၍ မပြွက်စတောင်းသော စကားတို့ဖြင့် ဤစူဠဂဏ္ဍိ, မဟာဂဏ္ဍိတရားကို ရင်းဖျားပိုက်ကျုံး မဆုံး ဖြတ်မီကပင် ပုထုဇန်တို့ဂတိ မာနဒေါသမဆန် ကျမ်းဂန်လာတိုင်းကို သာ မည္မာမတွယ် မကွယ်မထောင့် ဖြောင့်ဖြောင့် ဆုံးဖြတ်ပါမည်ဟု ရွှေတိဂုမ်မြတ်စွာဘုရား၌ အကြိမ်များစွာ သစ္စာပန်နက် ဆိုမြွက်ခံဝန် ကြောင်းနှင့် ရဲရင့်တည်တံ့ ခိုင်ခံ့သားနား မြွက်ကြားဖွင့်လှစ်တော်မူ၍ ဆုံးဖြတ်တော်မူအပ်သော ၎င်း ဓမ္မဝိနိစ္ဆယ ဩဝါဒစာတမ်းကို မလွန် မင်းသား ဆရာ အကြီးတော် မောင်သံမှိုအား အစအဆုံး သိမ်းရုံးစေ့စပ် ဖတ်စေသဖြင့် ကြားနာရကုန်သော အဘိယာစက နှစ်ပက္ခသားတို့ သီး ခြားမမူ အယူဝါဒ ပြီးပြေကြသည်ကိုငင်း,

သည်မှတပါးလည်း ပဉ္စသီလ ဝါရိတ္တ အကျင့်ကို နေ့ညဥ့်မဖောက် စောင့်ရှောက် ထိန်းသိမ်းပါမည့်အကြောင်း၊ မသာအသုဘ ရှိကြသည့်အခါ လည်း အသာအယာ ပတ်သာကြေးဝိုင်း ဆိုင်းမှုစ၍ သံဝေဂကမ္မဋ္ဌာန်း လုံးလုံးကန်းအောင် ငိုးရမ်းတီးမှုတ် မပြုမလုပ်ပါမည့်အကြောင်း၊ အလှူ ဒါန ပြုသမျှကိုလည်း လောဘ, ဒေါသ, မောဟရန်မက် နှောင့်ယှက် ရော နှောလျက် ဩမက မဖြစ်စေအောင် ဇာတ်ရုပ်သေးအကများကို ပယ်ရှား ကန့်ကွက်၍ ကုသိုလ်သက်သက်ကိုသာ အားထုတ်ပါမည့်အကြောင်းများ နှင့် မြို့နေရွာသား ယောကျ်ား,မိန်းမ (၇၀၀) ခုနစ်ရာကျော်တို့ ဆရာ တော်ဘုရားထံ ခံဝန် လျှောက်ထားကြသည်ကိုငင်း ကြားကြားသမျှ ပရိသတ်တို့နှင့်တကွ သိကြား ဗြဟ္မာ သာသနာတော်စောင့် နတ်မြတ် အပေါင်းတို့ ကောင်းချီးပေးကြစေကုန်သောဝ်။

ဤနိဂုမ်းစကားရပ်ကို ရန်ကုန်သံဃာတော်များ ရေးသားသည့် လက္ခ-ဏာရှိသည်၊ ဤနိဂုမ်းကို ကြည့်ရသောအားဖြင့် ရွှေကျင်ဆရာတော်ဘုရား ကြီးကို ရှင်ရေလူပါ ကြည်ညိုအားထားကြပုံနှင့်တကွ နှစ်ဖက်သားတို့ နားဝင်ကျေနပ်၍ ဓမ္မလမ်းမှန်ကျအောင် ဆုံးမဩဝါဒ ပေးတော်မူနိုင် စွမ်းသော သမာဓိပညာဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသည်မှာ ကွယ်ဝှက်

၍မရစကောင်းသော ကောင်းကင်၌ ထွန်းလင်း တောက်ပြောင်လျက်ရှိသော သရဒဥတုအခါ လပြည့်နေ့၌ လပြည့်ဝန်းကြီးပမာ ရှိတော်မူပါပေသည်။

ရန်ကုန်မြို့နှင့်တကွသော ပတ်ဝန်းကျင်မြို့ရွာတို့ရှိ ရဟန်းသံဃာတော်နှင့် လူတို့သည် လူသာမဏေတို့ ဝိနည်းကို သင်အပ်,မအပ်နှင့် စပ်လျဉ်း၍ ၎င်း, အလဇ္ဇီဒုဿီလတို့ကို ပေးလှူထောက်ပံ့ခြင်းဖြင့် ကောင်းကျိုးကျေးဇူးရှိ,မရှိ-စသည်တို့၌ ဝိဝါဒစကား အငြင်းပွါးလျက် နှစ်ဦးနှစ်ဖက်သော ရှင်လူတို့သည် မကျေမလည်ရှိနေကြသဖြင့် ရန်ကုန်မြို့သို့ ကြွရောက်လာသော ရွှေကျင်ဆရာတော်ဘုရားကြီးကို အားထားယုံကြည်ကာ လျှောက်ထားကြရာ ရွှေကျင်ဆရာတော်ဘုရားကြီးသည် ဘယ်သူ့ကိုမျှ မငဲ့မကွက်ဘက်မလိုက်ပဲ နှစ်ဖက်သော ရှင်လူတို့အပေါ်၌ ကြီးမားလှစွာသော မေတ္တာကရုဏာတော်ဖြင့် မည်သူ့ကိုမျှ အစွန်းအငြိ အထိအခိုက်မပြု ဓမ္မာနုဓမ္မတရားအားလျော်ညီစွာ ကျမ်းလာအရှိ ဘုရားရှင်အာဘော်နှင့်ညှိ၍ တိတိပြတ်ပြတ် ရှင်းလင်းဆုံးဖြတ်တော်မူသဖြင့် နှစ်ဦးနှစ်ဖက်သော ရှင်လူတို့သည် ကြည်ဖြူမဆုံး နှလုံးရွှင်မော သောသောဝမ်းမြောက် လက်ပမ်းပေါက်ခတ်ကြခမန်း မခြိမ်းမကွဲ တသဘောတည်းဖြစ်လျက် ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဩဝါဒအဆုံးအဖြတ်ကို လက်ခံကြပေသည်။

ရွှေကျင်ဆရာတော်ဘုရားကြီး၏ **ဓမ္မောသဓဒီပနီ**-သည် ရှင်ရော‌လူပါ ကြည့်ရှုမှတ်သားသင့်သော အနှစ်အသားပြည့်ဝသည့် စာကောင်းဖြစ်သော်လည်း ဤရွှေကျင်နိကာယသာသနာဝင်၌ အပြည့်အစုံ ထည့်သွင်းဖော်ပြမှုကို မပြုနိုင်တော့ချေ၊ အလိုရှိက ကျမ်းစာရင်းကိုသာ ကြည့်ကြရန် ညွှန်ကြားအပ်ပါသည်၊ လူသာမဏေတို့ ဝိနည်းကို သင်ထိုက်, သင်ကောင်းကြောင်း အနည်းငယ် အမြွက်မျှကိုရင်း, အလဇ္ဇီဒုဿီလနှင့်စပ်သော အကြောင်းအနည်းငယ်မျှကိုသာရင်း ထုတ်နုတ်ပြပါမည်။

## ဝိနည်းသင်အပ်ခြင်း

ဘုရားရှင်လက်ထက်တော်အခါ ခုဇ္ဇုတ္တရာကျွန်မ, စိတ္တသူကြွယ်စသော ဥပါသိကာ ဥပါသကာဖြစ်ကြသူတို့ ဝိနည်း ပိဋကနှင့်တကွ ပိဋကသုံးပုံကို နှုတ်ငုံအရ ဆောင်ရွက်သင်ကြားကြသည်များကို ထောက်ထား၍ ဝိနည်း

တရားကို လူများမသင်ကြား မလေ့လာကောင်းဟူ၍လည်း အဓမ္မဝါဒ မပြောကြားမိကြရအောင် ဘုရားလက်ထက်တော်တွင် အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလ္လာန်မထေရ်မြတ်တို့သည် ဆဗ္ဗဂ္ဂီရဟန်းတို့၏ တပည့်ဒါယကာ ကီဋာဂိရိဇနပုဒ်သား လူအများတို့အား ရှေးဦးစွာ ကပ္ပိယာကပ္ပိယ ဝိနည်းတရားကို ဟောကြားပြီးမှ ဆဗ္ဗဂ္ဂီရဟန်းတို့အား နိုင်နင်းအောင် ဆုံးမရသည်များကိုဋင်း၊ ဒုတိယသင်္ဂါယနာ တင်အံ့သောအခါ အရှင်ယသရဟန္တာမထေရ်သည် ဝေသာလီပြည် ဝဇ္ဇီတိုင်းသားတို့အား ကပ္ပိယာကပ္ပိယ ဝိနည်းတရားများကို ဟောကြားပြီးနောက်မှ ဝဇ္ဇီတိုင်းသား အလဇ္ဇီရဟန်းတို့အား နှိမ်နင်းခွင့်ရသည်များကိုဋင်း ထောက်ထားကြကုန်သည်ဖြစ်၍ ရဟန်းတော်တို့က လူတို့အား ဝိနည်းတရားကို မဟောကြားကောင်းဟူ၍ အဓမ္မဝါဒ မပြောမိကြရအောင်—

စင်စစ်မူကား "ဝိနယော ဣတေ သာသနံ ဌိတံ"ကျမ်းဂန်လာသည့်အတိုင်း ဝိနည်းတရား ထင်ရှားမှသာလျှင် သာသနာတော် စည်ပင်ထွန်းလင်းကြောင်း၊ ကီဋာဂိရိဇနပုဒ်သား လူများကဲ့သို့ဋင်း, ဝေသာလီပြည် ဝဇ္ဇီတိုင်းသားတို့ကဲ့သို့ဋင်း ဝိနည်းတရားကို လူတို့လေ့လာမှတ်သား နားလည်ကြလျှင် အလဇ္ဇီရဟန်းတို့သည် လူတို့အား ဟိရိ,ဩတ္တပ္ပဝင်၍ အလဇ္ဇီဓမ္မမှ ဝေးစွာရှောင်ကြဉ်နိုင်ကြောင်း, လဇ္ဇီရဟန်းကောင်းတို့၏ အဆုံးအမကိုလည်း လိုက်နိုင်လွယ်ကြောင်း ဖြစ်သည်နှင့်လျော်စွာ အလဇ္ဇီပုဂ္ဂိုလ်တို့အား ကဲ့ရဲ့ပြစ်တင်လိုသောစိတ် မထင်၊ စင်ကြယ်စွာသော စိတ်ထားနှင့် များစွာသော ဥပါသကာအပေါင်းသည်ပင် ကပ္ပိယာကပ္ပိယ ဝိနည်းတရားများကို သင်ကြားလေ့ကျက် ဆောင်ရွက်ဟောပြောလေ့ရှိခြင်းသည်ပင်လျှင် သာသနာတော် စည်ပင်ထွန်းလင်း၍ သာသနာတော်ထမ်း ရဟန်းတော်တို့နှင့်တကွ ကိုးကွယ်လှူဒါန်းကြသူ ဒါယကာတို့ပါ လွန်စွာအကျိုးစီးပွါးများရန်ရှိသည်အကြောင်း, ယင်းသို့ ဝိနည်းတရားကို လေ့လာသင်ကြား၍ ကပ္ပိယာကပ္ပိယ ဝိနယအလဇ္ဇီဓမ္မများကို လွန်ကျူးကျော်နင်းသော အလဇ္ဇီပုဂ္ဂိုလ်များကိုတွေ့မြင်သည့်အခါဝယ် ပြစ်မှားကဲ့ရဲ့ အရှဲ့တစောင်း မကောင်းပြောဆို ဝန်တိုပုတ်ခတ်မှား၍ အပါယ်မလားကြရအောင်လည်း သတိအထူးဆောင်ကြရမည့်အကြောင်း-စသည်တို့ဖြင့် အကျယ်ဩဝါဒပေးတော်မူသည်။

## အလဇ္ဇိဒုဿီလနှင့် စပ်သောအကြောင်း

ဘဂဝတာပိ အတ္တနော သာသနေ သီလဝတောယေဝ ပစ္စယာ အနုညာတာ၊ န ဒုဿီလဿ။ ဒါယကာနမ္ပိ သီလဝတောယေဝ ပရိစ္စာဂေါ၊ န ဒုဿီလဿ၊ အတ္တနော ကာရာနံ မဟပ္ဖလဘာဝဿ ပစ္စာသိသနတော။——

ဟူသော အဋ္ဌကထာပါဠိ၌ ပါရာဇိကကျရောက်ပြီးသော ဒုဿီလတို့အား ဒါယကာတို့လှူဒါန်းအပ်သည့် ပစ္စည်းလေးပါးကို သုံးဆောင်ရာ၌ **ထေယျ-ပရိဘောဂ** ဖြစ်ပုံ အခြင်းအရာကိုသာ အကြောင်းနှင့်တကွ ပြဆိုအပ်သော စကားဖြစ်သည်။ ယင်း ဒုဿီလပုဂ္ဂိုလ်တို့အား ပစ္စည်းလေးပါးကို ဘုရား ခွင့်ပြုတော်မမူသောကြောင့် ယင်းဒုဿီလတို့၌ လှူဒါန်းရာဝယ် ကုသိုလ် အကျိုးမရ ဆိုလိုသည့်စကားမဟုတ် အကယ်၍ ယင်းသို့ဆိုချေသော် ဒက္ခိဏာဝိဘင်္ဂသုတ်, မိလိန္ဒပဉှာစကားတို့နှင့် ဖြောင့်ဖြောင့် ဆန့်ကျင်တော့ မည်ဖြစ်၍ ယင်းသို့ ဂိုဏ်းမလွတ်သော အဓိပ္ပါယ်ကို ယူချေသော် မသင့် လျော်နိုင်ရာဟု နှလုံးမပြုမိကြကုန်ပဲ ဘုရားရဟန္တာစကားကို ပုတ်ခတ်ပယ် ရှားဘိသည့်အလား ဒုဿီလတို့၌ လှူဒါန်း၍ အကျိုးနိရတ္ထကကဲ့သို့သော စကားများကို ပြောကြားယူမှား မရှိကြအောင်—

ဒါယကတော ဝိသုဇ္ဈတီတိ ဧတ္ထ ဝေဿန္တရမဟာရာဇာ ဝေဒိ-တဗ္ဗော၊ သော ဟိ ဇူဇကဿ ပြာဟ္မဏဿ ဒါရကေ ဒတွာ ပထဝိံ ကမ္ပေတိ။——

ဟူသော **ဒက္ခိဏာဝိဘင်္ဂသုတ်အဋ္ဌကထာ**၌ ဝေဿန္တရာနှင့် ဇူဇကာပုဏ္ဏား ကို ဥပလက္ခဏနည်းအားဖြင့်သာ ဥဒါဟရုဏ်ထုတ်ဆောင်သော စကား ဖြစ်သည်၊ ဇူဇကာကဲ့သို့သော ဂိဟိဒုဿီလကိုသာ ယူရမည်၊ ရဟန်း ဒုဿီလကို မယူသင့်ဟု ဆိုလိုသောစကား မဟုတ်၊ အကယ်၍ ယင်းသို့ ဆိုချေသော် သမဏဒုဿီလကို ပုဂ္ဂလိကအလှူခံရာ၌ **ဒက္ခိဏာဝိသုဒ္ဓိ**ဖြစ်ပုံကို ဆိုပြီးလျှင် ယင်းဒက္ခိဏာဝိဘင်္ဂသုတ်ကိုပင် သာဓကေထုတ်ဆိုသော မိလိန္ဒ-ပဉှာ ရဟန္တာစကားကို ပုထုဇန် အဋ္ဌကထာဆရာက ပယ်ရှားရာရောက်ခဲ့ သည်၊ ယင်းသို့ အစွန်းမလွတ်သော အဓိပ္ပါယ်ကို ယူချေသည်ရှိသော် မသင့် လျော်နိုင်ချေ။ စင်စစ်မူကား ယင်းဒက္ခိဏာဝိဘင်္ဂသုတ်အဋ္ဌကထာ, မိလိန္ဒပဉှာ

စကားနှစ်ရပ်လုံးကိုပင် မပယ်ရှားသင့်သည်နှင့်လျော်စွာ ယင်း ၂-ကျမ်းလုံး တို့မှလာသော စကားကိုယူ၍ "ယော သီလဝါ ဒုဿီလေသု"-စသော ဒက္ခိဏာဝိသုဒ္ဓိအရာဝယ် ဒုဿီလအရကို ဂိဟိဒုဿီလ, သမဏဒုဿီလ နှစ်ဝလုံးကိုပင် ယူသင့်သည်ဟူသော အနက်သဘောကို မဆင်ခြင်မိကြ ကုန်သည်ဖြစ်၍ ဂိဟိဒုဿီလကိုသာ ယူရမည်၊ သမဏဒုဿီလကို မယူသင့်ဟု မပြောကြား မယူမှားမိကြအောင်——။လ။

ဒါနံ နာမ သဂုဏဿာပိ နိဂ္ဂုဏဿာပိ ယဿ ကဿစိ ဒါတဗ္ဗံ၊
ယထာ ဟိ နိဒ္ဒေ ဝါ ထလေ ဝါ ဝပိတဗီဇံ နိပ္ဖလံ နာမ နတ္ထိ၊
သဂုဏေသု သုခေတ္တေ ဝိယ မဟပ္ဖလံ ဟောတိ၊——

ဟူသော **မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ**လာတိုင်း ဒါနဟူသည် အလှူခံပုဂ္ဂိုလ် အား လျော်စွာ အကျိုးနည်းများသာ ခြားသည်၊ အကျိုးလုံးလုံး မရှိ မည်သည် မရှိ-ဟူ၍ မှတ်ကြရမည့်အကြောင်း —။လ။

**ဝိမတိဝိနောဒနီဋီကာ၌**——

အလဇ္ဇိမ္ပန ဗဟုဿုတမ္ပိ သင်္ဂဟံ ကာတုံ န ဝဋ္ဋတိ၊ သော ဟိ
အလဇ္ဇိပရိသံ ဝဍ္ဎေတွာ လဇ္ဇိပရိသံ ဟာပေန္တော သတ္ထုသာသနံ
ဥဒ္ဓမ္မံ ဥဗ္ဗိနယံ ကရောတိ။——

ဟု မိန့်ပြီ၊ ၎င်းဋီကာလည်း ရဟန်းတို့ချင်းချင်း အလဇ္ဇီရဟန်းတို့အား မချီးမြှောက် မထောက်ပံ့သင့်သည်ကို လာရင်းဖြစ်သော်လည်း အဝုတ္တသိဒ္ဓိ သာမတ္ထိယအားဖြင့်၎င်း, လက္ခဏာဟာရနည်းအားဖြင့်၎င်း ဒါယကာ လူတို့ကလည်း အလဇ္ဇီရဟန်းတို့ကို အားပေးအားမြှောက် မပြုအပ်, မပြု ထိုက်သည်ကိုလည်း သွင်း၍ယူအပ်၏ မှတ်လေ၊ ဤအရာဝယ် ချီးမြှောက် မိသော ပဏ္ဍိတရဟန်းနှင့် ဒါယကာတို့မှာ အလဇ္ဇီပဂ္ဂဟစိတ်မထင် စင်ကြယ် သော စိတ်ထားနှင့် လှူဒါန်းချီးမြှောက်နိုင်သည့်အခါ အကုသိုလ် ဖြစ်မည် ကို မဆိုထားဘိ၊ ကုသိုလ်တရားပင် ဖြစ်ပွါးစရာရှိပါသေးလျက် "န ဝဋ္ဋတိ" ဟု ဋီကာဆရာဆိုခြင်းသည် သမင်သားငါးတို့ကို ကိုက်စားတတ်သော သစ်ကျားရဲအား သနားသောစိတ်ဖြင့် အစာဝအောင် ကျွေးဘိသည့်ပမာ သာသနာတော်ကို ဖျက်တတ်သော အဓမ္မဝါဒီ အလဇ္ဇီပုဂ္ဂိုလ်တို့ကို အားမပေးသော်လည်း အားပေးရာရောက်သောကြောင့် မလျော်မလျောက် ပတ်၍သာ ဆိုသည်၊ ချီးမြှောက်သူ ရဟန်းနှင့် ဒါယကာတို့မှာမူကား

အလဇ္ဇီပဂ္ဂဟစိတ်ထားနှင့် အားပေးချီးမြှောက်မိမှသာလျှင် အကုသိုလ်ပက္ခသို့ ဝင်သည်မှတ်၊ ထို့ကြောင့်—

သစေ ပန အလဇ္ဇီ ။ပ။ သာသနံ ဩသက္ကာပေတီတိ ဧတ္ထ ကေဝလံ ပဂ္ဂဏှိတုကာမတာယေဝ န ဝဋ္ဋတိ၊ ဓမ္မဿ ပန သာသနဿ သောတူနဉ္စ အနုဂ္ဂဟတ္ထာယ ဝဋ္ဋတိ။—

ဟု **ဝိနည်းဋီကာ၌** မိန့်အပ်ပြီ။

ထိုသို့ အလဇ္ဇီပဂ္ဂဟစိတ်မထင် စင်ကြယ်သည့်စိတ်နှင့် လှူဒါန်းရာ၌ ကုသိုလ်တရား ဖြစ်ပွါးသည်ဆိုသော်လည်း သီလဝန္တတို့၌ လှူဒါန်းရသကဲ့သို့ ကုသိုလ်အကျိုး မများနိုင်သည်သာ ဖြစ်၏၊ ထို့ကြောင့် မြတ်စွာဘုရားသခင်သည် လှူဒါန်းသူ ဒါယကာတို့အား အထူးအကျိုးများစေခြင်းငှါ—

ဝိစေယျ ဒါနံ ဒါတဗ္ဗံ၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ။
ဝိစေယျ ဒါနံ ဒတွာန၊ သဂ္ဂံ ဂစ္ဆန္တိ ဒါယကာ။—ဟူ၍၎င်း,
ဝိစေယျ ဒါနံ သုဂတပ္ပသင်္ဌံ၊
ယေ ဒက္ခိဏေယျာ ဣဓ ဇီဝလောကေ။
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ၊
ဗီဇာနိ ဝုတ္တာနိ ယထာ သုခေတ္တေ။—ဟူ၍၎င်း,
သီလဝတော ခေါ မဟာရာဇ ဒိန္နံ မဟပ္ဖလံ၊ နော ဒုဿီလဿ။—

ဟူ၍၎င်း **သံယုတ်ပါဠိတော်၌** ဟောတော်မူအပ်ပြီ။

ဤ၌ ကောင်းနိုးရာရာ အလှူဝတ္ထုကို၎င်း, သီလရှိရာ, အကျိုးများရာ ပုဂ္ဂိုလ်တို့ကို၎င်း ရွေးချယ်၍ လှူဒါန်းခြင်းနှစ်ပါးသည် **ဝိစေယျဒါန** မည်၏ ဟူ၍မှတ်။

ဝိစေယျ ဒါနန္တိ ဝိစိနိတွာ ဒိန္နဒါနံ၊ တတ္ထ ဒွေ ဝိစိနနာ ဒက္ခိဏာဝိစိနနံ ဒက္ခိဏေယျဝိစိနနဉ္စ၊ တတ္ထ လာမကလာမကေ ပစ္စယေ အပနေတွာ ပဏီတပဏီတေ ဝိစိနိတွာ တေသံ ဒါနံ ဒက္ခိဏာဝိစိနနံ နာမ၊ ဝိပန္နသီလေ ဣတော ဗဟိဒ္ဓါ ဆန္နဝုတိပါသဏ္ဍဘေဒေ ဝါ ဒက္ခိဏေယျေ ပဟာယ သီလာဒိဂုဏသမ္ပန္နာနံ သာသနေ ပဗ္ဗဇိတာနံ ဒါနံ ဒက္ခိဏေယျဝိစိနနံ နာမ။—

ဟု **သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ၌** မိန့်အပ်ပြီ။

ဤမျှလောက်သောစကားအစဉ်ဖြင့် မြင်မြင်သမျှ သုသီလ, ဒုသီလ မရွေးမချယ် ကိုးကွယ်ဆည်းကပ် လှူဒါန်းလေ့ရှိခြင်းသည်သာလျှင် သင့်မြတ်လှတော့သည်ဟု မှတ်ထင်တတ်သော "သဒ္ဓါလွန်၍ ပညာနုံ့သော"သူတို့သတိထားကြရန် စီမံရေးသားအပ်သော စကားအစဉ်တည်း။ ဤစကားအစဉ်ကို ထောက်သဖြင့် "ပညာလွန်၍ သဒ္ဓါနုံ့သော" သဘောရှိသောသူတို့ကလည်း အလွန်ရွေးချယ်စိစစ်ခြင်းများ၍ လှူဒါန်းခြင်း ဒါနကုသိုလ်ပြုစရာပုဂ္ဂိုလ် အလွန်ရှားသဖြင့် ကုသိုလ်တရား နည်းပါးလျက် အလဇ္ဇီပုဂ္ဂိုလ်တို့ကို ဝန်တိုပြစ်မှား မဲ့ရွေရအကုသိုလ်တရားသာလျှင် တိုးပွါး၍ နေတတ်သည်များကိုလည်း သတိကြပ်ကြပ် ထားကြရမည်။ "ဒိဋ္ဌာဒိဋ္ဌေသု အာသင်္ကာ န ကာတဗ္ဗာ" ဟု **ဝိနည်းဋီကာ**၌လည်း မိန့်အပ်ပြီ။——စသည်တို့ဖြင့်လည်း အလဇ္ဇီ ဒုသီလနှင့်စပ်၍ အကျယ်တဝင့် ဟောကြားဆုံးဖြတ်တော်မူသည်။

အလိုရှိက အစီအစဉ်အတိုင်း **ဓမ္မောသဓဒီပနီစာတမ်း**၌ ကြည့်ပါကုန်။ ဤဓမ္မောသဓဒီပနီစာတမ်းကို ရန်ကုန်မြို့ ကျောင်းတော်ရာ အာရာမ်တွင် ရေးသားတော်မူကာ မြားမြောင်လှစွာသော ရှင်လူပရိသတ်အလယ်၌ အကြီးတော် ဦးသံမှိုကို ဖတ်ကြားစေပြီးနောက် ရွှေကျင်ဆရာတော်ဘုရားကြီး နှုတ်တော်ဖြင့်လည်း ထပ်ဆင့် မိန့်မြွက် ဩဝါဒပေး၍ ဆုံးဖြတ်တော်မူသည်ကို ဝိဝါဒဖြစ်နေကြသော နှစ်ဖက်သောရှင်လူတို့ အလွန်ကြည်ညိုနှစ်သက်ကြ၍ ရွှေကျင်ဆရာတော်ဘုရားကြီးအပေါ်၌ စိတ်ညွတ်ကိုင်းရှိုင်း၍ ချီးကျူးထောမနာ ဩဘာပြုကြလျက် "ရွှေကျင်မှ ရွှေကျင်" နှုတ်ဝင်စိတ်ရောက် ဖြစ်နေကြသည်ကို မလိုသော အညဝါဒီအချို့က ယင်း ဓမ္မောသဓဒီပနီစာတမ်းကို ရန်ကုန်မြို့၌ ရိုက်ထုတ် ကမ်းလှမ်းမှု မပြုစေလိုသည်မှာ ပုထုဇန်တို့၏ ဓမ္မတာ ဟုသာ မှတ်သားရတော့သည်။

## ဂမ္ဘီရာဂမ္ဘီရနိဗ္ဗုတဒီပနီကျမ်းနှင့် ရွှေကျင်ဆရာတော်

ရွှေကျင်ဆရာတော်ဘုရားကြီးသည် ပါဠိတော်, အဋ္ဌကထာ, ဋီကာစသော ပိဋကကျမ်းဂန် စာပေကြီးတို့၌ ပါရဂူတဆူ ဖြစ်တော်မူသည်ကိုရင်း, သဘာဝ အမိပ္ပါယတ္ထ အကောက်အယူ၌ နက်နဲသိမ်မွေ့သော

ဂမ္ဘီရဉာဏ်, နိပုဏဉာဏ်အမြင် ရှိတော်မူသည်ကိုရင်း **ဂမ္ဘီရာဂမ္ဘီရနိဗ္ဗုတဒီပနီကျမ်း**သည် သက်သေသာဓကအဖြစ် ပြသလျက် ယနေ့တိုင် တည်ရှိခဲ့ပေသည်။

နိဗ္ဗာန်သည် သုည, နိရတ္ထက, အဝိဇ္ဇမာန ဘာဝမျှ သဘာဝသဘောတရား အနှစ်အသားဟူ၍ မရှိသော ပညတ်မျှသာ မဟုတ်၊ **စင်စစ်**မူကား အနှစ်သဘာဝ ဝိဇ္ဇမာန သဘောတရား ရှိသော ပရမတ္ထတရားတပါး ဖြစ်သည်၊ သို့ဖြစ်၍ နိဗ္ဗာန်ကိုရသော, နိဗ္ဗာန်သို့ရောက်သော, နိဗ္ဗာန်ကို မျက်မှောက်သိမြင်သော ပုဂ္ဂိုလ်သည် **သန္တိသုခ**-သဘောရှိသော နိဗ္ဗာန်ချမ်းသာကို ကိုယ်တွေ့ရရှိ ချမ်းသာခွင့်ရှိရပေမည် ဟူ၍ ပိဋကပါဠိတော် အဋ္ဌကထာ ဋီကာ ဂန္ထန္တရ အရပ်ရပ်တို့ကို အထပ်ထပ်မွှေနှောက်ကာ သာဓကထုတ်ဆောင်လျက် နိဗ္ဗာန်၏ သဘာဝတ္တကိုလည်း သိမ်မွေ့နက်နဲလှသော ဉာဏ်တော်ဖြင့် ရှင်းလင်းရေးသားတော်မူခဲ့ပေသည်၊ အယူအဆ ဝါဒသဘောကိုကား မိမိတို့၏ အဇ္ဈာသယအားလျော်စွာ လက်ခံမှတ်သားလိုသော ဆန္ဒရှိသော် လက်ခံမှတ်ယူနိုင်ပေသည်၊ ရွှေကျင်ဆရာတော်ဘုရားကြီးသည် အထူးထူးသော ကျမ်းကြီးကျမ်းခိုင် အကိုးသာဓကတို့ကို ထုတ်ဆောင်၍ နိဗ္ဗာန်သည် သဘာဝအားဖြင့် ထင်ရှားရှိပုံ၊ ထင်ရှားရှိသော နိဗ္ဗာန်၌ ချမ်းသာရှိပုံ၊ ယင်း ချမ်းသာကို နိဗ္ဗာန်ရသူတို့ ရရှိပုံတို့ကို ဖော်ပြလျက် နိဗ္ဗာန်ရလို, နိဗ္ဗာန်ရောက်လို, နိဗ္ဗာန်မျက်မှောက်ပြုလိုသူတို့ အားတက် စိတ်ညွတ်ထက်သန်အောင် ရေးသားတော်မူခဲ့သော စွမ်းရည်တော်မှာ အံ့ချီးကြည်ညိုဖွယ်တပါးပင် ဖြစ်ပါပေသည်။ **ဂမ္ဘီရာဂမ္ဘီရနိဗ္ဗုတဒီပနီကျမ်း**သည် စာအုပ်၌ ဆိုက်ကြီးဖြင့် စာမျက်နှာ ၃၄၇-ရှိလေသည်၊ စာကြည့်သူတို့ နားလည် ရှင်းလင်းစေရန် ဆရာတော်ကြီးသည် အကျဉ်းသခေ်ပကဏ္ဍတခဏ်း, အကျယ်ဝိတ္ထာရကဏ္ဍတခဏ်းအားဖြင့် ၂-ခဏ်း ၂-ပိုင်း ပြု၍ စီရင်ရေးသားတော်မူခဲ့သည့်အပြင် နောက်ဆုံး၌ နိဂုမ်းကမ္ပတ် မရောက်မီ ကြီးမားလှစွာသော ကရုဏာတော်ဖြင့် ပါဠိကျမ်းဂန် မရော မယှက် မြန်မာစကားပြေ သက်သက်ဖြင့် အဆီ အနှစ်ကို ထုတ်၍ အကျဉ်းဆုံး အချုပ်စကားကို တဖန် ရေးသားတော်မူခဲ့ပြန်ပေသည်၊ ဤ"ရွှေကျင်နိကာယ သာသနာဝင်"၌ကား ယင်း အကျဉ်းဆုံး အချုပ်စကားရပ်ထဲမှပင် အနည်းငယ်မျှ ကူးယူဖော်ပြပါအံ့။

## နိဗ္ဗာန်နှင့် နိဗ္ဗာန်ချမ်းသာကို ရရှိပုံ

အရဟတ္တဖိုလ်ဟူသော သဉပါဒိသေသနိဗ္ဗာန်ကို ထိုအရဟတ္တဖိုလ်ရကြသူတို့အားလျော်စွာ သူ၏ အရဟတ္တဖိုလ်, ငါ၏ အရဟတ္တဖိုလ် ဆိုအပ်သည်နှင့်အတူ ထိုအသခ်တဓာတ် ဟူသော အနုပါဒိသေသနိဗ္ဗာန်ကိုလည်း သူ၏ နိဗ္ဗာန်, ငါ၏ နိဗ္ဗာန်ဟု စင်စစ်ဆိုထိုက်သည် ဟူသောအချက်—

စုတိကျရောက်သော ရဟန္တာပုဂ္ဂိုလ်ဟူသမျှ မိမိတို့ ဘုန်းကမ်ကြောင့် မိမိတို့ စံနေစရာ ဖြစ်ပေါ်လာသော ထိုနိဗ္ဗာန်ရတနာ၌ မပျောက်မပျက် မအို မသေ အမြဲတည်စံနေကြရသည် ဟူသောအချက်—

ထိုရဟန္တာပုဂ္ဂိုလ်တို့ စုတိပြီးနောက် ရူပါဒိသခ်ါဝိမုတ္တပုဂ္ဂိုလ်၏အဖြစ်ဖြင့် ထိုနိဗ္ဗာန်၌ အမြဲတည်ရောက်၍ နေသည်ကို အကြောင်းပြုသဖြင့် ထိုပရိနိဗ္ဗုတ ရဟန္တာပုဂ္ဂိုလ်တို့ အလုံးစုံ ပြတ်တောက် ဉစ္ဆိန္နအဖြစ်သို့ ရောက်သည် မဆိုရ ဟူသောအချက်—

အကယ်၍ ရဟန္တာပုဂ္ဂိုလ်တို့ စုတိပြီးနောက် အလျှင်းကွယ်ပျောက် ပြတ်တောက်၍ သွားသည်ဆိုခဲ့လျှင် ထိုရဟန္တာတို့ နိဗ္ဗာန်ရောက်သွားသည် မဟုတ်၊ ထိုရဟန္တာတို့ မအိုမသေ အမြဲနေရာနိဗ္ဗာန်နှင့် အဝေးကြီး အလုံးစုံ အပြီးသတ် ပြတ်တောက်၍ သွားလေတော့သည်ဟု ရဟန္တာပုဂ္ဂိုလ်တို့အား ကဲ့ရဲ့ခြင်းနှင့်တကွ ဉစ္ဆေဒဒိဋ္ဌိဝါဒ လုလုကြီး ဖြစ်တော့မည် အမှန် ဟူသောအချက်—

ထိုရဟန္တာပုဂ္ဂိုလ်တို့ စုတိပြီးနောက် ရူပါဒိသခ်ါဝိမုတ္တအဖြစ်ဖြင့် ထိုနိဗ္ဗာန်၌ တည်နေသည့်အခါ ယင်း ရူပါဒိသခ်ါဝိမုတ္တအဖြစ်၌တည်သော, ယင်း ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့၏ အဘယ်မျှလောက်သော ဂုဏ်ရှိသည်ဟု ဝေနေယျဉာဏ်ဖြင့် မပိုင်းခြားနိုင်အောင် ဂုဏ်အားဖြင့် အလွန်နက်နဲခြင်း၊ ထိုပုဂ္ဂိုလ်, ထိုနိဗ္ဗာန်၌ အတ္ထိ နတ္ထိ စသည်ဆို၍ မသင့်နိုင် မလျော်နိုင်အောင် ဒိဋ္ဌဇ္ဈာသယအားဖြင့် အလွန်နက်နဲခြင်း၊ ဤသို့ နက်နဲခြင်းနှစ်ပါးတို့ဖြင့် လွန်စွာနက်နဲ၍ နေတော်မူကြသည်ဟူသောအချက်—

ယင်း ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့ ယင်းနိဗ္ဗာန်၌ တည်ရောက်၍နေသည့်အခါ သတ္တဝါခေါ်ဝေါ်ကြောင်း ရုပ်နာမ်မှ လွတ်၍နေသဖြင့် ယင်း ရုပ်နာမ်ကို စွဲ၍ဖြစ်သော လူဟူသော,နတ်ဟူသော,မင်း ပုဏ္ဏားဟူသော, ဘုရား ပစ္စေက-

ဗုဒ္ဓါ-ဟူသော ဤသို့ အစရှိသော ပညတ်မျိုးဖြင့် မခေါ်ဝေါ်ထိုက်သည် တမည်မျှသာ၊ ထိုပရိနိဗ္ဗုတပုဂ္ဂိုလ်တို့ ထိုမအိုမသေ အမြဲတည်နေရာ ဂမ္ဘီရ-နိဗ္ဗာန်၌ မပျောက်မပျက် မအိုမသေ အမြဲတည်စံနေကြရသည် ဟူသော အချက်——

ထို စုတိကျရောက်ပြီးသော ရဟန္တာဟူက အရပ်ဆယ်မျက်နှာ၌ပင် ဖြစ်သင့်သောကြောင့် နိဗ္ဗာန်ဟူကလည်း ယင်း စုတိကျပြီးသော ပရိနိဗ္ဗုတ္တ ရဟန္တာတို့ရှိရာ ထိုရဟန္တာပုဂ္ဂိုလ်တို့နှင့် စပ်၍သာ ပေါ်လာရသည်ဖြစ်၍ ထိုနိဗ္ဗာန်ကို ထိုရဟန္တာတို့ စုတိကျရောက်ရာ အရပ်ဆယ်မျက်နှာတို့၌ပင် ထင်ရှားမရှိ မဆိုသင့်ဟူသောအချက်——

နိဗ္ဗာန်ကို အရပ်အားဖြင့် မညွှန်ကြားအပ် ဟူရာဝယ်လည်း ထိုထိုနိဗ္ဗာန်၏ ထိုထို မိမိရောက်ရာအရပ်၌ စွဲ၍ မှီ၍ ကပ်၍ မတည်သဖြင့် ထိုထို မိမိရောက်ရာအရပ်နှင့် မစပ်မယှက်နေသောကြောင့်သာ ဆိုသည်၊ ထိုထို အရပ်ဆယ်မျက်နှာတို့၌ ထိုနိဗ္ဗာန်မရှိသောကြောင့် ဆိုသည်မဟုတ် ဟူသော အချက်——

ယင်း နိဗ္ဗာန်ကို "အနိမိတ္တာပစ္စုပဋ္ဌာနံ" ဆိုရာ၌လည်း ယင်းနိဗ္ဗာန်၏ အကြောင်းကင်း၍ လျောက်လျားဘာသာ ဖြစ်သည်ကို ဆိုသည်မဟုတ်၊ ယင်းဖြစ်ကြောင်းပစ္စယ ရှိသော်လည်း အလွန်သိမ်မွေ့စွာ ဖြစ်သဖြင့် ယင်း အကြောင်းတရားတို့ကြောင့် ဖြစ်ပုံ အရိပ်နိမိတ် မထင်၊ အလွန်ထင်ရှားစွာ ဝင်းဝင်းတောက်တည်၍ နေသည်ဖြစ်လျက် ထိုထင်ရှားရှိပုံကို သိရကြောင်းအရိပ်နိမိတ် မထင်၊ အလွန်သိမ်မွေ့စွာ တည်နေသည်ကိုစွဲ၍သာ ယင်းနိဗ္ဗာန်ကို အနိမိတ္တဆိုရသည် ဟူသောအချက်——

ဒီပင်္ကရာ, သရဏင်္ကရာစသော ဆိန္နဝဋ္ဋမ ပရိယာဒိဏ္ဏဝဋ္ဋ ပရိနိဗ္ဗုတ ဘုရားရှင် ဟူသမျှတို့သည် အလုံးစုံ ကွယ်ပျောက် ပြတ်တောက်၍ မသွား၊ ကိုယ်တော်မြတ်တို့စုတိတော်အခြားမဲ့၌ ကိုယ်တော်မြတ်တို့ချမ်းမြေ့သာယာ ပုန်းအောင်းလည်းလျောင်းစရာ ကိုယ်တော်မြတ်တို့ထံ၌ ဝင်းဝင်းတောက် ပေါ်ရောက်လာသော ယင်းနိဗ္ဗာန်ရတနာ၌ မအိုမသေ ယခုထက်ထိ အမြဲတည်စံနေကြရသည်၊ နောင်လည်း ဘယ်သည့်ကာလမှ ပျောက်ပျက်တော့မည်မဟုတ် ဟူသောအချက်——

ဤအချက်တို့သည် ထူးခြားနက်နဲသော အချက်တို့တည်း၊ ဤအချက်တို့မှာ ဤမျှလောက် ပိဋကသုံးသွယ်, နိကာယ်ငါးဖြာ, ပါဠိ, အဋ္ဌကထာ,

ဋီကာကျမ်းဂန်တို့ကို နေ့ရက်ရှည်ကြာ နှစ်လများစွာ အခါခါမွေနှောက် အခေါက်ခေါက်ကြည့်ရှု စိန္တာနုစိန္တနပြုသဖြင့် ဆုံးဖြတ်အပ်သော ဝိနိစ္ဆယသည် ကေန္တ ယထာဘူတ ယထာဓမ္မ ဝိနိစ္ဆယ ဖြစ်ပေလိမ့်မည်၊ ဖြစ်ပေသော်ကောဟု နှလုံးပြုနိုင်၊ ဆရာအားကိုး ယုံကြည်နိုင်သော ပုဂ္ဂိုလ်တို့ မှတ်သားစဖွယ် အလွယ်တကူ ကောက်ယူကျက်မှတ်ကြရန် စီမံအပ်သော တကျမ်းလုံးညွှန်းပြခဲ့သော ပါဠိ, အဋ္ဌကထာ, ဋီကာတို့မှ အရည်စစ် အဆီညှစ် ရအပ်သော အတိုကောက် စကားပြေသက်သက်တို့တည်း။

ဤအတိုကောက်စကားပြေသက်သက် အကျဉ်းအမြွက်တို့ဖြင့် တင်းမတိမ်နိုင်ရှိကြသော ကျမ်းတတ်ကဝိ ပညာရှိပုဂ္ဂိုလ်တို့မှာ ရှေးကပြဆိုအပ်ခဲ့ပြီးသော သခေ်ပကဏ္ဍ, ဝိတ္ထာရကဏ္ဍ နှစ်ရပ်လုံးရှိ ပါဠိ, အဋ္ဌကထာ, ဋီကာတို့ကို အခါခါ အထက်အောက် မွေနှောက်ကြည့်ရှု အကြိမ်ကြိမ် စိန္တာနု-စိန္တနပြုတော်မူကြလျှင် ကေန်ပင် ဤအတိုင်းသာ တင်းတိမ်အားရ သဘောကျကုန်လတ္တံ့၊ ကျကြအောင်လည်း ဤဒုလ္လဘကထာ ဂမ္ဘီရဉာဏဝိသယာ ခက်ခဲစွာ၌ များများကြီး နှလုံးစိုက်ထူ အခါခါ စိန္တာနုစိန္တန ပြုတော်မူကြပါစေကုန်သတည်း။

အာဂမယုတ္တိဖြင့် ထပ်မံ၍ အနည်းငယ်မျှ ရှင်းလင်းပြတော်မူလိုသည်ဖြစ်၍ ရွှေကျင်ဆရာတော်ဘုရားကြီးသည် ဆက်လက် ရေးသားတော်မူသည်မှာ —

**နိဗ္ဗာန်**ဟူက ဥပါဒ်အားဖြင့် ရှန့်ကြမ်းစွာ မဖြစ်သော်လည်း သိမ်မွေ့သောဖြစ်နည်းမျိုးတို့ဖြင့် ဖြစ်ပေါ်လာရသေးသည် ဟူသောအချက်၌— "နိဗ္ဗာနဿ အနုပ္ပါဒေဃေဝ ပုဂ္ဂလဿ နိရောဓော"ဟူသော **ဝိသုဒ္ဓိမဂ်ဋီကာ**၌ "အနုပ္ပါဒေဃေဝ" ဟူသောပုဒ်, "သဉပါဒိသေသအနုပါဒိသေသ-နိဗ္ဗာနပဝတ္တိယာ"ဟူသော **ဣတိဝုတ်အဋ္ဌကထာ**၌ "ပဝတ္တိယာ"ဟူသောပုဒ်, "သမ္ဗရာယိကာတိ သမ္ပရာယေ ခန္ဓဘေဒတော ပရဘာဂေ ဘဝါ"ဟူသော **ဣတိဝုတ်အဋ္ဌကထာ**၌ "ဘဝါ" ဟူသောပုဒ်, "အဘူတံ အဇာတံ ဟုတွာ အတ္ထီတိ အဗ္ဘုတံ"ဟူသော **သဋ္ဌာယတနသံယုတ်အဋ္ဌကထာ**၌ "ဟုတွာ အတ္ထိ"ဟူသောပုဒ်, "တဿ ဘိက္ခဝေ ဣဓေဝ သဗ္ဗဝေဒယိတာနိ အနဘိ-နန္ဒိတာနိ သီတိဘဝိဿန္တိ၊ အယံ ဘိက္ခဝေ အနုပါဒိသေသာ နိဗ္ဗာနဓာတု" ဟူသော **ဣတိဝုတ်ပါဠိတော်**၌ "သီတိဘဝိဿန္တိ"ဟူသောပုဒ်, "အယံ" ဟူသောပုဒ်တို့မှ ရဟန္တာပုဂ္ဂိုလ် စုတိကျရောက်သည့်အခါ ဖြစ်ပေါ်လာ

သော "သီတိဘာဝ" သဘောတရားသည် အနုပါဒိသေသ နိဗ္ဗာန်မည်၏ဟု အနက်ထွက်သောအချက် "အဇာတံ အဘူတံ" ဟူသော **ဥဒါန်းပါဠိတော်ကို နက်နက်ကြီး** အနည်းနည်းဖွင့်ဆိုသော ဥဒါန်း အဋ္ဌကထာပါဌ်— ဤ ခြောက်ရပ် ခြောက်ဌာနတို့၌ များများကြီး စိတ်စိုက်၍ ကြံမိကြလျှင် ဂမ္ဘီရဉာဏအရှင်တို့ ကေန်ပင် ယခင်ဝိနိစ္ဆယအတိုင်း သဘောထင်မြင်ကြ ကုန်လတ္တံ့။

ရွှေကျင်ဆရာတော်ဘုရားကြီးသည် စာရေးသားတော်မူရာ၌ ခေတ်မှီ တော်မူပါပေသည်ဟု ဆိုရပေမည်၊ သတိပုဗ္ဗင်္ဂမ ရှိတော်မူသည်ဟုလည်း ချီးကျူးရပေမည်၊ အကြောင်းမူကား **ဂမ္ဘီရဂမ္ဘီရနိဗ္ဗုတဒီပနီကျမ်းသည်** နက်နဲခက်ခဲ သိမ်မွေ့လှသော နိဗ္ဗာန်နှင့်စပ်သောအကြောင်းကို ရေးရသော ကျမ်းနက်ဖြစ်ရာ မိမိကိုယ်တော်တိုင် ရင်းဖျားထက်အောက် မွှေနှောက် ကြည့်ရှုပြီး သာဓကပြုလုပ် ထုတ်နုတ်ဖော်ပြသော ပါဠိ, အဋ္ဌကထာ, ဋီကာ, ဂန္ထန္တရတို့ကို ပညာရှိသူ ပိဋကဝိဒူတို့ ယုံကြည်လေးစားနိုင်စေရန် နောက် ပိုင်း၌ အသီးအခြား ကျမ်းအမည်များကို ညွှန်ပြထားတော်မူခဲ့လေသည်။ ထိုကျမ်းများမှာ—

**ပါဠိတော်များ**

၁။ ပထမဥဒါန်းပါဠိတော်။
၂။ နေတ္တိပါဠိတော်။
၃။ သဠာယတနသံယုတ်ပါဠိ-တော်။
၄။ စူဠနိဒ္ဒေသပါဠိတော်။
၅။ မဟာနိဒ္ဒေသပါဠိတော်။
၆။ မဇ္ဈိမပဏ္ဏာသပါဠိတော်။
၇။ ကထာဝတ္ထုပါဠိတော်။
၈။ ဣတိဝုတ်ပါဠိတော်။
၉။ ထေရဂါထာပါဠိတော်။
၁၀။ ပရိဝါပါဠိတော်။
၁၁။ ဒုကအင်္ဂုတ္တရပါဠိတော်။
၁၂။ သံယုတ်ပါဠိတော်။
၁၃။ ဒုတိယဥဒါန်းပါဠိတော်။
၁၄။ တတိယဥဒါန်းပါဠိတော်။
၁၅။ စတုတ္ထဥဒါန်းပါဠိတော်။
၁၆။ စူဠနိရုတ္တိပါဠိတော်။
၁၇။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်။
၁၈။ ဓမ္မသင်္ဂဟပါဠိတော်။
၁၉။ ဒုတိယစူဠနိရုတ္တိပါဠိတော်။
၂၀။ ဒုတိယပဋိသမ္ဘိဒါမဂ်ပါဠိ-တော်။
၂၁။ ဓမ္မသင်္ဂဏီပါဠိတော်။
၂၂။ ဝိဘင်းပါဠိတော်။
၂၃။ အင်္ဂုတ္တရပါဠိတော်။
၂၄။ မူလပဏ္ဏာသပါဠိတော်။

**အင္ဂကထာများ**

၂၅။ နေတ္တိအင္ဂကထာ။
၂၆။ သမ္မောဟဝိနောဒနီအင္ဂ-ကထာ။
၂၇။ ဣတိဝုတ်အင္ဂကထာ။
၂၈။ ပရိဝါအင္ဂကထာ။
၂၉။ ပဋိသမ္ဘိဒါမဂ်အင္ဂကထာ။
၃၀။ ထေရဂါထာအင္ဂကထာ။
၃၁။ မဇ္ဈိမပဏ္ဏာသအင္ဂ-ကထာ။
၃၂။ ဥဒါန်းအင္ဂကထာ။
၃၃။ ဓမ္မပဒအင္ဂကထာ။
၃၄။ ဗုဒ္ဓဝင်အင္ဂကထာ။
၃၅။ မူလယမကအင္ဂကထာ။
၃၆။ သုတ်ပါထေယျအင္ဂ-ကထာ။
၃၇။ အင္ဂသာလိနီအင္ဂကထာ။
၃၈။ သုတ္တနိပါတ်အင္ဂကထာ။
၃၉။ ဇာတ်အင္ဂကထာ။
၄၀။ ဒုကအင်္ဂုတ္တရ အင္ဂကထာ။
၄၁။ အင္ဂကအင်္ဂုတ္တရ အင္ဂ-ကထာ။
၄၂။ ပဉ္စကအင်္ဂုတ္တရ အင္ဂ-ကထာ။
၄၃။ စတုက္ကအင်္ဂုတ္တရ အင္ဂ-ကထာ။
၄၄။ ဝိသုဒ္ဓိမဂ်အင္ဂကထာ။
၄၅။ ခုဒ္ဒကပါဌအင္ဂကထာ။
၄၆။ မဟာနိဒ္ဒေသအင္ဂကထာ။
၄၇။ ဧကကအင်္ဂုတ္တရအင္ဂ-ကထာ။
၄၈။ သဠာယတနသံယုတ်အင္ဂ-ကထာ (အသခ်တ သံယုတ်အဖွင့်)။
၄၉။ သဂါထာဝဂ္ဂသံယုတ်အင္ဂ-ကထာ။
၅၀။ သုတ္တသင်္ဂဟအင္ဂကထာ။
၅၁။ ကထာဝတ္ထုအင္ဂကထာ။
၅၂။ မူလပဏ္ဏာသ အင္ဂကထာ။
၅၃။ ခန္ဓဝဂ္ဂသံယုတ်အင္ဂ-ကထာ။
၅၄။ တိကအင်္ဂုတ္တရအင္ဂ-ကထာ။

**ဋီကာနှင့် ဂန္ထန္တရများ**

၅၅။ သဠာယတနသံယုတ်-ဋီကာ။
၅၆။ ဝိသုဒ္ဓိမဂ်မဟာဋီကာ။
၅၇။ သီလက္ခန်ဋီကာ။
၅၈။ မူလဋီကာ။
၅၉။ အနုဋီကာ။
၆၀။ ဝိမတိဋီကာ။
၆၁။ ဝဇိရဗုဒ္ဓိဋီကာ။

## ဋီကာနှင့် ဂန္ထန္တရများ


၆၂။ မဇ္ဈိမပဏ္ဏာသဋီကာ။
၆၃။ သဂါထာဝဂ္ဂသံယုတ်-ဋီကာ။
၆၄။ အဘိဓာန်ဋီကာ။
၆၅။ မူလပဏ္ဏာသဋီကာ။
၆၆။ ဥပရိပဏ္ဏာသဋီကာ။
၆၇။ နေတ္တိဋီကာ။
၆၈။ အဘိဓမ္မတ္ထဋီကာသစ်။
၆၉။ အဘိဓမ္မတ္ထဋီကာ-ဟောင်း။
၇၀။ သာရတ္ထဒီပနီဋီကာ။
၇၁။ အဘိဓမ္မာဝတာရဋီကာ။
၇၂။ အလင်္ကာဋီကာသစ်။
၇၃။ သခေ်ပဝဏ္ဏနာဋီကာ။
၇၄။ အဘိဓမ္မတ္ထဝိဘာဝနီ-ဋီကာ။
၇၅။ ဝဇီရသင်္ဂဟကျမ်း။
၇၆။ သဒ္ဒနီတိ။
၇၇။ မိလိန္ဒပဉှာ။
၇၈။ မဏိဒီပ။
၇၉။ မဏိမဥ္ဇူ။
၈၀။ နေတ္တိဝိဘာဝနီ။
၈၁။ ပဋ္ဌာနသာရ။
၈၂။ အနာဂတဝံသ။
၈၃။ သက္ကတ သဒ္ဒတ္ထမုတ္တာဝဋ္ဋိ။
၈၄။ သက္ကတ ကာဗျာဒသ။ တို့ဖြစ်ကုန်၏။


### လင်္ကာသာသနသုဒ္ဓိကထာ

ရွှေကျင်ဆရာတော်ဘုရားကြီးသည် သာသနာနှစ် ၂၄၂၁၊ သက္ကရာဇ် ၁၂၃၉-ခုနှစ်၌ သီဟိုဠ်ကျွန်း လင်္ကာဒီပသို့ စွယ်တော်မြတ် အဖူးအမြော် ကြွရောက်တော်မူပြီးနောက် သီဟိုဠ်သား ရဟန်းသံဃာတော်ကြီးများနှင့် သီဟိုဠ်သား ဂုဏ်သရေရှိ ဥပါသကာ, ဥပါသိကာများ လျှောက်ထား တောင်းပန်ကြသဖြင့် သီဟိုဠ်ကျွန်းမှအပြန် ရန်ကုန်မြို့ တိဂုမ်စေတီတော်ကြီး အရှေ့ ပဥ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီး လှူဒါန်းအပ်သော ကျောင်းတော်ရာအာရာမ်တွင်းရှိ ရန်ကုန်ဒါယကာများ ဆောက်လုပ်လှူဒါန်း အပ်သော ဂူကျောင်း၌ သီတင်းသုံးတော်မူစဉ် **လင်္ကာသာသနသုဒ္ဓိကထာ**ကို ပါဠိခေါ် မာဂဓဘာသာဖြင့် ရေးသား၍ စာအုပ်ရိုက်နှိပ်စေကာ သီဟိုဠ် ကျွန်းရှိ ရဟန်းရှင်လူတို့ထံ ပို့စေတော်မူသည်။

လင်္ကာသာသနသုဒ္ဓိကထာ၌ ဆိုလိုရင်း ဩဝါဒတော်၏ သဘောမှာ ယခင် အရှင်မဟိန္ဒစသော ရဟန္တာမထေရ်မြတ် အဆက်ဆက်တို့ လက်ထက်

တော်က သာသနာတော် ထွန်းလင်းတောက်ပ စည်ပင်သာယာခဲ့သည်မှာ အားရဖွယ်, နှစ်သက်ဖွယ်, ကြည်ညိုမြတ်နိုးဖွယ် ရှိလှ၍ သာသနမာမက ပုဂ္ဂိုလ်များအတို့ အံ့ဩချီးကျူးကာ မေ၍ကြည့်ခဲ့ရလောက်အောင် ရှိပါပေသည်။ ဥပမာအားဖြင့် တိုင်းပြည်အရှင် ဘုရင်မင်းတို့ အထူးစောင့်ရှောက်တည်ဆောက်ပြုပြင် ဆည်ဖို့ခြင်းကြောင့် ကောက်ငယ်, ကောက်လတ်, ကောက်ကြီး သုံးသီးသော စပါးတို့ကို သီးစေ, ဖြစ်စေနိုင်သော ကြာမျိုးတို့ဖြင့် တင့်တယ်၍ ပျားပိတုန်း ကျေးငှက်တို့ ပျော်မြူး စားသုံး ပျံသန်းလျက် သာယာစွာသော ကျေးသံငှက်သံတို့ဖြင့် ကြည်နူးပျော်မွေ့ဖွယ်ရှိသော ရေကန်ကြီးအလား အားရနှစ်သက်ဖွယ်, လာချင် ရောက်ချင်ဖွယ်, ရှုကြည့်ချင်ဖွယ် ရှိပါပေသည်။ ယခုအခါမှာမူကား ပြည့်ရှင်မင်းတို့ အလျှင်းဂရုမပြုလျစ်လျူရှုထားသဖြင့် တာတမံ ကန်သင်းတို့ ကျိုးပေါက်ပျက်စီး၍ ရေနည်းခေါင်းပါး ကြာမျိုးများကင်းပျောက် ရွှံ့ညွန်ပေါ် ပေါက်၍ ခြောက်သွေ့သော နွေရာသီအချိန် တွေ့မြင်ရသော အိုင်ပက်ကားနှင့် တူနေပေတော့သည်ဖြစ်၍ ဝမ်းနည်းဖွယ် ဖြစ်ကြောင်းမှစ၍ နှစ်ပက္ခကွဲပြား အငြင်းပွါး၍ သာသနာ အသားမတက် ဆုတ်လျက်သာရှိနေသောကြောင့် သည်းခံညီညွတ်စွာဖြင့် သာသနာသန့်ရှင်းစင်ကြယ်စေကြောင်းကို အားထုတ်ကြပါမည့် အကြောင်းကို စာမျက်နှာ ၁၅၁-တိုင် ရေးသား၍ ဩဝါဒ ပေးတော်မူခဲ့လေသည်။

ထို လက်ာသာသနသုဒ္ဓိကထာ-၌ ရဟန်း သံဃာတော်ကြီးများကိုသာ သတိပေးစကား မိန့်ကြားသည် မဟုတ်၊ ဒါယကာ, ဒါယိကာမတို့အားလည်း တကဏ္ဍ ရေးသား၍ ဆုံးမဩဝါဒ ပေးတော်မူပါသေးသည်။

လက်ာသာသနသုဒ္ဓိကထာ နောက်ဆုံး၌ ဇမ္ဗူဒိပ်ကျွန်း မြန်မာနိုင်ငံတော်မှ သီဟိုဠ်ကျွန်းသို့ စွယ်တော်ဖူးမျှော်ရန် ရောက်လာကြကုန်သော ရဟန်းရှင်လူတို့အား မေတ္တာရှေ့သွား ကရုဏာထားသောအားဖြင့် စွယ်တော်မြတ်ကို အားရပါးရ ဖူးမျှော်ကြရအောင် ၂-ရက် ၃-ရက် စသည်ဖြင့် ဖွင့်လှစ်၍ ဖူးမျှော်ခွင့် ပြုကြစေလိုကြောင်းကိုလည်း ထည့်သွင်း၍ တိုက်တွန်းစကား ရေးသားတော်မူပါသေးသည်။

ရွှေကျင်ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် စွယ်တော် ဖူးမျှော်တော်မူရန် ကြွတော်မူစဉ်က စွယ်တော်ကိန်းဝပ်တော်မူသော သေခ်ဏ္ဍမြို့သို့ အမြန်ရောက်အောင် သွားလိုလျက် သီဟိုဠ်ကျွန်း လမ်းခရီးတလျှောက်လုံး၌ မြို့ရွာ

ဒေသရှိ တိုင်းရင်းသား ဥပါသကာ, ဥပါသိကာတို့က ဖူးမျှော်ပူဇော်ကြ, တရားဟောတော်မူရန် လျှောက်ထားတောင်းပန်၍ သနားငဲ့ညှာကာ ဟော ပြောတော်မူရသောကြောင့် ရက်သတ္တတပတ် ကျော်လွန်မှ သေခ်ဏ္ဍမြို့သို့ ရောက်တော်မူ၍ စွယ်တော်မြတ်ကို ဖူးမျှော်ရသဖြင့် စွယ်တော်ထိန်း သီဟိုဠ် ရဟန်းတော်ကြီးများနှင့် စွယ်တော်ထိန်း အမတ်ဟု ခေါ်သော ဒါယကာ တို့ကို ပန်ကြားသော မေတ္တာစာကိုလည်း နောက်ပိုင်း၌ တည့်သွင်း ရေးသား တော်မူထားလေသည်။

လင်္ကာသာသနသုဒ္ဓိကထာနှင့် မဟာသိဿကောဝါဒတို့ကို ဖတ်ရှုရသော အခါ ရွှေကျင်ဆရာတော်ဘုရားကြီး ပါဠိဘာသာ အရေးအသား၌ နိုင်နင်း တော်မူပုံ, ဂါထာဗန္ဓ အစီအကုံး ကျွမ်းကျင်တော်မူပုံ, အလင်္ကာရဝိဒူ ဖြစ် တော်မူပုံတို့ကို သိရှိရသဖြင့် အံ့သြမိ, ချီးကျူး ကြည်ညိုမိရပြန်ပေသည်။ မဟာသိဿကောဝါဒကိုသာ ကြည့်ရှုဘူးစဉ်ကမူ ရွှေကျင်ဆရာတော်ဘုရား ကြီးသည် ပါဠိဂါထာဗန္ဓ ဖွဲ့စီမှုကိုသာ ချီးကျူးခဲ့ရပေသည်။ လင်္ကာသာသန သုဒ္ဓိကထာကို ကြည့်ရှုရသောအခါ စုဏ္ဏိယ ပါဠိစကားပြေ ရေးသားတော် မူရာ၌လည်း အဋ္ဌကထာ ဆရာကြီးများနှင့်မခြား အရေးအသား ကောင်း သည်ကို တွေ့ရပြန်ပါသည်။ သဒ္ဒအလင်္ကာ, အတ္ထအလင်္ကာတို့ကို များစွာ ပါဝင်စေ၍ အလင်္ကာအရသာ,စာအရသာ ပေါ်လာအောင်လည်း ရေးတော် မူပါသည်။ ဂဇ္ဇ, ပဇ္ဇတို့၏ အသက်ဟု ဆိုအပ်သော သြဇဂုဏ် ရောက်သော သမာသ်ပုဒ်ကြီး များများကိုလည်း ထည့်သွင်းအသုံးပြုကာ သဒ္ဒဂုဏ် အမွှန်း တင်၍ ရေးသားတော်မူသော လင်္ကာသာသနသုဒ္ဓိကထာ ဖြစ်လေသည်။

ရွှေကျင်ဆရာတော်ဘုရားကြီးသည် ထက်မြက်သော ပညာ, ကြီးမား သော သဒ္ဓါ ရှိတော်မူသည်အားလျော်စွာ သီဟိုဠ်ကျွန်း၌ ကိန်းဝပ်တော် မူသော စွယ်တော်မြတ်ကို ဖူးမျှော်ပူဇော်လိုသောဆန္ဒတော် ထက် သန်ခဲ့ခြင်းနှင့် အတန်တန် တားမြစ်ကြသည့် အကြားမှပင် ထွက်လာခဲ့၍ လမ်းခရီး၌ ဆင်းရဲပင်ပန်းတော်မူခဲ့ခြင်းတို့ကို အရေအတွက်မထား ဂရုမပြုပဲ သည်းခံ၍ ကြွရောက်တော်မူပုံကိုလည်း လင်္ကာသာသနသုဒ္ဓိကထာ စွယ် တော်ထိန်းပုဂ္ဂိုလ်များထံ ပေးခန်း၌ ထည့်သွင်း ရေးသားတော်မူသည်။

ရေးတော်မူထားသည်မှာ—

ဘုန်းကမ် ကြီးတော်မူကြပါကုန်သော စွယ်တော်ထိန်း ရဟန်းတော် အရှင်တို့ဘုရား....တပည့်တော်သည် မြန်မာပြည်၌ ဖွားမြင်ရာဇာတိ ရွာ၏

အမည်အားဖြင့်“ရွှေကျင်ဆရာတော်”ဟူ၍ ထင်ရှားပါသည်၊ဆရာသခင်များ ချီးမြှောက်သော ဘွဲ့မည်အားဖြင့် “ဇာဂရ”အမည်ရှိပါသည်၊ မြန်မာနိုင်ငံတော် ရတနာပုံမြို့တော် မန္တလေးတောင်လိုဏ်ဂူ၌ မင်းဆရာတော်အဖြစ်ဖြင့် များစွာသော တပည့်သံဃာတို့ကို စွမ်းနိုင်သမျှ စာပေပို့ချ တရားဓမ္မဟောပြောပြသ ဆုံးမ၍ ဓုရနှစ်ပါးကို ဆောင်နေပါသည်။

ယင်းသို့ မင်းနေပြည်ကိုမှီ၍ ပရိသတ်နှင့်နေခြင်းကို စက်ဆုပ်ငြီးငွေ့သဖြင့် ဂါမဝါသီအဖြစ်ကိုစွန့်၍ မြို့တော်မှ တယူဇနာ, နှစ်ယူဇနာဝေးကွာသော တောရကျောင်းတို့၌ နှစ်နှစ်တိုင် နေခဲ့ပါသည်၊ ထိုနောက် နေပြည်တော်မှ ၁၇-ယူဇနာခန့်ဝေးသော မင်းလှရွာ နွားလံတောင်တောရ မဥ္ဇူ-သကကျောင်း၌ အလုပ်အကျွေး ရဟန်းငယ် ၂-ပါး, ၃-ပါးတို့ဖြင့် နှစ်နှစ်ပတ်လုံး နေခဲ့ပါသည်။ အရှင်ဘုရားတို့....တပည့်တော်သည် မင်းနေပြည်ကို စွန့်၍ တောရကျောင်းတို့၌ နေသောအခါမှစ၍ အရှင်တို့၏ သီဟိုဠ်ကျွန်း၌ ကိန်းဝပ်သီတင်းသုံးတော်မူသော မြတ်စွာဘုရား၏ စွယ်တော်ဓာတ်မြတ်ကို ဖူးမျှော် ပူဇော်လိုသော သမ္မာဆန္ဒသည် မပြတ်မလပ် ဖြစ်ပေါ်သဖြင့် သွားရောက်ရန် တောင့်တလျက် အကြိမ်ကြိမ် ကြံစည်ပြုလုပ် အားထုတ်သော်လည်း အကြောင်းချိုင့်ကာ မအောင်မြင်၍ လေးနှစ်ကာလ လွန်ခဲ့ပါသည်။

ယင်းသို့လျှင် စွယ်တော်မြတ်ကို ဖူးမျှော် ပူဇော်ရန် တောင့်တ၍ အကြောင်းရှာသော်လည်း အကြောင်းမညီညွတ်သောကြောင့် စွယ်တော်ဓာတ်မြတ်ကို အဖန်ဖန်အာရုံပြု အောက်မေ့လွမ်းအားကြီးသော တပည့်တော် တခါတရံ မျက်ရည်များပင် ကျမိပါသည်၊ စွယ်တော်ဓာတ်မြတ်ကို ကြည်ညိုလှ၍ ပူဇော်ဖူးမျှော်လိုလှ၍ ကြံစည်ကာ သွားရောက်နိုင်ကြောင်းရှာရင်းပင် အချိန်ကာလတွေ ကုန်လွန်သော်လည်း “စွယ်တော်မြတ်ကို ဖူးမျှော်မည်”ဟူသော ဆန္ဒကိုကား ဘယ်အခါမျှ မလျော့ခဲ့ မချခဲ့ပါ။

## စွယ်တော်ဓာတ်မြတ်ကိုဖူးမျှော်ရန် ကြိုးစားခြင်း

ထိုနောက် အထူးအားဖြင့် ထက်သန်အားကြီးသောလုံ့လ, မယုတ်သောဆန္ဒ, ပြင်းပြသော စိတ်ဓာတ်ဖြင့် ပဉ္စမသင်္ဂါယနာတင် ဘုရင်မင်းတရားထံ အကြိမ်ကြိမ် အကြောင်းကြား မေတ္တာရပ်ခဲ့၏၊ သို့မေတ္တာရပ်သော်လည်း ပင်လယ်ရပ်ခြား ခက်ခဲစွာသွားရမည့် ခရီးဖြစ်၍ တပည့်တော်အတွက်

အန္တရာယ် ဖြစ်မည်၊ ကိုယ်စိတ်ဆင်းရဲမည်ကို စိုးရိမ်ကြောင့်ကြလှသဖြင့် မင်းတရားကလည်း မကြွစေလို၍ အဖန်ဖန်လျှောက်ထား တားမြစ်နေပေသည်။ သို့ဖြစ်၍ တပည့်တော်အတွက် အလွန်စိုးရိမ်ကြောင့်ကြကာ တားမြစ်နေသော မင်းတရားကိုငင်း, ဝိုင်းဝန်းငိုကြွေးမြစ်တားကြသော ဆွေမျိုးဉာတိ ဒကာ, ဒကာမတို့ကိုငင်း အသိမပေး မပြောကြားတော့ပဲ များစွာသော အနီးနေတပည့် ရဟန်းသာမဏေတို့ကိုငင်း အသိမပေးပဲ လူသူကင်းဆိတ်သော ညဉ့်အခါ၌ တောရကျောင်းမှ ထွက်ခဲ့ပါသည်။

ဟံသာဝတီ ရန်ကုန်မြို့သို့ ရောက်သောအခါ လခွဲတပက္ခခန့် ဆိုင်းငံ့သီတင်းသုံး၍ အရှင်တို့၏ သီဟိုဠ်ကျွန်းသို့ လာရောက်ရေးအတွက် လိုအပ်သောအရာဝတ္ထုများ ပြည့်စုံစေရန် ပဝါရိတဒါယကာများ, ကပ္ပိယကာရကများ စီမံစေ,ပြည့်စုံအောင်ဆောင်ရွက်ပြီးစီးစေ၍ မိမိ၏ကိုယ်နှင့် အသက်ကိုမငဲ့မကွက်, စွဲကပ်လျက်ရှိသော ရောဂါကိုလည်း မရေမတွက်မူ၍ သီဟိုဠ်ကျွန်းသို့ ပို့ဆောင်မည့် မီးသင်္ဘောသို့ တက်၍ထွက်ခဲ့ပါသည်၊ တပည့်ရဟန်း ၄-ပါးနှင့် ကပ္ပိယဒါယကာ ၅-ယောက် ပါရှိပါသည်၊ ငါးမန်း, မိကျောင်း စသည်တို့၏ ဘေးအန္တရာယ်, လှိုင်းလေဝဲကြမ်းတို့၏ အန္တရာယ်, သောင်ပုန်းကျောက်ဆောင် စသည်တို့၏ အန္တရာယ်တို့ကိုလည်း ကြောက်ရွံ့ထိတ်လန့်စိတ်မရှိ၊ စွယ်တော်ဓာတ်မြတ်ကိုသာ အာရုံပြုကာ မြတ်စွာဘုရား၏ ဂုဏ်တော်အထူးထူးတို့ကို အောက်မေ့ပွါးများလျက် သမုဒ္ဒရာအတွင်း၌ ၂၅-ရက်တိုင်တိုင် ဆင်းရဲဒုက္ခပေါင်း များစွာတို့ကို သည်းခံ၍ လာခဲ့ရပါသည်၊ သင်္ဘောပေါ်၌ မိစ္ဆာအယူဝါဒ ရှိကြကုန်သော ရိုင်းပြကြမ်းတမ်းသော ဘာသာခြားသင်္ဘောသားတို့၏ မပြတ်ထိပါး နှောင့်ယှက်သဖြင့် ကိုယ်စိတ်ဆင်းရဲမှုများကိုလည်း အောင့်အည်း သည်းခံ၍ လာခဲ့ရပါသည်။

[ရွှေကျင်ဆရာတော်ဘုရားကြီး သီဟိုဠ်ကျွန်းသို့ ကြွတော်မူသောခေတ်၌ မီးသင်္ဘောဟု ဆိုရသော်လည်း ရွက်သင်္ဘောသာသာပင် ဖြစ်ပေလိမ့်မည်၊ ယခုခေတ်သင်္ဘောများကဲ့သို့ လျင်မြန်မှု, ခမ်းနားမှု, သန့်ရှင်းမှု, ယဉ်ကျေးမှု စသည်တို့ ရှိဦးမည်မဟုတ်၍ သီဟိုဠ်သို့ ၂၅-ရက်တိုင်တိုင် ကြပ်ကြပ် တည်းတည်း ဆင်းဆင်းရဲရဲ ကြွတော်မူရခြင်း ဖြစ်ပေလိမ့်မည်။]

ရက်ပေါင်း ၂၅-ရက်ကျော်မှ သီဟိုဠ်ကျွန်း ဂါလုမြို့သို့ ဆိုက်ရောက်၍ ထိုမြို့ရှိ တခုသော ဥယျာန်၌ ခုနစ်ရက်မျှ အပန်းဖြေကာ စွယ်တော်ဓာတ်မြတ်ကို ပူဇော်ရန် သေခ်ဏ္ဍာမြို့သို့ အမြန်လာရောက်လိုပါသော်လည်း လမ်း

ခရီးတလျှောက် ထိုထိုမြို့ရွာတို့မှ သီဟဠဇာတိက ဖြစ်ကြကုန်သော ဥပါသကာ, ဥပါသိကာတို့နှင့်တကွ ရဟန်းတော်တို့ တရားပေစာ နာယူလိုကြ, ဩဝါဒခံယူလိုကြ, ပူဇော်လိုကြ၍ အကြိမ်ကြိမ်အထူးထူး တောင်းပန်လျှောက်ထားကြသဖြင့် ထိုပုဂ္ဂိုလ်တို့အား သနားငဲ့ညှာ သာသနာတော်အကျိုးကို မြော်ကိုး၍ စွမ်းအင်ရှိသည်အလျှောက် အထောက်ထောက် ရပ်နားကာ တဖြည်းဖြည်းလာနေရသောကြောင့် ကောလမ္ဗိုမြို့သို့ ရောက်ပြီးနောက်—

အရှင်ဘုရားတို့သည် ထိန်းသိမ်းစောင့်ရှောက်အပ်သော မြတ်စွာဘုရား၏ စွယ်တော်ဓာတ်မြတ်ကို ပူဇော်ရန် ထိုက်တန်လှစွာကုန်သော အထူးထူး အပြားပြား များစွာသော အဘိုးအနဂ္ဃထိုက်တန်ကုန်သော ဆန်းပြားတင့်တယ်လှပသော ထီးတော်, တံခွန်ကုက္ကား, ပန်းခိုင် အစရှိကုန်သော အလှူဝတ္ထုတို့ကို မြန်မာနိုင်ငံတော်ရှိ ပဝါရိတ-ဒါယကာတို့ စီမံဖန်တီးပေးလိုက်ကြပါသည်၊ ထိုအလှူဝတ္ထု ပစ္စည်းတို့နှင့်တကွ တပည့်တော်တို့သည် ကောလမ္ဗိုမြို့ ဥပါသကာ အမတ်ကြီးတဦး၏ မွေ့လျော်ဖွယ်ကောင်း၍ ဆိတ်ငြိမ်သော ဥယျာန်ကြီးအတွင်း၌ ရောက်လာရောက်လာကြကုန်သော ရှင်လူတို့အား တရားစကား ပြောဟောဆုံးမ ဩဝါဒပေးနေရသဖြင့် ရက်သတ္တတပတ်မျှ ကုန်လွန်စေကာ ယခုမှ မီးရထားစီး၍ အရှင်တို့၏ သေခ်ဏ္ဍာမြို့သို့ ဆိုက်ရောက်လာရပါသည်—

အစရှိသည်ဖြင့် စွယ်တော်ဓာတ်မြတ်ကို အလွန် ဖူးမျှော် ပူဇော်လိုသော မဟာဇ္ဈာသယ သမ္မာဆန္ဒတော်ဖြင့် ခဲခဲယဉ်းယဉ်း ကြွရောက်တော်မူရကြောင်းကို ရေးသားထားတော်မူလေသည်။

[ယခုခေတ် သင်္ဘောဆိုလျှင် ဘီဘီလိုင်းဖြင့် မြန်မာပြည်မှ သီဟိုဠ်ကျွန်းသို့ ၅-ရက်မျှသာ သွားရသည်ဟု သိရသည်၊ လေယာဉ်ပျံဖြင့် သွားမူကား နာရီပိုင်း ခရီးမျှသာ ဖြစ်ပေသည်။ ရွှေကျင်ဆရာတော်ဘုရားကြီး ကြွတော်မူစဉ်က ၂၅-ရက် သွားရသည့်ပြင် သင်္ဘောပေါ်၌ ဆင်းရဲပင်ပန်းစွာ ကြွတော်မူရသည်ဖြစ်၍ သာမန်စိတ်ဓာတ်ရှိသူတို့ ရောက်နိုင်ရန်မှာ လွယ်ကူလှမည် မဟုတ်ပေ။]

## ဝိစိတြဝန္ဒနာ

ရွှေကျင်ဆရာတော်ဘုရားကြီးသည် ၁၂၄၅-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁-ရက်နေ့၌ ရေးသားတော်မူပြီးသော "ဝိစိတြဝန္ဒနာ" ဘုရားရှိခိုးသည်

မြတ်စွာဘုရား၏ အထူးထူးသော ဂုဏ်တော်တို့ကို သဒ္ဒါနည်း, ဆန်းနည်း, အလင်္ကာနည်းတို့ဖြင့် ဆန်းဆန်းကြယ်ကြယ် စီကုံးရေးသားတော်မူအပ်သော ဝန္ဒနာ-စာတရပ် ဖြစ်လေသည်၊ တပါးသူတို့ ကြံတောင်းကြံခဲသော ဘုရားတရားဂုဏ်တော်တို့ကို နှိုက်ကျွတ်ဖော်ထုတ်၍ ဆန်းပြားတင့်တယ်စွာ လေးလေးနက်နက် ရေးသားတော်မူခဲ့ပါသေးသည်။

၂-ဂါထာမျှ ပါဠိရှေ့အနက်ပါ ပြပါဦးအံ့—

သသကာပိ သီဟာယန္တိ၊ မေရုမှိ ပဗ္ဗတေ ဌိတာ။
အဟိံသိတာ ဗျဂ္ဃါဒီဟိ၊ ခေမိနော အကုတော ဘယာ။
ပုထုဇ္ဇနာရိယာယန္တိ၊ ဘဝတံ သာသနေ ရတာ။
ပါယဗ္ဘယမတိက္ကန္တာ၊ သီလဝန္တာ သမာစရာ။
တောဒိသေ ခေမဋ္ဌာနေ၊ သာသနေ န ရမေ ကောနု။

မေရုမှိပဗ္ဗတေ — မြင်းမိုရ်တောင်ခြေ မှိုင်ရဝေ၌။ ဌိတာ— တည်နေရကုန်သည်ရှိသော်။ ဗျဂ္ဃါဒီဟိ— ကျားအစရှိသော သတ္တဝါတို့သည်။ အဟိံသိတာ— မကိုက်ခဲ မညှဥ်းဆဲအပ်ကုန်သည်ဖြစ်၍။ ခေမိနော— ဘေးကင်းကုန်သည်လည်းဖြစ်၍။ အကုတောဘယာ — တစုံတရာ ဘေးမလာကုန်သည်ဖြစ်၍။ သသကာပိ— ယုန်ငယ်တို့သည်လည်း။ သီဟာယန္တိ— ခြင်္သေ့ယောင် ပြေးနိုင်ကြကုန်၏။

တထာ — ထိုနည်းတူ။ ဘန္တေ— သဗ္ဗညုမြတ်စွာဘုရား။ ဘဝတံ— ကိုယ်တော်မြတ်ဘုရားတို့၏။ သာသနေ — သာသနာတော်၌။ ရတာ— မွေ့လျော်နိုင်ကြကုန်သော ပုဂ္ဂိုလ်တို့သည်။ သီလဝန္တာ— သီလရှိကုန်သည်ရှိသော်။ သမာစာရာ— ကောင်းသောအကျင့် ရှိကြကုန်သည်ရှိသော်။ အပါယဗ္ဘယံ— လူသာမန်တို့ လွန်မြောက်နိုင်ခဲသော အပါယ်ဘေးကြီးကို။ အတိက္ကန္တာ— လွန်မြောက်နိုင်ကြကုန်သည်ဖြစ်၍။ ပုထုဇ္ဇနာပိ— ပုထုဇန်တို့သော်လည်း။ အရိယာယန္တိ—အရိယာယောင် ပြေးနိုင်ကြကုန်၏။

တောဒိသေ— ဤသို့သဘောရှိသော။ ခေမဋ္ဌာနေ — ဘေးကင်းရာဖြစ်သော။ သာသနေ— သာသနာတော်၌။ ကောနု— ဘေးကင်းလိုသော အဘယ်သူသည်။ န ရမေ— မမွေ့လျော်ချင်ပဲ ရှိတော့အံ့နည်း။

ဤသို့ စသည်ဖြင့် ဂုဏ်တော်တွေ တမျိုးစီ တမျိုးစီ ထုတ်ဖော် ဖွဲ့စီ၍ ရေးသားတော်မူထားပေသည်။

## အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်း

ယင်းသို့ ဆန်းပြား၍ ကြည်ညိုနှစ်သက်ဖွယ်, သဒ္ဒါတရားပွါးများဖွယ် ဖြစ်သော "ဝိစိတြဝန္ဒနာ"ကို ရန်ကုန်မြို့ ပါဠိဆရာ အင်္ဂလိပ်အမျိုးသား **မစ္စတာဂျောဂရေး** သည် ဖတ်ရှုရသောအခါ အလွန်ကြည်ညို အားရနှစ်မြို့လှသည်ဖြစ်၍ အင်္ဂလိပ်ဘာသာပြန်ဆိုကာ စာအုပ်ပြုလုပ်ပုံရိုက်၍ အင်္ဂလန်စသော ဥရောပတိုက်သို့ အနှံ့အပြား ဓမ္မဒါနအဖြစ် ဝေငှလှူဒါန်းလိုက်လေသည်။ ထိုနောက် မန္တလေးမြို့နေ ဆရာတော်ဘုရားကြီး၏ တပည့်ဒကာတို့က တဖန် စာအုပ်တထောင်ကျော် မြန်မာဘာသာအတိုင်း ရိုက်နှိပ်ဝေငှ လှူဒါန်းကြသည်။ ၁၂၅၅-ခုနှစ်၌ မန္တလေးတိုင်းသတင်းစာတိုက်က တတိယအကြိမ် ရိုက်နှိပ်ဖြန့်ဖြူးပြန်လေသည်။

ဤဝိစိတြဝန္ဒနာ-စာကို အကြောင်းပြု၍ **မစ္စတာဂျောဂရေး**သည် ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဥပါသကာတယောက်အဖြစ်သို့ ရောက်လာပေရာ ရွှေကျင်ဆရာတော်ဘုရားကြီးသည် မစ္စတာဂျောဂရေးမှတဆင့် ဣန္ဒိယသားခရစ်ယန်များ စဉ်းစားဆင်ခြင်ရန် နှလုံးသွင်းရည်ရွယ်ခြင်းဖြင့် "ဣန္ဒိယောဝါဒကထာ"ကို ရေးသား၍ ဩဝါဒပေးတော်မူခြင်းဖြစ်ပေသည်။

## ဣန္ဒိယောဝါဒကထာ

ဣန္ဒိယောဝါဒကထာ၌ ဩဝါဒပေးတော်မူလိုရင်းမှာ သတ္တဝါတို့၌ အမှုအလုပ်ဟုဆိုအပ်သော ကမ်သည်သာ ပဓာနအကြောင်းရင်းဖြစ်သည်၊ မိမိကိုယ်တိုင် အတိတ်ကပြုခဲ့သော အလုပ် (ကမ်), ယခုမျက်မှောက်၌ ပြုလုပ်သောအလုပ်(ကမ်)အလျောက် ချမ်းသာခြင်း ဆင်းရဲခြင်းကို ရရှိကြခြင်းဖြစ်သည်၊ လောက၌ အဘယ်သူတဦးတယောက်ကမျှ ပြုပြင်ပေးသည်, ဖန်ဆင်းပေးသည် မဟုတ်၊ တယောက်ပြုသော ကောင်းမှုကမ်၏ ကောင်းကျိုးကို အခြားတယောက်က ခံယူကာ ချမ်းသာသည်မဟုတ်၊ တယောက်ပြုသော မကောင်းမှုကမ်၏ အပြစ်ကိုလည်း အခြားတယောက်က ကိုယ်စားပြု၍ ခံယူကာ ဆင်းရဲသည်မဟုတ်၊ မိမိ၏ ကောင်းကျိုးကို မိမိ စံရ၍ မကောင်းကျိုးကိုလည်း မိမိပင် ခံရပေသည်၊ လူ့ရာဇဝင်တလျှောက်လုံး၌ သားမိုက်ပြုလုပ်ခဲ့သော အပြစ်ကို ဘခင်ကခံယူ၍ ပပျောက်သည်, ဘခင်၏ အပြစ်ကို သားကခံယူ၍ ပပျောက်သည် ဟူ၍လည်း တရံတခါမျှ မရှိခဲ့ဘူး

ပေ။ သား ပြုသည်ကို သားသာ ခံစံရ၍ ဘခင် ပြုက ဘခင်သာ ခံစံခဲ့ကြရပေသည်။

သို့ကြောင့် သတ္တလောကဆိုတဲ့ သတ္တဝါတွေကို ထာဝရဘုရားဆိုသူက ဖန်ဆင်းသည်, ကပ္ပါလောကဆိုတဲ့ ဩကာသလောကကိုလည်း ထာဝရ-က ဖန်ဆင်းသည် ဆိုကြသည်မှာ အလျှင်း ယုတ္တိမရှိသောစကား ဖြစ်ပေသည်။

## ထာဝရဘုရားဆိုသူ ကရုဏာကင်းပုံ

အချို့ဘာသာဝင်တို့၏ အယူဝါဒအရ ကပ္ပါလောကနှင့်တကွ လူတို့၏ ဟင်းသီးဟင်းရွက်အဖြစ် အစာအာဟာရအလို့ငှါ ကြက်, ငှက်, နွား, မြင်း, ဘဲ, ဝက်စသော သတ္တဝါတို့ကိုလည်း ဖန်ဆင်းသည်ဟု ဆိုကြသည်။ ကြက်ဝက်တို့မှာ အစာအာဟာရဖြစ်နိုင်၍ ရှိပါစေဦး၊ ပရွက်ဆိတ်, ခြ, ပိုးကောင်ငယ်စသော သတ္တဝါအဖျင်းအသိမ်တို့ကို ဘာ့ကြောင့် ဖန်ဆင်းပါသနည်း၊ ကြက်ငှက်တို့၏ အစာအဖြစ်ဖြင့် ဖန်ဆင်းပေးသည်ဆိုခဲ့လျှင် ထာဝရဘုရားသည် ယင်း သတ္တဝါငယ်တို့အပေါ်၌ အဘယ်မျှ ကရုဏာကင်းမဲ့လျက်ရှိသည်ကို ဆင်ခြင်တတ်သူတိုင်း သိနိုင်ရာသည်၊ သတ္တဝါတို့ကို ဖမ်းယူကိုက်စား ဝါးမျိုတတ်သော ကျား, ခြင်္သေ့စသော ကြမ်းတန်းခက်ထန်သော ကုန်းသတ္တဝါ၊ ငါးမန်း, မိကျောင်းစသော ရေသတ္တဝါတွေကိုလည်း လူစသော သတ္တဝါတို့၌ ဘေးအန္တရာယ်ဖြစ်စေရန် ဖန်ဆင်းထားပြန်လေရာ ထိုကဲ့သို့ သတ္တဝါတို့အပေါ်၌ ကရုဏာတရားလက်လွှတ်သော ထာဝရဘုရားက ငါ့ကိုကိုးကွယ်သော လူတို့၏ အပြစ်ကို ငါခံမည်၊ ငါ့သားခရစ်တော်ကို ခံယူစေမည်ဟု ဆိုသည်မှာ ယုံနိုင်လောက်သောစကား ဟုတ်ပါ၏လား၊ မိမိ၏သားဟုဆိုသော ခရစ်တော် လက်ဝါးကပ်တိုင်သို့ အတင်ခံရသည်ကိုမျှ မကယ်တင်နိုင်သော ထာဝရဘုရားသည် အခြားသူများကို ကယ်တင်နိုင်ပါမည်လား-ဟု စဉ်းစား ဆင်ခြင်ကြရန်သင့်ကြောင်း။

တရားသဘောအမှန်မှာ နောက်က ပြောကြားခဲ့သည့်အတိုင်း မိမိပြုသောကမ်ကို မိမိသာ ခံစံရကြောင်း, တယောက်၏ အကျိုးအပြစ်ကို တယောက်က ခံစံရရိုး မရှိကြောင်း၊ သို့ကြောင့် သတ္တဝါတို့၌ ကမ်သာပဓာနဖြစ်၍ မိမိပြုလုပ်သော အတိတ်ကမ်, ပစ္စုပ္ပန်ကမ် ရှိသည်အလျောက်သာ ခံကြရ, စံကြရကြောင်းကို ဉာဏ်ဖြင့် ဆင်ခြင်ကြ၍ ဒိဋ္ဌိဇုကမ္မ=မှန်ကန်ဖြူးဖြောင့်သော အယူဝါဒရှိကြကုန်သည်ဖြစ်၍ အပါယ်ဘေးမှ ကင်းလွတ်

နိုင်ကြပါစေသတည်း-ဟု အယူအမြင် လွဲမှားနေသူတို့အပေါ်၌ ကရုဏာ မေတ္တာတော်ကြီးမားလှစွာဖြင့် "ဣန္ဒြိယောဝါဒကထာ"ကို ရေးသားတော်မူခြင်း ဖြစ်လေသည်။

ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဩဝါဒတရားတော်အတိုင်း ယခုခေတ်လူတို့ ပြောဆိုသုံးစွဲနေကြသော သိပ္ပံနည်းကျကျ, လောကခေတ်လက်တွေ့ မျက်မြင်နှင့် တိုင်းတာဆင်ခြင်လျှင်လည်း ကမ်မှတပါး ဖန်ဆင်းသူမရှိသည်မှာ ထင်ရှားလှပေသည်။

## သင်္ဃာဆရာတော်နှင့် ရွှေကျင်ဆရာတော်

ရွှေကျင်ဆရာတော်ဘုရားကြီးသည် သီးလုံးဆရာတော်ဘုရားကြီး၏ အန္တေဝါသိကတပည့်ရင်း ဖြစ်တော်မူရာ သီးလုံးဆရာတော်ဘုရားကြီးတပည့်တပါး ဖြစ်တော်မူသော သင်္ဃာဆရာတော်နှင့် ဆရာတူတပည့် ဖြစ်တော်မူသည့်အလျောက် ရင်းနှီးကြည်ညိုမှုလည်း တဦးအပေါ် တဦး ရှိတော်မူကြသည်။ သင်္ဃာဆရာတော်ဘုရားကြီးက ရွှေကျင်ဆရာတော်ဘုရားထက် သိက္ခာဝါကြီးတော်မူသည်၊ သို့ကြောင့်လည်း ရွှေကျင်ဆရာတော်ဘုရားသည် ပကတိအားဖြင့် နိဝါတ, နိမာနဂုဏ် ရှိတော်မူသည်ဖြစ်၍ သင်္ဃာဆရာတော်ဘုရားကြီးအား လေးစားတော်မူပေသည်။ သင်္ဃာဆရာတော်ဘုရားကြီးကလည်း တပည့်တပါးသဖွယ် ရင်းရင်းနှီးနှီး ခေါ်ဝေါ်ပြောဆိုတော်မူလေ့ရှိပေသည်။ အရှင်မဟာကဿပသည် ဦးခေါင်း၌ ဆံတော်ဖြူလာပြီဖြစ်သော အရှင်အာနန္ဒာကို ရင်းနှီးကြည်ညိုသော သဘောဖြင့် "ကုမာရ-မောင်အာနန္ဒာ" ဟူသော အခေါ်အသုံးမျိုးဖြင့် ခေါ်ဝေါ်သုံးစွဲတော်မူသကဲ့သို့ပင် ဖြစ်ပေလိမ့်မည်။

တရံရောအခါ၌ သင်္ဃာဆရာတော်ဘုရားကြီးသည် ရွှေကျင်ဆရာတော်ဘုရားထံသို့ ဤပြဆိုလတ္တံ့သော "သန္ဒေသကထာ"ကို ရေးသားပေးတော်မူလေသည်။ (သန္ဒေသကထာ-ဟူသည် မေတ္တာသက်ဝင် ကြည်ညိုခင်မင်သူချင်း ရေးသားသော အမှာစကားပင်တည်း။)

၁။ န တေန ဇာဂရော နာမ၊ ယေန သုပ္ပတိ ဤဒိသံ။
ဇာဂရောန္တော အနိဒ္ဒါယ၊ ဇာဂရောတိ ပဝုစ္စတိ။

၂။ န သုတ္တော ဇာဂရော နာမ၊ ဇာဂရောန္တောဝ ဇာဂရော။
သယဉ္စ ဇာဂရော ဟောတု၊ ပရေ စ ဇာဂရေ ကုရု။

၃။ ကဒါဟံ နန္ဒံ ပဿာမိ၊ အာရညံ ပံသုကူလိကံ။
အညာတုဉ္ဆေန ယာပေန္တံ၊ ကာမေသု အနပေက္ခိနံ။

၁။ ယော—အကြင်ဇာဂရတွင်ခေါ် မြို့တော်ခိုမှီး ငါ၏တပည့်ကြီးသည်။ ယေန-အကြင်မင်းနေပြည်ကြီး မြို့ကိုမှီး၍ အချည်းနှီးသာ ဘာဝနာကမ္မဋ္ဌာန်း မကြိုးပမ်းပဲ နေအားသဲသဖြင့်။ သုပ္ပတိ-သေဌေးသူကြွယ်ကုန်သည်မကြွင်း မင်းကိုမလပ် မှူးမတ်မဆို လူလိုကိုလိုက် လူကြိုက်ကိုပြောလူနှင့်ရော၍ မေ့ကြီးမေ့လျက် တမွေ့မွေ့အိပ်၏။ တေန-ထိုသို့အိပ်နေခြင်းဖြင့်။ ဣဒိသံ—ဣဒိသော-ဤသို့အသက်မွေးဝမ်းကျောင်း ကောင်းနိုးရာရာရသာဆိမ့်ချို အာဘောင်စို၍ မြို့ကိုခိုမှီး မောဟာစီး၍ အချည်းနှီးအိပ်နေသောသူကို။ ဇာဂရော နာမ-သညာနတ္ထ ဇာဂရဟူ နိုးကြားသောသူဟူ၍။ နဝုစ္စတိ-ပညာရှိသူ ခပ်သိမ်းလူတို့ မခေါ်ဆိုလောက်။ အနိဒ္ဒါယ-မြို့ကိုမခိုရွာကိုမမှီး မိုင်တောကြီး၌ လေးပိုထ်ရိယာ ဘာဝနာပျော်မွေ့ မအိပ်လေ့ရှိခြင်းဖြင့်။ ဇာဂရောန္တော ဝ-မှောင်အဝိဇ္ဇာ သည်းလှစွာသော အိပ်ပျော်ခြင်းမှ နိုးသောသူသာလျှင်။ ဇာဂရောတိ-နတ္ထသညာ ဘွဲ့မည်သာသည့် ယတိဇာဂရဟူ၍။ ပဝုစ္စတိ-ရဟန်းသူတော် လူသူတော်တို့ ခေါ်ဆိုသမုတ်လောက်ပေ၏။

၂။ သုတ္တော-ရာဂဌာနံ ဝမ်းရေးစုံသည့် ကာမဂုဏ်သီး မိုက်ပင်ကြီး၌ မိုက်သီးစားကြ လူ့ဗာလတို့တံထွာ အဝိဇ္ဇာဟူ ထူလှသည့်မှောင်တွင်း ဂါမဝါသီဟူသောအိပ်ပျော်ခြင်းဖြင့်အိပ်ကြူးသောသူသည်။ ဇာဂရောနာမ-သညာနတ္ထ ဇာဂရဟူ နိုးကြားသောသူမည်သည်။ န-မဖြစ်နိုင်သေး။ သယဥ္စ-မိမိသည်လည်း။ ဇာဂရော-ကြက်ဦးတွန်ဆော် တည္ခဲ့ကျော်၍ ပကတိသော အိပ်ပျော်ခြင်းမှ နိုးသည်မူလည်း။ ဟောတု-ဖြစ်စေ။ ပရေ စ-တပည့်တပန်းရဟန်းသာမဏေ ရံခြွေရွေဟူ သူတပါးတို့ကိုမူလည်း။ ဇာဂရေ-နံနက်မိုးသောက် အချိန်ရောက်၍ ဒေါက်ဒေါက်ဒိုးဒိုး ခေါင်းလောင်းထိုးလျက် နိုးစေသည်တို့ကိုမူလည်း။ ကုရု-တိုက်တွန်းနှိုးဆော် ပြုတော်မူသည်လည်း။ ဟောတု-ဖြစ်စေ။ ဇာဂရောန္တော ဝ-မင်းနေပြည်ကြီး မြို့ကိုမမှီးပဲ မိုင်တောထဲ၌ အမြဲခိုနေ နိဗ္ဗာန်စေလျက် ကျွက်ကျွက်နိုးကြားသော သူသည်သာလျှင်။ ဇာဂရော နာမ-နတ္ထသညာ ဘွဲ့မည်သာသည့် ဇာဂရမည်သလျှင်ကတည်း။ ဝါ-မည်နိုင်ပါသည်မင်း။

၃။ အာရညံ-တော၌ပျော်မွေ့ အာရညကင်စုတင်ကို ဆောင်လေ့ရှိထသော။ ပံသုကူလိကံ-မြေမှုန့်လိမ်းကျံ ဖောက်ပြန်နီလွင် ပံသုကူစုတင်ကို ဆောင်လေ့ရှိထသော။ အညာတေ-မျိုးမည်ဂုဏ်အင် မထင်မရှား မျိုးနှစ်ပါး၌။ ဥဋ္ဌေန-သပိတ်ကိုလက်စွဲ ဦးပြည်းတို့ထုံးစံ ဆွမ်းခံရှာမှီးခြင်းဖြင့်။ ယာပေန္တံ-နှစ်သက်အားရ မျှတလေ့ရှိထသော။ ကာမေသု-ငါးဖြာအာရုံ ကာမဂုဏ်တို့၌။ အနပေက္ခိနံ-လွန်စွာမမက် ငဲ့ကွက်ခြင်းမရှိထသော။ နန္ဒံ-ဒီပကတ္ထ ပြသည်အရ နန္ဒတွင်မည် သင်မထေရ်ကို။ ကဒါ-ဘယ်နံရောအခါမှ။ အဟံ-ဟိတသုခံ ကျိုးနှစ်တန်ကို တောင့်တလေ့ရှိသော ငါသည်။ ပဿာမိ-ရှုမြင်ရပါအံ့နည်း။

## ရွှေကျင် ဆရာတော်ဘုရားက သင်္ဂဇာ ဆရာတော်ဘုရားကြီးထံ ပြန်ဆက်ကပ်သော သန္ဒေသကထာ

၁။ န တေန အဂ္ဂကော နာမ၊ အဂတေ ယေန ဤဒိသံ။
အနဂ္ဂေန္ဒုဇဝန္တော၀၊ အဂ္ဂေါ ဣတိ ပဝုစ္စတိ။
၂။ အနဂ္ဂေါ န အဂ္ဂေါ နာမ၊ အညာယေ၀ စ အဂ္ဂကော။
သယဉ္စ အဂ္ဂိကော ဟောတု၊ အညေ စ အဂ္ဂိကေ ကုရု။
၃။ တဒါ တွံ နန္ဒံ ပဿာဟိ၊ အာရညံ ပံသုကူလိကံ။
ယဒါ နန္ဒော တယော မာသေ၊ ၀စ္ဆတေတိက္ကမေ ၀နေ။

၁။ ယော-အကြင်အဂ္ဂတွင်ခေါ် မထေရ်ကျော်သည်။ ၀ါ-အကြင်မြို့ကို မခို ရွာကိုမမှီး မြိုင်တောကြီး၌ လေးပိုယ်ရိယာ နေတတ်စွာသည့် ငါတို့ဆရာ မဟာထေရ်ကြီးသည်။ ယေန-အကြင် ဘာ၀နာကမ္မဋ္ဌာန်း မကြိုးပမ်းပဲ နေအားသဲခြင်းဖြင့်။ ၀ါ-တောနေပုဂ္ဂိုလ်တို့၏ တံထွာ ဘာ၀နာမမွေ့ ကမ္မာ ရာမေ့မှု လေပွေ့နောက် စိတ်ရောက်ကိုယ်ကျင့် စိတ်လွင့်ကိုယ်ပါ လမ်းမဟုတ် ရာကိုသာ ပြေးသွားတတ်သော သဘောတရားဖြင့်။ အဂတေ-မြိုင်ညို ရစ်သန်း တောစခန်း၀ယ် ပင်ပန်းရသည်ကလောက် ရှယ်တိုင်းမပေါက် ကြံတိုင်းမမြောက်ပဲ ကောက်တကျစ်နေရလေ၏။ တေန-ထိုသို့သော နေရ ခြင်းဖြင့်။ ဤဒိသံ-ဤဒိသော-ဤသို့ မြိုင်ညိုရဂုံ ခိုမှီးလှုံ၍ အမုန်ယစ် သောက် တောဆင်ပေါက်အသွင် တဏှာ၀င်ဖျက် သဒ္ဓါပျက်၍ အ၀ါကြီးနှင့် အ၀က်တင်း ဘာ၀နာလွှတ်ကင်းလျက် ရောကာ ယောင်ကာ ခန်းဆောင်

တွင်းမှာ စားကာ အိပ်ကာ ကိုယ်ကိုစင်း၍ တဖျင်းဖျင်းနေသောသူကို။ အဂ္ဂကော နာမ-တောနေပုဂ္ဂိုလ်တို့တံထွာ အာရညဝါပုဂ္ဂိုလ်တို့ အလျောက် အရဟတ္တဖိုလ်တိုင်ရောက်အောင် အဂ္ဂမည်လောက်သောသူဟူ၍။ န ဝုစ္စတိ-ခပ်သိမ်းသူတော် မြို့ကြီးပျော်သည့် တပည့်တော်တို့ မခေါ်ဆိုလောက်ပါသေး။ အနဂ္ဂေန-အရညဝါသူ ခပ်သိမ်းလူတို့ ထုံးစံကိုလေသမာရ်ကို ပယ်လှန်နှိမ်လှဲ ဘာဝနာစွဲသော မကောက်ကျစ်သောစိတ်ဖြင့်။ ဥဇုဝန္တော၀-အလသိယ, ကမ္မာရာမ စသည်မနှောင့် ရန်မမှောင့်ပဲ ဖြောင့်မတ်တန်းတန်း တမဂ်တဖိုလ် လှမ်းသည့် သူကိုသာလျှင်။ အဂ္ဂေါ ဣတိ-တောနေ ပုဂ္ဂိုလ်တို့ အလျောက် ရှယ်တိုင်းပင်ပေါက် ကြံတိုင်းပင်မြောက်သည့် အဂ္ဂဆိုစလောက်သောသူ ဟူ၍။ ပဝုစ္စတိ-ခပ်သိမ်းသူတော် တပည့်ကျော်တို့ မြို့ကြီးကမြော်လည်ကိုမော်၍ ကြံတိုင်းမပေါက် အရဟတ္တဖိုလ်မတိုင်မြောက်သဖြင့် အဂ္ဂ-မခေါ်လောက်သောသူသည်။

၂။ န အဂ္ဂေါနာမ-နွတ္တသညာ ဘွဲ့မည်သာသည့် ဆရာမထေရ် အဂ္ဂ-မမည်သင့်ပါသေး။ သယဠ္ဍ-မိမိသည်မူလည်း။ အဂ္ဂိကော-မြို့ကြီးကိုခွါ ရွာနှင့်ဝေးဝေး တောသံပေးသည့် မြစ်တွေးမြစ်လှောင်း ဥဒေါင်းတွန်သံ ညိုးညိုးညံနှင့် မြိုင်ယံစခန်း မြတ်ရာလှမ်းပေသည်မူလည်း။ဟောတု-ဖြစ်စေ။ အညော စ-နောက်လိုက်ရံခြွေ တပြေတရွာ လာကြသည်ဟူ တပါးသောသူတို့ကိုမူလည်း။ အဂ္ဂိကေ-လူမနီးသည့် တောကြီးဟေဝန် မြတ်ရာချန်၍ အမွှန်ရှေရှေ သက်လုံးကြွေအောင် နေစေသည်တို့ကို။ ကုရု ဝါ-တိုက်တွန်းနှိုးဆော် ပြုတော်မူသည်လည်း။ ဟောတု-ဖြစ်စေ။ အညာယေ၀-အရဟတ္တဖိုလ်တိုင်ရောက် ရှယ်တိုင်းပေါက်၍ ကြံတိုင်းမြောက်မှသာလျှင်။ အဂ္ဂ-ကော-သညာနွတ္တ ဘွဲ့မည်ရသည့် အဂ္ဂတွင်ခေါ် မထေရ်ကျော်ဟူ၍။ ဝုစ္စတိ-သူတော်တသင်း တူရာချင်းသည့် မင်းနေပြည်ကြီး ခိုမှီးရှင်ပျော် တပည့်ကျော်တို့ ခေါ်ဆိုသမုတ်လောက်ပါ၏။ ဝါ-ခေါ်ဆိုသမုတ်လောက်ပေမည်။

၃။ ယဒါ-အကြင်အခါ၌။ နန္ဒော-ဒီပကတ္ထ ပြသည့်အရ နန္ဒသမုတ် အကျွန်ုပ်သည်။တယော မာသေ-ဖုဿအန္တ ယင်းသုံးလကို။အတိက္ကမေ-ဥတုရာသီ စုံညီလျှောက်ပတ် လွန်လတ်ခဲ့သော်။ဝါ-လွန်လတ်သောအခါမှ။ ဝနေ-အာရညကင် ဓုတင်ရရာ တောဝိဟာ၌။ ဝစ္ဆတေ-မရှည်မကြာ လျှင်စွာပျော်ပေါ့ နေပါတော့အံ့။ တဒါ-ထိုသို့နေသောအခါ၌။ အာရညံ-တောမှာ

ပျော်မွေ့ အာရညကင်ဓုတင်ကို ဆောင်လေ့ရှိထသော။ ပံသုကူလိကံ-မြေမှုန့် လိမ်းကျံ ဖောက်ပြန်နီလွင် ပံသုကူဓုတင်ကို ဆောင်သော။ နန္ဒိ-ဒီပ-ကတ္တ ပြသည့်အရ နန္ဒသမုတ် အကျွန်ုပ်ကို။ တံ့-ဟိတသုခ ကျိုးနှစ်ဝကို တောင့်တလှသော အရှင်ဘုရားသည်။ ပဿာဟိ-ရှုမြင်တော်မူပါလော့။

[အထက်ပါ သန္ဒေသကထာများမှာ စက္ကူပေါ်၌ ခဲတံဖြင့်စာလုံးအက္ခ-ရာသေးသေးယယ် မကွဲမပြား ကူးယူရေးသားထားသော စာမူမှ တဖန် ရေးကူးထည့်သွင်းရသောကြောင့် ရွှေကျင်ဆရာတော်ဘုရားနှင့် သင်္ဂဇာ ဆရာတော်ဘုရားကြီးတို့၏ စာမူရင်းနှင့် ညီမညီကိုကား မသိရပါ။ တွေ့ရှိသော စာမူအတိုင်းသာ မပြုမပြင်ပဲ ဖော်ပြလိုက်ပါသည်။]

## ရွှေကျင်ဆရာတော် တောရပျော်တော်မူခြင်း

ရွှေကျင်ဆရာတော်ဘုရားကြီးသည် အရညဝါသီဓလေ့ တောရကျောင်းများကိုသာမှီ၍ ရဟန်းတရားကို ပွါးများအားထုတ်မှုဖြင့်သာ ကာလကို များများကုန်လွန်စေရာ ရွှေကျင်ဆရာတော်ဘုရားကြီးကို အမှီပြု၍ ဩဝါဒကို ခံယူကာ မြို့တော်၌ ရှိနေကြကုန်သော တပည့်တပန်း ရဟန်းသံဃာတို့သည် ဆရာနှင့်ဝေး၍ အားသေးစိတ်ငယ်သကဲ့သို့ ရှိကြသည်တကြောင်း, ရွှေကျင်ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ကျောက်ထီးတမူ အရေးယူကာ ရိုသေလေးစားအပ်သော မဟာဗိုလ်ဆရာတော်ဘုရားကြီးကလည်း သာသနာတော်နှင့် တပည့်သံဃာတို့ကို ငဲ့ညှာ၍ အားနည်းနေသော သာသနာကို အားပေးပြုစုရန် မြို့တော်သို့ ပြန်ခဲ့စေလိုကြောင်းဖြင့် မှာကြားမိန့်ခေါ်တော်မူလေသည်။ ယင်းသို့ မိန့်ခေါ်တော်မူသည့်အတွက် မဟာဗိုလ် ဆရာတော်ဘုရားကြီးထံသို့ ပြန်ကြား လျှောက်ထားသော လျှောက်စာကို **ဂန္ဓာရောစနကထာ**ဟု ကမ္ပည်းတပ်၍ ရေးသားဆက်ကပ်တော်မူသည်။

ထိုဂန္ဓာရောစနကထာ-၌ ယခုအခါ တပည့်ရွှေကျင်မှာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ အထိုက်အလျောက် သပ္ပါယဖြစ်သောနေရာကို ရရှိနေပါသည်၊ ယခင်က ရှိမ်းမကားရွာ တောင်သရက်ချောင်တောရ၌ နေစဉ်ကပင် ပြည့်ရှင်မင်းသည် အကြိမ်ကြိမ်အတန်တန် အလှည့်အလည်နှင့် မင်းချင်းယောကျ်ားတို့ကို စေလွှတ်ပင့်ခေါ်စေသည်သာမက မောက်ကြိုးဆရာတော်ကြီးကိုယ်တိုင် ရှိမ်းမကားအရောက် ကြွလာတော်မူ၍ ပင့်ခေါ်စေပါသည်။ ထိုအခါကမူကား မိအို့ဘအိုတို့ကိုငဲ့၍သာ စိတ်ဆန္ဒ မထက်သန်လှပဲနှင့်ပင်

မြို့တော်သို့ ရောက်ခဲ့ရပါသည်။ ယခုမူကား အရှင်မဟာဗိုလ်ဆရာတော်ဘုရားကြီး ရှေးက နှစ်ပေါင်းသုံးဆယ်ကျော် ရရှိတော်မူဘူးသော—

သုညာဂါရံ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော။
ယံ ယံ လဘတိ ပါမောဇ္ဇံ၊ အမတံ တံ ဝိဇာနတံ—

ဒေသနာဂါထာလာ တောအရသာကို ရတန်သလောက် တွေ့ကြုံရရှိနေပါသဖြင့် တပည့်ရွှေကျင် မြို့တော်သို့ မရောက်မူကို ခွင့်ပြုတော်မူ၍ အရှင်ဆရာတော်ဘုရားကြီးသည်သာ မြို့တော်၌ တပည့်သံဃာများကို စောင့်ရှောက်ချီးမြှောက်တော်မူရန် လျှောက်ထားသည့်ပြင် သင်္ဂဇာဆရာတော်စသော ဆရာတော်ဘုရားများလည်း ခရီးဝေးကြွတော်မမူကြပဲ အားနည်းနေသော သာသနာတော်ကို အားတက်အင်ကြွ စောင့်ရှောက်တော်မူကြပါဘုရား-ဟု လျှောက်ထားကာ တောရကျောင်း၌ပင် သီတင်းသုံးမြဲသုံးလျက် နေတော်မူသည်။

ရွှေကျင်ဆရာတော်ဘုရားကြီးသည် တောရကျောင်းများ၌ သီတင်းသုံးလျက်ပင် ရံခါရံခါ တပည့်သံဃာများအား စာဖြင့်ရေးသား ဩဝါဒပေးတော်မူသည်၊ ရံခါ ဒါယကာများ ကျင့်သုံးလိုက်နာကြရန် သတိသံဝေဂ ရကြစေရန် ဩဝါဒကထာများကို ရေးသားချီးမြှောက်တော်မူသည်။ ရံခါရံခါ မင်းတရားကြီးထံသို့လည်း အထူးထူးသော ဩဝါဒကထာတို့ဖြင့် ဆုံးမဩဝါဒပေးတော်မူလေ့ရှိသည်။ မြို့တော်၌ သီတင်းသုံးနေတော်မူစဉ်ကမူကား ကိုယ်တော်တိုင် ဆုံးမဩဝါဒပေးတော်မူကြောင်းကို နောက်က ဖော်ပြခဲ့ပေပြီ။ “ဂရွာရောစနကထာ”နှင့် မရှေးမနှောင်းပင် “ခတ္တိယောဝါဒကထာ”ဟူ၍ ရေးသားဆုံးမတော်မူခဲ့ပေသေးသည်။

## ရွှေစက်တော်သို့ ဘုရားဖူးကြွတော်မူခြင်း

ရွှေကျင်ဆရာတော်ဘုရားကြီး ရွှေစက်တော် သို့မဟုတ် စက်တော်ရာသို့ ဘုရားဖူးကြွတော်မူစဉ်က ပစ္ဆာသမဏအဖြစ် နောက်တော်မှ အလုပ်အကျွေးအဖြစ် လိုက်ပါခဲ့ရသော ပဌမမြောက် ရွှေကျင်နိကာယ သံဃနာယက မဟာနာယကချုပ်ဖြစ်တော်မူသော ရှိမ်းမကားမြို့ ချမ်းသာကြီးတိုက်ဆရာတော်ဘုရား ရေးသားထားအပ်သော စက်တော်ရာသွား မှတ်တမ်းကို မူတည် ကိုးကား၍ ရှင်လူတို့ကောင်းမှုတရား တိုးပွါးနိုင်ကြစေရန် ရွှေကျင်

ဆရာတော်ဘုရားကြီး ရွှေစက်တော်သို့ ဘုရားဖူးကြွတော်မူခဲ့သည်ကို ရေးသားဖော်ပြလိုက်ပါသည်။

ရွှေကျင်ဆရာတော်ဘုရားကြီးသည် ရွှေစက်တော်သို့ ဘုရားဖူးကြွတော်မူလိုကြောင်းကို သာသနဒါယကာ ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးထံ အကြောင်းကြားလေလျှင် မင်းတရားကြီးက သဘော်ဖြင့် သက်သာချောင်ချိ၍ ခမ်းနားတင့်တယ်စွာ ပို့ပါမည်ဟု အကြောင်းပြန်လျှောက်ထားသည်၊ ထိုအခါ ရွှေကျင်ဆရာတော်ဘုရားက ခမ်းခမ်းနားနား ဝါဝါကြွားကြွား အနေနှင့် သဘော်ဖြင့် မသွားလိုကြောင်း, ခရီးလမ်းတလျှောက်၌ အကြိုအဆိုပြုရန် ဆင့်ဆိုမှုကိုလည်း အလိုမရှိကြောင်း, စက်တော်ရာ၌တည်းခိုရန် နေရာပြုလုပ်ပေးဘို့အတွက် စကုမြို့ဝန်ထံသို့သာ မှာကြားပေးစေလိုကြောင်း, ဆိုက်ကပ်ဝင်ထွက်လိုရာ မြို့ရွာဆိပ်ကမ်းတို့၌ ဆိုက်ကပ်ဝင်ထွက်လွယ်ကူအောင် လှေများဖြင့်သာ သွားလိုကြောင်းနှင့် ရွှေကျင်ဆရာတော်ဘုရားက မိန့်ကြားတော်မူသဖြင့် မင်းတရားကြီးသည် အထူးထူးအပြားပြား များလှစွာသော ပိတ်အုပ်, ဖယောင်းတိုင်သေတ္တာ, ရွှေဖယောင်းတိုင်, ငွေဖယောင်းတိုင်,ရွှေပေါက်ပေါက်, ငွေပေါက်ပေါက်, ပုံနှိပ်ကမ္မဝါစာ, ဆွမ်းဆန်တော်မှစ၍ ဆွမ်းအတွက် ရိက္ခာတော်အပြည့်အစုံတို့ကို ပေးပို့လှူဒါန်းပေသည်။

ဆရာတော်ဘုရားကြီး အလိုတော်အတိုင်း လှေကြီးနှစ်စင်း, လှေငယ်တစင်း ပေါင်းလှေသုံးစင်းတို့ကို ခင်းကျင်းစီမံပြီးလျှင် လှေကြီးတစင်း၌ ဆရာတော်ဘုရားကြီး, တပည့်ကြီးနှစ်ပါး, ရဟန်းငယ်နှစ်ပါး, သာမဏေတပါး, ကပ္ပိယနှစ်ယောက်, ကျောင်းသား ဖိုးသူတော်ငယ်နှစ်ယောက်, လှေသား သုံးယောက် လိုက်ပါစီးနင်းကြသည်။ အခြားလှေကြီးတစင်း၌ တိုက်အုပ်, တိုက်ကြပ်, စာချ, စာသင်သား သံဃာအားဖြင့် သံဃာနှစ်ကျိပ်ကျော်နှင့် လှေသားသုံးယောက် လိုက်ပါကြသည်။ လှေငယ်တစင်း၌ ဆရာတော်ဘုရားကြီး၏ ခမည်းတော်, မယ်တော်, ခမည်းတော် မယ်တော်တို့အား ပြုစုလုပ်ကျွေးသူများတို့နှင့်တကွ လှေသားသုံးယောက် လိုက်ပါကြသည်။

ဤသို့ အသီးအသီး စီစဉ်ပြီးမှ သက္ကရာဇ် ၁၂၂၉-ခု၊ တပို့တွဲလပြည့်ကျော်တရက်နေ့ မြို့တော်မှ စုန်ဆင်းထွက်ကြွတော်မူလာကြရာ အင်းဝမြို့

ဆိပ်ကမ်းသို့ ရောက်လျှင် သံဃာများက လူဆိုးသူဆိုး သူခိုးဓားပြတို့ ကြောက်ရွံ့တိမ်းရှောင်စေခြင်းငှါ လှေကြီးပေါင်းမိုးပေါ်၌ ကမ္မလာနီကြီးကို လွှမ်းအုပ်၍ ပေါင်းမိုးဝဲယာနှစ်ဖက်မှ အလံနှစ်ချက်ကို စိုက်ထူကြသည်။ ရွှေကျင်ဆရာတော်ဘုရားကြီးမှာ ဤမျှကလေးလောက် ပြုသည်ကိုပင် အလွန်ရှက်တော်မူလှသည် ဟူ၏။ သံဃာများအလိုကို မဆန့်ကျင်လို၍သာ သည်းခံတော်မူရရှာပေသည်။ သံဃာများ၏ အလိုဆန္ဒကို လိုက်လျောခြင်း အကြောင်းသည် နောက်၌ ထင်ရှားစွာ ဖတ်ရှုရပါလိမ့်ဦးမည်။

ထိုနောက် အင်းဝမှတဖန် ဆက်လက်၍ စုန်ဆင်းကြွရောက်တော်မူခဲ့ရာ လမ်းခရီးမြစ်ကြောင်းတလျှောက်၌ ထင်ရှားသော တန်ခိုးကြီးဘုရားဆင်းတုတော်, စေတီတော်, ပုထိုးတော်များရှိရာ ကွမ်းရွာ ရွှေတန့်တစ်, ပုဂံရွှေစည်းခုံ,အာနန္ဒာစသည်၊ ရေနံချောင်းမြို့ မြစ်ကွေ့မြို့ (မကွေး) စသည်တို့၌ ညအိပ်ကျိန်းတော်မူ၍ ဆွမ်းတော်ကြီးကပ်လှူခြင်း, အဆွေခင်ပွန်းသဟာဓမ္မိကဖြစ်သူ ထိုထိုအရပ်၌ သီတင်းသုံးတော်မူကြကုန်သော သံဃာတို့အားလည်း ဖယောင်းသေတ္တာ, ကမ္ဗဝါစာ-စသည်တို့ကို လှူဒါန်းခြင်း ပြုတော်မူသည်။

နားနားနေနေ စုန်ကာကြွတော်မူရာ ခုနစ်ရက်ခန့်ကြာလျှင် မင်းပူးဆိပ်ကမ်းသို့ ဆိုက်ရောက်တော်မူသည်၊ မင်းပူးဆိပ်ကမ်း၌ နှစ်ရက်နားနေလျက် ရွှေစက်တော်အား လှူဒါန်းရန် မျက်နှာကြက်,ခေါင်းပေါင်း,မီးအိမ်, မီးရှူး,မီးရှူးပဒေသာ,ထီး, တံခွန်ကုက္ကား, မလေးပွါး, ကြက်လျှာတို့ကိုများစွာပြုလုပ်ယင်း စောင့်နေကြစဉ် စကုမြို့ဝန် ကိုယ်တိုင်ဆိုက်ရောက်လာလေသည်။ စကုမြို့၌ တညတာမျှ တည်းခိုပြီးလျှင် ညအခါ လမ်းခရီးတလျှောက် သွားယင်းပင် မီးရှူးမီးဝါတို့ကို ကိုယ်စီလက်ကကိုင်ကာ ပူဇော်၍ သွားကြရသည်၊ အလွန်ကြည်နူး ဝမ်းပါးဖွယ်ရှိလှသည် ဟူ၏။ စကုမြို့မှ စက်တော်ရာအရောက် ခရီးတသောင်းလောက်ဝေးကွာသဖြင့် လမ်းခုလတ်၌ တညအိပ်ကြရသည်။ နောက်တနေ့ ရွှေစက်တော်သို့ ရောက်ကြသည်။ ရွှေစက်တော်၌ ခုနစ်ရက်တိုင်တိုင် အားရအောင် ရှိခိုးပူဇော်ကြရသည်။ ဆွမ်းတော်မှစ၍ ဆီမီး, ရေချမ်း, ပန်း,မီးရှူး မီးဝါ, တံခွန်ကုက္ကားစသည်တို့ဖြင့် ပူဇော်ကြရသည်။

ပီတိ သောမနဿ အလွန် ဖြစ်ကြရပါပေသည်ဟု ချမ်းသာကြီးဆရာတော်မှတ်တမ်း၌ ရေးမှတ်ထားတော်မူခဲ့သည်။ အပြုအပြင်မရှိ ပကတိ

တောလမ်းတောင်ကြား၌ သဘာဝနိယာမ သဘောအတိုင်း တည်ရှိနေသော ဒေသခရီးတလျှောက်လုံး ခြေလျင်ကြွတော်မူကြရသည်မှာပင် သာယာကြည်နူးဖွယ်ရှိလေရာ ထက်သန်လှသော သဒ္ဓါပြခန်းသော စိတ်ဓာတ်ဖြင့် ဘုရားရှင်ဂုဏ်တော်တို့ကိုသာ အာရုံပြု၍ စက်တော်ရာကို ဖူးမျှော်ကြရကုန်သော ပုဂ္ဂိုလ်တို့၌ အဘယ်မှာလျှင် ပီတိသောမနဿ မဖြစ်ပဲရှိပါတံ့အံ့နည်း၊ စက်တော်ရာမှ ပြန်ကြွလာကြသောအခါ ညဥ့်အိပ်ညဥ့်နေ ရပ်နားရာဆိပ်ကမ်းသောင်ပြင်တို့၌ စက်တော်ရာပုံကို သဲခုံပေါ်၌ တင်ထားပြီးလျှင် အားလုံးဝတ်တက်ပူဇော် ရှိခိုးကြည်ညိုကြရသည်။ အသွားအပြန် နှစ်လခန့်ကြာရှိရာ ရွှေကျင်ဆရာတော်ဘုရားကြီးသည် နောက်ပါတပည့်သံဃာများ နိသျှည်းမကင်းစေခြင်းငှါ လှေဆိုက်ရာမှ ခဲနှစ်ကျအတွင်း၌ ပေါင်းကိုင်းစိုက်အုပ်၍ သားရေအခင်းတချပ်, ရေဗူးတလုံးဖြင့်သာ သီတင်းသုံးတော်မူသည်။ လမ်းခရီးတလျှောက် နှစ်လခန့်ကြာသော်လည်း တကြိမ်တခါမျှ ဆရာတော်ဘုရားသည် ဦးခေါင်းချ၍ လျောင်းကာ ကျိန်းစက်တော်မူသည် မရှိပေ၊ ဆရာတော်ဘုရားကြီးနှင့်တကွ သံဃာများ နေ့စဉ် ဝတ်တက်ဝတ်ကပ် မပျက်မကွက် ပြုကြရသည်၊ ရံခါ တရားဓမ္မ ဟောပြောတော်မူသည်ကို ကြားနာကြရသည်၊ ကောသနိက်ဓုတင်ဆောင်၍ ဆွမ်းတထပ်သာ စားသည့်အခါ စားကြရသည်။

ရွှေစက်တော်သို့အကြွ လမ်းခရီးကပင် စက်တော်ရာအကြောင်းကို ကြားဘူးသမျှဂုဏ်တော်များဖြင့် တန်ဆာဆင်၍ လှေပေါင်းထဲ၌ပင် လက်ကို ချိုးကာ ချိုးကာ ရွှေစက်တော်ဘုရားရှိခိုး ဂါထာဗန္ဓ ဖွဲ့စီတော်မူ၍ တပည့်ရဟန်းငယ်နှင့် သာမဏေတို့အား ပို့ချသင်ကြားပေးတော်မူသည်။ ထိုအခါက စာဆိုရသူ သာမဏေဟူသည်မှာ-ကွယ်လွန်လေပြီးသော မုံရွာမြို့ ရွှေသိမ်တော်ကျောင်းတိုက် ဆရာတော်အရှင်သီလဝံသ-ဖြစ်လေသည်။ စက်တော်ရာဘုရားရှိခိုး ဂါထာသက်သက်မှာ ၁၆-ဂါထာဖြစ်သည်၊ အနက်ပါ ကျက်မှတ်စေတော်မူသည်။

ရွှေကျင်ဆရာတော်ဘုရားကြီးသည် ရွှေစက်တော်ကို ဖူးမျှော်ပူဇော်ရန် မန္တလေးမြို့တော်မှ ထွက်ကြွတော်မူခဲ့သောနေ့မှစ၍ ဆောက်တည်ကျင့်သုံးခဲ့သော ကျင့်ဝတ်ပဋိပတ်တို့ဖြင့်လည်း ပူဇော်တော်မူသည်ကို ရှစ်ဂါထာပါဠိအနက်တို့ဖြင့် ပြတော်မူသည်၊ ယင်းဂါထာရှစ်ပုဒ်နှင့် မြန်မာအနက်ကို ကား ကြည်ညိုလိုသူတို့အကျိုးငှါ အပြည့်အစုံ ဖော်ထုတ်ပါဦးအံ့။

၁။ လောကနာယက စက္ကိန္ဒ၊ ယတော ဝေါ စက္ကမုတ္တမံ။
နိဂ္ဂတော ဒဿနတ္ထာယ၊ အာဒိံ ကတွာန တံ ဒိနံ။

၂။ ဒိနေ ဒိနေပိ တိက္ခတ္တုံ၊ တဝ စက္ကံ အဝန္ဒယိံ။
ယာပယိံ ကောဘတ္တေနှ၊ သံဝရမ္ပိ သုရက္ခယိံ။

၃။ မုခရာ ယေပိ ဒုဇ္ဇနာ၊ ဒုဋ္ဌဒေါသာ ဝိဟိံသကာ။
ဒုရုတ္တံ ဖရုသံ တေသံ၊ ဒုကာရိတံမိဝါသယိံ။

၄။ မနာပါ မေ ပိယာ ကန္တာ၊ ယေ မိတ္တာ ယေ စ ဗန္ဓဝါ။
ယံ တေ ဣစ္ဆန္တိ တံ ကတွာ၊ တေသံ ဝသံနုဝတ္တယိံ။

၅။ အပဏ္ဏိတာ အဝိညုနော၊ ဒုမ္မေဓာ ယေ စုပဋ္ဌကာ။
ဝတ္တာဝတ္တံ ဒုကာရိတံ၊ အကာရိတံ ခမာပယိံ။

၆။ ယေ ရူပါ စက္ခုဝိညေယျာ၊ ပိယာ သဒ္ဒါ ရသာဒိကာ။
တေသု စိတ္တံ အမုယှန္တော၊ တဏှာသောတံ ဝိဆိန္ဒယိံ။

၇။ သဟာယာ မေနုဝတ္တန္တော၊ သဂဟာဋ္ဌာ သဘိက္ခုကာ။
ကာလေ ကာလေ ဩဝါဒေန္တော၊ တေသံ စိတ္တံ ပသီဒယိံ။

၈။ ဓမ္မဝိစက္က စက္ကိန္ဒ၊ ဣမာယ ပဋိပတ္တိယာ။
တဝ စက္ကံ သုပူဇေမိ၊ သော မေ ဓမ္မပူဇနာတိ။

၁-၂။ လောကနာယက-လူတို့ဦးကိုင်ဖြစ်တော်မူသော။ စက္ကိန္ဒ-မြတ်စွာဘုရား။ ယတော-အကြင်နေ့မှ။ ပဋ္ဌာယ-စ၍။ ဝေါ-ကိုယ်တော်မြတ်ဘုရားတို့၏။ စက္ကမုတ္တမံ-မြတ်သော စက်တော်ရာကို။ ဒဿနတ္ထာယ-ဖူးမြင်အံ့သောငှါ။ နိဂ္ဂတော-ထွက်လာခဲ့ပါ၏။ တံ ဒိနံ-ထို ထွက်လာခဲ့သောနေ့ကို။ အာဒိံ ကတွာန-အစပြု၍။ တဝ-ကိုယ်တော်မြတ်ဘုရား၏။ စက္ကံ-ခြေတော်စက်ကို။ ဒိနေ ဒိနေ-နေ့တိုင်းနေ့တိုင်း။ တိက္ခတ္တုံ-သုံးကြိမ်သုံးဖန်။ အဝန္ဒယိံ-ရိပ်ခြေရော်ရမ်း မှန်းတန်းရှိခိုးခဲ့ပါ၏။ တဝ-ကိုယ်တော်မြတ်ဘုရားအား။ ပူဇနတ္ထာယ-ပူဇော်ခြင်းငှါ။ ကောဘတ္တေနာပိ-တကြိမ်တထပ် ကောဘတ်ဖြင့်လည်း။ ယာပယိံ-မျှတခဲ့ပါ၏။ သံဝရမ္ပိ-စောင့်စည်းအပ်သော စတုပါရိသုဒ္ဓိသီလကိုလည်း။ သုရက္ခယိံ-အထူးရိုသေလှစွာ စောင့်ရှောက်ခဲ့ပါ၏။

၃။ မုခရာ-နှုတ်ကြမ်းတန်းတတ်ကုန်သော။ ဒုဋ္ဌာ-ကိုယ့်ရှင်ကိုသာ ဖျက်ဆီးအပ်ကုန်သော။ ဒေါသာ-သူ့ကိုဖျက်ဆီးတတ်ကုန်သော။ ဝိဟိံသကာ-

သူ့ကို ညှဉ်းဆဲတတ်ကုန်သော။ ယေပိ ဒုဇ္ဇနာ-အကြင် မသူတော်တို့သည် လည်း။ သန္တိ-ရှိသည်ဖြစ်ကုန်၏။ တေသံ-ထိုသူတို့၏။ ဖရုသံ-ကြမ်းတန်း စွာသော။ ဒုရုတ္တံ-မကောင်း ဆိုမြည်အပ်သော စကားကိုငင်း။ ဒုကာရိတံ-ပြစ်မှားချွတ်ချော် မတော်ပြုအပ်သော အမှုကိုငင်း။ တံ ဒိနံ-ထိုစက်တော် မြတ်ကို ဖူးအံ့သောငှါ ထွက်လာခဲ့သောနေ့ကို။ အာဒိံ ကတွာန-အစပြု၍။ အဓိဝါသယိံ-မပြန်ခွန်းတုံ့ စိတ်မရုန့်ရည်း သည်းညည်း အထူးခံခဲ့ပါ၏။ ဝါ-သည်းခံအံ့ငှါ ကောင်းစွာအထူး ဆောက်တည်ခဲ့ပါ၏။

၄။ ဘန္တေ-မြတ်စွာဘုရား။ တံ ဒိနံ-ထိုထွက်လာခဲ့သောနေ့ကို။ အာဒိံ ကတွာန-အစပြု၍။ မေ-အကျွန်ုပ်အား။ မနာပါ-နှလုံးကို ပွါးစေတတ်ကုန် သော။ ပိယာ-ချစ်အပ် ချစ်တတ်ကုန်သော။ ကန္တာ-နှစ်သက်စေအပ် နှစ်သက်တတ်ကုန်သော။ ယေ စ မိတ္တာ-အကြင် အဆွေခင်ပွန်းတို့သည်ငင်း။ ယေ စ ဗန္ဓဝါ-အကြင် အခိုက်ရံခါ ကျွမ်းဝင်လိုက်လာကုန်သော သူတို့သည် ငင်း။ သန္တိ-ရှိသည်ဖြစ်ကုန်၏။ တေ-ထို မိတ်ဆွေ အဖော်တို့သည်။ ယံ-အကြင် အမှုကို။ ဣစ္ဆန္တိ-အလိုရှိကုန်၏။ ယံ-အကြင် ခရီးကို။ ဣစ္ဆန္တိ-သွား လိုကြကုန်၏။ ယံ-အကြင် ဆိပ်ကမ်းအရပ်၌ နားနေခြင်းကို။ ဣစ္ဆန္တိ-အလို ရှိကြကုန်၏။ တေသံ-ထို မိတ်ဆွေ အဖော်တို့၏။ တံ ဣစ္ဆံ-ထိုထိုသို့သော အလိုကို။ ကတွာ-မသွေမဖယ် ပြုလွယ်ခဲ့သည်ဖြစ်၍။ တေသံ-ထို မိတ်ဆွေ အဖော်တို့၏။ ဝသံ-အလိုနိုင်ငံသို့။ အနုဝတ္တယိံ-လိုက်နာခဲ့ပါ၏။

[ဤကဲ့သို့ စိတ်ကို ဆောက်တည်ခဲ့သောကြောင့် မြို့တော်ကထွက်၍ အင်းဝ ဆိပ်ကမ်းသို့ ရောက်သောအခါ သံသာမျှားက ကမ္ဗလာနီကြီးကို လှေပေါင်းပေါ်၌ လွှမ်းအုပ်ခြင်း, အလံနှစ်ခု စိုက်ထူခြင်းတို့ကို မနှစ်မသက် ရှက်နိုးတော်မူလျက် ကန့်ကွက်မြစ်တားမှုကို ပြုတော်မမူခြင်း ဖြစ်လေသည်။]

၅။ စက္ကိန္ဒ-မြတ်စွာဘုရား။ အပဏ္ဍိတာ-ကျိုးကြောင်းဟုတ်ဟတ် မသိ တတ်ကုန်သော။ အဝိညုနော-အရာဌာန မသိတတ်ကုန်သော။ ဒုမ္မေဓာ-ပညာနည်းကုန်သော။ ယေ စ ဥပဋ္ဌကာ-အကြင် အလုပ်အကျွေး ဥပါသကာ, သာမဏေယ်, ပဥ္စင်းယ်တို့သည်။ သန္တိ-ရှိသည်ဖြစ်ကုန်၏။ တေသမ္ပိ-ထို ဥပဋ္ဌကဖြစ်သူ လူတို့၏လည်း။ ဝတ္တာဝတ္တံ-ဝတ်ကြီးဝတ်ငယ်,မှုကြီးမှုငယ်ကို။ ဒုကာရိတမ္ပိ-တိမ်းပါးချွတ်ချော် မတော်ပြုအပ်သည်ကိုငင်း။ အကာရိတမ္ပိ-မေ့လျော့ပေါ့ဖျင်း မပြုမိခြင်းကိုငင်း။တံ ဒိနံ-ထိုစက်တော်မြတ်ကို ဖူးမျှော်

အံ့သောင့်ါ ထွက်လာခဲ့သောနေ့ကို။ အာဒိံ ကတ္တာန-အစပြု၍။ ခမာပယိံ-ဆိုမြည်ငေါက်ငမ်း ကြမ်းတန်းဖြစ်ဖို့ မရှိတို့ပဲ အမြဲသည်းခံခဲ့ပါ၏။

၆။ စက္ခုဝိညေယျာ-စက္ခုဝိညာဉ်၏ အာရုံဖြစ်ကုန်သော။ ပိယာ-ချစ်အပ်ကုန်သော။ ယေ စ ရူပါ-ယာနိ စ ရူပါနိ-အကြင်ဝိသဘာဂ ရူပါရုံတို့သည်ငင်း။ ပိယာ-နှစ်သက်အပ်ကုန်သော။ ယေ စ သဒ္ဒါ-အကြင်စောင်း တယော သံ, သီချင်းသံအစရှိကုန်သော သဒ္ဒါရုံတို့သည်ငင်း။ ပိယာ-နှစ်သက်အပ်ကုန်သော။ ယေ စ ရသာဒိကာ-အကြင်စိတ်နှလုံးကို ယူကျုံး မိန်းမောစေတတ်သော ရသာရုံ အစရှိသည်တို့သည်ငင်း။ သန္တိ-ရှိသည် ဖြစ်ကုန်၏။ တေသု-ထိုသာသနာတော်၏ ရန်သူ, မာရ်မင်း၏ စစ်ကူ အာရုံဟူသမျှတို့၌။ စိတ္တံ-စောင့်စည်းအပ်သောစိတ်ကို။ အမုယှန္တော-မတွေမဝေစေသည်ဖြစ်၍။ တေသု-ထိုအာရုံတို့၌။ တဏှာသောတံ-ကြီးထူထဲစွာ ယင်းသည့် တဏှာ အလျဉ်ကို။ ဝိဆိန္ဒယိံ-တနေ့တခြား ခေါင်းပါးစိမ့်ငှါ ဖြတ်တောက်ခဲ့ပါ၏။

၇။ စက္ကိန္ဒ-မြတ်စွာဘုရား။ မေ-အကျွန်ုပ်၏။ အနုဝတ္တန္တာ-အတူနောက်ပါ တကွလာကုန်သော။ သဂဟဋ္ဌာ-လုပ်ကျွေးပြုသူ လူနှင့်တကွ ဖြစ်ကုန်သော။ သဘိက္ခုကာ-တပည့်ရဟန်းနှင့်တကွကုန်သော။ ယေ စ သဟာယာ-သဟာအာယာ-အကြင်တကွ လာဖော်တို့သည်။ သန္တိ-ရှိသည် ဖြစ်ကုန်၏။ တေသံ-ထိုတပည့်ရှင်လူ ခပ်သိမ်းသူတို့အား။ ကာလေ ကာလေ-လျောက်ပတ်သင့်လျော် အခွင့်တော်ရာ အခါအခါ၌။ ဩဝါဒေန္တော-ဘုရားစက်တော်ဖူးမျှော်လာရာ ဆောက်တည်ရာသော အကျင့်ပဋိပတ်တို့ဖြင့် ဆုံးမဟောပြောအပ်သည် ဖြစ်၍။ တေသံ-ထိုတပည့် ပရိသတ်တို့၏။ စိတ္တံ-စိတ်ကို။ ပသာဒယိံ-ကြည်လင်စေခဲ့ပါပြီ။

၈။ ဓမ္မဝိစက္က-တရားတော်မြတ် စက်ရဟတ်ကို မပြတ်လည်စေတော်မူတတ်သော။ စက္ကိန္ဒ-မြတ်စွာဘုရား။ ဣမာယ ပဋိပတ္တိယာ-ဤစက်တော်မြတ်ကို တုပ်ဝပ်ကော်ရော် ဖူးမျှော်အံ့ငှါ ထွက်ခဲ့လာသော နေ့မှစ၍ အထူးဆောက်တည်ခဲ့သော အကျင့်မြတ် ပဋိပတ်ဖြင့်လည်း။ တဝ စက္ကံ-ကိုယ်တော်ဘုရားစက်တော်မြတ်ကို။ သပူဇေမိ-ကောင်းစွာ ပူဇော်ပါ၏။ သော-ဤသို့ ပူဇော်ခြင်းသည်။ မေ-အကျွန်ုပ်၏။ ဓမ္မပူဇနာ-တရားဟူသော ဝိသေသဒါတဗ္ဗဝတ္ထုဖြင့် ပူဇော်ခြင်းပါတည်း။

[ရွှေကျင် ဆရာတော်ဘုရားကြီး ဘုရားဖူးကြွတော်မူပုံ အခြင်းအရာကို ရှင်ရော, လူပါ အတုယူသင့်လှပေသည်၊ ရဟန်းတော်တို့မှာ ဘုရားဖူးသွားစဉ် စောင့်စည်း

ထိန်းသိမ်းသင့်သော သီလများကို မထိန်းသိမ်း မစောင့်ရှောက်ပါက အိတ်ပေါက်ဖြင့် ထည့်ယူသော ပစ္စည်းကဲ့သို့ ကုသိုလ်အဖတ်မတင်၊ အာပတ် အညစ်အကြေးသာ ထူထပ်စွာ တင်ရှိလာတတ်ကြသည်ကို အထူးသတိပြုသင့်ကြပေသည်။ သံဝရဝိနည်းကို စောင့်စည်းသင့်ကြပါပေသည်။ ဘုရားဖူးရန် ခရီးအတူ သွားဖော်သွားဖက်တို့ အပေါ်၌လည်း ရွှေကျင်ဆရာတော်ဘုရားကြီး ဆောက်တည် ဓိဋ္ဌာန်တော်မူသကဲ့သို့ ဆောက်တည်ကာ သွားသင့်ကြပေသည်။ ဘုရားဂုဏ်တော်များကိုလည်း ထက်ထက်သန်သန် အာရုံပြု၍ လမ်းခရီးတလျှောက် အသွားအပြန် နှစ်တန်သောအချိန်ကာလတို့၌လည်း ဘုရားရှင်၏ ဂုဏ်တော်၌သာ စိတ်ညွတ်ကာ နှလုံးသွင်းကာ ပီတိသောမနဿဖြင့် ထုံလွှမ်းသော ခန္ဓာကိုယ်ဖြင့်သာ သွားရောက် ဖူးမျှော်သင့်ကြပေသည်။]

## ရွှေကျင်သာသနာ နှစ်တရာမှ ကောက်နုတ်ချက်များ

ပျံလွန်တော်မူပြီးသော ဓနုဖြူမြို့ဂန္ဓာရုံဆရာတော်သည် **ရွှေကျင်သာသနာနှစ်တရာ**ကိုရေးသော ဒုတိယစာပြင်မှူးချုပ် ဝဏ္ဏကျော်ထင် **ဦးဘသန်း** ငယ်စဉ်က မိန့်တော်မူသည်မှာ——

"ရွှေကျင် ငါးတိုက်သို့ သာမဏေအဖြစ်နှင့် ရောက်ခဲ့ဘူးကြောင်း, ရွှေကျင်ငါးတိုက်အကြောင်းကို စဉ်းစားလိုက်တဲ့အခါ အလွန်ကြည်နူးဖွယ် လွမ်းဆွတ်ဖွယ်ကောင်းတဲ့ အချက်တွေပေါ်လာတယ်၊ ရွှေကျင်ငါးတိုက်ရှိ သံဃာတွေဟာ စာသင်သားဆိုပေမဲ့ စာပေပရိယတ္တိ တဖက်တည်းကိုသာ ကြိုးစား အားထုတ်ကြတာ မဟုတ်ဘူး၊ တလလေးသီတင်း အဘိတ်နေ့ညအခါ ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဩဝါဒတရားသံကို နာယူကြရတယ်၊ အပြောကောင်း, အဟောကောင်း ဆိုတော့ တရားနာယူကြတဲ့ တပည့်သံဃာတွေဟာ လေငြိမ်ရာမှာ ထွန်းထားတဲ့ မီးတိုင်များလို ငြိမ်ပြီး နေလိုက်ကြတာ တခါတခါ တရားနာနေရင်း ဘုရားသက်တော် ထင်ရှားရှိစဉ် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ ရဟန်းသံဃာများအား ဘုရားကိုယ်တော်တိုင် တရားအမြိုက်ဆေး တိုက်ကျွေးတယ်ဆိုတာ ဒီလိုနေမှာပဲလို့ တွေးမိပြီး ကြက်သီးမွေးညင်းများ ထမိကြသတဲ့၊ တရားပွဲပြီးတဲ့အခါထကြွသံ လှုပ်ရှားသံ မကြားရ၊ စကားပြောသံ မကြားရ၊ ငြိမ်သက်စွာ ထပြန်သွားကြသတဲ့၊ မန္တလေးတောင်ဆိုတာလဲ ဒီအခါတုန်းက သစ်ပင်တွေ စီရရီပေါက်ပြီး စိမ်းစိမ်းစိုစိုနှင့် အလွန်ကြည်နူးဖွယ်ကောင်းတယ်၊ အဘိတ်နေ့ညအခါ တရားနာယူပြီးချိန်ကျလျှင် စာသင်သားတွေဟာ ကိုယ့်အခန်းထဲမှာ မနေကြတော့ပဲ သစ်တပင်ရင်း ဝါးတပင်အောက် ရောက်ကုန်

ကြသတဲ့ နံနက်ရောင်ဖြူလာချိန် ကလဒက်ခေါက်သံကြားမှပဲ နေရာထိုင် ကလေးတွေ ပခုံးပေါ်တင်ပြီး ကျောင်းတိုက်ထဲ အရှူံ့အရှူံ့ ပြန်ရောက်လာကြသတဲ့၊ သီတင်းနေ့ ကျပြန်တော်လဲ ကြီးငယ်မရွေး သံဃာအားလုံး ကောသနိက်ခုတင်, ပတ္တပိုဏ်ခုတင်ဆောက်တည်ကြသတဲ့၊ စကားဝိုင်းဖွဲ့ပြီး ငြင်းခုံ စကားပြောဆိုနေတာမျိုးကို တခါမှ မမြင်ခဲ့ရဘူး၊ ဘယ်သူ့ကိုပဲ ကြည့်လိုက် ကြည့်လိုက် ကြည်ညိုစရာ အားကျစရာတွေကိုပဲ မြင်ရတယ်၊ ရွှေကျင်ဆရာတော်ဘုရားကြီး၏ ကြက်သရေဆောင်တွေပေါ့ကွယ်'' ဟူ၏။

## စမ်းကျောင်းဆရာတော် မိန့်မြွက်ပုံ

ထို့ပြင် ရွှေကျင်ဆရာတော်ကြီး၏ တရားပွဲကို သေသေချာချာမှီလိုက်သော ဓနုဖြူမြို့၌ ရွှေကျင်ကျောင်းတိုက် လေးတိုက်ရှိရာတွင် အရှေ့ဆုံး စမ်းကျောင်းတိုက်ဆရာတော်ကြီး အမိန့်ရှိသည်ကို ဤသို့ကြားသိမှတ်သားခဲ့ဘူးပါသည်၊ မိန့်တော်မူဘူးသည်ကား—

''ငါတို့သင်္ဂဇာတိုက်မှာ နေစဉ်အခါ ရွှေကျင်ဆရာတော်ကြီး တရားဟောကောင်းကြောင်း ကြားသိရတာနဲ့ အဖော်ဦးပဉ္ဇင်းတွေ ခေါ်ပြီး မန္တလေးတောင်ခြေ ရွှေကျင်ဆရာတော်ကြီးကျောင်းတိုက်သို့ သီတင်းနေ့ ညအခါ တရားနာရောက်ခဲ့ဘူးတယ်၊ အလွန် တရားအဟောအပြောကောင်းတဲ့ ဆရာတော်ကြီးပဲ၊ တခါ တရားတော်ကိုနာမိလျှင် နောက် ဆက်ကာ ဆက်ကာ နာချင်နေတော့တာပဲ၊ တရားနာလာတဲ့ အခြားတိုက်က ရဟန်းများကို တရားနာပြီး မပြန်ရတော့ဘူး၊ ညအိပ်ပြီး နက်ဖန်နံနက် ဆွမ်းစားပြီးမှ ပြန်ရမယ်လို့ တရားဟောရင်း အမိန့်ထုတ်လိုက်တော့ မပြန်ရဘူးပေါ့၊ နံနက်ဆွမ်းကျွေးတဲ့အခါ ဆရာတော်ဘုရားကြီးရဲ့ ဘိုးသူတော်တယောက်က ဆွမ်းစားနေတဲ့ အာဂန္တုသံဃာတွေကြားမှာ ရိုသေစွာ လမ်းလျှောက်ပြီး သေခိယနှင့်အညီ စားတော်မူကြပါဘုရား၊ ဇွန်းကို ဖြေးဖြေးချတော်မူပါဘုရား၊ ရှူပ်ရှူပ်စပ်စပ် မမြည်အောင် ဘုန်းပေးတော်မူပါဘုရား၊ ဆွမ်းလုပ်ကိုလဲ ပရိမဏ္ဍလဖြစ်အောင် ပြင်တော်မူပါဘုရား-စသည်ဖြင့် အမြဲသတိပေးနေသတဲ့ ကွဲ့၊ ဖိုးသူတော်သာဆိုရတယ် ဝိနည်းကိုအကုန်တတ်ပြီး နားလည်ပြီးသား ဖြစ်နေဟန်တူပါတယ်၊ ဆွမ်းစားပြီးတဲ့အခါ ရွှေကျင်ဆရာတော်ဘုရားကြီးကို ကန်တော့ပြီး ပြန်လာခဲ့ကြတယ်၊ နောက်သီတင်းနေ့ကျတော့

တရားနာသွားဘို့ရန် အဖော်အပေါင်း ဦးပဥ္စင်းများကို တရားနာလိုက်ဘို့ ခေါ်တဲ့အခါ ဦးပဥ္စင်းတွေက တရားနာရတာကတော့ ကောင်းပါတယ်၊ နံနက်ဆွမ်းစားနေတုန်းမှာ ဟိုလိုစားပါ၊ ဒီလိုစားပါ၊ စပ်စပ်မမြည်ပါစေနှင့်၊ ဆွမ်းလုပ်ကိုပြင်လိုက်ပါအုံး-လို့ ဝိနည်းစကားပြောတဲ့ ဘိုးသူတော်ကို အမြင်ကပ်လှတယ် ကိုယ်တော်လို့ ပြန်ပြောကြတယ်၊ ဖိုးသူတော်ကိုက အတော်အချိုးကျနေတဲ့ ပုဂ္ဂိုလ်ဖြစ်နေတယ်၊ ငါတို့လဲ ဒါတွေကိုမြင်တာနဲ့ တစ တစ ရွှေကျင်ဂိုဏ်းထဲရောက်လာတာပဲ” ဟူ၏။

## တပည့်ပရိသတ်တို့အား စောင့်ရှောက်ပုံ စေ့စပ်လှခြင်း

ရွှေကျင်တိုက်နှင့်ကပ်လျက် ဟင်းရွက်ဟင်းသီးစိုက်ပျိုး၍ စီးပွါးရှာသော ခြံတခုရှိ၏၊ ထိုခြံရှင်သည် ဟင်းရွက်ဟင်းသီး အလိုရှိရာ ခူးကြပါဟု ဘိတ်ကြားလျှောက်ထား၏၊ တနေ့သ၌ ဆွမ်းစားကျောင်းဘုန်းကြီး စေခိုင်းသဖြင့် ကိုရင်တပါး သက်န်းရုံပြီးလျှင် ခြံတွင်းသို့ဝင်၍ ဟင်းရွက်ဟင်းသီး ခူးနေသည်ကို ဆရာတော်ကြီး မြင်သွားလေသည်၊ ဆွမ်းစားကျောင်းဘုန်းကြီးနှင့်တကွ ခေါ်၍ မေးစစ်ပြီးလျှင် အပြစ်ပြ၍ ဤသို့ဆိုတော်မူ၏။ “ဤခြံသည် လူတို့တဲဆောက်၍ နေသောကြောင့် ဂါမမည်၏၊ ခြံအတွင်း သက်န်းရုံဝင်ခြင်း, နေလှဲ့ပန်ကြားဝင်ခြင်းတို့ကား ဝိနည်းနှင့်လျော်၏၊ သို့ရာတွင် ကိုရင်ငယ်ကလေးများဖြစ်၍ ဩက္ခိတ္တစက္ခုစသော သိက္ခာပုဒ်များကို လုံနိုင်ခဲ၏၊ ကျောင်းသားကပ္ပိယများကိုသာ စေခိုင်းသင့်သည်၊ ဆွမ်းစားကျောင်းဘုန်းကြီး ပေါ့ဆ၏၊ အမြော်အမြင် နည်း၏၊ ထိုကြောင့် ကိုရင်သီလာစာရနှင့် ဆွမ်းစားကျောင်းဘုန်းကြီး ဒဏ်ဆယ်ခေါက်စီ ထမ်းရမည်ဟု မိန့်တော်မူ၏၊ ဒဏ်ထမ်းပြီးသောအခါ၌လည်း ဒဏ်ထမ်း ပြီးပါပြီ၊ နောင် ကောင်းစွာ နေပါမည်ဟု သံဃာ့အလယ်၌ လျှောက်ထားရသေး၏၊ စောင့်ရှောက်ပုံ စေ့စပ်သဖြင့် ပရိသတ် အလွန် ပိပြားလေသည်”ဟူ၏။

ဒဏ်ပေးခံရသော ကိုရင်သီလာစာရသည် ရွှေကျင်တိုက်၌ ဖိုးသူတော် အဖြစ်ဖြင့်၎င်း, ကိုရင်ငယ်အဖြစ်ဖြင့်၎င်း နေခဲ့သော တောင်ငူနယ် အုတ်တွင်း ကန်ကလေးတောရ ဆရာတော်ကြီးပင် ဖြစ်ပေသည်။

## သူတပါးကို မပုတ်ခတ်တတ်ခြင်း

ရွှေကျင်ဆရာတော်ဘုရားကြီးသည် ပရိယတ်ဘက်၌ စာပေပို့ချတော်မူခဲ့သည်၊ အထူးထူးသော ကျမ်းဂန်တို့ကိုလည်း အကြောင်းပေါ်ပေါက်သည့်အလျောက် ရေးသားတော်မူခဲ့သည်၊ ထိုထို တောရကျောင်းများသို့ ထွက်ကြွတော်မူ၍ ပဋိပတ်ကို အားထုတ်တော်မူကာ အာရညကင် ဓုတင်စသော ဓုတင်များကိုလည်း ဆောင်တော်မူခဲ့သဖြင့် ပိဋကဓရ, ဝိနယဓရ ပုဂ္ဂိုလ်သာမဟုတ် ဓုတင်္ဂဓရ ပုဂ္ဂိုလ်မြတ်ကြီးလည်း ဖြစ်တော်မူသည်၊ ရွှေကျင်ဆရာတော်ဘုရားကြီး ရေးသားတော်မူသော ကျမ်းစာများသည် တပါးသူကို အပုတ်အခတ် အထိအခိုက်မရှိ၊ ပိဋကစာပေနှင့်အညီ ယထာဓမ္မ သဘာဝအမှန်ကိုသာ ပဓာနထား၍ ရေးသားတော်မူသောကြောင့် ရန်ကင်းတော်မူသည်၊ ရွှေကျင်ဆရာတော်ဘုရားကြီးကို ကြည်ညိုလေးစားကြသူပေါ်များသည်၊ ဂိုဏ်းတပါးပင်ဖြစ်သော်လည်း ရွှေကျင်ဆရာတော်၏ ဂုဏ်တော်ကိုသိလျှင် မြတ်နိုးကြသည်၊ ကျမ်းစာရေးရာ၌သာမဟုတ် ဟောပြောတော်မူသောအခါလည်း အထိအပါး အစွန်းအငြိ မရှိ၊ တရားလမ်း ဖြောင့်ဖြောင့်ကိုသာ ကြားနာရသူတို့ သဘောပေါက်အောင် နားဝင်အောင် ရှင်းလင်းပြတ်သားစွာ ဟောတော်မူသည်ဟု မှီလိုက်သော တပည့်ကြီးများထံမှ တဆင့် မှတ်နာရဘူးသည်။

ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဝါဒတော်မှာ "ရွှေကျင်မှ ရွှေကျင်" "ရွှေကျင်သံဃာမှ သံဃာ" "ရွှေကျင်သံဃာမှ လဇ္ဇီသီလဝန္တ"-ဟူ၍ တန်းတန်းစွဲ "ကျားကျား မီးယပ်"ဆိုသော ဝါဒသဘောမျိုး ရှိတော်မမူ။ စမ်းသပ်နိုးနှော ဆွေးနွေး၍ အကဲအလေးခတ်မိ တဦးအကြောင်းတဦး သိ၍ သံသယကင်းလျှင် ဆက်ဆံတော်မူနိုင်သည်မှာ ပဲခူးတောရဂိုဏ်းနှင့် ရွှေကျင်ဂိုဏ်းသံဃာတို့ ရောနှောပေါင်းမိ, တောရရွှေကျင်ဟူ၍ တဂိုဏ်းတည်းဖြစ်သွားသည်မှာ ထင်ရှားသော သာဓကကြီးတရပ် ဖြစ်ပေသည်။

## ပုံပန်းသဏ္ဌာန်တော်

ရွှေကျင်ဆရာတော်ဘုရားကြီး၏ ရုပ်ပုံတော်မှာ မပိန်လွန်း, မဝလွန်း, မဆူ,မကြုံ,အရပ်တော်မြင့်မြင့်,ထောင်ထောင်မောင်းမောင်းရှိတော်မူသည်၊ ဦးခေါင်းတော် ပြေပြစ်၍ ဖွံ့ဖြိုးတော်မူသည်၊ နဖူးတော်ကျယ်ပြန့်သည်၊

နာတံပေါ်သည်၊ အသံဝါဖြစ်၍ ခံ့ညားသည်၊ သာယာသော အသံတော်ရှိသည်၊ ဩဇာရှိသော အသံမျိုးဖြစ်သည်၊ နားရွက်တော် ကျယ်ပြန့်သည်၊ အသွားတော်မှာ အသွားလတ်ဖြစ်သည်၊ ရွှေကျင်ဆရာတော်ဘုရားကြီးသည် တောရကျောင်း၌ သီတင်းသုံးနေတော်မူရာတွင်လည်း များသောအားဖြင့် သစ်ပင်ဝါးပင်အောက်၌သာလျှင် ဧကစာရီ သီတင်းသုံးတော်မူလေ့ရှိသည်၊ သစ်ပင်ရင်း၌ ကျောင်းကလေးဖြင့်လည်း သီတင်းသုံးတော်မူတတ်သည်၊ အနီးအဝေးအရပ်ဒေသတို့မှ ဖူးမျှော်ရန်, တရားပေစာ နာယူကြရန် လာကြသော ပရိသတ်တို့သည် ဝေးဝေးလှမ်းလှမ်းကပင် ဘိနပ်ချွတ်ထီးရုပ်၍ တိတ်ဆိတ်ငြိမ်သက်စွာ လာကြရသည်၊ ဖိးလိမ်းပြုပြင်ခဲ့ကြသောမာတုဂါမတို့သည်လည်း ဖိးလိမ်းပြုပြင်မှုကို ဖျက်၍ ပကတိအနေဖြင့်သာ အဖူးအမျှော် လာကြသည်ဟု သိရသည်၊ ဘယ်သူကမှ ကြိုတင်မပြောသော်လည်း ကြီးမားသော သမာဓိအရှိန်, သီလဂုဏ်ရောင်တို့ကြောင့် အလိုအလျောက် ကြောက်ရွံ့လေးစားကြပေသည်၊ သစ်ရိပ်ဝါးရိပ်အောက်၌သာလျှင် တရားစကား ဟောပြောတော်မူလေ့ရှိသည်-ဟု ရွှေကျင်ငါးတိုက်အဝင် ထရံကာတိုက်သားအဖြစ်ဖြင့် နေခဲ့ဘူးသော စစ်ကိုင်းတောင်ရိုး ကြံခင်းချောင် ဆရာတော်ဘုရားကြီးထံမှ ကြားသိမှတ်သားရသည်၊ ကြံခင်းချောင်ဆရာတော်ဘုရားကြီးကား သက်တော် ဂ၆-နှစ်၌ ပျံလွန်တော်မူသည်။

ရွှေကျင်ဆရာတော်ဘုရားကြီးသည် နောက်က ရေးသားခဲ့သည့်အတိုင်း ဟောပြောဆုံးမရာ, စကားပြောတော်မူရာ, စာပေရေးသားတော်မူရာတို့၌ အစောင်းအချိတ် အဖိအနှိပ် မရှိ၊ ရန်မပြု ရန်မထောင်မူ၍ မေတ္တာကရုဏာတော်ဖြင့် တရားလမ်းဖြောင့်ဖြောင့်သာ ဟောတော်မူလေ့ရှိသည်၊ အတိုအထွာ သံပေါက်လင်္ကာကလေးများဖြင့် ဆုံးမဩဝါဒပေးသောသဘောဖြင့် ရေးသားတော်မူခဲ့သည်မှာလည်း မနည်းလှပေ။ ပင်ကိုယ်စိတ်ရင်းရှိတော်မူသည်အလျောက်ပင် ယင်းဆုံးမစာကလေးတို့၌–"**ရန်မလိုမှ ရန်ပြိုသည်၊ ရန်လို ရန်ပိုတတ်လှသည်၊ ရန်မထောင်မှ ရန်အောင်သည်၊ ရန်ထောင် ရန်လှောင်မိတတ်သည်**" စသည်ဖြင့်၎င်း၊ "**ဆရာကခင်၊ ကိုယ်ကမင်၊ နေလို့ပျော်ရွှင်ရှိစေသော**"-စသည်ဖြင့်၎င်း ရန်ကင်း၍ တဦးအပေါ် တဦး မေတ္တာရှေးရှုကာ ကိုယ်,စိတ်ချမ်းသာစွာ ဆက်ဆံနေနိုင်ကြဘို့ အရေးကိုသာ ပြောဟောဆုံးမလေ့ရှိ၍ ကိုယ်တော်တိုင်လည်း နှလုံးသွင်းဆင်ခြင်တော်မူလေ့ရှိသဖြင့် အရာရာ၌ ချောမောပြေပြစ်သည်သာ များလေသည်။

ပရဝဇ္ဇာနုပဿိဿ၊ နိစ္စံ ဥဇ္ဈာနသညိနော။
အာသဝါ တဿ ဝဍ္ဎန္တိ၊ အာရာ သော အာသဝက္ခယာ။

သူတပါးအပြစ်ကိုသာ ကြည့်လေ့ ပြောဆိုပြစ်တင်လေ့ရှိသူ, အမြဲကဲ့ရဲ့ ရှုတ်ချလေ့ရှိသူသန္တာန်၌ အပါယ်လားကြောင်း အာသဝတို့သာ တိုးပွါးများပြား၍ အာသဝေါကင်းရာ နိဗ္ဗာန်နှင့် ဝေးကွာကြလေသည်၊ ရွှေကျင်ဆရာတော်ဘုရားကြီးမှာကား တပါးသူ၏ အပြစ်ကို ကဲ့ရဲ့ပြစ်တင်လိုသော မနသိကာရဖြင့် ရှုကြည့်တော်မူလေ့မရှိ၊ ရှုတ်ချပြစ်တင်လေ့ရှိတော်မမူသဖြင့်လည်း အထက်ပါ ဒေသနာတော်နှင့် ဆန့်ကျင်ဘက်ဖြစ်၍ ရွှေကျင်ဆရာတော်ဘုရားကြီး သန္တာန်တော်၌ အာသဝေါတရားများ ခေါင်းပါးအားသေးကာ အာသဝေါကုန်ခြင်းနှင့် နီးကပ်သော ဆရာတော်ဟူ၍ ဆိုအပ်လှပါသည်။

**ရွှေကျင်ဆရာတော်ဘုရားကြီးရေးသားတော်မူခဲ့သော ကျမ်းစာမျိုးမှာ —**

၁။ နေတ္တိလီနတ္ထသင်္ဂဟ။
၂။ နေတ္တိဟာရဝိဘာဝနီ။
၃။ ရူပဘေဒဝိဘာဝနီ။
၄။ ဂဏဘေဒဒီပနီ။
၅။ နိဿယင်္ဂဝိနိစ္ဆယ။
၆။ သီမာလင်္ကာရဝိနိစ္ဆယ။
၇။ ဒသဓမ္မာလင်္ကာရအဋ္ဌကထာ။
၈။ သီလဝိသောဓနီ,သာသနဝိသောဓနီ။
၉။ ပဋိစ္စသမုပ္ပါဒဒီပနီ။
၁၀။ ဗောဇ္ဈင်္ဂဒီပနီ။
၁၁။ ဝဋ္ဋနာဒီပနီ။
၁၂။ ဝိနယဂရုဒီပနီ။
၁၃။ ဓမ္မာသဓဒီပနီ။
၁၄။ ဩဝါဒါလင်္ကာရကထာ။
၁၅။ ဓမ္မခတ္တိယောဝါဒ။
၁၆။ ကေဝဋ္ဋောဝါဒ။
၁၇။ သီဟဋ္ဌောဝါဒ။
၁၈။ သန္ဒေသကထာ။
၁၉။ လင်္ကာသာသနသုဒ္ဓိကထာ။
၂၀။ ဥပဒေသကထာ။
၂၁။ ယုဂ္ဂဋီကာ။
၂၂။ ဝိနယမဓု။
၂၃။ မဟာသိဿကောဝါဒ။
၂၄။ စူဠသိဿကောဝါဒ။
၂၅။ ဂမ္ဘီရာဂမ္ဘီရမဟာနိဗ္ဗုတကထာ။
၂၆။ ဝိစိတြဝန္ဒနာ။
၂၇။ သမာသ်ဂဏ္ဌိ။
၂၈။ ဒါရုခန္ဓသုတ်နိသျ။
၂၉။ အဌ္ဌကကမ္မဋ္ဌာန်း။
စသည်တို့ ဖြစ်ကုန်၏။

ရွှေကျင်ဆရာတော်ဘုရားကြီးသည် ၁၂၃၇-ခုနှစ်မှစ၍ ကိန္နရာတောင် စေဠကိုင်တောရ, ကုက္ကိုချောင်တောရ, နွားလန်တောင်တောရ စသည် တို့သို့ ကြွရောက်၍ အရညဝါသီအဖြစ်ဖြင့် သီတင်းသုံးတော်မူကာ ပဋိ-ပတ်သာသနာကို အားထုတ်ဆောင်ရွက်တော်မူသည်၊ သီပေါမင်းတရား ပင့်လျှောက်၍ မလှဲမရှောင်သာသဖြင့် မန္တလေးမြို့တော်သို့ ပြန်လည်ကြွ ရောက်ရသော်လည်း သက်တော် ၆၄-နှစ်၊ သက္ကရာဇ် ၁၂၄၆-ခုနှစ်၌ တဖန် မင်းကွန်းငွေတောင်တောရသို့ ကြွရောက်သီတင်းသုံးတော်မူသည်၊ မင်းကွန်းငွေတောင်တောရကျောင်း၌ သီတင်းသုံးတော်မူစဉ် ပဲခူးစသော အောက်မြန်မာနိုင်ငံတော်သို့ ကြွရောက်၍ သာသနာပြုတော်မူသေးသည်၊ ပဲခူးတောရဂိုဏ်းနှင့် ရွှေကျင်ဂိုဏ်းသည် ဤအခါ၌ အထင်အရှား ဆက်ဆံ ပူးပေါင်းမိသောအခါ ဖြစ်သည်။

ဤကဲ့သို့ သာသနတ္ထ-လောကတ္ထ, အတ္တတ္ထ-ပရတ္ထ တည်းဟူသော နှစ်ပါး နှစ်ပါးသော ကောင်းကျိုးကျေးဇူး ရှိရာရှိကြောင်း ကောင်းမှု တို့ကို ထက်သန်ကြီးမားတော်မူသော ဇွဲလုံ့လ စွမ်းရည် သတ္တိတို့ဖြင့် သာသနာတော်ကို ဆောင်ရွက်တော်မူခဲ့ရာ သက္ကရာဇ် ၁၂၅၅-ခု တပေါင်း လပြည့်ကျော် ၇-ရက် ညဥ့် မြန်မာ ၂-ချက်တီးကျော် လဝန်းပေါ်ချိန် တွင် မင်းကွန်းငွေတောင်တောရ၌ပင် စုတိကမ္မဇရုပ် ချုပ်တော်မူသဖြင့်—

သရီရဿ ဂုဏာနဉ္စ၊ ဒူရမစ္စန္တမန္တရံ။
သရီရံ ခဏဝိဒ္ဓံသိ၊ ကပ္ပန္တဋ္ဌာယိနော ဂုဏာ—

ဟူသည့် အတိုင်း ခန္ဓာပဉ္စက သရီရဖြစ်သော ကိုယ်တော်မှာ နှစ် ပေါင်း ၇၁-နှစ်ခန့်မျှသာ တည်တော်မူ၍ ယနေ့ထိ နှစ်ပေါင်းတရာကျော် ရှိသည့်တိုင်အောင် **“ရွှေကျင်ဆရာတော်”** ဟူသော အမည် နာမပညတ်နှင့် ဂုဏ်တော်တို့သည်သာ ကြွင်းကျန်တည်ရှိလေတော့သည်။

ဒဟရာ စ မဟန္တာ စ၊ ယေ ဗာလာ ယေ စ ပဏ္ဍိတာ။
အဍ္ဎာ စေဝ ဒလိဒ္ဒါ စ၊ သဗ္ဗေ မစ္စုပရာယနာ—

ဒေသနာအရ ငယ်သည် ကြီးသည်, မိုက်သည် လိမ္မာသည်, ကြွယ်ဝ ချမ်းသာသည် ဆင်းရဲသည်, ဂုဏ်ရှိ ဂုဏ်မဲ့, ရဟန်းသော လူသော ဘယ်သို့သော သတ္တဝါမျှ မလွတ်၊ ငါတို့သည်လည်း ဤဘဝ၌ ဤလက်ရှိ

ရုပ်နာမ် ခန္ဓာကိုယ်ရရှိခြင်းသည် တခဏတာမျှသာဖြစ်၍ အမှန်စင်စစ်ကား ရွှေကျင်ဆရာတော်ဘုရားကြီးတပဲ စုတိကမ္မဇရုပ်ချုပ်ငြိမ်း၍ ဤဘဝ အစသိမ်းကြရမည့်သူတို့သာ ဖြစ်ပေသည်ဟု သံဝေဂဉာဏ်မွေ့၍ ငြိမ်းငွေ့ဖွယ် ကောင်းကြလှပေတော့သည်။

## ရွှေကျင်ဆရာတော်ဘုရားကြီး၏ အတ္ထုပ္ပတ္တိအချုပ်

ရွှေကျင်ဆရာတော်ဘုရားသည် သက္ကရာဇ် ၁၁၇၄-ခုနှစ် ဝါဆိုလဆန်း ၁၃-ရက် အင်္ဂါနေ့ ရွှေဘိုတောင်လက် ရွှေကျင်ရွာ၌ ဖွားမြင်တော်မူသည်။ ငယ်မည် **မောင်သန့်** ဖြစ်သည်၊ ခမည်းတော် **ဦးမောင်**၊ မယ်တော် **မယ်မိ** တို့ ဖြစ်သည်၊ အသက် ၇-နှစ်အယွယ် ရွှေကျင်ရွာ **ဆရာတော်ဦးဝရဗုဒ္ဓိ**-ထံ အပ်နှံ၍ စာပေသင်ကြားသည်၊ ဦးဝရဗုဒ္ဓိထံ၌ပင် ရှင်သာမဏေဖြစ်သည်။ အသက် ၁၅-နှစ်၌ ရွှေဘိုမြို့ ဝက်ပါကျောင်းဆရာတော်ထံ၌ ပညာဆက်လက် သင်ကြားသည်၊ ၁၈-နှစ်အယွယ်၌ သီးလုံးဆရာတော် ဘုရားကြီးထံ ဆည်းကပ်မိ၍ အနေ္တဝါသိက တပည့်ရင်းဖြစ်သည်။

အသက် ၂၀-ပြည့်လျှင် ရွှေကျင်ရွာ ဆရာတော်ဦးဝရဗုဒ္ဓိထံ၌ ရဟန်း အဖြစ်သို့ ရောက်သည်၊ အမရပူရနေပြည်တော်ရှိ ကျော်ကြားသော ဆရာ တော်များထံ၌ ၈-နှစ်တိုင်တိုင် စာပေသင်ကြား နည်းနိသျှခံယူခဲ့ပြီးနောက် မန်ကျည်းစဉ်, ခေါ်တော, ရှိမ်းမကား တောကျောင်းတို့၌ စာပေပို့ချနေ သည်၊ တပည့်သံဃာ ငါးဆယ်ကျော် ရှိသည်။ မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့ ရွှေဘိုအထွက်တွင် မန်ကျည်းစဉ်တောကျောင်း၌ ဖူးမြင်ကြရ၍ နောင်အခါ သာသနာပြုတော်မူရန် ကတိလျှောက်တောင်း ကြသည်။ မင်းတုန်းမင်းတရား ထီးနန်းတည်ထောင်ပြီး၍ ရွှေကျင်ဆရာ တော် ၁၉-ဝါအရတွင် မြို့တော်မန္တလေးသို့ပင့်၍ ရွှေကျင်တိုက် ၅-တိုက် တည်ထောင်လှူဒါန်းသည်။


သာသနာပြုတော်မူရန် လျှောက်ထားသဖြင့် မင်းအာဏာစက်နှင့် တွဲ ဖက်၍ ရွှေကျင်ဆရာတော်ဘုရားကြီး ထုတ်ပြန်တော်မူသော ဓမ္မစက်ဖြင့် ၁၂၃၀-ပြည့်နှစ်၌ အလုံ, ဒီပဲယင်း စသောမြို့တို့၌ ဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက် အကြီးအကဲများ ခန့်ထား၍ သာသနာပြုတော်မူရသည်။ နေပြည်တော် မန္တလေးမြို့၌ ၁၂၃၃-ခုနှစ် တပေါင်းလဆန်း ၁၀-ရက်နေ့ လှူဒါန်းသော အရွှေပြင် မဟာဝိသုဒ္ဓါရာမ စသော ၁၂-ရပ်သော တိုက်တို့၌

ဆရာတော်, စာချပုဂ္ဂိုလ်များကို လွှဲအပ်ချီးမြှောက်တော်မူ၍ သာသနာပြု တော်မူသည်။

သက္ကရာဇ် ၁၂၃၇-၃၈-ခုနှစ်က စ၍ တောရဆောက်တည်တော်မူသည်၊ ၁၂၃၉-၄၀-ခုနှစ်၌ သီဟိုဠ်သို့ ကြွတော်မူသည်၊ သီပေါမင်းပင့်လျှောက်၍ ၁၂၄၃-ခုနှစ်၌ မန္တလေးမြို့တော် ရွှေကျင်တိုက်သို့ ကြွရောက်သီတင်းသုံး တော်မူရပြန်သည်၊ ထိုနှစ်၌ပင် တောင်တော်ဆရာတော်ကို ဒုတိယအဖြစ် တွဲဖက်၍ ၉-၅၁န သာသနာပြုရန် လျှောက်ထား၍ သာသနာပြုရပြန်သည်။ မင်းတုန်းမင်းတရားလှူသောဘွဲ့တံဆိပ်ကိုင်း,သီပေါမင်းလှူသော သာသ-နာပိုင်တံဆိပ်ကိုင်း လက်ခံတော်မမူ၊ ငြင်းပယ်တော်မူလိုက်သည်။ ၁၂၄၆-ခုနှစ် သက်တော် ၆၄-နှစ်၌ မင်းကွန်းငွေတောင်တောရသို့ ထွက်၍ သီတင်း သုံးတော်မူသည်။ ၁၂၅၅-ခုနှစ် တပေါင်းလပြည့်ကျော် ၇-ရက်နေ့ ည၌ လ ဝန်းပေါ်ချိန်၌ ပျံလွန်တော်မူလေသည်။

ဤသို့ ပြဆိုရေးသားအပ်ပြီးသော အကျယ်အကျဉ်း စကားရပ်တို့ဖြင့် ရွှေကျင်ဆရာတော်ဘုရားကြီး၏ အကြောင်းအတ္ထုပ္ပတ်ကို ပြဆိုအပ်ပေပြီ။

ရွှေကျင်ဆရာတော်ဘုရားကြီး၏ ပဌမ ရွှေကျင် ၅-တိုက် ကျောင်းနှင့် အုတ်ရိုးများသည် မန္တလေးတောင်မြောက်ဖက်တွင် ယခုတိုင် တည်ရှိ၍ ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဒကြေးရုပ်ပုံတော်ကို မန္တလေးတောင် မြောက်ဖက်စောင်းတန်းအဆင်း လက်ဝဲဖက်ဂူအတွင်းတွင် **ရသေ့ကြီး ဦးခန္တီ**က ထုလုပ်ပူဇော်ထားသည်ကို ယခုတိုင် ဖူးတွေ့နိုင်ကြသေးသည်။



မန္တလေးတောင် မြောက်ဖက်စောင်းတန်းအဆင်း လက်ဝဲဖက် ဂူအတွင်းတွင် ရသေ့ကြီး ဦးခန္တီ ထုလုပ်ပူဇော်ထားသော ရွှေကျင် ဆရာတော်ဘုရားကြီး၏ ကြေးရုပ်ပုံတော်။

## ရွှေကျင်ဆရာတော်ဘုရားကြီး၏ အလောင်းတော်ကို ပူဇော်ကြခြင်း

၁၂၅၅-ခုနှစ် တပေါင်းလပြည့်ကျော် ၇-ရက်နေ့၌ ရွှေကျင်ဆရာတော်ဘုရားကြီး ပျံလွန်တော်မူရာ ၁၂၅၆-ခုနှစ် နယုန်လအတွင်း၌ ဈာပနကိစ္စကို ဆောင်ရွက်ကြရန် ဖြစ်သော်လည်း မန္တလေးတပည့်ဒကာများကလည်း မန္တလေးသို့ ပင့်ဆောင်၍ ကြီးကျယ်ခမ်းနားစွာ သင်္ဂြိုဟ်ပူဇော်လိုကြသည်၊ မင်းကွန်းတပည့်ဒကာတို့ကလည်း မင်းကွန်း၌ပင် တခမ်းတနား ပူဇော်လိုကြသည်၊ သဘောချင်းမညီ ဖြစ်နေကြသောကြောင့် ဂ-လလွန်၍ ၁၂၅၆-ခုနှစ် တပို့တွဲလဆန်း ၁၃-ရက် ဗုဒ္ဓဟူးနေ့မှ မင်းကွန်း၌ပင်လျှင် အပြီးသတ် ဈာပနကိစ္စကို ပြီးစီးအောင် ဆောင်ရွက်ကြရသည်။ မင်းကွန်းတောရကျောင်း၌ပင် ဖြစ်သော်လည်း အတိုင်းမသိ သောက်သောက်လဲ ကြီးကျယ်စည်ကားလှပေသည်၊ အရပ်ထက်ဝန်းကျင်မှ ကြွရောက်ပူဇော်ကြသော တပည့်ကြီးငယ်ပေါင်း တထောင်ကျော်တို့သည် ပင့်သံဃာတို့အား စောင်,ကော်ဇော စသည်တို့ကို အစေ့အငှ လှူဒါန်းကြ

သည်၊ မဏ္ဍပ်အသီးအသီးကိုလည်း စက္ကူမျှားဖြင့် မပြုမလုပ်ကြပဲ စောင်မဏ္ဍပ်,ကော်ဇောမဏ္ဍပ် စသည်ဖြင့် ပြုလုပ်ကြသည်၊ အကျွေးအမွေးတို့မှာလည်း အသုံ့ပယ် မစားနိုင်အောင် လာသမျှထောင်သောင်းမကသော ပရိသတ်တို့ကို ကျွေးမွေးကြသည်၊ သို့ကျွေးမွေးပါလျက် ကိစ္စပြီးသောအခါ ငါးခြောက်,ငါးပိ စသည်တို့မှာ အမြောက်အမြား ကြွင်းကျန်နေသေး၍ ဝေငှလှူဒါန်းကြရသေးသည်ဟု ကြံခင်းချောင် ဆရာတော်ကြီးထံမှ မှတ်သားလိုက်ရသည်။

မီးသင်္ဂြိုဟ်ပြီးနောက် ဆရာတော်ဘုရားကြီး၏ အရိုးတော်ကို မင်းကွန်းနှင့် မန္တလေး ခွဲဝေယူဆောင်ကြပြီးလျှင် မင်းကွန်းငွေတောင်တောရ၌ အရိုးအိုး စေတီတဆူ, မန္တလေး မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီးအတွင်း၌ အရိုးအိုးစေတီတဆူ တည်ထားပူဇော်ကြလေသည်။ ထိုစေတီများသည် ယနေ့တိုင် ကောင်းမွန် သပ္ပါယ်စွာ တည်လျက်ရှိကြသည်။ မင်းကွန်းငွေတောင်တောရ၌ မန္တလေးမြို့ ပတ္တမြားတိုက်ဆရာတော် သီတင်းသုံးတော်မူလျက်ရှိသည်၊ မန္တလေး ရွှေကျင်တိုက်မကြီး၌လည်း သံဃာအဆက်မပြတ် စောင့်ရှောက်လျက်ပင် ရှိလေသည်။

ဤသို့ဖြင့် ရွှေကျင်ဆရာတော်ဘုရားကြီး၏ အကြောင်းခြင်းရာကို
အပြီးသတ်လိုက်ပါပြီ။

---

## ရွှေကျင်ဂိုဏ်း ပြန့်ပွါးစည်ပင်လာခြင်း

ရွှေကျင်ဆရာတော်ဘုရားကြီး သက်တော်ထင်ရှား ရှိတော်မူစဉ်ကပင် ရွှေကျင်ငါးတိုက်နှင့်တကွ မဟာဝိသုဒ္ဓါရာမအရှေ့တိုက်, အနောက်မြေတောင်တိုက်, ယောမင်းအုဋ်ကျောင်း, မိုးကောင်းတိုက်, စိတြာရာမကျောင်းတိုက်, မှန်ကျောင်းတိုက်, မဟာဝိဇယာရာမကျောင်းတိုက်စသော နေပြည်တော်ရှိ ရွှေကျင်ဆရာတော်ဘုရားကြီး၏ နည်းနိဿယ သြဝါဒခံ ရွှေကျင်နိကာယ ကျောင်းတိုက်တို့၌ ကထိကစာချအဖြစ်ဖြင့် နှစ်ရပ်သော သာသနာကို ဆောင်ရွက်တော်မူနေကြသော ပရိယတ္တိဝိသာရဒ,ပိဋကတ္တယပါရဂူ,ဝိနယ-ဓရ,ဓုတင်္ဂသမာပန္န လက်ရင်းတပည့်ကြီးများသည်ပင် ၃၆-ပါးရှိ၍ တိုက်သားသံဃာများမှာ အထောင်မက ရှိပေသည်။

၃၆-ပါးသော တပည့်ကြီးများသည် နောင်အခါ ဌာနအသီးအသီးတို့၌ ဒေသဌာနအားလျော်စွာ ထင်ရှားသော ဂဏပါမောက် ထွန်းပေါက်သော နာယကဆရာတော်များအဖြစ်သို့ ရောက်လျက် အရပ်ထက်ဝန်းကျင်တို့၌ ပညတ္တာနုရူပ ရွှေကျင်နိကာယ သာသနာပြု သာသနာစောင့် မထေရ်မြတ်များ ဖြစ်တော်မူကြသည်။

အဆိုပါ ၃၆-ပါးသော မထေရ်မြတ်တို့ဟူသည်မှာ----

၁။ **မဟာဝိသုဒ္ဓါရာမဆရာတော်**... အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက် ဒါယိကာမ ဆင်ဖြူမရှင် မိဘုရားကြီး ကိုးကွယ်သော ဆရာတော်။

၂။ **မဟာသုမနထေရ်- (မတ္တရာဆရာတော်)**....မတ္တရာဝန်မင်း ကိုးကွယ်သော မတ္တရာတောရဆရာတော်။

၃။ **မဟာဉာဏဝံသထေရ်**....အရှေ့မှန်ကျောင်းဆရာတော်၊ ဒုတိယ နန်းစံ သီပေါဘုရင်ကိုးကွယ်သော ဆရာတော်။

၄။ **အရှင်ဣန္ဒထေရ်**....ရွှေဘိုမြောက် ဘုတ်အိုးရွာ၌ ထင်ရှားသော ဆရာတော်။

၅။ **အရှင်ဣန္ဒကထေရ်**....ဒုတိယ ထရံကာတိုက်ဆရာတော်။ (၁၂၄၇-ခုနှစ်၌ လူ့ဘောင်သို့ရောက်သည်၊ သရိုင်ဇာတိဖြစ်၍ သရိုင်ဆရာကြီးဟု တွင်သည်။)

၆။ **အရှင်ဝိမလထေရ်**....သုံးဆယ်မြို့ မောင်းထောင်တိုက် နာယကဆရာတော်၊ထိုနောက် ပုသိမ်မောင်းထောင်တိုက်ကိုလည်း အုပ်ချုပ်တော်မူရသည်။

၇။ **အရှင်သာသနထေရ်**....ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်တိုက် ဆရာတော်။

၈။ **အရှင်အရိယဝံသ**....တတိယ ထရံကာတိုက် ဆရာတော်။ ရွှေဘိုနယ် သနမောက်ကျိုး၌ သီတင်းသုံးသည်။

၉။ **အရှင်ပညာ**....ဒီပဲရင်းမြို့ မြို့သာဆရာတော်၊ အဘိဓမ္မာ ညဝါ နိုင်နင်းတော်မူသော ဆရာတော်။

၁၀။ **အရှင်ဂန္ဓမာ**... ဟသ်ာတမြို့ မိုးကောင်းတိုက် ဆရာတော်၊ ထက်မြက်ထင်ရှားသော ဆရာတော်။

၁၁။ **အရှင်အာစာရ**....အလုံ ဝါးတောမ ဇာတိ၊ ဘီလူးကျွန်း ဂိုဏ်းအုပ်ဆရာတော်။

၁၂။ **အရှင်ဝရ**...မြင်းခြံ တောင်သာ ဇာတိ၊ ပဝတ္တိ-နဲ့ကြိုးဆရာတော်၊ နောက် လူ့ဘောင်ပြောင်းသည်။

၁၃။ **အရှင်သောမ**....အရာတော်ဇာတိ၊ ကျိုက်လတ်ဆရာတော်။

၁၄။ **အရှင်ဇဝန**....အလုံ မင်းရွာ ကျောက်အိုင် တောရဆရာတော်။

၁၅။ **အရှင်မာလာ**....အလုံမြောက် ရဲထွတ်ဆရာတော်။

၁၆။ **အရှင်ရေဝတ**....ရွှေဘိုတောင် သခွတ်တော ဆရာတော်၊ သုံးဆယ်မင်းသားကြီး၏ ဆရာဖြစ်သည်၊ သုံးဆယ် မိဘုရား သားသမီးတို့ ကိုးကွယ်သည်။

၁၇။ **အရှင်ဥေယျ**....အင်းဝ ဆီသယ်ရွာဇာတိ၊ ဆမိတ်ခုံတောရ ဆရာတော်။

၁၈။ **အရှင်ကပိန္ဒ**....မန္တလေးမြို့ မောက်ကျိုးတိုက် ဆရာတော်၊ ရွှေဘို မောက်ကျိုးဇာတိ ဖြစ်သည်။

၁၉။ **အရှင်အာစိဏ္ဏ**....ရွှေဘိုဇာတိ၊ မော်လမြိုင်ဆရာတော် အဖြစ်ဖြင့် ထင်ရှားသည်။

၂၀။ **အရှင်သုမင်္ဂလ**....ရွှေဘိုဇာတိ၊ ရွှေဘိုနယ်၌ ထင်ရှားသော ဆရာတော်။

၂၁။ **အရှင်သိရီ**....ရွှေဘို ရွှေကျင်ရွာဇာတိဆရာတော်။

၂၂။ **အရှင်ယသ**....ပန်းချီ ဆားလင်းဇာတိ၊ ဝိနည်းအရာ၌ ကျွမ်းကျင်လိမ္မာတော်မူသော ဆရာတော်။

၂၃။ **အရှင်တိက္ခ**....အရှင်ယသ၏ ညီတော်၊ ထိုအရှင်လည်း ထင်ရှားကျော်စောသော ဆရာတော်ပင်တည်း။

၂၄။ **အရှင်ဇိန**....နဲ့ကြိုးဆရာတော်၊ စာရေးကောင်းလှသည်၊ သံဃာ့နယ်ပယ်၌ ထင်ရှားကျော်ကြားသော ဝဋ္ဋဘေဒနီ တရားစာ အစောင်စောင်ကို ရေးတော်မူသောဆရာတော်။

၂၅။ **အရှင်ဥတ္တမ**....ပဌမ ကျိုက္ကစံဆရာတော် (မြန်မာနိုင်ငံတော် အောက်ပိုင်းဆိုင်ရာ ရွှေကျင်နိကာယ သာသနာပိုင်ဆရာတော်။)

၂၆။ **အရှင်ဇိန**....ကျမ်းတတ်ဆရာတော်တပါး ဖြစ်သည်။

၂၇။ **အရှင်ဝိနယ**....ပင်းတလဲဆရာတော်။

၂၈။ **အရှင်ပဒုမ**....ပန်းချီဇာတိ၊ လယ်တီဆရာတော်ဟု တွင်သည်။

၂၉။ **အရှင်ဉာဏဝံသ** ...ပုသိမ်မြို့ စာချဆရာတော်။

၃၀။ **အရှင်ဇောတ**....ဗန်းမော် ဂိုဏ်းအုပ်ဆရာတော်၊ ဗန်းမော် ဝန်မင်း ဆရာဖြစ်သည်။

၃၁။ **အရှင်ဥက္ကံသ**....ပုသိမ်ဇာတိ ဖြစ်သည်။
၃၂။ **အရှင်ဉာဏဝံသ**....ပုသိမ်ဇာတိ ဖြစ်သည်။
၃၃။ **အရှင်ဣန္ဒ**...မန္တလေးမြောက် ဆင်ရွာဇာတိ။
} ထိုထိုဒေသတို့၌ ထင်ရှားတော်မူကြသည်။

၃၄။ **အရှင်ခန္တီ** ...မန္တလေးမြို့ ဇာတိ၊ ပဌမ စာချဘွဲ့ရ ဆရာတော်။ (နောက်အခါ စစ်ကိုင်းတောင်သို့ တောထွက်တော်မူသည်။)

၃၅။ **အရှင်ဇဝနဗုဒ္ဓိ**....ကသာဇာတိ၊ ကွမ်းခြံကုန်း သုံးခွမဟာဝုန်တောရ ဆရာတော်အဖြစ် ထင်ရှားတော်မူသည်။

၃၆။ **အရှင်ဂန္ဓမာ**....ကျောက်မြောင်းဇာတိ၊ ကလေးဆရာတော်။ (ရွှေကျင်ဆရာတော် ပျံလွန်တော်မူပြီးနောက် ရွှေကျင်တိုက်၌ စတုတ္ထမြောက် သီတင်းသုံး အုပ်ချုပ်တော်မူ၍ စတုတ္ထ ရွှေကျင် ဆရာတော်ဟု ထင်ရှားသည်။)

ရွှေကျင်ဆရာတော်ဘုရား၏ လက်ရင်း အန္တေဝါသိက, သဒ္ဓိဝိဟာရိက တပည့်ကြီးများဖြစ်သော ဤဆရာတော် ၃၆-ပါးတို့သည် မြန်မာနိုင်ငံတော် ထက်အောက် အနှံ့အပြား ထိုထိုဒေသတို့၌ သီတင်းသုံးတော်မူ၍ ဓုရ နှစ်ပါးကို ရွက်ဆောင်တော်မူကြသည်ဖြစ်၍ ရွှေကျင်ဆရာတော်ဘုရားကြီး ၏ အဆုံးအမ ဩဝါဒ သာသနာတော်သည် ရပ်ထက်ဝန်းကျင်တို့၌ စည်ပင် ပြန့်ပွါးခြင်း ဖြစ်ပေသည်။

# တောင်တော်သာသနာပိုင်ဆရာတော်

တောင်တော်သာသနာပိုင် ဆရာတော် **ဦးမာလာ**သည်လည်း ရွှေကျင်ဆရာတော်၏ တပည့်စာရင်းဝင်ပင် ဖြစ်သည်၊ သို့သော် ငယ်တပည့်ကား မဟုတ်။

ပျံလွန်တော်မူပြီးသော ဂန္ထန္တရဗဟုဿုတ, ဒေသန္တရဗဟုဿုတ, နာနာဝိဓဗဟုဿုတ, ပရိသာသုဝိသာရဒ, ဝိစိတြဝါကျဘာဏီ စသော ဂုဏ်ထူးတို့ဖြင့် ထင်ရှားတော်မူသော အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက် တိုက်အုပ်ဆရာတော်ကြီး အရှင်ပညာထေရ်၏ မှတ်တမ်း၌——

တောင်တော်သာသနာပိုင်သည် ရွှေကျင်ဆရာတော်ဘုရားထက် အသက်သိက္ခာကြီး၏၊ သို့သော် ရွှေကျင်ဆရာတော်ဘုရား ရှိမ်းမကားမှာ သီတင်းသုံးတော် မူစဉ်ကပင် ဆည်းကပ်၍နေ၏၊ ၎င်းနောက် ဟလင်းရွာမှာ ကျောင်းထိုင်၏၊ **ဦးမာလာ**ဗုံတိုဟု ခေါ်ကြ၏၊ ၎င်းကမှ ညီဘုန်းကြီးကို ကျောင်းအပ်ခဲ့၍ ရွှေကျင်တိုက်မ၌ တပည့်ပြု၍ နေလာပြန်၏၊ ၎င်းကမှ အိမ်ရှေ့မင်းက ရွှေကျင်ဆရာတော်ထံမှာ ဘုန်းကြီးတောင်း၍ တောင်တော်ဆရာတော်သည် စက်ရုံဆရာတော် အရှင်သုမနနှင့် အတူနေ၏၊ နောက်တဖန် ရွှေကျင်တိုက်သို့ ရောက်၏။ ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးက ဘုန်းကြီးတောင်းပြန်ရာ တောင်တော်ဆရာတော်အရှင်မာလာ, ပုသိမ်ဆရာတော် အရှင်သုမန, ဟင်္သာတဆရာတော် အရှင်ရေဝတ သုံးပါး အတူ နန်းတော်တွင်းမှာနေ၍ မင်းသားများကို စာချကြရကုန်၏၊ ဒုတိယနန်းစံ မာရ်အောင်ရတနာစေတီတော်ဒါယကာ လက်ထက်မှာ တောင်တော်ဆရာတော်ကို မိုးကောင်းတိုက်နှင့် အရှေ့ပြင်တိုက်တော်ကို အပ်၏၊ ၎င်းနောက် တိုင်တားဝန်ကြီးက တိုက်တည်လှူ၍ အနောက်တိုက်တော်၌ပင် သီတင်းသုံးလျက် ၁၂၅၆-ခုနှစ်၌ ပျံလွန်တော်မူ၏။

ရွှေဘိုမြို့ အနောက်တောင် ယင်းတောမင်းကြီးကျောင်း၌ သီတင်းသုံးတော်မူသော ဆရာတော်ဦးထွန်းသည် စက်ရုံဆရာတော်,တောင်တော်ဆရာတော်တို့၏ ကန့်ကူလက်လှည့် ငယ်ဆရာဖြစ်သည်၊ ၎င်းကမှ သီးလုံးဆရာတော်ထံ ရောက်သည်၊ နောက် ရွှေကျင်ဆရာတော်ထံ ရောက်သည်၊ သီပေါ

မင်းသားကို စာပေသင်ကြားပေးခဲ့ရသော ဆရာဖြစ်၍ သီပေါမင်းသား မင်းအဖြစ်သို့ရောက်ကာလ ရွှေကျင်ဆရာတော်ဘုရားနှင့်တွဲ၍ သာသနာပိုင် တင်မြှောက်ခြင်း ဖြစ်သည်။

**ရာဇဂုရုတံဆိပ်တော်ရသော ရွှေကျင်ဆရာတော်၏တပည့်များ**

ရွှေကျင်ဆရာတော်ဘုရားကြီး၏ တပည့်ထဲမှ ရာဇဂုရုတံဆိပ်ရကြသော ဆရာတော်များမှာ—

၁။ အာလောကာဘိဓဇ အတုလဓိပတိသိရိပဝရ မဟာဓမ္မရာဇာဓိရာဇ ဂုရုတံဆိပ်တော်ရ မြတောင်ဆရာတော် **အရှင်အာလောက**။

၂။ ဝိစာရာလင်္ကာရဓဇမဟာဓမ္မရာဇာဓိရာဇဂုရုတံဆိပ်တော်ရရွှေကျင် တိုက်မ တိုက်အုပ်ဆရာတော် **အရှင်ဝိစာရ**။

၃။ ဝါယာမဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ ရမည်းသင်း တိုက် ဆရာတော် **အရှင်ဝါယာမ**။

၄။ ဇယန္တာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ ခေါ်တော ဆရာတော် **အရှင်ဇယန္တ**။

၅။ ဝိသုဒ္ဓါစာရာဘိဓဇသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရုတံဆိပ်တော်ရ မဟာဝိသုဒ္ဓါရာမဆရာတော် **အရှင်ဝိသုဒ္ဓါစာရ**။

၆။ ဣန္ဒကာဘိဓဇ သိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ ထရုံကာတိုက်ဆရာတော် **အရှင်ဣန္ဒက**။

၇။ ဝိမလာစာရဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ မင်းကင်း ဆရာတော် **အရှင်ဝိမလ**။

၈။ ကလျာဏာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ ရှိမ်း မကား ဆရာတော် **အရှင်ကလျာဏ**။

၉။ ဉာဏဝံသာဘိဓဇ အတုလဓိပတိ သိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ မှန်ကျောင်းဆရာတော် **အရှင်ဉာဏဝံသ**။

၁၀။ မာလာလင်္ကာရ သိရိပဝရ မဟာဓမ္မရာဇဂုရု (ငယ်ကတံဆိပ်), မာလာလင်္ကာရဓဇ ဓမ္မသေနာပတိ အတုလဓိပတိ သိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်နှစ်တန်ရ တောင်တော်သာသနာပိုင် ဆရာတော် **အရှင်မာလာ**။

၁၁။ သီလာစာရဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ အရွှေ **မတ္တရာဆရာတော်။**

၁၂။ ဝိမလာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ ဥက္ကံ သုံးဆယ် မောင်းထောင်ဆရာတော် **အရှင်ဝိမလ။**

၁၃။ သုဇာတာဘိဓဇ ဓိပတိ သိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ စိတြာရာမဆရာတော် **အရှင်သုဇာတ။**

၁၄။ သီဟာစာရ ကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ သောဘိတာရာမဆရာတော် **အရှင်သီဟ။**

၁၅။ အာစာရရမ္ဘဓဇ သိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ အရွှေပြင် ငါးစိုဆရာတော် **အရှင်အာစာရရမ္ဘ။**

၁၆။ နန္ဒမာလာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ ဝေဠု ဝန်ဆရာတော် **အရှင်နန္ဒမာလာ။**

၁၇။ ပညာသာမိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ ပေါင်း တောင်ကူးဆရာတော် **အရှင်ပညာ။**

၁၈။ ဉာဏာဘိဓဇ သိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ ကြီးသီးကုန်း တိုက်အုပ်ဆရာတော် **အရှင်ဉာဏ။**

၁၉။ ကဝိန္ဒာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ မောက်ကျိုးဆရာတော် **အရှင်ကဝိန္ဒ။**

(၁၇, ၁၈, ၁၉—အမှတ်ပါဆရာတော်များသည် ရွှေကျင်ဆရာတော်ဘုရားကြီး၏ တပည့်တို့ပင် ဖြစ်ပေသည်၊ တောင်ဘော် ဆရာတော်ထံရောက်မှ တံဆိပ်ရတော်မူကြသည်။)

၂၀။ သာသနာလင်္ကာရ သဒ္ဓမ္မာဘိဝံသကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်တိုက် ဆရာတော် **အရှင်သာသန။**

(ကျောင်းတော်ရာဆရာတော် အရှင်သာသနသည် သက္ကရာဇ် ၁၂၄၇-ခုနှစ် ရဟန်းသိက္ခာ ဝါတော် ၂၃-ဝါအရ သီတင်းကျွတ်လပြည့်ကျော် ၄-ရက် အင်္ဂါနေ့၌ ဗုဒ္ဓမိန့်တော် စာချွန်နှင့်တကွ မာရ်အောင်ရတနာ ဒေဝီတော်ဒါယကာ သီပေါမင်းကပ်လှူသော အထက်ပါတံဆိပ်ကို အလှူခံတော်မူရသည်။)

၂၁။ တံဆိပ်ကိုမမှတ်မိသော ဟသ်ာတမြို့ မိုးကောင်းဆရာတော် **အရှင်ဂန္ဓမာ**-စသည်တို့လည်း ရှိသေးသည်။

(မိုးကောင်း ဆရာတော်သည် ပထမ မန္တလေး ရွှေကျင်တိုက်, နောက် အနောက်ပြင် မိုးကောင်းတိုက်၌ နေသည်၊ ထိုအခါက မိုးကောင်းတိုက်သည် ရွှေကျင်ဂိုဏ်းဝင်တိုက် ဖြစ်သည်၊ ဟသ်ာတမိုးကောင်းတိုက်လည်း ရွှေကျင်ဂိုဏ်းဝင် တိုက်ပင် ဖြစ်သည်။)

ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအနက် အမှတ် ၅-မဟာဝိသုဒ္ဓါရာမ ဆရာတော် အရှင်ဝိသုဒ္ဓါစာရထေရ်သည် သက္ကရာဇ် ၁၂၄၆-ခုနှစ်အတွင်း၌ သိက္ခာ၀ါတော် ၂၇-ဝါအရတွင် သီပေါမင်း ကပ်လှူသော "ဝိသုဒ္ဓါစာရ-ဘိဓဇ မိပ္ပတိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော်ကို ထပ်မံ အလှူ ခံယူတော်မူရသည်ဖြစ်၍ ဘွဲ့တံဆိပ်နှစ်ထပ်ရဆရာတော်ဖြစ်သည်။

## ရွှေကျင်ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီးချိန်

ရွှေကျင်ဆရာတော်ဘုရားကြီး ပျံလွန်တော်မူ၍ ဈာပနကိစ္စ အဝဝပြီးစီး ပြီးနောက် အထက်၌ ဖော်ပြရာပါ မထေရ်ကြီးများနှင့်တကွ တထောင် ကျော်သော ရွှေကျင်ဆရာတော်ဘုရားကြီး၏ တပည့်ကြီးငယ်တို့သည် ရွှေကျင်ဂိုဏ်းကြီးကို ကျေးဇူးတော်ရှင် ရွှေကျင်ဆရာတော်ဘုရားကြီး အစားပြု၍ ကြီးမှူးစောင့်ရှောက်ရန် ဂဏပိတရ ဂဏုက္ကဋ္ဌ ဂဏသာမိ ဂိုဏ်းစီး ဥသျှောင် ရှိသော်မှသာ ဤရွှေကျင်ဂိုဏ်းကြီးသည် အရှည်သဖြင့် တည်တံ့၍ စည်ပင်ပြန့်ပွါးလျက် သန့်ရှင်းစင်ကြယ်သော သမဏနိကာယ ကြီးတရပ် ဖြစ်ပေမည်၊ သို့ဖြစ်၍ ရွှေကျင်ဂိုဏ်းကြီးကို ထိန်းအုပ် စောင့် ရှောက်မှု၌ အရည်အချင်းပြည့် စွမ်းဆောင်နိုင်အံ့သောပုဂ္ဂိုလ်ကို ရွေးချယ် ရန် ကြီးကျယ်သော သံဃာ့အစည်းအဝေးကြီးကို ကျင်းပလျက် ရွှေကျင် ဆရာတော်ဘုရားကြီး၏ ဂုဏ်တော် ကျေးဇူးတော်များကို အထူးသိရှိ၍ ဗျတ္တိဗလ သတိမန္တ အဇ္ဈဝ မဒ္ဒဝ ရူပလက္ခဏ ပရိပုဏ္ဏ လဇ္ဇီပေသလ သိက္ခာ-ကာမ ပရိယတ္တိပါရဂူ ဝိနယဓရ စသော ဂုဏ်တော်, နာယကဂုဏ်တော်, သင်္ဂဟတရားလေးပါးစသော ဂုဏ်တော်, ဇာတိမဟတ္တ, ပုညမဟတ္တ, ခန္တီ-ဓမ္မ, ဂဏဟိတကာမီ စသော ဂုဏ်တော်အရပ်ရပ်တို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်မှသာ ဂိုဏ်းသံဃာအများ ကြည်ညို ကျေနပ်မှုကိုရရှိ၍ မုနိပုင်္ဂဝ ရွှေကျင်နိကာယ သမ္မုတိသာသနာပိုင်အဖြစ်ဖြင့် ရွှေကျင်ဂိုဏ်းကြီး ကောင်း

မှန် စင်ကြယ်သေဝပ်စွာ တည်တံ့အောင် ဆောင်ရွက်နိုင်ရာသည်၊ဤသို့သော ပုဂ္ဂိုလ်ကို ရွှေကျင်ဆရာတော်ဘုရားကြီး၏ တပည့်ကြီးများထဲမှ ရွေးချယ်ကြကုန်အံ့ ဟူ၍ သတိပေးကြေငြာ၍ အသီးအသီး နီးရာနီးရာ အချင်းချင်း တိုင်ပင်ဆွေးနွေး၍ မိမိတို့ နှစ်သက်လိုလား ဂုဏ်အင်္ဂါအများနှင့် ပြည့်စုံကာ ရွှေကျင်ဂိုဏ်းကြီးကို စောင့်ရှောက် ရွှေဆောင်၍ ကြီးမှူးဦးစီးခြင်းငှါ စွမ်းရည်ရှိသည်ဟု ယူဆ ယုံကြည်ကြသည့်ပုဂ္ဂိုလ်ကို ထုတ်ဖော် လျှောက်ထားကြကုန်၏။

ယင်းသို့ အသီးအသီး သံဃာ့အစည်းအဝေးကြီးအတွင်း၌ သင့်တော်မည့် ပုဂ္ဂိုလ်ဟူ၍ ရွေးချယ်ခြင်းခံရသော ဆရာတော်မှာ အခြားမဟုတ် "မဟာဝိသုဒ္ဓါရာမာဓိပတိ သံဃနာထ" ဘွဲ့တံဆိပ်တော်နှစ်တန်ရ မဟာဝိသုဒ္ဓါရာမ ဆရာတော် "အရှင်ဝိသုဒ္ဓါစာရ" မထေရ်ပင် ဖြစ်သည်၊ မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားသည် ပြဆိုပြီး, ပြဆိုလတ္တံ့ဖြစ်သော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူ၍ ကျေးဇူးတော်ရှင် ရွှေကျင်ဆရာတော်ဘုရားကြီး လက်ရုံးတမူ အရေးယူ အားထားချီးမြှောက်ခြင်းကို ခံယူခဲ့ရသော လက်ရင်းတပည့်ကြီးလည်းဖြစ်၍ ဝိဝါဒအကွဲအပြား မရှိ၊ တထောင်ကျော်သော သံဃာတော်တို့ တသဘောတည်းဖြစ်၍ ကြိုက်ညီစွာ ရွေးချယ်တော်မူကြသည်။

## မဟာဝိသုဒ္ဓါရုံဆရာတော်အား ရွှေကျင်သာသနာပိုင်တင်ခြင်း

ယင်းသို့ တလုံးတစည်း တသဘောတည်း နှစ်သက်ကျေနပ်စွာ ရွေးချယ်တော်မူကြပြီးနောက် ရွှေကျင်ဂိုဏ်း, ရွှေကျင်နိကာယကြီး မူလပဘဝတည်ထောင်ရာ အမှန်အစဖြစ်သော မန္တလေးမြို့တော် မြောက်ပြင် မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီးတွင် အစည်းအဝေးကြီး တဖန် ပြုလုပ်တော်မူကြပြီးလျှင် ကပ္ပိယဦးသူတို့သည် ဘုရားရှင်အလောင်းတော်ကို မဟာသမ္မတမင်းအဖြစ်ဖြင့် တင်မြှောက်ကြသော ထုံးနည်းအလား မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးကို ရွှေကျင်နိကာယ သံဃပိတရ သံဃနာထ ဂဏသာမိ ထေရညသျှောင်အဖြစ်ဖြင့် လေးနက်သော အစီအစဉ်ကိုပြု၍ တင်မြှောက်ကြကုန်၏။ ရွှေကျင်နိကာယ သမ္မုတိသာသနာပိုင်အဖြစ် တင်မြှောက်ကြခြင်းပင် ဖြစ်ပေသည်။

ကြီးငယ်မဟူ ရွှေကျင်ဆရာတော်ဘုရားကြီး၏ နည်းနိသျ ဩဝါဒကို ခံယူခဲ့ကြသော ရွှေကျင်ဂိုဏ်းသား သံဃာတော်အားလုံးကလည်း မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး၏ ဩဝါဒအနုသာသနကထာများကို လေးမြတ်စွာ လိုက်နာကျင့်ကြံကြပါမည်ဟူ၍ အသီးအသီး ဝန်ခံစကား လျှောက်ထားကြကုန်၏။ ထိုအချိန်မှစ၍ မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးသည် ရွှေကျင်နိကာယ သံဃနာထ သံဃဦးကိုင် ရွှေကျင်နိကာယသာသနာပိုင်အဖြစ်သို့ ရောက်တော်မူပါသည်၊ မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးကလည်း ရွှေကျင်ဆရာတော်ဘုရား၏ ကျေးဇူးတော် ဂုဏ်တော်တို့ကို အာရုံပြု၍၎င်း, ရွှေကျင်ဂိုဏ်းသား သံဃာတော်များ အကျိုးကျေးဇူးကို ငဲ့ညှာထောက်ထားတော်မူ၍၎င်း ယင်းသို့ တင်မြှောက်သောတာဝန်ကို သည်းခံကာ ခွင့်ပေးတော်မူပေသည်၊ ယင်းသို့ ဂိုဏ်းဂဏကြီးကို ထိန်းအုပ်စောင့်ရှောက်တော်မူရမည့် တာဝန်ကြီးကို လက်ခံတော်မူလိုက်သောကြောင့် သံဃာတော်အားလုံးတို့သည် အတိုင်းမသိ နှစ်ထောင်းအားရ ဝမ်းမြောက်တော်မူကြကုန်သတည်း။

---

### ရွှေကျင်နိကာယ ဒုတိယသာသနာပိုင်

## မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး


မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးဆိုလျှင် မြန်မာနိုင်ငံတော် သာသနာဝင်၌ ရွှေကျင်ဆရာတော်ဘုရားကြီးမှတပါး ရွှေကျင်နိကာယသာသနာပိုင်ဆရာတော်ဘုရားကြီးဖြစ်သည့်ပြင် ပရိယတ်ပဋိပတ်ပါဠိသက္ကတစသည် စုံပညာရှိ ဆရာတော်ကြီး ဖြစ်တော်မူသောကြောင့် သကပရနိကာယသံဃာတို့ မကြားဘူး,မသိဘူးသူမရှိ၊ သီဟိုဠ်ယိုးဒယားစသော တိုင်းတပါးတိုင် ထင်ရှားကျော်ကြားတော်မူသော ဆရာတော်ဘုရားကြီး ဖြစ်တော်မူသည်။

ပိဋကဘက်၌ အချို့ဆရာတော်တို့သည် ဝိနည်းပိဋကအရာမှာ ထက်မြက်ကျွမ်းကျင် နိုင်နင်းတော်မူကြသည်၊ အချို့ဆရာတော်တို့သည် အဘိဓမ္မာပိဋကအရာတွင် ထက်မြက်ကျွမ်းကျင် နိုင်နင်းတော်မူကြသည်။ အချို့ဆရာတော်တို့သည် သုတ္တန်အရာ၌ ကျေပွန်လိမ္မာတော်မူကြသည်။ အချို့ဆရာတော်တို့ကား သဒ္ဒါဘက်၌ ထင်ရှားတော်မူကြသည်။ မဟာဝိသုဒ္ဓါရာမ

ဆရာတော်ဘုရားကြီးမှာမူကား အဖက်ဖက်ကပင် နိုင်နင်းသိမြင်သော ကမ်ထူး,ဉာဏ်ထူးရှိတော်မူသော ဆရာတော်ဘုရားကြီး ဖြစ်တော်မူသည်။

တိုင်းတပါးတိုင်အောင် တိုင်းသိပြည်သိ ထင်ရှားကျော်ကြားသော အဓိပ္ပတိရွှေကျင်နိကာယသံဃနာထ, ရွှေကျင်သံဃဥဿျောင် ဆရာတော် ဘုရားကြီး၏ အကြောင်းခြင်းရာ အတ္ထုပ္ပတ္တိကို မိမိစွမ်းနိုင်သမျှ ဂုဏ်ပုဒ် တွေကို ထုတ်ဖော်ရေးသားပါမူ ဆရာတော်ဘုရားကြီး၏ဂုဏ်တော်ကို ပြက် ရယ်ပြုသကဲ့သို့သာ ရှိပေလိမ့်မည်၊ ဂုဏ်ပြုရာသို့ မရောက်ပဲ ရှိပေလိမ့်မည်ဟု မှန်ကန်သောအတိုင်းမြင်သဖြင့် အကျယ်တဝင့် ချဲ့ထွင်ဂုဏ်တင်ခြင်းမပြုမူ၍ ဆရာတော်ဘုရားကြီး၏ ဘဝတလျှောက် ဖြစ်စဉ်တော်လောက်ကိုသာ ဖော်ပြရေးသားမည်ဖြစ်ပါသည်။

မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးအလောင်းတော် သတို့သားကို သာသနာတော်နှစ် ၂၃၇၂-ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၂၀၀-ပြည့်နှစ် ဝါဆို လဆန်း ၁၃-ရက် ညဥ့် ၃-ချက်တီးကျော် ဗုဒ္ဓဟူးနေ့သို့အဝင် အချိန် ကောင်း၌ ရွှေဘိုမြို့ တောင်ဘက် ခရီးခုနစ်မိုင်ကွာ ဝက်လက်အရှေ့ **စမွန်းရွာ** တွင် ဖွားမြင်တော်မူသည်။




စင်

၁၆

၀

**မဟာဝိသုဒ္ဓါရာမ**
**ဆရာတော်ဘုရားကြီး၏ဇာတာတော်**
**ဂြိုဟ်ရပ်တည်ပုံ**

မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး၏ အမိအဘတို့သည် ထိုအရပ် ဒေသ၌ လယ်ယာမိုးမြေ ရွှေငွေရတနာတို့ဖြင့် ပြည့်စုံသည်ဖြစ်၍ မဟာကုလ သေဌေးသူကြွယ်မျိုးဖြစ်ကုန်၏။ အမိအဘတို့၌ ငွေသားချိန် တသောင်း ရှစ်ထောင်အပြင် ပုတီးနားဒေါင်း လက်ကောက်လက်စွပ် လည်ရွဲတန်ဆာ

အစရှိသော အလင်္ကာရခေါ် အတွင်းပစ္စည်းတို့လည်း အမြောက်အမြား ရှိကြ၏၊ ရွာနှစ်ရွာ သုံးရွာသားတို့ကို အငှါးချထားနိုင်အောင် လယ်ယာ မြေလည်း ပြည့်စုံပေါများကြ၏။ ကျွဲနွားမြင်းတို့ဖြင့်လည်း ပြည့်စုံကြ၏၊ မိဘဘိုးဘွားတို့လက်ထက်မှ ဆင်းသက်လာသော အိမ်ထောင်စုကျေးကျွန် ၂၅-အိမ်ထောင်ရှိ၍ လှူဦးရေတရာကျော် ရှိလေသည်။ ဆရာတော်ဘုရားကြီး သည် ဤကဲ့သို့သောမိဘတို့အထံ၌ သက်ရောက်ထွန်းပေါ်တော်မူခဲ့ပေ သည်။ ဆရာတော်ဘုရားကြီး၌ အစ်ကိုကြီးတယောက်သာရှိသည်၊ မယ်တော် မှာ ဆရာတော်ကြီး ၃-နှစ်သားယွယ်၌ ကွယ်လွန်သည်၊ ခမည်းတော်ဒကာ ကြီးမှာကား ဆရာတော်ကြီး ရဟန်းသိက္ခာ ၁၂-ဝါရတော်မူမှ ကွယ်လွန် သည်။

ဆရာတော်ဘုရားကြီးအလောင်း သတို့သား၏ ရုပ်လက္ခဏာတော်မှာ ယောကျ်ားမြတ် ပညာရှိသူတော်ကောင်းတို့၌ ပြည့်စုံမြဲဖြစ်သော ရုပ်အင်္ဂါ လက္ခဏာမျိုးဖြစ်ပေသည်၊ ရုပ်တော်ကပင် သိက္ခာသမာဓိရှိသော အခြင်း အရာ, ဘုန်းကမ်ရှင်ဖြစ်သော အခြင်းအရာတို့ကို ပြလျက်ရှိပေသည်၊ သတို့ သား အသက်ရှစ်နှစ်ရှိသောအခါ စမွန်းရွာ မဟာရုံကျောင်းတိုက် **အရှင် ဠန္ဒမဟာထေရ်**ထံ၌ အဘဒါယကာကြီးက ကျောင်းအပ်မင်္ဂလာပြု၍ ပညာ စတင် သင်ကြားရလေသည်။ ထိုအချိန်ကား မြန်မာနိုင်ငံတော်၌ ပဋ္ဌမ သင်္ဂါယနာ မဟာသမိတိဒါယကာ မင်းတုန်းမင်းတရားကြီး၏နောင်တော် "သိရိသုဓမ္မတိလောကမဟာရာဇာဓိရာဇာ" ဘွဲ့တံဆိပ်တော်ရှိသော **ပုဂံမင်း** စိုးစံတော်မူခိုက် ဖြစ်သည်။

သတို့သားငယ် အသက် ၁၃-နှစ်ရှိသောအခါ အရှင်ဠန္ဒမထေရ်ထံ၌ပင် အဘဒါယကာကြီးနှင့် အစ်ကိုကြီးတို့က "ပဗ္ဗဇ္ဇာဘိသေကမင်္ဂလာပွဲသဘင်" ဆင်ယင်၍ သာသနာတော်ထံပါး ဘုရားရှင်သားတော် ရှင်သာမဏေအဖြစ် သို့ ချီးမြှောက်ပို့ဆောင်ကြသည်။ အရှင်ဠန္ဒထေရ်ထံ၌ ကျောင်းသား အဖြစ်ဖြင့် ၅-နှစ်, ရှင်သာမဏေအဖြစ်ဖြင့် ၄-နှစ်နေကာ စာပေပညာကို ထက်သန်တက်ကြွစွာ အားထုတ်သင်ယူခဲ့ပြီးနောက် အသက် ၁၇-နှစ်အယွယ် ရှင်သာမဏေအဖြစ်နှင့်ပင် ရွှေကျင်ဆရာတော်ဘုရားကြီးထံသို့ ရောက်လေ သည်။

သက္ကရာဇ် ၁၂၁၇-ခုနှစ် ပဋ္ဌမသင်္ဂါယနာတင် ဘုရင်မင်းတရားသည် မင်းအဖြစ်သို့ ရောက်၍ အမရပူရမြို့တော်၌ စံနေစဉ် ရှင်ဝိသုဒ္ဓါစာရ

သာမဏေသည် ရွှေကျင်ဆရာတော်ခြေတော်ရင်းသို့ ချဉ်းကပ်ခိုလှုံကာ ပါဠိ အဋ္ဌကထာတို့ကို ရွှေကျင်ဆရာတော်ဘုရားကြီးထံ၌ သာမဏေအဖြစ်နှင့်ပင် သင်ကြားခဲ့ရာ ဝိနည်းမှတပါး သုတ္တန်အဘိဓမ္မာ နှစ်ဖြာသောပါဠိပိဋကနှင့် အဋ္ဌကထာများကို ပေါက်ရောက်အောင် သင်ကြားနိုင်ပေသည်။ ယင်း ပါဠိ အဋ္ဌကထာတို့ကို နေတ္တိနည်း၊ ဉာသ်နည်း၊ အလင်္ကာနည်း၊ ဆန်းနည်း စသည်တို့ဖြင့်လည်း တန်ဆာဆင်ကာ သင်ယူခဲ့ရသည်။ ရဟန်းတဝါရလျှင် ပင် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံကို အကုန်သင်ယူလေ့လာပြီး ဖြစ်တော့ သည်ဟု ဆိုလေသည်။

ထိုနောက် ပါဠိပိဋက၌အထောက်အထား အကူအညီရစေ၊ဖြစ်စေသော သက္ကတဘာသာကို လေ့လာတော်မူပြန်သည်၊ ပင်ပန်းစွာ အားထုတ် လေ့လာရသည်မရှိ၊ လွယ်လင့်တကူ လေ့လာကာမျှဖြင့် တတ်မြောက်တော် မူပြန်သည်။

ရှင်ဝိသုဒ္ဓါစာရသည် ရဟန်းအဖြစ်သို့ မရောက်မီ ရွှေကျင်ဆရာတော် ဘုရားကြီးထံတော်၌ ပိဋက ပါဠိ အဋ္ဌကထာ ဂန္ထန္တရနှင့်တကွ သက္ကတ ဘာသန္တရစာပေတို့ကို ပျော်ပိုက်နှစ်ခြိုက်စွာ သင်ကြားလေ့လာနေသော် လည်း အဘဒါယကာကြီးနှင့် ဆွေမျိုးသားချင်းတို့က လူထွက်စေလို၍ အထည်ကောင်း အဝတ်ကောင်းတို့ဖြင့်ရင်း၊ ရွှေငွေဥစ္စာတို့ဖြင့်ရင်း၊ အမျိုး ကောင်းမြင်းတို့ကိုဝယ်ပေး၍ရင်း အမျိုးမျိုးသွေးဆောင် ဖြားယောင်းကြ ကုန်၏၊ လူ့ဘောင်လူ့ဘဝ၏ အပြစ်ကို မြင်၍ တကယ်နှစ်နှစ်ကာကာ သာသနာတော်၌ သက်ဝင်ယုံကြည်သော အစလသဒ္ဓါဓာတ် ထက်သန် အားကြီးခဲ့သော ရှင်ဝိသုဒ္ဓါစာရသည် မိဘဆွေမျိုးတို့ သွေးဆောင်ဖြား ယောင်းကြသော်လည်း ယိမ်းယိုင်မှု ညွတ်ကိုင်းမှု လှုပ်ရှားမှုမရှိ၊ ပကတိ တည့်မတ်သော သမာဓိအစွမ်းဖြင့် လူ့အဖြစ်ကို ဦးခေါင်းယမ်းလျက် ငြင်းပယ်ခဲ့လေသည်။

## ရဟန်းဖြစ်တော်မူခြင်း

ပြဆိုခဲ့ပြီးသည့်အတိုင်း သံသရာအပြစ် လူ့လောကအပြစ်တို့ကို ဉာဏ် မှန်ဖြင့် မြင်တော်မူ၍ သာသနာတော်၌ ယုံကြည်သော သဒ္ဓါစိတ်ဖြင့် လူ့ အဖြစ်ကို ငြင်းပယ်၍ ရွှေကျင်ဆရာတော်ဘုရားကြီး ခြေရင်းတော်၌ပင် ခုရ နှစ်ပါးကို ဆောင်၍ လာခဲ့ရာ သက္ကရာဇ်-၁၂၁၉-ခုနှစ် သီတင်းကျွတ်လပြည့်

နေ့တွင် စမွန်းရွာ အရှေ့အနီး သရိုင်ရွာ ခဏ္ဍသိမ်တော်အပြင်၌ ရွှေကျောင်းဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ဥပဇ္ဈာယ်ဆရာအဖြစ် ချီးမြှောက်တော်မူ၍ ဥပသမ္ပဒကမ်ဆောင်ခြင်းဖြင့် ရှင်ဝိသုဒ္ဓါစာရသည် **"ဦးဝိသုဒ္ဓါစာရ"** ဟူသော ရဟန်းမြတ်အဖြစ်သို့ ရောက်တော်မူလေသည်။

ရဟန်းအဖြစ်သို့ ရောက်သည်မှစ၍ ဝိနည်းပိဋကဆိုင်ရာ ပါဠိအဋ္ဌကထာတို့ကို ဂန္ထန္တရနှင့်တကွ လေ့လာသင်ကြားတော်မူရာ ရဟန်းတဝါရလျှင်ပင် တိပိဋကဝိဒူ ဖြစ်တော်မူသည်၊ ပဋိပတ်အရာ၌လည်း ရွှေကျောင်းဆရာတော်ဘုရားကြီး၏ အဆုံးအမ ဩဝါဒတော်အတိုင်း မယုတ်မယိုစေမူ၍ပင်ကိုယ်သဒ္ဓါဓာတ်ခံ ရင့်သန်တော်မူသည့်အလျောက် မကျန်းမာတော်မူသည့်အခါကို ချန်လှပ်၍ အခါခပ်သိမ်း နံနက်အာရုံတော်မတက်မီ အိပ်ရာမှ ထတော်မူပြီးကာလ နိသဇ်ဓုတင်, ရံခါ ရုက္ခမူလဓုတင်, ရံခါ အဗ္ဘောကာသိကဓုတင်တို့ကို ဆောက်တည်လေ့ရှိသည်၊ ကောသနိက်, ပတ္တပိုဏ် ဓုတင်တို့ကိုလည်း ဆောက်တည်လေ့ရှိသည်၊ နေလွဲကွမ်းစားဆေးဝါးဆေးသောက်မှု အလျှင်းမရှိ၊ အချင်းခပ်သိမ်း ရှောင်ကြဉ်တော်မူသည်၊ စတုမဓုစသော ဆေးပစ္စည်းများကိုပင် ဂေလညအကြောင်းမရှိပဲ သုံးဆောင်တော်မမူချေ၊ မြို့ရွာအတွင်း ဘိနပ်စီးခြင်း, ထီးဆောင်ခြင်း, လှည်းစီးခြင်းတို့ကိုလည်း ပြုတော်မမူချေ၊လှူပြမ်းသော မီးရထားမီးသင်္ဘောတို့ဖြင့် ရံခါ ခရီးကြွတော်မူရသည့်အခါ သဟသေယျသိက္ခာပုဒ်တော်ကိုစောင့်ထိန်းတော်မူသောအားဖြင့် လည်းလျောင်း၍ ကျိန်းစက်တော်မမူပဲ နေသဇ္ဇိကဓုတင်ဖြင့်သာ သီတင်းသုံးလေ့ရှိတော်မူသည်။

ကုလဒူသန,အနေသနစသည်တို့ဖြင့် ရအပ်သော ပစ္စည်းဟူ၍ အသက်ထက်ဆုံး တစုံတရာမျှ ရှိတော်မမူ၊ တပါးသူ လှူသော ပစ္စည်း၌ပင် အဓမ္မိယလဒ္ဓဟု ထင်လျှင် သိတော်မူလျှင် အသုံးပြုတော်မမူပေ၊ စွန့်ပစ်တော်မူသည်၊ ရွှေကျောင်းဂိုဏ်းတိုက်တာ စည်းမျဉ်းဥပဒေသ အလေ့အလာရှိသည့်အတိုင်း တလ လေးသီတင်း ဥပုသ်နေ့တိုင်း ညဘက်ဘုရားဝတ်ပြုပြီးချိန်၌ ရှေးဦးစွာ ကိုယ်တိုင် ဓမ္မာသနပလ္လင်သို့ တက်၍ ထိုက်သင့်သော ဓမ္မကထာများကို ပြောဟောတော်မူသည်၊ ပြီးနောက် ကျောင်းဘုန်းကြီး ရဟန်းငယ်များကို အလှည့်ကျ ပြောဟောစေတော်မူသည်၊ရဟန်းငယ်များ ဟောကြားသော တရားစကားကိုလည်း ဓမ္မဂရုက ဓမ္မကာမီ

သဘောဖြင့် တရိုတသေ နာကြားတော်မူလေ့ရှိသည်၊ ပျင်းရိခြင်း တန္ဒီသဘောလည်း ကင်းတော်မူသည်၊ ဥဋ္ဌာနသမ္ပဒါနှင့် အထူးပြည့်စုံတော်မူသည်၊ လူငယ်များအား ပြောဟောဆုံးမသည့်အတိုင်း ကိုယ်တိုင်ပြုမူကျင့်သုံးတော်မူလေ့ရှိသည်၊ မြတ်စွာဘုရား ဂုဏ်တော်ကို ရည်မှန်း၍ ပန်း,ဆီးမီး, ရေချမ်းတော်များကိုပင် နေ့စဉ် လူငယ်များနှင့် မခြားကိုယ်တိုင် ကပ်လှူပူဇော်လေ့ရှိတော်မူသည်။ ဤဂုဏ်ပုဒ်တို့သည် ရဟန်းငယ်ဘဝက စ၍ သက်တော်ရှည်သမျှကာလပတ်လုံး ကျင့်သုံးတော်မူသော ပဋိပတ်ဂုဏ်တော်များဖြစ်၍ ဤနေရာ၌ အနည်းငယ်ဖော်ပြလိုက်ပါသည်။

အရှင်ဝိသုဒ္ဓါစာရသည် ရဟန်းဖြစ်ပြီးနောက် ပထမတဝါတွင် မိမိ၏ ဥပဇ္ဈာယ်ဆရာ ရွှေကျင်ဆရာတော်ဘုရားကြီးကိုမှီ၍ ရှိမ်းမကားရွာ၌ ဝါဆိုတော်မူသည်။

အရှင်ဝိသုဒ္ဓါစာရသည် ဒုတိယမြောက်ဝါကို ရွှေဘိုနယ် ဆီသည်ရွာ ဆရာတော် အရှင်ဧယျထံ၌ ကပ်တော်မူသည်။ **အရှင်ဧယျ**-ဟူသည် သီးလုံးဆရာတော်ဘုရားကြီး၏ တပည့်ရင်းတပါးဖြစ်သည်၊ နောက်အခါ ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးလက်ထက်၌ မန္တလေးမြို့တော်တွင် သက်ပန်းမိဘုရား ဆောက်လုပ် လှူဒါန်းသော ကျောင်းတိုက်၌ သီတင်းသုံး၍ "ရာဇဂုရု"တံဆိပ်တော်ရ သက်ပန်းဆရာတော် ဖြစ်တော်မူသည်။

အရှင်ဝိသုဒ္ဓါစာရသည် တတိယမြောက်ဝါကို မန္တလေးမြို့ မဟာဓမ္မိကာရာမ ရွှေကျင်တိုက် ရွှေကျင်ဆရာတော်ဘုရားကြီး ထံပါး၌ ဝါကပ်သီတင်းသုံးတော်မူသည်၊ ထိုသုံးဝါမြောက်၌ ရဟန်းငယ် အဖြစ်ဖြင့် အဘိဓမ္မာပိဋကတတိယမြောက် ဓာတုကထာကျမ်းသည် "ကျမ်းကြီးပဋ္ဌာန်း, ကျမ်းငယ်ဆန်း, ကျမ်းလတ်ဓာတုကထာ"ဟူသော ပရိဘာသာအရ ခက်ခဲနက်နဲသော ကျမ်းသုံးကျမ်းတို့တွင် အပါအဝင်ဖြစ်၍ စာသင်သားတို့ ဉာဏ်မသက်နိုင်, သဘောမပေါက်နိုင်သော ကျမ်းဖြစ်ရာ ယင်း ကျမ်းကို စာသင်သားများ အလွယ်တကူ ကူးမြောက်နိုင်စေခြင်းငှါ ဝိဇ္ဇာနိုရ်မည်သော ဓာတုကထာချိုး လက်ာကျမ်းကို ရေးသားတော်မူသည်၊ ထိုကျမ်းကို အမှီပြုရသော စာသင်သားတို့သည် ဓာတုကထာကျမ်းဟူသော သမုဒ္ဒရာကို လွယ်ကူစွာ ကူးမြောက် အောင်မြင်ကြရပေသည်။

အရှင်ဝိသုဒ္ဓါစာရ ရေးသားတော်မူသော ဝိဇ္ဇာခိုရ် ဓာတုကထာချီး လက်ာသည် ရှေးကဒုတ်လှမ်းဆရာတော် ရေးတော်မူခဲ့သော ဓာတုကထာ ချီးထက် ပြည့်စုံလေသည်။

အရှင်ဝိသုဒ္ဓါစာရသည် စတုတ္ထမြောက်ဝါကို မြန်မာနိုင်ငံတော်အတွင်း၌ အဘိဓမ္မာပိဋကအရာတွင် ကျွမ်းကျင်ကျေပွန်စွာ ကူးခပ်စွမ်းနိုင်သော မထေရ်မြတ်ဟူ၍ ထင်ရှားကျော်ကြားတော်မူသော မြို့ပြင်ကြီးဆရာတော် အရှင်စန္ဒဝံသာလင်္ကာရမထေရ်ထံ၌ ဆည်းကပ်ကာ အဘိဓမ္မာအရာဌာန တို့၌ နည်းယူလေ့လာ ဆည်းပူးတော်မူသည်။

မြို့ပြင်ကြီး ဂိုဏ်းအုပ်ဆရာတော် အရှင်စန္ဒဝံသာလင်္ကာရထေရ်သည် အဘိဓမ္မတ္ထသရူပဒီပကကျမ်း၊ အဋ္ဌသာလိနီဂဏ္ဌိကျမ်း၊ ဒိဋ္ဌိဘေဒပကာသနီ ကျမ်း၊ ရူပဝီထိပကာသနီကျမ်း စသည်တို့ကို ပြုစုရေးသားတော်မူသည်။

ထိုမြို့ပြင်ကြီးဆရာတော်သည် မြို့ပြင်ကြီးမှ ရန်ကုန်မြို့ ကျောင်းတော် ရာ ဗဂ်လားတိုက်သို့ ရွှေပြောင်းသီတင်းသုံးရာ ၁၂၆၃-ခုနှစ်တွင် ဗဂ်လား တိုက်၌ပင် ပျံလွန်တော်မူသည်။

အရှင်ဝိသုဒ္ဓါစာရသည် အင်းဝမြို့ သက်ယယ်ကျင်းတိုက် ဂိုဏ်းထောက် ဆရာတော် အရှင်မဥ္စူထေရ်ထံ၌ ပဉ္စမဝါကပ်တော်မူသည်။

မန္တလေးမြို့ အရှင်ဥတ္တမမဟာထေရ်ကို အမှီပြု၍ ဆဋ္ဌမဝါ မင်းတဲတိုက်၌ ဝါကပ်တော်မူသည်၊ မင်းတဲတိုက်သည် မဟာဝိသုဒ္ဓါရာမတိုက် မြောက်ဘက် တွင် ကပ်လျက်ရှိသောတိုက်ဟူ၏၊ မင်းတဲဆရာတော် အရှင်ဥတ္တမကား "ဥတ္တမာဘိဓဇမိပ္ပတိသိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု"ဟူသော ဘွဲ့တံ ဆိပ်တော်ရ မင်းတဲတိုက် ဆရာတော်ဖြစ်သည်။

အရှင်ဝိသုဒ္ဓါစာရသည် ရဟန်းသိက္ခာ၁ဝါ တဝါရ သက်တော် ၂၀-ယွယ် ကပင် ပါဠိဋ္ဌအဋ္ဌကထာနှင့်တကွ ဂန္ထန္တရတို့၌ တတ်မြောက်ကျွမ်းကျင် ခဲ့သော်လည်း ပညာရှိသူတော်ကောင်းတို့၏ သဘောတံထွာသည် နာနာ- နယ ဗဟုသုတအဝဝကို ရှာမှီးဆည်းပူး၍ မရောင့်ရဲနိုင် တင်းမတိမ်နိုင် သည့်အလျောက် ကျော်ပေါက်ဝေးနီး အဖက်ဖက်၌ နာမည်ကြီးကုန်သော ထိုထို ဆရာကောင်းတို့ထံ၌ ချဉ်းကပ်၍ ရသမျှ ပညာဗဟုသုတ နည်းနယ တို့ကို ဆည်းပူးတော်မူခြင်း ဖြစ်သည်။

ယင်းသို့ ရဟန်းသိက္ခာ ၆-ဝါတိုင်တိုင် ဆည်းပူးတော်မူပြီးလျှင် ရွှေကျင် ဆရာတော်ဘုရားကြီး အထံတော်သို့ ပြန်လည်ဆည်းကပ်၍ မဟာဓမ္မိကာ-ရာမ ရွှေကျင်တိုက်မကြီး၌ သီတင်းသုံးတော်မူကာ ဥပဇ္ဈာယ်ဆရာ၌ ပြုအပ်သော ဝတ်နိဗဒ်တို့ကို ပြုလုပ်တော်မူယင်း "ဝိနယဓမ္မဝိနိစ္ဆယ"များကိုလည်း ရေးသားဆုံးဖြတ်မှုကို ပြုတော်မူသည်၊ ရွှေကျင်ဆရာတော်ဘုရားကြီး၏ ညာလက်ရုံးသဖွယ် ရဟန်းသိက္ခာ ခုနစ်ဝါကပင် အားကိုးယုံကြည်ကာ မျက်နှာလွှဲရသော တပည့်ကြီးဖြစ်လေသည်၊ တိုက်တာအတွင်းရှိ သံဃာများကိုလည်း နေ့ဝါ ညဝါ ကျမ်းစာကြီးများကို လက်ထောက်ကထိက စာချအဖြစ်ဖြင့် ပို့ချတော်မူသည်။

ရဟန်းသိက္ခာ ၇-ဝါအရတွင် "ပရမတ္ထသရူပဘေဒနီကျမ်းကြီး"ကို ရေးသားတော်မူသည်၊ ဤကျမ်းကို ယနေ့ခေတ်တိုင်အောင် စာသင်စာချ ပုဂ္ဂိုလ်များ လက်သုံးတဆူအနေဖြင့် ဂရုပြုကာ သုံးစွဲလျက်ရှိသည်ဖြစ်၍ ကျော်ကြားသော ကျမ်းစာကြီး ဖြစ်သည်၊ ထိုကျမ်းစာကို သက္ကရာဇ် ၁၂၄၅-ခုနှစ်၌ ပြီးစီးအောင် ရေးသားတော် မူခဲ့သည်၊ ၁၂၆၁-ခုနှစ်၌ သီဟိုဠ်ကျွန်း ကောလမ္ဗိုမြို့ မဟာဝိသုဒ္ဓါရာမယကျောင်းတိုက် ဆရာတော် သီဟိုဠ်ဇာတိ အရှင်သိရိဓမ္မထေရ်သည် ပရမတ္ထသရူပဘေဒနီကျမ်းကြီးကို ပထမ, ဒုတိယ, တတိယတွဲတို့ကို သီဟိုဠ်ဘာသာသို့ ပြန်ဆို၍ သီဟိုဠ်ကျွန်းသို့ ပို့ဆောင်လိုက်သည်၊ ဤကျမ်းကို အခြေပြု၍ သီဟိုဠ်သံဃာများ အဘိ-ဓမ္မာပိဋကကို လေ့လာကြရပေသည်၊ သို့ဖြစ်၍ ပရမတ္ထသရူပဘေဒနီကျမ်းသည် မြန်မာနိုင်ငံတော်တွင်မက သီဟိုဠ်နိုင်ငံတော်တိုင်အောင် ထင်ရှားကျော်ကြားသော ကျမ်းစာကြီး ဖြစ်သည်၊ ပရမတ္ထသရူပဘေဒနီကျမ်းကပင် အရှင်ဝိသုဒ္ဓါစာရသည် ပရမတ္ထအရာ အဘိဓမ္မာပိဋကဘက်၌ ကျွမ်းကျင်လိမ္မာတော်မူသော ပါရဂူကြီးဖြစ်တော်မူသည်ကို သာကေအဖြစ် သက်သေခံ ပြလျက်ရှိပေပြီ။

ထိုပရမတ္ထသရူပဘေဒနီကျမ်းကို တောက်လျှောက်တဆက်တည်း ရေးသည်မဟုတ်မူ၍ စာချယင်း အားလပ်သော အချိန် အချိန်တို့၌သာ ဖြည်းဖြည်းသာ ရေးတော်မူသည်၊ ရံခါလည်း နှစ်ကာလများစွာပင် ပြတ်လျက်ရှိသည်၊ သို့ကြောင့် အရှင်ဝိသုဒ္ဓါစာရ ရဟန်းသိက္ခာ ၇-ဝါရပြီးသောအခါကစ၍ ရေးခဲ့ရာ ၂၆-ဝါ ရရှိမှ အစအဆုံး ပြီးဆုံးသည်၊ ၁၇-နှစ်လုံးလုံး ကြာ

သည်ဟု သိရသည်။ သို့ကြောင့်လည်း ပရမတ္ထအရာ၌ မြန်မာနိုင်ငံတော်တွင် အပြည့်စုံဆုံး အသုံးအဝင်ဆုံး ခရီးအရောက်ဆုံး ကျမ်းကြီးတကျမ်းအဖြစ်ဖြင့် ထင်ရှားကျော်ကြားလေသည်၊ မန်လည်ဆရာတော်ဘုရားကြီး၏ မဏိဒေဝလင်္ကာကြီးသဖွယ် အဘိဓမ္မာနယ်၌ လူကြိုက်များလေသည်။ မန်လည် ဆရာတော်ကြီးသည် ရဟန်းသိက္ခာ ဆယ်ဝါကစ၍ "မဏိဒေဝလင်္ကာ"ကို ရေးတော်မူသည်၊ ထိုအချိန်ကရေးသော မဏိဒေဝလင်္ကာမှာ ဆိုက်အလတ်စားနှင့် စာမျက်နှာ နှစ်ရာခန့်မျှသာရှိသည်၊ နောက်တဖြည်းဖြည်း ပြင်ဆင်ဖြည့်စွက်ရေးတော်မူရာ သက်တော်ခုနစ်ဆယ်ခန့်ရှိမှ အပြီးသတ်၍ ယခုမျက်မြင် နိုင်ငံနှင့်အဝှမ်း အသုံးပြုနေသော မဏိဒေဝလင်္ကာကြီးအဖြစ်ဖြင့် ထင်ရှားကျော်ကြား လူသိများသော အလင်္ကာကျမ်းကြီးတစောင်ဖြစ်လာပေသည်။ ဤစာရေးသောဘုန်းကြီး ရဟန်းငယ်အခါက **ပါဠိဆရာဦးဖြေ** (အဂ္ဂမဟာပဏ္ဍိတ)ပြောသည်ကို ကြားသိလိုက်ရဘူးသည်မှာ ရဟန်းတော်များ ရေးသောကျမ်းစာသည် ဝတ်ကြောင်ဒကာများရေးသောကျမ်းစာထက် ကောင်းမွန်တတ်သည် ဟူ၏။ အကြောင်းမူကား ရဲဟန်းတော်များသည် လူဝတ်ကြောင်များထက် အချိန်ရရ အချိန်ယူ၍ ပြည့်ပြည့်စုံစုံ ရေးနိုင်ကြသောကြောင့်-ဟု ဆိုလေသည်၊ ပရမတ္ထသရူပဘေဒနီနှင့် မဏိဒေဝလင်္ကာတို့ကိုထောက်လျှင် ဆရာဖြေ၏ စကားသည် မှန်ကန်ရာ ရောက်ပေသည်။ ပရမတ္ထသရူပဘေဒနီကျမ်းကို သီပေါမင်းတရားလက်ထက် ရွှေနန်းတော်တွင်း၌ရှိသော ရတနာပုံ စာပုံနှိပ်တိုက်၌ ပထမအကြိမ် စာအုပ်အဖြစ် ရိုက်နှိပ်သည်၊ နောက်-ဒုတိယ,တတိယ စသည်ဖြင့် ယနေ့တိုင် အဆက်ဆက် အကြိမ်ပေါင်းများစွာ ပုံနှိပ်ထုတ်ဝေရလျက်ပင် ရှိပေသည်။

အရှင်ဝိသုဒ္ဓါစာရသည် သတ္တမဝါမှစ၍ ဒွါဒသမမြောက်ဝါ ၁၂-ဝါတိုင်အောင် မဟာဓမ္မိကာရာမ ရွှေကျောင်တိုက်မ၌ သီတင်းသုံးကာ စာပေပို့ချယင်း ကျမ်းစာလည်း ရေးတော်မူသည်၊ပရမတ္ထသရူပဘေဒနီကျမ်းနောက်၌ "နိက္ခမ္မယျောဇနာကျမ်း"ကို ရေးတော်မူသည်၊ မိမိကိုယ်တိုင် တောထွက်လိုသော နိက္ခမ္မဇ္ဈာသယရှိတော်မူသည်ဖြစ်၍ အခြားသူတို့ကိုလည်း တောထွက်ရန် သင့်တော်ကြောင်းဖြင့် တိုက်တွန်းသောကျမ်းဖြစ်သည်။ထိုနောက် "မုစ္စနင်္ပကာသနီကျမ်း"ကို ရေးတော်မူသည်။ ရဟန်းငယ်များ အကျိုးငှါ နိဿယည်းကင်းခြင်း အကြောင်းအင်္ဂါတို့ကို ပြဆိုသော ကျမ်းဖြစ်သည်။

ထိုနောက် သက်န်းအဓိဋ္ဌာန်တင်ခြင်း, အဓိဋ္ဌာန်ကျခြင်း စသည်တို့၌ ရဟန်းတော်များ တတ်သိလိမ္မာစွာ ကျင့်သုံးနိုင်စေရန် "ဝိနယကောသလ္လ" မည်သောကျမ်းကို ရေးတော်မူသည်။ ဝိနည်း ပါဠိ, အဋ္ဌကထာကြီးများကို မလေ့လာမီ ဝိနယကောသလ္လကို ကြည့်ရှုလေ့လာရသဖြင့် အဋ္ဌကထာကြီးများ၌ အဓိပ္ပါယ်လွယ်လင့်တကူ သိမြင်နိုင်ကြောင်းဖြစ်၍ ရဟန်းငယ်တို့ အဖို့ ကျေးဇူးများသောကျမ်းဖြစ်သည်။

ထိုနောက် သဒ္ဒါဘက်သို့လှည့်၍ ဘေဒစိန္တာကျမ်း၌ပါရှိသော ခဲရာခဲဆစ်တို့ကို သုတ်သင်ရှင်းလင်း ပြဆိုရာဖြစ်သော "သဒ္ဒတ္ထဘေဒစိန္တာဂဏ္ဌိကျမ်း"ကို ရေးတော်မူသည်၊ ထိုနောက် "ဉာဏောဒယ"မည်သော စာစပ်ကျမ်းကို ရေးတော်မူသည်၊ စာပေကျမ်းဂန်တို့၌ ရှေ့နောက်စကား ဝါကျ, သဒ္ဒါအားဖြင့်စပ်ပုံ, အနက်အားဖြင့်စပ်ပုံ အစပ်သမ္ဗန် အမျိုးမျိုးတို့ကို ပြသောကျမ်းဖြစ်သည်၊ ပါဠိဘာသာ၌ဖြစ်စေ, မြန်မာဘာသာ၌ဖြစ်စေ ကိရိယာကာရကစသော အစပ်သမ္ဗန်ကို မကျွမ်းကျင် မသိမြင်လျှင် အဓိပ္ပါယ်မှန်ရအောင် မကောက်ယူနိုင်ပေ။ မိမိရေးသောစာ၌လည်း အစပ်သမ္ဗန် မညီညွတ်မူ ထိုစာသည် ပညာရှိများ အသိအမှတ်ပြုသော စာအဖြစ်သို့ မရောက်ချေ၊ ထိုကြောင့် စာစပ်ကို နားလည်မှုသည် အရေးကြီးပေသည်။

သီဟိုဠ်သား အရှင်သံဃရက္ခိတထေရ်သည် သက္ကတဘာသာဖြင့် တည်ရှိသော "ဝုတ္တရတနာကရ ဆန်းကျမ်း"ကို မာဂဓဘာသာသို့ပြန်၍ "ဝုတ္တောဒယ" မည်သော ဆန်းကျမ်းကို စီရင်သကဲ့သို့ရှင်း,ထိုအတူ သက္ကတဘာသာ "ကာဗျဒဿန"မည်သော "ဒဏ္ဍီ ကျမ်း"ကို မှီ၍ "သုဗောဓာလင်္ကာရ" အမည်ဖြင့် အလင်္ကာကျမ်းကို ပြုသကဲ့သို့ရှင်း အရှင်ဝိသုဒ္ဓါစာရထေရ်သည် သက္ကတဘာသာ"ဆန္ဒောမဉ္ဇရီကျမ်း"ကို မာဂဓဘာသာသို့ပြန်၍ "ဆန္ဒောမဉ္ဇရီ ကျမ်း"ကို ရေးတော်မူသည်။ ဆန္ဒောမဉ္ဇရီကျမ်းသည် ဝုတ္တောဒယ ဆန်းကျမ်းထက် သိလွယ်,မြင်လွယ်သော အစီအစဉ် ရှိပေသည်။ ဆန္ဒောမဉ္ဇရီကျမ်း၏ မြန်မာနိဿယကိုလည်း အရှင်ဝိသုဒ္ဓါစာရထေရ် ကိုယ်တော်တိုင်ပင် ရေးသားတော်မူသည်။ မြန်မာနိသျှမျှသာ မဟုတ်သေး၊ အလွယ်တကူ ကျက်ဆောင်နိုင်စေခြင်းငှါ "ဆန္ဒောမဉ္ဇရီလင်္ကာဆန်းကဗျာ" ကိုလည်း ရေးတော်မူသေးသည်။

ဘာသာတရပ်မှ ဘာသာတရပ်သို့ ပြန်ဆိုမှုသည် လွယ်ကူသော အရာ မဟုတ်ပေ။ ပါဠိမာဂဓ, သက္ကတတို့မှာ သာ၍ပင် ခက်ခဲပေသည်။ ဋီကာ အဖွင့်ကို အမှီမပြုရမူ သက္ကတကို မြန်မာဘာသာ စသည်သို့ ပြန်ဆိုရန် အလွန် ခဲယဉ်းလှပေသည်။ သက္ကတ၌ နိုင်နင်းကျွမ်းကျင်ခြင်း မရှိမူလည်း ဋီကာကို မကြည့်ရှုနိုင်ချေ။ ဆန္ဒောမဉ္ဇရီ ဆန်းကျမ်းကို မာဂဓ ပြန်ဆိုရုံမျှ မဟုတ်၊ မြန်မာနိဿျနှင့် လက်ာကဗျာတိုင်အောင် ပြန်ဆိုတော်မူနိုင်သော မဟာဝိသုဒ္ဓါရာမဆရာတော် အရှင်ဝိသုဒ္ဓါစာရ၏ သက္ကတဘာသာ၌ တတ်သိ လိမ္မာတော်မူသော အရည်အချင်းကို ပညာရှိသူတို့ ချိန်ဆနိုင်ပေလိမ့်မည်။ ဆန္ဒောမဉ္ဇရီကျမ်း၏ အဖွင့် ဋီကာကျမ်းကို အရှင်ဝိသုဒ္ဓါစာရ၏ တပည့် ပဲခူးမြို့ ရွှေအောင်ရွှေးဆရာတော် အရှင်ဉာဏိန္ဒ ရေးသားတော်မူသည်။ အရှင်ဝိသုဒ္ဓါစာရ ကိုယ်တိုင်မျှသာ မာဂဓ,သက္ကဋ ဘာသာတို့ကို ကျွမ်းကျင် နိုင်နင်းသည် မဟုတ်၊ တပည့်တို့သည်ပင် တတ်မြောက် လိမ္မာကြသည်မှာ အရှင်ဉာဏိန္ဒထေရ်ဖြင့် ထင်ရှားပေသည်၊ နောက်နောက်၌ ပေါ်ပေါက် ထွန်းကားအံ့သော တပည့်များဖြင့်လည်း ပို၍ ပို၍ ထင်ရှားလှပါသည်။

သက္ကရာဇ် ၁၂၅၀-ပြည့်နှစ်၌ "ဓာတွတ္ထသင်္ဂဟ" ခေါ် ဓာတ်ကျမ်းကို စီရင် ရေးသားတော်မူသည်။ မြန်မာနိုင်ငံတော်တွင် ယခင်က ရှိနှင့်သော သဒ္ဒနီတိ ဓာတုမာလာကျမ်း,ပြည်ဆရာတော်၏ ဓာတုမာလာကျမ်း,သင်္ဇာ ဆရာတော်၏ ဓာတွတ္ထဒီပက, မြတောင်ဆရာတော်၏ ဓာတ်ကျမ်း စသည် ဖြင့် ရှိသည်တို့တွင် သဒ္ဒနီတိ ဓာတုမာလာသည် အထူး ကောင်းသည်ဟု ပညာရှိကြီးများ ချီးမွမ်းကြသည်။ သို့သော်လည်း ဘူဝါဒိ စသောဂိုဏ်းကို ပဓာနထား၍ ရေးသောဓာတ်ကျမ်းဖြစ်၍ ဓာတ်တပါးကို ထပ်တလဲလဲ ဆိုရသောအပြစ်, ရံခါရံခါ အက္ခရာဝလိအစဉ် ပျက်ကွက် ရှုပ်ထွေးသော အပြစ်စသည်တို့ ရှိသေးသည်၊ ဓာတွတ္ထသင်္ဂဟ = ဓာတွတ္ထသင်္ဂြိုဟ်ကျမ်းမှာ မူကား ဓာတ်တပါးတည်း၏ သက်ဝင်ရာ ဂိုဏ်းအမျိုးမျိုးကိုရင်း, အနက် အမျိုးမျိုးကိုရင်း တနေရာတည်း၌ သန့်ရှင်းစွာ ပြထားသည့်ပြင် အက္ခရာဝလိ အစဉ်လည်း ချွတ်ယွင်းခြင်းမရှိသဖြင့် သဒ္ဒနီတိဓာတ်ကျမ်းထက် ရှင်းလင်း လွယ်ကူ ကျယ်ဝန်းစွာ အသုံးပြုနိုင်သည်။ ဓာတွတ္ထသင်္ဂဟကျမ်းကို ဆောင် လွယ်စေရန် ချောမောပြေပြစ်သော ဂါထာတို့ဖြင့် စီကုံး ရေးသားခြင်း, မြန်မာဋီကာဖြစ်သော အနက်အဓိပ္ပါယ်ကိုလည်း နိဿျနှင့်တကွ ရေးသား

တော်မူခြင်း စသောဂုဏ်တို့ကြောင့် သဒ္ဒဝိဒူ ပညာရှိအများ နှစ်သက်ချီးမွမ်း အပ်သော ဓာတ်ကျမ်းဖြစ်သည်။

ထို ဓာတွတ္ထသင်္ဂဟကျမ်းကို သက္ကတဘာသာဖြင့် ရှိကြသော ဝါစပ္ပတိ-အဘိဓာန်၊ ကဝိကပ္ပဒုမ အစရှိသော သက္ကတ အဘိဓာန် ကျမ်း၊ ဓာတ်ကျမ်း၊ ဗျာကရုဏ်းတို့ကိုမှီး၍ ရေးသားအပ်သည်ဖြစ်၍ ဤသို့သော ဓာတ်ကျမ်း မျိုးကို မာဂဓဘာသာ သက်သက်မျှသာ တတ်သိသူတို့ စွမ်းဆောင်နိုင်မည့် အရာမဟုတ်ချေ။ သက္ကတကျမ်းအစောင်စောင်တွင်မက ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ ကျမ်းအစောင်စောင်တို့ကိုပါ ကိုးကားမှီငြမ်းပြု၍ ဤဓာတွတ္ထ သင်္ဂဟ၏ မြန်မာနိဿျ အဓိပ္ပါယတ္ထတို့ကိုလည်း ဆက်လက်ရေးသားတော် မူသည်။ ဆန္ဒောမဉ္ဇရီ၊ ဓာတွတ္ထသင်္ဂဟပါဌ်နိဿျ အဓိပ္ပါယ် အဆုံးအဖြတ် ကျမ်းတို့ဖြင့် အရှင်ဝိသုဒ္ဓါစာရထေရ်၏ မာဂဓ၊ သက္ကတ စွယ်စုံ ပရိယတ္တိ ဝိသာရဒဂုဏ်သည် အလိုအလျောက် ပေါ်လွင်ပြီး ဖြစ်ပေသည်။

ဓာတွတ္ထသင်္ဂဟပါဌ်၏အဖွင့် မာဂဓဋီကာကိုကား ဝိသုဒ္ဓါရုံထေရုပ္ပတ္တိ ပါဠိဂါထာများကို ရေးသားသော အရှင်သိရိဓမ္မထေရ်၏ ဓမ္မာစရိယ ဖြစ်သော သီဟိုဠ်ကျွန်းသား အရှင်ဥပသေန မဟာထေရ် ရေးသားတော်မူသည် ဟု သိရသည်။ ဥပသေနမဟာထေရ်သည် သီဟိုဠ်ကျွန်း၌ သာသနာတော် ဆိုင်ရာ ပါဠိ၊ အဋ္ဌကထာ စသောကျမ်းများ၊ လောကီဘက်ဆိုင်ရာ၊ သက္ကတ ဆိုင်ရာကျမ်းတို့၌ သူမတူအောင် တတ်မြောက်တော်မူသော မထေရ် ဟု သိရပေသည်။

၁၂၄၇-ခုနှစ်၌ "နေတ္တိဟာရတ္ထဒီပနီကျမ်း"ကို ရေးသားတော်မူသည်။ ရှေးဆရာကြီးများ ရေးသားအပ်သော နေတ္တိအကောက်ကျမ်းများ ရှိလင့် စေကာ ထိုကျမ်းတို့သည် ကျယ်ဝန်း၍ အကောက်အယူ မလွယ်ကူကြကုန်၊ နေတ္တိဟာရတ္ထဒီပနီမှာကား ကျဉ်းကျဉ်း ရှင်းရှင်းနှင့် ဆောင်လွယ်သိလွယ် သော ကျမ်းဖြစ်၍ နှစ်သက်မြတ်နိုးကြကုန်၏။

အရှင်ဝိသုဒ္ဓါစာရ ရေးသောကျမ်းတို့ကို ဖော်ပြရာ၌ သက္ကရာဇ် အစဉ် အတိုင်းမဟုတ်၊ သိက္ခာဝါ ၇-ဝါကစ၍ နောက်ဆုံးကာလတိုင် ရေးသား တော်မူသမျှ ကျမ်းတို့ကို အလျဉ်းသင့်သလို ဖော်ပြခြင်း ဖြစ်သည်ဟု မှတ် ယူကြပါကုန်။

သက္ကရာဇ် ၁၂၆၄-ခုနှစ်၌ "ဆိဒ္ဓပိဓာနနီကျမ်းကြီး"ကို ရေးသားတော်မူသည်၊ ထိုကျမ်းကြီးသည် ဆိုက်ကြီးနှင့် စာမျက်နှာ ၄၄၀-ရှိသည်။ ထိုကျမ်းကြီးကို—

ဆလောကသ္မိံ ဆိဒ္ဒါနိ၊ ယတ္ထ ဝိတ္တံ န တိဋ္ဌတိ။
အာလသျဉ္စ ပမာဒေါ စ၊ အနုဋ္ဌာနံ အသံယမော။
နိဒ္ဒါ တန္ဒီတိ တေ ဆိဒ္ဒေ၊ သဗ္ဗသော နံ ဝိဝဇ္ဇယေ။—

ဟု ဒေဝတာသံယုတ်လာ ဒေသနာတော်ကို အရင်းမူလပြု၍ လူနတ်အပေါင်းတို့၏ လောကုတ်လောကီ နှစ်ဌာန၌ ကြီးပွါးချမ်းသာရေးတို့ကို အထူးထူးသော သုတ္တန်ပါဠိအဋ္ဌကထာ ဂန္ထန္တရတို့မှ ထုတ်နုတ်စီစဉ်ကာ ရေးသားတော်မူသည်ဖြစ်၍ ရှင်လူအပေါင်းတို့၌ ကျေးဇူးများလှသော မြန်မာစကားပြေကျမ်းကြီးပင် ဖြစ်ပေသည်။

သက္ကရာဇ် ၁၂၆၆-ခုနှစ်၌ "ဝိသုဒ္ဓါရုံသုတ်နက်"ဟူ၍ အများသိ၍ ထင်ရှားသော ကစ္စည်းသဒ္ဒါကျမ်းသုတ်နက်ကို အဓိပ္ပါယ်အဆုံးအဖြတ်နှင့် တကွ စာချစာသင်ပုဂ္ဂိုလ်များအတွက် ရေးသားတော်မူသည်။ ထိုသုတ်နက်ကျမ်းသည် မြန်မာနိုင်ငံတော်၌ ယနေ့တိုင် ထင်ရှား၍ အသုံးများအရာရောက်သော သဒ္ဒါကျမ်းတစောင် ဖြစ်သည်။

ထို့ပြင် အရှင်ဝိသုဒ္ဓါစာရထေရ်သည် "သမဇ္ဇဒေါသဒီပနီ, ရွှေကျင်ဝံသာနုရက္ခကျမ်း, ရွှေကျင်နိကာယ စာရိတ္တဥပဒေသကျမ်း, ဂိဟိစာရိတ္တကျမ်း, မဝုသာရတ္ထသတ်ပုံကျမ်း"စသည်တို့အပြင် အရပ်ရပ်မှ မေးလျှောက်ကြသော အမေးပုစ္ဆာတို့ကို ဖြေဆိုဆုံးဖြတ်အပ်သော အဆုံးအဖြတ်ပေါင်းများစွာတို့ကို ရေးသားတော်မူသည်၊ ယင်းအဆုံးအဖြတ်တို့ကို စုပေါင်း၍ "ဝိသုဒ္ဓါရုံအဆုံးအဖြတ်"ဟု ကမ္ပည်းတပ်၍စာအုပ်ရိုက်ထုတ်ပြီးရှိလေသည်။ အရှင်ဝိသုဒ္ဓါစာရထေရ် ရေးသားဖြေဆိုသော အဆုံးအဖြတ်တို့မှာ တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းထိမိ၍ တိပြတ်ရှင်းလင်း ပြေလည်သော အဆုံးအဖြတ်တို့သာ ဖြစ်ကုန်၏၊ အဆုံးအဖြတ် ဝိနိစ္ဆယပြုလိုသူတို့ နည်းယူသင့်သော နယူပဒေသ အဆုံးအဖြတ်များလည်း ဖြစ်ကုန်၏။

၁၂၅၄-ခုနှစ်၌ ပုသိမ်မြို့သို့ သီမသမ္မုတိကမ်ဆောင်ရန် ကြွတော်မူစဉ် စက်တော်ရာသို့ ဝင်ရောက်ဖူးမျှော်ခိုက် "ပါဒစက္ကစေတိယဝဏ္ဏနာကျမ်း,

ဆဗ္ဗညုဏ္ဏာရုံသိဝဏ္ဏနာကျမ်း”တို့ကို ရေးသားတော်မူ၍ “သံဝဏ္ဏနာဆက္ကကျမ်း, ပရိဝါသဝိနိစ္ဆယကျမ်း, သံဝါသဒီပနီကျမ်း”တို့ကိုလည်း ရေးသားတော်မူပြန်သည်။ ကိုယ်ရည်သွေးပြ ကျမ်းစာတွေ မဟုတ်သော်လည်း အရှင်ဝိသုဒ္ဓါစာရထေရ်၏ ဂုဏ်ပုဒ်တို့သည် အလိုအလျောက် ပွင့်ထွန်းလျက် ရှိကြကုန်၏။

## ကျေးကျွန်များလွှတ်ခြင်း

အရှင်ဝိသုဒ္ဓါစာရထေရ်၏ ခမည်းတော် မယ်တော်တို့သည် မဟာဒ္ဓန မဟာဘောဂ အစုကုလ လူချမ်းသာမျိုးဖြစ်ကြ၍ တွင်းပြင်ပစ္စည်း ရွှေငွေ ရတနာ လယ်ယာမိုးမြေ ကျေးကျွန်အခြွေအရံတို့ဖြင့် ပြည့်စုံကြောင်းကို ရေးသားဖော်ပြခဲ့ပေပြီ၊ အရှင်ဝိသုဒ္ဓါစာရ သက်တော် ၃၂-နှစ် ရဟန်း သိက္ခာဝါတော် ၁၂-ဝါ ရောက်လျှင် ခမည်းတော်ဒကာကြီး ကွယ်လွန်လေသည်၊ မယ်တော်ကား အရှင်ဝိသုဒ္ဓါစာရ ၃-နှစ်သားကပင် ကွယ်လွန်ရှာသည်။

ခမည်းတော်ဒကာကြီး ကွယ်လွန်သောအခါ အရပ်ရပ်ကြွင်းကျန်ရစ်သော ရွှေငွေလယ်ယာ ခြံမြေကျွန်နွား မြင်းမှစ၍ ပစ္စည်းပရိဘောဂအများအပြားတို့၌ တစုံတရာ တွယ်တာကပ်ငြိ တပ်မက်မှုမရှိ၊ ယူချင်လိုချင်စိတ်မရှိပဲ နောင်တော်ကြီး၏ သားသမီးတို့ကိုသာလျှင် ရှိမွဲချက်ကုန် အလုံးစုံသော ထာဝရဇင်္ဂမ နှစ်ဝသော တွင်းပြင်ပစ္စည်းတို့ကို အငွဲအကွက်မရှိ ရက်ရက်ရောရော ပေးစွန့်တော် မူလိုက်လေသည်၊ မိမိသည်မူကား ခမည်းတော်မယ်တော်များလက်ထက်က ကြွေးမြီအတွက်နှင့် ကိုယ်ကိုပေါင်နှံ၍ ကျေးကျွန်ဖြစ်ရှာကြသောလူတို့ကို ကျေးကျွန်အဖြစ်မှ ဖျက်သိမ်း၍ လွှတ်စေတော်မူသည်၊ မိမိတို့ကိုယ်ကို မိမိတို့အလိုအတိုင်း လုပ်ကိုင်စားသောက် အသက်မွေးမြူနိုင်ကြအောင် ချမ်းသာခွင့်ပေးတော်မူသည်၊ ထို့ပြင်လည်း ခမည်းတော်လက်ထက်က အရပ်ရပ်ရှိလူတို့အား ပေးကမ်း ချေးငှါးထားအပ်သော ကြွေးစာရင်းတို့ကိုလည်း အားလုံးဖျက်သိမ်းတော်မူ၍ ကြွေးယူသုံးစားသူတို့အား ကြွေးမြီမှ လွတ်ကင်း ချမ်းသာစေတော်မူသည်၊ အလောဘ-အဇ္ဈာသယဓာတ်ရှိတော်မူခြင်း, အလိုရမက်အားနည်း ခေါင်းပါးတော်မူခြင်း, သတ္တဝါတို့၌ အလွန်သနားကရုဏာ ရှိတော်မူခြင်းတို့ကြောင့် သာမန်ရှင်လူတို့ ပြုနိုင်ခဲလှစွာသော အမှုတို့ကိုပြုတော်မူနိုင်ပါပေသည်ဟု—

အလောဘဇ္ဈာသယော ထေရော၊ အပ္ပိစ္ဆော ဝိဂတာလယော။
ဒယာလုကော စ သတ္တေသု၊ နိစ္စံ သတ္တသုခေ ရတော—

ဟု ထေရုပ္ပတ္တိနိသျှဆရာ ဉဒါန်းကျူးခဲ့ပေသည်။

အရှင်ဝိသုဒ္ဓါစာရ ထေရ်သည် မဟာဗိုလ်ဆရာတော်ဘုရားကြီးထံသို့လည်း ရံခါ ရံခါ သွားရောက် ဆည်းကပ်တော်မူလေ့ရှိသည်၊ ဝါဆိုနေသည်ဟူ၍ကား မရှိပေ၊ မဟာဗိုလ်ဆရာတော်ဘုရားကြီးဟူသည်မှာ သီးလုံးဆရာတော်ဘုရားကြီး၏ တပည့်ပင်ဖြစ်သည်၊ သိက္ခာကာမအရာ၌ အလွန်ထင်ရှားသော ဆရာတော်ကြီးဖြစ်သည်၊ ရွှေဘိုနယ် မဟာဗိုလ်မည်သော တောအုပ်၌ သီတင်းသုံးတော်မူသည်၊ မဟာဗိုလ်တောအုပ်သည် ဝက်လက်မြို့ အနောက်ဘက်၌ ရှိသည်ဟု ယူဆရာသည်၊ အကြောင်းကား ဝက်လက်အနောက်နယ်၌ ယခုတိုင် မဟာဗိုလ်ဂိုဏ်းအမည်ဖြင့် သံဃဂိုဏ်းတဂိုဏ်းရှိသောကြောင့်ဖြစ်၏၊ ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးသည် မဟာဗိုလ်ဆရာတော်ဘုရားကြီး၏ ဂုဏ်သတင်းကို ကြားသိကြည်ညို၍ ရွှေမြို့တော်သို့ပင့်ကာ ကိုးကွယ်တော်မူသည်၊ "ပဒုမာဘိဓဇ သဒ္ဓမ္မဝံသ အတုလဓိပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော်လှူ၍ မြို့တော်အရှေ့ပြင် ဆင်ဖြူမရှင်၏ ကုသိုလ်တော် မဟာဝိသုဒ္ဓါရာမတိုက်ကြီးကို လှူတော်မူသည်၊ မြောက်ပြင်ယောမင်း အုဋ်ကျောင်းကြီးကိုလည်း လှူတော်မူသည်၊ တော၌သာလျှင်မွေ့လျော်တော်မူသော မဟာဗိုလ် ဆရာတော်ဘုရားကြီးသည် မြို့တော်၌ကြာရှည် သီတင်းသုံးတော်မမူပဲ မဟာဗိုလ်တောရသို့သာ ပြန်ကြွတော်မူသည်၊ မဟာဗိုလ်ဆရာတော်ကြီးနှင့် ရွှေကျင်ဆရာတော်ဘုရားကြီးသည် ဆရာတူတပည့် သဗြဟ္မစာရီ နိကာယတူ အယူဝါဒညီသော ဆရာတော်ကြီးများ ဖြစ်တော်မူကြသည်။

## တောဝင်တော်မူခြင်းနှင့် ဒေါင်းမေတ္တာစာရေးခြင်း

အရှင်ဝိသုဒ္ဓါစာရထေရ်သည် ၁၂-ဝါရသည်တိုင်အောင် ရွှေကျင်တိုက်မ-၌ နေတော်မူ၍ ရေဝတီမြစ်ညာ ရေလင်မော်ရွာ ငါးပတ်ချောင်းရွာ နှစ်ခုတို့၏အကြား သစ္စာရစေတီတော်ကြီးအနီး ဒေါင်းလည်ချောင် တောရသို့ ထွက်တော်မူ၍ တေရသမမြောက် ဝါကပ်တော်မူသည်၊ ဒေါင်းလည်ချောင်တောရတွင် နေတော်မူစဉ် "ဒေါင်းမေတ္တာစာ" ကို ရေးတော်မူသည်၊ ဒေါင်းမေတ္တာစာ၏ အဖွင့် "ဒေါင်းဋီကာ" ကိုလည်း ရေးတော်မူ

သည်၊ သက္ကရာဇ်အားဖြင့် ၁၂၇၂-ခုနှစ်ဖြစ်သည်။ ထိုဒေါင်းဋီကာကို မင်းတုန်းမင်းထံသို့ ဆက်သွင်းစေသည်။

ဒေါင်းမေတ္တာ စာကို ရေးသား ဆက်သွင်းစေခြင်း အကြောင်းမှာ—ထိုအချိန်က နေပြည်တော်စက်ရုံမှ ဒေါင်းတံဆိပ်ခတ်နှိပ်သော ငွေဒင်္ဂါးများကို သွန်းလုပ်စေ၍ နိုင်ငံတော်အဝှမ်း သုံးစွဲကြကုန်၏။ မင်းတရားကြီးသည် မြို့တော်ရှိ ဆရာတော် သံဃာတော်တို့အား ဆွမ်းဆန် ဟင်းလျာ သက်န်း စသော ပစ္စည်းများကို ထောက်ပံ့ လှူဒါန်းတော်မူလျက်ရှိ၏။ မင်းမှူထမ်းတို့သည် ဆွမ်းဆန်တော်, ဆီ စသည်တို့ကို ဝယ်ယူပို့ဆောင် လှူဒါန်းရသည်ကို ဝန်လေးကြသဖြင့် ပေါ့ပါးလွယ်ကူစေရန် ဆွမ်းဆန် စသည်အတွက် အကပ္ပိယဖြစ်သော ဒေါင်းဒင်္ဂါးများကို တန်ဘိုးညှိ၍ လွှဲအပ်လှူဒါန်းကြကုန်၏။ ဒေါင်းဒင်္ဂါးများသည် အကပ္ပိယ အနာမာသ ရူပိယဝတ္ထုများဖြစ်၍ ရဟန်းတော်များနှင့် မအပ်စပ်,နိဿဂ္ဂိယဝတ္ထုများဖြစ်၍ မလျောက်ပတ်, မလျော်ကန်ဖြစ်ချေသည်။ သို့သော်လည်း အဘယ်ပုဂ္ဂိုလ် တဦးတယောက်ကမျှ ထွက်ပေါ် ပြောဆိုဆုံးမခြင်း, သတိပေးခြင်းမရှိပဲ ကာလအတော်ကြာခဲ့လေသည်။

နိဿဂ္ဂိယ အကပ္ပိယ ဒေါင်းဒင်္ဂါး ဝတ္ထုတို့ကို လှူဒါန်းခြင်းကြောင့် သံဃာတော်များ၌ သီလတော်ညစ်ထေး၍ သာသနာတော်ရောင် မှေးမှိန်ဆုတ်ယုတ်အံ့သော အရေးကို လျစ်လျူရှုနေတော်မူခြင်းငှါ မသင့်၊ မင်းတရားကို သတိပေးဆုံးမထိုက်သည် ဟု ယူဆသဖြင့် ဒေါင်းမေတ္တာစာကို ရေးခြင်းဖြစ်၏၊ အဓိပ္ပါယ်ပိုမိုရှင်းလင်းစေရန် ဒေါင်းဋီကာကိုလည်း ဆက်လက်ရေး၍ ဆက်သွင်းစေတော်မူသည်။

အရှင်ဝိသုဒ္ဓါစာရထေရ်သည် ဒေါင်းမေတ္တာစာ, ဒေါင်းဋီကာတို့ကို ရေးတော်မူပြီးနောက် ၁၄-ခုမြောက်ဝါကို ကျောက်မြောင်းမြို့အပိုင် ရွှေခွန်တောရ၌ ဝါကပ်တော်မူသည်။ ထိုနှစ်ဝါပတ်လုံး ဧကစာရီ သီတင်းသုံးတော်မူ၍ အာရညိကဓုတင်စသည်ကိုလည်း ဆောင်တော်မူသည်။

အရှင်ဝိသုဒ္ဓါစာရထေရ် တောရကျောင်း၌ သီတင်းသုံးနေတော်မူခိုက်မှာ မန္တလေးမြို့တော် အရှေ့ပြင်၌ "သိရိပဝရတိလောကမဟာရာဇိန္ဒာဓိပတိ ပဒုမရတနာဒေဝီ" ဘွဲ့ခံ မင်းတုန်းမင်းတရားကြီး၏ အလယ်နန်း

တော် မိဘုရားကြီးသည် မဟာဝိသုဒ္ဓါရာမတိုက်တော်ကြီးကို ဆောက်လုပ်လေသည်၊ ထိုမိဘုရားကြီးသည် သတ္တမမြောက် ကုန်းဘောင်မင်းဆက် ရတနာပူရ စတုတ္ထမြို့ နန်းတည် ဘကြီးတော်မင်းတရား၏ မိဘုရားခေါင်ကြီးတွင် မြင်သော သမီးတော်တည်း၊ မင်းတုန်းမင်းတရားကြီး၏ မိဘုရားခေါင် တောင်နန်းမတော်ကြီး ၁၂၃၈-ခုနှစ် တန်ဆောင်မုန်းလ၌ စုတိပြီးနောက် ဤ အလယ်နန်းမိဘုရားသည်ပင် အဂ္ဂမဟေသီ မိဘုရားခေါင်ကြီးအဖြစ်သို့ ရောက်လေသည်၊ သီပေါမင်း၏ မိဘုရားခေါင်ကြီး "သိရိပဝရမဟာရာဇိန္ဒာဘိသုဓမ္မရတနာစန္ဒာဒေဝီ" ၏ မယ်တော် ဖြစ်သတည်း။ ထိုမိဘုရားကြီးကို ဆင်ဖြူမရှင်ဟု ခေါ်ဝေါ်ပြောဆိုကြသည်။ ထားဝယ်မြို့က ဆက်သသော "သိရိမဟာသုဘဒ္ဒါရတနာ" အမည်ရှိသော ဆင်ဖြူတော်မကို မင်းတုန်းမင်းတရားကြီးက ချီးမြှောက် သနားတော်မူ၍ "ဆင်ဖြူမရှင်" ဟု တွင်သည်။

ဆင်ဖြူမရှင်မိဘုရားကြီး ရွှေငွေရတနာ များစွာတို့ကို အကုန်အကျခံကာ ဆောက်လုပ်အပ်သော အလယ်ကျောင်းတော်ကြီးနှင့်တကွ မည်သည့်ကျောင်းတိုက်၌မှမရှိသေးသော ပတ်ဝန်းကျင် ရေကျုံး, ထောင့်တို့၌ ရေကန်, အမြင့်ငါးတောင်ရှိသော အုဋ်တံတိုင်းတို့ဖြင့် အလွန်တင့်တယ် ခမ်းနားကြီးကျယ်လှသော မဟာဝိသုဒ္ဓါရာမ ကျောင်းတိုက်ကြီးကို တည်ဆောက်တော်မူသည်၊ မန္တလေးမြို့တော်၌ပင် ဖြစ်သော်လည်း ရေကျုံး ရေကန် ပန်းမာလ်သစ်ပင်တို့ဖြင့် စိမ်းလန်းစိုပြည် နေစချင့်ဖွယ် မွေ့လျော်ဖွယ်ကောင်းလှသော တိုက်တော်ကြီးဖြစ်သည်၊ ဤစာရေးသော ဘုန်းကြီးစာသင်သားဘဝ ရဟန်းငယ်အခါက မန္တလေးမြို့ အနောက်ပြင် ငါးဆူတိုက်၌နေ၍ ပတ်ဝန်းကျင် တိုက်ကြီးများရှိ ထင်ရှားသော စာချဆရာတော်များထံ စာလိုက်နေရာ နေ့အားရက်အားရရှိတိုင်း အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်သို့ သွားရောက်နေလေ့ရှိသည်၊ အရိပ်အာဝါသကောင်း, ရေကလည်းပေါပေါနှင့်ကောင်း, အုပ်ချုပ်တော်မူသော ဆရာတော်များကလည်း သူတော်ကောင်းတွေဖြစ်ရာ နေ၍မငြီးငွေ့နိုင်သော ကျောင်းတိုက်ကြီးပင် ဖြစ်တော့သည်၊ ယခုအချိန်၌ အုဋ်ကျုံး မြောင်းများ, ရေကန်နှင့် တံတိုင်းများကို ထပ်မံပြုပြင်ထားသဖြင့် သာ၍ မွေ့လျော်ဖွယ်ရာရှိပေသည်။

မဟာဝိသုဒ္ဓါရာမတိုက်ကြီး ပြီးစီးသောအခါ မဟာဗိုလ်ဆရာတော်ဘုရားကြီးမှာလည်း တောရကျောင်းသို့သာ ပြန်ကြွတော်မူလိုသည်ဖြစ်၍ မင်း,မိဘုရားနှစ်ပါးတို့သည် ရွှေခွန်တောရ၌ သီတင်းသုံးနေသော အရှင်ဝိသုဒ္ဓါစာရကိုပင့်၍ မင်းတရားကြီးကိုယ်တိုင် ထွက်တော်မူကြီးထွက်တော်မူ၍ မိဘုရားကြီးနှင့်တကွ သက္ကရာဇ် ၁၂၃၄-ခုနှစ် ကဆုန်လ၌ ရေစက်သွန်းချ၍ တင်လှူတော်မူသည်။ ထို ကျောင်းလွှတ်ပူဇော်ပွဲ၌ ရွှေကျင်ဆရာတော်ဘုရားကြီး, မဟာဗိုလ်ဆရာတော်ဘုရားကြီးတို့သည် အကြီးအမှူးဖြစ်တော်မူကြသည်။

ပုဗ္ဗနိမိတ်အဖြစ် မဟာဝိသုဒ္ဓါရာမအမည်ဖြင့် အလိုအလျောက် သဃံဇာတ ကောင်းကင်ကျသဖွယ် ဘုန်းတော်ကမ်တော်ကြောင့် ဖြစ်ပေါ်လာသော ကျောင်းတိုက်ကြီးကို အတ္ထုပ္ပတ္တိနိသျဆရာက—

ဝိသုဒ္ဓါစာရတ္ထေရဿ၊ ဝိသုဒ္ဓပုညနိမ္မိတော။
ဝိသုဒ္ဓါရာမော သမ္ဘူတော၊ ဝိသုဒ္ဓါနံ နိဝါသကော။—

ဟု ဥဒါန်းကျူးခဲ့ရှာပေသည်။

အရှင်ဝိသုဒ္ဓါစာရထေရ်သည် မဟာဝိသုဒ္ဓါရာမတိုက်တော်ကြီးကိုအလှူခံယူပြီးလျှင် ၁၂၃၄-ခုနှစ်မှ စ၍ ၁၂၆၃-ခုနှစ်တိုင်အောင် ၂၉-ဝါပတ်လုံးအမြဲသီတင်းသုံးတော်မူသည်။ ၁၂၆၂-ခုနှစ် နတ်တော်လပြည့်ကျော် ဂ-ရက်နေ့၌ မဟာဝိသုဒ္ဓါရာမတိုက် အာရာမ်တခုလုံးကိုခြုံ၍ မဟာသိမ်ကြီးသမုတ်တော်မူသည်၊ မဟာသိမ်ကို မသမုတ်မီ ခဏ္ဍသိမ်ကို အလျှင်သမုတ်၍ မဟာသိမ်ကိုနောက်မှ ခဏ္ဍသိမ်ကို ချန်လှပ်ပြီး သမုတ်သည်ဟု သိရသည်။

မဟာဝိသုဒ္ဓါရာမတိုက်ကြီးကို အလှူခံယူကာ ရောက်လာ, ဆည်းကပ်လာကြသော သံဃာတော်တို့အား စာပေပို့ချခြင်း ဂဏဝါစကကိစ္စ, သံဃာနှင့်တကွ ဥပါသကာ ဥပါသိကာတို့အားလည်း ထိုက်သင့်ရာရာတို့ဖြင့် ဆုံးမဩဝါဒပေးခြင်း ဩဝါဒကထာ ဓမ္မဒေသနာကိစ္စ, အရေးပါသော ကျမ်းဂန်တို့ကို ရေးသားခြင်း ဂန္ထကာရကကိစ္စတို့ကို ဆောင်ရွက်လျက်ရှိသော အရှင်ဝိသုဒ္ဓါစာရဆရာတော်၏ သိက္ခာကာမ ဝိနယဂရုက လဇ္ဇီပေသလဂုဏ်တို့ကို မင်းတုန်းမင်းတရားတိုင်အောင် ကြားသိ၍ ကြည်ညိုမြတ်နိုးတော်မူသည်ဖြစ်၍ သိက္ခာဝါတော် ၁၆-ဝါအရ ၁၂၃၅-ခုနှစ်၌ ဆရာတော်၏

အရည်အချင်းအားလျော်စွာ "ဝိသုဒ္ဓါစာရကဝိဇ္ဇမဟာဓမ္မရာဇာဓိရာဇ-ဂုရု" ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်တော်မူသည်၊ ထိုအချိန်ကာလမှစ၍ ဘွဲ့တံဆိပ်တော်ရ "ရာဇဂုရု မဟာဝိသုဒ္ဓါရာမိက ဆရာတော်"အဖြစ်သို့ ရောက်တော်မူသည်။

မဟာဝိသုဒ္ဓါရုံတိုက် မဟာဝိသုဒ္ဓါရာမဆရာတော်ထံသို့ မြန်မာနိုင်ငံတော်အရပ်ရပ်မှ သံဃာတော်များသာ လာရောက်ဆည်းကပ် ပိဋကတ္တယနှင့် ဘာသန္တရသက္ကတတို့ကို ဆည်းပူးသင်ယူကြသည် မဟုတ်၊ သီဟိုဠ်၊ ယိုးဒယား စသော ဒေသန္တရ၊ ရဋ္ဌန္တရတို့မှလည်း လာရောက်၍ ပညာရင်နို့ သောက်စို့ ဆည်းပူးကြသည်။ ထေရုပ္ပတ္တိပါဠိဂါထာတို့ကို ရေးသားသော အရှင်သိရိဓမ္မစသော သီဟိုဠ်ရဟန်းတော်များသည် နောက်အခါ သီဟိုဠ်ကျွန်း၌ ဂန္ထကာရက, နိကာယုက္ကဋ္ဌ ရွှေဆောင်ဆရာတော်များ ဖြစ်ကြပေသည်။ ထေရုပ္ပတ္တိနိသျဆရာ လယ်တီပဏ္ဍိတသည်လည်း မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး၏ အန္တေဝါသိက တပည့်ကြီးတဦး ဖြစ်ပေသည်။ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးကို အမှီပြုရ၍ သက္ကတဘာသာ၌ တတ်မြောက်ရသည်ဟု ထေရုပ္ပတ္တိနိသျ၌ လယ်တီပဏ္ဍိတကိုယ်တိုင် ရေးသားဖော်ပြခဲ့သည်။ မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးကို အမှီပြု၍ ဆရာတော်ဘုရားကြီးထံမှ သင်ကြားနာယူကြရသဖြင့် သဒ္ဒတ္ထဆေက, အဘိ-ဓမ္မတ္ထဆေက, ဝိနယတ္ထဆေက, ဘာသန္တရကောဝိဒ, ဓမ္မကထိက အဖြစ်သို့ ရောက်၍ နိုင်ငံတော်ထက်အောက် အနှံ့အပြားတို့၌ ထင်ရှားသော ဆရာတဆူဖြစ်လျက် ရှိပြီး ရှိဆဲ တပည့်ကြီးတို့ကား မရေတွက်သာအောင်ပင် ရှိပါပေသည်။

မဟာဝိသုဒ္ဓါရာမတိုက်ကြီးကို တည်ထောင်၍ မဟာဝိသုဒ္ဓါရာမဆရာတော် အရှင်ဝိသုဒ္ဓါစာရကို ပင့်တင်လှူဒါန်းပြီးသော် အမှတ်မဲ့ လျစ်လျူရှု၍ ဥပေက္ခာပြုတော်မမူပဲ မင်းတရားကြီးသည် နန်းတော်မှနေ၍ လစဉ်သံဃာတော်များ ဆွမ်းစသောကိစ္စအတွက် အကပ္ပိယဝတ္ထု ငါးရာကို တိုက်တွင်း၌ရှိသော ကပ္ပိယကာရက,အာရာမပါလက ဒကာများထံသို့ ပို့ဆောင်အပ်နှင်း၍ ထိုဝတ္ထုတို့မှ ဖြစ်ပေါ်သော အပ်သော ဆွမ်းစသည်ကို မဟာ-ဝိသုဒ္ဓါရာမတိုက်သံဃာအား လှူဒါန်းတော်မူသည်၊ သို့ဖြစ်၍ မဟာဝိသုဒ္ဓါ-ရာမတိုက်ရှိ သံဃာတော်များသည် ဆွမ်းမခံရ, ဆွမ်းကိစ္စအတွက် ပင်ပန်း

ဆင်းရဲမှု မရှိကြရပဲ ခုရနှစ်ပါးကိုသာ အချိန်ရရ အားထုတ်တော်မူကြရသည်။ တိုက်တာ၏ဒကာတော်မ ဆင်ဖြူမရှင်မိဘုရားကြီးကလည်း မဟာ-ဝိသုဒ္ဓါရာမဆရာတော်ဘုရားအတွက် တသီးတခြားပြု၍ လစဉ် လေးဆယ်ကျော်ဝတ္ထုတို့ကို ကပ္ပိယထံလွှဲအပ်၍ ဆွမ်းစသောပစ္စည်းအလှိုင်ါပို့လှူလေသည်။ အရှင်ဝိသုဒ္ဓါစာရ ဆရာတော်သည်ကား ရှိသမျှသော သမဏကပ္ပိယ အပ်စပ်သော သင်္ကန်းစသောပစ္စည်းတို့ကိုပင် ကိုယ်ပိုင် ပုဂ္ဂလိကအဖြစ်ဖြင့်ထားတော်မူလေ့မရှိ၊ တပည့်သံဃာများနှင့် ဆက်စပ်သက်ဆိုင်သောပစ္စည်းတို့ဟူ၍သာ နှလုံးသွင်းထားတော်မူလေ့ရှိသည်။ ဤမျှ အသက်သိက္ခာဂုဏ်ဝါကြီးရင့်၍ ဘုရင့်ဆရာတဆူ ဖြစ်တော်မူသောအခါ, အသိဉာဏ်ပိုမိုရင့်သန်လာသော အခါကို မဆိုထားဘိ၊ ၁၂-ဝါရ ငယ်ရွယ်စဉ်ကပင်သော်လည်း မိဘတို့၏အမွေအနှစ်တို့၌ အငဲ့အကွက်မရှိ၊ လွတ်လွတ်စွန့်တော်မူခဲ့သော ဆရာတော်ဖြစ်ရာ အဘယ်မှာလျှင် ပစ္စည်းတို့၌ တပ်မက်သာယာ ကိုယ်ပိုင်ပုဂ္ဂလိကဉစ္စာအနေဖြင့် သိမ်းဆည်း သိုမှီးတော်မူတော့အံ့နည်း။

ရဟန်းတော်များ ပျံလွန်တော်မူကြလျှင် ကပ္ပိယာကပ္ပိယ-ပစ္စည်းပရိဘောဂများ ကိုယ်ပိုင်ပုဂ္ဂလိကအနေဖြင့် မည်မျှကျန်ရစ်ခဲ့သည်, ငွေသားက မည်မျှကျန်ခဲ့သည်, သင်္ကန်းစသောပစ္စည်းက မည်မျှ ကျန်ရစ်ခဲ့သည်ဟူသောသတင်းမှာ 'တသက်လုံးဖုံးသမျှ ကုန်းမှုပေါ်သည်' ဆိုသကဲ့သို့သေသောအခါ ထွက်သောအပုပ်နံ့ထက် အဆပေါင်းများစွာပုပ်သော အနံ့ဆိုးကြီးပင် ဖြစ်သည်။ သို့ဖြစ်၍ ရဟန်းတော်များသည် မဟာဝိသုဒ္ဓါရာမဆရာတော်ကြီးကဲ့သို့ ရသမျှပစ္စည်းကို ဝေဘန်ခွဲခြမ်းလှူဒါန်းခြင်း, သံဃာနှင့်စပ်သော ပစ္စည်းအဖြစ်ဖြင့်သာ ထားရှိခြင်းကို ပြုသင့်လှပေသည်။ဆရာတော်ဘုရားကိုယ်တော်တိုင်လည်း—

ပစ္စယေ လက်ကိုင်မပြုရာ၊ လွှဲအပ်ရာ လက်ထောက်သဒ္ဒဟံ။
ဖိုချောင်ယံ န ပဝေသေယျ၊ သံဃေ ဘာဇေ ရသမျှကို။—

ဟူ၍ ရေသား ဆုံးမတော်မူခဲ့လေသည်။

မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားသည် သီပေါမင်းတရား လက်ထက် သက္ကရာဇ် ၁၂၄၆-ခုနှစ် တော်သလင်းလ သိက္ခာဝါတော် ၂၇-ဝါမြောက်၌ သီပေါမင်းကပ်လှူသော "ဝိသုဒ္ဓါစာရာဘိဇေမိပ္ပတိပဝရမဟာဓမ္မရာဇာဓိ-

ရာဇဂုရု”ဟူသော တံဆိပ်တော်ကိုလည်း ဒုတိယအကြိမ်အလှူခံယူတော်မူရသည်၊ထိုနှစ်၌ပင် ရွှေကျင်ဆရာတော်ဘုရားကြီး ညွှန်ကြားတော်မူသည့်အရ မိတ္ထီလာမြို့, ပင်တလဲမြို့ စသည်တို့သို့ ကြွရောက်၍ သာသနာပြုတော်မူရသည်။

သက္ကရာဇ် ၁၂၅၆-ခုနှစ် တပို့တွဲလ၌ ရွှေကျင်ဆရာတော်ဘုရားကြီး အလောင်းတော်ကို သင်္ဂြိုဟ်မှုကိစ္စကိုဆောင်ရွက်ကြပြီးလျှင် နောက်ကပြဆိုခဲ့သည့်အတိုင်း တထောင်ကျော်သော ရွှေကျင်နိကာယ ရဟန်းသံဃာတော်တို့သည် မန္တလေးမြို့ မဟာဓမ္မိကာရာမ ရွှေကျင်တိုက်ကြီး၌ စည်းဝေးတော်မူကြ၍ မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးကို ရွှေကျင်ဆရာတော်ဘုရားကြီးကိုယ်တော်စား ရွှေကျင်ဂိုဏ်းကြီးကို ကြီးမှူးအုပ်ချုပ်တော်မူရန်အများ နှစ်သက်ကြည်ညိုစွာ တင်မြှောက်ကြသည်၊ ထိုအခါမှ စ၍ မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးသည် ရွှေကျင်နိကာယ သံဃဦးစီးဥက္ကဋ္ဌရွှေကျင်သမ္မုတိသာသနာပိုင် ဖြစ်တော်မူသည်။

ရွှေကျင်နိကာယ ဥက္ကဋ္ဌ သမ္မုတိသာသနာပိုင်အဖြစ်သို့ ရောက်တော်မူလျှင် အပ္ပေါသုက္က ကြောင့်ကြမဲ့နေတော်မမူပဲ “မစ္ဆကဏ္ဍကပဟာန် စာတမ်း, ရွှေကျင်ဂိုဏ်းကျင့်ထုံ း, ရွှေကျင်ဝံသာနုရက္ခ”စသော ဥပဒေသကျမ်းတို့ကိုရေး၍ထက်အောက်မြန်မာနိုင်ငံတော်အဝှမ်းသို့ပြန့်နှံ့အောင်ဝေငှကာ စည်းမျဉ်းဥပဒေသအတိုင်း လိုက်နာစေခြင်း, နှစ်စဉ်နှစ်တိုင်း ဝါဆိုသံဃာစာရင်း,ကျောင်းစာရင်း,ပရိယတ်ပဋိပတ်စာရင်းတို့ကို မိမိထံသို့ပို့စေခြင်း၊ ဆိုင်ရာဆိုင်ရာ မြို့ရွာနယ်ပယ်တို့၌ ပုဂ္ဂိုလ်အရည်အချင်းအလျောက် ဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက်, ဝိနည်းဓိုရ်, ဝိနယဝိနိစ္ဆယကပုဂ္ဂိုလ်တို့ကို ရွေးချယ်ခန့်အပ်တော်မူခြင်း၊ ရံခါရံခါ ဩဝါဒကထာ ဖြန့်ချီပေးပို့ခြင်း၊ ကိုယ်တော်တိုင်လည်း ရံခါ လှည့်လည် ကြွရောက် အားပေး ချီးမြှောက်၍ သာသနာပြုတော်မူခြင်း၊ နီးရာနီးရာ လက်လှမ်းမှီရာကျောင်းတို့ စုပေါင်းကာ သံဃဥပုသ်ကမ်ဆောင်စေခြင်း၊ ရွာဝင်ရွာထွက်တို့၌ စောင့်ထိန်းအပ်သော ဩက္ခိတ္တစက္ခုစသော သိက္ခာပုဒ်တော်များကို ထိန်းသိမ်းလိုက်နာစေခြင်း၊ နေလွဲကွမ်းစား ဆေးဝါး ဆေးသောက်တို့မှ ရှောင်ကြဉ်စေခြင်း၊ဈေးသွားဈေးဝယ်, ပွဲလယ်သဘင်စသည် မသွားအပ်သောဌာနတို့သို့ မသွားစေခြင်း၊ အဂ္ဂိရတ်ထိုး, ဗေဒင်ဟော, ဆေးကု, ဝင်းဂိုဏ်း မှော်ဂိုဏ်းဝင်ခြင်း

စသည်တို့မှ ရှောင်ကြဉ်စေခြင်း၊ သံဃာအချင်းချင်း ဂရုဂါရဝ အလေး အမြတ်ပြု၍ ကဏ္ဍသုခ ပိယဝါစာဖြစ်သော စကားတို့ဖြင့်သာ သုံးနှုန်းပြော ဆိုစေခြင်း၊ ကျောင်းတွင်း ကျောင်းပြင် ရွာတွင်း ရွာပြင် နေရာတိုင်း၌ပင် အဝတ်အရုံ အသွား အလာ စသည်တို့ကို မိမိကိုယ်ကို မိမိ ကြည်ညိုဖွယ် ဖြစ်အောင် ဝတ်ရုံ သွားလာ နေထိုင်စေခြင်း၊ ရံခါရံခါ ထေရုပသေဝန-အထက်မထေရ်ကြီးများထံ ဆည်းကပ်၍ အဆုံးအမခံယူစေခြင်း စသည် တို့ဖြင့်လည်း အစဉ်မပြတ် သတိပေးတော်မူလေ့ ရှိတော်မူသည်။ ယင်း သို့လျှင် ကြောင့်ကြစိုက်၍ ကျေးဇူးရှင် ရွှေကျင်ဆရာတော်ဘုရားကြီး ပုဗ္ဗင်္ဂမပြု၍ တည်ထောင်တော်မူအပ်သော ရွှေကျင်ဂိုဏ်းကြီးကို ထိန်းသိမ်း စောင့်ရှောက် ပြုပြင်တော်မူခြင်းကြောင့် ရွှေကျင်ဂိုဏ်း ရွှေကျင်နိကာယ ကြီးသည် တက်နေဝန်းကဲ့သို့ ကျယ်ပြန့် ထွန်းလင်း ပွါးများ၍ အားကောင်း သည်ထက် အားကောင်းလျက် မြန်မာနိုင်ငံတွင်မက သီဟိုဠ်, ယိုးဒယား စသည့် တိုင်းတပါးသို့ပင် ပြန့်ပွါး ဖြစ်ထွန်း လာပေသည်။

## ယောမင်းအုဋ်ကျောင်းကြီး အလှူခံရခြင်း

"ဝိမုတ္တိရသကျမ်း, ကာယာနုပဿနာကျမ်း, ဥတုဘောဇနသင်္ဂဟ ကျမ်း, မဟာသုဇာတကဗေဒင်ကျမ်း, သုဗောဓာလင်္ကာရ-အလင်္ကာကျမ်း ၏ မြန်မာနိဿယကျမ်း, သဒ္ဒသင်္ဂဟ ဗျာကရုဏ်းကျမ်း"တို့ကို ရေးသား စီရင်သော **ယောမင်းကြီး** ဆောက်လုပ်သော **အုဋ်ကျောင်းတော်ကြီး**ကို အလှူခံရပြန်သည်၊ ယောမင်းကြီးကား ပဥ္စမသင်္ဂါယနာတင် မင်းတုန်း မင်းတရားကြီး ထွက်တော်မူရာ မင်္ဂလာတပ်တော်ပါ အမတ်ကြီး ဖြစ်သည် ဟူ၏။ ယောမင်းကြီးသည် မန္တလေးမြို့တော် မြောက်ပြင်၌ အုဋ်ကျောင်း တော်ကြီးကို ဆောက်လုပ်ပြီးလျှင် မင်းတရားကြီး ညွှန်ကြားတော်မူ၍ မဟာဗိုလ်ဆရာတော်ဘုရားကြီးအား တင်လှူသည်၊ မဟာဗိုလ်ဆရာတော် ဘုရားကြီး တောကျောင်းသို့ ကြွတော်မူသဖြင့် ရွှေကျင်ဆရာတော် ဘုရားကြီး ညွှန်ကြားတော်မူ၍ မဟာဝိသုဒ္ဓါရာမ ဆရာတော်အား တဖန် တင်လှူခြင်း ဖြစ်သည်၊ သို့သော် ဆရာတော်ဘုရားကြီးကိုယ်တိုင် သီတင်း မသုံးမူ၍ ပိဋကတ္တယကောဝိဒ သိက္ခာကာမ ဂုဏ်နှင့်ပြည့်စုံသော တပည့် ကြီးများကိုသာ လွှဲအပ်၍ စာသင်တိုက်ကြီး ဖြစ်စေတော်မူသည်။

**ကျိုက်လတ်မြို့ ပုဗ္ဗာရုံ,မစ္ဆိမာရုံကျောင်းတိုက်များ အလှူခံရခြင်း**

သက္ကရာဇ် ၁၂၅၆-ခုနှစ်၌ စက်သေဌေး **ဦးတူ** ဆောက်လုပ်သော ကျိုက်လတ်မြို့ **ပုဗ္ဗာရုံကျောင်းတိုက်**ကို အလှူခံတော်မူ၍ ပရိယတ္တိ-ဆောက ဝိနယဓရ ဖြစ်သော သဒ္ဒိဝိဟာရိက တပည့်ကြီး **အရှင်ကောဏ္ဍည-ထေရ်**ကို လွှဲအပ်၍ စာသင်တိုက် ဖြစ်စေတော်မူသည်။

ကျိုက်လတ်မြို့၌ပင် **ဦးရန်ရှင်း** စသော သူကြွယ်ဒါယကာတို့ တည်ထားဆောက်လုပ် လှူဒါန်းအပ်သော **ပစ္ဆိမာရုံကျောင်းတိုက်ကြီး**ကိုလည်း အလှူခံယူတော်မူရပြန်၍ ပိဋကတ္တယဆောက သိက္ခာကာမ ပါသာဒိကရူပါ-ဒိဂုဏ် ရှိတော်မူသော တပည့်ကြီး **အရှင်ကေလာသထေရ်**ကို လွှဲအပ်၍ စာသင်တိုက် ပြုစေတော်မူသည်၊ ထိုကျောင်းတိုက်များသည် ယနေ့တိုင်အောင် စည်ပင်လျက်ရှိပေသည်။

**ဝိနည်းပြန်ဆိုပွဲများ ပြုစေခြင်း**

မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးသည်“သာသနာတော်၏အသက်သည် ဝိနည်းဖြစ်၏၊ ဝိနည်းကို ဆောင်မှ သိမှ လိုက်နာ ကျင့်သုံးမှ မြတ်စွာဘုရား၏ သာသနာတော် အရှည်ကောင်းမွန်စွာ တည်တံ့မည်” ဟု သိရှိယုံကြည်တော်မူသည်ဖြစ်၍ မြို့ရွာ နယ်ပယ်တို့၌ နီးရာနီးရာ ပေါင်းစု၍ ပိဏ္ဍစာရိကကျင့်ဝတ်ဖြင့် ဆွမ်းကိစ္စကို မျှတစေလျက် ဝိနည်းတော်များကို ပြန်ဆိုကြရမည်ဟု ဆင့်ဆို မိန့်ကြားတော်မူသည့်အတိုင်း မြန်မာနိုင်ငံတော် ထက်အောက်အတွင်း ဌာနပေါင်း ၇၀-ကျော်တို့၌ ဝိနယအာ-ဂုမ်ပြန်ပွဲများ ပြုလုပ်ကြရကုန်၏။ ဒွေမာတိကာ-မှစ၍ ဝိနည်းပါဠိတော်ကြီးများတိုင်အောင် ပြန်ဆိုတော်မူကြရသည်။ သွားယင်း ဟန်လွှဲ ဆိုဘိသကဲ့သို့ ဝိနည်း ပြန်ဆိုပွဲသည် သံဃာ့ ထေရ်ကြီးများ၏ သန္နိပါတလည်း ဖြစ်၍ ထိုအစည်းအဝေး သန္နိပါတက သက်ဆိုင်ရာ မြို့နယ် ဝိနည်းပြန်နယ်နိမိတ်အတွင်း၌ ဖြစ်ပေါ်သော အဓိကရုဏ်းများကိုလည်း ဓမ္မဝိနယအားလျော်စွာ ငြိမ်းအေးစေတော်မူကြရသည်။

သက္ကရာဇ် ၁၂၆၃-ခုနှစ်၌ ဟံသာဝတီနယ် တကောတိုက် ဥက္ကံရွာဘုရားကြီးကျောင်းတိုက် ဝိနည်းစာတော်ပြန်ပွဲသို့ တိုက်သူကြီး ဦးဘိုးအို

စသော တပည့်ဒကာများ ပင့်၍ နောက်ပါ သံဃာ အခြံအရံဖြင့် ကြွရောက် ချီးမြှောက်တော်မူရာ စာပြန်ပွဲအပြီး၌ ဦးဘိုးအို စသော ဒကာများ လျှောက်ထားသော ပုစ္ဆာ ၁၃-ချက်ကို လက်ခံတော်မူ၍ မိမိကိုယ်တော်တိုင် အဆုံးအဖြတ် ရေးတော်မမူသေးပဲ လေးနက် ခိုင်မာသော အဆုံး အဖြတ်များ ဖြစ်စေလိုသဖြင့် ၁-မန်လည်ဆရာတော်, ၂-မုံရွာလယ်တီဆရာတော်, ၃-မုံရွာနယ် ကျောက်အိုင်ဆရာတော်, ၄-ပန်းတနော်မြို့ မုတ်ကျွန်းဆရာတော်တို့ ထံသို့ ပုစ္ဆာ ၁၃-ရပ်ကို အသီးအသီး ပို့စေ၍ အဖြေဝိနိစ္ဆယ ပြုတော်မူကြရန် တိုက်တွန်းတော်မူသည်၊ ထိုမထေရ်မြတ်ကြီး ၄-ပါးတို့ထံမှ အဆုံးအဖြတ် အဖြေစာများကို ရရှိတော်မူပြီးသော အခါ လိမ္မာလှစွာသော ပန်းကုံးသူသည် သင့်ရာသင့်ရာ ပန်းတို့ကို လှပတင့်တယ် ရှုကြည့်ချင်ဖွယ်ရှိအောင် သီကုံးသကဲ့သို့ ထိုလေးပါးသော မထေရ်တို့၏ အဆုံးအဖြတ်တို့ကို ရွေးချယ်ပေါင်းဖွဲ့ စီစဉ်ဖော်ပြပြီးနောက် မိမိ၏ အဆုံးအဖြတ် အဖြေဝိသဇ္ဇနာကိုလည်း ထည့်သွင်းဖော်ပြလျက် "ဝဇီရူပမဗျာကရဏကျမ်း"အမည်ဖြင့် ကျမ်းကြီးတစောင် ဖြစ်စေတော်မူသည်၊ ထိုကျမ်းမှာ ပုံရိုက်ပြီး၍ နိုင်ငံတော်အနှံ့ အသုံးပြုလျက်ရှိသည်၊ မန်လည်ဆရာတော်, မုံရွာလယ်တီဆရာတော်ဘုရားများ၏ အဆုံးအဖြတ်တို့ကိုလည်း အသီးအသီး ပုံရိုက်ဖြန့်ချီလျက် ရှိပေသည်။

## ကျိုက္ကစံတိုက် အလှူခံယူရခြင်း

ရန်ကုန်မြို့ ကျိုက္ကစံစေတီတော်ကြီးအနီး အနောက်ဖက်မျက်နှာ၌ ပုဇွန်တောင် ကျောင်းဒါယကာ **ဦးရွှေဘ, ကိုစိုးမောင်, ဦးရွှေကို**, ပွဲစားကြီး **ဦးထွန်းမြတ်, ကိုရွှေဆင်**စသော ဒါယကာတို့သည် **ကျိုက္ကစံကျောင်းတိုက်ကြီး**ကို တည်ဆောက်ကြပြီးလျှင် သီလ,ဓုတင်စသော ဂုဏ်သတင်းတို့ဖြင့် ထင်လင်းကျော်ကြားတော်မူသော **အရှင်ဦးသီလဆရာတော်**အား လှူဒါန်းကြကုန်၏။ ထိုနောက် အရှင်ဦးသီလဆရာတော်၏ ညွှန်ကြားတော်မူချက်ဖြင့် မဟာဝိသုဒ္ဓါရာမ ဆရာတော်ကို နောက်ပါသံဃာများနှင့်တကွ ၁၂၆၃-ခုနှစ် ဒုတိယ ဝါဆိုလ၌ ပင့်လှူသဖြင့် အလှူခံတော်မူ၍ ၎င်းဝါ ကျိုက္ကစံတိုက်၌ ဝါကပ်တော်မူသည်၊ သံဃာ ၇၀-ခန့်ရှိ၍ ဓုရနှစ်ပါးကို အားထုတ်တော်မူသည်။ မော်လမြိုင် ဘီလူးကျွန်းဆရာတော်, ပဲခူး ကျိုက်ပဒိုင်ဆရာတော်, တွံ့တေးဆရာတော်တို့သည် ဆရာတော်ဘုရားကြီး၏ ကိုယ်စားပြု၍ စာပေ

ပို့ချတော်မူကြသည်။ မုံရွာမြို့ လယ်တီဆရာတော်ဘုရားကြီး၏ ညွှန်ကြားသော အမိန့်တော်ဖြင့် **လယ်တီပဏ္ဍိတ** (နောက် ဆရာဦးမောင်ကြီး ဖြစ်သည်။)သည် ၁၂၆၃-ခုနှစ် နတ်တော်လဆန်း ၇-ရက်နေ့ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး ခြေတော်ရင်းသို့ ဝင်ရောက်ခိုလှုံရ၍ သက္ကတစာပေကို လေ့လာတတ်မြောက်ရသည် ဟူ၍၊ ဤကိုရည်၍—

မဟာထေရံ သုနိဿာယ၊ သက္ကတေသွတိကောဝိဒံ။
ယထာဉာဏံ ကောဝိဒေါမှိ၊ ပဏ္ဍိတော သက္ကတေသွဟံ။ —

ဟု လယ်တီပဏ္ဍိတကိုယ်တိုင် ကျူးရင့်ခဲ့ပေသည်။

## သီဟိုဠ်ကျွန်း ဝါဒနှစ်ရပ်

ဗုဒ္ဓသီမ သမ္မုတိကမ်ဆောင်သောအခါ နိမိတ်ရှစ်ပါးရှိသည်တွင် ရေနိမိတ်တခုကိုသာ အခြားမှယူဆောင်၍ နိမိတ်ပြုကောင်းသည်၊ ပြုအပ်သည်၊ သစ်ပင်စသော အခြားနိမိတ်များကို နေရာတပါးမှ ယူဆောင်၍ မပြုကောင်း၊ ပကတိနဂိုရ် ရှိရင်းသစ်ပင်စသည်ကိုသာ ပြုကောင်းသည် ဟူသော ဝါဒတရပ်။

ယခုရှိသော သမ္မုတိသံဃာကို ရည်မှန်း၍ သံဃိကဒါနအဖြစ် လှူဒါန်းသော်လည်း သံဃိကမမြောက်၊ သံဃိကဒါနဖြစ်အောင် မလှူဒါန်းနိုင် ဟူသော ဝါဒတရပ်။

ဤဝါဒနှစ်ရပ်ဖြင့် အကြီးအကျယ် ငြင်းခုံနေကြသောကြောင့် လင်္ကာသူတော်ကောင်းများ စိတ်နှလုံးမချမ်းသာ ဖြစ်ကြလျက် အဆုံးအဖြတ်အမှန်အကန် အတိအကျ မရရှိကြသဖြင့် မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးထံသို့ အဆုံးအဖြတ် ဝိနိစ္ဆယ ချပေးတော်မူရန် လျှောက်ထားကြလေသည်၊ မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးသည် ထိုနှင့်စပ်သော အဆုံးအဖြတ်ကို မာဂဓဘာသာဖြင့် ရေးသားတော်မူ၍ သီဟိုဠ်သို့ ပို့စေတော်မူရာ နှစ်ဖက်သော ဝိဝါဒကာရက ပုဂ္ဂိုလ်တို့သည် နှစ်ထောင်း အားရဝမ်းမြောက်ကြ၍ အညီအညွတ်ဖြစ်ကြပြီးကာ ဆရာတော်ဘုရားကြီး၏ ဝိနိစ္ဆယကို သီဟိုဠ်အက္ခရာဖြင့် ပုံနှိပ်၍ နိုင်ငံအနှံ့ ဖြန့်ဝေကြလေသည်။

## ပဋ္ဌာန်းကျမ်း သီဟိုဠ်သို့ ပို့စေခြင်း

သီဟိုဠ်ကျွန်း၌ ပဋ္ဌာန်းကျမ်း ၂၄-ကဏ္ဍရှိသည့်အနက် နောက်ဆုံးခြောက်ကဏ္ဍမှာ ကွယ်ပျောက်နေသဖြင့် သီဟိုဠ်ကျွန်း ဆရာတော် "သုဝဏ္ဏဇောတျာသဘာသိရီပဝရဓမ္မကိတ္တိ" အရှင်သည် မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးထံ သန္ဒေသကထာနှင့်တကွ သီဟိုဠ် ရဟန်းတော်များကို စေလွှတ်၍ လျှောက်ထားစေသဖြင့် ဆရာတော်ဘုရားကြီးသည် လက်ခံတော်မူကာ သာသနာတော်ကျိုးကို မြော်ကိုးတော်မူ၍ အလိုရှိသော ပဋ္ဌာန်းပါဠိတော်တို့ကို ပေးပို့အပ်နှင်းတော်မူသည်။

ဤအရာ၌ သီဟိုဠ်ကျွန်း၌ ပိဋကတော်အချို့ ပျောက်ပျက်ရပုံမှာ သာသနာတော်ကို ကြည်ညိုလေးစားသူတို့အနေဖြင့် ဝမ်းနည်း ရင်တုန်ဖွယ်ရာပင် ဖြစ်ပေသည်။

အကြောင်းမှာ—သီဟိုဠ်ကျွန်း၌ ပထမ**ရာဇသီဟ**အမည်ရှိသောမင်းသည် သာသနာတော် ၂၀၇၅-ခုနှစ်တွင် ခမည်းတော်ကို သတ်၍ မင်းပြုလေသည်၊ ထိုမင်းသည် သာသနာတော်စောင့် ရဟန်းတော်မြတ်တို့ထံ ကပ်၍ ဘခင်ကို သတ်မိသော ပိတုဃာတကကမ်ကို အဘယ်ကောင်းမှုကို ပြုသဖြင့် ပယ်ဖျောက် ကင်းလွတ် စေနိုင်ပါမည်နည်း ဟု မေးလျှောက်၏၊ မထေရ်များက ပိတုဃာတကကမ် ဟူသည် အခြားမဲ့ဘဝ၌ အကျိုးပေး မြဲသော အနန္တရိယဂရုကမ်ဖြစ်သည်ဟု မိန့်ကြားကြကုန်၏၊ ထိုအခါ မင်းသည် ဗုဒ္ဓသာသနာသည် ငါ၏ ပိတုဃာတကကမ်ကို ပယ်ဖျောက်ကင်းလွတ်စေခြင်းငှါ မစွမ်းနိုင်၊ ဤသာသနာကို ချီးမြှောက် ထောက်ပံ့ခြင်းဖြင့် အဘယ်အကျိုး ရှိအံ့နည်းဟု မှားယွင်းသော မိစ္ဆာအယူကိုယူကာ သာသနာတော်စောင့် ရဟန်းတော်တို့ကို သတ်ဖြတ်ညှဉ်းဆဲခြင်း, အနိုင်အထက်ပြု၍ လူဝတ်လဲစေခြင်း, စေတီပုထိုးတို့ကို ဖျက်ဆီးစေခြင်း, ပိဋကတော်တို့ကို မီးတိုက်ဖျက်ဆီးစေခြင်း စသည်တို့ကို ပြုလုပ်စေ၍ သာသနာတော်ကို ဖျက်ဆီးခဲ့လေသည်။ ထိုအချိန်တွင် သီဟိုဠ်ကျွန်း၌ သာသနာတော် အားနည်းမှေးမှိန်၍ ပိဋကတော်အချို့လည်း ကွယ်ပျောက်ခဲ့လေသည်။ ပဋ္ဌာန်းပါဠိတော် နောက်ပိုင်း ၆-ကဏ္ဍမှာ လုံးလုံးပျောက်ဆုံးခြင်းသို့ ရောက်ခြင်း ဖြစ်သည်။ မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး ပို့စေတော်မူမှ ပိဋကတော်များ ပြန်လည်ပြည့်စုံလေတော့သည်။ ပဋ္ဌာန်းပါဠိတော်များကို ပင့်ဆောင်သွားကြသော

မထေရ်များ သီဟိုဠ်ကျွန်း ကောလမ္ဗိုဆိပ်ကမ်းသို့ရောက်လျှင် ရဟန်းရှင်လူ မြောက်မြားစွာတို့သည် အလွန် အားရ ဝမ်းသာကြကာ ကောင်းမွန်စွာ တန်ဆာဆင်ယင်အပ်သော ဆင်ပေါ် သို့ ပဌာန်းပိဋကတော်များကို ပင့်တင်၍ ကြီးကျယ်ခမ်းနားစွာ ဆောင်ကြဉ်းလျက် ဝိဇ္ဇောဒယ ပရိဝေဏကျောင်းတိုက်၌ ပူဇော်ထားကြကုန်သတည်း။

## သိမသမ္မုတိကမ် ဆောင်တော်မူခြင်း

မြန်မာနိုင်ငံတော် ထက်အောက် အရပ်ဒေသ မြို့ရွာတို့၌ အနှံ့အပြား တည်ရှိကြကုန်သော ရွှေကျင်ဂိုဏ်းသား သံဃာတော်များ သိတင်းသုံးရာ ကျောင်းတိုက်တို့၌ သာသနာတော်၏ မူလအရင်းအမြစ်နှင့်တူသော သိမ်သမုတ်ကြရန် မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးကို ပင့်ဆောင်တော်မူကြသဖြင့် တပည့်ပရိသတ်နှင့် လိုက်ပါကြွရောက်၍ ကိုယ်တော်တိုင် ဝိနည်းတော်အားလျော်၍ စံနစ်တကျ အောင်မြင်သော သိမ်အဖြစ်သို့ ရောက်အောင် နည်းလမ်းညွှန်ပြ သိမသမ္မုတိကမ်ကို ချီးမြှောက်ဆောင်ရွက်တော်မူခြင်းဖြင့် ရာပေါင်းများစွာသောသိမ်တို့ကိုလည်း ဖြစ်ပေါ် စေတော်မူသည်၊ ထိုသိမ်တို့၌ပင် ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ဥပဇ္ဈာစရိယပြု၍ ချီးမြှောက်တော်မူသဖြင့် ရဟန်းအဖြစ်သို့ ရောက်ကြသော ရဟန်းတော်တို့သည်လည်း ရာပေါင်းများစွာပင် ရှိကြကုန်၏။

## အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ်

၁၂၆၄-ခုနှစ် နယုန်လဆန်း ၈-ရက်နေ့ ရန်ကုန်မြို့ ကျိုက္ကစံကျောင်းတိုက်မှ ထွက်ခွါတော်မူ၍ မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်၌ပြန်လည် သီတင်းသုံးတော်မူ၍ ၄၅-ဝါမြောက် ဝါကပ်တော်မူသည်။ ကျိုက္ကစံတိုက်ကြီးကိုကား ပဲခူး ကျိုက်ပဒိုင် သိမ်ကုန်းတိုက်ဆရာတော် အရှင်ဥတ္တမကို လွှဲအပ်တော်မူခဲ့သည်။ ထိုအရှင်ဥတ္တမသည် ကျိုက္ကစံဆရာတော် ဟူသော အမည်တော်ဖြင့် ထင်ရှားကျော်ကြားသော ဆရာတော်အဖြစ်သို့ ရောက်လေသည်။

မန္တလေးမြို့ အနောက်ပြင်၌ နေထိုင်ကြကုန်သော ယောမင်းကြီး၏ စာရေးတော်ကြီး **ဦးလူကလေး** အစရှိသော ဒါယကာတို့သည် ရွှေတချောင်း အနောက်ဘက် ဒေဝန်းရပ်အနီး၌ ကျောင်းတိုက်ကြီးကို တည်ဆောက်

ကြပြီးကာ မဟာဝိသုဒ္ဓါရုံဆရာတော်အား ပင့်၍ လှူဒါန်းကြသည်ကို ဒါယကာတို့၏ သဒ္ဓါနှင့် သာသနာတော် အဓွန့်ရှည်စွာတည်ရေးကို ငဲ့ကွက် တော်မူ၍ အလှူခံတော်မူပြီးလျှင် **မဟာဝိသုဒ္ဓါရုံတိုက်သစ်**-ဟု ကမ္ပည်းတင် စေတော်မူ၏။ ၎င်းနောက် ဆရာတော်ဘုရားကြီးသည် သက္ကရာဇ် ၁၂၆၅-ခု ဝါဆိုလဆန်း ၁၁-ရက်နေ့၌ တပည့်သံဃာအပေါင်း ခြံရံတော်မူ၍ အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်မှ အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ်သို့ ကြွရောက် သီတင်းသုံးတော်မူသည်။ ထိုအခါ သက်တော် ၆၅-နှစ် သိက္ခာဝါတော် ၄၅-ဝါ ရရှိတော်မူပြီ၊ ၄၆-ဝါမြောက်မှစ၍ အနောက်ပြင် မဟာဝိသုဒ္ဓါရုံ တိုက်သစ်၌ သီတင်းသုံးတော်မူသည်။

မဟာဝိသုဒ္ဓါရုံတိုက်သစ် သံဃာများကိုလည်း အရှေ့တိုက် သံဃာများ ကဲ့သို့ပင် စည်းမျဉ်းဥပဒေသများကို လိုက်နာစေ၍ ကြပ်တည်းစွာ စောင့် ရှောက် ဆုံးမတော်မူသည်၊ ရံခါရံခါ အရှေ့တိုက်သို့ အခိုက်အတန့်ကြွ၍ ဆုံးမဩဝါဒကထာ မြွက်ကြားတော်မူသည်၊ အရှေ့တိုက်၌လည်း သံဃာ တရာအောက်မလျော့ အမြဲရှိ၍ အနောက်တိုက်သစ်၌ သံဃာတရာကျော်က စ၍ တည်ခဲ့သည်၊ ယခုအချိန်၌ကား ၄၀၀-ကျော် ရှိပေသည်။ ကျောင်း အဆောက်အဦနှင့်တကွ သံဃာပါ ယုတ်လျော့သည်မရှိ၊ အသစ်အသစ် တိုးတက်လျက်သာ ရှိလေသည်။

## မဇ္ဈိမဒေသသို့ ကြွတော်မူခြင်း

ရခိုင်တိုင်း ပန်းဝါမြို့သားဇာတိ ဣန္ဒိယ ကာလကတ္တားမြို့ ချန်ပါတိုလာ လမ်း သေဌေးပွဲစားကြီး **ချစ်စရှည်** အမည်ရှိ ဥပါသကာသည် ဆရာတော် ဘုရားကြီးအား ဖူးမြင်လိုခြင်း, တရားဒေသနာတော် ကြားနာလိုခြင်း, ပစ္စယဒါယကာပြု၍ သာမဏေတပါးကို ရဟန်းဘောင်သို့ တင်မြှောက်လို ခြင်းတို့ကြောင့် ဆရာတော်ဘုရားကြီးအား နောက်ပါသံဃာများနှင့်တကွ ပင့်လျှောက်သဖြင့် သက္ကရာဇ် ၁၂၆၅-ခုနှစ် ပြာသိုလဆုတ် ၂-ရက်နေ့ မန္တလေးမြို့မှ ကြွတော်မူသည်၊ ပန်းဝါမြို့သို့ ရောက်လျှင် စစ်တွေမြို့ ဇာတိ ဖြစ်သော **သိရီစန္ဒမုနိ** မည်သော သာမဏေကို ရဟန်းပဉ္စင်း အဖြစ်သို့ ရောက်စေရန် ဥပသမ္ပဒကမ် ဆောင်ရွက်တော်မူသည်၊ ထိုသာမဏေ သိရီ-စန္ဒမုနိသည် ဟိန္ဒီဘာသာ, သက္ကတဘာသာတို့၌ ပါရဂူရောက် တတ်မြောက် လေသည်၊ ယခုအခါ (ဤစာရေးသောအချိန်) သိရီစန္ဒမုနိသည် သက်တော်

၁၀-ကျော် ၉၀-ခန့်ဖြင့် ကျန်းမာစွာပင် ဇလ္လိုဒ္ဒိယတိုင်း မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူရာ ကုသိနာရုံဌာန၌ သီတင်းသုံးတော်မူလျက်ရှိသည်။

ရဟန်းပရိသတ်အပေါင်းနှင့်တကွ ဆရာတော်ဘုရားကြီးသည် ပန်းဝါ မြို့မှ တဖန် သင်္ဘောဖြင့် ကာလကတ္တားမြို့သို့ ကြွတော်မူစဉ် နက်ဝှမ်း ကျယ်ပြန့်လှစွာသော သမုဒ္ဒရာကို ရှုတော်မူလျက်——

ကိဉ္စာပိ ဂမ္ဘီရာဒိဟိ၊ သာဂရော ဟောတျယံ မဟာ။

တထာပိ သံသာရောယေဝ၊ သာဂရော ဟိ တတော မဟာ။——

ဟု ကျူးရင့်တော်မူသည်၊ ဤရေပြင်ကြီးကို နက်ဝှမ်းကျယ်ပြန့်၍ ပင်လယ် သမုဒ္ဒရာဟု ဆိုကြသော်လည်း အမှန်စင်စစ်မူကား ဤရေပြင်ထက် သာလွန် ကျယ်ပြန့် ကြီးမား ရှည်လျားသောကြောင့် ရုပ်နာမ်တို့၏ အစဉ်မပြတ် ဖြစ်ခြင်းသည်သာ သမုဒ္ဒရာပင်လယ်ပြင်ကျယ်အစစ် ဖြစ်ပါပေသည်တကား ဟု သမ္ဗောဇ္ဈည်အမြင်ဖြင့် ဆင်ခြင်တော်မူလိုခြင်း ဖြစ်သည်။

ထို့ပြင်——

သမုဒ္ဒေါ သမုဒ္ဒေါတိ ဘိက္ခဝေ အသုတဝါ ပုထုဇ္ဇနော ဘာသတိ၊ နေသော ဘိက္ခဝေ အရိယဿ ဝိနယေ သမုဒ္ဒေါ၊ မဟာ ဧသော ဘိက္ခဝေ ဥဒကရာသိ မဟာဥဒကအဏ္ဏဝေါ။

စက္ခု ဘိက္ခဝေ ပုရိသဿ သမုဒ္ဒေါ၊ တဿ ရူပမယော ဝေဂေါ။-

ဟူသော သံယုတ်ပါဠိတော်ကို အကျဉ်းအားဖြင့် ရွတ်လွယ် ဆိုလွယ် ဆောင် လွယ်စေရန် သင်္ဂဟဂါထာ စီကုံး၍ သံဝေဂယူတော်မူသည်မှာ——

နာယံ ဝုတ္တော သမုဒ္ဒေါတိ၊ အယဥ္စ ဝါရိရာသိကော။

စက္ခာုဝ သမုဒ္ဒေါ နာမ၊ ရူပဦမိသဝဋ္ဋကော။

ရူပဦမိဟိ ဒုက္ခန္တိ၊ မုဇ္ဇန္တိ ဗလဝါမုခေ။

ယေ သဟန္တိ ရူပဦမိံ၊ တေ သုခန္တိ ပါရင်္ဂတာ။——

ဟူသတည်း။

ဤပြင်ကျယ်ကြီးသည် သမုဒ္ဒရာအစစ် မဟုတ်၊ စင်စစ်ကား ရေအစု အဝေးမျှသာတည်း။ ရူပါရုံတည်းဟူသော လှိုင်းတံပိုးနှင့်တကွသော စက္ခု- သည်သာ သမုဒ္ဒရာအစစ် မည်ပေသည်။

ရူပါရုံလှိုင်းတံပိုးတို့ လွှမ်းမိုးရိုက်ခတ်ကြသည်ဖြစ်၍ သတ္တဝါများဆင်းရဲ ကြရသည်။ ရူပတဏှာ, ရူပါရုံ၌တပ်မက်သော တဏှာဟူသော ဗလဝါ-

မုခဝဲကြီး၌ နစ်မွန်း၍ ပျက်စီးကြရပေသည်။ ရူပါရုံလှိုင်းတံပိုးအရိုက်အနှက် အလွှမ်းအအုပ်ကို သည်းခံနိုင်ကြသူတို့သာ တဖက်ကမ်းသို့ ရောက်၍ ချမ်းသာခွင့်ရကြပေသည် တကားဟု သံဝေဂဉာဏ်အမြင်ဖြင့် ဆင်ခြင် တော်မူလေသည်။ ဤသို့ အစရှိသော ဓမ္မသံဟိတတရားသဘောနှင့် စပ်ယှဉ် သောစိတ်ဖြင့် သမုဒ္ဒရာရေအစုကို ကူးမြောက်၍ ကာလကတ္တားမြို့သို့ ဆိုက် ရောက်တော်မူသည်။

ကာလကတ္တားသို့ ရောက်တော်မူပြီးနောက် သံဃာအပေါင်းနှင့် အတူ တကွ မြတ်စွာဘုရား သစ္စာလေးပါးသိ၍ ဘုရားအဖြစ်သို့ ရောက်တော်မူရာ ပရိဘောဂစေတီဖြစ်သော ဗောဓိပင်မင်းနှင့်တကွ မဟာဗောဓိစေတီတော် တို့ကို လေးလေးမြတ်မြတ် ဖူးမျှော်ပူဇော်တော်မူသည်။ မဟာဗောဓိပလ္လင် တော်ဌာနကို ဂုဏ်ပြုချီးကျူးတော်မူသော ဂါထာတို့ကို သီကုံးပူဇော်တော် မူသည်။

ဤမဇ္ဈိမဒေသသည် သဗ္ဗညုဘုရားနှင့်တကွ ပစ္စေကဗုဒ္ဓါအရှင်များ အဂ္ဂ- သာဝက မဟာသာဝက အရှင်တို့သည်၎င်း,လေးကျွန်းသေဌ်နင်း စကြာမင်း တို့သည်၎င်း ဖြစ်ထွန်းရာ စည်ပင်သာယာရာ ဖြစ်ခဲ့သော်လည်း ယခုအခါ ဘာသာတရားလည်း ကွယ်ပျောက်, စေတီပုထိုးစသော အဆောက်အဦတို့ လည်း ပျက်စီးကြလျက် ပေးပါကမ်းပါဟု တောင်းရမ်းလာသူတို့နှင့် ပြည့် နှက်ပျက်စီး ဆင်းရဲကြီးဆင်းရဲလှပါတကား၊ ယုတ်ညံ့သောအင်္ဂါနှင့် ယောနိ အစုံကို ပုံတူလုပ်၍ ဘုရားတဆူအနေ လွဲမှားသော မိစ္ဆာအမြင်ဖြင့် ဖျင်းဖျင်း သိမ်သိမ် ကိုးကွယ်နေကြသည်မှာလည်း အရှက်အကြောက် ကင်းမဲ့လှပါ ကုန်တကား စသည်ဖြင့် ငြီးငွေ့စက်ဆုပ်တော်မူသောကြောင့်လည်း ၉- ဂါထာတို့ဖြင့် ဥဒါန်းကျူးတော်မူပါသည်။

မဟာဗောဓိနှင့်တကွ အဝိဇဟိတဌာန, သံဝေဇနိယဌာန စသည်တို့ကို ဖူးမျှော်တော်မူပြီးနောက် ပြန်လည်ကြွတော်မူခဲ့ရာ ၁၂၆၆-ခု နယုန်လဆန်း ၁၄-ရက်နေ့တွင် မန္တလေးမြို့ အနောက်ပြင် မဟာဝိသုဒ္ဓါရုံ တိုက်သစ်သို့ ဆိုက်ရောက်တော်မူသည်။

## စံကင်းကျောင်းတော် အလှူခံခြင်း

ဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးသည် မဟာဗောဓိကို ဖူးမျှော်ပြီး ပြန် ကြွလာတော်မူလျှင် ခနုဖြူမြို့ တဖက်ကမ်းဖြစ်သော စံကင်းရွာကြီး၌

ဒါယကာများ တည်ဆောက် လှူဒါန်းသော ကျောင်းတော်ကို အလှူခံတော်မူ၍ ဗျတ္တိဗလ ပရိယတ္တိဓရ တိက္ခ ဂမ္ဘီရဉာဏ်တော် ရှိတော်မူသော တပည့်ကြီး **အရှင်စန္ဒထေရ်** ကို လွှဲအပ်၍ သာသနာပြုစေတော်မူသည်။ စံကင်းဆရာတော်ဘုရားကြီး အကြောင်းသည် နောက်၌ ထင်ရှားပါလိမ့်မည်။

## ဓနုဖြူမြို့ မင်္ဂလာမှန်ကျောင်း အလှူခံခြင်း

ဓနုဖြူမြို့ ဒါယကာတို့သည် တင့်တယ် ကောင်းမွန်သော **မင်္ဂလာမှန်ကျောင်း**ကို ဆောက်လုပ်၍ ဆရာတော်ဘုရားကြီးအား အပ်နှင်း လှူဒါန်းသည်ကို လက်ခံတော်မူ၍ **အရှင်စာရိတ္တထေရ်**ကို လွှဲအပ်ချထားတော်မူသည်၊ အရှင်စာရိတ္တသည် ထင်ရှားကျော်စောသော ဓမ္မကထိကကြီး ဖြစ်သည့်ပြင် သဒ္ဒါကျမ်း ဆန်းကျမ်းတို့၌ အထူးကျွမ်းကျင်တော်မူသည်၊ "မရဏာနုဿတိ ဒီပနီ" ကိုလည်း ရေးတော်မူသည်။

## သက္ကရာဇ် ၁၂၆၇-ခုနှစ် တာကူးလဆုတ် ၁၂-ရက်နေ့၌ ပုသိမ်မြို့ မောင်းထောင်တိုက်ကို အလှူခံခြင်း

ပုသိမ်မြို့ ကျောင်းဒါယကာ သမာဓိမြို့ဝန် **ဦးတက်ဖြိုး**စသော ဒါယကာတို့ ဆောက်လုပ် လှူဒါန်းသော ကျောင်းကို အလှူခံယူရ၍ **မဟာဝိသုဒ္ဓါ-ရာမတိုက်**-ဟု ကမ္ပည်းတင်စေတော်မူသည်။ ထိုကျောင်း၌ ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် တာကူး, ကဆုန်, နယုန်လတို့၌ သီတင်းသုံးတော်မူ၍ မန္တလေးသို့ ပြန်ကြွတော်မူခဲ့သည်။ ပုသိမ်ကျောင်းတိုက်ကြီး၌ "ဝိမလာ-လင်္ကာရ မဟာဓမ္မ ရာဇာဓိရာဇဂုရု" ဟူသော မင်းလှူ တံဆိပ်တော်ရ **အရှင်ဝိမလထေရ်**ကို လွှဲအပ်တော်မူသည်၊ အရှင်ဝိမလထေရ်သည် မုံရွာခရိုင် မောင်းထောင်ရွာ ဇာတိ ဖြစ်တော်မူသည်၊ "ကမ္မဝိနိစ္ဆယ မဓုဂုဋ္ဌတ္ထဒီပနီ, ကစ္စည်းသုတ်နက်" စသည်တို့ကို ရေးသားတော်မူသော ဆရာတော် ဖြစ်သည်၊ ယခုအခါ ပုသိမ် ဝိသုဒ္ဓါရာမတိုက်သည် ထိုဆရာတော်ကို အကြောင်းပြု၍ **မောင်းထောင်တိုက်** ဟု အမည်ထင်ရှားသည်။

မဟာဝိသုဒ္ဓါရာမ ဆရာတော် ဘုရားကြီးသည် သာမန် ပုဂ္ဂိုလ်တို့ စွမ်းဆောင်ပြုစုံတော်မူနိုင်ခဲသော သာသနဝန်ကြီးကို အဖက်ဖက်မှ တိုးတက်

ပြန့်ပွါး ကောင်းမွန်တည်တံ့အောင် ဆောင်ရွက်တော်မူလာရာ သက်တော် ၆၇-နှစ် ၄၈-ဝါ ပုသိမ်ဝိသုဒ္ဓါရုံတိုက်၌ သီတင်းသုံးနေတော်မူသောအခါ ဇရာတရား ထင်ထင်ရှားရှား လွှမ်းမိုးဖိစီးလာသည်ကို ဆင်ခြင်သမှု သံဝေဂဉာဏ်ဖြင့် ရှုတော်မူ၍ အောက်ပါဂါထာကို စီကုံးတော်မူ၍ လယ်တီပဏ္ဍိတ စသော တပည့်များကို ဆုံးမတော်မူသည်မှာ—

> ဇိဏ္ဏာ အင်္ဂါ စ နှာရူ စ၊ ဂတ္တာနိ န ဝဟန္တိ မေ။
> ဇိဏ္ဏော၀ သကဋ္ဌော ဘာရံ၊ သာယံ လောကဿ ဓမ္မတာ။

မေ-ငါ၏။ အင်္ဂါ စ-အရိုးတို့သည်၎င်း။ နှာရူ စ-အကြောတို့သည်၎င်း။ ဇိဏ္ဏာ-အိုမင်း ရော့ရဲကြကုန်ပြီ။ ဇိဏ္ဏော-ကျိုးပဲ့ ယိုယွင်း အိုမင်းချွဲနွဲ့သော။ သကဋ္ဌော-လှည်းအိုကြီးသည်။ ဘာရံ-ဝန်ကို။ န ဝဟတိဣဝ-မရွက်ဆောင် နိုင်သကဲ့သို့။ တေ-ထိုဆိုအပ်ပြီးကုန်သော အရိုး အကြောတို့သည်။ ဂတ္တာနိ-ငါ၏ ကိုယ်အင်္ဂါတို့ကို။ န ဝဟန္တိ-မရွက်ဆောင်နိုင်ကုန်။ သာယံ-ထိုသို့ဖြစ် ခြင်းသည်။ လောကဿ-လောကကြီး၏။ ဓမ္မတာ-အရိုးစဉ်လာ ဓမ္မတာပင် တည်း။

အထက်ပါ သံဝေဂသံယုတ္တ ဥဒါန်းဂါထာကို ဤစာရေးသောဘုန်းကြီး သည် ရဟန်းငယ်အခါကပင် ကျက်မှတ်ရရှိခဲ့ပေသည်။ အသက်အယွယ် ထောင့်လာသူတို့ အထူး နှလုံးသွင်း ဆင်ခြင် ပွါးများနေရန် သင့်သော သံဝေဂဂါထာ ဖြစ်သည်။ ထိုမှတပါး ဆရာတော်ဘုရားကြီးသည် မပြတ် မပြတ် ပါဠိဂါထာ ဩဝါဒဒေသနာတို့ကို ရေးတော်မူ၍ ဆုံးမတော်မူလေ့ ရှိရာ ဩဝါဒကထာ ဂါထာပုဒ်ပေါင်းများစွာပင် ယနေ့တိုင် တပည့် အဆက်ဆက်တို့၏ လက်ဝယ် ဆောင်လျက်ရှိကြသည်၊ ဆရာတော်ဘုရားကြီး စီကုံးတော်မူသော ဂါထာ ပါဠိတို့သည် သဒ္ဒါရုပ်ဓာတ် နည်းမှန်ကျ၍ အလင်္ကာဂုဏ်မြောက်လျက် ရွတ်ဆိုရာ၌လည်း ပြေပြစ် ချောမောလှပေ သည်၊ အဓိပ္ပါယ်လည်း လေးနက်ပေသည်။

> ဘာသယေ ဇောတယေ ဓမ္မံ၊ ပဂ္ဂဏှေ ဣသိနံ ဓဇံ။
> သုဘာသိတဓဇာ ဣသယော၊ ဓမ္မော ဟိ ဣသိနံ ဓဇော။ —

ဟူသည်အရ ရဟန်းတော်တို့၏ တံခွန် အလံဖြစ်သော တရားတော်ကို ဟောပြောပြသသင့်ပေသည်၊ ကောင်းစွာ ပြောဟောသော တရားတော်

ဖြင့်သာ သာသနာတော်ကို တဖက်တလမ်းက ထွန်းလင်းစေသင့်သည်ဟု မြင်တော်မူသည်ဖြစ်၍ တိုက်တွင်းရှိ တပည့်များအတွင်းမှ သံဃာတော်နှင့် တကွ ဒါယကာတို့အား သဒ္ဓါ စေတနာ တက်ကြွထက်သန်အောင် ဟော ပြောတတ်သော တပည့်ငါးဦးကို သံဃပရိသတ်အလယ်၌ ချီးကျူးမြှောက် ကြား၍ ဓမ္မကထိကများအဖြစ် တင်မြှောက်တော်မူသည်၊ ဓမ္မကထိက ငါးပါးတို့မှာ—

၁။ အရှင်စာရိတ္တ (ဓမ္မကထိကချုပ် ဓမ္မာရုံ-ဘွဲ့ဖြင့်ဝင်း)၊
၂။ အရှင်ပဏ္ဍိတဓမ္မ (မဓုရဘာဏီ ဓမ္မကထိက)၊
၃။ အရှင်သောဘဏ (ဇာတကဘာဏီ ဓမ္မကထိက)၊
၄။ အရှင်ဝါသဝါဘိဝံသ (ဝိနယပါမောက္ခ ဓမ္မကထိက)၊
၅။ အရှင်ကုဏ္ဍလ (ကာဗျဝိဒူ ဓမ္မကထိက)—

တို့ ဖြစ်ကုန်၏။

## ဦးသာညွှန်း အလှူတော်

သက္ကရာဇ် ၁၂၇၂-ခုနှစ်ကစ၍ မော်လမြိုင်မြို့ သေဌေး **ဦးသာညွှန်း**သည် မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးအား လစဉ်-လစဉ် တလလျှင် ၁၂၀ဝိ (တထောင့်နှစ်ရာ)သော အကပ္ပိယ အနာမာသဝတ္ထုတို့ကို ဆရာတော် ဘုရားကြီး၏ ကပ္ပိယကာရက ဒါယကာထံ လွှဲအပ်၍ ထိုဝတ္ထု ၁၂၀ဝိ-မှ ဖြစ် ပေါ်သောဆွမ်းကို လှူဒါန်းသည်ကို အလှူခံတော်မူရသည်။ ယင်းသို့ ဦးသာညွှန်းလှူဒါန်းခြင်းသည် မိုးကျသဖွယ် အလွန်စင်ကြယ်သောပစ္စည်း ဖြစ်ပေသည်၊ မည်သူ တစုံတယောက်ကမျှ ဟောပြော ဆွဲဆောင်ခြင်း မရှိ၊ သီလဝတော ခေါ် မဟာရာဇ ဒိန္န မဟာပ္ပလံ....ဒေသနာတော်ကို နှုလုံးပိုက် လျက်ရှိသော ဦးသာညွှန်းသည် မဟပ္ဖလ မဟာနိသံသ အကျိုးရှိရာ ရှိကြောင်း သူတော်ကောင်းရဟန်းမြတ်တို့အား ရွေးချယ်လှူဒါန်းလိုသော မနသိကာရ ပညာပုဗ္ဗင်္ဂမ သဒ္ဓါပြဓာန်းသော စေတနာဖြင့် အလို အလျောက် လှူဒါန်းခြင်း ဖြစ်ပေသည်။

ထို ၁၂၀ဝိ-တန်သော ပစ္စည်းတို့ကို ဆရာတော်ဘုရားကြီးသည် မဟာ-ဝိသုဒ္ဓါရာမ အရှေ့တိုက်, အနောက်တိုက်နှင့် မူလရွှေကျောင်ငါးတိုက်ရှိ သံဃာ များအား ဝေဘန် လှူဒါန်းတော်မူသည်၊ သို့ဖြစ်၍ ထိုအချိန်ကစ၍ မဟာ-

ဝိသုဒ္ဓါရာမတိုက်ရှိ သံဃာတော်များသည် ဆွမ်းပစ္စည်း၌ ယခင်ကထက် ပို၍ချမ်းသာစွာ ခုရနှစ်ပါးကို အားထုတ်ခွင့်ရတော်မူကြသည်။

ဆရာတော်ဘုရားကြီးသည် သက်တော် ၇၄-နှစ် ရှိတော်မူပြီဖြစ်သော်လည်း ၁၂၇၄-ခုနှစ်၌ ဥဇုမဂ္ဂဒေသနာကျမ်းကို ရေးသားတော်မူရပြန်သည်။ ရေးသားရခြင်းအကြောင်းမှာ ထိုအချိန်က သတင်းစာတစောင်၌ အယူအမြင် မှားယွင်းနေသော လူအချို့က ကောင်းမှုဒါနကို ပြုသော်လည်း ကောင်းကျိုးကျေးဇူး မရှိ-စသည်ဖြင့် ရေးသားသည်ကို သိရှိတော်မူ၍ ဖြောင့်မှန်သောလမ်းဖြင့် အယူအမြင်မှန်၍ အပါယ်ကျခြင်း-စသော ဘေးမှ လွတ်မြောက်ကြစေလိုသော ကရုဏာတော်ဖြင့် ရေးသားတော်မူရပေသည်။

ထိုနောက် အင်္ဂလန်ပြည် လန်ဒန်မြို့ရှိ ပါဠိအသင်းကြီးမှ "ပါဠိဒေဝီ" ဘွဲ့ခံ **ဒေဗစ်**အမည်ရှိသော အင်္ဂလန်သူတယောက်က မေးလျှောက်သော "ယမက ပုစ္ဆာ" များကိုလည်း ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ပါဠိဘာသာဖြင့် "ယမက ဝိသဇ္ဇနာ" ကျမ်းကို ရေးသား ဖြေရှင်း ပေးပို့တော်မူသည်၊ ပါဠိဒေဝီသည် မာတုဂါမပင် ဖြစ်သော်လည်း ပါဠိဘာသာ၌ တဖက်ကမ်းရောက် တတ်မြောက်၍ အဘိဓမ္မာပိဋကကိုပင် တတ်မြောက် ကျွမ်းကျင်သောကြောင့် ယမိုက်ကျမ်း၌ ခဲရာခဲဆစ် အဖုအထစ်တို့ကို သံသယရှိသည်အလျောက် မေးလျှောက်သည်ဖြစ်၍ ဆရာတော်ဘုရားကြီးသည် ယင်းသို့သော အဖုအထစ် ခဲရာခဲဆစ်တို့ကို ပြေချော ရှင်းလင်း သံသယကင်းအောင် ဖြေကြားတော်မူသည်။

ဆရာတော်ဘုရားကြီးသည် သက်တော် ၇၇-နှစ်သို့တိုင် ရောက်တော်မူလာသောအခါ နောက်ကရေးသားခဲ့သည့်အတိုင်း ဇရာဒုဗ္ဗလဖြစ်၍ ဇရာ ထောင်း၍ ရူပကာယ နွံ့ပျောင်းအားနည်းတော်မူလာပြီဖြစ်ရာ အရပ်ရပ်မှ မေးလျှောက်လာကြသော အမေးပုစ္ဆာ ပြဿနာများကို ပယ်ရှားတော် မမူပဲ ဖြေကြားတော်မူနိုင်ရန် လက်ထောက် ဝိသဇ္ဇက တပည့်ကြီးများကို ရွေးကောက်တင်မြှောက်၍ ဖြေဆိုစေတော်မူသည်။

ထိုတပည့်ကြီးများမှာ —

၁-တိုက်အုပ်ဆရာတော်၊ ၂-တိုက်ကြပ်ဆရာတော်၊ ၃-ဝါဆိုကျောင်း ဆရာတော် အရှင်စန္ဒ၊ (ယခုအခါ "အဘိဓဇမဟာရဋ္ဌဂုရု" ရွှေကျင်နိကာယ

သာသနာပိုင် သက်တော်ရှည် စံကင်းဆရာတော်ဘုရား။) ၄-အရှင်စာရိတ္တထေရ်၊ ၅-အရှင်အဂ္ဂဓမ္မာဘိဝံသထေရ်၊ (နောက်အခါ "အဂ္ဂမဟာပဏ္ဍိတ" ရွှေကျင်နိကာယ ဒုတိယသာသနာပိုင် အဘယာရာမ ဆရာတော်။) ၆-အရှင်နာရဒါဘိဝံသ ဆီးပင်ကျောင်းဆရာတော်၊ ၇-အရှင်ဝိဇယသာမိထေရ်၊ ၈-အရှင်ကောသလ္လာဘိဝံသ၊ ("အဂ္ဂမဟာပဏ္ဍိတ" ဒုတိယရွှေကျင်သာသနာပိုင် စည်ရှင်ဆရာတော်။) ၉-အရှင်ကုဏ္ဍလ ကာဗျဝိဒူ ဝိသုဒ္ဓါရုံ ဓမ္မကထိကဆရာတော်များဖြစ်သည်။

(၄)အမှတ် အရှင်စာရိတ္တထေရ်မှာ ဝိသုဒ္ဓါရုံ ဓမ္မကထိကချုပ် ဓမ္မာရုံကွဲ့ဆုံခံ ပုဒ်စစ်ဂဏ္ဌိ-စသော သဒ္ဒါဘက်ဆိုင်ရာကျမ်းတို့ကို ရေးသားတော်မူသော ဆရာတော်ဖြစ်သည်။

ဤတွင် ကြားညှပ်၍ မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် သံသရာကြီးကို ငြီးငွေ့တော်မူသော အမြင်ဖြင့် နက်နဲသော အဓိပ္ပါယ်များပါဝင်စေကာ ရေးသားတော်မူသော "နိဗ္ဗိန္ဒသံဝေဂ ဂါထာ" တပုဒ်နှင့် အဂ္ဂမဟာပဏ္ဍိတ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ စည်ရှင်ဆရာတော် သကျသီဟ ပရိယတ္တိသာသနဟိတ မဓမ္မာစရိယ စာချတန်းအောင်မြင်ပြီးစအခါက ရေးသော အနက်မြန်မာပြန်တို့မှာ ကောင်းမွန်လှ၍ ထည့်သွင်းလိုက်ပါသည်။

စိတ္တံ ဝိဓာယတိ ခန္ဓေ၊ နာနာရူပေဝ သိပ္ပိနော။
နာနာရူပေဟိ တေ နေတ္ထ၊ ခန္ဓေဟိ ဝိစရန္တိ တေ။

သိပ္ပိနော-ပန်းထိမ် ပန်းပု ပန်းချီမှုဋ္ဌ ဆစ်ဖုလိမ္မာ ရုပ်ထုဆရာကြီးတို့သည်။ နာနာရူပေ-ထီးမှုနန်းဟန် ပုံသဏ္ဍာန်နှင့် တဖန်ဆိုးဝါး မျိုးဇာတ်ခြား၍ အစားစားအဖုံဖုံ အရုပ်မျိုးစုံတို့ကို။ ဝိဓာယန္တိ ဣဝ-ရေးခြယ်ထုလုပ် သွန်းခုတ်စီရင် ပြုပြင်ကြလေကုန် သကဲ့သို့။ စိတ္တံ-လောဘဒေါသ မောဟတရား ဦးတည်ထား၍ ဖြစ်ပွါးဆို့ပိတ် အကုသိုလ်စိတ်သည်။ နာနာရူပေ-ကြောက်ခမန်း လန့်ခမန်း ရုန့်ကြမ်းဆိုးဝါး အစားစား အဖုံဖုံ ရုပ်ပုံသဏ္ဍာန် ရှိကုန်သော။ ခန္ဓေ-ငရဲ တိရစ္ဆာန် ပြိတ္တာ ခန္ဓာတို့ကို။ ဝိဓာယတိ-ရေးခြယ် ထုလုပ် သွန်းခုတ်စီရင် ပြုပြင်တတ်လေ၏။

စိတ္တံ-အကုသလ ဝန်းရံခ၍ ပြုကြဖြစ်ပွါး ကုသိုလ်စိတ်တရားသည်။ နာနာရူပေ-ချိုတဲ့ဆင်းရေ မျိုးအဆွေနှင့် ပုံနေဆိုးဝါး အစားစားအဖုံဖုံ

ရုပ်ပုံသဏ္ဌာန် ရှိကုန်သော။ ခန္ဓေ-ဝေမာနိကာ မျိုးပြိတ္တာနှင့် တေဇာသိမ် ဖျင်း အရှိန်ကင်း၍ စာရင်းမဝင် လူတွင် လူနုပ် နတ်နုပ် နတ်မွှား အညှံ့စားခန္ဓာတို့ကို။ ဝိဓာယတိ-ရေးခြယ်ထုလုပ် သွန်းခုတ်စီရင် ပြုပြင် တတ်လေသည်။

စိတ္တံ-အကုသလ လွတ်ကင်းပ၍ ဖြူဆွရောင်ဖိတ် ကုသိုလ်စိတ်သည်။ နာနာရူပေ-လှပဆင်းရေ မျိုးအဆွေနှင့် ပုံနေပုံထား အစားစားအဖုံဖုံ ရုပ်ပုံသဏ္ဌာန် ရှိကုန်သော။ ခန္ဓေ-ဂုဏ်သိရ်တေဇာ ကြီးမားစွာသည့် ဖြဟ္မာလူနတ် မြင့်မြတ်သော ခန္ဓာတို့ကို။ ဝိဓာယတိ-ရေးခြယ် ထုလုပ် သွန်းခုတ်စီရင် ပြုပြင်တတ်လေ၏။

တေန-ထိုသို့ ပန်းထိမ် ပန်းပု ပန်းချီမှူး ဆစ်ဖုလိမ္မာ ရုပ်ပုံဆရာတို့က ရေးခြယ် ထုလုပ် သွန်းခုတ်စီရင် ပြုပြင်၍ ထားကြလေသောကြောင့်။ တေ-ထိုက,ဆို ပြသ နာဠကဋ္ဌ ကျနလေ့လာ ဇာတ်ဆရာကြီးတို့သည်။ နာနာရူပေဟိ-အမျိုးမျိုး အဖုံဖုံ ရုပ်မျိုးစုံတို့ဖြင့်။ (နာနာရူပေဟိ-နတ် ကတော် ဆင်ကျား မြင်းမျောက်များတို့နှင့် တိုင်းသားဥကင် ရှင်ဘုရင် ဝန်ကြီး မင်းသမီး မင်းသား လူပျိုသားဟု များပြားဥဿုံ အရုပ်မျိုးစုံတို့ ဖြင့်။) တွေ့-ဤမြို့ ဤပြ စင်တော် ရုံတော်ဟူသမျှတို့၌။ ဝိစရန္တိ-လွှမ်း ခဏ်း ဆွေးခဏ်း အသောခဏ်းနှင့် ဒေါခဏ်းတဖြာ ဖွဲ့နွဲ့ကာဖြင့် မာယာ ထွေပြား လှည့်လည်သွားလာ၍ နေကြလေကုန်၏။

တေန-ထိုအကုသိုလ်နှင့် ကုသိုလ်တရား စိတ်ဓာတ်များက ထွေပြား ပုံဟန် ရုပ်သဏ္ဌာန်ကို စီမံ၍ ထားကြလေသောကြောင့်။ တေ-ထိုလူနတ် ဖြဟ္မာ ဇာတ်ဆရာကြီးတို့သည်။ တွေ့-ဤ သုံးဆဲ့တဘုံ ဇာတ်ရုံတော်ကြီး ထဲ၌။ နာနာရူပေဟိ-အသွင်အပြင် အဆင်ကွဲပြား အစားစား အဖုံဖုံ ရုပ်ပုံသဏ္ဌာန်ရှိကုန်သော။ ခန္ဓေဟိ-အဆိုးအကောင်း သောင်းပြောင်းရော ရာ လက်ရှိခန္ဓာရုပ်တို့ဖြင့်။ ဝိစရန္တိ-က,ကာ-ဆိုကာ- ပြသကာနှင့် လှည့်လည် သွားလာ၍ နေကြလေကုန်၏။ (ဝိစရန္တိ-ပျော်တခါ ပျင်းတလှဲ့ ငိုတလှဲ့ ရယ် တခါ ချမ်းသာဆင်းရဲ တူစုံတွဲ၍ ဇာတ်ပွဲပြကာ လှည့်လည် သွားလာ၍ နေကြရလေကုန်သတည်း။)

ဤ နိဗ္ဗိန္ဒသံဝေဂ ဂါထာပါဠိအနက်၏ တန်ဘိုးကို သဒ္ဒါကျမ်း, အလင်္ကာ ကျမ်းတို့၌ လေ့လာကျွမ်းကျင်ကြကုန်သော ပညာရှိတို့သည် ဆုံးဖြတ်နိုင် ကြပါလိမ့်မည်။

## အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် အလှူခံရခြင်း

သက္ကရာဇ် ၁၂၇၇-ခုနှစ် သက်တော် ၇၇-နှစ်၌ တဖန် အင်္ဂလန်နိုင်ငံ ဂျော့ဘုရင်၏ အမိန့်တော်ဖြင့် ဂျော့ဘုရင်၏ကိုယ်စား ဣန္ဒိယနိုင်ငံ ဘုရင်ခံချုပ် **လော့ဟာဒင်**က မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးအား **အဂ္ဂမဟာပဏ္ဍိတ** ဘွဲ့တံဆိပ်တော်ကို ကပ်လှူသဖြင့် အလှူခံတော်မူရပြန်သည်၊ ဤသို့ဖြင့် ဆရာတော်ဘုရားကြီးသည် တံဆိပ်တော်သုံးတန် ရရှိတော်မူသော ဆရာတော်ကြီး ဖြစ်သည်။ ထိုအချိန်က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိသော ဆရာတော်ကြီးများမှာ တကယ့်ထိပ်တန်း ပညာရှိ ဆရာတော်ကြီးများသာ ရရှိတော်မူသဖြင့် မြန်မာနိုင်ငံတော်၌ ထင်ထင်ရှားရှားဆိုရမူ မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး, လယ်တီဆရာတော်ဘုရားကြီး,မန်လည်ဆရာတော်ဘုရားကြီးတို့သာ ဖြစ်တော်မူကြသည်။

ဘာသာခြားဖြစ်သော အင်္ဂလန်ဘုရင်က မြန်မာနိုင်ငံတော်ရှိ ပညာရှိရဟန်းတော်အရှင်မြတ်တို့အား"အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့တံဆိပ် ကပ်လှူသည်မှာ မြန်မာမင်းများ အစဉ်အလာ ထိုက်တန်ပူဇော်သင့်သော ဆရာတော်များအား ဘွဲ့တံဆိပ် ဆက်ကပ်လှူဒါန်းခဲ့သော ထုံးတမ်းစဉ်လာရှိသောကြောင့် အုပ်ချုပ်ရေး၌ လိမ္မာ ကျွမ်းကျင်ကြသော အင်္ဂလိပ်မင်းတို့သည် မိမိတို့ စိုးမိုးအုပ်ချုပ်သော ထိုထို နိုင်ငံတွင်းရှိ လူများစု တိုင်းရင်းသားတို့၏ ဓလေ့ထုံးစံကို လိုက်တန်သမျှလိုက်၍ ပြုမူခြင်းဖြင့် တိုင်းရင်းသားတို့ ကျေနပ်နှစ်သက်ခြင်းကို ရရှိကြကာ ငြိမ်ဝပ်ပိပြားအောင် အုပ်ချုပ်နိုင်ကြောင်းအဖြစ်ဖြင့် ဘွဲ့တံဆိပ်ကို ခေတ်ကာလအားလျော်စွာ ကပ်လှူခြင်း ဖြစ်သည်။

ထိုအတူ မြန်မာမင်းများ လက်ထက်တော်အခါက နယုန်လ၌ ပဋ္ဌမပြန်ပွဲသဘင်ကို ဆင်ယင် ပြုလုပ် ချီးမြှောက်ခဲ့ကြသကဲ့သို့ သက္ကရာဇ် ၁၂၆၁-ခုနှစ်က စ၍ နယုန်လ၌ ပဋ္ဌမပြန်ပွဲကို ပြုလုပ်၍ ဗုဒ္ဓဘာသာဝင်များကို ကျေနပ် နှစ်သိမ့်စေသည်။ ခရစ်ယာန်ဘာသာကို အားပေးချီးမြှောက်ခြင်းနှင့် နှိုင်းစာလျှင် ဆယ်ပုံတပုံပင် မရှိဟု အဆင့်စကားကြားသိရဘူးသည်။

အလျဉ်းသင့်သဖြင့် ပဋ္ဌမပြန်စာမေးပွဲ ကျင်းပသောလနှင့် ပတ်သက်၍ ထင်မြင်ချက် အကျိုးကျေးဇူးကို သတိရှိတော်မူကြစေရန် ရေးလိုက်ပါဦးမည်။ မြန်မာမင်းများလက်ထက်တော်ကစ၍ နယုန်လအတွင်း၌သာ ပဋ္ဌမ

ပြန်စာမေးပွဲကို ကျင်းပခဲ့ရာ ယင်းသို့ နယုန်လ၌ ပဌမပြန်စာမေးပွဲ ကျင်းပသဖြင့် ဖြေဆိုကြရန် အားထုတ်သော ပုဂ္ဂိုလ်တို့သည် တပေါင်း, တန်ခူး, ကဆုန်-ဟူသော နွေရာသီ ပူတုန်း, အိုက်တုန်း အချိန်၌ စာပေကြိုးစား အားထုတ်ကြရသဖြင့် ပင်ပန်းကြသည်။ သို့ဖြစ်၍ ပဌမပြန်စာမေးပွဲကို တပေါင်းလအတွင်း ကျင်းပပြုလုပ်ရပါလျှင် အေးချမ်းသော ဆောင်းဥတု ဆောင်းရာသီ၌ မပင်ပန်း မနွမ်းနယ်ကြပဲ စာကိုအားထုတ်ကြရသဖြင့် ပိုမို ကျေးဇူးများရာသည်ဟု ထင်မြင်ယူဆ၍ အကြံပေးလာကြသည်၊ ဤစာ ရေးသော ဘုန်းကြီးကိုယ်တိုင်လည်း ပဌမပြန်စာမေးပွဲ ဝင်ရောက်ခဲ့ဘူး သည်ဖြစ်၍ စာမေးပွဲကို တပေါင်းလ ကျင်းပရန်သင့်သည်ဟုပင် သဘော ကျခဲ့ပါသည်။ အများဆန္ဒအားလျော်စွာ ပဌမပြန်စာမေးပွဲကို တပေါင်းလ ပြောင်းလိုက်ကြရာ ယနေ့တိုင် ဖြစ်လေသည်။ ယင်းသို့ တပေါင်းလ ပြောင်းလိုက်သဖြင့် စာအားထုတ်ချိန်၌ အေးချမ်း၍ သက်သာမှုရရှိသော ကြောင့် အကျိုးလည်း ရှိတန်သမျှ ရှိပါလိမ့်မည်။ တဖက်ကလည်း အပြစ် ပေါ်ပေါက်လာသည်ကို တွေ့ရပြန်ပါသည်။ ၎င်းအပြစ်ကား အခြားမဟုတ် ပါ၊ တပေါင်းလပြည့်ကျော်လောက် စ၍ ကျင်းပသော စာမေးပွဲမှာ ဓမ္မာ-စရိယ စာချတန်းအပါအဝင် တန်ခူးလဆန်းစ၌ ပြီးပါသည်။ စာသင်သား စာဖြေသမားတို့သည် စာမေးပွဲဖြေဆိုပြီးကတည်းက စာလွတ်,ပေလွတ်နှင့် အရပ်ပြန်ကြ, ခရီးဒေသစာရီကြွကြနှင့် ဝါဆိုခါနီးမှ စာပေအနီးသို့ ပြန်၍ ချဉ်းကပ်ကြတော့သည်၊ သို့ဖြစ်ရာ ကာလအားဖြင့် ၃-လခန့် အချည်းနှီး အချိန်တွေ အလဟဿဖြစ်ရသောအပြစ်, စိတ်အလေအလွင့်များသော အပြစ်, ပူပြင်းသော နွေရာသီ၌ ခရီးသွားကြသဖြင့် ကျန်းမာရေး ထိခိုက် သော အပြစ်များပင် ဖြစ်သည်။ နယုန်လ၌ စာမေးပွဲကျင်းပစဉ်ကမူကား စာမေးပွဲပြီးသည့်နောက် တလမျှလောက်သာ အနားယူကြရ, ဆန္ဒရှိရာသို့ ကြွကြရသဖြင့် ရက်များစွာ မပုပ် မပျက်, စိတ်အလေအလွင့်နည်းပါး, မိုး အနည်းငယ် ကျစပြုပြီဖြစ်၍ ဥတုရာသီမျှတသဖြင့် ကျန်းမာရေး ထိခိုက်မှု မရှိကြပဲ ဝါဆိုလ၌ စာဘက်သို့ ပြန်လှည့်နိုင်ကြသော အကျိုးတို့ကို ရရှိကြ ပေသည်။

ဤကိစ္စ၌ ထင်မြင်ချက် အကျိုးနှင့် အပြစ်ကိုသာ ပြခြင်းဖြစ်သည်။ မည်သို့ ပြောင်းလဲပြုလုပ်ရမည် ဟူ၍ကား မဆိုလိုပါ၊ သက်ဆိုင်ရာ ပုဂ္ဂိုလ် များသာ ပမာဏ ဖြစ်ကြပါသည်။

## နာယကမထေရ် ၇-ပါး

၁၂၇၇-ခုနှစ်၌ မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးသည် သက်တော် ယွယ်တော် မြောက်လာပြီဖြစ်၍ တိုက်တာအုပ်ချုပ်မှု၌ ကူညီ အုပ်ချုပ်တော်မူကြရန် အရံအကြီးအမှူး နာယကထေရ်ကြီးများအဖြစ်ဖြင့် တပည့်ကြီး ၇-ပါးကို တင်မြှောက်တော်မူသည်။ ထိုမထေရ်ကြီးများမှာ—

၁-တိုက်အုပ်ဆရာတော် အရှင်ဝိစာရ၊ ၂-တိုက်ကြပ်ဆရာတော် အရှင်ကောသလ္လ၊ ၃-ဓမ္မာချက္ခ အရှင်စာရိတ္တ၊ ၄-ဆီးပင်ကျောင်းဆရာတော် အရှင်နာရဒါဘိဝံသ၊ ၅-သုဝဏ္ဏဝတီကျောင်းဆရာတော် အရှင်အဂ္ဂဓမ္မာဘိဝံသ၊ ၆-ဝါဆိုကျောင်းဆရာတော် အရှင်စန္ဒာဘိဝံသ၊ ၇-စည်ရှင်ဆရာတော် အရှင်ကောသလ္လာဘိဝံသ-တို့ ဖြစ်ကုန်၏။

## မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး ပျံလွန်တော်မူခြင်း

သတိပဋ္ဌာန်မ ဉာဏ်အမြင် ရှိတော်မူသော ဆရာတော်ဘုရားကြီးသည် သက်တော် ၇၇-နှစ်သို့တိုင် ရောက်သဖြင့် အယွယ်တော် ယွင်းအိ ဝယော-ဟာနိ ဖြစ်၍ သတ္တဝါသင်္ခါရတို့၏ ဓမ္မတာသဘောအတိုင်း အားအင်ဆုတ်ယုတ်လာပြီဖြစ်၍ တိုက်တာကြီးကို ကြီးမှူးအုပ်ချုပ်စောင့်ရှောက်ကြစေရန် တပည့်ကြီးများကို လွှဲအပ် ခန့်ထားပြီးနောက် ၁၂၇၇-ခုနှစ် နတ်တော်လကစ၍ ဇရာဓမ္မတွင်မက ဗျာဓိဓမ္မပါ ကပ်ရောက်လာသည် ဖြစ်ရာ—

အာဗာဓေ မေ သမုပ္ပန္နေ၊ သတိ မေ ဥဒပဇ္ဇထ။
အာဗာဓော မေ သမုပ္ပန္နော၊ ကာလော မေ န ပမဇ္ဇိတုံ။—

ဟူသော ထေရဂါထာပါဠိတော်လာ အရှင်ဥတ္တိယထေရ် ကျူးရင့်တော်မူသကဲ့သို့ သင်္ခါရတရားတို့၏ လက္ခဏာကို နှလုံးသွင်း ဆင်ခြင်ကာ ဝေဒနာကို သည်းခံတော်မူလာခဲ့ရာ သက္ကရာဇ် ၁၂၇၈-ခုနှစ် ဝါဆိုလဆန်း ၈-ရက်နေ့ နံနက် ၇-နာရီ ၁၀-မိနစ်အချိန်တွင် ကမ္မဇရုပ်ချုပ်ငြိမ်း ဘဝဟောင်းကို ရုပ်သိမ်းတော်မူလေတော့သည်။

ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို အငြိမ့် ဇာတ် ရုပ်သေး ရုပ်ရှင် စသော အကအခုန် ပွဲလမ်းသဘင် မပါစေပဲ ရှေးအစဉ်အလာ သူတော်ကောင်းများကို သဂြိုဟ်သော ထုံးတမ်းဓလေ့အတိုင်း တိတ်ဆိတ်

ငြိမ်သက်စွာ စည်စည် ကားကား သိုက်သိုက် ဝန်းဝန်းဖြင့် သက္ကရာဇ် ၁၂၇၈-ခုနှစ် တပေါင်းလဆန်း ၁၂-ရက်နေ့မှစ၍ လပြည့်နေ့အပြီး သင်္ဂြိုဟ် လိုက်ကြသည်။ ပင့်သံဃာ တထောင်ကျော်ရှိ၍ နိုင်ငံတော် ထက်အောက်မှ ရောက်လာကြသော ရဟန်းရှင်လူတို့ အရေအတွက်မှာကား မခန့်မှန်းသာ အောင်ပင် စည်ကား များပြားလှပေသည်။

## စေတီတည်ခြင်း

မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်ကို ခေတ်အားလျော်စွာ ဓာတ်ခဲဖြင့် မီးသင်္ဂြိုဟ်ပြီးနောက် အရိုးတော်ဓာတ်ကို ကောင်းမွန်စွာ ကောက်ယူကြပြီးလျှင် အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်၏ အရှေ့ဘက်၌ စေတီအိမ် ပြုလုပ်တည်ထား၍ ပူဇော်ကြသည်။

## ပိဋကစံကျောင်းတော်

ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ကြည့်ရှုအသုံးပြုတော်မူခဲ့သော ပိဋကပါဠိ အဋ္ဌကထာ ဋီကာ ယောဇနာ ဂန္ထန္တရ ပေစာ စက္ကူစာအုပ် ပုရပိုက်မှစ၍ အသုံးအဆောင်တော် ပရိဘောဂ အရပ်ရပ်ကို အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက် အတွင်း၌ သီးသန့်အုဋ္ဌ်တိုက် စံကျောင်းတော် ဆောက် လုပ်၍ အများရှင်လူတို့ ဒဿနာနုတ္တရိယ ကုသိုလ်ပွါးများကြစေရန် သိမ်းဆည်းကာ ပူဇော်ထားကြသည်။ ဆရာတော်ဘုရားကြီး၏ ပုံတူရုပ်ထု တော်ကိုလည်း ၎င်းစံကျောင်းတော်တွင်း၌ပင် အဖူးအမျှော်ခံ ပင့်ဆောင် ထားလေသည်။

## ဘုန်းကြီးပျံ

ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဆရာ့ဆရာ အာစရိယ ပါစရိယ ဆရာ အဆက်ဆက်တို့မှ စ၍ မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး, ဒုတိယ, တတိယ, စတုတ္ထ, ပဥ္စမ, ဆဋ္ဌမ, သတ္တမ, အဋ္ဌမ ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာ နာယက အဆက်ဆက်သော ရွှေကျင်သာသနာပိုင် ဆရာတော်များ, ရွှေကျင်နိကာယ ထိုထိုနယ်ပယ်ဆိုင်ရာ မဟာနာယက, ဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက်, ဝိနည်းဓိုရ်, ဝိနိစ္ဆယက စသော ဆရာတော်များ ပျံလွန်တော် မူသောအခါ ဘုန်းကြီးသေ ရှာကျေ မဖြစ်စေပဲ အချိန်ကုန် ငွေကုန်

လူပန်း ဖျားနာမှုစသော ရောဂါဝေဒနာ မဖြစ်စေပဲ အလုပ်ပျက် အကိုင်ပျက် နိုင်ငံခြား, ဘာသာခြားတို့ ကဲ့ရဲ့ဖွယ်ရာ မဖြစ်စေပဲ သံဝေဂမွမ်-သံဟိတ သာဓုကိဋ္ဌန ဈာပနမျိုးသာ ဖြစ်စေ၍ အချိန်မှီလျှင် မှီသလို ရက်တိုတို့နှင့် ဈာပနကိစ္စကို ဆောင်ရွက်လိုက်ကြပေသည်။

အချို့ သူတော်ကောင်းစိတ်နှလုံး ရှိတော်မူကြသော အညနိကာယမှ မထေရ်ကြီးများသည် ဘုန်းကြီးပျံ ဈာပနကိစ္စနှင့်စပ်လျှင် ရွှေကျင်ဂိုဏ်းက နည်းစံနစ်ဟာ ကောင်းသကွ၊ ဒကာတွေလဲ အလုပ်မပျက် ကုသိုလ်မရတဲ့ ဝတ္ထုကြေးငွေများလဲ အပို အလဟဿ မကုန်ဘူး၊ ရက်နဲနဲကျဉ်းကျဉ်းနှင့် သန့်ရှင်းပေတယ်၊ ဒို့များပျံလွန်တော်မူလျှင် ရွှေကျင်နည်းအတိုင်း သင်္ဂြိုဟ်ကြပေ့-ဟု တပည့်ဒကာများကို မှာကြားတော်မူသည်ကို ကြားသိရဘူးသည်၊ အချို့လည်း ဆရာ့အမိန့်အတိုင်း ပြုလုပ်ကြသည်ကို တွေ့ရသည်။ ကောင်းသောနည်းဖြစ်က လိုက်နာပြုသင့်ကြပေသည်။

---

# ဒီပဲရင်းဆရာတော်ဘုရားကြီး

## ရွှေကျင်နိကာယ သမ္မုတိသာသနာပိုင် တင်မြှောက်ခြင်း

မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး ဥတုဇရုပ်ကလာပ်ကို သင်္ဂြိုဟ်မှု ဈာပနကိစ္စပြီးသောအခါ သံဃထေရ်ကြီးများ စုဝေးတိုင်ပင်၍ ရွှေကျင်ဂိုဏ်းကြီးကို မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးနေရာမှ ရပ်တည်၍ ဆက်လက်စောင့်ရှောက် ထိန်းအုပ်တော်မူရန် သင့်လျော်မည့် မထေရ်ကို အချင်းချင်း နှီးနှောတိုင်ပင်ကြသည်၊ ထိုအခါ အသင့်တော်ဆုံး, ဂုဏ်အင်္ဂါတို့နှင့် များစွာပြည့်စုံဆုံး, သတ္တိမန္တ ဗျတ္တိဗလတို့နှင့် ပြည့်စုံတော်မူသော ဒီပဲရင်းဆရာတော်အား ရွေးချယ်ကြရန် အများကပင် သဘောတူညီကြလေသည်။ ယင်းသို့ အများသဘောတူညီမှုကို ရရှိကြလျှင် အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်၌ ရွှေကျင်နိကာယ သံဃာ့အစည်းအဝေးကြီးပြုလုပ်၍ **ဒီပဲရင်းဆရာတော်ဘုရားကြီး**ကို "ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာနာယက သမ္မုတိသာသနာပိုင်" အဖြစ်သို့ အခမ်းအနားဖြင့် တင်မြှောက်တော်မူကြသည်။

**ဒီပဲရင်းဆရာတော်**ဟူသည် ပရမတ္ထစက္ခုကျမ်း,သဒ္ဒစုဋ္ဌကသဒ္ဒါငယ် ပါဠိကျမ်း, လောကစက္ခုကျမ်း, အတ္တအနတ္တခွဲ-စသော ကျမ်းများကို ရေးသားတော်မူသော ဆရာတော်ဖြစ်သည်၊ ပရမတ္ထစက္ခုကျမ်းမှာ လူကြိုက်အများဆုံးကျမ်း ဖြစ်သည်၊ ဒီပဲရင်းဆရာတော် စာရေးသားတော်မူပုံမှာ တိုတိုပြတ်ပြတ် ရှင်းရှင်းနှင့် ထိထိ မိမိ ရေးတော်မူတတ်သည်။ အပြောတရားလည်း ကောင်းလှသည်၊ ရှင်းလင်း၍ နားဝင်လှသည်ဟု ကြားနာဘူးသူများ ချီးကျူးစကားကို တဆင့်ကြားသိရသည်။

ဒီပဲရင်းဆရာတော်သည်လည်း မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကဲ့သို့ ဆွေကြီးမျိုးကြီး ပစ္စည်းဥစ္စာကြွယ်ဝသော ဆွေမျိုးမိဘတို့မှ ပေါ်ထွန်းလာသော ဆရာတော်ဖြစ်သည်၊ ရှင်ဒကာ,ရဟန်းဒကာခံယူ၍ ချီးမြှောက်လှူဒါန်းလိုကြသော ဒကာ,ဒကာမတို့က ခွင့်တောင်းသော်လည်း ဆရာတော်၏ မိဘများကပင် ဒါယကာပြု၍ ရှင်အဖြစ်, ရဟန်းအဖြစ် ရောက်အောင် ချီးမြှောက်ကြသည်။ မန္တလေး၌ စာသင်နေစဉ် ဒူလာရောဂါစွဲကပ်၍ မိဘတို့က ရပ်ရွာသို့ပင့်ပြီး ဆေးဝါးကုသပေးကြရာ ရောဂါမှာ ရုတ်တရက်မပျောက်ကင်းသဖြင့် ရောဂါပျောက်သည်ကို စောင့်နေ၍ စာသင်သာလျှင်ပျက်တော့မည်ဟု နှလုံးသွင်း၍ မိဘတို့အား တောင်ဘက်သို့ ခေတ္တသွားဦးမည်ဟု သာမညပြောပြီး ဆေးတဖုံနှင့် ဝိနည်းပိဋကကိုထမ်း၍ မုံရွာအနောက် ဗန့်ကျီနယ် စာချဆရာတော် ဦးယသထံ သွား၍ ဝိနည်းအဋ္ဌကထာများကို အားထုတ်ခဲ့သည်။ မိမိကလည်း သံဃာများကို တဆင့် ပို့ချခဲ့သည်။

ဒီပဲရင်းဆရာတော်သည် မန္တလေးမြို့ ရွှေကျင်ငါးတိုက်အပါအဝင် ထရံကာတိုက် ထရံကာဆရာတော်, သုဓမ္မာဆရာတော်ဖြစ်သော စလင်းဆရာတော်,မဟာဝိသုဒ္ဓါရာမဆရာတော်များထံ၌ နည်းနိသျခံယူ,စာပေသင်ကြားတတ်မြောက်တော်မူသဖြင့် စလင်းတိုက်၌ ဆရာတော်ကလေး ဟူသောဂုဏ်ထူးဖြင့်၎င်း, မဟာဝိသုဒ္ဓါရာမတိုက်၌ ပဌမစာချအဖြစ်, ထိုနောက်ဆရာတော်ကလေးအဖြစ်ဖြင့်၎င်း ချီးမြှောက်သည်ကို ခံယူခဲ့ရသော ဆရာတော်ဖြစ်သည်။ စလင်းဆရာတော်, မဟာဝိသုဒ္ဓါရာမ ဆရာတော်များ၏ တိုက်တာအတွင်း၌ ဆရာတော်ဘုရားကြီးများ လက်အောက်က ဆရာတော်ကလေးဘွဲ့ထူးကို ခံယူရလောက်သော အရည်အချင်းမှာ ယံဝါ တံဝါ သာမန်ဂုဏ်အရည်အချင်း မဟုတ်သည်ကို နှိုင်းချင့် ဆုံးဖြတ်နိုင်လောက်ပေပြီ။

မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး အနောက်ပြင် ဝိသုဒ္ဓါရုံ တိုက်သစ်သို့ ပြောင်းရွှေ့ သီတင်းသုံးတော်မူသောအခါ အရှေ့ မဟာဝိသုဒ္ဓါရာမတိုက်၌ နာယကဆရာတော် အဖြစ်ဖြင့် မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးက ချီးမြှင့်တင်မြှောက်၍ တိုက်တာကို အပ်နှင်းတော်မူခဲ့သဖြင့် အရှေ့မဟာဝိသုဒ္ဓါရာမတိုက်ကြီးကို အုပ်ချုပ် စောင့်ရှောက်တော်မူရသည်။

## ဒီပဲရင်းဆရာတော်၏ သိမ်တော်များ


ဒီပဲရင်းဆရာတော်သည် ကိုယ်တော်တိုင်ကြီးမှူး၍ သမုတ်ခဲ့သော သိမ်တော်များမှာ ၁-မင်းလှမြို့သိမ်၊ ၂-မိုးညိုရွာကျောင်းသိမ်၊ ၃-သုံးဆယ်မြို့ကျောင်းသိမ်၊ ၄-ဒီပဲရင်း ကန်ဦးသိမ်၊ ၅-ရဲထွက် ရေဝန်ကျောင်းသိမ်၊ ၆-ကျွန်းဦးကျောင်းသိမ်၊ ၇-ကင်းရွာ ချမ်းသာကြီးကျောင်းသိမ်၊ ဤသိမ်များမှာ ၁၂၅၉-ခုနှစ်ကစ၍ သမုတ်ခဲ့သော သိမ်များဖြစ်သည်။ ၁၂၇၄-ခုနှစ်တိုင် သမုတ်သောသိမ်များမှာ ၈-မော်လမြိုင်မြို့ ပခေါန်ကာရုံသိမ်၊ ၉-မော်လမြိုင် ငန်းတေးကျောင်းသိမ်၊ ၁၀-သရက်ကုန်းကျောင်းသိမ်၊ ၁၁-ကျောက်ပုံးရွာကျောင်းသိမ်၊ ၁၂-ပုသိမ် ခါတော်မှီတိုက်သိမ်၊ ၁၂၇၅-ခုနှစ် ၁၃-ကျိုက်လတ် ပစ္ဆိမာရုံသိမ်၊ ၁၂၇၇-ခုနှစ် ၁၄-မြောင်းမြ သဒ္ဓမ္မပဇ္ဇောတာရုံသိမ်၊ ၁၅-ကျုံရဲကျောင်းသိမ်၊ ၁၆-တောင်ငူလာ ဣစ္ဆာသယသိမ်၊ ၁၇-စစ်ကိုင်းသေလာဂိရိချောင်သိမ်၊ ၁၂၇၈-ခုနှစ် ၁၈-မန္တလေးမြို့ အဘယာရာမ ရွှေဂူတိုက်သိမ်၊ ၁၉-မြစ်ကြီး မင်းကျောင်းသိမ်၊ ၂၀-ပဲခူး မြို့ထောင့်ကျောင်းသိမ်၊ ၂၁-ပဲခူး ခေါင်းရင်းတော်ကျောင်းသိမ်၊ ၂၂-သံဘိုကျောင်းသိမ်၊ ၂၃-စစ်ကိုင်းတောင် ဇောတိကာရုံကျောင်းသိမ်၊ ၂၄-စစ်ကိုင်းတောင် လေးမျက်နှာချောင်သိမ်များ ဖြစ်ကုန်၏။

ဒီပဲရင်း ဆရာတော်ဘုရားကြီးသည် သာသနာတော်အား ဓမ္မာနုဂ္ဂဟဖြင့်သာ အားပေးချီးမြှင့်တော်မူသည် မဟုတ်မူ၍ ပစ္စယာနုဂ္ဂဟဖြင့်လည်း အားပေး ချီးမြှင့် လှူဒါန်းတော်မူခဲ့ရာ ထောင်ပေါင်းများစွာ ထိုက်တန်သော သင်္ကန်း, ထီး, ဘိနပ် စသော သမဏကပ္ပိယပစ္စည်းတို့ကို ပေးလှူခဲ့သည်မှာ ကြိုးကြားကြိုးကြား မှတ်သားတော်မူသော အလှူစာရင်းသည်ပင် ဝတ္ထုပစ္စည်း အရေအတွက်အားဖြင့်သော်၎င်း, တန်ဘိုးအားဖြင့်သော်၎င်း များပြားလှပေသည်။

ဒီပဲရင်းနယ်, မန္တလေးမြို့တော် စသည်တို့၌ ဆရာတော်ဘုရားကြီးအား ရည်ညွှန်း၍ ဆောက်လုပ် လှူဒါန်းကြသော ကျောင်းတိုက်တို့ကိုလည်း သင့်လျော်သော အရည်အချင်းရှိသည့် ပုဂ္ဂိုလ်များကို လွှဲအပ်တော်မူ၍ သာသနာပြုတော်မူစေသည်။ ယင်းသို့လျှင် ဗုဒ္ဓမြတ်စွာ သာသနာတော်ကို ကိုယ်တိုင်လည်း ကျင့်ဆောင် အားပေးချီးမြှင့်,စွမ်းနိုင်သမျှလည်း အားပေး ချီးမြှောက်ခြင်း ပိဋကတ္တယကောဝိဒ, ဝိနယဓရ ထေရဦးကိုင် ဖြစ်တော်မူသော ဒုတိယဝိသုဒ္ဓါရုံ ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာနာယက ဒီပဲရင်းဆရာတော်ဘုရားကြီးသည်——

မုံရွာခရိုင် ဒီပဲရင်းမြို့နယ် ထောက်ရှာရွာ **ဦးရွှေဆေး-ဒေါ်ရှိန်တို့မှ** ၁၂၁၄-ခုနှစ် တော်သလင်းလပြည့်ကျော် ၁၀-ရက် အင်္ဂါနေ့၌ ဖွားမြင်တော်မူသော သားရတနာ ဖြစ်သည်။

**ဇာတာတော်ပုံ**




စဉ်နက္ခတ်
၄
၁
၈

ဒီပဲရင်းဆရာတော်ဘုရားကြီး၌ မွေးချင်းပေါက်ဖော် ၅-ယောက်ရှိရာ ဆရာတော်မှာ ဒုတိယမြောက် ဖြစ်သည်။ ငယ်မည်မှာ **မောင်စံပေါ်**-ဟု မှည့်ခေါ်ကြသည်။ မောင်စံပေါ် ၈-နှစ်ငယ်ရွယ်ရှိလျှင် မင်းတည်းကုန်းရွာ မြောက်ကျောင်း **ဂိုဏ်းထောက်ဆရာတော် ဦးကြီး**ထံ၌ အပ်နှံ၍ **စာပေ**သင်ကြားရသည်။ ဦးကြီး ပျံလွန်တော်မူသဖြင့် ဦးကြီး၏တပည့် ဦးမေဓာဝီ ဆက်လက် ကျောင်းထိုင်အုပ်ချုပ်၍ **ဦးမေဓာဝီ**ထံ၌ပင် ဆက်လက် ပညာ သင်ရပြန်သည်။

ထိုနောက် ၁၂၂၆-ခုနှစ်၌ ထောက်ရှာရွာ ဘုန်းတော်ကြီး **ဦးဂန္ဓမာ့** ထံသို့ ရွှေ့ပြောင်းအပ်နှံကြကုန်၏။ မင်းတည်းကုန်းကျောင်း ဆရာတော် ဦးဂန္ဓမာသည် ထောက်ရှာရွာသို့ ပြောင်းရွှေ့ သီတင်းသုံးသည် ဖြစ်၍ ထောက်ရှာရွာ ဆရာတော်ဦးဂန္ဓမာကို ဉပဇ္ဈာယ်ပြု၍ မိဘတို့ကပင် ပစ္စည်း ပရိက္ခရာတို့ဖြင့် လှူဒါန်း၍ ရှင်သာမဏေအဖြစ်သို့ ရောက်လေသည်။ ဘွဲ့မှာ **ရှင်ဉာဏ**ဖြစ်သည်၊ ၁၂၂၇-ခုနှစ် အသက် ၁၃-နှစ်ရှိလျှင် မန္တလေး သက်ပန်း၊ တိုက်၌ရှိသော ဦးရီးတော် ဦးဝိသုဒ္ဓထံ သွား၍ စာသင်မည်ဟု ထွက်ခဲ့ သော်လည်း အကြောင်းမညီညွတ်၍ မန္တလေးသို့ မရောက်ပဲ ဒီပဲရင်းမြို့ တောင်ပြင် **တဲတော်ရာဆရာတော်**ထံသို့ ဆည်းကပ်ကာ ဗျာကရုဏ်းစသော ကျမ်းများကို သင်ကြားခဲ့သည်။

ရှင်ဉာဏ အသက် ၁၅-နှစ်ရွယ်၌ ဦးရီးတော် ဦးဝိသုဒ္ဓက မန္တလေးသို့ ခေါ်ကာ တူဝရီး ၂-ယောက် သက်ပန်းတိုက်, နန်းဦးတိုက်, ထရံကာတိုက် တို့သို့ အကြောင်းအားလျော်စွာ ပြောင်းကာ ပြောင်းကာ စာပေသင် ကြားခဲ့ရာ သာမဏေရှင်ဉာဏ အသက် ၁၇-နှစ်ယွယ်ကပင် ရွှေကျင်ဂိုဏ်း တွင်းသို့ သက်ရောက်လေသည်။ ၁၂၃၃-ခုနှစ် အသက် ၁၉-နှစ်ရောက်လျှင် ရှင်ဉာဏတို့တူဝရီး စလင်းတိုက်သို့ ပြောင်းရွှေ့ကာ **စလင်းဆရာတော်**ထံ၌ စာများကို ဆက်လက်အားထုတ်ပြန်ရာ အသက် ၁၉-နှစ်မပြည့်မီ ရူပသိဒ္ဓိ, ဋီကာကျော်, အဌသာလိနီ-စသော ကျမ်းတို့ကို ပေါက်ရောက်ခဲ့ရာ စလင်း ဆရာတော်က အားရ နှစ်သက်တော်မူသဖြင့် ရှင်ဉာဏကို "ဝရ" ပုဒ် တိုး ဆက်၍ **ရှင်ဉာဏဝရ**-ဟု ချီးမြှောက်တော်မူသည်။ စလင်းဆရာတော် နန်းတော်သို့ ဆွမ်းစားကြွတိုင်း ရှင်ဉာဏဝရကို နောက်ပါသပိတ်ထမ်းခေါ်၍ ကောင်းမွန်သော ဆွမ်းဘောဇဉ်တို့ကို ကျွေးမွေး ပေးစွန့်လေ့ ရှိသည်။ ဤသာမဏေ ရှင်ဉာဏဝရသည် နောင်အခါ သာသနာတော်၌ အားထား လောက်သော ရဟန်းတပါး ဖြစ်လတ္တံ့-ဟုလည်း နှုတ်အားဖြင့် မြွက်ကြား တော်မူသည်။

ရှင်ဉာဏဝရသည် အသက် ၂၀-ပြည့်သောအခါ ထောက်ရှာရွာသို့ပြန်၍ မိဘတို့ကပင ရဟန်းဒကာပြု၍ ထောက်ရှာရွာ တောရကျောင်း၌ အရည- ဝါသီအဖြစ် သီတင်းသုံးနေသော ဦးရီးတော်ဘုန်းတော်ကြီး ဦးဝိသုဒ္ဓကို ဉပဇ္ဈာယ်ဆရာပြု၍ ရဟန်းအဖြစ်သို့ ရောက်သည်၊ ရဟန်းဖြစ်ပြီးနောက်

ဉပဇ္ဈာယ်ဆရာ၏ အမိန့်တော်အတိုင်း စလင်းဆရာတော်ထံပြန်၍ သုံးဝါတိုင်တိုင် ဝိနည်းပိဋကတော်များကို ဆက်လက်အားထုတ်ရသည်။ ရဟန်းသုံးဝါရပြီးသောအခါ တောင်ပြင်ဒက္ခိဏာရာမတိုက် ဘုရားကြီးဆရာတော်ထံ ဆည်းကပ်နေလိုပါကြောင်း လျှောက်ထားရာ ဘုရားကြီးဆရာတော်က တီးခေါက်မေးမြန်း စုံစမ်းသောအခါ အရအမိများခြင်း,သွက်လက်စွာ ဖြေဆိုနိုင်ခြင်းတို့ကြောင့် အနီးအပါး၌ပင် နေရာပေး၍ နေခွင့် ပြုတော်မူလေသည်။ ဘုရားကြီးဆရာတော်ထံ၌ ၁၂-လမျှကြာလျှင် စလင်းဆရာတော်ကပြန်ခေါ်သဖြင့် စလင်းတိုက်သို့ ပြန်ရပြန်သည်။

## ပထမစာချဖြစ်ခြင်း

စလင်းတိုက်သို့ ပြန်ရောက်နေရပြီးနောက် မကြာမီ စလင်းဆရာတော်ဘုရားကြီးက အရှင်ဉာဏဝရအား စလင်းတိုက်၌ ဆရာတော်ကြီး လက်ထောက် **ပထမစာချ**ဟူသော ဘွဲ့မည်ဂုဏ်ထူးဖြင့် သံဃာအလယ်၌ ချီးမြှောက်တော်မူသည်။

## နာယကဆရာတော်ဖြစ်ခြင်း

ပထမစာချအဖြစ်ဖြင့် စာပေပို့ချကာနေဆဲတွင် စလင်းဆရာတော်ဘုရားကြီး ပျံလွန်တော်မူလေသည်၊ ထိုအခါ စလင်းတိုက် တိုက်အုပ် ဆရာတော်ဦးဓမ္မအမှူးရှိသော သံဃာအားလုံးသဘောတူ ပထမစာချ အရှင်ဉာဏဝရအား စလင်းတိုက်၌ အကြီးအမှူး **ဦးစီးနာယက**အဖြစ် တင်မြှောက်ကြပြန်သည်။

## မဟာဝိသုဒ္ဓါရာမတိုက်သို့ရောက်ခြင်း

စလင်းတိုက်၌ တိုက်တာကြီးဦးစီးနာယကဆရာကြီးအဖြစ်ဖြင့် စွမ်းနိုင်သမျှ အုပ်ထိန်းစောင့်ရှောက်ခြင်း,စာပေပို့ချခြင်းဖြင့် တိုက်တာ၏တာဝန်ကို တိုက်အုပ် ဆရာတော်များနှင့် တွဲဘက်ထမ်းဆောင်လာခဲ့ရာ တိုက်အုပ်ဆရာတော်ဦးဓမ္မ ပျံလွန်တော်မူပြန်သည်တွင် သံဝေဂဉာဏ်လည်း အထူးတလည်ဖြစ်၍ တိုက်တာ၏တာဝန်ကြီးသည်လည်း အသက်အယွယ်နှင့် မတန်အောင်ကြီးမား များပြားလှသည်ဖြစ်၍ ငြိမ်းချမ်းသော နိဗ္ဗိန္ဒဉာဏ် သက်ဝင်နေစဉ် အရှင်ဉာဏဝရ၏ တပည့်များဖြစ်သော ဦးမေဃနှင့် ဦးလက်ာဒီပတို့သည် မဟာဝိသုဒ္ဓါရာမတိုက်သို့ ပြောင်းရွှေ့နေလိုကြောင်း အခွင့်တောင်းကြရာ

"ငိုချင်ရက်လက်တို့" ဆိုသကဲ့သို့ ပကတိကပင် ရွှေကျင်သွေး ရွှေကျင်ဓာတ်ခံ ပါရှိခဲ့၍ ထရံကာတိုက်၌ နေစဉ်ကပင် ရွှေကျင်ဆရာတော်ဘုရားကြီး၏ အဆုံးအမ ဩဝါဒနည်းနိသျှတို့ကို လိုလားနှစ်သက်မြတ်နိုးရင်း ရှိခဲ့သည် ဖြစ်သောကြောင့် တပည့် ၂-ပါးကို လွယ်လွယ်ကူကူ ကြည်ဖြူစွာ အခွင့်ပြုရုံသာမက မိမိကိုယ်တိုင်ပင် မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးထံ ရွှေဆောင် ခွင့်တောင်း၍ အခွင့်ရသည့်အတိုင်း ဆရာတပည့်သုံးပါးလုံး မဟာ-ဝိသုဒ္ဓါရာမတိုက်သို့ ရွှေ့ပြောင်းကြကုန်၏။

ဆရာတော်ကလေး အရှင်ဉာဏဝရ၏ အရည်အသွေးကို အဝေးနေစဉ်ကပင် သိရှိတော်မူပြီးဖြစ်သော မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးသည် အရှင်ဉာဏဝရကို လက်ခံတော်မူ၍ **မဟာဝိသုဒ္ဓါရာမတိုက် သပြေပင်ကျောင်း**၌ သီးသန့် ချီးမြှောက် နေရာ ချထား ပေးတော်မူသည်၊ အရှင်ဉာဏဝရသည်လည်း မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးထံ၌ နည်းနာနယ အဝဝကို လေ့လာဆည်းပူးယင်း တပည့်ငယ်သားများကိုလည်း စာပေပို့ချတော်မူသည်။

## မဟာဝိသုဒ္ဓါရာမတိုက်၌ ပထမစာချဖြစ်ပြန်ခြင်း

အရှင်ဉာဏဝရ စာပေပို့ချနေသောအခါ မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးသည် ရံခါ ရံခါ သပြေပင်ကျောင်းအနီးအပါးသို့ ကြွရောက်တော်မူ၍ စာနာတော်မူသည်၊ စာချပုံ, ပြောဆိုပုံ, အဓိပ္ပါယ်ထွက်ကောက်ယူပုံမှ စ၍ နှစ်သက်ကျေနပ်တော်မူသဖြင့် **ပထမစာချ သပြေပင်ကျောင်းဘုန်းကြီး** ဟူသော ဂုဏ်ထူးဖြင့် ချီးကျူးတင်မြှောက်တော်မူသည်။

## ဆရာတော်ကလေးဖြစ်ခြင်း

ထိုနောက် အရှင်ဉာဏဝရ ပထမစာချ သပြေပင်ကျောင်း ဘုန်းကြီး၏ ဂုဏ်သတင်းသည် ပေါ်လွင်ထင်ရှား များသည်ထက် များလာလေသည်၊ စာချသာ မဟုတ်၊ ဂန္ထန္တရ ဗဟုဿုတ, ပိဋကတ္တယကောဝိဒ, ဝိနယကုက္ကုစ္စ, သိက္ခာကာမ-စသော ဂုဏ်တို့ဖြင့် ကျော်ကြားခဲ့သည် ဖြစ်သောကြောင့် မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးသည် အရှင်ဉာဏဝရ-အား ဂုဏ်နှင့်ထိုက်တန်စွာ မဟာဝိသုဒ္ဓါရာမတိုက်တွင်း၌ ဆရာတော်ဘုရားကြီး လက်အောက် **ဆရာတော်ကလေး** ဟူသော ဘွဲ့မည်ဂုဏ်ပုဒ်ဖြင့် တဆင့်တက်၍

ချီးမြှောက်တော်မူပြန်သည်။ မန္တလေးမြို့ ကုန်သည်ကြီး **ဒေါ်ယာ** နှင့် သား, **ဦးမြိုင်** တို့က ဆောက်လုပ် လှူဒါန်းအပ်သော **မင်္ဂလာကျောင်း** ကိုလည်း အပ်နှင်း၍ ၎င်းမင်္ဂလာကျောင်း၌နေကာ စာပေပို့ချရသည်။

ထိုမှတပါး ဒီပဲရင်းနယ် ထောက်ရှာရွာ, မင်းတည်းကုန်းရွာတို့၌ ဒါယကာ, ဒါယိကာမတို့ ဆောက်လုပ်လှူဒါန်းသော ကျောင်းများကိုလည်း အလှူခံယူတော်မူရသည်။

## နာယကဆရာတော်ဖြစ်ခြင်း

၁၂၆၅-ခုနှစ်၌ မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ်သို့ ပြောင်းရွှေ့သီတင်းသုံးတော်မူသောအခါ ဆရာတော်ကလေး အရှင်ဉာဏဝရ-အား အရှေ့မဟာဝိသုဒ္ဓါရာမတိုက်၌ **နာယကဆရာတော်** အဖြစ်ဖြင့် အပ်နှင်း၍ စောင့်ရှောက်စေတော်မူသည်။ နာယကဆရာတော် အရှင်ဉာဏဝရ-သည် မင်းတည်းကုန်းရွာ၌ ကျောင်းဒါယကာ **ဦးရှိန်းခို** သား **မောင်ချင့်** တို့က **အုဋ်တိုက်ကျောင်း** ဆောက်၍ ဒါယကာအများနှင့် မရမနေ အကြောင်း အမျိုးမျိုးပြ၍ ပင့်ကြသဖြင့် ဒုတိယအကြိမ် ၃-ဝါ ကြွရောက် ချီးမြှောက်ရသည်။ သိက္ခာဝါတော် ၄၄-ဝါရတော်မူသည့်တိုင်အောင် မင်းတည်းကုန်း၌သာ သီတင်းသုံးတော်မူသည်။

## ရွှေကျင်နိကာယဥက္ကဋ္ဌ မဟာနာယကဖြစ်ခြင်း

၁၂၇၀-ခုနှစ် မဟာဝိသုဒ္ဓါရာမဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက် ရွှေကျင်ဂိုဏ်းကြီးကို ဆက်လက်စောင့်ရှောက်ရန် အထက်မြန်မာနိုင်ငံတော်အတွက် **ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာနာယက** အဖြစ်ဖြင့် ဒီပဲရင်းဆရာတော် အရှင်ဉာဏဝရ ကို အများသဘောတူ တင်မြှောက်တော်မူကြသည်။

## ပိုက်ကျုံးတိုက်ကျောင်းဖြစ်ပေါ်ခြင်း

၁၂၀၆-ခုနှစ် ဒီပဲရင်းဆရာတော်ဘုရားလက်ထက်၌ မန္တလေးမြို့ ပိုက်ကျုံးရပ် **ဒေါ်စု** က ဆောက်လုပ်လှူဒါန်းသော **အုဋ်တိုက်** ဖြစ်ပေါ် အလှူခံယူတော်မူရ၍ သကျသီဟ ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ, ဝိသုဒ္ဓါရုံ ဂဏဝါစက **အရှင်ကောသလ္လာဘိဝံသ**-အား လွှဲအပ်ချီးမြှောက်တော်မူသည်။

## အဘယာရာမ ရွှေဂူတိုက် ဖြစ်ပေါ်ခြင်း

၁၂၇၉-ခုနှစ်၌ မန္တလေးမြို့ မလွန်ရပ် **ဦးမင်း, ဒေါ်ဝင်း** တို့က မန္တလေးမြို့ စိန်ပန်းရပ်ကွက်၌ ဆောက်လုပ် လှူဒါန်းသော ကြီးကျယ်ခမ်းနားသော **အုဋ်တိုက်ကျောင်းကြီး**နှင့်တကွ **အဘယာရာမရွှေဂူတိုက်**ကို အလှူခံယူရ၍ သက္ကတ-မာဂဓ ဘာသန္တရကောဝိဒ, သကျသီဟပရိယတ္တိသာသနဟိတ-ဓမ္မာစရိယ **အရှင်အဂ္ဂဓမ္မာဘိဝံသထေရ်** အား လှူအပ်ချီးမြှောက်တော်မူသည်။

ပြဆိုအပ်ခဲ့ပြီးသော ဘုန်းကမ်သမ္ဘာ ပညာသီလ-စသည့်ဂုဏ်တို့ အရှင်ဖြစ်သော ရွှေကျင်နိကာယ တတိယသာသနာပိုင် ဒုတိယမဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးသည် ၁၂၇၉ ခုနှစ် ပြာသိုလဆန်း ၅-ရက်နေ့ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ ကမ္မဇရုပ် ချုပ်တော်မူလေပြီ။



ကျိုက္ကစံဆရာတော်ဘုရားကြီး ပုံတော်

# ကျိုက္ကစံဆရာတော်ဘုရားကြီး

၁၂၇၈-ခုနှစ်၌ မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး ပျံလွန်တော်မူသော် ဒိပဲရင်းဆရာတော်ကို ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာနာယက အဖြစ် တင်မြှောက်ကြရာတွင် အောက်မြန်မာနိုင်ငံတော်အတွက် တွဲဘက် "ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာနာယက" အဖြစ်ဖြင့် ရန်ကုန်မြို့ **ကျိုက္ကစံဆရာတော်**အား တင်မြှောက်တော်မူကြသည်။

ကျိုက္ကစံဆရာတော်သည် ပဲခူးမြို့ ပန်းလှိုင်ရပ်၌ ၁၂၁၄-ခုနှစ် နယုန်လဆုတ် ၅-ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသည်၊ ၇-နှစ်သား

အယွယ်ကစ၍ **ဘုန်းကြီးပုံထံတွင်** သူတော်ငယ်အဖြစ်နှင့် ၇-နှစ်နေခဲ့သည်၊ သာမဏေအဖြစ်နှင့် ၅-ဝါရပြီးသော် ၁၂၃၃-ခုနှစ် ဟသ်ာတဇာတိ မန္တလေးမြို့ မိုးကောင်းဆရာတော်"ဂန္ဓမာဘိသိရီ ကဝိဇေ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော်ရ **အရှင်ဂန္ဓမာ** ထံ၌ အရှင်ဂန္ဓမာကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်သည်၊ မန္တလေးမြို့ ရွှေကျင်တိုက် မိုးကောင်းတိုက်တို့၌နေ၍ ၆-ဝါအရတွင် **ပထမစာချ** ဖြစ်သည်၊ ၈-ဝါရလျှင် ပဲခူးမြို့သို့ပြန်၍ အထက် **ဇိုင်းဂနိုင်းကြီးဆရာတော်**ထံ၌ တဝါနေသည်၊ ၉-ဝါရလျှင် ပဲခူး ကြခတ်ဝိုင်းကျောင်းတိုက်ကို **ဦးစီး**အုပ်ချုပ်၍ သံဃာ ၅၀-ကျော်တို့အား စာပေပို့ချကာ ၁၂-နှစ်တိုင် နေတော်မူသည်၊ (ဆယ်ဝါမပြည့်သေးမီအတွင်း၌ မဟာစေတီဆရာတော် ဦးဂုဏ-က နိသျည်းဆရာပြု၍ စောင့်ရှောက်သည်။) သိက္ခာဝါ ၂၀-ရလျှင် ဘုန်းတော်ကြီး **ဦးသီလ**က တောကျောင်းနေရန် အမိန့်ရှိ၍ ကျိုက်ပဒိုင် သိမ်ကုန်းတောရသို့ ထွက်ကြွကာ ပရိယတ်ပဋိပတ် နှစ်ရပ်ကိုပင် အားထုတ်တော်မူခဲ့သည်၊ ယင်းတောကျောင်း၌လည်း သံဃာ ၅၀-ကျော်ပင် ရှိပြန်သည်။ သိမ်ကုန်းတောရကျောင်း၌ ၈-နှစ်ခန့် ကြာသည်၊ ၂၉-ဝါအရ ၁၂၆၁-ခုနှစ်တွင် **မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရား**က ကျိုက္ကစံတိုက်ကို လွှဲအပ်၍ လက်ခံအုပ်ချုပ်တော်မူရသည်၊ **ဆရာတော်ကလေး**ဟူ၍လည်း ဘွဲ့မည်ဖြင့် ချီးမြှောက်ခံယူရသည်၊ (ဘုန်းကမ်ပွင့်ထွန်းချိန် ရောက်သည်ဟူ၍ ပင်ဆိုရပေမည်၊ဆရာတော်ကလေး အရှင်ဥတ္တမသည် ကျိုက်ပဒိုင်သိမ်ကုန်း၌ နေစဉ်က ကောင်းစွာကျန်းမာခြင်းမရှိပဲ ကျိုက္ကစံရောက်မှ ကျန်းမာလာသဖြင့် သာသနာရေး တိုက်တာရေးကို အားထုတ်လာနိုင်သည် ဆိုသည်။ ဥစ္စာစောင့်တို့ဌာနဖြစ်၍ ကျိုက်ပဒိုင်ဂူကုန်း၌ငင်း, သိမ်ကုန်း၌ငင်း စာသင်တိုက် မတည်လေနှင့် မကြီးပွါးချေဟု ဘုန်းတော်ကြီးဦးသီလ မြွက်ဆိုဘူးသည် ဟူ၏။)

၁၂၆၄-ခုနှစ် နယုန်လ၌ ဆရာတော်ကလေး **အရှင်ဥတ္တမ**အား ကျိုက္ကစံကျောင်းတိုက်ကြီးကို လုံးဝဥဿုံ လွှဲအပ်တော်မူသည်၊ ထိုအချိန်မှစ၍ **ကျိုက္ကစံဆရာတော်**ဟု တွင်လေသည်။ ကျိုက္ကစံဆရာတော်သည် ကျိုက္ကစံကျောင်းတိုက်၌ တရာကျော်သော သံဃာများကို အုပ်ချုပ်၍ ပရိယတ္တိသာသနာကို ပြန့်ပွါးအောင် ၁၇-နှစ်တိုင်တိုင်အားထုတ်တော်မူသည်။ ဝိနည်းသုံးကျမ်းနိသျနှင့်တကွ ဗျာကရုဏ်းကျမ်းများကိုလည်း ရေးသားတော်

မူသည်၊ နှစ်စဉ် တန်ဆောင်မုန်းလတိုင်း နောက်ပါသံဃာများနှင့် တကွ ပဲခူး ကြခတ်ဝိုင်းကျောင်းတိုက်သို့ကြွ၍ ဝိနည်းစာပြန်ပွဲကို ကြီးမှူးအုပ်ချုပ်တော်မူသည်၊ ပဲခူးတောရ ရွှေကျင်ဂိုဏ်းအတွင်း၌ ဖြစ်ပေါ်လာသော အဓိကရုဏ်းကိုလည်း ဝိနည်းစာပြန်ပွဲရက်အတွင်း၌ပင် ငြိမ်းအေး ပြီးပြတ်အောင် စီရင် ဆုံးဖြတ်တော်မူသည်၊ ထိုအခါ၌ ပဲခူးရွှေကျင်ဂိုဏ်းသည် အထူး ညီညွတ်စည်းလုံးမှု ရှိသည်၊ ဝိနယဂရုက ရှိကြသောအရာ စား, နေ, ဝတ်ရုံ, သွားလာမှုတို့၌ နည်းယူရလောက်အောင် ကြည်ညိုဖွယ်ရာရှိသည်ဟု သတင်းမွေးခဲ့သည်၊ မြန်မာနိုင်ငံတော်အတွင်း ဝိနည်းစာပြန်ပွဲများတွင် ပဲခူးမြို့ ကြခတ်ဝိုင်းဝိနည်းစာပြန်ပွဲသည် ရှေးအကျဆုံး, အသက်အကြီးဆုံးပင် ဖြစ်သည်။

ကျိုက္ကစံဆရာတော်သည် အပြောနှင့်အဟော ညီသော ဆရာတော်, စာပေရော ကျင့်ဝတ်ရော ညီသော ဆရာတော်ဖြစ်၍ ပဲခူးရွှေကျင်ဂိုဏ်း၌ ဩဇာရှိတော်မူသည်၊ ထေရ်ကြီးထေရ်ငယ်မရွေး လေးစားခံ့ညားကြသည်။

ပဲခူး၌ ရွှေကျင်ဂိုဏ်းနှင့် တောရဂိုဏ်း ဆက်စပ်လာခဲ့သည်မှာ ကျိုက္ကစံဆရာတော် အကြောင်း အတ္ထုပ္ပတ္တိက တဖန် ထောက်ခံသဖြင့် ခိုင်မြဲသည်ထက် ခိုင်မြဲကြောင်း ဖြစ်လေသည်။ ဘုန်းတော်ကြီးဦးသီလနှင့် ကျိုက္ကစံဆရာတော်တို့သည် ဘုန်းကြီးပုံ၏ တပည့်များဖြစ်ကြသည်၊ တဖန် ကျိုက္ကစံဆရာတော်ကိုယ်တိုင် ရွှေကျင်တိုက်မနှင့် ရွှေကျင် ၁၂-တိုက် အပါအဝင် မိုးကောင်းတိုက်ဆရာတော် အရှင်ဂန္ဓမာထံ၌ နေခဲ့ရုံမက ရဟန်းဖြစ်ခဲ့သဖြင့် ရွှေကျင်ဂိုဏ်းနှင့် တောရဂိုဏ်းသည် အတန်တန်ဆက်လျက်,စပ်လျက် ရှိခဲ့ပါပေသည်။

ကျိုက္ကစံဆရာတော်သည် ကျိုက္ကစံတိုက်၌ ၁၇-နှစ်တိုင်တိုင် သာသနာ့တာဝန်ကို ဥဇုပဂ်ဝပြု၍ ဆောင်ရွက်တော်မူခဲ့ရာ သက်တော် ၆၆-နှစ် သိက္ခာတော် ၄၆-ဝါအရ ၁၂၇၉-ခုနှစ် တပေါင်းလပြည့်ကျော် ၅-ရက် သောကြာနေ့၌ ပျံလွန်တော်မူလေသည်။

ထိုနောက် ဒီပဲရင်းဆရာတော် တပါးတည်းသာ ဥက္ကဋ္ဌ မဟာနာယက အဖြစ်ဖြင့် ရွှေကျင်နိကာယ သံဃာအပေါင်းကို အုပ်ချုပ်တော်မူသည်။

## ပတ္တမြားဆရာတော်နှင့် အလုံဆရာတော်တို့အား ရွှေကျင်နိကာယဥက္ကဋ္ဌ မဟာနာယက တင်မြှောက်ခြင်း

ဒိပဲရင်းဆရာတော် ပျံလွန်တော်မူပြီးနောက် အစဉ်အလာအတိုင်း ရွှေကျင်ဂိုဏ်းကြီးကို အုပ်ချုပ်တော်မူရန် ရတ္တညူမဟတ္တ စိရပဗ္ဗဇိတ ထေရ-ဝိသိဋ္ဌတို့အတွင်းမှ ပိုမိုသင့်လျော်သည့်ပုဂ္ဂိုလ်ကို ၁၂၇၉-ခုနှစ် တပေါင်းလပြည့်နေ့တွင် မန္တလေးမြို့ ရွှေကျင်နိကာယ ဗဟိုဌာနဖြစ်သော မဟာ-ဝိသုဒ္ဓါရုံတိုက်သစ်၌ တတိယအကြိမ်မြောက် စည်းဝေးအပ်သော သာသနာတော်လုံးဆိုင်ရာ ရွှေကျင်ဂိုဏ်း အစည်းအဝေးကြီး ကျင်းပပြုလုပ်၍ ထိုအစည်းအဝေးကြီးမှ မန္တလေးမြို့ ပတ္တမြားတိုက် သက်တော် ၇၂-နှစ် ရဟန်းသိက္ခာဝါတော် ၆၂-ဝါ ရရှိတော်မူသော **ပတ္တမြားဆရာတော်နှင့်** တွဲဘက်သိက္ခာဝါတော် ၅၇-ဝါရှိတော်မူသော ခင်မွန်**အလုံဆရာတော်ဘုရားကြီး**တို့ကို တင်မြှောက်တော်မူကြသည်။

(က) ပတ္တမြားဆရာတော်ဘုရားကြီးကို''ရွှေကျင်နိကာယ ပထမ ဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ သာသနာပြု ဆရာတော်''ဟူသော ဘွဲ့ထူးအားဖြင့်၎င်း,

(ခ) အလုံဆရာတော်ဘုရားကြီးကို ''ရွှေကျင်နိကာယ ဒုတိယ ဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ သာသနာပြု ဆရာတော်'' ဟူသော ဘွဲ့ထူးအားဖြင့်၎င်း တင်မြှောက်ကြသည်။

ယင်းသို့ တင်မြှောက်ပြီးသည့်နောက် ပတ္တမြားဆရာတော်ဘုရားကြီးက မိမိသည် ဝယောဟာနိ ပရိပက္ကခန္ဓာ ဇရာဒုဗ္ဗလ ဖြစ်၍ သံဃာတာဝန်, ဂိုဏ်းဂဏကြီး၏ တာဝန်ကို ဆောင်ရွက်ရန် စိတ်ပင်ရှိစေကာ ကိုယ်က မပါနိုင်တော့ပြီဖြစ်၍ အလုံဆရာတော်အား ဂိုဏ်းဂဏ ကိစ္စ, တာဝန်ကို ဆောင်ရွက်ရန် လုံးဝ လွှဲအပ်တော်မူလေသည်၊ သို့ဖြစ်၍ အလုံဆရာတော်ကြီးတပါးတည်းသာ ဆက်လက်ကြီးမှူး၍ ရွှေကျင်ဂိုဏ်းကြီးကို အုပ်ချုပ်တော်မူသည်။

ဤနေရာ၌ စကားချပ်, စကားညှပ်အဖြစ် အနည်းငယ်ဖော်ပြလိုသည်မှာ—မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး လက်ထက်တော်ကပင် ထိုထို

မြို့ရွာ နယ်ပယ်အလျောက် ဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက်, ဝိနည်းဓိုရ်, ဝိနိစ္ဆယက ပုဂ္ဂိုလ်များအဖြစ် အရည်အချင်းအားလျော်စွာ ရွေးချယ်ချီးမြှောက်၍ ဆိုင်ရာ နယ်ပယ် မြို့ရွာတို့၌ အုပ်ချုပ်စေတော်မူခဲ့သည်။ မဟာဝိသုဒ္ဓါရာမ ဟူသော ရွှေကျင်နိကာယ ဗဟိုဌာန မိမိ၏အပါးတော်၌လည်း မိမိ၏ လက်အောက်မှ ကိစ္စအဝဝကို စီမံဆောင်ရွက်ရန် ချီးမြှောက်ခန့်အပ်ထားတော်မူသည်ကို နောက်က ရေးသားခဲ့ပြီ။ ထို့အတူ ယခုအချိန်၌လည်း နယ်တွင် နယ်အလျောက်, ဗဟိုဌာနတွင်လည်း ဗဟိုဌာနအလျောက် ၁၂၇၉-ခုနှစ် တပေါင်းလ အစည်းအဝေးကြီးက အသီးအသီးတင်မြှောက်အပ်ပြီးသော ဆရာတော်တို့သည် လေးလေးစားစား မိမိတို့၏မြို့ရွာနယ်ပယ်တို့၌ အုပ်ချုပ်ကွပ်ကဲလျက်ရှိသည်မှာ နိုင်ငံတော်အနှံ့အပြား၌ ရှိတော်မူကြ၍ အလွန် အားရ ဝမ်းမြောက်ဖွယ် ရှိလှပါပေသည်။

ရွှေကျင်နိကာယ ဗဟိုဌာန၌လည်း မဟာဝိသုဒ္ဓါရုံတိုက်သစ် တိုက်အုပ်ဆရာတော်အား "သံဃာဘာရနိတ္ထရက ဂိုဏ်းလုံးဝန်ဆောင် မဟာနာယက" အဖြစ်ဖြင့်၎င်း,

၁-သုဝဏ္ဏဝတီ အုဋ်ကျောင်းဆရာတော် အရှင်အဂ္ဂဓမ္မာဘိဝံသ၊

၂-ဝါဆိုကျောင်းဆရာတော် အရှင်စန္ဒာဘိဝံသ၊

၃-စည်ရှင်ဆရာတော် အရှင်ကောသလ္လာဘိဝံသ—တို့အား "ဂိုဏ်းလုံးဝန်ဆောင် မဟာနာယက ဆရာတော်၏ အတိုင်ပင်ခံ တွဲဘက်မဟာနာယကများ" အဖြစ်ဖြင့်၎င်း တင်မြှောက်တော်မူကြသည်။

ထိုပြင် ဗောဓိသတ္တ, ဓုတင်္ဂရေ,အရညဝါသီ, မဟာလဇ္ဇီပေသလ စစ်ကိုင်းတောင်ရိုး တောင်ဗိလာတောရ ဆရာတော် **အရှင်ပဏ္ဍာဝံသထေရ်**ကို "အထူးသာသနာပြု မဟာနာယက"အဖြစ်ဖြင့်၎င်း,

ပရိသတ်အလယ်တွင် ကိစ္စအဝဝဟူသမျှ မတွန့် မဆုတ် မရွံ့ မကြောက်ခြင်္သေ့ဟောက်သို့ ရဲစွမ်းသတ္တိရှိတော်မူသော အရှေ့ဝိသုဒ္ဓါရုံ တိုက်အုပ်ဆရာတော်ကြီး **အရှင်ပညာထေရ်**ကိုမူကား သာသနဝေရီ မိစ္ဆာဝါဒီပုဂ္ဂိုလ်တို့ကို နှိပ်နင်း ဖြိုဖျက် ဓမ္မစက်ဖြင့် အောင်နိုင်ခြင်း၄ါ စွမ်းဆောင်နိုင်ခြင်းစသော ဂုဏ်တော်တို့ကြောင့် "မိစ္ဆာဝါဒါဘိဘူ သာသနာပြုမဟာနာယကဆရာတော်"အဖြစ်ဖြင့်၎င်း,

၁-စလေမြို့ ဂူကြီးမော်ဆရာတော်၊
၂-ပုသိမ် ကျောင်းကုန်းဆရာတော်၊
၃-ကျိုက်လတ်မြို့ ပစ္ဆိမာရုံဆရာတော် —

တို့အား "ဂဏပါလက သာသနာပြု မဟာနာယက"များ အဖြစ်ဖြင့် ၎င်း တင်မြှောက်တော်မူကြသည်။ ဤသို့ စသည်ဖြင့် နိုင်ငံတော် အနှံ့ အပြား တင်မြှောက် ခန့်ထားအပ်သည် ဖြစ်၍ ရွှေကျင်ဂိုဏ်းသားအစစ် ဖြစ်လျှင် အစည်းအရုံး အကြီးအမှူး ဦးစီးနာယကတို့ဖြင့် ထိန်းသိမ်း စောင့်ရှောက်မှုကို ခံယူရရှိကြသည်ပင် ဖြစ်ပေသည်။

---

# အလုံဆရာတော်ဘုရားကြီး

**အလုံဆရာတော်ဘုရားကြီး** ဟူသည်မှာ ရွှေကျင်နိကာယ သာသန နယ်၌ ဝိနယဂရုက သိက္ခာကာမ လဇ္ဇီပေသလ ဂုဏ်တို့ဖြင့် အထူးထင်ပေါ် ကျော်ကြား၍ ဂိုဏ်းသံဃာတို့၏ အလေးအမြတ်ပြုခြင်းကို ခံတော်မူရ သော ဆရာတော်ကြီးတပါး ဖြစ်တော်မူသည်။

ဇာတိတော်အရပ်မှာ မုံရွာမြို့နယ် မုံရွာမြို့အနီး အိမ်ခြေနှစ်ထောင် ကျော်ရှိသော **ခင်မွန်မြို့ ရုံးသာရပ်** ဖြစ်သည်၊ ကျောင်းဒါယကာကြီး **ဦးသံချို**, ကျောင်းဒါယိကာမကြီး **မယ်ကျွန်း**တို့၏ သားတော်ဖြစ်သည်၊ ၁၂၁၂-ခုနှစ် နတ်တော်လဆန်း ၄-ရက် စနေနေ့၌ ဖွားမြင်တော်မူသည်။

၇-နှစ်သားအရွယ် ခင်မွန်မြို့ ဧသန်ကျောင်းဆရာတော် **ဦးပေါ်လာထံ** အပ်နှံ၍ စာပေသင်ကြားရသည်၊ ၁၂၂၄-ခုနှစ် အသက် ၁၂-နှစ်၌ ရှင် သာမဏေဖြစ်သည်၊ အသက် ၁၆-နှစ်တွင် မန္တလေးမြို့ ပြည်တိုက်၌ ၂-နှစ် ကြာမျှ စာပေ တက်ရောက် သင်ကြားခဲ့သည်၊ ၎င်းနောက် ငကြင်းမင်းရွာ တောင်ကျောင်း **သုံးဂိုဏ်းချုပ်ဆရာတော်ကြီး**ထံ၌ အဘိဓမ္မာအဋ္ဌကထာ ကြီး ၃-ကျမ်းကို ကိုယ်တိုင် စာဆို၍ သင်ကြားခဲ့သည်။ တနေ့လျှင် စာ တအင်္ဂါစီ ရှေ့ပလ္လင် နောက်ပလ္လင်ပေါက် နေ့စဉ် စာလှည့်ခဲ့သည်။

၁၂၃၂-ခုနှစ်၌ ရဟန်းအဖြစ်သို့ ရောက်သည်၊ အမိအဘတို့ကပင် ပဉ္စင်း ဒါယကာ ခံယူသည်၊ ခင်မွန်မြို့ ငါးမာရ်အောင်တိုက် ခဏ္ဍသိမ်တော်၌ မုံရွေး လေးရွာ ပုဗ္ဗာရုံကျောင်း ဂိုဏ်းအုပ်ဆရာတော်ဘုရားကြီး **အရှင်သုမနထေရ်** က ဥပဇ္ဈာယ်ဆရာအဖြစ် ချီးမြှောက်တော်မူသည်။

ရဟန်းဖြစ်ပြီးနောက် မန္တလေးမြို့ ရွှေကျင်တိုက်, ထရံကာတိုက်တို့၌ တက်ရောက် စာသင်ခဲ့သည်၊ ဝိနည်းပိဋကကိုမူကား **ခင်မွန်သုံးဂိုဏ်းချုပ်ဆရာတော်ကြီး**ထံ၌ သင်ကြားခဲ့သည်။

ရဟန်းသိက္ခာ ဆယ်ဝါရလျှင် အရှင်တိဿသည် အလုံမြို့ ခုံတော် **ဦးပို-ဒေါ်ရွှေမြ**တို့ ဆောက်လုပ် လှူဒါန်းသော လှေကား ၄-စင်းတပ် **လေးထောင့်ပြင်ကျောင်းကြီး**ကို ၁၂၄၂-ခုနှစ်၌ အလှူခံယူရ၍ မန္တလေးမြို့မှ နောက်ပါသံဃာ ၂၀-နှင့် ကြွရောက်သီတင်းသုံးခဲ့သည်။

ၒင်းနောက် တောင်ငူမြို့ ရေတာရှည်, ငါးဖယ်အင်းတို့၌ သုံးဝါ စာပေ ပို့ချနေခဲ့သည်။ ထိုနောက် မန္တလေး **မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး** ထံ၌ စာပေ ဆည်းပူးနေခဲ့သည်။

အလုံဆရာတော်ဘုရားကြီး အရှင်တိဿထေရ်သည် ပိဏ္ဍစာရိကဝတ်, ကောသနိက်ခုတင်တို့ကို သက်တော်ရှည်သမျှ မြဲစေတော်မူသည်။ မိစ္ဆာဇီဝ ဖြင့်ဖြစ်သော ပစ္စည်း, နိဿဂ္ဂိယပစ္စည်းတို့ကို လုံးဝ သုံးတော်မမူ၊ ခံယူခြင်း လည်း ပြုတော်မမူ၊ ငါးခန်း မဖြတ်သော သင်္ကန်း, အနားပတ် မတင်သော သင်္ကန်း, မအပ်သောဆိုးရည်ဖြင့် ဆိုးသော သင်္ကန်းတို့ကို အခါခပ်သိမ်း ဝတ်ရုံတော်မမူချေ။

အလုံဆရာတော်ဘုရားကြီးသည် ၁၂၇၉-ခုနှစ်၌ စတုတ္ထမြောက် ရွှေကျင်နိကာယ ဓမ္မသေနာပတိ ဖြစ်တော်မူ၍ ၁၂၉၀-ပြည့်နှစ် နတ်တော်လပြည့်ကျော် ၃-ရက်နေ့၌ ပျံလွန်တော်မူပါသတည်း။

---

# ချမ်းသာကြီးဆရာတော်ဘုရားကြီး

အလုံဆရာတော်ဘုရားကြီး ပျံလွန်တော်မူလျှင် ၁၂၉၁-ခုနှစ်၌ မော်လမြိုင်မြို့တွင် ကျင်းပအပ်သော ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ **သံဃာ့အစည်းအဝေးကြီး**မှ ရှမ်းမကားမြို့ **ချမ်းသာကြီးဆရာတော်ဘုရားကြီး**အား "ရွှေကျင်-နိကာယ ဥက္ကဋ္ဌမဟာနာယက ဓမ္မသေနာပတိ"အဖြစ်ဖြင့် တင်မြှောက်တော်မူကြသည်ဖြစ်၍ ရှမ်းမကားဆရာတော်ဘုရားကြီးသည် ရွှေကျင်ဂိုဏ်း သံဃာတော်အပေါင်းကို ရှေးအစဉ်အလာအတိုင်း အုပ်ချုပ်တော်မူသည်၊ ချမ်းသာကြီးဆရာတော်ဘုရားကြီး၏ အမိန့်အခွင့်ကို ခံယူ၍ မန္တလေးမြို့

မဟာဝိသုဒ္ဓါရုံတိုက်သစ် ရွှေကျောင်ဗဟိုဌာနမှ ဝန်ဆောင်ဆရာတော်များက ဆောင်ရွက်သင့်ရာကို ဆောင်ရွက်တော်မူကြရသည်။ ဆရာတော်ဘုရားကြီး အမိန့်အရ ဗဟိုဌာနမှ ညွှန်ကြားအပ်သော အရာတို့ကိုလည်း နိုင်ငံတော် ထက်အောက်ရှိ ရွှေကျောင်နိကာယ သံဃာတော်အားလုံး လိုက်နာကျင့်သုံး တော်မူကြရသည်။

**ချမ်းသာကြီး ဆရာတော်ဘုရားကြီး** ဟူသည်မှာ ရွှေဘိုမြို့ တောင်လက် သာလိုင်းရွာ၌ ၁၂၀၄-ခုနှစ် တပို့တွဲလဆန်း ၁၅-ရက် အင်္ဂါနေ့၌ ဖွားမြင် တော်မူသော **ဦးကျေး, မယ်ရောက်**တို့၏ သားတော်ဖြစ်သည်။ အသက် ၉-နှစ်ယွယ်တွင် သာလိုင်းရွာကျောင်း ဆရာတော် **အရှင်ပရမထေရ်**ထံ၌ ပညာ သင်ကြားရသည်၊ ၁၂-နှစ်သားအယွယ် ရှင်သာမဏေ ဖြစ်သည်၊ ရှင်အဖြစ်နှင့် နနန်းစုရွာ **အရှင်ဇဝန**, ခင်မင်ရွာ **အရှင်မိတိမာ**, မင်းရွာ **အရှင်ဝိစိတ္တ**, ရှိမ်းမကားမြို့ တောရကြီး, မန္တလေး ရွှေကျောင်တိုက်, မဟာဝိ-သုဒ္ဓါရာမတိုက်, မြို့ပြင်ကြီးဆရာတော် **အရှင်စန္ဒ** စသော ဆရာတော်များထံ ၇-နှစ်တိုင်တိုင် ပရိယတ္တိကို သင်ကြားလေ့လာခဲ့သည်။

၁၂၂၄-ခုနှစ် ကဆုန်လပြည့်ကျော် ၃-ရက် ကြာသပတေးနေ့တွင် ရွှေဘို နယ် မြင်တော်ရွာကျောင်း၌ **ရွှေကျောင်ဆရာတော်ဘုရားကြီး**ကို ဥပဇ္ဈာယ် ပြု၍ ရဟန်းအဖြစ်သို့ ရောက်သည်။

ရဟန်းအဖြစ်သို့ရောက်သောနေ့၌ ရဟန်းခံရက်ချုပ်ကို အကျဉ်းမှတ် သားရန် မဟာဝိသုဒ္ဓါရာမဆရာတော် ရေးပေးတော်မူသော လင်္ကာမှာ——

> ဝေ-ရာ-ရန်-ကင်း၊ နတ်မင်းခေါ်ဝေါ်၊ စော-န-ဝ-ရတ်၊ စွဲမှတ် သာသနာ၊ နှစ်ဖြာသက္ကရာဇ်၊ ရောက်လစ်ထိုခု၊ ဥတုဂိမ္ဟ်၊ ရာသီပြိဿ၊ မိုဃ်းဝအာကာ၊ ဝိသာခါလဲ၊ ရောင်မှိုက်သည့်၊ ပွဲတော်ညောင်ရေ၊ မျှဝေသွန်းဖျန်း၊ ဆန်းတက်သစ်ကုန်၊ လကဆုန်ဝယ်၊ ပုဏ္ဏမီထွက်၊ ကျော်သုံးရက်၌၊ မပျက်မှတ်ရှု၊ ဂုရုဝါရေ၊ သာညောင်ချွေသည်၊ ရွှေကျောင်ဆရာ၊ ဂဏာစရိယယ်၊ ဥပဇ္ဈာယ်ဖြင့်၊ အလွယ်တကူ၊ ရှင်မူ စွန့်လစ်၊ ပဥ္စင်းဖြစ်သို့၊ စင်စစ်ရောက်ပါ၊ ဤသည့်ငါသည်၊ ဘယာ ကိုယ်စိတ် ကင်းစေသော။
>
> သုံးကြိမ်ကမ္မဝါ၊တံတိုင်းကာ၊အောင်ချာနန်းမြို့ ချဉ်းစေသော။

ရှိမ်းမကားဆရာတော်ကြီး၏ ရှင်ဘွဲ့, ရဟန်းဘွဲ့မှာ **ရှင်ဇလိန္ဒ** ဖြစ်သည်။ ရဟန်းဖြစ်ပြီးနောက် ရှင်ဇလိန္ဒသည် ဝိသုဒ္ဓါရုံဆရာတော်နှင့်အတူ (ထိုအချိန်က မဟာဝိသုဒ္ဓါရာမဆရာတော်သည် ရဟန်းငယ်အဖြစ်သာ ရှိသေးသည်။) ရွှေကျင်တိုက်၌ရင်း,အင်းဝမြို့ သက်ငယ်ကျောင်းတိုက်၌ရင်း,မန္တလေးအရှေ့ပြင် မင်းတဲတိုက်၌ရင်း စာပေသင်ကြားနေခဲ့သည်။

၎င်းနောက် တဖန် ရွှေကျင်တိုက်၌ရင်း, အုတ်ဖိုဆရာတော်ထံ၌ ၂-ဝါမျှရင်း နေ၍ ဝိနည်းအဋ္ဌကထာများကို သင်ကြားခဲ့သည်။ ထိုနောက် ရွှေကျင်ဆရာတော်ဘုရားအား ပဥ္စမသင်္ဂါယနာတင် ဘုရင်မင်းတရားက သာသနာပြုရန် လျှောက်ထား အပ်နှင်းတော်မူသဖြင့် ဒီပဲရင်း, အလုံ, တောင်တွင်းကြီး,တလုပ်မြို့ စသည်တို့၌ သာသနာပြု နေတော်မူသည့်အခါ အရှင်ဇလိန္ဒသည် ရွှေကျင်တိုက်၌ နေရသည်။

၎င်းနောက် ငယ်ဆရာရင်း အရှင်ဇဝန သီတင်းသုံးတော်မူရာ ငပ္ပိုတောရကျောင်း, ရွှေတိုက်တောရကျောင်း, မဟာဝိသုဒ္ဓါရာမတိုက်, ရှိမ်းမကားဘုန်းပွင့်တိုက် အောက်တောရွာကျောင်း, ရှိမ်းမကားရွာသစ် ပေါက်ပင်ကျောင်းတို့၌ စာပေပို့ချရင်း နေခဲ့သည်၊ ရံခါ မဟာဝိသုဒ္ဓါရာမတိုက်၌ လက်ထောက် ဒုတိယ, ပထမစာချအဖြစ်ဖြင့် နေခဲ့ရသည်။

၁၂၄၉-ခုနှစ်မှစ၍ ရှိမ်းမကား ချမ်းသာကြီးကျောင်းတိုက်၌ အမြဲသီတင်းသုံးတော်မူသည်။ ၁၂၉၁-ခုနှစ် သက်တော် ၇၇-နှစ် သိက္ခာဝါတော် ၆၇-ဝါ အရတွင် "ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ" ဖြစ်တော်မူသည်။

---

# လှတောဆရာတော်ဘုရားကြီး

ရှိမ်းမကားမြို့ ချမ်းသာကြီးဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီးနောက် ၁၂၉၄-ခုနှစ် မန္တလေးမြို့ ဗဟိုဌာနဖြစ်သော မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ ပဥ္စမအကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ ရွှေကျင်ဂိုဏ်း အစည်းအဝေးကြီး၌ ရွှေဘိုနယ် လှတောရွာ **လှတောဆရာတော်ဘုရားကြီး**ကို "ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ"အဖြစ် တင်မြှောက်တော်မူကြသည်။ လှတောဆရာတော်ဘုရားကြီးကလည်း သက်တော်ယွယ်တော်

ကြီးပြီဖြစ်၍ ရွှေကျင်ဂိုဏ်းကြီးတာဝန်ကို ဗဟိုဌာနကနေ၍ ဆောင်ရွက်ကြရန် အောက်ဖော်ပြရာပါ ဆရာတော်များကို လွှဲအပ်တော်မူ၍ သံဃာ့အစည်းအဝေးကြီးက ထိုဆရာတော် ၄-ပါးတို့အား တွဲဘက်ဥက္ကဋ္ဌ မဟာနာယကအဖြစ်ဖြင့် တင်မြှောက်တော်မူကြသည်၊ ထိုဆရာတော်များမှာ—

၁-ကျိုက်လတ်ပဥ္စမာရုံဆရာတော် အရှင်ကေလာသ၊

၂-မဟာဝိသုဒ္ဓါရုံတိုက်အုပ်ဆရာတော် အရှင်ကောသလ္လာဘိဝံသ၊

၃-မဟာဝိသုဒ္ဓါရုံတိုက်ကြပ် စံကင်းဆရာတော် အရှင်စန္ဒာဘိဝံသ၊

၄-အဘယာရာမ ရွှေဂူတိုက်သစ်ဆရာတော် အရှင်အဂ္ဂဓမ္မာဘိဝံသ—

တို့ ဖြစ်တော်မူကြသည်။ ဤဆရာတော်တို့သည်ပင် ရွှေကျင်ဂိုဏ်းကြီး၏ တာဝန်ကို ရွက်ဆောင်တော်မူခဲ့ကြလေသည်။

**လှတောဆရာတော်**ဟူသည်မှာ ရတနာသိင်္ဃ ရွှေဘိုမြို့ တောင်လက်ဝက်လက်မြို့အပိုင် လှတောကြီး ငါးရွာအဝင် ရေထွက်ရွာ၌ အဘ **ဦးဖိုးပိုင်**, **အမိမယ်စာ**တို့၏ သားတော်ဖြစ်သည်၊ သက္ကရာဇ် ၁၂၃၃-ခုနှစ် ဝါခေါင်လဆုတ် ၁၀-ရက် ဗုဒ္ဓဟူးနေ့ နံနက် စက် ၉-နာရီ မိနစ်-၅၀ ၃-စက္ကန့်အချိန် ဖွားမြင်သည်။ ငယ်မည်မှာ **မောင်ဖိုးဖြေ** ဖြစ်သည်။

မောင်ဖိုးဖြေ ၃-လသားအယွယ်တွင် အမိမယ်စာ ကွယ်လွန်အနိစ္စရောက်၍ အဘ ဦးဖိုးပိုင်၏ နှမရင်း **မယ်ထား**က နွားနို့တိုက်ကျွေး၍ မွေးမြူခဲ့ရသည်။ မောင်ဖိုးဖြေ အသက် ၅-နှစ်ယွယ်ရှိသောအခါ **ဦးဆန်း**က ညီဖြစ်သော ဦးဖိုးပိုင်နှင့် နှမမယ်ထား ဦးတိုးတို့ထံ၌ မောင်ဖိုးဖြေကို အမွေစား အမွေခံ မွေးမြူရန် တောင်းယူ၍ မွေးမြူခဲ့ပေသည်။ ဦးဆန်းနှင့်ဦးဖိုးပိုင်တို့သည် ရွှေကျင်ဆရာတော်ဘုရားကြီး၏ အစ်ကိုရင်းများဖြစ်၍ မယ်ထားသည် အမရင်းဖြစ်သည်၊ မောင်ဖိုးဖြေသည် ရွှေကျင်ဆရာတော်ဘုရားကြီး၏ တူအရင်း ဖြစ်လေသည်။

[ဤနေရာ၌ ကြားဖြတ်၍ ရွှေကျင်ဆရာတော်ဘုရားကြီးကို မင်းတရားကြီးက မန္တလေးသို့ပင့်၍ ကိုးကွယ်တော်မူပုံ လှတောဆရာတော်ဘုရားကြီး၏ မှတ်တမ်းကို သုတေသီတို့အကျိုးငှါ ပြပါဦးအံ့။]

မောင်ဖိုးဖြေ အသက် ၇-နှစ်ရှိသောအခါ ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးသည် ရွှေကျင်ဆရာတော်ကို မန္တလေးနေပြည်တော်သို့ မင်းမှူး

မတ်တို့ကို စေလွှတ်၍ အကြိမ်ကြိမ်ပင့်စေရာ ကြွတော်မမူသဖြင့် ရွှေကျင် ဆရာတော်၏ ခမည်းတော် မယ်တော်တို့ကို မန္တလေးမြို့တော်သို့ ခေါ်ယူ ကာ အိမ်တော်ဆောက်လုပ်ပေး၍ ချမ်းသာစွာ ရိက္ခာထောက်ပံ့ကျွေးမွေး ထားပြီးမှ ခမည်းတော် မယ်တော်တို့ကို ရွှေကျင်ဆရာတော်အား ပင့်စေ သည်၊ ရွှေကျင်ဆရာတော်၏ ခမည်းတော် မယ်တော်တို့ကို မိမိ၏ ခမည်း တော် မယ်တော်တို့အလား မှတ်ယူကာ မန္တလေးမြို့ မြောက်ပြင် သူရဲတပ်၌ မင်္ဂလာအိမ်တော် ဆောက်လုပ်ချီးမြှောက်သည် ဟူ၏။

မင်းတရားကြီး၏ ပင့်လျှောက်စာ အဓိပ္ပါယ်မှာ— ဒကာတော်သည် အရှင်သူမြတ်အား ပင့်လျှောက်ခြင်းမှာ အရှင်သူမြတ်တို့၏ သာသနာတော် ကောင်းကျိုးကို ရည်ရွယ်၍ ပင့်လျှောက်ခြင်းဖြစ်ပါသည်၊ အရှင်ဘုရားသည် လည်း သာသနာတော်ကို ကောင်းစွာပြုစု စောင့်ရှောက်တော်မူလိမ့်မည်ဟု ဒကာတော် ယုံကြည်ပါသည်၊ အရှင်ဘုရား၏ ခမည်းတော် မယ်တော်တို့ သည်လည်း ရွှေမြို့တော်သို့ ရောက်ရှိနေကြပါပြီ၊ သို့ဖြစ်၍ သာသနာတော် ကောင်းမွန်ရေးကို ထောက်ထားတော်မူ၍ ကြွတော်မူသင့်ပါကြောင်း-ဖြင့် ပင့်လျှောက်သောအခါ ၁၂၁၇-ခုနှစ်၌ သိက္ခာတော် ၁၉-ဝါရ ရွှေကျင် ဆရာတော်သည် မန္တလေးသို့ ကြွတော်မူသည်။

## ဓမ္မိကာရာမတိုက် တည်ဆောက်လှူဒါန်းခြင်း

ရွှေကျင်ဆရာတော် မန္တလေးသို့ရောက်တော်မူလျှင် မင်းတုန်းမင်းတရား ကြီးက ကျောင်းတိုက်တည်ရန် သာယာ၍ ဥယျာန် ပန်းမာလ်နှင့် မွှေလျော် ဖွယ်ကောင်းသော **မနောရမံ** ဥယျာန်ကိုပြ၍ လျှောက်ထားရာ ရွှေကျင်ဆရာ တော်က ဤ ဥယျာန်ဌာနသည် လူပြွမ်းသောဌာနဖြစ်၍ ရဟန်းများနှင့် မသင့်လျော်ကြောင်း မိန့်တော်မူသည်။ သို့ဖြစ်လျှင် ဤမြို့တော်၌ အရှင်မြတ် သဘောကျတော်မူရာကို ကြည့်ရှုညွှန်ပြတော်မူပါ၊ အရှင်မြတ် သဘောကျ ရာ၌ ကျောင်းတိုက်တည်၍ လှူဒါန်းပါမည်ဟု လျှောက်၏။ ရွှေကျင်ဆရာ တော်ဘုရား ကြည့်ရှုတော်မူကာလ မန္တလေးတောင် မြောက်ဘက်၌ တော အုပ်တခုကို တွေ့ရှိ၍ ထိုနေရာကိုပင် ညွှန်ကြားတော်မူသည်။

ထိုမြေနေရာကို မည်သူပိုင်သနည်း ဟု မင်းတရားကြီး စုံစမ်းတော်မူရာ သားတော်ကြီး(မင်းသား မောင်ခဲ)မြေဖြစ်ကြောင်း သိရသဖြင့် မင်းသား

ကြီး မောင်ခဲအား မိန့်ခေါ်တော်မူ၍ အသင့်မြေကို ရောင်းပါဟု ဆိုသော် အဘယ်အတွက် အလိုရှိပါသလဲဟု တင်လျှောက်လျှင် အခြားမဟုတ်ချေ၊ ရွှေကျင်ဆရာတော်အား ကျောင်းတိုက်တည်ဆောက်လှူဒါန်းရန် ဖြစ်သည်ဟု ဆိုလျှင် ရွှေကျင်ဆရာတော်ကျောင်းတိုက် တည်ရန်ဖြစ်ပါမူ မရောင်းချလိုပါ၊ လှူဒါန်းပါရစေ ဟု တင်လျှောက်၍ လှူဒါန်းလိုက်၏။ ယင်း မင်းသားကြီး မောင်ခဲမြေပေါ်၌ မင်းတရားကြီးက ၁၂၁၇-ခုနှစ်တွင် **မဟာဓမ္မိကာရာမ**-ဟု ကမ္ပည်းတပ်၍ ကျောင်းတိုက်တည်ဆောက်လှူဒါန်းလေသည်၊ အရံကျောင်းတိုက် ၄-တိုက်ပါ တည်ဆောက်လှူဒါန်းကြောင်းကိုကား နောက်က ပြဆိုခဲ့ပြီ။

## ၇-နှစ်သားယွယ် မောင်ဖိုးဖြေ

ရွှေကျင်ဆရာတော်ဘုရား မန္တလေးမြို့တော်သို့ ပြောင်းရွှေ့ သီတင်းသုံးတော်မူ၍ ခမည်းတော် မယ်တော်တို့သည်လည်း မန္တလေးသို့ ရောက်နှင့်နေကြပြီ ဖြစ်သောကြောင့် မောင်ဖိုးဖြေတို့ မိဘသားချင်းတစုတို့သည်လည်း မန္တလေးသို့ပင် တစုတဝေးတည်းလိုက်ပါနေကြရသည်။ ထိုအခါ မောင်ဖိုးဖြေမှာ ၇-နှစ်ယွယ် ရှိပြီဖြစ်၍ မိဘ,ဘိုးဘွားတို့က ရွှေကျင်ဆရာတော်ဘုရားထံ၌ပင် ဝတ်နိဗဒ်ပြုရင်း စာပေသင်ကြားရန် ပို့အပ်ထားကြပေသည်။ ရွှေကျင်ဆရာတော်ဘုရားက မောင်ဖိုးဖြေကို ရွှေကျင်တိုက် စည်းမျဉ်းအရ သူတော်ယယ်ပြု၍ ရှစ်ပါးသီလ စောင့်ထိန်းစေသည်။

## ရှင်သာမဏေဖြစ်ခြင်း

သူတော်ငယ် ရာဇိန္ဒ အသက် ၁၃-နှစ်ရှိလျှင် ရွှေကျင်ဆရာတော်ဘုရားကြီး၏ ခမည်းတော်,မယ်တော်နှင့် ဦးဆန်းတို့က ဒါယကာပြု၍ ရှင်သာမဏေဖြစ်သည်။ ဘွဲ့မှာ **ရှင်ရာဇိန္ဒ** ဖြစ်သည်။

ရှင်သာမဏေအဖြစ်ဖြင့် စာပေသင်ကြားရာ ပဋိသန္ဓေဉာဏ် ထက်မြက်သဖြင့် အယွယ်နှင့်မတန်အောင် စာပေပေါက်ရောက်သည်၊ ရဟန်းတော်များနှင့်အတူ ဆရာတော်ဘုရားကြီး စသော ဆရာများထံ၌ ပါဠိ, အဋ္ဌကထာတို့ကို သင်ကြားခဲ့နိုင်သည်။ ရွှေကျင်ဆရာတော်ဘုရားကြီး၏ တူတော်သာမဏေအနေဖြင့်လည်း ရွှေကျင်ငါးတိုက်တွင် ထင်ရှားခဲ့သည်။

၁၂၃၂-ခုနှစ် တန်ဆောင်မုန်းလ၌ ရှင်ရာဇိန္ဒ အသက်နှစ်ဆယ် တွင်းသို့ သုံးလ ဝင်ရောက်လာပြီ ဖြစ်၍ ရွှေကျင်ဆရာတော် ဘုရားကြီးသည်ပင်

ဥပဇ္ဈာယ်ဆရာအဖြစ် ချီးမြှောက်တော်မူ၍ ဝင်းနှစ် တန်ဆောင်မုန်းလဆန်း ၈-ရက်နေ့၌ ရွှေကျင်တိုက်မ ခဏ္ဍသိမ်တော်တွင် ရဟန်းအဖြစ်သို့ ရောက်သည်။

ပထမ ကမ္မဝါစာဆရာမှာ — ဦးရန်ကုန်-ခေါ် ဦးပညာဝံသ၊
ဒုတိယ ကမ္မဝါစာဆရာမှာ — ရွှေကျင်ဆရာတော်ဘုရား၊
တတိယ ကမ္မဝါစာဆရာမှာ — ဆင်ရှာဆရာတော်၊
စတုတ္ထ, ပဉ္စမ ကမ္မဝါစာ အကြိမ်များစွာဖြင့် သိက္ခာတင်ခဲ့ရသည်။

ရဟန်းဒါယကာမှာ ရေထွက်ရွာ ရွှေလှန်မြို့ဝန်၏ ယောက္ခမတော်သူ မြောက် ၁၅၀-ဗိုလ် **ဗိုလ်ထိမ်းကြီးနှင့်** ဇနီး **မယ်ရွှေမိ** တို့ ဖြစ်သည်။ ဗိုလ်ထိမ်းကြီး-ဟူသည် ရှင်ရာဇိန္ဒ၏ အမေ့အစ်ကို ဖြစ်၍ ရှင်ရာဇိန္ဒ ဦးကြီး ဖြစ်သည်။

**စာသင်ခဲ့ခြင်း**

ရှင်ရာဇိန္ဒသည် ရဟန်းဖြစ်ပြီးနောက် အရပ်ရပ် ဆရာတော် အထူးထူး တို့ထံ၌ စာပေလိုက်နာ သင်ကြားခဲ့လေသည်။ ယင်း ဆရာတော်တို့မှာ—

မိုင်းလုံဆရာတော် အရှင်ဣန္ဒက,ပဂိုဆရာတော် အရှင်ဥေ ယျ,ဟသ်ာတ မိုးကောင်းဆရာတော် အရှင်ဂန္ဓမာ, (ထိုအခါက မန္တလေး၌ နေသည်။) မဟာဝိသုဒ္ဓါရာမဆရာတော်, မုံရွာ ဓမ္မာရုံဆရာတော် အရှင်ယသ, ကျိုက် လတ်ဆရာတော် အရှင်သောမ, စံကျောင်းဆရာတော် အရှင်သုဒဿန, စင်းတဲဆရာတော် အရှင်ဇိန, သရိုင် ဗောဓိကျောင်းတိုက်ဆရာတော်, ရွှေကျင်ဆရာတော်ဘုရားကြီးတို့ ဖြစ်သည်။ အထက်ပါ ဆရာတော်များသည် ထိုအချိန်က မန္တလေး၌ပင် စာချနေကြသည်ဖြစ်၍ ရှင်ရာဇိန္ဒ ရွှေကျင် တိုက်မမှ နေ၍ ထိုဆရာတော်များထံ စာလိုက်သင်ကြားခဲ့ရသည်။

ရှင်ရာဇိန္ဒသည် ရွှေကျင်တိုက်မ၌ သူတော်ငယ်အဖြစ်နှင့် ၇-ဝါ,သာမဏေ အဖြစ်နှင့် ၆-ဝါ, ရဟန်းအဖြစ်နှင့် ၆-ဝါ ပေါင်း ၁၉-ဝါတိုင်တိုင် နေခဲ့၍ စာပေပညာအပြင် ရွှေကျင်ဆရာတော်ဘုရားကြီး၏ အဆုံးအမ ဩဝါဒ နည်းနိသျှတို့ကို အတွင်းကျကျ ရရှိတော်မူခဲ့ပေသည်။ ဝတ်နိဗဒ်တို့ကိုလည်း အမြဲပြုခဲ့ရပေသည်။

ထိုနောက် ရှင်ရာဇိန္ဒသည် **ခင်မွန်ဆရာတော်** ထံ၌ ဝိနည်းအဋ္ဌကထာ များကို လိုက်နာသင်ယူခဲ့သည်၊ လေနာရောဂါစွဲကပ်လာသဖြင့် ရေထွက်ရွာ

ရွှေကျင်တောရကျောင်းသို့ ပြန်နေရသည်။ ရွှေကျင်တောရကျောင်း၌ နေစဉ် ရွှေကျင်ဆရာတော်ဘုရားနှင့် ဆရာတူတပည့်ဖြစ်သော ဆရာတော် **အရှင်ဥေယျ** ထံ၌ စာပေပို့ချ ကြည့်ရှုကာ ၃-ဝါနေခဲ့သည်။ ၎င်းနောက် ကျေးကန်ရွာ၌ ၃-ဝါနေခဲ့ရသည်။

## ရွှေကျင်တိုက်မသို့ ပြန်ရခြင်း

ရဟန်းသိက္ခာ ၁၂-ဝါအရတွင် ရွှေကျင်ဆရာတော်က မိန့်ခေါ်တော်မူ၍ ရွှေကျင်တိုက်မသို့ ပြန်နေရသည်၊ တပည့်များကိုပါ ခေါ်ယူစေပြီးလျှင် **စီးဘော်မြင်းဝန်ကျောင်း** ကို ချီးမြှောက် နေစေတော်မူသည်။

၁၅-ဝါရသောအခါ ရွှေကျင်ဆရာတော်ဘုရားကြီး မင်းကွန်းသို့ တောထွက်တော်မူသဖြင့် ရှင်ရာဇိန္ဒသည်လည်း မူလနေရင်း တောကျောင်းသို့ပင် ပြန်ခဲ့သည်၊ သို့ပင်ပြန်သော်လည်း တလလျှင် တကြိမ် နှစ်ကြိမ် ရွှေကျင်ဆရာတော်ဘုရားကြီးထံသို့ အဖူးအမျှော် ရောက်သည်၊ မိမိတပည့်များကိုလည်း ဆရာတော်ဘုရားကြီးအား ပြုစုလုပ်ကျွေးရန် အမြဲ ပို့ထားသည်၊ ရွှေကျင်တောကျောင်းမှ ဒက္ခိဏာရာမတိုက်သို့ ပြောင်း၍ ၇-နှစ်ခန့် နေခဲ့သည်။

သက္ကရာဇ် ၁၂၅၁-ခုနှစ် လှတောအုဋ်ကျောင်းသို့ ပြောင်းရွှေ့ အလှူခံယူကာ နေရသည်၊ **လှတော မင်္ဂလာအုဋ်ကျောင်းကြီး**ကို ကျောင်းဒါယကာ **ဝင်းမှူးမင်း** နှင့် **မင်းကတော်** တို့က ရွှေကျင်ဆရာတော်ဘုရားကြီးအား ပင့်ကာ ရေစက်ချ လှူဒါန်းသည်၊ ရွှေကျင်ဆရာတော်ဘုရားကြီးက ရှင်ရာဇိန္ဒ-ကို လွှဲအပ် စောင့်ရှောက်စေတော်မူသည်။

အရှင်ရာဇိန္ဒထေရ်သည် ၁၂၅၁-ခုနှစ်မှ စ၍ လှတော မင်္ဂလာအုဋ်ကျောင်းကြီး၌ သီတင်းသုံးနေခဲ့ရာ ၁၂၉၆-ခုနှစ်၌ ပျံလွန်တော်မူသည့်တိုင်အောင် ဖြစ်သည်။

အရှင်ရာဇိန္ဒသည် သာမဏေငယ်, ရဟန်းငယ်အခါက စ၍ ဆိုဆုံးမလွယ်ခြင်း **သောဝစဿတာ မင်္ဂလာ** နှင့် အထူးပြည့်စုံသဖြင့် "သဒ္ဒိဝိဟာရိကေန ဘိက္ခဝေ ဘိက္ခုနာ ရာခေန ဝိယ ဘဝိတဗ္ဗံ" ဟု ဘုရားရှင် မိန့်မြွက်တော်မူသကဲ့သို့ ရှင်ရာဇိန္ဒ-ဟူသော အမည်ကိုဖျောက်၍ **ရှင်ရာဓ**-ဟူ၍လည်း ဘွဲ့မည်အားဖြင့် ချီးမြှောက်ခြင်းကို ခံယူတော်မူရသော ဆရာတော်ကြီးဖြစ်ပါသတည်း။



ကျိုက်လတ် ပစ္ဆိမာရုံ ဆရာတော်ဘုရားကြီးပုံတော်

# ကျိုက်လတ် ပစ္ဆိမာရုံဆရာတော်ဘုရားကြီး

၁၂၉၄-ခုနှစ် လှတောဆရာတော်ဘုရားကြီးနှင့် အတူတကွ ရွှေကျင်ဂိုဏ်းကြီးကို ကြီးမှူး ဆောင်ရွက်ရန် တွဲဘက်ဆရာတော် ၄-ပါးကိုလည်း တင်မြှောက်တော်မူထားကြသည်ကို ရေးသားအပ်ခဲ့ပြီ။ ထိုဆရာတော်လေးပါးသည် အကယ်၍ လှတော ဆရာတော်ဘုရားကြီး လွန်တော်မူက အစဉ်အတိုင်း ဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိအဖြစ်ဖြင့် ဂိုဏ်းတာဝန်

ကို ဆောင်ရွက်ရမည် ဖြစ်သည်။ သို့ဖြစ်၍ လှုတောဆရာတော်ဘုရားကြီး ပျံလွန်တော်မူသဖြင့် ကျိုက်လတ် ပစ္ဆိမာရုံ ဆရာတော်ဘုရားသည် "ရွှေကျင်ဂိုဏ်းကြီး၏ ဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ" အဖြစ်သို့ ရောက်တော်မူသည်။

**ပစ္ဆိမာရုံဆရာတော်** ဟူသည် မြန်မာနိုင်ငံတော်၌ ထင်ရှား ကျော် ကြားပြီး ပါကဋ ဆရာတော်ကြီးတပါး ဖြစ်သည်တကြောင်း, တသောင်း ကျော် အရေအတွက်ရှိသော ရွှေကျင်နိကာယ သာသနာပိုင်အဖြစ်သို့ တင် မြှောက်ခံရအောင် ပရိယတ် ပဋိပတ် စသော ဂုဏ်အရည်အသွေး ရှိတော်မူ သော ဆရာတော်ကြီးဖြစ်တော်မူသည် တကြောင်းကြောင့် ပစ္ဆိမာရုံဆရာ တော်၏ အကြောင်း အတ္ထုပ္ပတ်ကို အသေးစိတ် ဖော်ပြခြင်း, ဂုဏ်ပုဒ်တွေ များများ ထုတ်ဖော်ခြင်းထက် အသင့်အတင့် အကျဉ်းချုပ် ဖော်ပြခြင်း သည် သာ၍ လေးနက်ပေရာ၏ ဟု ယုံကြည်ပါသည်၊ သို့ ယုံကြည်သည့်အ တိုင်းပင် အကျဉ်းအားဖြင့် ရေးသားပါမည်။ နောက် နောက် ဆရာတော် ကြီးများအကြောင်းကိုလည်း ဤနည်းတူပင် ရေးမည်ဖြစ်ပါသည်။

ပစ္ဆိမာရုံ ဆရာတော်ဘုရားသည် စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် သမန်း အေးရွာ **ဦးရွှေအိ, ဒေါ်ကြီးစောင်** တို့၏ သားတော်ဖြစ်သည်၊ သက္ကရာဇ် ၁၂၂၆-ခု သီတင်းကျွတ်လပြည့်ကျော် ၂-ရက် တနင်းလာနေ့ ညဉ့် ၄-ချက် တီးကျော်အချိန် ဖွားမြင်တော်မူခဲ့သည်။ ဦးရွှေအိ-ဒေါ်ကြီးစောင်တို့၌ သား ၅-ယောက်, သမီး ၂-ယောက်ရှိသည်တွင် ပစ္ဆိမာရုံဆရာတော်သည် ဒုတိယမြောက် ဖြစ်သည်။ မိမိတို့ပိုင်သော ယာတောသို့ သွားရောက် ကိုယ် ပိုင် နွားပေါင်းများစွာကို နွားတဲကြီးဆောက်လုပ်ကာ စောင့်ရှောက် ထိန်း သိမ်းနေစဉ် ဖွားမြင်သောကြောင့် ငယ်မည်ကို **မောင်တော** ဟု မှည့်ခေါ် ကြသည်၊ ခြောက်နှစ်သားရှိလျှင် သမန်းအေးရွာ ဆရာတော်ကြီး **အရှင် ဥတ္တမ** ထံ အပ်နှံ၍ စာပေ သင်ကြားခဲ့ရသည်။

ငင်းနောက် မောင်တောသည် တော-ချောင်းဦးဆရာတော် **ဦးဗုဒ္ဓိ**ထံ၌ ၎င်း, ချောင်းဦး ဆယ်ရွာ ဆင်စွယ်ပေါင်းတောရ ဆရာတော် **အရှင်အာဒိစ္စ** ထံ၌၎င်း စာပေကျမ်းဂန်တို့ကို ဆက်လက်သင်ကြားခဲ့သည်။

မောင်တော အသက် ၉-နှစ်ရှိလျှင် မူလဆရာတော် အရှင်ဥတ္တမထံ၌ မိဘတို့ကပင် ဒါယကာပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။

ရှင်သာမဏေ၏ဘွဲ့မှာ **ရှင်ကေလာသ** ဖြစ်သည်။ သာမဏေ ရှင်ကေလာသ သည် သာမဏေဘဝကပင်လျှင် အခြားသာမဏေများထက် ထက်မြက် လိမ္မာ စာပေဘက်၌ ထူးချွန်သော သာမဏေကျော် ဖြစ်လာခဲ့သည်။

သာမဏေ ရှင်ကေလာသသည် အသက် ၂၀-ပြည့်သောအခါ ချောင်းဦး မြို့ ပဲပြစ်တောရ ဆရာတော်ဘုရားကြီး **အရှင်ဥတ္တမ**ထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်သည်။ ရဟန်းဖြစ်သောနှစ်မှာ ၁၂၇၅-ခုနှစ် တပေါင်းလ ဖြစ်သည်၊ ဦးရိုးတော် **ဦးရွှေစို့**, ကြီးတော် **ဒေါ်ကြီးညို** တို့က ရဟန်းဒါယကာ ခံယူ ချီးမြှောက်ကြသည်။

ရဟန်းဖြစ်စ ဦးကေလာသသည် ခင်မွန်သုံးဂိုဏ်းချုပ် **မဟာဗောဓိ ဆရာတော်ဘုရား**ထံသို့ ဆည်းကပ်၍ စာပေသင်ကြား နည်းနာခံယူကာ မှီခိုနေခဲ့သည်။ ခင်မွန်ဆရာတော်ဆိုလျှင် သာသနနယ်ပယ်၌ အလွန်ထင် ရှားသော စာတတ် ဝိနည်းခိုရ်ဆရာတော်ကြီးဟူ၍ အသိအမှတ်ပြုကြရပေ သည်။ ခင်မွန်ထွက် ရဟန်းတော်တို့သည် ဝိနည်းတတ်, ဝိနည်းကျင့်ဝတ်၌ လေးစားကြသော ပုဂ္ဂိုလ်များသာ ဖြစ်သည်၊ ထို ခင်မွန် ဆရာတော် အကြောင်းကိုလည်း နောက်၌ သီးခြား ရေးသားပါဦးမည်။ ခင်မွန် ဆရာတော်ဘုရားသည် ဦးကေလာသအား ဝိနည်းပိဋကကိုသာ အထူးပြု၍ ပို့ချပေးတော်မူသည်။

ဦးကေလာသ ခြောက်ဝါရပြီးသောအခါ မြင်းမူမြို့ လေသာကန် ဆရာတော် **အရှင်ဉာဏဝံသ** ထံ ချဉ်းကပ်၍ အဘိဓမ္မာဆိုင်ရာ ပိဋကများ ကို သင်ကြား၍ နည်းနိဿယ ခံယူပြန်သည်။

ရှစ်ဝါရပြီးသော် မန္တလေးမြို့ မြတောင်တိုက်သို့ ရောက်၍ **မြတောင် ဆရာတော်ဘုရား**ထံ၌ ပါဠိ,အဋ္ဌကထာ,ဋီကာတို့၌ အဆုံးအဖြတ်ချယူပုံနည်း နှင့်တကွ သင်ကြားခဲ့သည်။

တဆယ့်တဝါရလျှင် **မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး** ခြေတော် ရင်းသို့ ချဉ်းကပ်၍ အရပ်ရပ်သော ပိဋကစာပေကျမ်းဂန်တို့ကို ထပ်မံ၍ နည်းခံသင်ကြားခဲ့ရသဖြင့် "ပိဋကတ္တယ ကောဝိဒ, ပရိယတ္တိဝိသာရဒ" အဖြစ်သို့ ရောက်ရပေသည်ဟု ပစ္ဆိမာရုံဆရာတော်ဘုရား ကိုယ်တိုင် မိန့်မြွက် တော်မူသည်ဟု ဆိုသည်။

မဟာဝိသုဒ္ဓါရုံတိုက်သို့ ရောက်၍ ပါဠိ,အဋ္ဌကထာ,ဋီကာတို့၌ ကျွမ်းကျင် တတ်မြောက်တော်မူသဖြင့် ဆရာတော်ဘုရားကြီးအနီး မဟာဝိသုဒ္ဓါရုံ တိုက်

တော်အတွင်း၌ပင် သံဃာများကိုစာပေပို့ချကာတိုက်တာ,သာသနတာဝန်ကို ဆောင်ရွက်နေသည်၊ ဆရာတော်ဘုရားကြီးကလည်း အားရ နှစ်သက်တော်မူ၍ ချီးမြှောက်တော်မူသည်ကို ခံယူရသည်။

## ပစ္ဆိမာရုံဆရာတော်အဖြစ်သို့ ရောက်ခြင်း

ကျိုက်လတ် မြို့သူမြို့သားတို့၏ ကောင်းမှုပွါးတိုးရာ မြို့ရွာ၌ သာသနကြက်သရေဆောင်ဖြစ်သော **တိလောကမာရဇိန်** ကြေးသွန်း ရုပ်ပွါးတော်ကြီးသည် သာဝတ္ထိမြို့တော် ဇေတဝန်ကျောင်းတော်၌ သက်တော်ထင်ရှား မြတ်စွာဘုရားသီတင်းသုံးနေတော်မူဘိသကဲ့သို့ ရှင်လူတို့၏ဒဿနာနုတ္တရိယကုသိုလ်ကို တိုးတက်ဖြစ်စေလျက် စံပယ် တည်နေတော်မူလျက် ရှိသည်။ ထိုတိလောကမာရဇိန် ရုပ်ပွါးတော်ကြီး၏ အနောက်အရပ်၌ ကျိုက်လတ်မြို့ တိုက်သူကြီး **ဦးရန်ရှင်း**နှင့် ဇနီး **ဒေါ်စပယ်**တို့ ဆောက်လုပ်သောကျောင်းနှင့်တကွ ဒါယကာ ဒါယိကာမအများတို့ ဆောက်လုပ် တည်ထောင်အပ်သော **ပစ္ဆိမာရုံကျောင်းတိုက်ကြီး**ကို မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးအား အပ်နှင်းလှူဒါန်းကြပြီးလျှင် ဆရာတော်ဘုရားကြီး ကိုယ်တော်စားတပည့်ကြီးတပါး ချီးမြှောက်ပါရန် လျှောက်ထားကြသည်ဖြစ်၍ **အရှင်ကေလာသ**အား ဆရာတော်ဘုရားကြီးက လွှဲအပ် ချီးမြှောက်တော်မူသော အခါမှ စ၍ "ကျိုက်လတ်ပစ္ဆိမာရုံ ဆရာတော်" အဖြစ်သို့ ရောက်တော်မူသည်။ ထို ပစ္ဆိမာရုံကျောင်းတိုက်ကြီးကို ၁၂၅၈-ခုနှစ် ဝါဆိုလပြည့်နေ့ အလှူခံတော်မူရသည်။

ပစ္ဆိမာရုံကျောင်းတိုက်ကြီးသည် ပရိယတ္တိစာသင်တိုက်ကြီးအင်္ဂါတို့နှင့် အညီ သိန်းချီ၍ကုန်ကျသော တိုက်ကျောင်းကြီးများမှ စ၍ အဆောက်အဦ အမျိုးမျိုးတို့ဖြင့် လိုလေသေး မရှိအောင် ပြည့်စုံကြောင်းကို ဆောက်လုပ်လှူဒါန်းသော ဒါယကာတို့၏အမည်များနှင့်တကွ ဆရာတော်ဘုရားကြီး၏ အတ္ထုပ္ပတ္တိ၌ အသေးစိတ် ရေးသားဖော်ပြလျက် ရှိလေသည်။

## ဥပနာယကထေရ်များ (တနည်း) အနုနာယကများ

ပစ္ဆိမာရုံကျောင်းတိုက်ကြီး၌ သံဃာတော်များလည်း စည်ကားသိုက်မြိုက်စွာ မှီခိုဆည်းကပ်၍ ပရိသတ်နှင့်တကွ ဝိနယာနုရူပ ရဟန်းကောင်းတို့၏ နေထိုင်ဝတ်ရုံပုံ, စားသောက်ပုံ, ပစ္စည်းလေးပါးသုံးဆောင်ပုံ မှစ၍

အရပ်ရပ်သော နည်းနိဿယတို့ကို သင်ယူလေ့လာဆည်းပူးလျက်ရှိကြသည် ဖြစ်၍ ထိုသံဃာတို့အား ဆရာတော်ဘုရားကြီးလက်အောက်မှ တပည့်ကြီး တို့က ထိန်းသိမ်း အုပ်ချုပ် စောင့်ရှောက်ကာ စာပေပို့ချ သွန်သင်ပြသ တော်မူကြရသော တပည့်များမှာ အရှင်ဥက္ကံသ, အရှင်နန္ဒက, အရှင် ဉာဏဝရ, အရှင်နာရဒ စသောမထေရ်များ ဖြစ်ကြကုန်၏။

## သီဟိုဠ်ကျွန်းသို့ ကြွခြင်း

၁၂၇၅-ခုနှစ် နတ်တော်လဆုတ် ၁၂-ရက်နေ့၌ နောက်ပါတပည့်တပန်း ရဟန်းသံဃာ ဒါယကာ-ဒါယိကာမများစွာ ခြံရံ၍ ကျိုက်လတ်မြို့မှ ကြွတော် မူသည်။ ယင်းသို့ကြွတော်မူရာ၌ နောက်ပါ တပည့်ပရိသတ်နှင့် တကွ လမ်း ခရီးတလျှောက်၌ တွေ့ဆုံသော သမာနာစရိယ သဗြဟ္မစာရီတို့ကိုလည်း ဆွမ်းရေးကိစ္စ, လမ်းပန်းသွားလာရေးကိစ္စမှ စ၍ ဆရာတော်ဘုရားကြီးက ပင် တာဝန်ယူ၍ ကာလဒါန, ဂမိကဒါန ပြုတော်မူပေသည်။ ဤစာရေး သော ဘုန်းကြီးသည် စစ်ကိုင်းတောင်ရိုး ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာ- နာယက အဂ္ဂမဟာပဏ္ဍိတ အတိသုဒ္ဓါရုံဆရာတော်ဘုရားကြီး အရှင်ဇောတိ- ပါလထံ၌ သက္ကတကျမ်းစာများ သင်ကြားလေ့လာစဉ် ဆရာတော်ဘုရား ကြီးက ကျိုက်လတ်ဆရာတော်ဘုရား ဘုန်းတော် ကမ်တော်ကို အမှီပြု၍ သီဟိုဠ်, ဣန္ဒိယတို့၌ အနှံ့အပြား ချမ်းသာစွာ ဘုရားဖူးရောက်ရသည်ဟု ပြောကြားတော်မူဘူးသည်။ အတိသုဒ္ဓါရုံဆရာတော်မှာ ထိုအခါက သိက္ခာ ဝါ ၂၀-မျှရှိသေးသည်၊ စာတော်သည်ကို ပစ္ဆိမာရုံဆရာတော် သိတော်မူ၍ သီဟိုဠ်မှအပြန် ကျိုက်လတ်တိုင်အောင် ခေါ်ဆောင်၍ ချမ်းသာစွာ ချီးမြှောက်ထားသေးသည်ဟု ပြောကြားတော်မူသည်။

## ရွှေကျင်နိကာယ ဓမ္မသေနာပတိ ဖြစ်ခြင်း

နောက်က ပြဆိုရေးသားခဲ့သည့်အတိုင်း ၁၂၆၄-ခု ပထမဝါဆိုလတွင် မန္တလေးမြို့ အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်၌ ကျင်းပပြုလုပ်အပ်သော ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ သံဃာ့အစည်းအဝေးကြီးမှ ကျိုက်လတ် ပစ္ဆိမာရုံ ဆရာတော်ဘုရားကြီးကို "ရွှေကျင်နိကာယ သံဃဥသျှောင် ဓမ္မသေနာ- ပတိ ရွှေကျင်သာသနာပိုင်"ဟူ၍ သမုတ်တင်မြှောက်တော်မူကြသည်။

## ယိုးဒယားသို့ သိမ်သမုတ်ကြွတော်မူခြင်း

ယိုးဒယား (ထိုင်း) နိုင်ငံ ဗန်ကောက်မြို့နေ ဒါယကာတို့သည် မိမိတို့ ကိုးကွယ်ဆည်းကပ်သော ဝတ်ပလုတ်ကျောင်းအတွင်း၌ သိမ်သမုတ်လိုကြ သဖြင့် ဝတ်ပလုတ်ကျောင်းဆရာတော်နှင့် တိုင်ပင်၍ ရွှေကျင်သာသနာပိုင် ပစ္ဆိမာရုံဆရာတော်နှင့် အတူတကွ ဝိသုဒ္ဓါရုံစည်ရှင်ဆရာတော်, တောင်ငူမြို့ ဆရာတော် ဦးကုဏ္ဍလတို့ကို ပင့်သဖြင့် ကြွတော်မူကြရသည်။ အပြန်တွင် ဆရာတော်များ ချမ်းသာတော်မူစေရန် လေယာဉ်ဖြင့် ပို့ဆောင်ကြသည်။ ဤအချိန်က မြန်မာနိုင်ငံတော်အတွင်း၌ လေယာဉ်စီးဘူးသူ အလွန်နည်း သေးသောအခါ ဖြစ်ရာ ရဟန်းတော်ထဲမှ ဆိုလျှင် ပစ္ဆိမာရုံ ဆရာတော် ဘုရားများသည် အာဒိဂမိက-ပင် ဖြစ်ပေသည်။

## ကျောင်းတိုက်များ အလှူခံကာ သာသနာပြုရခြင်း

ပစ္ဆိမာရုံဆရာတော်သည် ကျိုက်လတ်မြို့နယ်နှင့် တကွ ထိုထို အရပ် ဒေသတို့မှ လာရောက်လှူဒါန်းအပ်နှင်းသော ကျောင်းတို့ကို မလွှဲမရှောင် သာ လက်ခံတော်မူ၍ သင့်တော်သော တပည့်များကို လွှဲအပ် ချီးမြှောက် တော်မူရသည်မှာလည်း များစွာပင် ဖြစ်သည်။

## ရေးသားတော်မူသော ကျမ်းစာများ

ရွှေကျင်နိကာယ သာသနာပိုင် ပစ္ဆိမာရုံဆရာတော်ဘုရားကြီးသည် စာပေပို့ချယင်း, အခြားသော သာသနကိစ္စတို့ကို ဆောင်ရွက်တော်မူယင်း အကြားအကြား၌ ရေးသားတော်မူခဲ့သော ကျမ်းစာများမှာ—

၁-ကစ္စာယနဗျာကရဏစက္ခု၊ ၂-ဂန္ထာဘရဏဋီကာနိဿယသစ်၊ ၃-ဝိသုဒ္ဓိမဂ္ဂနိဿယသစ်၊ ၄-ဝိဘာဝနီဋီကာနိဿယသစ်၊ ၅-ကင်္ခါအဋ္ဌကထာနိဿယသစ်၊ ၆-ခုဒ္ဒသိက္ခာနိဿယသစ်၊ ၇-ပါတိမောက္ခလက္ခဏဝိဘာဝနီဋီကာ၊ ၈-ဝိနယမဉ္ဇူသာကျမ်း၊ ၉-ဝိနယဝိဘာဝနီကျမ်း၊ ၁၀-အဘိဓမ္မာအဆီခဲကျမ်း၊ ၁၁-မင်္ဂလာအဆီခဲကျမ်း၊ ၁၂-ကုမာရသိက္ခာကျမ်း၊ ၁၃-မူလဒီပနီကျမ်း၊ ၁၄-ပပဉ္စဆေဒနီကမ္မဋ္ဌာန်းကျမ်း၊ ၁၅-အနတ္တကမ္မဋ္ဌာန်းကျမ်း၊ ၁၆-ပါရမီမဉ္ဇူသက-ကျမ်းတို့ ဖြစ်ကုန်၏။

### ကျင့်ဝတ်များ

မကျန်းမာတော်မူသောအခါကို ချန်လှပ်၍ ပစ္ဆိမာရုံဆရာတော်ဘုရားကြီးသည် နံနက်အရုဏ်မတက်မီ ကျိန်းရာမှ ထတော်မူ၍ ရုံခါရုံခါ နိသဇ်ဓုတင်, အဗ္ဘောကာသိကဓုတင်, ရုက္ခမူလိကဓုတင်, ကောသနိက်ဓုတင်, ပတ္တပိဏ်ဓုတင်တို့ကို ဆောက်တည် ဖြည့်ကျင့်တော်မူလေ့ရှိသည်။

ဒါနဇ္ဈာသယ, အလောဘဇ္ဈာသယဓာတ် ထက်သန်တော်မူသည့်အလျောက် ပြုစုလှူဒါန်းတော်မူခဲ့သော ဒါနဝတ္ထုတို့၏ တန်ဘိုးမှာကား မြောက်မြားလှစွာပင် ဖြစ်ပေသည်။ အတ္ထုပ္ပတ္တိစာအုပ်၌ အကျယ်တဝင့်အလိုရှိက ကြည့်ပါကုန်။

ပစ္ဆိမာရုံဆရာတော်ကြီးသည် ပစ္ဆိမာရုံကျောင်းတိုက်ကြီးနှင့် ရွှေကျင်ဂိုဏ်းကြီးကို ထိန်းသိမ်းစောင့်ရှောက်တော်မူလာခဲ့ရာ သက်တော် ၇၈-နှစ်ရှိ၍ ဇရာဒုဗ္ဗလအယွယ်ရောက်လာတော်မူသဖြင့် ပစ္ဆိမာရုံကျောင်းတိုက်ကြီးကို တပည့်ကြီးများအား လွှဲအပ်၍ ချမ်းသာမျှတအောင်သာ သီတင်းသုံးတော်မူသည်။

### ပျံလွန်တော်မူခြင်း

ရွှေသွားသတိ ရှိတော်မူသော ပစ္ဆိမာရုံဆရာတော်ဘုရားကြီးသည် သက်တော် ၇၈-နှစ်မှ စ၍ ခန္ဓာကိုယ်ကို အတိုင်းအရှည်ပမာဏဖြင့် ကြည့်ရှု ချိန်ဆ၍ မွေးမြူတော်မူခဲ့သဖြင့် ၈၅-နှစ်တိုင်အောင် သက်တော်ရှည်စွာ သာသနာကို ဆောင်တော်မူနိုင်၍ ၁၃၁၁-ခုနှစ် သီတင်းကျွတ်လဆန်း ၁၀-ရက်နေ့ ည-၈-နာရီ ၁၀-မိနစ်အချိန်၌ ကမ္မဇရုပ် ချုပ်ငြိမ်းတော်မူပါသတည်း။

---

### မဟာဝိသုဒ္ဓါရုံတိုက်သစ်

## တိုက်အုပ်ဆရာတော်ဘုရားကြီး

ရွှေကျင်နိကာယဥက္ကဋ္ဌ မဟာနာယကဖြစ်တော်မူသော ပစ္ဆိမာရုံဆရာတော်ဘုရားကြီး ပျံလွန်တော်မူလျှင် ၁၂၉၄-ခုနှစ် မန္တလေးမြို့၌ စည်းဝေးသော ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ သံဃာ့အစည်းအဝေးကြီး၌ သိက္ခာဝါစဉ်အတိုင်း ပစ္ဆိမာရုံဆရာတော်, မဟာဝိသုဒ္ဓါရုံတိုက်အုပ်ဆရာတော်, မဟာ-

ဝိသုဒ္ဓါရုံတိုက်ကြပ် စံကင်းဆရာတော်, အဘယာရာမ ရွှေဂူဆရာတော်တို့ကို တပါးနောက် တပါး "ရွှေကျင်နိကာယဥက္ကဋ္ဌမဟာနာယက"များအဖြစ်ဖြင့် တင်မြှောက်တော်မူခဲ့ကြသည် တကြိမ်။

တဖန် ၁၃၀ဂ-ခုနှစ် တောင်ကြီးမြို့၌ ကျင်းပအပ်သော ရွှေကျင်ဂိုဏ်း လုံးဆိုင်ရာ သံဃာ့အစည်းအဝေးကြီး၌ ပစ္ဆိမာရုံဆရာတော်ကို "ရွှေကျင် နိကာယဥက္ကဋ္ဌ မဟာနာယက"အဖြစ်ဖြင့်၎င်း,မဟာဝိသုဒ္ဓါရုံတိုက်အုပ်ဆရာ တော်ကြီး, မဟာဝိသုဒ္ဓါရုံတိုက်ကြပ် စံကင်းဆရာတော်ကြီး,ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက် စံကျောင်းဆရာတော်ဘုရားကြီး, မန္တလေးမြို့ ဝိသုဒ္ဓါရုံ စည်ရှင်ဆရာတော်တို့ကို "ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာနာယက" ဝန်ဆောင်ဆရာတော်များအဖြစ်ဖြင့်၎င်း အစဉ်အတိုင်း တင်မြှောက်တော် မူခဲ့ကြသည် တကြိမ်။

ယင်းသို့လျှင် ၂-ကြိမ်တိုင်တိုင် သံဃာ့အစည်းအဝေးကြီးတို့မှ တင်မြှောက် အပ်ပြီးသည့်အလျောက် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်အုပ်ဆရာတော် ဘုရားကြီးသည် ရွှေကျင်ဂိုဏ်းကြီးကို ၁၃၁၁-ခုနှစ်ကစ၍ ကြီးမှူးအုပ်ချုပ် တော်မူရပေသည်။

တိုက်အုပ်ဆရာတော်ဘုရားကြီးသည် ကိုယ်နှုတ်အမူအရာ သိမ်မွေ့တော် မူသည်၊ သူတပါးနားဝင်အောင် ပြောဟောတော်မူတတ်သည်၊ အစီအမံ အခန့်အခွဲ ကောင်းသည်၊ အုပ်ချုပ်ရေး၌ ကျွမ်းကျင်တော်မူသည်၊ လုံ့လ ဝီရိယ အထူးရှိတော်မူသည်၊ ဝိနယဂရုက သိက္ခာကာမ ရှိတော်မူသည်၊ သံဃကောင်းကျိုးစီးပွါးကို လိုလားတော်မူသည်၊ ရွှေကျင်နိကာယ တဂိုဏ်း လုံး၏ တာဝန်ကို အားသွန် ဆောင်ရွက်တော်မူသည်၊ ဤသို့သော အရည် အချင်းတို့ကြောင့် ရာထူး, ဂုဏ်ထူး အဆင့်ဆင့်တိုးတက် ကြီးမြင့်လာသည် ဖြစ်ရာ"ရွှေကျင်နိကာယဥက္ကဋ္ဌ ဓမ္မသေနာပတိ"အဖြစ်သို့တိုင်အောင် ရောက် ရှိတော်မူခဲ့ပေသည်။

တိုက်အုပ်ဆရာတော် ဘုရားကြီးသည် ဇာတိတော်အားဖြင့် မုံရွာခရိုင် ကန္နီမြို့နယ် အင်ပေါင်းတိုက် ပန်းတိမ်ရွာ ဖြစ်သည်၊ သက္ကရာဇ် ၁၂၂၇-ခုနှစ် နတ်တော်လဆုတ် ၉-ရက် တနင်္လာနေ့ ဖွားမြင်တော်မူသည်၊ **ဦးသာပြော, ဒေါ်လှမင်းတို့သည်** မိဘများဖြစ်ကြသည်။

ဇာတိရပ်ရွာ၌ပင် ရှင်ရဟန်းဖြစ်၍ မုံရွာမြို့ သိမ်တော်ကျောင်းတိုက်မှ တဆင့် မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်သို့ ရောက်၍ မဟာ-

ဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးထံ၌ ပိဋကစာပေကို သင်ကြားကာ အရပ်ရပ်သော နိဿယနည်းနာများကိုလည်း ဆည်းပူးတော်မူသည်၊ ၁၂၆၅-ခုနှစ် မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ်သို့ ပြောင်းရွှေ့သီတင်းသုံးတော်မူသောအခါ ဆရာတော်ဘုရားကြီးနောက်တော်မှ ဆယ်ပါးလိုက်ပါတော်မူကြရသည်တွင် **အရှင်ကောသလ္လ** လည်း ပါဝင်ကာ လိုက်ပါရသည်။ အနောက်တိုက်သို့ရောက်လျှင် အရှင်ကောသလ္လ-ကို မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးက **တိုက်ကြပ်**အဖြစ် ချီးမြှောက်တော်မူသည်။ ၁၂၇၄-ခုနှစ် တိုက်အုပ်ဆရာတော် အရှင်ဝိဇယ ပျံလွန်တော်မူသဖြင့် တိုက်ကြပ်ဆရာတော် အရှင်ကောသလ္လသည် **တိုက်အုပ်** ဖြစ်တော်မူသည်။

ထိုအချိန်လောက်ကစ၍ တိုက်တာကိစ္စ တာဝန်သာမက တဂိုဏ်းလုံး၏ တာဝန်ကိုလည်း ထမ်းဆောင်တော်မူခဲ့ရပေသည်။ ၁၂၉၂-ခုနှစ်၌ **ဂိုဏ်းလုံးဝန်ဆောင်နာယက**အဖြစ် ဂိုဏ်းသံဃာက တင်မြှောက်တော်မူကြသည်။ ၁၂၉၄-ခု ၁၃၀၀-ခုနှစ်တို့၌ **ရွှေကျင်နိကာယဥက္ကဋ္ဌ မဟာနာယက** အဖြစ်ဖြင့် သံဃာ့အစည်းအဝေးကြီးများက တင်မြှောက်တော် မူကြပြန်သည်။ သက္ကရာဇ် ၁၃၁၂-ခုနှစ် သက်တော် ၈၅-နှစ်ပြည့်ရန် တရက်အလိုတွင် ပျံလွန်တော်မူသည်။

---

## သက်တော်ရှည် အဘိဓဇမဟာရဋ္ဌဂုရု

# စံကင်းဆရာတော်ဘုရားကြီး

ရှစ်ကြိမ်မြောက် ရွှေကျင်နိကာယဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ ဖြစ်တော်မူသော မဟာဝိသုဒ္ဓါရုံတိုက်အုပ် ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသောအခါ ရွှေကျင်နိကာယ ဂိုဏ်းလုံးဆိုင်ရာ သံဃာ့အစည်းအဝေးကြီးများက ၂-ကြိမ်တိုင်တိုင် အစဉ်အတိုင်း "ရွှေကျင်နိကာယဥက္ကဋ္ဌ မဟာနာယက"အဖြစ် တင်မြှောက်အပ်ပြီးဖြစ်သော **စံကင်းဆရာတော်ဘုရားကြီး** သည် စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံ ဝိပဿနာတိုက်၌ ဝိပဿနာဓုရကို ကိုယ်တော်တိုင် အားထုတ်၍ ယောဂီ, ယောဂိနီတို့အားလည်း ဝိပဿနာဓမ္မကို နည်းပြ ဟောပြော ဆုံးမတော်မူလျက် သီတင်းသုံးနေတော်မူခိုက် ဖြစ်လေသည်။



စံကင်းဆရာတော်ဘုရားကြီးပုံတော်

မဟာဝိသုဒ္ဓါရုံတိုက် ဝန်ဆောင်နာယက ဆရာတော်များနှင့် တကွ သံဃာတော်များ, မန္တလေးမြို့နေ ဒါယကာများသည် တင့်တယ်လျောက်ပတ်စွာ အခြံအရံပရိသတ်နှင့်တကွ စံကင်းဆရာတော်ဘုရားကြီးကို မန္တလေး မဟာဝိသုဒ္ဓါရုံတိုက်သို့ ပင့်ဆောင်ကြသည်ဖြစ်၍ ကြွရောက်တော်မူကာ

ရွှေကျင်ဂိုဏ်းကြီးကို ဦးစီးအုပ်ချုပ်တော်မူရသဖြင့် **ရွှေကျင်နိကာယဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ** အဖြစ်သို့ ရောက်တော်မူသည်။

ယင်းသို့လျှင် မန္တလေးမြို့ ရွှေကျင်နိကာယ ဗဟိုဌာနဖြစ်သော မဟာဝိသုဒ္ဓါရုံတိုက်၌ သီတင်းသုံးတော်မူ၍ ရွှေကျင်ဂိုဏ်းကြီးကို ကြီးမှူးအုပ်ချုပ်တော်မူခဲ့ရာ သက္ကရာဇ် ၁၃၁၅-ခုနှစ် ဒုတိယဝါဆိုလဆန်း ၇-ရက် (၁၉၅၃-ခု ဇူလိုင်လ ၁၈-ရက်) စနေနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရက စံကင်းဆရာတော်ဘုရားကြီးအား **အဘိဓဇ မဟာရဋ္ဌဂုရု** တံဆိပ်တော်ကို သမ္မတအိမ်တော်၌ အခမ်းအနားဖြင့် ကပ်လှူသည်ကို လက်ခံတော်မူရသည်။

"အဘိဓဇ မဟာရဋ္ဌဂုရု" "ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ ဘဒ္ဒန္တ စန္ဒာဘိဝံသ" ဘွဲ့တော်ရ အရှင်စံကင်းဆရာတော်ဘုရားကြီးကို သက်တော်ရှည် ဆရာတော်ဘုရားကြီးဟု ဝိသေသန မ-၍ ပညတ်သုံးစွဲကြသည့်အကြောင်းမှာ ရွှေကျင်ဆရာတော်ဘုရားကြီးမှစ၍ ယနေ့တိုင် ရွှေကျင်ဂိုဏ်းသံဃာကို အုပ်ချုပ်တော်မူခဲ့ကြသော ဆရာတော်ဘုရားကြီးများ အဆက်ဆက်တို့လည်း သက်တော် ၇၀-၈၀-၉၀-ကျော်အားဖြင့် သက်တော်ရှည်ကြပါသည်၊ စံကင်းဆရာတော်ဘုရားကြီးမှာမူကား ယနေ့ယခုတိုင်အောင် ကျန်းမာစွာ သတိကောင်းစွာနှင့် ပေါ့ပါးဖျပ်လတ်ခြင်းရှိလျက် သက်တော် ၉၃-နှစ်, သိက္ခာဝါတော် ၇၃-ဝါအထိ **သက်တော်ရှည်** လျက် ထင်ရှားရှိတော်မူသော ဆရာတော်ဖြစ်၍ **"သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီး"** ဟူ၍ အနွတ္ထဝေါဟာရတင်၍ ရေးသား ပြောဆိုသုံးစွဲကြလေသည်။

သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီး ဥတုသပ္ပါယ မျှတစွာ သီတင်းသုံးတော်မူရန် မန္တလေးမြို့ ဆိုင်းတန်းရပ် **ဦးသာဒင်, ဒေါ်ကြင်**နှင့် သားသမီးများက ဆောက်လုပ်လှူဒါန်းသော ကျောင်းကိုလည်း **"သက်တော်ရှည် ကျောင်း"** ဟူ၍ပင် ကမ္ပည်းထိုးထားပေသည်။

သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီးသည် သူတော်ကောင်းလက္ခဏာနှင့် အထူးပြည့်ဝတော်မူသည်၊ ကိုယ်ရောစိတ်ပါ နူးညံ့သိမ်မွေ့တော်မူသည်၊ ဆရာတော်ဘုရားကြီးမိန့်မြွက်သော စကားတော်ကို ကြားနာရသူတို့သည် စိတ်အေးချမ်းသာမှုကို ရကြပေသည်၊ စကားလုံးနည်းနည်းနှင့်

လေးနက်ထိမိအောင်လည်း မိန့်ဆိုတော်မူတတ်သည်၊ သံဃာ့အစည်းအဝေးကို အုပ်ချုပ်တော်မူရာ၌ နိုင်နင်းအောင် မေတ္တာကရုဏာဖြင့် အုပ်ချုပ်တော်မူစွမ်း ရှိတော်မူသည်၊ တိကျပြတ်သားအောင် အဆုံးအဖြတ်ပေးတော်မူတတ်သည်၊ သို့ဖြစ်၍ စံကင်းဆရာတော်ဘုရားကြီး လက်ထက်တော်၌ ဝိသုဒ္ဓါရုံတိုက်နှင့်တကွ ရွှေကျင်ဂိုဏ်းကြီးသည် အထူးသဖြင့် အေးချမ်းသာယာ ရှိပေသည်။

"ဟဒယဂ်တဘာဝံ ရူပယတိ ပကာသေတီတိ ရူပံ=စိတ်နှလုံး၌ ဖြစ်နေပုံကို ထင်စွာပြတတ်သောကြောင့် ရုပ်မည်သည်"ဟု **ဝိဘာဝနီဋီကာ** မိန့်ဆိုသည့်အတိုင်း စံကင်းဆရာတော်ဘုရားကြီး၏ စိတ်ဓာတ်တော် ကြည်လင်ရှင်လန်း သန့်ရှင်းသည်ကို မျက်နှာတော်ကပင် ပြသလျက်ရှိသည်၊ သက်တော် ၉၃-နှစ်သို့ သက်ရောက်ပြီးမှ ကူးယူသော စံကင်းဆရာတော်ဘုရားကြီး၏ ဓာတ်ပုံတော်ကို ဖူးမျှော်ရသည်မှာ အိုရုပ် အိုရေ ရှိစေကာမူ မျက်နှာတော်မှာ ချိုလျက် ကြည်ညိုချင့်စဖွယ် ရှိပါပေသည်။

စံကင်းဆရာတော်ဘုရားကြီးသည် သက္ကရာဇ် ၁၂၃၂-ခုနှစ် နတ်တော်လပြည့်ကျော် ၆-ရက် အင်္ဂါနေ့တွင် စစ်ကိုင်းမြို့နယ် လင်းယဉ်ရွာ၌ ဖွားမြင်တော်မူသည်၊ **ဦးအိုင်, ဒေါ်မင်းထပ်**တို့၏ သားတော်ဖြစ်သည်။

[စစ်ကိုင်းမြို့ကို အစဦးဆုံး တည်သော အသင်္ခယာစောယွမ်းမင်းသည် လင်းယဉ်ရွာသူ မြောက်နန်းမိဘုရား၏ သားတော်ဖြစ်သည်။

အင်းဝမြို့ကို အစအဦးတည်သော သတိုးမင်းဖျားသည် လင်းယဉ်ရွာသူ မြောက်နန်းမိဘုရား၏ မြေးတော်အရင်း ဖြစ်သည်။]

စံကင်းဆရာတော်ဘုရားကြီးသည် ရှင်သာမဏေဖြစ်ပြီးနောက်မန္တလေးမြို့ အနောက်ပြင် မြတောင်တိုက် "ရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ **မြတောင်ဆရာတော်**ထံ၌ စာပေသင်ကြားတော်မူသည်။ မြတောင်ဆရာတော်သည် ရွှေကျင်ငါးတိုက်အပါအဝင် မန္တလေးတောင် မြောက်ဖက် မြတောင်တိုက်ဆရာတော်ပင် ဖြစ်သည်။ သီပေါမင်း၏ မိဘုရားခေါင်ကြီး **စုဘုရားလတ်** ဆောက်လုပ်လှူဒါန်းသော အနောက်ပြင် **မြတောင်တိုက်**သို့ နောက်မှ ရွှေ့ပြောင်းသီတင်းသုံးခြင်း ဖြစ်သည်။

စံကင်းဆရာတော်ဘုရားကြီးသည် ရဟန်းဖြစ်တော်မူလျှင် အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်သို့ ပြောင်းရွှေ့၍ မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးထံ၌ ပိဋကကျမ်းဂန်တို့ကို ဆက်လက်သင်ကြားတော်မူကာ ဝိနည်းအရာ၌ နည်းနိဿယတို့ကိုလည်း လက်ထပ်လေ့လာ ဆည်းပူးတော်မူသည်။ သက္ကရာဇ် ၁၂၆၅-ခုနှစ်၌ မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးသည် အနောက်ပြင် ဝိသုဒ္ဓါရုံတိုက်သစ်သို့ ကြွရောက် သီတင်းသုံးတော်မူသောအခါ စံကင်းဆရာတော်ဘုရားသည် ပစ္ဆာသမဏအဖြစ် လိုက်ပါတော်မူရသဖြင့် မဟာဝိသုဒ္ဓါရုံတိုက်သစ်သို့ ရောက်တော်မူသည်။

## စံကင်းဆရာတော် ခေါ်ခြင်း

"စံကင်းဆရာတော်"ဟူသော ဝေါဟာရဘွဲ့တော်ရသည်မှာ နိုင်ငံတော်အရပ်ရပ်တို့မှ သာသနမာမက ဒါယကာ, ဒါယိကာမတို့သည် မိမိအရပ်၌ ကျောင်းတိုက်များတည်ဆောက်၍ ဒါန,သီလ စသော ကောင်းမှုကို ရယူလိုကြ, သာသနာရေး သာသနာမှုတို့၌ ယဉ်ကျေးလိမ္မာ၍ အကြားအမြင် ဗဟုသုတရှိလိုကြသဖြင့် မိမိတို့အား ဟောပြောပြသဆုံးမကာ ယဉ်ကျေးစေနိုင်မည့် ဆရာရဟန်းတော်ကောင်းများကို အလိုရှိကြသည်ဖြစ်ရာ ရဟန်းတော်ကောင်းကို ညွှန်ကြားချီးမြှောက်ခြင်းငှါ လျှောက်ပတ်သော မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးထံသို့ လာရောက်ကာ ကျောင်းကို အပ်လှူကြ, ကိုးကွယ်ဆည်းကပ်ရန် ရဟန်းတော်ကို လျှောက်တောင်းကြသည်ဖြစ်ရာ ဓနုဖြူမြို့ တဖက်ကမ်းစံကင်းရွာ **ဒါယကာ, ဒါယိကာ**မတို့သည်လည်း **ဓမ္မာရုံ** အမည်ရှိသော ကျောင်းတိုက်ကို ဆောက်လုပ်ကြပြီးလျှင် မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးအား အပ်နှင်းလှူဒါန်းသဖြင့် ဆရာတော်ဘုရားကြီးက **အရှင်စန္ဒထေရ်**ကို ချီးမြှောက်ပေးအပ်တော်မူ၍ ၁၂၆၆-ခုနှစ် စံကင်းသို့ ကြွကာ သီတင်းသုံးတော်မူရသောကြောင့် **စံကင်းဆရာတော်** ဟု တွင်ခဲ့ပေသည်။ ထိုအချိန်က စံကင်းဆရာတော်သည် သက်တော် ၃၄-နှစ် **သိက္ခာ**ဝါတော် ၁၅-ဝါမျှ ရရှိတော်မူသေးသည်။

ထိုနောက် မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး ပျံလွန်တော်မူ၍ ဒီပဲရင်းဆရာတော်ကြီး ရွှေကျင်ဂိုဏ်းကို ကြီးမှူး၍ မဟာဝိသုဒ္ဓါရုံတိုက်၌ သီတင်းသုံးတော်မူသောအခါ သံဃာများက စံကင်းဆရာတော်ကို ဝိသုဒ္ဓါရုံ

တိုက်သို့ ပြန်လည်ပင့်ဆောင်သဖြင့် ဝိသုဒ္ဓါရုံတိုက်သို့ ပြန်ကာ ဝါဆိုကျောင်း၌ သီတင်းသုံး၍ **ဂဏနာယက** အဖြစ်ဖြင့် ရွှေကျင်ဂိုဏ်းကြီး၏ တာဝန်ကို ရွက်ဆောင်တော်မူရသည်။

စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံ ဝိပဿနာတိုက် ဝိပဿနာဆရာတော် ပျံလွန်တော်မူရာ ဝိပဿနာတိုက်ဆိုင်ရာ တပည့်သံဃာများ ပင့်လျှောက်သဖြင့် ဝိပဿနာတိုက်သို့ ကြွရောက်၍ ဝိပဿနာဓုရကို ဖြည့်ဆည်းပူးတော်မူသည်။ ယင်းသို့ ဝိပဿနာဓုရာဝဟ အရညဝါသီ အဖြစ်ဖြင့် သီတင်းသုံးတော်မူနေစဉ် နောက်ကရေးသားဖော်ပြခဲ့ပြီးသည့်အတိုင်း ဂိုဏ်းလုံးဆိုင်ရာ သံဃာ့အစည်းအဝေးကြီး ၂-ကြိမ်မှ ဆုံးဖြတ် တင်မြှောက်တော်မူကြသည် ဖြစ်၍ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သို့ ကြွရောက်တော်မူကာ "ရွှေကျင်ဂိုဏ်းကြီး၏ ဦးစီးဥက္ကဋ္ဌ မဟာနာယကဓမ္မသေနာပတိ"တာဝန်ကို လက်ခံတော်မူ၍ ယနေ့ ၁၃၂၄-ခုနှစ် တပို့တွဲလ စာရေးဆဲအချိန်ကာလ သက်တော် ၉၃-နှစ်, သိက္ခာဝါတော် ၇၃-ဝါတိုင်အောင် ကျန်းမာတော်မူစွာဖြင့် ရွှေကျင်ဂိုဏ်းကြီးကို ဦးစီးရွှေဆောင်လျက် ရှိတော်မူပါသတည်း။

သက်တော်ရှည် အဘိဓဇမဟာရဋ္ဌဂုရု, ရွှေကျင်နိကာယ ဥက္ကဋ္ဌ ဓမ္မ-သေနာပတိ စံကင်းဆရာတော်ဘုရားကြီးသည်—

၁-ဆန္ဒောမဥ္ဇရီ ဆပ္ပစ္စယဒီပနီကျမ်း၊
၂ သဒ္ဒါကြီးနိဿျ၊
၃-ပါတိမောက္ခနိဿျ၊
၄-ဆန်းနိဿျ၊
၅-အလင်္ကာနိဿျ၊
၆-ဝစ္စဝါစကနိဿျ—စသည်တို့ကိုလည်း ရေးသားတော်မူသည်။

## စံကင်းဆရာတော်အကြောင်း (နောက်ဆက်တွဲ)

စံကင်းဆရာတော်ဘုရားကြီး၏ ဖွားမြင်တော်မူရာ စစ်ကိုင်းမြို့ မြောက် ၂၂-မိုင်ကွာ လင်းယဉ်ရွာ သိရီမင်္ဂလာ ကုန်း၌စိုက်ထူထားအပ်သော ကျောက်တိုင်ကြီးရှိ တတိယ မျက်နှာ ကျောက်စာ။

## ဆရာတော်ဘုရားကြီး၏ သာသနာပြု ခုနှစ်မှတ်တမ်း

ကျေးဇူးရှင် စံကင်းဆရာတော်ဘုရားကြီးသည် ၁၂၃၂-ခုနှစ် နတ်တော်လပြည့်ကျော် ၆-ရက် အင်္ဂါနေ့တွင် ခမည်းတော် **ဦးအိုင်**, မယ်တော် **ဒေါ်မင်းထပ်**တို့မှ ဤ"ဝိဇာယနမင်္ဂလာ"ကုန်းမြေ၌ ဖွားမြင်တော်မူသည်၊ ၁၂၃၉-ခုနှစ် လင်းယဉ်ရွာ ကျောင်းကြီး၌ စာသင်ရန် အပ်နှံသည်။ ၁၂၄၂-ခုနှစ် လင်းယဉ်ရွာ၌ ရှင်သာမဏေပြုသည်။ ၁၂၄၈-ခုနှစ် မန္တလေးမြို့၌ ထပ်မံရှင်ပြုသည်။ ၁၂၅၁-ခုနှစ် မန္တလေးမြို့ မြတောင်တိုက်၌ ပဉ္စင်းဖြစ်သည်။

၁၂၅၃-ခုနှစ်၌ မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုဒ္ဓါရုံတိုက်သို့ သွားရောက်နေထိုင်သည်။ ၁၂၅၈-ခုနှစ်တွင် အရှေ့ပြင် မဟာဝိသုဒ္ဓါရုံတိုက် ရမည်းသင်းကျောင်း၌ သိက္ခာ ၇-ဝါအရ ကျောင်းဘုန်းကြီးပြုလုပ် အုပ်ချုပ်တော်မူသည်။ ၁၂၆၁-ခုနှစ် သိက္ခာ ၁၀-ဝါအရတွင် ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ပြင်ကြားရိုးရွာ၌ ကျောင်းထိုင်အဖြစ်ဖြင့် ဝါကပ်တော်မူခဲ့သည်။ ၁၂၆၄-ခုနှစ် ၁၃-ဝါအရ၌ မန္တလေးမြို့ အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ်တွင် စာချနာယက အဖြစ်ဖြင့် နေထိုင်တော်မူသည်။ ၁၂၆၆-ခုနှစ်၌ မနုဖြူမြို့ အရှေ့ဘက်ကမ်း စံကင်းရွာကြီးတွင် သီတင်းသုံးတော်မူသည်။ ထိုအချိန်မှစ၍ **စံကင်းဆရာတော်**ဟု အမည်တွင်သည်။

၁၂၇၆-ခုနှစ်၌ မန္တလေး မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝါဆိုကျောင်း၌ ကျောင်းဘုန်းကြီးနာယကအဖြစ်ဖြင့် သီတင်းသုံးတော်မူသည်။ မန္တလေး ပရိယတ္တိသာသနဟိတအသင်းမှ "ဘဒ္ဒန္တစန္ဒာဘိဝံသ"ဟူသော ဓမ္မာစရိယ တံဆိပ် ဆက်ကပ်၍ ကိုးကွယ်ပူဇော်သည်။ ၁၂၉၁-ခုနှစ်တွင် မဟာဝိသုဒ္ဓါရုံတိုက်ကြပ်ဆရာတော်အဖြစ် ခန့်အပ်တင်မြှောက်ကြသည်။ ၁၂၉၄-ခုနှစ်၌ "ရွှေကျင်နိကာယ ဥက္ကဋ္ဌ သာသနာပိုင်"အဖြစ် တင်မြှောက်ကြသည်။

၁၃၀၅-ခုနှစ်မှစ၍စစ်ကိုင်းတောင်ရိုးဝိပဿနာဂန္ဓာရုံတိုက်၌ ကမ္မဋ္ဌာနာစရိယအဖြစ်ဖြင့် အုပ်ချုပ် သီတင်းသုံးတော်မူသည်။ ၁၃၁၅-ခုနှစ် ပထမဝါဆိုလ၌ စစ်ကိုင်းတောင်ရိုး ဝိပဿနာဂန္ဓာရုံတိုက်၌ နေတော်မူစဉ် "အဘိဓဇ မဟာရဋ္ဌဂုရု" တံဆိပ်ကိုခံယူတော်မူသည်။ ၁၃၁၅-ခုနှစ်မှစ၍ ရွှေကျင်နိကာယသံဃာများ ပင့်လျှောက်ချက်အရ ရွှေကျင်နိကာယ ဗဟိုဌာန မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ ပြန်လည် သီတင်းသုံးတော်မူသည်။

၁၃၁၀-ခုနှစ် သက်တော် ၇၇, သိက္ခာတော် ၆၇-အရတွင် သီးသန့်ဆောက်လုပ် လှူဒါန်းကြသော မဟာဝိသုဒ္ဓါရုံ စံကင်းကျောင်းဆောင်၌ သီတင်းသုံးတော်မူသည်။ ၁၃၂၃-ခုနှစ် သက်တော် ၉၁, သိက္ခာတော် ၇၁-အရတွင် မန္တလေးမြို့ ဆိုင်းတန်းရပ် **ဦးသာဒင်-ဒေါ်ကြင်** သားသမီးမြေးတို့ ဆောက်လုပ်လှူဒါန်းသော မဟာဝိသုဒ္ဓါရုံတိုက် "သက်တော်ရှည်ကျောင်း" ၌သီတင်းသုံးတော်မူသည်။

ကျောက်စာရေးသူ သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီး၏ တပည့်ရင်း မဟာဝိသုဒ္ဓါရုံတိုက် ဝါဆိုဇယမေဒနီကျောင်း နာယက ဓမ္မကထိက သာသနဓဇ သိရီပဝရ ဓမ္မာစရိယ **အရှင်အဂ္ဂိယ** ဖြစ်သည်။

စံကင်းဆရာတော်ဘုရားကြီးသည် အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်၌ စာချဂဏဝါစက ဝါဆိုကျောင်းဘုန်းကြီးအဖြစ်ဖြင့်ရင်း, ဝိနိစ္ဆယကနာယက အဖွဲ့ဝင်အဖြစ်ဖြင့်ရင်း, မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး လက်အောက်မှ အရံအကြီးအမှူး နာယကအဖြစ်ဖြင့်ရင်း ဆရာတော်ကြီးကိုယ်တိုင် ချီးမြှောက်၍ ခံယူဆောင်ရွက်ရသည်ကို မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး အတ္ထုပ္ပတ္တိ၌ ဖော်ပြခဲ့ပါပြီ။

ဒီပဲရင်းဆရာတော်လက်ထက်မှစ၍ အဆက်ဆက်သော ဆရာတော်များ လက်ထက်၌ ရွှေကျင်ဂိုဏ်းလုံး ဝန်ဆောင်နာယက ဖြစ်ခဲ့သည်ကိုလည်း ဖော်ပြအပ်ပါပြီ။

သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီးသည် သက်တော် ရှည်တော်မူသလောက် ရွှေကျင်ဂိုဏ်းနှင့် ဝိသုဒ္ဓါရုံတိုက်၏ တာဝန်ကို ကာလရှည်ကြာစွာ ဆောင်ရွက်တော်မူနိုင်သော ဆရာတော်ကြီးဖြစ်၍ ရွှေကျင်နိကာယ သာသနာဝင်တလျှောက်၌ ထူးခြားစွာ မှတ်သားထိုက်သော ဆရာတော်ကြီး ဖြစ်တော်မူပါသတည်း။

# အဘယာရာမ ရွှေဂူတိုက်သစ်
# ဆရာတော်ဘုရားကြီး
## (အရှင်အဂ္ဂဓမ္မာဘိဝံသ)

သက္ကရာဇ် ၁၂၉၄-ခုနှစ်, ၁၂၉၇-ခုနှစ် ရွှေကျင်နိကာယ သံဃာ့အစည်းအဝေးကြီးတို့၌ သံဃာတော်များ သဘောတူ အညီအညွတ် ဆန္ဒပေးတော်မူကြကာ အဘယာရာမ ဆရာတော်ဘုရားကို "ရွှေကျင်နိကာယ တွဲဘက်ဝန်ဆောင် မဟာနာယက ဓမ္မသေနာပတိ"အဖြစ်ဖြင့် တင်မြှောက်တော်မူခဲ့ကြသည်၊ တင်မြှောက်ခဲ့ကြသည့်အလျောက်လည်း ရွှေကျင်ဂိုဏ်းကြီး၏တာဝန်ကို သက်တော်ရှည်သမျှ ကာလပတ်လုံး ရွက်ဆောင်တော်မူသွားလေသည်။

အဘယာရာမဆရာတော် အရှင်အဂ္ဂဓမ္မာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)ဟု ကြားကြလျှင် မြန်မာနိုင်ငံတော်တွင်မက ဣန္ဒိယနှင့် သီဟိုဠ်ကျွန်းတိုင်အောင် အဘယ်မထေရ်မြတ် ဖြစ်သည်ကို သိရှိကြလောက်အောင် နေ-လ အသွင် အလွန်ထင်ရှားတော်မူသော ဆရာတော်ဖြစ်သောကြောင့် အဘယာရာမ ဆရာတော်ဘုရားကြီး၏ အတ္ထုပ္ပတ္တိကို ရိုးရိုးကျဉ်းကျဉ်းသာ ရေးခြင်းဖြင့် ဆရာတော်၏ဂုဏ်ပုဒ်ကို ထိခိုက်စေခြင်းမှ လွတ်ကင်းပေလိမ့်မည်ဟု ဤစာရေးသော ဘုန်းကြီး သဘောထင်မြင်ပါသည်၊ သို့ဖြစ်၍ ရိုးရိုးနှင့် ရှင်းရှင်းကျဉ်းကျဉ်းပင် ရေးပါမည်။ စာရှုသူတို့ကသာ မိမိတို့၏ ပဋိသန္ဓေဉာဏ် ခေတ်ခံရှိသည်အားလျော်စွာ နက်နဲရှည်လျားစွာ အကျယ်ချဲ့ထွင်၍ သိရှိကြရန် ဖြစ်ပါသည်။ ယင်းသို့ ရေးရာ၌လည်း အရှင်ကုဏ္ဍလ သိရီပဝရ ဓမ္မာစရိယ ပုသိမ်မြို့ မောင်းထောင်တိုက် စာချဆရာတော်, အရှင်ဝါသေဋ္ဌာဘိဝံသ သကျသီဟဓမ္မာစရိယ သပြေကန်ကျောင်းတိုက်ဆရာတော်, အရှင်စန္ဒဇောတိ သိရီပဝရ ဓမ္မာစရိယ မလှိုင်မြို့ ကာဗျဝိဒူ တိုက်ပိုင်နာယကဆရာတော် ဤဆရာတော် ၃-ပါး ညှိနှိုင်းရေးသားအပ်သော အဘယာရာမ အတ္ထုပ္ပတ္တိကိုပင် မှီတည်၍ ရေးရမည် ဖြစ်သည်။ အကြောင်းကား – ထိုဆရာတော်သုံးပါးလုံးသည် အဘယာရာမ ဆရာတော်ဘုရား၏ ဓမ္မန္တေဝါသိက တပည့်ရင်းများ ဖြစ်ကြသောကြောင့်တည်း။

အဘယာရာမ ဆရာတော်သည် သက္ကရာဇ် ၁၂၄၀-ပြည့်နှစ် တပေါင်းလဆန်း ၁၁-ရက် တနင်္ဂနွေနေ့ မြင်းခြံမြို့နယ် မြို့နှင့် ၆-မိုင်ခန့် ကွာလှမ်းသော **ဗလုံရွာ**၌ ဖွားမြင်တော်မူသည်။ ရွာနေသူတို့၏ ကမ်အားလျော်စွာ ရေဗလုံစီတက်၍ အလိုအလျောက် ထွက်ပေါ်သောရွာ ဖြစ်သောကြောင့် "ဗလုံ"ရွာဟု အနွတ္ထသညာဖြင့် ခေါ်တွင်သောရွာ ဖြစ်သည်-ဟု ဆိုသည်။

အဘယာရာမ ဆရာတော်၏ ခမည်းတော် မယ်တော်တို့မှာ ဗလုံရွာ ပတ်ဝန်းကျင်၌ ဒေသအလျောက် ကြွယ်ဝချမ်းသာသော အမျိုးကြီး၌ အပါအဝင် **ဦးရွှေဇင်, ဒေါ်ရွှေမှဲ့**တို့ ဖြစ်ကုန်၏။ မယ်တော်၌ ကိုယ်ဝန်အရင့်အမာ တည်ရှိချိန်၌ ခေတ္တမှိန်းစက်၍ အိပ်ပျော်ခိုက် မိမိ၏ ကြာတိုက်ခန်းမှ တင့်တယ်ဖွံ့ဖြိုးစင်သော ဆင်ဖြူတော်တစီး ပေါ်ထွက်လာကာ ပတ်ဝန်းကျင်၌ ခုန်ပေါက်မြူးထူးနေသည်ကို လူထုပရိသတ်က ကြည့်ရှုနေသည်ဟုအိပ်မက်မြင်မက်ပြီး ဖွားမြင်သောသားဖြစ်သောကြောင့် မယ်တော်ကိုယ်တိုင် နိမိတ်ကောင်းဖတ်၍ **မောင်မြတ်ကျော်**-ဟု အမည်ပေးလေသည်။

မောင်မြတ်ကျော် သုံးနှစ်ယွယ်ရှိလျှင် ဒေါ်ရွှေမှဲ့၏ မောင်တော် ဗလုံရွာ၌ စာတတ် အနေကောင်း ဆရာတော်ဦးမဥ္ဇူက မောင်မြတ်ကျော်ကို မိမိထံပို့အပ်ထားရန် မိန့်ကြားသဖြင့် ၃-နှစ်သားယွယ်ကပင် ဦးရီးတော် **ဆရာတော်ဦးမဥ္ဇူ**ထံ၌ အပ်နှင်းခဲ့ပေသည်။ ဆရာတော် ဦးမဥ္ဇူသည် ပညာရှိ သူမြတ်ကြီးတပါးဖြစ်၍ သူငယ်၏ အင်္ဂါရုပ်လက္ခဏာနှင့် နေပုံထိုင်ပုံ အမူအရာကို အကဲခတ်ကာ သူတော်ကောင်းပုဂ္ဂိုလ်ကျော်တယောက် အနေဖြင့် ထင်ရှားကျော်ကြား၍ သာသနာတော်၌ တန်ဘိုးရှိသူ ဖြစ်လိမ့်မည်ဟု မြင်တော်မူ၍ စောင့်ရှောက် သင်ကြား မွေးမြူလိုသော ဆန္ဒပင် ဖြစ်သည်။

ဆန္ဒတော်ရှိသည့်အလျောက် မောင်မြတ်ကျော် ၃-နှစ်သား ကျောင်းသို့ရောက်၍ မကြာမြင့်မီပင် ဆရာတော် ဦးမဥ္ဇူ-က သူတော်ငယ်ပြုစေ၍ အသွင်ပြောင်း ပေးလိုက်တော့သည်၊ ပဋိသန္ဓေအခါက ယှဉ်လာသော သိက္ခာသမာဓိသာ မရှိခဲ့ပါမူ ၃-နှစ်သား သူငယ်သည် မိဘတို့နှင့် ခွဲခွါ၍လည်း မနေနိုင်ရာ သူတော်ငယ်လည်း မပြုနိုင်ပေရာ၊ မောင်မြတ်ကျော်၏ ပင်ကိုယ်ဓာတ်ခံ မည်မျှရင့်သန်သည်ကို ထပ်မံ၍ အကဲခတ်နိုင်ပေသည်။

သူတော်ငယ်အဖြစ်၌ သူငယ်တို့ဘာဝ သင်သင့်တတ်သင့်သော စာပေတို့ကို သင်ယူဘတ်မြောက်ခဲ့ပြီးနောက် အသက် ၁၀-နှစ်မြောက်လျှင် မိဘတို့

ကပင် ပဗ္ဗဇ္ဇမင်္ဂလာမှုဖြင့် ဆရာတော်ဦးမဉ္ဇူထံ၌ ရှင်သာမဏေ ပြုပေးလေသည်။ ဆရာတော် ဦးမဉ္ဇူက **ရှင်အဂ္ဂ**ဟု သာမဏေဘွဲ့ ချီးမြှောက်တော်မူသဖြင့် ရှင်အဂ္ဂဟူသော သာမဏေအဖြစ်ဖြင့် သာသနာတော်၏ တာဝန်ကို အစပျိုး၍ ထမ်းဆောင်ခဲ့သည်။

ရှင်အဂ္ဂသည် ရဟန်းအဖြစ်သို့ရောက်၍ တဝါရလျှင် ပခုက္ကူမြို့ ရေစကြိုဆရာတော်ကြီး **ဦးဂန္ဓ**ထံသို့ ရောက်၍ ငါးရပ်သောနိကာယ် ပိဋကတ်ပင်လယ်ကြီးကို ၂-နှစ်တိုင်တိုင် သင်ယူကူးမြောက်ခဲ့သည်၊ ထိုနိကာယ်ကြီးများကို သင်ယူနိုင်ကြောင်း အခြေခံစာပေများကို ဆရာတော် ဦးမဉ္ဇူနှင့် ရှင်အဂ္ဂ၏ အဖိုးတော်သော မန္တလေးမြို့ အရှေ့ပြင် ခင်မကန်တိုက် တိုက်အုပ်ဆရာတော် **ဦးလက္ခဏ**ထံ၌ သင်ကြားခဲ့သည်။ ယင်းသို့ အခြေခံပညာကောင်းရာတွင် ရေစကြိုဆရာတော်ကြီးဦးဂန္ဓ-က နည်းကောင်းဖော်၍ ပို့ချပေးတော်မူခြင်း, ပဋိသန္ဓေပါ သမာဓိ ပညာဓာတ်ခံ ရင့်သန်ခြင်းတို့ကြောင့် ရဟန်းသိက္ခာဝါ ၃-ဝါအရတွင် "ပရိယတ္တိဆေက ပိဋကတ္တယဝိဒူ" တပါးအဖြစ်သို့ ရောက်တော်မူသည်။ ထိုအချိန်က ဆရာတော်ဦးဂန္ဓ စာချတော်မူရာဌာနသည် ယခုတိုက်နေရာ၌ မဟုတ်သေး၊ ပခုက္ကူဈေးအနီးရှိ မူလတိုက်ဟောင်း၌ ဖြစ်သည်ဟူ၏။ စာသင်သားများ တိုးပွါး များပြားလာသည်ကို ဒါယကာတို့ သိမြင်ကာ သဒ္ဓါ စေတနာ ထက်သန်ကြသည်ဖြစ်၍ ယခုထင်ရှားရှိသော "မဟာဝိသုတာရာမတိုက်ကြီး"ကို ဝိုင်းဝန်းတည်ဆောက် လှူဒါန်းကြကုန်၏။

မဟာဝိသုတာရာမတိုက်ကြီးသို့ ရွှေ့ပြောင်းပြီးလျှင် ဆရာတော်ကြီးသည် မိမိနှင့် တွဲဘက်၍ ပရိယတ္တိသာသနာ နိကာယ်ငါးဖြာကို ပို့ချ၍ သာသနာပြုကြစေရန်—

၁-အရှင်ပညာ, ၂-အရှင်အဂ္ဂဓမ္မ,

၃-အရှင်နန္ဒိယ, ၄-အရှင်နန္ဒဝံသ—

ဤတပည့်ကြီး လေးပါးတို့ကို ရွေးကောက်၍ တိုက်တာဦးစီး "ဥပနာယကကြီးများ"အဖြစ်ဖြင့် ချီးမြှောက်တော်မူလေသည်။ အရှင်အဂ္ဂ-ကို "ဓမ္မ"ပုဒ် ဖြည့်စွက်၍ **"အရှင်အဂ္ဂဓမ္မ"**ဟူ၍လည်း ဂုဏ်ပြုတော်မူသည်။

အရှင်အဂ္ဂဓမ္မသည် မဟာဝိသုတာရာမတိုက်၌ ဥပနာယက စာချအဖြစ်ဖြင့် နိကာယ်ကြီးများကို ရဟန်းဝါ ၃-ဝါရကပင် ပို့ချလာရာ ကာလအားဖြင့် ၂-နှစ်ကျော်၍ သိက္ခာ ၅-ဝါအရတွင် မန္တလေးမြို့ မိုးကောင်းတိုက်သို့

ရောက်၍ အလယ်တိုက်ကြီး၌ နေကာ သက္ကသီဟပရိယတ္တိသာသနဟိတ အသင်းစာမေးပွဲ ဖြေဆိုရန် စာကြည့်လျက် နေလေသည်။

မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး ရေးသားတော်မူသော "ပရမတ္ထသရူပဘေဒနီ"ကို ဖတ်ရှုရသောအခါမှ စ၍ အရှင်အဂ္ဂဓမ္မသည် မဟာဝိသုဒ္ဓါရာမ ဆရာတော်ကြီးထံ၌ ဆည်းကပ်ရန် ဆန္ဒရှိခဲ့သည့်အတိုင်း မန္တလေးသို့ လာခဲ့ခြင်းဖြစ်သော်လည်း အာမခံသူရှိမှ ဝိသုဒ္ဓါရုံတိုက်၌ နေခွင့်ရသည်ဖြစ်ရာ အာမခံမည့်သူ အသိပုဂ္ဂိုလ်မရသေးမီ အခိုက်အတန့်အတွင်း အရှေ့ပြင် ခင်မကန်တိုက်, တောင်ပြင် ရွှေရေးဆောင်တိုက်တို့၌ လပိုင်းမျှစီလောက် နေခဲ့သေးသည်၊ မန္တလေးသို့ မရောက်မီ ပခုက္ကူမှ ထွက်၍ စကုမြို့ သက်တော်ရှည်ဆရာတော် **ဦးပဏ္ဍဝ**ထံ၌လည်း လပိုင်းမျှလောက် သဒ္ဒါဘာသာကို အစပျိုး၍ လေ့လာခဲ့သည်။

## သက္ကသီဟစာမေးပွဲအောင်မြင်ခြင်း

နိကာယ်ငါးရပ်ကို အထပ်ထပ်မွှေနှောက် ပို့ချခဲ့သော ပုဂ္ဂိုလ်ဖြစ်ရာ သက္ကသီဟပရိယတ္တိသာသနဟိတ စာမေးပွဲကြီးကို သက်သောင့်သက်သာနှင့်ပင် **တစ်ဂဏန်း**မှနေ၍ အောင်မြင်လေသည်။

သို့ကြောင့်—

အဂ္ဂဓမ္မောသိ အဂ္ဂမှိ၊ ပရိယတ္တိဇယာယဝေ။
ဇယတံ ပထမေ သဗ္ဗ-ဥက္ကဋ္ဌောတိ သမုဂ္ဂတော။ —

ဟူ၍ ထေရုပ္ပတ္တိဆရာ ဥဒါန်းကျူးတော်မူသည်။

အရှင်အဂ္ဂဓမ္မသည် မည်သူအား အမှီပြု၍ ဝါ အာမခံပြုစေ၍ မဟာဝိသုဒ္ဓါရုံတိုက်၌ နေရပါအံ့နည်းဟု အဆက်အသွယ်ကို စုံစမ်းလျက်ရှိစဉ် မဟာဝိသုဒ္ဓါရုံတိုက်သား **အရှင်နာရဒ**နှင့် တွေ့ဆုံ ဆက်စပ်မိလေသည်။ (အရှင်နာရဒ-သည်လည်း သက္ကသီဟစာမေးပွဲဝင် အာဇာနည်တပါး ဖြစ်သည်။) အရှင်နာရဒထံမှ မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး၏ ကြည်ညိုနှစ်သက်ဖွယ် ဂုဏ်ကျေးဇူးစကားတို့ကို အကျယ်တဝင့် ထပ်မံကြားသိရပြန်ရာ ဆရာတော်ဘုရားကြီးထံ ဆည်းကပ်ရန် ထက်သန်သည်ထက် ထက်သန်သော စိတ်ဆန္ဒတွေ တဖွားဖွားဖြစ်ကာ အရှင်နာရဒကိုပင် အာမခံပြုစေ၍ မဟာဝိသုဒ္ဓါရုံတိုက်သားအဖြစ်ဖြင့် နေထိုင်ခွင့်ရရှိခဲ့သည်။

မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးကလည်း အရှင်အဂ္ဂဓမ္မကို ရှုတော်

မူ၍ သာသနာတော်၌ အထက်တန်း,ရှေ့တန်းမှ တာဝန်ဆောင်စွမ်းနိုင်မည့် ပုဂ္ဂိုလ်ပေဘည်းဟု ယုံကြည်တော်မူသဖြင့် တပည့်ကြီးအဖြစ်ဖြင့် ချီးမြှောက်တော်မူသည်။

## ပရိယတ္တိသာသနဟိတ စာချတန်းအောင်မြင်ပြန်ခြင်း

အရှင်အဂ္ဂဓမ္မသည် မဟာဝိသုဒ္ဓါရုံတိုက်သို့ ရောက်လိုသောဆန္ဒ၌ ရည်ရွယ်ချက် ၃-ချက်ရှိသည်ဟု ဆိုသည်။ ထို ၃-ချက်မှာ—

၁-ဝိနည်း အဋ္ဌကထာကြီးများကို ပြန်လည်လေ့လာရန်၊

၂-ပုဒ်ပါဠိ အမှားအမှန် စိစစ်နည်းနှင့် ဝိနည်း အဆုံးအဖြတ်များကို နည်းယူလေ့လာရန်၊

၃-သက္ကတဘာသာရပ်များကို အစွမ်းကုန် ဆည်းပူး သင်ကြားရန်တို့ ဖြစ်ကုန်၏။

ဤသို့သော ဤရည်ရွယ်ချက်ကြီး ၃-ချက်ဖြင့် ဆရာတော်ဘုရားကြီးခြေတော်ရင်းသို့ ဆိုက်ရောက်ခဲ့သည့်အလျောက် ဝိနည်းအဋ္ဌကထာကြီးများကို အထူးသဖြင့် ဆရာတော်ဘုရားကြီးထံ၌ သင်ကြားလေ့လာခဲ့ပေသည်၊ ယင်းသို့ လေ့လာခဲ့ယင်းပင် ရဟန်းသိက္ခာ ၇-ဝါအရတွင် ပရိယတ္တိသာသနဟိတ စာချတန်းကို ဝင်ရောက်ဖြေဆိုရာ တနှစ်တည်း၌ အဋ္ဌကထာကြီး ၃-ကျမ်းလုံး ပြေလည်၍ **တစ်ဂဏန်း**ကပင် အောင်မြင်ခဲ့ပြန်သည်။

## ဝိသုဒ္ဓါရုံဂဏဝါစက စာချဖြစ်ခြင်း

"ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ အရှင်အဂ္ဂဓမ္မာဘိဝံသ"ဘွဲ့ထူးကို ရရှိတော်မူပြီးနောက် ဆရာတော်ဘုရားကြီးထံ၌ ပါဠိ,အဋ္ဌကထာ, သက္ကတကျမ်းများကို သင်ယူလေ့လာယင်း စာပေလည်း ပို့ချလေသည်။ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးသည်လည်း သူတော်ကောင်းပညာရှိ ပုဂ္ဂိုလ်များကို နှစ်သက်လိုလား အားပေး ချီးမြှောက်တော်မူလေ့ရှိသည့်အတိုင်း အရှင်အဂ္ဂဓမ္မအားလည်း အလွန်အားရကျေနပ် ကြည်ညိုတော်မူသည်ဖြစ်၍ "ဝိသုဒ္ဓါရုံဂဏဝါစက စာချ"အဖြစ် တင်မြှောက်တော်မူသည်။

## ဂဏဝါစက ဂန္ထာချက္ခ ဘွဲ့ဖြင့် ချီးမြှင့်ခံရခြင်း

ဥပုသ်ကမ်နှင့်စပ်၍ "ဥပေါသထ လောဆက္ကပုစ္ဆာ"များကို ဆရာတော်ဘုရားကြီး ကိုယ်ဘတော်တိုင်ရေးသား၍ အရှင်အဂ္ဂဓမ္မာဘိဝံသ-ကို ဖြေဆို

ရေးသားစေရာ အရှင်အဂ္ဂဓမ္မာဘိဝံသ-သည် "ဥပေါသထ လောဆက္က-ဝိသဇ္ဇနာ"အမည်ဖြင့် ပါဠိ,အဋ္ဌကထာ ကိုးကားခိုင်မာစွာဖြင့် တကျမ်းတဖွဲ့ ဖြစ်အောင် ပြေကြားဆက်ကပ်သဖြင့် ဆရာတော်ဘုရားကြီး အထူးနှစ်သက် အားရတော်မူ၍ "ဂဏာဝါစက ဂန္ထာချေက္ခ"ဟူသော ဘွဲ့မည် ဂုဏ်းထူးဖြင့် သံဃအလယ်၌ ချီးမြှောက်တော်မူသည်။

## သက္ကတပညာတော်သင်ဖြစ်ခြင်း

သက္ကတ သဒ္ဒါကျမ်းစသည်တို့သည် ပါဠိမာဂဓဘာသာ၌ များစွာ အထောက်အပံ့ရရှိသော စာပေဖြစ်သည်ကို မဟာဝိသုဒ္ဓါရာမဆရာတော် ဘုရားကြီး ယုံကြည်တော်မူသကဲ့သို့ အရှင်အဂ္ဂဓမ္မာဘိဝံသသည်လည်း ယုံကြည်တော်မူရင်း ရှိပေသည်။ ဆရာတော်ဘုရားကြီးသည် သက်တော် ထောက်၍ အိုမင်းခြင်းသို့ရောက်လာပြီဖြစ်၍ မိမိ သက်တော်ထင်ရှားရှိစဉ် ဖြစ်သော်လည်း ကျေနပ်ပြည့်စုံလောက်အောင် ပိဋကပါဠိတော်နှင့် အဋ္ဌ-ကထာပုဒ်ပါဌ်အက္ခရာများကို မှန်ကန်တိကျအောင် သုတ်သင်ပြင်ဆင်တော် မူရာ၌ ကြွင်းကျန်သေးသောအရာများကို မိမိမလွန်မီ၌ရင်း, လွန်ပြီးနောက် ကာလ၌ရင်း ဆက်လက် သန့်ရှင်းသုတ်သင်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် မိမိ ၏အထောက်အပံ့ဖြင့် ဣန္ဒိယနိုင်ငံသို့ သက္ကတပညာတော်သင် စေလွှတ်လိုက် သည်။ အရှင်အဂ္ဂဓမ္မသည် ဣန္ဒိယပြည် ဗာရာဏသီမြို့ ဟိန္ဒူပဏ္ဍိတ်ကြီးတို့ ထံ၌ ၂-နှစ်တိုင်တိုင် သက္ကတဘာသာကိုဆက်လက်လေ့လာခဲ့ပေသည်။မဟာ-ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးထံမှ သက္ကတဘာသာကို သင်ကြားသဖြင့် အခြေခံမျှမက အထက်တန်းကျကျ တတ်မြောက်နှင့်ပြီးသောကြောင့် အဓိပတိတပ်သော ဆန္ဒ, စိတ္တ, ဝီရိယ, ပဋိသမ္ဘိဒာပညာဓာတ် ရင့်သန်တော် မူသော အရှင်အဂ္ဂဓမ္မာဘိဝံသသည် ဣန္ဒိယ၌ ၂-နှစ်မျှ လေ့လာဆည်းပူးရ လျှင်ပင် "သက္ကတဝိဒူ"တပါးအဖြစ်သို့ ရောက်သည်ဟု ဆိုလောက်ပေတော့ သည်။

## သုဝဏ္ဏဝတီတိုက်ကျောင်း အပ်နှင်းခြင်း

ဣန္ဒိယမှ ပြန်ရောက်လာပြီးနောက် မကြာမြင့်မီပင် မန္တလေးမြို့ ကျောက်ခဲသွေးတန်း သုဝဏ္ဏဝတီစာပုံနှိပ်တိုက်ရှင် ဦးလှဖေ, ဒေါ်ရှင်တို့က ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးအား ဆောက်လုပ်လှူဒါန်းသော သုဝဏ္ဏ-

**ဝတီအုပ်ကျောင်းကြီး**ကို ဆရာတော်ဘုရားကြီးက "အရှင်အဂ္ဂဓမ္မာဘိဝံသ" အား အပ်နှင်း၍ **သုဝဏ္ဏဝတီဆရာတော်ကလေး** အဖြစ်ဖြင့် ကျောင်းတင် ချီးမြှောက်တော်မူသည်။

သုဝဏ္ဏဝတီဆရာတော်ကလေးသည် သင်္ခါရဖြစ်သော ခန္ဓာဖြစ်သည်ကို သတိပြုတော်မူ၍ အိပ်, စား, နေ-စသည်တို့ကို အချိန်မှန်စေသောအားဖြင့် ခန္ဓာကိုယ်ကို ကျန်းမာခံ့ခိုင်စေ၍ ၁-စာကြည့်ခြင်း, ၂-စာရေးခြင်း, ၃-စာ ပေပို့ချခြင်းဖြင့်သာ အချိန်ကိုအသုံးပြု၍ စကားပြောခြင်း, ဒကာ-ဒကာမ တို့နှင့် ပြောဟော ရောနှောခြင်းတို့ဖြင့် အချိန်ဖြုန်းခြင်း ပြုတော်မမူတတ် ပေ။ သို့ကြောင့်လည်း သုဝဏ္ဏဝတီ ကျောင်းဒကာ, ဒကာမတို့ လှူဒါန်း ဖွယ်နှင့် ဥပုသ်သီတင်းနေ့၌ လာရောက်ကန်တော့ကြသောအခါ "ကျန်းမာ တော်မူပါခဲ့လားဘုရား"ဟု လျှောက်လျှင် "အင်း... ကောင်းပါ၏"၊ တပည့် တော်များကို သီလချီးမြှောက်တော်မူပါဟု လျှောက်ကြ၏။ အောက်ထပ် မှာ ပဉ္စင်တို့ရှိသည်၊ သူတို့ထံမှာ သီလယူကြပေါ့ဟု မိန့်ကာ စာကိုကြည့်နေ သော ဟူ၏။ ကျောင်းဒကာများက အသိဉာဏ်ရှိသူတို့ဖြစ်၍ ပို၍လေးစား ကြည်ညိုကြကုန်၏။

## ကိုယ်ပိုင်ပိဋကစာအုပ် မရှိ

ထင်ရှားအောင်, ကျော်ကြားအောင်, ဘုန်းတန်ခိုးကြီးအောင် ပြုလုပ် လိုသောသဘော အလျှင်းရှိတော်မမူသဖြင့် သုဝဏ္ဏဝတီဆရာတော်ကလေး အဖြစ်ဖြင့် ပိဋကတ္တယဝိဒူ, သက္ကတဆေက, ဘာသန္တရကောဝိဒ, ဓမ္မဝါစက, ဂန္ထာချက္ခဖြစ်စေကာ ထိုအချိန်တိုင် ကိုယ်ပိုင်ပိဋကစာအုပ်များ မရှိပဲ ဆရာ တော်ဘုရားကြီး ချီးမြှင့်အပ်သော ပိဋကစာအုပ်များသာ ရှိသတတ်၊ နောက်အခါ၌ ကိုယ်ပိုင်စာအုပ်များ ရှိလာသော်လည်း ဆရာတော်ဘုရား ကြီးကို လေးစားသောအားဖြင့် ဆရာတော်ဘုရားကြီး ချီးမြှင့်သော စာအုပ်များကိုသာ ကြည့်ရှုတော်မူသည် ဟူ၏။

## အစဦးဆုံး ကျမ်းကြီး

၁၂၇၇-ခုနှစ်၌ "ဝိသုဒ္ဓါရုံ အဘိဓာန်နိဿယသစ်ကြီး"ကို စတင်ရေးသား ရာ သီဟိုဠ်ကျွန်းမှ ပြန်ရောက်မှ လက်စသတ်ပြီးစီးလေသည်။ ဆရာတော် ဘုရားကြီး ပျံလွန်တော်မမူမီ အရှင်အဂ္ဂဓမ္မအား—

၁-ဝိသုဒ္ဓါရုံဓမ္မဝိနိစ္ဆယက ဌာနန္တရ၊

၂-ဝိသုဒ္ဓါရုံဂဏပါလ နာယက၊

၃-ဝိသုဒ္ဓါရုံဥပဒေသကာရကဌာနန္တရ-တို့ဖြင့်လည်းချီးမြှောက်တော်မူအပ်သည်။

## အရှင်အဂ္ဂဓမ္မာဘိဝံသနှင့် ရွှေကျင်ဂိုဏ်း

အခါတပါး၌ သံဃာများအား ပကတိစိတ်ဓာတ်ရှိရင်းအတိုင်း ရှင်းရှင်းသန့်သန့် ဩဝါဒမိန့်ခွန်း ပေးတော်မူသည်မှာ—

မိမိသည် မဟာဝိသုဒ္ဓါရုံတိုက်ကြီးသို့ ရောက်လာရခြင်း၏ ရည်ရွယ်ချက်မှာ ရွှေကျင်ဂိုဏ်းသား ဖြစ်ဘို့ရန်မဟုတ်ပါ၊ ကျေးဇူးရှင် မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးထံ၌ သက္ကတဘာသာလေ့လာဆည်းပူးရန်နှင့် ဝိနည်းဆုံးဖြတ်ပုံများကို နည်းနာခံယူရန်ဟူသော အချက်ကြီး ၂-ချက်ဖြင့်သာ ရောက်လာခြင်းဖြစ်ပါသည်။

ထို လိုအပ်သော အချက် ၂-ချက်ရလျှင် မိမိအလိုရှိသောနေရာ၌ နေရန်ပင် ဖြစ်ပါသည်၊ အမြဲတမ်း ရွှေကျင်ဂိုဏ်းဝင် ဖြစ်နေရန်မဟုတ်ပါ၊ သို့ရာတွင် ဝိသုဒ္ဓါရုံတိုက်တွင်း၌ တကယ်နေထိုင်ကြည့်တဲ့အခါမှာ ရွှေကျင်ဂိုဏ်း၏ စည်းကမ်းသေဝပ်ပုံ, ဂိုဏ်းစည်းမျဉ်းဥပဒေများ ကောင်းပုံများကို ကိုယ်တိုင်တွေ့ရသည့်ပြင် မဟာဝိသုဒ္ဓါရာမဆရာတော်ကြီး၏ ချီးမြှောက်အားပေးခြင်းတို့ကလည်း အမြဲတစေ ဆွဲဆောင်လျက်ရှိနေပါသည်။

သို့သော်လည်း မည်သို့ဖြစ်စေ ဂိုဏ်းစည်းမျဉ်း ဥပဒေများကို ယုံကြည်ချက်ထားပြီး ရွှေကျင်ဂိုဏ်းသား ဖြစ်ခဲ့ရသဖြင့် တိုက်တွင်းရှိ ကိုယ်တော်အားလုံးသည် ယနေ့ဥပဒေတခြား လူတခြားဖြစ်ပြီး စည်းမဲ့ကမ်းမဲ့ဖြစ်ပါကနက်ဖြန်ခါ ဤတိုက်ထဲမှရင်း, ဤဂိုဏ်းထဲမှရင်း ထွက်နိုင်ပါသည်ဟု ဘွင်းဘွင်း ရှင်းရှင်း မြွက်ကြားခဲ့ပေသည်။

## ရွှေကျင်ဂိုဏ်းအတွက် အရေးကြီးသော ဆောင်ရွက်ချက်

နိုင်ငံရေး သံဃာသာမဂ္ဂီများ ပေါ်ပေါက်ချိန်၌ အခြားဂိုဏ်းတို့မှ အများအပြား သံဃာသာမဂ္ဂီအသင်းတွေ ဖွဲ့စည်းကာ ရေပန်းစားနေကြ၍ ရွှေကျင်ဂိုဏ်း ရှေ့တန်းမှ အချို့ဆရာတော်ကြီးများပင် သံဃာသာမဂ္ဂီသို့ ပါဝင်ရန်

လက်ကမ်းကြသည်ဖြစ်ရာ ရွှေကျင်ဂိုဏ်းကြီး ခြေလှမ်းမမှားစေရန် ဒုတိယ မဟာဝိသုဒ္ဓါရုံ ဒီပဲရင်းဆရာတော်ထံသို့ အချက် ၃-ချက် ရေးသားတင်ပြ၍ ရွှေကျင်ဂိုဏ်းသံဃာများ နိုင်ငံရေးပါဝင်မှုမှ ဟန့်တားဆောင်ရွက်တော်မူခဲ့သည်၊ တင်ပြသော အချက် ၃-ချက်မှာ—

၁။ ရွှေကျင်ဂိုဏ်းသားတို့သည် မိမိတို့ကိုယ်တိုင်က သံဃာသာမဂ္ဂီဖြစ်ပြီး ဖြစ်၍ ခေတ်ပေါ် သံဃာသာမဂ္ဂီထဲသို့ ပါဝင်ခြင်းမပြုရန်၊

၂။ အခြားသံဃာသာမဂ္ဂီ အဖွဲ့ဝင်တို့က ၎င်းတို့နှင့် ပူးတွဲဆောင်ရွက်ရန် ပြောဆိုလာခဲ့သော် ဝိနည်းနှင့် မဆန့်ကျင်သောအရာများဖြစ်က ဆန္ဒပေးရုံမှတပါး ကာယကမ်မြောက် ပါဝင်ဆောင်ရွက်ခြင်း မပြုရန်၊

၃။ ဝိနည်းနှင့် ဆန့်ကျင်သောအရာ ဖြစ်စေကာမူ ယင်းနိုင်ငံရေးကိစ္စ များ၌ ပါဝင်ကန့်ကွက်ခြင်း မပြုရန်၊

ဤအချက် ၃-ချက်တို့ကိုတင်ပြ၍ ဟန့်တားဆောင်ရွက်တော်မူခဲ့သည်။

နိုင်ငံရေးသံဃာများသည် လမ်းမှားလိုက်မိကြသည့်အတိုင်း တဖြည်းဖြည်း ကြာလေ လမ်းစပျောက်လေ ဖြစ်ကုန်ကြတော့၏။ ရွှေကျင်ဂိုဏ်းကြီးမှာကား ဘုရားစကားကို ရိုသေလေးစား၍ အသိဉာဏ် အမြော်အမြင်ကြီးမားတော်မူကြသော အရှင်အဂ္ဂမဟာပဏ္ဍိတ စသော ရှေ့ဆောင်ကောင်းကြီးများကြောင့် လမ်းမှန်မပျက် ဆက်လက်ချီတက်လျက် ရှိကြဆဲပင် ဖြစ်ကုန်၏။

သံဃာသာမဂ္ဂီများ ခေတ်စားသော ထိုအချိန်က ဂိုဏ်းစီးဥက္ကဋ္ဌ မဟာနာယက ဆရာတော်ကြီးများ ထုတ်ပြန်တော်မူသော အမိန့်တော်မှာ—

## ရွှေကျင်ဂိုဏ်းကြီး၏ ဦးစီးဥက္ကဋ္ဌ မဟာနာယကဆရာတော်ကြီးတို့၏ အလိုတော်ကို ဖော်ပြချက်

ရွှေကျင်ဂိုဏ်းကြီးသည် ရှေးမြန်မာဘုရင် အဆက်ဆက်မှ ယခုထက်တိုင် ဆိုဖွယ်မရှိ စင်ကြယ်ခိုင်ခံ့စွာ စည်းလုံးညီညွတ်ပြီး သာမဂ္ဂီ ဖြစ်ငြိးဖြစ်သည့် ပြင် ခေတ်အားလျော်စွာလည်း လွန်ခဲ့သော ၁၂၈၂-ခုနှစ်ကပင် နိုင်ငံလုံး

ဆိုင်ရာ ရွှေကျင်သံဃာတို့ အကြီးအကျယ် အခိုင်အခံ့ တဖန်ထပ်မံ ဖွဲ့စည်း ပြီးဖြစ်၍ အသစ်တဖန် ဖွဲ့စည်းရန်မလို။

ပင်ကိုယ်က ဂိုဏ်းသီးဂိုဏ်းခြားဖြစ်၍ အခြားဂိုဏ်းသားများ ဖွဲ့စည်း ကြသော ခေတ်ပေါ်သံဃာသာမဂ္ဂီသို့ ပါဝင်ရန်မလို။ ၎င်းတို့ ဆောင်ရွက် ကြသော လောကဓမ္မ အပြစ်လွတ်သော အရာဌာနတို့၌ သဘောတူ ဆန္ဒပေး ထောက်ခံခြင်းကိုသာ ပြုသင့်သည်၊ လူအသင်းသားတို့ကလည်း သာမဂ္ဂီ အသင်း ဖွဲ့စည်းတော်မူပါ၊ သာမဂ္ဂီအသင်းသို့ စာရင်းလက်မှတ် ထိုးသွင်း တော်မူပါ ဟူ၍ လျှောက်ထားဖွယ် မရှိ၊ မည်သည့်ကိစ္စကို ဆောင်ရွက် တော်မူပါဟူ၍သာ လျှောက်ထားဖွယ်ရှိသည်။

ရွှေကျင်ဂိုဏ်း အဖွဲ့အစည်းသံဃာတို့ကလည်း အခြားဂိုဏ်းသား သာမဂ္ဂီ အသင်းသားများနှင့်မခြား အလားတူစွာ "ဒိဋ္ဌဓမ္မိကာနံ အာသဝါနံ သံ- ဝရာယ, သမ္ပရာယိကာနံ အာသဝါနံ ပဋိဃာတာယ ဝိနယော ပညတ္တော" ဟူသည့်အတိုင်း ဒိဋ္ဌဓမ္မိကအာသဝ, သမ္ပရာယိကအာသဝတို့မှ ကင်းလွတ်ရန် သတ္တကသမ္ပဇဉ်, သပ္ပါယသမ္ပဇဉ် ယှဉ်စေ ဖြစ်စေပြီးကာ မလိမ္မာသူ ပြည် သားတို့ကလည်း "ဒိဋ္ဌဓမ္မိကသမ္ပရာယိကပရမတ္ထေဟိ ယထာရဟံ အနုသာ- သတီတိ သတ္ထာ" ဟူသကဲ့သို့ အချင်းချင်း ညီညွတ် သည်းခံ ပစ္စုပ္ပန်ရေး တမလွန်ရေးတို့၌ ယဉ်ကျေးလိမ္မာကြ၍ တိုင်းပြည်သာယာ ဘာသာကြီးပွါး ပြည်သားပြည်သူ ချမ်းသာကြရန် ဒုစရိုက်ဆယ်ပါး နွားသားသေရက် စသည်ကို ရှောင်ကြဉ်ကြ၍ ခန္တီမေတ္တာ သန္တုဋ္ဌီ သလ္လေခတရားတို့ကို အထူး ဟောကြားကြရမည် ဖြစ်သည်။

ယခုလည်း မန္တလေး, စစ်ကိုင်း စသော ရွှေကျင်ဂိုဏ်းသား လုံလောက် သော ဓမ္မကထိကပုဂ္ဂိုလ်များ ယင်းသို့သော တရားများကို ဝိနည်းတော်နှင့် ညီညွတ်စွာ ဟောကြားလျက် ရှိကြသည်။

စည်းလုံးညီညွတ်ပြီး ရွှေကျင်ဂိုဏ်းသံဃာတို့က ခေတ်ပေါ် သံဃာသာမဂ္ဂီ သို့ စာရင်းလက်မှတ် ထိုးသွင်းပါဝင်လျှင် အစဉ်အလာ ကောင်းလာခဲ့၍ အပြစ်ဆိုဖွယ်မရှိ ညီညွတ်သော ရွှေကျင်ဂိုဏ်းကြီး ဂုဏ်ရွေ့ပျက်မည်သာ ဖြစ် သည်။ ယင်းသို့ကြောင့် သံဃာသာမဂ္ဂီသို့ စာရင်းလက်မှတ် ထိုးသွင်းပါဆိုလာ လျှောက်လာလျှင် မထိုးမသွင်းမပါဝင်ပဲ ရဟန်းတို့နှင့် လျော်သောကိစ္စ၌ သဘောတူကြောင်း ဆန္ဒသာပေးသင့်သည်၊ မန္တလေးမြို့ရှိ ရွှေကျင်ဂိုဏ်းဝင်

သံဃာတို့လည်း သင့်လျော်သော ကိစ္စ၌ ဆန္ဒထောက်ခံချက်သာ ပေး၍ စည်းလုံးမပျက် ငြိမ်သက်ပိပြားစွာ နေထိုင်ကြသည်၊ထိုထိုသတင်းစာများက အလိုရှိရာ ရေးသားဖော်ပြသည့် သတင်းများကို မယောင်မှားမိစေရန် ရွှေကျင်ဂိုဏ်းကြီးသည် "အပ္ပသန္နာနံ အပ္ပသာဒါယ ပသန္နာနံ အည-ထတ္တာယ" မဖြစ်စေရန် ကြောင့်ကြမကင်း၍ သာမဂ္ဂီအသင်းသို့ ဝင်လိုကြစေကာ သီးလုံး, ရွှေကျင်, ပဲခူးတောရ, မဟာဝိသုဒ္ဓါရာမိက, ပုခန်း, ခင်မွန် စသော ဂိုဏ်းစောင့်ဆရာတော်ကြီးတို့၏ ဂုဏ်ကျေးဇူးတော်များကို အလေးမူ အခရေးယူကြရန် ဉာဏ်ကိုမက္ခာ, သဒ္ဓါလက်ရှိ, သတိရှေ့ထားကြလျက် ဆောင်ရွက်သင့်ကြပေသည်။

**ဒိပဲရင်းဆရာတော်၊ ၁၂၈၃ ခု တန်ဆောင်မုန်းလ။**

## အရှင်အဂ္ဂဓမ္မာဘိဝံသ သီဟိုဠ်ကြွခြင်း

အရှင်အဂ္ဂဓမ္မာဘိဝံသသည် မိမိရေးသားရန် ရည်ရွယ်သော မောဂ္ဂလ္လာန်နိဿယ, ပဉ္စိကာနိဿယတို့၌ ပိုမိုပြည့်စုံစေရန် —

၁-သီဟိုဠ်နိဿယများကို မှီငြမ်းပြုလိုခြင်း၊

၂-သာသနိကကျမ်းများနှင့် လျော်စေလိုခြင်း၊

၃-သီဟိုဠ် ဝိသုဒ္ဓါရုံသာသနာကိုလည်း ချီးမြှောက်လိုခြင်း—

ဤ ဆန္ဒသုံးချက်ဖြင့် ၁၂၈၄-ခုနှစ်တွင် သီဟိုဠ်ကျွန်းသို့ ကြွ၍ ကောလမ္ဗိုမြို့ ဝိသုဒ္ဓါရာမယတိုက်၌ သီတင်းသုံးလေသည်။ ဝိသုဒ္ဓါရာမယ-တနည်း ဝိသုဒ္ဓါ-ရုံတိုက် နာယကဆရာတော် အရှင်သိရိဓမ္မသည် သီဟိုဠ်သား ဖြစ်သည်။ ရှင်သာမဏေ အဖြစ်ကပင် မြန်မာပြည်သို့ရောက်၍ ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ဘုရားကြီးထံ၌ ရဟန်းဖြစ်လျက် မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးထံ၌ ၁၆-နှစ်တိုင်တိုင် ပိဋကကျမ်းစာများကို မြန်မာနည်းဖြင့် သင်ကြားတတ်မြောက်ခဲ့သော စာတတ် ရွှေကျင်သွေးစစ် ရွှေကျင်ဂိုဏ်းသားဆရာတော်ဖြစ်သည်၊ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိကို ပါဠိဂါထာဗန္ဓတို့ဖြင့် ဖွင့်ဆိုရေးသားသောပုဂ္ဂိုလ် ဖြစ်သည်။

အရှင်အဂ္ဂဓမ္မာဘိဝံသသည် သီဟိုဠ်ကျွန်းသို့ ရောက်လျှင် ဝိသုဒ္ဓါရာမယ တိုက်မှာနေ၍ သမာနာစရိယဖြစ်သော အရှင်သိရိဓမ္မ၏ ဝိသုဒ္ဓါရုံ ရွှေကျင် သာသနာကိုလည်း ကူညီအားပေးသောအားဖြင့် ပဋ္ဌာန်းကျမ်းကြီးကို ပါဠိ-

ဘာသာဖြင့် အစိပ္ပါယ်ပြောကြား၍ ပို့ချပေသည်။ မိမိကိုယ်တိုင်လည်း ၆-လမျှဖြင့် သီဟိုဠ်ဘာသာကို သီဟိုဠ်သားများကဲ့သို့ ပြောနိုင်,ရေးနိုင်သည် အထိ လေ့လာတော်မူသည်။

ဂင်းနောက် အကြမ်းရေးသားပြီးသော အဘိဓာန် နိဿယကြီးကို အချောကိုင်ခြင်း,မောဂ္ဂလ္လာန်နှင့် ပဋ္ဌိကာနိဿယများကိုလည်း လိုအပ်သမျှ ပြင်ဆင်ရေးသားခြင်းကို ပြုတော်မူသည်။

## ဇွဲနှင့် သည်းခံခြင်း

သီဟိုဠ်မှ ပဋ္ဌိကာနိဿယကို ကြည့်ရှုလို၍ စုံစမ်းကာလ အလွန်ရှားပါး နေရာ နောက်မှ အညနိကာယ ဆရာတော်ကြီးတပါးထံ၌ သတင်းရ၍ ခေတ္တ ထုတ်ပါရန် အလေးအမြတ်ပြု၍ သွားရောက်လျှောက်ထားရာ မငှါးနိုင်ဟု ပြတ်ပြတ်မာမာ ပြောလိုက်သဖြင့် စိတ်မော သွားလေသည်။ သို့သော် ဇွဲ ကောင်းကောင်းနှင့် သည်းခံကာ ၂-ကြိမ် ၃-ကြိမ် ရိုကျိုးညွတ်တွား လျှောက် ထားပြန်လေသည်။ ထိုအခါမှ အရှင်အဂ္ဂဓမ္မ၏ သမာဆန္ဒနှင့် ဇွဲကို လေးစား သဖြင့် ခွင့်ပြုသည်။ ခွင့်ပြုသည် ဆိုသော်လည်း အခြားသို့ ထုတ်ယူသွားခွင့် ပြုသည်မဟုတ်၊ သူ့ကျောင်းသို့လာ၍ ကြည့်လိုကကြည့်, ကူးယူလိုကကူးယူ ရန်ကိုသာ ခွင့်ပြုသည်၊ ယင်းသို့ ခွင့်ပြုသည်ကိုပင် အရှင်အဂ္ဂဓမ္မာဘိဝံသ သည် အလွန်ဝမ်းမြောက်စွာ ကျေနပ်တော်မူ၍ ဝိသုဒ္ဓါရာမယကျောင်းတိုက် မှ အတန်ငယ်ကွာလှမ်းသော ထိုဆရာတော်ကြီးကျောင်းသို့ နေ့စဉ် ခြေလျင် ကြွ၍ စာမူကို ကူးယူရပေသည်။

အရှင်အဂ္ဂဓမ္မာဘိဝံသ၏ သမာဓိသီလနှင့် ပိဋကတ္တယဝိဒူဂုဏ် ဘာသန္တရ ကောဝိဒဂုဏ်တို့ကို ကိုယ်တွေ့မျက်မြင်ဖြစ်၍ ကြည်ညိုလှသော **အထက်တန်း အရာရှိကြီး** တဦးက သူ့အိမ်၌ ဆွမ်းကပ်လှူပြီးနောက် သူပိုင်ကားဖြင့် **အသွား** အပြန် ပင့်ဆောင် ပို့ပေးသဖြင့် တဖက်မှ သက်သာခွင့်ကို ရခဲ့ ပေသည်။ စာကူးရသောကာလမှာ ၂-လတိုင် ကြာလေသည်။

## ဝိနယစစ်ပွဲကြီး အောင်မြင်ပုံ

သီဟိုဠ်ကျွန်း ကောလမ္ဗိုမြို့ ဝိသုဒ္ဓါရုံကျောင်းတိုက်၌ အရှင်အဂ္ဂဓမ္မာဘိ- ဝံသကြီးမှူး၍ ဝိသုံဂါမသိမ် သမုတ်တော်မူကြသည်။ သီဟိုဠ်ကျွန်း၌ ဝိသုံဂါမ သိမ် သမုတ်လေ့မရှိကြ, ဝိသုံဂါမသိမ် အောင်မြင်သည်ဟု မယူဆကြသဖြင့်

အရှင်အဂ္ဂဓမ္မာဘိဝံသ ကြီးမှူးဦးဆောင်၍ သမုတ်သော ဝိသုံဂါမသိမ်သည် သိမ်အဖြစ်သို့မရောက်, အောင်မြင်သောသိမ်မဟုတ်၍ အရာမထင် သိမ်မဝင်သော အခင်းသာ ဖြစ်သည်ဟု ဝိသုဒ္ဓါရုံရွှေကျင်သံဃာမှတပါး ကျွန်းလုံးရှိ သီဟိုဠ်သံဃာများက သီဟိုဠ်သာသနာကို စော်ကားရာသက်ရောက်သည်ဟု ယူဆ၍ ကြေငြာလေသည်။

ထိုအခါ အရှင်အဂ္ဂဓမ္မာဘိဝံသသည် ကြောင်လက်သည်းဝှက်ပမာ မဝင့်မဝါ အကြောင်းမဲ့ထုတ်ဖော်မှုမရှိဲ ဆည်းပူးထားအပ်သော ပါဠိအဋ္ဌကထာကျမ်းဂန် အထောက်အထားတို့ကို ခိုင်လုံစွာကိုးကား၍ သီဟိုဠ်ဘာသာအားဖြင့်ရှင်း, ပါဠိဘာသာအားဖြင့်ရှင်း သတင်းစာမဂ္ဂဇင်းတို့မှ တဆင့် ဝိသုံဂါမသိမ် အောင်မြင်ကြောင်း, သီဟိုဠ်သာသနာ မူမမှန်ကြောင်းတို့ကို ရဲရဲတောက် တွန်းလှန် ဖြိုဖျက် နှိမ်နင်းလိုက်ရာ နောက်ဆုံး၌ သီဟိုဠ်သံဃာ ပြန်လည် မချေပနိုင်တော့သဖြင့် **ဝိနယစစ် အောင်ပွဲ** ခံလိုက်ခဲ့ရပေသည်။

သတင်းစာ မဂ္ဂဇင်းတို့မှ တဆင့်တွင်မက လူထုအစည်းအဝေးကြီး ပြုလုပ်၍ အရှင်အဂ္ဂဓမ္မကိုယ်တိုင် တက်ရောက်၍ နှုတ်ဖြင့်ရှင်းလင်း ပြောပြရာ ပရိသတ်ကြီး တရပ်လုံး သြဘာပေး၍ ချီးကျူးကြသည်ဟု သိရှိရသည်။

## အဘိဓာန်နိဿယ ထွက်ပေါ်လာပြီ

အရှင်အဂ္ဂဓမ္မာဘိဝံသသည် သီဟိုဠ်ကျွန်း၌ ၃-နှစ်တိုင်တိုင် နေ၍ လိုအပ်သော ကိစ္စအရပ်ရပ်ကို ဆောင်ရွက်ပြီးသည့်နောက် ၁၂၇၆-ခုနှစ်၌ မြန်မာပြည်သို့ ပြန်လည်ကြွရောက်၍ မန္တလေး မဟာဝိသုဒ္ဓါရုံတိုက် သုဝဏ္ဏဝတီအုဠ်ကျောင်း၌ပင် သီတင်းသုံးတော်မူကာ အချော ရေးသားပြုပြင်ပြီးသော ဝိသုဒ္ဓါရုံ**အဘိဓာန်နိဿယသစ်ကြီး**ကို စာအုပ်အဖြစ် ရိုက်နှိပ် ထွက်ပေါ်စေလိုက်၏။ ယင်းအဘိဓာန်နိဿယ၏ ဂုဏ်ကိုကား အထူး ရေးသား ထုတ်ဖော်ခြင်းထက် စာအုပ်ကပင် အလိုအလျောက် ပြသနေပေတော့သည်။

## လမ်းမှန်နှင့် အကျဉ်းကြိုက်ပုံ

သက္ကရာဇ် ၁၂၇၇-ခုနှစ်လောက်ကဟု ဆိုသည်၊ အရှင်အဂ္ဂဓမ္မာဘိဝံသ၏အဘ ခမည်းတော်ကြီး မကျန်းမာ၍ အပင့်ရောက်လာသဖြင့် လိုက်ပါသွားကာ ကိုယ်ဖိရင်ဖိ တလမျှလောက်ဆေးဝါးခါတ်စာ စသည်တို့အပြင်

ပရိတ်တရားဒေသနာတော်များကို ရွတ်ဆိုဟောပြောလျက် စောင့်ရှောက်တော်မူသည်။ ကျေနပ် အားရလောက်အောင် တလခန့် ပြုစုသော်လည်း သင်္ခါရဓမ္မကို မလွန်နိုင်သည်အား လျော်စွာ ခမည်းတော် ဒါယကာကြီး ကွယ်လွန်သွားရာ ကွယ်လွန်သောနေ့၌ပင် သားသမီးနှင့် ဆွေမျိုးဉာတိတွေ အစုံအညီကို ခေါ်၍ "ကဲ....အလောင်းကို ဘယ်လို သင်္ဂြိုဟ်ကြမလဲ၊ ယခု နံနက်ပိုင်းဖြစ်၍ အချိန်ရှိသေးသည်၊ နေ့ခြင်းပြီးသင်္ဂြိုဟ်ရန် တို့လိုလားသည်၊ တို့အလိုအတိုင်း မဖြစ်နိုင်ဘူးဆိုလျှင်လဲ တလမက နှစ်လမက ထား၊ မင်းတို့ ကြိုက်သလိုသာ သင်္ဂြိုဟ်ကြ၊ တို့က မကန့်ကွက်လို၊ သို့သော် အများကြိုက် ဆိုလျှင် အများနှင့်ပဲ စခန်းသွားကြ၊ ငါတို့တော့ တာဝန်ကျေပြီဖြစ်၍ ယနေ့ပင် ပြန်မည်"ဟု ပြတ်ပြတ်သားသား အမိန့်ရှိလိုက်သဖြင့် ရုတ်တရက် အားလုံး အသံတိတ်၍ တွေဝေငြိမ်သက် သွားတော့သည်၊ အတော်ကြာမှ လျှောက်ထားနိုင်လောက်သော လူကြီး ၂-ယောက် ၃-ယောက်က "အရှင်ဘုရားစိတ်တိုင်းကျ ယနေ့ပင် သင်္ဂြိုဟ်ကိစ္စ ပြီးပါမည်"ဟု လျှောက်ထားကြ၏။ "ကဲ သည်လိုဆိုလျှင် သံဃာတော်များအား လှူဒါန်းရန် ထိုက်တန်သလောက် မြင်းခြံသို့ သွားဝယ်ကြချေ"ဟု အမိန့်ပေးလိုက်သည် ဟူ၏။

ဆွေကြီး မျိုးကြီးဖြစ်သည့်အတိုင်း ထိုနေ့ခြင်းပင် သင်္ဂြိုဟ်သော်လည်း ဒေသအလျောက် စည်ကား သိုက်မြိုက်စွာ ကပ္ပိယ ဒါတဗ္ဗဝတ္ထုများကို လှူဒါန်း၍ သင်္ဂြိုဟ်လိုက်ကြ၏။

## အရှင်အဂ္ဂဓမ္မာဘိဝံသ ကိုယ်တိုင်ရေစက်ချခြင်း

အရှင်အဂ္ဂဓမ္မာဘိဝံသသည် ဟရားဟော ရေစက်ချရန်ကို ထားဘိဦး သီလမျှကိုပင် ပေးလေ့မရှိ၊ စာဖြင့်သာ နေလေ့ရှိသည်ကို အများအားဖြင့် သိကြ၏။ အခါတပါး မဟာဝိသုဒ္ဓါရုံတိုက် ဥပုသ်ပြုရာ သံဃာ့အစည်းအဝေး၌ ဒီပဲရင်းဆရာတော်ကြီးက "ဦးအဂ္ဂဓမ္မလဲ တရားဟောရင် ဖြစ်ရမှာပေါ့"ဟု မိန့်ကြားသည်ကိုကြားသိ၍ "ကိုယ်တိုင်ကမှ အကုန်မကျင့်နိုင်ပဲ သူတပါးကို မဟောလို" ဟု ပြန်လည် လျှောက်ထားဘူးသတတ်။

သို့ပင် မဟော မပြောခဲ့သော်လည်း ခမည်းတော် ဒါယကာကြီး ကိစ္စ၌ကား ကိုယ်တိုင် ရေစက်ချပေးတော်မူသဖြင့် ထူးခြား မှတ်သားဖွယ် ဖြစ်သည့်ပြင် ရေစက်ချနည်းမှာလည်း မှတ်သားလောက်သော ရေစက်ချဖြစ်၍ အတ္ထုပ္ပတ္တိလာအတိုင်း ရေးကူး ဖော်ပြလိုက်ရသည်။

## အရှင်အဂ္ဂဓမ္မာဘိဝံသ၏ ခမည်းတော်ချာပန

### ရေစက်ချစာမူ

မြတ်စွာဘုရား၏ လက်ထက်တော် သာဝက အရှင်မဟာကဿပ ၏ အနွယ်အဆက် ဖြစ်တော်မူကြသော ဆရာတော် သံဃာတော် အရှင်မြတ်တို့ ဘုရား.... တပည့်တော်တို့သည် ကွယ်လွန်သူ ခမည်းတော်ကြီးကို ရည်စူးလျက် ဤလှူဒါန်းဖွယ် သင်္ကန်း ဒွိစုံ စသည်တို့ကို အရှင်မြတ်တို့အား အရိယာ ဟူသော အမှတ်ဖြင့် လှူဒါန်းပါ၏၊ လှူဒါန်းပါ၏၊ လှူဒါန်းပါ၏။ (၃-ကြိမ်ဆိုစေသည်။)

ဤလှူဒါန်းသမျှသော ကုသိုလ်အရပ်ရပ်သည် ကွယ်လွန်သူ ခမည်းတော်ကြီး၏ အဖို့ဘာဂ ဖြစ်ပါစေသတည်း၊ တပည့်တော်တို့၏ နိဗ္ဗာန်ရမှုအတွက်လည်း အထောက်အပံ့ ဖြစ်ပါစေသတည်း၊ ဤကောင်းမှုအဖို့ကို ခမည်းတော်ကြီးနှင့်တကွ ရှိသမျှ သတ္တဝါတို့အား အမျှပေးဝေပါ၏၊ အမျှပေးဝေပါ၏၊ အမျှပေးဝေပါ၏။ (၃-ကြိမ်ဆိုစေသည်။)

ကုသိုလ်၏ ဝေစုကို အသီးအသီး ရကြ၍ အားလုံး ချမ်းသာကြပါစေ။

အရှင်အဂ္ဂဓမ္မာဘိဝံသသည် မဇ္ဈိမပဋိပဒါ သဘောကို လိုက်နာသော ပုဂ္ဂိုလ်ဟု ဆိုသိုက ဆိုနိုင်၏၊ အဘယ့်ကြောင့်ဟူမူ အချို့ပုဂ္ဂိုလ်တို့ကား ရှင်လူတို့နှင့် ရောနှောဆက်ဆံလွန်း, လိုက်လျောလွန်း၏။ အချို့ ပုဂ္ဂိုလ်တို့ကား တိုလွန်း, ရှင်းလွန်း, ပြတ်လွန်း၏။ ယင်းနှစ်မျိုးတွင် လိုက်လျောလွန်းသော ပုဂ္ဂိုလ်စားကား ပေါများလှ၍ ပုံစံထုတ်ဖွယ်မလိုပါ။ တိုလွန်းသော ပုဂ္ဂိုလ်တို့အနက် ဆရာတော် ဦးဗုဒ်မှာ သာသနာနယ်၌ အထင်ရှားဆုံး ဖြစ်၏၊ သို့ကြောင့် ဦးဗုဒ်ကိုပင် ပုံစံထုတ်ပြလို၏။

ဆရာတော် ဦးဗုဒ် ခမည်းတော် ဒါယကာကြီး မကျန်းမာ၍ လာပင့်ရာ စာကြည့်မဖျက်လို၍ "ဆရာကောင်းကောင်း ခေါ် ကုကြပေါ့ဟယ်" ဟု ပြောလိုက်သည် ဟူ၏။

နောက်တကြိမ် ပရိတ်တရားနာလို၍ ကြွရန် လာပင့်ပြန်ရာ "ဘယ်သူ ရွတ်ရွတ် ဘုရားပရိတ်ပါပဲ"ဟု ပြောကာ ဦးပဥ္စင်းတပါး စေလွှတ်ကာ မိမိကိုယ်စား ရွတ်စေ၏။

မကြာမီ ခမည်းတော်ကြီး ကွယ်လွန်၍ ပင့်ပြန်ရာ "သေမှတော့ မထူး တော့ဘူး" ဟု ပြောလိုက်သည် ဟူ၏။

ဆရာတော် ဦးဗုဓ် နေပြည်တော် အင်းဝသို့ ရောက်၍ တနှစ်ခန့်ကြာ သောအခါ မယ်တော်ကြီး ဒေါ်မွေး ရောက်လာကာ ဆရာတော် ဦးဗုဓ်ထံ သွား၍ ကန်တော့၏၊ ရုတ်တရက် မေးမြန်း နှုတ်ဆက်ခြင်းမပြုပဲ စာကြည့် နေသဖြင့် မယ်တော်ကြီးသည် ဝမ်းနည်း၍ ငိုလေ၏၊ အတန်ကြာမှ စာ ကြည့်ရာမှ "ခင်ဗျားကြီးက ဒီမှာလာပြီး ဘာပြု၍ ငိုနေရသလဲ" ဟု ဆို၏။ "အရှင်ဘုရားကို ဖူးမြင်ချင်၍ အဆင်းရဲ အပင်ပန်းခံကာ လာပါလျက် နှုတ်မဆက် မမေးမမြန်းပဲ နေသဖြင့် ဝမ်းနည်း၍ ငိုကြောင်း" ဟု လျှောက် လျှင် "ဒီလို ဒကာမကြီး ငိုခဲ့ရတဲ့ဘဝတွေ မရေမတွက်နိုင်တော့ဘူး" ဟု ဆိုကာ ကပ္ပိယကြီးကိုခေါ်၍ "သည် ဒကာမကြီးဟာ ငါ့မယ်တော်ကြီးဖြစ် သည်၊ ခေါ်သွားပြီး သင့်တော်ရာမှာ စောင့်ရှောက်ထားလိုက်ပါ" ဟု မိန့်လိုက်၏၊ နန်းမတော် မိဘုရားကြီး သိ၍ မယ်တော်ကြီးကို နန်းတော်သို့ ခေါ်ကာ လိုလေသေးမရှိအောင် ကျွေးမွေး ပြုစုထားသတတ်။

မယ်တော်ကြီး နေရပ်သို့ ပြန်မည်ပြုသောအခါ နန်းမတော် မိဘုရား ကြီးက ထူးမြတ်သော အသုံးအဆောင် အဝတ်အစားတို့နှင့်တကွ ငွေတော် ငါးပိဿာ ပေးကမ်း ချီးမြှောက်လိုက်၏။ ဆရာတော်ဦးဗုဓ်ထံ ရောက်၍ ပြန်ခါနီး ကန်တော့လျှင် "ဒကာမကြီး ဒီပစ္စည်းတွေ စားပြီး ကုသိုလ် ကောင်းမှု ကြိုးစား အားထုတ်နေပေတော့၊ ကိုင်း ပြန်တော့ဗျာ စာကြည့် ပျက်တယ်" ဟု ဆိုလိုက်သည် ဟူ၏။

မယ်တော်ကြီးသည် ညောင်ကန်ရွာ၌ ၃-နှစ်ခန့် နေပြီးနောက် မြို့တော် သို့ တဖန် လာသောအခါ မိဘုရားကြီးက နန်းတော်ရှေ့ ရပ်ကွက်၌ အိမ် ဆောက်ပေးကာ ကျွေးမွေး ချီးမြှောက်ထား၏၊ ၂-နှစ်ခန့်ရှိလျှင် မယ်တော် ကြီး ကွယ်လွန်၍ ဆရာတော် ဦးဗုဓ်ထံ လျှောက်ထားစေရာ "သေလျှင် သင်္ဂြိုဟ်လိုက်ကြတာပ" ဟု သာ ပြောကြားလိုက်၏။

မိဘုရားကြီးကပင် ခမ်းနား တင့်တယ်စွာ စီမံ၍ ဆရာတော် ကြွလို ကြွ ငြား အုဋ္ဌကျောင်းတော်အနီးမှ ထုတ်ယူရန် မှာကြားထားသဖြင့် ကျောင်း တော်အနီး လမ်းမှထုတ်ယူလာကာ စည်သံ မောင်းသံ စသည်တို့ဖြင့် ဆရာ တော် ကြားသိလောက်အောင် အုတ်အုတ်သဲသဲ အသံပြုလာကြ၏၊ ဆရာ

တော်ကား စာကြည့်မပျက်ချေ။ မည်သည့်ဒကာမျှလည်း မပင့်မလျှောက် ဝံ့ကြ၊ အတန်ကြာမှ တိုက်အုပ် တိုက်ကြပ် တပည့်ကြီးများက မယ်တော် ဈာပနပို့ရန် ယူဆောင်လာကြသည်မှာ ကျောင်းအနီး ရောက်နေကြောင်း လျှောက်ကြရာ ပေစာကို တဖက်ကိုင်ယင်း ပြူတင်းပေါက်မှ ကြည့်၍ "ဒကာမကြီးက တို့အရင်ကျသကိုး၊ သွားနှင့်ပေဦးတော့"ဟု သာ ဆိုလိုက် သည် ဟူ၏။

ဆရာတော်ဦးဗုဒ်အကြောင်းတို့မှာ ဤသို့ နှင်နှင်ပင် ဖြစ်ကြကုန်၏။ ဆရာတော်ဦးဗုဓ်ကတော့လည်း တိုလွန်း,ပြတ်လွန်းသည်ဟု ဆိုရမည်။

## အရှင်အဂ္ဂဓမ္မာဘိဝံသသည် အဘယာရာမ ရွှေဂူဆရာတော်ဖြစ်ခြင်း

မန္တလေးမြို့ သေဋ္ဌေး **ဦးမင်း, ဒေါ်ဝင်း** တို့သည် ၁၂၇၆-ခုနှစ်ကစ၍ စိန်ပန်းရပ်၌ အဘယာရာမရွှေဂူကျောင်းတိုက်ကြီးဖြစ်ရန် ဥယျာန်မြေ ၅-ဧကကိုဝယ်ယူ၍ ရွှေကျင်ဂိုဏ်းသံဃာကိုရည်မှန်းလျက် အလယ်တိုက်ကြီး, ဆွမ်းစားကျောင်း, သိမ်ကျောင်း, ရေတွင်း, အာရာမ်တံတိုင်းတို့ကို တည် ဆောက်ခဲ့ရာ ၁၂၇၇-ခုနှစ်၌ ပြီးစီး၍ "**အဘယာရာမရွှေဂူတိုက်**"ဟု ကမ္ပည်း တပ်လျက် ရွှေကျင်နိကာယဉက္ကဋ္ဌမဟာနာယက ဒုတိယဝိသုဒ္ဓါရုံ ဒီပဲရင်း ဆရာတော်ထံ ရေစက်သွန်းချ၍ အပ်နှင်း လှူဒါန်းကြသည်။ ဒီပဲရင်းဆရာ တော်သည် သံဃထေရ်များနှင့် တိုင်ပင်၍ အသင့်တော်ဆုံး ပုဂ္ဂိုလ်ကို ရွေးချယ်ကြရာ "အရှင်အဂ္ဂဓမ္မာဘိဝံသ သုဝဏ္ဏဝတီ အုဌ်ကျောင်းဆရာ တော်"ကို အများသဘောတူ ရွေးကောက်တော်မူကြ၍——

သက္ကရာဇ် ၁၂၇၉-ခုနှစ် ဝါဆိုလဆန်း ၁၃-ရက်နေ့ ဒီပဲရင်းဆရာတော် ဘုရားကြီးကိုယ်တော်တိုင် မဟာဝိသုဒ္ဓါရုံတိုက်ကြီးမှ သံဃပရိသတ်များစွာ ခြံရံလျက် အဘယာရာမရွှေဂူကျောင်းတိုက်သို့ ကြွရောက်တော်မူပြီးလျှင် ကျောင်းတိုက်ကြီးကို အရှင်အဂ္ဂဓမ္မာဘိဝံသအား အပ်နှင်းချီးမြှောက်တော် မူ၍ ကိုယ်တော်တိုင်လည်း ၃-ရက်တိုင်တိုင် သီတင်းသုံးတော်မူခဲ့သည်။ အရှင်အဂ္ဂဓမ္မာဘိဝံသသည် ထိုအခါမှစ၍ "**အဘယာရာမ်ဆရာတော်**"ဟူ သော ဝိသေသအမည်ဖြင့် သာသနာ့ဝေဟင်၌ အလွန်ထင်ရှားတော်မူလေ သည်။

အဘယာရာမဆရာတော် အဘယာရာမတိုက်သို့ ရွှေ့ပြောင်းကြွရောက်တော်မူသောအခါ အားဖြည့် ဖြည့်တင်းခြံရံသောအားဖြင့်ငင်း, မာဂဓသက္ကတ ကျမ်းဂန်တို့ကို ဆည်းပူးနည်းယူရန် အနေအားဖြင့်ငင်း ရွှေကျင်ဂိုဏ်း သာသနာ့ကြက်သရေကိုဆောင်၍ ထက်ကြပ်မကွာ လိုက်ပါကြသော ပုဂ္ဂိုလ်တို့မှာ—

၁။ ပထမကျော် အရှင်ဇနကာဘိဝံသ ပရိယတ္တိသာသနဟိတဓမ္မာစရိယ၊ (ယခုအခါ အမရပူရ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ အဂ္ဂမဟာပဏ္ဍိတ။)

၂။ ပရိယတ္တိသာသနဟိတဓမ္မာစရိယ ဘာသန္တရကောဝိဒ အရှင်မေဃိယာဘိဝံသ၊ (နောက်အခါ မဟာဝိသုဒ္ဓါရုံတိုက် သုဝဏ္ဏဝတီဆရာတော် မဟာဝိသုဒ္ဓါရုံစာချဆရာတော်။)

၃။ ပရိယတ္တိသာသနဟိတဓမ္မာစရိယ သဘာဝဝုတ္တိဝိစာရဏာ ဂန္ထန္တရဝိဒူ ပထမကျော် အရှင်စန္ဒိမာသိရီဘိဝံသ၊ (နောက်အခါ မလှိုင်ဆရာတော်။)

၄။ တိက္ခဝေဓ ဂမ္ဘီရဉာဏ ပိဋကတ္တယဆောက ဝိစိတြဘာဏီ ဓမ္မကထိက စာချ ဘာသန္တရဝိဒူ အရှင်ပဏ္ဍိတ၊ (ယခုအခါ စစ်ကိုင်းတောင်ရိုး အနီးစခန်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ။)

၅။ ပရိယတ္တိသာသနဟိတဓမ္မာစရိယ တိပိဋကကောဝိဒ ဘာသန္တရဝိဒူ ခေတ္တညူ အရှင်ဝိသုဒ္ဓါဘိဝံသ၊ (ယခုအခါ မန္တလေးမြို့ ဝိဇ္ဇာလင်္ကာရဆရာတော် ပထမကျော် အရှင်ဝိသုဒ္ဓါဘိဝံသ အဂ္ဂမဟာပဏ္ဍိတ။)

၆။ ပရိယတ္တိသာသနဟိတဓမ္မာစရိယ ဂန္ထကာရက ပထမကျော် အရှင်တေဇဝန္တာဘိဝံသ၊ (ယခုအခါ ရန်ကုန်တက္ကသိုလ်ကထိက။)

၇။ ပရိယတ္တိသာသနဟိတဓမ္မာစရိယ တိပိဋကဓရ ဘာသန္တရကောဝိဒ အရှင်ဝါသေဋ္ဌာဘိဝံသ၊ (ယခုအခါ သပြေကန်ဆရာတော်။)

၈။ ပရိယတ္တိဆောက ဗဟုဿုတဓရ မောဂ္ဂလ္လာနာဒိနိဿယယောပထမ္ဘက အဘယာရုံစာချ အရှင်နရိန္ဒ—

စသည်တို့ ဖြစ်ကုန်၏။

အခြံအရံပရိသတ်ကို မြင်သဖြင့်လည်း အဘယာရာမဆရာတော်ကို တနည်းအားဖြင့် ခန့်မှန်းနိုင်ကြပေမည်။

## သန္တောသ ရှိတော်မူပုံ

အဘယာရာမ သာသနဝန်ဆောင် ပုဂ္ဂိုလ်တို့အား သက်ဆိုင်ရာ ဒကာ-ဒကာမတို့သည် စတုပစ္စယဒါယကာအဖြစ် ဘိတ်ကြား လျှောက်ထားပြီး ရှိကြ၏၊ အဘယာရာမဆရာတော်အားမူကား ကျောင်းဒကာ, ကျောင်းအမကြီးတို့မှ စ၍ ကြိမ်ဖန်များစွာ ဘိတ်ကြား လျှောက်ထားကြကုန်၏၊ ဆရာတော်ကမူ တကြိမ်တခါမျှ ဝစီဝိညတ်ဖြင့် ပြောဆို တောင်းခံဘူးသည် မရှိခဲ့။ အခါတပါး၌ ကျောင်းအမကြီးက "တပည့်တော်မတို့က ဘိတ်ကြားထားပါလျက် ဆရာတော်က တို့ဘာစားချင်သည်, ဘာအလိုရှိသည်-ဟု တခါမျှ မမိန့်ဘူးဘူး"ဟု လျှောက်ရာ "ငါတို့ ကလေးသူငယ်မှ မဟုတ်တော့ပဲ ဒီအယွယ်ရောက်မှ ကလေး မှုံတောင်းသလို တောင်းမနေနိုင်ဘူး၊ လိုတယ်ထင်တာ ကြည့်လှူကြပေါ့"ဟု အမိန့် ရှိလိုက်သတတ်။

### အဘယာရာမ ဆရာတော်၏ ကျမ်းစာများ

၁။ အဘိဓာန်နိဿယသစ်၊
၂။ မောဂ္ဂလ္လာန်နိဿယ၊
၃။ မောဂ္ဂလ္လာန်ပဥ္စိကာနိဿယ၊
၄။ သမ္ဗန္ဓစိန္တာ စာကိုယ်ဋီကာ နိဿယ၊
၅။ ဏွာဒိဝုတ္တိနိဿယ၊
၆။ မုဂ္ဓဗောဓနိဿယ၊
၇။ အမရကောသနိဿယ၊
၈။ ဟိတောပဒေသနိဿယ၊
၉။ သာရတ္ထဝိလာသိနီနိဿယ၊
၁၀။ ကာတန္တနိဿယ၊
၁၁။ ကာဗျဒဿဒဏ္ဍီနိဿယ၊
၁၂။ ရဃုဝံသကာဗျနိဿယ၊
၁၃။ မေဃဒူတနိဿယ-စသည်တို့ ဖြစ်ကုန်၏။

ဤကျမ်းစာတို့ကို မြင်သောအားဖြင့်လည်း အဘယ်သို့သော ဆရာတော် ဖြစ်သည်ကို ပညာရှိများ သိနိုင်လောက်ပေပြီ။

## "အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့တံဆိပ်တော်ရခြင်း

၁၉၃၄-ခုနှစ်၌ **ဗြိတိသျှအစိုးရတို့က** ဆက်ကပ်သော **အဂ္ဂမဟာပဏ္ဍိတ** ဘွဲ့တံဆိပ်တော်ကို ခံယူရသည်။ အဘယာရာမ ဆရာတော်သည် အဂ္ဂမဟာ-ပဏ္ဍိတ ဘွဲ့တံဆိပ်ရ၍ မြတ်သော ပညာရှိဖြစ်သည် မဟုတ်၊ တိုင်းတပါး တိုင်အောင် ကျော်ကြားသော ပညာရှိကြီးဖြစ်၍သာ အဂ္ဂမဟာပဏ္ဍိတဘွဲ့ကို ရရှိခြင်းဖြစ်သည်။ ထိုအချိန်က အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို မဟာ-ဝိသုဒ္ဓါရာမ ဆရာတော်, လယ်တီ ဆရာတော် စသော ဆရာတော်ကြီး ၅-ပါးလောက်နှင့် ပါဠိဆရာ ဦးဖြေ-တို့သာ ရရှိကြ၍ ဂုဏ်ရှိသည်, အဆင့်အတန်းမြင့်သည်ဟု ဆိုရသည်။

## ရွှေကျင်သာသနာပိုင် တင်မြှောက်ခံရခြင်း

နောက်က ရေးသားခဲ့ပြီးသည်အတိုင်း ၁၂၉၄-ခုနှစ် ပဋ္ဌမအကြိမ်မြောက် ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ သံဃာ့အစည်းအဝေးကြီးက အဘယာရာမ ဆရာတော်အား "တွံဘက်ရွှေကျင်နိကာယဥက္ကဋ္ဌ မဟာနာယက ဓမ္မ-သေနာပတိ"အဖြစ်ဖြင့် အများသဘောတူ တင်မြှောက်တော်မူကြသည်။ တွံဘက်-ဆိုသော်လည်း အမှန်အားဖြင့် ဥက္ကဋ္ဌ ဆရာတော်ကြီးကိုယ်စား အရပ်ရပ်ကိစ္စတို့၌ အဘယာရာမ ဆရာတော်တို့ပင် ရွှေကျင်ဂိုဏ်းကြီးကို ဦးဆောင်၍ သည်ပိုးတော်မူကြရသည်။

အဘယာရာမ ဆရာတော်သည် မြန်မာနိုင်ငံ၌ ဂိုဏ်းဂဏမရွေး ပညာရှိ မထေရ်ကြီးများ၏ လေးစား မြတ်နိုးအပ်သော ပုဂ္ဂိုလ် ဖြစ်ရုံမက တိုင်းတပါးတိုင် ကျော်ကြားသော ပုဂ္ဂိုလ်ဖြစ်စေကာမူ ကျော်ကြားမှု, ပစ္စည်းလာဘ်လာဘရမှုကို လိုလားတော်မမူပဲ သဗ္ဗညုတ ဉာဏ်တော်ကိုသာ လိုလားတောင့်တသော "ဗောဓိသတ္တ သဗ္ဗညုတ ဘုရားအလောင်းတော်မြတ်သာ" ဖြစ်ကြောင်းကို—

နေစ္ဆာမျဟမ္ပိ ကဝိလဒ္ဓယသံ ဓနံ ဝါ၊
ဂန္ထေနနေန သုကတေန မယာ ပရတ္ထံ။
ယံ ပတ္တမေတ္ထ ကုသလံ တဒိဒမ္ပိ ဟောတု၊
သဗ္ဗညုတာယ မမ ဟေဿတုနာဂတမှိ—

ဟူ၍ **မောဂ္ဂလ္လာန်နိဿယနိဂုမ်း၌** ကိုယ်တိုင် ပတ္ထနာ ပြုထားလေသည်။

## အဘယာရာမဆရာတော်၏ ဩဝါဒတရပ်

ဆရာတော်၏ ညီအရင်း **မောင်ဖိုးထင်**နှင့် နှမအရင်း **မဖွားမယ်** တို့သား ရှင်ပြုအလှူအတွက် ကြွရောက်ရန် ဗလုံရွာမှ ဘုန်းကြီးတပါး အဘယာရာမ ဆရာတော်အား လာရောက်ပင့်ရာ—

"ငါတို့ ခရီးထွက်နေလျှင် စာဝါ ပျက်မည်ဖြစ်၍ အလှူကိစ္စ အတွက် မလာနိုင်၊ ဖွားမယ် စီးပွါးရေး ချောင်သူဖြစ်၍ လှူသော် လည်း သူ့စေတနာကိုလည်း ထိခိုက်မည် မဟုတ်၊ စီးပွါးရေးကို လည်း ထိခိုက်မည်မဟုတ်ပေ၊ဖိုးထင်မှာ ကြွေးယူ၍လှူရမည်ဖြစ်၍ လှူလဲပြီးရော စေတနာလဲပျက် ဖြစ်မှာပဲ၊ ဒါ့ကြောင့် ဖွားမယ် လှူလိုက လှူစေ၊ ဖိုးထင် မလှူစေနှင့်"

ဟု အမိန့်ရှိလိုက်ပြီးနောက်—

"မန္တလေးမြို့မှာ မျက်နှာကြီးများသေလျှင် သက်စေ့ (လှည်း တစီးစာ) ဆန်အိတ်ကြီး၊ဆီပုံးကြီးစသည် လှူကြရသော ထုံးတမ်း အစဉ်အလာ ရှိသောကြောင့် အသက်-၈၀ အမယ်ကြီးတဦး သေ လျှင် လှည်းအစီး-၈၀ တင်လှူကြရမည်ဖြစ်ရာ အချို့မှာ မိမိတို့ နေထိုင်သည့် တိုက်ကိုပင် ပေါင်ကာ ငွေချေး၍ လှူရသည်ဟု သိရသည်။

ထိုအခါမျိုးမှာ ဘယ်မျှပင်လှူလှူ သောကမီးတောက်စဖြစ် ၍ သေသူ့ထံ စိတ်ရောက်အောင် မလှူနိုင်ကြပါဘူး၊ ထို့ကြောင့် မသာ အသုဘအရေး၌ တဖြည်းဖြည်းမှ တတ်နိုင်သလောက် လှူ နေသော သီဟိုဠ်ထုံးစံ ကောင်းကြောင်းကိုပါ ဆက်လက် ညွှန် ကြားလိုက်သည်" ဟု ဆိုသည်။

ဤညွှန်ကြားချက်မျိုးသည် ကောင်းသော ဩဝါဒ ညွှန်ကြားချက်ပင် ဖြစ်ပေသည်။ မော်လမြိုင် မြို့ရော နယ်ပါ ဤညွှန်ကြားချက်မျိုးအတိုင်း ယခင်က လှူဒါန်းနေကြသည်ကို ဤစာရေးသောဘုန်းကြီး ငယ်စဉ်က ကိုယ်တိုင် သိရှိခဲ့ရသည်၊ ယခုခေတ်၌ကား မည်သို့ဟု မသိပေ။

အထက် မြန်မာနိုင်ငံအချို့ မြို့နှင့်တောရွာ ကျေးလက်တို့၌ အများအား ဖြင့် ကြွေးယူ အကူခံ၍ လှူဒါန်းလေ့ရှိကြရာ မြတ်သော အလှူလည်းရှိ၊ရှုံး သော အလှူကများ၍ စေတနာမထားနိုင်ကြပဲ ကြွေးတင်၍ ညည်းတွား

နေကြသည်ကို အများပင် သိရှိရပေသည်။ သက်ဆိုင်ရာ ဆရာဘုန်းတော်ကြီးများက ဟောပြောဆုံးမ၍ နည်းပေးကြရန် ကောင်းလှပေသည်။

**မော်လမြိုင်၌ သီတင်းသုံးခြင်း**

အဘယာရာမဆရာတော်သည်ကျန်းမာရေးကိုလည်း ဖြည့်လိုသောဆန္ဒ, ပုဒ်ပါဌ်အက္ခရာ ချွတ်ယွင်းနေသော ပါဠိ, အဋ္ဌကထာ, ဋီကာတို့ကိုမှန်ကန်သော ပုဒ်ပါဌ်တို့ဖြင့် သန့်ရှင်းသော ပိဋကစာပေများ ဖြစ်စေလို၍ ပင်ပန်းမှုကို ဂရုမပြုပဲ တတ်နိုင်သမျှ ပြုပြင်၍ ပိဋကတော်များကို ရိုက်နှိပ်လိုသောဆန္ဒရှိရာ ယင်း ဆန္ဒကို ငွေအင်အားရှိမှ ပြည့်ဝစေနိုင်မည်ဖြစ်သောကြောင့် ပိဋကတော်များ ရိုက်နှိပ်ရေး ငွေကြေးဘက်က ရဲရဲဝံ့ဝံ့ တာဝန်ယူသော မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်း သစ်တောသေဌေး **ဦးဖိုးတန်, ဒေါ်ကျင်မြိုင်** တို့က တောင်ဝိုင်းကြီးနှင့် တောင်ဝိုင်းကလေးအကြားရှိ ဥယျာဉ်ခြံကြီး တခုကို ဝယ်ယူကာ ဆောက်လုပ်လှူဒါန်းသော **အဘယာရုံကျောင်း**၌ ၁၃၀၂-ခုနှစ် ဝါ၌ ကြွရောက် သီတင်းသုံးတော်မူသည်၊ သို့ရာတွင် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာသောကြောင့် ဆန္ဒတော်အတိုင်း မဆောင်ရွက်ရမီ အထက်ပိုင်းသို့ ပြန်ကြွတော်မူခဲ့ရသည်။

**စစ်အန္တရာယ်မှ ရှောင်ကွင်းတော်မူရပုံ**

မော်လမြိုင်မှ ပြန်ခဲ့၍ မန္တလေး အဘယာရာမတိုက်၌ သီတင်းသုံး၍ မကြာမီ ရန်ကုန်, မန္တလေးမြို့ကြီးများကို ဂျပန်က ဗုံးကြဲတော့လေရာ မန္တလေးမြို့သူ မြို့သားတို့သည် မင်းကွန်း, စင်ကိုင်းတောင်များသို့ ရွှေ့ပြောင်း ခိုအောင်းကြရသောအခါ အဘယာရာမဆရာတော်နှင့် စည်ရှင်ဆရာတော်တို့သည်လည်း မင်းကွန်း ရန်ကင်းချောင်သို့ ၁၃၀၃-ခု တာကူးလ အတွင်း၌ ကြွရောက်၍ ရန်ကင်းချောင်ဆရာတော်ကြီး၏ အချီးအမြှောက်ကို ခံယူကာ စစ်ဘေးမှ ရှောင်ယင်း တိမ်းယင်းပင် "မဇ္ဈိမပဏ္ဏာသဋီကာ, ဥပရိပဏ္ဏာသဋီကာ"များကို မူသန့် မူကောင်းဖြစ်စေရန် စည်ရှင်ဆရာတော်နှင့် အဖော်ပြုကာ သုတ်သင် ပြုပြင်တော်မူသည်။

**စစ်ကိုင်းတောင်သို့ ကြွကြရခြင်း**

ဂျပန်တို့က မြန်မာနိုင်ငံကို သိမ်းပိုက်မိလျှင် အင်္ဂလိပ်အမေရိကန်တို့က တဖန် ပိုမိုပြင်းထန်ကာ ထိုးစစ်ဆင်၍ ကြီးမားသော ဗုံးများကို ကြဲ

ချခြင်း စသည်ကို ပြုသဖြင့် ဆရာတော် ၂-ပါးသည် မင်းကွန်းမှ စစ်ကိုင်းတောင်သို့ ပြောင်းကြွတော်မူခဲ့ကြ၍ အဘယာရာမ ဆရာတော်က ဝိပဿနာဂန္ဓာရုံ၌ သီတင်းသုံးတော်မူသည်၊ စည်ရှင်ဆရာတော်က ပဲခူးဂူကျောင်း၌ သီတင်းသုံးတော်မူသည်၊ အဘယာရာမဆရာတော်သည် ဝိပဿနာချောင်၌ "ဓမ္မပဒအဋ္ဌကထာ"ကို ပို့ချတော်မူယင်း ပြင်ဆင်တော်မူသည်၊ "မောဂ္ဂလ္လာန်"တဝါလည်း ပို့ချသည်၊ လက်စရှိသော "ဥပရိပဏ္ဏာသဋီကာ"ကိုလည်း အပြီးသတ် ဆက်လက် သုတ်သင်တော်မူသည်။

## ပျားပိတုန်းတို့ ပမာ

**အဘယာရာမ**ဆရာတော် သီတင်းသုံးရာဌာနတိုင်းသို့ သုတေသန,သုတကာမီ ပုဂ္ဂိုလ်တို့သည် ပျားပိတုန်းတို့ ပန်းဝတ်သုံးရန် သက်ရောက်လာကြသကဲ့သို့ ရှင်ရော လူပါ ဆည်းကပ်ရောက်လာကြကာ လေ့လာသင်ယူကြလေသည်။ ထိုအချိန်၌ မော်လမြိုင်,ရန်ကုန်,မန္တလေး,စစ်ကိုင်း စသော ထိုထို မြို့ကြီးတို့မှ စစ်အန္တရာယ်နှင့်ဝေးရန် စစ်ကိုင်းတောင်သို့ ရောက်ရှိခိုအောင်းနေကြသော လူတို့ဖြင့် စစ်ကိုင်းတောင်ရိုးသည် နေရာမလပ် တင်းကျမ်း ပြည့်လျက်ရှိ၏။ ထိုအထဲတွင် ပါရှိသော ရန်ကုန်မြို့ ပစ္စည်းထိန်းမင်းကြီးဟောင်း **ဦးဟုတ်စိန်,** (ဘီအေ၊ဘီအယ်လ်) လွှတ်တော်ဝန်ထောက် **ဒေါ်မေမေခင်** (ဘီအေ၊ဘီအယ်လ်) တို့သည်လည်း အဘယာရာမ ဆရာတော်ထံ၌ ပါဠိစာပေများကို ဆည်းပူး လေ့လာကြသည်။ မော်လမြိုင်၌ သီတင်းသုံးစဉ်ကလည်း ယခု မဟာမြိုင်ဆရာတော် **အရှင်ရေဝတ,** ယခု မဟာစည်ဆရာတော် **အရှင်သောဘန** တို့သည်လည်း လာရောက် ဆည်းကပ်၍ နည်းနိဿယ ခံယူကြလေသည်။

## တံတားဦးမြို့သို့ ရွှေပြောင်းချိန်

စစ်ကိုင်းတောင်ရိုး၌ လူနေ ပြည့်ကြပ်ကာ ကျန်းမာရေး ချို့တဲ့ကြလျက်ရောဂါ ဝေဒနာများ ထူပြောလာလေသည်၊ ပလိပ်ကပ် ရောဂါသည်ပင် တောင်ရိုး၌ အတော်ကလေး ပြန့်နှံ့စွာ ဖြစ်လာခဲ့လေသည်၊ သို့ကြောင့် တပည့်ဒကာများ ပင့်လျှောက်ခြင်းဖြင့် အဘယာရာမဆရာတော်သည် တံတားဦးမြို့ ခေတ္တတဲကျောင်းသို့ ပြောင်းကာ သီတင်းသုံးရပြန်သည်။

## တာဝန်ကား မပျက်

တံတားဦး၌နေစဉ် နောက်ပါတပည့်များအား "မောဂ္ဂလ္လာန်" ကို ပို့ချ၍ "သံယုတ်ဋီကာ" နှင့် "မဇ္ဈိမပဏ္ဏာသဋီကာ" တို့ကို ဆက်လက် သုတ်သင်တော်မူလျက်ပင် စစ်ကြီးကို ကာကွယ်ပိတ်ဆီးခဲ့လေသည်။ ထိုဋီကာ ၂-ကျမ်းကို သုတ်သင်ရှင်းလင်းမှုသည်လည်း တံတားဦး၌ပင် အပြီးသတ်ခဲ့သည်ဟု သိရသည်၊ ယင်းဋီကာများကို သုတ်သင်ရှင်းလင်းချိန်၌ အထောက်အထားပြုရန် အကူအညီယူရန် ရှေးပေစာမူ တစုံတရာမျှ မရရှိပဲ မိမိစွမ်းအား ရှိသလောက်ဖြင့်သာ ခဲခဲယဉ်းယဉ်း ရှုပ်ထွေးပျက်ပြားသော အက္ခရာပုဒ်ပါဌ်များကို သုတ်သင်ရသော ကောင်းမှုကမ်စေတနာကြောင့် "အလွန်ရှုပ်ထွေး ဆူပွက်လျက်ရှိသော လောကတိုင်းပြည်အတွင်း၌ ငါ၏ အသက်ရှည်နေရခြင်းသည် အကျိုးရှိလှပေ၏။ ငါ့သန္တာန်၌ သခ်ါရက္ခန္ဓာ တပါးအနေဖြင့် ပါဝင်လျက်ရှိသော ကိလေသာရန်ဘေး အရှုပ်အထွေးကိုလည်း ဖြေရှင်းသုတ်သင်ရလို၏" ဟု ပတ္ထနာပြုသော နိဂုမ်းဂါထာကို ကိုယ်တိုင်သုတ်သင်သော သံယုတ်ဋီကာနိဂုမ်း၌ ကိုယ်တိုင် ရေးသားတော်မူခဲ့သည်။

ထိုဂါထာမှာ—

သောဓနေ စေဟ နာလတ္ထံ၊ သောဓိတံ ကိဥ္စိ ပေါတ္ထကံ။
သောဓေသိံ သဗလာ တေန၊ သဖလံ မမ ဇီဝိတံ။
အတိဝ ဗျာကုလေ လောကေ၊ ရဋ္ဌာကုလေဝ ကာလကေ။
သောဓေသိံ ဗျာကုလံ ဋီကံ၊ သောဓေယျံ ဠေ္ဂသမာကုလံ—

ဖြစ်သည်။

## စစ်ကိုင်းတောင်သို့ ပြန်ကြွခြင်း

တံတားဦးမြို့၌ ဋီကာများကို သုတ်သင်ရှင်းလင်းပြီးလျှင် မကြာမီပင် စစ်ကိုင်းတောင်သို့ ပြန်ကြွ၍ ဥမင် ၉၀-တောင်ထိပ်, ရွှေဥမင်ကျောင်း၌ သီတင်းသုံးတော်မူသည်၊ ထိုအချိန်၌ **ဦးအေဒါ** အမည်ရှိ ပညာတတ်ပါဠိမာဂဓ ဂျပန်လူမျိုးတဦး အဘယာရာမဆရာတော်ထံ ချဉ်းကပ်၍ ဆရာတော်ထံ၌ ရဟန်းပြုကာ ထေရဝါဒသာသနာရေးကို မေးမြန်းလျှောက်ထား နည်းနာခံယူလိုကြောင်း လျှောက်ထား၍ ဆရာတော်ကိုယ်တိုင် ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်ရောက် ချီးမြှောက်ပေးတော်မူသည်။

ထိုနေ့သည်ကား ၁၃၀၅-ခုနှစ် နတ်တော်လဆုတ် ၆-ရက်နေ့ ဖြစ်သည်၊ ယင်း ဂျပန်ရဟန်း၏ဘွဲ့ကို **"ဦးဝဇီရဗုဒ္ဓိ"** ဟု အဘယာရာမဆရာတော်ကိုယ်တိုင် ပေးတော်မူသည်။

ဂျပန်ရဟန်းတော် ဦးဝဇီရဗုဒ္ဓိသည် ထေရဝါဒီရဟန်းပြုလိုသည်မှာ ကာလကြာမြင့်ပြီ ဖြစ်ပါသည်၊ ယခု မိမိအကြံ အောင်မြင်ပြီဖြစ်၍ အနည်းဆုံး ၃-လတာမျှ ရဟန်းအဖြစ်ဖြင့် တရားအားထုတ် ကျင့်သုံးရန် ဖြစ်ပါသည်ဟု လျှောက်၏။ ထို့ပြင် အချက် ၃-ချက် လျှောက်သည်မှာ—

၁-ဗုဒ္ဓဘာသာလောက၌ အမြတ်ဆုံးဖြစ်သော ရဟန်းဘဝကို ခံယူရ၍ ဝမ်းမြောက်ဂုဏ်ယူမိခြင်း၊

၂-ပရိယတ်, ပဋိပတ်နှင့် ပြည့်စုံ၍ အထင်ရှားဆုံးဖြစ်သော ဆရာတော်ကြီးတပါးထံ၌ ရဟန်းပြုရခြင်း၊

၃-စစ်ကိုင်းတောင်ရိုး၌ အမြင့်မြတ်ဆုံး အသာယာဆုံးဟု ဆိုရသော ဥမင် ၆၀-တောင်ထိပ် သိမ်၌ ရဟန်းအဖြစ်သို့ ရောက်ခြင်း—

တို့ကြောင့် မိမိ အထူး ဝမ်းမြောက်ပါကြောင်း၊ နောင် စစ်ကြီး ပြီးဆုံးသောအခါ ဥပဇ္ဈာယ်ဆရာဖြစ်သော အဘယာရာမဆရာတော် အကြောင်းအရာများနှင့် သူ ရဟန်းအဖြစ် ရောက်ရပုံတို့ကို စာအုပ်ရေး၍ ဖြန့်ချိရန် ရည်သန်လျက် ရှိပါသည်ဟု လျှောက်သည်။ (ယခုအခါ ထိုစာအုပ် ရိုက်ပြီးပြီ ဆိုသည်။)

**မှတ်ချက်။** ။**ဦးအေဒါခေါ်** ဂျပန်ပါမောက္ခ **ဦးဝဇီရဗုဒ္ဓိ** အဘယာရာမဆရာတော်ထံ ဥမင် ၆၀-တောင်ထိပ်, ရွှေဥမင်ချောင်၌ ရဟန်းပြုစဉ် ဥပသမ္ပဒကမ်ဆောင်စဉ်က ဤစာရေးသော ဘုန်းကြီးများလည်း "ကမ္မဝါစာဆရာ" အဖြစ် ပါကြသည်။

## အဘယာရာမဆရာတော် အဖျားရောဂါဖြစ်ခြင်း

ဂျပန်ပါမောက္ခ ဦးဝဇီရဗုဒ္ဓိကို ၁၃၀၅-ခု နတ်တော်လဆုတ် ၆-ရက်နေ့ညမှ ၇-ရက်နေ့ညအထိ ၂-ညမျှသာ ဗုဒ္ဓသာသနာဝါဒ တရားစကားများကို ဟောပြော ပြသ ဖြေဆိုတော်မူရသည်။ နတ်တော်လဆုတ် ၈-ရက်နေ့၌ အဖျား ဝင်ရောက်လာတော့သည်၊ ရင်းနှီးသော ရဟန်းရှင်လူ တပည့်ဒကာများသည် ခေတ်ကာလအားလျော်စွာ စွမ်းအားရှိသလောက် ဝိုင်းဝန်းစောင့်ရှောက် ပြုစုကြသဖြင့် အပြုအစု အကုအသဘက်က လိုလေသေးမရှိ

ဟုပင် ဆိုရပေမည်။ ဗုံးတွေအပြင်းအထန်ကြဲ, အမြောက်တွေပစ်, စက်သေနတ်တွေနှင့် ရမ်းနေသော စစ်ကြီးအတွင်း လေယာဉ်ပျံတွေအောက်၌ ဖြစ်သောကြောင့်ကား သမ္ပတ္တိကာလနှင့်မူ မနှိုင်းယှဉ်သာချေ။

ယင်းသို့ ဂျပန်ဆရာဝန်, မြန်မာဆရာဝန် စသည်တို့ဖြင့် စောင့်ရှောက်ပြုစုကုသကြသော်လည်း ၁၃၀၅-ခုနှစ် ပြာသိုလဆန်း ၃-ရက်နေ့ ညနေ ၃-နာရီခွဲအချိန်တွင် ကမ္မဇရုပ် ချုပ်တော်မူလေသည်။

နတ်တော်လဆုတ် ၆-ရက်နေ့၌ နောက်ဆုံး မိန့်မှာသည်မှာ—

> မိမိ သေရမည်ကို မကြောက်ပါ၊ သို့သော်လည်း မိမိ အပင်ပန်းခံ၍ ပြင်ဆင်ထားသော "မဇ္ဈိမပဏ္ဏာသဋီကာ, သံယုတ်ဋီကာ" များနှင့် "သာရတ္ထဝိလာသိနီ ဋီကာပါဌ် နိဿယ"တို့ကို ရိုက်နှိပ်ပြီး အဖြစ်ဖြင့် ကိုယ်တိုင်ကြည့်ရှုသွားချင်သည်။
>
> ပါဠိ,အဋ္ဌကထာ စာအုပ်များကိုလည်း ခေတ်မှီသော မူကောင်း မူသန့် ဖြစ်စေရန် ရိုက်နှိပ်သွားချင်သည်—

ဟု မိန့်တော်မူသည်။

အထက်ပါ ဆရာတော်၏ဆန္ဒသည် ဆရာတော်ကိုယ်တိုင် မြင်တွေ့ကြည့်ရှု မသွားရရှာ ရှိသည်၊ ဆရာတော်မပျံလွန်မီ အပ်နှင်းသွားသော စာမူများကိုမူ ဝိဇ္ဇာလင်္ကာရ ဆရာတော် **အရှင်ဝိသုဒ္ဓါဘိဝံသ**(အဂ္ဂမဟာပဏ္ဍိတ) သည် အများဆုံး ကြောင့်ကြစိုက်၍ **နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့** အကူအညီဖြင့် ပုံရိုက် ဖြန့်ချိထားခြင်း, အက္ခရာဝိသောဓနဖြစ်သော ဆဋ္ဌသံဂါယနာပွဲကြီး၌ ဆရာတော်၏ လက်ရာ,ခြေရာများကို အများဆုံး အမှီပြု၍ ပါဠိ,အဋ္ဌကထာများကို မူကောင်းမူသန့်အဖြစ် ဖြန့်ချိနိုင်ခြင်း စသည်တို့မှာကား ဆရာတော်၏ လိုလားချက်တို့ ပြည့်စုံခြင်းပင် ဖြစ်ပေသည်။

အဘယာရာမဆရာတော် ပျံလွန်တော်မူသောအခါ အသက်တော်မှာ ၆၅-နှစ် သိက္ခာဝါတော် ၄၆-ဝါသာ ရှိတော်မူသေးသည်၊ ကျန်းမာရေးနှင့် ပြည့်စုံပါလျှင် အနည်းဆုံး ၁၅-နှစ်ခန့် သက်တော် ရှည်နိုင်ရာသည်။

ပျံလွန်တော်မူသော အဘယာရာမဆရာတော်၏ ဈာပနကိစ္စကို ရွှေကျင်ဂိုဏ်း အစဉ်အလာအတိုင်း ၅-ရက်သာထား၍ ပွဲလမ်းသဘင်, တလား, လောင်တိုက် စသည် မပါ အခါအလျောက် ခမ်းနားကြီးကျယ်စွာ သင်္ဂြိုဟ်၍ ဥမင်-၉၀ တောင်ထိပ်၌ အရိုးအိုးစေတီ တည်ထားပူဇော်ခြင်းဖြင့် အဆုံးသတ်ကြရပေသတည်း။

# ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ အစည်းအဝေးကြီး

သက္ကရာဇ် ၁၂၈၂-ခုနှစ် ပထမဝါဆိုလဆန်း ၈-ရက်နေ့ မန္တလေးမြို့ အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်၌စည်းဝေးသော ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ သံဃာ့အစည်းအဝေးကြီး ဆုံးဖြတ်ချက် အမှတ် ၈-ဖြင့် "နိုင်ငံလုံးဆိုင်ရာ ရွှေကျင်ဂိုဏ်း သံဃာ့အစည်းအဝေးကြီးများကို ၃နှစ်တကြိမ်ကျပြုလုပ်ရန်" ဆုံးဖြတ်တော် မူခဲ့ကြသည့်အတိုင်း ၁၃၀၈-ခုနှစ်၌ ရှမ်းပြည်တောင်ပိုင်း တောင်ကြီးမြို့ **အောင်မြေသာစည်ကျောင်းတိုက်၌** စည်းဝေးတော်မူကြသည်။ ထိုအစည်းအဝေးကြီး ဆုံးဖြတ်ချက်များကို တွေ့မြင်ရပါမူ ရွှေကျင်ဂိုဏ်းကြီးသည် မည်သို့ စည်းလုံးညီညွတ်စွာဖြင့် စံနစ်တကျ သာသနာတော်ဆိုင်ရာကိစ္စများကို ဆောင်ရွက်ပြုလုပ်နေသည်ကို သိရှိကြ၍ ဝမ်းမြောက်ကြပေလိမ့်မည်ဟု မြော်လင့်ကာ ဆုံးဖြတ်ချက်များကို ဖော်ပြပါအံ့။

သက္ကရာဇ် ၁၃၀၈-ခုနှစ် တပေါင်းလပြည့်နေ့တွင်
ရှမ်းပြည်တောင်ပိုင်း တောင်ကြီးမြို့၌ ဆင်ယင်ကျင်းပအပ်သော


**သတ္တမအကြိမ်မြောက်**
**ရွှေကျင်ဂိုဏ်း သံဃာ့အစည်းအဝေးကြီး**
**ပြဋ္ဌာန်းဆုံးဖြတ်ချက်များ**

၁။ သတ်မှတ်ထားအပ်သော အင်္ဂါသုံးရပ်နှင့် ပြည့်စုံ၍ ရတ္တညူ မဟာနာယကဖြစ်ထိုက်သော ဆရာတော်ဘုရားကြီးများကို ရွှေကျင်နိကာယ ရတ္တညူ မဟာနာယက သာသနာပြုဆရာတော်ဘုရားကြီးများဟု သမုတ်တင်မြှောက်ကြသည်။

အင်္ဂါ ၃-ပါးမှာ—

၁-သိက္ခာဝါတော် ၄၀-ကျော် ရရှိသောဂုဏ်၊

၂-ရွှေကျင်ဂိုဏ်း စည်းမျဉ်းဥပဒေသကို သက်ဦးဆံဖျား လေးစားရိုသေ၍ ရွှေကျင်ဂိုဏ်း စည်ပင်ဖွံ့ဖြိုးမှုကို မြတ်နိုးအားရမ်းကြိုးပမ်း ဆောင်ရွက်လေ့ရှိသော ရွှေကျင်နိကာယ ဖလမာမက မဟုဿက္ကဂုဏ်၊



သက္ကရာဇ် ၁၃၀၈-ခုနှစ် သတ္တမအကြိမ်မြောက် ရှမ်းပြည်တောင်ပိုင်း တောင်ကြီးမြို့တွင် စည်းဝေးသော ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်ကြသော သံဃာတော်များပုံ

၃-သိက္ခာကာမ ဝိနယဂရုက လဇ္ဇီပေသလ-ဂုဏ်တို့ ဖြစ်ကုန်၏။

၂။ (က) ကျိုက်လတ်မြို့ ပစ္ဆိမာရုံ ဆရာတော်ဘုရားကြီးကို ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာနာယကအဖြစ်ဖြင့်၎င်း,

(ခ) မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်အုပ် ဆရာတော်ဘုရားကြီး၊

(ဂ) ၎င်း စံကင်းဆရာတော်ဘုရားကြီး၊

(ဃ) ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက် စံကျောင်းဆရာတော်၊

(င) မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ စည်ရှင်ဆရာတော်—

ဤဆရာတော်ကြီး ၄-ပါးတို့ကို တွဲဘက် ရွှေကျင်နိကာယဥက္ကဋ္ဌ မဟာနာယက ဝန်ဆောင် သာသနာပြုဆရာတော်များဟူ၍ သမုတ်တင်မြှောက်တော်မူကြသည်။ (ဥက္ကဋ္ဌ မဟာနာယက ဆရာတော်ဘုရားကြီးနောက် အဆက်ဆက် တက်၍ အုပ်ချုပ်တော်မူကြရန် ဥပဥက္ကဋ္ဌဆရာတော်ကြီးများပင် ဖြစ်သည်။)

၃။ ရွှေကျင်ဂိုဏ်းကြီးကို ရှေးမြန်မာဘုရင် မင်းအဆက်ဆက်က သီးခြား သံဃဂိုဏ်းအဖြစ် အသိအမှတ်ပြုသကဲ့သို့ ယခု မြန်မာနိုင်ငံအစိုးရက အသိအမှတ်ပြုပေးရန်။

၄။ အသစ်ထပ်မံတည်ထောင်ကြသော အခြားသော တပါးဂိုဏ်းအဖွဲ့ အစည်းအရုံးစသည်တို့နှင့် စပ်လျဉ်းသော ကိစ္စအတွက် ၁၂၈၃-ခုနှစ်တွင် ထုတ်ပြန်တော်မူသော ဒုတိယမဟာဝိသုဒ္ဓါရုံ ဒီပဲရင်းဆရာတော်ဘုရားကြီး အမိန့်တော်နှင့် ၁၂၈၅-ခုနှစ် ရွှေကျင် ဂိုဏ်းလုံးဆိုင်ရာ အစည်းအဝေးကြီး ပြဋ္ဌာန်းချက် အမှတ် (၃) အရ လိုက်နာကျင့်သုံးရန်။

၅။ ၁၂၉၄-ခုနှစ် ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ အစည်းအဝေးကြီး ပြဋ္ဌာန်းချက် အမှတ် (၅ )အရ လစ်လပ်သော နယ်လှည့်သာသနာပြုဆရာတော်များနေရာ၌ ဖြည့်စွက်ခန့်ထားရန်။

၆။ နယ်လှည့်သာသနာပြုဆရာတော်များ၏ တာဝန်ဝတ္တရားနှင့် အခွင့်အရေးများကို ၁၂၉၄-ခုနှစ် ပြဋ္ဌာန်းချက်အတိုင်း အတည်ပြုကြသည်။

၇။ ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ အစည်းအဝေးပြဋ္ဌာန်းချက်များနှင့် မှတ်တမ်းများကို ရွှေကျင်ဂိုဏ်းဝင် ကျောင်းတိုင်းသို့ ဖြန့်ဝေရန်၊ ရွှေကျင်ဂိုဏ်းဝင်ကျောင်းတိုင်းကလည်း မိမိတို့တာဝန်ဖြင့် ယူကြရန်။

၈။ ရွှေကျင်ဂိုဏ်း နှစ်လည်စာစောင်တခုကိုထုတ်ဝေကြရန်၊ ကျောင်းတိုင်းကလည်း မိမိတို့တာဝန်ဖြင့် မှာယူကြရန်။

စာစောင်ကို ရန်ကုန်သုံးထပ်ဆရာတော်နှင့် မန္တလေးစည်ရှင်ဆရာတော် ၂-ပါးက စီစဉ်ထုတ်ဝေရန် တာဝန်ပေးအပ်ကြသည်။

၉။ ရွှေကျင်ဂိုဏ်း စည်းမျဉ်း ဥပဒေကြမ်းကို ကာလအားလျော်စွာ ပြုပြင်တော်မူရန် ဥက္ကဋ္ဌ မဟာနာယက ဆရာတော်ဘုရားကြီးများ ဆန္ဒတော်အတိုင်း ပြုပြင်သည်ကို လိုက်နာကြရန်။

၁၀။ (က) ဥက္ကဋ္ဌမဟာနာယက ဆရာတော်ဘုရားကြီးများ၏ လက်အောက်၌ ဝန်ဆောင်အဖွဲ့တခု ဖွဲ့၍ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်၌ ဗဟိုဌာနပြု၍ ထားရှိရန်။

(ခ) ထိုအဖွဲ့၌ မန္တလေးနှင့်တကွ မန္တလေးနှင့် လက်လှမ်းမှီရာ နီးစပ်ရာဒေသတို့မှ ပုဂ္ဂိုလ်တို့ကို ရွေးချယ်ခန့်ထားရန်။

၁၁။ မဟာဝိသုဒ္ဓါရုံ ရေးပြေပရိယတ္တိစာမေးပွဲအတိုင်း ပြုလုပ်လိုသော အခြားဌာနများ၌လည်း ကူညီဆောင်ရွက်ပေးရန်။

၁၂။ ၁၃၀၇-ခုနှစ် တပို့တွဲလဆုတ် ၈-ရက်နေ့စွဲပါ မဟာဝိသုဒ္ဓါရုံစည်းမျဉ်းဥပဒေနှင့် ဂဏသုဒ္ဓိအမိန့်စာကို ရွှေကျင်နိကာယ မှတ်တမ်း၌ ထည့်သွင်း၍ဖြစ်စေ, သီးခြားစာအုပ်ရိုက်၍ဖြစ်စေ ပြန့်နှံ့အောင် ဆောင်ရွက်ရန်။

၁၃။ ရှေးအစဉ်အလာ ထုံးနည်းအရ အန္တရာယ်မရှိလျှင် နီးစပ်ရာ မဟာထေရ်ကြီးသိမ်တင်းသုံးရာ၌ စုပေါင်း၍ သံဃဥပုသ်,ပဝါရဏာ ပြုကြရန်။

၁၄။ ကျောင်းသားသူငယ်နှင့် သာမဏေတို့မှစ၍ ရွှေကျင်ဝံသသာသနယဉ်ကျေးမှုနှင့် မဟာထေရ် အဆက်ဆက်တို့၏ ဩဝါဒကထာများကို နားလည် လိမ္မာစေ၍ သက်ဝင် စွဲမြဲအောင် ဆုံးမ နည်းပြကြရန်။

၁၅။ ကလေးသူငယ်တိုင်း စာပေပညာ တတ်မြောက်ရေးအတွက် နိုင်ငံတော်အစိုးရ ပညာရေးဌာနမှ ရည်သန်မှန်းထားသော မူလတန်းပညာသင်ကြားရေးကို မူအားဖြင့် သဘောတူလက်ခံရန်။

သို့ရာတွင် ဝိနည်းတော်ဂိုဏ်းစည်းမျဉ်းတို့နှင့် ညီလျော်အောင် အသေးစိတ် ဆင်ခြင်သုံးသပ်ကြရန်။

၁၆။ ရွှေကျင်ဂိုဏ်းသားချင်း အဓိကရုဏ်း ဖြစ်ပွါးခဲ့လျှင် ၁၂၇၅-ခုနှစ် ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ အစည်းအဝေးကြီးပြဓာန်းချက် အမှတ် (၃) နှင့် ရွှေကျင်ဂိုဏ်းကျင့်ထုံးအပိုဒ် (၁၁)အရ လိုက်နာ ကျင့်သုံး ပြီးဆုံးစေရန်။

၁၇။ ၃-နှစ်တကြိမ် အစည်းအဝေးကြီးတို့၌၎င်း, ဝိနည်းစာပြန်ပွဲတို့၌၎င်း ရွှေကျင်ဂိုဏ်းကျင့်ထုံးကြီး, ရွှေကျင်ဝံသာနုရက္ခကျမ်း, ဂဏသုဒ္ဓိအမိန့်စာ, စူဠသိဿကောဝါဒ ကျမ်းစာများကို ဖတ်ရွတ်ဟောပြောရန်။

၁၈။ (က) ဂိုဏ်းလုံးဆိုင်ရာ အစည်းအဝေးကြီး၌ တင်သွင်းမည့်အဆိုများကို ဗဟိုဌာနသို့ တင်ကြိုပို့၍ ဗဟိုကရွေးချယ်၍ တင်သွင်းသင့်သော အဆိုများကိုသာ တင်သွင်းခွင့်ပြုရန်။

(ခ) တင်သွင်းခွင့် ပြုသော အဆိုများကို အတွင်းအစည်းအဝေးက ဆုံးဖြတ်ပြီးမှ နိဂုမ်းချုပ်အစည်းအဝေးတွင် ဖတ်ကြား၍ အတည်ပြုကြရန်။

၁၉။ အစည်းအဝေးကြီးသို့ ကြွရောက်မည့် ပုဂ္ဂိုလ်များ ပရိကမ္မပြုရာ၌ဖြစ်စေ, လမ်းခရီး၌ဖြစ်စေ, အစည်းအဝေးအတွင်း၌ ဖြစ်စေ သံဃနဝကတို့ ဒိဋ္ဌာနုဂတိ ဖြစ်စေရန် သတိပေး အပ္ပမာဒကထာနှင့် ပူးတွဲ၍ ပင့်လျှောက်စာ ပေးပို့ကြရန်။

၂၀။ ရွှေကျင်ဂိုဏ်းဆိုင်ရာ ဝိနည်းပြန် ဌာနပေါင်း ၇၀-ကျော်ရှိသည်တွင် ယခုအထိ မည်သည့်ဌာနတို့၌ တည်မြဲလျက်ရှိသည်, မည်သည့်ဌာနက မည်သည့် အကြောင်းကြောင့် ပျက်ကွက်နေသည်ကို ဗဟိုဌာနသို့ အကြောင်းကြားရန်။

၂၁။ ရပ်နီး ရပ်ဝေးသို့ သွား၍ ပရိယတ္တိစာပေ သင်ယူရေး၌ ၁၂၉၄-ခုနှစ် ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ အစည်းအဝေးကြီး ပြဲခာန်းချက် အမှတ် (၁၈) အရ လိုက်နာ ကျင့်သုံးရန်။

၂၂။ (က) ဝိနည်းပြန်ပွဲ ဌာနအသီးအသီး၌ ဝန်ဆောင်ပုဂ္ဂိုလ် ၂-ပါးစီ ရွေးကောက် တင်မြှောက်ထားရန်။

(ခ) ဝန်ဆောင်များကို ဥက္ကဋ္ဌ နာယက ဆရာတော်များက ကျောင်းထိုင်ပုဂ္ဂိုလ်များနှင့် တိုင်ပင်၍ တင်မြှောက်ရန်။

(ဂ) ဝန်ဆောင် ပုဂ္ဂိုလ်များကို ဗဟိုဌာနက အသိအမှတ်ပြုရန်။

(ဃ) ဝန်ဆောင်၏ သက်တမ်းမှာ ၃-နှစ်သာ ထားရှိရန်။

၂၃။ ဝန်ဆောင်ပုဂ္ဂိုလ်တို့သည် ဝိနည်းပြန်ဌာနချင်း နီးရာ ၄-ဌာနဖြစ်စေ, ၅-၆-ဌာနဖြစ်စေ ပေါင်း၍ ၆-လတကြိမ်သော်၎င်း, သင့်လျော်သော ကာလ၌၎င်း စည်းဝေးကာ တိုင်ပင် ဆွေးနွေးကြရန်။

၂၄။ နှစ်စဉ် ဝါဆိုပြီးက ဝါဆိုဝါကပ် သံဃာစာရင်းနှင့် ပူးတွဲ၍ ပရိယတ်, ပဋိပတ်စာရင်းများကို ဗဟိုဌာနသို့ ပို့ကြရန်။

၂၅။ ပါလီမန်ရွေးကောက်ပွဲ စသော လူမှုကိစ္စအရပ်ရပ်တို့၌ ပါဝင်၍ အရွေး အကောက် ခံခြင်း, မဲဆန္ဒပေးခြင်း စသည်တို့မှ ရှောင်ကြဉ်ကြ၍ ရဟန်းကိစ္စ ၂-ခုရဥ္စသာ ဣန္ဒြေရရ ဆောင်ရွက်နေကြရန်။

၂၆။ မြန်မာနိုင်ငံ၌ ပါဠိတက္ကသိုလ် တည်ထောင်လိုကြလျှင် မိမိတို့ ရွှေကျင်ဂိုဏ်းအတွက် ရွှေကျင်နိကာယ ပါဠိတက္ကသိုလ်အဖြစ်ဖြင့် တည် ထောင်ကြရန်—

ဤသို့ စသည်ဖြင့် ဆုံးဖြတ် ဆောင်ရွက်တော်မူကြသည်။

သက္ကရာဇ် ၁၃၁၄-ခုနှစ် စစ်ကိုင်းတောင်ရိုး **မဟာဂန္ဓာရုံဌာန** ၌ စည်း ဝေးသော ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ အစည်းအဝေး၌ တောင်ကြီး အစည်း အဝေး ပြဓာန်းချက်တို့တွင် အဘယ်ကိစ္စတို့ကို ဆောင်ရွက် ပြီးပါပြီလဲ စသည်ဖြင့် မေးမြန်းသည်ကို အောက်ပါအတိုင်း အစည်းအဝေး အကျိုး ဆောင် အောင်မြေဘုံစံ ဆရာတော် **အရှင်ဉာဏုတ္တရ**-က ဖြေကြားတော်မူ သည်။

၁။ နယ်မှ စာရင်း အပြည့်အစုံ မရသေးပါ။

၂။ တောင်ကြီးအစည်းအဝေးကြီးကပင် ဆောင်ရွက်ပြီး ဖြစ်ပါသည်။

၃။ ယခု အစည်းအဝေး အစီအစဉ်၌ ထည့်သွင်းထားပါသည်။

၄။ လိုက်နာ ကျင့်သုံးလျက် ရှိကြသောကြောင့် အောင်မြင်ပါသည်။

၅။ မခန့်ထားရသေးပါ၍ အောင်မြင်သည်ဟု မဆိုရပါ။

၆။ အမှတ်-၅ အဖြေ၌ အကျုံးဝင်ပြီးဖြစ်ပါသည်။

၇။ အမှာအထားလည်း မရှိကြသေး၊ ရိုက်လည်း မရိုက်ရသေးပါ။

၈။ သုံးထပ်ဆရာတော်နှင့် စည်ရှင်ဆရာတော်များကို လွှဲအပ်ပြီး ဖြစ် ပါသည်။

၉။ အထူး ကော်မီတီဖြင့် စဉ်းစားဆဲ ဖြစ်ပါသည်။

၁၀။ ဤအစည်းအဝေးကြီးမှ စ၍ ဆောင်ရွက်ရန် ဖြစ်ပါသည်။

၁၁။ အလိုရှိသောဌာန များစွာ မရှိသေးပါ၊ သီဟိုဠ်ကျွန်းသို့သာ ဝိနည်း, သုတ္တန်, အဘိဓမ္မာ ပိဋကသုံးရပ်နှင့် ဆိုင်သော ပါဠိပုစ္ဆာ များကို နှစ်စဉ် ထုတ်ပေး ရွက်ဆောင်လျက် ရှိပါသည်။

၁၂။ သီးခြားရိုက်နှိပ်၍ ဖြန့်ဝေခဲ့ပါသည်၊ ယခု အစည်းအဝေး မှတ်တမ်း၌လည်း ထည့်သွင်းနိုင်ပါလိမ့်မည်။
၁၃။ လိုက်နာဆောင်ရွက်လျက်ရှိကြပါသည်။
၁၄။ ဆောင်ရွက်အောင်မြင်ပါသည်။
၁၅။ လိုက်နာလျက်ရှိကြသည်ဟု ယုံကြည်ပါသည်၊ ထူးခြားခြင်းကား မရှိသေးပါ။
၁၆။ လိုက်နာကျင့်သုံးလျက် ရှိကြပါသည်။
၁၇။ လိုက်နာ အောင်မြင်လျက်ရှိပါသည်။
၁၈။ ကျင့်သုံးအောင်မြင်လျက်ရှိပါသည်၊ ဤအစည်းအဝေးကြီးကပင် ထောက်ခံ လိုက်နာလျက်ရှိပါသည်။
၁၉။ အထူးကောင်းမွန်စွာ လိုက်နာ၍ အောင်မြင်ပါသည်၊ ဤအစည်း အဝေးကြီး ပင့်လျှောက်လွှာဖြင့် ထင်ရှားပါသည်။
၂၀။ အချို့သောဌာနတို့မှ ရရှိပါသည်။
၂၁။ နယ်ဆရာတော်များက ပို့၍သိပါသည်။
၂၂-၂၃။ များသည် နယ်ဝိနည်းပြန်ဌာနများနှင့်သာ သက်ဆိုင်၍ အခြေ အနေ စုံလင်စွာ မသိရသေးပါ။
၂၄။ ဗဟိုသို့ များသောအားဖြင့် ပေးပို့လျက် ရှိကြပါသည်။
၂၅။ လိုက်နာ အောင်မြင်ပါသည်။
၂၆။ အထူးပင် လိုက်နာ အောင်မြင်လျက် ရှိပါသည်။
၁။ မန္တလေးမြို့ ရွှေကျင်နိကာယ ဗဟိုဌာန ပါဠိတက္ကသိုလ်။
၂။ စစ်ကိုင်းတောင်ရိုး အတိသုဒ္ဓါရုံပါဠိတက္ကသိုလ်။
၃။ ညောင်တုန်းမြို့ ရွှေဟသ်ာတောရ ပါဠိတက္ကသိုလ်။
၄။ မြောင်းမြမြို့ ပဇ္ဇောတာရုံပါဠိတက္ကသိုလ် တို့သည် ရွှေကျင်နိကာယ ပါဠိတက္ကသိုလ်များ ဖြစ်ကြပါသည်။

(ယခု ဤရွှေကျင်နိကာယသာသနာဝင်ကို ရေးနေဆဲအချိန်၌မူကား ရွှေကျင်နိကာယ ပါဠိတက္ကသိုလ် အတော်ပင် တိုးတက်များပြားလျက် ရှိသည်။)

၁၃၀၈-ခုနှစ် တောင်ကြီးမြို့၌ စည်းဝေးသော ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ သံဃာ့အစည်းအဝေးကြီးမှ ရွှေကျင်ဂိုဏ်းကြီးကို ကြီးမှူးအုပ်ချုပ် စောင့် ရှောက် ထိန်းသိမ်းတော်မူကြရန် တင်မြှောက်အပ်သော ဆရာတော်ကြီး

များအနက် ကျိုက်လတ်မြို့ ပစ္ဆိမာရုံဆရာတော်ကြီးနှင့် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီး ၂-ပါးတို့သည် ရွှေကျင်နိကာယ ဓမ္မသေနာပတိ အဖြစ်ဖြင့် တာဝန်ယူတော်မူကြ၍ ရွှေကျင်ဂိုဏ်းကြီးကို စောင့်ရှောက် တော်မူသွားကြပေကုန်ပြီ။ သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီး ကား ယနေ့တိုင် ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ အဖြစ်ဖြင့် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို အလှူခံကာ မဟာဝိသုဒ္ဓါရုံ ဗဟိုဌာနၥ် အမြဲ သီတင်းသုံးတော်မူ၍ ရွှေကျင်ဂိုဏ်းကြီးကို စောင့်ရှောက်တော်မူဆဲရှိကြောင်းကို နောက်က ရေးသား ဖော်ပြခဲ့ပါပြီ။ ညောင်တုံးမြို့ ရွှေဟင်္သာတောရ စံကျောင်းဆရာတော်ဘုရားနှင့် မန္တလေး ဝိသုဒ္ဓါရုံစည်ရှင်ဆရာတော်တို့သည် ဥပဥက္ကဋ္ဌအဖြစ်ဖြင့်သာ ရွှေကျင်ဂိုဏ်း ကြီး၏ တာဝန်ကို အားသွန် ရွက်ဆောင်တော်မူကြယင်းပင် ဤဘဝခန္ဓာ ဝန်ကို ရုပ်သိမ်းတော်မူသွားကြရသော်လည်း ထိုဆရာတော် ၂-ပါးတို့၏ အကြောင်းကိုလည်း အကျဉ်းချုပ် ဖော်ပြထိုက်သည်ဖြစ်၍ အစဉ်အတိုင်း ဆက်လက် ဖော်ပြပါဦးမည်။

---

## စံကျောင်းဆရာတော်ဘုရားကြီး

မြန်မာနိုင်ငံအတွင်း ပရိယတ္တိစာသင်တိုက် နယ်ပယ်၌ လူသိများ၍ ထင်ရှားသော စာသင်တိုက်တို့တွင် တတိုက်အပါအဝင်ဖြစ်သော ညောင်တုံးမြို့ ရွှေဟင်္သာတောရ ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီးကို ခေးမဦးချ ပကတူးကစ၍ ကာယ,ဉာဏ ဗလနှစ်တန်တို့ဖြင့် အားသွန်ခွန်စိုက် ဆောင် ရွက်ကြိုးပမ်းလာသော ဆရာတော်သည်ကား **စံကျောင်းဆရာတော်ဘုရား ကြီး** ပင် ဖြစ်တော်မူပေသည်။

မြန်မာသက္ကရာဇ် ၁၂၆၂-ခုနှစ် တပေါင်းလပြည့်နေ့၌ ပဲခူးတောရဆရာ တော် အရှင်ဦးသီလ, မန္တလေးမြို့ ဒုတိယမြောက် ရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရာမဆရာတော်, ပုသိမ်မြို့ သဘော်ကျောင်းဆရာတော်, ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်တိုက်ဆရာတော် အစရှိသော ဆရာတော်ကြီး များ သိမ်သမုတ်တော်မူ၍ ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ဘုရားကြီး တာဝန်ယူကာ တည်ထောင်လာခဲ့သော "ရွှေဟင်္သာတောရ သိရီမဟာ မင်္ဂလာရာမ"တိုက်ကို သံဃာ ၂၀-က စ၍ ယနေ့ သံဃာ ၂၀၀-ကျော် ရှိ



စံကျောင်းဆရာတော်ဘုရားကြီးပုံတော်

သည့်တိုင်အောင် စံကျောင်းဆရာတော်ဘုရား အားထုတ်ဆောင်ရွက်တော်မူလာခဲ့ပေသည်။

နာနာစ္ဆန္ဒ ဆန္ဒအသီးအသီး ဝါသနာအမျိုးမျိုး ရှိကြသော မ-ပေါင်းတထောင်၏ သားတို့ကို အုပ်ချုပ်ရသည်မှာ မည်မျှ ခဲယဉ်းသည်, မည်မျှ သည်းခံရသည်, မည်မျှ ဉာဏဗလကို အသုံးပြုရသည်တို့ကို ပရိသတ်နှင့် နေဘူး,အုပ်ချုပ်ဘူးသူတို့ ကိုယ်တွေ့ သိကြပေသည်၊ သားသမီး များသော မိဘတို့သည်ပင် ကိုယ်ချင်းစာနာမိပေလိမ့်မည်။

မူလတန်းကျောင်းမှ ကောလိပ်ကျောင်းအထိ လောကီစာသင်ကျောင်းတို့၌ ကျောင်းသားတို့ကို အုပ်ချုပ်ရသည်မှာ စာသင်ချိန်, ကျောင်းတက်ချိန်မျှလောက် နာရီပိုင်းမျှအတွင်းလောက်သာ ဆရာများ၌ တာဝန်ရှိပေသည်။ နေရေး,စားရေး,ဝတ်ရေး,ကျန်းမာရေး,ဘေးအန္တရာယ် ကင်းရှင်းရေး,လိမ္မာရေးခြားရှိရေး စသည်တို့မှာ မိဘများ၏တာဝန်သာ ရှိပေသည်။

ရွှေဟင်္သာတောရ ကျောင်းတိုက်မှာမူကား အားလုံးကုန် တာဝန်ယူ၍ မွေးမြူ စောင့်ရှောက် ထိန်းသိမ်းတော်မူရပေသည်။

ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ဘုရားကြီးသည် ဆရာတော် အရှင်ဦးသီလက တိုက်တွန်းကာ လွှဲအပ်တော်မူသော ရွှေဟင်္သာတောရတိုက် သာသနာ့တာဝန်ကို လက်ခံတော်မူပြီးကာလ တပည့်ရင်း ဦးဝါယာမနှင့်တကွ သံဃာ ၂၀-ကို ကျောင်းတော်ရာတိုက်မှ မိမိနှင့် တပါတည်း ခေါ်ဆောင်တော်မူခဲ့သည်။ ထိုအချိန်က ဦးဝါယာမသည် ရဟန်းသိက္ခာ ၈-ဝါမျှသာ ရရှိတော်မူသေးသည်။ သို့သော် ရဟန်းဝါ ၄-ဝါကပင် ကျောင်းတော်ရာတိုက်၌ "စာချ"အဖြစ်ဖြင့် ချီးမြှောက်သည်ကို ခံယူရ၍ အဋ္ဌကထာကြီးများကို စာသင်သားတို့အား ပို့ချလျက်ရှိလေသည်။

**တိုက်အုပ်ဘုန်းကြီး ဖြစ်ခြင်း**

ဦးဝါယာမ ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက်သို့ ရောက်သောအခါ ကျောင်းတော်ရာ ဆရာတော်ဘုရားကြီးက "တိုက်အုပ်ဘုန်းကြီး" ဟူ၍ ချီးမြှောက်၍ လက်ရှိ သံဃာ ၂၀-တို့အား စာပေပို့ချကာ အုပ်ချုပ်စေတော်မူသည်။

"ဇရာဝါသံ နဝါဝါသံ၊ မဟာဝါသဥ္စ ပဏ္ဍိတံ"စသည်ဖြင့် ရဟန်းတရားကို ကိစ္စနည်းနည်း သမာဓိမပျက် အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် ကျောင်းဟောင်း ကျောင်းအို,ကျောင်းသစ် စသည်တို့၌ မနေအပ်-ဟူ၍ပင် တားမြစ်ရပေသည်၊အကြောင်းကား နဝကမ္မ ဆောင်ရွက်ဖွယ်အမှုကိစ္စ များတတ်သောကြောင့် ဖြစ်၏။ရွှေဟင်္သာတောရတိုက်မှာလည်း တည်ထောင်စဖြစ်ရာ တိုက်အုပ်ဖြစ်သော ဦးဝါယာမ၌ မည်မျှ ကိစ္စတာဝန် များမည်ကို ဆင်ခြင်ခြင်းဖြင့် သိရသည်၊စာပေကိုလည်း တဖက်ကပို့ချ၍ အမှိုက်သရိုက်ရှင်းလင်းမှု, တောချုံ ရှင်းလင်းမှုမှ စ၍ အောက်ခြေသိမ်း ဆောင်ရွက်ရပေမည်။

မလျော့သော ဝီရိယဇွဲဖြင့် ဘွဲ့တော်နှင့်လျော်စွာ တိုက်တာသာသနာကို ထမ်းဆောင်လာရာ ၁၀-နှစ်ခန့်အကြာ ၁၂၇၂-ခုနှစ်လောက်၌ သံဃာ တရာကျော် လက်ခံနိုင်၍ လက်ထောက်တပည့်ကြီးများလည်း ပေါ်ပေါက် လာပေသည်။ ဤအချိန်မှစ၍ ရွှေဟင်္သာတောရတိုက်တာ သာသနာသည် ယုတ်လျော့ မှေးမှိန်ခဲ့သည် မရှိပဲ တိုးတက် ကဲသာ၍သာ အဖက်ဖက်၌ ထွန်းကားစည်ပင်လာသည်မှာ ယနေ့ မျက်မြင် ပစ္စုပ္ပန်ခေတ်တိုင် ဖြစ်လေ သည်။

ဤသို့သော ကျောင်းတိုက်ကြီးတတိုက်၏ တာဝန်ကို ဆောင်ရွက်တော် မူလျက်ပင် မလွှဲမကင်းသော လက်ခံတော်မူ၍ စောင့်ရှောက်တော်မူရသော ကျောင်းကန်တို့မှာလည်း ညောင်တုံး, မအူပင်, ဓနုဖြူ, ပန်းတနော်,အိမ်မဲ, ဟင်္သာတ, ကြံခင်း, ပဲခူး, ရွှေကျင်, မော်လမြိုင်, ကျိုက္ခမီ, စစ်ကိုင်း, ရွှေဘို, မုံရွာ စသော မြို့နယ်တို့၌ အနှံ့အပြားပင် ဖြစ်သည်။

## ကျမ်းစာ ရေးသားတော်မူခြင်း

လက်ထောက်တပည့်ကြီးတို့လည်းအထိုက်အလျောက်ပေါ်ထွက်လာကြ ပြီဖြစ်၍ တပည့်ဒကာများလျောက်ထားတောင်းပန်ကြသည်ကိုအကြောင်း ပြု၍ စေတိယဝိနိစ္ဆယ, ဩဝါဒဒီပနီ ကျမ်းတို့မှ အစပြု၍ ကမ်-ဉာဏ်-ဝီရိယ အဖွင့်, သမ္ဗုဒ္ဓေအဖွင့်, မင်္ဂလာအဖွင့်-စသော လူများနှင့်သက်ဆိုင်ရာ ကျမ်း တို့ကိုငင်း,ပရိဝါသမာနတ္တာဒိဝိနိစ္ဆယ,အလင်္ကာနိဿယ,ပါဠိမြန်မာ အက္ခရာ ဝလိ အဘိဓာန်-စသော သံဃာဘက်ဆိုင်ရာကျမ်းများကိုငင်း ရေး၍ တနည်း တလမ်း သာသနာပြုတော်မူပြန်သည်။

ကျောင်းတော်ရာ ဆရာတော်ကြီးသည် ၁၂၇၅-ခုနှစ်၌ တိုက်အုပ် ဘုန်းကြီး ဦးဝါယာမအား "စံကျောင်းတိုက်အုပ် ဆရာတော်" ဟူသော ဂုဏ်ထူးဖြင့် တဆင့်တက်၍ ချီးမြှောက်ကာ တိုက်တာကိုလည်း လုံးဝလွှဲအပ် တော်မူသည်။ တိုက်အုပ်ဆရာတော် သီတင်းသုံးတော်မူသော ကျောင်းမှာ **မင်္ဂလာစံကျောင်း** ဖြစ်၍ ကျောင်းအမည်နှင့် တွဲဘက်လျက် **စံကျောင်း တိုက်အုပ်ဆရာတော်** ဟူ၍ သမုတ်ချီးမြှောက်တော်မူသည်။

## စံကျောင်းဆရာတော် ဖြစ်ခြင်း

စံကျောင်း တိုက်အုပ်ဆရာတော် သိက္ခာတော် ၃၀-ခန့်အရ ၁၂၈၅-ခု နှစ်၌ တိုက်ကြပ်ဆရာတော်ကို တိုက်အုပ်ဆရာတော်အဖြစ် တင်မြှောက်

ပြီးလျှင် စံကျောင်းတိုက်အုပ်ဆရာတော် "စံကျောင်းဆရာတော်" ဟူ၍ တဆင့်တက်ကာ ချီးမြှောက်တော်မူသောအခါမှ စ၍ **စံကျောင်းဆရာတော်** ဟူ၍ ထင်ရှားတော်မူလေသည်။

စံကျောင်းဆရာတော်သည် ရွှေဟင်္သာတောရ ပါဠိတက္ကသိုလ် ကျောင်းတိုက်ကြီး တာဝန်နှင့်တကွ ထိုထိုမြို့နယ်ရှိ ကျောင်းကန်သာသနာကိုလည်း စောင့်ရှောက်တော်မူလျက် ကျမ်းဂန်စာပေတို့ကို ရေးသားကာ သာသနာပြုတော်မူသည်သာ မဟုတ်၊ ရွှေကျင်ဂိုဏ်း သာသနာကိုလည်း တဂိုဏ်းလုံး ကောင်းရာ ကောင်းကြောင်းတို့ကို ဆောင်ရွက်တော်မူသည် ဖြစ်သောကြောင့် သာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယ အစည်းအဝေးကြီးများ၌ ပြဓာန်း၍ စံကျောင်းဆရာတော်အား ၁-ဂဏပါလက၊ ၂-နယ်မဟာနာယက၊ ၃-နယ်လှည့် သာသနာပြု မဟာနာယက၊ ၄-ရွှေကျင်နိကာယ တွဲဘက်ဥပဥက္ကဋ္ဌ ဂိုဏ်းလုံးဝန်ဆောင် မဟာနာယကအဖြစ်ဖြင့် အဆင့်ဆင့်တင်မြှောက်တော်မူကြသည်။

၁၂၉၉-ခုနှစ်၌ **"အဂ္ဂမဟာပဏ္ဍိတ"** ဘွဲ့တံဆိပ်တော် အလှူခံယူရသည်၊ ယင်းသို့ ရာထူးဘွဲ့ထူးတို့ကို ရရှိတော်မူသော်လည်း စံကျောင်းဆရာတော်ဘုရားသည် ခက်ထန်မှု, တက်ကြွမှု, ဝါကြွားမှု, အလျှင်း ရှိတော်မမူ၊ သို့ကြောင့် အောက်ပါ ဥဒါန်းကို ကျူးရင့်အပ်ပေသည်။

ဝပုမာပိ န စ ထဒ္ဓေါ၊ ဒက္ခိဏော န စ နဇ္ဇဝေါ။
တေဇသီ န စ နက္ခန္တော၊ ကတ္တာပိ န စ ဝိမှိတော။


ခန္ဓာကိုယ်ရှိသော်လည်း ခက်ထန်ကြမ်းကြုတ်ခြင်း မရှိ။ လိမ္မာပါးနပ်သော်လည်း ကောက်ကျစ်စဉ်းလဲခြင်း မရှိ။ တန်ခိုးကြီးသော်လည်း သည်းခံတတ်၏။ ပြုစွမ်းနိုင်သော်လည်း ကြွားဝါခြင်း မရှိ။

စံကျောင်းဆရာတော်ဘုရားသည် သိက္ခာတော် ၁၄-ဝါ ရရှိတော်မူစဉ်က သီဟိုဠ်ကျွန်းသို့ ၂-လခန့် စွယ်တော်နှင့်တကွ စေတီ, ပုထိုးတော်များကို ဖူးမျှော်ရန် ကြွတော်မူသည်၊ အပြန်တွင် ကျောင်းတော်ရာ ဆရာတော်ဘုရားကြီး၏ တပည့် ကောလမ္ဗိုမြို့ မကုဋ္ဌာရာမဆရာတော် အရှင်ဝိနယာလင်္ကာရနှင့် အရှင်ဇယန္တတို့က ထည့်အပ်လိုက်သဖြင့် သီဟိုဠ်ဇာတိ သာမဏေငယ် ၂၀-တို့ကို ခေါ်ဆောင်ခဲ့၍ ရွှေဟင်္သာတောရတိုက်၌ ပစ္စည်းလေးပါး ထောက်ပင့် စာပေ သင်ကြား ချီးမြှောက် စောင့်ရှောက် ပေးခြင်းဖြင့်

သာသနာပြုတော်မူသည်။ အချို့ရဟန်းဖြစ်၍မြန်မာနိုင်ငံ၌ နေသူနေ, သီဟိုဠ်ကျွန်းသို့ ပြန်၍ ကျောင်းကန်နှင့် နေသူတို့ နေကြ၏။ ရန်ကုန်မြို့၌ ထင်ရှားလျက်ရှိသော **ပါဠိပါမောက္ခ မဟာပညာဗလ ဆရာညာဏ် (စာပြင်မှူးချုပ်)** သည် သီဟိုဠ်က ပါလာသော သာမဏေ ၂၀-တွင် တဦးအပါအဝင် ဖြစ်၏။

အထက် အဆိုပါ စကားစဉ်အတိုင်း ရွှေဟသ်ာတောရ ပါဠိတက္က-သိုလ် ကျောင်းတိုက်ကြီး ယနေ့တိုင် စည်ပင်တိုးတက်သည်အထိ အားထုတ်ဆောင်ရွက်ခြင်း, ရွှေကျင်နိကာယ သာသနာကိုလည်း အခြေခံမှ ထိပ်တန်းသို့ ဆိုက်ရောက်သည်အထိ ဆောင်ရွက်ခြင်း, ကျမ်းဂန်စာပေတို့ကို ရေးသား၍ သာသနာပြုတော်မူခြင်းဖြင့် သာသနာတော်၌ ကျေးဇူးများလှသော စံကျောင်းဆရာတော်ဘုရားသည် ဇာတိအားဖြင့် ရန်ကုန် ပဲခူးမီးရထားလမ်းရှိ ဘူတာရုံစိုက်လျက်ရှိသော **ကျောက်တန်း** နိဂုမ်းရွာကြီးပင် ဖြစ်သည်။ ကျောက်တန်းရွာ၌ ထင်ရှားသော လှေသူကြီး **ဦးအောင်လှ** နှင့် **ဒေါ်အောင်** တို့သည် ခမည်းတော်, မယ်တော်များ ဖြစ်ကြသည်၊ မွေးဘက် သားချင်း ၈-ယောက်ရှိသည်တွင် သတ္တမမြောက် သားတော် ဖြစ်သည်။

သက္ကရာဇ် ၁၂၃၅-ခုနှစ် တပေါင်းလဆန်း ၁၀-ရက် ဗုဒ္ဓဟူးနေ့ နံနက်စက်နာရီ ၄-နာရီ ၁၂-မိနစ် (မြန်မာနာရီ) ၃ ချက်တီး ၃-နာရီ ၁-ပါဒ် ၃- ဗီဇနာအချိန် ဘရဏီနက္ခတ်နှင့် ယှဉ်၍ ဖွားမြင်တော်မူသည်။




စင်နက္ခတ်
၄
၂

စံကျောင်းဆရာတော်ဘုရား၏ ငယ်မည်မှာ **မောင်ဉာဏ်** ဖြစ်သည်။ ၇-နှစ်သား၌ ဘုန်းကြီးကျောင်းသို့ ရောက်၍ ပရိတ်ကြီး, နမက္ကာရ,

လောကနီတိ, ဇာတ်အဋ္ဌကထာ, သဒ္ဒါ, ကိုးကြောင်း, မကရန္တပေဒင်တို့ကို သင်ကြားရသည်၊ အသက် ၁၄-နှစ်၌ ရန်ကုန်မြို့ ပုဇွန်တောင် အစိုးရ အင်္ဂလိပ်ကျောင်း၌ ခေတ်စာပေကို သင်ကြားရသည်။

## ရှင်သာမဏေ ဖြစ်ခြင်း

အသက် ၁၇-နှစ်သို့ ရောက်လျှင် "ရှင်ဂေါတမသည် သံသရာ၏ အစ ကို မသိသောကြောင့် ဘုရား မဟုတ်"ဟု ရေးသော **ရွှေချိန်ခွင်** ခေါ် စာအုပ်ကလေးကို တွေ့ရှိ ဖတ်မိရာမှ စ၍ ဘာသာရေးဘက်၌ တစတစ စိတ်ဝင်စားလာရာ သံဝေဂဉာဏ်များလည်း တဖွားဖွား ပေါ်ပေါက်လာ ကာ မိဘများကို ထုတ်ဖော်ပြောကြား၍ မိဘနှင့် အစ်ကိုကြီး **ဦးကြံပွင့်, ဒေါ်ပို** တို့က ဒါယကာခံ၍ ရှင်သာမဏေဘဝသို့ ရောက်တော့သည်။ မိဘ ဆွေမျိုးများကမူကား ခေတ္တ ၇-ရက်ခန့် ရှင်သာမဏေ ဝတ်ပြီး ထွက်လိမ့်မည် ထင်သော်လည်း မထွက်ရုံသာ မဟုတ်၊ ရန်ကုန် ကျောင်း တော်ရာတိုက်မှ ခေတ္တပြန်လာသော ဦးပဥ္ဇင်း ဦးကုမာရ ရန်ကုန်အပြန် လိုက်သွား၍ ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ကြီး ခြေတော်ရင်း၌ ဆည်းကပ်နေပေတော့သည်။

ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ဘုရားကြီး သည် သာမဏေ ရှင် ဝါယာမ၏ ရုပနိကာယ်ကို ရှုကြည့်အကဲခတ်တော်မူလျှင် သာသနာတော်၌ သူတော်ကောင်း ပညာရှိတဦးအဖြစ်သို့ ရောက်၍ သာသနာတော်ကို ဆက် လက် ထမ်းဆောင်နိုင်စွမ်းရှိသော ရှင်သာမဏေ ဖြစ်တန်ရာ၏ဟု ဆုံးဖြတ် တော်မူ၍ စာပေ အသင်, အပို့အချကောင်းသော မိမိ၏ တပည့် ပထမ ယွန်းကျောင်းဆရာတော် အရှင်ဇောတထံ အပ်နှံ၍ စာပေ သင်ကြားစေ တော်မူသည်။ ထိုနှစ်အတွင်း ပေါက်ရောက်သောစာများမှာ သဒ္ဒါသုတ်နက် ၈-စောင်, ကစ္စည်း သဒ္ဒါပါဠိ ၈-စောင်, ပုဒ်စစ်, သုတ်စစ်, သဒ္ဒါစစ်, နည်း လေးဆယ်, သံဝဏ္ဏနာ,ဒွေမာတိကာ ပါဠိတော်များကို အနက် အဓိပ္ပါယ်နှင့် တကွ ပေါက်ရောက်လေသည်။

## ရဟန်းဖြစ်ခြင်း

မိဘတို့ကပင် ဒါယကာ ခံယူချီးမြှောက်သဖြင့် ၁၂၅၅-ခုနှစ် ပထမဝါဆို လဆန်း ၁၃-ရက် အင်္ဂါနေ့ ညနေ ၃-နာရီအချိန် ရန်ကုန်မြို့ ကျောင်းတော် ရာ ရွှေကျင်တိုက် ခဏ္ဍသိမ်တော်၌ ကျောင်းတော်ရာ ရွှေကျင်ဆရာတော်

ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ၄၆-ပါးသောသံဃာတော်တို့က ကမ္မဝါစာဆရာ ကာရကသံဃာ အဖြစ်ဖြင့် ချီးမြှောက်ကြသည်ဖြစ်၍ ရှင်ဝါယာမသည် **ဦးပဥ္စင်း ဦးဝါယာမ** အဖြစ်သို့ ရောက်ပေသည်။

**ရဟန်းဖြစ်စဉ် ကျက်ဆောင်သောစာတို့မှာ**—မာဂဓ အဘိဓာန် စောင်လုံး, ဝုတ္တောဒယဆန်း, သုဗောဓာလင်္ကာရ, ဓာတွတ္ထ သင်္ဂြိုဟ်စောင်လုံး, ခုဒ္ဒသိက္ခာ,မူလသိက္ခာ, သဒ္ဒတ္ထဘေဒစိန္တာ, ကစ္စာယနသာရ,ကေက္ခရကောသ, ဝစ္စဝါစက,ဝိဘတျတ္ထ, နေတ္တိဟာရ အကောက်,သမ္ဗန်ခြောက်ပါး, ဘုရားကြီး နိယံ, ဟိစပနနိယံ, အာချာတ်သာမိနိယံ, တွင်းကြီးနိယံ, ဓမ္မပဒ စောင်လုံးမှစ၍ အားလုံးပင် စောင်လုံး ရရှိဆောင်ရွက်ခဲ့လေသည်။

စံကျောင်းဆရာတော်ဘုရားသည် သဘောဉာဏ်, မှတ်ဉာဏ် နှစ်ပါးလုံး ကောင်းတော်မူသည်၊နှစ်ခေါက်ကြည့်ရှု၍သော်ငင်း,ကျက်မှတ်၍သော်ငင်း ရပြီးလျှင် အနည်းဆုံး ၃-နှစ်လောက် မမေ့ပါဘူးဟု မိန့်တော်မူဘူးသည်။ တနေ့လျှင် ဂါထာ တရာလောက် သက်သောင့်သက်သာ ရသည်ဟု နာခံရဘူးသည်၊ သို့ကြောင့်လည်း အထက်ပါစာများကို ဆောင်တော်မူနိုင်ခြင်း ဖြစ်ပါပေသည်။

## သီလသိက္ခာ၌လည်း အလွန်လေးစားတော်မူခြင်း

အကျဉ်းအားဖြင့်ဆိုရလျှင် အကြင်အမှုသည် အာပတ်မကင်း အပြစ်ရှိသည်ဟု သိ၏၊ ထိုအမှုကို အသက်ထက်ဆုံး မည်သည့်အခါမှ ကျူးလွန်ခြင်း ရှိတော်မမူပေ။ သိက္ခာပုဒ်တော်တို့၌ အလွန်အကျုံလည်း သံသယ ဖြစ်တော်မမူ၊ အပ်သောအရာ၌ အပ်သလိုပင် ပြုကျင့် ဆောင်ရွက်တော်မူသည်။ မဇ္ဈိမပဋိပဒါကျသည်ဟု ဆိုရပေမည်။ ဆရာသမားများ၏ ဆုံးမ ဩဝါဒတို့ကိုလည်း မြေဝယ်မကျ အထူး ရိုသေလေးစားစွာ လိုက်နာကျင့်သုံးတော်မူလေ့ရှိသည်။ ကိုယ်တော်တိုင်က သီလ, သိက္ခာ, ဆရာသမား ဆုံးမဩဝါဒတို့၌ ရိုသေလေးစားတော်မူလေ့ ရှိသောကြောင့် တပည့်များကလည်း စံကျောင်းဆရာတော်အား ကြည်ညိုမြတ်နိုး ချစ်ကြောက်ရိုသေကြကုန်၏။

ဤသို့လျှင် အရပ်ရပ်သော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံလျက် ဘုရားသာသနာ ရွှေကျင်နိကာယတာဝန်ကို လေးလေးစားစား ဆောင်ရွက်တော်မူသော ရွှေကျင်နိကာယ ဂိုဏ်းလုံးဝန်ဆောင် ဥက္ကဋ္ဌ မဟာနာယက ဖြစ်တော်မူသော စံကျောင်းဆရာတော်ဘုရားသည် သက္ကရာဇ် ၁၃၀၉-ခုနှစ်

ဝါခေါင်လပြည့်ကျော် ၁-ရက် စနေနေ့ နံနက် ၄-နာရီ မိနစ်-၂၀ အချိန်၌ ဇီဝိတိန္ဒြေ ချုပ်ငြိမ်းတော်မူ၍ သာသနာပြု စခန်းသိမ်းတော်မူပါသတည်း။

ပျံလွန်တော်မူလျှင် ရှေ့ကျောင်ဂိုဏ်းစည်းမျဉ်းနှင့် တိုက်တာ ဥပဒေသတို့ အတိုင်း ဝါခေါင်လပြည့်ကျော် ၅-ရက် ဗုဒ္ဓဟူးနေ့၌ တလား,လောင်တိုက်, ပြာသာဒ်,စည်ရှင်စသည် မလုပ်၊ ပွဲလမ်းသဘင် မပါ၊ တပည့်, ဒကာ, ဒကာမ တို့ သိုက်သိုက် ဝန်းဝန်း စုရုံး၍ နံ့သာထင်းပုံထက်သို့ တင်ကာ "အနိစ္စာ ဝတ သင်္ခါရာ" စသော **သံဝေဂ ဂီတိ**များကိုသာ ဝမ်းနည်းကျေကွဲသော အမူ အရာတို့ဖြင့် ရွတ်ဆိုကျူးရင့်ကာ အဂ္ဂိစျာပန သာဓုကီဠန ပြုလိုက်ကြကုန် သတည်း။

---

# စည်ရှင်ဆရာတော်ဘုရားကြီး

စည်ရှင်ဆရာတော် အလောင်းလျာ သတို့သားကို ဂေါဇာသက္ကရာဇ် ၁၂၅၀-ပြည့်နှစ် ဒုတိယဝါဆိုလဆန်း ၂-ရက် ညဥ့် ၂-ချက်တီးကျော် တနင်္လာနေ့၌ မြင်းခြံမြို့ တောင်လက် **လယ်ကြီးရွာ**တွင် ဖွားမြင်တော် မူသည်၊ **ဦးချင်းအို, ဒေါ်စိတ်ကောင်း**တို့သည် ခမည်းတော်,မယ်တော်များ ဖြစ်ကြသည်၊ သားသမီး ၈-ယောက် ရှိသည်တွင် ၂ စတုတ္ထမြောက်သား ဖြစ်ပေသည်။

စည်ရှင်ဆရာတော်ကို ဖွားမြင်သော အချိန်ကာလသည် မြန်မာနိုင်ငံကို အင်္ဂလိပ်များသိမ်းယူပြီးစ သုံးနှစ်မျှသာ ရှိသေးသည်ဖြစ်ရာ တိုင်းရေးပြည် ရေး လူဆိုးဓားပြဘေး အဌေအသက် မကုန်သေးပဲရှိသော အချိန်အခါ ဖြစ်၏။ လယ်ကြီးရွာ ပတ်ဝန်းကျင်၌လည်း ဓားပြနှင့်စစ်သားတို့ လှုပ်ရှား လျက်ရှိ၏။ သို့လှုပ်ရှားလျက်ရှိကြသော်လည်း စည်ရှင်ဆရာတော်ကို ဖွားမြင် သော **ဝိဇာယနမင်္ဂလာ**ကို အကြောင်းပြု၍ စစ်သည်များနှင့် ဓားပြများတို့ သည် လယ်ကြီးရပ်သူရွာသားတို့အား နှောင့်ယှက်ဖျက်ဆီးမှုတို့ကို မပြုကြပဲ ဘေးမဲ့ပြုကာ ထွက်ခွါသွားကြသည် ဟူ၏။ သို့ကြောင့် စည်ရှင်ဆရာတော် အလောင်းအလျာ သတို့သားငယ်ကို **မောင်ရန်နိုင်**-ဟု အမည်ပေးကြကုန်၏။

မောင်ရန်နိုင်၏ မိဘတို့သည် ရပ်ရွာအလျောက် ပစ္စည်းဥစ္စာ ပြည့်စုံ ကြသည် ဖြစ်၍ လယ်ကြီးရွာ၌ ဆက်လက် မနေဝံ့ကြသဖြင့် မြင်းခြံမြို့သို့



စည်ရှင်ဆရာတော်ဘုရားကြီးပုံတော်

ပြောင်းရွှေ့ နေကြရသည်၊ မြင်းခြံမြို့ရှိ **ဦးထွန်းလှ**, **ဒေါ်ပြည့်စုံ**တို့၌ သားသမီး ၇-ယောက်ရှိရာ ပဌမသား သေဆုံးသွားသည်ဖြစ်၍ မောင်ရန်နိုင်ကို "ပဌမသား"အဖြစ် မွေးကြကုန်၏။

မောင်ရန်နိုင်ကို မြင်းခြံမြို့ (ရွှေကျောင်း) တန်ဆောင်းကြီးတိုက် တိုက်အုပ်ဆရာတော် **ဦးဝိသုဒ္ဓ**ထံ၌ အပ်နှံ၍ စာပေသင်ကြားစေသည်၊ သင်ပုဏ်းကြီးက စ၍ သဒ္ဒါ,သင်္ဂြိုဟ်စသော အခြေခံစာပေတို့ကို သင်ကြားရသည်။

## ရှင်သာမဏေ ဖြစ်ခြင်း

ဒုတိယမိဘ **ဦးထွန်းလှ၊ ဒေါ်ပြည့်စုံ**တို့ကပင် ရှင်ပြု၍ ၁၃-နှစ်သား အယွယ်၌ ရှင်သာမဏေဘောင်သို့ ရောက်၍ **ရှင်ကောသလ္လ**ဟု ဘွဲ့မည်ရရှိလေသည်။ အသက် ၁၇-နှစ်၌ မန္တလေးမြို့ မြတောင်တိုက် မြတောင်ဆရာတော် **အရှင်ပညာသာမိ**ထံသို့ ပို့အပ်လိုက်သဖြင့် ဆရာတော် အရှင်ပညာသာမိနှင့် ဆရာတော်ကလေး**ဦးဝိစာရ** နှစ်ပါးထံ၌ ပိဋကစာပေတို့ကို ဆက်လက် သင်ကြားရသည်၊ မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးထံ၌လည်း နေ့ဝါ့ ညဝါနှင့် သက္ကတကျမ်းစာများကိုပါ လိုက်နာ သင်ကြားတော်မူခဲ့သည်။

## ရဟန်းဖြစ်ခြင်း

၁၂၆၉-ခု သီတင်းကျွတ်လဆန်း ၄-ရက်နေ့ မွန်းတည့်အချိန် မြင်းခြံမြို့ တန်ဆောင်းကြီးကျောင်းတိုက် ခဏ္ဍသိမ်တော်၌ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်၊ စည်ရှင်ဆရာတော် ငယ်ဆရာရင်း၏ ဆရာ မြင်းခြံမြို့ ကိုးဆောင်ဆရာတော်ကြီး **ဦးဝေ**-က ဥပဇ္ဈာယ်အဖြစ်ဖြင့် ချီးမြှောက်တော်မူသည်၊ ဂိုဏ်းချုပ်ဆရာတော် **ဦးဇလိန္ဒ**-က အနုသာသကအဖြစ် ချီးမြှောက်တော်မူသည်၊ သက္ကတာဒိဘာသန္တရဝိဒူ ဓမ္မာစရိယဖြစ်သော ငယ်ဆရာတန်ဆောင်းကြီး**တိုက်အုပ်ဆရာတော်** စသော ဆရာတော်များက ကမ္မဝါစာဆရာအဖြစ် ချီးမြှောက်တော်မူကြသည်။

၁၂၆၉-ခု၌ပင် မဟာဝိသုဒ္ဓါရာမတိုက်သို့ ရောက်၍ မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြုကာ ၁၂၇၀-ပြည့်နှစ်၌ **ပုနောပသမ္ပဒါ** အဖြစ် သိက္ခာထပ်တင်တော်မူသည်။

၁၂၇၁-ခုနှစ် ရဟန်းသိက္ခာ တဝါအရတွင် မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းက ကျင်းပပြုလုပ်သော စာချောက်မေးပွဲ၌ စာသင်တန်းကို **အမှတ် ၁**-မှ အောင်မြင်တော်မူသည်၊ ၁၂၇၂-ခုနှစ်တွင် မဝင်ရပဲ ၁၂၇၃-ခုနှစ်တွင် ဝင်ရောက်ဖြေဆိုရာ ပါရာဇိကဏ်အဋ္ဌကထာ၊ သီလက္ခန်အဋ္ဌကထာတို့ကို အောင်မြင်၍ ၁၂၇၄-ခုနှစ်တွင် အဋ္ဌသာလိနီအဋ္ဌကထာကို အောင်မြင်သဖြင့် **ကောသလ္လာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ** ဘွဲ့တံဆိပ်ကို အလှူခံယူရသည်။

## ဝိသုဒ္ဓါရုံဂဏဝါစက ဂန္ထာဗ္ဗက္ခ ဖြစ်ခြင်း

၁၂၇၄-ခုနှစ်၌ပင် မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးက အရှင်ကောသလ္လာဘိဝံသကို "ဝိသုဒ္ဓါရုံဂဏဝါစက ဂန္ထာဗ္ဗက္ခ"ဂုဏ်ထူး ရာထူးဖြင့် ချီးမြှောက်တော်မူသည်။

## ၁၂၇၇-ခုနှစ် ပဋ္ဌာဝိဿဇ္ဇက ဖြစ်တော်မူခြင်း

မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးအား အရပ်ရပ်မှ (အင်္ဂလန်အပါအဝင်) ပုစ္ဆာပြဿနာ အထူးထူးတို့ကို မေးလျှောက်ကြသဖြင့် မပြတ် ဖြေဆို ရေးသားတော်မူခဲ့ပေရာ သက်ယွယ်တော်ကြီး၍ အိုမင်းလာပြီဖြစ်၍ ပြဿနာ အဖြေ တာဝန်ကို လက်ထောက် တပည့်ကြီးများအား သီးခြား ရွေးကောက်၍ လွှဲအပ်တော်မူရာ **ပဋ္ဌာဝိဿဇ္ဇက နာယက** အဖြစ်ဖြင့် အရှင်ကောသလ္လာဘိဝံသလည်း အပါအဝင် လွှဲအပ်ချီးမြှောက်ခြင်းကို ခံယူတော်မူခဲ့ရသည်။

## ဝိသုဒ္ဓါရုံနာယက ဖြစ်ခြင်း

သက္ကရာဇ် ၁၂၇၈-ခုနှစ်၌ မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးသည် သက်တော် ၇၇-နှစ် ရှိတော်မူပြီဖြစ်၍ တိုက်တာအုပ်ချုပ်မှု၌ ကူညီဆောင်ရွက် အုပ်ချုပ်ကြစေရန် "အရံ အကြီးအမှူး နာယကများ" အဖြစ်ဖြင့် တပည့်ကြီး ၇-ပါးတို့ကို တင်မြှောက်လွှဲအပ်ရာတွင် စည်ရှင်ဆရာတော် အရှင်ကောသလ္လာဘိဝံသလည်း တပါးအပါအဝင် ချီးမြှောက်သည်ကို ခံယူတော်မူခဲ့ရပေသည်။

## တတိယအကြိမ် သိက္ခာထပ်ခြင်း

သက္ကရာဇ် ၁၂၇၇-ခုနှစ် မြင်းခြံမြို့ ရွှေကျင်ကျောင်းတိုက် ခဏ္ဍသိမ်တော်၌ တဖန် သိက္ခာထပ်တော်မူရသည်။

သက္ကရာဇ် ၁၂၈၈-ခုနှစ်တွင် ဇမ္ဗုဒိပ်သို့ ကြွ၍ ဗုဒ္ဓဂယာ မဟာဗောဓိ စသည့် ပူဇနိယ ဌာနတို့ကို ပူဇော်၍ သက္ကတ စာပေကိုလည်း ထပ်မံ လေ့လာ ဆည်းပူးတော်မူသည်၊ ၁၂၈၉-ခုနှစ်တွင် သီဟိုဠ်ကျွန်းသို့ ကူး၍ သီဟိုဠ် ဝိသုဒ္ဓါရုံသာသနာရေးကို အားပေးအားဖြည့်တော်မူယင်း သီဟိုဠ်ဘာသာကို လေ့လာတော်မူသည်။ ၁၂၉၄-ခုနှစ်၌ ယိုးဒယား ဗန်ကောက်မြို့ရှိ

မြန်မာရဟန်းတော်များနှင့် မြန်မာဒါယကာများ ပင့်လျှောက်သည် ဖြစ်၍ သီမသမ္မုတိကမ်ဆောင် သိမ်သမုတ် ကြွတော်မူကာ သာသနာ ပြုရသည်။ သွားယင်းဟန်လွှဲဆိုသလို ယိုးဒယားအက္ခရာကို လေ့လာခဲ့၍ ယိုးဒယား အက္ခရာရေး ပိဋကများကို ဆောင်ယူတော်မူခဲ့သည်။

## အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် အလှူခံရခြင်း

အထက်အဆိုပါ ပိဋကတ္တယဆေက, ဘာသန္တရဝိဒူ, ဂုဏမဟတ္တ, အာစာရမဟတ္တ, ဝံသမဟတ္တ, ရတ္တညူ, စိရပဗ္ဗဇိတ စသော ဂုဏ်တော်တို့ ကြောင့် သတင်းကျော်ကြား ထင်ရှားသည်ထက် ထင်ရှားတော်မူလာသည် ဖြစ်သောကြောင့် သက္ကရာဇ် ၁၃၀၁-ခုနှစ်၌ "**အဂ္ဂမဟာပဏ္ဍိတ**" ဘွဲ့တံဆိပ် ကို အစိုးရမင်းများက ဆက်ကပ်လှူဒါန်းသည်ကို ခံယူတော်မူရသည်။

## ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာနာယက ဖြစ်ခြင်း

သက္ကရာဇ် ၁၃၀၈-ခုနှစ် တပေါင်းလဆန်း ၁၂-ရက်နေ့မှ လပြည့်နေ့ အထိ စည်းဝေးတော်မူကြသော တောင်ကြီးမြို့ အောင်မြေသာစည် ကျောင်းတိုက် ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ သံဃာ့အစည်းအဝေးကြီး၌ စည်ရှင် ဆရာတော် အရှင်ကောသလ္လာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) အား ရွှေကျင် ဂိုဏ်းလုံးဆိုင်ရာ **ဥက္ကဋ္ဌ မဟာနာယက** အဖြစ်ဖြင့် ရွေးကောက် တင်မြှောက် အပ်သည်ဖြစ်၍ ရွှေကျင်ဂိုဏ်းကြီး၏ ဥက္ကဋ္ဌ မဟာနာယကအဖြစ်ဖြင့် ရွှေကျင်ဂိုဏ်းကြီး၏တာဝန်ကို အားသွန်ကာ ဆောင်ရွက်တော်မူခဲ့ပေသည်။

## ကျမ်းပြုတော်မူခြင်း

မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး ပို့ချတော်မူသော ကစ္စာယန-သာရ-ဘောဒစိန္တာနိဿယနှင့် ဂဏ္ဌိပုဒ်, အလင်္ကာနိဿယ, သဂြိုဟ်နိဿယတို့ အပြင် သီဟိုဠ်နိဿယကို အမှီပြုသော မဟာရူပသိဒ္ဓိနိဿယ, ဝိသုဒ္ဓါရုံ ကစ္စည်း သုတ်နက်ဋီကာတို့ကိုလည်း ရေးသားတော်မူသည်။

## ပိဋကအဘိဓာန်ကြီး

၁၂၇၄-ခုနှစ် သီတင်းကျွတ် လပြည့်ကျော် ၄-ရက်နေ့ကစ၍ မဟာ-ဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး အမိန့်တော်အရ ရေးသားတော်မူသော "အက္ခရာဝလိ အက္ခရာစဉ် ပိဋကအဘိဓာန်ကြီး" ကိုလည်း ကြိုးကြိုး ပမ်း

ပမ်း ရေးသားတော်မူခဲ့သည်၊ ၎င်းအဘိဓာန်ကို ဗာရာဏသီဆရာတော်၊ အသောကာရုံ ဆရာတော်၊ ပိုက်ကျုံးဆရာတော် စသော တပည့်ကြီးများက ဆက်လက် တည်းဖြတ် ပြင်ဆင် စီစဉ်၍ တအုပ်ပြီးတအုပ် စာအုပ်အဖြစ် ရိုက်နှိပ် ဖြန့်ချိလျက် ရှိလေသည်။

## သာသနာရေး၌ ထက်သန်ခြင်း

စည်ရှင်ဆရာတော်သည် ပျံလွန်တော်မူခါနီး ရောဂါပြင်းထန်ချိန်၌ တပည့်များကို မိန့်ဆိုသည်မှာ—

စစ်ကိုင်းတောင်ရိုး အတိသုဒ္ဓါရုံဆရာတော်ဘုရားကြီးသည် မဟာဝိသုဒ္ဓါရုံတိုက်၌ နေစဉ် အဖျားရောဂါစွဲကပ်ခိုက် ပြောဘူးသည်မှာ "ဤအဖျားရောဂါ ပျောက်ကင်းပါက တောထွက်မည်" ဟု အဓိဋ္ဌာန်ပြုလိုက်၏၊ အဓိဋ္ဌာန်ပြုသည့်အတိုင်းပင် ရောဂါပျောက်၍ တောထွက်သွားတော်မူသည်၊ "ဆရာတို့တော့ တိုက်တာ, ဂိုဏ်းဂဏ, သာသနာရေးများကြောင့် တောမထွက်နိုင်စေကာ သာသနာရေးကို ရှေးကထက် အကျိုးရှိအောင် ပို၍ ဆောင်ရွက်ရလျှင် ကျေနပ်ပါပြီ" ဟု မိန့်ဆိုခဲ့လေသည်၊ တိုက်တာ, ဂိုဏ်းဂဏ, သာသနာရေးကို ဤမျှလောက်ပင် လေးစား အားသန်တော်မူသည်။

## သိက္ခာပုဒ်၌ လေးစားခြင်း

ပျံလွန်တော်မူခါနီး ဆေးရုံတက်၍ အကုအသခံယူရမည်ဖြစ်ရာ ဆေးရုံအုပ်ကြီးက အခန်းသီးသန့်စီစဉ်ပေးသော်လည်း "သဟသေယျသိက္ခာပုဒ်" ၌ သံသယမကင်း၍ ကြာရှည်မနေပဲ ကျောင်းသို့ ပြန်ကြွ၍ အကုအသခံယူပေသည်။ ဒုတိယအကြိမ်၌ သံသယကင်းလောက်အောင် ဆရာဝန်များက စီမံပေးသောအခါမှ သီတင်းသုံး၍ ဆေးကုခံတော်မူသည်။ ဆေးကုသရာ၌လည်း အပ်, မအပ် စိစစ်မေးမြန်း၍ ကျေနပ်မှ လက်ခံတော်မူသည်ဟု သိရသည်။

## ရဟန်းငယ်ကာလကပင်

ခရီးသွားခိုက် သင်္ဘော, မီးရထား စီးရပြန်လျှင်လည်း "သဟသေယျသိက္ခာပုဒ်" ကို သတိပြု စောင့်ထိန်းတော်မူလျက် ကြွတော်မူလေ့ရှိသည်၊ ဂဏဦးစီး မဟာထေရ်ကြီးဖြစ်သောအခါ၌ကား အဘယ်မှာ ပြောဖွယ်ရှိအံ့

နည်း၊ ပိုမို၍စောင့်စည်းတော်မူသည်ကို အနီးနေတပည့်ကြီးများ ယနေ့တိုင် လေးစားကြည်ညို ပြောဆိုလျက်ရှိကြသည်။

**ထေရရူပ**

မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး၏ တပည့်ကြီးတွေ အများအပြား ရှိကြသည့်အနက် မဟာဝိသုဒ္ဓါရုံဆရာတော်၏ ဟောနည်း, ပြောနည်း, သြဝါဒပေးနည်း, စာပေပို့ချနည်း, ဆုံးဖြတ်နည်း, ဝိနည်းအရာ ကောက်ယူနည်း, ပုဒ်ပါဌ် သုတ်သင်ရှင်းလင်းနည်းတို့၌ စည်ရှင်ဆရာတော်သည် ဆရာတော်ကြီးနှင့် ထပ်တူတမျှရှိတော်မူသည်ဟု စည်ရှင်ဆရာတော် ထင်ရှားရှိစဉ်ကပင် သတင်းမွှေးလျက်ရှိသည်။

မဇ္ဈိမပဏ္ဏာသ ဘိက္ခုဝဂ်လာ **စာတုမသုတ်**ကို သံဃာများအား ဟောကြားရာတွင် "စာတုမသုတ်ဟာ ဘုရားဒေသနာတော် ဖြစ်သော်လည်း မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး ဟောကြားတော်မူစဉ်က ကြားနာရ၍ သဘောကျမိသဖြင့် ဆရာတော်ဘုရားကြီးရဲ့ တရားဟုပင် စိတ်၌ စွဲလမ်းလျက်ရှိတယ်"ဟု မိန့်ကြားသည်က ဆက်လက်၍—

"စာတုမာယံ ဝုတ္တံ သုတ္တံ စာတုမံ=စာတုမာမြို့ စာတုမာရုံ ကျောင်းတိုက်မှာ ဟောလို့ စာတုမသုတ် မည်တယ်"ဟု စာတုမ-ပုဒ်ပြီးပုံကိုလည်း ရှင်းလင်းတော်မူသည်။

ဇင်းပြင် စကားစပ်နှင့် ဆက်လက်၍ "ကုမ္ဘမ္ပိ ဤရယတီတိ ကုမ္ဘီရော (လော)=ဆင်ကိုတောင် ရွှေစေတတ် တုန်လှုပ်စေတတ်သောကြောင့် ကုမ္ဘီရ(လ)=မိကျောင်း"ဖြစ်ပုံမှစ၍ ပုဒ်ပါဌ် ခဲရာခဲဆစ်နှင့်တကွ အဓိပ္ပါယ်ဖော်ပြ ဆုံးမတော်မူခဲ့သည်ကို နာကြားလိုက်ရသော တပည့်ကြီးများ၏ နား၌ ယနေ့တိုင် ကြားယောင်ကာ ကျေးဇူးတင်မဆုံး, ကြည်ညိုမဆုံး ရှိနေရကြောင်းဖြင့် သိရှိရပေသည်။

"ကထံ ဇီဝံ ဇီဝိကံ ဝတ မာဟု သေဋ္ဌံ" **ယက္ခသံယုတ်**၊ ဤသို့သော ပါဌ်မှန်ဖြစ်အောင်လည်း နိကာယ်ငါးရပ် ပါဠိတော်များကို မွှေနှောက်ဆင်ခြင်၍ ပြင်ဆင်ရှင်းလင်းတော်မူခဲ့သည်၊ ယနေ့တိုင်အောင်မူကား "ကထံ ဇီဝံ ဇီဝိတ မာဟု သေဋ္ဌံ"ဟူ၍သာ စာတို့၌ ရှိသေးသည်ဟု သိရသည်။

## ပဂ္ဂယှ, နိဂ္ဂယှ-အရာ

မန္တလေးမြို့သည် မြန်မာပြည်၌ ယခုခေတ် ဒုတိယမြို့ကြီး ဖြစ်သည့်အလျောက် သံဃာတော်လည်း မည်သည့်မြို့နှင့်မှ မတူအောင် များပြားသည်ဖြစ်ရာ အလှန်သဒ္ဓါစေတနာထက်သန်၍ ဒါနဗျာသယခေတ် ရှိကြကုန်သော ဗုဒ္ဓဘာသာဝင် ဒါယကာ, ဒါယိကာမတို့သည် ဆွမ်းစသော ပစ္စည်းတို့ကို စွမ်းအားရှိသလောက် လှူဒါန်းကြသော်လည်း သံဃာတော်တို့မှာ အဆမတန် များပြားသောကြောင့် အရုဏ်ဆွမ်း မစားကြရပဲ အများအားဖြင့် မှန်းလတ်ဆွမ်းတထပ်သာ စားကြရသည်၊ ဤမျှ ခဲယဉ်းပါလျက် စည်ရှင်ဆရာတော်သည် တပည့်များအပေါ်၌ ကရုဏာသက်တော်မူ၍ စာကျက် စာအံနိုင်စေရန် စွမ်းနိုင်သမျှ စီမံ ဖန်တီး၍ အရုဏ်ဆွမ်း ကျွေးတော်မူရှာသည်၊ဟင်းညံ့လွန်းလှသော နေ့များ၌ "လေငြိမ်အောင်ကွဲ့ လေငြိမ်အောင်ကွဲ့ ဆွမ်းကို ချဉ်ပေါင်ဟင်းရေလေးနှင့် မျှောချလိုက်၊ ဒါမှ လေငြိမ်ပြီး စာကြည့် စာအံနိုင်မည်ကွဲ့"ဟု အားပေး မေ့ွးမြူတော်မူတတ်သည်။

ပရိယတ္တိအရာ၌ ထက်မြက်၍ ဉာဏ်စွမ်းရှိသော တပည့်များကို အထူးအားပေး ချီးမြှောက်တော်မူသည်၊ "ဒို့သာသနာက ပရိယတ္တိ သာသနာကွဲ့၊ ပရိယတ္တိတော်သူ များများပေါ်ထွက်မှ သာသနာလဲ ကြာရှည်တည်၍ စည်ပင်ကြီးပွါးမှာ၊ တော်သူကို တော်သလို ချီးမြှောက်ရသကွဲ့၊ နွားထီး ငါးကျပ်, နွားမ ငါးကျပ် ဆိုသလို လူတန်းစားမခြား လုပ်၍ မဖြစ်ဘူး၊ သဘာဝမကျဘူးကွဲ့"ဟု မြွက်ကြားကာ နေရာ, အစား, အဝတ်သက်န်းမှစ၍ ပြည့်စုံအောင် ချီးမြှောက်တော်မူတတ်သည်။

## ရတ်ခြည်းထွက်ပေါ်တတ်သော ဝိစိတြ ဇဝနဉာဏ်ရှိပုံ

ယိုးဒယားနိုင်ငံ ဗန်ကောက်မြို့သို့ သိမ်သမုတ်ကြွစဉ်က—

၁။ ဝါယသံ ဝါဟနံ ဒေမ၊ စက္ကံဝ စက္ကဝတ္တိနော။
စက္ကံ ဆေဇ္ဇ စက္ကံ ယာမ၊ စက္ကဋ္ဌ စက္ကဇောတိနော။

၂။ ဗြဟ္မယာနံ ဗြဟာယာနံ၊ လဒ္ဓါ လက္ခဏယာနိနော။
အမ္ဘာသံ မဟာကာသံ၊ အဒ္ဓါ အက္ခယစျာယိနော။

ဟူသော **လေယာဉ်ပံျ အနုမောဒနာ ဂါထာ**တို့ကို အရာအားလျော်စွာ ရုတ်တရက် ရေးသားတော်မူခဲ့သည်။

စည်ရှင်ဆရာတော်များ ယိုးဒယားသို့ လေယာဉ်ပျံနှင့် ကြွတော်မူစဉ်အချိန်သည် မြန်မာပြည်၌ လေယာဉ်ပျံ ရှားပါးတုန်း စီးဘူးသူအလွန်နည်းတုန်း ဖြစ်၍ သံဃာထဲက မြန်မာနိုင်ငံတွင် စည်ရှင်ဆရာတော်များပင် ပထမ အစဦးစွာ လေယာဉ်ပျံ စီးတော်မူရသောအခါ ဖြစ်သည်။

မှော်ဘီချောင်းဝ **ရွှေဥမင်ဆရာတော်** ပျံလွန်တော်မူသောအခါ --

ဒုဋ္ဌာဂါ မှော်ဘီဥာတိဝ၊ ဒုဋ္ဌာဂါ ဓနုဖြူဇနာ။

ဒုဋ္ဌာဂါ ရွှေဥမင်္ဂါ စ၊ သုသီလာ ဟောန္တု သဇ္ဇနာ။ —

ဟူ၍၎င်း,

နယ်လှည့်သာသနာပြု **တောင်ဖိလာဆရာတော်ဘုရားကြီး** ပျံလွန်တော်မူသောအခါ—

သူရော ဒါနိ တိရောဘူတော၊ ဇလံ တိတယသာသနေ။

သူရော ပုနော ပုနော စန္ဒော၊ ပုနောန္ဒူ သူနုဘန္တု ခေ။ —

ဟူ၍၎င်း,

**ဒုတိယ မြတောင်ဆရာတော်** ပျံလွန်တော်မူသောအခါ—

ဣန္ဒိန္ဒာနိတ္တနံ ပတ္တာ၊ ရာဇာ စ မြကတဒ္ဒိကာ။

စိန္တာမဏိဝ သောဘေန္တ၊ မာရာယံ မြကတံ သကံ။ —

ဟူ၍၎င်း,

**အဘယာရာမဆရာတော်** ပျံလွန်တော်မူသောအခါ—

၁။ အာနန္ဒော မောဂ္ဂလ္လာနော နော၊
ကဿပေါ နော နုသံကိယော။
အဂ္ဂေါပိ ဓမ္မတံ နာတိ-
ဝတ္တော ဝတ္တာမ ဒုဋ္ဌဂါ။

၂။ အဘယော သဘယော ဝါသိ၊
ရာဇာပါသိ အနိဿရော။
သေနာပတိ ပရာဇိတော၊
အဟော ဟော အာသိ လောကိယော။

၃။ သာသနေ နော မဟာယောခော၊
ပတိတော မစ္ဆုနာ ဟတော။
အစုနာမှေဟိ ဟောတဗ္ဗံ၊
သူရသူရေဟိ သာသနေ။ —

ဟူ၍၎င်း စီကုံးရေးသားတော်မူသည်၊ ထိုမှတပါးတုံလည်း ဂိုဏ်းလုံးကျွတ် အစည်းအဝေးကြီး ဩဘာစာ စသည်တို့ကိုလည်း အလက်ာဂုဏ်မြောက် အရသာပေါက်အောင် ယဉ်ကျေး လေးနက်စွာ ရေးတော်မူခဲ့ပါပေသည်ဟု တပည့်ကြီးများထံမှ သိရှိရပေသည်။

ထိုကဲ့သို့သော ရွှေကျင်နိကာယ သံဃာ့ဥဩှောင်တပါးဖြစ်တော်မူသော စည်ရှင်ဆရာတော်ဘုရားကြီးသည်လည်း မစ္စုသဘာဝ လောကသဘောကို မလွန်နိုင်သည်ဖြစ်၍ သက္ကရာဇ် ၁၃၁၁-ခုနှစ် နတ်တော်လဆန်း ၁၀-ရက်နေ့ နေ့ ၂-နာရီအချိန် ပျံလွန်တော်မူသဖြင့် ရွှေကျင်ဂိုဏ်းစည်းမျဉ်း ဘုရား အလိုတော်အရင်းကျကျ ရက်တိုတိုကျင်းပ၍ ဈာပနကိစ္စ ဆောင်ရွက်လိုက် ကြပေသတည်း။

## ၁၂၇၈-ခုနှစ် (၃။၄)

မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးကွယ်လွန်တော်မူပြီးသည့်နောက် မန္တလေးမြို့ ရွှေကျင်နိကာယ ဗဟိုဌာန အနောက်ပြင် မဟာဝိသုဒ္ဓါရုံ တိုက်၌ သီတင်းသုံး၍ ရွှေကျင်ဂိုဏ်းကြီးကို ဦးစီး ထိန်းသိမ်း စောင့်ရှောက် တော်မူရန် ရွှေကျင်ဆရာတော်ကြီးမှ ထောက်၍ ၃-ဆက်မြောက်၌ အထက် မြန်မာနိုင်ငံအတွက် ဒီပဲရင်း ဆရာတော်ကို၎င်း, အောက်မြန်မာနိုင်ငံ အတွက် ကျိုက္ကစံဆရာတော်ကို၎င်း ရွှေကျင်ဂိုဏ်း သံဃာ့အစည်းအဝေးကြီး မှ အများသဘောတူ ဆန္ဒပေး၍ တင်မြှောက်တော်မူခဲ့ကြသည်။ မကြာမီ ကျိုက္ကစံဆရာတော် ပျံလွန်တော်မူသဖြင့် ဒီပဲရင်းဆရာတော်တပါးတည်းပင် ထက် အောက် နိုင်ငံတွင်းရှိ ဂိုဏ်းသံဃာတော်များကို စောင့်ရှောက် ထိန်းအုပ်တော်မူခဲ့သည်။

## ၁၂၈၉-ခုနှစ် (၅။၆)

ဒီပဲရင်းဆရာတော် ပျံလွန်တော်မူသောအခါ မန္တလေးမြို့ သက်တော် ၇၂၊သိက္ခာဝါတော် ၆၂-ရရှိတော်မူသော ပတ္တမြားတိုက် ဆရာတော်ဘုရား ကြီးနှင့် သိက္ခာတော် ၅၈-ရရှိတော်မူပြီးသော အလုံဆရာတော်ဘုရားကြီး ၂-ပါးကို တတိယအကြိမ်မြောက် ရွှေကျင်နိကာယ သံဃာ့အစည်းအဝေးကြီး မှ တင်မြှောက်တော်မူကြသည်။ ပတ္တမြားဆရာတော်ဘုရားကြီးက မိမိသည် ဇရာဒုဗ္ဗလ ဖြစ်နေပြီ ဖြစ်၍ ဆောင်ရွက်နိုင်တော့မည်မဟုတ်၍ အလုံဆရာ

တော်အား လုံး၀ လွှဲအပ်တော်မူလိုက်သည်၊ သို့ကြောင့် အလုံဆရာတော် တပါးတည်း ဆက်လက် ထိန်းသိမ်း စောင့်ရှောက်တော်မူခဲ့ရသည်။

ထိုအချိန်၌ နောက်က ဖော်ပြ ရေးသားခဲ့ပြီးသည့် အတိုင်း ရွှေကျင် နိကာယ ဗဟိုဌာနဌ် အလုံဆရာတော်ဘုရားကြီး လက်အောက်မှ နေ၍ ဂိုဏ်းဂဏ တာဝန်ကို ဆောင်ရွက်တော်မူရန်—

မဟာဝိသုဒ္ဓါရုံ တိုက်အုပ်ဆရာတော် အရှင်ကောသလ္လာဘိဝံသ-အား သံဃာဘာရနိတ္ထရက-ဂိုဏ်းလုံးဝန်ဆောင် မဟာနာယကအဖြစ်ဖြင့်ရှင်း,

၁-သုဝဏ္ဏဝတီအုဌ်ကျောင်းဆရာတော် အရှင်အဂ္ဂဓမ္မာဘိဝံသ၊

၂-ဝါဆိုကျောင်းဆရာတော် အရှင်စန္ဒာဘိဝံသ၊

၃-စည့်ရှင်ကျောင်းဆရာတော် အရှင်ကောသလ္လာဘိဝံသ—

တို့အား ဂိုဏ်းလုံးဝန်ဆောင် မဟာနာယက ဆရာတော်၏ အတိုင်ပင်ခံ တွဲဘက် ဝန်ဆောင် မဟာနာယကများ အဖြစ်ဖြင့်ရှင်း တင်မြှောက်တော် မူကြသည်။

## ၁၂၉၁-ခုနှစ် (၇)

၁၂၉၀-ခုနှစ်၌ အလုံဆရာတော်ဘုရားကြီး ပျံလွန်တော်မူသဖြင့် ၁၂၉၁-ခုနှစ် မော်လမြိုင်မြို့တွင် ပြုလုပ်သော ရွှေကျင်နိကာယ ဂိုဏ်းလုံးဆိုင်ရာ အစည်းအဝေးကြီး၌ ရှိမ်းမကားမြို့ ချမ်းသာကြီးတိုက် ဆရာတော်ဘုရား ကြီးကို တင်မြှောက်၍ အထက်အဆိုပါ ဂိုဏ်းလုံးဝန်ဆောင် မဟာနာယက ဆရာတော်များ ဂိုဏ်းတာဝန်ကို ဆောင်ရွက်တော်မူခဲ့ကြသည်။

## ၁၂၉၄-ခုနှစ် (၈)

ရှိမ်းမကားဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီးနောက် ၁၂၉၄-ခု နှစ် မန္တလေးမြို့ ဗဟိုဌာန မဟာဝိသုဒ္ဓါရုံတိုက်၌ စည်းဝေးသော ပဋ္ဌမ အကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ ရွှေကျင်နိကာယ အစည်းအဝေးကြီး၌ ရွှေဘိုမြို့နယ် လှတောရွာ၌ သီတင်းသုံးတော်မူသော လှတော ဆရာတော် ဘုရားကြီးကို တင်မြှောက်တော်မူကြသည်။

သက်တော် ၈၁-နှစ် သိက္ခာဝါတော် ၆၂-ရှိတော်မူသော လှတောဆရာ တော်ဘုရားကြီးကလည်း မိမိသည် အိုမင်းမစွမ်းရှိပြီဖြစ်၍ ရွှေကျင်နိကာယ ဗဟိုဌာနကပင် ဆောင်ရွက်တော်မူကြပါ ဟူ၍ အောက်ပါ ဆရာတော်

၄-ပါးကို လွှဲအပ်တော်မူသည်ဖြစ်၍ ထိုဆရာတော်များသည်ပင် ဆက်လက်ဆောင်ရွက်တော်မူခဲ့ကြသည်။

တွဲဘက်ဥက္ကဋ္ဌ မဟာနာယက ဆရာတော်များမှာ—

၁-ကျိုက်လတ် ပစ္ဆိမာရုံ ဆရာတော် အရှင်ကေလာသ၊

၂-မဟာဝိသုဒ္ဓါရုံ တိုက်အုပ်ဆရာတော် အရှင်ကောသလ္လာဘိဝံသ၊

၃-မဟာဝိသုဒ္ဓါရုံ တိုက်ကြပ်ဆရာတော် အရှင်စန္ဒာဘိဝံသ၊

၄-အဘယာရာမ ရွှေဂူတိုက်သစ် ဆရာတော် အရှင်အဂ္ဂဓမ္မာဘိဝံသ-တို့ ဖြစ်တော်မူကြသည်။

## ၁၂၉၆-ခုနှစ် (၉)

လှတောဆရာတော်ဘုရားကြီး ပျံလွန်တော်မူသောကာလ ကျိုက်လတ်ဆရာတော်ဘုရား အရှင်ကေလာသ-သည် ရွှေကျင်နိကာယဥက္ကဋ္ဌ မဟာနာယကအဖြစ်သို့ ရောက်တော်မူသည်။

လှတောဆရာတော်ဘုရားကြီး ပျံလွန်တော်မူလျှင် တွဲဘက်ဥက္ကဋ္ဌ မဟာနာယက ၄-ပါးသည် အစဉ်အတိုင်း ရွှေကျင်နိကာယဥက္ကဋ္ဌ မဟာနာယကအသီးအသီးဖြစ်၍ ရွှေကျင်ဂိုဏ်းကြီးကို ကြီးမှူးစောင့်ရှောက်တော်မူကြရန် ၁၂၉၄-ခုနှစ် အစည်းအဝေးကြီးက ဆုံးဖြတ် တင်မြှောက်တော်မူကြပြီးဖြစ်သည်။

## ၁၃၁၁-ခုနှစ် (၁၀)

ကျိုက်လတ်မြို့ ပစ္ဆိမာရုံ ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသဖြင့် အစဉ်အတိုင်း မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ တိုက်အုပ်ဆရာတော် အရှင်ကောသလ္လာဘိဝံသသည် ရွှေကျင်နိကာယဥက္ကဋ္ဌ မဟာနာယကအဖြစ်ဖြင့် တာဝန်ကို ဆောင်ရွက်တော်မူရသည်။

## ၁၃၁၂-ခုနှစ် (၁၁)

၁၂၉၄-ခုနှစ်ကတကြိမ်, ၁၃၀၈-ခုနှစ်ကတကြိမ် ရွှေကျင်နိကာယ သံဃာ့အစည်းအဝေးကြီး ၂-ကြိမ်တိုင် အစဉ်အတိုင်း ဥက္ကဋ္ဌ မဟာနာယကအဖြစ်တင်မြှောက်အပ်ပြီးဖြစ်သော စံကင်းဆရာတော်ဘုရားကြီး အရှင်စန္ဒာဘိဝံသသည် ရွှေကျင်နိကာယ သံဃဥက္ကဋ္ဌ မဟာနာယက ဆရာတော်ဘုရားကြီး ဖြစ်တော်မူ၍ ယနေ့တိုင် ကျန်းမာတော်မူလျက် သက်တော်ရှည်စွာ

ရွှေကျင်ဂိုဏ်းကြီးကို သေဝပ်ပိပြားစွာ ကြီးမှူး စောင့်ရှောက်တော်မူဆဲ ဖြစ်လေသည်။

သက်တော်ထင်ရှား ရှိတော်မူကြပါလျှင် သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီး လက်အောက်က တွဲဘက်၍ ၁-အဘယာရာမ ဆရာတော် အရှင်အဂ္ဂဓမ္မာဘိဝံသ၊ ၂-ညောင်တုံးမြို့ ရွှေဟသ်ာတောရတိုက် စံကျောင်း ဆရာတော် အရှင်ဝါယာမ၊ ၃-မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက် စည်ရှင်ဆရာတော် အရှင်ကောသလ္လာဘိဝံသ-တို့သည် အစဉ်အတိုင်း ရွှေကျင်နိကာယ သံဃာ့ဥသျှောင်အဖြစ်ဖြင့် ဂိုဏ်းကြီးကို စောင့်ထိန်းတော်မူကြရပေမည်။ အစည်းအဝေးကြီးများက မူကား တင်မြှောက်ကြပြီးပင် ဖြစ်ပေသည်။ ပျံလွန်တော်မမူကြမီ ကာလအတွင်းမှာမူ ရွှေကျင်ဂိုဏ်းတာဝန် ပရိယတ္တိ-သာသနာကို အားသွန် ဆောင်ရွက်တော်မူသွားကြသော ဆရာတော်များ ဖြစ်တော်မူကြသည်။

---

## မြောင်းမြဆရာတော်ဘုရားကြီး

မြောင်းမြမြို့ ပဇ္ဇောတာရုံကျောင်းတိုက်ဆရာတော် အရှင်ဉာနာဘိဝံသကို မန္တလေးမြို့ ရွှေကျင်နိကာယဗဟိုဌာန မဟာဝိသုဒ္ဓါရုံတိုက်သို့ ကြွရောက်သီတင်းသုံး၍ စည်ရှင်ဆရာတော်နှင့် တွဲဘက်ကာ ဗဟိုဌာနတာဝန်ကို ဆရာတော်ကြီးလက်အောက်က ဆောင်ရွက်ရန် ၁၃၀၈-ခုနှစ် သတ္တမအကြိမ်မြောက် ရှမ်းပြည်တောင်ပိုင်း တောင်ကြီးမြို့ ရွှေကျင်နိကာယ သံဃာ့အစည်းအဝေးကြီး၌ ဆုံးဖြတ်သည့်အတိုင်း သက်တော် ၆၂၊ သိက္ခာဝါတော် ၄၂-ဝါ အရတွင် ဆရာတော်ကြီး ၃-ပါးနှင့် မဟာဝိသုဒ္ဓါရုံတိုက် ကျောင်းဘုန်းကြီး, စာချဘုန်းကြီးများက စာရေး ပင့်ခေါ်သဖြင့် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သို့ မြောင်းမြ ပဇ္ဇောတာရုံ ဆရာတော်သည် ပြောင်းရွှေ့ သီတင်းသုံးတော်မူရသည်မှာ ယနေ့တိုင်ဆိုလျှင် ၁၃-ဝါ ရှိပြီဟု သိရပေသည်။

၁၃၁၄-ခုနှစ် အဋ္ဌမအကြိမ်မြောက် စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံတိုက်၌ စည်းဝေးသော ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ သံဃာ့အစည်းအဝေးကြီး၌ မြောင်းမြဆရာတော်ကို ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ ဂိုဏ်းလုံးဝန်ဆောင် မဟာနာယကအဖြစ် တင်မြှောက်တော်မူကြသဖြင့် ရွှေကျင်နိကာယ ဗဟိုဌာန မဟာဝိသုဒ္ဓါရုံတိုက်၌ သီတင်းသုံး၍ စွမ်းနိုင်သမျှ ရွှေကျင်ဂိုဏ်းကြီး၏



မြောင်းမြ ပဇ္ဇောတာ ရုံ ဆရာတော်ဘုရားကြီးပုံတော်

တာဝန်ကို သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီး အမိန့်တော်ကို ခံယူ၍ ဆောင်ရွက်တော်မူလျက် ရှိသည်။

သံဃာ့အစည်းအဝေးကြီးများက မြောင်းမြဆရာတော်အား မဟာ-ဝိသုဒ္ဓါရုံတိုက်သို့ ပင့်ဆောင်ခြင်း,ဥပဥက္ကဋ္ဌတင်မြှောက်ခြင်းတို့မှာ မြောင်းမြဆရာတော်၏ ဂိုဏ်းစိတ် ဂိုဏ်းသွေး ထက်သန်စွာရှိခြင်း, ဝိနယဂရုကသိက္ခာကာမ ရှိခြင်း,ပရိယတ္တိဂုဏ် ပြည့်စုံခြင်း,ဖြောင့်မတ်တည်ကြည်သောသမာဓိရှိခြင်း, ရွှေကျင်ဂိုဏ်း၏ ကောင်းကျိုးကို အထူးလိုလားခြင်း စသောအရည်အချင်းတို့ကို မြင်တော်မူကြ၍ ပင့်ဆောင် ချီးမြှောက်တော်မူကြခြင်း ဖြစ်လေသည်။

ထင်ရှားသည်မှာ ဂိုဏ်းသံဃာတော်များ ဆန္ဒအားလျော်စွာ မြောင်းမြ ပဇ္ဇောတာရုံကျောင်းတိုက်ကြီးကို တပည့်ကြီး ၃-ပါးတို့အား အပ်နှင်းတော်မူ၍ ပဇ္ဇောတာရုံကျောင်းတိုက် တတိုက်အကျိုးထက် ရွှေကျင်တဂိုဏ်းလုံး၏ အကျိုးကျေးဇူးကို ငဲ့တော်မူကာ ဝိသုဒ္ဓါရုံတိုက်သို့ ကြွရောက်တော်မူခဲ့သည်၊ မြောင်းမြ ပဇ္ဇောတာရုံ၌ တိုက်တာဦးစီး အချုပ်အချာ ပဓာန ဆရာတော်ကြီးဖြစ်၍ တပည့်သံဃာ ပရိသတ် ၇၀-၈၀-တို့ကို မိမိသဘောကျ ရွှေကျင်ဂိုဏ်းသံဃာပီပီ ပုံသွင်း ပြုပြင်နိုင်၍ ဣဿရိယ တန်ခိုးရှိခြင်း, ရင်းရင်း နှီးနှီး တပည့်-ဒကာများရှိ၍ ဆွမ်းဘောဇန်မှ စ၍ သပ္ပါယဖြစ်လောက်အောင် ပြုစုစောင့်ရှောက်သူတို့ ပြည့်စုံခြင်း စသည်တို့ကို အငဲ့အကွက် မရှိမူ၍ ဂိုဏ်းလုံးဆိုင်ရာကိုသာ ငဲ့တော်မူလျက် မန္တလေးမြို့ သံဃာ ၄၀၀-ကျော်ရှိသော မဟာဝိသုဒ္ဓါရုံတိုက်၌ ရသမျှနှင့် မျှတ ရောင့်ရဲတော်မူကာ သီတင်းသုံးတော်မူပေသည်။

ဤအရာတို့ကို သိရှိပါမူ မြောင်းမြဆရာတော်အား ကြည်ညိုမြတ်နိုး၍ အလေးဂရုမပြုပဲ နေနိုင်ကြမည် မဟုတ်ချေ။

## လူဖြောင့်စိတ်တို ဆိုသလို

သို့သော် မြောင်းမြဆရာတော် ပင်ကိုယ်စရိုက်တော်မှာ ရိုးသားဖြောင့်မတ်သည်၊ စိတ်ထက်သည်၊ တခါတရံ စိတ်တိုတတ်သည်၊ ပရိယာယ်သုံး၍ သွယ်သွယ်ဝိုက်ဝိုက် တဖက်သားစိတ် ညွတ်ကိုင်းလာအောင် မဟောမပြောတတ်၊ ဒွဲ့ဒိုး တိုက်ရိုက်သာ ပြောဟောတတ်သည်၊ ဒကာ, ဒကာမများနှင့် ပြောဟောလေ့ မရှိ၊ တတ်နိုင်သမျှ ရှောင်ကြဉ်နေတတ်သည်၊ အများ ကောင်းကျိုးလိုလားမှုနှင့် စိတ်နှလုံးဖြူစင်ခြင်းကား ရှိသည်၊ မြောင်းမြဆရာတော်၏ စရိုက်ကိုသိလျှင်ကား သည်းခံ၍ ဆက်ဆံခြင်းဖြင့် ပြေပြစ်တတ်ပါသည်။ တခါတရံ အများဆန္ဒထက် မိမိက သင့်တော်သည်ဟု ထင်မှတ်သည်ကို မာမာ ပြောတတ်သည်၊ ဒကာများနှင့် ပြောဟောမှုအလေ့ မရှိသည်ကို အများသိပြီးပင် ဖြစ်သည်၊ ဤစာရေးသော ဘုန်းကြီးသည်လည်း မြောင်းမြဆရာတော်နှင့် တခါတရံ တွေ့ဆုံဘူး, ခရီးရှည် အတူသွားဘူးသည်ဖြစ်၍လည်း သိပါသည်။ ၁၃၂၄-ခု တပို့တွဲလ-တပေါင်းလ ၂-လပတ်လုံးနီးနီး မြောင်းမြဆရာတော်သည် ရန်ကုန်, ပဲခူး, နောင်ပတ္တရား, မော်လမြိုင်, မုဒုံ, ကျိုက္ခမီ, ညောင်တုံး, မအူပင်, ရွှေတောင်မော်, ထနီး, သုံးခွတို့က

ပင့်၍ စာပြန်ပွဲ,စာမေးပွဲ,သိမ်သမုတ်ကိစ္စအတွက် ညောင်တုံးမြို့ ရွှေဟသ်ာ တောရ တိုက်အုပ်ဆရာတော်များနှင့်အတူ ကြွတော်မူကြရသည်၊ ရောက်ရာ အရပ်တိုင်း၌ တိုက်အုပ်ဆရာတော်ကသာ သံဃာများနှင့်ရင်း, ဒကာများ နှင့်ရင်း ပြောဟောရ, စီမံဆောင်ရွက်ရသည်၊ မြောင်းမြဆရာတော်ကား အကြည်ညိုခံရုံမျှ အခိုက်အတန့် ထိုင်တော်မူသည်၊ သီမသမ္မုတိကမ်, ဥပ သမ္ပဒကမ်, ဥပုသ်-ပဝါရဏာကမ် စသည်တို့နှင့် သက်ဆိုင်လာသောအခါ၌ ကား ကျမ်းဂန်အရဖြင့်ရင်း,အာစရိယဝါဒ စသည်တို့ဖြင့်ရင်း သံဃပရိသတ် ၌ ရှင်းလင်းမိန့်ကြားပါသည်။

တခါတရံ ဆရာတော်ဦးဗုဓ်နှင့် နှိုင်းယှဉ်ကာ သတိရမိသည်။ ဖလ်နန်း ရှင်လက်ထက်၌ ဆရာတော်ဦးဗုဓ် စာတတ်လှ၍ သာသနာပိုင်တင်မြှောက် စရာကောင်းသည်ဟု ပြောကြရာ ဖလ်နန်းရှင်မင်းတရားကြီးက "ဆရာတော် ဦးဗုဓ်ကို သာသနာပိုင်တင်မြှောက်လျှင် အကြောင်းကိစ္စရှိက မောင်မင်းတို့ လျှောက်ထားဝံ့ကြမလား၊ ငါတော့ဖြင့် မလျှောက်ထားဝံ့ဘူး" ဟု ဆိုသတဲ့၊ မြောင်းမြဆရာတော်ကား သည်လောက်တော့ မဟုတ်ပါ၊ ယခုအခါ သက် ယွယ်တော်ကလည်း ထောက်လာပြီဖြစ်၍ ယခင်ကထက် ပြုပြင်၍ အများ နှင့်ဆက်ဆံမှု ပိုမိုကောင်းမွန်လာသည်ဟု အကဲခတ်ရပေသည်။

မြောင်းမြဆရာတော်၏ ဇာတိဒေသကား မြင်းမူနယ် **ဝမ်းပြေ့ရွာ** ဖြစ် သည်၊ တောင်သူကြီး **ဦးချိမ့်,ဒေါ်ငွေယု**တို့မှ ၁၂၅၀-ပြည့်နှစ် ပြာသိုလဆန်း ၈-ရက် အင်္ဂါနေ့ နံနက် စက်နာရီ ၉-နာရီ ၃-ဖဝါး တဖီလာအချိန် ဖွားမြင် သည်။ သားသမီးတကျိပ် ၂-ယောက်ရှိသည်တွင် အထွေးဆုံးသား ဖြစ်သည်၊ ငယ်နာမည် **မောင်ဘိုးစံ** ဟု ခေါ်တွင်သည်၊ မောင်ဘိုးစံ ၄-နှစ်သားရှိလျှင် အဘ ဦးချိမ့်သေဆုံး၍ မိခင် ဒေါ်ငွေယု ပြုစုစောင့်ရှောက်ခြင်းဖြင့် ကြီး ပြင်းခဲ့သည်။

မောင်ဘိုးစံ ၅-နှစ်သားရှိလျှင် ဝမ်းပြေ့ရွာ သိမ်တော်ကျောင်း ဘုန်းကြီး **ဦးဇာဂရ**ထံ မိခင်က အပ်နှံ၍ သူငယ်တို့ သင်ရိုးစာများကို သင် ကြားခဲ့ရသည်။

မောင်ဘိုးစံ ၉-နှစ် ၁၀-နှစ်ယွယ် ရောက်သောအခါ မိခင်က ဝမ်းပြေ့ရွာ ရှင်ပင်ရပ်သစ်ကျောင်းသို့ ရွှေ့ပြောင်းထားသည်။ ရှင်ပင်ရပ်သစ်ဘုန်းကြီး **ဦးမာလာ**သည် မောင်ဘိုးစံနှင့် ဆွေမျိုးတော်စပ်သည်။

## ရှင်သာမဏေ ဖြစ်ခြင်း

မောင်ဘိုးစံ ၁၁-နှစ်သား ရှိသောအခါ မိခင် ဒေါ်ငွေယုက သာသန အမွေကိုခံယူ၍ ဥပဇ္ဈာယ် ဆရာဘုန်းကြီး ဦးမာလာက ရှင်သာမဏေပြုပေး သဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်သည်။ ရှင်ဘွဲ့မှာ **ရှင်ဉာနဝံသ** ဖြစ် သည်။

ဥပဇ္ဈာယ် ဆရာဘုန်းကြီး ဦးမာလာထံ၌ ကစ္စည်းသဒ္ဒါနှင့် အဘိဓမ္မတ္ထ- သင်္ဂဟကျမ်းတို့ကို ၂-ခေါက်ပေါက်အောင် သင်ယူ၍ ပါဠိအနက်တို့ကိုလည်း အာဂုမ်ဆောင်မိသည်၊ ပြုဂ်နှင့် သင်္ဂဟသရုပ်များလည်း အထိုက်အလျောက် သိမြင်လာ၏၊ သို့သော် ရှင်ဉာနဝံသသည် ကျေနပ်အားရခြင်း မရှိသေးပေ။

## အာလကပ္ပသို့ ရောက်ခြင်း

ရှင်ဉာနဝံသ အသက် ၁၅-နှစ်ရှိလျှင် ဥပဇ္ဈာယ်ဆရာကို ပန်ကြား၍ ဥပဇ္ဈာယ်ဆရာ ခွင့်ပြုချက်အရ အာလကပ္ပ အရှေ့ကျောင်းသစ် ဘုန်းကြီး **ဦးပညာ**ထံ ဆည်းကပ်၍ ကစ္စည်းသဒ္ဒါ၊ သင်္ဂဟ၊ ဋီကာကျော် ကျမ်းများကို သင်ကြားရသည်၊ ယခင်ထက် စာမြင်လာလေသည်။ သို့သော် မကျေနပ် သေးပေ၊ ထိုကျောင်း၌ ၃-နှစ်ကြာခဲ့သည်။

## ကောင်းရွာသို့ ရောက်ခြင်း

ရှင်ဉာနဝံသ ရှင်ဝါ ၈-ဝါရ၍ အသက် ၁၈-နှစ် ရှိသောအခါ စစ်ကိုင်း ခရိုင် မြင်းမူမြို့နယ် ကောင်းရွာ **ကုန်းကျောင်းတိုက်**သို့ ပြောင်းရွှေ့၍ စာပေ ဆက်လက် သင်ကြားသည်။ တိုက်အုပ်ဆရာတော်ထံ၌ ဋီကာကျော်နှင့် မဏိမဥ္ဇူတွဲ၍ တက်ခဲ့ရသည်၊ သဒ္ဒါကြီးကို သမ္ဗန်ခြောက်ပါးလှည့်၍ ပို့ချ ပေးသည်၊ စာချဘုန်းကြီးထံ၌ "ပရမတ္ထသရူပဘေဒနီကျမ်း" လာ အဓိပ္ပါယ် များကို နာယူလေ့လာရသည်။ ကောင်းကုန်းကျောင်းတိုက်သို့ ရောက်မှ စာ အခြေခံ ရတော့သည်၊ ရွှေကျင်ဂိုဏ်းဆိုင်ရာ ကျင့်ဝတ်ပဋိပတ်များကိုလည်း ဆရာတော်ကြီးထံမှ နည်းခံမှတ်သားရသဖြင့် ရွှေကျင်ဂိုဏ်းသံဃာ၌ ညွတ် သောစိတ်များလည်း ပြောင်းလွဲ၍ ရွှေကျင်သွေး ဝင်ခဲ့လေပြီ။

## စာအုပ်ရိုက်နှိပ်သူ၏ မှတ်ချက်

[မြောင်းမြဆရာတော် ကောင်းသို့ ရောက်ရခြင်းမှာ ကိုရင်ကြီး ဘဝက ပန်းရံအလုပ်ဖြင့် အသက်မွေးသူ သူငယ်ချင်းက "ကိုရင်.... ကောင်း စာသွားသင်ပါလား၊ ကောင်းဆရာတော်ကြီးဟာ အနေ အထိုင်ကောင်း, အဆုံးအမ ကောင်းသည်ဟု ငပည့်တော် ကြား သည်"ဟု ပြောသဖြင့် ဋီကာကျော်တက်ရန် အခြားတနေရာသို့ သွားမည့်ဆဲဆဲက ကောင်းဆရာတော်ထံသို့ ရောက်သွားကြောင်း၊ ကောင်းဆရာတော်ထံသာ မရောက်၍ ရွှေကျင်ဂိုဏ်းဆရာတော်ကြီး များ၏ အဆုံးအမသာ မရခဲ့ပါမူ "ငါတော့ ရွှေကျင်ကို ဆန့်ကျင် ဘက်လုပ်တဲ့ လူကြမ်းကြီးတယောက် ဖြစ်နေမှာ"ဟု မကြာခဏ ပြောပြဘူးပါသည်။

ကောင်းဆရာတော်၏ အဆုံးအမကိုခံယူ၍ နေဘူးသူနှင့် မနေဘူး သူများ အစားအသောက် အနေအထိုင် အလွန်ကွာတတ်ကြောင်း ကောင်းဆရာတော်၏ ဂုဏ်ကျေးဇူးကို မကြာခဏ ပြောသံကြားရ ဘူးပါသည်။

ဆရာတော်သည် မိမိကိုယ်တိုင်လည်း မကြွားဝါတတ်၊ သူတပါး ကြွားဝါခြင်း, ဟန်လုပ်ခြင်းကိုလည်း အလွန် မကြိုက်, တခါတရံ သည်းခံ၍ပင် မနေတတ်ပါ။

ရွှေကျင်ဂိုဏ်းကပင် ဖြစ်စေ, ဂိုဏ်းတပါးမှ ဖြစ်စေ ဝိနည်း သိက္ခာကို ရိုသေ၍ ရိုးသားပြီး ဟန်မလုပ်သော ပုဂ္ဂိုလ်များကို ရိုသေလေးစားရုံသာမက တပည့်များကိုလည်း လေးစားကြရန်, လေးစားတတ်ရန် အမြဲ ဆုံးမတော်မူသည်။

တရားသဘော အယူအဆများမှာလည်း ဂိုဏ်းဂဏစွဲ, ပုဂ္ဂိုလ်စွဲ မရှိ၊ သဘာဝဓမ္မကို မြင်အောင် ဆုံးမတော်မူသည်၊ စွန်းလွန်းဆရာ တော်ဘုရားကြီးထံသို့ စာရေးသူကိုယ်တိုင် သွားခဲ့စဉ်က ဆရာ တော်၏ အဆုံးအမကို နာယူရသဖြင့်သာ ဓမ္မလမ်းကျသိခဲ့ရသည်ကို ယနေ့တိုင် သတိရလျက် ရှိပါသည်။]

## ရဟန်းဖြစ်ခြင်း

ရှင်ဉာဏဝံသသည် သာမဏေဝါ ၉-ဝါ အသက် ၁၉-နှစ် ပြည့်၍ အာလကပ္ပသို့ ပြန်ကာ အာလကပ္ပမြောက်ရွာ မြေပိုင်ရှင် **ဒေါ်မယ်ဆယ်**၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ အုင်္ဂလှေကားကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု လျက် ရွှေစေတီကျောင်းသိမ်၌ ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

## ဥက္ကန် ဘုရားကြီးကျောင်းတိုက်သို့ ရောက်ခြင်း

ရဟန်းဖြစ်ပြီးနောက် မကြာမြင့်မီ ဟံသာဝတီခရိုင် သုံးခွမြို့အနီး ဥက္ကန်ရွာဘုရားကြီးကျောင်းတိုက်သို့ ရောက်သည်၊ ဘုရားကြီးကျောင်းတိုက် ဆရာတော်သည် ကေင်းဆရာတော်ကြီး၏ ညီတဝမ်းကွဲ ဖြစ်သည်၊ တိုက်အုပ် ဆရာတော်ကား ကေင်းဆရာတော်ကြီး၏တူအရင်း ဖြစ်သည်၊ ၎င်းတိုက်အုပ် ဆရာတော်ထံ၌ သက္ကသီဟဆိုင်ရာ စာများနှင့် အခြားကျမ်းစာများကို သင်ယူ လေ့လာခဲ့ပြီးလျှင် ဥက္ကန်၌ တဝါမျှနေ၍ မန္တလေး မဟာဝိသုဒ္ဓါရုံ တိုက် စည်ရှင်ကျောင်းက နေ၍ သက္ကသီဟစာမေးပွဲ စာသင်တန်းကို ဝင် ရောက်ဖြေဆိုရာ ရဟန်းတဝါအရတွင် နှစ်ချင်း အောင်မြင်ခဲ့သည်။

## ကေင်းကုန်းကျောင်းသို့ ရောက်ပြန်ခြင်း

သက္ကသီဟစာသင်တန်းအောင်လျှင် ဒုတိယဝါမှီ ကေင်းကုန်းကျောင်း တိုက်သို့ ပြန်၍ ကေင်းဆရာတော်ကြီးထံ၌ ပါရာဇိကဏ်အဋ္ဌကထာကို အား ထုတ်သည်၊ သက္ကသီဟစာချတန်းကို ဆက်လက် မဝင်သေးမူ၍ ဥက္ကန် ဘုရားကြီး ဆရာတော်နှင့် တိုက်အုပ် ဆရာတော်တို့ ထံ၌ အဋ္ဌကထာကြီး ၃-ကျမ်းကို ဆက်လက် အားထုတ်နေသည်၊ ရဟန်းသိက္ခာ ၄-ဝါအရတွင်မှ ဝိသုဒ္ဓါရုံစည်ရှင်ကျောင်းကနေ၍ သက္ကသီဟစာချတန်းကို ဝင်ရောက်ဖြေဆို ရာ အဋ္ဌသာလိနီတကျမ်း အောင်မြင်သည်။

## မဟာဝိသုဒ္ဓါရုံတိုက်၌ နေခြင်း

စာဖြေပြီးနောက် မဟာဝိသုဒ္ဓါရုံတိုက်၌ပင်နေကာ မဟာဝိသုဒ္ဓါရုံဆရာ တော်ဘုရားကြီးအထံ၌ အဘိဓမ္မာနှင့် ဝိနည်းဆိုင်ရာတို့ကို အားထုတ် သင်ယူ၍ ဇီးပင်ကျောင်း ဆရာတော် အရှင်နာရဒါဘိဝံသထံ၌ သက္ကသီဟ

စာချတန်းဆိုင်ရာ စာများကို သင်ယူလေ့လာသည်၊ သိက္ခာ ၅-ဝါအရတွင် ပါရာဇိကကဏ်အဋ္ဌကထာအောင်မြင်ပြီး ၆-ဝါအရတွင် သီလက္ခန်အဋ္ဌကထာကို အောင်မြင်၍ သကျသီဟစာမေးပွဲကိစ္စ ပြီးလေသည်။

## စာလိုက်ယင်း စာပေပို့ချခြင်း

သကျသီဟစာမေးပွဲ အောင်မြင်ပြီးစီးသည့်နောက် ဆရာတော်ဘုရားကြီးထံ၌ နေ့ဝါ, ညဝါများကို လိုက်နာနည်းယူလျက် စာသင်သားများကိုလည်း စာပေပို့ချ အားထုတ်ခဲ့သည်။

## မြောင်းမြသို့ ကြွရောက်ရခြင်း

မြောင်းမြမြို့ကျောင်းဒါယကာဦးစု,ဒါယိကာမ **ဒေါ်ဝန်**တို့ပင့်လျှောက်ကြသည်ဖြစ်၍ ၁၂၇၉-ခုနှစ် ကဆုန်လဆန်း ၁-ရက်နေ့၌ မြောင်းမြမြို့သို့ ကြွ၍ **ပဋ္ဌာနတာရုံကျောင်းတိုက်**ကို တည်တော်မူသည်၊ စာသင်သားများ တဖြည်းဖြည်း တိုးပွါးလာရာ မန္တလေးသို့ မကြွရမီ ၁၃၀၇-ခုနှစ်၌ စာသင်သား ၇၀-၈၀ ခန့်ရှိ၍ မြန်မာနိုင်ငံ၌ ထင်ရှားသောပရိယတ္တိစာသင်တိုက်ကြီး တတိုက်အဖြစ်သို့ ရောက်ရှိပေပြီ။ မျက်နှာလွှဲရလောက်အောင် အရည်အချင်းပြည့်ဝသော တပည့်ကြီးများလည်း ထွန်းကားလာပေပြီ။

## မန္တလေးမဟာဝိသုဒ္ဓါရုံသို့ ကြွရောက်ရခြင်း

ရွှေကျင်နိကာယ သံဃာ့အစည်းအဝေးကြီး ဆုံးဖြတ်ချက်နှင့် မဟာဝိသုဒ္ဓါရုံတိုက်တွင်းပြင် ဆရာတော်သံဃာတော်များဆန္ဒဖြင့် ပင့်လျှောက်ခြင်းဖြင့် မဟာဝိသုဒ္ဓါရုံတိုက်သို့ ကြွရောက် သီတင်းသုံးနေရပေသည်။

## မြောင်းမြ ပဋ္ဌာနတာရုံကျောင်းတိုက်

မန္တလေးသို့ မြောင်းမြဆရာတော်ကြွရောက်သီတင်းမသုံးမီ ပဋ္ဌာနတာရုံကျောင်းတိုက်၌ သံဃာ ၇၀-၈၀ ခန့်ရှိရာ လွှဲအပ်ခံရသော တပည့်ကြီးများ၏ ညီညွတ်မှု, လုံ့လဝီရိယရှိမှု, စာပေပရိယတ် ပြည့်ဝမှုတို့ကြောင့် ယခုအခါ သံဃာ ၂၀၀-ခန့်ရှိ၍ **ပါဠိတက္ကသိုလ်** ကျောင်းတိုက်ကြီးတတိုက် ဖြစ်နေလေပြီ။ ထို့ပြင် မြန်မာ, ပါဠိ, သက္ကတ, ဟိန္ဒီ, အင်္ဂလိပ်စသော ဘာသန္တရပညာတို့ကိုပင် သာသနာတော်နှင့် မဆန့်ကျင်စေသောနည်းဖြင့် သင်ကြားပို့ချပေးရန်ကိုပင် စီစဉ်လျက်ရှိကြောင်း သိရှိရပေသည်။

ရွှေကျင်ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီးနောက် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ ရွှေကျင်နိကာယ ဗဟိုဌာနဌ် သီတင်းသုံးတော်မူကြ၍ ရွှေကျင်ဂိုဏ်းကြီးကို ကြီးမှူး စောင့်ထိန်း အုပ်ချုပ်တော်မူကြသော ဆရာတော်ဘုရားကြီးများကို အစဉ်လိုက် အမှတ် နံပါတ်ရှိတပ်၍ ဖော်ပြခဲ့ပေပြီ။ ဗဟိုဌာနဌ် သီတင်းမသုံးသော်လည်း နိုင်ငံအနှံ့ ထိုထို မြို့နယ် ခရိုင်တို့၌ သီတင်းသုံးတော်မူကြကာ ရွှေကျင်ဂိုဏ်း သံဃာများကို ထိန်းသိမ်း စောင့်ရှောက်လျက် သာသနာပြုတော်မူကြကုန်သော ဆရာတော် အရှင်မြတ်တို့သည်လည်း အမြောက်အမြားပင် ရှိတော်မူခဲ့ကြပါသည်၊ ထိုဆရာတော်မြတ်တို့ သာသနာပြုတော်မူပုံ စောင့်ရှောက်တော်မူပုံကိုလည်း သိရှိရသမျှ အနည်းငယ်စီ ထုတ်ဖော် ရေးသားသွားမည် ဖြစ်ပါသည်။

---

## သုံးဂိုဏ်းချုပ်
# ခင်မွန်ဆရာတော်ဘုရားကြီး

မြန်မာနိုင်ငံ သံဃာ့နယ်ပယ်တလျှောက်၌ ခင်မွန်ဆရာတော်ဆိုလျှင် ကြားဘူး သိဘူးသော သံဃာတော်က များပေသည်၊ ခင်မွန်ထွက် ပုဂ္ဂိုလ်ဖြစ်လျှင် အထူးသဖြင့် ဝိနည်းဘက်၌ စာရော ကိုယ်ကျင့် ပဋိပတ်ပါ တော်ကြသည်သာ များကြပေသည်။ ခင်မွန် သုံးဂိုဏ်းချုပ် ဆရာတော်ဘုရားကြီးသည် ရွှေကျင်ဆရာတော်ဘုရားကြီး သက်တော်ထင်ရှား ရှိတော်မူစဉ်ကပင် ရွှေကျင်ဆရာတော်ဘုရားကြီး ညွှန်ကြားတော်မူသည့်အတိုင်း သာသနာတော်ကို သန့်ရှင်း စည်ပင်အောင် သာသနာပြုတော်မူခဲ့သော ဆရာတော်ကြီး ဖြစ်တော်မူသည်၊ သို့ဖြစ်၍ သုံးဂိုဏ်းချုပ် ခင်မွန်ဆရာတော်ဘုရားကြီးအကြောင်းကို ရေးသားပါအံ့၊ ယင်းသို့ ရေးသားရာ၌ ခင်မွန်ဆရာတော်ကြီး၏ သဒ္ဓိဝိဟာရိက တပည့်ရင်း တပည့်ထွေးဖြစ်သော ခင်မွန်ရွာ သိင်္ဂါရုံဆရာတော် **အရှင်ကုမာရ** ရေးခဲ့သော ခင်မွန်ဆရာတော်ဘုရားကြီး၏ **အကျဉ်းချုပ်အတ္ထုပ္ပတ္တိ** ကို အမှီပြု၍ ရေးမည်ဖြစ်သည်။

### သုံးဂိုဏ်းချုပ်ဆရာတော် ဖြစ်ပုံ

ခင်မွန်ဆရာတော်ဘုရားကြီးသည် သိက္ခာတော် ၁၇၊ သက်တော် ၃၆-နှစ် သက္ကရာဇ် ၁၂၂၆-ခုနှစ် အချိန်၌ အလုံမြို့ အောက်တိုက်၌ သာသ-



သုံးဂိုဏ်းချုပ် ခင်မွန်ဆရာတော်ဘုရားကြီးပုံတော်

နာတော် ညှိုးနွမ်း၍ ရဟန်းတော်များ ကျင့်ဝတ်ပဋိပတ် လစ်လပ် ချို့ယွင်းလျက်ရှိသည်ဟု မင်းတုန်းမင်းတရားကြီး ကြားသိတော်မူပေသည်။ သို့ဖြစ်၍ သာသနာရေးဌာနဆိုင်ရာ အမတ်ကြီးကို မေးမြန်းစုံစမ်း၍ တိုင်ပင်တော်မူရာ အလုံမြို့နယ်၌ သာသနာတော်ကို သန့်ရှင်း ထွန်းလင်းအောင် စွမ်းဆောင်နိုင်မည့် ပုဂ္ဂိုလ်တပါး ရှိပါသည်၊ ထိုပုဂ္ဂိုလ်သည် ရှမ်းကလေးကျွန်းဆရာတော်၏ တပည့်လည်း ဖြစ်ပါသည်၊ ယခုအခါ အလုံမြို့နယ်အပါမင်းရွာ၌ သီတင်းသုံးလျက်ရှိပါသည် ဟု တင်လျှောက်သဖြင့် ဘဝရှင်မင်းတရားကြီးက အမတ်များကို စေလွှတ်၍ နှစ်ကြိမ်တိုင်တိုင် ပင့်စေရာ မင်း

ဆရာပြုလုပ်ရမည်ကိုလည်း အလိုမရှိ၊ **စတုပါရိသုဒ္ဓိသီလ** ကို စောင့်ထိန်းရာ၌ ကျေးလက်တောရွာ၌ကဲ့သို့ သန့်ရှင်း လွယ်ကူစေနိုင်မည် မဟုတ်ဟု ထင်မြင်တော်မူ၍ မြို့တော်သို့ လိုက်ကြွတော်မမူချေ။

## မကြွမဖြစ်၍ ကြွရောက်ရပုံ

တဖန် ၁၂၃၀-ပြည့်နှစ်၌ မင်းတုန်းမင်းတရားကြီးသည် ရွှေကျင်ဆရာတော်ဘုရားနှင့် လျှောက်ထားတိုင်ပင်၍ ရှမ်းကလေးကျွန်းတိုက် **တိုက်အုပ်ဆရာတော်** နှင့် မင်းရွာ သွေးသောက်ကြီး **ဦးရွှေနု** တို့ကို ထပ်မံ စေလွှတ်၍ မင်းတရားကြီး၏ လျှောက်လွှာ, ရွှေကျင်ဆရာတော်ဘုရား၏ အမိန့်တော်စာတို့ဖြင့် အပင့်ရောက်လာရာတွင်မှ ရွှေကျင်ဆရာတော်ဘုရား၏ အမိန့်တော်စာ ပါလာသောကြောင့် မငြင်းဆန်သာပဲ မန္တလေးမြို့တော်သို့ လိုက်ပါ ကြွရောက်တော်မူရသည်။

## နန်းတော်သို့ ကြွကြခြင်း

မန္တလေးမြို့ ဓမ္မိကာရာမ ရွှေကျင်တိုက်ကြီးသို့ ဆိုက်ရောက်ကြောင်း မင်းတရားကြီး သိလျှင် နန်းတော်သို့ ပင့်သဖြင့် ရွှေကျင်ဆရာတော်ဘုရား, ချောင်းဦး ဆရာတော်များနှင့် အတူတကွ နန်းတော်သို့ ကြွတော်မူရသည်။

## မင်းတရားကြီး လျှောက်ထားခြင်း

"မင်းရွာဆရာတော် **ဦးဇာဂရ** ကို ပင့်ရသည်မှာ အခြားကိစ္စ မဟုတ်ပါ၊ မင်းရွာဆရာတော်သည် ရွှေကျင် ဆရာတော်ဘုရားနှင့် တွဲဘက်၍ သာသနာပြုစေလိုကြောင်း လျှောက်ထားရန်ပင် ဖြစ်ပါသည်၊ ရွှေကျင်တိုက်အနီး၌ သာသနာပြုကျောင်းတိုက် တည်၍ လှူဒါန်း ကိုးကွယ်ပါမည်၊ ရှမ်းကလေးကျွန်းဆရာတော်၏ တပည့်ဖြစ်သောကြောင့် ရှမ်းကလေးကျွန်းဆရာတော်၏ ကိုယ်စား ဒကာတော် ကိုးကွယ်လိုပါသည်" ဟု လျှောက်ထားကာလ—

"ဒကာတော်ဆန္ဒရှိသည့်အတိုင်း သာသနာတော်ကိုကား စွမ်းနိုင်သမျှ ပြုစုစောင့်ရှောက်ပါမည်၊ မြို့တော်မှာမူကား နေလိုသော ဆန္ဒမရှိကြောင်း" မိန့်ကြားလေသည်။

မင်းတရားကြီးက "မင်းရွာ ဆရာတော်ကို ဖူးမြင်ရသည်မှာ ပျံလွန်တော်မူသော ရှမ်းကလေးကျွန်းဆရာတော်ကို ဖူးတွေ့ရဘိသကဲ့သို့ သဒ္ဓါပသန္န ဖြစ်လှပါသည်၊ နန်းတော်တွင်း နန်းဦးကျောင်း၌ သီတင်းသုံးနေစေလိုပါသည်၊ ဘွဲ့တံဆိပ်တော်လည်း ဆက်ကပ် လှူဒါန်းလိုပါသည်"ဟု လျှောက်၏။

"ဘွဲ့တံဆိပ်တော်ကိုလည်း အလိုမရှိပါ၊ နန်းဦးကျောင်း၌လည်း မနေလိုပါ၊ ဆရာအရှင်များ ချီးမြှောက်သော ဘွဲ့မည် ရှိပြီးဖြစ်ပါသည်၊ ကျေးလက်တောရွာ၌သာ နေ၍ မြတ်စွာဘုရား၏ သာသနာတော်ကို သန့်ရှင်းစင်ကြယ် ထွန်းလင်းအောင် အားထုတ် ပြုစုလိုပါသည်"ဟု ပြန်လည် မိန့်ကြားတော်မူသည်။

**စကားချပ်။** ။[မင်းတရားကြီးက မင်းရွာဆရာတော် အရှင်ဦးဇာဂရ၏ စွမ်းရည်သတ္တိ ရှိ-မရှိ၊ ပိဋကတော်၌ မည်မျှ ကူးခတ်နိုင်သည်၊ ပညာရှိလက္ခဏာ ပြည့်-မပြည့်၊ လောကရေးရာ၌ ဗဟုသုတ ကြွယ်-မကြွယ် စသည်တို့ကို သိလိုသဖြင့် စကားအတင်အခြေ ပြောဆို လျှောက်ထားပုံတို့မှာ အလွန် မှတ်သားဖွယ် ကောင်းလှသော်လည်း ကျယ်အံ့စိုး၍ ထည့်သွင်းရေးသားခြင်း မပြုလိုက်ပါဟု အတ္ထုပ္ပတ္တိချုပ်ရေးတော်မူသော သိင်္ဂါရုံဆရာတော် အရှင်ကုမာရက စကားချပ်၍ မိန့်တော်မူသည်၊ ကျယ်သည်ကို ပမာနမပြုပဲ သုတေသီ သူတော်ကောင်းတို့၌ ကျေးဇူးများရာသည် ဖြစ်၍ ထုတ်ဖော်ရေးသားလိုက်လျှင် အလွန်ကောင်းပေစွဟု တ-သမိပေသည်။ ယခုကား ဆရာတော်ဦးကုမာရသည်လည်း ပျံလွန်တော်မူပြီဖြစ်၍ ယင်း အဘိုးတန် မှတ်ချက်များ ရှိကောင်းမှ ရှိပေတော့မည်။]

မင်းရွာဆရာတော် ဦးဇာဂရ၏ အရည်အချင်းကို မင်းတရားကြီး သိရှိကျေနပ် နှစ်သက်တော်မူ၍ ရွှေကျင်ဆရာတော်ဘုရားနှင့် တိုင်ပင် လျှောက်ထားပြီးလျှင် အမြင့်ငါးမြို့အစုံ၊အလုံမြို့အောက်တိုက်၊ဗန့်ကျီမြို့ ဤသုံးမြို့ သုံးဌာနတို့၌ သာသနာပြုဂိုဏ်းချုပ်ဆရာတော် ခန့်အပ်သောစာကို ထန်းဖူး၌ ရေးစေ၍ ဒေါင်းတံဆိပ်ခတ်နှိပ်ပြီးလျှင် ၎င်းစာကို ပူတာခေါက်ရက်၌ သွင်းထားပြီးမှ ပူတာခေါက်ရက်ကိုကြယ်ပေါက်ကတ္တီပါအိတ်စွပ်၍ မင်းရွာဆရာတော် ဦးဇာဂရလက်သို့ သက္ကရာဇ် ၁၂၃၀-ပြည့်နှစ် တပေါင်းလဆန်း

၁၀-ရက်နေ့၌ မင်းတရားကြီးကိုယ်တိုင် ဆက်ကပ်လိုက်သည်၊ ထိုအချိန်မှစ၍ မင်းရွာဆရာတော် ဦးဇာဂရသည် **အမြင့်ငါးမြို့**, **အလုံမြို့**, **ဗန့်ကျီမြို့** ဟူသော သုံးမြို့ သုံးဂိုဏ်းတို့၏ အကြီးအအုပ် **''သုံးဂိုဏ်းချုပ်ဆရာတော်''**အဖြစ်ဖြင့် ထင်ရှားတော်မူခဲ့လေသည်။

## ခင်မွန်သုံးဂိုဏ်းချုပ်ဆရာတော်ဟု ထင်ရှားပုံ

မင်းရွာ သုံးဂိုဏ်းချုပ်ဆရာတော်သည် မန္တလေးမြို့တော် မဟာဓမ္မိကာ-ရာမဈေးကျောင်းတိုက် ရွှေကျောင်းဆရာတော်ဘုရားကြီးထံမှ မင်းရွာသို့ ပြန်လည်ကြွရောက်ခဲ့ပြီးနောက် အာဏာစက်, ဓမ္မစက် နှစ်ပါးဖြင့် တရားသဖြင့် သာသနာပြု၍ ရွှေကျောင်းဂိုဏ်းကြီးကို ထိန်းသိမ်း စောင့်ရှောက်တော်မူခဲ့ပေသည်။

သီလဒဿနသမ္ပန္နံ၊ ဓမ္မဋ္ဌံ သစ္စဝါဒိနံ။

အတ္တနော ကမ္မကုဗ္ဗန္တံ၊ တံ ဇနော ကုရုတေ ပိယံ။—

ဒေသနာတော်လာသည့်အတိုင်း မင်းရွာဆရာတော် အရှင်ဇာဂရသည် မိမိကိစ္စ မိမိတာဝန်ဖြစ်သော ရဟန်းကျင့်ဝတ်ကို ဖြည့်ကျင့်ခြင်း, အမြင်မှန်ရှိ၍ တရားမှန်၌ တည်ခြင်း, သံဃာနှင့်စပ်သော အဓိကရုဏ်းပေါ်ပေါက်လာလျှင် တရားလမ်းမှန်အတိုင်း ဘက်မလိုက်မူ၍ မှန်ကန်သော အဆုံးအဖြတ်ကို ပေးခြင်းအစရှိသော ဂုဏ်သတင်းတို့သည် ပိုမိုထင်လင်း ကျော်ကြားထင်ရှားလာသည်ဖြစ်၍ ခင်မွန်ရွာ ရုံးသာရပ် သေဌေး **ဦးရှမ်းကြီး**, သေဌေးကတော် **ဒေါ်သိုက်**တို့က ခင်မွန်ရွာ၏ အရှေ့မြောက် တာငါးရာအကွာ လယ်တီတောအရပ်၌ သိုက်မြိုက်တင့်တယ်သော **သုံးထပ်ကျောင်းကြီး** ဆောက်လုပ်ပြီးပြေသောအခါ မင်းရွာသုံးဂိုဏ်းချုပ်ဆရာတော်အား ပင့်လျှောက် လှူဒါန်းသဖြင့် အလှူခံယူ၍ ထိုကျောင်းသို့ ရွှေ့ပြောင်းသီတင်းသုံးလျက် သာသနာကိစ္စအဝဝတို့ကို ဆက်လက်ဆောင်ရွက်တော်မူရသည်။ ခင်မွန်ရွာ လယ်တီတောအရပ် **မဟာဗောဓိကျောင်းတိုက်**သို့ ၁၂၃၃-ခုနှစ် သိကြာဝါတော်-၂၄ သက်တော်-၄၄ အရတွင် ရွှေ့ပြောင်းသီတင်းသုံးလျက် စာပေပို့ချခြင်း, ဟောပြောခြင်း, အဓိကရဏကိစ္စ ပေါ်ပေါက်လာသမျှတို့ကို ဝိနည်းဓမ္မကွန်ကို မျဉ်းအဖြစ်, ချိန်အဖြစ် အသုံးပြုတော်မူ၍ ဆုံးဖြတ်တော်မူခဲ့ပေသည်။ ယင်းမဟာဗောဓိကျောင်းတိုက်၌ပင် အမြဲတမ်းသီတင်းသုံးတော်မူသည်။ သို့ဖြစ်၍ ယနေ့တိုင်အောင် သာသနာ့နယ်ပယ်

မြန်မာနိုင်ငံတော်ဝယ် "ခင်မွန်သုံးဂိုဏ်းချုပ်ဆရာတော်"အဖြစ်ဖြင့် နေ တဆူ လ-တပါးသို့ ထင်ရှားကျော်ကြားလျက် ရှိပေသေးသည်။

ခင်မွန်ဆရာတော်ဘုရားကြီးသည် သံဃာနှင့်စပ်သော အဓိကရုဏ်းမှု များကိုသာ ဆုံးဖြတ် စီရင်တော်မူသည် မဟုတ်သေးချေ၊ မင်းတရားကြီး လျှောက်ထားချက်အရ ဝိနည်းသိက္ခာပုဒ်တော်နှင့်လည်း မဆန့်ကျင်ပဲ ရဟန်းတော်များနှင့်လည်း အပ်စပ် လျှောက်ပတ်သော လူတို့၏ အမှုအချို့ ကိုလည်း စီရင်ဆုံးဖြတ် ပေးတော်မူရသည်။ ခင်မွန်ဆရာတော်ဘုရားကြီး သက်တော်ရှည်သမျှ ကာလအတွင်း ရှင် လူတို့၏ အဓိကရုဏ်းမှုတို့ကို စီရင် ဆုံးဖြတ်ခဲ့သည်ကား များလှစွာဟု သိရသည်၊ အတ္ထုပ္ပတ္တိရေးသောအချိန်၌ သံဃာနှင့်သက်ဆိုင်သော ဖြတ်စာ အနည်းငယ်ရရှိအောင်ပင် အတော် ရှာဖွေ စုဆောင်းရသည်ဟု ဆိုသည်။

## "စေ" မသုံးရ

ရဟန်းမှု,လူမှုတို့ကို ဖြတ်စာချ၍ ဆုံးဖြတ်ရာ၌ "မည်သူက နိုင်စေ" စသည်ဖြင့် ပြည်ပိုင်အစိုးရ အာဏာရှိသူတို့ကဲ့သို့ "**စေ**"-ဟူသော ပုဒ်ကို အသုံးမပြုရ-ဟု ရွှေကျင်ဆရာတော်ဘုရားကြီးက မိန့်ကြားအပ်သည်ဖြစ်၍ "**စေ**"-ဟူသော ပုဒ်ကို ခင်မွန်ဆရာတော်ဘုရားကြီး အသုံးပြုတော်မမူချေ၊ သို့ပင် ဖြစ်သော်လည်း ဖြတ်စာကောက်ချက်ချရိုး ထုံးစံအတိုင်း အတ္ထုပ္ပတ္တိ ရေးသူ သိင်္ဂါရုံဆရာတော် အရှင်ကုမာရသည် ခင်မွန်ဆရာတော်၏ ဝိနည်း ဖြတ်ထုံးတို့ကို စုဆောင်းရေးရာ၌ "**စေ**"-ကို ထည့်သွင်း ပုံနှိပ်လိုက်သည်-ဟု အမှာစကား ရေးထည့်ထားပေသည်။

မင်းတုန်းမင်းတရားကြီး နတ်ရွာစံလွန်တော်မူ၍ သားတော်သီပေါမင်း သည် ခမည်းတော်၏ အရိုက်အရာ ထီးနန်းကို ဆက်ခံ စိုးမိုး၍ လေးနှစ် မြောက် သက္ကရာဇ် ၁၂၄၃-ခုနှစ် ကဆုန်လဆန်း ၁-ရက်နေ့ ရာဇာဘိသေက ခံယူတော်မူပြီးနောက် ရွှေကျင်ဆရာတော်ဘုရားကြီးနှင့် တောင်တော် ဆရာတော် ၂-ပါးကို သာသနာပြုနှင်းအပ်တော်မူ၍ မြန်မာနိုင်ငံတော်ကို ၉-ဌာန ဝေပုံချ၍ နယ်မြေပုံရေးကာ တဌာနစီ တာဝန်ခံသာသနာပြု ဆရာ တော်များ ခန့်အပ်၍ နိုင်ငံတော်တဝှမ်းလုံး ပြန့်နှံ့အောင် စီမံဆောင် ရွက်၍ သာသနာပြုစေတော်မူပါဟု လျှောက်ထားသည့်အလျောက် ခင်မွန် သုံးဂိုဏ်းချုပ် ဆရာတော်ဘုရားကြီးသည် ဆင္ဃဌာန၌ သာသနာပြုရန် ကျ

ရောက်သဖြင့် ရွှေကျင်ဆရာတော်နှင့် တောင်တော်ဆရာတော်တို့၏ အမိန့်တော်ခန့်အပ်စာနှင့် သီပေါမင်း၏ လျှောက်စာကို ဘုရင်၏ကိုယ်စား အမြင့်ငါးမြို့ ဝန်မင်းကြီးက အမြင့်မြို့တွင် ကြီးကျယ်ခမ်းနားစွာ တည်းကျောင်းဆောက်လုပ်၍ များစွာသော ရှင်,လူပရိသတ်တို့၏ အလယ်၌ ဆက်ကပ်လေသည်၊ သို့ဖြစ်၍ ၁၂၄၃-ခုနှစ်၌ ခင်မွန်သုံးဂိုဏ်းချုပ်ဆရာတော်ဘုရားကြီးသည် **ဆဋ္ဌာနသာသနာပြုဆရာတော်** ဖြစ်ပြန်သည်။

## ဆဋ္ဌာနနယ်ပုံတော် မြို့ပေါင်းစာရင်း

၁-အလုံမြို့၊ ၂-ယောမြို့၊ ၃-ဆောမြို့၊ ၄-ကနီမြို့၊ ၅-အမြင့်မြို့၊ ၆-ကျောက်မျက်မြို့၊ ၇-ဆားလင်းကြီးမြို့၊ ၈-ပြောင်းပြာမြို့၊ ၉-ဆင်ရှည်မြို့၊ ၁၀-လောင်းရှည်မြို့၊ ၁၁-ကျောက်ပုတ်မြို့၊ ၁၂-ထီးလင်းမြို့၊ ၁၃-ဂန့်ဂေါမြို့၊ ၁၄-မင်းရွာ၊ ၁၅-ကွမ်းရွာ၊ ၁၆-ပုခန်းကြီးမြို့၊ ၁၇-ကျောက်ရစ်မြို့၊ ၁၈-နဘက်မြို့၊ ၁၉-အလ္လကပ္ပမြို့၊ ၂၀-မြင်းမူမြို့၊ ၂၁-စစ်ကိုင်းမြို့။

(မြို့ပေါင်း ၂၁,လူနေအိမ်ခြေပေါင်း ၇၃၃၀၃)ဖြစ်သည်။ သုံးဂိုဏ်းချုပ်ဆိုသော်လည်း ပဓာန ပြဓာန်းသော သုံးမြို့ကိုသာ ရည်ညွှန်း၍ ဆိုလိုခြင်းဖြစ်သည်၊ ခင်မွန်ဆရာတော်ကြီး အုပ်ချုပ်၍ ရွှေကျင်သာသနာပြုတော်မူရသော မြို့နယ်တို့မှာကား ၂၁-မြို့ ဖြစ်ပေသည်။

## ခင်မွန်ဆရာတော်ဘုရားကြီး ဂဏဝိမုတ် တော်မူခြင်း

ခင်မွန်ဆရာတော်ဘုရားကြီးသည် ဂဏဝိမုတ် ရှမ်းကလေးကျွန်းဆရာတော်, ရွှေကျင်ဆရာတော်တို့၏ အန္တယ်အားလျော်စွာ သာသနာတော်ကို စောင့်ရှောက်ပြုစုရာ၌ လွတ်ကင်းစေရန် ရည်ရွယ်၍ သီပေါမင်းတရား လျှောက်ထားချက်အရ တောင်တော်သာသနာပိုင် ဆရာတော်က ၁၂၄၄-ခုနှစ်၌ ခင်မွန်ဆရာတော်အား "ဂဏဝိမုတ်" အမိန့်တော် စာချွန်ကို ပေးအပ်တော်မူသည်ကို ခံယူရသည်။

သက္ကရာဇ် ၁၂၃၀-ပြည့်နှစ်၌ မင်းတုန်းမင်းတရားကြီးနှင့် ရွှေကျင်ဆရာတော်ဘုရားကြီးတို့က သုံးဂိုဏ်းချုပ် ဝိနည်းဓိုရ် သာသနာပြု ဆရာတော်အဖြစ်ဖြင့် ချီးမြှောက်သောအခါမှ စ၍ ၁၂၇၆-ခုနှစ်တိုင် ၄၆-နှစ်တို့ကာလပတ်လုံး ၂၁-မြို့သော မြို့နယ်တို့၌ သာသနာတော်ကို သန့်ရှင်းစင်ကြယ်စေလျက် ဖြစ်ပေါ်လာသမျှ အဓိကရုဏ်းတို့ကို တရားသဖြင့် ဆုံး

ဖြတ်ခဲ့ရာ အတ္ထုပ္ပတ္တိချုပ် ရေးသော ဆရာတော်သည် ရှာဖွေစုဆောင်း ရရှိသမျှသော ဖြတ်ထုံး ၂၀-တို့ကို စုဆောင်း၍ "ခင်မွန် သုံးဂိုဏ်းချုပ် ဝိနည်း ဖြတ်ထုံး"-ဟူသော ကမ္ပည်းတပ်၍ စာအုပ်ပြုလုပ် ရိုက်နှိပ်ဖြန့်ဖြူးခဲ့ သည့်အတွက် ကျေးဇူးတင်ဖွယ်ရာ ကောင်းလှပေသည်။

ထို ၂၀-မျှသော ဖြတ်ထုံး အဆုံးအဖြတ်တို့ကို ဤရွှေကျင်နိကာယ သာသနာဝင်၌ အပြည့်အစုံ ထည့်သွင်းဖော်ပြခြင်းငှါ ခဲယဉ်းသည် ဖြစ်၍ ခင်မွန်ဆရာတော်ဘုရားကြီး၏ အတ္ထုပ္ပတ္တိနောက်ပိုင်း၌ **ဖြတ်ထုံးတရပ်** ကို သာ ဖော်ပြပါအံ့။

အထက် အဆိုပါ ဂဏဝိမုတ် အမိန့်တော်အရ ဆဋ္ဌဌာနသာသနာပြု ခင်မွန်သုံးဂိုဏ်းချုပ် ဆရာတော်ဘုရားကြီးသည် သက္ကရာဇ် ၁၁၉၀-ပြည့်နှစ် ကဆုန်လဆန်း ၅-ရက် အင်္ဂါနေ့ညဉ့် တချက်တီးကျော် ၂-မောင်း ပေါ်အချိန်တွင် **ခင်မွန်ရွာကြီး** ၌ပင် ဖွားမြင်တော်မူသည်၊ ခင်မွန်ရွာကို ရွာကြီးဟု ဆိုလိုက်သည်မှာ အိမ်ခြေတထောင်ကျော်ရှိသော ရွာကြီးဖြစ် သောကြောင့် ဆိုခြင်းဖြစ်သည်။ ၎င်းခင်မွန်ရွာ၌ အလယ်အလတ်တန်း စား ဥပဘောဂ ပရိဘောဂ ဉစ္စာပစ္စည်း အထိုက်အလျောက် ပြည့်စုံ ကြွယ်ဝကြသော **ဦးရိတ်, မယ်အိ** တို့၏ သားကောင်းရတနာ ဖြစ်တော်မူ သည်။ ဦးရိတ်, မယ်အိတို့၌ သားယောကျ်ားချည်း ၇-ယောက် ဖွားမြင် သော်လည်း အကြီးဆုံးနှင့် အငယ်ဆုံး သား၂-ယောက်သာလျှင် အဖတ် တင်၍ ကျန် ၅-ယောက်မှာ ငယ်စဉ်ကပင် သေဆုံးကြသဖြင့် အမည်များ ပင် မထင်ရှားကြကုန်။

သားအကြီးဆုံးသည် ရဟန်းဖြစ်၍ **ဘုန်းကြီးဦးဖိုး** ဟု ထင်ရှားသည်၊ အငယ်ဆုံးသားသည်ကား **ခင်မွန်ဆရာတော်ကြီး**ပင် ဖြစ်သည်။

## ခင်မွန်ဆရာတော် ပညာသင်ကြားခဲ့ပုံ

ခင်မွန်ဆရာတော် ဖြစ်အံ့သော သတို့သားကို **မောင်စိုး** ဟု မှည့်ခေါ် ကြကုန်၏။ မိဘတို့ကမူကား သတို့သားရုပ်ရေ နုနယ်ဖြူစင်သိမ်မွေ့ တင့်တယ် သည်ကိုကြည့်ကာ ချစ်စနိုး၍ **မောင်နု**ဟု ခေါ်ကြသည်။ ဆွေမျိုးတို့က မူကား ရွှေးကမ်ကူထောက်၍ အသက်ရှည်သော သားငယ်ကို ငါတို့တွေ့မြင် ရပေသည်ဟု **မောင်ကမ်ကူ** အမည်ဖြင့် ခေါ်ဝေါ်ကြကုန်၏။ "မောင်စိုး-မောင်နု-မောင်ကမ်ကူ" အားဖြင့် သုံးမည်ရ သတို့သား ၁၀-နှစ်ယွယ်ရှိ

လျှင် ခင်မွန်ရွာ သေံကျောင်းဆရာတော် **ဦးပုည**ထံ အပ်နှံ၍ ပညာသင်ကြားစေရာ သူငယ်တန်းစာပေတို့ကို မကြာမီပင် ပေါက်မြောက်ခဲ့ပေသည်။

## ရှင်သာမဏေ ဖြစ်ခြင်း

သတ္တိသား အသက် ၁၃-နှစ်ရှိလျှင် မိဘတို့ကပင် ဆရာတော် ဦးပုညထံ၌ ရှင်သာမဏေပြုရန် ခွင့်ပြုအပ်နှင်း၍ ရှင်သာမဏေအဖြစ်သို့ ရောက်သည်၊ ဆရာတော် ဦးပုညကပင် **ရှင်ဇာဂရ** ဟု ဘွဲ့ပေးချီးမြှောက်တော်မူသည်။ သာမဏေဖြစ်ပြီးနောက် ဆရာတော်ဦးပုညကပင် စာပေပို့ချပေးရာ သဒ္ဒါ,သင်္ဂဟ,ဋီကာကျော် စသည်တို့ကို လျင်မြန်ထက်မြက်သော ဉာဏ်စက်ဖြင့် သွက်လက်စွာ ပေါက်ရောက်ခဲ့သည်၊ သာမဏေအများတွင် ထင်ရှားသော သာမဏေအဖြစ်ဖြင့် ကျော်ကြားလေသည်။

## ရဟန်းဖြစ်ခြင်း

ရှင်ဇာဂရ အသက် ၂၀-ပြည့်သောအခါ ဆရာတော်ဦးပုညထံ ခွင့်ပန်လျှောက်ထား၍ ခင်မွန်ရွာ တောင်စောင်း ဝါဆိုတိုက်ခေါ်သော မင်းကျောင်းတိုက် **ဆရာတော်ဦးရောက်** ထံသို့ ပြောင်းရွှေ့ခဲ့ရာ ထိုကျောင်း၌ပင် ဦးရီးအရင်း ဖြစ်သူ **ဦးရွှေငြိမ်း**က ပစ္စယဒါယကာခံယူ၍ **မင်္ဂလာစံကျောင်းဆရာတော် ဘုရားကြီး**ကို ဥပဇ္ဈာယ်ပြု၍ မင်းကျောင်းတိုက် သရေပစ္စတေ့ဘုရားအနီး ခဏ္ဍသိမ်တော်ကြီး၌ သက္ကရာဇ် ၁၂၁၀-ခုနှစ် ပထမဝါဆိုလဆန်း ၃-ရက် အင်္ဂါနေ့ နေတက် ၆-ဘဝါးပြည့်အချိန် ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

## တောရကျောင်းသို့ ပြောင်းခြင်း

ရှင်ဇာဂရသည် ရဟန်းဖြစ်၍ တဝါမျှသာ မင်းကျောင်းတိုက်၌ နေ၍ စာပေ ဆက်လက် သင်ကြားလိုသောကြောင့် ထိုအခါက ခင်မွန်ရွာ၌ စာတတ်အကျော် ဆရာတော်ဟု ထင်ရှားကျော်ကြားသော တောရကျောင်းတိုက် ဂိုဏ်းထောက်ဆရာတော်ကြီး **ဦးဣန္ဒ**ထံသို့ ရွှေ့ပြောင်း၍ ပါဠိတော်, အဋ္ဌကထာများကို သင်ကြားလေသည်။

## မင်းရွာတောရကျောင်းကြီးသို့ ရောက်ခြင်း

ခင်မွန်တောရကျောင်းတိုက် ဆရာတော် အရှင်ဣန္ဒသည် ရှင်ဇာဂရ၏ အရည်အချင်းရှိပုံ, စာပေအားထုတ်ပုံ,တိက္ခ,ဇဝန,ဂမ္ဘီရဉာဏ်တို့နှင့်ပြည့်စုံပုံ

တို့ကို သိတော်မူ၍ ရှင်ဇာဂရကို လောကုတ်လောကီ အလီလီအဖက်ဖက်မှ ပင် ကျွမ်းကျင်လိမ္မာ တတ်မြောက်စေလိုသော မနသိကာရ ရှိတော်မူ သည်ဖြစ်၍ လောကီရာဇဝင် ပုံပြင် နိပါတ်, ဓမ္မသတ်, ရာဇသတ် တို့နှင့်တကွ သုံးရပ်သောပိဋက, ငါးရပ်နိကာယ်တို့၌ ဒိုးနှယ်မွှေနှောက် ပေါက်မြောက် လိမ္မာသော မင်းရွာအနီး တောရကျောင်းကြီး၌ သီတင်းသုံးတော်မူသော ဂိုဏ်းအုပ်ဆရာတော်ကြီး **ဦးနေမိန္ဒရ** ထံသို့ ပို့အပ် စေလွှတ်လိုက်သဖြင့် **မင်းရွာတောရကျောင်း**သို့ ရောက်လေသည်။ သက္ကရာဇ်ကား ၁၂၀၆-ခုနှစ် ဖြစ်သည်။ ဂိုဏ်းအုပ်ဆရာတော်ဘုရားကြီး အရှင်နေမိန္ဒရ ထံ၌ အဘိဓမ္မာ ဘက်ဆိုင်ရာ နေ့ဝါ,ညဝါများ အထူးလေ့လာအားထုတ်လျက် အဋ္ဌဝိနိစ္ဆယ ဉာဏ် ရင့်သန်စေကြောင်းဖြစ်သော ဓမ္မသတ်, ရာဇသတ်, ဖြတ်ထုံး ပုံပြင်, ရာဇဝင်, နိပါတ်တို့ကိုလည်း ဆည်းပူးလေ့လာခဲ့ပေသည်။

## ခုံရင်းဆိပ်ရွာသို့ ရောက်ခြင်း

သက္ကရာဇ် ၁၂၁၉-ခုနှစ်တွင် မင်းရွာတောကျောင်းကြီး ဂိုဏ်းအုပ်ဆရာ တော် ဘုရားကြီးထံ ပန်ကြားခွင့်တောင်း၍ ခုံရင်းဆိပ်ရွာ စိတြာရာမ ကျောင်းတိုက် **ဂိုဏ်းအုပ်ဆရာတော်ကြီး** ထံ၌ သမန္တပါသာဒိကအဋ္ဌကထာ ကို ခဲရာခဲဆစ် အနှစ်အသား အဆုံးအဖြတ် ဝိနိစ္ဆယများနှင့်တကွ နည်းယူ သင်ကြားတော်မူသည်မှာ တနှစ်ပတ်လုံး ဖြစ်လေသည်။ ထိုဆရာတော်ကြီး ထံ၌ နေစဉ်ကာလအတွင်း၌ အရှင်ဇာဂရ၏ စွမ်းရည်သတ္တိ လောကုတ် လောကီ ဗဟုဿုတရှိသည်ကို သိရှိတော်မူသဖြင့် ဆရာတော်ကြီးထံသို့ ရောက်လာသော ရှင်လူတို့၏ အမိကရုဏ်းတို့ကို အရှင်ဇာဂရအား လွှဲအပ် တော်မူ၍ ယထာဓမ္မ တရားအားလျော်စွာ ဝိနိစ္ဆယချပေးတော်မူရသည်။ အရှင်ဇာဂရ ဆုံးဖြတ်တော်မူသည့် အမှုကိစ္စတို့သည် မပြတ်စဲသည် မရှိ၊ ငြိမ်းအေးပြီးပြတ်သည်သာဖြစ်၍ စိတြာရာမဆရာတော်ဘုရားကြီးကလည်း ချီးမြှောက် အားပေးတော်မူပေသည်။

## ရှမ်းကလေးကျွန်း ဆရာတော်ထံ ရောက်ခြင်း

စိတြာရာမဆရာတော်ဘုရားကြီး ထံ၌ တနှစ်နေခဲ့ပြီးလျှင် မင်းရွာသို့ ခေတ္တပြန်ခဲ့၍ ဂိုဏ်းအုပ်ဆရာတော်အား ခွင့်ပန် လျှောက်ထားကာ **ရှမ်း ကလေးကျွန်း ဆရာတော်** ခြေတော်ရင်းသို့ ကြွရောက်၍ အထူးထူးသော

နည်းနိဿယတို့ကို လက်ဆုပ်လက်ကိုင် ပိုင်ပိုင်ရမိအောင် သင်ကြားနာယူဆည်းပူးခဲ့ပြန်သည်။ ရှမ်းကလေးကျွန်း ဆရာတော်ဘုရားကြီးကလည်း အရည်အချင်း စွမ်းအင်သတ္တိကို သိရှိတော်မူ၍ "ကျောင်းဘုန်းကြီး" အဖြစ်နှင့် "စာချ ဂန္ထာချေကွ" အဖြစ် ချီးမြှောက်တော်မူ၍ သောတုဇန စာသင်သားတို့အား စာပေပို့ချရသည်။

ရှမ်းကလေးကျွန်းတိုက်၌ နေတော်မူစဉ် မင်းတရားကြီးက ရှမ်းကလေးကျွန်းတိုက် သံဃာများ ဆွမ်းအလှူငှါ ထောက်ပံ့ကြသော လစာရိက္ခာလာရောက်ပို့လှူကြသော သာသနာရေးဌာန မှူးမတ်အရာရှိတို့သည် အရှင်ဇာဂရအား ဖူးမြင်နှီးနှောကြရသဖြင့် ထိုမှူးမတ်တို့မှတဆင့် အရှင်ဇာဂရ၏ ကျော်စောသော ဂုဏ်သတင်းသည် မင်းတရားကြီးနားတော်ပေါက် ရောက်သည့်ပြင် ရွှေကျင်ဆရာတော်ဘုရားကြီးသည်လည်း ရှမ်းကလေးကျွန်းကျောင်းတိုက်သို့ မကြာခဏ ကြွရောက်တော်မူလေ့ရှိရာ အရှင်ဇာဂရနှင့် တွေ့ကြုံ၍ နှီးနှောဆွေးနွေးကြရာ သိက္ခာကာမ, ဝိနယဂရုက, လဇ္ဇီပေသလ သဘာဝချင်း တူညီကြရုံမက သမာနာစရိယ ဆရာတူတပည့်ချင်း ညီနောင်အရင်းပမာ တပါးသည် တပါးအား ကြည်ညိုခင်မင်ကြ၍ သာသနာရေးအတွက် တပါးအပေါ် တပါး အားထားယုံကြည်စိတ်များလည်း ဖြစ်တော်မူကြသည်ဟု သိရသည်။

## မင်းရွာဆရာတော်အဖြစ်သို့ ရောက်ခြင်း

သက္ကရာဇ် ၁၂၂၂-ခုနှစ်၌ မင်းရွာတောကျောင်းကြီး **ဂိုဏ်းအုပ်ဆရာတော်**ထံ ပြန်ရောက်ဆည်းကပ်နေရာ ဂိုဏ်းအုပ်ဆရာတော်ကြီးသည် သက်ယွယ်တော် ကြီးရင့်တော်မူပြီဖြစ်၍ တပည့်ပရိသတ်နှင့်တကွ ကျောင်းကန်တိုက်တာကို လွှဲအပ်တော်မူရာ ကျေးဇူးတော်ကို ငဲ့ကွက်မြင်မြော်ကာ လက်ခံပြီးလျှင် တိုက်တာအုပ်ချုပ် စာပေပို့ချခြင်း စသော သာသနကိစ္စ တာဝန်တို့ကို ဆောင်ရွက်လျက် အမြဲသီတင်းသုံးတော်မူရသဖြင့် **မင်းရွာဆရာတော်** အဖြစ်သို့ ရောက်တော်မူလေတော့သည်။

## ဂန္ဓာရသီကျမ်းကို ရေးခြင်း

မင်းရွာ၌ သီတင်းသုံးနေစဉ် ကျောင်းဒါယကာကြီး **ဦးတုတ်** လျှောက်ထားတောင်းပန်သဖြင့် **ဂန္ဓာရသီ** အမည်ရှိသောကျမ်းကို ရေးတော်မူသည်။

## ရှမ်းကလေးကျွန်းက ပင့်သည်ကို ပယ်ရခြင်း

သက္ကရာဇ် ၁၂၂၃-ခုနှစ်၌ ရှမ်းကလေးကျွန်း ကျောင်းတိုက်ကို ကြီးမှူး အုပ်ချုပ်ရန် လာရောက်လှူအပ်နှင်းသည်ကို ငြင်းပယ်တော်မူလိုက်ရသည်။

## ပျံလွန်တော်မူခြင်း

ဤသို့ဖြင့် အရှင်ဇာဂရသည် မင်းရွှာဆရာတော်အဖြစ်သို့ ရောက်တော်မူ၍ ထိုမှတဖန် မင်းရွှာ သုံးဂိုဏ်းချုပ်ဆရာတော်, ခင်မွန် သုံးဂိုဏ်းချုပ်ဆရာတော်, ဆဋ္ဌဌာန သာသနာပြုဆရာတော်, ဂဏဝိမုတ် အမိန့်တော်ရ ဆရာတော်, ရွှေကျင်ဂိုဏ်း၌ ဝိနယဓရအရာတွင် အထူးသဖြင့် အလွန်ထင်ရှားသော ဆရာတော်ကြီးအဖြစ်သို့ ရောက်တော်မူသော ခင်မွန်သုံးဂိုဏ်းချုပ် ဆရာတော်ဘုရားကြီးသည် ၄၆-ဝါတို့ကာလပတ်လုံး ရွှေကျင်နိကာယ သံဃာတို့ကို ဦးစီးရွှေဆောင်ပြု၍ ဘုရားရှင် သာသနာတော်ကြီးကို အားသွန် ကြိုးပမ်း ဆောင်ရွက်တော်မူခဲ့ရာ သက္ကရာဇ် ၁၂၇၆-ခုနှစ် နှောင်းတာကူးလဆန်း ၅-ရက်နေ့ နံနက် ၁၀-နာရီအချိန် စုတိကမ္မဇရုပ် ချုပ်တော်မူလေပြီ။

## ခင်မွန်သုံးဂိုဏ်းချုပ်ဆရာတော်ဘုရားကြီး ဆုံးဖြတ်အပ်သော ဖျင်ခဝါသက်န်းမှု ဖြတ်ထုံး (၁၂၃၄-ခုနှစ်)

အလုံမြို့နယ်အပါ မလဲသာရွာကျောင်း ဘုန်းတော်ကြီး "ရှင်ဂုဏ" အပေါ်၌ သုတစ္စမှု အရင်းပြု၍ အနုဝါဒါဓိကရုဏ်းကို ပြီးဆုံးပြတ်စဲအောင် ဆုံးဖြတ်တော်မူပါဟုဂိုဏ်းအုပ်ဂိုဏ်းထောက်များ အမှူးရှိသော သံဃာတော်တို့က လျှောက်ထား တောင်းပန်အပ်သည်ဖြစ်၍—

(က) "သင်္ဂါမာဝစရေန ဘိက္ခုနာ သံဃေ ဝေါဟာရန္တေန ဝတ္ထု ဇာနိတဗ္ဗံ၊ ဝိပတ္တိ ဇာနိတဗ္ဗာ၊ အာပတ္တိ ဇာနိတဗ္ဗာ၊ နိဒါနံ ဇာနိတဗ္ဗံ၊ အာကာရော ဇာနိတဗ္ဗော၊ ပုဗ္ဗာပရံ ဇာနိတဗ္ဗံ။ပ။ ယေန ဓမ္မေန ယေန ဝိနယေန ယေန သတ္ထုသာသနေန တံ အဓိကရဏံ ဝူပသမ္မတိ၊ တထာ တံ အဓိကရဏံ ဝူပသမေတဗ္ဗံ"ဟူ၍ ပရိဝါပါဠိတော်၌ ဟောတော်မူအပ်သော မဟာသင်္ဂါမ အနုသာသနကထာ ဩဝါဒ ဒေသနာတော်မြတ်ကို ဦးထိပ်ရွက် ပန်ဆင်ပြီးလျှင်—

(ခ) "အနုဝိဇ္ဇကေန ကထံ ပဋိပဇ္ဇိတဗ္ဗန္တိ အနုဝိဇ္ဇကေန ယေန ဓမ္မေန ယေန ဝိနယေန ယေန သတ္ထုသာသနေန တံ အဓိကရဏံ ဝူပသမ္မတိ၊ တထာ တံ အဓိကရဏံ ဝူပသမေတဗ္ဗံ၊ အနုဝိဇ္ဇကေန ဇဝံ ပဋိပဇ္ဇိတဗ္ဗံ"ဟူ၍ မိန့်တော်မူအပ်သော အနုဝိဇ္ဇက ပုဂ္ဂိုလ်တို့ လိုက်နာအပ်သော နည်းဥပဒေတော်မြတ်ကိုလည်း လက်ကိုင်လက်ဆုပ် ကောင်းမွန်စွာပြုလုပ်၍ စောဒက, စုဒိတက နှစ်ပက္ခပုဂ္ဂိုလ်တို့ကို စစ်ဆေးမေးမြန်းပြီးလျှင် ထိုပုဂ္ဂိုလ်တို့ ထွက်ဆိုအပ်သော အစစ်ခံ စကားရပ်စုများကို နှိုင်းဆဆင်ခြင်သည်ရှိသော်—

**၁။ စောဒက ရှင်ဥတ္တမ လျှောက်ချက်။** ။ဘုရားတပည့်တော် မလဲသာရွာ မြင်သာကျောင်းနေ ရှင်ဥတ္တမ လျှောက်ဝံ့ပါသည်၊ လျှောက်ထားရန်မှာ— မလဲသာရွာ တောင်ကျောင်းဘုန်းကြီး **ရှင်ဂုဏ**သည် ရဟန်းတို့နှင့် မလျော် မလျောက်ပတ် မအပ်စပ်သော (ဖျင်) ခဝါသက်န်းများ ချုပ်လုပ်၍ ၎င်းသင်္ကန်းတို့ကို နန္ဒင်းဆိုးပြီးလျှင် မမြင်ရအောင် စက္ကူဖြင့် ထုပ်၍ ဘုရားပွဲအတွင်း လှူဒါန်းကြရန် ဒါယကာတို့အား သင်္ကန်းကောင်းဘိုးရအောင် ရောင်းချသည်ဟု ကြားသိရပါသည်၊ ဤသို့ပြုလုပ်ခြင်းသည် ၂၅-ပါးသော ခိုးခြင်းတို့တွင် **ထေယျာဝဟာရ** ဖြစ်သည်ဟု ကျေးရွာရှိ ရဟန်းသံဃာများတို့က စွပ်စွဲပြောဆို ကဲ့ရဲ့ပြစ်တင်ကြပါသည်၊စစ်ဆေးမေးမြန်း၍ ဆိုဆုံးမတော်မူပါ ဆရာတော်သခင်ဘုရား။

ဤသို့ **စောဒကရှင်ဥတ္တမ** လျှောက်ထားအပ်သော သုတစောဒနာ စကားဖြင့် စုဒိတက**ရှင်ဂုဏ**၏ "ဘိက္ခုဘာဝ သာဝသေသ အနဝသေသ" အဖြစ်ကို နှိုင်းဆဆင်ခြင်လျှင် နန္ဒင်းဆိုးဖျင် ခဝါသက်န်းများကို ဒါယကာ ငဆောင်ဆိုသူကိုအပ်၍ ရောင်းချစေပါသည်ဟု ထွက်ဆိုသော ရှင်ဂုဏ၏ အစစ်ခံစကားရပ်ဖြင့်၎င်း, နန္ဒင်းဆိုးရေ ဆိုးရာအရပ်မှာ တောင်ကျောင်းပေါ် တောင်ဆောင်ထဲမှာ ဖြစ်ပါသည်ဟု ထွက်ဆိုသော သာမဏေ**ပဏ္ဍိတ** အစစ်ခံစကားရပ်ဖြင့်၎င်း, ဖျင်ခဝါသက်န်းတို့ကို နန္ဒင်းဆိုးပြီးလျှင် စက္ကူနှင့် ထုပ်၍ ယူသွားပါသည်ဟု ထွက်ဆိုသော သာမဏေ**ဇာဂရ**၏ အစစ်ခံ စကားရပ်ဖြင့်၎င်း စုဒိတကရှင်ဂုဏသည် ၂၅-ပါးသော ခိုးခြင်းမျိုးတို့တွင် "ထေယျာဝဟာရ" ခိုးခြင်းမျိုးဖြစ်သည်ဟု ထင်သင့်သကဲ့သို့ရှိ၏၊ သို့ပင် ထင်သင့်သော်လည်း "ဘဏ္ဍဂ္ဃေန ကာရေတဗ္ဗော"ဟူသော **အဋ္ဌကထာစကား**နှင့်အညီ စုဒိတကရှင်ဂုဏသည် ရောင်းချစေအပ်သော ဖျင်ခဝါသက်န်း၏ "ပဉ္စမာသဂ္ဃနက"အဖြစ်ကို ဆင်ခြင်ပြန်လျှင်——

၂။ **စုဒိတကရှင်ဂုဏထွက်ဆိုချက်။** ။ဖျင်ခဝါသက်န်းထည်ရေ ၄-၅ ထည် ထင်ပါသည်ဘုရား။

၃။ **ဒါယကာ ငဆောင် ထွက်ဆိုချက်။** ။တပည့်တော် ဒါယကာ ငဆောင်သို့ ဖျင်ခဝါသက်န်း သုံးထည်အပ်ပါသည်၊ တထည်ကို ငါးမူးကျနှင့် ရောင်းချပေးရပါသည်ဘုရား။

၄။ **သာမဏေပဏ္ဍဝထွက်ဆိုချက်။** ။ဦးဂုဏ နန္ဒင်းဆိုးသက်န်းချုပ်သည့်ကာလ ဖျင်အနွမ်းကို ချုပ်သည်ထင်ပါသည်၊ အထည်အရေအတွက် မည်မျှဟုမသိပါ၊ နန္ဒင်းဆိုးရာအရပ်မှာ တောင်ကျောင်းပေါ် တောင်ဆောင်ထဲမှာ ဖြစ်ပါသည်၊ ၎င်း ဖျင်ခဝါသက်န်းတို့ကို တရက်နှစ်ရက်လောက်က ချုပ်ရသည်ဟု ထင်ပါသည်ဘုရား။

၅။ **သာမဏေဇာဂရထွက်ဆိုချက်။** ။ဖျင်ကိုသက်န်းချုပ်သည်ဟူ၍ သာ မှတ်မိပါတော့သည်၊ အဟောင်းအသစ်ဟူ၍ အသေအချာ မသိပါ၊ နန္ဒင်းဆိုးသက်န်းများအနက်က ငမြ နှစ်ထည်ယူပါသည်၊ဒါယကာငဆောင် မည်မျှယူသည်ကို မသိပါ၊ နံနက်ခြေက ကျောင်းသို့လာကြ၍ တနေ့တည်း ချုပ်ဆိုးကြပြီးလျှင် စက္ကူနှင့်ထုပ်ယူ သွားကြပါသည်ဘုရား။

၆။ ကပ္ပိယကာရကပြုလုပ်ကြသူ **ငဆောင်, ငမြ**တို့ကလည်း ဤအတိုင်း ပင် ထွက်ဆိုကြသည်။

ဤသို့ သက်သေသာဓကတို့ ထွက်ဆိုကြသည်ဖြစ်၍ စုဒိတကရှင်ဂုဏ၏ ရောင်းချအပ်သော ဖျင်ခဝါ သက်န်းများ၏ "အတိရေကပဥ္စမာသဂ္ဃနက"၏အဖြစ်သည် အလွန်ထင်ရှားသည်ဖြစ်၍ စုဒိတကရှင်ဂုဏ၌ **ထေယျာဝဟာရ** ဖြစ်သင့်, မဖြစ်သင့်ကို ပါဠိ, အဋ္ဌကထာ, ဋီကာ သာဓကတို့ဖြင့် ထောက်ဆဆင်ခြင် ညှိနှိုင်းပြန်လျှင်—

(က) ယော ဟိ ကောစိ သဿာမိကံ ဘဏ္ဍံ ရတ္တိဘာဂေ ဝါ ဒိဝသဘာဂေ ဝါ သန္ဓိစ္ဆေဒါဒီနိ ကတွာ အဒိဿမာနော အဝဟရတိ၊ ကူဋမာနကူဋကဟာပဏာဒီဟိ ဝါ ဝဉ္စေတွာ ဂဏှာတိ၊ တဿေဝံ ဂဏှတော အဝဟာရော ထေယျာဝဟာရောတိ ဝေဒိတဗ္ဗော။ **(ပါရာဇိကကဏ်အဋ္ဌကထာ။)**

(ဃ) ကူဋမာနကူဋကဟာပဏာဒီဟီတိ အာဒိသဒ္ဒေန တုလာကူဋကံသကူဋဝဉ္စနာဒိံ သင်္ဂဏှာတိ။ **(သာရတ္ထဒီပနီ။)**

ဤ အဌကထာ, ဋီကာတို့ဖြင့်— အကြင် ရဟန်းသည် နေ့အခါ၌၎င်း ညအခါ၌၎င်း မထင်ရှားသောအသွင်ဖြင့် အိမ်တိုက်နံရံ စည်းခြံစပ် လမ်းဆုံ လမ်းစပ် ဖြိုဖျက်တိုက်ဖောက်၍ ပရပရိဂ္ဂဟိတ သဿာမိကဘဏ္ဍာတို့ကို ခိုးယူငြားအံ့၊ ထိုရဟန်းအား၎င်း,

အကြင်ရဟန်းသည်လည်း ဝိသံဝါဒန ဝဥ္စန မုသာဝါဒကို ရှေ့သွားပြု၍ ချိန်စဉ်းလဲ ခြင်စဉ်းလဲ အသပြာစဉ်းလဲ ရွှေတု ငွေတု စသည်တို့ဖြင့် တစုံတခု ဟုတ်မှန်သော ဝတ္ထုကိုပြု၍ လိမ်လည် လှည့်ဖြား ခိုးယူငြားအံ့၊ ထိုရဟန်းအား၎င်း **ထေယျာဝဟာရ** ဖြစ်သည် ဟု ပြဆိုတော်မူကြသည်။

ယင်းသို့ဖြစ်၍ စုဒိတက ရှင်ဂုဏသည် ရောင်းချစေအပ်သော ဖျင်ခဝါ သင်္ကန်း၏ ကူဋမ္စီဝရ ဖြစ်မဖြစ်ကို စိစစ်ဖွယ်ရာ ရှိသေး၍ စိစစ်ပြန်လျှင် စုဒိတက ရှင်ဂုဏသည် ရောင်းချစေအပ်သော ခဝါသင်္ကန်းများသည် ဖျင်ဟောင်းကို ချုပ်သည် ဖြစ်စေ, အသစ်စက်စက်ကို ချုပ်သည် ဖြစ်စေ, သို့မဟုတ် ဖျင်အသစ်ပင် ဖြစ်သော်လည်း အနည်းငယ် ဆွေးမြည့်နေသော ဖျင်ကို ချုပ်သည်ဖြစ်စေ ဤအထည်မျိုး ဤအရပ်ဒေသ၌ တထည်လျှင် ငါးမူး ထိုက်တန်သင့်သည်, မထိုက်တန်သင့်သည်ကို စီဝရဝါဏိဇ္ဇ,ဝေါဟာရ-ကုသလပုဂ္ဂိုလ်တို့နှင့် ညှိနှိုင်း တိုင်ပင်ရာ ထိုပုဂ္ဂိုလ်တို့က ဤအထည်မျိုး သည် ဤအခါ ဤအရပ်ဒေသ၌ အဘိုးငွေ ငါးမူး ထိုက်တန်သင့်သည်ဟု ပြောဆို ဆုံးဖြတ်ကြသည်၊ အဘိုးဖြတ်ဆိုကြသည့်အတိုင်း စိစစ်၍ ကြည့်ရှုသော် ထိုက်တန်သင့်ရာသော အကြောင်းရှိသည်။

သို့ဖြစ်၍ တမတ်တန်သော ဝတ္ထုကို တမတ်နှင့် ရောင်းချရာ၌၎င်း, ငါးမူး တန်သော ဝတ္ထုကို ငါးမူးနှင့် ရောင်းချရာ၌၎င်း, တကျပ်တန်သော ဝတ္ထုကို တကျပ်နှင့် ရောင်းချရာ၌၎င်း, ကိုယ်တိုင် ရောင်းချသော ရဟန်း, ကပ္ပိယကာရကတို့ကို ရောင်းချစေသော ရဟန်း၌ လိမ်လည် ကောက်ကျစ် စဉ်းလဲ၍ ရောင်းချသည်, ထေယျာဝဟာရ ခိုးခြင်းဖြစ်သည် ဟု မဆိုထိုက် မဆိုသင့်၊ ကောင်းမွန် ဟုတ်မှန်သော အထည်ကောင်းကို ပြ၍ မကောင်း မမှန် အဘိုးမတန်သော အထည်တို့ကို အဘိုးများစွာ ရအောင် ထိုထို ယုံကြည်ဖွယ် ပရိယာယ် အသွယ်သွယ်ဖြင့် လိမ်လည် လှည့်ဖြား၍ ရောင်းချလျှင်သာ **ထေယျာဝဟာရ** ဖြစ်သည် ဟု ဆိုဖွယ်ရာ အကြောင်းရှိ၏။

စက္ကူနှင့် ထုပ်သည် ဆိုရာမှာလည်း အထည်နှင့် အဘိုးထိုက်တန် တော်သင့်လျှင် စက္ကူနှင့် ထုပ်သည်ဖြစ်စေ, မထုပ်သည်ဖြစ်စေ ပမာဏမဟုတ်ဟု

ဆိုဖွယ်ရာရှိ၏၊ ယင်းသို့ ဆိုအပ်ခဲ့ပြီးသော အကြောင်းတို့ကြောင့် နန္ဒင်းဆိုး ဖျင်ခဝါသင်္ကန်းများကို ရောင်းချစေသော စုဒိတက ရဟန်းတော် **ရှင်ဂုဏ**၌ **ထေယျာဝဟာရ** ဖြစ်သည်ဟု မဆိုးဖြတ်သင့်၊ ထိုသို့ပင် စုဒိတက ရှင်ဂုဏကို ထေယျာဝဟာရဖြင့် မဆိုးဖြတ်သင့်သော်လည်း—

(င) "ယော ပန ဘိက္ခု နာနပ္ပကာရကံ ကယဝိက္ကယံ သမာပဇ္ဇေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ"....ဟူ၍ ပညတ်တော်မူသော သိက္ခာပုဒ်တော်ဖြင့် ရဟန်းကောင်း ရဟန်းမြတ်တို့နှင့် လားလားမှ မလျော်ကပ်, မအပ်စပ်သော ပါပဘိက္ခု အလဇ္ဇီရဟန်းတို့၏ အကျင့်ဖြစ်သော **ကယဝိက္ကယ** အမှုကို ပြုကျင့်မိမှားသော ရဟန်းအား **နိဿဂ္ဂိယပါစိတ်** အာပတ် သင့်စေ၊ ထိုအမှုဖြင့် ရအပ်သော ရွှေငွေ အနာမာသဝတ္ထုတို့ကို ထင်ရှားရှိသေးလျှင် သံဃာ ဂိုဏ်း ပုဂ္ဂိုလ်တို့တွင် တပါးပါးထံ၌ ဝိနည်းကမ်ဖြင့် စွန့်ပစ်၍ သင့်ရောက်သော အာပတ်ကို **ဒေသနာကမ်**ဖြင့် **ကုစားစေ** ဟု ပြဆို မိန့်မှာတော်မူသောကြောင့် စုဒိတက **ရှင်ဂုဏ** သည် ရဟန်းကောင်း ရဟန်းမြတ်တို့၏ အမှုအရာ အကျင့်မဟုတ်, ဖျင် ခဝါသင်္ကန်းများကို ချုပ်၍ နန္ဒင်းဆိုးပြီးလျှင် ဒါယကာတို့ကို ရောင်းချစေကြောင်း မိမိနှင့်တကွ သက်သေ သာဓကတို့ အညီအညွတ် ထွက်ဆို အစစ်ခံကြသည်ဖြစ်၍စုဒိတက ရှင်ဂုဏသည် မိမိ၌ သင့်ရောက်လျက်ရှိသော **နိဿဂ္ဂိယပါစိတ်အာပတ်** တို့ကို အများ သံဃာတော်တို့၏ ရှေ့မျက်မှောက်၌ **ဒေသနာကမ်** ဖြင့် **ကုစား**၍ ငြိမ်းစေ။

ၚင်းပြင် အာဏာစက်, ဓမ္မစက် နှစ်ရပ်တို့ဖြင့် ကြပ်တည်းစွာ ဆရာတော်တို့ သာသနာတော်မြတ်ကြီးကို သုတ်သင်ရှင်းလင်း ပြုစုနေခိုက်အခါ အတောအတွင်း၌ပင် စုဒိတက **ရှင်ဂုဏ** သည် အာဏာစက်, ဓမ္မစက်ကိုလည်း မကြောက်, သာသနာတော် ဝန်ထမ်းဖြစ်သော ဆရာတော်တို့ကိုလည်း မငဲ့မထောက်, ပညတ်သိက္ခာပုဒ်တော်ကို ကျူးလွန်ရမည်ကိုလည်း မရှက်မကြောက် ပြုလုပ်ဝံ့ရက်ရဲသူတယောက် ဖြစ်၍ နောက်နောင်ကာလ ယခုကဲ့သို့ မပြုမလုပ်ဝံ့ရန် အများသံဃာတော်တို့ သဘောတူညီပေးသော **သံဒဏ် အခေါက်ပေါင်း-၆၀** ကိုလည်း ထမ်းဆောင်စေ။

နောက်နောင်ကာလလည်း ဤကဲ့သို့ အပြစ်အနာမထင် ကင်းစင်လေအောင် သတိကြပ်ကြပ်ဆောင်၍ ကောင်းမွန်စွာ နေထိုင်ရမည်။

ဤသို့ ဆိုဆုံးမသည့်အတိုင်း ကောင်းစွာ နေထိုင်ပေလျှင် စုဒိတက ရှင်ဂုဏနှင့် အတူတကွ အများ သံဃာတော်တို့သည် သမ္မောဂ သံဝါသ

နှစ်ပါး မကွဲမပြား ရှေးအလားသို့ တသားတည်း ညီညွတ်စွာ ပေါင်းဖော် နေထိုင်ကြစေ။

ဂေါဇာသက္ကရာဇ် ၁၂၃၄-ခုနှစ် တာကူးလဆန်း ၁၁-ရက်နေ့တွင် ခုံရင်းဆိပ်ရွာ စိုးကြံ့ဘုရာမ ဂိုဏ်းအုပ်ဆရာတော်ဘုရားကြီး အမှူးရှိသော ဂိုဏ်းအုပ် ဂိုဏ်းထောက် ဂိုဏ်းသား ရဟန်းသံဃာ များစွာသော ပရိသတ် အစုံအညီ အစည်းအဝေးတွင် ခင်မွန်ရွာ သုံးဂိုဏ်းချုပ် ဆရာတော်ဘုရား ကြီးသည် ဝိနည်းကျမ်းဂန် ဓမ္မကမ်နှင့်အညီ ရေးစီဆုံးဖြတ်စေအပ်သော အဆုံးအဖြတ်တည်း။

## ဤဝိနိစ္ဆယ၌ ပါဝင်သော ပါဠိတို့၏ မြန်မာပြန်

(က) သံဃေ-သံဃာ၌၊ ဝေါဟရန္တေန-တရားဆုံးဖြတ်သော၊ သင်္ဂါ-မာဝစရေန-အဓိကရုဏ်းကို ဆုံးဖြတ်အံ့သောငှါ သံဃာ့အစည်းအဝေးသို့ သက်ဝင်လာသော၊ ဘိက္ခုနာ-ဝိနည်းဓိုရ်ရဟန်းသည်၊ ဝတ္ထု-ပါရာဇိက စသည်တို့၏ ဝတ္ထုကို၊ ဇာနိတဗ္ဗာ-သိအပ်၏၊ ဝိပတ္တိ-ဝိပတ္တိလေးပါးကို၊ ဇာနိတဗ္ဗာ-သိအပ်၏၊ အာပတ္တိ-အာပတ်ခုနစ်ပုံကို၊ ဇာနိတဗ္ဗာ-သိအပ်၏၊ နိဒါနံ-ပါရာဇိကသိက္ခာပုဒ် စသည်တို့၏ နိဒါန်းကို၊ ဇာနိတဗ္ဗံ-သိအပ်၏၊ အာကာရော-အခြင်းအရာကို၊ ဝါ-အကြောင်းအရာကို၊ ဇာနိတဗ္ဗော-သိအပ် ၏၊ ပုဗ္ဗာပရံ-ရှေ့စကား နောက်စကားကို၊ ဇာနိတဗ္ဗံ-သိအပ်၏။ပ။ ယေန ဓမ္မေန-အကြင် ဟုတ်မှန်သော သဘောဝတ္ထုဖြင့်၊ ယေန ဝိနယေန-အကြင် စောဒနာဝိနည်း သာရဏာဝိနည်းဖြင့်၊ ယေန သတ္ထုသာသနေန-အကြင် မြတ်စွာဘုရားသခင်၏ အဆုံးအမတော်တည်းဟူသော ဉတ္တိသမ္ပဒါ၊ အနု-သာဝနသမ္ပဒါဖြင့်၊ တံ အဓိကရဏံ-ထိုအဓိကရုဏ်းသည်၊ ယထာ-အကြင် အခြင်းအရာအားဖြင့်၊ ဝူပသမ္မတိ-ငြိမ်း၏၊ တထာ-ထိုအခြင်းအရာအားဖြင့်၊ တံ အဓိကရဏံ-ထိုအဓိကရုဏ်းကို၊ ဝူပသမေတဗ္ဗံ-ငြိမ်းစေအပ်၏။

(ခ) အနုဝိဇ္ဇကေန ကထံ ပဋိပဇ္ဇိတဗ္ဗန္တိ-ဟူသည်ကား၊ အနုဝိဇ္ဇကေန-မေးစိစစ်သော အနုဝိဇ္ဇက ဝိနယဓရပုဂ္ဂိုလ်သည်၊ ယေန ဓမ္မေန-ဖြင့်၊ ယေန ဝိနယေန-ဖြင့်၊ ယေန သတ္ထုသာသနေန-ဖြင့်၊ တံ အဓိကရဏံ-သည်၊ ယထာ-ဖြင့်၊ ဝူပသမ္မတိ-ငြိမ်း၏၊ တထာ-ဖြင့်၊ တံ အဓိကရဏံ-ကို၊ ဝူပသမေတဗ္ဗံ-ငြိမ်းစေအပ်၏၊ အနုဝိဇ္ဇကေန-စစ်ဆေးမေးမြန်းသော အနုဝိဇ္ဇက ဝိနယဓရ ပုဂ္ဂိုလ်သည်၊ ဧဝံ-ဤသို့၊ ပဋိပဇ္ဇိတဗ္ဗံ-ကျင့်အပ်၏။

(ဂ) ဟိ-ဝိတ္ထာရေမိ-ချဲ့ဦးအံ့၊ ယော ကောစိ-အမှတ်မရှိ တစုံတယောက်သော ရဟန်းသည်၊ သဃာမိကံ-ဥစ္စာရှင်ရှိသော၊ ဘဏ္ဍံ-ပရပရိဂ္ဂဟိတဘဏ္ဍာကို၊ ရတ္တိဘာဂေ ဝါ-ညဉ့်အဘို့၌ရင်း၊ ဒိဝသဘာဂေ ဝါ-နေ့အဘို့၌ရင်း၊ သန္ဓိစ္ဆေဒါဒီနိ-စည်းခြံစပ် တိုက်အိမ်နံရံစပ်တို့ကို ဖျက်ဖောက်ခြင်းစသည်တို့ကို၊ ကတွာ-ပြုလုပ်၍၊ အဒိဿမာနော-မထင်ရှားသော ကိုယ်အသွင်ရှိသည်ဖြစ်၍၊ အဝဟရတိ-ခိုးယူ၏၊ ဝါ-တနည်းကား၊ ကူဋမာနကူဋကဟာပဏာဒီဟိ-ချိန်စဉ်းလဲ အသပြာစဉ်းလဲ စသည်တို့ဖြင့်၊ ဝဉ္စေတွာ-လိမ်လည်လှည့်ဖြား၍၊ ဂဏှတော-ခိုးယူသောရဟန်း၏၊ အဝဟာရော-ခိုးယူခြင်းကို၊ ထေယျာဝဟာရောတိ-ထေယျာဝဟာရဟူ၍၊ ဝေဒိတဗ္ဗော-သိအပ်၏။

(ဃ) ကူဋမာနကူဋကဟာပဏာဒီဟီတိ-ကူဋမာန။ ပ။ ဒီဟိ ဟူသောပါဌ်၌၊ အာဒိသဒ္ဒေန-အာဒိသဒ္ဒါဖြင့်၊ တုလာကူဋကံသကူဋဝဉ္စနာဒိံ-တုလာကူဋ ကံသကူဋတို့ဖြင့် လှည့်ပတ်ခြင်းစသည်ကို၊ သင်္ဂဏှာတိ-သိမ်းကျုံး၏။

(င) ယော ပန ဘိက္ခု-သည်၊ နာနာပ္ပကာရကံ-အထူးထူးအပြားပြားသော၊ ကယဝိက္ကယံ-ဝယ်ခြင်း ရောင်းခြင်းသို့၊ သမာပဇ္ဇေယျ-ရောက်ငြားအံ့၊ အဿ-ထိုရဟန်းအား၊ နိဿဂ္ဂိယံ-စွန့်ခြင်းဝိနည်းကမ်ရှိသော၊ ပါစိတ္တိယံ-ပါစိတ်အာပတ်သင့်သည်၊ ဟောတိ-ဖြစ်၏။

မလဲသာရွာ ရှင်ဂုဏ ဖျင်ခဝါသက်နိမ့်မှုဖြတ်စာ

အလုံးစုံ ပြီးပြီ။

[ ခင်မှန် ဆရာတော်ဘုရားကြီး၏ ဖြတ်ထုံးတရပ်မျှကိုသာ "ရွှေကျင်နိကာယ သာသနာဝင်"ကို ကြည့်ရှုတော်မူကြအံ့သော သံဃာတော်များ နမူနာအဖြစ် သိရှိရုံ ထည့်သွင်းဖော်ပြရန် ရည်ရွယ်ခဲ့သော်လည်း ဆရာတော်ဘုရားကြီးဆုံးဖြတ်ပုံမှာ ကောင်းလှ၍ တမျိုးတဖုံ နည်းယူမှတ်သားတော်မူကြပါစေဟု သမ္မာဆန္ဒမနသိကာရ ဖြစ်ပေါ်လာပြန်သည်ဖြစ်၍ ဘုရားပွဲတော်ဖြတ်ထုံးတရပ်ကိုလည်း ဆက်လက် ထည့်သွင်းလိုက်ပါသည်။]

## ၁၂၃၄-ခုနှစ် ဒုတိယမြောက် ဖြတ်ထုံး

## ဘုရားပွဲတော်မှု ဖြတ်စာ

ခုံရင်းဆိပ်ရွာ စိတြာရာမဆရာတော်ကြီး အမိန့်ရှိလိုက်သည် ငါ့ရှင် ခင်မွန်ဂိုဏ်းချုပ်....မလဲသာရွာ တောကျောင်းနေ ရှင်ဂုဏဥ္ဓ သုတစောဒ-နာမှုတရပ်, ရွှေစေတီဘုရားပွဲတော်မှုတရပ်, မလဲသာရွာအုပ် **ငရေချမ်း**က တောကျောင်းနေ ရှင်ဂုဏအပေါ်၌ "ပဟာရဒါန သိက္ခာပုဒ်"ဖြင့် စွပ်စွဲသောအမှုတရပ်, ရပ်ရွာသားချင်း ခိုက်ရန်ဒေါသဖြစ်၍ မသင့်မတင့် ကွဲပြားနေကြသော အမှုတရပ်, ကျောင်းမှုတရပ် ဤအမှုငါးရပ်တို့ကို ငါ့ရှင် ဂိုဏ်းချုပ်ထံသို့ ဂိုဏ်းအုပ်ဂိုဏ်းထောက်တို့ အစုံအညီပြုလုပ်၍ လွှဲအပ်လိုက်သည်၊ ငါ့ရှင် ဤအမှုများကို ဆုံးဖြတ်စေလိုသည်၊ ငါ့ရှင် မလဲသာရွာသို့ မလာမရောက်နိုင်လျှင် စောဒက စုဒိတက သက်သေဝင်ပုဂ္ဂိုလ်တို့ကို ရွာအုပ် ငရေချမ်းက အရောက်ပို့ပါမည်ဟု တာဝန်ခံသည်၊ ငါ့ရှင်လာရောက်၍ ဂိုဏ်းအုပ်ဂိုဏ်းထောက်တို့နှင့် အစုံအညီ ပြုလုပ်၍ ဆုံးဖြတ်စီရင်နိုင်လျှင် ဤအမှုများတခါတည်း ပြီးပြတ်လိမ့်မည် ထင်သည်၊ ဂိုဏ်းအုပ်ဂိုဏ်းထောက်တို့ ဤအမှုများကို မစီရင်နိုင်, မစီရင်ဝံ့ကြ၊ ဆုံးဖြတ်ဉာဏ်လည်း မပိုင်၊ ရပ်ရွာကိုလည်း မနိုင်၊ သံဃာချင်းလည်း သမဂ္ဂသမောဓာန မဖြစ်ကြ၊ ရွှေစေတီဘုရားပွဲတော်မှုမှာ ရပ်ရွာနေ ဒကာတို့က လျှောက်ထား၍ အများသံဃာတော်တို့ သဘောတူညီ ချထားသောနေရာကို သဘောတူညီကြပါသည်ဟု ဝန်ခံကြပြီးမှ တဖက်တလမ်းပြုလုပ်ကြသူ ဒါယကာ **ငပိုက်, ငပိန်, ငဖိမ့်, မိကြွယ်**တို့က တိုက်တွန်းကြ၍ ရှင်ဂုဏ၏တပည့် သာမဏေ **ဝိလာသ**ဆိုသူက စာရေးပေးသည်၊ ၎င်းစာလွှာကို ပရိသတ်အလယ်၌ ဖတ်၍ ဂိုဏ်းထောက်ဆရာ **ရှင်သြဘာသ**ကို အကာလ အဋ္ဌာန စောဒနာသဘောမျိုးဖြင့် အရှက်တကွဲအကျိုးနည်းအောင် ဆဲရေး ပုတ်ခတ် စွပ်စွဲပြုလုပ်ကြသည်၊ သံဃာတော်များ သဘောတူ ချထားသော နေရာ၌ မဟုတ်ပဲ အခြားသောနေရာများ၌ ဘုရားပွဲပြုလုပ်၍ ပင့်ဘိတ်ရာသို့ လိုက်ပါသောရဟန်းများကို ပါတိမောက်အုပ် ဘုန်းကြီးများသို့အပ်၍ ဒဏ်ချုပ်နှင့်ထားသည်၊ ၎င်းအကြောင်းအရာများကို စစ်တမ်းစစ်ချက်ပြုလုပ်၍ ပေးပို့လွှဲအပ်လိုက်သည်၊ ငါ့ရှင်လာရောက်၍ ကိုယ်တိုင် စစ်ဆေး မေးမြန်းပြီးလျှင် တခါတည်းနှင့် အမှုအရပ်ရပ်ကို ပြီးပြတ်အောင် စီရင်ဆုံးဖြတ်စေလိုသည် ငါ့ရှင် ခင်မွန်ဂိုဏ်းချုပ်။

ယင်းသို့လျှင် ခုံရင်းဆိပ် စိတြာရာမ ဆရာတော်ဘုရားကြီး အမှူးရှိသော ပုဂ္ဂိုလ်တို့က လွှဲအပ်တော်မူသည်ဖြစ်ရာ အရပ်ရပ်သောအမှုကို ပြီးပြတ်အောင် ဆုံးဖြတ်ရမည်ဖြစ်၍——

(က) "သင်္ဂါမာဝစရေန ဘိက္ခုနာ သံဃံ ဥပသင်္ကမန္တေန နီစစိတ္တေန သံဃော ဥပသင်္ကမိတဗ္ဗော ရဇောဟရဏသမေန စိတ္တေန၊ အာသန-ကုသလေန ဘဝိတဗ္ဗံ။ပ။န ဆန္ဒာဂတိ ဂန္တဗ္ဗံ၊ န ဒေါသာဂတိ ဂန္တဗ္ဗံ၊ န ဘယာဂတိ ဂန္တဗ္ဗံ၊ န မောဟာဂတိ ဂန္တဗ္ဗံ၊ မဇ္ဈတ္တေန ဘဝိတဗ္ဗံ ဓမ္မေသု စ ပုဂ္ဂလေသု စ၊ ဧဝဉ္စ ပန အနုဝိဇ္ဇကော အနုဝိဇ္ဇမာနော သတ္ထု စေဝ သာသနကရော ဟောတိ၊ ဝိညူနဉ္စ သဗြဟ္မစာရီနံ ပိယော စ ဟောတိ မနာပေါ စ ဂရု စ ဘာဝနီယော စ"-ဟူ၍ မိန့်ဆိုပြသ ဆုံးမတော်မူအပ်သော **စူဠသင်္ဂါမ သြဝါဒကထာ** ဒေသနာတော်ကို ဦးထိပ်ရွက် ပန်ဆင်ပြီးလျှင် ကျေးရွာနေ ဒါယကာ, ဒါယိကာမတို့ကို ရှေးဦးစွာ သရဏဂုံနှင့်တကွ ပဥ္စသီလကို ခံယူဆောက်တည်စေပြီး၍ စောဒက စုဒိတက သက်သေဝင် ပုဂ္ဂိုလ်တို့ကို တယောက်ချင်း သစ္စာတော်ကျမ်းကို ထမ်းရွက်စေ၍ စစ်ဆေးမေးမြန်းသောအခါ——

ဘုရားတပည့်တော် မလဲသာရွာ တောင်ရပ်နေ ဒကာ, ဒကာမအများတို့ နှစ်ပါးသောစက်စုံ ကြာပဒုံကို လက်စုံချီမိုး သက္ကစ္စရိုကျိုးလျက် ရှိခိုးဝပ်တွား လျှောက်ထားဝံ့ပါသည် ဂိုဏ်းထောက်ဆရာ ဦးသြဘာသ အရှင်မြတ်ဘုရား။

"တေန ဘိက္ခုနာ ယတ္ထ ဣစ္ဆထ၊ တတ္ထ ဒေထာတိ ဝတ္တဗ္ဗံ" ကျမ်းဂန်အလာ ဒေသနာဖြင့် ဒါယကာတို့ လိုရာဒေသ ရပ်ဌာနၠ စတုပစ္စယ စသည်များစွာ ဝတ္ထုလှူကို သဒ္ဓါကြည်ဖြူ ပေးလှူဒါန ပူဇော်ကြဟု ညွှန်ပြဆိုအပ်ပါသည်။ ယခု တပည့်တော်တို့ရွာ မလဲသာမှာ ဒကာချင်းချင်း ခိုက်ရန်ငြင်း၍ ပျက်ခြင်းအကြောင်း မကောင်းဒေါသ ပဋိဃမှာ "နေဝ အတ္တနော န ပရေသံ ဟိတံ အဘိရာဓယတိ" စရှိမိန့်ဟန် ကျမ်းဂန်အရ အဟိတတရားဒေါသများ၍ ဖြစ်ပွါးသော ဘုရားပွဲတော်မှုမှာ သုံးလူ့ကြင်နှန်း မာရဇိန်ထိပ်ပန်းတို့ ချီးမွမ်းတော်မမူဘိ သို့ပင်ရှိလည်း "သော ဟိ ပုထူနံ နာနာပ္ပကာရာနံ ကိလေသာဒီနံ ဇနနာဒီဟိ ကာရဏေဟိ ပုထဇ္ဇနော" မိန့်ဟောအရ ဒေါသခိုက်ရန် ပုထုဇန်အစစ် ဖြစ်ကြသည့်အလျောက် တယောက်တဦး မနှူးမနပ် ပဋိဃတ်ကို အမြတ်ဆိုကျင့်ကြမှ အရပ်ဆိုသင့်

ကြမှ လောကစကား ထောက်ထားနာမှတ် သဘောမြတ်ဖြင့် ပယ်ဖြတ်လိုက်သောဆန္ဒ ရှိမူကလျှင် ရောယှက်ထွေလာ မရှိရာပဲ "မာတာ ယထာ နိယံပုတ္တ-မာယုသာ ဧကပုတ္တမနုရက္ခေ" မိန့်ဖွေသည့်စကား မြတ်တရားကဲ့သို့ အများတကာ ဒါယကာတို့ မေတ္တာဓမ္မ သက်ဝင်ကြမည် စိတ်ကရည်၍ နည်းမှီပြုလျက် ကုသိုလ်တရား ကောင်းသည်များကို ကြိုးစားအားသင့် ပြုကျင့်ကြမည် ဘုရားမုခပါဠ် "မင်းဝေဿန်ဇာတ် မဟာနိပါတ်" တွင် မင်းမြတ်ဝေဿန္တရာ သက်မေတ္တာကြောင့် ကပ္ပါရန်ဘက် ကြွက်နှင့်ကြောင်ဖား ကျားနှင့်သမင် ခင်ပုတ်ကျီးငှက် မေတ္တာသက်၍ စုံမက်နှစ်ထောင်း ပေါင်းဖော်ကြည်နူး ဖြစ်ဘူးသည်တဝ "အကောဓေန ဇိနေ ကောဓံ"ကျမ်းဂန်အပြ ဓိပ္ပါယမှာ ဇောခဏမေတ္တာ အဒေါသစေတနာကြောင့် ရာဇာသနင်း ဥဒိန်(တိန်)မင်း၏ ရန်ခပင်းလေးညှတ်မှ ကင်းလွတ်သည့်နန်းညာ မဟေသီခေါင်ချာ မယ်ဝတီသာမာသို့ ပုံပမာနှုန်းဝတ္ထုထုံးကို နှလုံးကြပ်ကြပ် သဘောကပ်၍ တောင်ရပ်သား မြောက်ရပ်သား ကျေးရွာနေဒကာများတို့ သနားနှစ်သက် မေတ္တာယှက်၍ ပေါင်းဖက်စေလိုလျှင် ချိုချိုသာသာ ပွါးမေတ္တာဖြင့် ဩဇာကောင်းသင့်ပါသည်။

အရှင်မြတ်ဩဇာကို နာယူရှက်ဆင်၍ ဘောဇဉ်ခဲဖွယ် အသွယ်သွယ်ဝတ္ထုလည်း ညစ်ညူပုပ်သိုး ဟောင်းဆိုးနွမ်းကြီး၍ ပျက်စီးသည်များစွာ ဖြုဟ္မာလူနတ် ဘုံသုံးရပ်တို့၏ အမြတ်သင်းကျစ် ဓမ္မရာဇ်သည် နှစ်သက်ကြီးစွာ ကရုဏာကြောင့် ဒါယကာအမ္ဗဋ္ဌ မာနဝလုလင်၏လိုအပ် ကိုယ်တော်မြတ်၏ အင်္ဂါဇာတ်ကို တူလတ်အောင် ဖန်ဆင်း၍ ပြလင်းသည့်စကားကို မင်းဖျား မိလိန် စော့နရိန်က နာဂသိန်မည် မြတ်မထေရ်ကို လျှောက်သည့်အခါ ဘုရား၏ ကရုဏာသည် သတ္တဝါပုဂ္ဂိုလ် ကျွတ်မည်ဆိုလျှင် ကိုယ်တော်မြတ် နှလုံးသားကိုပင် ပြင်ြားတော်မူတန်ဟု ဖြေပြန်သည့်ပုံတထွေ "ဗုဇ္ဈနကေ သတိ ဇီဝိတနိမိတ္တမ္ပိ ဟာဒယမံသံ ဒသေယျာတိ အဓိပ္ပါ-ယော" မိန့်ဟောသည့်အရကို သဘောကထောက်ရှု၍ နူသေးသော သတ္တ-ဝါ တပည့်တော် ဒါယကာတို့ကို "အသာဓုံ သာဓုနာ ဇိနေ" မိန့်ထွေအရ "ဟာဒယံ ဂစ္ဆတိ သုခေန စိတ္တံ ပဝိသတီတိ ဟာဒယင်္ဂမာ" လာရှိအရ တမ္ဗပမာ အင်္ဂုလိဝေဌနာကာရ သောတပသာဒဍ် သုခဖြစ်ပွါး မြတ်တရားကို ဟောကြားပြသ ဆုံးမတော်မူပါလျက် မေတ္တာပန်းပေါင်းနှေ့စဉ်လောင်း၍ ဖြောင်းပြသင့်ပါသည်။ လိုအင်မကျ စိတ်လိုဆန္ဒ ငါ

တော်လျှင် ကောင်းရော့ပဟု ကြောင်းကျိုးမရှု ကရုဏာကင်းပ နေရာကျ မဟောပဲ သဘောတော်ကြီးလှအောင် နှောင်ကျိုးကို ရှုမြော်၍ ဆုံးမ တော်မူပါ ဂိုဏ်းထောက်ဆရာ ဦးဩဘာသ အရှင်မြတ်ဘုရား။

ဤအထက်ပါ စာလွှာကို ဂိုဏ်းထောက်ဆရာ ရှင်ဩဘာသက ပရိသတ်အလယ်တွင် တင်ပြပြီးလျှင် ဤစာလွှာ၏ အဓိပ္ပါယ်သဘောအရကို ဆင်ခြင်တော်မူပါဟု လျှောက်ထားသောကြောင့် ၎င်းစာလွှာ၏ အဓိပ္ပါယ်သဘောကို ဆင်ခြင်သော် "ပရိဏာတ အရိပ်အယောင်, ဝစီပဂဗ္ဘ, ဘဏ္ဍာဒေယျ, ဣဿရိယမာန, အနတ္တဓမ္မဒဿီ, နိဂ္ဂါရုဏိက, ဖရုသဝါစီ ပဂ္ဂါပေက္ခန" စသည်ဖြင့် ဂိုဏ်းထောက်ဆရာ ရှင်ဩဘာသကို ပရိသတ်အလယ်၌ ဆဲရေးပုတ်ခတ်လို၍ ဆိုသောစကားဟု နေယျတ္ထ, ဗျတိရေက အားဖြင့် သိသာထင်ရှားသောကြောင့် စာရေးသူ, စာဖတ်ရန်နှင့် စာရေးရန် တိုက်တွန်းစေခိုင်းသူ, စာဖတ်သူ, စာရေးရန် နည်းပြသင်ကြားပေး သူတို့ကို အသီး အသီး စစ်မေးလျှင်——

၁။ **စာရေးသူ သာမဏေ ဝိလာသ ထွက်ဆိုချက်။** ။မလဲသာရွာ တောင်ရပ်နေ ဒါယကာငပိန်, မိကြွယ်ဆိုသူတို့က ၎င်းရပ်နေလူတို့ စကားနှင့် တောင်းပန်သောကြောင့် တပည့်တော် ရေးသားမိပါသည်၊ ၎င်းစာ၏ အနက်အဓိပ္ပါယ်မှာ အရှင်ဘုရားတို့က နေရာမကျဟုဆိုလျှင် တပည့်တော် မှားပါတော့သည်ဘုရား။

၂။ **စာဖတ်စေသူ ငပိုက် ထွက်ဆိုချက်။** ။တပည့်တော်က ဒါယကာ ငဖိမ့်ဆိုသူကို စေခိုင်း၍ စာဖတ်ပါသည်၊ တောင်ကျောင်းဆရာ ဦးဂုဏ တပည့် သာမဏေ ဝိလာသတို့ကို စာရေးပေးပါဟု မခိုင်းရ ပါဘုရား။

၃။ **ဒါယကာ ငပိန် ထွက်ဆိုချက်။** ။တောင်ရပ် မြောက်ရပ် အကွဲအပြား မရှိရအောင် ဂိုဏ်းချုပ်ဆရာတော်ကို တရားဟောတော်မူပါဟု လျှောက်ထားရန် စာတစောင်ကို ရေးပေးပါဟူ၍သာ စေခိုင်းမိပါသည်၊ ဂိုဏ်းထောက်ဆရာတော်ကို ပုတ်ခတ်သောစာကို ရေးပေးပါဟု မခိုင်းရ ပါဘုရား။

၄။ **ဒါယိကာမ မိကြွယ် ထွက်ဆိုချက်။** ။တပည့်တော်မသည် ဥပုသ် စောင့်နေရာ ဦးပိန်ဆိုသူက ကျောင်းသား သူငယ် ငမိုးကို စေလွှတ်ခေါ်

လာသောကြောင့် လိုက်ပါသွား၍ စာဖတ်သံကို နားထောင်မိပါသည်၊ ကိုရင်ဝိလာသကို စာရေးပါဟု မခိုင်းရပါဘုရား။

၅။ **ရှင်ဂုဏ ထွက်ဆိုချက်။** ။တပည့်တော်သည် စာရေးသည်ကို လည်း သိပါ၏၊ စာဖတ်သံကိုလည်း ကြားပါ၏၊ စာရေးပါဟူ၍လည်း မစေခိုင်း၊ စာဖတ်ပါ ဟူ၍လည်း မစေခိုင်း၊ မရေးနှင့် မဖတ်နှင့် ဟူ၍ လည်း မတားမြစ်ပါဘုရား။

၆။ **မြင်တွင်ဦးပဒုမ ထွက်ဆိုချက်။** ။မလဲသာရွာ တောင်ကျောင်း နေ ရှင်ဂုဏသည် စာဖတ်သူ ဒါယကာ ငဖိမ့်ကို ပရိသတ်အလယ်၌ စာ ဖတ်ရလိမ့်မည်၊ မကြောက်ပါနှင့်ဟု ပြောဆိုသည်ကို တပည့်တော် ကြား သိရပါသည်ဘုရား။

ဤသို့ အသီးအသီး ထွက်ဆို အစစ်ခံကြသည်ဖြစ်၍ သာမဏေဝိလာသ ရေးစီသော စာဖြင့် ဂိုဏ်းထောက်ဆရာ ရှင်ဩဘာသကို ပရိဏတသိက္ခာ ပုဒ်ဖြင့် စွပ်စွဲစောဒနာရာ ရောက်၍ ထိုဂိုဏ်းထောက်ဆရာ ရှင်ဩဘာသ၌ စွပ်စွဲကြသည့်အတိုင်း ပရိဏတသိက္ခာပုဒ်တော်နှင့် ငြိစွန်းသည်, မငြိစွန်း သည်ကို ဆင်ခြင်လျှင်—

၇။ **ရှင်ဂုဏ ထွက်ဆိုချက်။** ။တပည့်တော်သည် နှစ်စဉ် မပြတ် ကျင်းပ ပြုလုပ်မြဲဖြစ်သော နေရာ၌သာ သဘောတူပါသည်ဘုရား။

၈။ **ကျေးရွာသားများ ထွက်ဆိုချက်။** ။ဘုရားပွဲတော်နှင့် ပတ်သက် ၍ မလဲသာရွာတွင် တောင်ရပ်, မြောက်ရပ် ကွဲပြားကြပြီးလျှင် တယောက် နှင့်တယောက် မသင့်မတင့် ခိုက်ရန်ဒေါသ ရိုက်နှက်ပုတ်ခတ်ကြသည်ဖြစ်၍ ဘုရားတပည့်တော်တို့က ခုံရင်းဆိပ်ရွာ စိတြာရာမ ဂိုဏ်းအုပ်ဆရာတော်ကြီး အမှူးရှိသော အများသံဃာတော်တို့ သဘောတူညီမျှထားသော နေရာတ ခုခု၌ ဘုရားပွဲတော်ပြုလုပ်ပါမည်၊ ညွှန်ကြားတော်မူကြပါဟု လျှောက်ထား ရာ အများသံဃာတော်တို့က ဘုရားပွဲပြုလုပ်ရန် နေရာကို သဘောတူညီ ချထားကြပါသည်၊ ဒါယကာများကလည်း သံဃာတော်တို့ သဘောတူညီ ချထားသောနေရာကို သဘောတူကြပါသည်ဟု ဝန်ခံကြပါသည်၊ သံဃာ တော်များလည်း အချင်းချင်း သံဃာတော်တို့ သဘောတူညီချထားသော နေရာမဟုတ်၊ တပါးသောနေရာ၌ ဘုရားပွဲပြုလုပ်၍ ဒါယကာတို့ ပင့်ဖိတ် လာလျှင် မလိုက်ရ၊ လိုက်သောပုဂ္ဂိုလ်များကို ဂိုဏ်းထောက်ဆရာနှင့် ပါတိ မောက်အုပ် ဘုန်းတော်ကြီးများက ကြပ်မ၍ သံဒဏ် အခေါက်ပေါင်း

ခြောက်ဆယ်ကို ထမ်းဆောင်စေရမည်ဟု ကတိကဝတ် ပြုလုပ်ထားကြသည်၊ အချို့ပုဂ္ဂိုလ်များကလည်း ကတိကဝတ်ကို ဖျက်၍ လိုက်ကြသောကြောင့် သံဒဏ်ထမ်းရသည်ဟု ကြားသိရပါသည်၊ သံဃာတော်၏ ရှေ့မှောက်၌ သဘောတူ ဝန်ခံပြီးမှ ဒါယကာ ငပိုက်, ငပိန်, ငဖိမ့်အစရှိသော အချို့လူတစုတို့က နှစ်စဉ်ကျင်းပပြုလုပ်မြဲ နေရာ၌သာ သဘောတူညီနှစ်သက်ကြောင်းကို ပြောဆိုပြုလုပ်ကြ၍ တကွဲတပြား မသင့်မတင့် ဖြစ်ကြရပါသည်ဘုရား။

ဤအထက်ပါ အစစ်ခံချက် စကားနှစ်ရပ်တွင် တောင်ကျောင်းဆရာ ရှင်ဂုဏ, ဒါယကာ ငပိုက်, ငပိန်, ငဖိမ့်တို့ထွက်ချက် အစစ်ခံစကားရပ်၌ နှစ်စဉ်ပြုလုပ်မြဲနေရာ၌သာ သဘောတူကြပါကြောင်း ပါရှိသောကြောင့်—

(ခ) စေတိယဿ ပရိဏတံ အညစေတိယဿ ဝါ သံဃဿ ဝါ ပုဂ္ဂလဿ ဝါ ပရိဏာမေတိ၊ အာပတ္တိ ဒုက္ကဋဿ။ **(ပါရာဇိကဏ်ပါဠိတော်။)**

ဤပါဠိတော်ဖြင့် စေတီတော်တဆူအား လှူဒါန်းပူဇော်ကြကုန်အံ့ဟူ၍ ရည်ညွှန်းပြီး, စိတ်ညွတ်ပြီးဖြစ်သော ဆွမ်းခဲဖွယ်ဘောဇဉ်စသော ပစ္စည်းတို့ကို တပါးသော စေတီတော်အားရင်း, သံဃာတော်အားရင်း, ပုဂ္ဂိုလ်အားရင်း လှူဒါန်းပူဇော်ကြလေ့ဟု ညွတ်စေ, လှူစေသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေဟူ၍ မိန့်ဆိုတော်မူသည်၊ သို့ဖြစ်၍ ယခုအမှု၌ ဂိုဏ်းထောက်ဆရာ ရှင်သြဘာသသည် နှစ်စဉ်ပြုလုပ်နေကျနေရာမှ ပြောင်းရွှေ့၍ နေရာချထားသော ပုဂ္ဂိုလ်တို့တွင် အပါအဝင် အကြီးအကဲဖြစ်၍ ပရိဏတသိက္ခာပုဒ်၏ အန္တရာပတ်ဖြစ်သော ဒုက္ကဋ်အာပတ္တိဒေါသမှ မလွတ်သကဲ့သို့ ထင်ဖွယ်ရာရှိ၏၊ သို့ ထင်ဖွယ်ရာရှိသော်လည်း—

(ဂ) အနာပတ္တိ ကတ္ထ ဒေမာတိ ပုစ္ဆိယမာနော ယတ္ထ တုမှာကံ ဒေယျဓမ္မော ပရိဘောဂံ ဝါ လဘေယျ ပဋိသင်္ခါရံ ဝါ လဘေယျ စိရဋ္ဌိတိကော ဝါ အဿ၊ ယတ္ထ ဝါ ပန တုမှာကံ စိတ္တံ ပသီဒတိ၊ တတ္ထ ဒေထာတိ ဘဏာတိ။ **(ပါရာဇိကဏ်ပါဠိတော်။)**

(ဃ) သစေ ပန ဒါယကာ မယံ သံဃဿ ဘတ္တံ ဒါတုကာမာ၊ စေတိယဿ ပူဇံ ကာတုကာမာ၊ ဧကဿ ဘိက္ခုနော ပရိက္ခာရံ ဒါတုကာမာ၊ တုမှာကံ ရုစိယာ ဒဿာမ၊ ဘဏထ ကတ္ထ ဒေမာတိ ဝဒန္တိ၊ ဧဝံ ဝုတ္တေ တေန ဘိက္ခုနာ ယတ္ထ ဣစ္ဆထ၊ တတ္ထ ဒေထာတိ ဝတ္တဗ္ဗံ၊ သစေ ပန ကတ္ထ ဒေမာတိ ပုစ္ဆန္တိ၊ ပါဠိယံ အာဂတနယေနေဝ ဝတ္တဗ္ဗံ။ **(ပါရာဇိကဏ်အဋ္ဌကထာ။)**

(င) ကတ္ထ ဒေမာတိအာဒိနာ စေကေနာကာရေန ပါဠိယံ အနာပတ္တိ ဒဿိတာ၊ စေ ပန အပုစ္ဆိတေပိ အပရိဏတံ ဣဒန္တိ ဇာနန္တေန အတ္တနော ရုစိယာ ယတ္ထ ဣစ္ဆတိ၊ တတ္ထ ဒါပေတုံ ဝဋ္ဋတီတိ တီသုပိ ဂဏ္ဌိပဒေသု ဝုတ္တံ။ ယတ္ထ ဣစ္ဆထ၊ တတ္ထ ဒေထာတိ ဝုတ္တေပိ တုမှာကံ ရုစိယာတိ ဝုတ္တတ္တာ ယတ္ထ ဣစ္ဆတိ၊ တတ္ထ ဒါပေတုံ လဘတိ။ **(တေရသကဏ်ဋီကာ။)**

ဤ ပါဠိတော်, အဋ္ဌကထာ, ဋီကာပါဌ်တို့ဖြင့် မြို့ရွာနေ ဒါယကာ ဒါယိကာမတို့က တပည့်တော်တို့သည် သံဃာတော်အား ဆွမ်းကို လှူဒါန်းလိုကုန်ပါသည်၊ စေတီတော်မြတ်အား ဆီမီးစသည်တို့ဖြင့် ပူဇော်လိုကုန်ပါသည်၊ ရဟန်းတပါးအား သင်္ကန်းစသော ပရိက္ခရာကို လှူဒါန်းလိုပါသည်၊ အရှင်မြတ်၏ အလိုသဘောဖြင့် အရှင်မြတ်လှူလိုရာကို လှူဒါန်းကြပါမည်၊ မိန့်တော်မူပါဟူ၍ လျှောက်လာကြလျှင် ထိုရဟန်းသည် သင်တို့အလိုရှိရာ သဒ္ဓါကြည်ဖြူရှိရာ စေတီတော်, သံဃာတော်, ဂိုဏ်း, ပုဂ္ဂိုလ်တို့၌ လှူဒါန်း ပူဇော်ကြလေဟု ပြောဆိုညွှန်ကြားရမည်၊ သို့မဟုတ် အရှင်မြတ်နှစ်သက်ရာကို လှူပါမည်ဟုဆိုသောကြောင့် ရဟန်းက မိမိကြည်ညိုနှစ်သက်ရာ တခုခုကို ညွှန်ကြားရမည်၊ သို့မဟုတ် ဒါယကာတို့က အဘယ်အရပ်၌ လှူဒါန်းရပါမည်နည်းဟု မေးလာလျှင် အကြင်အရပ်၌ သင်တို့၏ လှူဖွယ် ဝတ္ထုသည် သုံးဆောင်ခြင်းကိုရင်း, ပြုပြင်ခြင်းကိုရင်း ရရာ၏၊ ရှည်မြင့်စွာ သော်လည်း တည်ရာ၏၊ အကြင်အရပ်၌ သင်တို့၏ သဒ္ဓါကြည်ညိုစိတ်သည် ဖြစ်၏၊ ထိုအရပ်၌ (ဝါ) ထိုထို စေတီတော်, ဂိုဏ်း, သံဃာ, ပုဂ္ဂိုလ်တို့တွင် တပါးပါး၌ လှူကြလေဟူ၍ ညွှန်ကြားရမည်။ ထိုသို့ ဒါယကာ, ဒါယိကာ မတို့ လာရောက်လျှောက်ထား၍ ညွှန်ကြားသောရဟန်းအား ပါစိတ်,ဒုက္ကဋ် အာပတ်တို့တွင် တစုံတရာ အာပတ္တိဒေါသ မရောက်-ဟူ၍ ပြဆိုတော်မူကြ သည်။

ယင်းသို့ဖြစ်၍ ယခုအမှု၌လည်း ဗေဒင်, ပိဋက ကျမ်းဂန်အရပ်ရပ် တို့၌ လိမ္မာပြွမ်းတီး တတ်ကြီး တတ်တော်မူလှသော ခုံရင်းဆိပ်ရွာ **စိတြာ-ရာမ ဂိုဏ်းအုပ်ဆရာတော်ဘုရား** အကြီးအမှူး ဦးစီးနာယက ပြုလုပ်သော အလုပ်ဖြစ်သည်၊ ထိုဆရာတော်ဘုရားကြီး ကိုယ်တော်တိုင်ကပင် ကျေးရွာ သားများ လျှောက်ထားကြသောကြောင့် ခိုက်ရန်ဒေါသမဖြစ် သင့်တင့် ညီညွတ်ကြရန် အများသံဃာတို့ သဘောတူ နေရာချထားကြသည်၊ ထီး တံခွန် ကုက္ကား မုလေး ကြက်လျှာ ဆွမ်း ခဲဖွယ် ဘောဇဉ်တို့ကို ဒါယကာတို့

သဒ္ဓါကြည်ဖြူရှိရာကို စိတ်ကရည်ရော်၍ လှူဒါန်းပူဇော်ကြရမည်ဟု စေခိုင်းကြောင်းကို မိန့်ဆိုသောကြောင့်ငင်း, အများသံဃာတော်တို့နှင့် ကျေးရွာသား သံဃာတော်ချထားသောနေရာကို သဘောတူသော သွေးသောက်ကြီး, ရွာအုပ်သူကြီး အစရှိသော သူများကလည်း ဤအတိုင်းပင် တညီတညွတ်တည်း ထွက်ဆိုကြသောကြောင့်ငင်း, ပြဆိုအပ်ခဲ့ပြီးသော ပါဠိတော် အဋ္ဌကထာ ဋီကာတို့ဖြင့် စုဒိတက ဂိုဏ်းထောက်ဆရာ ရှင်သြဘာသသည် ပါစိတ်အာပတ်, ဒုက္ကဋ်အာပတ်တို့တွင် တစုံတရာ အာပတ္တိဒေါသမထင် ကင်းစင်လွတ်မြောက်သည်။

ငင်းပြင် သံဃာတော်တို့ သဘောတူညီ ချထားသောနေရာကို သဘောတူညီ နှစ်သက်ကြပါသည်ဟု ဝန်ခံပြီးမှ သံဃာတော်၏ အမိန့်အာဏာကို လွန်ဆန်၍ တဖက်တလမ်းပြုလုပ်ကြသူ ဒါယကာ ငပိုက်, ငပိန်, ငဖိမ့်, မိကြွယ် အမှုးရှိသောသူတို့က တိုက်တွန်းစေခိုင်း၍ သာမဏေဝိလာသ ရေးသားသော စာလွှာ၌ ''အရှင်မြတ်သြဇာကို နာယူရွက်ဆင်၍ ဘောဇဉ် ခဲဖွယ် အသွယ်သွယ်ဝတ္ထုလည်း ညစ်ညှပုပ်သိုး ဟောင်းဆိုးနွမ်းကြီး၍ ပျက်စီးသည်များစွာ''ဟူသော စကားရပ်ဖြင့် ဂိုဏ်းထောက်ဆရာ ရှင်သြဘာသကြောင့် များစွာသော ဆွမ်းခဲဖွယ်ဘောဇဉ်တို့ ပျက်စီးရသည်ဟု အဓိပ္ပါယ်ရ၍ စုဒိတက ရှင်သြဘာသကို ဘဏ္ဍာဒေယျဖြင့် စောဒနာရာ ရောက်သည်၊ သို့ပင် ဘဏ္ဍာဒေယျဖြင့် စောဒနာသော်လည်း ပျက်စီးဆုံးပါးလေသော ဆွမ်းခဲဖွယ်ဘောဇဉ်တို့သည် ရှင်သြဘာသကြောင့် ပျက်စီးရသည် မဟုတ်၊ သံဃာတော်တို့၏ အမိန့်အာဏာကို လွန်ဆန်သောသူတို့၏ မလိမ္မာသည့် အတွက်ကြောင့်သာ ပျက်စီးရခြင်း ဖြစ်သည်၊ ဝိနည်းကျမ်းဂန်တို့၌လည်း ပစ္စည်းရှင်ကြောင့် ပျက်စီးဆုံးပါးသော ပစ္စည်းများကို ရဟန်းက ဘဏ္ဍာစား ပေးလျော်ရမည်ဟု မလာ မပါ၊ သို့ကြောင့် ဂိုဏ်းထောက်ဆရာ ရှင်သြဘာသသည် ဘဏ္ဍာဒေယျမဖြစ်ဟူ၍သာ မှတ်ရမည်။

ငင်းပြင် တောင်ကျောင်းဆရာ ရှင်ဂုဏသည် အများသံဃာတို့ဘက်သို့ မလိုက်၊ ခိုက်ရန်ဖြစ်ပွါးအောင် ဒါယကာများကို အားပေးအားမြှောက် ပြုလုပ်နေသည်ဟု အဆိုရှိ၍ ရှင်ဂုဏ၏ အစစ်ခံထွက်ဆိုချက် စကားရပ်စုကို ဆင်ခြင်လျှင် ''တပည့်တော်မှာ ပြုလုပ်နေကျ နေရာ၌သာ သဘောတူပါသည်''ဟူသော စကားတရပ်, ''စာရေးသည်ကိုလည်း သိပါ၏၊ စာဖတ်သံကိုလည်း ကြားပါ၏၊ စာရေးလည်း မခိုင်း၊ စာဖတ်လည်း မခိုင်း၊ စာရေး

စာဖတ်သည်ကိုလည်း မတားမြစ်” ဟူသော စကားတရပ် ဤစကားနှစ်ရပ်တို့ဖြင့် ရှင်ဂုဏသည် မိမိက ရဟန်းတပါးဖြစ်လျက် ရဟန်းသံဃာများနှင့် စိတ်နေစိတ်ထား သဘောကွဲပြား၍ ဂိုဏ်းထောက်ဆရာအား ဆဲရေးပုတ်ခတ်ရန် ဒါယကာများကို အားပေးအားမြှောက် ပြုလုပ်ကြောင်း ထင်ရှားသည်၊ အကယ်၍ အားပေးအားမြှောက်မဟုတ်လျှင် မိမိကျောင်း၌ရှိသော သာမဏေဝိလာသ မသင့်မတင့် စာရေးသည်ကို သိမြင်ပါလျက် တားမြစ်ဆုံးမဘို့ရာ ရှိသည်၊ မိမိအလုပ်အကျွေး ဒါယကာများကိုလည်း လိမ္မာယဉ်ကျေးအောင် ဆုံးမဘို့ရာရှိသည်၊ မြင်တွင်ဘုန်းကြီး ဦးပဒုမကလည်း ရှင်ဂုဏသည် ဒါယကာများကို အားပေးအားမြှောက်ပြုလုပ်နေကြောင်း ထွက်ဆိုသည်၊ သာမဏေဝိလာသသည် စာစီစာရေးအရာ၌ ပညာအရည်အချင်း မပြည့်စုံသည်ဖြစ်၍ ဆရာရှင်ဂုဏ၏ နည်းပေးလမ်းပြ ပြုလုပ်နေကြောင်း ထင်ရှားသည်။

ယင်းသို့ဖြစ်၍ စာရေးသူ သာမဏေဝိလာသ, ၎င်း၏ အဘဖြစ်သူ ဒါယကာငပိုက်, စာဖတ်သူ ဒါယကာငဖိမ့်, စာရေးပေးပါဟု တိုက်တွန်းသူ ငပိန်, မိကြွယ် အမှုးရှိသော ဆဲရေးပုတ်ခတ်ကြသူ, ပရိသတ်အလယ်တည်း ဟူသော အကာလ အဌာနအရပ်၌ အရှက်တကွဲ အကျိုးနည်း ဖြစ်ရလေအောင် စောဒနာကြသူ လူတစုတို့က ဂိုဏ်းထောက်ဆရာ ရှင်သြဘာသကို မိမိတို့ စိတ်လိုက်မာန်ပါ ပြစ်မှားမိသော အပြစ်တို့မှ ကင်းလွတ်ကြစေရန် အများသံဃာတော်တို့၏ ရှေ့မျက်မှောက်၌ပင် သုံးကြိမ်သုံးခါ လက်အုပ်ချီမြှောက်၍ ကန်တော့ဝန်ချ တောင်းပန်ကြစေ။ ၎င်းပြင် ခုံရင်းဆိပ်ရွာ စိတြာရာမ ဆရာတော်ဘုရားကြီး အမှူးရှိသော သံဃာတော်မြတ်တို့က နောက်နောင်ကာလ ဤကဲ့သို့အမှုမျိုးကို မပြုမလုပ်ကြရန် ယဉ်ကျေးလိမ္မာအောင် ပေးအပ်သော သဲဒဏ်အခေါက်ပေါင်း (၆၀) စီကိုလည်း ထမ်းဆောင်ကြစေ။

၎င်းပြင် မလဲသာရွာသည် အခြားရပ်ရွာနှင့် မတူ၊ သောင်းကျန်းခက်ထန်လှသူ ပေါများသည်ဖြစ်၍ အမှုအခင်း ပေါ်ပေါက်ဖန် များလှသည်။ အမှုအခင်း ရှိတိုင်းလည်း ဂိုဏ်းထောက်,ဂိုဏ်းအုပ်ပုဂ္ဂိုလ်တို့ စီရင်ငုံ့စရာမရှိ၊ တရွာတည်း၌ပင် တောင်ရပ် မြောက်ရပ်ကွဲပြား၍ ခိုက်ရန်ဒေါသ ဖြစ်ပွါးလျက် ရှိနေကြသည်၊ ရဟန်းချင်းလည်း တပါးနှင့်တပါး စိတ်နေစိတ်ထား ကွဲပြားသည် များ၏၊ ရဟန်းတော်များမှာ “ဝေ သံဝဓုာ ဟိ တဿ

ဘာဂဝတော ပရိသာ ယဒိဒံ အညမညဝစနေန အညမညဝုဋ္ဌာပနေန” ဟူသော ဒေသနာကို နှလုံးပိုက်၍ သင့်တင့်ညီညွတ်စွာ ပေါင်းသင်းနေထိုင်ကြရမည်။

လူဒါယကာတို့မှာကား ငါတို့ ယဉ်ကျေးလိမ္မာ ညီညွတ်စွာဖြစ်အောင် တရားဓမ္မ ဟောပြောပြသ၍ ဆုံးမအပ်သော ဩဝါဒကို လိုက်နာကြ၍ ရှေးကကဲ့သို့ မကွဲမပြား သင့်တင့်ညီညွတ်စွာ နေထိုင်ကြမည်လော၊ သို့မဟုတ် ဆိုင်ရာအစိုးရ တရားရုံးတော်သို့ လွှဲအပ်တင်ပို့သည်ကို နှစ်သက်ကြသလော ဟု မေးမြန်းရာ သွေးသောက်ကြီး ရွာသူကြီးစသော ကျေးရွာနေ လူကြီးများက ဂိုဏ်းချုပ်ဆရာတော်၏ ဩဝါဒကို လိုက်နာ၍ ရှေးကကဲ့သို့ မကွဲမပြား ညီညွတ်စွာ ပေါင်းသင်းနေထိုင်ကြပါမည် ဟု ပဋိညာဉ်ဝန်ခံချုပ် ပြုလုပ်ပေးကြသည့်အတိုင်း တောင်ရပ် မြောက်ရပ် အကွဲအပြားမရှိ၊ ကောင်းမွန်ညီညွတ်စွာ ရှေးကကဲ့သို့ ပေါင်းသင်းနေထိုင်ကြရမည်။

ဂိုဏ်းအုပ်, ဂိုဏ်းထောက်မှစ၍ ရဟန်းသံဃာတော်တို့ ဆိုဆုံးမသည့် ဩဝါဒ၌ ကောင်းမွန်စွာ တည်နေကြရမည်၊ ရဟန်းသံဃာတို့ကလည်း မယဉ်ကျေး မလိမ္မာသေးသော ဒါယကာ ဒါယိကာမတို့ကို ယဉ်ကျေးလိမ္မာအောင် တရားပေစာ ဟောပြောကာဖြင့် သာယာညွှင်းပျောင်း စိတ်ကောင်းထား၍ ဆုံးမဩဝါဒ ပေးကြရမည်၊ ဤကဲ့သို့ ဆိုဆုံးမသည့်အတိုင်း ကောင်းမွန် သင့်တင့် ညီညွတ်စွာ မနေထိုင်ကြ, ကွဲပြားမြဲ ကွဲပြားကြ၍ မသင့်မတင့် ခိုက်ရန်ဒေါသ ဖြစ်နေကြသည်ဟု ကြားသိရလျှင် ဆိုင်ရာအစိုးရတရားရုံးတော်သို့ လွှဲအပ်ရုံမျှမက ဘဝရှင်မင်းတရားမြတ်၏ ရွှေနားတော်ကြား မေတ္တာစာရေးသား၍ သွင်းရပေလိမ့်မည်။

ဂေါဇာသက္ကရာဇ် ၁၂၃၄-ခုနှစ် တာကူးလဆန်း ၁၁-ရက်နေ့တွင် ခုံရင်းဆိပ်ရွာ စိတြာရာမ ဂိုဏ်းအုပ်ဆရာတော်ဘုရားကြီး အမှူးရှိသော ဂိုဏ်းအုပ်, ဂိုဏ်းထောက်, ဂိုဏ်းသား ရဟန်းသံဃာ များစွာသော ပရိသတ် အစုံအညီ အစည်းအဝေး၌ ခင်မွန်ရွာ သုံးဂိုဏ်းချုပ် ဆရာတော်ဘုရားကြီးသည် ဝိနည်းကျမ်းဂန် ဓမ္မကမ်နှင့်အညီ ရေးစီဆုံးဖြတ်အပ်သော အဆုံးအဖြတ်တည်း။

သာမဏေ ပါဠိတို့၏ မြန်မာပြန်ကိုကား မထည့်တော့ပြီ။
ပြီး၏။

## ဆရာတော်ဦးဗုဓ် အဆုံးအဖြတ်တရပ်

ဝိနည်းဒေသနာကမ် အဆုံးအဖြတ်နှင့် စပ်လျဉ်းလာသည်ဖြစ်၍ **ဆရာတော် ဦးဗုဓ်**၏ တိုတိုကျဉ်းကျဉ်းနှင့် တိတိပြတ်ပြတ် ရဲရဲရင့်ရင့် ဆုံးဖြတ်ဘူးသော ဖြတ်ထုံးတရပ်ကို နယူပဒေသ ယူနိုင်ကြရန် ထည့်သွင်း ဖော်ပြအပ်ပါသည်။

အင်းဝမြို့တော်၌ နှစ်စဉ်နှစ်တိုင်း နယုန်လကစ၍ ဝါဆိုလအထိ သုဓမ္မာစာပြန်ပွဲကြီးကို ကျင်းပ၏၊ ထိုစာပြန်ပွဲကြီးတွင် နှစ်စဉ်နှစ်တိုင်း အိမ်ရှေ့မင်း၏ ကျောင်းတိုက်ကချည်း ပထမကျော် ထွက်ပေါ်ပြန်ဆိုရာ နန်းမတော်မယ်နုနှင့် စလင်းမင်းသားကြီး မောင်အိုတို့ကလည်း ပထမကျော်ပြန်ကို အလိုရှိသဖြင့် ကြံစည်၍ မရနိုင်သောကြောင့် ကျောင်းထိုင်ဆရာတော်ကိုကပ်၍ အိမ်ရှေ့မင်းကျောင်းတိုက်က ပထမကျော်ကို ဖြားယောင်း ခေါ်ယူထားကြ၏။

စာပြန်ပွဲနီးသောအခါ ယခုနှစ် နန်းမတော်ကျောင်းတိုက်က ပထမကျော် ထွက်ပေါ်လိမ့်မည် ဟု ကျော်ကြားလာလျှင် အိမ်ရှေ့မင်းက ဤ ပထမကျော်သည် ဘယ်အရပ်က ပထမကျော်နည်း ဟု စုံစမ်းမေးမြန်းရာ မိမိကျောင်းတိုက်က ပြောင်းရွှေ့သွားသော ပထမကျော် ဟု သိရသောအခါ နန်းမတော် မယ်နုနှင့် စလင်းမင်းသားကြီးတို့သည် ပထမကျော် ခိုးယူသည် ဟု နန်းတော်၌ တရားဖြစ်ကြလေသည်။

ထိုအခါ ဖလ်နန်းရှင်မင်းတရားကြီးသည် ညီတော်နှင့် နန်းမတော်မိဘုရားကြီးတို့၏ တရားဖြစ်သောကြောင့် အဆုံးအဖြတ်ခက်နေသည်ဖြစ်၍ တကြောင်း, သာသနာရေးကိစ္စနှင့် စပ်၍နေသည် တကြောင်းကြောင့် သုဓမ္မာဆရာတော်များထံ၌ အဆုံးအဖြတ်ခံယူရမည် ဟု ဆရာတော်များထံသို့ လွှဲအပ်လိုက်သည်။

ထိုအခါ အိမ်ရှေ့မင်းက ငါမျှား တရားရှုံးလျှင် ပထမကျော်ကိုမထား ဟု ကြိမ်းဝါးသောကြောင့်၎င်း, အိမ်ရှေ့မင်းနှင့် မင်းသားကြီး နှစ်ဦးသားလုံးပင် တန်ခိုးအာဏာ ထက်ကြသောကြောင့်၎င်း သုဓမ္မာဆရာတော်များသည် တရားကို ရုတ်တရက် မဆုံးဖြတ်ဝံ့ကြမူ၍ သုဓမ္မာ၌ နေ့ဆွမ်းစားပြီးသောအခါ စာကြည့်ကြပါဦးစို့ ဟု ဆိုလျက် ပြန်ကြွတော်မူကြသတတ်။

ဤသို့လျှင် သုဓမ္မာဆရာတော်များသည် နှစ်ကြိမ်တိုင်တိုင် ပြောဆိုပြန်ကြကြပြီးနောက် သုံးကြိမ်မြောက် ရောက်လာသည့်နေ့၌လည်း နေ့ဆွမ်းစားပြီးသောအခါ ရှေးနည်းတူ စာကြည့်ကြပါဦးစို့ဆိုကာ ပြန်ကြကြမည်ရှိရာ ဆရာတော် ဦးဗုဓ်က "ဆရာတော်တို့....ဆရာတော်တို့ဟာ နေ့တိုင်းစားပြီး အိပ်နေကြသလား၊ အရေးကိစ္စရှိမှ စာကြည့်နေလို့ ဖြစ်မလား"ဟု မကြောက်မရွံ့ ခပ်ဆတ်ဆတ်ဝင်၍ ပြောသောအခါ ဆရာတော်ကြီးများက "ဆရာတော်ကလေး.... ဆရာတော်ကလေး ဆုံးဖြတ်နိုင်မည်လား"ဟု မေးမြန်းတော်မူကြသည်။

ဆရာတော် ဦးဗုဓ်က "အမှုကိုအပ်လျှင် ဆုံးဖြတ်နိုင်ပါသည်"ဟု ပြောသဖြင့် "ဆုံးဖြတ်နိုင်လျှင် ဆရာတော်ကလေးအား အပ်ပါ၏၊ ဆုံးဖြတ်တော်မူပါ"ဟု လွှဲအပ်တော်မူကြ၏။

**မှတ်ချက်**။ ။[ဆရာတော်ဦးဗုဒ်သည် သက်တော် ၄၃၊ ဝါတော် ၂၃-ဝါမျှ ရှိသေး၍ ဆရာတော်ကလေးဟု ခေါ်ကြသည်။]

ဆရာတော်ဦးဗုဓ်သည် အမှုကိုလက်ခံပြီးလျှင်—

၁။ ဤအမှုသည် အိမ်ရှေ့မင်း ငခင်နှင့်လည်း မဆိုင်၊ နန်းမတော် မိနုနှင့်လည်း မဆိုင်၊ မင်းသားကြီး အေိုနှင့်လည်း မဆိုင်၊ ဘုန်းကြီးချင်း တပည့်လက်သားကို ဖြားယောင်းခေါ်ယူသဖြင့် "န ဘိက္ခဝေ အညဿ ပရိသာ ဥပလာပေတဗ္ဗာ၊ ယော ဥပလာပေယျ၊ အာပတ္တိ ဒုက္ကဋဿ"ဟု ဝိနည်းပညတ်တော် ရှိသောကြောင့် အေိုကျောင်းတိုက်က ဘုန်းကြီးသည် သူတပါး၏ တပည့်လက်သားကို ဖြားယောင်းခေါ်ယူသဖြင့် ဒုက္ကဋ်အာပတ်သင့်၏၊ ဒေသနာပြောကြား၊ အနားကဘုန်းကြီးတပါးက ဒေသနာခံလိုက်။

၂။ ပထမကျော်သည် သူတပါးဖြားယောင်းရာသို့ ဆန္ဒာဂတိလိုက်ခြင်းကြောင့် ဤနှစ် ပထမ မပြန်ဆိုရ၊ ရပ်ရွာသို့ ပြန်သွားစေဟု ဆုံးဖြတ်တော်မူလိုက်သောအခါ ရှင်လူပရိသတ်တို့သည် လက်ဖျားခါလျက် ရဲဝံ့တည်ကြည်တော်မူလှပါပေသည်၊ ပညာတော် ကြီးလှပါပေသည်ဟု ချီးကျူးအံ့သြကြကုန်သည် ဟူ၏။

အဆုံးအဖြတ်ဟူသည် ခင်မွန်ဆရာတော်,သီးလုံးဆရာတော်,ဆရာတော် ဦးဗုဓ်တို့ကဲ့သို့ အဆုံးအဖြတ်ခံရသူတို့နှင့် ကြားနာရသူတို့ပါ ရှင်းလင်းကျေနပ်အောင် တိတိပြတ်ပြတ် တရားလမ်းမှန်ကျအောင် ဆုံးဖြတ်သင့်ကြပါပေသည်၊ သို့ဖြစ်၍ နောက်သားနောင်လာ ရဟန်းသံဃာတော်များ

နယူပဒေသ ရတော်မူကြ၍ ဤဆရာတော်ကြီးများကဲ့သို့ ရှင်းရှင်းလင်းလင်း တိတိပြတ်ပြတ်နှင့် လမ်းမှန်ကျကျ ဆုံးဖြတ်နည်း ရကြစေရန် ကြားညှပ်၍ ထည့်သွင်းလိုက်ပါသတည်း။

---

# ကျောက်အိုင်ဆရာတော်ဘုရားကြီး

**ကျောက်အိုင်ကျောင်းတိုက် ဥပဒေစည်းမျဉ်းအကျဉ်းချုပ်။** တိုက်တွင်းရှိ သံဃာအားလုံးသည် အလဇ္ဇီဓမ္မကိုနှေးညကြဉ်ရှောင်ကြရမည်။ လဇ္ဇီဓမ္မကို ပြည့်စုံအောင် ကျင့်သုံးဆောင်ရွက်နိုင်သော ပုဂ္ဂိုလ်တို့သာဖြစ်ရမည်။

ဒသဓမ္မသုတ် ဒေသနာတော်ကို နှလုံးသွင်းလျက် ကြမ်း ၉-ပါးတို့ကို ပယ်ကြရမည်။ ကျယ် ၇-ပါးတို့ကိုလည်း ပယ်ရမည်။ (ကြမ်း ၉-ပါးနှင့် ကျယ် ၇-ပါးတို့ကို သရုပ်အဓိပ္ပါယ်ပါ ဖော်ပြထားလေသည်။)

ထို့ပြင် ပရိယတ္တိကဏ္ဍ, ပဋိပတ္တိကဏ္ဍ, သေနာသနဝတ္တကဏ္ဍ စသည်တို့ကိုလည်း ခွဲခြား၍ စည်းမျဉ်းပြုလုပ်ထားသည်။

**သံဃာငယ်** အချင်းချင်း ဆက်ဆံရပုံ,ဆရာတပည့် ဆက်ဆံရပုံ,ကျောင်းသားသူငယ်များဆိုင်ရာ ကျင့်ဝတ်များ, ကျောင်းသားတို့ကို စောင့်ရှောက်အပ်သော ကျင့်ဝတ်များ, ကျောင်းသားများအား ကာယဒဏ် မပေးရ (မရိုက်ရ)၊ သဲဒဏ်,ရေဒဏ်သာ ပေးစေခြင်း။

ရဟန်းအချင်းချင်း သိက္ခာပုဒ်နှင့်စပ်လျဉ်းလျှင် မေတ္တာရှေးရှုလျက် မထောက်မညှာ ပြောကြားရမည်၊ သတိပေးရမည်၊ တိုင်ပင်ကြရမည် စသည်ဖြင့် အကျယ်ရေးသားထားသည်။

ကျောင်းနေအာဝါသိက အဖြစ်ဖြင့် အသိအမှတ် ပြုတော်မူကြရန် လျှောက်ထားသောအခါကပင် ဒိဋ္ဌ,သုတ, ပရိသင်္ကိတအရာ တွေ့ကြုံပါက ကရုဏာတော်ရှေ့ထား၍ သနားသောအားဖြင့် အပြစ်ကိုဖော်ပြကာ ဆုံးမတော်မူကြပါအရှင်ဘုရား၊ ဆုံးမတော်မူတိုင်း မသွေမလှန် လိုက်နာပါမည့် အကြောင်းဖြင့် ဘုရားဝတ်ပြုအပြီး သံဃာတော်အစုံအညီ မျက်မှောက်၌ လျှောက်ထားစေခြင်း။

ကျောင်းတိုက်သို့ အနေလာသောပုဂ္ဂိုလ်သည် ကျောင်းတိုက်အတွင်းသို့ မရောက်မီကပင် အနာမာသ အကပ္ပိယဝတ္ထုတို့ကို ဝိနည်းကမ်နှင့်အညီ ရှင်းလင်းစွန့်ပစ်ခဲ့ရခြင်း——

အစရှိသော စည်းမျဉ်းတို့ဖြင့် ကျောက်အိုင် ကျောင်းတိုက်ကို ရွှေကျင် နည်းကျကျ အုပ်ချုပ်၍ သာသနာပြုတော်မူခဲ့သော ကျောက်အိုင် ဆရာတော်ဘုရားကြီးသည် သက္ကရာဇ် ၁၂၀၅-နှစ်တွင် ဖွားမြင်၍ ကျောက်အိုင်ရွာ ဦးမိုင်း-ဒေါ်ဖြူတို့၏ သား ဖြစ်တော်မူသည်။

၇-နှစ်သားအယွယ် ကျောင်းသားဖြစ်၍ ၁၅-နှစ်အယွယ်၌ ပွဲလမ်းသဘင်တို့ဖြင့် ရှင်ပြုမင်္ဂလာပွဲကို ကြီးကျယ်ခမ်းနားစွာ ကျင်းပ၍ ရှင်အဖြစ်သို့ ရောက်သည်။

၁၂၂၅-ခုနှစ်တွင် ခင်မွန်ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ မင်းရွာမြသိန်းတန်ဘုရားသိမ်တွင် ရဟန်းတော်အဖြစ်သို့ ရောက်တော်မူသည်။

ရဟန်းဖြစ်ပြီးနောက် မန္တလေးမြို့ ရွှေကျင်တိုက်မ ရွှေကျင်ဆရာတော်ဘုရားကြီးထံ၌ ၇-ဝါတိုင်တိုင် စာရိတ္တကျင့်ဝတ် နည်းနိဿယနှင့်တကွ ပါဠိ, အဋ္ဌကထာတို့ကို ပေါက်မြောက်အောင် သင်ကြားခဲ့သည်၊ ထိုနောက် ရွှေကျင်တိုက်အတွင်း၌ပင် စာချ ဓမ္မဓေကျွှအဖြစ်ဖြင့် စာပေပို့ချခဲ့သည်။

မင်းတုန်းမင်းတရားကြီး ကြီးမှူးပြုလုပ်သော ပထမပြန် စာတော်ပြန်ပွဲသို့ ဝင်ရောက်ပြန်ဆိုရာ ထိုနှစ်တွင် အထင်ရှားဆုံး,အတော်ဆုံးဟု ချီးကျူးခြင်းကိုခံယူခဲ့ရသည်။

နည်းနာခံယူ စာပေ သင်ကြားခဲ့ဘူးသော ဆရာတော်များမှာ—— ထရံကာ ဆရာတော်, ရမည်းသင်းဆရာတော်, သစ်ဆိမ့်ဆရာတော်များ ဖြစ်သည်၊ သစ်ဆိမ့်ဆရာတော်ထံမှ နည်းနိဿယ ပြည့်စုံစွာ ရသည်ဟု သိရသည်။

သက်တော် ၃၅-နှစ် သက္ကရာဇ် ၁၂၄၀-ပြည့်နှစ်တွင် ခမည်းတော် မယ်တော်တို့ ပင့်လျှောက်၍ မိဘများကို ချီးမြှောက်သောအားဖြင့် မိဘတို့က ဆောက်လုပ်လှူဒါန်းသော ကျောက်အိုင်ကျောင်းတိုက်၌ ရွှေကျင်ဆရာတော်ဘုရားကြီး, ခင်မွန်ဆရာတော်ဘုရားကြီးတို့၏ နည်းနိဿယ တို့ကို ဦးထိပ်ထား၍ စည်းကမ်းစံနစ်ကျကျ သေဝပ်ပိပြားစွာ ကျောင်းတိုက်ရှိ သံဃာများကို စာပေပို့ချခြင်း, စား, ဝတ်, နေပုံအစရှိသော ဆရာကောင်းတို့၏ ဩဝါဒကို မချွတ်ယွင်းစေမူ၍ ကိုယ်တိုင်နှင့်တကွ တပည့်များကို ယဉ်ကျေးစေခြင်းဖြင့် သာသနာတော်ကို စောင့်ရှောက်တော်မူသည်။

ခင်မွန်ဆရာတော်ကြီးများ ပျံလွန်တော်မူကြပြီးနောက် ကျောက်အိုင်ဆိုလျှင် ကြက်သီးထကြ, လေးစား မြတ်နိုးကြလေသည်။ ကျောက်အိုင်

ကျောင်းတိုက်အတွင်းသို့ ဝင်သွားသောအခါ ရဟန်းသံဃာများ, သာမဏေ ကျောင်းသားများ မရှိကြဘူးဟု ထင်ရလောက်အောင် တိတ်ဆိတ်ငြိမ်သက်သည်ဟု မှီလိုက်သော တပည့်ကြီးများထံက ကြားသိရသည်၊ ရွာကျောင်းမှ တောကျောင်းသို့ နေ့သန့်သီတင်းသုံးတော်မူရန် ဆရာတော်ကြီး ကြွသွားချိန်၌သာ သံဃာချင်းတီးတိုးစကားပြောသံကိုကြားကြရသည်ဟု ဆိုသည်။

ကျောက်အိုင် ဆရာတော်ကြီးသည် ကြွယ်ဝ ပြည့်စုံသော မိဘတို့၏ သားကောင်းဖြစ်ခဲ့သည့်ပြင် ငယ်စဉ်ကပင်လျှင် အနေအထိုင် သိမ်မွေ့သည်, သိက္ခာရှိသည်, ဒုစရိုက်ကင်းသည်, နူးညံ့သည်ဟု သိရသည်။ ပကတိက ယဉ်ကျေး, သိမ်မွေ့, နူးညံ့၍ သူတော်ကောင်းနှလုံး ကိန်းအောင်းလျက်ရှိရာတွင် သပ္ပုရိသူပနိဿယစက်နှင့် တိုးမိ၍ ရွှေကျင်ဆရာတော်ဘုရားကြီး, ခင်မွန်ဆရာတော်ဘုရားကြီး တည်းဟူသော ကလျာဏမိတ္တ ဆရာကောင်း အမှီကောင်းတို့ကို ရရှိသောကြောင့် အရည်အသွေး ကောင်းပြီးသော ပတ္တမြားရတနာသည် ကျောက်သွေးဆရာတို့၏ ပြုပြင်မှုကြောင့်ပိုမိုတင့်တယ်ကာ အရည်အသွေး ကောင်းသလောက် တပ်မက်ဖွယ်ရာ တင့်တယ်ကောင်းမြတ်၍ အဘိုးတန်အဖြစ်သို့ ရောက်သကဲ့သို့ သာသနာတော်၌ အနဃ-ရတနာ အဘိုးတန်မထေရ်မြတ်တပါး အဖြစ်သို့ ရောက်တော်မူလေသည်။

## အမိန့်တော်ကို နာခံခြင်း

သက္ကရာဇ် ၁၂၆၃-ခုနှစ် ပထမဝါဆိုလဆုတ် ၁၀-ရက်နေ့တွင် ဟံသာဝတီခရိုင် အုဋ္ဌကန်ရွာ —

၁။ တကောတိုက်သူကြီး ဦးဘိုးအို၊
၂။ တန်ဆောင်းဒါယကာ ဦးရွှေလာ၊
၃။ ဘုရားဒါယကာ ဦးဘော်၊
၄။ ကျောင်းဒါယကာ ဆရာဇိုင်၊
၅။ ကျောင်းဒါယကာ ဦးထွတ်၊
၆။ ပြာသာဒ်ဒါယကာ ဦးရွှေရေး၊
၇။ ရဟန်းဒါယကာ ဦးငယ်——

နှင့် တကောရွာ ဒါယကာအပေါင်းတို့က ဝိနည်းနှင့် စပ်လျဉ်း၍ ပုစ္ဆာ ၁၃-ချက်ကို စီစဉ်ရေးသားကြပြီးလျှင် တကောရွာ၌ ကျင်းပသော ဝိနည်းပွဲသဘင်ကြီးသို့ ကြွလာတော်မူသော မဟာနာယက ပါမောက္ခကြီး ဖြစ်

တော်မူသော မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးထံ တင်သွင်းလျှောက်ထားကြလေသည်။

ထို မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးသည် ပရိယတ္တိဓမ္မသာသနာ အရာရာတို့၌ လွန်စွာစိစစ်ထောက်လှမ်း စုံစမ်းတော်မူလေ့ရှိသည့်ပြင် အခြားတပါးသော ပညာဝန္တ သုတဓရ ပုဂ္ဂိုလ်တို့နှင့် နှီးနှောတိုင်ပင် အစဉ် ဆွေးနွေးခြင်း ဓမ္မသာကစ္ဆာ မင်္ဂလာကို ကောင်းစွာ ဆည်းပူးတော်မူလေ့ရှိသည့်အတိုင်း တကောရွာ ပုစ္ဆာ ၁၃-ချက်ကို ကောင်းစွာ ဖြေဆိုရေးသားရန်—

၁။ မန်လည်ဆရာတော်၊

၂။ လယ်တီဆရာတော်၊

၃။ ကျောက်အိုင်ဆရာတော်၊

၄။ ဆိတ်ကြီးဆရာတော်—

ဟူသော ဆရာတော်ကြီးတို့ထံသို့ သန္ဒေသကထာနှင့်တကွ တဆင့် ပို့တော်မူလေရာ ကျေးဇူးရှင် ကျောက်အိုင်ဆရာတော်ဘုရားကြီးသည် မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး၏ အမိန့်တော်မြတ်ကို ဦးထိပ်ရွက် ပန်ဆင်ကာ ပုစ္ဆာ ၁၃-ချက်၏ အဖြေကို ပါဠိ, အဋ္ဌကထာ, ဋီကာတို့နှင့် အညီ ရေးသား ဖြေဆိုတော်မူခဲ့သည်။

ကျောက်အိုင်ဆရာတော်ဘုရားကြီး၏ အဖြေလွှာစာတမ်းမှာ ဝဇီရုပမဗျာကရဏကျမ်းတွင် အထင်အရှား ပါရှိပြီးဖြစ်၍ ဤတွင် အကျယ်တဝင့် ဖော်ပြခွင့် မရှိတော့ပါ။

ကျောက်အိုင် ဆရာတော်သည် ကျောက်အိုင်ကျောင်းတိုက်နှင့် တကွ ရွှေဘိုနယ်, မုံရွာနယ်, မြင်းမူနယ် ပတ်ဝန်းကျင်တို့၌လည်း တပည့်တပန်းတို့ ပြန့်ပွါး၍ သာသနာပြုတော်မူသည်။ ထို့ပြင် တောင်ငူမြို့, ဖြူးမြို့, ပျဉ်ပုံကြီး, ရေတာရှည်, ပဲခူး-သနပ်ပင်, ပဲခူး-ကျောက်တန်း, တာဝ, ရှမ်းရွာကြီး, သထုံ, မော်လမြိုင်-ပဓာနိကာရုံ, ကျိုက်သလွံ, ဘီလူးကျွန်း-နတ်မှော်ဘုရားကြီးကုန်း, ကျိုက်ထိုမြို့ စသည်တို့သို့ ကြွရောက်၍ သိမ်သမုတ် ချီးမြှောက်ကာ သာသနာပြုတော်မူရသည်၊ အရာတော်မြို့နယ်, မြင်းမူမြို့နယ် ပတ်ဝန်းကျင်တို့၌လည်း များစွာပင် သိမ်သမုတ်ကာ ချီးမြှောက်တော်မူခဲ့သည်ဟု သိရသည်။

ကျောက်အိုင်ဆရာတော်၏ တပည့်ကြီးများမှာ—

မင်းကွန်း ရန်ကင်းချောင်ဆရာတော် မဟာဓမ္မကထိက အရှင်သောဘဏ၊ သက်တော် ၈၃-နှစ်။

သရက်ချိုရွာ အရှင်အာဒိစ္စနှင့် အရှင်မေဃိယာဘိဝံသ (ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ)

ထိန်ကန်ဆရာတော် အိုင်သမဘောဂဆရာတော် အရှင်ကုမာရ၊ သက်တော် ၈၃-နှစ်။

ဆားတောင် သစ္စာဂူဆရာတော်, ၎င်းဦးဉာဏိန္ဒ-စသည်တို့ ဖြစ်ကုန်၏။

ကျောက်အိုင်ဆရာတော်ကြီးသည် ရွှေကျင်ဆရာတော်, ခင်မွန်ဆရာတော်တို့၏ တပည့်ရင်းပီပီ ရွှေကျင်နည်းကျကျ သာသနာတော်ကို ဆောင်ရွက်တော်မူခဲ့ရာ သက္ကရာဇ် ၁၂၈၂-ခုနှစ် ပထမဝါဆိုလဆန်း ၅-ရက်နေ့ သက်တော် ၇၇-နှစ်တွင် ကျောက်အိုင်ကျောင်းတိုက်၌ပင် ပျံလွန်တော်မူပါသည်။

မင်းတုန်းမင်းတရားကြီးက မြို့တော်သို့ပင့်၍ မင်းဆရာတံဆိပ် ဆက်ကပ်လှူဒါန်းသော်လည်း မြို့တော်သို့လည်း မလိုက်, တံဆိပ်ကိုလည်း အလှူမခံပဲ တောကျောင်း၌သာ သက်တော်ရှည်သမျှကာလပတ်လုံး သာသနာပြုသွားတော်မူသော သူတော်ကောင်း ဆရာတော်ကြီးတပါး ဟူ၍ ယနေ့တိုင် ထင်ရှားသော ဂုဏ်တို့သည် ကြွင်းကျန်လျက် ရှိပါသေးသတည်း။

---

# ကောင်းဆရာတော်ဘုရားကြီး

၁။ သုံးခွမြို့ ဥက္ကံ ဘုရားကြီးတိုက်ဆရာတော် အရှင်ပဏ္ဍိစ္စ၊
၂။ ကျွဲပွဲဓမ္မာရုံဆရာတော်၊
၃-၄-၅-၆။ မုံရွာမြို့နယ် ဆားလင်းကြီးဆရာတော် အရှင်ကုမာရ၊ ဝါးတောမရွာ ဦးရာဇိန္ဒ၊ ဦးအာဒိစ္စ၊ စိစွေးဆရာတော်၊
၇-၈။ စစ်ကိုင်းတောင်ရိုးမှန်ကျောင်းဆရာတော် ဦးသုနန္ဒ,ဦးပဏ္ဏဝ၊
၉။ စစ်ကိုင်း မဟာစေတီလှဆရာတော်၊
၁၀။ စစ်ကိုင်းမြို့နယ် မူးသာရွာ မင်းကျောင်းဆရာတော် ဦးပဒုမ၊

၁၁။ ထန်းပူးတောဆရာတော်၊
၁၂။ မြင်းမူမြို့နယ် ခွက်ခွင်းရွာ အရှင်သောနာဘိဝံသဆရာတော်၊
၁၃။ မူးမန္တလေးရွာ ရေလယ်ဆရာတော်၊
၁၄။ ရှင်ပင်ဘက်ဘုန်းဆရာတော်၊
၁၅။ မြင်းမူမြို့နယ် ကျောင်းပေါင်း ၆၀-ကျော်ရှိ ကျောင်းထိုင်ဘုန်းတော်ကြီးများ။
၁၆။ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက် စည်ရှင်ဆရာတော်။
၁၇။ သဒ္ဓမ္မပဇ္ဇောတာရုံ (မြောင်းမြဆရာတော်)——

စသည်ဖြင့် နိဿယည်းခံတပည့်တွေ မြောက်မြားစွာတို့ကို ဖြစ်ထွန်း ပေါ်ပေါက်စေလျက် မြင်းမူမြို့နယ် ငကင်းရွာ ကုန်းကျောင်းတိုက်၌ ၁၂၅၇-ခုနှစ်မှ စ၍ ၁၂၈၁-ခုနှစ်တိုင် ရွှေကျင်ဆရာတော်ဘုရားကြီးနှင့် ခင်မွန်ဆရာတော်ဘုရားကြီးများ၏ နည်းလမ်းတော်အတိုင်း သာသနာပြုသွားတော်မူသော ငကင်းဆရာတော်ဘုရားကြီးသည်လည်း ရွှေကျင်နိကာယ သာသနာဝင်၌ ထင်ရှား ကျော်ကြားတော်မူသော ဆရာတော်ကြီးတပါး ဖြစ်တော်မူသည်။ ငကင်းရွာထွက်ဆိုလျှင် ဝိနယဓရပုဂ္ဂိုလ်များ ယေဘုယျအားဖြင့် ဖြစ်ကြသည်၊ သိက္ခာကာမ ရှိကြသည်၊ ဝိနယကုက္ကုစ္စ ရှိကြသည်၊ လဇ္ဇီပေသလများ ဖြစ်ကြသည်၊ မျိုးစေ့ကိုလိုက်၍ အပင်အသီးအပွင့်တို့ဖြစ်သည်နှင့် တူညီလှပေသည်။

ငကင်းဆရာတော်များသည် သာသနာတော်တွင်း၌ ရဟန်းအဖြစ်ဖြင့် ညီတော်နောင်တော် ၃-ပါးရှိကြရာတွင်——

၁။ ငကင်းဆရာတော်က "ငါသည် ဝိနယ ပိဋကဘက်၌ ပါဠိ,အဋ္ဌကထာ, ဋီကာ, ဂဏ္ဌိ, ဝိနိစ္ဆယ စသည် မကြွင်းမကျန်စေအောင် အားထုတ်လေ့လာမည်"ဟု စိတ်ကို ဆောက်တည်ထားတော်မူသည်။

၂။ ဝမ်းကွဲညီတော် အရှင်ပဏ္ဍိစ္စ (ဥက္ကံ ဘုရားကြီးဆရာတော်) က "အဘိဓမ္မာဘက်၌ ပါရဂူမြောက်အောင် ဆည်းပူးလေ့လာမည်" ဟု ဆောက်တည်တော်မူသည်။

၃။ ညီတော်အရင်းဖြစ်သော အရှင်ဉာဏိန္ဒက "သဒ္ဒါဘက်ဆိုင်ရာတွင် မာဂဓ, သက္ကတ စုံလင်ပြည့်ဝအောင် သင်ကြားလေ့လာမည်"ဟု ပဏိဓိပြုတော်မူသည်။

ဤသို့ စိတ်ကို အသီးအသီး ဆုံးဖြတ် ဆောက်တည် ပြဓာန်းခဲ့ကြသည့် အတိုင်းလည်း အားထုတ်သင်ကြား ဆည်းပူးလေ့လာခဲ့ကြပြီးလျှင် မူလ ငယ်ဆရာကြီး ကေင်းရွာ၌ ပျံလွန်တော်မူ၊ ကွယ်လွန်တော်မူပြီးဖြစ်၍ ကေင်း ဆရာတော် ၉-ဝါအရတွင် ငယ်စဉ်က တိုင်ပင်၍ ကတိထားခဲ့သည်ကို မပျက် ကွက်စေကြပဲ ကေင်းရွာ ကုန်းကျောင်းတိုက်၌ ညီနောင်သုံးပါး ပရိယတ္တိ သာသနာကို သုံးဘက်ညီ တက်စုံရှက်စုံ ဖြန့်၍ အားထုတ်ကာ သာသနာ ပြုတော်မူကြသည်။ တပည့်တပန်း စာသင်သားတို့အား မိမိတို့ နိုင်ရာနိုင်ရာ ဘက်က သင်ကြားပို့ချကြကုန်၏။

ကေင်းကုန်းကျောင်းတိုက်၌ သင်ကြားပို့ချပေးပြီး ဉာဏ်အရည်အချင်း ရှိ၍ ထက်မြက်သော တပည့်များကိုလည်း မန္တလေးမြို့ ရွှေကျင်တိုက်မ မဟာ-ဓမ္မိကာရာမတိုက်သို့ရင်း၊ အရှေ့ပြင် မဟာဝိသုဒ္ဓါရုံတိုက်သို့ရင်း၊ အနောက် ပြင် မဟာဝိသုဒ္ဓါရုံတိုက်သို့ရင်း ပို့အပ်၍ ပိဋကစာပေနှင့်တကွ ကျင့်ဝတ် ပဋိပတ်တို့ကို ဆက်လက် ဆည်းပူး နည်းနိဿယခံယူစေလျက် ကုန်းကျောင်း တိုက် အင်အားကိုဖြည့်ကာ သာသနာပြုတော်မူကြသည်။

ကုန်းကျောင်းတိုက်၌ သာသနာပြုတော်မူသည်မှာ ပရိယတ်ဘက်၌သာ မဟုတ်ပဲ ကျင့်ဝတ်ပဋိပတ်ဘက်၊ ဝိနယသိက္ခာဘက်တို့၌လည်း ကြပ်ကြပ် တည်းတည်း တင်းတင်းမာမာပင် ပညတ် ဆုံးမတော်မူကြသည်၊ ရွာနီး ကျောင်းပင် ဖြစ်သော်လည်း ကျောင်းသို့ အကြောင်းမဲ့ လူဝင်လူထွက် မရှိ စေရ၊ ရဟန်းသာမဏေများလည်း ရွာတွင်းသို့ အကြောင်းမရှိပဲ မသွားကြ စေရ၊ ဥပုသ်ဇရပ်ကို ကျောင်းအာရာမ်ပြင်ပ၌ ဆောက်လုပ်စေ၍ ဥပုသ် သီတင်းနေ့ သီလယူရန် ပရိသတ်စုံသောအခါ ဒကာတယောက် လာရောက် ပင့်လျှောက်ကာလမှ သင့်တော်သော ရဟန်းတပါးကို ဆရာတော်က ညွှန် ကြား၍ ပင့်ဆောင်ကာ သီလတောင်းကြရ၏။ သို့ကြောင့်လည်း ကေင်း ရွာ ကုန်းကျောင်းတိုက်သည် ပရိယတ်၊ ပဋိပတ် နှစ်ဘက်လုံး၌ ထင်ရှား ကျော်ကြားခဲ့လေသည်။

ကေင်းကုန်းကျောင်းဆရာတော်သည် ကေင်းရွာ၌ ၁၂၁၆-ခုနှစ်တွင် ဖွားမြင်တော်မူသည်၊ ကျောင်းဒါယကာကြီး **ဦးရှမ်းကြီး** နှင့် **ဒေါ်မမာ** တို့ သည် ခမည်းတော် မယ်တော်များ ဖြစ်ကြသည်။ ၇-နှစ်သား၌ ကျောင်း သားဖြစ်၍ ၁၅-နှစ်သား၌ ရှင်သာမဏေဖြစ်သည်၊ အသက် ၂၀ ပြည့်လျှင်

ခင်မွန် သုံးဂိုဏ်းချုပ်ဆရာတော်ကြီးက ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်သည်။

ခင်မွန်ဆရာတော်ကြီးထံ၌ ဝိနည်းပိဋက ပါဠိ,အဋ္ဌကထာတို့ကို သင်ယူပြီးလျှင် မန္တလေးမြို့ ရွှေကျင်ဆရာတော်ဘုရားကြီးထံ၌ ၇-ဝါတိုင်တိုင် ပိဋကတော်များကို ဆက်လက်သင်ကြားယင်း စာရိတ္တကျင့်ဝတ်နှင့် ဆိုင်ရာ နည်းနိဿယများကိုလည်း လိုက်နာ ဆည်းပူးတော်မူခဲ့သည်။

[illegible] ၁၂၈၁-ခုနှစ်ကစ၍ ငကင်းရွာနီးကျောင်းကို တပည့်ကြီး ဦးဥေယျ အား လွှတ် အပ်တော်မူ၍ ဗောဓိတောရကျောင်းသို့ ပြောင်းရွှေ့ကာ အာရညကင် ဓုတင်ကို ဆောက်တည်နေတော်မူသည်။ တပည့်များကို ဝိနည်းကျင့်ဝတ်၌ အမြဲ ဩဝါဒ ပေးတော်မူသည်၊ ဝိနည်းဆိုင်ရာ စာတဝါ ကိုလည်း အမြဲ ချစေတော်မူသည်။ ဝိပဿနာဆိုင်ရာ တရားစကားကိုလည်း ပုဂ္ဂလပညတ်ကို ကျော်၍ ပရမတ်ကျကျ ဓမ္မဓိဋ္ဌာန်ဖြင့် ဟောတော်မူလေ့ ရှိသည်။

သက်တော် ၆၉-နှစ် ၁၂၈၄-ခုနှစ် တပို့တွဲလပြည့်ကျော် ၃-ရက်နေ့၌ ''ဘာရာ ဟဝေ ပဉ္စက္ခန္ဓာ''ဟု သံဝေဂဉာဏ်ဖြင့် ညည်းတွားတော်မူယင်း ပျံလွန်တော်မူပါသတည်း။

---

# တိုက်အုပ်ဆရာတော်ဘုရားကြီး

တိုက်အုပ်ဆရာတော်ကြီးဟု ဆိုလျှင် ရွှေကျင်နိကာယ သံဃာစစ်စစ်တို့ သည် အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက် တိုက်အုပ်ဆရာတော်ဘုရားကြီးဟူ၍ သိရှိကြကုန်၏။ ဆရာတော်ကြီး၏ ဘွဲ့တော်မှာ **အရှင်ပညာ** ဖြစ်သည်။

ထို တိုက်အုပ် ဆရာတော်ဘုရားကြီးသည် မဟာဝိသုဒ္ဓါရုံ ဆရာတော် ဘုရားကြီး အရှေ့မဟာဝိသုဒ္ဓါရာမတိုက်၌ သီတင်းသုံးတော်မူစဉ်ကပင် တိုက်အုပ်အဖြစ် ချီးမြှောက်သည်ကို ခံယူရ၍ ၁၂၆၅-ခုနှစ်၌မူကား တိုက် တာ-တာဝန်ကို အားလုံး လွှဲအပ်တော်မူ၍ သက်တော်ရှည်သမျှ ကာလပတ် လုံး ''အရှေ့တိုက်အုပ် ဆရာတော်ကြီး''ဟု ထင်ရှားလျက် တိုက်တာ သာသနာ, ရွှေကျင်ဂိုဏ်းသာသနာကို ဆောင်ရွက်တော်မူသည်။

တိုက်အုပ်ဆရာတော်ကြီး၏ ရူပကာယတော်သည် ထောင်ထောင် မောင်းမောင်း ခံ့ခံ့ ထည်ထည်ကြီး ဖြစ်သည်၊ အသံတော်မှာလည်း

အောင်မြင်ပြတ်သား၍ ရုပ်တော်နှင့်လိုက်အောင် ခံ့ညားလှပေသည်။ ပိဋကစာပေတို့၌ အထက်တန်းစားရောက် တတ်မြောက်တော်မူသည်၊ ဗဟုသုတအရာ၌ကား ရှာမှရှားသော ဆရာတော်ကြီး ဖြစ်တော်မူသည်။ ပရိသတ် ၄-ပါးအလယ်ရောက်လျှင် ဆရာတော်ကြီး၏ စွမ်းရည်သတ္တိကို ပိုမို၍ သိရပေသည်၊ အောင်မြင်လှသော အသံတော်ဖောင်ဖောင်-ဖောင်ဖောင်နှင့်မကုန်နိုင်အောင် ဗဟုသုတများကို မြွက်ကြားလျက်ရှိရာ ပရိသတ်မှာလည်း လည်မော့ ခေါင်းထောင်၍ တက်ကြွရွှင်လန်းစွာ နာကြားနေကြရတတ်သည်။

သိမ်သမုတ်စသည့် ကိစ္စတို့၌လည်း မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးက တိုက်တွန်းတော်မူ၍ ညတရားများ ဟောတော်မူလေ့ရှိသည်။ အခါတပါး မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးကို နောက်ပါသံဃာများနှင့် တကွ ပုသိမ်မြို့က သိမ်သမုတ်ပင့်၍ ကြွတော်မူရာ အခြားတပည့်ကြီးများနှင့်အတူ တိုက်အုပ်ဆရာတော်ကြီးလည်း လိုက်ပါတော်မူရသည်၊ လာသမျှရှင်လူပရိသတ်တို့ကို တိုက်အုပ်ဆရာတော်ကြီးက ဧည့်ခံဟောပြောရန် မဟာဝိသုဒ္ဓါရာမ ဆရာတော်ကြီးက အမိန့်ရှိသဖြင့် ဟောပြောနေရသည်၊ အချို့သော ရှင်လူတို့ကား တိုက်အုပ်ဆရာတော်ကြီးကိုပင် မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးဟု ထင်မှတ်ကြသည်ဟု သိရသည်။

မန္တလေးက ပုသိမ်သို့အရောက် မီးရထားဖြင့် ကြွတော်မူကြရသည်။ တိုက်အုပ်ဆရာတော်ကြီး ညတရားဟောသောအခါ မန္တလေးက ပုသိမ်အထိ ခရီးလမ်းတလျှောက်၌ရှိသော ဘူတာစဉ်အတိုင်း မြို့ရွာအမည်များ, ရာသီဥတုအခြေအနေ, သစ်ပင်တောတောင်, ဘူတာ၌တွေ့မြင်ရသော ရောင်းချသည့်စားဖွယ်သောက်ဖွယ်,လူတို့အခြေအနေ စသည်တို့ကို ခရေစေ့တွင်းကျ တဘူတာပြီးတဘူတာအကြောင်းကို ပြောဟောပြတော်မူရာ တရားနာသူတို့သည် သောင်းသောင်းဖျဖျ ဆရာတော်ကြီး မှတ်ဉာဏ်ကောင်းပုံ, ဗဟုသုတ ကြွယ်ဝပုံကို လက်ဖျောက်ခတ်တီး ချီးမွမ်းကြကုန်၏။ အချို့အချို့တရားပွဲတို့၌ စကားအလျဉ်းသင့်လျှင် ငါးအမျိုးမျိုးတို့၏ အမည်များကို ငါးရံ့,ငါးခူ-စသည်ဖြင့် ထုတ်ဖော် ပြောဟောတော်မူရာ ငါးကို အမြဲအသုံးပြုနေသော ဒါယိကာမများ, ငါးအလုပ်သမားများ မကြားမသိဘူးသော အမည်တို့ကိုပင် ကြားနာကြရ၍ တအံ့တဩ ပြောကြရသည်။

မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးနှင့် အတူတကွ သီပေါမြို့သို့ သီပေါစော်ဘွား ပင့်၍ ကြွကြရသည်၊ မန်လည်ဆရာတော်ကြီးများလည်း ကြွတော်မူသည်၊ (သာသနာပြု ကြွတော်မူကြခြင်း ဖြစ်သည်။) သီပေါမြို့၌ တိုက်အုပ်ဆရာတော်ကြီး ဟောပုံ့ပြောပုံကို မန်လည်ဆရာတော် ကြားနာတော်မူရလျှင် တိုက်အုပ်ဆရာတော်ကြီး၏ စွမ်းရည်သတ္တိနှင့်တကွ ဟောပြောပုံ့ဗဟုသုတရှိပုံ့ပရိသတ်အလယ်၌ရဲရင့်တင့်တယ်ပုံတို့ကို များစွာ ချီးမွမ်းတော်မူသည်ဟု သိရသည်၊ မဟာဝိသုဒ္ဓါရုံ ဆရာတော်သည်လည်း အခြေအရံ တပည့်ကြီး တပည့်ကောင်း ပုဂ္ဂိုလ်တော်တွေနှင့် ပြည့်စုံပါပေတယ်၊ တပည့်တော်မှာကား တပင်တိုင် တယောက်ကောင်းမျှသာ ဖြစ်ပါတယ်-ဟု မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးကိုလည်း ဂုဏ်တင်ချီးကျူးတော်မူသည်ဟု တဆင့်စကား ကြားသိရဘူးသည်။

မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးသည် ထိုထိုမြို့ရွာဒေသတို့က အကြောင်းအားလျော်စွာ ပင့်လျှောက်၍ ကြွရောက်တော်မူလျှင် အဖက်ဖက်၌ အရည်အချင်း အသီးအသီးနှင့်ပြည့်စုံသော တပည့်ကြီးများ အခြံအရံနှင့် သာလျှင် ကြွတော်မူလေ့ရှိသည် ဖြစ်၍ အရှေ့ တိုက်အုပ်ကြီး, အနောက် တိုက်အုပ်ကြီး, စာတော်သောစာချဘုန်းကြီးများ, စာရေးစာဖတ်တော်သောတပည့်များ, ဓမ္မကထိက တပည့်များကိုပါ အခြံအရံအဖြစ် ခေါ်ဆောင် ကြွတော်မူလေ့ရှိသည်။

တိုက်အုပ်ဆရာတော်ကြီးသည် အဟောအပြော ကောင်းသည်ဖြစ်၍ မန္တလေးမြို့ပေါ်၌ အလှူကြီးမှန်လျှင် တိုက်အုပ်ဆရာတော်ကြီး မပါသည် မရှိသလောက် ဖြစ်၏။ သကျသီဟပရိယတ္တိ အသင်း စာလျှောက်မေးပွဲ၌ အောင်မြင်သော သံဃာများအား ဘွဲ့ပုံလက်မှတ်နှင့် ပဒေသာပင်များ လှူဒါန်းသောနေ့၌ ဒါယကာများ သဒ္ဓါရွှင်လန်း ဝမ်းမြောက်ကြစေရန် ပင့်ဘိတ်အပ်သော ဆရာတော်ကြီးများနှင့် လူပရိသတ်တို့အလယ်၌ စာအောင်ပုဂ္ဂိုလ်တို့အား တိုက်အုပ်ဆရာတော်ဘုရားကြီးက နှုတ်မေးခွန်း မေးမြန်းတော်မူရသည်၊ နောက်က ရေးခဲ့သည့်အတိုင်း ရုပ်ရော အသံပါ, မေးမြန်းပုံပါ ခံ့ညားလှသည်ဖြစ်၍ ပွဲလယ်၌ တင့်တယ်ကြည်ညိုဖွယ်ရှိသည်ကို ဤစာရေးသောဘုန်းကြီး စာသင်သားဘဝက ကိုယ်တိုင် ဝမ်းမြောက်စွာ ကြည်ညိုခဲ့ရဘူးပေသည်။

## ဇာတိဒေသ

မန်လည်ဆရာတော်ဘုရားကြီးများတိုင်အောင် ချီးမွမ်းခြင်းကို ခံယူရသော တိုက်အုပ် ဆရာတော်ဘုရားကြီးသည် ပင်းတလဲမြို့ သဖန်းတိုင် ခံပဲ့ရွာ၌ **ဦးချစ်စရာ,ဒေါ်ဆိတ်စာ** တို့၏ သားတော်ဖြစ်သည်၊ သက္ကရာဇ် ၁၂၂၄-ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် ၁၅-ရက်နေ့ နံနက် ၄-ချက်တီးကျော်အချိန် ဖွားမြင်တော်မူသည်။

## ကျောင်းနေခြင်း

ခုနစ်နှစ်အယွယ်ရောက်လျှင် ခံပဲ့ရွာ တောရကျောင်း၌ သီတင်းသုံးသော ရွှေကျင်ဆရာတော်ဘုရားကြီး၏ တပည့် ဘုန်းကြီးဦးမုနိန္ဒထံ၌ စာပေ စ၍ သင်ကြားရသည်။

## ရှင်သာမဏေ ဖြစ်ခြင်း

အသက် ကိုးနှစ်ရှိလျှင် ဘုန်းကြီးဦးမုနိန္ဒထံ၌ပင် ရှင်သာမဏေဖြစ်သည်၊ သာမဏေဘွဲ့မှာ **ရှင်ပညာ** ဖြစ်သည်။

သာမဏေအဖြစ်နှင့် အသက် ၁၂-နှစ်ရှိလျှင် ပင်းတလဲမြို့ တောင်သဖန်းရွာ တောရကျောင်းဆရာတော် အရှင်ဝိမလထံသို့ ပြောင်းရွှေ့၍ စာပေ ဆက်လက် သင်ကြားရသည်၊ ဆရာတော်အရှင်ဝိမလသည်လည်း ရွှေကျင်ဆရာတော်ဘုရားကြီး၏ တပည့်ပင် ဖြစ်သည်၊ သို့ကြောင့် တိုက်အုပ်ဆရာတော်ကြီးသည် ကျောင်းသားဘဝ, သာမဏေဘဝကပင် ရွှေကျင်မျိုးစေ့ကလေး ဖြစ်ခဲ့ပေသည်။

## မန္တလေးသို့ ရောက်ခြင်း

သာမဏေရှင်ပညာ အသက် ၁၄-နှစ်တိုင်လျှင် မူလဆရာရင်းက ကိုယ်တိုင် လိုက်၍ ပို့အပ်သောကြောင့် သက္ကရာဇ် ၁၂၃၈-ခုနှစ် ပြာသိုလ၌ မန္တလေးမြို့တော် မြောက်ပြင် ယောမင်းအုဌ်ကျောင်း၌ သီတင်းသုံးတော်မူသော "သောဘဏာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော်ရ စာချဆရာတော် အရှင်သောဘဏထံသို့ ရောက်၍ ပိဋကစာပေကို တိုးတက်သင်ကြားရသည်။

## မဟာဝိသုဒ္ဓါရာမတိုက်သို့ ရောက်ခြင်း

သက္ကရာဇ် ၁၂၄၀-ပြည့်နှစ်၌ ဆရာဖြစ်သော အရှင်သောဘဏနှင့် အတူ တကွ မဟာဝိသုဒ္ဓါရာမတိုက်သို့ ပြောင်းရွှေ့ကြ၍ မဟာဝိသုဒ္ဓါရာမ ဆရာ တော်ဘုရားကြီးထံ ဆည်းကပ်ကြသည်၊ မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရား ကြီးက ရမည်းသင်းမြို့စား မင်းသိမ်း ဆောက်လုပ် လှူဒါန်းသော ရမည်း သင်းကျောင်း၌ နေရာချထား၍ ဆရာ အရှင်သောဘဏနှင့် အတူ နေ ရသည်။

## အကောက်ဝန်မင်းကျောင်းသို့ ရောက်ခြင်း

မဟာဝိသုဒ္ဓါရာမတိုက်ကြီးအတွင်း၌ပင် ရမည်းသင်းကျောင်းမှ တဖန် ဆမိတ်ခုံရွာစား အကောက်ဝန်မင်း ဆောက်လုပ်လှူဒါန်း၍ ပင့်သဖြင့် အရှင်သောဘဏနှင့်အတူ ပြောင်းရွှေ့သီတင်းသုံးကြရသည်၊ အရှင်သော-ဘဏသည် အဘိဓမ္မာ ညဝါဘက်၌ ထိုအခါက နာမည်ကျော်အောင် ထင် ရှားသော စာချဆရာတော်တပါး ဖြစ်သည် ဟူ၏။

## ပဌမပြန် စာပွဲသဘင်၌ပဌမငယ် အောင်ခြင်း

သက္ကရာဇ် ၁၂၄၁-ခုနှစ်၌ သီပေါမင်းတရား ကြီးမှူးကျင်းပ ပြုလုပ် သော စာတော်ပြန်ပွဲ၌ ပဌမငယ်တန်းကို အောင်မြင်တော်မူသည်။

## ပဌမလတ် အောင်မြင်ခြင်း

၁၂၄၂-ခုနှစ်၌ ပဌမလတ်တန်းကို အောင်မြင်တော်မူသည်။

၁၂၄၃-ခုနှစ်၌ ဇ-ဌာန သာသနာပြုကြွကြရာ "သောဘဏာလင်္ကာရ" ဘွဲ့တံဆိပ်တော်ရ အရှင်သောဘဏနှင့်အတူ တောင်တွင်းကြီးသာသနာပြု ဌာနသို့ ရှင်ပညာ လိုက်ရလေသည်။ တောင်တွင်းကြီး၌ နေစဉ် သာမ-ဏေအဖြစ်နှင့်ပင် စာချခန့်၍ စာပေပို့ချခဲ့ရသည်။

## ပဌမကြီး အောင်မြင်ခြင်း

၁၂၄၆-ခုနှစ်၌ သာမဏေအဖြစ်နှင့် တကြိမ်, ၁၂၄၇-ခုနှစ် ရဟန်း အဖြစ်နှင့်တကြိမ် ပဌမကြီးတန်းကို ၂-ကြိမ် အောင်မြင်တော်မူခဲ့သည်။

## ရဟန်းဖြစ်ခြင်း

သက္ကရာဇ် ၁၂၄၇-ခုနှစ် ဝါခေါင်လဆန်း ၁၁-ရက်နေ့၌ မန္တလေးမြို့ မဟာဝိသုဒ္ဓါရာမတိုက်တွင်း၌ မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ မြို့သစ်အတွင်းဝန်မင်း၏ ဝန်စာရေး **ဦးကံထူး-ဒေါ်ကောင်း** တို့၏ ပစ္စည်းပရိက္ခရာကို ခံယူ၍ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

## ရဟန်းနှစ်ဝါရကပင် စာချဖြစ်ခြင်း

မိမိကိုယ်တိုင်လည်း ဆရာတော်ဘုရားကြီးများ ထံ၌ စာတက်ယင်း စာသင်သားများကိုလည်း ပါဠိ, အဋ္ဌကထာတို့ကို ပို့ချခဲ့ပေသည်။

## တိုက်တာကို လွှဲအပ်ခံယူရခြင်း

သက္ကရာဇ် ၁၂၆၅-ခုနှစ်၌ မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးသည် အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ်သို့ ရွှေပြောင်းသီတင်းသုံးတော်မူရာ အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်ကို တိုက်အုပ်ဆရာတော်ကြီးအား လွှဲအပ်တော်မူခဲ့သည်၊ ထိုအချိန်၌ ဒီပဲရင်းဆရာတော်ကိုလည်း ဆရာတော်ကလေး အဖြစ်နှင့် လွှဲအပ်တော်မူသည်ဖြစ်၍ ဒီပဲရင်းဆရာတော်နှင့် တိုက်အုပ်ဆရာ တော်ကြီး ၂-ပါး ပူးပေါင်းစောင့်ရှောက်ရန် လွှဲအပ်တော်မူသည် ဖြစ်ရာ သည်။

## ကြေးမြှင်မိဘုရား ကျောင်းလှူခြင်း

ရေနံချောင်းမြို့စား သတိုးမင်းကြီး မဟာမင်းကျော် မင်းထင်၏သမီး **သုသိရီပဘာ**ဘွဲ့ခံ **ကြေးမြှင်မိဘုရား**က ၁၂၇၃-ခုနှစ်၌ ဆောက်လုပ်လှူဒါန်း သော ကျောင်းတော်ကြီးကို အလှူခံယူရသည်။ သားတော်, သမီးတော်တို့ ကလည်း ဆက်လက် ကြည်ညိုကိုးကွယ်ကြသည်။ သားတော်, သမီးတော်များ မှာ **ပျဉ်းမနားမင်းသား**နှင့် သမီးတော် **ထရံကာမြို့စား မင်းသမီး**တို့ ဖြစ်သည်။

## သီပေါမဟာဒေဝီ ကျောင်းလှူခြင်း

မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးနှင့် အတူတကွ သီပေါမြို့သို့ သာသနာပြု ၂-ကြိမ် လိုက်ပါတော်မူရ, တရားဓမ္မ ဟောပြောရသည် ဖြစ်၍ သီပေါမဟာဒေဝီကလည်း ကြည်ညိုသဒ္ဓါ တိုးပွါးကာ ရွှေကျောင်းကြီး

ဆောက်လုပ်လှူဒါန်းသဖြင့် အလှူခံတော်မူရသည်။ သက္ကရာဇ်မှာ ၁၂၈၆-ခုနှစ် ဖြစ်သည်။

## မဇ္ဈိမဒေသသို့ ဘုရားဖူး ၂-ကြိမ်ကြွခြင်း

၁၂၇၃-ခုနှစ် ၁၂၈၉-ခုနှစ်တို့၌ မဇ္ဈိမဒေသနှင့် သီဟိုဠ်သို့ ကြွ၍ စေတီတော်, ဓာတ်တော်, စွယ်တော်များကို ဖူးမျှော်ပူဇော်တော်မူသည်။

## မတည့်သောအစာကို ရှောင်ကြဉ်ခြင်း

တိုက်အုပ်ဆရာတော်ဘုရားကြီးသည် မိမိနှင့် မသင့်မြတ် သပ္ပါယမဖြစ်သော အစာအာဟာရဟူသမျှကို သက်တော်ရှည်သမျှ ကာလပတ်လုံး မသုံးဆောင်မူ၍ ရှောင်ကြဉ်တော်မူလေ့ရှိသည်။

## ရှောင်နိုင်ခဲသည်

များသောလူတို့သည်ကား မိမိကြိုက်နှစ်သက်သော အစာအာဟာရဖြစ်လျှင် ရှောင်ကြဉ်နိုင်ခဲလှသည်၊ နောက်မှ ဖြစ်လိုရာဖြစ်စေ စားတော့စားလိုက်ဦးမှပဲဟု စားလိုက်မိကြသည်က များသည်၊ ယောကျ်ားများထက် အစားနှင့်ပတ်သက်လျှင် မိန်းမများက သည်းခံနိုင်မှု သာ၍ နည်းကြသည်။ တိုက်အုပ်ဆရာတော်ကြီး ရှောင်ကြဉ်တော်မူနိုင်သည်မှာ ချီးကျူးဖွယ်ပင် ဖြစ်ပေသည်။

ယင်းသို့လျှင် ပြဆိုအပ်ခဲ့ပြီးသည်အတိုင်း အသပ္ပါယဖြစ်သော အစာအာဟာရတို့ကို ရှောင်ကြဉ်တတ်ခြင်း, အကြားအမြင် ဗဟုသုတရှိခြင်း, ပဌမပြန်အဆင့်ဆင့် အောင်မြင်ခဲ့ခြင်း, အဟောအပြောကောင်းခြင်း, ပရိသတ်အလယ်၌ ရဲရင့်ခြင်း, တင့်တယ်ခြင်း, ပိဋကစာပေ၌ အထက်တန်းရောက် တတ်မြောက်ခြင်း, တိုက်တာဦးစီး ဆရာတော်ကြီးတပါး အဖြစ်သို့ ရောက်ခြင်း, ရွှေကျင်နိကာယသာသနာကို ကိုယ်ရောစိတ်ပါ အားထုတ်ဆောင်ရွက်၍ ရွှေကျင်နိကာယ သာသနာအစဉ်ကို မပျက်မယွင်း ဆက်စပ်တော်မူခဲ့ခြင်း, မင်းမိဘုရား သားတော်, သမီးတော်တို့၏ ဆရာအရှင်ဖြစ်ခြင်း အစရှိသော ဂုဏ်အပေါင်းနှင့် ပြည့်စုံတော်မူသော တိုက်အုပ်ဆရာတော်ဘုရားကြီးသည်လည်း——

အာဂတ္တုံ အဂ္ဂိကန္ဓာဝ၊ မစ္စုံ ဗျာဓိ ဇရာ တယော။
ပစ္စုဂ္ဂန္တုံ ဗလံ နတ္ထိ၊ ဇဝေါ နတ္ထိ ပလာယိတုံ။——

ဟူသော ဒေသနာတော်အရ ဇရာ, ဗျာဓိ, မရဏ-တည်းဟူသော ရန်သူတို့ကို ခုခံ တွန်းလှန်ခြင်းငှါလည်း အားရှိတော်မမူ၊ လွတ်အောင် ရှောင်တိမ်း ပြေးသွားခြင်းငှါလည်း လျင်မြန်သော အဟုန်မရှိသဖြင့် သက္ကရာဇ် ၁၂၉၁-ခုနှစ် ပြာသိုလပြည့်ကျော် ၅-ရက်နေ့ နံနက် ၁၁-နာရီ အချိန်၌ တဘဝ စခန်း သိမ်း၍ ကမ္မဇရုပ် ချုပ်ငြိမ်းတော်မူလေပြီ။ ဤစာရေးသော ပါမွှားတို့မှာ ကား ဘာအားမျှ မရှိကြပါတကား။

---

# အတိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး

သံဃာတော် ရှစ်ရာခန့်ရှိသော စစ်ကိုင်းတောင်ရိုး ရွှေကျောင်ဂိုဏ်းကြီး ၏ ဥက္ကဋ္ဌ မဟာနာယက, သာသနာတော်လုံးဆိုင်ရာ ရွှေကျောင်ဂိုဏ်းကြီး၏ တွဲဘက်မဟာနာယကကြီး ဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ မန္တလေး သကျသီဟ ပရိယတ္တိသာသနဟိတ အသင်းက ကိုးကွယ်သော မူလစာချ **အရှင်ဇောတိပါလာဘိဝံသ** ဆရာတော်ဘုရားကြီးသည် ရွှေကျောင်ဂိုဏ်းကြီး ကို ထိန်းသိမ်းစောင့်ရှောက်, ရွှေကျောင်ဝံသ, ရွှေကျောင်နိကာယ ကျင့်ဝတ်ကို မပျက်မပျောက်စေရန် ထက်သန်စွာသော သဒ္ဓါသတိဖြင့် ဆောင်ရွက်တော် မူသော ဆရာတော်ကြီးတပါး ဖြစ်တော်မူသည်။

အတိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးသည် မြင်းခြံခရိုင် **သီးကုန်းရွာ**၌ သက္ကရာဇ် ၁၂၃၅-ခုနှစ် ဝါဆိုလတွင် ဖွားမြင်တော်မူသည်။ **ဦးသံသာ, ဒေါ်ဟသ်ာ**တို့သည် ခမည်းတော် မယ်တော်များ ဖြစ်ကြသည်။

၇-နှစ်သား အယွယ်၌ သီးကုန်းရွာ တောင်ကျောင်း ဝိနယရေ သိက္ခာ-ကာမရှိတော်မူသော စာတတ်ဆရာတော် **အရှင်နန္ဒထေရ်**ထံ၌ သူတော်ငယ် အဖြစ်နှင့် စာပေပညာကို စ၍ သင်ကြားရသည်။ ဆရာသမားနှင့် ဆိုးတူ ကောင်းဘက် ဆင်းရဲချမ်းသာမဟူ ဇွဲကောင်းကောင်းနှင့် ဆရာ့အပေါ်၌ ပြုအပ်သော ဝတ်နိဗဒ်တို့ကို အမြဲ ပြုလေ့ရှိသည်၊ ၁၂၄၇-ခုနှစ်၌ တိုင်းပြည် ချောက်ချား မင်းပြောင်းမင်းလဲ ဖြစ်သောအချိန်၌ တောကြောင်များ ထကြွသောင်းကျန်း သူခိုး,ဓားပြထူပြော၍ တောရွာကျေးလက်၌ နေကြရ သော လူတို့သည် ကျီးလန့်စာစားနေကြရ, ဘေးအန္တရာယ်လွတ်ကင်းမည် ထင်သော အရပ်ဒေသသို့ ပြောင်းကြရ, ရှောင်ကြရနှင့် စကောထဲတွင် ဇီးဖြူ သီး လိမ့်သကဲ့သို့ ရှိနေကြရာ ဆရာတော်အရှင်နန္ဒထေရ်နှင့် သူတော်ငယ်

ရှင်ဇောတိပါလ ဆရာတပည့်တို့သည် သူခိုး,ဓားပြတို့အကြား၌ပင်သည်းခံ၍ နေကြရပေသည်။

## ထနောင်းတိုင်ရွာသို့ ရွှေကြရခြင်း

သာသနာတော်ထမ်း ရှင်ရဟန်းတို့ဟူသည်မှာ ဒါယကာတို့အပေါ်၌ ဆွမ်းစသော ပစ္စည်းတို့ကို အမှီပြု၍ နေကြရသည်ဖြစ်ရာ သီးကုန်းရွာ၌ နေမဖြစ်လောက်အောင် ရပ်ရွာအခြေအနေပျက်ပြား, ရပ်သူရွာသားတို့သည်လည်း ဟိုမှို သည်ရွာ ရေကြည်ရာ မြက်နုရာ ဆိုသလို ထွက်ခွါသွားကြပြီဖြစ်၍ ဆရာတော်အရှင်နန္ဒနှင့် သူတော်ငယ် ရှင်ဇောတိပါလတို့သည်လည်း ထနောင်းတိုင်ရွာသို့ ပြောင်းရွှေ့ကြရသည်။

## ရှင်သာမဏေ ဖြစ်ခြင်း

သက္ကရာဇ် ၁၂၄၇-ခုနှစ် သူတော် ရှင်ဇောတိပါလ အသက် ၁၃-နှစ်ရှိပြီဖြစ်၍ မိဘတို့ကပင် ရှင်ပြုချီးမြှောက်၍ ရှင်သာမဏေ ဇောတိပါလအဖြစ်သို့ ရောက်သည်။ ရှင်သာမဏေဘဝရောက်လျှင် သဒ္ဒါကျမ်းမှ အစပြု၍ ဆရာတော်အရှင်နန္ဒကိုယ်တိုင် ပို့ချတော်မူသဖြင့် ရှင်သာမဏေဘဝကပင် ရှင်ဇောတိပါလသည် စာအခြေ ကောင်းကောင်းရပေသည်၊ ဆရာတော်အရှင်နန္ဒသည် သဒ္ဒါကိုလည်း နိုင်နင်းတော်မူသည်၊ ဝိနည်း၌လည်း ကျွမ်းကျင်တော်မူသည်၊ သိက္ခာကာမ သံသယကုက္ကုစ္စ အလွန်ရှိတော်မူသည်ဟု အတိသုဒ္ဓါရုံ ဆရာတော်ကြီးကိုယ်တိုင် မိန့်ကြားတော်မူသည်ကို ကြားနာရဘူးသည်၊ ဆွမ်းစားခါနီး အကပ်ခံပြီးလျှင် ဆွမ်းမစားသေးပဲ "ဝဏ္ဏ-ဂန္ဓရသသမ္ပန္နော အယံ ပိဏ္ဍပါတော မမ ပူတိကာယံ ပတွာ အတိ-ဇိဂုစ္ဆနိယော ဘဝိဿတိ = အဆင်းအနံ့အရသာနှင့် ပြည့်စုံသော ဤဆွမ်းသည် ငါ၏ အပုပ်ကောင်ဖြစ်သော ခန္ဓာကိုယ်တွင်းသို့ သက်ရောက်လျှင် အလွန်စက်ဆုပ်ဖွယ် ဖြစ်ပေတော့မည်"ဟု အမြဲပင် ဆင်ခြင်တော်မူလေ့ရှိသည်၊ ဆွမ်းပွဲ၌ ဟင်းကောင်းကောင်းများ မြင်လျှင် အကြိမ်များများ ရွတ်ဆိုနှလုံးသွင်းပြီးမှ ဘုဉ်းပေးတော်မူလေ့ရှိသည်ဟု အတိသုဒ္ဓါရုံ ဆရာတော်ကြီးပင် မိန့်တော်မူသည်။

ငယ်ဆရာရင်း ဆရာတော်အရှင်နန္ဒ နှလုံးသွင်းတော်မူသည့်အတိုင်း အတိသုဒ္ဓါရုံဆရာတော်ကြီးသည် တပါးသူသိအောင် ထုတ်ဖော်ရွတ်ဆိုခြင်း

မပြုသော်လည်း နှလုံးသွင်း ဆင်ခြင်တော်မူပြီးမှ ဘုဉ်းပေးတော်မူတတ်သည်။

## ရဟန်းဖြစ်ခြင်း

သက္ကရာဇ် ၁၂၅၄-ခုနှစ် ရှင်ဇောတိပါလ အသက် ၂၀-တွင်းသို့ရောက်၍ ရဟန်းအဖြစ်သို့ တက်ရန်အခါ သင့်လေပြီ။ ထိုအချိန်၌ ဆရာတော် အရှင် **နန္ဒ**-က ရှင်ဇောတိပါလအား ပြောကြားတော်မူသည်မှာ "ငါ့တပည့်.... ဤကျောင်း၌ ရဟန်းဖြစ်ရန် ဥပသမ္ပဒကမ်ဆောင်လျှင် ပတ်ဝန်းကျင်က ဘုန်းကြီးများကိုပင့်မှ ကောင်းမည်၊ အချို့ဘုန်းကြီးများအပေါ်၌ ဆရာ သံသယမကင်းမှုလည်း ရှိသည်၊ မပင့်လည်း မကောင်း၊ ၎င်းတို့နှင့်လည်း ကမ်မဆောင်လို၊ သို့ဖြစ်၍ ငါ့မိတ်ဆွေဖြစ်သော ရေစကြိုမြို့ ကျွန်းပုလု ဝိနည်းမိုရ်ဆရာတော် **ဦးကေသရ**ထံ သွားချေ၊ ဦးကေသရထံ၌ပင် ဥပဇ္ဈာယ်ယူ၍ ရဟန်းပြုလော့၊ သည်က သပိတ်သင်္ကန်း ယူသွားလေ" ဟု မိန့်မှာ စေလွှတ်တော်မူလိုက်၏။ ရဟန်းဒကာ မရှိ၊ သပိတ်နှင့် တိစီဝရိက်မျှသာ ယူဆောင်သွားလေသည်။

ရဟန်းတက်ရန် ကျွန်းပုလု ဝိနည်းမိုရ်ဆရာတော် အရှင်ကေသရထံ ရောက်၍ အကျိုးအကြောင်း လျှောက်ထားနေခိုက်တွင် ကျွန်းပုလုဆရာတော်၏ ဒါယကာကြီး **ဦးသက်ရှည်**က လျှောက်ထားနေသောအကြောင်းကို ကြားသိပြီး သဒ္ဓါစေတနာ ရုတ်ခြည်းပေါ်ပေါက်လာသည်ဖြစ်၍ သည်လိုဆိုလျှင် ၂-ရက်ခန့် ဆိုင်းပါဦးဘုရား၊ တပည့်တော် ဒါယကာအဖြစ် ခံယူချီးမြှောက်ပါရစေ၊ မြို့သို့သွား၍ သင်္ကန်းစသည်တို့ကို ဝယ်ယူရန် အချိန်ပေးတော်မူပါဟု လျှောက်၍ သင်္ကန်းသပိတ်စသည် ဝယ်ယူ ဒါယကာခံ၍ ထောက်ပံ့လိုက်သောကြောင့်သာ ရဟန်းဒါယကာရှိသည်ဟု ပြောဆိုရပေသည်။ ဆရာရော တပည့်ပါ ရဟန်းဒါယကာ ရှိ,မရှိ အရေးမပြု၊ ရဟန်းစစ် ရဟန်းကောင်း ဖြစ်ဘို့ကိုသာ အရေးပြုကြသည်ဖြစ်၍ သန္တောသဂုဏ်နှင့် ပြည့်စုံကြသည်ကို ကြည်ညိုဖွယ် ကောင်းလှပါပေသည်။

## စာပေ ဆက်လက်သင်ကြားခြင်း

ဝိနည်းမိုရ် **ကျွန်းပုလုဆရာတော် အရှင်ကေသရ** ထံ၌၎င်း, ရေစကြိုမြို့ ဝိနည်းမိုရ် ပခန်း **ဂူဖြူတောရဆရာတော်**ထံ၌၎င်း ဝိနည်းပါဠိတော်, အဋ္ဌ-

ကထာများကို ကိုယ်တိုင်လည်းတက်၍ သံဃာငယ်များကိုလည်း ပို့ချခဲ့ရပေသည်။ ဂူဖြူတောရဆရာတော်ကြီးသည် ဝိနည်း၌ အလွန် အလေးပြုတော်မူသည်ဖြစ်ရာ ပန်းကန်ခွက်ယောက်နှင့် ဇွန်းများ သန့်ရှင်းစင်ကြယ်အောင် တိုက်ချွတ် ဆေးကြောစေမှု၌ ဦးဇောတိပါလကို အကြီးအမှူး ခန့်အပ်၍ သန့်ရှင်းစွာ ဆေးကြောစေသည်။

## လေးတန်းရွာသို့ ရောက်ခြင်း

ဦးဇောတိပါလသည် ဂူဖြူတောရဆရာတော်ကြီးထံမှ တဆင့် **လေးတန်းရွာ ဆရာတော်ကြီး**ထံ ဆည်းကပ်၍ ပါရာဇိကဏ် အဋ္ဌကထာကို ကိုယ်တိုင် ဆိုဝါအဖြစ်ဖြင့် တက်၍ သံဃာများကိုလည်း တဖက်က ပို့ချတော်မူသည်။

## ပထမအကြိမ် မန္တလေးရောက်ခြင်း

လေးတန်းရွာ ဝိနည်းမိုရ်ဆရာတော်ကြီး၏ ညီတော် ဦးနန္ဒိယနှင့် အတူ မန္တလေးမြို့ ဒက္ခိဏာရာမ ဘုရားကြီးကျောင်းတိုက်သို့ သင်္ဘော မီးရထား မစီး ခြေလျင် ကြွတော်မူခဲ့ကြသည်၊ ဘုရားကြီးကျောင်းတိုက် စာချဆရာတော် ဦးရန်ကုန် စသော ဆရာတော်များထံ၌ လိုအပ်သော စာဝါများကို လိုက်ယင်း မိမိကလည်း ပို့ချရသည်။ အတိသုဒ္ဓါရုံ ဆရာတော်ကြီးသည် စာချဝါသနာပါသဖြင့် ရောက်ရာကျောင်းတိုက်၌ စာချလေ့ရှိ၍ တပည့် စာသင်သား သံဃာများက ဆွမ်းခံကျွေးသောကြောင့် ဘယ်မှာနေနေ ဆွမ်းမခံရဟု မိန့်ကြားတော်မူဘူးသည်။

အရှင်ဇောတိပါလသည် မန္တလေး ဘုရားကြီးတိုက်မှတဖန် မူလဆရာရင်းဖြစ်တော်မူသော ဝိနည်းမိုရ်ဆရာတော် အရှင်နန္ဒထံသို့ ပြန်ခဲ့၍ ထနောင်းတိုင်ရွာတွင် စာပေပို့ချတော်မူသည်။

## ဒုတိယအကြိမ် မန္တလေးရောက်ခြင်း

ထိုနောက် ပခုက္ကူ ကျောက်မိကျောင်း တောရသို့ ခေတ္တ သွားရောက်နေပြီးလျှင် ၁၂၆၁-ခုနှစ်၌ မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်သို့ ရောက်လေသည်၊ မဟာဝိသုဒ္ဓါရုံတိုက်၌ စည်းမျဉ်းရှိသည်မှာ ရောက်လာသော သံဃာသည် တိုက်တွင်း၌ အာမခံရှိမှ နေခွင့်ရသည်၊ အရှင်ဇောတိပါလ၌ အသိမရှိသဖြင့် ဆရာတော်ကြီး အုဌ်လှေကားအောက်၌ အာမခံ ဂိလ်ရှာရင်း စာလိုက်နေရလေသည်၊ ရက်အနည်းငယ်ကြာကာလ မဟာ-

ဝိသုဒ္ဓါရာမ ဆရာတော်ကြီးက "ဒီ ဦးပဥ္စင်း မသွားသေးဘူးလား" ဟု မေးလျှင် "တပည့်တော် သွားရအောင် လာသည် မဟုတ်ပါ၊ နေရအောင် လာပါသည်"ဟု လျှောက်သဖြင့် "ဒီ ဦးပဥ္စင်း စာပေဝါသနာ ရှိပုံရသည်၊ ကြည့်ပြီး အာမခံလိုက်ကြပါ"ဟု အမိန့်ရှိသည်ဖြစ်၍ **ဦးသဒ္ဓမ္မ** အမည်ရှိသော ရဟန်းတော်က အာမခံပြုမှ တိုက်သားအဖြစ် နေခွင့်ရတော့သည်။ ဦးသဒ္ဓမ္မ အမည်ရှိသောပုဂ္ဂိုလ်မှာ နောက်အခါ စစ်ကိုင်းတောင်ရိုး ရွှေကျင်ဂိုဏ်းကြီး၏ အကြီးအမှူး ဥက္ကဋ္ဌဖြစ်သော **မဟာဂန္ဓာရုံ ချမ်းဆေးဆရာတော်ဘုရားကြီး** ဖြစ်တော်မူသည်။

အရှင်ဇောတိပါလသည် မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးထံ၌ ငါးဝါတိုင်တိုင် ပါဠိ,အဋ္ဌကထာများကို ဆည်းပူး လေ့လာ၍ မိမိကလည်း စာပေပို့ချတော်မူသဖြင့် မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးက အမရပူရကျောင်း၌ ကျောင်းဘုန်းကြီး စာချကထိကအဖြစ် ချီးမြှောက်တော်မူသည်။

## အနောက်ပြင် မဟာဝိသုဒ္ဓါရုံသို့ ရောက်ခြင်း

၁၂၆၅-ခုနှစ်၌ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး အနောက်တိုက်သို့ ပြောင်းရွှေ့သီတင်းသုံးတော်မူသောအခါ နောက်ပါစာချဘုန်းကြီးများတွင် အရှင်ဇောတိပါလလည်း တပါးပါဝင်၍ လိုက်ခဲ့ရသည်။ အနောက်တိုက်ရောက်လျှင် မဟာဝိသုဒ္ဓါရာမ ဆရာတော်ကြီးက ဝါဆိုကျောင်းအထက်ထပ်၌ သီတင်းသုံးတော်မူသည်၊ အရှင်ဇောတိပါလက ဝါဆိုကျောင်းအောက်ထပ်၌ နေ၍ စာချရသည်။

## ရှေးဦးစွာ ကျောင်းရခြင်း

ဤစာရေးသော ဘုန်းကြီးသည် အရှင်ဇောတိပါလ-ဟူသော အတိသုဒ္ဓါရုံဆရာတော်ကြီးထံ၌ မဂ္ဂဗောကျေမ်းကို ကိုယ်တိုင်ဆိုဝါဖြင့် ဋီကာနှင့်တွဲ၍ တက်နေစဉ် ဆရာတော်ကြီးက မိန့်တော်မူဘူးသည်မှာ—"မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးက ဝါဆိုကျောင်းအထက်ထပ်မှာ သီတင်းသုံးတော်မူတယ်, ကျုပ်က အောက်ထပ်ကနေပြီး စာချနေတယ်။ ကျုပ်က အသံကျယ်ကျယ်နှင့် အော်အော် စာချဒါနဲ့ပဲ ဆရာတော်ကြီးက ညောင်စဉ်ကျောင်း ဘုန်းကြီးအဖြစ်နှင့် ညောင်စဉ်ကျောင်း ပြောင်းပေးလိုက်တယ်၊

ဘုန်းကြီးလို့ ကျောင်းရတာ မဟုတ်ဘူး၊ အသံကျယ်ကျယ်နှင့် အော်ပြီး စာချလို့ ဆရာတော်ကြီး အာရုံပြားသဖြင့် ကျောင်းရွှေ့ပေးလိုက်ခြင်းသာ ဖြစ်သည်”ဟု မိန့်တော်မူသည်။

အတိသုဒ္ဓါရုံဆရာတော်ဘုရားသည် စာ၀ါသနာရှိသည်၊ စာတော်သည်၊ သဒ္ဒါနှင့်ဝိနည်းတို့ကို အထူးနိုင်နင်းတော်မူသည်။ ဉာဏ်ပညာရှိသော်လည်း ရိုးသား ဖြောင့်မတ်တော်မူသည်၊ လောဘစွန်း ရှိတော်မမူပေ။ မိမိပြု လုပ်မိသောအပြစ်ကိုရင်း, တစုံတရာသော အကြောင်းကိုရင်း မထိမ်မ၀ှက် ပြောကြားတော်မူတတ်သည်။

“ကျုပ် မန္တလေးနေစဉ်က ဆွမ်းခံ၍မရဘူး၊ဆွမ်းလဲ မဘိတ်ဝံ့ဘူး၊ဘိတ် လဲမဘိတ်ဘူး၊ ကျုပ်ဆီမှာ စာတက်တဲ့ ဦးပဥ္စင်းများက ဆွမ်းခံကျွေး၍ ကျုပ်က စာချပေးရတယ်။ ရဟန်း၀ါ ၂၀-အတွင်းတုန်းက ပိုးသက်န်း၀တ် ချင်စိတ်များစွာ ဖြစ်မိသည်၊ တခါမှလဲ မရဘူး၊ ၀ါ ၂၀-ကျော်မှ ပိုးသက်န်း ရလာတယ်၊ သည်လောက်ရှိတဲ့ ပိုးသက်န်း တသက်လုံး မ၀တ်တော့ဘူးကွ လှူပစ်တော့မယ်ဟု စိတ်ကိုဆောက်တည် လိုက်တယ်၊ ယခုအထိ ရသမျှ ပိုးသက်န်းတွေကို မ၀တ်ပဲ လှူသင့်ရာကို လှူလိုက်သည်”ဟုလည်း ပြော ကြားတော်မူဘူးသည်။

အတိသုဒ္ဓါရုံဆရာတော်ကြီးသည် ရုပ်ခန္ဓာတော် ထောင်ထောင်မောင်း မောင်း ထွားထွား ကျိုင်းကျိုင်း ရှိသလောက် အသံတော်မှာလည်း အောင် မြင်တော်မူသည်၊ စာချလျှင် ဖြစ်စေ, သီလပေးသည် ဖြစ်စေ အ၀េးကပင် ပြတ်ပြတ် သားသား ကြားရသည်၊ အောင်သော်လည်း သာယာနာပျော် ဖွယ် မဟုတ်လှ၊ ပြင်းထန်သော အသံမျိုးဖြစ်၍ သီလပေးသည့်အခါ အချို့ ဒကာမများ, သီလရှင်များ လန့်ပင် လန့်ကြသည်ဟု သိရသည်။

အတိသုဒ္ဓါရုံဆရာတော်ကြီးသည် ဒကာ, ဒကာမများကို အရေးအခွင့် မပေးတတ်, လောက၀တ်ပျူငှါ မလုပ်တတ်ချေ၊ အခါတပါး၌ ဤစာရေး သောဘုန်းကြီးများ စာတက်နေစဉ် အထက်တန်းစားဒကာနှင့် ဒကာမများ ၀ါဆိုသက်န်းလာကပ်ကြသည်၊ကပ်သောသက်န်းကိုသာ အကပ်ခံလိုက်သည်၊ စကား တခွန်းမျှ မပြောလိုက်၊ စာအဓိပ္ပါယ်ကိုသာ ဆက်ပြောနေသည် အချိန်ကြာလျှင် ဒကာများလည်း ပြန်သွားကြတော့သည်။

## သကျသီဟ မူလစာချဖြစ်ခြင်း

အရှင်ဇောတိပါလ ညောင်စဉ်ကျောင်းဘုန်းတော်ကြီးသည် မန္တလေးမြို့ သကျသီဟပရိယတ္တိအသင်းက မူလစာချ ဓမ္မာစရိယအဖြစ်ဖြင့် ကိုးကွယ်သည်ဖြစ်၍ လစဉ် ဆွမ်းဆန်တော်ကို အလှူခံယူရသည်၊ "ဘဒ္ဒန္တဇောတိပါလာဘိဝံသ" ဟူသော ဘွဲ့ပုံကိုလည်း ရရှိတော်မူသည်။

၁၂၆၅-ခု, ၆၆-ခုနှစ်မှစ၍ အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်၌ ၁၁-ဝါ နေ၍ ညောင်စဉ်ကျောင်းဘုန်းကြီး စာချကထိကအဖြစ်ဖြင့် သီတင်းသုံးကာ စာပေပို့ချ နေခဲ့သည်။ ယင်းသို့ စာပေပို့ချနေစဉ် အခါတပါး၌ ခပ်ပြင်းပြင်း အဖျားရောဂါဖြစ်ရာ ဤအဖျားပျောက်လျှင် တောထွက်မည် .မိဋ္ဌာန်လိုက်သည်။ မကြာမီပင် အဖျားပျောက်ကင်းသွားပေသည်။

## တောထွက်ခြင်း

သက္ကရာဇ် ၁၂၇၇-ခုနှစ် ရဟန်းသိက္ခာ ၂၃-ဝါအရတွင် စစ်ကိုင်းတောင်ရိုး မြောက်ပိုင်း သုံးဆူချောင်သို့ သပိတ်တလုံး သက်န်းသုံးထည်ယူဆောင်ကာ တောထွက်လာတော်မူသည်၊ မိမိ၏ တပည့် ညောင်စဉ်ကျောင်း ဆွမ်းစားကျောင်းဘုန်းကြီး ဦးပညာ နောက်တော်က လိုက်ပါတော်မူသည်။ **ဦးပညာ**-ဟူသည် နောက်အခါ မဟာဂန္ဓာရုံတိုက် **မဟာသုခဆရာတော်**ဟူ၍ထင်ရှားသောပဋိပတ္တိမာမကဝိနယဓရဓုတင်ဓရ ပုဂ္ဂိုလ်ကြီးဖြစ်တော်မူသည်။

## ရက္ခမူလချောင်သို့ ရောက်ခြင်း

သုံးဆူချောင်၌ ဝိပဿနာဓုရကို အားထုတ်ပွါးများနေကြရာ အာဝါသသပ္ပါယ ဖြစ်တော်မမူကြသည်ကို မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး **အရှင်ဥတ္တရ** သိရှိတော်မူ၍ ရက္ခမူလချောင်သို့ ပင့်ခေါ် ချီးမြောက်ပေးသဖြင့် ရက္ခမူလချောင်၌ သီတင်းသုံးကာ သံဃာ ငါးဆယ်ကျော်တို့အား စာပေပို့ချတော်မူသည်။ ထိုနောက် အသက်ရှစ်ဆယ်ရှိသော မယ်တော်ကြီးကို ငဲ့၍ သီးကုန်းတောရကျောင်း, ဓမိုက်တောရကျောင်းတို့၌ ၇-နှစ်ခန့် ကြွရောက် သီတင်းသုံးတော်မူရသည်။

## သီးကုန်း, ဓမိုက်သို့ မကြွမီ

### မဟာဂန္ဓာရုံဆရာတော် ချီးမြှောက်ပုံ

မဟာဂန္ဓာရုံ၌ ကျောင်းဆောက်လုပ်လှူဒါန်းလိုပါသည်ဟု ဟသ်ာတနှင့် ဓနုဖြူဒကာတို့က မဟာဂန္ဓာရုံ ဆရာတော်အား လျှောက်ထားခွင့်တောင်းရာ ကျောင်းကန် မပြည့်စုံသောနေရာ ကျေးဇူးများသောနေရာ၌ ဆောက်ကြရန် ဟောပြော၍ ရက္ခမူလချောင် အရှေ့ဘက်၌ အတိသုဒ္ဓါရုံ အမည်ဖြင့် ဆောက်လုပ်စေပြီးလျှင် အတိသုဒ္ဓါရုံဆရာတော်အား ချီးမြှောက်တော်မူသည်မှစ၍ အတိသုဒ္ဓါရုံဆရာတော် ဟု ထင်ရှားတော်မူသည်။

### စစ်ကိုင်းသို့ ပြန်ကြွခြင်း

ဓမိုက်တောရကျောင်း၌ ၇-နှစ်မျှ သီတင်းသုံးပြီးကာလ မယ်တော်ကြီးလည်း ကွယ်လွန်ပြီဖြစ်၍ စစ်ကိုင်းတောင်ရိုး အတိသုဒ္ဓါရုံသို့ ပြန်ကြွကာ အမြဲသီတင်းသုံးတော်မူသည်။

### သက်သတ်လွတ် ကောသနိက်ခုတင်

အတိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးသည် ဒုတိယ ကပ္ပါစစ် အတွင်းက မဟာသုခချောင်သို့ အခိုက်အတန့် ရွှေ့ပြောင်း သီတင်းသုံးတော်မူရသည်၊ မဟာသုခ, မဟာဂန္ဓာရုံ- ဝိပဿနာတိုက်တို့သည် မဟာဂန္ဓာရုံဆရာတော်ကြီးလက်ထက်က စ၍ သက်သတ်လွတ် ဘုဉ်းပေးတော်မူရာ ဌာနများဖြစ်၍ နောက် ပုဂ္ဂိုလ်များလည်း သက်သတ်လွတ်ပင် ဘုဉ်းပေးတော်မူကြသောကြောင့် အတိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးလည်း ဌာနအားလျော်စွာ သက်သတ်လွတ် ဘုဉ်းပေးတော်မူသည်။ ထိုအချိန် ၁၃၀၄-ခုနှစ်မှ စ၍ သက်တော်ရှည်သမျှကာလပတ်လုံး သက်သတ်လွတ်ကိုပင် တနေ့ တထပ် တကြိမ်သာ ဘုဉ်းပေးတော်မူသည်။ မကျန်းမာတော်မူသော်လည်း သက်သတ်လွတ်နှင့် ခုတင်ကို ဖျက်တော်မမူပေ။

အတိသုဒ္ဓါရုံ ဆရာတော်ကြီးသည် တစုံတခုကို ဆုံးဖြတ်တော်မူမိလျှင် နောက်မဆုတ်တမ်း ဇွဲသန်သန်နှင့် ပြုလုပ်တော်မူလေ့ရှိသည်။ တပည့်များနှင့် ပတ်သက်၍ ရံခါ-မိမိက မှားစေကာမူ အမှားမလုပ်၊ အနိုင်ယူတော်မူတတ်သည်။ သို့ရာတွင် မကြာမီ ပြေပျောက်တတ်သည်။

ဓမိုက်တောရကျောင်း၌ နေစဉ် တပည့်ဘုန်းကြီးတပါးကို စိတ်အလို မကျ၍ ခေါ်ကာ ငေါက်ငမ်း မြည်တွန်တော်မူသည်၊ အမောပြေသောအခါ "မင်းကို ကောင်းစေချင်၍ ငါပြောတာပါကွာ"ဟု စကားပြေပြောသည် ဟု သိရသည်။

ပုဂ္ဂိုလ်တဦး မဟုတ်မမှန် တိုက်ခိုက်လျှောက်ထားမှုကြောင့် ဤစာရေး သော ဘုန်းကြီးကိုလည်း ငေါက်ငမ်း ပြောဆိုဘူးသည်။ နောက် အမှန်ကို သိလာသောအခါ "လူကြီးများလဲ မှားတဲ့အခါ မှားကြတာပဲ၊ သည်းခံ ကြပါ" ဟု အကြေအလည် မိန့်တော်မူသည်။ တိုက်ခိုက်သော ပုဂ္ဂိုလ် အပေါ်၌ ပံ့လွှန်တော်မူသည်အထိ အယုံအကြည်ကင်းမဲ့သော လက္ခဏာ များကို တွေ့မြင် ကြားသိရသည်။

## ရွှေကျင်နိကာယ ဥက္ကဋ္ဌဖြစ်ခြင်း

မဟာဂန္ဓာရုံ ချမ်းအေးဆရာတော်ကြီးသည် သက်တော် ယွယ်တော် ကြီးတော်မူပြီဖြစ်၍ စစ်ကိုင်းတောင်ရိုး ရွှေကျင်ဂိုဏ်းကြီးကို အုပ်ချုပ်ရန် တာဝန်ကို အတိသုဒ္ဓါရုံဆရာတော်ဘုရားအား လွှဲအပ်တော်မူသည်မှ စ၍ "ရွှေကျင်ဂိုဏ်း၏ ဥက္ကဋ္ဌ မဟာနာယကကြီး" ဖြစ်တော်မူသည်၊ "နိုင်ငံလုံး ဆိုင်ရာ ရွှေကျင်ဂိုဏ်း၏ မဟာနာယကကြီး"လည်း ဖြစ်တော်မူသည်။ ဥက္ကဋ္ဌ မဟာနာယကကြီး ဖြစ်တော်မူသည့်အတိုင်းလည်း ဂိုဏ်းသံဃာတို့ အား ရွှေကျင်စည်းမျဉ်းနှင့်အညီ ကွပ်ကဲဆုံးမ အုပ်ချုပ်တော်မူသည်၊ သံဃ ဥပုသ် ပြုပြီးသောအခါတိုင်းလည်း တမျိုးစီ တမျိုးစီ သြဝါဒပေးတော်မူ သည်။

## အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် အလှူခံယူရခြင်း

သက္ကရာဇ် ၁၃၁၄-ခုနှစ်၌ "အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့တံဆိပ်ကို အလှူခံယူ တော်မူရသည်။

## ပံ့လွှန်တော်မူခြင်း

သူတော်ငယ်အဖြစ်က စ၍ သန့်ရှင်းစင်ကြယ်စွာ သီလဝိသုဒ္ဓိနှင့် ပြည့်စုံ သော ရဟန်းကောင်း ရဟန်းမြတ် ဖြစ်၍ စာတတ်ပေတတ် ပိဋကတ္တယ- ပါရဂူ, ဝိနယဓရ, သဒ္ဒလက္ခဏဆေက, ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာနာ- ယက, အဂ္ဂမဟာပဏ္ဍိတ ဖြစ်တော်မူလျက် ရွှေကျင်သာသနာတော်ကို ထက်

ထက် သန့်သန့် ပုံစံကျကျ ဆောင်ရွက်တော်မူခဲ့သော အတိသုဒ္ဓါရုံဆရာတော်ဘုရားကြီးသည် သက်တော် ၈၆-နှစ် သက္ကရာဇ် ၁၃၂၀-ပြည့်နှစ် နတ်တော်လဆုတ် ၂-ရက်နေ့ နံနက် ၃-နာရီအချိန် ကမ္ဗဇရုပ်ဟောင်းကို သွန်းလောင်း စွန့်ပစ်တော်မူခဲ့လေပြီ။

---

# ပတ္တမြားဆရာတော်ဘုရားကြီး

ပတ္တမြားဆရာတော်သည်လည်း ရွှေကျင်ဂိုဏ်းကြီးကို အထူးစောင့်ရှောက်၍ သာသနာပြုတော်မူသော ဆရာတော်ကြီးတပါး ဖြစ်တော်မူသည်၊ ရှေးဆရာတော်ဘုရားကြီးများကဲ့သို့ပင် ဆရာတော်ကြီးများနှင့်မခြား ရွှေကျင်နိကာယသာသနာကို ဆက်လက် တာဝန်ယူကာ ဆောင်ရအံ့သော ဆရာတော်ကြီးဟူ၍လည်း မှတ်ယူရမည့် ဆရာတော်တပါးလည်း ဖြစ်တော်မူသည်။ ရွှေကျင်ဂိုဏ်းကြီး၌ ဤကဲ့သို့သော ပရိယတ်, ပဋိပတ်စွယ်စုံ, သီလ, သမာဓိစွယ်စုံ ဖြစ်သော ဂုဏ်ထူးရှိတော်မူသော ဆရာတော်ဘုရားကြီး အမြောက်အမြား ထွန်းကား ပေါ်ပေါက်လျက် ရှိခြင်းသည် ဘုရားရှင်သာသနာတော်နှင့် ရွှေကျင်ဂိုဏ်း ကမ်ကောင်းခြင်းဟုပင် ဆိုရပေမည်။

အထက်အောက် မြန်မာနိုင်ငံအဝှမ်း၌ ရွှေကျင်နိကာယ သာသနာ့ဝန်ဆောင် ဆရာတော်ကြီးများသည် တိုင်း, ခရိုင်, မြို့, နယ် အနှံ့ပင် ယခင်ကလည်း ထင်ရှားရှိကာ ဆောင်ရွက်တော်မူခဲ့ကြကုန်ပြီ၊ ယနေ့ မျက်မှောက်ခေတ်၌လည်း မျက်မှောက်ရှိ ဆရာတော်များသည် ဆက်လက်၍ ဆောင်ရွက်တော်မူကြဆဲဖြစ်သည်မှာ အထင်အရှားပင် ဖြစ်ပေသည်။ ထင်ရှားရှိပြီး, လွန်တော်မူကြပြီးသော ဆရာတော်ဘုရားကြီးတို့ကိုရင်း, မျက်မှောက်ရှိဆဲ ဆရာတော်တို့ကိုရင်း, စေ့ငပြည့်စုံအောင်မှုကား ဤသာသနာဝင်၌ ဖော်ပြခြင်းငှါ မစွမ်းနိုင်အောင် ဖြစ်တော့သည်၊ ထည့်သွင်းနိုင်သမျှ ထည့်သွင်းရစေရန် အချို့ မြို့ရွာနယ်ပယ်သို့ စာရေး အကြောင်းကြားခြင်းဖြင့်ရင်း, လူ စေလွှတ်ခြင်းဖြင့်ရင်း မေးမြန်းလျှောက်ထား စုဆောင်းပါသော်လည်း လိုသလောက် မရသည်က များနေပေသည်၊ ဤသည်လည်း အပြည့်အစုံ မဖော်ပြနိုင်ကြောင်းတရပ် ဖြစ်လေသည်။



မင်းကွန်း ပတ္တမြားဆရာတော်ဘုရားကြီးပုံတော်

တောင်ငူ, ပဲခူး, သထုံ, ကျိုက်ထို, မော်လမြိုင်, ဘီလူးကျွန်း, ကော့က-ရိတ်, ကျုံဒိုး, ရေး, ထားဝယ်, မြိတ်, မအူပင်, မြောင်းမြ, ပုသိမ်, ဖျာပုံ, ဒေးဒရဲ, ကွမ်းခြံကုန်း, တွံတေး, ပြည်, မင်းလှ, သုံးဆယ်, သံလျင်, သုံးခွ, ခရမ်း, သပြေကန် အောက်မြို့နယ်တို့၌၎င်း, ရွှေဘို, မုံရွာ, မြင်းခြံ, ပခုက္ကူ, စလေ, မိတ္ထီလာ, သာစည်, ကျောက်ဆည် စသော အထက်မြို့နယ်တို့၌၎င်း, ရှမ်းပြည်တောင်ပိုင်း, မြောက်ပိုင်းတို့၌၎င်း ရွှေကျင်နိကာယ သာသနာ

စောင့် ဆရာတော်များ အထင်အရှား အများအပြားပင် ရှိတော်မူကြသည်ကို တိုင်းခရိုင်မြို့နယ်တို့ အမည်မျှဖြင့် ထုတ်ဖော် ညွှန်ပြရတော့သည်ကို သည်းခံတော်မူကြရန် မေတ္တာရပ်ရတော့သည်။

ပတ္တမြားဆရာတော်ဘုရားကြီးသည် ၁၂၄၅-ခုနှစ် နယုန်လပြည့်ကျော် ၉-ရက် အင်္ဂါနေ့၌ ရွှေဘိုမြို့ ဒီပဲရင်းတောင်လက် **နဂါးဗိုလ်ရွာ**တွင် **ဦးသော်, ဒေါ်ဖဲဥ**တို့မှ ဖွားမြင်တော်မူသည်၊ ရှင်,ရဟန်းဖြစ်ပြီးနောက် ၁၂၇၃-ခုနှစ်မှ ၁၂၈၂-ခုနှစ်တိုင်အောင် ၉-နှစ်ပတ်လုံး မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်၌ ပဓာနဓမ္မာစရိယအဖြစ်ဖြင့် စာပေ ပို့ချတော်မူခဲ့သည်။

ပတ္တမြားတိုက်ကို အစအဦးတည်တော်မူသော ပတ္တမြားဆရာတော်ဘုရားကြီးသည် သက်တော်ယွယ်တော် ကြီးရင့်တော်မူပြီဖြစ်၍ မဟာ-ဝိသုဒ္ဓါရုံတိုက်၌ စာချနေသော **အရှင်ဇာဂရ**ကို မိန့်ခေါ်တော်မူ၍ ပတ္တမြားတိုက်ကြီးကို လွှဲအပ်တော်မူသဖြင့် **ဆရာတော်ကလေး**အဖြစ်နှင့် ပတ္တမြားတိုက်ကြီးကို ၁၂၈၂-ခုနှစ်ကစ၍ ထိန်းသိမ်း အုပ်ချုပ်လျက် စာပေပို့ချတော်မူရသည်။

၁၂၉၂-ခုနှစ်၌ ပတ္တမြားဆရာတော်ဘုရားကြီး ပျံလွန်တော်မူသောအခါမှ စ၍ ပတ္တမြားဆရာတော်ကြီး၏ အရိုက်အရာကို ခံယူတော်မူကာ တိုက်တာသာသနာနှင့် တကွ ရွှေကျင်ဂိုဏ်းကိစ္စ အဝဝတို့ကိုလည်း ကူညီ ဆောင်ရွက်တော်မူသည်။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်၍ မန္တလေးတိုင်အောင် ဆိုက်ရောက်လာသော အခါ မြို့သူ,မြို့သား ဒါယကာ,ဒါယိကာမတို့သည် မြို့ပေါ်၌နေ၍ မဖြစ်ကြသဖြင့် စစ်ကိုင်းတောင်ရိုး, မင်းကွန်းတောင်ရိုးတို့သို့ ရွှေ့ပြောင်းနေကြရလေရာ ဆရာတော်သံဃာတော်များသည်လည်း အလျဉ်းသင့်ရာ သမဂ္ဂသီတင်းသုံးဖော်ရှိရာတို့သို့ ကြွရောက် တိမ်းရှောင်ကြရသည်၊ ပတ္တမြားဆရာတော်သည်လည်း မင်းကွန်းငွေတောင်တောရသို့ ကြွ၍ သီတင်းသုံးတော်မူရသည်၊ **ငွေတောင်တောရ**-ဟူသည်မှာ ရွှေကျင်ဂိုဏ်းကြီးကို ဦးဆောင်တည်ထောင်တော်မူသော ရွှေကျင်ဆရာတော်ဘုရားကြီးသည် ပျံလွန်တော်မူသည့်တိုင်အောင် တောထွက် သီတင်းသုံးတော်မူရာဖြစ်သော တောရကျောင်း ရွှေကျင်တိုက်ကြီး ဖြစ်သည်။

## ငွေတောင်တောရ ပတ္တမြားဆရာတော်

ပတ္တမြားဆရာတော်ကို စစ်ကြီးပြီးသောအခါ တပည့်သံဃာများနှင့် တကွ ပတ္တမြားတိုက် ဒါယကာ, ဒါယိကာမတို့က မန္တလေးမြို့ ပတ္တမြားတိုက်သို့ ပြန်လည် ကြွရောက် သီတင်းသုံးတော်မူရန် ပင့်လျှောက်ကြကုန်၏။ ယင်းသို့ ပင့်လျှောက်ကြသော်လည်း—

ကော အရညေ နိဝသံ၊ ယံ သုခံ လဘတေ ယတိ။
ရသံ တဿ န ဝိန္ဒန္တိ၊ အပိ ဒေဝါ သဣန္ဒကာ။—

ဟူသော အရညာနိသံသဒဿန ဒေသနာအရ တောကျောင်း၌ ကောစာရီ သီတင်းသုံးရသော အရသာကို ဒိဋ္ဌကိုယ်တွေ့ ရရှိသုံးဆောင်တော်မူရသော ပတ္တမြားဆရာတော်သည် တပည့်ဒကာများကို သနားကရုဏာ သက်တော်မူသော်လည်း တောကျောင်းချမ်းသာကို လက်မလွှတ်လိုသည်တကြောင်း, ဂဏသမုဋ္ဌာပက ကျေးဇူးရှင် ရွှေကျင်ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူသွားသော ငွေတောင်တောရကိုလည်း မပျက်မစီးအောင် ဆက်လက် စောင့်ရှောက်တော်မူလိုသော ဆန္ဒရှိသည့် တကြောင်းကြောင့် ယနေ့တိုင် မင်းကွန်း ငွေတောင်တောရ၌သာ သီတင်းသုံးတော်မူကာ ရွှေကျင်သာသနာကို ထမ်းဆောင်တော်မူလျက် ရှိတော်မူသည်။

ရံခါရံခါ တပည့်ဒကာများပင့်လျှောက်၍ မန္တလေးမြို့သို့ အခိုက်အတန့် တရက်စ နှစ်ရက်စ ကြွရောက်ချီးမြှောက်တော်မူသည်။ မင်းကွန်းငွေတောင်တောရ၌ ရွှေကျင်ဆရာတော်ဘုရားကြီးသည် သက္ကရာဇ် ၁၂၄၆-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၆-ရက်နေ့ကစ၍ သီတင်းသုံးတော်မူခဲ့သည်။ ပတ္တမြားဆရာတော် ဆက်လက် စောင့်ရှောက် သီတင်းသုံးတော်မူသဖြင့် ငွေတောင်တောရ ရွှေကျင်တိုက်ကြီးသည် သာယာစိုပြေ၍ တင့်တင့်တယ်တယ် မွေ့လျော်ဖွယ် ရှိပေသည်။ ၁၃၂၃-ခုနှစ် သီတင်းကျွတ်လက ဤစာရေးသောဘုန်းကြီး ငွေတောင်တောရသို့ ရောက်သွားရာ ပတ္တမြားဆရာတော်ဘုရားကြီးကိုယ်တိုင် ရွှေကျင်ဆရာတော်ဘုရားကြီး၏ အရိုးအိုးစေတီတော်, ဗောဓိပင် စသည်တို့ကို လိုက်ပြတော်မူသည်၊ မင်းကွန်းငွေတောင်တောရသည် စစ်ကိုင်းတောင်ရိုးထက် တောရကျောင်းပီသသည်၊ သစ်ပင်ကြီးများ, ချုံများ, ဝါးရုံပင်များလည်း ရှိသည်၊ ချောင်တခု

နှင့်တခု တောချုံကွက်လပ် ခြားကာ ခြားကာ ရှိသဖြင့် တိတ်ဆိတ်သည်၊ တောရကျောင်းနှင့် တူသည်။

ပတ္တမြားဆရာတော်ကြီးသည် ရွှေကျင်ဂိုဏ်း၏ ခေါင်းဆောင် ဆရာတော်တပါး ပီပီ သီလသိက္ခာနှင့် ပြည့်စုံတော်မူသည်၊ ဝိနယဂရုက ရှိတော်မူသည်၊ ဆဋ္ဌသင်္ဂါယနာတင်ချိန်က ကမ္ဘာအေး ဇမ္ဗူဒီပကျောင်းဆောင်၌ ပတ္တမြားဆရာတော်နှင့် နီးနီးနေခဲ့ရသော ဆရာတော်တပါးက ပတ္တမြားဆရာတော်၏ သိက္ခာကာမရှိတော်မူပုံကို ကြည်ညိုသောစေတနာနှင့် ဝမ်းသာအင်ရွှဲ ပြောကြားဘူးသည်၊ ပတ္တမြားဆရာတော်၏ ရေဗူးကလေး၌ သန့်ရှင်းသော ရေသောက်ခွက်နှင့် ရေစစ်ကလေးကို မြင်ရခြင်းသည်ပင် ဝိနယဓရထေရ်ဖြစ်ကြောင်း သာဓကတရပ်ဖြစ်သည်ဟု ဆက်လက်ပြောကြားလေသည်။

မင်းကွန်း ဓမ္မနာဒကျောင်းတိုက် ဆရာတော်"တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက" **အရှင်ဝိစိတ္တသာရာဘိဝံသ** ကလည်း ပတ္တမြားဆရာတော် စာတတ်ကြောင်း,လျှောက်ထားမေးမြန်းတိုင်း ရကြောင်း, ကျမ်းဂန်နှံ့စပ်ကြောင်းတို့ဖြင့် ချီးကျူးသံကိုလည်း ကြားလိုက်ရဘူးသည်။ ဤသို့သော ပရိယတ်ပဋိပတ်နှင့် ပြည့်စုံလျက်လည်း တက်ကြွသောအမှုအရာ မရှိ၊ ကြီးငယ်မဟူ သံဃာများနှင့် ဆက်ဆံရာ၌လည်း ပြေပြစ်တော်မူပေသည်။ မျက်နှာတော်ပြုံးတော်မူသလို စိတ်တော်လည်း ချိုတော်မူသည်။ သို့ဖြစ်၍လည်း ၁၃၁၈-ခုနှစ်၌ ၉-ကြိမ်မြောက် ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်၌ စည်းဝေးသော ရွှေကျင်နိကာယ ဂိုဏ်းလုံးဆိုင်ရာ သံဃာ့အစည်းအဝေးကြီး၌ သဘာပတိအဖြစ်ဖြင့် အုပ်ချုပ်ရန် တင်မြှောက်ခြင်းကို ခံယူရပေသည်။ ပတ္တမြားဆရာတော်ဘုရားကြီးသည် ယခု ဤစာရေးနေသော ၁၃၂၅-ခုနှစ် နယုန်လပြည့်ကျော် ၉-ရက်နေ့၌ သက်တော် ၈၀-တင်းတင်း ပြည့်သော်လည်း ကျန်းမာစွာပင် သာသနာ့ဝန်ကို ဆောင်တော်မူလျက် ရှိတော်မူပါသတည်း။

**ပတ္တမြားဆရာတော် အရှင်ဇာဂရ**သည် မင်းတုန်းမင်းတရားကြီး လက်ထက် မတ္တရာတိုက်, သက်ပန်းတိုက်တို့၌ ပဌမစာချအဖြစ်ဖြင့် စာချတော်မူခဲ့သော နဂါးဗိုလ်ရွာ **ရွှေမုဋ္ဌောကျောင်းဆရာတော်** ကို ဥပဇ္ဈာယ်ပြု၍ အသက် ၁၃-နှစ်တွင် ရှင်သာမဏေဖြစ်သည်။

၁၂၆၄-ခုနှစ် အသက် ၂၀-သို့ အဝင် ရွှေမုဋ္ဌောဆရာတော်သည်ပင် ဥပဇ္ဈာယ်အဖြစ် ချီးမြှောက်တော်မူ၍ ရဟန်းဖြစ်တော်မူခဲ့သည်။

### ပိဋကစာပေပညာ ဆက်လက်ဆည်းပူးခြင်း

မန္တလေးမြို့ မိုးထားတိုက် ဆရာတော်ဦးပညိန္ဒ, ရွှေရေးဆောင် ဆရာတော်ဦးကြည်, ဘုရားကြီးတိုက် ဆရာတော်ဦးရန်ကုန်, ရွှေဘို ဆိပ်ခွံရွာ အင်းထိပ်ဆရာတော်, မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံဆရာတော်တို့ထံ၌ ပိဋကနှင့် သက္ကတစာပေများကို သင်ကြားတော်မူခဲ့သည်။ သို့ဖြစ်၍ မာဂဓ ပိဋကကျမ်းစာတင်သာမက သက္ကတ ဘာသန္တရ စာပေတို့၌လည်း ကျွမ်းကျင်စွာ တတ်မြောက်တော်မူသည်။

**ပတ္တမြားဆရာတော် ရေးသော ကျမ်းစာများမှာ—**

၁-မုဂ္ဂဗောဓ ကလာပ်ကျမ်း မြန်မာနိဿယ၊
၂-မဏိဇောတိကပုစ္ဆာကျမ်း၊
၃-မဏိဇောတိက ဝိဿဇ္ဇနာကျမ်း၊
၄-ဓမ္မစကြာ မြန်မာဋီကာကျမ်း၊
၅-ပဟေဠိဝိနိစ္ဆယကျမ်း၊
၆-ဝိဝိဓဝိနိစ္ဆယကျမ်း၊
၇-ပိဋကတ္တယလမ်းညွှန်ကျမ်း-များ ဖြစ်သည်။

ပတ္တမြားဆရာတော်သည် ၁၃၁၄-ခု, ၁၉၅၃-ခုနှစ်၌ "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို အလှူခံယူရရှိတော်မူသည်။

---

## ကျောက်ကာဂိုဏ်းချုပ် ဆရာတော်ဘုရားကြီး

**ကျောက်ကာဂိုဏ်းချုပ် ဆရာတော်ဘုရားကြီး အရှင်သြဘာသ** သည် ယခု စာရေးချိန်၌ သက်တော် ၇၉, သိက္ခာဝါတော် ၇၀-ရရှိတော်မူပြီ။ ထိုကျောက်ကာဆရာတော်ကြီးသည် မုံရွာခရိုင် ရွှေကျင်နိကာယဂိုဏ်းချုပ်ဖြစ်တော်မူသည်။ ဂိုဏ်းချုပ်ဖြစ်သည်မှာလည်း ခရိုင် မြို့နယ်ရှိ သံဃာတော်များက ဆရာတော်ဘုရားကြီး၏ ဂုဏ်တော်အရပ်ရပ်ကို လေးစားကြည်ညို ယုံကြည်အားထားတော်မူကြသည့်အတိုင်း ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ သံဃာ့ဥသျှောင်ဖြစ်တော်မူသော မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက် "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်ရ ရွှေကျင်သာသနာပိုင် **သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီး** ထံသို့ ကျောက်ကာဆရာတော်ဘုရား

ကြီးအား မုံရွာခရိုင် ရွှေကျင်နိကာယ ဂိုဏ်းချုပ်အဖြစ် တင်မြှောက် ထိုက်ပါကြောင်းနှင့် လျှောက်ထား ထောက်ခံကြသောကြောင့် သက်တော် ရှည် စံကင်းဆရာတော်ဘုရားကြီး၏ အမိန့်တော်ဖြင့် ဂေါဇာသက္ကရာဇ် ၁၃၁၆-ခုနှစ် မုံရွာမြို့ သိမ်တော်ကျောင်းတိုက်အတွင်း ကျင်းပအပ်သော ဝိနည်း စာပြန်ပွဲ ရှင်လူပရိသတ်အစုံအညီ ရှေ့မှောက်၌ ဖတ်ကြားစေ၍ တင် မြှောက်အပ်သော ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီး ဖြစ်သည်။

## ဂိုဏ်းချုပ်ခန့်အပ်စာ

မုံရွာမြို့နယ် ကျောက်ကာရွာ အောင်ချမ်းသာ မဟာဗောဓိ ကျောင်းတိုက်၌ သီတင်းသုံးနေထိုင်သော လဇ္ဇီပေသလ သိက္ခာ- ကာမ ဝိနယဓရဖြစ်သော သိက္ခာ (၆၁)ဝါရ **အရှင်ကျောက်ကာ ဆရာတော်ဘုရားကြီး** ကို မုံရွာမြို့နယ် အဝင်အပါ ရွှေကျင်ဂိုဏ်း သံဃာတော်တို့က ထို အရှင်၏ သီလ,သမာဓိ,ပညာဂုဏ်ကို ယုံ ကြည်လေးမြတ် နှစ်သက်အပ်သည်ဖြစ်၍ မြို့နယ်နာယက ဂိုဏ်း ချုပ်ဆရာတော် အဖြစ်ဖြင့် အမိန့်ချမှတ် ခန့်အပ်တော်မူပါမည့် အကြောင်း ခွင့်တောင်းလျှောက်ထားချက်အရ ယင်းဌာန သမဂ္ဂ ဂိုဏ်းဝင် ရဟန်းသံဃာတော်တို့ အပေါ်၌ ဝိနည်းဓမ္မကမ်နှင့် အညီ သာသနာတော်၏ ဝုဒ္ဓိ ဝိရုဠ္ဌ ဝေပုလ္လအကျိုး မြော်ကိုးတောင့်တ၍ တလုံးတစည်းတည်း အုပ်ချုပ်ဆုံးမခြင်းငှါ မြို့နယ်နာယက ဂိုဏ်း ချုပ်ဆရာတော် အဖြစ်ဖြင့် အမိန့်ချမှတ် ခန့်အပ်တော်မူသည်။

**ဝိသုဒ္ဓါရုံ စံကင်းဆရာတော်**
ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာနာယက
မဟာဝိသုဒ္ဓါရုံတိုက်သစ်
ရွှေကျင်နိကာယ ဗဟိုဌာန
မန္တလေးမြို့။

သာသနာတော်နှစ်-၂၄၉၈။
ဂေါဇာသက္ကရာဇ်-၁၃၁၆။ တော်သလင်းလဆန်း ၈-ရက်။

ရွှေကျင်ဂိုဏ်းသာသနာပြန့်နှံ့ရာ မြို့ရွာနယ်ပယ်တို့၌ ကျောက်ကာဆရာ တော်ဘုရားကြီး၏ သတင်းကို မကြားမသိဘူးသော သံဃာသည် ရှားပါး ပေလိမ့်မည်၊ အကြောင်းမူကား—ကျောက်ကာဆရာတော် ဘုရားကြီးသည်

ပရိယတ်အားဖြင့်၎င်း, ပဋိပတ်အားဖြင့်၎င်း, သိက္ခာကာမ, ဝိနယဂရုက, လဇ္ဇီပေသလ အရာအားဖြင့်၎င်း, ထူးချွန်ထင်ရှားသော ဆရာတော်ကြီး ဖြစ်သောကြောင့်တည်း။ ရှေ့ကျောင်စိတ်, ရှေ့ကျောင်သွေးများမှာလည်း သာမဏေငယ်အဖြစ်ကပင် သက်ဝင်ကိန်းအောင်းလာခဲ့သော ဆရာတော်ကြီး ဖြစ်သည်။

## ဆရာကောင်းတို့၏ တပည့်ကောင်း

ကျောက်ကာဆရာတော်ဘုရားကြီး၏ ဥပဇ္ဈာယ်ဆရာမှာ ခင်မွန်သုံးဂိုဏ်းချုပ်ဆရာတော် အရှင်ဇာဂရ ဖြစ်သည်၊ ဓမ္မာစရိယဆရာရင်းများမှာ ဒုတိယမြောက် ရှေ့ကျောင်သာသနာပိုင် မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး, စတုတ္ထမြောက် ရှေ့ကျောင်သာသနာပိုင် အလုံမြို့ လေးထောင့်ပြင် ဆရာတော်များ ဖြစ်သည်။ ခင်မွန်ဆရာတော်, အလုံဆရာတော်များ၏ လက်ရင်းတပည့်ကြီးဖြစ်သည်ကို သိရသဖြင့် ဝိနည်းဒေသနာတော်အရာ၌ တူသူရှားသော ဆရာတော်တပါး ဖြစ်သည်ကို အဝုတ္တသိဒ္ဓိနည်းအားဖြင့်ပင် သိကြရလောက်ပေပြီ။ အထက်ပါ ဆရာတော်ကြီး ၂-ပါးအပြင် မဟာဝိသုဒ္ဓါရာမ ဆရာတော်၏ ဓမ္မန္တေဝါသိကတပည့် ဖြစ်ပြန်သဖြင့် သဒ္ဒါနှင့် အဘိဓမ္မာအရာ၌လည်း ကောဝိဒဂုဏ်ကို ရရှိတော်မူပြန်သည်။

ကျောက်ကာဆရာတော် ဘုရားကြီးသည် တိက္ခ, ဇဝန, ဂမ္ဘီရဉာဏ်ရှင်ဖြစ်တော်မူရာ ထိုထို ထင်ရှားသော သီလဝန် စာတတ်ဆရာတော်များထံ သို့လည်း ဆည်းကပ်၍ စာပေသင်ကြား လေ့လာတော်မူခဲ့သေးသည်၊ ထိုဆရာတော်များမှာ—

၁။ မင်းရွာ ပန်းတောက်ပင် တောရဆရာတော် ဦးခန္တီ။ (၎င်းဦးခန္တီမှာ ဦးရီးတော်ဖြစ်သည်။)

၂။ ထနောင်းဝန်းရွာ ဘုန်းတော်ကြီး ဦးဇဝန, ဦးတိက္ခ-ညီနောင် ၂-ပါး။ (ထနောင်းဝန်းကမှ ခင်မွန်သို့ရောက်သည်။)

၃။ ဆားလင်းကြီးမြို့ ဓမ္မိကာရာမဆရာတော် အရှင်ပညဝံသ။

၄။ ချောင်းဦးမြို့ ဃောသိတာရုံဆရာတော်ကြီး။

၅။ မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက် တိုက်အုပ်ဆရာတော်။

၆။ ပုသိမ်မြို့ တောရဆရာတော်ဘုရားကြီး။
၇။ ရေတာရှည်မြို့ ကံသာကျောင်းတိုက် (ဋင်းတိုက်သို့ အလုံဆရာတော်ကြီးနှင့်လိုက်ပါ၍ ဆရာတော်ကြီးထံ၌ အဋ္ဌကထာကြီးများကို တက်ယင်း လူငယ်များကိုလည်း စာချရသည်။)

အထက်ဖော်ပြရာပါ ဆရာတော်များထံ၌လည်း ဆည်းပူး လေ့လာတော်မူခဲ့သည်။

ကျောက်ကာဆရာတော် ဘုရားကြီးသည် သိက္ခာကာမ, ဝိနယဂရုက ဂုဏ် ရှိတော်မူသည်မှာ သာမဏေဘဝကပင် အစပြုခဲ့ပေသည်၊ မင်းရွာပန်းတောက်ပင် တောရဆရာတော် ဦးခန္တီထံမှ ကျောက်ကာရွာသို့ ပြန်ခါနီး၌ ဆရာတော် ဦးခန္တီက "ငါ့တူ မောင်ဩဘာသ....မောင်ရင်သည် ကျောက်ကာပြန်လျှင် ကျောက်ကာမှာ နေနိုင်မည်မဟုတ်ပေဘူး"ဟု မိန့်ဆိုလိုက်လေသည် ဟူ၏။ အကြောင်းမှာ ရွှေကျင်နည်းကျကျ မင်းရွာပန်းတောက်ပင် ဆရာတော်ထံ၌ နေခဲ့ခြင်း, ဝိနည်းဒေသနာ၌ အတော်အတန် ဗဟုသုတ ရရှိခဲ့ခြင်း, ပင်ကိုယ်အားဖြင့် လဇ္ဇီ ကုက္ကုစ္စက ရှိခြင်းတို့ကြောင့် မိန့်ဆိုလိုက်ခြင်းဖြစ်၏။

## ပညာရှိက ပြေးကြည့်သို့

ဦးရီးဖြစ်သူ ဆရာတော်ဦးခန္တီက မြင်၍ မိန့်ဆိုလိုက်သည့်အတိုင်းပင် ရှင်ဩဘာသသည် ကျောက်ကာရွာသို့ ရောက်လျှင် မည်သည့်ကျောင်းတွင်မျှ မတည်းပဲ ရွှေဂူနီဘုရားအနီး ဇရပ်တခု၌တည်း၍ မိဘဆွေမျိုးများ ပို့လှူသောဆွမ်းဖြင့် မျှတနေလေသည်။ ထိုနောက် မကြာမီ ရွှေကျင်ကျောင်းရှိရာ ထနောင်းဝန်းသို့ ရွှေပြောင်းသွားလေသည်။

## ပထမဆုံး ကျောင်းထိုင်ဖြစ်ခြင်း

၁၂၆၇-ခုနှစ်မှ ၁၂၇၀-ပြည့်နှစ်အထိ မင်းရွာ ပန်းတောက်ပင် တောရကျောင်း၌ ကျောင်းဘုန်းကြီးအဖြစ်ဖြင့် ရဟန်း, သာမဏေတို့အား စာပေပို့ချနေရသည်။

## ကျောက်ကာ၌ ကျောင်းတည်ခြင်း

၁၂၇၁-ခုနှစ်၌ ကျောက်ကာရွာ ဒါယကာ ဒါယိကာမ အများတို့က အသီးအသီး ဆောက်လုပ်လှူဒါန်းကြသော ကျောက်ကာ **ရွှေစီယာ**

**မဟာဗောဓိကျောင်းတိုက်**ဟု ကမ္ပည်းတပ်ကာ ကျောင်းတိုက်တည်ထောင်၍ ရောက်လာသမျှသော သံဃာတို့အား စာပေပို့ချ သီတင်းသုံး နေတော်မူသည်။ ကျောက်ကာရွာ၌ ရွှေကျင်ဂိုဏ်းသာသနာ အစပြု၍ သက်ရောက်တည်ရှိလာခြင်းပင် ဖြစ်သည်။ ကျောက်ကာဆရာတော်သည် ကျောက်ကာရွာ ရွှေစီယာ မဟာဗောဓိကျောင်းတိုက်၌ ၁၂၇၁-ခုနှစ်မှ ၁၂၈၅-ခုနှစ်ထိ ၁၄-နှစ်တိုင်တိုင် စာပေပို့ချ၍ ပရိယတ္တိသာသနာ ပြုတော်မူသည်။

၎င်းနောက် မင်းရွာ ကံသာတောရ၌၎င်း, ကျောက်ကာရွာ အဘယ-သုခတောရကျောင်း၌၎င်း, အလုံမြို့ လေးထောင့်ပြင် ဒက္ခိဏာရုံကျောင်းတိုက်၌၎င်း အကြောင်းအားလျော်စွာ ပြောင်းကာပြောင်းကာ သီတင်းသုံးတော်မူကာ ပရိယတ်သာသနာသာ မဟုတ်, ပဋိပတ်သာသနာကိုလည်း ကိုယ်တိုင် ဖြည့်ကျင့် အားထုတ်တော်မူသည်။ ရောက်လာသော ရှင်လူတို့အားလည်း ဝိပဿနာ ပဋိပတ် ကျင့်နည်း ကျင့်ထုံးကို စိတ်ရှည် လက်ရှည် ဟောကြားတော်မူတတ်သည်။

ပိဋကပါတ်, ကောသနိက်, သပဒါနစာရိက, ပဋ္ဌာပိုဏ်, တေစီဝရိက်, အာရညကင် စသော ဓုတင်တို့ကိုလည်း ဆောက်တည်တော်မူသည်။ သက်သတ်လွတ် ဆားဟင်းမျှဖြင့်လည်း မျှတတော်မူသည်။

ကရုဏာ ကြီးမားတော်မူသည့်အား လျော်စွာ မိမိနှင့်မခြား တတ်သိစေလိုသော စိတ်ထားဖြင့် တရားဟော, ရေစက်ချလည်း အလွန်ရှည်လျားစွာ ဟောပြော၍ ရေစက်ချ ပေးတော်မူလေ့ရှိသဖြင့် ကျောက်ကာဆရာတော်မဟုတ် "ကျောက်ပါဆရာတော်"ဟူ၍ပင် ရယ်မောပြောဆိုကြသည်ဟု သိရသည်၊ မှန်ပေလိမ့်မည်၊ စစ်ကိုင်းတောင်ရိုး အလှူတခုက ပင့်၍ ရေစက်ချတော်မူရာ တနာရီခွဲခန့် ကြာသည်မှာ ကိုယ်တွေ့ပင် ဖြစ်သည်။

သူတော်နှလုံး ပြည့်ဝသည့်အရာ, သည်းခံမှုရှိသည့် အရာတို့၌မူကား ကြည်ညိုဖွယ် ကောင်းလှပါပေသည်။ ဤစာရေးသော ဘုန်းကြီးသည် ကျောက်ကာဆရာတော် ဘုရားကြီးကို အကြိမ်ကြိမ်လည်း ဖူးမြင်ရ, တရားစကား ကြားနာရသည့်ပြင် အတော်အတန်လည်း ကြည်ညိုရင်းနှီးမှုရှိသည်ဖြစ်၍ တကြောင်း, စစ်ကိုင်းနှင့် ကျောက်ကာသည် မဝေးလှသောကြောင့်

တကြောင်း ကျောက်ကာဆရာတော်ကြီးအကြောင်းကို တော်တော် ခြေခြေ မြစ်မြစ် စုံစုံ လင်လင် သိရပေသည်၊ သိရှိရသလောက်ကိုကား ဤရွှေကျင် နိကာယ သာသနာဝင်၌ မဖော်ပြနိုင်၍ ဝမ်းနည်းဖွယ်ဖြစ်ရပေသည်။ ဆရာ တော်ဘုရားကြီး၏ အတ္ထုပ္ပတ္တိကို တစောင်တဖွဲ့ရေးစေကာမူ ပြည့်စုံပြီ ဟူ၍ ကား မဆိုနိုင်ပေ။

ကျောက်ကာဆရာတော်ဘုရားကြီး ဟောပုံ ပြောပုံတို့မှာ အလွန်သိမ် မွေ့ ညက်ညောလှပါပေသည်၊ ဒေါသတရားကို ပယ်ရှားထားပြီးဖြစ်သကဲ့သို့ ထင်ရသည်၊ ပရိယတ်ဘက်၌လည်း အထက်တန်းကျကျ ထက်ထက် မြက် မြက် တတ်မြောက်တော်မူသည်၊ အဘိဓမ္မာတွင်လည်း ကျွမ်းကျင်တော် မူလှသည်။

## ကျောခိုင်းနေသော ဆရာ

အခါတပါး ကျောက်ကာဆရာတော်ဘုရားသည် အောက်အရပ်သို့ ကြွတော်မူရာ ပြည်မြို့သို့ရောက်၍ ရွှေဆံတော်စေတီအား ဖူးမျှော်လေသည်။

"အဘိဓမ္မာဇရပ်"ဟု ကမ္ပည်းတပ်ထားသော ဇရပ်တခုသို့ဝင်၍ အပန်း ဖြေတော်မူစဉ် ဒကာများ တယောက်ချင်း လာကြသည်၊ ထိုအထဲတွင် တယောက်သော ဒကာသည် ဆရာတော်အား ကျောခိုင်း၍ ထိုင်နေသော ဟူ၏၊ တယောက်သောဒကာကား ဆရာတော်ကို လာ၍ ဦးချ၏၊ ဆရာ တော်က "ဘာကိစ္စ စုဝေးကြသလဲ" ဟု မေး၏၊ "အဘိဓမ္မာတရား ဆွေး နွေးကြရန်ပါ ဘုရား"ဟု လျှောက်၏။

"ဒါယကာတို့ စုပေါင်းဆွေးနွေးခြင်းလား၊ ဆရာရှိသလား"ဟု မေးရာ "မှန်ပါ ဆရာရှိပါသည်၊ ဤဒါယကာပင် ဖြစ်ပါသည်" ဟု ကျောခိုင်းထိုင် နေသောလူကို ညွှန်ပြ၍ လျှောက်၏။

ဆရာတော်ကြီးက ဆရာဆိုသူထံသို့ လှည့်၍ အမည်ကိုမေးရာ "အဘိ- ဓမ္မာ ဆရာချစ်လို့ ခေါ်ပါတယ်" ဟု ကျောပေးလျက်ပင် မျက်နှာငဲ့၍ စကားပြန်သည်။

"သို့ဖြစ်လျှင် ဆရာချစ်တို့ ဘာတရားများ ဆွေးနွေးကြသလဲ"

"ဝိဘာဝနီ အဖွင့်ကို ဆွေးနွေးပါတယ်"

(ဤအထိ "ဘုရား"ဟူ၍ မထည့်ပဲ ပြောနေ၏။)

ထိုနောက် ကျောက်ကာဆရာတော်သည် အဘိဓမ္မာ တရားစကားကို ပြောဟောတော်မူပြန်ရာ ဆရာချစ်သည် ပြန်မပြော လှည့်မကြည့်ပဲ နား ထောင်လျက်သာ နေ၏။

ဆရာတော်ဘုရားက ဆက်လက်၍ နွားကျောင်းသားသည် နွားနို့ကို သောက်ရမှ အရသာ သိသကဲ့သို့ ထို့အတူ အဘိဓမ္မာသဘောမှာလည်း အဘိဓမ္မာသဘောတရား နက်နဲ သိမ်မွေ့ပုံကို ဝိပဿနာ ဉာဏ်မျက်စိဖြင့် ကြည့်မြင်မှ အရသာ တွေ့နိုင်, သိနိုင်ကြောင်းကို သည်းခံပြီးလျှင် နူးညံ့ သိမ်မွေ့သောစိတ်, တည်ငြိမ်သော ဣန္ဒြေတော်ဖြင့် အမေးအဖြေ ပြုလုပ် ဟောပြောတော်မူသဖြင့် အဘိဓမ္မာ ဆရာချစ်သည် လက်အုပ်ချီမိုး ရှိခိုး ဦးချသည် ဟူ၏။ ယင်းသို့လျှင် ငြိမ်းသော စိတ်ဓာတ်ဖြင့် သည်းခံ၍ တက်ကြွသော မာန်ရှိသူကို ကုသိုလ်တရား တိုးပွါးစေတော်မူသည်။

ကျောက်ကာရွာတွင် ရွှေစီယာ မဟာဗောဓိ ရွှေကျင်ကျောင်းတိုက် တည်စအခါ၌ အညနိကာယ ပုဂ္ဂိုလ်များ အမျိုးမျိုး ရန်စခြင်း, အနှောင့် အယှက် ပေးခြင်းတို့ကို သူတော်ကောင်း နှလုံးထားဖြင့် သည်းခံတော်မူ၍ တပည့် ဒကာတို့ကိုလည်း ရန်တုံ့မပြုကြရန် ဆုံးမတော်မူခဲ့သည်ဟု သိရ သည်။

ကျောက်ကာဆရာတော်ဘုရားကြီးသည် ငယ်စဉ်ကစ၍ တရား ဟော ပြောရမည်ဆိုလျှင် တာဝန်မလေးမူ၍ လွယ်ကူ ပေါ့ပါးစွာပင် ဟောတော် မူသည်၊ အလှူအတန်းမျှသာ မဟုတ်၊ စာပြန်ပွဲကြီး စသည်တို့၌လည်း ညတရားများကို ဟောကြားတော်မူသည်။

## ဓမ္မကထိက ၂-ပါးစာ

မုံရွာ မိုးညှင်းတောရ သမ္ဗုဒ္ဓေစေတီတော်ကြီး ထီးတင်ရေစက်ချ ပူဇော် ပွဲ၌ တရားဟော ရေစက်ချရန် မိုးညှင်းဆရာတော်ကြီးက ပင့်သည်ဖြစ်၍ ကျောက်ကာဆရာတော်ကြီးသည် ၂-ရက်တိုင်တိုင် တရားဟောတော်မူရာ တရက်တရက်လျှင် ဓမ္မကထိက ၂-ပါး, ၂-ပါး ဟောသောအချိန်နှင့် အမျှ တပါးတည်း တောက်လျှောက် ဟောတော်မူသည်၊ ၄-နာရီ, ၅-နာရီခန့် ကြာသည် ဟူ၏။

ကျောက်ကာဆရာတော်ဘုရားကြီးသည် သဒ္ဓါဓာတ်ခံလည်း ရင့်သန် တော်မူသည် ဖြစ်ရာ စားဖွယ်, သောက်ဖွယ်ရရှိလျှင် ဘုရားအား ရှေးဦးစွာ

ကပ်လှူစေသည်၊ ကောင်းသော စားဖွယ်ဖြစ်၍ သံဃာအား မမျှလောက်လျှင် ကိုယ်တိုင် မသုံးဆောင်ပဲ ဘုရားအား ကပ်လှူစေလေသည်။

(ဘုရားနှင့် ဆရာကို မမေ့သော ပုဂ္ဂိုလ်သည် ရှင်ဖြစ်စေ, လူဖြစ်စေ လောက၌ ကမ်ရှိသမျှ ကြီးပွါး ချမ်းသာတတ်သည့်ပြင် သူတော်ကောင်း လက္ခဏာ ရှိသည်ဟု ဆိုရသည်၊ လူများအဘို့ အတွက်ဆိုလျှင် မိဘ၏ ကျေးဇူးကိုလည်း မမေ့မလျော့ သိတတ်ပါလျှင် လူ့ သူတော်ကောင်း ဆိုရသည်။ ယခုခေတ်ကား ဆရာနှင့် မိဘတို့၏ ကျေးဇူးဥပကာရတို့ကို သိသူနည်းပါးသည့်ပြင် ဆရာမိဘတို့အား တော်လှန်ပုန်ကန်သူတို့ကိုပင် ကြားသိတွေ့မြင်နေရလေပြီ၊ ကြောက်ဖွယ်, စက်ဆုပ်ဖွယ် ရှိလှပေတော့သည်၊ သို့လို ကျေးဇူးမဲ့သူတွေ, သဘာဝတရား ကင်းသူတွေ ပေါ်ပေါက်လာသောကြောင့်လည်း ရောဂါဆိုး,ဘေးဆိုး,ကပ်ဆိုး,အန္တရာယ်ဆိုးတွေ မကြားဘူး, မကြုံဘူးသော သေပျောက်ပုံတွေ တစတစ ဖြစ်ပေါ် တိုးပွါးလာကြပေသည်။ ။ဤကား စကားချပ်။)

## ဇာတိနှင့် သက္ကရာဇ်

ကျောက်ကာဆရာတော်ဘုရားကြီးသည် **ကျောက်ကာတောင်ရွာ**၌ အဘ **ဦးရန်ရှင်း** အမိ ဒေါ်ဆုံတို့၏ စတုတ္ထသားတော်ဖြစ်သည်၊ သက္ကရာဇ် ၁၂၃၆-ခုနှစ် တပို့တွဲလပြည့်ကျော် ၈-ရက် တနင်္ဂနွေနေ့ နေတက် မြန်မာတချက်တီးအချိန် ဖွားမြင်တော်မူသည်။ ငယ်မည်မှာ **မောင်ထွန်းပေါ** ဖြစ်သည်။

ဦးရန်ရှင်း, ဒေါ်ဆုံတို့သည် ကုန်သည်များ ဖြစ်ကြသည်၊ ဦးရန်ရှင်းသည်ကား ကုန်ကူးသန်းရောင်းဝယ်မှုကို ပဓာနအားဖြင့် ပြုလုပ်သော်လည်း ဆေး,ဓာတ်,ဗေဒင်,ရုပ်ဖမ်း,ဓာတ်ရိုက် စသော လောကီပညာဘက်၌လည်း ဗဟုသုတ များစွာရှိသည်ဖြစ်၍ သွားယင်း,လာယင်း အကြောင်းတိုက်ဆိုင်လျှင် ကုသိုလ်ဖြစ် ကူညီ ကုသပေးလေ့ ရှိသည်။

## ရှင်သူ သေပုံ

အခါတပါး၌ ဦးရန်ရှင်းသည် တောင်ငူ ရွှေကျင်နယ် ကျောက်ကြီးမြို့ ဈေးအတွင်း၌ ကျောက်ကာ ထွက်ကုန်များကို ရောင်းချနေစဉ် အမျိုးသမီးတယောက်သည် ဖိနပ်လိမ်းဝတ်စားကာ ဈေးဝယ်လာသည်ကို ဦးရန်ရှင်းတွေ့

မြင်ရာ ဦးရန်ရှင်းက အနီးရှိ မိတ်ဆွေများကို "ယခု ရှေ့က ဖြတ်သန်းသွားသော အမျိုးသမီးသည် အလွန်ဆုံး ၇-ရက်ပဲ"ဟု ပြောသတဲ့ "ဘာ့ကြောင့်ပါလဲ"ဟု မေးကြလျှင် "၎င်းအမျိုးသမီးမှာ ရုပ်လက္ခဏာ ပျက်နေပြီ" ဟု ပြောရာ မိတ်ဆွေများက မယုံကြည်နိုင်ပဲ ရှိနေကြ၏။ ယင်းသို့ မယုံမကြည်ရှိနေရာတွင် ၇-ရက်မြောက်သောနေ့၌ ၎င်းအမျိုးသမီးသည် ဈေးဝယ်လာသည်ကို တွေ့မြင်ကြရပြန်သဖြင့် "ဆရာကြီး သည်တခါ အကဲခတ်လွဲနေပြီ ထင်သည်"ဟု ရယ်မောပြောဆိုကြရာ ဦးရန်ရှင်းက "အေးကွယ် နေကုန်မှ မှန်သည် မှားသည်ကို သိကြရမှာပ"ဟု ဆိုလိုက်၏။ ထိုနေ့ ညနေ ၄-နာရီခန့်၌ ထိုအမျိုးသမီး ရုတ်တရက် သေဆုံးကြောင်း ကြားသိရသော အခါ ဦးရန်ရှင်း၏ ရုပ်ဖမ်းလက္ခဏာ၌ ကျွမ်းကျင်သည်ကို တအံ့တသြ ပြောဆို ချီးမွမ်းကြသည် ဟူ၏။

## သေသူ ရှင်ပုံ

အခါတပါး၌လည်း အရောင်းအဝယ်သွားစဉ် ခေတ္တတည်းခိုသောအိမ်နှင့် နီးကပ်သော အိမ်တအိမ်၌ ယောကျ်ားတယောက် သေဆုံး၍ အလောင်း ပြင်ထားသည်ကို ကြုံကြိုက်၍ သွားရောက် ကြည့်ရှု အကဲခတ်ပြီးလျှင် "ကဲမိတ်ဆွေတို့.... သည်အလောင်းကို ကျုပ်ကို အပ်စမ်းပါ"ဟု တောင်းလေသည်၊ သက်ဆိုင်ရာ ဆွေမျိုးဉာတိတို့ကလည်း သေပြီးဖြစ်၍ အလွယ်တကူပင် ခွင့်ပြု ပေးအပ်ကြ၏၊ ပေးအပ်ကြလျှင် ဦးရန်ရှင်းသည် အိမ်ပတ်ဝင်းကျင်သို့ လှည့်လည်ကာ သစ်မြစ်တခုကို တူးဖော်ယူခဲ့၍ သွေးပြီးလျှင် လူသေ၏ ပစပ်တွင်းသို့ နှိုက်လျက် ပွတ်သပ်လေ၏။ ၁၅-မိနစ်ခန့်ကြာလျှင် လူသေသည် လှုပ်ရှားလာတော့သည်၊ နောက်မကြာမီ ရေတောင်းလာသည်၊ ဦးရန်ရှင်းက ရေတိုက်စေသည်၊ ဦးရန်ရှင်း ကုသ၍ မိနစ် ၄၀-ခန့် ကြာလျှင် လူသေဟု ဆိုသော လူနာသည် စကားပြောနိုင်သော အခြေသို့ ရောက်လာလေတော့သည်၊ ထိုအခါ ဦးရန်ရှင်းအား သြဘာပေး၍ ချီးမွမ်းကြမည်ကိုကား မထုတ်ဖော်ပဲပင် သိရှိနိုင်ကြပေပြီ။

ထို့အတူပင် ဦးရန်ရှင်း၏ သာမန်စွမ်းရည်ပြ ကိစ္စကလေးများမှာကား အရေအတွက် မရှိလောက်အောင် များသောဟူ၏။ ကျောက်ကာ ဆရာတော်ဘုရားကြီးသည် မိဘတို့က ဆင်းသက်၍ စွမ်းရည်သတ္တိ ထက်မြက်သော ဆရာတော်ကြီး ဖြစ်ပေသည်။

ဦးရန်ရှင်းသည် သားငယ် မောင်ထွန်းပေါ်ကို ကျောက်ကာတောင်ရွာ ရွှေစည်းခုံကျောင်း ဘုန်းတော်ကြီး **ဦးကဝိန္ဒ**ထံ၌ ရှေးဦးစွာ အပ်နှံ၍ သူငယ်တို့ဆိုင်ရာ စာပေပညာကို သင်ကြားစေသည်။ ဆရာဘုန်းတော်ကြီး ဦးကဝိန္ဒထံ၌ ပညာသင်နေစဉ် ၁၂၅၂-ခုနှစ်၌ ဦးရန်ရှင်းကပင် ရှင်ပြုပေး၍ ရှင်သာမဏေ အဖြစ်သို့ ရောက်သည်။ ဆရာဘုန်းတော်ကြီး ဦးကဝိန္ဒ တောထွက် သွားသဖြင့် ဦးရီးတော်ဖြစ်သော မင်းရွာ ပန်းတောက်ပင် တောရကျောင်း ဆရာတော် **ဦးခန္တီ**ထံသို့ ပို့အပ်၍ ဆရာတော်ဦးခန္တီထံ၌ စာပေ ဆက်လက် သင်ကြားရသည်။

## ခင်မွန်သုံးဂိုဏ်းချုပ်ဆရာတော်ထံ ရောက်ခြင်း

ရှင်ဩဘာသသည် မင်းရွာ ပန်းတောက်ပင်တောရမှ ကျောက်ကာသို့ ပြန်ခဲ့၏။ မကြာမီ ထနောင်းဝန်းရွာ ရွှေကျင်ကျောင်းသို့ရောက်သည်။ ထနောင်းဝန်းကမှ ဘုန်းကြီးဦးဇဝနက တဆင့် ပို့အပ်ပေးသဖြင့် ခင်မွန် သုံးဂိုဏ်းချုပ် ဆရာတော်ကြီးထံသို့ ၁၂၅၅-ခုနှစ်တွင် ရောက်သည်။

## ရဟန်းဖြစ်ခြင်း

၁၂၅၆-ခုနှစ် နယုန် လပြည့်ကျော် ၁၄-ရက်နေ့တွင် ခင်မွန်ရွာ မဟာ-ဗောဓိ ကျောင်းတိုက်၌ပင် သုံးဂိုဏ်းချုပ် **ခင်မွန် ဆရာတော်ကြီး**သည် ဥပဇ္ဈာယ်အဖြစ်ဖြင့် ချီးမြှောက်တော်မူ၍ ရဟန်းအဖြစ်သို့ ရောက်သည်။

## သိက္ခာထပ်ခြင်း

မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်၌ နေစဉ် တကြိမ် သိက္ခာထပ်သည်၊ ၎င်းနောက် မုံရွာမြို့ သလ္လာဝတီမြစ် ရေသိမ်၌ တကြိမ် သိက္ခာထပ်ခဲ့ရသည်။

ရဟန်းဖြစ်ပြီးကာလ နောက်က ရေးပြဆိုခဲ့သည့်အတိုင်း ထိုထိုမြို့ရွာတို့သို့ လှည့်ကာ စာပေပညာ ဗဟုသုတတို့ကို ဆည်းပူး၍ ကျောက်ကာရွာ, မင်းရွာ, အလုံ, ကျောက်ကာတောရ ကျောင်းတို့၌ သီတင်းသုံးကာ သာသနာတော် ၂-ရပ်ကို ရွက်ဆောင်တော်မူခဲ့သည်၊ ယနေ့တိုင် ကျောက်ကာရွာ အောင်ချမ်းသာ မဟာဗောဓိကျောင်းတော်၌ သီတင်းသုံးလျက် ရွှေကျင်ဂိုဏ်း သာသနာကို ထိန်းသိမ်း စောင့်ရှောက်တော်မူဆဲပင် ရှိလေသည်။

ကျော်ကြားသော ဂိုဏ်းချုပ် ဆရာတော်ဘုရားကြီး ရေးသားတော်မူသော ကျမ်းစာများမှာ—

၁။ စတုသစ္စဒီပနီ၊
၂။ စတုသစ္စကမ္မဋ္ဌာနဒီပနီ၊
၃။ နိဗ္ဗာနမဂ္ဂဒီပနီ၊
၄။ ဗုဒ္ဓါဒိဒီပနီ၊
၅။ ဗုဒ္ဓဂုဏာဒိဒီပနီ၊
၆။ ထေရပရမ္ပရဒီပနီ၊
၇။ ဝိထိဒီပနီ၊
၈။ လေးထောင်ပြင် ဟောစဉ် ကမ္မဋ္ဌာန်းလက်စွဲ၊
၉။ မဟာဗောဓိအဘိဓမ္မတ္ထသံခိပ်-စသည်တို့ ဖြစ်ကုန်၏။

---

ရေစကြိုမြို့

# ဂူဖြူတောရဆရာတော်ဘုရားကြီး

**ဂူဖြူတောရဆရာတော်ကြီး**ကို ရွှေကျင်ဂိုဏ်း၌ ရှေးကျကျ မထေရ်ကြီးများတွင် မသိသူ မရှိသလောက် ထင်ရှားသော ဝိနယဓရ အရညဝါသီ ဆရာတော်ကြီးတပါး ဖြစ်တော်မူသည်၊ ခင်မွန်ဆရာတော်ကြီးကဲ့သို့ပင် သိက္ခာကာမ လဇ္ဇီပေသလ စာတတ် ဖြစ်တော်မူသည်၊ ခုတင်ရေဂုဏ်၌ ဂူဖြူတောရဆရာတော်ကြီးကပင် သာလွန်တော်မူသည် ဟု သိရသည်။

ရွှေကျင်ဆရာတော်ကြီးအောက် ၆-ဝါမျှသာ ငယ်သည်ဖြစ်၍ ခင်မွန်ဆရာတော်ကြီးနှင့် သက်တူ ယှဉ်တူပင် ဖြစ်တော်မူသည်၊ ထိုစဉ်အခါက ပခန်းဂိုဏ်း, ခင်မွန်ဂိုဏ်း, ဗဂျီဂိုဏ်း ဟူ၍ အသီးအသီးရှိကြရာ ဂူဖြူတောရဆရာတော်ကြီးသည် ပခန်းဂိုဏ်း၏ အကြီးအမှူး ဖြစ်တော်မူသည်၊ ဤဂိုဏ်းတို့သည် နောင်အခါ ရွှေကျင်ဂိုဏ်း ဟု အမည်တမျိုးတည်း ဖြစ်သွားကြသည်၊ ရွှေကျင်ဂိုဏ်းအနေဖြင့် မထင်ရှားသေးမီအတွင်း၌ သမာနဝါဒီအဖြစ် အယူသီလ တူမျှကြလျက် ရွှေကျင်ဆရာတော်ကြီးနှင့် အတူတကွ ပူးပေါင်း၍ သာသနာတော်၌ သီလသိက္ခာ သန့်ရှင်း ဧင်ကြယ်သော

သံဃာတရပ်ဖြစ်အောင် အားထုတ်လာခဲ့ကြသော ဆရာတော်များတွင် အပါအဝင် ဖြစ်တော်မူကြသည်၊ နောက်တွင် ထင်ရှားပါလိမ့်မည်။

ဂူဖြူတောရ ဆရာတော်ကြီးသည် ရေစကြိုမြို့ အနောက်မြောက် ၃-မိုင် ခန့်ဝေးကွာသော **သာစည်ရွာ** တွင် အဘ **ဦးထပ်** အမိ **မယ်ငို** တို့မှ ဖွားမြင် တော်မူသည်၊ ရွှေကျင်ဆရာတော်ကြီး အောက် ၆-ဝါမျှ ငယ်သည်ဖြစ်၍ ဖွားသက္ကရာဇ်မှာ ၁၁၉၀-ပြည့်နှစ် ဖြစ်သည်၊ ငယ်နာမည် **ဦးကျော်ရွှေ**, ရှင် ရဟန်းဘွဲ့ **ဦးမေဓာ** ဖြစ်သည်။

ငယ်စဉ်က ရေစကြိုမြို့နယ်တွင် **ကျန်စစ်သား** ၏ ဇာတိချက်မြှုပ် ဖြစ် သော ကျောက်ခတ်ရွာ* **သရက်တောဆရာတော်** ထံတွင် ပညာသင်ကြားခဲ့ ရသည်၊ ရဟန်းဖြစ်ပြီးသောအခါ ရေစကြိုမြို့၌ အလွန်ထင်ရှားသော **ဆရာတော်ဦးဝရသမ္ဗောဓိ** ထံ၌ စာပေ ဆက်လက် သင်ကြားရသည်၊ ဆရာ တော် ဦးဝရသမ္ဗောဓိသည် ကျမ်းပေါင်းများစွာကို ရေးသားတော်မူသော စာတတ်အကျော် ဆရာတော်တပါး ဖြစ်သည်။

ထိုနောက် အရှင်မေဓာသည် အင်းဝမြို့ **ဗားကရာဆရာတော်ဘုရားကြီး** ထံ၌ ကာလအတော်ကြာရှည်စွာ ကျမ်းဂန်အရပ်ရပ်ကို နှံ့စပ်အောင် သင် ကြားတော်မူသည်၊ ဗားကရာတိုက်၌ နေစဉ် ရဟန်းသိက္ခာ (၁၁) ဝါရလျှင် သံဃာများက အရှင်မေဓာကို ဆရာတော်ဟုပင် ခေါ်ဆိုကြသည်၊ အရှင် မေဓာသည် သင်ရိုးပါဠိ,အဋ္ဌကထာ ပြီးဆုံးအောင် သင်ကြားပြီးသော်လည်း စာမကြည့်တတ်သေးသကဲ့သို့ ဖြစ်နေသောကြောင့် ကစ္စည်းသဒ္ဒါကြီးနိဿယ ကို ရေးသော **နန်းကျောင်းဆရာတော်ထံ** ဆည်းကပ်၍ ပါဠိတော်နှင့်တွဲ၍ အဋ္ဌကထာတကျမ်းကို အထွက်အတက်စုဒ်စောဒနာစသော သဒ္ဒါရေး အစုံ အလင်ဖြင့် တဝါမျှ ပြန်၍ လေ့လာသောအခါမှ စာကြည့်တတ်တော့သည် ဟု အမိန့်ရှိဘူးသည်ဟူ၍ ယနေ့ သက်တော်ထင်ရှားရှိတော်မူသော ဂူဖြူ တောရဆရာတော်ဘုရားကြီး၏ တပည့်ရင်း သက်တော် ၉၁-နှစ်ရှိ **ကျောက် ခတ်ဆရာတော်ဘုရားကြီး**က မိန့်တော်မူသည်။

ဂူဖြူတောရဆရာတော်ကြီးသည် အင်းဝမြို့ ဗားကရာတိုက်၌ နေစဉ် ပဲခူးတောရ **ဆရာတော်ဦးသီလ**တို့နှင့် အတူတကွ သီတင်းသုံးတော်မူခဲ့ကြ

---

* ကျန်စစ်သားသည် ကျောက်ခတ်ရွာ၌ ဖွားမြင်ပြီး, ချက်မြှုပ်ပြီး နောက် မှ ပရိမ္မအရပ်သို့ ရောက်သည် ဟု ကျောက်ခတ်ဆရာတော်ကြီး အမိန့်ရှိသည်။

သည်ဟူ၍လည်း မိန့်ကြားတော်မူသည်။ သို့ဖြစ်၍ ဂူဖြူတောရဆရာတော်ကြီး သက်တော်ရှည်စွာ ရှိတော်မူသေးသည်ကို တောရဆရာတော်ဦးသီလ သိရှိ၍ ပဲခူးသို့ ပင့်ဘူးသည်၊ ပဲခူး၌ မဏ္ဍပ်ကနားထိုး၍ ကြိုဆိုသည်၊ ပရိသတ်များရှေ့တွင် ပဲခူးတောရဆရာတော်ဦးသီလက "ဂူဖြူတောရဆရာတော်ဘုရားကြီးသည် ဒို့ထက် သာသည်"ဟု ပြောကြားသည် ဟူ၏။

အရှင်မေဓာသည်"ရွှေကျင်အစ သီးလုံးက"ဟူ၍ ဥဒါန်းရှိသော သီးလုံးဆရာတော်ကြီးထံ၌လည်း နည်းနိဿယခံယူနေခဲ့ဘူးသည်၊ ထိုအခါက ရွှေကျင်ဆရာတော်နှင့် လက်ဝဲလက်ျာတပည့်ကြီး ၂-ပါး ဖြစ်ခဲ့သည်၊ အဂ္ဂသာဝကကြီးနှစ်ပါးနှင့် မနိုင်းကောင်းစေကာ သီးလုံးဆရာတော်ကြီး၏ သာဝကကြီးနှစ်ပါးမှုကား မှန်ပါပေသည်။

## ရွှေကျင်သာသနာ တည်ကြခြင်း

ရွှေကျင်ဆရာတော်, ဂူဖြူတောရဆရာတော်တို့သည် အင်းဝ ဗားကရာတိုက်မှ ထွက်ခွါလာကြပြီးနောက် **ရှမ်းကလေးကျွန်းဆရာတော် အရှင်နန္ဒ**ကို အမှူးပြု၍ စင်ကြယ်သော နိကာယတရပ် ဖြစ်ထွန်းအောင် ရှမ်းကလေးကျွန်း ကျောင်းတိုက်ကို တည်ထောင်ကြသည်၊ ရှမ်းကလေးကျွန်းတိုက်သစ်ကို တည်ထောင်သော ဆရာတော်များမှာ ရှမ်းကလေးကျွန်းဆရာတော် အရှင်နန္ဒ, ရွှေကျင်ဆရာတော်, ဂူဖြူတောရဆရာတော်စသော ဆရာတော် ၁၆-ပါးဖြစ်သည်ဟု သိရသည်။

ရှမ်းကလေးကျွန်းဆရာတော်ကို ဦးတည်၍ နိကာယတရပ် ဖွဲ့ကြသော်လည်း ရွှေကျင်ဆရာတော်သည် ရှမ်းကလေးကျွန်းဆရာတော်, ဂူဖြူတောရဆရာတော်တို့ထက် ပရိယတ်,ပဋိပတ် ပြည့်စုံခြင်း, ပြောရေး ဟောရေး ကောင်းခြင်း,မင်းက အားပေးချီးမြှောက်ခြင်း,တပည့်ပရိသတ်ကို သည်းခံ၍ မွေးတတ်ခြင်း, သတ္တိဗျတ္တိရှိခြင်းတို့ကြောင့် ရွှေကျင်ဆရာတော်သာ ထင်ရှား၍ ရွှေကျင်ဂိုဏ်း အမည် တွင်သွားသည်ဟု သိရသည်။

ကျောက်ခတ်ဆရာတော်ကြီး အမိန့်ရှိသည်မှာ "ရှမ်းကလေးကျွန်းဆရာတော် ဦးနန္ဒသည် မဏိပူရဇာတိ ကသည်းလူမျိုး ဖြစ်သည်၊ အသာံမဏိပူရကို မြန်မာမင်းကနိုင်၍ မဏိပူရမင်းကို ခေါ်ဆောင်လာရာ မဏိပူရမင်းမျိုး အချို့ ပါလာသောအထဲတွင် ရှမ်းကလေးကျွန်းဆရာတော်နှင့် **သီလရှင်မယ်ကင်း**တို့ ပါလာကြသည်၊ မယ်ကင်းသည် ရှမ်းကလေးကျွန်း

ဆရာတော်နှင့် မောင်နှမဖြစ်သည်”ဟု မိန့်တော်မူသည်။ ဤစာရေးသော ဘုန်းကြီး ကြားသိရဘူးသည်မှာ မယ်ကင်းသည် အမရပူရမြို့ တောင်သမန် ရွာသူဖြစ်သည်ဟု ကြားရဘူးသည်၊ တောင်သမန်ရွာသည် ကသည်းလူမျိုး များနေခဲ့သော ရွာဖြစ်၍ မယ်ကင်းသည် တောင်သမန်ရွာ၌ မွေးဖွားသော ကသည်းမင်းမျိုး ဖြစ်နိုင်သောကြောင့် ကသည်းမျိုးမူကား မှန်ပေလိမ့်မည်၊ ရှမ်းကလေးကျွန်းဆရာတော်လည်း ထိုနည်းတူပင် ဖြစ်နိုင်သည်။ အမရပူရ မြို့နယ်၌ အချားအားဖြင့် ကသည်းမျိုး အဆက်အနွယ်တွေ များကြသည်။

“ရှမ်းကလေးကျွန်းဆရာတော်သည် ကြီးမှ ရဟန်းပြုသော တောထွက် ဖြစ်သည်”ဟူ၍လည်း ကျောက်ခတ်ဆရာတော်ကြီး မိန့်သည်၊ ဝိနယဂရုက အရာ ပဋိပတ္တိကျင့်ဝတ်သိက္ခာဘက်၌မူ ထိုအချိန်က အလွန်ထင်ရှားသော ဆရာတော်ဖြစ်သည်၊ မင်းတုန်းမင်းတရားကြီးလည်း အလွန်ကြည်ညိုတော် မူသည်ဟု သိရသည်။ သို့ကြောင့်လည်း ခင်မွန်ဆရာတော်သည် ရှမ်းကလေး ကျွန်းဆရာတော် တပည့် ဖြစ်ဘူး၍ ရှမ်းကလေးကျွန်းဆရာတော်ကိုယ်စား ဒကာတော် ကိုးကွယ်လိုပါသည်ဟု မင်းတရားကြီး ပင့်လျှောက်ဘူးသည်။ မန္တလေးမြို့၌ရှိသော ရွှေကျင်ငါးတိုက်သည် ရှမ်းကလေးကျွန်း ကျောင်း တိုက်မှ ပေါက်ဖွားသော ကျောင်းတိုက်များ ဖြစ်သည်ဟုလည်း ကျောက် ခတ်ဆရာတော်ဘုရားကြီး မိန့်တော်မူသည်။

## ဂူဖြူတောရဆရာတော်ကြီး ဝိနည်းနိုင်ပုံ

ဂူဖြူတောရဆရာတော်ကြီး အရှင်မေဓာသည် သုတ္တန်,ဝိနည်း,အဘိဓမ္မာ ပိဋကသုံးရပ်လုံးကိုပင် ထိုးဖောက် တတ်မြောက်အောင် လေ့လာသင်ကြား တော်မူခဲ့၏၊ သို့ရာတွင် ဝိနည်းပဋိပတ်၌ စိတ်ဓာတ် ထက်သန်တော်မူသည် ဖြစ်ရာ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ အပါအဝင် ဝိနည်းငါးကျမ်း ပါဠိတော်ကို အဋ္ဌကထာနှင့်တွဲ၍ အခေါက်ပေါင်း (၅၂) ခေါက် ပို့ချတော်မူခဲ့သည်ဟု သိရသည်၊ ၅၂-ခေါက်လုံး နိဿယလွတ်, ဒေါင်းဒေါင်းပြေး ပို့ချတော် မူသည် ဟူ၏။

## ဝိနယဓရသာမဟုတ်၊ ဓုတင်ဓရလည်း ဖြစ်တော်မူသည်

ဂူဖြူတောရ ဆရာတော်ကြီးသည် ပိဏ္ဍပါတ်, တိစီဝရိက်, အာရညကင်, သပဒါနစာရိက စသော ဓုတင်တို့ကိုလည်း အမြဲ ဆောက်တည်တော်မူ

သည်၊ သက်တော် ၉၁, ရဟန်းသိက္ခာဝါတော် ၇၂-ဝါရ ပျံလွန်တော်မူခါနီး ၁၁-ရက်မျှသာ ပိဋကပါတ်ခုတင် ပျက်တော်မူသည်ဟု သိရသည်။

## ထင်ရှားသော တပည့်ကြီးများ

ဂူဖြူတောရ ဆရာတော်ကြီးထံ၌ ဝိနည်းကျမ်းဂန်တို့ကို သင်ကြား လေ့လာ၍ နည်းနိဿယ ခံယူဘူးသော တပည့်တို့တွင် ထင်ရှားသောတပည့်ကြီးများမှာ—စလေမြို့ ဂူကြီးမှော်ဆရာတော် အရှင်ဇာဂရ, ဣစ္ဆာသယ တောင်ဗိလာဆရာတော် အရှင်ပဏ္ဍဝံသ, ပါဠိတော်ဂိုဏ်းကို တည်ထောင်သော ဆရာတော်အရှင်ရာဇိန္ဒ, စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံ ချမ်းအေး ဆရာတော် အရှင်သဒ္ဓမ္မ, စစ်ကိုင်းတောင်ရိုး အတိသုဒ္ဓါရုံဆရာတော် အရှင်ဇောတိပါလ, မအူ သရက်တောဆရာတော် အရှင်သောမ, မြင်းခြံရွှေကျင်တိုက်ဆရာတော်, ပတ္တပိုဏ်တိုက်ဆရာတော်, ရေစကြို ပတ္တပိုဏ်တိုက် ဆရာတော်, မုံရွာ မိုးညှင်းဆရာတော်, ဆန်းနိဿယကို ရေးသော ဆရာတော် အရှင်သိရီကုမာရ, အောက်အိုဆရာတော်, ကျောက်ခတ်ဆရာတော် အရှင်စန္ဒိမာ-စသော ဆရာတော်များ ဖြစ်တော်မူကြသည်။ ရေစကြို ပတ္တပိုဏ်တိုက်ဆရာတော် အရှင်ဥတ္တရ သက်တော် ၇၃-နှစ်, ကျောက်ခတ်ဆရာတော် အရှင်စန္ဒိမာ သက်တော် ၉၁-နှစ် ဤဆရာတော် ၂-ပါးသည် ယနေ့တိုင် ကျန်းမာစွာနှင့် သက်တော်ထင်ရှားရှိသဖြင့် ဖူးမြင်ကြရသေးသည်။

ဂူဖြူတောရ ဆရာတော်ကြီးအကြောင်းကို ကျောက်ခတ်ဆရာတော်, ပတ္တပိုဏ်ဆရာတော်နှင့် ဒါယကာကြီး ဦးကောက်ရတို့ ထံမှပင် ရရှိသည်၊ ဦးကောက်ရဆိုသော ဒါယကာကြီးသည် ဂူဖြူတောရ ဆရာတော်ကြီးကို အလွန်ကြည်ညို၍ သားမယားတို့ကိုထား၍ ရဟန်းပြုကာ ၃-နှစ်တိုင်တိုင် ဆရာတော်ကြီးအပါး၌ ထက်ကြပ်မကွာနေ၍ ဝတ်ကြီးဝတ်ငယ်ပြုလျက် ဝိနည်းကိုလည်း အထူးလေ့လာ, ကိုယ်တိုင်လည်း ရိုသေစွာစောင့်ထိန်းခဲ့သည်၊ စာမသင်ဘူးသော်လည်း ဂူဖြူတောရ ဆရာတော်၏ နည်းနယတို့ကို အမှတ်အသားများသဖြင့် အချို့သော အာပတ္တာဓိကရုဏ်းတို့ကိုပင် ဆုံးဖြတ်နိုင်သည်ဟု ဆိုသည်၊ဆရာတော်ကြီး ပျံလွန်တော်မူပြီးမှ လူအဖြစ်သို့ ပြန်ရောက်သည်၊ ၎င်းဦးကောက်ရသည် ဂူဖြူတောရ ဆရာတော်ကြီး အကြောင်းကို အခြေအမြစ်နှင့်တကွ အသိဆုံးဖြစ်သည်ဟု ကျောက်ခတ်

ဆရာတော်ကြီးက မိန့်တော်မူသည်၊ သို့သော် တရက်မျှလောက်သာ တွေ့ဆုံမေးမြန်း မှတ်သားရသောကြောင့် အနည်းငယ်မျှသာ သိရှိခဲ့ရသည်။

ဂူဖြူတောရ ဆရာတော်ကြီးသည် ထီးမဆောင်း, ယပ်မဆောင်းပဲ ထန်းရွက်အတိုင်းသာ ကိုင်ကောင်းရုံပြုပြင်၍ ကိုင်တော်မူသည်။ ဆွမ်းခံရာမှရသော ဆန်ဆွမ်းကို သံဃာများအားကျွေး၍ ပြောင်းဆန်ဆွမ်းကို မိမိ သုံးဆောင်တော်မူသည်-ဟု အတိသုဒ္ဓါရုံဆရာတော် မိန့်ကြားတော်မူဘူးသည်၊ ရွှေကျင်ဂိုဏ်းကြီး၌ ဤသို့သော မထေရ်မြတ်ကြီးတို့ ပေါ်ထွန်း၍ ရွှေဆောင်တော်မူခဲ့ခြင်းတို့သည် ရွှေကျင်နိကာယ သာသနာ့တပ်မတော်ကြီး၌ ဗိုလ်ချုပ်ကြီးများ၏ အောင်လံတော် တံခွန်တို့သဖွယ် ယနေ့တိုင် တလူလူလွင့်လျက် ရှိသည်နှင့် တူလှပေသတည်း။

ဂူဖြူတောရ၌ ဆရာတော်ကြီးရှိစဉ်က သံဃာ ၄-၅-ဆယ် အမြဲရှိသည်ဟု သိရသည်။

## (ဘုန်းတော်ကြီးဦးသီလ အတ္ထုပ္ပတ္တိမှ ထုတ်နုတ်ချက်) ပခန်းဆရာတော်ဘုရားကြီးနှင့် တွေ့ဆုံခြင်း

ဘုန်းတော်ကြီး ဦးသီလသည် ဂူဖြူတောရဆရာတော်ဘုရားကြီးကို ပဲခူးသို့ ပင့်ဘူးကြောင်းကို နောက်က ဖော်ပြခဲ့ပြီ၊ ယင်းသို့ ကြွတော်မူစဉ် မီးရထားစီးခြင်းနှင့် စပ်သောစကား, ခင်မွန်ဆရာတော်နှင့် ဆွေးနွေးတော်မူကြသော စကားတို့မှာ သတိပြု မှတ်သားလောက်သည်ဖြစ်၍ ဘုန်းတော်ကြီးဦးသီလ အတ္ထုပ္ပတ္တိမှ ထုတ်နုတ်၍ ပြပါဦးမည်။

ဘုန်းတော်ကြီးဦးသီလ ပဲခူးသို့ ရောက်၍ လိပ်ပြာကန်ကျောင်း၌ သီတင်းသုံးနေစဉ် အထက် မြန်မာပြည် ပခုက္ကူ ရေစကြိုနယ် ဂူဖြူတောရ ဆရာတော်ကြီးသည် ရေလမ်းဖြင့် ရန်ကုန်မှလှည့်၍ ပဲခူးသို့ ရောက်လာ၏၊ ဘုန်းတော်ကြီးထက် တဝါနှစ်ဝါကြီးသည်၊ အချင်းချင်းလည်း သတင်းစကားဖြင့် ရှေးကတည်းက အလေးပြုကြသည်၊ [အင်းဝမြို့ဗားကရာတိုက်၌ ဂူဖြူတောရဆရာတော်ကြီးနှင့် ဘုန်းတော်ကြီးဦးသီလတို့ အတူတကွ တတိုက်တည်းနေခဲ့ဘူးသည်၊ သိကျွမ်းဘူးသည်ကို မသိသောကြောင့် (အချင်းချင်း သတင်းစကားဖြင့် ရှေးကတည်းက အလေးပြုကြသည်) ဟု ဆိုခြင်းဖြစ်သည်။ အမှန်မှာ သိကျွမ်းဟောင်းလည်းဖြစ်, အယူ

သီလ တူမျှသူချင်းလည်းဖြစ်၍ ဘုန်းတော်ကြီးဦးသီလက ပင့်သောကြောင့် ပဲခူးသို့ မီးရထားမစီးပဲ လှေဖြင့် ကြွလာခြင်း ဖြစ်သည်။]

ပခန်းဆရာတော်ကြီးက ဘုန်းတော်ကြီး ဦးသီလအား မီးရထားစီးသည်ဟု ကြားရသည်၊ ဟုတ်လေသလားဟု အပြစ်တင်စကား မိန့်ကြားတော်မူသတတ်၊ အုတ်တွင်း သိမ်သမုတ်သွားရာမှစ၍ စီးမိပါပြီ၊ ဆုံးမတော်မူပါ၊ နာခံပါမည်ဟု လက်အုပ်ချီလျက် ဝန်ခံတော်မူ၏၊ မကျန်းမမာ ဂိလာနဖြစ်လျှင် အပြစ်မဆိုသာပေဘူး၊ တပည့်တော်ဖြင့် ကျန်းမာပါသေး၏ဟု မိန့်သတတ်၊ ဘုန်းတော်ကြီးကို စင်လျက် အပြစ်တင်စကား ရဲဝံ့စွာ မိန့်ကြားသော ပခန်းဆရာတော်ဘုရားကြီး၏ သီလ,သမာဓိ ဂုဏ်တော်တို့ကိုလည်း သောင်းသောင်းဖြဖြ ချီးမွမ်းအံ့သြ ကြည်ညိုမြတ်နိုးသံသည် တခဲနက် ပွဲတင်ထပ်မျှရှိသော ဟူ၏။

## မီးရထားမစီးကြ

ဂူဖြူဆရာတော်, ခင်မွန်ဆရာတော်, ဘုန်းတော်ကြီး ဤသုံးပါးသည် အသက်အယွယ်မတိမ်းမယိမ်း၊ ရှေးကတည်းက မီးရထား မစီးကြ၊ ပဲခူးနယ်ကျောက်တန်း မဟာဗောဓိဆရာတော် အရှင်ကေလာသသည် ထိုမထေရ်ကြီးတို့၏ ဤသို့သော အမွေအနှစ်ကို ခံယူသူဖြစ်၍ ယခု ၁၃၀၀-ပြည့်နှစ်တိုင် မီးရထားစီးသည်ဟု မကြားရသေး၊ ဂူဖြူတောရဆရာတော်ကြီး အလှူခံ၍ တသက်လုံး မစီးရန် တာဝန်ခံ၍ လှူထားသည်၊ မိမိစိတ်၌ကား စက်မီးရထား အပ်ပေသည်ဟူ၍သာ သဘောကျသည်၊ သံသယမရှိသော ဟူ၏၊ ပခန်းဆရာတော်ကြီး ပြန်ကြွသွားသောအခါ သပိတ်,သက်န်း စသည်နှင့် စားသောက်ဖွယ် အမြောက်အမြား လှူလိုက်သတတ်။

## မီးရထား အပ်,မအပ်

အခါတပါး ဂူဖြူဆရာတော်ကြီးသည် ခင်မွန်ဆရာတော်ကြီးကို ရထား အပ်,မအပ် စာဆိုအတိုင်း ဖြေစမ်းပါဟု ဆို၏။ ဂိလာနဿ-နာသော ရဟန်းအား၊ ယာနံ-ယာဉ်ကို၊ အနုဇာနာမိ-ငါဘုရားခွင့်ပြု၏ ဟူ၍ရှင်း,

ယာနံ နာမ-ယာဉ်မည်သည်ကား၊ ဝယှံ-ပေါင်းချုပ်၊ ရထော-ရထား၊ သကဋံ-လှည်း၊ သန္ဒမာနိကာ-သံလျင်း၊ သိဝိကာ-ထမ်းစင်၊ ပါဋင်္ကီ-ပုဆိုး

သံလျှင်း-ဟူ၍ရင်း ယာဉ် ၆-မျိုး ဟောသည်၊ နာလျှင် ရထားစီးအပ်၏၊ မနာလျှင် မစီးအပ်၊ ဤ၌ ခြေဖြင့်သွားခြင်းငှါ မစွမ်းနိုင်လျှင် လူနာမည်၏ဟု ဖြေ၏။

ယခု ကာလ မန္တလေး ရန်ကုန် စုန်ဆန်နေသော စက်မီးရထားများကော အပ်,မအပ် ဘယ်ပုံသဘောရပါသလဲဟု ဆက်မေး၏၊ ဘယ်ပုံသဘောရဘို့ရာ ထိုစက်မီးရထား သွားလာပုံကို ပြောပြစမ်းပါဦးဟု ပြန်မေးလတ်သော် ဘယ်ပြောတတ်မလဲ တွေ့မှ မတွေ့ဘူးသေးပဲ-ဟု ဖြေ၏၊ သည်လိုမတွေ့ဘူးသူချင်းဖြစ်လျှင် အပ်,မအပ် ဆုံးဖြတ်ဘို့ ဘယ်မှာဖြစ်နိုင်ပါ့မလဲဟု ဆိုလတ်သော် ဒါဖြင့် မစီးတာပဲ အပြစ်ကင်းပါတယ်လေ-ဟု မိန့်ဆိုသတတ်။

မီးသင်္ဘောကား နာဝါ ဖြစ်သည်၊ ယာဉ် ၆-မျိုး၌ နာဝါမပါသောကြောင့် သံသယရှိဖွယ်မလိုဟု မိန့်ဆိုကြကြောင်းကို မုံရွာမြို့ ကျောက်ကာဆရာတော် အရှင်သြဘာသ-ထံမှ ကြားနာရသည်ဟု မန္တလေး စိန်ပန်းပဏ္ဍိတာရုံကျောင်း ဘုန်းကြီးဦးပဏ္ဍိတ-ထံမှ တဆင့်သိရှိရသည်။

(ဘုန်းတော်ကြီး ဦးသီလအတ္ထုပ္ပတ္တိ-မှ)

---

# ကျောက်ခတ် ဆရာတော်ဘုရားကြီး

ဂူဖြူတောရဆရာတော်ဘုရားကြီး၏ တပည့်ရင်းဖြစ်သော ကျောက်ခတ်ဆရာတော်ဘုရားကြီးသည် ယခုသက်တော် ၉၁-နှစ် သိက္ခာဝါတော် ၇၂-ဝါ ရရှိတော်မူပြီ၊ ထိုထို မြို့ရွာတို့၌ အခိုက်အတန့် နေခဲ့ဘူးသော်လည်း ဂူဖြူတောရဆရာတော်ကြီးထံ၌ ကြာရှည်စွာ သြဝါဒခံယူ၍ နေခဲ့သည်၊ ဝိနည်းပါဠိတော်၌ န ဘိက္ခဝေ ပါသော သိက္ခာပုဒ် မှန်သမျှ ယနေ့တိုင် အကုန်ရတော်မူသည်၊ အချို့ကို ရွတ်ဆို၍ပင် ပြတော်မူလိုက်သေးသည်၊ သို့သော်ကျန်းမာရေးမှာ များစွာမကောင်းလှ၍ အသံတော်ကို သတိပြုနားထောင်ရပေသည်။

ကျောက်ခတ်ဆရာတော်ဘုရားကြီးသည် ကမ်းနီမြို့နယ် ဇာတိဖြစ်၍ ၁၂၃၅-ခုနှစ် ကဆုန်လဆန်း ၃-ရက်နေ့ နေဝန်းတခြမ်းပေါ် ချိန်၌ ဖွားမြင်တော်မူသည်၊ ဘွဲ့တော်**ဦးစန္ဒိမာ**ဟု မိန့်သဖြင့် အင်္ဂါသားဖြစ်တော်မူသည်၊ **အဘဦးစံအောင်**, အမိဒေါ်ပိုတို့ ဖြစ်သည်။

ကမ်းနီမြို့အပိုင် ကင်းရွာ **ဗောဓိကျောင်းဆရာတော်**ထံ၌ ဦးစွာ ပညာသင်ကြားရသည်၊ ၎င်းနောက် မုံရွာမြို့ **ဇောင်ချမ်းပင်တိုက်**သို့ ရောက်သည်၊ ပကတိကပင် သိက္ခာကာမ အဇ္ဈာသယဓာတ်ခံ ရှိတော်မူခဲ့သည်ဖြစ်၍ ရွှေကျင်ဂိုဏ်းတွင် နေလိုသောဆန္ဒ ထက်သန်သည်နှင့် မုံရွေးရွှေကျင်တိုက်သို့ ရွှေ့ပြောင်းနေသည်၊ မုံရွေးရွှေကျင်တိုက်၌ ရဟန်းတော်တပါး အနေအထိုင် အကျင့်သိက္ခာကောင်းလှသည်ကို တွေ့မြင်၍ သူ၏ဆရာကို မေးမြန်းရာ ဂူဖြူတောရဆရာတော်ကြီး **ဦးမေဓာ**ဟု သိရသဖြင့် ဇာတိဒေသနှင့် မန္တလေးမြို့မှ လှည့်၍ ဂူဖြူတောရဆရာတော်ကြီးထံသို့ ဆည်းကပ်ကာ ဆရာတော်ဘုရားကြီးထံ၌ စာပေကျမ်းဂန်တက်ခြင်း, နယ္ယပဒေသ ဩဝါဒတို့ကို ဆည်းပူးနာယူခြင်းကို ကျေနပ်အောင် အားထုတ်သင်ယူပြီးနောက် ပခုက္ကူမြို့ **ဆရာတော်ဦးဂန္ဓ**ထံ၌ ကျမ်းအိပ်များကို ဆက်လက် အားထုတ်ခဲ့သည်။

သို့ရာတွင် ပခုက္ကူ၌ အစားအနေအတွက် သံဝေဂဖြစ်၍ မကွေးဆရာတော် ဦးတေဇဝန္တ, ကျိုက်ထိုဆရာတော် ဦးပဏ္ဍဝံသတို့နှင့် တိုင်ပင်၍ စစ်ကိုင်း၌ ခေတ္တလာနေကြစဉ် ဂူဖြူတောရဆရာတော်ကြီးက မိန့်ခေါ်တော်မူပြီး ကျောက်ခတ်၌ နေရမည်ဟု အမိန့်ရှိ၍ ယနေ့တိုင် နေရသည်ဟု မိန့်ကြားတော်မူသည်၊ သံဃာ ၂၅-၃၀ ရှိသည်။

---

# ရေစကြို ပတ္တပိုဏ်ဆရာတော်ဘုရားကြီး

ပတ္တပိုဏ်ဆရာတော်ကြီးသည် ဂူဖြူတောရဆရာတော်ကြီး၏ ဇာတိအရပ်ဖြစ်သော ရေစကြိုမြို့ အနောက်မြောက် ၃-မိုင်ကွာ **သာစည်ရွာ**တွင် ဖွားမြင်တော်မူသည်၊ ၁၂၄၃-ခုနှစ် တာကူးလပြည့်ကျော် ၄-ရက် တနင်္ဂနွေနေ့ဖြစ်၍ ဘွဲ့တော်မှာ **အရှင်ဥတ္တရ**ဖြစ်သည်၊ ဂူဖြူတောရဆရာတော်ကြီး၏ သဒ္ဓိဝိဟာရိက တပည့်ကြီးဖြစ်သည်။

ဂူဖြူတောရ ဆရာတော်ကြီးထံ၌၎င်း, ဂူဖြူတောရ ဆရာတော်ကြီး၏ တပည့် ကျောက်ဆောက် တောင်ကျောင်းဆရာတော် ဦးပုည-ထံ၌၎င်း, ထိုနောက် ဂူဖြူတောရဆရာတော်ထံ၌၎င်း, မအူဆရာတော် ဦးသောမ, မုံရွေး သီတာရုံဆရာတော်, မန္တလေးမြို့ အရှေ့မဟာဝိသုဒ္ဓါရာမ, အနောက်ပြင် ပတ္တမြားတိုက်တို့တွင် ပိဋကစာပေများကို သင်ကြားအားထုတ်တော်

မူခဲ့သည်၊ ယနေ့ သက်တော် ၈၃-နှစ်ရှိပြီ ဖြစ်သော်လည်း ပတ္တပိုဏ်ဆရာတော်ကြီးသည် ကျန်းမာရေး အထူးပြည့်စုံလျက်ရှိသည်၊ ခရီးသွားရလျှင် မြန်မာတိုင် ၄-၅-တိုင် မိုင်အားဖြင့် ၁၀-မိုင်ခန့်ကို မပင်မပန်း ကြွသွားတော်မူနိုင်သည်၊ သာမဏေများ ပေါက်၍, ကျုံး၍ ထည့်ပေးသော မြေများကို တောင်းဖြင့် ကိုယ်တိုင် ပခုံးပေါ်ထမ်းကာ သာမဏေများနှင့်မခြား သယ်တော်မူနေသေးသည်။

ဝိနည်းအရာ၌ကား ဂူဖြူတောရဆရာတော်၏ တပည့်ဖြစ်၍ အထူးဆိုဖွယ်မလိုတော့ချေ။ ထို ရေစကြိုပတ္တပိုဏ်ဆရာတော်ကြီးသည်လည်း ရွှေကျင်ဂိုဏ်း၏ တံခွန်အောင်လံတော်ကြီးတရပ်ပင် ဖြစ်သည်။

ဤ၌ စလေဆရာတော် အရှင်ဇာဂရ, မောင်းထောင်ဆရာတော်ကြီးများ သီတင်းသုံးသွားတော်မူကြဘူးသည်၊ စလေဆရာတော် ပတ္တပိုဏ်စားသည်ကို အကြောင်းပြု၍ ယနေ့တိုင် **ပတ္တပိုဏ်တိုက်**ဟု တွင်သည်ဟု သိရသည်။

---

# မဟာဂန္ဓာရုံဆရာတော် အရှင်ဥက္ကဋ္ဌရထေရ်

မဟာဂန္ဓာရုံ ဆရာတော်သည် စစ်ကိုင်းတောင်ရိုး၌ ရွှေကျင်ဂိုဏ်း ထွန်းကားစေရန် သာသနာပြုတော်မူသော ဆရာတော် ဖြစ်တော်မူသည်။ အမှန်အားဖြင့်မူကား ရွှေကျင်သာသနာ မထွန်းကားသေးသော ဌာနဖြစ်၍ တမင်ထွန်းကားအောင် ရည်ရွယ်ချက်မူကား မရှိချေ၊ မိမိကိုယ်တိုင် ပဋိပတ်သာသနာကို ပေါက်ပေါက် ရောက်ရောက် အားထုတ်လိုသော ဆန္ဒဖြင့် စစ်ကိုင်းတောင်ရိုးသို့ တောထွက်လာခြင်း ဖြစ်တော်မူသည်။ မဟာဂန္ဓာရုံဆရာတော်တို့ စစ်ကိုင်းတောင်ရိုးသို့ မထွက်လာမီနှင့် ထွက်လာကြစအခါ၌ ပထမဂန္ဓာရုံချောင်၌ ရွှေကျင်ဂိုဏ်းဝင် ဘုန်းတော်ကြီး ဦးပုညတပါး ရှိနှင့်နေပေသည်၊ ထိုဘုန်းတော်ကြီး ဦးပုညသည်လည်း ပိဏ္ဍစာရိကဝတ် စသည်တို့နှင့် ပြည့်စုံသော ပဋိပတ္တိသာသနာ့ဝန်ဆောင် တပါးဖြစ်သည်၊ သို့သော် ရွှေကျင်ဂိုဏ်းအနေဖြင့် ထင်ထင်ရှားရှား ကျောင်းများ အလွန်နည်းပါးသေးသောအခါ ဖြစ်သည်။ မဟာဂန္ဓာရုံ ဆရာတော်များ ရောက်လာပြီးနောက်မှ မဟာဂန္ဓာရုံဆရာတော်ထံ၌ တရားနာ, ပဋိပတ်

ကျင့်ကြံအားထုတ် နည်းယူကြ, ချောင်သစ်တည်ကြရာမှ စ၍ စစ်ကိုင်း တောင်ရိုး၌ ရွှေကျင်ဂိုဏ်းသံဃာနှင့် ကျောင်းများ ပြန့်ပွါးစည်ကားလာ ခြင်းဖြစ်သည်။ မဟာဂန္ဓာရုံဆရာတော်ကလည်း သွားယင်း ဟန်လွှဲ ဆိုသကဲ့သို့ အထူးအားမထုတ်ရပဲ မိမိဘုန်းကမ်အားလျော်စွာ အလိုအလျောက် ဖြစ်ပေါ်လာသော ကျောင်းကန်စသော ပစ္စည်းတို့ဖြင့် ချီးမြှောက်အားပေး၍ ရွှေကျင်ဂိုဏ်းကျင့်ထုံးအရ နည်းပေးလမ်းပြ အုပ်ချုပ်တော်မူလာခဲ့ပေသည်။

ပထမဂန္ဓာရုံချောင်နှင့်တကွ တချောင်,နှစ်ချောင်မှ စ၍ စစ်ကိုင်း တောင်ရိုးတွင် ရွှေကျင်ဂိုဏ်းချောင်နှင့် သံဃာများ ပြန့်ပွါးလာခဲ့ရာ ယခု အချိန်၌ ကျောင်းပေါင်း (ချောင်ပေါင်းကို ဆိုသည်) ရှစ်ဆယ်ကျော်ရှိ၍ သံဃာပေါင်း ရှစ်ရာကျော် ရှိလေသည်။ သံဃာ ၂၀-၃၀-၄၀-၅၀စီ ရှိသော စာသင်တိုက်ကလေးများ ၁၅-တိုက်ခန့် ရှိသည်၊ ထိုအထဲတွင် ပါဠိတက္ကသိုလ် ၃-တိုက် ရှိသည်၊ ဤအခြေသို့ ရောက်လာသည်မှာ မဟာဂန္ဓာရုံဆရာတော် သာသနာပြုခြင်းကြောင့်ပင် ဖြစ်ပေသည်။

မဟာဂန္ဓာရုံဆရာတော်သည် **မြစ်ကျွေ** (မကွေး) မြို့၌ သက္ကရာဇ် ၁၂၂၀-ပြည့်နှစ် တော်သလင်းလဆုတ် ၄-ရက် တနင်္ဂနွေနေ့ မြန်မာနာရီ ည တချက်တီးကျော်အချိန် ဖွားမြင်တော်မူသည်၊ ငယ်ဆရာမှာ မြစ်ကျွေမြို့ ဂုံတောဆရာတော် **အရှင်ကေသရ** ဖြစ်သည်၊ ဂုံတောဆရာတော်ထံ၌ သာမဏေအဖြစ်နှင့် ၅-ဝါ, ရဟန်းအဖြစ်နှင့် ၅-ဝါ နေခဲ့သည်၊ ထိုနောက် အိမ်မဲမြို့ အိမ်မဲဆရာတော် အရှင်ပုညထံ၌ တဝါ, ဒေးဒရဲမြို့ ချောင်းဖျားရွာ ဆရာတော် အရှင်ဝိမလထံ၌ သုံးဝါ, ကွမ်းခြံကုန်းမြို့ မဟာဝုန်ဆရာတော် အရှင်ဇိနထံ၌ နှစ်ဝါ, ထိုမှနောက် မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုဒ္ဓါရာမ ဆရာတော် ဘုရားကြီးထံ၌ လေးဝါ ဆည်းကပ်နေစဉ် ဂုံတောဆရာတော်ဘုရားကြီးပံ့လွှန်တော်မူ၍ မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးအား ဥပဇ္ဈာယ်ပြု၍ သိက္ခာထပ်တော်မူသည်။ သိက္ခာထပ်ပြီးနောက် လေးဝါတိုင်တိုင် ပိဋကစာပေကို ဆက်လက်နည်းခံ သင်ယူခဲ့သည်။

သက္ကရာဇ် ၁၂၅၇-ခုနှစ် ရဟန်းသိက္ခာ ၁၈-ဝါအရ ဝါဆိုလဆန်း ၄-ရက်နေ့၌ စစ်ကိုင်းတောင်သို့ ထွက်လာခဲ့သည်၊ ထွက်လာခဲ့၍ ပထမဂန္ဓာရုံချောင်၌ ဝိပဿနာယောဂီအဖြစ်ဖြင့် ရဟန်းတရားကို အားထုတ်တော်မူသည်၊ ချမ်းအေးဆရာတော် အရှင်သဒ္ဓမ္မစသော သီတင်းသုံးဖော် လေး

ငါးပါးနှင့်အတူ ထွက်ခဲ့ကြသည်ဖြစ်၍ အသီးအသီး ကမ္မဋ္ဌာန်းကျောင်းငယ် ကလေးများ၌သာ တပါးချင်း သီတင်းသုံးတော်မူကြသည်၊ ဥပုသ် သီတင်းနေ့တို့၌ တရားနာလို, သီလယူလိုသော ဒကာ ဒကာမများ လာသံ ကြားလျှင် သီလပေးရမည်စိုး၍ တံခါးပိတ်နေကြသည်ဟု ချမ်းအေးဆရာ တော်ကြီး မိန့်ကြားဘူးသည်၊ သီတင်းသုံးဖော်များတွင် မဟာဂန္ဓာရုံဆရာ တော်သည် ပရိသတ်ကို သာ၍ ရှောင်တော်မူသည်ဟု သိရသည်။

မဟာဂန္ဓာရုံဆရာတော်သည် ပထမဂန္ဓာရုံ၌ သုံးလေးဝါနေမိမှ မလွဲ သာ သီလပေး၍ တရားစကားအနည်းငယ် ဟောပြောသည်၊ ကိုယ်တိုင်သာ အားထုတ်သည်ဟု သိရသည်၊ မဟာဂန္ဓာရုံဆရာတော်၏ သတင်းသည် အတော်ပြန့်နှံ့ကာ စစ်ကိုင်း မန္တလေးမျှမက တနိုင်ငံလုံးသို့ တနေ့တခြား တိုးတက်ရောက်လျက် ရှိသောကြောင့် ဒကာ ဒကာမ ပရိသတ်တို့သည် များပြား ပြွမ်းတီးလာသည်ဖြစ်၍ ပထမဂန္ဓာရုံ၌ တဆဲ့တဝါ သီတင်းသုံး ပြီးနောက် ၂၉-ဝါအရတွင် ဒုတိယ ဂန္ဓာရုံခေါ် အရှေ့ဂန္ဓာရုံသို့ ရွှေ့ပြောင်း သီတင်းသုံးတော်မူသည်။

အရှေ့ဂန္ဓာရုံသို့ ပရိသတ်များ ဝိုင်းအုံလိုက်လာကြပြန်သဖြင့် ဝိဝေက-မရ ဖြစ်ပြန်ရာ နှစ်ဝါမျှသာ သီတင်းသုံး၍ ၁၂၇၀-ပြည့်နှစ် ဝါဆိုလဆန်း ၁-ရက်နေ့၌ မဟာဂန္ဓာရုံချောင်သို့ ပြောင်းရွှေ့ သီတင်းသုံးတော်မူသည်၊ ထိုမှတဖန် ၁၂၇၂-ခုနှစ် ဝါဆိုလဆုတ် ၁-ရက်နေ့ ဝါကပ်ရမည့်နေ့၌ ဝက်ပါ တောင် မဟာသုခချောင်လိုဏ်ဂူသို့ ကြွရောက် ဝါကပ်တော်မူသည်။ မဟာ-သုခချောင်၌ ဆယ်ဝါသီတင်းသုံးတော်မူ၍ သက်တော်-၆၁, ရဟန်းသိက္ခာ ၄၂-ဝါရ သက္ကရာဇ် ၁၂၈၁-ခုနှစ် ဝါခေါင်လဆုတ် ဂ-ရက်နေ့၌ ခန္ဓာဟောင်း ကို စွန့်တော်မူသည်။

## ဝိနည်း ပြန်ပွဲ

သီလဒဿနသမ္ပန္နံ၊ ဓမ္မဋ္ဌံ သစ္စဝါဒိနံ။
အတ္တနော ကမ္မ ကုဗ္ဗန္တံ၊ တံ ဇနော ကုရုတေ ပိယံ။ —

ဟူသော ဒေသနာတော်အတိုင်းပင် သီလနှင့်ပြည့်စုံ,ရဟန်းတရား၌ တည်၍ မိမိကိစ္စဖြစ်သော ရဟန်းတရားကို အားထုတ် ပြုလုပ်တော်မူသော မဟာ ဂန္ဓာရုံဆရာတော်ဘုရားအား နိုင်ငံအနှံ့ အရပ်လေးမျက်နှာမှ တရားနာရန်, တရားယူရန် ရဟန်းတော်များလည်း လာရောက်ကြ, တရားအားထုတ်ကြ

သည်၊ ဒကာ ဒကာမတို့သည်လည်း တရားတည်းဟူသော ပန်းဝတ်ပန်းရည်တို့ကို စားသုံးရန် ပျားပိတုန်းတို့အလား ထွက်ဝင်မစဲ ဆည်းကပ်ပူဇော်ကြ၊ သက်န်းစသည်တို့ကို ကပ်လှူကြရာ ထိုပစ္စည်းတို့ကို မဟာဂန္ဓာရုံဆရာတော်ဘုရားသည် စုပုံသိမ်းဆည်းမထားမူ၍ သာမဏေဖြစ်လျှင် ရှင်ကျင့်ဝတ်စသည်, ရဟန်းဖြစ်လျှင် ဘိက္ခုပါတိမောက်မှစ၍ ကခါတိုင်အောင် ပြန်ဆိုနိုင်သော ပုဂ္ဂိုလ်တို့အား အသီးအသီး ဆုကြေးနိမ့်မြင့် နှစ်စဉ်နှစ်တိုင်း ကထိန်ပြီးချိန်၌ အားပေးလှူဒါန်း ချီးမြှောက်၍ ဝိနည်းစာတော်ပြန်ပွဲကို စတည်ပျိုးထောင်ခဲ့ပေသည်၊မဟာဂန္ဓာရုံဆရာတော် အစပြု၍ တည်တော်မူခဲ့သော မဟာဂန္ဓာရုံ ဝိနည်းစာပြန်ပွဲသည် ယခုအချိန်အထိ တနှစ်တလေမှ အပျက်အကွက်မရှိ ခိုင်မြဲစွာ နှစ်စဉ် တန်ဆောင်မုန်း လပြည့်ကျော် ၃-ရက်နေ့မှ ဂ-ရက်နေ့အထိ အဆက်ဆက်သော ဆရာတော်, သံဃာတော်များသည် ဆက်လက်ကျင်းပပြုလုပ်လာခဲ့ပေသည်။ဒုတိယကပ္ပါစစ်အတွင်း၌ လေယာဉ်ပျံအောက် ဗုံးကြား, အမြောက်ဆံကြား အသက်ဆံဖျား နေကြရသော အချိန်မှာပင် မပျက်စေပဲ ကြိုးစားဆောင်ရွက်တော်မူခဲ့ကြသည်။

မဟာဂန္ဓာရုံဆရာတော် ဝိနည်းစာပြန်ပွဲကို အစပြု တည်ထောင်တော်မူခဲ့ခြင်း,ထိုထိုချောင်တို့၌ ကျောင်းကန်မပြည့်စုံသေးသည်ကို သိတော်မူလျှင် မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးထံ၌ ကျောင်းကန်ဆောက်လုပ် လှူဒါန်းလိုသော ဒါယကာများ လာရောက်လျှောက်ထားလျှင် လိုရာလိုရာ ကျေးဇူးများရာ ချောင်တို့၌သာ ဆောက်လုပ်လှူဒါန်းကြရန် တရားသဖြင့် ဟောပြော ညွှန်ကြားတော်မူသည်၊ အတိသုဒ္ဓါရုံကျောင်းကြီး, ကြံခင်းချောင်, ဇေတဝန်ချောင်,မစိုးရိမ်ခုနစ်တိုက်,ချမ်းအေးချောင် စသည်တို့သည် မဟာဂန္ဓာရုံဆရာတော်က မိမိသီတင်းသုံးသောဌာန၌ ဆောက်ရန် လျှောက်သော ဒါယကာများကို ထိုချောင်တို့သို့ ညွှန်ကြား ဆောက်လုပ်စေသော ချောင်များ ဖြစ်သည်ဟု ကြားသိရဘူးသည်။

မဟာဂန္ဓာရုံဆရာတော်သည် သက်တော်ရှည်သမျှကာလပတ်လုံး မဟာယောဂီကြီးပီပီ တရားလက်မလွှတ်မူ၍ နေ့ရောညပါအားထုတ်တော်မူသည်၊ အများအားဖြင့် ဂူကျောင်း၌သာ သီတင်းသုံးတော်မူသည်၊ ဆွမ်းသပိတ်လာပို့သော ရဟန်းနှင့်ပင် အတွေ့မခံပဲ ဆွမ်းသပိတ်ကိုသာ ဂူတွင်းတံခါးပြင်နား၌ ချထားခဲ့ရသည်၊ ဧကစာရီ တပါးတည်းသာ သီတင်းသုံးတော်မူလေ့

ရှိသည်၊ ရံခါရံခါသာ တရား အသင့်အတင့် ဟောတော်မူသည်၊ သာသနာရေး, သာသနာမှုကိုကား အားပေး ချီးမြှောက်တော်မူသည်။

## ဂိုဏ်းသံဃာအား စောင့်ရှောက်ခြင်း

ဂူကျောင်းမှ ထွက်သည့်အခါ သီလရှင်ချောင်များသို့ ကိုယ်တော်တိုင် ဆွမ်းခံကြွတော်မူတတ်သည်၊ ရပ်ဝေး,ရပ်နီး ဒါယကာ,ဒါယိကာမ တို့သည်လည်း သီလရှင်ချောင်များမှနေ၍ ဆွမ်းလောင်းလှူကြသည်၊ ဆွမ်းခံအပြန်တွင် ရွှေကျင်ဂိုဏ်းဝင် ထိုထို ရဟန်းတော် ကျောင်းများသို့ အခိုက်အတန့်ဝင်ကာ ဆွမ်းခံရသော စားသောက်ဖွယ် အချို့ကိုလှူ၍ သိက္ခာကျင့်ဝတ် မချွတ်ယွင်း မပေါ့လျော့ကြရန် သတိပေးတော်မူသည်၊ ကျောင်းတလင်း, ကုဋီ, သောက်ရေအိုးများကို သန့်ရှင်းစင်ကြယ်စေရန် ဆုံးမတော်မူသည်၊ ဤသို့ စသည်ဖြင့် ဂိုဏ်းသံဃာများကို စောင့်ရှောက်ထိန်းသိမ်းတော်မူသည်၊ ထိုအချိန်အခါဆီက စစ်ကိုင်းတောင်ရိုး၌ ပရိယတ်သမားနည်း၍ ပဋိပတ်သမားတို့သာ များကြသည်ဖြစ်ရာ ရှင်ငယ်, ရဟန်းငယ်နည်းသည်၊ ပုဂ္ဂိုလ်ကြီးများသော်၎င်း, ကြီးမှ ရဟန်းဖြစ်ကြသူများသော်၎င်း အနေများကြသည်ဖြစ်၍ တောရကျောင်း စစ်စစ်နှင့် တူပေသည်။

မဟာဂန္ဓာရုံ ဆရာတော်၌ ရဟန်းကိစ္စ,သံဃာကိစ္စ, သာသနာ့တာဝန်မှတပါး အခြားဗာဟိရကိစ္စ မရှိ၊အပိုအလုပ်ကိစ္စများကို ပြုလုပ်တော်မူလေ့ မရှိချေ၊ ချောင်တွင်း၌လည်း သံဃာများ၌ မရှိလျှင်မဖြစ်သော သိမ်,ကျောင်း, ရေကန် စသည်မှတပါး အပိုအမို အဆောက်အဦများလည်း မရှိကြပေ။ ယခု ထင်ရှားရှိ၍ နှစ်စဉ်ဝိနည်းစာပြန်ပွဲ ကျင်းပနေသော မဟာဂန္ဓာရုံ တိုက်ကျောင်းကြီး ပြီး၍ အကြီးအကျယ် နက်ဖြန်သဘက် ရေစက်ချရန် ကျောင်းဒါယကာနှင့် ဒါယိကာမတို့ ချောင်သို့ရောက်လာလျှင် မဟာဂန္ဓာရုံဆရာတော်က မိန့်ခေါ်တော်မူ၍ ဒကာတို့....ပရိသတ်တွေ ဘိတ်ကြားပြီး ကျွေးမွေးလှူဒါန်း ရေစက်ချမည့်နေ့၌ စိတ်အာရုံပြန့်လွင့် များပြားနေလိမ့်မည်၊ စိတ်အာရုံမများမီ နိဗ္ဗာန်အာရုံပြု၍ ဝိဝဋ္ဋပါရမီကုသိုလ်တွေ ဖြစ်အောင် ယခု ရေစက်ချရမည် အမိန့်ရှိပြီးကာလ တရားစကားလျော်ရုံမျှ ဟောပြောတော်မူ၍ ကျောင်းဒကာ-ဒကာမနှင့် မိသားစုလောက်ဖြင့် တိုးတိုးတိတ်တိတ် အေးအေးဆေးဆေး ရေစက်ချပေးတော်မူသည်၊ ဤနည်း

အားဖြင့် ဒကာ, ဒကာမများကိုလည်း ရသင့်ရထိုက်သော ကုသိုလ်တရားကို တိုးပွါး ရရှိစေတော်မူသည်။

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်း ဒကာကြီးဦးစစ်ကြူ, ဒေါ်လှိုင်နှင့် သားသမီးများ,ဆွေမျိုးသားချင်းများသည်လည်း မဟာဂန္ဓာရုံ ဆရာတော်ထံမှ နည်းရကြသဖြင့် အလှူကြီး ပြုတိုင်းပြုတိုင်း တိုးတိုးတိတ်တိတ် စိတ်အေးလက်အေး မိမိတို့သားသမီး ဆွေမျိုးရင်းချာမျှလောက်ဖြင့် ညဦးဘက်၌ ကြိုတင်၍ ရေစက်ချတတ်ကြသည်။ နောက်တနေ့မှ ပင့်သံဃာများ, လူ, သီလရှင်ပရိသတ်များနှင့် သိုက်သိုက် ဝန်းဝန်း ရေစက်ချလေ့ ရှိကြသည်။

မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးသည် ရဟန်းတရားကို အချိန်ပြည့် ဟန်မလုပ်, ပရိယာယ်မပါ, လောကာမိသကို မငဲ့မူ၍ အမှန်တကယ် အား ထုတ်တော်မူသဖြင့် အရိယာဟူ၍ အတပ်စွဲကာ ရှင်ရော လူပါ အလွန် ကြည်ညို လေးစားမှုကို ခံယူရပေသည်။ ဤသို့လျှင် မိမိ၏ ရဟန်းကိစ္စ ရဟန်းတရားကို ပွါးများအားထုတ်ယင်း ရွှေကျင်သာသနာကို အားပေး ချီးမြှောက်သဖြင့် ယနေ့ စစ်ကိုင်းတောင်ရိုး၌ ကျောင်းပေါင်း ၇၀-ကျော် သံဃာ ၇၀၀-ကျော်တိုင် ပွါးများ စည်ကား လာခြင်းသည် မဟာဂန္ဓာရုံ ဆရာတော်၏ ကျေးဇူးပင် ဖြစ်သည်။

မဟာဂန္ဓာရုံဆရာတော် မဟာဂန္ဓာရုံချောင်၌ သီတင်းသုံးတော်မူနေစဉ် ညအခါ ချမ်းအေးဆရာတော်ကို ဂူတွင်း၌ စာအုပ်ယူပေးရန် ပြောရာ ဂူထဲမှာ မှောင်နေ၍ စာအုပ်များကို မမြင်ရကြောင်း ပြောလျှင် မဟာ-ဂန္ဓာရုံဆရာတော်ကြွလာသောအခါ ဂူတခုလုံးအလိုလိုလင်းသွား၏။ မဟာ-ဂန္ဓာရုံဆရာတော်က မည်သူ့ကိုမှ မပြောရန် ပိတ်ပင် တားမြစ်တော်မူသဖြင့် မပြောပဲ နေခဲ့၏။ ပျံလွန်တော်မူမှ ယခုအောင်မြေသာစည် ဆရာတော် ဖြစ်သော အရှင်အဂ္ဂဓမ္မကို ချမ်းအေးဆရာတော်ကြီးက မိန့်တော်မူသည်။

မဟာဂန္ဓာရုံဆရာတော် ပျံလွန်တော်မူသောညက ဝင်းဝင်း-ဝင်းဝင်းနှင့် ကြည်လင်တောက်ပသော အလင်းရောင်ကြီးတွေ ဟိုတောင်-သည်တောင် ကူးသန်းနေကြသည်ကို တောင်အနောက်ဘက်၌ သီတင်းသုံးတော်မူသော သုဓမ္မာဂိုဏ်းအုပ် ဃောသိတာဝန် ဆရာတော်ကြီးကိုယ်တိုင် တွေ့မြင်ရ၍ ချမ်းအေးဆရာတော်အား ပြောပြသည်ဟု အောင်မြေသာစည် ဆရာတော် ထံမှ ကြားသိရသည်။


မဟာဂန္ဓာရုံဆရာတော် ပုလိပ်မြို့၌ သီတင်းသုံးတော်မူစဉ် ကျောင်းအနီး၌ ကုဋီတခု ဆောက်လုပ်ထားသည်ကို မဟာဂန္ဓာရုံဆရာတော်က ချမ်းအေးဆရာတော်ကို သည်ကုဋီကို ရွှေ့လိုက်ကြပဟု အကြောင်းမပြပဲ ရွှေ့စေတော်မူရာ ချမ်းအေးဆရာတော်သည် ကုဋီကို မရွှေ့ချင် ရွှေ့ချင်နှင့်ပင်ရွှေ့လိုက်ရသည်၊ ကုဋီကိုလည်း ရွှေ့ပြီးသည်နှင့်မကြာမီ မရှေးမနှောင်းကာလအတွင်း ကုဋီနေရာအထက်၌ရှိသော သရက်ကိုင်းကြီး ကျိုးကျလေတော့၏ဟု ချမ်းအေးဆရာတော်ကြီးက မိန့်တော်မူယင်း အံ့ဩသော လက္ခဏာအမူအရာကို ပြတော်မူသည်ကို အောင်မြေသာစည်ဆရာတော် မှတ်လိုက်ရသည် ဟူ၏။

အခါတပါး မဟာဂန္ဓာရုံ သိမ်အတွင်း၌ သံဃဥပုသ်ပြုတော်မူနေကြစဉ် အခြားမထေရ်ကြီးများနှင့် တတန်းတည်း သီတင်းသုံးလျက်ရှိသော မဟာဂန္ဓာရုံဆရာတော်၏ ကိုယ်ဝတ်သင်္ကန်းမှ လွတ်သော ပခုံးတော်, လက်ရုံးတော်များမှ အသားတော်များ အရောင်ထွက်နေသည်ကိုလည်း ဥပုသ်ပြုရာ၌ ပါဝင်သော အောင်မြေသာစည် ဆရာတော် ရဟန်းငယ်ဘဝက ဖူးတွေ့လိုက်ရသည်ဟု ပြောလေသည်။

## တောင်ဗိလာ ဆရာတော်ဘုရားကြီး

တောင်ဗိလာဆရာတော်ကြီး အရှင်ပဏ္ဍဝံသထေရ်သည် မြင်မာနိုင်ငံ၌ လူခဂုဏ်, ဓုတင်္ဂရေဂုဏ်, ခမာဂုဏ်, ဝိနယရေဂုဏ် စသည်တို့ဖြင့် အလွန်ထင်ရှား လူသိများသော ဆရာတော်ကြီးတပါး ဖြစ်တော်မူသည်၊ ပရိသတ်နည်းနည်းနှင့် ကေစာရီ သီတင်းသုံးနေတော်မူလေ့ ရှိသည်၊ မြန်မာနိုင်ငံအထက်ပိုင်း၌ သက်သတ်လွတ် ဆားဟင်း စားကြသော အလေ့အကျင့်သည် တောင်ဗိလာဆရာတော်ကြီးက အစပြုသည် ဟု ရေစကြို ပတ္တပိုဏ်ဆရာတော် မိန့်ကြားတော်မူသည်။

စစ်ကိုင်းတောင်ရိုး၌ တောင်ဗိလာဆရာတော်ကြီးက ပထမဋ္ဌကထာသဃချောင်ကို တည်၍ ဆားဟင်းဖြင့်သာ မျှတတော်မူသည်၊ ဆရာတော်အရှင်ရာဇိန္ဒက အရှေ့ဋ္ဌကထာသဃချောင်ကို တည်၍ ဆားဟင်းဖြင့် မျှတတော်မူသည်၊ ဝိနည်းပါဠိတော်၌ ဘုရားလက်ထက်တော်တွင် ရဟန်း



တောင်ဗိလာဆရာတော်ဘုရားကြီးပုံတော်

တော်များ သပိတ်ဖုံးမပါသော သပိတ်ဖြင့်သာ ဆွမ်းခံကြသည်၊ ဆွမ်း ဘုဉ်း
ပေးကြသည်ဟု ပါရှိသောကြောင့် ပါဠိတော်ဂိုဏ်းဟု အမည်တပ်ကာ

သပိတ်ဖုံး အသုံးမပါပဲ သပိတ်လုံးသက်သက်ဖြင့်သာ ဆွမ်းခံ, ဆွမ်းစား တော်မူသည်။ ဆရာတော် အရှင်ရာဇိန္ဒသည် ထက်မြက် ထူးချွန်သော ပုဂ္ဂိုလ်ကြီးတပါး ဖြစ်သည်၊ "ငါ ပျံတော်မူလျှင် ငါ့အလောင်းကို မြေလည်း မမြှုပ်နှင့်၊ ဂူလည်း မသွင်းနှင့်၊ မီးလည်း မသင်္ဂြိုဟ်နှင့်၊ ငါ၏ အသားအသွေးများကို သေသည့်တိုင်အောင် ဒါနပြုတော်မူမည်၊ တောင်ထိပ်သို့ တင်၍ ထားကြ၊ လင်းတများ စားသောက်ကြပေစေ" ဟု မှာတော်မူခဲ့သည်ဟု သိရသည်။ ဆရာတော် အရှင်ရာဇိန္ဒ တည်ထောင်၍ ပွါးများလျက်ရှိသော ချောင်များမှာ စစ်ကိုင်းတောင်ရိုး၌ ငါးချောင် (ငါးတိုက်), မင်းကွန်း၌ ၃-၄ ချောင် ယနေ့တိုင် ရှိသည်။

တောင်ဖီလာဆရာတော်ကြီးသည် စစ်ကိုင်း ပထမဣစ္ဆာသယချောင်ကို ညီတော် အရှင်ခေမိန္ဒအား လွှဲအပ်တော်မူ၍ ထိုထို တောရကျောင်းတို့၌ လှည့်လည် သီတင်းသုံးတော်မူသည်၊ မြို့ရွာဝေးသော တောရကျောင်းများ၌သာ သီတင်းသုံးမှု များသောကြောင့် နေ့စဉ် ဆွမ်းမခံမူ၍ ၇-ရက် တပတ်တကြိမ် နောက်ပါ ကပ္ပိယ အထမ်းဖြင့် ဆွမ်းဆန်, ဟင်းသီး ဟင်းရွက်, သစ်သီးဝလံများကို အလှူခံလေ့ရှိသည်၊ အချို့ အချို့ မြို့ရွာတို့ရှိ ဒကာ, ဒကာမတို့က သစ်သီး သစ်ရွက် စားသော ကိုယ်တော်ကြီး ဟု အသိအမှတ်ပြု၍ ပြောဆိုကြသည်။

တောင်ဖီလာဆရာတော်ကြီးသည် ဒါယကာများ ကပ်လှူသော ဆားဟင်းကိုပင် ရေဆေးရော၍ ဘုဉ်းပေးတော်မူသည်၊ (ရေဆေးရောခြင်းမှာ ဟင်းကောင်းပေါ်၌ သာယာနှစ်သက်မှု ကင်းစေရန် အရသာဖျက်ခြင်းပင်တည်း။) ဆရာတော်ကြီး သီတင်းသုံးသော ကျောင်းမှာ ကျောင်းကောင်းဟူ၍ မရှိလှ၊ အဇ္ဈောကာသိက မတင်ရအောင် အမိုးတပိုင်းတစကို အမြဲတမ်း ဖျက်၍ ထားတတ်သည်၊ ဝိနည်းသိက္ခာ၌လည်း အလွန် လေးစားတော်မူသည်၊ ခရီးထွက်တော်မူလျှင် လွယ်အိတ်ကြီး ၂-လုံး ၃-လုံးကို ကိုယ်တော်တိုင်လွယ်၍ သပိတ်, သက်နီး, ဘိနပ်, ဒန်ပူ, ကနုတံ, နာရီမှစ၍ ယူဆောင်တော်မူသည်၊ တောင်ဖီလာဆရာတော်ကြီးကို အာဂန္တုကဝတ်ပြုရသည်မှာ အာဝါသိကပုဂ္ဂိုလ်တို့၌ သက်သာ လွယ်ကူလှပေသည်။

ဤစာရေးသော ဘုန်းကြီးသည် စစ်ကိုင်းတောင်ရိုးရှိ ရွှေဟင်္သာတိုက် ဟောင်းနှင့် တိုက်သစ်တို့၌ သိမ်သမုတ်ကမ်အတွက် တောင်ဖီလာ ဆရာ

တော်ကြီးကို ပင့်လျှောက်ဘူးရာ ညအိပ် ကြွလာတော်မူသည်၊ ကျောင်းပေါ်၌ အိပ်ရာ နေရာ ခင်းကျင်းပြီး ပင့်သည်၊ ငါ့ရှင် ကျောင်းပေါ်မှာ မနေပါဘူး၊ သိမ်သမုတ်မည့်နေရာ လွင်တီးခေါင်၌ ကွပ်ပစ်တခု ဖျာတချပ်နှင့် ရေအိုး တလုံးသာ ချပေးပါတော့ဟု အမိန့်ရှိသဖြင့် အလိုရှိသည့်အတိုင်း စီမံပေးရသည်၊ ထိုလွင်တီးခေါင်မှာပင် တညလုံး သီတင်းသုံးတော်မူသည်၊ ဒန်ပူ, ကနုတံ, ရေခွက်, ရေစစ် စသည် အစုံပါသည် ဟုလည်း မိန့်တော်မူသေးသည်။

ဆရာတော်ကြီး တောင်ဗိလာတောရ၌ သီတင်းသုံးတော်မူစဉ်က ၇-ရက်တပတ် စစ်ကိုင်းမြို့သို့ ဆွမ်းဆန်, ဟင်းရွက် စသည် အလှူခံကြွတော်မူရာ ရွှေဟင်္သာချောင်ဟောင်းသည် လမ်းဘေး၌ တည်ရှိသည်ဖြစ်၍ အသွား အပြန်တို့၌ မောပန်းတော်မူသည့်အခါ ရွှေဟင်္သာချောင် အာရာမ်ပြင်ပရှိ အရိပ် တော်တော်ကလေး ကောင်းသော ခံပင်အောက်၌ နေရာထိုင် ခင်းတော်မူကာ မြေပေါ်၌ပင် လျှောင်းတော်မူသည်၊ ကျောင်းပေါ်သို့ ပင့်သော်လည်း ကြွတော်မမူ၊ ခရီးကြွတော်မူသောအခါ ကျောင်းများ၌ မတည်းပဲ ဇရပ်, တန်ဆောင်းတို့၌သာ တည်းတော်မူလေ့ရှိသည်၊ ဝိနယကုက္ကုစ္စ အလွန်ရှိတော်မူသည်။

ရိုးသားဖြောင့်ဖြူးသော နှလုံးတော်လည်း ရှိသဖြင့် ခေတ်ရဟန်းများနှင့် တခြားစီ ဖြစ်နေလေသည်၊ ဝိနည်းအရာ၌ တင်း၍ ခေါင်းပါးလွန်းသော အကျင့်ဓုတင်ဆောင် ထေရ်ကြီးဖြစ်သောကြောင့် ဆရာတော်ကြီးထံ၌ ရဟန်းငယ်များ ကြာရှည် မနေနိုင်ကြပေ။ ဆရာတော်ကြီးကလည်း ဆွမ်းဆန်ခံလိုက်မည့် ကပ္ပိယတယောက် ရလျှင် ကျေနပ်တော်မူလေသည်။

တောင်ဗိလာဆရာတော်ကြီး နောက်ဆုံးနှစ် အတော်ကြာသီတင်းသုံးတော်မူသွားသော တောင်ဗိလာတောရသည် သက္ကရာဇ် ၁၀၀၀-ပြည့်နှစ်၌ တောထွက်သီတင်းသုံးတော်မူသော သာလွန်မင်းတရားကြီးဆရာ တောင်ဘီလာချောင်၏ အရှေ့ဘက် တောင်ကြား၌ တွင်းသဖွယ်ဖြစ်သောဌာနတွင် တောရအောင် ချောင်သစ်တည်ကာ နေတော်မူသည်ဖြစ်၍ ၎င်းတောရကျောင်းကို "**တောင်ဗိလာ**"ဟု ကမ္ပည်းထိုးတော်မူသည်၊ တောင်ဘီလာနှင့် ကွဲကြပါစေ။ တောင်ဘီလာချောင်ကား သာလွန်မင်းတရားကြီး ဆရာ ဝိနယာလင်္ကာရ-စသော ကျမ်းတို့ကို ရေးတော်မူသော ဆရာတော်သည် ဘီလာ ဆီးနေသော တောင်၏ မြောက်ဘက် တောင်ခြေ၌ ချောင်တည်

သီတင်းသုံးသောကြောင့် **"တောင်ဘီလာချောင်,တောင်ဘီလာ ဆရာ-တော်"**ဟု တွင်သည်။

တောင်ဗီလာဆရာတော်ကြီး အရှင်ပဏ္ဍဝံသသည် ခုတင်ပဋ္ဌိပတ်နှင့်သာ ပြည့်စုံတော်မူသည်မဟုတ်၊ စာတတ်တပါးလည်း ဖြစ်တော်မူသည်၊ မြန်မာ မင်းလက်ထက်၌ ပဋ္ဌမကျော်ပြန် ဖြစ်သည်။ မဟာဝိသုဒ္ဓါရာမဆရာတော် ကြီး၏ တပည့်ရင်းကြီး ဖြစ်တော်မူသည်၊ မိတ္ထိလာဇာတိ ဖြစ်တော်မူသည်၊ ခုနှစ်သက္ကရာဇ်တို့ကိုကား တပ်အပ်သေချာ မသိ၍ မရေးနိုင်တော့ပေ။

---

# ချမ်းအေးဆရာတော်ဘုရားကြီး

မဟာဂန္ဓာရုံဆရာတော်နှင့် အတူတကွ မန္တလေးမြို့ အရှေ့ပြင် မဟာ-ဝိသုဒ္ဓါရာမတိုက်မှ ၁၂၅၇-ခုနှစ်၌ တောထွက်လာသည်မှ စ၍ စစ်ကိုင်း တောင်ရိုး၌ တရားအားထုတ်၍ ဝိပဿနာယောဂီကြီးအဖြစ် နေတော်မူခဲ့ သည်၊ မဟာဂန္ဓာရုံဆရာတော် ရှိစဉ်က ချမ်းအေးချောင်၌ သီတင်းသုံး သောကြောင့် **"ချမ်းအေးဆရာတော်"**ဟု တွင်သည်၊ ချမ်းအေးဆရာတော် သည် မဟာဂန္ဓာရုံဆရာတော်ထက် အနည်းငယ် သိက္ခာကြီးသော်လည်း မဟာဂန္ဓာရုံဆရာတော်ကို အလေးအမြတ်ပြု၍ နေတော်မူသည်၊ ချမ်းအေး ဆရာတော်သည် ပိဋကစာပေ၌ မထက်မြက်လှသော်လည်း သဒ္ဓါမိက သူတော်ကောင်းကြီး ဖြစ်သည်၊ ဝိနည်းကိုလည်း အလွန် အလေးပြုတော်မူ သည်၊ ဆရာ့ဩဝါဒနှင့် ဂိုဏ်းစည်းမျဉ်းကိုလည်း ရိုသေလေးစားတော်မူ သည်၊ ပိဏ္ဍစာရိက ခုတင်, ကောသနိက်, ပတ္တပိုဏ်, တိစီဝရိက် စသော ခုတင်နှင့် သက်သတ်လွတ်ဆားဟင်းမှီဝဲမှုကို သက်တော်ရှိသမျှ ကာလပတ် လုံး ကျင့်သုံးတော်မူသည်။

မဟာဂန္ဓာရုံဆရာတော် ပျံလွန်တော်မူသည့်နောက် စစ်ကိုင်းတောင်ရိုး ရွှေကျင်ဂိုဏ်းကို ကြီးမှူးအုပ်ချုပ်တော်မူသော ရွှေကျင်နိကာယ မဟာ-နာယကဆရာတော်ကြီး ဖြစ်တော်မူသည်၊ သံဃာများကိုသာ ဆုံးမဩဝါဒ ပေး၍ အုပ်ချုပ်တော်မူသည် မဟုတ်၊ သီလရှင်များကိုလည်း ဆုံးမဩဝါဒ ပေး၍ အုပ်ချုပ်တော်မူသည်၊ မဟာဂန္ဓာရုံဆရာတော်ရေးသော သီလရှင် ဥပဒေနှင့်အညီ နေထိုင်ကြရန် သတိပေးတော်မူလေ့ရှိသည်၊ ထိုထိုချောင်ရှိ

ရွှေကျင်နိကာယ ဩဝါဒခံ သီလရှင်တို့ကလည်း ချမ်းအေးဆရာတော်ဘုရား ကြီးအပေါ်၌ ဆရာတော်ကြီးတပါးအနေအားဖြင့်၎င်း, မိဘဘိုးဘွားအနေ အားဖြင့်၎င်း လေးစားကြည်ညို ရိုသေစွာ ဩဝါဒကို လိုက်နာကြသည်။

ချမ်းအေးဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ်က မဟာဂန္ဓာရုံ ဝိနည်းစာပြန်ပွဲ နေ့ရက်များတွင် တိုက်ကျောင်းကြီးအနီး ကျောင်းငယ် ကလေးရှေ့ ကွပ်ပစ်ကုတင်ကြီးပေါ်၌ ချမ်းအေးဆရာတော်ကြီး ထိုင်နေ တော်မူလျှင် လာလာသမျှ ရှင် လူ သီလရှင်ပရိသတ် ဧည့်ခံမှုပြီးစီးလေတော့ သည်၊ စာပြန်သံဃာများအား လှူရန် အလှူဝတ္ထု ပို့လှူကြသော သီလ ရှင်များ ဒကာ ဒကာမများကလည်း ဆရာတော်ကြီးရှေ့ရောက် လှူဒါန်း ကြရလျှင် ကျေနပ် ဝမ်းမြောက်ကြလေသည်၊ ဆရာတော်ကြီးကလည်း အားလုံးလောက်နီးနီး မှတ်မိ သိရှိတော်မူသည်၊ ဆရာတော်ကြီးရှေ့သို့ ရောက်လာပြီး ကန်တော့ကြ၊ ကျန်းမာတော်မူပါလား ဆရာတော်ဘုရား၊ ဘုရားတပည့်တော်များက စာပြန်သံဃာတော်များအတွက် သင်္ကန်းမည်မျှ ဘိနပ်မည်မျှ လှူကြပါသည်-စသည်ဖြင့် လျှောက်ထားကြလျှင် သာဓုခေါ် တော်မူ၍ "ဟဲ့နင်တို့ မနှစ်က ဘယ်လိုလှူကြသည်၊ သည်နှစ် ဘယ်လို လှူ ကြသကိုး၊ သူ့ရဲ့ဈေးရပ်ကွက်က ဘယ်သူတွေပါကြသလဲ၊ ပုလိပ်မြို့ကကော၊ စန္ဒာရီက ဘာများလှူသလဲ၊ သန်းရင် ငကျော် မပါဘူးလား"စသည်ဖြင့် မေးမြန်းတော်မူသောအခါ "စန္ဒာရီ, ငကျော်, သန်းရင်"ဟု အခေါ်ခံရ သည်ကိုပင် ဂုဏ်ယူ၍ ဝမ်းသာအားရ ပြောဆိုရယ်မောကြသည်ကို မြင်ရ သည်။ သန်းရင်,ငကျော် ဆိုသူတို့သည် မဟာဂန္ဓာရုံ တိုက်ကျောင်းအမန္နင့် ကျောင်းဒကာ ဖြစ်သည်၊မန္တလေး၌ ထင်ရှားသော သေဌေးများ ဖြစ်သည်။ ချမ်းအေးဆရာတော်ဘုရားကြီး ပျံလွန်တော်မူသောအခါ ကျောင်းဒကာ ဒကာစက်ဖေသည် အလောင်းတော်ကို ဖက်၍ မဆည်နိုင်အောင် ငိုကြွေး လေသည်၊ အရှေ့ဘက်ကမ်းမှ တောင်ရိုးသို့ ကရဝိက်ဖောင်ဖြင့် ပင့်ဆောင် ခဲ့ရာ ကရဝိက်ဖောင်ပေါ်သို့ ကားပေါ်မှ အပင့်အယူတွင် ကျောင်းအမ မသန်းရင်-မအေးတင်-မမယ်တို့သည် ကမ်းပေါ်၌ လူးလိမ့် ငိုကြွေးကာ ကျန်ရစ်ကြတော့သည်၊ ချမ်းအေးဆရာတော်ဘုရားကြီးအား ဤမျှ ကြည် ညိုလေးစား အားထားကြပေသည်။

ချမ်းအေး ဆရာတော်ဘုရားကြီးသည် မဟာဂန္ဓာရုံသို့ ရွှေ့ပြောင်း သီတင်းသုံးကာ ဆွမ်းခံရသမျှကို သံဃာများအား ဝေ၄ လှူဒါန်းလေ့

ရှိသည်၊ စာတော်သောသံဃာ, အနေကောင်းသော သံဃာများကိုလည်း ချီးမြှောက် အားပေးတော်မူသည်။ ကထိန်ခံ၍ ရသမျှ သင်္ကန်းစသော ပစ္စည်းများကို စာပြန်သံဃာများအား အကျန်မထား အကုန်ပုံ၍လှူဒါန်း တော်မူသည်၊ ယင်းသို့ သဒ္ဓါတရားထက်သန်တော်မူသော ပစ္စုပ္ပန်ကုသိုလ် ကမ်ကြောင့်လည်း ပစ္စည်းလေးပါး ပေါများပြည့်စုံတော်မူသည်ဟု ယုံကြည် ထိုက်ပေသည်။ (ပျံလွန်တော်မမူမီကပင် မဟာဂန္ဓာရုံ တိုက်ကြီးကို မြောင်းမြဆရာတော်အား ပင့်၍ လွှဲအပ်တော်မူခဲ့သည်။)

သက်တော်ယွယ်တော်ကြီး၍ ဇရာဒုဗ္ဗလ ဖြစ်စပြုလာသောအခါ အတိ-သုဒ္ဓါရုံ ဆရာတော်အား ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာနာယကအဖြစ် လွှဲအပ်တင်မြှောက်ပြီးလျှင် ချမ်းသာစွာ သီတင်းသုံး နေတော်မူသည်၊ ၁၃၁၃-ခုနှစ်၌ မကျန်းမာ၍ တောင်ရိုးထက် ဥတုရာသီမျှတသော အမရပူရ မြို့ မဟာဂန္ဓာရုံသို့ ရွှေ့ပြောင်း ဆေးအကုအသ ခံတော်မူသည်။ ရောဂါ ဝေဒနာဟူ၍ အထူးမရှိ၊ အိုနာပင်ဖြစ်သည်ဟု ဆရာဝန်များက ပြော၍ အားဆေးမျှ ကပ်ကြ၏။ရောဂါဝေဒနာ အထူးတလည်မရှိသည့်အားလျော် စွာ အိပ်ရာမှ မထမကြွနိုင်သော်လည်း တွေဝေမိန်းမောခြင်း မရှိ၊ သတိ လည်း ကင်းတော်မမူ၊ နာရီပိုင်းလောက်အတွင်း ပျံလွန်တော်မူခါနီး၌ စစ်ကိုင်းမှ ဤစာရေးသော ဘုန်းကြီးနှင့် သီတင်းသုံးဖော်များ သွားရောက် ကြည့်ရှုကန်တော့ကြရာ အားလုံးကို မှတ်မိသိရှိသည့်ပြင် ပဋိသန္ဓာရစကား အနည်းငယ်ပင် ပြောတော်မူသေးသည်။ သို့ရာတွင် ၁၃၁၃-ခုနှစ် နတ်တော် လဆုတ် ၁၀-ရက်နေ့၌ ပျံလွန်တော်မူတော့သည်၊ သက်တော်အားဖြင့် ၉၂-နှစ်ဖြစ်၍ သိက္ခာဝါတော် ၇၂-ဝါ ရရှိတော်မူသည်၊ ပျံလွန်တော်မူလျှင် အများသဘောတူ တောင်မြို့ မဟာဂန္ဓာရုံ၌ ထုံးစံအတိုင်း ၅-ရက်မျှထား၍ ဆရာတော်ဘုရားကြီးအား ရည်မှန်းကာ သံဃာတရာ ဆွမ်းကပ်, သင်္ကန်း စသည် လှူဒါန်း၍ စည်ကားသိုက်မြိုက်သော အခမ်းအနားဖြင့် အလောင်း တော်ကို တောင်မြို့မှ ရွှေကြက်ယက်ဆိပ်ကမ်းသို့ ကားများဖြင့် ယူဆောင် သည်၊ထိုမှတဆင့် ကရဝိက်ဖောင်ဖြင့် စစ်ကိုင်းတောင်ရိုး ရှင်ဖြူရှင်လှဆိပ်သို့ သမ္ဗန်, လှေပေါင်းများစွာတို့ဖြင့် သံဃာများ, သီလရှင်များ, လူများ ခြံရံ ကာ တင့်တယ်စွာ ယူဆောင်ကြ၍ မဟာဂန္ဓာရုံချောင် တောင်ထိပ်၌ ဂူသွင်း သင်္ဂြိုဟ်လိုက်ကြသည်။

မဟာဂန္ဓာရုံဆရာတော် ပျံလွန်တော်မူစဉ်က ဂူသွင်းသင်္ဂြိုဟ်သည်ဖြစ်ရာ ထိုအခါကပင် မဟာဂန္ဓာရုံဆရာတော်ဂူနှင့် တွဲယှဉ်လျက် ချမ်းအေး ဆရာတော် အတွက် ဂူပြုလုပ်ထားပြီး အသင့်ရှိသောကြောင့် ထိုဂူတွင်းသို့ ပို့သွင်း သင်္ဂြိုဟ်လိုက်ကြသည်။

ချမ်းအေးဆရာတော်ကြီး အလောင်းတော်ကို အမရပူရမြို့ (တောင်မြို့) မဟာဂန္ဓာရုံကျောင်းတိုက်၌ ပူဇော်ကြသော အခမ်းအနားဥ္စရင်း, စစ်ကိုင်း တောင်ရိုးသို့ ပင့်ဆောင်ရာ ခရီးလမ်းတလျှောက်နှင့် ဧရာဝတီမြစ်ကြောင်း ကရဝိက်ဖောင်ဖြင့် ပင့်ဆောင်ရာဥ္စရင်း အမရပူရမြို့ မဟာဂန္ဓာရုံကျောင်း တိုက် ဆရာတော် အရှင်ဇနကာဘိဝံသ ရေးသော ချမ်းအေးဆရာတော် ဘုရားကြီး၏ အတ္တုပ္ပတ္တိ အကျဉ်းချုပ်ပြ ဂါထာ-ပါဠိအနက် ၄-ဂါထာနှင့် နောက်ဆုံး ကန်တော့ကြပုံတဂါထာ ပေါင်း ပါဠိအနက် ၅-ဂါထာတို့သည် ပါဠိရော မြန်မာပြန်ပါ စာအရသာပြည့်ဝကာ ကောင်းမွန်လှသောကြောင့် နောက်သားယှဉ်နု သောတုဇနတို့ နည်းယူမှတ်သားနိုင်ကြစေရန် ထည့် သွင်းဖော်ပြလိုက်ပါသည်။

အချို့သောစာများသည် ကောင်းပင်ကောင်းစေကာမူ စာဖတ်သူ အသံအချိုးမကျ, အဖတ်အရွတ်မကျနလျှင် စာပျက်၍ အရသာမပေါ်ပဲ ရှိတတ်သည်၊ ယခုဖော်ပြလတ္တံ့သော ပါဠိ-မြန်မာ ၅-ဂါထာတို့ကို ရွတ်ဖတ် သောပုဂ္ဂိုလ်မှာ စစ်ကိုင်းတောင်ရိုး ပဌာန်းသိပ္ပံကျောင်းတိုက် ပဌာန်း ဆရာတော် အရှင်ဣန္ဒက ဖတ်ရွတ်သည်ဖြစ်ရာ ဝိပဿနာယောဂီ သီလ သမာဓိ ဝိပဿနာပညာရှင် သူတော်စင်ကြီးဖြစ်၍ ပင်ကိုယ်ကမှ လွမ်းဆွတ် တမ်းတ ကျေကွဲလျက် ရှိနေကြသည်တွင် အရွတ်အဖတ် ကောင်းသော ပဌာန်းဆရာတော် ရွတ်ဆိုသံကို ကြားကြားသမျှ တပည့်ဒကာတို့သည် နှလုံးစိတ်ဝမ်းထဲ၌ လှိုက်လှိုက်လှဲလှဲဖြစ်ကာ မျက်ရည် မဆည်နိုင်အောင် ရှိကြလေတော့သည်။

### ချမ်းအေးဆရာတော် စာသင်ကြွခြင်း

၁။ ဥပ္ပတ္တိံ တေ ပဝေဒေမိ၊ မုနိသာသန မာမက။
ဇာတိဘူမျာ ဝိသုဒ္ဓါရုံ၊ နေရုံ ပထမာဂတော။

မုနိသာသနံ-ရှင်တော်ဘုရား ဟောမိန့်ထားသည့် သုံးပါးမြတ်စွာ သာ သနာတော်ကြီးကို၊ မာမက-အသက်နှင့်လဲ ကိုယ်စိတ်စွဲ၍ အမြဲကြည်ဖြူ

မြတ်နိုးတော်မူသော ဆရာတော်ဘုရား၊ တေ-တဝ- အသက်ဆုံးတိုင် မမုန်းနိုင်အောင် ဘုန်းလှိုင်ကျော်ကြား ဆရာတော်ဘုရား၏၊ ဥပ္ပတ္တိ-ဖြစ်ကြောင်းကုန်စင် မစုံလင်လည်း ဂုဏ်အင်လှစ်ဖော် အဖြစ်တော်ကိုပဝေဒေမိ-ကြားမိသမျှ မျှားသိရအောင် လှစ်ဟမြွက်ချွေ လျှောက်ထားပါရစေဘုရား။

ဇာတိဘူမျာ-ဇာတိချက်ကြွေ ဖွားရာမြေမှ၊ ဝိသုဒ္ဓါရုံ နေရုံ- ဝိသုဒ္ဓါရုံ သာမျိုးစုံသည့် ရွှေဘုံရိပ်ထီး ရွှေမြင်းမိုရ်တောင်တော်မြတ်ကြီးသို့၊ ပထမံ-အစပကတူး ရှေးဦးစွာ၊ အာဂတော-ပိဋကသုံးသွယ် နိကာယ်ငါးကျမ်း တဖက်ကမ်းရောက် ထုတ်ချင်းပေါက်အောင် မွေနှောက်မည်ပြဋ္ဌာန်း၍ ကြွမြန်းသီတင်းသုံးတော်မူခဲ့လေသတည်း။

## တောထွက်တော်မူခြင်း

၂။ နိက္ခန္တော သဟ ထေရေဟိ၊ တတော စစ်ကိုင်းတိဝိဿုတံ။
နေကာယိနံ နိဝါသာယ၊ ဂန္ဓာရာမာဒိမာပကော။

တတော-ထို ဝိသုဒ္ဓါရုံ မြို့ရွှေဘုံမှ၊ စစ်ကိုင်းတိဝိဿုတံ-သူတော်ဓလေ့ လွန်ပျော်မွေ့ဘို့ ချမ်းမြေ့သာခေါင် စစ်ကိုင်းတောင်သို့၊ ထေရေဟိ-မဟာဂန္ဓာရုံ တိုင်းလုံးတုန်မျှ ဆန်စုန်ကျော်ဟည်း မထေရ်ကြီးတို့နှင့်၊ သဟ-နိက္ခန္တော-နှစ်ကိုယ်မခွဲ တကိုယ်ထဲသို့ စိတ်စွဲအတူ ထွက်တော်မူခဲ့သည်ဖြစ်၍၊ နေကာယိနံ-ရွှေကျင်ဂိုဏ်းတွင် သမိုင်းတင်ဘို့ ထေရ်စဉ်နောက်နှောင်း သူတော်ကောင်းတို့၏၊ နိဝါသာယ-ကိုယ်တော့်အလား ကမ္မဋ္ဌာန်းပွါးလျက် တရားနှင့်ပျော် နေတော်မူကြဘို့ အလို့ငှါ၊ ဂန္ဓာရာမာဒိမာပကော-ပဌမ ဂန္ဓာရုံ စသည်ခြုံလျက် ဖုံဖုံစိမံ အရှည်ခံအောင် တည်ဖန်တော်မူခဲ့ပါပေသည်ဘုရား။

## တောကြမ်းကြီး ဖြစ်ခဲ့ခြင်း

၃။ ယဿ ဇေယျော နိက္ခန္တမှိ၊ အာသိယံ မိဂမာသယော။
ကိစ္ဆာဟာရော ကိစ္ဆာဝါသော၊ နိစ္စံ ဒဋ္ဌပရက္ကမော။

ယဿ ထေရဿ-ဒုတိယမဟာဂန္ဓာရုံ တိုင်းလုံးတုန်မျှ ဆန်စုန်ကျော်ဟည်း အကြင်ကျေးဇူးရှင် ချမ်းအေးဆရာတော်ဘုရားကြီး၏၊ နိက္ခန္တမှိ-

ဝိသုဒ္ဓါရုံ မြို့ရွှေဘုံမှ ရဂုံသာမော ဤမြိုင်တောသို့ မနော့ထက်သန် ထွက်စံတော်မူစ အခါ၌၊ အယံ ဇေယျော-ယခုသမယ ရှမဝအောင် တောင်ပြင်မလပ် ချောင်စဉ်စပ်၍ ရစ်ပတ်ဝေဆာ သေလာခေါင်ထီး ဤဇေယျာတောင်ကြီးသည်၊ မိဂမာသယော အာသိ-သမင်ဒရယ် ချေငယ်သစ်ကြုတ် မြည်ဟုတ်သံညောင်း သားအပေါင်းတို့ သောင်းပြောင်းရောပြွမ်း တောစခန်းဖြင့် တောကြမ်းကြီး ဖြစ်ခဲ့ဘူးလေပြီ။

သော ထေရော-ထိုတောစခန်း ထိုတောတန်း၌ တောကြမ်းကိုမှီ မနောကြည်လျက် ယောဂီအလုပ် လွန်အားထုတ်လျက် စိတ်,ရုပ်ကြည်လင် ထိုကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည်၊ ကိစ္ဆာဟာရော-ခရီးဝေးကွာ ဆွမ်းကိုရှာ၍ ရေပါမလွယ် တကယ်ထိုစဉ် ငြိုငြင်သောအာဟာရ ရှိပါလျက်၊ ကိစ္ဆာဝါသော-ကျောင်းတော်သစ်ပင် မြေပြင်မွှေရာ သေလာကျောက်တုံး ဦးခေါင်းအုံးလျက် ထေရ်ဘုန်းစံရာ မခံသာအောင် မှန်စွာ ညှဉ်းဆဲ အဆင်းရဲကြီး ဆင်းရဲတော်မူပါလျက်၊ နိစ္စံ-နေ့ရောညဉ့်ပါ ဘယ်ခါမလပ် ထပ်တလဲလဲ မပြတ်စွဲတော်မူလျက်သာလျှင်၊ ဒဠှပရက္ကမော-ဘာသူ့ကမှ တု-မပပဲ ခုဘဝတွင် ခန္ဓာဝန် လက်စသိမ်း၍ အေးငြိမ်းအောင် တရားကုတ်လျက် အားထုတ်တော်မူခဲ့သော အရှင်မြတ်ကြီးပါဘုရား။

## ခန္ဓာသစ် လဲတော်မူခြင်း

၄။ သီလဝါ သီလဝန္တေသု၊ ပညဝါ စ သမာဟိတော။
သော နော ဇိဏ္ဏံ ဇဟိတွာန၊ ဒေဟံ ဒေဝါနမဂ္ဂဟိ။

သီလဝန္တေသု-စတုပါရိ သုဒ္ဓိလေးဖြာ သိက္ခာသီလ ပြည့်ဝပေတောင်း အရှင်ကောင်းတို့တွင်၊ သီလဝါ စ-ခရုသင်းပွတ်သစ် အတူဖြစ်အောင် စနစ်ယူဆင် လွန်ဖြူလွင်သည့် သန့်စင်သော သီလလည်း ရှိပေထသော၊ ပညဝန္တေသု-ဝိပဿနာ ဉာဏ်ပညာဖြင့် လွန်စွာခိုင်ဖြိုး ပညာရှိကြီးတို့တွင်၊ ပညဝါ စ-ဖြစ်ပျက်ရုပ်နာမ် အရုပ်ဟန်ကို ဟုတ်မှန်တိုင်းသိ ဝိပဿနာ ပညာရှိလည်း ဖြစ်ပေထသော၊ သမာဟိတော-ဣန္ဒြေခြောက်ပါး မပေါက်ကြားအောင် ထောက်ထားသတိ သမာဓိလည်း ရှိပေထသော၊ သော နော ထေရော-ငါတို့ ဂန္ထာရုံ ရဂုံပျော်မှီး ထိုဆရာတော်ဘုရားကြီးသည်၊ ဇိဏ္ဏံ ဒေဟံ-ကိုးဆယ့်နှစ်နှစ် လွန်ပြီဖြစ်၍ အသစ်မပြောင်း ဖြစ်မကောင်းဘို့

အကြောင်းဖန်လာ ဟောင်းခန္ဓာကို၊ ဇဟိတ္တာန-အစာမယူ ဆေးမကူပဲ လျစ်လျူရှုကာ စွန့်ပစ်ခွါ၍၊ ဒေဝါနံ-ကမ်အဟုန်နှင့် အစုံသင့်က ဘုံမြင့်ဇာတ်ပြောင်း နတ်အပေါင်းတို့၏၊ ဒေဟံ-ဝင်းတစက်စက် အဆင်းထွက်၍ လင်းလျက် ပျိုမျစ် ကိုယ်အသစ်ကို၊ အဂ္ဂဟီ-အဂ္ဂဟီ ဝတ-အခါတော်ရောက် အပင့်ထောက်၍ ဝမ်းမြောက်ကြည်ဖြူ အော် လက်ခံတော်မူလေပြီ တကား။

## နောက်ဆုံးကန်တော့ခြင်း

၅။ ပုရေ တွံ ပိယဝါစာယ၊ ဝါစေသိ သဝိပဿနံ။
တုဏှိဘူတမ္ပိ မာနိနံ၊ အယံ စရိမမာနနာ။

ပုရေ-နတ်ခန္ဓာဟူ မယူမီကလေး လွန်မဝေးသည့် ရှေးရှေးကာလ ခါသမယ၌၊ တွံ-မဟာဂန္ဓာရုံ ရဂုံပျော်မှီး အရှင်ဆရာတော်ဘုရားကြီးသည်၊ ပိယဝါစာယ-နှစ်သက်စဖွယ် လွန်တင့်တယ်အောင် ခံ့ထယ်ချိုမြသာယာလှသောစကားဖြင့်၊ သဝိပဿနံ-ကိုယ်တော့်စိတ်တွင် အမြဲထင်သည့် ဉာဏ်စဉ်တက်လှမ်း ဝိပဿနာကမ္မဋ္ဌာန်းကို၊ ဝါစေသိ-ခြေဆုံး ခေါင်းဆုံး တကိုယ်လုံးမျှ လုံးလုံးမဆက် ဖြစ်တိုင်းပျက်ဟု နှုတ်မြွက်ဆိုစေ ပို့ချတော်မူခဲ့ပေသည် ဘုရား။

တုဏှိဘူတမ္ပိ-မလှုပ်ကိုယ်စိတ် နှုတ်သံပိတ်၍ ဆိတ်ဆိတ်ခုလို နေတော်မူသည်ကိုလည်း၊ မာနိနံ-ဦးတချချ ဖူးမဝ၍ ရှူးရမလို စိတ်မှာဖိုလျက် ဤကိုယ်ယိမ်းယိုင် သိမ်းမခိုင်ပဲ မထိန်းနိုင်ကြသော တပည့်အများတို့၏၊ အယံ မာနနာ-ရုပ်ကလာပ်တော် အတူမျှော်၍ ပူဇော်ဦးချ ဤရှိခိုးကြခြင်းသည်၊ စရိမမာနနာ-နှလုံးစိတ်ဓာတ် အပူဟပ်လည်း ရုပ်ကလာပ်ရှိတုန်း ဂုဏ်တွေကျုံးလျက် မပြုံးနိုင် မမုန်းနိုင် အဆုံးတိုင် ကန်တော့ခြင်းပါ ဘုရား။

---

# ကျောင်းတော်ရာ ဆရာတော်ဘုရားကြီး

ကွယ်လွန်တော်မူကြကုန်ပြီးသော ရဟန်းမြတ် သူတော်ကောင်း ဆရာတော်ကြီးတို့တွင် ရန်ကုန်မြို့ ရွှေကျင်တိုက် ကျောင်းတော်ရာ ဆရာတော်ဘုရားကြီးသည်လည်း တပါးအဝင်အပါ ဖြစ်တော်မူရာ ထိုဆရာတော် ဘုရား

ကြီး၏ ဂုဏ်တော်များသည်လည်း မကွယ်မပ သူတော်ကောင်း လောကၝ တောက်ပ ထွန်းလင်းလျက်ပင် ရှိပေသေးသည်။ ဆရာတော်ဘုရားကြီး၏ ဂုဏ်တော်တို့ကို မျက်မြင်ကိုယ်တွေ့ သိရှိကြကုန်သော တပည့်ရင်း ဒကာရင်း တို့ အသက်ထင်ရှားရှိစဉ်၌ ဆရာတော်ဘုရားကြီး၏ ဂုဏ်တော်တို့ကို အက္ခ-ရာတင်ထားခြင်းဖြင့် ရဟန်းမြတ်သူတော်ကောင်း ဖြစ်လိုသူ နောက်နောက် သော ရှင်ရဟန်းတို့သည် နည်းယူလိုရာကို ယူကြလျက် သူတော်ကောင်း အဆက်ဆက် ဖြစ်နိုင်ကြပါစေသော ဟူသော နှလုံးသွင်းဖြင့် နောက်သား တို့အကျိုးငှါရင်း, ယနေ့ လူ့လောကၝ ရှိနေကြသူတို့ပင်ဖြစ်စေ ယခင်က ဆရာတော်ဘုရားကြီး၏ဂုဏ်တော်များကိုမကြားမသိရသေးဘူးသူတို့လည်း များစွာပင် ရှိကြပေဦးမည်။ ယင်းသို့သော သူတို့၏ အကျိုးငှါရင်း ကျောင်းတော်ရာ ဆရာတော်ဘုရားကြီး၏ မှန်ကန်သော အတ္ထုပ္ပတ္တိနှင့် ဂုဏ်တော်များကို မိမိကိုယ်တိုင် သိရှိမှတ်သားမိသမျှ, ကြားသိရသမျှတို့ကို သာလျှင် ရေးသားမည်ဖြစ်သည်။

(ဤစာရေးသော ဘုန်းကြီးသည် ကျောင်းတော်ရာ ဆရာတော်ဘုရားကြီး၏ သဒ္ဓိဝိဟာရိက တပည့်ရင်းတပါး ဖြစ်သည့်ပြင် ညောင်တုံးမြို့ ရွှေဟင်္သာတောရတိုက်၌ ဆရာတော်ကြီးအနီးတွင် ဆည်းကပ်၍ နှစ်အတော်ကြာ နေခဲ့ရသေးသည်။)

## သတိပြုစေလိုသည်မှာ

ဤစာသည် ကျောင်းတော်ရာ ဆရာတော်ဘုရားကြီး၏ အတ္ထုပ္ပတ္တိၝ ပဋိသန္ဓေတည်နေတော်မူလတ္တံ့သောကာလမှ စ၍ ဇီဝိတိန္ဒြေချုပ်ငြိမ်းတော် မူသည်အထိ ပါဝင်သင့်သော အကြောင်းအချက်များကို ပါဝင်စေ၍ ဂုဏ်တော်များကို ရေးသားထားသဖြင့် အကောင်းတွေ ဂုဏ်တွေကိုသာ ရေးထားတာပဲဟု အဆောတလျင် အပြစ်မတင်ကြစေလို။ သာဓုခေါ်ကြ ရစေရန်, ကြည်ညိုသဒ္ဓါ မင်္ဂလာကုသိုလ် ဖြစ်ကြရစေရန်, အလိုရှိသူတို့ နည်းယူလိုက ယူနိုင်ကြစေရန် မပျောက်မကွယ်သင့်သော ဆရာတော် ဘုရားကြီး၏ ဂုဏ်တော်များကိုသာ ရေးပေးဘို့ရန် တိုက်တွန်းလျှောက် ထားသော ဥပါသကာ ဒါယကာ၏ အဇ္ဈာသယအားလျော်စွာ ရေးခြင်း ဖြစ်သည်။

## ဆိုစရာရှိပေသည်

ဤထေရုပ္ပတ္တိ၌ ဆရာတော်ဘုရားကြီး၏ ဂုဏ်တော်ကောင်းတွေကိုသာ ရေးသားသည်ဖြစ်ပါလျှင် ဆရာတော်ဘုရားကြီး၌ မကောင်းသော အပြစ်တွေလည်း ရှိသေးသကဲ့သို့ ထင်မှတ် ယူဆပြောဆိုစရာ ရှိပေသည်။ မြင့်မြတ်သော လူ့ဘဝကို ရရှိသည့်အချိန်ကစ၍ လူပညာရှိ လူသူတော်ကောင်း မိဘတို့၏ အစောင့်အရှောက် သွန်သင်ဆုံးမမှုဖြင့် သူငယ်ဘဝ၌ နေခဲ့လျက် သီးလုံးဆရာတော်ကြီး, ရှမ်းကလေးကျွန်း ဆရာတော်ကြီး, ရွှေကျင်ဆရာတော်ကြီးတို့၏ အဆုံးအမ ဩဝါဒ ခံယူ၍ ကျိုးနွံစွာ ကြီးပွါးလာခဲ့သော ဆရာတော်ကြီးတပါး ဖြစ်သောကြောင့် ကျောင်းတော်ရာ ဆရာတော်ဘုရားကြီး၌ အပြစ်တော်ဟူ၍ ရှာဖွေတွေ့ရှိရန် အလွန်ခဲယဉ်းလှပေသည်။ ဆရာတော်ဘုရားကြီး၏ ပကတိ ဇာတိ သဘာဝဉာဉ် ပင်ကိုယ်သဘော အလေ့အထမှာလည်း သူယုတ်မာတို့၏ အမူအရာ အလေ့အထဟူ၍ လုံးဝမရှိ၊ ငယ်ယွယ်စဉ်ကပင် ကလေးသူငယ်ဘဝ ကစားရာမှစ၍ သူတော်ကောင်း အမူအရာ သူတော်ကောင်း လက္ခဏာ သူတော်ကောင်း အသွင်အပြင်ကို အသိဉာဏ်ရှိသူတို့အား ဖော်ပြဘိသကဲ့သို့သာလျှင် ကစားလေ့,နေထိုင်လေ့, ပြုမူပြောဆိုလေ့ ရှိသည် ဖြစ်သောကြောင့် ကျောင်းတော်ရာ ဆရာတော်ဘုရားကြီး၏ တဘဝတာ၌ အပြစ်အနေနှင့် ပြောပစရာမရှိ ဟူ၍ပင် ဆိုရပေမည်။

## မယ်တော်အိပ်မက်ပုံ

ကျောင်းတော်ရာဆရာတော်ဘုရားကြီး၏ ခမည်းတော်မှာ ခရိုင်အုပ်မင်း **ဦးဖော့**ဖြစ်၍ မယ်တော်မှာ မင်းကတော် **ဒေါ်စပယ်** ဖြစ်လေသည်။ ဦးဖော့နှင့် ဒေါ်စပယ်တို့သည် အမရပူရမြို့တော် မင်းပိုင်းရပ်ကွက်၌ နေကြပေသည်။ ဒေါ်စပယ်သည် ၁၂၀၄-ခုနှစ် ဝါဆိုလဆန်း (၁)ရက် အင်္ဂါနေ့ ညဉ့်သန်းခေါင်ကျော် အချိန်တွင် ဝင်းဝင်းစက်စက် နှစ်သက်စဖွယ် သပ္ပါယ် ညီညွတ်စွာ ကိုယ်ဝတ်သင်္ကန်းကို ဝတ်ရုံတော်မူ၍ သပိတ်ကို ပိုက်တော်မူလျက် ဣန္ဒြိယသံဝရသီလနှင့် ပြည့်စုံသဖြင့် အလွန် ကြည်ညိုဖွယ်ရှိလှသော အမူအရာတော်ဖြင့် ရဟန်းတော်တပါး ကြွလာတော်မူ၍ အိမ်ရှေ့၌ ရပ်တော်မူလာသော ဟူ၏။ ဆွမ်း မကျက်သေးသောကြောင့် ကန်တော့ ဆွမ်းပါဘုရားဟု လျှောက်ထားသောအခါ ဆွမ်းအလို့ငှါ လာသည်မဟုတ်၊

ဒါယိကာမအိမ်တွင် နေလိုသောဆန္ဒဖြင့် ကြွလာသည်ဟု မိန့်မြွက်တော်မူသောကြောင့် ဒေါ်စပယ်သည် သဒ္ဓါပွင့်လင်း ဝမ်းမြောက်ခြင်းဖြစ်၍ ခရိုင်အုပ်မင်းအား ပြောကြားကာ ကော်ဇောကမ္ဗလာတို့ကို ခင်းကျင်းပြီးလျှင် ပင့်ဆောင်၍ သီတင်းသုံး နေစေတော်မူလျက် ဇနီးမောင်နှံ နှစ်ဦးလုံး ရွှင်ပြုံးဝမ်းသာ ရှိခိုးကန်တော့ကာ နေကြရသည်ဟု အိပ်မက် မြင်မက်သတတ်။ အိပ်မက်ပြီး နောက် မကြာမီ ကျောင်းတော်ရာ ဆရာတော်ဘုရားကြီး အလောင်းတော် သတ္တိသားကို ပဋိသန္ဓေရရှိသည်ဟု ခရိုင်အုပ်မင်း၏ မှတ်တမ်း ပုရပိုက်၌ ရေးမှတ်ခဲ့ပေသည်။

## ဒုတိယအိပ်မက်ပုံ

၁၂၀၄-ခု သီတင်းကျွတ်လပြည့်ကျော်(၁)ရက် တနင်္လာနေ့ ညဥ့် သန်းခေါင်ကျော်အချိန်၌ တဖန် သံဃမသီလသိက္ခာနှင့် ပြည့်စုံတော်မူကြကုန်လျက် ထေရ်စဉ် ဝါလိုက် ကြွလာတော်မူကြကုန်သော သံဃာတော်များစွာတို့အား တပါးတပါးလျှင် စားဖွယ် ဟင်းလျာအစုံနှင့်တကွ သပိတ်တလုံး ငှက်ပျောနှစ်ဖီး အုန်းသီးတလုံး လက်ကိုင်ပုဝါတထည် မျက်နှာသုတ်ပုဝါတထည်စီ အသီးအသီး ဆက်ကပ် သောင်းလှူရသည်ဟု အိပ်မက်မြင်မက်ပြန်လေသည်။ ယင်း အိပ်မက်ကို အကြောင်းပြု၍ ခရိုင်အုပ်မင်းနှင့် မင်းကတော်တို့သည် ထို သီတင်းကျွတ်လပြည့်ကျော် (၅)ရက် သောကြာနေ့နံနက် မြန်မာ(၄)ချက်တီး အချိန်တွင် ရဟန်းတော် အပါးတရာ ပင့်ဘိတ်ကြ၍ တပါးတပါးအား စားဖွယ် ဟင်းလျာစုံနှင့်တကွ သပိတ်တလုံး ငှက်ပျောနှစ်ဖီး အုန်းသီးတလုံး လက်ကိုင်ပုဝါတထည် မျက်နှာသုတ်ပုဝါ တထည်စီ အသီးအသီး လှူဒါန်း၍ဆွမ်းလောင်းသော ကောင်းမှုကို ပြုကြရသည်ဟု ခရိုင်အုပ်မင်းက မှတ်တမ်းရေးခဲ့ပေသည်။

## တတိယအိပ်မက်

ထိုနှစ် ပြာသိုလပြည့်ကျော် ၄-ရက် တနင်္လာနေ့ ညဥ့်သန်းခေါင်ကျော် အချိန်၌လည်း ယခင်အိပ်မက်ပုံနှင့်နှင်ပင် အိပ်မက်ပြန်သဖြင့် ပထမအကြိမ်နှင့်မခြား ရဟန်းသံဃာတော်တရာ ပင့်ဘိတ်ကာ ပြာသိုလပြည့်ကျော် ၈-ရက် သောကြာနေ့ နံနက် မြန်မာ ၄-ချက်တီး အချိန်တွင် ဆွမ်းလောင်း လှူဒါန်းကြရသည်ကို မှတ်တမ်း တင်ထားပြန်လေသည်။

## စတုတ္ထအိပ်မက်

ထိုနှစ် တာကူးလ၌ အိပ်မက်မြင်မက်ပြန်သည်မှာ မင်းကတော် ဒေါ်စပယ်သည် မိန်းမအဖော် သုံးယောက် မောင်နှင့်တူ ဖြစ်သော ယောကျ်ားအဖော် နှစ်ယောက်တို့နှင့်အတူ နေအိမ်မှ အရှေ့အရပ်သို့ ရှေးရှု ထွက်လာခဲ့ကြရာ ကျောင်းဆောင် ဗိမာန် ရေကန် ရေတွင်း သစ်ပင် ပန်း မာလ် အာရာမ် ဥယျာန်နှင့်တကွ သာယာ မွေ့လျော်ဖွယ်ကောင်းသော ရဟန်းကျောင်းတိုက်ကြီးတတိုက်သို့ ရောက်ကြ၍ ကျောင်းတိုက်ကြီး အတွင်း၌ သံဃာတော်တွေ အများ သီတင်းသုံးလျက်ရှိရာတွင် အချို့က စာပို့ချ၍ရင်း, အချို့က စာအံသရဇ္ဈာယ်၍ရင်း ရှိနေကြသည်ကို ကြည်ညို နှစ်သက်စွာဖူးမျှော်ကြရသည်။ ထိုနောက် ပုန်းညက်ပင် နှစ်ပင်တို့၏ အကြားရှိ အုဌ်တိုက်ဂူအတွင်း၌ ကြည်ညိုဖွယ်ရာ တပါးတည်း သီတင်းသုံး နေသော သက်တော်၇၀-ခန့်ရှိ မထေရ်မြတ်ကြီးတပါးကို ဖူးမျှော်ကြရ၍ ဝမ်းသာရွှင်ပျ ကန်တော့ကြပြီးနောက် ထိုကျောင်းတိုက်မှ ထွက်ခဲ့ကြ၍ အရှေ့သို့ ဆက်လက်သွားကြပြန်ရာ မဂ်လာကန်တော်ကြီးအနီး ပင်လုံး ကျွတ် ပွင့်လျက်ရှိသော ပိတောက်ပင် နှစ်ပင်တို့၏ အကြား၌ စံနန်းတော် ကြီးကို တွေ့မြင်ကြပြန်သည်။ ထိုစံနန်းတော်ကြီးအတွင်းသို့ ဝင်ရောက် အပန်းဖြေ၍ နေကြစဉ်တွင် သားကောင်းရတနာကို မီးရှူးသန့်စင် ဖွားမြင် သဖြင့် ပြည်တန်ပတ္တမြားကို ရရှိသော ယောကျ်ားပမာ နှစ်သိမ့်ဝမ်းသာ နေကြရသည်ဟု မြင်မက်ကြောင်းကို ခရိုင်အုပ်မင်းအား ပြောကြား၍ ခရိုင်အုပ်မင်းက မှတ်တမ်းပုရပိုက်၌ ရေးမှတ် ထားလိုက်ပြန်သည်။

## ဆွမ်းတော်ကြီး

ကျောင်းတော်ရာ ဆရာတော်ဘုရားကြီးအလောင်း သတို့သား ပဋိ- သန္ဓေ တည်နေအံ့ဆဲဆဲ၌ သရေခေတ္တရာ ပုဂံ မြင်စိုင်း စစ်ကိုင်း ပင်းယ အင်းဝ ကုန်းဘောင် ပြည်ထောင် အသီးအသီးတို့၌ မပေါ်ပေါက်ဘူးသေး သော ဆွမ်းတော်ကြီး ကပ်လှူသော ဝတ်အသင်းများသည် ဦးစိုဟူသော ဥပါသကာကို အကြောင်းပြု၍ အမရပူရမြို့တော်၌ သာယာဝတီ, ကုန်း ဘောင်, ရွှေဘိုမင်းဟူ၍ သုံးမည်အားဖြင့် ထင်ရှားသော ဘုရင်မင်းတရား လက်ထက်တွင် ပေါ်ပေါက်လာခဲ့ပေသည်။

## မှာထားချက်

ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသော မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို ရည်မှန်း၍ ဥဒ္ဒိဿစေတီစသည်တို့၏ ရှေ့တော်အနီး၌ ဆွမ်း ဆွမ်းဟင်း သစ်သီး မုံ့ ပဲ ပန်း ဆီမီးအစုံတို့ဖြင့် လှူဒါန်းပူဇော်ကာ ဆွမ်းတော်ကြီး ကပ်လှူ၍ ဥပါသကာတို့သည် ဝတ်ဖြူစင်ကြယ် ဝတ်ရုံလျက် လက်ကန်တော့ စပယ်တင်ကာ ပရိတ်မေတ္တာများကို ရွတ်ဖတ်သရဇ္ဈာယ်ကြသော ဆွမ်းတော်ကြီးဝတ်သင်းကို ဆိုလိုသည်။ ယခုအခါ၌ကား မြန်မာပြည် အနှံ့ အပြား၌ပင် ဥပါသကာ ဝတ်အသင်းများ ပြန့်ပွါးလျက် ရှိလေပြီ။

ထုတ်ပြခဲ့ပြီးသော အိပ်မက်များနှင့်တကွ ခမည်းတော် မယ်တော်တို့ သည် နှစ်ကြိမ်တိုင်တိုင် ဆွမ်းလောင်း လှူဒါန်းကြခြင်း, ဆွမ်းတော်ကြီး ဝတ် ဖြစ်ပေါ်လာခြင်းတို့သည် သာသနာတော်၌ ကျောင်းတော်ရာ ဆရာ တော်ဘုရားကြီးသည် သူတော်ကောင်း ရဟန်းမြတ် ဖြစ်ကြောင်း ဆွမ်း စသော ပစ္စည်းလေးပါးတို့၌ ပြည့်စုံပေါများ ဘုန်းကမ်တော် ကြီးမားခြင်း ၏ ပုဗ္ဗနိမိတ်တို့ပင် ဖြစ်သည်ဟု ဆိုရပေမည်။

ဣမာနိ ပန ပုဗ္ဗနိမိတ္တာနိ ယထာ လောကေ မဟာပုညာနံ ရာဇရာဇမဟာမတ္တာဒီနံယေဝ ဩက္ကာပါတဘူမိစာလစန္ဒဂ္ဂါဟာဒီနိ နိမိတ္တာနိ ပညာယန္တိ၊ န သဗ္ဗေသံ——

ဟူ၍ သုတ္တန် မဟာဝါအဋ္ဌကထာ၌ မိန့်ဆိုအပ်သည်မှာ သာဓကပင် ဖြစ်ပေ သည်။

မဇ္ဈေ, ဣဿာ ကင်းကွာသန့်စင် ဉာဏ်နှင့်ယှဉ်သော ပညာရှိ မိတ်ဆွေ သင်္ဂဟတို့သည် ဤသို့သော ကောင်းချီးစကားကို ပြောကြားကြကုန်သည် ဟူ၏။

ဝဒန္တိ သုပိနံ မာတု၊ သုတာ ပဏ္ဍိတသဇ္ဇနာ။
ပုတ္တော တေ ပုညဝါ အမ္မ၊ ဓုဝံ ဟေဿတိ ပညဝါ။

တဒါ-ထိုအခါက၊ မာတုသုပိနံ-မယ်တော်မြင်မက်သော အိပ်မက်ကို၊ သုတာ-ကြားသိကြကုန်သော၊ ပဏ္ဍိတသဇ္ဇနာ-ပညာရှိသူ ရှင်လူအပေါင်း မိတ်ဆွေကောင်းတို့သည်၊ အမ္မ-မိခင်၊ တေ-သင်၏၊ ပုတ္တော-သားသည်၊ ပုညဝါ-ပုဉ်းကမ်ရှိသော၊ ပညဝါ-ပညာရှိသော၊ ပုတ္တော-သားကောင်း သား

မြတ်သည်၊ ဓုဝံ ဟေဿတိ-မချွတ်ကေန် အမှန်ဖြစ်လတ္တံ့၊ ဣတိ ဝဒန္တိ-ဤသို့သော ကောင်းချီးစကား နိမိတ်များကို ဘတ်ကြားကြလေကုန်သတည်း။

## ဖွားမြင်ခြင်း

အိပ်မက်စသော ပုဗ္ဗနိမိတ်တို့သည် အကြိမ်ကြိမ် ပေါ်ပေါက်ပြီးသည့်နောက် သာသနာတော်နှစ် ၂၃၇၇, မြန်မာ ဂေါဇာသက္ကရာဇ် ၁၂၀၅-ခုနှစ် ဦး တာကူးလပြည့်ကျော် ၇-ရက် သောကြာနေ့ နံနက် မြန်မာ ၄-ချက်တီး အချိန်၌ မထေရ်မြတ် အလောင်းအလျာ သတို့သားကို အမရပူရမြို့တော် မင်းပိုင်းရပ်၌ ဖွားမြင်ခဲ့ပေသည်။

## ပထမအကြိမ် ကျောင်းအပ်ခြင်း

သတို့သားငယ် အသက် ၇-နှစ်ယွယ်၌ မိဘတို့နှင့်အတူ သစ်ဆိမ့်ကြီးမြို့သို့ ပြောင်းရွှေ့နေခဲ့ရသည်။ အသက် ၈-နှစ်ရှိ၍ ပညာသင်ကြားချိန် ရောက်ပြီဖြစ်သောကြောင့် သစ်ဆိမ့်ကြီးမြို့၌ ခေတ္တသီတင်းသုံးတော်မူလျက်ရှိသော **သီးလုံးဆရာတော်ဘုရားကြီး**ထံသို့ သွားရောက် အပ်နှံကြကုန်၏။ ထိုအခါ သီးလုံးဆရာတော်ဘုရားကြီးက မိန့်တော်မူသည်မှာ ကဆုန်လဆန်း ၂-ရက် တနင်းလာနေ့ ညဉ့်သန်းခေါင်ကျော် ယခု မိုးသောက်ခဲ့သော ညဉ့်၌ အရောင်အလင်း ထိန်ဝင်းသော သောကြာကြယ်ကြီးသည် ဆရာ၏ရင်ခွင်သို့ သက်လျှောကျရောက်လာသည်ကို အိပ်မက်မြင်မက်သဖြင့် ယင်းအိပ်မက်ကို ဆင်ခြင်နေခိုက်၌ သောကြာနေ့ဖွား ခရိုင်အုပ် ဒါယကာ၏သားကို ဆရာ့ထံလာရောက် အပ်နှံပေသည်။ သို့ဖြစ်၍ ဤသူငယ်သည် သီလစသော ဂုဏ်ရောင်တို့ဖြင့် ထွန်းလင်းတောက်ပြောင်သော သူတော်ကောင်း ဖြစ်ပေလတ္တံ့ဟု မိန့်တော်မူသည်ကို ခရိုင်အုပ်မင်း ဦးဖေ့သည် ပုရပိုက်တွင် ရေးတင် မှတ်သားခဲ့ပေသည်။

## သတို့သားငယ်၏ ပကတိဓာတ်သဘော

သတို့သားသည် အမှတ်ရသည့်အယွယ်မှ စ၍ ကုန်းသတ္တဝါတို့၏ အသားကို လုံးလုံးလျားလျား ရှောင်ကြဉ်ခဲ့သည်။ ရေသတ္တဝါသားကိုပင် အစိုင်အခဲ အတုံးအတစ်ကို မစားပဲ ဟင်းရည်မျှကိုသာ စားသောက်လေ့ ရှိသည်။ ပွဲလမ်းသဘင် ဟူသမျှကို အချင်းခပ်သိမ်း ကြည့်လေ့ကြည့်ထ မရှိခဲ့ပေ။

ကျည်းသားတောက်ခြင်း, ဂုံညင်းထိုးခြင်း စသော ကစားမျိုးကိုလည်း မည်သည့်အခါမျှ မကစားခဲ့ပေ။ ဘုန်းကြီး,ရဟန်း အသွင်အပြင် အမူအရာ ဖြင့် သစ်ပင်ရင်း၌ တယောက်တည်း နေလေ့ရှိသည်။ အခြားသော ကလေး သူငယ်များထံ၌ ဆွမ်းခံကစားလေ့ ရှိသည်။ လူကြီးများကဲ့သို့ ကျမ်းဂန်, စာပေ သဘောနှင့် အကျိုးအပြစ်ကို ဝေဘန်ခွဲခြမ်း၍ မသိသော်လည်း ၁-သူတပါး အသက်ကို သတ်ဖြတ်ညှဉ်းဆဲမှု, ၂-သူတပါး ပစ္စည်းကို ခိုးယူမှု, ၃-မုသားပြောဆိုမှုတို့ကို ယောင်ယမ်း၍သော်မှ ပြုမူလေ့ မရှိခဲ့ပေ။ မိဘနှင့် သားချင်းတို့ကို မဆိုထားဘိ ကလေးသူငယ် အချင်းချင်းကိုပင် လရောဝပါ မအေ နှမ စသည်ဖြင့် ဆဲရေးတိုင်းထွာခြင်းလည်း မရှိခဲ့ပေ။ ခရိုင်အုပ်မင်း ဦးဖေ့သည် သတို့သား၏ အပြုအမူ အလေ့အထ အထုံဝါသနာများကို သတိထား၍ မှတ်သားခဲ့သည့်အတိုင်း ရှမ်းကလေးကျွန်း ဆရာတော်အား လျှောက်ထားရာ ဤသူငယ်သည် ငါတို့မရှိသည့်နောက် သီလဝန္တ သူတော် ကောင်း ရဟန်းအဖြစ်နှင့် မြတ်စွာဘုရား၏ သာသနာတော်၌ နေလအသွင် ထင်ရှားကျော်ကြားပေလိမ့်မည်ဟု မိန့်တော်မူသည်ကိုလည်း ရေးမှတ်ထား လိုက်သည်။

　　ဟဋ္ဌတုဋ္ဌေန စိတ္တေန၊ အလက္ခိ ကထိတံ တဒါ။
　　အနာဂတမှိ မေ ပုတ္တော၊ သန္တော ဟေဿတိ သာသနေ။

တဒါ-ရှမ်းကလေးကျွန်း ဆရာတော်ဘုရားကြီး မိန့်မြွက်တော်မူသော ထိုအခါ၌။ သော-ထိုခရိုင်အုပ်မင်းသည်။ ဟဋ္ဌတုဋ္ဌေန စိတ္တေန- ရွှင်လန်း နှစ်သက် ဝမ်းမြောက်လျက်ရှိသော စိတ်ဖြင့်။ မေ-ငါ၏။ပုတ္တော-သားသည်။ အနာဂတမှိသာသနေ-အနာဂတ်သာသနာ နောင်အခါ၌။သန္တော-သူတော် ကောင်း ရဟန်းမြတ်သည်။ ဟေဿတိ-ဖြစ်လတ္တံ့တဲ့။ ဣတိ-ဤသို့။ ကထိ- တံ-ရှမ်းကလေးကျွန်း ဆရာတော်ဘုရား၏ မိန့်ကြားအပ်သော စကားကို။ အလက္ခိ-ပုရပိုက်တွင် ခရာယှဉ်၍ ရေးတင်မှတ်သားခဲ့လေပြီ။

## ဒုတိယအကြိမ် ကျောင်းအပ်၍ သူတော်ငယ်ပြုရခြင်း

သတို့သား အသက် ၉-နှစ်ရှိလျှင် အမရပူရမြို့ သာသနာပြု "ရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ရှမ်းကလေးကျွန်း ဆရာတော်ဘုရားကြီး အထံတော်၌ ပညာ ဆက်လက်သင်ကြားစေရန် မိဘတို့က ဒုတိယအကြိမ် ကျောင်းပို့ အပ်

နှင်းကြသည်။ ထိုအခါ ဆရာတော်ဘုရားကြီးက ယခု ဝါဆိုလဆန်း ၁၃-ရက် စနေနေ့ ညဥ့်သန်းခေါင်ကျော် အချိန်တွင် ကိုယ်လုံး ဆွတ်ဆွတ်ဖြူသော ဆင်ဖြူတော်တစီးကို ပုဏ္ဏားတယောက် ခရီးညွှန်ပြု၍ ဆရာ့ထံ ရောက်လာသည်ဟု အိပ်မက်မြင်ရသည်။ သို့ကြောင့် ဒါယကာ၏သားငယ်ကို သူတော်ငယ် ပြုပေးရမည် ဟု မိန့်တော်မူလျှင် မိဘနှစ်ဦးတို့သည် အလွန်နှစ်သက် သဘောကျကြ၍ ဆရာတော်ဘုရား၏အမိန့်အတိုင်းပင် ဒုတိယဝါဆိုလဆန်း (၁၄)ရက် ဗုဒ္ဓဟူးနေ့ နံနက် တချက်တီး အချိန်တွင် ဆံကို ပယ်ရိတ်စေ၍ ရှမ်းကလေးကျွန်း ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ဆယ်ပါးသီလ ချီးမြှောက်လျက် သူတော်ငယ်အဖြစ်သို့ ရောက်သည်ဟု သိရသည်။

## သူတော်ငယ် ဘဝ၌

သူတော်ငယ်အဖြစ်သို့ ရောက်ပြီးနောက် မကြာမြင့်မီ ရှမ်းကလေးကျွန်း ဆရာတော်ဘုရားကြီးသာ နန်းတော်သို့ ကြွတော်မူရာ သူတော်ငယ်ကို နောက်ပါ ခေါ်သွားတော်မူလေသည်။ ဘုရင်မင်းတရားကြီး၏ ရှေ့တော်သို့ ရောက်ကာလ ဆရာတော်ဘုရားကြီးက တိုက်တွန်း ဟောကြားတော်မူစေသဖြင့် သူတော်ငယ်သည် သစ္စာလေးပါးတရားကို ဟောပြရှပေသည်။ တရား ဟောပြပြီးလျှင် ဆရာတော်ဘုရားကြီး အိပ်မက်မြင်တော်မူသော အခြင်း အရာနှင့်တကွ နေ့စဉ်ဆယ်ပါးသီလ စောင့်ထိန်းပုံ, နေထိုင်ပုံ စသည်ဖြင့် သူတော်ငယ်၏ ကိုယ်ကျင့်သီလ အလေ့အထုံ အလုံးစုံကို ပြောပြတော်မူရာ ဘုရင်မင်းမြတ်သည် ကြည်ညိုသဒ္ဓါ များစွာဖြစ်သည်နှင့် သူတော်ငယ်အား တလလျှင် ၁၀ိ-ကျလှူသော ဆန်တော်ကို အလှူခံယူခဲ့ရသည်။ (ဆန်ဟု ဆိုသော်လည်း ကပ္ပိယဝေါဟာရအဖြစ်သာ ဆန်ဟူ၍ ဆိုသည်။ စင်စစ်မှာ ဝတ္ထုငွေ (၁၀ိ) ဖြစ်သည်။ ဘုရင်မင်းမြတ်ဟူသည် ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီး ဖြစ်သည်။)

## ရှင်သာမဏေ ဖြစ်ခြင်း

သူတော်ငယ်သည် အသက်(၁၃)နှစ်သို့ ရောက်ရှိပြီ ဖြစ်၍ မိဘတို့သည် မိမိတို့၏ သားကောင်းရတနာကို ရှင်သာမဏေအဖြစ်ဖြင့် သာသနာတော် တွင်းသို့ ပို့ဆောင်၍ သာသနာ့အမွေအနှစ်ကို ခံယူလိုကြသောကြောင့် ရှင်ပြုမင်္ဂလာသဘင် ပြုလုပ်ရန်အတွက် အားတက်သရော စိုင်းပြင်းတိုင်ပင်

ဆွေးနွေးနေကြစဉ် တောင်နန်းမတော် စကြာဒေဝီ မိဘုရားကြီးက ရှင့်ဒါယိကာမပြု၍ ချီးမြှောက်ပါရစေဟု နှစ်ကြိမ်တိုင်တိုင် ရှမ်းကလေးကျွန်းဆရာတော်ဘုရားကြီးထံ လျှောက်တောင်းခြင်းကြောင့် ဆရာတော်ကြီးက ခရိုင်အုပ်မင်းနှင့် မင်းကတော်တို့အား ခွင့်ပြုစေလိုသောဆန္ဒဖြင့် မေတ္တာရပ်စကား မိန့်ကြားတော်မူသည်ကို မငြင်းဆန်သာမှုဖြင့် လျစ်လျူရှု၍ ခွင့်ပြုလိုက်ကြရသည် ဟူ၏။

သက္ကရာဇ် (၁၂၁၉) ခုနှစ် နယုန်လဆန်း (၁၅) ရက် စနေနေ့ ညနေ (၃) ချက်တီး အချိန်၌ သာသနာပြု ရှမ်းကလေးကျွန်း ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ဥပဇ္ဈာယ်ဆရာအဖြစ် ချီးမြှောက်တော်မူ၍ ပဠမသင်္ဂါယနာတင် ဘုရင်မင်းတရားကြီး၏ တောင်နန်းမတော် စကြာဒေဝီ မိဘုရားကြီးက ရှင်သာမဏေ ဒါယိကာမအဖြစ်ဖြင့် ထောက်မ အားပေးလှူဒါန်းသဖြင့် ရှင်သာမဏေဘဝသို့ တက်ရောက်ခဲ့ပေသည်။ သောကြာသားဖြစ်၍ ရှင်သာမဏေဘွဲ့မှာ **ရှင်သာသန** ဖြစ်သည်။ ရှင်သာမဏေ ဖြစ်သည်မှ စ၍ ရှင့်ဒါယိကာမ တောင်နန်းမတော် မိဘုရားကြီးက လ-စဉ် တလလျှင် (၁၅) ကျပ်ကျ လှူဒါန်းသော ဆွမ်းဆန်တော်နှင့်တကွ တဉတုလျှင် တကြိမ်ကျ ပိုးခါးပန်းကြိုး, ပိုးလက်ကိုင်ပုဝါ, ထီး, ဘိနပ်, မျက်နှာသုတ်ပုဝါ, သင်္ကန်းတို့ကိုလည်း အလှူခံယူခဲ့ရသည်။

## တပည့်ကောင်း

ရှင်သာမဏေအဖြစ်သို့ ရောက်၍ ရှင့်ဒါယိကာမ မိဘုရားကြီးက လ-စဉ် ဥတုစဉ် ထောက်မလှူဒါန်း ချီးမြှောက်သော်လည်း ရှင်သာသန၌ တက်ကြွသော အမူအရာ မရှိ၊ မော်ကြွားမှု မရှိ၊ ထောင်လွှားမှု, သူတပါးတို့အား မထီမဲ့မြင်ပြုမှုမရှိ၊ မစ္ဆေရစိတ် ကင်းရှင်းလျက် သံဃာတော်တို့ အပေါ်၌လည်း ရိုသေလေးစားကာ ဆရာသမားတို့၌လည်း ချစ်ကြောက်ရိုသေစွာ ဆရာ၌ပြုအပ်သော ဝတ်ကြီးဝတ်ငယ်များကို မလစ်လပ်စေရအောင် ပြုလုပ်အားထုတ်လေ့ ရှိခြင်း, ဆရာ၏အလိုသို့ အချင်းခပ်သိမ်း လိုက်လျောစွာ ပြုတတ်ခြင်းတို့ကြောင့် သတင်းကောင်းထွက်လျက် ရှိပေသည်။ ထို့ကြောင့် "**အလွန်တော်သောတပည့်**"ဟူ၍ သီးလုံးဆရာတော်ဘုရားကြီးနှင့် ရှမ်းကလေးကျွန်းဆရာတော်ဘုရားကြီးများက ချီးကျူးတော်မူကြဘူးလေသည်။

## ထိုထိုဆရာတော်များထံ၌လည်း

ရှမ်းကလေးကျွန်း ဆရာတော်ဘုရားကြီး ပျံလွန်တော်မူ၍ ရှမ်းကလေးကျွန်းကျောင်းတိုက် အစည်းအရုံးပြေ၍ သံဃာများလည်း သင့်ရာသင့်ရာသို့ ပြောင်းရွှေ့ကြသဖြင့် ရှင်သာသနသည် မိုခိုရာရှာဖွေရင်း ခင်မကန်ဆရာတော်, စကုဆရာတော်, သာသနာပိုင်ဆရာတော်, စံကျောင်းဆရာတော်, သက်ပန်းဆရာတော်များထံ၌ နေရစဉ်အခါတို့၌လည်း သွန်သင်ဆုံးမသမျှကို နာယူသောတပည့်, ကိုယ်ကျင့်သီလနှင့် ပြည့်စုံသောတပည့်, ဆရာ့ဝတ်ကို သိတတ်သောတပည့်,စာပေကျမ်းဂန်၌ ထက်သန်စွာ ဝါသနာရှိသောတပည့်, ဆရာ့အလိုကို သိတတ်သောတပည့်, ဌာနာဌာန ကောသလ္လဉာဏ် ရှိသောတပည့် ဟူ၍ ထိုထိုဆရာတော်ကြီးများ၏ ချီးကျူးခြင်းကိုလည်း ခံယူခဲ့ရပေသည်။

## ရဟန်းဖြစ်ခြင်း

နောက်ဆုံး၌ ရွှေကျင်ဆရာတော်ဘုရားကြီး၏ အရိပ်တော်ကို ခိုလှုံမိလေသည်။ ရွှေကျင်ဆရာတော်ဘုရားကြီး၏ ခြေတော်ရင်း၌ နေ၍ ဆရာတော်ကြီး၏ နည်းနိဿယ အရပ်ရပ်ကို မပြတ် မှတ်ယူ လိုက်နာခြင်း,ပရိယတ္တိ-ဓမ္မ ဂန္ထဝုရကိုလည်း လှုံ့လကြိုးကုတ် အားထုတ်လျက် သာမဏေဘဝနှင့်ပင် နေခဲ့ရာ မြန်မာသက္ကရာဇ် (၁၂၂၄) ခုနှစ် ဝါဆိုလဆန်း (၄) ရက် တနင်္ဂနွေနေ့ (၄) ချက်တီး အချိန်တွင် ပဋ္ဌမသင်္ဂါယနာတင် ဘုရင်မင်းတရားကြီး၏ သမီးတော် **တပင်တိုင် စလင်းမင်းသမီးက** ရဟန်းဒါယိကာမ အဖြစ် ခံယူကာ ရွှေကျင်ဆရာတော်ဘုရားကြီးက ဥပဇ္ဈာယ်ဆရာမြတ်အဖြစ် ချီးမြှောက်အပ်သည်ဖြစ်၍ မန္တလေးမြို့ မြောက်ပြင် မေ့္မိကာရာမ ရွှေကျင်တိုက်ကြီးအတွင်းရှိ ခဏ္ဍသိမ်တော်၌ ရဟန်းမြတ်အဖြစ်သို့ ရောက်တော်မူသည်။ ရဟန်းဖြစ်သည်မှ စ၍ ရဟန်းဒါယိကာမ တပင်တိုင် စလင်းမင်းသမီးက လစဉ် တလလျှင် (၃၀)ကျပ်ကျ လှူ၍ ပိုးခါးပန်းကြိုး ပိုးလက်ကိုင်ပုဝါ ထီး ဘိနပ် သင်္ကန်းတို့ကိုလည်း တဥတုလျှင် တကြိမ်, တနှစ်လျှင် သုံးကြိမ် နှစ်စဉ် လှူဒါန်းသည်ကို ခံယူ သုံးဆောင်ခဲ့ရသည်။

ရဟန်းတော် ဦးသာသနသည် သူတော်ငယ်အဖြစ်က စ၍ ရဟန်းဘောင်သို့ ရောက်သည့်တိုင်အောင် ပစ္စည်းလေးပါးတို့၌ နွမ်းပါးဆင်းရဲမှုမရှိ၊ လစဉ် ဥတုစဉ် ဆက်ကာ ဆက်ကာ ရရှိပြည့်စုံခဲ့သော်လည်း ပင်ကိုယ်

အနေ မပျက်ပဲ ငယ်စဉ်ကကဲ့သို့ပင် မာန်မာနမရှိ, ပိယိသေဝပ်စွာဖြင့် ဆရာသမားတို့၌ ရှိသေမြဲ ဝတ်ပြုမြဲကိုလည်း အပြောင်းအလွဲ မရှိ အစဉ်သဖြင့် ပြုလုပ် ဆောင်ရွက်လျက်ပင် ရှိနေခဲ့ပေသည်။ သီတင်းသုံးဖော်တို့နှင့် မဆန့်မကျင် မိမိ၏ ဓုရန္တစ်ပါးကိုသာ အချိန်နှင့်အမျှ ပွါးများအားထုတ်၍ ရရှိသမျှသော သက်န်း စသော ပစ္စည်းတို့ကိုလည်း သီတင်းသုံးဖော်တို့အား ပုဂ္ဂိုလ်အားလျော်စွာ ဝေငှ လှူဒါန်း၍ မိမိကိုယ်တိုင်မှာမူကား တိစီဝရိက်,ပိဏ္ဍပါတ် စသော ဓုတင်တို့ကို အမြဲဆောက်တည်ခြင်းကြောင့် သင်္ကန်းသုံးထည်ဖြင့်သာလျှင် မျှတ ရောင့်ရဲတော်မူလေ့ ရှိ၏။ သို့ကြောင့် ဥပဇ္ဈာယ်ဆရာဖြစ်တော်မူသော ရွှေကျင်ဆရာတော်ဘုရားကြီးက **"တပည့်တထောင်တွင် တစ်ခေါ်လောက်သော တပည့်"** ဟု မိန့်ကြားတော်မူဘူးလေသည်။

### ဆုတောင်းပြည့်တောရသို့ ထွက်တော်မူခြင်း

ရွှေကျင်ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင်ကလည်း ဓမ္မာနုဂ္ဂဟ, ကထာနုဂ္ဂဟတို့ဖြင့် ချီးမြှောက်တော်မူ၍ စကြာဒေဝီမိဘုရားကြီး,တပင်တိုင်စလင်းမင်းသမီး, သာဂရမင်းသား စသော မင်းစိုးရာဇာ ဒါယကာ, ဒါယိကာမတို့က ပစ္စယာနုဂ္ဂဟဖြင့် လှူဒါန်း အားပေးကြ၏။ သီတင်းသုံးဖော်တို့ကလည်း မခွဲမခွါ ချစ်ခင် မြတ်နိုးကြ၏။ ယင်းတို့ကို အကြောင်းပြု၍ သာမန် ပုဂ္ဂိုလ်တို့သာ ဖြစ်ပါလျှင် ခြေဖျားတကြွကြွနှင့် ရှိပေလိမ့်မည်၊ ဦးသာသနမှာမူကား ကလေးအယွယ် သူငယ်ဘဝမှ စ၍ တယောက်တည်း သစ်ပင်အောက်၌ နေတတ်ခြင်း, တောကျောင်းဘုန်းကြီး၏ အမူအသွင်ဖြင့် ကစားတတ်ခြင်း စသည်ဖြင့် စရိုက်ဝါသနာသည် ဇာတိအခါကပင် ပါရှိခဲ့ယင်း ဖြစ်သည်တွင် —

ပဝိဝိတ္တော အသံသဋ္ဌော၊ ပန္တသေနာသနေ ရတော။
အာရာဓယန္တော နာထဿ၊ ဝနဝါသေန မာနသံ။
ဧကော အရညေ နိဝသံ၊ ယံ သုခံ လဘတေ ယတိ။
ရသံ တဿ န ဝိန္ဒန္တိ၊ အပိ ဒေဝါ သဣန္ဒကာ—

ဟူသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာ စကားကဲ့သို့ လူသူလေးပါးတို့နှင့် ရောပြွမ်းခြင်းမှ ကင်း၍ ကျေးသံ, ငှက်သံမှ တပါးသော အသံမရှိ ပကတိ ဆိတ်ငြိမ်သော တောရကျောင်း၌ မွေ့လျော်သော ရဟန်းသည် ထိုတော

ကျောင်း၌ နေခြင်းဖြင့် မြတ်စွာဘုရား၏ စိတ်တော်ကို နှစ်သက်စေရာ ရောက်သည့်ပြင် မရသေးသော သမာဓိကို ရရှိခြင်း, ရရှိပြီး သမာဓိကို ထိန်းသိမ်းနိုင်ခြင်း, သိကြား နတ်တို့ပင်သော်လည်း ရရှိခြင်းငှါ မစွမ်းနိုင်သော အရညနိဝါသသုခ=တောနေ ချမ်းသာကို ရရှိနိုင်သော ဂုဏ်ကျေးဇူးတို့ကို ဆင်ခြင်တော်မူလျှင် အရညနိဝါသ တောရကျောင်း၏ ဝိဝေကသုခနှင့် တကွ ရလတ္တံ့သော သီလ, သမာဓိ, ပညာ အကျိုးတရားတို့ကို များပြားစွာ တွေ့မြင်တော်မူသည်ဖြစ်၍ ရဟန်းသိက္ခာ ၇-ဝါအရ၌ ဓမ္မိကာရာမ ရွှေကျင်တိုက်မမှ ဖဲခွါတော်မူခဲ့၍ ရေဝတီမြစ် အနောက်ဖက် သစ်ဆိမ့်ကြီးမြို့မှ တာပေါင်း (၇၀၀) ကွာလှမ်းသော ဆုတောင်းပြည့်တောရသို့ ကြွကာ အာရညကင်ဓုတင်ကို ဆောက်တည်၍ ဝိပဿနာဓုရ ဘာဝနာကမ္မဖြင့် ကာလကို ကုန်စေတော်မူသည်။

### ဓုတင်တောင်တောရသို့ ပြောင်းရွှေ့ခြင်း

ဆုတောင်းပြည့်တောရ၌ တဝါမျှသီတင်းသုံးမိလျှင် ဆွေမျိုး ပလိဗောဓ နီးကပ်သောကြောင့် ရေဝတီမြစ် အနောက်ဖက် ငါးပတ်ချောင်းရွာမှ တာပေါင်း (၇၀၀) ကွာသော ဓုတင်တောင်တောရသို့ ပြောင်းရွှေ့တော်မူ၍ ရဟန်းတရားကို တိုးပွါးအားထုတ်တော်မူပြန်သည်။ ထိုအခိုက်၌ ကျေးဇူးတော်ရှင် ရွှေကျင်ဆရာတော်ဘုရားကြီးက မိန့်ခေါ်တော်မူသည်ကို ငြင်းပယ်ခြင်းငှါ မဝံ့ရကား ရွှေကျင်တိုက်မသို့ ပြန်လည်၍ ဓုရ ၂-ပါးကို အားထုတ်တော်မူနေရပြန်သည်။

### ဒုတိယစာချ ဖြစ်ခြင်း

ဦးသာသနသည် သိက္ခာတော် (၁၁) ဝါရှိလျှင် ပဥ္စမသင်္ဂါယနာတင် ဘုရင်မင်းတရားကြီးက ဂဏဝါစက "ဒုတိယစာချ" ဂုဏ်ထူးဖြင့် ချီးမြှောက်တော်မူသည်။ သို့ပင် ချီးမြှောက် အားပေးသော်လည်း သံသရာဘေးမှ ကိုယ်လွတ်ရေးကို မြော်တွေး ရှုမြင်တော်မူလျက်သာ အခါအခွင့်ကို ကြည့်လျက် နေခဲ့ပေသည်။

### အုန်းတစဉ်တောရသို့ ကြွတော်မူခြင်း

ဦးသာသနသည် သိက္ခာ (၁၃) ဝါအရတွင် ရွှေကျင်ငါးတိုက် အဝင်အပါဖြစ်သော မိုင်းလုံတိုက်မှ အုန်းတစဉ်တောရသို့ ထွက်ကြွတော်မူကာ ဘာဝနာဝိဟာရဖြင့် အချိန်ကာလကို အသုံးချတော်မူခဲ့ပေသည်။

## ပထမစာချဖြစ်ခြင်း

ဦးသာသန (၁၄) ဝါမျှ အရတွင် ဒုတိယအကြိမ် ရွှေကျင်ဆရာတော်ဘုရားကြီးက မိန့်ခေါ်တော်မူ၍ မိုင်းလုံတိုက်၌ စာပေပို့ချနေစဉ် ရဟန်းသိက္ခာ (၁၆) ဝါမြောက်၌ သီပေါမင်းတရားက "ပထမစာချ" ဂုဏ်ထူးဖြင့် ပူဇော် ချီးမြှောက်တော်မူသည်။

## နတ်လယ်ကူးတောရသို့ ကြွတော်မူခြင်း

သိက္ခာတော် (၁၈) ဝါမြောက်၌ မလွန်မြို့ မင်းလှရွာမှ တာပေါင်း (၇၀၀) ကွာသော နတ်လယ်ကူးတောရသို့ ကြွတော်မူ၍ ဝိပဿနာဘာဝနာကို ထက်သန်စွာ အားထုတ်တော်မူပြန်သည်။

## ဓုတင်များ

ဦးသာသနသည် ရဟန်းတော်ဘောင်သို့ ရောက်သည်မှ စ၍ တေစီဝရိကဓုတင် ပိဏ္ဍပါတ်ဓုတင် ပံသုကူလိကဓုတင် နိသဇ်ဓုတင် သပဒါနစာရိကဓုတင် ရုက္ခမူဓုတင် အဗ္ဘောကာသိကဓုတင် အာရညကင်ဓုတင် ကောသနိက်ဓုတင် ပတ္တပိုဏ်ဓုတင်တို့ကို အချို့ အမြဲ, အချို့ ရံခါ ဆောင်တော်မူခဲ့လေသည်။

န တေ သံ ကောဋ္ဌေ ဩပေန္တိ၊ န ကုမ္ဘိံ န ကဠောပိယံ။
ပရနိဋ္ဌိတမေသနာ၊ တေန ယာပေန္တိ သုဗ္ဗတာ။ —

ဟူသော သံယုတ်ပါဠိတော်လာ နတ်တို့သနင်း သိကြားမင်း ကြည်ညိုဦးတင်အပ်ကုန်သော ရဟန်းတော်တို့နှင့် တဆင်တသွင်တည်း ရှိတော်မူလှပေသည်။

**မြန်မာပြန်**။　။ မာတလိ-အချင်း မာတလိ။ တေ-ထို ရဟန်းတော်မြတ်တို့သည်။ သံ-ဥစ္စာ စပါးကို။ ကောဋ္ဌေ-ကျီတိုက်၌။ န ဩပေန္တိ-သိုမှီးသိမ်းဆည်း၍လည်း မထားကြကုန်။ ကုမ္ဘိံ-အိုးကြီးအိုးငယ်၌။ န ဩပေန္တိ-သိုမှီးသိမ်းဆည်း၍လည်း မထားကြကုန်။ ကဠောပိယံ-ပုတ်တောင်း၌။ န ဩပေန္တိ-သိုမှီး သိမ်းဆည်း၍လည်း မထားကြကုန်။ ပရနိဋ္ဌိတံ-ဒါယကာဒါယိကာမတို့ ချက်ပြုတ်စီရင်အပ်ပြီးသော ဆွမ်းကို။ ဧသနာ-ကာယဝိညတ်ဖြင့် တရားသဖြင့် ရှာမှီးတော်မူကြကုန်၏။ တေန-တရားသဖြင့် ရှာမှီး၍ ရရှိပြီးသော ထိုဆွမ်းဖြင့်။ သုဗ္ဗတာ-ဓုရနှစ်ဖြာ ယင်းမမှာကို ကောင်းစွာ

ကျင့်တော်မူကြကုန်သည် ဖြစ်၍။ ယာပေတ္တိ-ထိုထို အဝဝ မတော်တပဲ ရောင့်ရဲ မျှတတော်မူကြပေကုန်၏။

အာဒါနေသု အနာဒါနာ၊ တေ နမဿာမိ မာတလိ။

မာတလိ-အချင်း မာတလိ။ ယေ-အကြင့်ရဟန်းတော်တို့သည်။ အာ-ဒါနေသု- ငါးပါးအာရုံ ကာမဂုဏ်ပြောထူ တပ်မက်စွဲလမ်းသောသူတို့၏ အကြား၌။ ဝသန္တာ-နေတော်မူကြပါကုန်လျက်။ အနာဒါနာ-ရဟန်း ပရိ-က္ခရာ မျှရုံသာဖြင့် တွေ့ရာရာစား ရောက်ရာရာအိပ် လူဆိတ်ရာပျော် သင့်လျော်သောကမ္မဋ္ဌာန်းကို နှလုံးသွင်း ဆင်ခြင်ကြကုန်သည်ဖြစ်၍ ခင်မင်စွဲလမ်းမှု မရှိကြပေကုန်။ တေ-ထို ဆိုအပ်ပြီးသော ဂုဏ်နှင့်ပြည့်စုံတော်မူကြကုန်သော ရဟန်းတော်ကောင်းတို့ကို။ အဟံ-ငါသည်။ နမဿာမိ-သဒ္ဓါ မြတ်နိုး လက်အုပ်မိုး၍ ရှိခိုးကန်တော့ပါသတည်း။

ရဟန်းတော် ဦးသာသနအား ဘုရင်မင်းမြတ် နှစ်ဆက် လှူဒါန်း ချီးမြှောက်သော ဆွမ်းဆန်တော်,စကြာဒေဝီမိဘုရားကြီး, တပင်တိုင်စလင်းမင်းသမီး, သာဂရမင်းသားတို့ လှူဒါန်းအပ်သော သင်္ကန်းစသော အလှူတော်များကို လစဉ် ဥတုစဉ် အလှူခံယူရသော်လည်း သေတ္တာကြီး သေတ္တာငယ်နှင့်သော်၎င်း, အထုပ်အပိုးနှင့်သော်၎င်း စုဆောင်းသိုမှီး သိမ်းဆည်း ခဲ့ဘူးသည် မရှိ၊ ရသမျှကို သီတင်းသုံးဖော်တို့အား ဝေဘန်ပေးလှူခြင်းဖြင့် ဒါနပါရမီကို ပြည့်စေတော်မူသည်။ သိမ်းဆည်းရမှု တာဝန်ကိုလည်း ပေါ့စေတော်မူသည်။ အာဒါနအယုတ်တရားမှလည်း လွတ်ကင်းစေတော်မူသည်။ သို့ဖြစ်၍ သိကြားနတ်မင်း ရှိခိုးမြတ်နိုးအပ်သော ရဟန်းတော်တို့ ဟူသည် အရှင်သာသနကဲ့သို့သော ရဟန်းတော်များသာ ဖြစ်ပေရာသည်။

## ရန်ကုန်သို့ ရွှေ့ပြောင်းရခြင်း

သက္ကရာဇ် ၁၂၄၂-ခုနှစ်၌ မင်းလှရွာ အရှေ့တောင် မြစ်တဖက် ဝါးရုံချော နွားလံတောင်တောရ၌ ကိန်းအောင်းနေတော်မူသော ကျေးဇူးရှင် ရွှေကျင်ဆရာတော်ဘုရားကြီးက မိန့်ခေါ်တော်မူပြီးလျှင် ရန်ကုန်မြို့ရှိ ပဌမသင်္ဂါယနာတင်ဘုရင်မင်းတရားကြီး လှူဒါန်းတော်မူသော ကျောင်းတော်ရာတိုက်ကို ကျောင်းကန်ဗိမာန် ဂရုဘဏ်လဟုဘဏ် အာရာမ်ပစ္စည်းနှင့်တကွ လွှဲအပ်တော်မူ၍ သွားရောက်နေထိုင်ရန် တိုက်တွန်းစေလွှတ်တော်မူသဖြင့်

ရန်ကုန်ကျောင်းတော်ရာတိုက်သို့ ပြောင်းရွှေ့ကာ သီတင်းသုံးတော်မူရသည်။

**မှတ်ချက်။** ။[ကျောင်းတော်ရာတိုက် ပထမမူလ မြေအကျယ်အဝန်းသည် ၁၅-ဧက ကျယ်ဝန်းသည်၊ အခြားသော ကျောင်းတိုက်များလည်း အနီးအပါး၌ မရှိသေး၊ ဗဟန်းတောရနှင့် လမ်းမျှသာခြားသော တောရကျောင်းပင် ဖြစ်သည်၊ တောင်ကုန်းရှူမြောင်တို့ဖြင့်၎င်း, သစ်ကြီးဝါးကြီးတို့ဖြင့်၎င်း, စမ်းရေ စိမ့်ရေများ တသွင်သွင်စီးဆင်းလျက်ရှိခြင်းဖြင့်၎င်း တောရကျောင်းပီပီ သူတော်ကောင်းတို့ မွေ့လျော် ပျော်ပိုက်ဖွယ် ရှိလှပေသည်၊ ထိုနောက်မှ အခြားသံဃာများက ကျောင်းတော်ရာဆရာတော် အရှင်သာသနထံ၌ ခွင့်ပန်၍ ပတ်ဝန်းကျင်၌ ကျောင်းများ ဆောက်လာကြသောကြောင့် တစတစ ကျောင်းတိုက်တွေ တိုးပွါးဆက်စပ်လာသည်ဟု သိရသည်။ မိမိအား လှူဒါန်း လွှဲအပ်ထားပြီးသော သာသနမြေကိုပင် ခင်မင်ကုတ်ကပ်မှု မရှိ၊ ခွင့်တောင်းလာတိုင်း ခွင့်ပြုတော်မူနိုင်သည်ကိုလည်း ကြည်ညိုသဒ္ဓါ သာဓုခေါ်ဖွယ်ရာတရပ် အဖြစ်ဖြင့် မှတ်သားအပ်လှပေသည်။]

အရှင်သာသနထေရ်သည် ရန်ကုန်မြို့သို့ ကြွရောက်၍ ကျောင်းတော်ရာ ရွှေကျင်တိုက်၏ အဓိပတိသံဃပိတရမဟာနာယကကြီးဖြစ်တော်မူသော်လည်း ပကတိကျင့်ဝတ်တော် အချိုးမပျက်စေပဲ ပိဏ္ဍစာရိကစုတင်မှ စ၍ ဆောင်မြဲတိုင်းသော ဓုတင်တို့ကို ဆောင်တော်မူလျက် သူတော်ငယ်ဘဝကပင် နေ့စဉ်နှင့်အမျှ ဗုဒ္ဓဘုရား၏ ရုပ်ပွါးတော်, စေတီတော်တို့အား ရေဝတ်ပန်းဝတ် ဆီမီးဝတ်တို့ကို ပြု၍ ပူဇော်လှူဒါန်းခဲ့သည့်အတိုင်းလည်း မပျက်မကွက် ဆက်လက်၍ ရေတော် ပန်းတော် ဆီမီးတော်များနှင့်တကွ ဆွမ်းတော်ကပ်ဝတ်ကိုလည်း ကိုယ်တော်တိုင် နေ့စဉ်မပြတ် ပြုတော်မူလေ့ရှိသည်။ ရေကို ရေတွင်းမှ ကိုယ်တော်တိုင် အိုးငယ်များနှင့် ခပ်ကာ ကိုယ်တော်တိုင် ထမ်းကာ အိုးငယ်အလုံးနှစ်ဆယ်အောက်မနည်း ကပ်လှူလေ့ရှိတော်မူသည်။ ပန်းနှင့် ဆီမီး ဆွမ်းတော်တို့ကိုလည်း ကိုယ်တော်တိုင်သာလျှင် ကပ်လှူတော်မူလေ့ ရှိသည်။ ဆွမ်းတော်ပွဲဟူသည်မှာ ပန်းကန်ငယ် လင်ပန်းငယ်နှင့် စတိသဘော အလှအပ မဟုတ်ပဲ တပါးစာ ဝလောက်သော ဆွမ်း ဆွမ်းဟင်း ချိုချဉ် သစ်သီးများဖြင့် များများ ပေါပေါ ဖြိုးဖြိုး

မောက်မောက် လှူတော်မူလေ့ ရှိသည်။ မိမိကိုယ်တိုင်မှာ သားဟင်း ငါး ဟင်းတို့ ကိုယ်၍ ဆားဟင်းနှင့် ဘုဉ်းပေးမျှတတော်မူသော်လည်း ဆွမ်းခံ၍ ရရှိသမျှသော ကြက်သား ဝက်သားစသော သားငါး ဟင်းကောင်းများကို သံဃာအား အမြဲ လှူဒါန်း ကျွေးမွေးတော်မူသည်။ ဆရာ ဆားဟင်းစား သော်လည်း ငါ့ဘပည့်များ ပရိယတ်ကို အားထုတ်နိုင်အောင် ရသမျှနှင့် စားကြ၊ သားငါးဟင်းများကိုလဲ စားကြဟု မိန့်တော်မူလေ့ရှိသည်။ ယထာ-လာဘသန္တောသ ဖြစ်စေတော်မူခြင်းပင်တည်း။ ဤသည်လည်း ဆရာတော် ဘုရားကြီးအား ကြည်ညိုဖွယ်တရပ် ဖြစ်ပေသည်။ ငါလုပ်တာမှ အကောင်း ငါလုပ်သလိုသာ လိုက်နာပြုလုပ်ကြရမည်ဟူသော ဝါဒမရှိသည်မှာ ထင်ရှား လှပေသည်။ အကောင်းချည်းပင် ဖြစ်စေကာမူ အကြိုက်ချင်းမတူကြပေ။ သို့မတူခဲ့လျှင် အချို့သောလူကြီးတို့သည် ကိုယ့်အကြိုက်ကိုသာလျှင် လူငယ် များကို လိုက်စေတတ်ကြသည်။ ကျောင်းတော်ရာ ဆရာတော်ဘုရားကြီး ကား ဤသို့မဟုတ်၊ အပြစ်ကင်း၍ အကောင်းချင်းတူလျှင် အခွင့်အရာကို ကြည့်တော်မူ၍ အခွင့်အရေးပေးသင့်က ပေးတော်မူတတ်သည်။

## "ရာဇဂုရု"တံဆိပ်တော်ရ၍ "ကျောင်းတော်ရာ ရွှေကျင်ဆရာတော်"ဟု ဘွဲ့မည်တော် တွင်ခြင်း

သက္ကရာဇ် ၁၂၄၇-ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၄-ရက် အင်္ဂါနေ့၌ ဘုရင့်အမိန့်တော် စာချွန်နှင့်တကွ မာရ်အောင်ရတနာ စေတီတော် ဒါယကာ သီပေါမင်းတရားသည် ဆက်ကပ်လှူဒါန်းအပ်သော **"သာသနာ-လင်္ကာရ သဒ္ဓမ္မာဘိဝံသ ကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု'** ဘွဲ့တံဆိပ်တော်ကို ခံယူတော်မူရသည်။ ၁၂၄၇-ခုနှစ် သီတင်းကျွတ်လပြည့်ကျော် (၄) ရက်နေ့ ဟူသည် ရန်ကုန်မြို့၌ ဆရာတော်ကြီးအား ဘွဲ့တံဆိပ်ကပ်လှူသောနေ့ကို ဆိုလိုသည်။

**မှာထားချက်။** ။[ရွှေကျင်နိကာယမှတ်တမ်း၌ ပါရှိသော မန္တလေးမြို့ အရှေ့ပြင် ဝိသုဒ္ဓါရုံတိုက် တိုက်အုပ်ဆရာတော်ဘုရားကြီး ရေးတော် မူသော ရွှေကျင်ဆရာတော်ဘုရားကြီး၏ တပည့်များတွင် ရာဇဂုရု မင်းလှူဘွဲ့တံဆိပ်တော်ရ ဆရာတော်များ စာရင်း၌ ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်ဆရာတော် ပါသည်ကိုကား မတွေ့ရပေ။ မပါခြင်းအကြောင်းမှာ တိုက်အုပ်ဆရာတော်ကြီးသည် မန္တလေး

မြို့၌ အခမ်းအနားနှင့် ဘွဲ့ပုံတံဆိပ် ပေးလှူသော ဆရာတော်များကိုသာ သိရှိတော်မူသောကြောင့် ဖြစ်သည်။ ကျောင်းတော်ရာ ဆရာတော်အား ဘွဲ့ပုံတံဆိပ်ဆက်ကပ်သည်မှာ ရန်ကုန်မြို့၌ သီပေါမင်းတရား၏ကိုယ်စား အမတ်တဦး လာရောက်၍ ရန်ကုန်မြို့ရှိ ရှင်လူပရိသတ်အလယ်၌ အခမ်းအနားဖြင့် ဆက်ကပ်ခြင်း ဖြစ်သည်။ ဤစာရေးသောဘုန်းကြီးစသော တပည့်များသည် တံဆိပ်တော်ကို ကြည့်ရှုကြဘူးသေးသည်။ ကျောင်းတော်ရာ ဆရာတော်ဘုရားကြီးသည်ကား ထိုတံဆိပ်တော်ကို အလေးပြု၍ တရိုတသေ သိမ်းဆည်းထားသည့် လက္ခဏာ မရှိပေ။ တိုက်အုပ်ဆရာတော်ကြီး ရေးသောမှတ်တမ်းစာ အဆုံးနား၌(ရွှေကျင်ဆရာတော်ဘုရားကြီး၏တပည့် တံဆိပ်တော်ရ ဆရာတော်များကို ဤမျှသာ မှတ်မိပါသည်။ တံဆိပ်ကိုမမှတ်မိသော ဟသ်ာတမြို့ မိုးကောင်းဆရာတော် အရှင်ဂန္ဓမာ စသော ဆရာတော်များလည်း ရှိပေသေးသည်)ဟူ၍ မှာထားချက်လည်း ရှိသည်။]

ဥပဇ္ဈာယ်ဆရာ ဖြစ်တော်မူသော ရွှေကျင်ဆရာတော် ဘုရားကြီးကလည်း ငါ့တပည့်ကြီး မောင်သာသနသည် အရာရာ၌ ဆရာနှင့် မခြားနည်းနိဿယကျန, အဆုံးအမ လောကင် ပြည့်စုံစွာသော တပည့်ကြီးဖြစ်သောကြောင့် ယနေ့ကစ၍ ဆရာ၏ဘွဲ့မည်နှင့်အတူ “**ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်ဆရာတော်**”ဟူ၍ ခေါ်ကြရမည် ခေါ်ကြစတမ်းဟု ဘွဲ့မည်ဂုဏ်ထူးဖြင့်လည်း မိမိနှင့်အလားတူ ချီးမြှင့်တော်မူသည်ကစ၍ ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်ဆရာတော်အဖြစ်ဖြင့် ထင်ရှားခဲ့လေသည်။ ထိုအချိန်၌ ဆရာတော်ဘုရားသည် သိက္ခာတော် (၂၃) ဝါမျှသာ ရှိတော်မူသေးသည်။

ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ဘုရားသည် ငယ်ယွယ်စဉ်ကပင် သိက္ခာသမာဓိ ရှိခဲ့သည်ဖြစ်သောကြောင့် သိက္ခာဝါတော် ရင့်လာသော အခါ၌ သမာဓိတရားသည်လည်း ပိုမို ခိုင်ခံ့ ကြီးမားတော်မူလာသည် ဖြစ်၍ ဆရာတော်ဘုရား၏ သမာဓိအရှိန်ဖြင့် တပည့်ဒကာတို့သည် အထူးလေးစား ရိုသေ ကိုင်းရှိုင်းကြပေသည်။ဆရာတော်ဘုရား၏ ကျောင်းအနီးပတ်ဝန်းကျင်၌ပင် ဘိနပ်စီး၍ မသွားဝံ့ကြ, စကား ကျယ်လောင်စွာ မပြောဝံ့ကြချေ၊ ဤမျှ လေးစားမှုကို ခံယူတော်မူရပေသည်။

## ကျင့်ဝတ်တော်မချွတ်

ကျောင်းတော်ရာ ရွှေကျင်ဆရာတော် ဖြစ်တော်မူသော အရှင်သာသနသည် "ရာဇဂုရု" ဘွဲ့တံဆိပ်နှင့်တကွ "ကျောင်းတော်ရာ ရွှေကျင်ဆရာတော်" ဟူသော ဘွဲ့ထူးဂုဏ်ထူးကို ရရှိ၍ ဆရာတော်တပါး ဖြစ်တော်မူသည့်တိုင်အောင် ယခင်အနေမပျက်, ကျင့်ဝတ်ပဋိပတ်မပျက်, ဓုတင်များမပျက်စေပဲ အမြဲကျင့်ဆောင်တော်မူလျက်ပင် ရှိလေသည်။ ကျောင်းငယ်တကျောင်း၌ တပါးတည်းသာ အမြဲ သီတင်းသုံးခြင်းဖြင့် ဧကစာရီနေတော်မူလေ့ရှိသည်။ သီလသိက္ခာကိုလည်း အလွန် လေးစားတော်မူသည်။ ဣရိယာပုထ် လေးပါးလုံး၌ အလွန် သိမ်မွေ့ကျစ်လစ်တော်မူသည်။ ဆွမ်းခံကြွတော်မူသည့်အခါ ကျောင်းအာရာမ်တွင်း၌ ကြွတော်မူသည့်အခါတို့၌ ညင်သာဆေးစွာ ဣန္ဒြေတော်နှင့် ပြည့်စုံစွာ ယဉ်ကျေးပြီးသော ဆင်ဖြူတော်ကြီး သွားဘိသကဲ့သို့ ကြွသွားတော်မူလေ့ ရှိသည်။ နေ့သီတင်းသုံးတော်မူရာဌာန သင်ဖျာပေါ်၌ အဝတ်အခင်းငယ်တခုကိုခင်း၍ သစ်သားခေါင်းအုံးကိုရင်း, ကြည့်ရှုတော်မူမြဲ စာအုပ်နှစ်အုပ်သုံးအုပ်ကိုရင်း ဝင်ပြုသောပုဂ္ဂိုလ်က နေ့စဉ် တံမြက်လှဲကာ အညီအညွတ် ခင်းထားရသည်။ စာအုပ်များကိုလည်း သေသေ သပ်သပ် ထားရသည်။ အချိန်တန်၍ ထိုအခင်းနှင့် စာအုပ်များကို သိမ်းဆည်းသည့်အခါ အတွန့်အလိပ် မရှိ ဖရိဖရဲ မရှိ ပကာဘိထားမြဲကဲ့သို့ပင် တွေ့ရပေသည်။ နေ့ညမရွေး, မျက်ကွယ်မျက်မှောက်မရွေး ဆရာတော်၌ သင်းပိုင်ကိုယ်ဝတ်တို့သည် အခါခပ်သိမ်းသပ်ယပ်ညီညွတ်စွာနှင့်သာ တွေ့မြင်ကြရသည်။ ကိုယ်ဝတ်သင်္ကန်းကို ချထားခြင်းကိုရင်း, တပိုင်းတစ တွဲလျားကျနေသည်ကိုရင်း မည်သည့်အခါမှ မမြင်ရဘူးပေ။ ကျန်းမာတော်မူရေးအတွက် လျက်ဆားစသော ဆေးမျိုးကို အခါအားလျော်စွာ ကပ်လျှင် နေ့စဉ် အချိန်မှန်မှန် အမိန့်ရှိထားသော အချိန်၌ ကပ်ရသည်၊ အကပ်ခံပြီးနောက် မဘုဉ်းပေးမီ ပစ္စဝေက္ခဏာဆင်ခြင်တော်မူပြီးမှ ဘုဉ်းပေးတော်မူတတ်သည်။ အများအားဖြင့် စည်းကမ်းတကျ အချိန်နှင့် အချိန်နှင့် ပြုတော်မူလေ့ရှိသည်။

## နားချမ်းသာစေသည်

တပည့်ဒကာများကို ဩဝါဒစကား, တရားစကား မိန့်ကြားတော်မူသောအခါတို့၌ သာယာနာပျော်ဖွယ် ရှိလှပေသည်။ နားထောင်သော

ပုဂ္ဂိုလ်၌ လိုက်နာချင်ဖွယ်ရှိအောင် အေးအေးလူလူ သက်သောင့်သက်သာ အကျိုးစီးပွါးကို ရှေးရှုကာ ကရုဏာတော်ဖြင့် မိန့်ကြားတော်မူလေ့ရှိသည်။ မိမိ၏ တပည့်ရင်းဖြစ်သော တိုက်အုပ် တိုက်ကြပ် ကျောင်းဘုန်းကြီး စသည်တို့ကို တပါးချင်းတွေ့ကာ ဆုံးမစကား, နှိုးနှော်စကား ပြောကြားသောအခါတို့၌ မောင်ဝါယာမ,မောင်ကလျာဏ စသည်ဖြင့် ခေါ်ဝေါ်ပြောဆိုသော်လည်း ရှင်လူပရိသတ်တို့၏ မျက်မှောက်၌ ပြောဆိုတော်မူရသော အခါ စံကျောင်းဆရာတော်, တိုက်အုပ်ဆရာတော်, မှန်ကျောင်းဘုန်းကြီး စသည်ဖြင့် ဂုဏ်ထူးအမည်ဖြင့်သာ ခေါ်ဝေါ် ပြောကြားတော်မူတတ်သည်။ ပုဂ္ဂိုလ်ကြီးများနှင့် ဂုဏ်ထူးရှိသော ပုဂ္ဂိုလ်များအား ပရိသတ်ရှေ့၌ မြည်တွန် ငေါက်ငမ်းတော်မူသည်ကို တကြိမ်တခါမျှ မကြားရဘူးချေ။ လူငယ်များကိုသော်ပင် အများရှေ့၌ မြည်တွန် ပြောဆို ဆုံးမလေ့မရှိပေ။

## ဆွမ်းလှူခြင်း

ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်တိုက်၌ သံဃာ နှစ်ရာကျော်တို့အား အရုဏ်ဆွမ်း, နေ့ဆွမ်း ကျွေးတော်မူ၍ ချမ်းသာစွာ ပရိယတ်ကို အားထုတ်စေတော်မူသည်။

## ပရိဘောဂ သီးသန့် ရှိစေခြင်း

ဆရာတော်အသုံးပြုသော ပရိဘောဂ အသုံးအဆောင်များကို တပည့်သားမြေးများ အသုံးမပြုကြရ၊ ရေအိုး ရေခွက်မှ စ၍ သီးသန့် ခြားနားကာ ထားရသည်။ အာဂန္တုကထေရ်ကြီးများ ကြွလာသောအခါ ကောင်းနိုးရာရာ အိပ်ရာခင်း ခေါင်းအုံး ရေအိုး ရေခွက် စသည်တို့ဖြင့် နေရာပေး၍ ဝတ်ပြုကြရသည်။ ဆရာသမား၏ အသုံးအဆောင်နှင့် မပြုကြရဟု ဆုံးမတော်မူလေ့ ရှိသည်။ ရွှေကျင်ဆရာတော်ကြီးမှ စ၍ ကျောင်းတော်ရာ ဆရာတော်နှင့်တကွ တပည့်ကြီးအဆက်အနွယ်တို့သည်လည်း ဤနည်း နိသျကို မပျက်စေပဲ လိုက်နာတော်မူကြသည်။

## တပည့်များအား ချီးမြှောက်ပုံ

ရန်ကုန် ကျောင်းတော်ရာတိုက်၌ အရံကျောင်းပေါင်း သုံးဆယ်ကျော်ရှိသဖြင့် ကျောင်းကန် အရိပ်အာဝါသဖြင့်လည်း ချမ်းသာအောင်ချီးမြှောက်တော်မူသည်။ နှစ်စဉ် ကထိန်သင်္ကန်း ကပ်လှူကြသောအခါ သံဃာစေ့

တပါးလျှင် သက်န်းတစုံနှင့် ဘိနပ် မျက်နှာသုတ်ပုဝါ စသည်ဖြင့် ချီးမြှောက်တော်မူသည်။ ထိုက်တန်သော ပုဂ္ဂိုလ်တို့အား ကျောင်းဘုန်းကြီး ဒုတိယစာချ ပထမစာချ တိုက်ကြပ် တိုက်အုပ် စသည်ဖြင့် ချီးမြှောက်တော်မူသည်။ တိုက်တာ၏ ဝန်ကို ဆောင်ရွက်ဖော်ရသောပုဂ္ဂိုလ် စာပေဝါသနာပါ၍ စာတော်သော ပုဂ္ဂိုလ်တို့အား ကြီး-ငယ်မရွေး အထူးသီးခြား၍ ချီးမြှင့်တော်မူတတ်သည်။ ဒါနဇ္ဈာသယ၌ ဝါသနာထူးချွန်သည့်အားလျော်စွာ သံဃာများ၌ ဆိုဖွယ်ရာမရှိ၊ ကျောင်းတိုက်အတွင်း၌ အလိုအလျောက်လာရောက် ပေါက်ပွါးနေကြသော ခွေးများကိုပင် နေ့စဉ် နေ့တိုင်း ကျောင်းသားနှင့် သာမဏေများကို စေတော်မူ၍ ကိုယ်တော်တိုင် ကြည့်ရှု၍ ကျွေးစေတော်မူသည်မှာ နိဗဒ္ဓဝတ်တခုပင် ဖြစ်ပေသည်။

**ညောင်တုံးမြို့ ရွှေဟင်္သာတောရတိုက်**

ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ဘုရားကြီးသည် သိက္ခာတော်(၃၇)ဝါခမြောက် (၁၂၆၂)ခုနှစ်၌ ညောင်တုံးမြို့ ရွှေဟင်္သာတောရတိုက်ကို လက်ခံတော်မူ၍ စာသင်တိုက်ကြီးဖြစ်အောင် တည်ထောင်ကာ ဆယ်ဝါပတ်လုံး ညောင်တုံး၌ သီတင်းသုံးတော်မူလျက် သာသနာပြုတော်မူရသည်။ ငါးနှစ် ခြောက်နှစ်ခန့် ဝါတွင်းတိုင်း ကြွရောက် ဝါကပ်တော်မူရခြင်းဖြင့် စောင့်ရှောက်တော်မူသည်။ ထိုနောက်မှ ရွှေဟင်္သာတောရတိုက်စ၍ တည်ကတည်းက တိုက်အုပ်အဖြစ်ဖြင့် ချီးမြှောက်ခဲ့သော တပည့်ရင်းစံကျောင်းဆရာတော်ဘုရားအား လွှဲအပ်တော်မူခဲ့၍ ရန်ကုန်ကျောင်းတော်ရာတိုက်၌ အမြဲသီတင်းသုံးနေတော်မူသည်။ညောင်တုံး ရွှေဟင်္သာတောရတိုက်သည် ယခုအချိန်၌ သံဃာ (တရာ့ခုနစ်ဆယ်ကျော်) တို့ဖြင့် မြန်မာနိုင်ငံ သာသနာတော်၌ ထင်ရှားကြီးပွါးလျက် ရှိပေသည်။ ညောင်တုံးမြို့ရွှေဟင်္သာတောရတိုက်ရှိ သံဃာများသည်လည်း ဆွမ်းမခံကြရပဲ အရုဏ်ဆွမ်း,နေ့ဆွမ်း ဘုဉ်းပေးကြရ၍ စာပေကို အားထုတ်ကြရသည်မှာ ကျောင်းတော်ရာ ဆရာတော်ဘုရားကြီး၏ ဘုန်းတော် ကမ်တော် အရင်းခံပင် ဖြစ်ပေသည်။

**ဒိဋ္ဌာနုဂတိ လိုက်ပုံ**

ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ရေတွင်းမှ ရေကို ခပ်ကာ ထမ်းကာနှင့် မြတ်စွာဘုရားအား ရေချမ်းတော်

လှူဒါန်းလေ့ ရှိတော်မူသောကြောင့် ရွှေဟင်္သာတောရတိုက်နေ သံဃာကြီး-ငယ်တို့သည် ညနေ (၅) နာရီတီးလျှင် ဘုရားရေတော် သံဃာများအတွက် သောက်ရေ သုံးရေတို့ကို ခပ်ကြ ထမ်းကြသည်မှာ သာသနာ့ကြက်သရေ တမျိုးပင်ရှိသည်ဟု ဆိုရပေမည်။ သာမဏေများကလည်း ရေချမ်းတော်အပြင် နေ့စဉ်ဝတ်ထား၍ ဘုရားရှင်အား ပန်းကပ်လှူလေ့ ရှိကြသည်။ စံကျောင်းဆရာတော်, တိုက်အုပ်ဆရာတော်မှ အစပြု၍ ဘုန်းတော်ကြီးများသည် သစ်သား ခေါင်းအုံးကိုသာလျှင် အသုံးပြုတော်မူလေ့ ရှိကြသည်တို့မှာ ဒိဋ္ဌာနုဂတိတို့ပင် ဖြစ်ချေသည်။

## ဒါနတော ဘောဂဝါ

ကျောင်းတော်ရာ ရွှေကျင်ဆရာတော် ဘုရားကြီးသည် ပိဏ္ဍစာရိကဝတ်ဖြင့် ဆွမ်းခံ၍ ရရှိသော ဆွမ်း,ဆွမ်းဟင်း စသည်တို့မှာ အံ့ဩဖွယ်ပင်ဖြစ်လှပေသည်။ ရန်ကုန်,ညောင်တုံးမှ စ၍ကြွရောက်လေရာ ထိုထို မြို့ ရွာအရပ်ဒေသတို့၌ ဆွမ်းခံကြွတော်မူသောအခါ တနေ့လျှင် ဆွမ်းလေးတင်း ဆွမ်းဟင်းခွက်နှစ်ရာကျော်နှင့်တကွ အုန်း ငှက်ပျော စသော သစ်သီး မုံ့ပဲ ချိုချဉ်တို့ကို ရရှိတော်မူသည်။ ထို ဆွမ်း, ဆွမ်းဟင်း စသည်တို့ကို သံဃာတော်အား ကျွေးမွေး ပေးလှူ၍ ကိုယ်တော်တိုင်မူကား သစ်သီး သစ်ရွက်ဟင်းမျှဖြင့် ရောင့်ရဲတော်မူသည်။ ရန်ကုန် ကျောင်းတော်ရာတိုက်၌ ကျောင်းပေါင်း(၃၀)ကျော်,ညောင်တုံးရွှေဟင်္သာတောရတိုက်၌ ကျောင်းပေါင်း (၂၅) ကျောင်းရှိရာ ကျောင်းကြီး ကျောင်းကောင်းတို့၌ တပည့်သံဃာများကို နေစေ၍ မိမိကား ကျောင်းငယ်ကလေး၌သာ နေတော်မူသည်။

## ဝတ္ထုကမ်များ

အနာဂတ်ကာလတိုင်အောင် သံဃာများ ဆွမ်းကိစ္စ၌ ချမ်းသာကြစေရန် ဒါယကာများက စုဆောင်း၍ ဆွမ်းကို လှူဒါန်းကြသည်မှာ ရန်ကုန်ကျောင်းတော်ရာ သံဃာများအတွက် ရန်ကုန် ဒါယကာများက ၄-သောင်းကျော်, ညောင်တုံး ရွှေဟင်္သာတောရ သံဃာများအတွက် ညောင်တုံး ဒါယကာများက ၅-သောင်းကျော်, ခရမ်းမြို့ ဓမ္မိကာရာမတိုက် သံဃာများအတွက် ခရမ်း ဒါယကာများက နှစ်သောင်းကျော်တို့ကို အသီးအသီး

လှူဒါန်းကြ၍ ဒါယကာများသည်ပင် ထိန်းသိမ်း စောင့်ရှောက်လျက် ရှိပေသည်။

ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်တိုက်သို့ ရောက်သည့်နှစ်မှ စ၍ နှစ်စဉ် တနှစ်လျှင် သင်္ကန်းအစုံပေါင်း နှစ်ရာကျော်,ဘိနပ်အရံ နှစ်ရာကျော်တို့ကိုင်း, ညောင်တုံးမြို့ ရွှေဟင်္သာတောရတိုက်ကို တည်ထောင်သည်မှ စ၍ နှစ်စဉ် သင်္ကန်းအစုံ တရာ့ငါးဆယ်ကျော်, ဘိနပ်အရံ တရာ့ငါးဆယ်ကျော်တို့ကိုင်း အလှူခံတော်မူရ၍ တပည့်သံဃာများအား ဝေဘန်ချီးမြှောက်တော်မူသည်၊ ရှေးရှေးဘဝတို့၌ ဆည်းပူးတော်မူဘူးသော ဒါနမယ ပုညကြိယာ စေတနာအဟုန်ကြောင့် ပဋိသန္ဓေတည်နေဆဲ အခါကပင် ခမည်းတော်, မယ်တော်တို့က ဆွမ်းလောင်းခြင်း စသော ကောင်းမှုတို့ကို ပြုလုပ်ခဲ့ကြရသည်ဟု ဆိုရပေမည်။ ယခုဘဝ၌လည်း သူတော်ငယ်, သာမဏေငယ် အဖြစ်ကပင်လျှင် ရရသမျှကို ပေးကမ်း ဝေဘန် လှူဒါန်းခဲ့သော ပစ္စုပ္ပန် ပထမဇော စေတနာ အစွမ်းကြောင့်လည်း လျှမ်းလျှမ်းတောက် တန်ခိုးကြီး၍ ပစ္စည်းလေးပါး ပေါများသည်ဟု ဆိုထိုက်လှပေသည်။

## ဘုန်းကမ်ကြီးစေရန် ဖန်တီးမှုမရှိ

ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ဘုရားကြီးသည် ဘုန်းကမ်ကြီးအောင်, ပစ္စည်းပေါများအောင်, ကျော်စောကိတ္တိရှိအောင်, ပယောဂကူ၍ အားထုတ်ဖန်တီးခြင်း ရှိတော်မမူပေ။ ရန်ကုန်မြို့ ကျောင်းတော်ရာတိုက်သို့ ရောက်ပြီးသည့်နောက် ဆယ်နှစ်ခန့်အတွင်း၌ ကျင့်ဆောင်တော်မူမြဲ ပဋိပတ်ကျင့်ဝတ် တဖက်နှင့်ပင် စာပေပို့ချတော်မူခြင်း, ထိုမှ နောက်အဘို့၌ ပဋိပတ် သက်သက်ကိုသာ ကိုယ့်ဘိုကိုယ့်တာအတွက် အားထုတ်တော်မူခြင်းတို့ကို ပြုတော်မူခဲ့ပေသည်။

ဤနေရာ၌ သူတော်ငယ်ဘဝက စ၍ ရဟန်းဘဝတိုင်အောင် နေ့စဉ်နှင့် အမျှ ကျင့်စဉ် ပဋိပတ်တော်ကို သူတော်ကောင်းတို့အဘို့ ထုတ်ပြသင့်၍ ထုတ်ပြရပေဦးမည်။

ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ဘုရားကြီးသည် သူတော်ငယ် အဖြစ်ဖြင့် နေစဉ်ကပင်လျှင် ဆယ်ပါးသီလကို အမြဲ စောင့်ထိန်းခဲ့၏။ ကောသနိက်ခုတင်,ပတ္တပိဏ္ဍိက ခုတင်နှစ်ပါးကို မကျန်းမာသည့်အခါမှတပါး အမြဲ ဆောက်တည်ခဲ့၏၊ နေ့စဉ် တနေ့လျှင် သုံးကြိမ် ဘုရားဝတ်ပြု ရှိခိုး

ခဲ့၏၊ တံမြက်ဝတ်ကိုလည်း နေ့စဉ်ပြု၏၊ ဆီမီးလေးပွင့်, ပန်း ငါးကလပ် နေ့စဉ် လှူ၏၊ ပုတီးပတ်နှစ်ဆယ် နေ့စဉ် စိပ်၏။

ရှင်သာမဏေအဖြစ်ဖြင့် လိင် ဒဏ် မသင့်စေမူ၍ သာမဏေ၏ သီလကို စင်ကြယ်အောင် စောင့်ထိန်းခဲ့၏၊ ပိဋကပါတိကဓုတင်, သပဒါနစာရိက- ဓုတင်, ခလုပစ္ဆာဘတ္တိကဓုတင်, ကောသနိကဓုတင်, ပတ္တပိဏ္ဍိကဓုတင်, ပံသု- ကူလိကဓုတင်, ယထာသန္ထတိဓုတင်တို့ကို အမြဲ ဆောက်တည်ခဲ့၏၊ ညခင်း, နံနက်ခင်း အခွင့်သာသော အချိန်တို့၌ ရုက္ခမူလိကဓုတင်, အဗ္ဘောကာသိက ဓုတင်တို့ကို ဆောက်တည်ခဲ့၏၊ နေ့စဉ် တံမြက်လှဲခြင်း တနေ့လျှင် ငါးကြိမ် ဘုရားရှိခိုးခြင်း, ဆီမီးလေးပွင့် ပန်းငါးကလပ် လှူခြင်း,ပုတီးပတ် နှစ်ဆယ် စိပ်ခြင်းတို့အပြင် ဘုရားရှင်အား သောက်တော်ရေ ငါးလုံး, သံဃာတော် အား ဆယ်လုံး လှူခြင်း စသော ပဋိပတ်ကျင့်ဝတ် ပုညကြိယာတို့ကိုလည်း ဖြစ်စေတော်မူခဲ့သည်။

ရဟန်းတော်ဘောင်သို့ ရောက်သောအခါ မိမိ၏ သီလကို တနေ့လျှင် သုံးကြိမ် ဆင်ခြင်၍ သစိတ္တက အာပတ် မသင့်မရောက်အောင် စောင့်စည်း တော်မူခဲ့သည်။ နေ့စဉ် တနေ့လျှင် ငါးကြိမ် ဘုရားဝတ်ပြု ရှိခိုးတော်မူ၍ ရေတော်,ပန်းတော်,ဆီမီးတော်တို့ဖြင့် ပူဇော်လျက် တံမြက်ဝတ်ကိုလည်း ပြုတော်မူသည်။ ညဉ့် ၁၂-နာရီတီးမှ ကျိန်းစက်တော်မူကာ နံနက် ၃-နာရီ တီးလျှင် ကျိန်းရာမှထတော်မူ၍ ၃-နာရီပတ်လုံး တရားကို နှလုံးသွင်း ဆင်ခြင် ကာ နေတော်မူလေ့ ရှိသည်။ ဆွမ်းဘုဉ်းပေးတော်မူလျှင် ဆွမ်းလုပ်တိုင်း, ဆွမ်းလုပ်တိုင်း၌ ပစ္စဝေက္ခဏာဆင်ခြင်ပြီးမှ ဘုဉ်းပေးတော်မူသည်။ ကုဋီသို့ ကြွဝင်သည်မှ ပြန်ကြွသည်တိုင်အောင် ကမ္မဋ္ဌာန်းကိုသာ နှလုံးသွင်း ပွါးများ တော်မူလေ့ရှိသည်။ ဆွမ်းခံကြွရာ,ပြန်ရာတို့၌လည်း ဂတပစ္စာဂတကမ္မဋ္ဌာန်း ဝတ်ကို မချွတ်မပျက်စေပဲ အာရုံပြုတော်မူလေ့ရှိသည်။ အထူးချီးကျူးလျက် သာဓု ခေါ်အပ်လှသည်တို့မှာ ပိဏ္ဍပါတိက သပဒါနစာရိက ခလုပစ္ဆာ- ဘတ္တိက ကောသနိက ပတ္တပိဏ္ဍိက တေစီဝရိက ပံသုကူလိက ယထာသန္ထတိ ဓုတင်တို့ကို သက်တော်ရှည်သမျှကာလပတ်လုံး ဆောက်တည်တော်မူခဲ့၍ နေသဇ္ဇိကဓုတင်ကို နေ့ရောညပါ ၁၀-နှစ်တိုင်တိုင် ဆောက်တည်တော်မူခဲ့ သည်၊ ညဘက်၌ နေဝင်သည်မှ နေထွက်သည့်တိုင် တညပတ်လုံး နေသဇ္ဇိက

ဓုတင်ကို ဆောက်တည်ခဲ့သည်မှာ ၁၀-နှစ် ဖြစ်၍ ပေါင်း အနှစ်နှစ်ဆယ် ဆောက်တည်တော်မူခဲ့ခြင်းတို့ ဖြစ်လေသည်။

## ဣန္ဒြိယသံဝရသီလ

ဣန္ဒြိယသံဝရသီလကို စောင့်ထိန်းတော်မူရာ၌လည်း အထူးရှားလောက်ပါပေသည်။ ကျောင်းအာရာမ်တွင်း, အာရာမ်ပြင် မည်သည့်အရပ်၌မဆို စက္ခုန္ဒြေကို အမြဲချ၍ လေးတောင်မျှသာ ကြည့်ရှုတော်မူလေ့ ရှိသည်။ ကြည့်ရှုဖွယ်ရာ ထူးဆန်းထွေလာ မရှိ၍ကား မဟုတ်ချေ။ ဆရာတော်ဘုရား၏ သိက္ခာတော် ၃၈-ဝါ ရရှိတော်မူသောအခါ၌ မြန်မာနိုင်ငံ အနောက် စစ်တကောင်း ပန်းဝါ ဖလောင်းချိတ်တို့သို့ ဒါယကာ စံကျော်ရှည်က သာသနာရေးကိစ္စနှင့် ပင့်ဆောင်၍ ကြွတော်မူရသည်။ ကိစ္စပြီးငြိမ်း၍ နောက်ပါရဟန်း (၃၃) ပါး, လူဒါယကာ (၅၀) ကျော်နှင့်တကွ ဆရာတော်ဘုရားအား မဟာဗောဓိ ကုသိနာရုံ ရာဇဂြိုဟ် ဗာရာဏသီမြို့များသို့ ရှေးဟောင်းစေတီတော် ရုပ်ပွါးတော်များကို ဖူးမျှော်ရန် ဆက်လက်၍ ပင့်ဆောင်သဖြင့် ကြွရောက်တော်မူရစဉ်၌လည်း မြန်မာပြည်မှစ၍ လမ်းခရီးတလျှောက်လုံး စေတီ,ရုပ်ပွါးတော်တို့မှတပါး အခြား မည်ကဲ့သို့ ထူးပြားဆန်းကြယ်သော ကြည့်ဖွယ်ရှုခင်းများကိုမဆို ကြည့်ရှုတော်မမူ၊ လေးတောင်ခန့်မျှကိုသာလျှင် ကြည့်ရှု၍ ကြွရောက်တော်မူသည်ဟု သိရှိရပေသည်။ သမုဒ္ဒရာကြီးကိုဖြတ်ကျော်၍ သင်္ဘောဖြင့် ကြွတော်မူလင့်ကစား သမုဒ္ဒရာ၏ ရှုမျှော်ခင်းကို လှမ်း၍မှ ကြည့်တော်မမူခဲ့ဟု အဆင့်ကြားသိရဘူးပေသည်။

အခါတပါး၌ ရွှေကျင်ဆရာတော်ဘုရားကြီး၏ တပည့်ဖြစ်သော မထေရ်တပါးသည် ရန်ကုန်သို့ ခေတ္တရောက်လာပြီးနောက် အထက်သို့ ပြန်ရောက်သောအခါ မင်းကွန်းနန်းတော်ကျွန်း၌ သီတင်းသုံးနေတော်မူသော ရွှေကျင်ဆရာတော်ဘုရားထံသို့ ကန်တော့ပူဇော်ရန် သွားယင်း ဤသို့လျှောက်သတတ်၊ ကျောင်းတော်ရာ ဆရာတော်သည် စက္ခုန္ဒြေကို အမြဲချပြီး တယ် ဟန်လုပ်နေပါသည်ဟု လျှောက်သော ဟူ၏။ ထိုအခါ ရွှေကျင်ဆရာတော်ဘုရားကြီးက မိမိ၏တပည့် ကျောင်းတော်ရာ ဆရာတော်၏ ပကတိသဘော သဘာဝ အကျင့်သီလတို့ကို သိရှိတော်မူပြီး ဖြစ်သောကြောင့် **"ဦးပဥ္စင်း သူ့လိုပဲ ဟန်လုပ်စမ်းပါဦး"**ဟု မိန့်တော်မူလိုက်သည်ကိုလည်း အဆင့်စကား ကြားသိ မှတ်သားလိုက်ရဘူးပေသည်။

## အစားၓ ခြိုးခြံတော်မူပုံ

ကျောင်းတော်ရာဆရာတော်ဘုရားကြီးသည် လဘက် ဆေး ကွမ်း ထောပတ်ဆွမ်းအုန်းဆွမ်းတို့ကို အမြဲရှောင်ကြဉ်တော်မူသည်။ သစ်သီးသစ်ရွက်တို့ကို ဆားနှင့်ပြုတ်သော ဟင်းမျိုးကိုပင် အများဆုံး ဟင်းငါးခွက် အချိုအချဉ် သုံးခွက်ဖြင့်သာ ရောင့်ရဲတော်မူသည်။ လဘက်ရေကြမ်း, လဘက်ရေအချို, ကော်ဖီစသည်တို့ကိုမူကား မည်သည့်အခါမှ ဘုဉ်းပေးတော်မမူချေ။

## အဝတ်သင်္ကန်းၓ

ပိုး, ဖဲ, သက္ကလတ်, ကတ္တီပါ,ပိတ်နီ စသော သင်္ကန်းတို့ကိုလည်း ငယ်စဉ်ကစ၍ ဝတ်ရုံတော်မူလေ့ မရှိပေ။ ပိန်းနဲရေဖြင့် ဆိုးအပ်သော ရိုးရိုးပိတ်သင်္ကန်းကိုသာလျှင် ဝတ်ရုံတော်မူလေ့ ရှိသည်။

ရယ်မောဘွယ်ရာ အာရုံနှင့် တွေ့ကြုံတော်မူသောအခါတို့၌ အသံထွက်အောင် ရယ်မောတော်မူသည်ဟူ၍ မရှိ၊ ပြုံးရယ်တော်မူကာမျှသာ ပြုံးရယ်တော်မူတတ်သည်။ လဲမှိုသွတ်သော ခေါင်းအုံးကို အချင်းခပ်သိမ်း ပယ်တော်မူ၍ ဝါးခေါင်းအုံး, သစ်သားခေါင်းအုံးကိုသာ အသုံးပြုတော်မူသည်။ ရုံခါ မကျန်းမာတော်မူသော အချိန်အခါတို့၌သော်လည်း ကျင့်ဆောင်မြဲဓုတင်စသည်ကို ဖျက်တော်မမူခဲ့ချေ။

တပည့်သားမြေးတို့အား ချိုသာလေးနက်သော ဩဝါဒစကားတို့ဖြင့် အခါအား လျော်စွာ ဆုံးမ ပြုပြင်တော်မူလေ့ ရှိသည်။ စာပေကျမ်းဂန်သင်ကြားခြင်း, သီလသိက္ခာစောင့်ထိန်းခြင်းတို့၌ ဆုတ်နစ်သော ဝီရိယရှိသူတပည့်တို့အား တက်ကြွသော ဝီရိယ ဖြစ်ပေါ်အောင် လောဘ, ဒေါသ, မာန် မာန, ဣဿာ,မစ္ဆေရ, မာယာ,သာဌေယျ အယုတ်တရားတို့ခေါင်းပါးအားနည်းအောင် ဟောကြားတော်မူလေ့ ရှိသည်။ ဘုန်းကမ်ကြီးမှု, လာဘ်ပေါများမှု, ပူဇော်သက္ကာရ ရလိုမှုတို့မှ ကင်းလွတ်အောင်လည်း သွန်သင်ဆုံးမတော်မူလေ့ ရှိသည်။ သူတော်ကောင်း ရဟန်းသာမဏေပီပီ တည်တည်တံ့တံ့ နေတတ်, စားတတ်, သွားလာတတ်, ဝတ်ရုံသုံးဆောင်တတ်အောင်လည်း နည်းပြ၍ ပဲ့ပြင်တော်မူတတ်သည်။ ပစ္စည်းပရိက္ခရာတို့၌ နှမြောမက်မောခြင်း မရှိ၊ သိုလှောင် သိမ်းဆည်းခြင်း မရှိ၊ ရရှိသမျှသော ပစ္စည်းတို့ကို တပည့်တို့အား ပုဂ္ဂိုလ်အလျောက် ဝေခြမ်း လှူဒါန်းတော်မူတတ်သည်။

ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ဘုရားကြီးသည် ပဋိသန္ဓေတည်နေစဉ် မယ်တော် ခမည်းတော်တို့က ဆွမ်းလောင်းလှူဒါန်းရခြင်းတို့သည် သုခသာမဏေ, ပဏ္ဍိတသာမဏေတို့ ပဋိသန္ဓေတည်နေစဉ် မိဘတို့က လှူဒါန်းကြသည်နှင့် တူညီလှပေသည်။

ဆွမ်းစသောပစ္စည်းကို အလှူခံယူရခြင်း၌ ထိုခေတ် ရှင်သီဝလိဟူ၍ပင် ခေတ်သိ ပုဂ္ဂိုလ်တို့က ဘွဲ့ထူးတပ်ကြရပေသည်။

ရရှိသော ပစ္စည်းတို့ကို ဝေဘန် လှူဒါန်း ချီးမြှောက်လေ့ရှိခြင်း၌ ရှင်သာရိပုတ္တရာ, ရှင်အာနန္ဒာတို့နှင့် တူလှပေသည်။

ဓုတင်တို့ကို ဆောင်တော်မူရာ၌ကား ရှင်မဟာကဿပကြီးကဲ့သို့ပင် ရှိလှပါပေသည်။

လူခစီဝရကို ဆောင်တော်မူရာ၌ အရှင်မောဃရာဇထေရ်နှင့် ပုံခိုင်းအပ်ပါပေသည်။

ဣန္ဒြေကို စောင့်စည်းတော်မူရာ၌ အရှင်နန္ဒထေရ်တမူ တူညီပါပေသည်။ အငှကထာ၌လာသော နာဂလိုဏ်၌ သီတင်းသုံးတော်မူသော ထေရ်မြတ်နှင့်လည်း တူတော်မူပါပေသည်။

အာရဒ္ဓဝီရိယအရာ၌ ကောဋိဝိသသောဏထေရ်အလား ရှိတော်မူပေသည်။ တပည့်သံဃာတို့ကို ဆုံးမတတ်သောအရာ၌ မဟာကပ္ပိနထေရ်ကဲ့သို့ ရှိသည်ဟု ချီးကျူးထိုက်ပါပေသည်။

ချီသာနာပျော်ဘွယ် ဟောပြောဆုံးမတော်မူရာ၌ အရှင်ဘဒ္ဒိယထေရ်ကဲ့သို့ သာယာချမ်းမြေ့သော တရားစကား ရှိတော်မူပါပေသည်။

ချီသာမြေသော ဩဝါဒစကားတော်, ပစ္စယသံဝိဘာဂကဏ်တော်, ကိုယ်တော်တိုင် သီလစသော ကျင့်ဝတ်တို့နှင့် ပြည့်စုံတော်မူသော သီလဝါဂုဏ်တော်, ခမာစသော နာယကဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူခြင်းကြောင့် ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်တိုက်, ညောင်တုံးမြို့ ရွှေဟင်္သာတောရတိုက်, ခရမ်းမြို့ ဓမ္မိကာရာမတိုက်, ပြွန်တန်ဆာ ဓမ္မာရုံကျောင်းတိုက်စသည်တို့၌ ဓုရနှစ်ပါးကို အားထုတ်တော်မူလျက် ရှိကုန်သော တထောင်မျှလောက်သော တပည့်တပန်း ရဟန်းသာမဏေတို့၏ သံဃပိတုရ ထေရပါမောက် ဖြစ်တော်မူ၍ တပည့်ပရိသတ် များပြားသောအရာ၌ ဘုရားရှင်လက်ထက်တော်အခါက ဥရုဝေဠထေရ်မြတ်တမူ တူတော်မူလှပေသည်။

## ဝုဒ္ဓါပစာယနရှိပုံနှင့် သည်းခံတော်မူနိုင်ပုံများ

၁၂၆၂-ခုနှစ်၌ ညောင်တုံးမြို့သို့ သိမ်သမုတ်ရန် ကြွတော်မူစဉ် သင်္ဘောပေါ်၌ မိမိထက် သိက္ခာတော် ၅-ဝါမျှသာ ကြီးတော်မူသော မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး၏ ရှေ့တော်၌ ရန်ကုန်မှ ညောင်တုံးသို့ ရောက်သည့်တိုင်အောင် ပုဆစ်ဒူးတုပ်လျက် အရိုအသေပေးကာ လိုက်ပါလာခဲ့သည် ဟု သိရသည်။ ရန်ကုန်နှင့် ညောင်တုံးသည် သင်္ဘော တနေ့ခရီး ဖြစ်ရာ တနေ့ပတ်လုံး သည်းခံ၍ ပုဆစ်ဒူးတုပ်လျက် နေတော်မူသည်မှာ သာမန်ပုဂ္ဂိုလ်များအတွက် စွမ်းဆောင်နိုင်ကြမည် မထင်။

ဆရာတူတပည့် ဖြစ်ကြ၍ ရှေ့ကျောင်းတိုက်မကြီး၌ အတူတကွ ရင်းရင်းနှီးနှီးနေခဲ့ကြသော ညီနောင်အရင်းပမာ သဟမ္မိက သီတင်းသုံးဖော်လည်း ဖြစ်ကြ, သတိပေးဝံ့ ပြောကြားဝံ့သူလည်း ဖြစ်ကြသောကြောင့် သင်္ဘောပေါ်၌ မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးက တပည့် သာမဏေယ်ကို ဩဝါဒပေးဘိသကဲ့သို့ မိန့်ဆိုတော်မူသည်ကိုလည်း တခွန်း တပါဒမျှ ခွန်းတုံ့ ပြန်လှန် ပြောကြားမှု မရှိပဲ ရိုသေစွာ ဆိတ်ဆိတ် နာခံလာခဲ့ပေသည် ဟူ၍လည်း တဆင့်စကား ကြားသိရပေသည်။ မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးနှင့် ကျောင်းတော်ရာ ဆရာတော်ကြီး နှစ်ပါးလုံးကိုပင် ကြည်ညိုမြတ်နိုးစွာ ချီးကျူးထိုက်, သာဓုခေါ် ထိုက်ပါပေသည်၊ သာမည ပုဂ္ဂိုလ်ကလည်း ဩဝါဒစကား ပြောကြားဝံ့မည် မဟုတ်၊ သူလို ငါလို ပုဂ္ဂိုလ်မျိုးကလည်း အလေးအမြတ်ပြု၍ နာယူနိုင်လိမ့်မည် မဟုတ်သောကြောင့် နှစ်ပါးလုံးကိုပင် အံ့ဩ ချီးမွမ်းအပ်ပါပေသည်။

ကျောင်းတော်ရာ ဆရာတော်ဘုရားကြီးသည် ပဋိပတ် ကျင့်ဝတ်ဘက်၌ ချိန်ခွင်လျှာစောင်းလောက်အောင် ကောင်းကောင်းကြီး အားသန်မှု လွန်ကဲတော်မူသည်ကိုကား သိရှိခဲ့ကြရလေပြီ၊ ပရိယတ်၌လည်း အောက်တန်းမကျခဲ့ကြောင်းကို ဤဆိုလတ္တံ့သည်တို့ကို ထောက်ဆ၍ သိရှိကြသင့်ပေသေးသည်။

ကျောင်းတော်ရာ ဆရာတော်ဘုရားကြီးသည် ရဟန်းသိက္ခာ ၄- ၅-ဝါ အယွယ်တော်၌ ကစ္စည်းသဒ္ဒါရှစ်စောင် အဘိဓမ္မတ္ထသင်္ဂဟကိုးပိုင်း ပုဒ်စစ်ခုနစ်စောင် နိယမ်သုံးစောင် ဆန်း အလင်္ကာ အဘိဓာန် ဘေဒစိန္တာနှင့်

တကွ သဒ္ဒါငယ် ဆယ်စောင် မာတိကာ ဓာတုကထာ ယမိုက်ကျမ်းတို့ကို အာဂုမ်နှုတ်တက် ဆောင်ရွက်တော်မူခဲ့သည်။ စာပေပို့ချသောအခါ၌ ခန္ဓာကိုယ် ခန့်ကျန်းတော်မူလျှင် နေ့စာသုံးဝါ ည စာနှစ်ဝါ ပေါင်း တနေ့လျှင် စာဝါ ငါးဝါ ပို့ချတော်မူသည်။ အာရာမ်တွင်း၌ တရားဟောပြောရန် ကိစ္စပေါ်လာလျှင်လည်း တရားဟောပြောမှုတာဝန်ကို ဆောင်ရွက်တော်မူသေးသည်။ ယင်းသို့သော ပစ္စုပ္ပန် ကမ်တို့ကြောင့်ပင် ဒုတိယစာချ ပထမစာချ ဂုဏ်ထူးနှင့်တကွ ရာဇဂုရု ဘွဲ့တံဆိပ်တော်ကို ခံယူခဲ့ရခြင်း ဖြစ်ပေသည်။

## ကျေးဇူးတော်ကို သိပုံ

ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ဘုရားကြီးသည် ငယ်ယွယ်တော်မူစဉ်က စ၍ ရှမ်းကလေးကျွန်း ဆရာတော်ဘုရားကြီး ရွှေကျင်ဆရာတော်ဘုရားကြီးများ၏ ဘုန်းတော် ကမ်တော်ရိပ်မှ ဖြစ်ပေါ်လာသော သူတော်ဒါယကာ ရှင့်ဒါယကာ ရဟန်းဒါယကာ စတုပစ္စယဒါယကာတို့က ပစ္စည်းဖြင့် လှူဒါန်း ထောက်ပံ့ခြင်းကြောင့် တကြောင်း, ဇာတိကမ် ပါရှိခြင်းကြောင့် တကြောင်း ပစ္စည်းလေးပါးဖြင့် ပြည့်စုံတော်မူခဲ့သည့်ပြင် သီတင်းသုံးဖော်တို့အားငှင်း, တပည့်သားမြေးတို့အားငှင်း ပေးလှူချီးမြှောက်ခဲ့ရသည်မှာ တန်ဘိုးအားဖြင့် မမှန်းဆသာအောင် များပြားသည်ကိုကား သိရှိကြရလေပြီ။ ကျေးဇူးရှင် ရွှေကျင်ဆရာတော်ဘုရားကြီးကိုယ်တော်တိုင်က တိုက်ရိုက် အမှတ်တရဖြစ်စေရန် ချီးမြှောက်တော်မူသည်မှာ ရွှေကျင်ဆရာတော်ဘုရားကြီး သုံးဆောင်ဆဲဖြစ်သော ခါးဝတ် သင်းပိုင်တထည် ချီးမြှောက်တော်မူဘူးသည် ဟု မိန့်ကြားတော်မူသည်ကို မှတ်သားရဘူးပေသည်။ ယင်းသို့ ကိုယ်တော်တိုင် သုံးဆောင်ဆဲဖြစ်သော သင်းပိုင်ကို ဂုဏ်ပြုသောအနေဖြင့် တမင် ချီးမြှောက်မှုကို လက်ခံတော်မူရသည့်အလျောက် ဝမ်းမြောက်တော်မူ၍ နောက်အဘို့၌ မိမိ၏ တပည့်များကို ဂုဏ်ယူမိန့်ကြားကာ ပီတိဖြစ်ဘော်မူရှာပေသည်။ အရှင်မဟာကဿပထေရ်အား မြတ်စွာဘုရားက ကိုယ်တိုင်ဝတ်ရုံသုံးဆောင်တော်မူသော ပံသုကူသင်္ကန်းကြီးကို ချီးမြှောက်ခြင်းခံယူရခြင်းနှင့် တူညီလှပေသည်။ သင်းပိုင်တထည် ချီးမြှောက်ခံယူရသော ဂုဏ်၏ တန်ဘိုးကား မပြတ်နိုင်အောင်ရှိပေသတည်း။ သင်းပိုင်ဟောင်းတထည်ကို ချီးမြှောက်ခြင်း, ပံသုကူသင်္ကန်းဟောင်းကြီးတထည်ကို ချီးမြှောက်ခြင်းတို့သည် နှလုံးသွင်းမကောင်းသောသူ လောဘသက္ကာယ

ကြီးသောသူတို့ ဖြစ်လျှင်ကား ကျေးဇူး မတင်ကြမည့်အပြင် နှမြောတွန့်တို စွာနှင့် အပေါင်းအနွှမ်းကို ပေးရာသလော ဟု အမျက်ဒေါသပင် ဖြစ် ကောင်း ဖြစ်ကြပေလိမ့်ဦးမည်။ အရှင်မဟာကဿပကြီးမှာလည်း ကျေးဇူး တင်၍ မဆုံးအောင် ကျေးဇူးကို သိရှိတော်မူသောကြောင့် မိမိကိုယ်တိုင် ဦးစီး၍ ပထမသင်္ဂါယနာတင်ပွဲကြီးကို ဝှဲချီးကျင်းပတော်မူသောအားဖြင့် ကျေးဇူးတော်ကို ဆပ်ကာ သာသနာကို သန့်ရှင်းစေတော်မူခဲ့သည်၊ ကျောင်းတော်ရာ ဆရာတော်ဘုရားကြီးသည်လည်း ရွှေကျင်ဆရာတော် ဘုရားကြီး၏ အဆုံးအမ ဩဝါဒတည်းဟူသော သာသနာကို မိမိကိုယ်တိုင် ရိုသေစွာ လိုက်နာ၍ တပည့်သားမြေးတို့ကိုလည်း အစဉ်အဆက် လိုက်နာ စေတော်မူရှာသည်။

## ကျေးဇူး တုံ့ပြန်ခဲ့သမျှ

ကျေးဇူးရှင် ရွှေကျင်ဆရာတော်ဘုရားကြီးသည် အောက်မြို့ကျေးရွာ တို့သို့ သာသနာပြု ကြွလာတော်မူစဉ် ရန်ကုန်မြို့ ကျောင်းတော်ရာရွှေကျင် တိုက်၌ ခေတ္တ သီတင်းသုံး တည်းခိုတော်မူလေသည်။ ထိုအခိုက်၌ ရွှေကျင် ဆရာတော်ဘုရားကြီး သီတင်းသုံးရာ မင်းကွန်း ငွေတောင်တောရ၌ ဂူတူး ခြင်းစသော နဝကမ္မအတွက် ပဝါရိတဒါယကာများအား ပြောကြား၍ ဝတ္ထုငွေဒင်္ဂါး သုံးထောင်ကျော်ကို ကပ္ပိယလက်သို့ လွှဲအပ်၍ လှူဒါန်းပူ ဇော်ရသည်။ ၎င်းပြင် ရွှေကျင်ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသော အခါ၌ ဈာပနကိစ္စအတွက်လည်း သုံးထောင်ကျော်, အရိုးအိုး စေတီ အတွက်လည်း သုံးထောင်ကျော်အားဖြင့် စုစုပေါင်း တသောင်းကျော် အာမိသပူဇာဖြင့် ပူဇော်ကာ ကျေးဇူးဆပ်ရပေသေးသည်။ ဓမ္မပူဇာအနေ ဖြင့်ပူဇော်သည်တို့ကိုမူကား ဤရွေ့ဤမျှဟု အတိုင်းအရှည်ဖြင့် ပိုင်းခြားကာ မပြနိုင်အောင် ရှိခဲ့လေသည်။

ဤသို့လျှင် ပရိယတ် ပဋိပတ် နှစ်ရပ်စွယ်စုံ ကိုယ်ကျင့်ဂုဏ်တို့နှင့် ပြည့်စုံ စွာ သာသနာပြုတော်မူခဲ့ရာ သက်တော် ၇၃-နှစ် ရဟန်းသိက္ခာ ဝါတော် ၆၄-ဝါမြောက်၌ မြန်မာသက္ကရာဇ် ၁၂၇၇-ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁-ရက် သောကြာနေ့ နံနက် ၄-နာရီ ၃၅-မိနစ် အချိန်တွင် ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်တိုက်ကြီးအတွင်း၌ ကမ္မဇရုပ် ချုပ်ငြိမ်းတော်မူ လေပြီ။

စတုသဋ္ဌေဝ ဝဿာနိ၊ ဌတွာ ဇနံ သသာဝကံ။
ဒဿယိတွာ ဓမ္မာလောကံ၊ သိဝံ ဂမီ ယတုတ္တမော။

ယတုတ္တမော-ကျင့်ဝတ်နှစ်ရပ် ပြည့်စုံလတ်၍ ရဟန်းမြတ်ကြီးဖြစ်တော်မူသော ကျေးဇူးရှင်ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ဘုရားကြီးသည်။ စတုသဋ္ဌေဝ ဝဿာနိ-သက်တော်ရှည်ကြာ ရှစ်ဆယ်သာသည့် ခြောက်ဆယ့်လေးဝါတိုင်ပတ်လုံးသာလျှင်။ ဌတွာ-လူ့ဘုံဘဝ လူ့ဌာနဌ် သမဏဇာတ်ရဟန်းမြတ်အဖြစ်ဖြင့် ရပ်တည်တော်မူခဲ့၍။ သသာဝကံ-ဝန်းကျင်နီးစွာတပည့်ဒကာတို့နှင့် တကွသော။ ဇနံ-ကြီးငယ်မဟူ ရှင်လူအပေါင်းကို။ ဓမ္မာလောကံ-ဘုရားတည်ထောင် ချမ်းသာဆောင်သည့် သူတော်ကောင်းတရားတည်းဟူသော အလင်းရောင်ကို။ ဒဿယိတွာ-ကရုဏာပုဗ္ဗင်္ဂမံ ဉာဏ်ဒေသနာ မေတ္တာတော်ဗလဝဖြင့် ညွှန်ပြတော်မူပြီး၍။ သိဝံ-သူတော်အစုံခိုလှုံကိန်းအောင်း ဆင်းရဲဟောင်းကင်းကွာ ထက်နတ်ရွာသို့။ ဂမီ-မဂ္ဂင်ရှစ်ပါး ယာဉ်ရထားဖြင့် ကြွသွားတော်မူလေပြီ။

သူတော်ကောင်းကြီးအစစ် ရဟန်းမြတ် ပညာရှိကြီးတပါးလည်း ဖြစ်၍ အနှစ်နှစ် အလလတို့က ဆည်းပူး ကျင့်သုံးအပ်သော သီလတော်ဂုဏ်, သီလလျှင် အခြေခံရှိသော သမာဓိတော်ဂုဏ်, သမာဓိဖြင့် ထုံမွှမ်းအပ်သော ပညာဂုဏ်, ဓုတင် ပဋိပတ်ကျင့်ဝတ်ဂုဏ်တို့ဖြင့် လွှမ်းခြုံ ထုံမွှမ်းအပ်သော ခန္ဓာတော်ဖြစ်သော်လည်း အနိစ္စဓမ္မ မရဏသေမင်းကား ကွင်းရှောင်ခြင်းမရှိ၊ ဇာတိရှိသမျှ သတ္တဝါသခ်ါရတို့ ဘယ်ကိုမှ မလွှဲသာ ငါ့နယ်ပယ် ငါ့ထံချဉ်း၍ ငါ့လက်တွင်းသို့သာ ရောက်စေရမည်ဟု ကြုံးဝါးဘိသည့်အလားခန္ဓာရုပ်နာမ်ကို ရရှိကြကုန်သော သတ္တဝါတို့သည် အနိစ္စသဘာဝ မရဏသဘောမှ ကင်းလွတ်ခြင်းငှါ မစွမ်းနိုင်ကြပဲ သံသရာဝဋ္ဋ်နှောင်အိမ်၌အကြိမ်ကြိမ် အဖန်ဖန် တပြန်ပြန် တပြောင်းပြောင်းနှင့် အဟောင်းအသစ်ခန္ဓာသာလျှင်လဲ၍ တဝဲဝဲလည်တုံလျက် အကြောင်းဝဋ္ဋ်ကမ် မကုန်သမျှခံကြရမည့်ဒုက္ခကို အညာဏ အဝိဇ္ဇာ-က ပိတ်ကာအုပ်ဖုံးသဖြင့် လမ်းမှန်ကိုလုံးလုံးမမြင်ကြရပဲ ဒုက္ခခဲ ဒုက္ခစုကို ခုဘဝ နောက်ဘဝ ခံကြရမည်မှုချတမုဟုတ်မျှ ဉာဏ်အမြင်နှင့် မကြာခဏ ဆင်ခြင်ကြ၍ မရဏသေမင်းမာရ်ယုတ်၏ စက်ကွင်းမှ လွတ်ကင်းထွက်မြောက်ကြရလေအောင် ဖောင်မဂ္ဂင်ရှစ်ပါးကို ပွါးများဆောက်တည်၍ ပြည်နိဗ္ဗာန် ဓာတ်နန်းသို့ လျင်မြန်စွာ တက်လှမ်းသင့်ကြတော့ပေသတည်း။

ဝေဝံ အနိစ္စတံ ဇမ္ဗိံ၊ ဥ တွာ ဒုရဘိသမ္ဘဝံ။
တံ ပတ္တုံ ဝါယမေ ဓီရော၊ ယံ နိစ္စံ အမတံ ပဒံ။

ဤသို့ဂုဏ်ရှိန် ဤသည့်သိရ်နှင့် ညီးထိန်ဤသူ ငါမယူဘူး ဤသူငယ်သေး ငါခွင့်ပေးအံ့ သေဗွေးသူကြွယ် ငါခြင်းဖယ်ခဲ့ လူဝယ်ပဏ္ဍိ မခေါ်ဘိဟု မရှိ သေမင်း ယုတ်မာခြင်းမှ ရှောင်ကွင်းလွတ်ရန် ခဲယဉ်းဟန်ကို ဉာဏ်မှန် သက်ဝင် ရှေးရှုမြင်၍ အကြင်ဓာတ်နန်း နိဗ္ဗူကျွန်းသည် ကုန်ခန်းပျက်တုံ ကင်းငြိမ်းကုန်၏ မဂ်ဟုန်ယာဉ်စီး ထိုပြည်ကြီးသို့ ခရီးမကြာ ရောက်အောင် သာလျှင် အာရဗ္ဘဓာတ် စဉ်မပြတ်ပဲ နိယတ်မကွာ အားထုတ်ရာသည် ယုတ်မာသေမင်း လွတ်အောင်တည်း။

---

# ဘုန်းတော်ကြီး အရှင်ဦးသီလ

အောက် မြန်မာနိုင်ငံ၌ တောရ ရွှေကျင်သာသနာ ပြန့်နှံ့အောင် သာသနာသန့်ရှင်း ကောင်းမွန်အောင် မနေမနား ဆောင်ရွက်တော်မူ၍ ကိုယ်တော်တိုင်ကလည်း ရဟန်းစစ် ရဟန်းကောင်းပီသစွာ ရဟန်းကျင့်ဝတ် ပဋိပတ်နှင့် ပြည့်စုံတော်မူသော ဆရာတော် အရှင်ဦးသီလ အတ္ထုပ္ပတ္တိကို သိရှိရသလောက်မှာ အလွန်လေးမြတ် ကြည်ညိုဖွယ်ရာ ကောင်းလှပါပေ သည်။ နည်းယူ တုပ အားထုတ်ရန် ကောင်းပါပေသည်။ ထိုဆရာတော် ဘုရားကြီးသည် ရွှေကျင်ဆရာတော်ဘုရားကြီးထံမှ သာသနာပြုပုံ နည်း နိဿယများကို ခံယူပြီးလျှင် ပဲခူးမြို့က စ၍ တောရ ရွှေကျင်သာသနာကို ပျိုးထောင် ပြုစုခဲ့ပေသည်၊ ပဲခူး, တောင်ငူ, သထုံ, မော်လမြိုင်, ထားဝယ် စသော ခရိုင်မြို့နယ်တို့၌ ယနေ့တိုင် စည်ကားလျက် ရှိသော တောရ ရွှေကျင်သာသနာသည် ဆရာတော် အရှင်ဦးသီလ၏ အားထုတ်ဆောင်ရွက် ချက်ပင် ဖြစ်ပေသည်။

ထိုဆရာတော် အရှင်ဦးသီလ၏ အတ္ထုပ္ပတ္တိကို ပျံလွန်တော်မူသော ညောင်လေးပင်တောရတိုက် ဆရာတော် **အရှင်ဦးအရိယ**သည် စိတ်အား ထက်သန်စွာ ဇွဲကောင်းကောင်းနှင့် ရနိုင်သမျှ ရှာဖွေစုဆောင်း၍ ရေးသား တော်မူသည့်အတွက် ကျေးဇူးတင်ထိုက်ပါသည်၊ ဤသို့သော သာသနာပြု လဇ္ဇီသူတော်ကောင်း အရှင်မြတ်တို့၏ အကြောင်းခြင်းရာ ကိုယ်ကျင့်တရား

သာသနာပြုပုံတို့မှာ တိမ်ကောပပျောက်သင့်သော အရာများ မဟုတ်ချေ။ ကိုယ်ကျင့် ပဋိပတ် အားထုတ်နည်း, ဟောပြောနည်း, သာသနာပြုနည်း တို့ကို အခြေခံပြု၍ ကာလ ဒေသ ပုဂ္ဂလ အားလျော်စွာ လွယ်လင့်တကူဖြင့် နောက်နောက် ပုဂ္ဂိုလ်များ ဆက်လက် အားထုတ်နိုင်ကြပေမည်။

ဆရာတော် အရှင်ဦးသီလ၏ အတ္ထုပ္ပတ္တိ အကျယ်ကိုကား ဤရွှေကျင် နိကာယ သာသနာဝင်၌ မဖော်ပြတော့ပဲ ညောင်လေးပင်ဆရာတော် ရေး သားတော်မူသော အတ္ထုပ္ပတ္တိ အကျယ်ကိုသာ ကြည့်ရှုကြရန် ညွှန်ကြား အပ်ပါသည်။

**အကျဉ်းအားဖြင့်**—ဆရာတော် အရှင်ဦးသီလသည် သက္ကရာဇ် ၁၁၉၄-ခုနှစ် ဖွား၏၊ ၁၂၁၃-ခုနှစ် ရဟန်းဖြစ်၏၊ ၁၂၂၂-ခုနှစ်က စ၍ တောထွက်၏၊ ၁၂၂၇-ခုနှစ်က စ၍ တောကျောင်းတကျောင်းတည်း၌ အမြဲမနေ ရွှေ့ကာ ရွှေ့ကာ နေ၏၊၁၂၃၃-ခုနှစ် ဝိနည်းစာပြန်ပွဲ စ၍ ပြုလုပ်စေ၏၊ ၁၂၆၉-ခုနှစ် တိုင်အောင် ၄၇-နှစ်ပတ်လုံး တောရကျောင်းတို့သို့ ပြောင်းကာရွှေ့ကာ သီတင်းသုံး၍ တောရရွှေကျင်သာသနာကို ပြုတော်မူသည်၊ ၁၂၆၉-ခုနှစ် ကဆုန်လဆုတ် ၄-ရက် တနင်းလာနေ့နံနက် ၇-နာရီအချိန် ဇလွန်မြို့၌ ပျံလွန် တော်မူသည်-ဟူ၍ မှတ်ကြပါကုန်။

---

## ကျမ်းဆရာ၏ ရည်ရွယ်ချက်

ရွှေကျင်နိကာယ သာသနာဝင်သည် ယခုအခါ အတော်ပြည့်စုံသော အခြေသို့ရောက်ပေပြီ၊ စာမျက်နှာအားဖြင့်လည်း (၅၀၀) ကျော်သွားပေပြီ။ အသိုင်းအဝိုင်းနှင့်ချဲ့ထွင်၍ ရေးမူကား စာမျက်နှာထောင်ကျော်ပင် ရောက် သော်လည်း ပြီးဆုံးသေးမည် မဟုတ်ချေ၊ စင်စစ်မှာမူ ရွှေကျင်ဂိုဏ်းကြီး သည် မည်သည့်အခါ မည်သို့သောအရှင်တို့မှ ဆင်းသက်၍ လာခဲ့သနည်း၊ ယနေ့အခြေအနေ မည်သို့ ရှိနေလေသနည်း၊ မည်သည့်အတွက် နှစ်ပေါင်း အခွန့်ရှည်စွာ တည်မြဲလာခဲ့သနည်း စသည့်တို့ဖြင့် နောက်သားနောင်လာ ဖြစ်သော ရွှေကျင်နိကာယ အဆက်အနွယ် သံဃာတို့သည်ပင် မိမိတို့၏ အဆက်အနွယ် အစဉ်အလာကို သိရှိသောအားဖြင့် မိမိတို့လည်း ပေါရာဏိက ဆရာ့ဆရာ မထေရ်မြတ်တို့ကဲ့သို့ ဘုရားသာသနာတော်နှင့် ရွှေကျင်ဂိုဏ်းကြီးကို ဆက်လက် ထိန်းသိမ်း စောင့်ရှောက်လိုသော သမ္မာ-

ဆန္ဒ မနသိကာရ ရှိကြစေရန် တိတိကျကျ မှန်မှန်ကန်ကန် ဖြစ်သော "ရွှေကျင်နိကာယ သာသနာဝင်" စာတမ်းတရပ် တည်ရှိဘို့သာလျှင် ဖြစ်ပေသည်။

ထို့ကြောင့် ဤရွှေကျင်နိကာယ သာသနာဝင်၌ တိတိ ကျကျ မှန်ကန်သော ဆရာအစဉ် သာသနာဝင်သာလျှင် ဖြစ်စေမည်ဟူသော နှလုံးသွင်းဖြင့် ဆရာမှန် တပည့်မှန် အဆက်အနွယ်တို့ကိုသာ ထုတ်ဖော်ရေးသား၍ ယနေ့တိုင် ရွှေကျင်ဂိုဏ်းကြီးကို ကြီးမှူး အုပ်ထိန်း စောင့်ရှောက်တော်မူကြသော ရွှေကျင်နိကာယ သံဃာ့ဥသျှောင် ဆရာတော်ဘုရားကြီးများတိုင်အောင် ရေးသားဖော်ပြခြင်း ဖြစ်ပေသည်။

---

## အဆုံးအမဩဝါဒကြောင့် ရွှေကျင်ဂိုဏ်းကောင်းခြင်း

ရွှေကျင်နိကာယ,ရွှေကျင်သံဃာအဆက်အနွယ်သည် ယနေ့တိုင်အောင် ကာလအဓွန့်ရှည်စွာ တည်ခြင်း အကြောင်းကို သတိပြုတော်မူကြသောအားဖြင့် သိဿာနုသိဿ ရွှေကျင်သံဃာ ဆရာတပည့်တို့ အဆက်ဆက်မပျက်မကွက် ဆောင်ရွက်သွားတော်မူနိုင်ကြပါစေ၊ ရွှေကျင်သာသနာအဓွန့်ရှည်စွာ ခိုင်မြဲတည်တံ့လာခြင်းအကြောင်းမှာ အခြားမဟုတ် ဆုံးမဩဝါဒပေးခြင်းပင် ဖြစ်သည်။ ဆရာဖြစ်သော အရှင်တို့သည် တပည့်တပန်းတို့အပေါ်၌ အမှတ်မဲ့လျစ်လျူရှုကာ မနေကြမူ၍ တပည့်အပေါ်၌ ကြောင့်ကြပြု၍ သင်္ကန်းဝတ်နည်း, ရုံနည်း, ဆွမ်းစားနည်း, နေထိုင်နည်း, ထေရ-ပသေဝန-မထေရ်ကြီးများထံ ဆည်းကပ်နည်း, သံဃာ့ပရိသတ်သို့ ဝင်ရောက်နေထိုင်နည်း, ဒကာ ဒကာမတို့နှင့် လောကပြစ် ဝိနည်းပြစ် ကင်းအောင်ဆက်ဆံနည်း, မြို့တွင်း ရွာတွင်း သွားနည်း, သံဃာချင်းဆက်ဆံနည်း, ခေါ်နည်း, ပြောနည်းမှ စ၍ နိစ္စတစေ ကြည့်ရှု ပြုပြင် ဆုံးမလေ့ရှိတော်မူကြသောကြောင့်သာ ရွှေကျင်သံဃာသည် ဤမျှအားဖြင့်ကောင်းသော သံဃာအဖြစ်သို့ ရောက်ရပေသည်။

ရွှေကျင်ဆရာတော်ကြီး ကိုယ်တော်တိုင် နှုတ်မြွက် ဆုံးမတော်မူသည်သာမက တောရကျောင်းမှ စ၍ ဖြင့် ရေးသားဆုံးမတော်မူသော အဆုံးအမဩဝါဒတော်တို့သည်ပင် နောင်အခါ၌ စာအုပ်အဖြစ်သို့ ရောက်လျက်ရှိနေသည်မှာ များစွာပင် ဖြစ်သည်၊ ရွှေကျင်တိုက်မ မဟာဓမ္မိကာရာမ၌ သီတင်းသုံးတော်မူစဉ်ကလည်း သူတော်ငယ်က စ၍ လိုက်နာရန် စာဖြင့်

ရေးသား ကျက်မှတ်စေသော ဩဝါဒတို့လည်း အများပင် ဖြစ်သည်၊ မဟာဝိသုဒ္ဓါရာမ ဆရာတော်ကြီးမှစ၍ အစဉ်အဆက် ဆရာတော်ကြီးများ, တိုက်တာနာယကများ, ကျောင်းဘုန်းကြီးများသည်လည်း တပည့်များအား ရွှေကျင်ဆရာတော်ဘုရားကြီး၏ အဆုံးအမ ဩဝါဒတော်အတိုင်း တဆင့် ဆုံးမခြင်းဖြင့်၎င်း, ကာလ, ဒေသ အားလျော်စွာ မိမိတို့ကိုယ်တိုင် ရေးသားသော ဩဝါဒဖြင့်၎င်း ဆုံးမဩဝါဒ ပေးတော်မူခဲ့ကြသည်၊ ဆရာသမားကောင်းတို့၏ ဩဝါဒကို ရိုသေစွာ လိုက်နာကြသော ပုဂ္ဂိုလ်တို့သည်လည်း ဘုရားသာသနာတော်အတွင်း ရွှေကျင်သံဃာ့အလယ်၌ ကာလ, ဒေသ အလျောက် ထွန်းကား ကြီးပွါးသော ပုဂ္ဂိုလ်အဖြစ်သို့ ရောက်ကြလေသည်။

---

## ဩဝါဒတိုကလေးများ အချို့

ရွှေကျင်ဆရာတော်ကြီး၏ ဩဝါဒတော်မှ စ၍ အဆက်ဆက်သော ဆရာတော်တို့၏ ဩဝါဒတို့မှာ စာအုပ်အဖြစ်သို့ ရောက်လျက်ရှိသည်မှာ များပေသည်၊ အချို့သာ လက်ရေးမူနှင့် ရှိသည်၊ အလိုရှိသူတို့ စုံစမ်းကြည့်ရှုပါကုန်၊ ဤရွှေကျင်နိကာယ သာသနာဝင်၌မူကား မထည့်သွင်းနိုင်တော့ချေ။ အကျဉ်းအားဖြင့် ဩဝါဒတိုကလေးများကိုကား ရွှေကျင်နိကာယ မှတ်တမ်း စသည်တို့မှ ထုတ်နုတ်၍ ပြပါဦးအံ့။

### ရွှေကျင်ဆရာတော်ဘုရားကြီး ဩဝါဒ

စာမတတ်မူ၊ အခေါက်ထူ၊ လူထဲရှင်ထဲ အသုံးမကျ။
စာတတ်ပြန်လျှင်၊ စိတ်ကြီးဝင်၊ လူမြင်တိုင်းက အော့ချင်ကြ။
စာတတ်အောင်သင်၊ တတ်ပြန်လျှင်၊ စိတ်ကြီးမဝင်ရ။

### ဦးသီလဆရာတော် ဩဝါဒ

လူတို့ သိကြသော သိက္ခာပုဒ်များကို အထူး သတိထားရမည်။

ထိုစကား မှန်၏၊ လူတို့ သိသော သိက္ခာပုဒ် ပျက်လျှင် ကဲ့ရဲ့ခံရပြီးမှ ကုသရ၏။ လူတို့မသိသော သိက္ခာပုဒ်ပျက်လျှင် အကဲ့ရဲ့မခံရပဲ ကုသရ၏။

လူတို့သိသော သိက္ခာပုဒ်ဆိုသည်မှာ ရွှေငွေ ကိုင်ခံခြင်း, နေလွဲ ကွမ်းစား ဆေးဝါး ဆေးသောက်ခြင်း, သင်္ကန်းမရုံပဲ မြို့,ရွာတွင်း သွားခြင်း, အနာ

ရောဂါဟူသော အကြောင်းမရှိပဲ မြို့ရွာတွင်း၌ ဘိနပ်စီးခြင်း, ဆေးကု ဗေဒင်ဟော ပွဲမျိုးစုံကြည့်ခြင်း, ခိုက်ရန်ဖြစ်ခြင်း စသည်တို့ကို ဆိုလိုသည်။

## ခင်မွန်ဆရာတော်ဘုရားကြီး ဩဝါဒ

စာတတ်အောင်သင်၊ စာတတ်လျှင် လဇ္ဇီဖြစ်တတ်၏၊ အယုတ်သဖြင့် အလဇ္ဇီလုပ်သော်လည်း လှည်းကောင်း နွားကောင်း စီးရသေး၏။

## မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး ဩဝါဒ

ရဟန်းကိစ္စ နှစ်ခုရ၌ လုံ့လအားသည်း ဟိတ်ဟန်နည်း၍ ပစ္စည်းမသို စိတ်မတို ခင်ပျို ကြီးပွါးကြောင်း။

ဘေးပွဲရယ်ကြို၊ အေးသဲကုံ ကိုယ်စီကုတ်ပါလို့၊ အားထုတ်သင့်သား။ သို့ပါကို၊ ဘယ်တော့ ဘာလိုလိုနှင့်၊ နောင်ရေးကို မြှော်ခေါ်လင့်လို့၊ ဘာဝနာ သီခေါင်လွှင့်တယ်၊ ဖျင်းဖင့်အများ။

## မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး ဩဝါဒ

နိသဇ္ဇ,ရုက္ခမူ,အဗ္ဘောကာသိက ဓုတင်သုံးပါးကို အသက်ထက်ဆုံး နံနက်တိုင်း ဆောက်တည်။

ဝိနည်း တိစီဝရိက်ကို အသက်ထက်ဆုံး ဆောင်၍ ထိုမှ ကြွင်းသော အလျားတတောင်ထွာ အနံတထွာခြောက်သစ်ရှိသော အဝတ်ကို ဝိကပ္ပနာ သော်လည်းပြု၊ ပရိက္ခာရစောဠသော်လည်း တင်၍ သုံးဆောင်။

သူတပါးသေခါနီး၌ ကျောင်းတောင်းခြင်း, ဝိဿာသဂ္ဂါဟ ယူခြင်းများ အသက်ထက်ဆုံး မပြုအံ့ဟု နှလုံးသွင်း လိုက်နာရမည်။

ဘုန်းကြီးပျံက ရသော ပစ္စည်း မသုံးနှင့်၊ တဇ္ဇော, မင်စာ တသံသရာလုံး ပါတတ်သည်။

## ညောင်လေးပင်တောရ
## ပထမဆရာတော်ကြီး ဩဝါဒ

ကုလဒူသကမှ လွတ်ကင်းအောင် အမျိုးမတော်သော ဒကာတို့တွင် —

၁။ တောင်းသာတောင်းကောင်း၍ မပေးကောင်းသော ဒကာ၊

၂။ ပေးသာပေးကောင်း၍ မတောင်းကောင်းသော ဒကာ၊

၃။ တောင်းလည်း မတောင်းကောင်း၊ ပေးလည်း မပေးကောင်းသော ဒကာ၊

၄။ တောင်းလည်း တောင်းကောင်း၊ ပေးလည်း ပေးကောင်းသော ဒကာ။

ဤဒကာ ၄-မျိုးကို သိအောင် သတိပြုကြ။

## ပစ္ဆိမာရုံ(ကျိုက်လတ်)ဆရာတော်ဘုရားကြီး ဩဝါဒ

၁။ အလဇ္ဇီစာမတတ်ထံ မနေရ၊အလဇ္ဇီလဲ ဖြစ် စာလဲ မတတ် ဖြစ်တတ်၏။

၂။ အလဇ္ဇီစာတတ်ထံမှာလဲ မနေရ၊စာတတ်သော်လဲ အလဇ္ဇီ ဖြစ်တတ်၏။

၃။ လဇ္ဇီစာမတတ်ထံလဲ မနေရ၊ လဇ္ဇီဖြစ်သော်လဲ စာမတတ်ပဲ ဖြစ်တတ်၏။

၄။ လဇ္ဇီစာတတ်ထံမှာ နေရ၏၊ လဇ္ဇီလဲ ဖြစ် စာလဲ တတ်တတ်၏။

## ရွှေကျင်ဆရာတော်ဘုရားကြီး ဩဝါဒ

၁။ မြင်းမိုရ်တောင်ကို မှီ၍နေကြသော ယုန်ငယ်စသော သားသမင်တို့သည် ကျားစသောဘေးမှ လွတ်ကင်းကြသဖြင့် ခြသေ့ံယောင် ပြေးနိုင်ကြကုန်၏။

၂။ မြတ်စွာဘုရား သာသနာတော်၌ မှီနေကြကုန်သော ကလျာဏ ပုထုဇန်တို့သည် အပါယ်ဘေးမှ ကင်းကြသဖြင့် အရိယာယောင် ပြေးနိုင်ကြကုန်၏။

၃။ တွင်းထွက် ပတ္တမြားစစ်ဖြစ်သော်လည်း ကျောက်သွေးသမားက အကာကုန်အောင် သွေးသော်မှ အသွေးအရောင်ထွက်၍ တန်ဘိုး ရှိ၏။

၄။ ပတ္တမြားစစ်နှင့်တူသော ငါ့တပည့်တို့သည် ဉာဏ်ပညာ ဗဟုဿုတ ရှိကြသော်လည်း မာန်မာနတည်းဟူသော အကာကင်းမှ တန်ဘိုး ရှိကြကုန်မည်ဖြစ်၍ ကျောက်သွေးသမားနှင့် တူသော ဆုံးမတတ်သော ဆရာကောင်းတို့ကို ခစည်းကပ် မှီဝဲကြရမည်။

## ခင်မွန်ဆရာတော်ဘုရားကြီး၏ စာသင်နည်း ဩဝါဒ

တက်-သင် သော ကခ်ါအင္ဂကထာစသော ကျမ်းဂန်များကို အဖန်ဖန် အထပ်ထပ် စေ့စေ့စပ်စပ် ကြံကြံစည်စည် အနက်လှည့်ရမည်၊ မြန်မာလူမျိုး ဖြစ်ကြ၍ ပါဠိဘာသာမှ မြန်မာဘာသာ များများကြီး ပြန်ဆိုနိုင်လျှင် များများကြီး စာတတ်၏၊ အလတ်စား ပြန်ဆိုနိုင်လျှင် အလတ်စား စာတတ် ၏၊ အနည်းငယ် ပြန်ဆိုနိုင်လျှင် အနည်းငယ် စာတတ်၏။

## မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး၏ စာသင်နည်း

စာတတ်ကြောင်းကား တပါးသာတည်း၊ တပါးဟူသည် ရုပ်ပြီးခြင်း တည်း၊ ရုပ် များများပြီးလျှင် များများစာတတ်၏၊ အလတ်စားပြီးလျှင် အလတ်စား တတ်၏၊ အနည်းငယ်ပြီးလျှင် အနည်းငယ် တတ်၏။

အထက်ပါ ဆရာတော်ကြီး ၂-ပါး၏ စာသင်နည်းမှာ သဒ္ဒါကွဲသော်လည်း အနက်အဓိပ္ပါယ် အတူပင်ဖြစ်သည်၊ ပါဠိကို မြန်မာဘာသာသို့ ကျကျနန ပြန်ဆိုနိုင်ဘို့မှာ ရုပ်ပြီးမှ မှန်ကန်စွာ ပြန်နိုင်မည်ဖြစ်သည်၊ သို့ကြောင့် ဝါဒချင်း နည်းချင်း သဒ္ဒါအသံကွဲသော်လည်း အနက်တူကြပေသည်ဟု ဆိုသည်။

## စာ အခြေပြုနည်း

၁။ စာသင်သားငယ်၊ မျှားသွယ်သွယ်၊ နားဝယ်သစေပါ။

၂။ ဝိသုဒ္ဓါရုံ၊ သုတ်နက်ကုန်၊ နှုတ်ငုံရစေပါ။

၃။ နာမ်အာချာတ်ဂိုဏ်း၊ ကိတ်စဉ်ဂိုဏ်း၊ ဒိုင်းဒိုင်းပြေးစေပါ။

၄။ သမာသ်တဒ္ဓိတ်၊ ကာရကံ၊ ဖန်ဖန်လေ့လာပါ။

၅။ အဘိဓာန ဓာတွတ္ထနှင့် ဆန္ဒအလင်္ကာ ကျေမွပါမူ မှန်စွာလုံးစုံ ခြေလောက်လုံသည် တတ်ရုံရှေသာ ရှိသတည်း။

## ရွှေကျင်ဆရာတော်ဘုရားကြီး၏
## သိဿကောဝါဒများ

၁။ သစ်ပင် အားနည်းလျှင် လေမုန်တိုင်း တိုက်လှဲသည်။

၂။ ရဟန်း သမာဓိနည်းလျှင် ကိလေသာမုန်တိုင်း တိုက်လှဲသည်။

၃။ ကာလကို လူက မစားလျှင် လူကို ကာလက စားသည်။
၄။ ဦးခေါင်းပြောင် ရိတ်ခြင်းသည် မာနကို ရိတ်သည် မည်၏။
၅။ ငါသာ ငါ့ပြင် ငါမမြင်ဟု ဥရင်တဆူ ပြုမိမူ ထိုသူသူ့အောက် နေ့ချင်းရောက်လိမ့်။
၆။ မြေဆိုး ပါးပျဉ်းထောင်လျှင် လူရိုက်ခံရတတ်သည်။
၇။ ရန်မထောင်မှ ရန်အောင်သည်၊ ရန်ထောင်ရန်လှောင်မိတတ်သည်။
၈။ ရန်မလိုမှ ရန်ပြိုသည်၊ ရန်လို ရန်ပိုတတ်လှသည်။
၉။ ရိုသေစွာ ခစားလျှင် မင်းခစားပင် မင်းကို နိုင်သည်။
၁၀။ အဆင်းလှလျှင် အိမ်သူဇနီးပင် လင်ကို နိုင်သည်။
၁၁။ ကျင့်ဝတ် မချွတ်လျှင် တပည့်ပင် ဆရာကို နိုင်သည်။

စသည်တို့ဖြင့် ရွှေကျင် ဆရာတော် ဘုရားကြီး၏ ဩဝါဒကထာ အမျိုးပေါင်းကား မျှားလှစွာ၏၊ အကြောင်းညီညွတ်သောအခါ ရွှေကျင်ဆရာတော် ဘုရားကြီး၏ ဩဝါဒကထာများကို ကန့်သတ်ပိုင်းခြား၍ စာတအုပ်တည်း ပြုလုပ်ရန် ရည်ရွယ်လျက် ရှိပါသည်။

---

မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး၏
ထီ ဝိနိစ္ဆယမှာ ကောင်းလှ၍ ပြပါဦးအံ့။

## ထီ-ဝိနိစ္ဆယ

**ဇိယန္တု သဗ္ဗဝေရာနိ။** ။ဩဝါဒကထာ ၂၅-ချက်တို့တွင် တတိယအချက်ပါစကား ထီကစားပွဲသို့ ဝင်ခြင်းဟူရာ၌ ယခုကာလ ခေတ်သမယအလျောက် ရဟန်းကိစ္စ ဂန္ထဓုရ, ဝါသဓုရ နှစ်ပါးကို အားမဆောက်မူ၍ ထီထိုးသော ရဟန်းဖျင်းများ ပေါ်ပေါက်လာသည်ဖြစ်၍ ထိုရဟန်းဖျင်းများ ကွယ်ပျောက်ခြင်း, သာသနာတော် ထွန်းတောက်ခြင်း အကျိုးငှါ "ထီ" အဆုံးအဖြတ် ဝိနိစ္ဆယကို အမြွက်မျှ ပြဆိုဦးအံ့။

ထီ-ကို ထဆင်ထူးဖြင့် "ထီ" ဟု ရေးလျှင် ထိနံ ဘာဝေါ ဒုရာဇာနော-ဟူသော မာဂဓ, ကူပေါဒကံ ဝဋ္ဋဿာယာ၊ သာမာ ထိ ဣဋ္ဌကာလယံ။ သီတကာလေ ဘဝေ ဥဏှံ၊ ဥဏှကာလေ စ သီတလံ-ဟူသော သက္ကတ နှစ်ပါးလုံး၌ပင် မိန်းမကို ဟော၏ (မိန်းမ-ဟု အနက်ထွက်၏)။ မိန်းမလိုချင်, သားမယားမွေးချင်လို့ ထီထိုးသည်ဟု အဓိပ္ပါယ်ရ၏။

၄ ဝမ်းဘဲဖြင့် "ဠိ" ဟုရေးလျှင် ဥပ္ပါဒဋ္ဌိတိဘင်္ဂဝသေန ခဏတ္တယံ ဧက-စိတ္တက္ခဏံ နာမ—ဟူသည်နှင့်အညီ ပျက်ခြင်းဘင်သို့ ရှေးရှု၍ တည်နေသော ဠိ-ကို ဟော၏၊ ပျက်စီးတော့မည့် ပုဗ္ဗနိမိတ် ဖြစ်လာ၍ ဠိထိုးသည်ဟု အဓိပ္ပါယ်ရ၏။

အလောင်းအစား ကစားပွဲ လိုက်စားခြင်းကို ပျက်စီးကြောင်းဟု သိင်္ဂါလောဝါဒသုတ်၌ ဘုရားသဗ္ဗညုလည်း ဟောတော်မူ၏၊ သာသနာတော်တွင်း ရဟန်းဖျင်းများမှာ ထီ့,ဠိ အက္ခရာနှစ်ပါးဖြင့်ပင် ကောင်းစားဘို့ နိမိတ်မမြင်၊ ပျက်စီးဘို့ နိမိတ်သာ ထင်လာသည်၊ နတ်များစုတေခါနီးလျှင်—

ဆင်းနားပန်းညှိုး၊ ပုဆိုးနွမ်းပါး၊ ချွင်းကြားချွေးယို၊ ကိုယ်
ရောင်ဆင်းပျက်၊နန်းထက်မမွေ့၊ နတ်ဘုန်းဟော့၊ စုတေ့နိမိတ်ငါး။—

ဟူသော ပုဗ္ဗနိမိတ်များ ဖြစ်လာသကဲ့သို့ လူထွက် ပျက်စီး သေခါနီးသော ရဟန်းမှာလည်း—

သဒ္ဓါပုပ္ဖါ မိလာတာသ၊ သီလဝတ္ထံ ကိလိဿတိ။
ကိလေသသေဒါ မုစ္စန္တိ၊ ကာယေ ဟောတိ ဝိဝဏ္ဏတာ။
ဘိက္ခု ဘိက္ခာသနေ နာဘိ-ရမတေ ဣတိ ပဥ္စမာ။
သက္ကတ္တသဒိသာ ဘိက္ခု-ဘာဝါ စုတိနိမိတ္တကာ။

အဿ-ထိုလူထွက်လိုသော ရဟန်းအား၊ သဒ္ဓါပုပ္ဖါ-သဒ္ဓါတရား တည်းဟူသော ပန်းတို့သည်၊ မိလာတာ-ညှိုးနွမ်းကုန်၏၊ သီလဝတ္ထံ-သီလ တည်းဟူသော အဝတ်ပုဆိုးသည်၊ ကိလိဿတိ-ညစ်နွမ်း၏၊ ကိလေသသေဒါ-ကိလေသာတည်းဟူသော ချွေးတို့သည်၊ မုစ္စန္တိ-ယိုထွက်ကုန်၏၊ ကာယေ-ကိုယ်၌၊ ဝိဝဏ္ဏတာ-ရုပ်ရေအဆင်း ပျက်စီးခြင်းသည်၊ ဟောတိ-ဖြစ်ရရှာ၏။

ဘိက္ခု-ရဟန်းအစစ် ဖြစ်ပါလျက်၊ ဘိက္ခာသနေ-ရဟန်းတို့နေရာ သာသနာတော်၌၊ ဝါ-သူတော်ကိန်းအောင်း ရဟန်းကျောင်း၌၊ နာဘိရမတေ-မမွေ့နိုင်ရှာ၊ ဣတိ-ဤသို့၊ ပဥ္စမာ-ငါးပါးအပြားအားဖြင့်၊ သက္ကတ္တသဒိသာ-တန်ခိုးကြီးလတ် နတ်အဖြစ်နှင့်တူသော၊ ဘိက္ခုဘာဝါ-ရဟန်းအဖြစ်မှ၊ စုတိနိမိတ္တကာ-ရွေ့လျော ပျက်စီးကြောင်း နိမိတ်တို့ကို၊ ဝိဇာနိယာ-သိအပ်ကုန်၏။

၁-သဒ္ဒါပန်းညှိုးခြင်း၊ ၂-သီလအ၀တ် ညစ်နွမ်းခြင်း၊ ၃-ကာမ၀ိတက် ချေးယိုထွက်ခြင်း၊ ၄-ဆံပင်ရှည်ခြင်း စသည်ဖြင့် ရဟန်းကိုယ်ရောင် ပျက်ခြင်း၊ ၅-ဆိတ်ငြိမ်ရာကျောင်းတွင် ပျင်းရိခြင်း ဟူသော ပုဗ္ဗနိမိတ် ငါးပါးဖြစ်ပေါ်လာလျက်လူထွက်၍ မိန်းမယူဘို့ရာ ဥစ္စာကိုရှာ,ပရိက္ခရာကိုရောင်းချ ထီထိုးကြသည်။

ထိုထီထိုးကြသော ကစားပွဲသည် တကျပ်စီ, ငါးမူးစီ လောင်း၍ ကံကောင်းသူ တယောင်းရ, ငါးထောင် ရနိုင်၍ မရသူ လောင်းစွက်သမျှဆုံး၍ ထီရှုံးသည်ဖြစ်၍ လှေပြိုင်,မြင်းပြိုင်, ကြက်တိုက်,ဖဲရိုက် စသောပွဲများကဲ့သို့ ထီပွဲဟူသည် အလောင်းအစား ကစားပွဲ ဖြစ်၏။

န ကိဉ္စိ ကိဉ္စိ ကိဉ္စိတံ။ ။ဘိက္ခုနံ ပန အဇ္ဇုတံ ကာတုံ န ဝဋ္ဋတိ-ဝိနည်းပညတ်ရှိသောကြောင့် ရဟန်း လောင်းတမ်းကစားလျှင် ရှုံးရှုံးနိုင်နိုင် ရှေးဦးစွာ ဒုက္ကဋ်အာပတ် သင့်သည်ဖြစ်၍ ထီထိုးသော ရဟန်းသည် ရှုံးရှုံးနိုင်နိုင် ရှေးဦးစွာ ဒုက္ကဋ်အာပတ် သင့်၏။ ရှုံး၍ မိမိက ပေးသင့်သောငွေကို ပြေကုန်အောင် မပေးပဲ တပဲတန် ချန်ဝှက်ထားလျှင် ဒုက္ကဋ်၊ တပဲတန်ထက် အလွန် ချန်ထားလျှင် ထုလ္လစ္စည်း အာပတ်၊ ငွေစင်တမတ်, ငါးပဲတန်, ငါးပဲ ချန်ဝှက် ခိုးယူထားလျှင် ပါရာဇိကကျ၍ ရဟန်းဘ၀ ဆုံးရှုံးရ၏၊ ထီပေါက်လက်မှတ်ကို ရယူ ထီနိုင်သသူ ရဟန်းမှာ——

ဇာတရူပရဇတံ ဥဂ္ဂဏှေယျ ၀ါ ဥဂ္ဂဏှာပေယျ ၀ါ ဥပနိက္ခိတ္တံ ၀ါ သာဒိယေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ—သိက္ခာပုဒ်တော်ရှိ၍ နိဿဂ္ဂိပါစိတ် အာပတ်သင့်၏။

ထိုငွေကို သံဃမဇ္ဈေယေ၀ နိဿဇ္ဇိတဗ္ဗံ— ဘုရားဟောတော်မူသည်ကို မလိုက်မနာ သံဃာ့အလယ်မှာ မစွန့်လျှင် မိမိလည်း မအပ်၊ အခြား ရဟန်းသာမဏေ သီတင်းသုံးဖော် ၅-ယောက်လုံး မအပ်။

ပတ္တစတုက္က၌ သံဃာ့အလယ်၌မစွန့်သောငွေဖြင့်ပြုလုပ်အပ်သော မဟာ-အကပ္ပိယ ပထမ သံသပိတ်ကြီးကို တံငါသည်များ ရ၍ ငါးများချိတ် လုပ်ပြီးများ၍ ရသော ငါးသည်ပင် သီတင်းသုံးဖော် ၅-ယောက်တို့အား မအပ်။

ငွေကို ခံပြီး သပိတ်ကြီးကို ၀ယ်ယူသော ဒုတိယ သပိတ်လည်း သပိတ်သည်ထံ ပြန်ရောင်း၍ တဖန် အပ်သောအဘိုးဖြင့် အပ်အောင် ၀ယ်ယူပြန်မှ အပ်တော့သည်။

ငွေကို မခံ ကပ္ပိယကာရကထံ၌ ရှိသောငွေကို သပိတ်သည်အား ၅ိ ပေးလိုက်, ၁ဝိ ပေးလိုက် စသည်ဖြင့် ငွေကိုစီရင်၍ ဝယ်ယူသော တတိယ သပိတ်ကား ထိုရဟန်းတပါးသာ မအပ်၊ အခြားသော ရဟန်းများမှာ အပ်၏။

ငွေကို မစီရင်မူ၍ ဤသပိတ်ကို အလိုရှိသည်ဟု တောင်း၍ ကပ္ပိယ-ကာရက ဝယ်ယူလှူဒါန်းသော စတုတ္ထသပိတ်ကား မိမိပါ ရဟန်းအားလုံး အပ်၏၊ ဘုရားမြတ်စွာပင် သုံးဆောင်ခြင်းငှါ ထိုက်၏-ဟု အဋ္ဌကထာ မိန့် ဆိုသည်ကို ထောက်၍ ထိုထိပေါက်သောငွေကို ခံယူပြီးမှ မိဘဆွေမျိုးဖြစ်သူ လူတို့အား ပေးလိုက်၍သော်ငင်း,မိမိ လူထွက်၍သော်ငင်း ထိုငွေဖြင့် ဝယ် ခြမ်း၍ လှူဒါန်း ဆွမ်းလောင်းသည်ကို ဘယ်ရဟန်းသာမဏေမှ မခံ, မသုံး ဆောင်အပ်။

ရဟန်းတုန်းက မအပ်မရာ ပရိက္ခရာရောင်းချ ငွေစုပြီး၍ လူထွက်သော ရဟန်းလူထွက်၏ အလှူများနည်းတူပင်။ ဤသို့လျှင် ရဟန်းဖျင်းတယောက် မစောင့်ရှောက်လျှင် မြားမြောင်ကြီးကျယ်စွာ သာသနာတော်၌ အညစ် အကြေး ဘေးရန် ဖြစ်ပွါး၏၊ ကြိုးစား၍ စောင့်ရှောက်ကြရာသည်။

ထိပေါက် ငွေရပြီးမှ သံဝေဂဉာဏ် ဖြစ်ပေါ်လာ၍ ဝိနည်းကျမ်းဂန်နှင့် လျော်ကန်စွာ ကုသ သုတ်သင်ပေးတော်မူပါ—လျှောက်ထားလာက သံဃာ စည်းဝေးပြီးလျှင်—အဟံ ဘန္တေ ရူပိယံ ပဋိဂ္ဂဟေသိံ၊ ဣမံ မေ ဘန္တေ နိဿဂ္ဂိယံ၊ ဣမာဟံ သံဃဿ နိဿဇ္ဇာမိ-ဟု ဆို၍ သံဃာအား စွန့်လွှတ် အပ်၏၊ ငွေများလျှင် ရူပိယာနိ, ဣမာနိ၊ အဝေးမှာနေလျှင် ဧတံ, ဧတာနိ-ဟု ဆိုစေအပ်၏။

ထိုအခါ ထိုအရပ်သို့ ရောက်လာသော ဒကာက သိ၍ ဤဥစ္စာဖြင့် ဘယ် ဟာကို ဝယ်ယူခဲ့ရမည်နည်း-မေးလျှင် ဘယ်ဟာကို ဝယ်ခဲ့ဟု မဆိုကောင်း၊ သရက်သီးများဖြင့် အပ်၏-ဟု အပ်သည်ကိုသာ ပြောဆိုအပ်၏၊ သရက်သီး စသည် ဝယ်ယူလာလျှင် ထိထိုးငွေခံသောရဟန်းကို ချန်ထား၍ ကြွင်းသော ရဟန်းသာမဏေများ ဝေဘန်၍ သုံးဆောင်အပ်၏။ ထိုဝေဘန်သောအခါ လူညှော်သည် ကပ္ပိယကာရကများ ဝေပုံရသော သရက်သီးသည်ငင်း, တောမျောက်ချီသွားသော သရက်သီးမှ အစေ့ကျ၍ တောထဲမှာ ပေါက်နေ သော သရက်ပင်ရိပ်, ထိုအပင်မှ သီးပြန်သော သရက်သီးသည်ငင်း ငွေခံ ထိပေါက်သော ရဟန်းအား မအပ်၊ စွန့်ရာအရပ်သို့ ရောက်လာသော ဒကာ

ယူ၍သွားလျှင် ယူပေစေ မတားမြစ်အပ်။ ယူ၍လည်း မသွား, အပ်သော ပစ္စည်းများကိုလည်း ဝယ်၍မပေး, တပည့်တော် မအားသေးဆို၍ သွားမည် ရှိလျှင် ဒါယကာ....ဤငွေကို ယူ၍ စွန့်ပစ်လိုက်ပါဟု ဆိုအပ်၏၊ မစွန့်ပဲ ဇွတ် အတင်း ထွက်သွားလျှင် ငွေကိုကိုင်ယူ၍ စွန့်ပစ်ဘို့ ရူပိယဆဍ္ဍက-ရဟန်း သမုတ်ပြီးလျှင် မစင်ကဲ့သို့ မငဲ့ကွက်မူ၍ ကိုင်ယူ စွန့်ပစ်အပ်၏။

ဤဌ် သံဃာ့အလယ်မှာ စွန့်အပ်သော ပစ္စည်းသည် ညဥ့်ကင်း၍ စွန့် သော တိစီဝရိက် သက်န်းစသည်ကဲ့သို့ ဝိနည်းပရိယာယ်အားဖြင့်သာ သံဃာ အား စွန့်သည်ဖြစ်၍ သံဃာ့ဥစ္စာစစ် မဖြစ်သောကြောင့် ထိုဥစ္စာကို သံဃာ မအပ်, မလျောက်ပတ်ဟု နှလုံးပြု၍ ယူသွားသော လူမှာလည်း အဒိန္နာဒါန် ကမ်ထိုက်သည်ဟု မဆိုနိုင်။

သမ္မုတိ မရပဲ ဤဥစ္စာကို တော်ရာယူ၍ ပစ်လိုက်ပါ-ဟု စေခိုင်း သော ရဟန်းမှာလည်း အဒိန္နာဒါန် ဘဏ္ဍာစားထိုက်သည် ဟု မဆိုအပ်၊ သမ္မုတိ ရ၍ စွန့်ပစ်သော ရူပိယဆဍ္ဍကရဟန်းမှာကား ဆိုဖွယ်ရာ မရှိပြီ။

ရဟန်းဖြစ်လျက် ခံမိသော ငွေကို သံဃာ့အလယ်ဌ် စွန့်ပစ်ရခြင်း၏ အကျိုးကား — ထိုဥစ္စာဖြင့် လိမ္မာသော ဒါယကာ ဝယ်ခြမ်း၍ လာသော ပစ္စည်း, မလိမ္မာသော ဒါယကာ ယူသွား၍ငှင်း, ရူပိယဆဍ္ဍကရဟန်း စွန့် ပစ်သည်ကို ရှာဖွေ ကောက်ယူ၍ငှင်း အိမ်သို့ရောက်က ပိဏ္ဍပါတ်ဆွမ်း လောင်းခြင်း စသည်ဖြင့် ပေးလှူအပ်သော ပစ္စည်းသည် တပါးသော ရဟန်းသာမဏေတို့အား အပ်စပ်ခြင်း အကျိုးရှိ၏။

ထိုပေါက် ငွေခံပြီး၍ သံဃာ့အလယ်မှာ စွန့်ပြီးလျှင် ဟိရောတ္တပ္ပ ကင်း၍ ထိုခဏ ချက်ခြင်း သိက္ခာချ လူထွက်၍ သူများမဦးခင် မိမိစွန့်သော ဥစ္စာ ကို မိမိပင် ယူသွားရာဌ်လည်း နည်းတူပင် ဆုံးဖြတ်သင့်၏။

ဤသို့လျှင် ငွေခံ ထီထိုး လောင်းတမ်းကစားမျိုး အဆုံးအဖြတ် ခက် ကပ် ပွေရှုပ်လှသည်ဖြစ်၍ ငါတို့တိုက်က ထီပွဲကစားရာဝင်သော ရဟန်း သာမဏေဖျင်းများ ပေါ်လာလျှင် ကျောင်းသားကျင့်ဝတ် ဆယ်ပါးတွင်—

ကစားမျိုးလိုက် ကျောင်းသားမိုက် ကျောင်းဌ် မနေရပါဘုရား— ဟုပါဝင်၍ ကျောင်းသားကိုပင် နှင်ထုတ်ရသေး၏၊ ရဟန်းသာမဏေများကို ကား ဆိုဖွယ်ရာမရှိ၊ တိုက်တာ ဂိုဏ်းဂဏမှအပ နှင်ထုတ်ရမည်။

ထိုထိုးသော ပုဂ္ဂိုလ်ကို သိလျက်နှင့် တိုက်အုပ် တိုက်ကြပ် အကြီးအကဲ များထံ မလျှောက်ထားပဲ အလိုတူ သို့ဝှက် ထိမ်ချန်၍ထားသော ပုဂ္ဂိုလ်များကိုလည်း နှိုနာလောက်အောင် ဒဏ်ပေးရမည်။

ရန်ဖြစ်တတ်သော ဝိဝါဒကာရက-ရဟန်းကိုသာ တိုက်မှအပ နှင်ထုတ်ရသည်၊ အလဇ္ဇီရဟန်းကိုကား မိမိနေရာသို့ မဝင်လာရုံသာ နှင်ထုတ်ရသည်ဟု အဋ္ဌကထာ မိန့်ဆိုသည်မဟုတ်လော၊ ထိုထိုးသော ရဟန်းကို နှင်ထုတ်ခြင်းသည် ဓမ္မကမ်ဟုတ်ပါ၏လောဟူမူ—အရှင်သာရိပုတ္တရာ၏ တပည့် အာဂန္တုက ရဟန်းငါးရာ ရောက်လာသောအခါ သက်န်း သပိတ် ပရိက္ခရာ သိမ်းဆည်းခြင်း, နေရာထိုင်ခင်း ပြင်ဆင်ခြင်း စသည်ဖြင့် တံငါသည်တို့ ငါးလုကြသော အသံကဲ့သို့ ရှိနေသဖြင့် ဆူညံမှုနှင့်ပင် ဘုရားရှင် နှင်ထုတ်တော်မူသကဲ့သို့ နော်င် ဆုံးမလွယ်စေခြင်းငှါ အာစရိယောဝါဒ ဆုံးမပေသည်ကို အပြစ်မဆိုသာပေ၊ ထို့ကြောင့် ထိုပေါက်သူဖြစ်စေ, မပေါက်သူဖြစ်စေ ထိုထိုးသည်ဟုဆိုလျှင် နှင်ထုတ်ရမည်။

ထိ-ဝိနိစ္ဆယ ပြီး၏။

ဩဝါဒကထာလည်း ဖြစ်၏။

---

## တိုက်ဘွန်းခြင်း

ဤသို့ အစရှိသောအားဖြင့် ရွှေကျင်ဂိုဏ်း၌ အနှစ်အသားဖြစ်သော ဩဝါဒကထာတို့သည် များမြောင်စွာ ရှိကုန်၏၊ ယင်းတို့ကြောင့်ပင်လျှင် ရွှေကျင်ဂိုဏ်း သံဃာတို့သည် ကောင်းမွန်ကြ၍ ယနေ့တိုင် အဆက်ဆက် အခွန့်ရှည်စွာ တည်ရှိနေခြင်းပင် ဖြစ်ပေသည်။

ရွှေကျင်ဂိုဏ်းသံဃာ ဆိုရုံမျှနှင့် ရွှေကျင်အမည်ခံရုံမျှနှင့် ကောင်းသော ရွှေကျင်သံဃာ ဖြစ်လေသလား ဟု ဆိုဖွယ်ရှိ၏။ မြတ်စွာဘုရား သက်တော် ထင်ရှားရှိတော်မူစဉ်ကပင် သာဝတ္ထိ, ရာဇဂြိုဟ် စသည်တို့၌ ဆဗ္ဗဂ္ဂီအဖွဲ့ဝင် ရဟန်းတွေ ရှိနေသေးသည်ဖြစ်၍ များလာလျှင် ဘယ်အရာမဆို အရော အနှော အဖျင်းအမှော် ပါဝင်လာမြဲ ဖြစ်သကဲ့သို့ ရွှေကျင်ဂိုဏ်း ထင်ရှား, ကြည်ညိုသူ များ, သံဃာတွေလည်း ပွါးများလာခဲ့သည် ဖြစ်ရာ အချို့ အနည်းငယ်သော ပုဂ္ဂိုလ်တို့သည် ကျောင်းကန် စသော ပစ္စည်းကို

အကြောင်း ပြု၍ ရွှေကျင်ဖြစ်လာသူတို့လည်း ရှိကောင်း ရှိကြပေမည်။ ပကတိအားဖြင့် သဒ္ဓါတရားနည်း၍ ဘုရားပညတ်တော်နှင့်တကွ ဂိုဏ်းစည်းမျဉ်း, ဆရာသမားများ ဆုံးမသြဝါဒတို့ကို မလိုက်နာနိုင်ပဲ နေသော ပုဂ္ဂိုလ် အချို့လည်း ရှိပေလိမ့်မည်။ အချို့မှာလည်း ဌာနအားဖြင့် ဆရာသမားများနှင့် ဝေးကွာလွန်းပြီး သဒ္ဓါတရားရှိကြလျက် နည်းနိဿယ သြဝါဒများ ကောင်းကောင်းမရကြမှု၍ နေကြရသော ပုဂ္ဂိုလ်တို့လည်း ရှိကောင်း ရှိပေမည်။ သို့ရာတွင် များသောအားဖြင့် မူကား အကြည်ညို ခံနိုင်လောက်အောင် ရဟန်းကောင်း ဖြစ်သော ရွှေကျင်သံဃာတို့သာ လျှင် ဖြစ်ကြကုန်၏။

အဘယာရာမဆရာတော်, အတိသုဒ္ဓါရုံဆရာတော်, တံ့တေးဆရာတော် အရှင် ဦးနာဂစသော ပုဂ္ဂိုလ်ကြီးများသည် ရွှေကျင်စည်းမျဉ်း ကောင်းသည်ကို ကျေနပ်နှစ်သက်၍ ရွှေကျင်အဖြစ်သို့ ရောက်တော်မူလာကြသည် ဖြစ်ရာ ပစ္စည်းနှင့် ဒကာ့မျက်နှာကို မငဲ့ကြမူ၍ ကိုယ်တိုင် အတိအကျ လိုက်နာ၍ တပည့်များကိုလည်း လိုက်နာတော်မူစေကြသဖြင့် ရွှေကျင်ဂိုဏ်း၌ အကြီးအချုပ် ဉက္ကဋ္ဌ မဟာနာယကကြီးတွေ ဖြစ်တော်မူသွားကြပေသည်။

သို့ဖြစ်၍ တပည့်တော်တို့သည် မိမိကြောင့် မိမိတို့၏ မှီရာ မြတ်စွာ ဘုရား သာသနာတော်ကြီးနှင့် တကွ ရွှေကျင်ဂိုဏ်းကြီး ဂုဏ်ကို မထိခိုက် မညှိုးနွမ်းစေမူ၍ မိမိတို့ကြောင့် ကောင်းသော ရွှေကျင်ဂိုဏ်းဂုဏ်ကို ခိုင်မြဲ စေလျက် မိမိတို့သည်လည်း ကောင်းသော ရွှေကျင်ဂိုဏ်းသံဃာများ ဖြစ်တော်မူကြရအောင် သတိဆောင်တော်မူကြရန် လျှောက်ထားခြင်းဖြင့် ရွှေကျင်နိကာယ သာသနာဝင်ကို နိဂုမ်းအုပ်ပါတော့မည်။

ဖော်ပြပြီး ဆရာတော်ကြီးများအပြင် ညောင်လေးပင် ပထမ ဆရာတော်ဘုရားကြီး, ပဲခူးဆရာတော်များ, မော်လမြိုင်မြို့နယ် ဆရာတော် များ,ပုသိမ်မြို့နယ်ဆရာတော်များ စသည်ဖြင့် မြန်မာနိုင်ငံအဝှမ်း၌ ရွှေကျင် သာသနာဝင်၌ ထင်ရှားစွာ သာသနာ ပြုသွားတော်မူကြသော မထေရ် မြတ်ကြီးများလည်း ရှိပါသေးသည်။

ယခုနှစ် ၁၃၂၅-ခုနှစ် နတ်တော်လဆန်း ၃-၄-၅ ရက်တို့၌ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်၌ ပြုလုပ်လတ္တံ့သော ရွှေကျင်နိကာယ သံဃာ့အစည်း

အဝေးကြီးအမှီ "ရွှေကျောင်နိကာယ သာသနာဝင်" စာတမ်း ရိုက်နှိပ်ပြီးစီးရန် လိုလား တောင့်တကြပါသောကြောင့် ရသမျှ ရောက်သမျှနှင့် အဆုံးသတ်၍ နိဂုမ်း အုပ်လိုက်ရသည်ကို သည်းခံ ခွင့်ပြုတော်မူကြပါရန် တောင်းပန်အပ်ပါကြောင်း။

## နိဂုမ်း

နိဋ္ဌမေတ္တာဝတာ ရွှေကျောင်-နိကာယဝရသာသနာဝင်။
မုခဂ္ဂကေ သာကေ ဇုဏှေ၊ အာသာဠှီယုတ္တမာသကေ။
ပုဏ္ဏိန္ဒုဒိဝသေ သေဋ္ဌေ၊ ဓမ္မစက္ကပဝတ္တကေ။
ပုဏ္ဏေန္တု နိဿေသာ သဗ္ဗေ၊ ယထိစ္ဆိတဝရေ ဝရေ။

တွောဝတာ-ဤမျှသောစကား အစဉ်ဖြင့်၊ မုခဂ္ဂကေ သာကေ-သက္ကရာဇ် ၁၃၂၅-ခုနှစ်၌၊ အာသာဠှီယုတ္တ မာသကေ-အာသာဠှီနက္ခတ်နှင့် ယှဉ်သော ဝါဆိုလ၌၊ သေဋ္ဌေ-မြတ်သော၊ ဓမ္မစက္ကပဝတ္တကေ-ဓမ္မစကြာ ဒေသနာကို ဟောရာနေ့ဖြစ်သော၊ ဇုဏှေ-လဆန်းပက္ခဖြစ်သော၊ ပုဏ္ဏိန္ဒုဒိဝသေ-လပြည့် နေ့၌၊ ရွှေကျောင်နိကာယဝရသာသနာဝင်- မြတ်သော ရွှေကျောင်နိကာယ သာသနာဝင်သည်၊ နိဋ္ဌံ-ပြီးပြည့်စုံခြင်းသို့၊ ပတ္တော-ရောက်ပေပြီ။

နိဿေသာ-အကြွင်းမဲ့ဖြစ်ကုန်သော၊ သဗ္ဗေ-ခပ်သိမ်းသော ပုဂ္ဂိုလ်တို့ သည်၊ ဝရေ-ကောင်းမြတ်သော၊ ယထိစ္ဆိတဝရေ-တောင့်တအပ်သောဆု၌၊ ပုဏ္ဏံ-ပြည့်ဝခြင်းသို့၊ ဧန္တု-ရောက်ကြပါစေကုန်သောဝ်။

ပြီးပြီ။

**အရှင်ပဏ္ဍိတထေရ်**
ရွှေဟင်္သာတိုက်သစ်
စစ်ကိုင်းတောင်ရိုး
စစ်ကိုင်းမြို့။

သက္ကရာဇ် ၁၃၂၅-ခုနှစ် ဝါဆိုလဆန်း ၁၅-ရက်၊ (လပြည့်) နေ့၌ ရေးသားပြီးသည်။

# နောက်ဆက်တွဲ

## အလုံမြို့ ဥပဒေ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

အလုံမြို့ ဂိုဏ်းအုပ် ဂိုဏ်းထောက် သံဃာတော်တို့ကို ရွှေကျင် ဆရာတော်က ဆုံးမဩဝါဒ ပေးချက်ပါဘုရား။

၁။ လဇ္ဇီ ဗဟုဿုတ ဆယ်ဝါရ၊ ပါဠိအဋ္ဌကထာ နိုင်နင်းစွာချပို့နိုင် နိဿယည်းပေး၍ တပည့်ပရိသတ်မွေးစေ၊

၂။ အလဇ္ဇီ ဗဟုဿုတ ပါဠိအဋ္ဌကထာချပို့နိုင် ဒုဗ္ဗစ၊ ဥက္ခေပနိယကံပြု အယူကိုမစွန့်သော် ဂိုဏ်းမှအပဖြစ်စေ။

၃။ လဇ္ဇီ အပ္ပဿုတ ငါးဝါထက်အလွန် ဒွေမာတိကာရ အနက်ထင် နိဿယမုစ္စက နေစေ။

၄။ လဇ္ဇီ ဆယ်ဝါရ ပါဠိအဋ္ဌကထာ နိုင်နင်းအောင် မချပို့နိုင် ဒွေမာတိကာ အနက်ထင်, ဥဘတောဝိဘင်း ခုဒ္ဒသိက္ခာ အနက် ထင်အောင် သင်ဘူးသူ ရဟန်းသာမဏေ မွေးစေ။

၅။ လဇ္ဇီ အပ္ပဿုတ ပါဠိအဋ္ဌကထာ မချပို့နိုင်၊ ဒွေမာတိကာ မရ၊ ဆရာတပါးထံ မှီ၍နေစေ။

၆။ ကုလဒူသန အနေသန လွတ်ကြောင်းကို အမှန်မဆိုဝံ့ သုဗ္ဗစ၊ ရပ်ရွာမှ ၇-ရက်ဖဲ၍ မိုးကောင်းတိုက်နည်း စာတမ်းနှင့်ကံပြုစေ။

၇။ ကုလဒူသနမှကားလွတ် အနေသနလွတ်ကြောင်းကို ဘုရားရှင်ထံ ကေန်မဆိုဝံ့ ရပ်ရွာမှမဖဲ သံသယမကင်းသူတို့ ပစ္စည်းလာဘ် ကိုသာ ဖြစ်စေ။

၈။ ကုလဒူသနမလွတ် ဒုဗ္ဗစရဟန်း ရပ်ရွာမှ ၇-ရက်ဖဲစေ၍ ကမ္မဝါစာ ဖြင့် ကံပြုစေ။

၉။ ကုလဒူသန အနေသနမလွတ် ဒုဗ္ဗစ ကံမပြုလို တရားနာ ရွှေကျင် တိုက်သို့ လာစေ။

၁၀။ ဘဏ္ဍနကာရက ဝိဝါဒကာရက ကလဟကာရက ဘဿကာရက အလဇ္ဇီ ကမ္မဝါစာဖြင့် တဇ္ဇနီယကံပြု အဒန္တ အလုံနယ်မှ ပစေ။

၁၁။ ဒွေမာတိကာ ခုဒ္ဒသိက္ခာတို့ကို မရသော်လည်း ပါဠိအဋ္ဌကထာ ဋီကာ နိုင်နင်းအောင် ချပို့နိုင်သူတို့မှာ ၁၂၃၀-ပြည့် မြို့တော်မှ

ပြန်ပြီးသည့်နောက် ရပ်ရွာသို့ ရောက်၍ သက္ကရာဇ် မကူးမီ နိဿယည်းပေး၍ နေစေ။

၁၂။ အလဇ္ဇီ အသက်ခုနစ်ဆယ်ယွယ် ဇရာဒုဗ္ဗလ, ဗျာဓိဒုဗ္ဗလ, အနာထ, ဒုဗ္ဘိစ ရဟန်းသာမဏေ ဓွေလျှော်ရာ နေစေ။

၁၃။ လဇ္ဇီ ဇရာဒုဗ္ဗလ အပ္ပဿုတ ဒွေမာတိကာ မရ၊ အနက်မျှလည်း မထင် မသိ၊ ဆရာအမှီရှာ၍ နေစေ။

၁၄။ သာမဏေ ကျောင်းထိုင် မရှိစေရ။

၁၅။ ဂိုဏ်းအုပ် ဂိုဏ်းထောက် ဆရာတို့ မစီရင်မီ အမှုသည်တို့ကို မြို့တော်သို့ မလာ မရောက်စေရ။

၁၆။ လဇ္ဇီဟူ၍ မထင်ရှားသော ပုဂ္ဂိုလ်က ရဟန်းတပါးအား ပါရာဇိ-က အန္တိမ အမှုနှင့် စောဒနာလိုလျှင် ဒုဋ္ဌဒေါသဖြင့် ပရူပဝါဒ ကင်းအောင် ကင်းစေခြင်းငှါ အန္တိမအမှုနှင့် ယုံမှားမကင်း ရှိပါ ကြောင်းကို ဘုရားရှင်ထံ ကြောက်မက်ဖွယ်သော သစ္စာဓိဋ္ဌာန် ခြင်းကို ပြုဝံ့သူတို့ကိုမှ စောဒနာစေ၊ လက်ခံ စီရင်စေ။

၁၇။ ကျောင်း အာရာမ် ဥယျာဉ် စသော ပစ္စည်း ဥစ္စာနှင့် စပ်၍ တရားဖြစ်ပွါးသော် ပါရာဇိကအဒိန္နာဒါန်သိက္ခာပုဒ်၏ အလွန်သိမ် မွေ့သောကြောင့် ဝိနယဓရ ပုဂ္ဂိုလ်၌ ပရူပဝါဒ ကုက္ကုစ္စ မကင်း ရာသည် ဖြစ်၍ အရှုံး အနိုင် အစိုးတရ မစီရင်ပဲ နှစ်ပြင်အမှု သွားတို့ကို တရားဟော ပြသ၍ အမှုသည်နှစ်ဖက် ကျေချမ်း အောင် စီရင်၊ မကျေချမ်းလျှင် တပါးသော ဝိနယဓရထံ စီရင် ခံစေ။ နှစ်ဝိနည်းခိုရ်, သုံး ဝိနည်းခိုရ် ဆရာတို့ နှစ်ဦးနှစ်ဝ ကျေချမ်းအောင် တရားပြသ ဆုံးမ၍ မရနိုင်၊ အာမိသဂရုပြု၍ ကျောင်း အာရာမ် ဥယျာဉ် စသော အမှုများနှင့် ကလဟ-ဝိဝါဒ ငြင်းခုံဖြစ်ပွါး ဒုဗ္ဘိစ နေထိုင်သည်များကို အလုံးစုံသော သံဃာ့အာရာမ်မှ ပစေ။

၁၈။ ဂိုဏ်းထောက် ဆရာတို့က ဂိုဏ်းအုပ်ဆရာကို ဒေါသ မာန အလျှောက် အပြစ်ကောက်၍ မထီမဲ့မြင် ဖက်ပြိုင် အံတု ကြမ်းထမ်းသော အမူအရာကို ပြုသော်ငှင်း, ဂိုဏ်းထောက်ချင်း ချင်း ကွဲပြားခြင်းအကြောင်း ခိုက်ရန်ဖြစ်ပွါး အားကြီးစွာ ဖြစ် ခဲ့သော်ငှင်း တကြိမ်, နှစ်ကြိမ်, သုံးကြိမ်မျှ ဖြစ်အံ့၊ အပြစ်အား

လျော်စွာ ဒဏ်များ ထမ်း၍ ကန်တော့စေ၊ နှစ်ကြိမ် သုံးကြိမ် ထက် အလွန် ဖက်ပြိုင် အံတု မချေမင် မထီမဲ့မြင်ပြုက ဂိုဏ်းထောက် အရာမှ ကျစေ။ ဂိုဏ်းအုပ်ဆရာတို့ကို ဂိုဏ်းထောက်ဆရာတို့က အကြောင်းအားလျော်စွာ သာယာဖြေးညှင်း လျှောက်ထား၍ မရ, ၃-ကြိမ်ထက် အလွန် ဒုဗ္ဗစကျင့်သော အာယတိံ သံဝရ မပြုက ဂိုဏ်းအုပ်အရာမှ ကျစေ။

၁၉။ ဂိုဏ်းအုပ် ဂိုဏ်းထောက် ဂိုဏ်းသား မရွေး ကျောင်းသား ရှင်ငယ် လူငယ်ဒါယကာတို့ကို တပြာကြိမ်လုံးတို့ဖြင့် ရိုက်နှက်ဆုံးမသော် အပြစ်အားလျော်စွာ ဒဏ်များစွာ ထမ်း၍ အာယတိံ သံဝရဖြင့် သံဃာ့အလယ် ဒေသနာကြားစေ၊ နှစ်ကြိမ် ၃-ကြိမ်ထက်မက အကြိမ်များစွာ ပြုကျင့် ကျူးလွန်သော် အာပတ္တိဗဟုလဖြစ်၍ အာမခံ ဆရာတပါးထံ မှီဝဲနေထိုင်စေ။

၂၀။ အလုံခြောက်ဂိုဏ်း အသီးအသီး ပဌမဂိုဏ်းထောက်ကြီး ပုဂ္ဂိုလ်က ဂိုဏ်းအုပ် ဂိုဏ်းထောက် ဂိုဏ်းသား အလုံးစုံကို ဥပဒေဘောင်နှင့်အညီ ကြောင့်ကြတခု ကိုယ့်ဝန်ကဲ့သို့ အထူးပြု၍ ကြည့်ရှုသုံသင် အားထုတ်စေ။

၂၁။ ကျောင်းသီး ကျောင်းခြား နေထိုင်လိုသူတို့ ဂိုဏ်းအုပ် ဂိုဏ်းထောက်ဆရာတို့ထံ လျှောက်ထား၍ ခွင့်ရမှ နေထိုင်စေ၊ မလျှောက်မထား ကျောင်းတကာတို့ ပင့်လာကာမတ္တဖြင့် နေထိုင်သော ပုဂ္ဂိုလ်အား လျော်စွာ ဂိုဏ်းထောက် ဂိုဏ်းအုပ်ပုဂ္ဂိုလ်တို့က ဒဏ်သင့်လျော်အောင် ပေးစေ။

၂၂။ ရှင်သာမဏေပြုလိုလျှင် လိင် ဒဏ် ပစ္စဝေက္ခဏာပါဠိ အနက်တို့ကို လေ့လာသင်ကြားစေ၍ သရဏဂုံကို ဌာန်ကရိုဏ်း နိဂ္ဂဟိတန္တ မ-ကာရန္တ သိထိလ ဓနိတပြီပြင်အောင် ဥဘတောသုဒ္ဓိဖြစ်အောင် ရွတ်ဆိုနိုင်မှ ရှင်ပြုစေ။

၂၃။ သာမဏေ လိင်ပြန်လျှင် တနေ့ကုန် တညဉ့်ကုန် ကာလအရှည် လူဝတ်လဲမနေစေပဲ ထိုခဏဉ် ဝတ်စေ၊ ပကတိ သီလရှိသော သာမဏေကို တပြေတရွာ ခေါ်သွားလို၍ လိင်ပြန်မခိုင်းစေရ။

၂၄။ လဇ္ဇီဗဟုသုတပင် ဖြစ်သော်လည်း မိမိကိုသာ နေရာကျ၍ တပည့်ရဟန်း သာမဏေတို့ကို ဣန္ဒြေရအောင် ဥပဒေဘောင်

နည်းကျအောင် မဆုံးမနိုင်သူတို့ကို ရဟန်းသာမဏေ ပရိသတ် မမွေးစေအပ်။

၂၅။ အကြောင်းမဲ့ ပရိယာယ် ရှာကြံ၍ နေလွှဲဆေးဝါး ကွမ်းစား တွေ့မြင်သော် ဒဏ်အခေါက် သုံးဆယ် စသည် ထမ်းစေ။ ဆေး သောက်သည်ကို တွေ့မြင်သော်ငြင်း, ရွာတွင်း ဘိနပ်စီး ထီး ဆောင်း လှည်းစီး စသော အမှုကို တွေ့မြင်ကြားသိသော်ငြင်း ဒဏ်အခေါက် ငါးဆယ် ခြောက်ဆယ် ထမ်းစေ၍ သံဃာ့အလယ် ၌ ဒေသနာကြားစေ၊ နှစ်ကြိမ် သုံးကြိမ်ထက်အလွန် ဒဏ်ဖြင့် ဆုံးမ မရ အကြိမ်ကြိမ် ဒုဗ္ဗစ ပြုသူတို့ကို ဆိုင်ရာ ပါတိမောက် အသင်းမှ နှင်ထုတ်စေ၊ အလုံးစုံ ပါတိမောက်အသင်းတို့ လက်ခံ ဆုံးမ မပြုဝံ့သူတို့ကို အလုံနယ်မှ ပစေ။

ပဋ္ဌဝီသတိ ဥပဒေတော်။

၁၂၃၀-ပြည့်နှစ် တာကူးလဆန်း ၂-ရက်နေ့ည ရွှေကျင်တိုက်တွင် တိုက်သစ် ဆရာတော်လေးပါးနှင့်တကွ ဝါးတောမဆရာတော်, ညောင်ကန် ဂိုဏ်းအုပ်ဆရာတော်, မောင်းထောင်ဆရာတော်, ညောင်ကန်ဂိုဏ်းထောက် ဆရာတော်, စိစ္စေးတောရဆရာတော်, ခုံညင်းဆိတ်ဆရာတော်မှစ၍ ဂိုဏ်း အုပ် ဂိုဏ်းထောက်တို့အလယ် ရွှေကျင်ဆရာတော် စီရင်ထားသော ဥပဒေ တော်ပါ ဘုရား။

ဘုရားတပည့်တော်တို့ ဘုရားရှင်မျက်မှောက်တော်ဝယ် သံဃာတော်တို့ အလယ် ပရိယာယ်မရှာမကြံ ဟုတ်တိုင်းမှန်သော ပဋိညာဉ် ဝန်ခံလျှောက် ထားခြင်းကို ပြုပါသည် သံဃာတော်အရှင်မြတ်တို့ ဘုရား။

ဘုရားတပည့်တော်တို့ ဦးစီးဦးကိုင်ပြု၍ သာသနာတော်ကို သုတ်သင် ချီးမြှင့်ရာ မြို့ရွာသံဃာတို့၌ အရပ်ရပ်ခန့်ထားအပ်သော ဂိုဏ်းအုပ် ဂိုဏ်းထောက်တို့ကို တံစိုးမျက်နှာ ဆန္ဒာ ဒေါသာ ဘယာလိုက်၍ ခန့်ထား ခြင်းမဟုတ်သည် မှန်ပါ၏၊ ဂိုဏ်းအုပ် ဂိုဏ်းထောက် ခန့်ထားသင့်သော ပုဂ္ဂိုလ်ဖြစ်လျက် တစုံတရာ ကောဓူပနာဟ ဆန္ဒာ ဒေါသာ ဘယာလိုက်၍ မခန့်ထားဘဲ နေသည်လည်း မရှိ၊မှန်ပါ၏၊ အရပ်ရပ် ဂိုဏ်းအုပ် ဂိုဏ်းထောက် ဂိုဏ်းသား ဥပဒေဆင့်စာ ဟူသမျှတို့ကိုလည်း မိမိကိုယ်တိုင် နှလုံးထားရင်း ကျင့်ဆောင်ရင်း မရှိပဲလျက် သူတပါးကိုသာ ဆင့်ဆိုရခြင်း မရှိသည် မှန်ပါ

၏၊ နောင်လည်း ဆင့်ဆို ဆုံးမလတ္တံ့သော ဥပဒေ ခန့်ထားလတ္တံ့သော အကြီးအကဲ ပုဂ္ဂိုလ်ဟူသမျှကိုလည်း အဝေးအနီး သီတင်းသုံးတော်တို့နှင့် ညှိနိုင်းတိုင်ပင်၍ သာသနာတော်၌ ကျေးဇူးများလောက်သော အမှုကိုသာ ရွက်ဆောင်ပြုစု ကြည့်ရှုခန့်ထား အားထုတ်ပါမည်၊ ၎င်းဆိုင်ရာ မြို့ရွာသံဃာတော်တို့မှ ဆိုက်ရောက်လာသော လာဘ်ကို တပည့်အရင်းအချာ ကျေးဇူးများစွာ စာပေသင်ကြား ပို့ချဘူးသော တပည့်သားတို့မှတပါး အခြားသံဃာတို့ လာဘ်ကို ယုတ်သောအပိုင်းအခြားအားဖြင့် ၄က်ပျော သစ်သီး တလုံးမျှ ခံယူခြင်းကို မပြုပါ၊ မိမိကိုယ်တွင် ဝတ်ရုံသုံးဆောင် စားသောက် အပ်သော မိမိပစ္စည်း ဝတ္ထုတို့တွင် အချို့ ကျမ်းဂန် စာပေဟောင်းများမှာ အသေအချာ မသိသည်မှတပါး အလုံးစုံ မိမိပစ္စည်းဝတ္ထုသည် ကုလဒူသန အနေသနဝတ္ထု လွတ်ကင်းသည် ထင်သည် ကေန်မှန်ပါ၏၊ ယခု သတိမရနောင် သတိရ၍ အောက်မေ့မိလျှင် ဆောလျှင်စွာ စွန့်ပစ်ပါမည်၊ မိမိတိုက်တာ သံဃာတို့နှင့်တကွ မိမိအုပ်ချုပ်စောင့်ရှောက်ရာ မြို့ရွာသံဃာတို့ကို အုပ်ချုပ်ထိန်းသိမ်းသင့်ကာလပတ်လုံး ကျွန်းမာပကတိ ရှိသည့်အခါ အလုံးစုံ သာသနာတော်ရေး နေရာကျအောင် ယခင်ဆင့်ဆိုရင်း ဥပဒေနည်းအတိုင်း နေရာမကျ ကျအောင် ကြံဆောင်လုံ့လ ဥဿာဟ အထူးပြု၍ ကြည့်ရှုစောင့်ရှောက်ပါမည်၊ သည်မှတပါး ဂိုဏ်းအုပ် ဂိုဏ်းထောက်တို့ ဝန်ခံအပ်သော ပဋိညာဉ် ဥပဒေများတွင် ပါဝင်သော ဝိနယဓရအင်္ဂါ နာယကဂုဏ်အင်္ဂါများကိုလည်း မယုတ်မလျော့စေရအောင် အထူးသဖြင့် နှလုံးထားပါမည်၊ ယခု လျှောက်ထား ဝန်ခံတိုင်း မတည် ဖောက်ပြန် ချွတ်ယွင်းမှုရှိလျှင် ဆရာတော် သံဃာတော်တို့ ပေးတော်မူသမျှဒဏ်ကို ထမ်းပါမည် ဘုရား။

သက္ကရာဇ် ၁၂၃၀-ပြည့်နှစ် တာကူးလဆန်း ၃-ရက်နေ့ည သံဃာ့အလယ် ဦးစီး အကြီး နာယကဖြစ်သူ ရွှေကျင်ဆရာတော်နှင့် တကွ သာသနသောဘဏ တိုက်သစ်ဆရာတော်လေးပါး ဝန်ခံချက်။

ဤကား ဦးစီးနာယက ရွှေကျင်ဆရာတော်နှင့်တကွ သာသနသောဘဏ တိုက်သစ်ဆရာတော်လေးပါး ဝန်ခံချက် ပြီး၏။

## ဂိုဏ်းအုပ်ဆရာတို့ ဝန်ခံချက်

ဘုရားတပည့်တော် ဂိုဏ်းအုပ်ဆရာတော်တို့ သံဃာတော် ဆရာတော်များထံ ဟုတ်မှန်သည့်အတိုင်း ပဋိညာဉ်ဝန်ခံချက်ကို ပြုပါသည်ဘုရား။

တပည့်တော်တို့ အုပ်ချုပ်စောင့်ရှောက်ရာ ဂိုဏ်းအတွင်း ပါဝင်သမျှ ကျောင်းနေ ရဟန်းသံဃာ အပေါင်းတို့ကို အမိန့်တော်ပြန်တမ်း ဆရာတော်တို့ ဥပဒေအတိုင်း နေရာကျအောင် ကြောင့်ကြတခု အာရုံပြု၍ ကြည့်ရှုဆုံးမ စောင့်ရှောက်ကြပါမည်၊ ကိုယ်ရှင်ကိုယ်ကိုလည်း ဆရာတော်ပေးသည့် ဂိုဏ်းအုပ် ဂိုဏ်းထောက် ဥပဒေတွင် ပါဝင်သော ငေါ်ငင် အော်အင် ငေါက်ငမ်း အကြမ်းအထမ်း မပြုခြင်း, ဝင့်ဝါ ပလွှား ဝါကြွားခြင်းကို မပြုရခြင်း, သီတင်းကြီးတို့အား မထီမဲ့မြင် မပြုရခြင်း, တံစိုးလက်ဆောင်မှစ၍ ဂိုဏ်းသားသံဃာတို့ ပေးလှူကြသောလာဘ်ကို အလှူမခံရခြင်း ဤသို့စသော ကျင့်ဝတ် ဥပဒေနည်းအတိုင်း နေရာကျအောင် ကျင့်ဆောင်ပါမည်၊ ကျောင်းနေ တပည့်သံဃာ ဂိုဏ်းဝင်သံဃာတို့အား ဆုံးမသြဝါဒပေးပုံ, ၎င်းသံဃာတို့ ကျင့်ကြံနေထိုင်ကြပုံ, ပရိယတ်, ပဋိပတ် သင်ကြားအားထုတ်ကြပုံ အလုံးစုံ အခြင်းအရာများကို နှစ်လတခါ, သုံးလတခါ ဆရာတော်များထံ လျှောက်လွှာ ပေးအပ်ပါတော့မည် ဘုရား။

၎င်းနေ့ အလုံဂိုဏ်းအုပ် ဆရာတော်တို့ ဝန်ခံချက် ပြီး၏။

---

## ဂိုဏ်းထောက်ဆရာတို့ ဝန်ခံချက်

ဘုရားတပည့်တော် ဂိုဏ်းထောက်ဆရာတို့ သံဃာတော် ဆရာတော်များထံ ဟုတ်တိုင်းမှန်စွာ ပဋိညာဉ် ဝန်ခံချက်ကို ပြုပါသည်ဘုရား။ ဘုရားတပည့်တော်တို့ ဂိုဏ်းအုပ်ဆရာတော်တို့နှင့် တကွ ဂိုဏ်းသံဃာအများကို ဂိုဏ်းအုပ်ဥပဒေဝန်ခံ, ဂိုဏ်းသားဥပဒေဝန်ခံများ အတိုင်း နေရာမကျဖောက်ပြန် ချွတ်ယွင်းခြင်း ရှိခဲ့ကြသော် အနုဝိဇ္ဇက အင်္ဂါများနှင့် ပြည့်စုံအောင် သတိထား၍ လျှောက်ကြား ပြောဆိုပါမည်၊ နှစ်ကြိမ် သုံးကြိမ် ပြောဆိုလျှောက်ထား၍ မရခဲ့သော် ဂိုဏ်းအုပ် ဂိုဏ်းသားမဆို မျက်နှာကြီးငယ် မရှုယ် မထောက် ဆရာတော်များထံ လျှောက်ပါမည် ဘုရား၊ တပည့်တော်တို့လည်း ယခင် ဂိုဏ်းထောက် ဂိုဏ်းအုပ် ဥပဒေနည်းအတိုင်း နေရာကျအောင် ကျင့်ဆောင်ပါမည်၊ ၎င်းဝန်ခံချက်အတိုင်း မညီခဲ့သော် ပေးတော်မူသမျှ အပြစ်ဒဏ်ကို ခံပါမည်ဘုရား။

၁၂၃၀-ပြည့်နှစ် တာကူးလဆန်း ၃ ရက်နေ့ည သံဃာတော်အလယ် ဆရာတော်တို့ထံ ဂိုဏ်းထောက်ဆရာတို့ ဝန်ခံချက် ပြီး၏။

## ပထမပါတိမောက်ခေါင်းဆောင်တို့ ဝန်ခံချက်

ဘုရားတပည့်တော်တို့ ပါတိမောက်ခေါင်းဆောင်တို့ အကြီးအကဲဖြစ်သူတို့ သံဃာတော်တို့အလယ် ဆရာတော်ဘုရား မျက်မှောက်တော်ဝယ် ပရိယာယ် မဲ့ရှာမကြံ စင်စစ်မှန်သော ပဋိညာဉ် ဝန်ခံခြင်းဖြင့် ဝန်ခံပါမည်ဘုရား၊ တပည့်တော်တို့ အုပ်ထိန်းစင်ဖွဲ့ရာ ပါတိမောက်အသင်း စာရင်းပါဝင်သူ ပုဂ္ဂိုလ်တို့၌ သိက္ခာပုဒ်တော်၌မလျော် အမိန့်တော်ပြန်တမ်း ဥပဒေ ဆင့်စာများတွင် ပါဝင်သော အလဇ္ဇီဓမ္မတို့ကို ပြုကျင့်လွန်ကျူးခြင်း မရှိရအောင် ကြောင့်ကြတခု အာရုံပြု၍ ကြည့်ရှုပြောဆို လျှောက်ထား ဆုံးမပါမည်။

နှစ်ကြိမ် သုံးကြိမ် ဆုံးမ၍မရ ဒုဗ္ဗစပြုသူတို့ကို ပါတိမောက်ပြုရာ သမဂ္ဂ သံဃာအသင်းအပင်းမှ နှင်ထုတ်ခြင်းကိုပြု၍ အထက်အစိုးရ ဆရာတော်များထံ မထိမ်မချန် ဟုတ်တိုင်း မှန်သည့်အတိုင်း လျှောက်ထားပါမည်၊ ပက္ခတိုင်း ပက္ခတိုင်း ပြောပလောက်သော အန္တရာယ်အကြောင်း မရှိသည့်အခါ ပါတိမောက်ကို စောင်လုံးကုန် အကျယ်ဝိတ္ထာရ ပြသဖြင့် သုတ္တုဒ္ဒေသ ဥပုသ်အမှုန် ပြုပါစေမည်၊ ပါတိမောက် ပြုပြီးသော အဆုံး၌လည်း ဆရာတော် ဆင့်ဆိုရင်းအတိုင်း ပါတိမောက်ပြုပြီးသည့် အဆုံး၌ အချင်းချင်း စစ်မေးရာသော သိက္ခာပုဒ်ကျင့်ဝတ် ပဋိပတ်တို့ကိုလည်း စစ်ဆေး မေးမြန်း ဆုံးမပြောဆိုပါမည်၊ ၎င်းဝန်ခံချက်အတိုင်း မညီ အမှတ်မဲ့ လျစ်လျူပြုကျင့်နေထိုင်သည်များကို ကြားသိတော်မူရလျှင် အထက်ဂိုဏ်းအုပ် ဂိုဏ်းထောက် ဆရာတော်တို့ ပေးတော်မူသမျှ အပြစ်ဒဏ်ကို ခံပါမည်ဘုရား။

၁၂၃၀-ပြည့်နှစ် တာကူးလဆန်း ၃-ရက်နေ့ည သံဃာတော်အလယ် အလုံမြို့နယ် ပထမပါတိမောက်ခေါင်းဆောင် အကြီးပုဂ္ဂိုလ်တို့ အသီးအသီး ပဋိညာဉ်ဝန်ခံချက်ပါ ဘုရား။

---

## ဒုတိယပါတိမောက်ခေါင်းဆောင်တို့ ဝန်ခံချက်

ဘုရားတပည့်တော်တို့ ပါတိမောက် ဒုတိယခေါင်းဆောင် အကြီးဖြစ်သူ ပုဂ္ဂိုလ်တို့ သံဃာတော် ဆရာတော်တို့အလယ် ပရိယာယ် မရှာမကြံ ဆရာတော်မြတ်ထံ ဟုတ်မှန်သည့်အတိုင်း ပဋိညာဉ်ဝန်ခံခြင်းကိုပြုပါသည်ဘုရား။

ဘုရားတပည့်တော်တို့၌ သိက္ခာပုဒ်တော်တို့နှင့် မတော်မလျော် ပြုကျင့်သည်များကို တရားအလျောက် ပါတိမောက်ခေါင်းဆောင် အကြီးအအုပ်

ပြုလုပ်သူ ဆုံးမရာ မသွေမလှန် လိုက်နာခံပါမည်၊ ၎င်းပါတိမောက် ခေါင်းဆောင်အကြီးပုဂ္ဂိုလ်နှင့် တကွ ပါတိမောက်အသင်း စာရင်းပါဝင်သူ ပုဂ္ဂိုလ်တို့ သိက္ခာပုဒ်တော်နှင့် မလျော်  ဥပဒေတော်အတိုင်း မညီ အလဇ္ဇီ ကျင့်ကြံ ဖောက်ပြန် ချွတ်ယွင်းသည်များကို သိမြင်သော် တရားတော်နှင့် အညီ လျှောက်ထားပြောဆိုပါမည်၊ နှစ်ကြိမ် သုံးကြိမ် လျှောက်ထား၍ မရ လျှင် ကွယ်ရာ အတင်းအဖျင်း မနာလိုစကား ပြောကြားမနေပဲ အထက် ဆရာတော်များထံ အလျင်အမြန် နေ့ရက် မရှည်မကြာ လျှောက်ထားပါ မည်၊ ၎င်းဝန်ခံချက်အတိုင်း မညီသော် အထက်ဆရာတော်တို့ ပေးရာ အပြစ် ဒဏ်ကို ခံပါမည်။

၁၂၃၀-ပြည့်နှစ် တာကူးလဆန်း ၃-ရက်နေ့ည သံဃာတော်အလယ် အလုံမြို့နယ် ပါတိမောက် ဒုတိယခေါင်းဆောင် ပုဂ္ဂိုလ်တို့ ဝန်ခံချက် ပြီး၏။

---

## ပါတိမောက်ယေ်သားပုဂ္ဂိုလ်တို့ ဝန်ခံချက်

ဘုရားတပည့်တော်တို့ ပါတိမောက်ယေ်သား ပုဂ္ဂိုလ်တို့ ဆရာတော် သံဃာတော်တို့အလယ် ပဋိညာဉ် ဝန်ခံခြင်းကို ပြုပါသည်ဘုရား။

ဘုရားတပည့်တော်တို့ဆရာ ပါတိမောက် ပဌမခေါင်းဆောင်, ဒုတိယ ခေါင်းဆောင် အကြီးပုဂ္ဂိုလ်တို့ သိက္ခာပုဒ်တော်တို့နှင့် လျော်စွာ ဆုံးမ ပြောဆိုရာ မသွေမလှန် လိုက်နာခံပါမည်၊ ၎င်းဆရာနှစ်ပါးတို့ ဝိနည်း တရားတော်တို့နှင့် အညီ ပေးပေးသမျှသော ဩဝါဒ, ထားထားသမျှသော ဥပဒေအတိုင်း လိုက်နာပါမည်၊ ဝိနည်းတရားတော်နှင့် လျော်စွာ ၎င်း ဆရာနှစ်ပါးတို့ ပေးပေးသမျှဒဏ်ကို ထမ်းပါမည်၊ ၎င်းဆရာ နှစ်ပါးတို့ ဝိနည်းတော်နှင့် မလျော်မသင့် ပြုကျင့်သည်ကို သိလျှင် ၎င်းဆရာများ ကိုသာ အကြောင်းအားလျော်စွာ လျှောက်ထားပါမည်၊ ကွယ်ရာ အတင်း အဖျင်း ပြောဆိုခြင်းကိုလည်း မပြု၊ မဟုတ်မမှန် လေသအမြွက် ရှာကြံ၍ ကဲ့ရဲ့ ပြစ်တင်ခြင်းကိုလည်း မပြု၊ စင်စစ်တမူကား ၎င်းပါတိမောက်ခေါင်း ဆောင် ဆရာနှစ်ပါးသည်သာ ငါ့အား အမြဲ စောင်မကြည့်ရှု ဆုံးမခြင်းကို ပြုပေတတ်သော ကျေးဇူးအလွန်များသော ကိုးကွယ်ရာ ဆရာဖြစ်ပေသည် ဟု နှလုံးပြု၍ ၎င်းဆရာနှစ်ပါးတို့ ဆုံးမဩဝါဒ ပေးရာ ဝမ်းမြောက်ဝမ်းသာ မသွေမလှန် နာခံပါမည်ဘုရား။

ပါတိမောက်ယေ်သားပုဂ္ဂိုလ်တို့ ဝန်ခံချက် ပြီး၏။

"ဣမံ ဝိဟာရံ ကပ္ပိယကုဋိံ ကတွာ ပရိဘုဉ္ဇိတုံ အာယသ္မတော ဒေမ" ဟု မဆိုပဲ "ဣမံ ဝိဟာရံ ဒေမ"ဟု သာမည လှူဒါန်းသော ကျောင်းသည် အကပ္ပိယကုဋိဖြစ်၏၊ ၎င်းအတွင်း၌ သိုမှီးအပ်သော ခဲဘွယ်ဘောဇဉ်တို့ကို လူသာမဏေတို့အား သာပေက္ခစိတ်ဖြင့်သော်လည်း ပေး၍ တဖန်ပြန်လှူမှ သုံးဆောင်၊ ရဟန်းတို့ ကိုယ်တိုင် စိုက်ပျိုးအပ် ရေလောင်းအပ်သော သစ်ပင်ဥယျာဉ်ကိုင်၎င်း, အကပ္ပိယဝေါဟာရဖြင့် သစ်ပင်စိုက်လော့ ရေလောင်းလော့, ရေတွင်းတူးလော့, ရေကန်တူးလော့ ဆို၍ စေခိုင်းအပ်သော သစ်ပင်ရေတွင်း ရေကန်တို့ကို၎င်း၊ လူသာမဏေတို့အား ငဲ့ကွက်ခြင်း မရှိ စွန့်ပြီး၍တဖန် ပြန်လှူပြန်သော် သုံးဆောင်လိုလျှင် သုံးဆောင်စေ။

ရဟန်းတို့ ခံသော ရွှေငွေတို့ဖြင့် ဖြစ်သော ပစ္စည်းဝတ္ထုတို့ကို အနပေက္ခ စွန့်၍ တဖန်ရပြန်သော်လည်း ပြန်ယူခြင်းကို မပြုအပ်၊ မဟာအကပ္ပိယ သပိတ်ကြီးတို့ကဲ့သို့ ကျင့်စေ။

ကုလဒူသန အနေသနပစ္စည်းဟု ဧကန်သိသော ဝတ္ထုတို့ကို ပုဂ္ဂလိက ဖြစ်က အနပေက္ခ စွန့်လိုက စွန့်စေ၊ သံဃိက ဖြစ်လျှင် လဟုဘဏ်ဖြစ်အံ့, သံဃာသဘောတူ ပန်ကြား၍ အနပေက္ခစွန့်စေ၊ ဂရုဘဏ်ဖြစ်အံ့, ဤပစ္စည်း ဝတ္ထုတို့သည်အဓမ္မိယပစ္စည်းဝတ္ထု ဖြစ်သည်၊ ရဟန်းတို့မသုံးဆောင်ထိုက်ဟု စာတမ်းစာရင်း အသေအချာနှင့် ရေး၍ တစုံတယောက်သော ရဟန်း သာမဏေတို့ မသုံးဆောင်မိအောင် သင့်ရာအရပ်၌ ထားစေ။

ရဟန်းတို့ ခံသော ရွှေငွေဖြင့် ဖြစ်သော ကျောင်းတို့ကို ပုဂ္ဂလိက,သံဃိက မဆို တစုံတယောက်သော ရဟန်းတို့ သုံးဆောင်ထိုက်သော ကျောင်းမဟုတ်ဟု အထင်အရှား ကမ္ပည်းရေးသား၍ ဆူးဆို့ပိတ်ထားစေ။

ကုက္ကုစ္စက သိက္ခာကာမ ပုဂ္ဂိုလ်ဖြစ်၍ သီလဝိသုဒ္ဓိကို အထူးရလိုလျှင် ကုလဒူသန အနေသန အဓမ္မိယ ပစ္စည်းတို့ကို အနပေက္ခ စွန့်ပြီးသည့်နောက် လူတို့လက်သို့ ရောက်၍ တဖန် ပြန်ရသော် အပ်သောအရိပ်,မအပ်သောအရိပ် နှစ်ထွေနှစ်ပါး ကွဲပြား၍ ကျမ်းဂန်လာရှိသည်တွင် မအပ်ဟူသော ဂရုဝါဒသို့ လိုက်၍ တဖန် ပြန်ယူ အလှူခံခြင်းကို မပြုပဲ လွတ်လွတ် စင်ကြယ်အောင် ရှောင်စေ။

[ကျမ်းဂန်နှင့်အညီပစ္စည်းစွန့်ပုံ ဥပဒေအကျဉ်းတည်း။ သဘော မကျ၍ အကျယ်ကို ရှုလိုက ဝိနယဂရုဒီပနီ ဆင့်စာကိုရှု။]

အလုံနယ်အတွင်း သီတင်းသုံး နေကြသော သံဃာကြီးငယ်တို့သည် အလုံနယ်သံဃာတော်တို့တွင် သုခ်သင်ရှင်းလင်းရန် သာသနာတော်အညစ်အကြေးရှိသည်များကို အလုံးစုံ နေရာတကျ သုခ်သင် ရှင်းလင်းရမည် ဖြစ်၍ သုခ်သင်ရှင်းလင်းစေခြင်းငှါ ရွှေကျင်ဆရာတော်က တလုံးတဝတည်း ဆုံးမ ဩဝါဒပေးတော်မူပါ၊ သာသနာ့ဒါယကာ မဟာဓမ္မရာဇ် လျှောက်ထား လွှဲအပ်သည့်အတိုင်း အလုံနယ် သံဃာတော်တို့၌ သုခ်သင် ဆုံးမ နေရာချထားရန် ရှိသည်များကို အလုံးစုံ နေရာတကျ သုခ်သင် ရှင်းလင်းရမည်ဖြစ်၍ အလုံနယ် ချောက်စို့ သံဃာတော်တို့၌ ဂိုဏ်းအုပ်,ဂိုဏ်းထောက်ဥပဒေ ပဋိညာဉ် ပါတိမောက်ခေါင်း အကြီးပုဂ္ဂိုလ်တို့ ဥပဒေပဋိညာဉ် ဂိုဏ်းသား ပုဂ္ဂိုလ်တို့ ဥပဒေပဋိညာဉ် ကျောင်းနေပုဂ္ဂိုလ်တို့အင်္ဂါ ပဗ္ဗာဇနီယဝိနည်းကံဖြင့် သုခ်သင်ပုံ အခြင်းအရာများနှင့်တကွ အသေအချာ ဥပဒေစာ ပေးအပ်ဆင့်ဆို၍ အလုံ ချောက်စို့ သံဃာတို့၌ အသီးသီး ဂိုဏ်းအုပ်, ဂိုဏ်းထောက် ဆရာတော်တို့ ဆင့်ဆိုဆုံးမ နေရာချထားရာ မသွေမလှန် လိုက်နာခံ၍ ဂန္ထဓုရ ဝိပဿနာဓုရ ပရိယတ် ပဋိပတ် အရာများကို ဟနေ့တပါး တိုးပွါးအောင် ကြံဆောင်လုံ့လ အားထုတ် သုခ်သင် နေထိုင်ကြစေ။ ။ဂိုဏ်းဆင့်စာတည်း။

အလုံမြို့မဂိုဏ်း, မောင်းထောင်ဂိုဏ်း ၎င်းနှစ်ဂိုဏ်း, ညောင်ကန်ဂိုဏ်းရင်းနှင့်တကွ ၃-ဂိုဏ်းအတွင်း ဂိုဏ်းအုပ်, ဂိုဏ်းထောက်, ဂိုဏ်းသား ဥပဒေ အတိုင်း နေရာမကျ ရှိခဲ့လျှင် ညောင်ကန် ဂိုဏ်းထောက် ဦးနရိန္ဒ, ဦးဇနိန္ဒ, ဦးဥဂ္ဂသတို့က အကြေအညာ အနုညာတ ပြောဆို ဆုံးမရမည်၊ ဆုံးမ၍ မနာခံလျှင် ရွှေကျင်ဆရာတော်ထံ အကြောင်းပြန်ကြားစေ။ ။ ၎င်းပုဂ္ဂိုလ်တို့ သုံးဂိုဏ်းစောင့်။

အလုံ အရှေ့ဘက်တိုက် သာစည်ဂိုဏ်း, ခင်မွန်ဂိုဏ်း, ဝါးတောမဂိုဏ်းနှင့်တကွ ၃-ဂိုဏ်းအတွင်း ဂိုဏ်းအုပ်, ဂိုဏ်းထောက်, ဂိုဏ်းသား ဥပဒေ အတိုင်း နေရာမကျ ရှိခဲ့လျှင် အလုံ အရှေ့ဘက်တိုက် ဂိုဏ်းထောက် ဦးဇာဂရ, ဦးဝိလာသ, ဦးဩဘာသတို့က အကြေအညာ အနုညာတ ပြောဆို လျှောက်ထား ဆုံးမရမည်၊ ဆုံးမ၍ မနာခံလျှင် ရွှေကျင် ဆရာတော်ထံ အကြောင်း ပြန်ကြားစေ။ ။၎င်းတို့လည်း ၃-ဂိုဏ်းစောင့်။

ရွှေကျင် ဂိုဏ်းသစ် ဆရာလေးပါးတို့မှာ— ရွှေကျင်ဆရာနှင့် လဇ္ဇီသဟဲ သာသနသောဓကအရာ မင်းကေရာဇ် လွှဲအပ်ထားသည့်အတိုင်း ၎င်းအလုံ

ခြောက်ဂိုဏ်းကို စောင့်ရှောက် ကြည့်ရှု ဆုံးမ, ဂဏသောဓက ဆရာတော် ၄-ပါး, ရွှေကျင်တိုက်အုပ် ဦးဝိစာရနှင့်တကွ အလုံခြောက်ဂိုဏ်းစောင့် ငါးပါး, ဝါးတောမဆရာတော်ပါ ခြောက်ပါး ဂိုဏ်းစောင့် ပုဂ္ဂိုလ် ၆-ပါးပါ ဘုရား။

နိဿယည်း ဥပဒေမှာ ၁၂၃၀-ပြည့်နှစ် သက္ကရာဇ် မကူးမီ တရပ်, ဝါမဆိုမီ တရပ်, သိတင်းဝါလကျွတ်၍ တန်ဆောင်မုန်းလမပြည့်မီ အတွင်း တရပ် ၎င်း ၃-ရပ် ၃-ဌာနတို့၌ နေရာကျစေ၊ မကျသူတို့မှာ ဥပဒေအတိုင်း စီရင်စေ၊ နေရာကျ၍ နိဿယည်း ပေးနိုင်သူတို့ကို ယခင် ၃-ရပ် ၃-ဌာန ပုဂ္ဂိုလ် ရွေးချယ်၍ ဝါမဆိုမီအတွင်း မည်သည့် လ, ရက်မဆို ဂိုဏ်းအုပ် ဂိုဏ်းထောက်ဆရာတို့က စာရင်းတင် ပေးစေ။

ရွှေကျင်ဆရာတော် ဆင့်ဆိုအပ်သည် အလုံနယ်အတွင်း သိတင်းသုံး နေကြသော သံဃာအပေါင်းတို့....

ပဥ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဥဿင်္ကိတပရိသင်္ကိတော ဟောတိ ပါပဘိက္ခုပိ အကုပ္ပဓမ္မောပိ၊ ကတမေဟိ ပဥ္စဟိ၊ ဝေသိယာ-ဂေါစရော ဟောတိ၊ ဝိဓဝါဂေါစရော ဟောတိ၊ ထုလ္လကုမာရီဂေါစရော ဟောတိ— အစရှိသော ပါဠိတော်နှင့် အညီ ပြည့်တန်ဆာမ, လင်သေ လင်ကွာ မိန်းမ, လင်မရသော မိန်းမပျိုင်း, ပဏ္ဍုက်ဖြစ်သူ, ဘိက္ခုနီမတို့နှင့် မိတ္တသန္ထဝ ဝေယျာဝစ္စကရပြု၍ နေတတ်သော ရဟန်းအား မြင်သူ ကြားသူတို့ ယုံမှားသံသယ ဖြစ်သင့်သည့် အဖြစ်ကို ဟောတော်မူသော ကြောင့်၎င်း, ထိုလင်သေ လင်ကွာ လင်မရသော မိန်းမပျိုင်း ဖြစ်သော မာတုဂါမ မယ်သီလတို့နှင့် မိတ္တသန္ထဝ ပြု၍နေသော ရဟန်းတို့ ပျက်စီး ခြင်း များသည်ကို ကြားသိရသောကြောင့်၎င်း မိမိတို့ အဖွားအို ဖြစ်သော မယ်သီလ မာတုဂါမမှ တပါးသော မာတုဂါမ မယ်သီလ တို့ကို ကျောင်းတိုက်အတွင်း မနေစေရ၊ မြို့တွင်း ရွာတွင်း တောကြား တောင်ကြားနေသော ရဟန်းတို့လည်း ၎င်းတောကြား တောင်ကြားတို့၌ ဆည်းကပ်လာသော မာတုဂါမ မယ်သီလတို့နှင့် မိတ္တသန္ထဝ ဝေယျာဝစ္စ-ကရပြု၍ ဖျင် ဆန် စသည်များကို အပ်ထားခြင်း, ယာဂု ဆွမ်း စသည်များ ကို ကျိုချက်၍ လုပ်ကျွေးမွေးမြူခြင်းကို မပြုရ၊ တရားနာခြင်း သီလဆောက် တည်ခြင်း စသော အကြောင်းမှ တပါးသော အကြောင်းတို့ဖြင့် မရော

မနှောင့်စေရ၊ လွှတ်ကင်းအောင် နေထိုင်ကြစေ၊ ဂိုဏ်းအုပ် ဂိုဏ်းထောက် ဆရာတို့က နိုင်နင်းအောင် ဆင့်။ ။ရွှေကျင်ဆရာတော့်စာတည်း။

အလုံ မြို့ဝန်, မြို့အုပ်, မြို့စာရေးတို့နှင့် ဆိုင်ရာ ဗိုလ် ရာဇဝတ်အုပ် ရွာသူကြီး ကျေးထိန်း ရွာအုပ်တို့ အလုံမြို့ ကျေးရွာများမှာ ရဟန်းတော် သံဃာတော်တို့ အကျိုး, ဆင်းရဲသား ကျွန်တော်မျိုး လူတို့ အကျိုးနှစ်ပါး ပြန့်ပွါး၍ သာသနာတော် အထူးသဖြင့် စည်ပင်ထွန်းကားခြင်းကို ရည်သန်တော်မူသဖြင့် အလုံနယ်အတွင်း သာသနာတော် အညစ်အကြေး သုတ်သင် ရှင်းလင်းရန် ရှိသည်များကို ဝိနည်းတရားတော်အလျောက် သုတ်သင် ရှင်းလင်းတော်မူမည်ဖြစ်၍ ဘုန်းတော် အလွန် ကြီးမြတ်တော်မူလှသော အရှင် ဧကရာဇ်မင်းမြတ် လျှောက်ထား လွှဲအပ်တော်မူသည့်အတိုင်း ရွှေကျင်ဆရာတော် ဦးစီးလက်ကိုင်ပြု၍ အလုံမြို့ ကျေးရွာ သံဃာများ၌ အသီးအသီး ဂိုဏ်းအုပ်, ဂိုဏ်းထောက်, ဂိုဏ်းသား ဥပဒေဆင့်စာ ပေးအပ်၍ သာသနာတော်ကို ချီးမြှောက်သုတ်သင်ရာ ဝိနည်းတရားကို နားမလည်သူ လူအချို့တို့ သာသနာတော် အန္တရာယ် မတော်ပြောဆို ပြစ်မှားသဖြင့် အပါယ်လားကြောင်း မကောင်းမှု အကုသိုလ်တရား မဖြစ်ပွါးကြအောင် ကွပ်ညှပ်ဆုံးမကြစေ။

ဂိုဏ်းထောက်ဆရာတော်တို့ ဆင့်ဆိုဆုံးမရာ နာခံမှတ်သား၍ လူတို့ ကျင့်ရသော ဝတ်တရားရှိသည့်အလျောက် အာဏာစက် ဓမ္မစက် နှစ်ရပ်တို့ဖြင့် သာသနာတော်ရေးကို နေရာကျအောင် ဝမ်းမြောက်ဝမ်းသာ ညီညာဖျဖျ ဝန်းဝိုင်းပြုစု အားထုတ်ကြစေ။ ။အလုံဝန်မင်း၏ စာတည်း။

ရွှေကျင်ဆရာတော် ဩဝါဒစကား ပေးထားအပ်သည် အလုံနယ် အတွင်း သီတင်းသုံးနေကြသော ရဟန်းတော်တို့၏ ကျောင်းဒါယကာ ဒါယိကာမတို့နှင့်တကွ မြို့ဝန်, မြို့အုပ်, ကျေးထိန်း,ရွာအုပ်, ရွာလူကြီးတို့မှစ၍ အလုံနယ် ကျေးရွာနေ လူအပေါင်းတို့....

သာသနာ့ဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်က အလုံနယ်တွင် သာသနာတော် အညစ်အကြေး ရှိသည်များကို တရားအလျောက် သုတ်သင် ရှင်းလင်း ဆုံးမဩဝါဒ ပေးတော်မူပါ လျှောက်ထားချက် ရှိသည့်အတိုင်း အလုံနယ်တွင် သာသနာတော် အညစ်အကြေး ရှိသည်များကို ဝိနည်းတရား

တော်နှင့် လျော်စွာ သုဓ်သင် ရှင်းလင်းရမည်ဖြစ်၍ အရပ်ရပ်ဂိုဏ်းအုပ် ဂိုဏ်းသား ဥပဒေဆင့်စာ ပဋိညာဉ်ဝန်ခံချက် ကျောင်းနေပုဂ္ဂိုလ်တို့ အင်္ဂါ သုဓ်သင် ရှင်းလင်းပုံ အခြင်းအရာများနှင့်တကွ အသေအချာ နေရာတကျ အသီးအသီး ဥပဒေပေးအပ် ဆင့်ဆိုရင်းအတိုင်း အလုံးနယ် ဂိုဏ်းအုပ်, ဂိုဏ်း ထောက် ဆရာတော်တို့ သာသနာတော်ကို သုဓ်သင်ရှင်းလင်း ဆုံးမကြရာ မလိမ္မာသူ လူအချို့တို့ အထင်အမှတ်မှားသဖြင့် အပါယ်လားကြောင်း လားရာ သာသနာတော် အန္တရာယ် မတော်ပြောဆို ပြုကျင့် မရှိစေရ၊ ဆိုင်ရာ မြို့ဝန် မြို့အုပ် ကျေးထိန်း ရွာအုပ် ရွာလူကြီးတို့က ကျိုးကြောင်းပြသ၍ တရားသဖြင့် နိုင်နင်းအောင် ဆုံးမကြရမည်။

ဤလောက၌ မုရင်း ကောက်တီ ကောက်ကြီး ကောက်သုံးသီးကို ပြီးစေတတ်သည်ဖြစ်၍ အများလူတို့ မှီခိုရာ မဟာတဠာက တဖက်ဆည်ကန် ရေကန်ကြီးကို မနိုင် မခိုင် ကျိုးပေါက် ရှိသည့်အခါ လယ်လုပ်သား လူအများတို့ လွန်စွာ မလုပ်စားရ၊ အကျိုးပျက်ပြား၍ နေသည့်အတွင်း ပြည့်ရှင်မင်းတို့ ပြင်ဆင်၍ ပေးသည့်ပမာ အလုံးနယ် မြို့ကျေးရွာများတွင် လူရှင်ရဟန်းတို့၏ ခိုကိုးရာ သာသနာတော် တည်းဟူသော တဖက်ဆည် ရေကန်ကြီးသည် အဓွန့်ရှည်ကြာသဖြင့် အချို့သော ရဟန်းတော်တို့ ဝိနည်း တော်နှင့်မလျော် ဘုရားအလိုတော်နှင့် ဆန့်ကျင်ဘက်လူတို့ကဲ့သို့ လှည်းစီး နွားမွေး ဆေးကု ဗေဒင် ဥယျာဉ် ပန်းမာလ် အာရာမ်စိုက်ပျိုးခြင်း, ပရိက္ခရာ ရောင်းဝယ်ခြင်း, ရွှေငွေ အနာမာသင္တူ ခံယူခြင်း, လူတို့အား သစ်သီးပေး ခြင်း, ပန်းပေးခြင်း, ထမင်းကျွေးခြင်း, ဆေးကွမ်းတည်ခြင်း, နေရာထိုင်ခင်း ပေးခြင်း, အိုးခွက် ကန့်လန့်ကာ ဖျာရိုင် သင်ဖြူး ငှါးရမ်းခြင်း, လူတို့ကိစ္စ ကြီးငယ်တို့ကို ရွက်ဆောင်ခြင်း, လူတို့နှင့်အတူ ကျေးမှူး ငွေမှူး ရပ်မှူး ရွာမှူးတို့ကို တရားနှင့်မလျော် မတော်စိုက်စွက် ပြောဆိုခြင်း, အသုဘရှု ဒုမင်္ဂလာရှိရာ ရဟန်းတို့နှင့် မအပ်မရာ သူသေအိမ်သို့သွား၍ ပျဉ်တလား စပ်ခြင်း, သူသေအခြံအရံ ပြုလုပ်ခြင်း စသော ကုလဒူသန အနေသန အခါမဲ့ မြို့တွင်း ရွာတွင်း ထီးဆောင်းခြင်း, ဘိနပ်စီးခြင်းအမှု အကြောင်းမဲ့ နေလွဲကွမ်းစား ဆေးဝါးဆေးသောက်အမှုတို့မှ စ၍ သိက္ခာ-ပဒ ဝီတိက္ကမ မိစ္ဆာဇီဝ အလဇ္ဇီပါပဓမ္မတို့ကို ပြုကျင့်လွန်ကျူးကြကုန်သဖြင့် ရဟန်းတော်တို့ သီလပျက်ပြား ညှိုးနွမ်းရှိကြသောကြောင့် ယခင် တဖက် ဆည်ရေကန်ကြီး ဆီးဆို့မနိုင် ကျိုးပေါက်ခြင်း ရှိသည့်အခါ ကျေးရွာနေ

လယ်လုပ်သူ လူအများတို့ လွန်စွာ မလုပ်စားရ အကျိုးစီးပွါး ပျက်ပြားရ သည်နှင့်အတူ သီလညှိုးနွမ်း ဖောက်ပြန်သူ အလဇ္ဇီမသူတော်ရဟန်းတို့အား ကိုးကွယ်လှူဒါန်း ချီးမြှောက်ခြင်း၌ အကျိုးဖွံ့ဖြိုးစွာ မရရှိခဲ့ကြသည်ဖြစ်၍ ဘုရားရှင်လက်ထက်တော်တွင် ဆဗ္ဗဂ္ဂီရှင်ယုတ်တို့သည် ကီဋာဂိရိဇနပုဒ်ဝယ် သာသနာတော်အန္တရာယ် မတော်ပြုကျင့် နေထိုင်ကြသည်များကို ဘုရား ရှင် ကြားသိတော်မူသဖြင့် လက်ဝဲရံ လကျာ်ရံ ရှင်မောဂ္ဂလ္လာန် ရှင်သာရိ- ပုတ္တရာ အမှူးရှိသော ရဟန်းတော်ငါးရာတို့ကို စေလွှတ်၍ သာသနာတော် ကို ပြုစု သုတ်သင်သည့်အခါ ၎င်း ဆဗ္ဗဂ္ဂီရဟန်းတို့ကို မိမိတို့ နေရင်းရပ်ရွာ ကီဋာဂိရိဇနပုဒ်မှ နှင်ထုတ်ခြင်း ပဗ္ဗာဇနိယ ဝိနည်းကံကို ပြုစေတော် မူသည်နှင့်အတူ အလုံနယ် ဂိုဏ်းအုပ်, ဂိုဏ်းထောက် ဆရာတော်တို့က သာသနာ့ဒါယကာ မဟာဓမ္မရာဇ် မင်းကြောင်းအလို, ဆရာတော်တို့အလို ဖြင့် သာသနာတော်ကို သုတ်သင်ရှင်းလင်းကြရာ အပြစ်အားလျော်စွာ အချို့သော ရဟန်းတို့ကို ရပ်ရွာမှ နှင်ထုတ်ခြင်း, ရဟန်းတို့နှင့် မအပ်မရာ သော အဓမ္မိယ ပစ္စည်းတို့ကို စွန့်ပစ်စေခြင်း စသည်ဖြင့် ပြုပြင် သုတ်သင်၍ သာသနာတော် စင်ကြယ် သန့်ရှင်းအောင် ရှက်ဆောင် အားထုတ်ကြရာ အသီးအသီး ဆိုင်ရာ ရပ်ရွာနေ ဒါယကာ ဒါယိကာမ တစုတို့လည်း ဝမ်းမြောက်ဝမ်းသာ ညီညာဖျဖျ တက်ကြွသော ကိုယ်စိတ်နှလုံး ရှိကြကုန် သည်ဖြစ်၍ သာသနာပြု ဂိုဏ်းအုပ်, ဂိုဏ်းထောက် ဆရာတော်တို့ သာသနာ တော်မှုကို ရှက်ဆောင် ဆုံးမရာ ရိုသေစွာ လိုက်နာခံကြရမည်။

တရားလမ်းသို့ ဖြောင့်တန်းစွာ မလိုက်မနာ ကျင့်ဆောင်သူ လူရှင် အချို့တို့ ပြောဆိုလိုရာ သာသနာတော်အန္တရာယ် မတော်ပြုကျင့် ပြောဆို သည်များကို နားယောင် လိုက်မှား၍ အပါယ်လားကြောင်း မကောင်းမှု အကုသိုလ်တရား မဖြစ်ပွါးကြရအောင် ငါတို့ဒေသရပ်ရွာများတွင် ဤအခါ ရှေးထက်အတူ သာသနာတော်နေဝန်း ထွန်းလင်းစင်ကြယ် အံ့သြကြည်ညို ဘွယ်ကို မြင်ရတော့မည်ဟု ဝမ်းမြောက်ဝမ်းသာ လိုက်နာနိုင်ကြရမည်၊ ဆင့်ဆို ဆုံးမအပ်သည်ကို မတည် သာသနာတော် အန္တရာယ် မတော်ပြော ဆိုပြစ်မှား ပြုခဲ့ကြလျှင် "ကာရဏာနုရူပံ ဖလံ နိပ္ဖတ္တိ" ပါဠိလာတိုင်း မိမိ အပြစ်အားလျော်စွာ ပစ္စုပ္ပန် သံသရာ ဘေးရော ထိရောက်ရန် ရှိသည်များ ကို နှလုံးကြပ်ကြပ် ထားရမည်။

အလုံနယ်အတွင်း သီတင်းသုံးနေကြသော ရဟန်းတော်တို့ ဒကာ ဒကာမတို့နှင့်တကွ ဆိုင်ရာ မြို့ဝန်, မြို့အုပ်, ကျေးထိန်း ရွာအုပ်,ရွာလူကြီး တို့အား ရွှေကျင်ဆရာတော် ဆုံးမစာ။

အလုံဝန်က စေ့နှံ့အောင် ဆင့်စေ။

သံသဋ္ဌော ဝိဟရတိ ရာဇူဟိ ရာဇမဟာမတ္တေဟိ တိတ္ထိယေဟိ တိတ္ထိယ-သာဝကေဟိ အနနုလောမိကေန သံသဂ္ဂေန။ (အဘိဓမ္မာ ဝိဘင်းပါဠိတော်)

သံသဋ္ဌော ဝိဟရတိ ရာဇူဟိတိအာဒီသု ရာဇာနောတိ အဘိသိတ္တာ ဝါ ဟောန္တု အနဘိသိတ္တာ ဝါ ယေ ရဇ္ဇမနုသာသန္တိ။

မဟာမတ္တာတိ ရာဇူနံ ဣဿရိယသဒိသာယ မဟတိယာ ဣဿရိယ-မတ္တာယ သမန္နာဂတာ။ အနနုလောမိကေန သံသဂ္ဂေနာတိ အနနုလော-မိကသံသဂ္ဂေါ နာမ တိဿန္နံ သိက္ခာနံ အနနုလောမော ပစ္စနီကသံသဂ္ဂေါ၊ ယေန ဗြဟ္မစရိယန္တရာယံ ပညတ္တိဝီတိက္ကမံ သလ္လေခပရိဟာနိဥ္စ ပါပုဏာတိ၊ သေယျထိဒံ ရာဇရာဇမဟာမတ္တေဟိ သဒ္ဓိံ သဟသောကိတသဟနန္ဒိတာ သမသုခဒုက္ခိတာ ဥပ္ပန္နေသု ကိစ္စာကိစ္စေသု အတ္တနော ဝါ တေသု ယောဂံ အာပဇ္ဇနတာ။ (ၚင်းအဋ္ဌကထာ။)

ဂိဟိသံသဋ္ဌော ဝိဟရတိ အနနုလောမိကေဟိ သံသဂ္ဂေဟိ။ (စူဠဝါပါဠိ တော်။)

အနနုလောမိကေဟိ ဂိဟိသံသဂ္ဂေဟီတိ ပဗ္ဗဇိတာနံ အနနုစ္ဆဝိကေဟိ သဟသောကိတာဒီဟိ ဂိဟိသံသဂ္ဂေဟိ။ (ၚင်းအဋ္ဌကထာ။)

အနနုလောမိကေန သံသဂ္ဂေနာတိ တိဿန္နံ သိက္ခာနံ အနနုလောမိ-ကေန ပစ္စနီကဘူတေန သံသဂ္ဂေန သံသဋ္ဌော ဝိဟရတိ ယေန ဗြဟ္မစရိ-ယန္တရာယံ ဝါ သလ္လေခပရိဟာနိံ ဝါ ပါပုဏာတိ။ (ဝိသုဒ္ဓိမဂ်ဋီကာ။)

ဇဃံပေသနိယန္တိ ဂိဟီနံ ဒူတေယျံ သာသနဟရဏကမ္မံ ဝုစ္စတိ၊ တံ န ကာတဗ္ဗံ။ (ဝိနယသင်္ဂဟအဋ္ဌကထာ။)

ကောဝီသတိ အနေသနံ နာမ ဝေဠုဒါနံ၊ ပဏ္ဏဒါနံ၊ ပုပ္ဖဒါနံ၊ ဖလဒါနံ၊ ဒန္တကဋ္ဌဒါနံ၊ မုခေါဒကဒါနံ၊ သိနာနဒါနံ၊ စုဏ္ဏဒါနံ၊ မတ္တိကာဒါနံ၊ စာဋုကမျတာ၊ မုဂ္ဂသူပျတာ၊ ပါရိဘဋျတာ၊ဇဃံပေသနိယကမ္မံ၊ဝေဇ္ဇကမ္မံ၊ ဒူတကမ္မံ၊ ပဟိဏဂမနံ၊ ပိဏ္ဍပတိပိဏ္ဍဒါနံ၊ အနုပဒါနံ၊ ဝတ္ထုဝိဇ္ဇာ၊ နက္ခတ္တဝိဇ္ဇာ၊ အင်္ဂဝိဇ္ဇာတိ။

တတ္ထ ဟိ စာဠုက္ကမျှတာ နာမ ဥပါသကော ဥတ္တမဋ္ဌာနေ ဌပေတွာ သယံ နီစဋ္ဌာနေ ဝုတ္တော။

ဇာတ်ပေသနိယံ နာမ ဂေဟတော အညံ ဂေဟံ ပေသနံ။

ဒူတကမ္မံ နာမ သာသနံ ဒတွာ ပေသနံ။

ပဟိဏဂမနံ နာမ ခေတ္တာဒိဂမနံ။

ပိဏ္ဍပတိပိဏ္ဍဒါနံ နာမ လာဘာပေက္ခာယ ကုလာနံ ပိဏ္ဍပါတဒါနံ။ အနုပဒါနံ နာမ လာဘာပေက္ခာယ လဥ္စဒါနံ၊အနေသနသိက္ခာပဒံ။ န ဟိ အညော ဒွိပိဋကဓရောပိ တေံ ကာတုံ လဘတိ၊ သော ဝေံ နိဿယံ ဒေတိ သာမဏေရံ ဥပဋ္ဌာပေတိ၊ အညော နေဝ နိဿယံ ဒါတုံ လဘတိ၊ န သာ-မဏေရံ ဥပဋ္ဌာပေတုံ၊ သာမဏေရဥပဋ္ဌာနံ ပစ္စာသိသန္တော ပန ဝိနယ-ဓရဿ သန္တိကေ ဥပဇ္ဈံ ဂါဟာပေတွာ ဝတ္တပဋိပတ္တိံ သာဒိတုံ လဘတိ။ (ပါစိတ်အဋ္ဌကထာ။)

နိဋ္ဌိတံ။

အက္ခရာ ကေမေကစ္စ၊ ဗုဒ္ဓရူပသမံ သိယာ။
တသ္မာ ဟိ ပဏ္ဍိတော ပေါသော၊ လိက္ခေယျ ပိဋကတ္တယံ။

ပု-ဒိ-အာနှင့် ပြည့်စုံရပါလို၏။

နိဗ္ဗာနပစ္စယော ဟောတု။ ။နိဗ္ဗာနပစ္စယော-နိဗ္ဗာန်၏ အဆောက် အအုံသည်၊ ဟောတု-ဖြစ်ပါစေသတည်း။

---

# မိုးကောင်းတိုက် ဥပဒေ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

ဆရာ ဆုံးမအပ်သည် မိုးကောင်းတိုက် သံဃာကြီးငယ်တစုတို့....သဗ္ဗညု ဘုရားရှင် သက်တော်ထင်ရှား ရှိသည့်အခါ ပါပိစ္ဆာ,မဟိစ္ဆာ အယုတ်တရား နှိပ်စက်သဖြင့် ဆဗ္ဗဂ္ဂီရဟန်းတို့ ရှန့်ရင်းကြမ်းထမ်းသော အလဇ္ဇီ ပါပဓမ္မ

တို့ကို ပြုကျင့် လွန်ကျူးကြသည်များကို ဒိဋ္ဌ သုတ ကြားသိကြလျက် တစုံ တယောက်သော သူတို့မျှ မဆုံးမပဲ ရှောင်လွှဲ၍ နေကြသည်ကို အကြောင်း ပြုသဖြင့်——

ဩဝဒေယျာနုသာသေယျ၊ အသဗ္ဘာ စ နိဝါရယေ-ဒေသနာတော်ဖြင့် သီတင်းသုံးဘော် မိတ်ဆွေ ခင်ပွန်းတို့အား မကောင်းမြစ်တား ကောင်းရာ တိုက်တွန်း ညွှန်းပြ ဆုံးမကြပါကုန်၊သူ့ငရဲအိုး သူခံပစေ့၊သူထိုက်နှင့်သူ နေပ စေ-ဟု ကရုဏာမေတ္တာ ကင်းသဖြင့် မဆုံးမပဲ ရှောင်လွှဲ၍ မနေကြကုန် လင့်ဟူ၍ ဘုရားရှင် ဟောကြားတော်မူသည့်အတိုင်း ယခုအခါ ရှေးပုည-ကမ္မ အကြောင်းဆုံကြ၍ ဘုရားတပည့်အဖြစ်သို့ ရောက်ကြသဖြင့် ဆုံးမသင့် ဆုံးမခွင့် အခါရောက်လာ၍ ကရုဏာမေတ္တာ ပြဟ္မစိုရ်တရားနှင့် တကွ ဆရာ ဆုံးမဩဝါဒ ပေးထားလိုက်သည့် မိုးကောင်းတိုက် သံဃာအရှင်တို့လည်း သတင္ဘိ သော ပိယော ဟောတိ၊ အသတံ ဟောတိ အပ္ပိယော-ဟူသော ယင်း ပါဠိတော်ဂါထာ အပရဒ္ဓ ဒေသနာတော်မြတ်အတိုင်း သံသရာဝဋ်မှ လွတ်ပါ စိမ့်ငှါ ဘေးကင်းရာ သာသနာ၌ ခိုလှုံတော်မူကြသော သူတော်ကောင်း ရဟန်းတို့ပီပီ ညီညွတ်သော ကိုယ်စိတ်နှလုံး ရှိကြကုန်သည်ဖြစ်၍ ဘုရားရှင် ဆုံးမတော်မူအပ်သော ဗုဒ္ဓေါဝါဒနှင့်လျော်စွာ ဆရာပေးထားအပ်သော ဥပဒေကျင့်နည်းအတိုင်း ဝမ်းမြောက်ဝမ်းသာ လိုက်နာတော်မူအပ်ကြကုန် သည်၊ ယင်းသို့ ဆုံးမတော်မူအပ်သော ဗုဒ္ဓေါဝါဒကား —

အတ္တာနံ စေ ပိယံ ဇညာ၊ ရက္ခေယျ နံ သုရက္ခိတံ။
တိဏ္ဏမညတရံ ယာမံ၊ ပဋိဇဂ္ဂေယျ ပဏ္ဍိတော။——

ဟူသော ဒေသနာတော်မြတ်ဖြင့် လောကန္တရိက်, လောဟကုမ္ဘီ, မဟာ-အဝီစိ အဆုံးရှိသော နိရယဘေး အရိုးစုပြိတ္တာ အသားစုပြိတ္တာ လှံအမွေး ရောက်သောပြိတ္တာ, အမွေးပေါက်သောပြိတ္တာ စသော ပေတဘေးကြီး မသင့်ရောက်လို၊ မိမိကိုယ်ကို ချစ်အပ်သည် ထင်မှတ်ကြသော ရဟန်းရှင်လူ ပုဂ္ဂိုလ်တို့သည် ယင်းသို့ အပါယ်လားကြောင်း မကောင်းသော ပါပိစ္ဆာ, မဟိစ္ဆာ အလဇ္ဇီအယုတ်တရား မိမိသန္တာန်တွင် အထင်အရှား ရှိခဲ့သည်များ ကို ပယ်ရှားသုတ်သင်၍ အဇ္ဈေ ဝါ သုဝေ ဝါ မရဏမင်း ယူလာလျှင် ရဲဝံ့စွာ လိုက်နိုင်ကြရအောင် ကြံဆောင် အားထုတ်အပ်ကြကုန်သည်ဟု ဗုဒ္ဓေါဝါဒ အဓိပ္ပါယ်အလို လာသည်၊ ယင်းသို့ ရှေးမဆွက မိမိသန္တာန်တွင် သုတ်သင်

အပ်သော အလဇ္ဇီဓမ္မတို့ကို မသုမ်သင်ပဲ ဝတ်မှု, စားမှု, ပျော်ရွှင်မှုနှင့်သာ ကာလလျှား နေမှားကြသဖြင့် ဂိဇ္ဈကုဋ္ဌတောင်ရံတွင် အလျှံမစဲ မီးခဲ သံတွေ သံမီးရေကို စားသောက်လျက် ကိုယ်အလုံး တောက်လောင်၍ ဆင်းရဲကြီးစွာ ခံနေရသော ပြိတ္တာတို့ကို မြင်တော်မူသဖြင့် ဘုရားရှင်အား အရှင်မောဂ္ဂလ္လာန် လျှောက်ထားရာ—

ဧတေ ခေါ ဘိက္ခဝေ ကဿပဿ ဘဂဝတော သာသနေ ပါပဘိက္ခု ပါပ-ဘိက္ခုနီ–စသည်ဖြင့် ကဿပရှင်တော်ဘုရား လက်ထက် သာသနာတော် အားနည်းသောအခါ နိုင်နင်းအောင် ဆုံးမမည့်သူ ဆရာအမှီ မရသည်ဖြစ်၍ သဒ္ဓါပညာတရား အားနည်းသူ အချို့ရဟန်းတို့ အလဇ္ဇီ ပါပဓမ္မ ကျင့်ကြံ နေထိုင်ကြကုန်လျက် ဤ ဂိဇ္ဈကုဋ္ဌတောင်ရံတွင် ဤသို့သော ပြိတ္တာဖြစ်၍ နေကြကြောင်းကို ဟောပြ ဆုံးမတော်မူသည်၊ ယင်းသို့ ဆုံးမတော်မူခြင်း သည်လည်း ယင်း ကဿပရှင်တော်ဘုရား တပည့်သားတို့ကဲ့သို့ ကိုယ်တော် မြတ် တပည့်သားတော်တို့ မှောက်မှားကြမည် စိုးရိမ်တော်မူလှ၍ ဆုံးမ တော်မူခဲ့သည်၊ ယင်း ဂိဇ္ဈကုဋ္ဌတောင် ပြိတ္တာစသည်များကဲ့သို့ နောင်တပူပန် မဖြစ်ကြစေကုန်အောင် သတိပေးတော်မူခြင်းငှါလည်း ဈာယထ ဘိက္ခဝေ မာ ပမာဒတ္ထ၊ မာ ပစ္ဆာ ဝိပ္ပဋိသာရိနော အဟုဝတ္ထ-ဟူသော ဒေသနာတော် မြတ်ဖြင့် အလဇ္ဇီပါပဓမ္မတရားများကို ပယ်ရှား၍ အားထုတ်ထိုက်သော ရဟန်းတရားကို လက်မလွှတ်စေရ ကြိုးစား အားထုတ်ကြပါကုန်၊ အမှတ်မဲ့ မနေရစ်ကြပါကုန်လင့်ဟု ဆုံးမမှာထားတော်မူခဲ့သည်၊ ယင်းသို့ မဟာကရု-ဏာ ရွှေနှလုံးတော်ဖြင့် ဆုံးမတော်မူအပ်သော ဗုဒ္ဓေါဝါဒကို သဒ္ဓါကြည်နူး အထူး အောက်မေ့ကြကုန်သည်ဖြစ်၍ ရှေးအခါ ပုထုဇဉ် ဂတိအလျောက် မှောက်မှားမိသော ပါပဓမ္မ သီလအန္တရာယ် သဂ္ဂအန္တရာယ် မဂ္ဂအန္တရာယ် မကင်းရှိခဲ့ကြလျှင် ရောဂါငြိမ်းပျောက်လိုသော ရောဂဝန္တယောကျ်ားသည် လိမ္မာစွာသော ဆေးဆရာအား ကိုယ်၌ရှိသော အမာကို ကုန်စင်အောင် ပြဘိသည့်အလား မိမိတွင် ထင်ရှားရှိသော အပြစ်များကို လောက၏အတွက် အရှက်အကြောက်ကိုမငဲ့ပဲ ကုန်စင်အောင် ဖော်ထုတ်လျှောက်ထား သုမ်သင် ဆေးလျှော်ရန် ရှိသည်များကို တရားအလျောက် သုမ်သင် ဆေးလျှော်ခြင်း ကို တောင့်တအပ်ကြကုန်သည်၊ မျက်စိနှစ်ဖက် ပျက်သော သူကန်းသည် တောင်ဝှေးဆွဲသော သူ၏ နောက်သို့ ကောက်ကောက်လိုက်မှ ချမ်းသာရာ ရသကဲ့သို့ စက္ခုမာသခင် ဘုရားရှင် ဆုံးမတော်မူရာ ဝိနည်းတရားတော်

လာတိုင်း ကျင့်ဆောင်နိုင်ကြမှ ရှယ်ရင်းမူလ ပဗ္ဗဇိတ ဒုလ္လဘအကျိုး ဖွံ့ဖြိုး နိုင်မည်ကို နှလုံးထားတော်မူကြရမည်၊ ယင်းသို့ ရှေးဦးအစ မိမိသန္တာန် တွင် အလဇ္ဇီပါပဓမ္မ ရှိခဲ့လျှင် ကုန်စင်အောင် ဆေးကျော့ သုတ်သင်ပြီး နောက် ၎င်း မိုးကောင်းတိုက်တာတွင် ထာဝရအစဉ် စောင့်ရှောက်မည့် သူ နိဿယည်းဆရာကြီး, ၎င်းအောက် တိုက်အုပ်ဆရာကြီး, ၎င်းအောက် တိုက်ကြပ်ဆရာကြီး, ၎င်းအောက် ကျောင်းနေ သင့်သည့်ပုဂ္ဂိုလ် အသီး အသီး လက္ခဏာ အင်္ဂါတို့နှင့် တကွ ရွေးချယ်ခန့်ထား၍ လောကီ, လောကုတ္တရာ အကျိုးနှစ်ပါး ထွန်းကား စည်ပင်သဖြင့် သံဃသုဒ္ဓ သံဃ- ဖာသု ဝုဍ္ဎိ ဝိရူဠှိဖြစ်အောင် ဆရာ ကြံဆောင် မှိုင်းမရာ ရိုသေစွာ လိုက်နာ ကြစေလိုကြောင်းနှင့် အမိန့်ရှိအပ်သည် မိုးကောင်းတိုက် သံဃာကြီးငယ် တစုတို့...။ ။ပထမ။

သိက္ခမာနေန ဘိက္ခဝေ ဘိက္ခုနာ အညာတဗ္ဗံ ပရိပုစ္ဆိတဗ္ဗံ ပရိပဉှိ- တဗ္ဗံ၊ အယံ တတ္ထ သာမီစိ-ပါဠိတော်နှင့် အညီ သံသရာမှ ထွက်မြောက် လွယ်ကြောင်း ကောင်းမြတ်သော သီလဝိသုဒ္ဓိကို အထူးရလိုသော ပုဂ္ဂိုလ်တို့ သည် ဤဆိုလတ္တံ့သော ကုလဒူသန ၈-ပါး, အနေသန ၂၁-ပါး, ကုဟန ဝတ္ထု အယုတ်တရားဟု ဆိုအပ်သော အာစာရဝိပတ္တိ, အာဇီဝဝိပတ္တိ အကြောင်းအရာများကို မှတ်သားတော်မူကြစေကုန်သတည်း။

ကုလံ နာမ စတ္တာရိ ကုလာနိ ခတ္တိယကုလံ ဗြာဟ္မဏကုလံ ဝေဿကုလံ သုဒ္ဒကုလံ။

ကုလဒူသကောတိ ကုလာနိ ဒူသေတိ ပုပ္ဖေန ဝါ ဖလေန ဝါ စုဏ္ဏေန ဝါ မတ္တိကာယ ဝါ ဒန္တကဋ္ဌေန ဝါ ဝေဠုယာ ဝါ ဝေဇ္ဇိကာယ ဝါ ဇင်္ဃ- ပေသနိယေန ဝါ။ (ပါဠိတော်)

ကုလံ နာမ-ဖျက်ဆီးအပ်သူ လူမျိုးမည်သည်ကား၊ ခတ္တိယကုလံ-မင်း မျိုး၊ ဗြာဟ္မဏကုလံ-ပုဏ္ဏားမျိုး၊ ဝေဿကုလံ-ကုန်သည်သူကြွယ်မျိုး၊ သုဒ္ဒ- ကုလံ-သူဆင်းရဲမျိုး၊ ဣတိ-ဤသို့၊ စတ္တာရိ ကုလာနိ-အမျိုးလေးပါးတို့သည်၊ ဟောန္တိ-ကုန်၏။

ကုလဒူသကောတိ — ဟူသည်ကား။ ကုလာနိ-အမျိုးလေးပါးတို့ကို၊ ဒူသေတိ-ဖျက်ဆီးတတ်၏၊ ကေန-အဘယ်ဖြင့်၊ ဒူသေတိ-ဖျက်ဆီးသနည်း၊ ပုပ္ဖေန ဝါ-ပန်းပေးခြင်းဖြင့်၎င်း၊ ဖလေန ဝါ-သစ်သီးပေးခြင်းဖြင့်၎င်း၊

စုဏ္ဏေန ဝါ-ရေချိုးရန် ကသယ်မှုန့်ကုက္ကိုမှုန့်ပေးခြင်းဖြင့်ငှင်း၊ မတ္တိကာယ ဝါ-မြေညက်ပေးခြင်းဖြင့်ငှင်း၊ ဒန္တကဋ္ဌေန ဝါ-ရေ တံပူပေးခြင်းဖြင့်ငှင်း၊ ဝေဠုယာ ဝါ-ဝါးပေးခြင်းဖြင့်ငှင်း၊ ဝေဇ္ဇကာယ ဝါ-ဆေးကုခြင်းဖြင့်ငှင်း၊ ဇင်္ဃပေသနိယေန ဝါ-လူတို့အစေအပါးခံခြင်းဖြင့်ငှင်း၊ ဒူသေတိ-ဖျက်ဆီး၏။

မင်း ပုဏ္ဏား ဆင်းရဲ သူကြွယ် အဘယ်လူမျိုးမဆို ထိုထိုဒါယကာတို့၌ သစ်သီးအစရှိသည်တို့ကို ပေးမိသော ရဟန်းအား ကုလဒူသန ဒုက္ကဋ် အာပတ် သင့်၏။ ငှင်းရဟန်းတို့ ပေးကမ်းရာ ခံယူသုံးဆောင်မိသော ဒါယ-ကာတို့ကိုလည်း ပကတိသံဃာတော်အမှတ်နှင့် လှူဒါန်းနေကျ၊ ရှိခိုးပူဇော်နေကျ သဒ္ဓါတရားသက်သက် မဖြစ်၊ လောကဝတ် တဏှာတရား ဖက်ဝင်၍ ချစ်ကျွမ်းဝင်ခြင်း ဖြစ်တတ်သောကြောင့် ဖျက်ဆီးသည် မည်၏ ဟူလို သည်။ (ဤကား အဓိပ္ပါယ်အကျဉ်း။)

ဤကား ကုလဒူသန အခန်းတည်း။

ကောဝီသတိအနေသနံ နာမ ဝေဠုဒါနံ ပဏ္ဏဒါနံ ပုပ္ဖဒါနံ ဖလဒါနံ ဒန္တကဋ္ဌဒါနံ မုခေါဒကဒါနံ သိနာနဒါနံ စုဏ္ဏဒါနံ မတ္တိကာဒါနံ စာဋုကမျ-တာ မုဂ္ဂသူပျတာ ပါရိဘဋျတာ ဇင်္ဃပေသနိယကမ္မံ ဝေဇ္ဇကမ္မံ ဒူတကမ္မံ ပဟိဏဂမနံ ပိဏ္ဍပတိပိဏ္ဍဒါနံ အနုပ္ပဒါနံ ဝတ္ထုဝိဇ္ဇာ နက္ခတ္တဝိဇ္ဇာ အင်္ဂ-ဝိဇ္ဇာတိ။ (ဝိသုဒ္ဓိမဂ် ဝိနည်းဋီကာတို့မှ လာသော ပါဠ်။)

ကောဝီသတိ အနေသနံ နာမ-နှစ်ဆဲ့တပါးသော မအပ်သောရှာမှီးခြင်း မည်သည်ကား၊ ဝေဠုဒါနံ-ဝါးပေးခြင်း၊ ပဏ္ဏဒါနံ-သစ်ရွက်ပေးခြင်း၊ ပုပ္ဖ-ဒါနံ-ပန်းပေးခြင်း၊ ဖလဒါနံ-သစ်သီးပေးခြင်း၊ ဒန္တကဋ္ဌဒါနံ-တံပူပေးခြင်း၊ မုခေါဒကဒါနံ-မျက်နှာသစ်ရေပေးခြင်း၊ သိနာနဒါနံ-ချိုးရေပေးခြင်း၊ စုဏ္ဏ-ဒါနံ၊ ရေချိုးကသယ်မှုန့်ပေးခြင်း၊ မတ္တိကာဒါနံ-မြေညက်ပေးခြင်း၊ စာဋု-ကမျတာ-ဒါယကာတို့ကို ပင့်မြှောက်၍ ဒါယကာတို့အောက် မိမိကိုယ်ကို နှိမ် ချသဖြင့် အရိုအသေပြုခြင်း, ပြောဆိုခြင်း၊ မုဂ္ဂသူပျတာ-မှန်မမှန်တရား အသားဝတ္ထုကိုမငဲ့မင်း ဆင်းရဲသား မင်းညီ မင်းသား မိဖုရားတို့ အလို အ ကြိုက် လိုက်၍ ပြောဆိုခြင်း၊ ပါရိဘဋျတာ-ဒါယကာတို့ သားငယ် မြေးငယ် တို့ကို နို့ထိန်းပမာ ကောင်းစွာချော့မော့ သိမ်းပိုက်ခြင်း၊ ဇင်္ဃပေသနိယ-ကမ္မံ-ဒါယကာတို့ စေခိုင်းရာ တအိမ်မှ တအိမ်သို့ သွား၍ အစေအပါးခံ ခြင်း၊ ဝေဇ္ဇကမ္မံ-ဆေးပေး ဆေးကု ဆေးနည်းပေးသော ဝေဇ္ဇကမ္မအမှု၊

ဒူတကမ္မံ-တမြို့တရွာမှသည် တမြို့တရွာသို့, တမင်းမှသည် တမင်းသို့ ဒါယကာတို့ စေခိုင်းရာ အစေအပါးခံ၍ တမန်သည်အမှု ပြုလုပ်ခြင်း။ ပဟိဏဂမနံ-ဒါယကာတို့ စေခိုင်းရာ သွားလာပြုလုပ်ခြင်း၊ ပိဏ္ဍပတိပိဏ္ဍဒါနံ-ဆွမ်းတို့ပေးခြင်း၊ အနုပဒါနံ-တံစိုး လက်ဆောင် ပေးခြင်း၊ ဝတ္ထုဝိဇ္ဇာ-မြေကြန်အတတ်ကို ဒါယကာတို့အား သင်ကြားပြသပေးခြင်း၊ နက္ခတ္တဝိဇ္ဇာ-နက္ခတ်အတတ်ကို ဒါယကာတို့အား သင်ကြားပြသခြင်း၊ အင်္ဂဝိဇ္ဇာ-ဗေဒင် ပြောဟော ပြသခြင်း၊ ဣတိ-ဤကား အနေသန နှစ်ဆဲ့တပါးတည်း။

လပနာ-သူမမေးခင် ရှေးဦးတင်၍ မိမိဂုဏ်ကျေးဇူးကို ပြောဟောခြင်း၊ အာလပနာ-သူမေးလာသောအခါ များစွာ မိမိဂုဏ်ကို ပြောဟောခြင်း၊ ဥက္ကာစနာ-သဒ္ဓါတရား ရှိကြပေသည်, ကျေးဇူးများလှပေသည် စသည်ဖြင့် ဒါယကာတို့အား ရှေးဦးစွာ ပင့်မြှောက် ပြောဆိုခြင်း၊ သမုက္ကာစနာ-ပစ္စည်းမလှူ လှူအောင် အထူးထူးအပြားပြား စကားတို့ဖြင့် အဖန်တလဲလဲ ပင့်မြှောက် ပြောဆိုခြင်း၊ ဥန္နဟနာ-ပစ္စည်းနှင့်စပ် ရစ်ပတ်ပြောဆိုခြင်း၊ သမုန္နဟနာ-အထူးထူး အပြားပြား အဖန်တလဲလဲ ပစ္စည်းလာဘ်နှင့် စပ်၍ ရစ်ပတ်ပြောဆိုခြင်း၊ သာမန္တဇပ္ပနာ-ပစ္စည်း အနီးအနား စကားသွယ်ရိပ် ပြောဆိုခြင်း၊ လာဘေနလာဘံ ဇိဂီသနတာ-အနည်းငယ်သော မိမိလာဘ်ဖြင့် မျှား၍ လာဘ်အများရအောင် ရှာခြင်း (အရင်းအနှီး ချီးမြှောက် ပေးကမ်းခြင်းလည်း ဟူ၏)၊ နေမိတ္တကတာ-မိမိလှူကြောင်း နိမိတ်သြဘာ ပြောဆို ပြုကျင့်ခြင်း၊ ဘာကုဋိကဘာကုဋိကတာ-မိမိ၌ သီလသမာဓိ အထူး မကျင့်ပဲလျက် ကျင့်သည့်အယောင် မျက်မှောင် တကုတ်ကုတ် ဟန်ဆောင် ပြုလုပ်ခြင်း၊ ဂရဟာ-နှမြောစုံမက် မလှူရက်ကြသည် စသည်ဖြင့် ဒါယကာတို့အား ပြစ်တင်ကဲ့ရဲ့ခြင်း၊ ဝမ္ဘနာ-ရှုတ်ချခြင်း၊ အက္ကောသနာ-ဆဲရေးခြင်း, မြည်တွန်ခြင်း၊ ဝိမှာပနာ-တန်ခိုးမရှိပဲလျက် ရှိသည့်အဟန် ကြံ၍ အံ့ဘွယ် ပြုခြင်း၊ မိဟိတပုဗ္ဗင်္ဂမတာ-ဒါယကာတို့ကို တွေ့မြင်လျှင် ရှေးဦးတင်၍ ပြုံးရယ်ခြင်း၊ ပုဗ္ဗဘာသိတတာ-ရှေးဦးတင်၍ နှုတ်ခွန်းဆက်ခြင်း၊ ဟေဝိ-သွာဂတဝါဒိကာ-ဒကာရောက်လာသည်မှာ တော်ပေစွဟု ဆိုလေ့ ရှိခြင်း၊ သုခသမ္ဘာသာ-ဒါယကာတို့ နားခံသာအောင် ပိယဝါစာ ပျူငှါလောကဝတ် ပြောဆိုခြင်း၊ ဂမ္ဘီရကထံကထာ-မိမိ တရားအထူးကို အားထုတ်သည် ထင်အောင် သိမ်မွေ့နက်နဲစွာသော ဝိပဿနာကမ္မဋ္ဌာန်းတရား စသည်များကို

လာဘ်ကိုငဲ့သဖြင့် ဟောကြားခြင်း။ (ဤသို့ စသည်ကား ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။) ဤတွင် ကုလဒူသန, အနေသန, ကုဟနဝတ္ထု, မိစ္ဆာဇီဝဝတ္ထု ကထာစကား တရပ်တည်း။

ကျောင်းနေပုဂ္ဂိုလ်ကြီးတို့ လေ့လာမှတ်သားရန် ရွှေကျင်ဆရာတော် အမိန့်ရှိအပ်သည် မိုးကောင်းတိုက် သံဃာကြီးငယ် တစုတို့....

ဣမေဟိ ခေါ ပန အဋ္ဌဟိ ကုလဒူသနကမ္မေဟိ ဥပ္ပန္နပစ္စယာ ဥပ္ပန္နမ္ပိ ပဥ္စန္နမ္ပိ သဟဓမ္မိကာနံ န ကပ္ပန္တိ၊ အဘူတာရောစနရူပိယသံဝေါဟာရေဟိ ဥပ္ပန္နပစ္စယသဒိသာဝ ဟောန္တိ။ (ကုလဒူသန သိက္ခာပုဒ် အဋ္ဌကထာ။)

ရူပိယပဋိဂ္ဂဟဏာဿ ပန ကေနစိ ပရိယာယေန တတော ဥပ္ပန္နပစ္စယ-ပရိဘောဂေါ န ဝဋ္ဋတိ။ ယထာ စာယံ တထာ န ဝဋ္ဋတိ၊ ဧဝံ အသန္တသမ္ဘာ-ဝနာယ ဝါ ကုလဒူသနကမ္မေန ဝါ ကုဟနာဒီဟိ ဝါ ဥပ္ပန္နပစ္စယာ နေဝ တဿ န အညဿ ဝဋ္ဋန္တိ။ (ရူပိယသိက္ခာပုဒ် အဋ္ဌကထာ။)

ပဋိပ္ပဿဒ္ဓကမ္မေနာပိ ယေသု ကုလေသု ကုလဒူသနကမ္မံ ကတံ ဟောတိ၊ တတော ပစ္စယာ န ဂဟေတဗ္ဗာ၊ အာသဝက္ခယပတ္တာပိ အကပ္ပိယာ ဟောန္တိ၊ ကသ္မာ န ဂဏှာတိ ပုဋ္ဌေ ပန ပုဗ္ဗေ ဧဝံ ကတတ္တာတိ ဝုတ္တေ သစေ ဝဒန္တိ၊ န မယံ တေန ကာရဏေန ဒေမ၊ ဣဒါနိ သီလဝန္တတာယ ဒေမာတိ ဂဟေတဗ္ဗော။ (ကုလဒူသကသိက္ခာပုဒ် အဋ္ဌကထာ။)

၎င်းအဋ္ဌကထာပါဌ် ၃-ရပ်တို့၏ ပိဏ္ဍတ္ထအဓိပ္ပါယ် အကျဉ်းကား—ပဗ္ဗာဇနီယကံပြုပြီး၍ စွန့်အပ်သော အကပ္ပိယ, အဓမ္မိယ ပစ္စည်းတို့ကို စွန့်ပြီးသည့်နောက် သီလစင်ကြယ်ခြင်းသို့ပင် ရောက်စေကာ ရှေး ကုလဒူသန ပြုမိသောဒကာတို့ထံမှ ကုလဒူသန အမှုကြောင့် ရအပ်သော ပစ္စည်းလာဘ်တို့ကို အလှူမခံထိုက်, မခံအပ်၊ မသုံးဆောင်အပ်၊ ရွှေငွေ အနာမာသဖြင့် ရောင်းဝယ်၍ရအပ်သော ပစ္စည်းနှင့် အတူတူပင် ရှိရှာအပ်၏၊ အနပေက္ခ-စွန့်ပစ်အပ်၏၊ အဆိပ်ခတ်အပ်သော ဘောဇဉ်ကဲ့သို့ အလွန်လျှင် ရှောင်ကြဉ်အပ်၏၊ ပကတိပုထုဇဉ် သီလဝန်ကို မဆိုနှင့်ဦး၊ ခီဏာသဝ ရဟန္တာ၏ အဖြစ်သို့ ရောက်၍ သွားစေကာ ထိုဒါယကာတို့ လာဘ်ကိုခံခြင်းငှါ မအပ်-ဟူလိုသည်၊ အဘယ်အခါ အဘယ်သို့သော အခြင်းအရာဖြင့် အပ်ပါဦးမည်နည်း ဟူငြားအံ့၊ ထိုဒါယကာတို့ တစုံတခု အလှူဝတ္ထု လှူဒါန်းလာရာ ဒကာ၏ ပစ္စည်းကို ငါအလှူမခံဟု ပယ်လှန်ပြီးနောက် အသို့သော အကြောင်း

ကြောင့် အလှူမခံသနည်း မေးသောအခါ ဤသို့ ရှေးအခါ ဒါယကာတို့အား သစ်သီး,ဆွမ်း စသည်ပေး၍ ကုလဒူသနအမှုများကို ပြုခဲ့ဘူးသောကြောင့် အလှူမခံထိုက်၍ အလှူမခံသည်ဟု ပြောကြားအပ်၏၊ ဤသို့သော အကြောင်းကြောင့် လှူဒါန်းခြင်း မဟုတ်ပါ။

ယခုအခါ သီလစင်ကြယ်ခြင်းသို့ ရောက်ပေပြီဟု အရှင်ဘုရား သီလကို ယုံကြည်သဖြင့် လှူဒါန်းပါသည် စသည်ဖြင့် ဒကာတို့ လျှောက်သောအခါမှ စ၍ အလှူခံခြင်းငှါ အပ်၏, သုံးဆောင်အပ်၏ဟု ဆိုသည်၊ ၎င်းဆိုခဲ့ပြီးသော အနေသန ဖြစ်တတ်ရာသော နည်း, အနေသနမှ လွတ်ရာသော နည်းတို့ကို အဋ္ဌကထာလာတိုင်း မှတ်၍၎င်း, ဝိနည်းတော် တည်းဟူသော ကြေးမုံ၌ မိမိကိုယ်သဏ္ဌာန်ကို ကြည့်၍ သုတ်သင်သင့်သည်ကို သုတ်သင်၍ ရှောင်ကြဉ်သင့်သည်ကို ရှောင်ကြဉ်၍ သီလ အထူးစင်ကြယ်အောင် ကြံဆောင် လုံ့လပြုရမည် မိုးကောင်းတိုက် သံဃာကြီးငယ်တစုတို့။

ဆရာ ဆုံးမအပ်သည် မိုးကောင်းတိုက် သံဃာတို့....

၎င်းမိုးကောင်းတိုက် သံဃာတို့ ပဲ့ဦးကိုင် နာယကဖြစ်သူ အထက်ဆရာကြီး, ၎င်းအောက် တိုက်ကြပ်ပုဂ္ဂိုလ်, ၎င်းအောက် အသီးအသီး ကျောင်းနေ ပုဂ္ဂိုလ်, တိုက်သား ပုဂ္ဂိုလ်တို့ ကျင့်ကြံဆောင်ကြရန် နှလုံးသွင်းရန် ဝတ်များနှင့် ကောင်းမွန်စွာ ကျင့်ဆောင် နေထိုင်ကြရမည်။ အထက်ဆရာကြီး ပြုလုပ်သူ ကျင့်ဆောင်ရမည်မှာကား— တပည့် ပရိသတ်တို့အား ပိဋကသုံးပုံ ပါဠိ,အဋ္ဌကထာ, ဋီကာတို့ကို သင်ကြား ပို့ချနိုင်ခြင်း ပဂုဏာ ဝါစုဂ္ဂတာတိ ဣဒံ ပရိပုစ္ဆာဝသေန ဥဂ္ဂဟဏမ္ပိ သန္ဓာယ ဝုတ္တံ (ဟူသော သာရတ္ထဒီပနီဋီကာ), အတ္ထမတ္တဝသေနပေတ္ထ ယောဇနံ ကရောန္တိ (ဟူ၍ လာသော ဝိမတိ ဋီကာ) ပါဌ်တို့ဖြင့် လျော်စွာ ရအပ်ယူအပ် ဆုံးဖြတ်အပ်သော အန္တိမပရိစ္ဆေဒအားဖြင့် ဥဘတော ဝိဘင်းပါဠိတော်ကို အနက်ထင်စွာပြ၍ အဓိပ္ပါယ်ကို နားလည်အောင် ဆင်ခြင် လေ့လာ၍ နာမ်,ရုပ် အပိုင်းအခြား ကမ္မဋ္ဌာန်းအရာများကို နားလည်အောင် ပြု၍ နိဿယည်း ပေးနိုင်လောက်သော ဗဟုဿုတအင်္ဂါနှင့် ပြည့်စုံခြင်း, အကြောင်းမဲ့ နေလွဲ ကွမ်းစား ဆေးဝါး ဆေးသောက် မရှိ, ကုလဒူသန အနေသနအမှု, အနာမာသ နိဿဂ္ဂိယ ရူပိယုဂ္ဂဟ အမှု စသည် မရှိ ပကတိ လဇ္ဇီ သိက္ခာကာမ သဘောနှင့် ပြည့်စုံခြင်း, လဇ္ဇီပုဂ္ဂိုလ် ဟူ၍လည်း အတန်အရာ ကြေငြာထင်ရှားခြင်း, တလလျှင် လေးသီတင်း ရှစ်သီတင်း စသည်

ဖြင့် အခါခါတို့၌ တရားစကား ဟောကြား ပြသခြင်း, ပရိသတ်တို့အား သဒ္ဓါတရား တက်ပွါးစေနိုင်ခြင်း, ပြင်းထန်စွာသော ဒေါသ မာနစိတ်ဖြင့် အော်အင်ငေါက်ငမ်း ကြမ်းထမ်းရိုက်နှက်မှုမရှိ ပကတိ တရားစကားတို့ဖြင့်သာ ပရိသတ်ကို ယဉ်ကျေးအောင် ဆုံးမနိုင်ခြင်း, နှုတ်မကြမ်းထမ်းခြင်း, အဖျင်းအချော် အသရေဘ်မမျှားရခြင်း, သစ်ပင်ငယ်စိုက်ခြင်း စသော နဝကမ္မ အမှုထမ်းရခြင်း, ဒကာတို့နှင့် အနနုလောမိက ဂိဟိသံသဂ္ဂ ဒါယကာတို့နှင့် ဖြစ်ရအောင် အထူးသဖြင့် တစုံတခု အင်္ကျရှားပေါ်ပေါက်လာ, ဝေဘန်ရာ စသည်တို့၌ အဂတိတရား မလိုက် မလားခြင်း, တိုက်သားလဇ္ဇီပုဂ္ဂိုလ်အများ ယုံကြည် နှစ်သက်လောက်သော ကိုယ်အမူအရာ, နှုတ်အမူအရာ အကျင့်နှင့် ပြည့်စုံခြင်း, တိုက်သား သံဃာ အလုံးစုံတို့အား အကြောင်းမဲ့ နေလွဲ ကွမ်းစား ဆေးသောက် စသော အလဇ္ဇီဓမ္မတို့ကို မပြုမကျင့်စေရအောင် အခါခပ်သိမ်း သတိထားခြင်း, သတိထား၍ တရားနှင့်လျော်စွာ နိုင်နင်းအောင် စောင့်ရှောက်ခြင်း ဆိုအပ်ပြီးသော နိဿယည်းဆရာ အင်္ဂါနှင့် ပြည့်စုံအောင် ပြု၍ နိဿယည်း ဥပဇ္ဈာယ်ပေးသဖြင့် တပည့် ပရိသတ်တို့အား ဆုံးမ စောင့်ရှောက်ခြင်း ဤသို့သော အင်္ဂါတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ် အထက် နိဿယည်းဆရာကြီး ခန့်ထားရန် သံဃာသဘောတူ ရှာထားကြရမည်။

၎င်းအောက် တိုက်အုပ်ပုဂ္ဂိုလ် ကျင့်ဆောင်ရမည်မှာကား— အထက် နိဿယည်းဆရာကြီးထံ ရံခါရံခါ သွား၍ တရားဆုံးမခံရခြင်း, နိဿယည်းဆရာ မထေရ်ကြီး ဆုံးမ၍ထားအပ်သော ဥပဒေနည်းအတိုင်း နေရာကျအောင် ပရိသတ် တိုက်သံဃာအားလုံးကို ဆုံးမ စောင့်ရှောက်နိုင်ခြင်း။

> အတ္တာနမေဝ ပထမံ၊ ပတိရူပေ နိဝေသယေ။
> အထညမနုသာသေယျ၊ န ကိလိဿေယျ ပဏ္ဍိတော။

ပါဠိတော်နှင့်အညီ သူတပါးကို မဆုံးမမီ နေရာတကျ သုခ်သင် ဆုံးမရဦးမည်ဟု ဟောတော်မူသည့်အတိုင်း မိမိ၌ ကုလဒူသနသိက္ခာပုဒ်တော် ဆရာများနှင့် စပ်၍ မလွတ်မကင်းသဖြင့် ပဗ္ဗာဇနိယ ကံထိုက်သည်ကို မြင်လျှင် အများ တိုက်သားတို့ ယခင် ရှေးဦးတင်၍ စင်ကြယ်အောင် သုခ်သင်ကုသခြင်း, အကပ္ပိယ ကုလဒူသန အနေသနပစ္စည်း, ရွှေငွေအနာမာသ နိဿဂ္ဂိယပစ္စည်း ရှိခဲ့လျှင် အများတိုက်သားတို့ အရင် ရှေးဦးတင်၍ အကုန်

အစင် စွန့်ပစ်နိုင်ခြင်း၊ တိုက်တာ သံဃာတို့အား ဝိနည်းတရားလာတိုင်း သုံသင်ရန်ရှိသမျှကို သုံသင်နိုင်ကြအောင် တရားနှင့်အညီ ဟောပြော ပြသ ဆုံးမနိုင်ခြင်း တိုက်သံဃာတို့ ကြည်ညိုဖွယ်သော ကိုယ်နှုတ် အမူအရာ နှင့် ပြည့်စုံအောင် အခါခပ်သိမ်း စောင့်စည်းခြင်း အထက်နိသျှယည်း ဆရာ ကြီးအား ဖက်ပြိုင်ခြင်း ယုဂဂ္ဂါဟ မဂ္ဂ ပဋ္ဌာသ မပြု၊ အခါခပ်သိမ်း နှိမ်ချ ရိုသေခြင်းဟု ဆိုအပ်သော နိသျှယည်းဆရာမှုပြုကျင့်ရသော အဓိမတ္တ ဂါရဝ တရားနှင့် ပြည့်စုံခြင်း၊ တိုက်သားသံဃာတို့၌ ဆုံးမရန် အမှု အကြီးအကျယ် ရှိသရွေ့ကို အထက် နိသျှယည်းဆရာကြီးတို့ထံ တိုင်ပင် လျှောက်ထားပြီးမှ သဘောတူ နေရာကျအောင် ဆုံးမစောင့်ရှောက်နိုင်ခြင်း၊ ဒွေမာတိကာ နှစ်စောင်၊ ကုလဒူသနရှစ်ပါး၊ အနေသန ၂၁-ပါး အခြင်းအရာများကို နှုတ် တက်အာဂုံ လေ့လာခြင်း၊ပါဠိ၊အဋ္ဌကထာတို့ကို နိုင်နင်းအောင် ပို့ချနိုင်ခြင်း၊ အကြောင်းမဲ့ မြို့တွင်းရွာတွင်း ထိုးဆောင်းဘိနပ်စီးခြင်း၊ ဒါယကာတို့နှင့် တရားမသင့် ရောနှောဆက်ဆံခြင်း စသော အလဇ္ဇီမမှုတို့ကို မိမိလည်း မဖြစ်စေရ၊ တိုက်သားသံဃာတို့ကိုလည်း မဖြစ်စေရအောင် အခါခပ်သိမ်း စောင့်ရှောက် ဆုံးမနိုင်ခြင်း၊ ဆုံးမ၍မရ ဒုဗ္ဗစကျင့်သော တိုက်သားတို့ကို နိသျှယည်းဆရာထံ ပန်လျှောက်ထားခြင်း၊ ပြင်းထန်စွာ ဒေါသစိတ်ဖြင့် အော်အင်ငေါက်ငမ်း ကြမ်းထမ်းရိုက်နှက်မှု မရှိ ပကတိ တရားစကားတို့ဖြင့် တိုက်သံဃာ အားလုံးကိုလည်း ကျေအောင် ဆုံးမ စောင့်ရှောက် နိုင်ခြင်း၊ အထက် နိသျှယည်းဆရာကြီး၌ သိက္ခာပုဒ်တော်နှင့် မလျော်သော အမှုကို သိမြင်လျှင် အကြောင်းအားလျော်စွာ အရိုအသေ နေရာကျအောင် ကောင်းမွန်စွာ လျှောက်ထား ပြောဆိုငုံခြင်း၊ မိမိအား သိက္ခာပုဒ်နှင့် မကင်း သဖြင့် လျှောက်ထား စောဒနာလာသည့်အခါ စိတ်ဆိုးသော အမူအရာကို မပြုပဲ အကြောင်းအားလျော်စွာ လျှောက်ထားပြောဆို၍ အများ သံသယ ကင်းလောက်အောင် သုံသင်စောင့်စည်းနိုင်ခြင်း၊ တိုက်သံဃာ အားလုံးကို ပါတိမောက်ပြသဖြင့် သံဃဥပုသ် အညီအညွတ် စုဝေး၍ ပြုစေခြင်း ဤသို့သော လက္ခဏာအင်္ဂါနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို တိုက်အုပ်အရာ ခန့်ထားရန် သံဃာသဘောတူ ရှာကြရမည်။ (တရပ်။)

တိုက်ကြပ် ပုဂ္ဂိုလ်တို့ပြုကျင့်ရမည်ကား—အထက်နိသျှယည်းဆရာ တိုက် အုပ်ဆရာကြီးတို့ဝိနည်းနှင့်အညီ ဆိုဆုံးမရာ မသွေမလှန် လိုက်နာခံနိုင်ခြင်း၊ ၎င်း အထက်ဆရာကြီးတို့ သတိချွတ်ချော် မတော်ပြုကျင့်မိသည်ကို ပြုပြင်

သည့်အခါ တရားနှင့်လျော်ညီစွာ လျှောက်ထားခြင်း အကြောင်းမဲ့ နေလှဲ့ ကွမ်းစား ဆေးဝါး ဆေးသောက် ကုလဒူသန အနေသန စသော အလဇ္ဇီ-ဓမ္မတို့ကိုမိမိလည်းမဖြစ်စေရ,တိုက်သားသံဃာတို့ကိုလည်းမဖြစ်စေရအောင် ကောင်းမွန်စွာ စောင့်ရှောက် ဆောက်တည် ကြပ်မတ် ကြည့်ရှုနိုင်ခြင်း, နှုတ်မကြမ်းထမ်းရခြင်း, ကျောင်းသား သူငယ်ကိုမျှ ရိုက်နှက်ပုတ်ခတ် မပြု အမှုနှင့်လျော်စွာ သင့်ရာဒဏ်ကိုသာပေး၍ ယဉ်ကျေးအောင် ဆုံးမနိုင်ခြင်း, တိုက်သားသံဃာတို့၌ ဆုံးမရန်အမှု အကြီးအကျယ် ရှိသမျှကို အထက် ဆရာကြီးတို့ထံ ပန်လျှောက်ထားသဖြင့် သဘောတူ ဆုံးမစီရင်ရခြင်း, တိုက်သားသံဃာတို့ ကြည်ညိုဘွယ်သော ကိုယ်အမူအရာ နှုတ်အမူအကျင့် နှင့် ပြည့်စုံခြင်း, မိမိ၌ သုခ်သင် ဆေးလျှော်ရန်ရှိသမျှကို တိုက်သားတို့အရင် ရှေးဦးတင်၍ သုခ်သင် ဆေးလျှော်နိုင်ခြင်း ဤသို့သောအင်္ဂါတို့နှင့် ပြည့်စုံ သူတို့ကို တိုက်ကြပ်အရာ ခန့်ထားရန် သံဃာသဘောတူ ရှာကြရမည်။ (တရပ်။)

ကျောင်းနေပုဂ္ဂိုလ်တို့ ကျင့်ဆောင်ရာမှာကား အထက်နိဿယည်းဆရာ တို့က တိုက်အုပ်, တိုက်ကြပ် ဆရာတို့ ဆင့်ဆိုဆုံးမရာ မသေ့မလှန် လိုက်နာ ခံနိုင်ခြင်း နိဿယမုစ္စကအင်္ဂါနှင့် မပြည့်စုံမီ မိမိနှင့်တကွ မိမိထံရောက်လာ သော တပည့်ပရိသတ်တို့ကို အထက်နိဿယည်းဆရာကြီးထံ နိဿယည်း ဥပဇ္ဈာယ်ယူ၍ နေစေခြင်း, မိမိကျောင်း၌ သိတင်းသုံးနေအံ့သောငှါ ရောက်လာသော ပရိသတ်တို့ကို အထက်ဆရာတို့ထံ ခွင့်ပန်လျှောက်ထား၍ နေစေခြင်း, ကျောင်းသား လူငယ်တို့ကို ရှင်ပြုစေလိုလျှင် အထက် ဆရာကြီး တို့ထံ ပန်လျှောက်၍ ရှင်ပြုစေခြင်း, ၎င်း ရှင်သာမဏေတို့ကို နိဂ္ဂဟိတန္တ မ-ကာရန္တ သိထိလ ဓနိတ တို့နှင့်တကွ ဌာန်ကရိုဏ်းပီသအောင် သရဏဂုံ ပေးစွမ်းနိုင်ခြင်း, ဆွမ်းခံခြင်းမှ တပါးသောကိစ္စဖြင့် မြို့တွင်း ရွာတွင်းသို့ ဝင်လိုလျှင် အထက်တိုက်အုပ်ဆရာတို့ထံ ပန်ပြီးမှ ဝင်ခြင်း, အကြောင်းမဲ့ နေလှဲ့ ကွမ်းစား ဆေးဝါး ဆေးသောက်အမှု ကုလဒူသန အမှုစသော အလဇ္ဇီ အမှုတို့ကို မိမိနှင့်တကွ မိမိကျောင်းနေ ပရိသတ်အားလုံးကို လုံခြုံ အောင် စောင့်ရှောက် ဆုံးမနိုင်ခြင်း, ကျောင်းသားလူငယ်တို့ကို ပြေးလွှား ကစားမြူးထူး ဇယ်တောက် ကျည်းသားတောက် ထွေပစ် ရေကူး ရေကစား ဒုတ်ပေါက် စသည် မရှိစေရ၊ ဣန္ဒြေရအောင် ဆုံးမစောင့်ရှောက်နိုင်ခြင်း, လူငယ်, သာမဏေငယ်တို့ကို ရိုက်နှက်ပုတ်ခတ်မှု မရှိ သဒဏ် ရေဒဏ် စသည်

များနှင့်သာ တရားနှင့်အညီ နိုင်နင်းအောင် ဆုံးမစောင့်ရှောက်နိုင်ခြင်း, မိမိကျောင်းနေ ပရိသတ်အလုံးကို ည-နံနက်အမှီ ဘုရားဝတ်တက် ဝတ်ကပ် မှုကို အမှန်ပြုစေခြင်း, အခါအခါတို့၌ တရားစကားတို့ဖြင့် ပရိသတ်တို့အား ဟောပြောပြသ ဆုံးမလေ့ ရှိခြင်း, မိမိလည်း အထက်နိဿယည်းဆရာ တိုက်အုပ်တို့ထံ ရံခါရံခါ သွား၍ တရားဆုံးမခံလေ့ရှိခြင်း, ကုလဒူသန ရှစ်ပါး, အနေသန နှစ်ဆယ့်တပါး ခြင်းရာများကို နားလည်အောင် သေချာမှတ်သား၍ ၎င်းကုလဒူသန အမှု, အနေသန အမှုတို့မှ လွတ်အောင် ရှောင်ကြဉ် စောင့်စည်းနိုင်ခြင်း, မိမိကျောင်းနေ တပည့်ပရိသတ်တို့အား ပရိယတ် ပဋိပတ် မလွတ်လပ်ရအောင် သင်ကြား ပို့ချ နှိုးဆော် တိုက်တွန်းလေ့ရှိခြင်း, မိမိကျောင်း၏ အနီးအပါး ကျောင်းတလင်းတို့ကို စင်ကြယ်အောင် သုခ်သင်သဖြင့် သေနာသနဝတ်, စေတိယင်္ဂဏ ဗောဓိယင်္ဂဏ ဝတ်တို့ကို မပြတ် ပြုစုစေခြင်း, အကြောင်းမဲ့ နေလွဲ ကွမ်းစား ဆေးသောက် ဆေးဝါး အလဇ္ဇီအမှုတို့မှ မရှောင်နိုင်သော တပည့်ရဟန်း သာမဏေတို့ကို လက်ခံသိမ်းထားမှု မရှိခြင်း ဤသို့သော အင်္ဂါနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကိုသာ မိုးကောင်းတိုက်၌ ကျောင်းနေပုဂ္ဂိုလ် ပြုလုပ်ကြရမည်။ (တရပ်။)

တိုက်သားပုဂ္ဂိုလ်တို့ ကျင့်ဆောင်ရမည်မှာကား—၎င်းမိုးကောင်းတိုက်၌ နေလိုသော ပုဂ္ဂိုလ်သည် အထက် နိဿယည်းဆရာ, တိုက်အုပ်, တိုက်ကြပ်ဆရာတို့ထံ လျှောက်ထားပြီး၍ ၎င်းဆရာကြီးတို့ ညွှန်ချရာ ကျောင်း၌ နေရခြင်း, မိမိ သီတင်းသုံးနေရာ ကျောင်းတွင် ကျောင်းနေ ပုဂ္ဂိုလ်ကြီးတို့ ဆုံးမရာ မသွေမလှန် လိုက်နာခံနိုင်ခြင်း, ဆွမ်းခံခြင်းမှတပါး မြို့တွင်း အရပ်တွင်းသို့ ဝင်လိုလျှင် နိဿယည်းဆရာ, တိုက်အုပ်ဆရာ, ကျောင်းနေ ဆရာတို့ထံမှ အခွင့်ရမှ ဝင်ရခြင်း, မြို့တွင်း အရပ်တွင်းတို့၌ အနာဟူသော အကြောင်းမရှိ, ပရိယာယ်ရှာကြံ၍ ဘိနပ်စီး ထီးဆောင်း စသော အလဇ္ဇီဓမ္မတို့မှ လွတ်အောင် ရှောင်ကြဉ်နိုင်ခြင်း, အကြောင်းမဲ့ နေလွဲကွမ်းစား ဆေးဝါး ဆေးသောက် ကစားမြူးထူးခြင်း,ပရိယတ် ပဋိပတ်တရားတို့ကို ကြိုးစား အားထုတ်သဖြင့် သင်ကြားနိုင်ခြင်း,အထက်နိဿယည်းဆရာ,တိုက်အုပ် တိုက်ကြပ်ဆရာ, ကျောင်းနေဆရာကြီးတို့ တရားနှင့်အညီ ဆင့်ဆို ဆုံးမရာ မလိုက်နာနိုင်သော ပုဂ္ဂိုလ်တို့သည် တိုက်မှအပ ထွက်သွားရခြင်း စသည်တည်း။ ဤကား တိုက်သားပုဂ္ဂိုလ်တို့ ကျင့်ဆောင်ရန် ရွှေကျင်ဆရာ ဆင့်ဆို လျှောက်ထားအပ်သည် မိုးကောင်းတိုက် သံဃာကြီးငယ် တစုတို့။

မိုးကောင်းတိုက်၌ ယခု ဆင့်ဆိုခဲ့သည့်အတိုင်း အလုံးစုံ နေရာကျ အောင် သုခ်သင် ရှင်းလင်း နေရာချထားရမည်ဖြစ်၍ ၎င်းအတိုင်း စိစစ် မေးမြန်း ထောက်လှမ်း ဆင်ခြင်သဖြင့် နေရာမချထားမီအတွင်း မင်းကွန်း ဦးဂုဏ, ဦးယောက်, ဦးဂန္ဓမာ, ဦးတေဇဝန္တ ၎င်းပုဂ္ဂိုလ် လေးပါးတို့က ၎င်းမိုးကောင်းတိုက်အတွင်း အကြောင်းမဲ့ နေလွဲကွမ်းစား ဆေးဝါး ဆေးသောက်မြို့တွင်း ရွာတွင်း ထီးဆောင်း ဘိနပ်စီး စသော မြူးထူး ရေကူး ကစား ရွှေငွေ အနာမာသ နိဿဂ္ဂိယဝတ္ထုပစ္စည်း ခံယူခြင်း, ဆွမ်းစဉ် ဆွမ်း စား ပရိတ်ရွတ် အသုဘရှု စသော သုမင်္ဂလ ဒုမင်္ဂလ အမှုတို့၌ ဒါယကာ တို့နှင့် ရောရှက်ပူးပေါင်းလျက် ပညတ် ပရိယာယ် နိမိတ် ဩဘာ မိစ္ဆာဇီဝ အကြောင်း မကောင်းသော အမူအရာ သာမဏေ လူငယ်တို့ လှော်လေ လှော်လောင်း ထိုပြင် ကစားမြူးထူး ရေကူးခြင်း စသော ဆိုးကြမ်းသော အလဇ္ဇီမမွတို့ကို မိမိတို့နှင့်တကွ တိုက်သံဃာ အားလုံးကို နိုင်နင်းအောင် စီရင် ဆုံးမ စောင့်ရှောက်နိုင်ကြရမည်။

ဆုံးမ၍ မရ ဒုဗ္ဗစပုဂ္ဂိုလ်တို့ကို ဆရာထံ အကြောင်း ကြားတော်မူကြရ မည်၊တိုက်သံဃာတို့ကိုလည်း နိုင်နင်းအောင် မဆိုမဆုံးမ, ဆရာထံသို့လည်း အကြောင်းမကြား အမှတ်မဲ့ နေခဲ့ကြလျှင် ၎င်းအကြီး အအုပ် ပုဂ္ဂိုလ် ၄-ပါးတို့ကို အပြစ်ထိုက်ရာ စီရင်ရလိမ့်မည်။

ပြီးပြီ။

ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ၊
ဓမ္မော သုစိဏ္ဏော သုခမာဝဟတိ။
ဧသာနိသံသော ဓမ္မေ သုစိဏ္ဏေ၊
န ဒုဂ္ဂတိံ ဂစ္ဆတိ ဓမ္မစာရီ။

ဓမ္မော-ကောင်းသော ကျင့်ဝတ်တရားသည်၊ ဓမ္မစာရိံ-တရားကျင့် သောသူကို၊ဟဝေ-စင်စစ်၊ရက္ခတိ-စောင့်ရှောက်တတ်၏၊ သုစိဏ္ဏော-ကောင်း စွာလေ့ကျက်အပ်သော၊ ဓမ္မော-ကျင့်ဝတ်တရားသည်၊ သုခံ-ချမ်းသာသုံးပါး ကို၊အာဝဟတိ-ရွက်ဆောင်တတ်၏၊ ဧသ ဧသော-ဤသို့ ချမ်းသာသုံးပါးကို ရခြင်းသည်၊ သုစိဏ္ဏေ သုစိဏ္ဏေ-ကောင်းစွာ လေ့ကျက်အပ်သော၊ ဓမ္မေ ဓမ္မဿ-တရားတော်၏၊ အာနိသံသော-အာနိသင်တည်း၊ ဓမ္မစာရီ-သူတော် ကောင်းတရားကို ကျင့်သောသူသည်၊ ဒုဂ္ဂတိံ-အပါယ်နရက်သို့၊ န ဂစ္ဆတိ- သွားရိုးမရှိ။ ။နိဗ္ဗာနပစ္စယော ဟောတု။

## ပထမရွှေကျင်ဆရာတော်ဘုရားကြီး၏

# သီလဝိသောဓနီ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ကျမ်းဦးစကား

သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ-ဟု အဘိယာစက ပြုတော်မူကြကုန်သည်နှင့် အညီ သံသရာဝဋ်မှ လွတ်လိုကြကုန်သည်ဖြစ်၍ ရဟန်းပြုတော်မူကြကုန်သော ပုဂ္ဂိုလ်သခင် အရှင်မြတ်တို့သည် အလွန်ကြည်နူးလှစွာသော သဒ္ဓါမေတ္တာစိတ်ဖြင့် ကျွန်ုပ် လျှောက်ဆို ရေးသားလတ္တံ့သော ရှင်တော်ဘုရား၏ ရွှေနှုတ်တော်မြွက် ဓမ္မစက်ကို ပညာတည်းဟူသော နားရွှေခွက်ဖြင့် မှတ်သားလေ့ကျက် ဆောင်ရွက် ကြည့်ရှုတော်မူကြပါစေကုန်သတည်း။

သဗ္ဗညုရှင်တော်ဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်တွင်း၌ သီတင်းသုံး နေတော်မူသောအခါ အရှင်သာရိပုတ္တရာ၏ တပည့် ပဏ္ဍိတသာမဏေသည် ဆွမ်းခံသွားရာ လမ်းခရီးအကြား၌ ရေမြောင်းသွယ်၍ ရေကိုလောင်းသော လယ်လုပ်သော ယောကျ်ားကို မြင်သဖြင့်၎င်း, သစ်ကိုရွေသော တစည်းသမားကို မြင်သဖြင့်၎င်း, မြှားကိုဖြောင့်သော လေးသမားကို မြင်သဖြင့်၎င်း ဤ အသက်မရှိ အဝိညာဏကဖြစ်သော ရေ, သစ်သား, မြှားတို့သည်လည်း လူတို့ ဆုံးမသည်ရှိသော် လူတို့၏ အလိုသို့ လိုက်ရကုန်သေး၏၊ အသက်ရှိသော ငါ၏ကိုယ်မူကား အသို့လျှင် ဆုံးမ၍ မရဘဲ ရှိအံ့နည်း-ဟု တရားသံဝေဂ ယူ၍ မိမိကိုယ်ကို ဆုံးမသည်ရှိသော် ထိုနေ့၌ပင် ပဋိသမ္ဘိဒါ, အဘိညာဉ်, သမာပတ်တို့နှင့် တကွ ရဟန္တာအဖြစ်သို့ ရောက်လေသည်ကို အကြောင်းပြု၍—

ဥဒကံ နယန္တိ နေတ္တိကာ၊ ဥသုကာရာ ဒမယန္တိ တေဇနံ။
ဒါရုံ ဒမယန္တိ တစ္ဆကာ၊ အတ္တာနံ ဒမယန္တိ ပဏ္ဍိတာ။ —

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

နေတ္တိကာ - လယ်လုပ်ယောကျ်ားတို့သည်၊ ဥဒကံ-ရေကို၊ နယန္တိ-လိုရာအရပ်သို့ ဆောင်ကုန်၏၊ ဥသုကာရာ-လေးသမားတို့သည်၊ တေဇနံ-မြှားကို၊

ဒမယန္တိ-ဖြောင့်ကုန်၏၊ တစ္ဆကာ-တစည်းသမားတို့သည်၊ ဒါရုံ-သစ်ကို၊ ဒမယန္တိ-ရွေကုန်၏၊ ပဏ္ဍိတာ-ပညာရှိသော လဇ္ဇီသူတော်ကောင်းတို့သည်၊ အတ္တာနံ-ကိုယ်ရှင်ကိုယ်ကို၊ ဒမယန္တိ-ဆုံးမကြကုန်၏။ (ဓမ္မပဒပါဠိတော်)

ဤဒေသနာတော်၏ အဓိပ္ပါယ်သော်ကား—ငါ၏ချစ်သား ရဟန်းများ တို့....အသက်မရှိသော အဝိညာဏက ဝတ္ထုတို့ပင်သော်လည်း လူတို့ ဆုံးမ သည်ရှိသော် လူတို့၏ အလိုသို့ လိုက်ရကုန်သေး၏၊ အသက်ရှိသော ငါ၏ ကိုယ်ကိုမူကား အဘယ်သို့လျှင် ဆုံးမ၍ မရဘဲ ရှိအံ့နည်း-ဟု နှလုံးပြုသဖြင့် ပညာရှိတို့သည် ကိုယ်ရှင်ကိုယ်ကို ဆုံးမကြကုန်၏၊ ထို့ကြောင့် သင်ချစ်သား တို့သည်လည်း ကိုယ်ရှင်ကိုယ်ကို ကောင်းသောအမှု၌ ယှဉ်စေသဖြင့် သွန်သင်ဆုံးမကြပါကုန်-ဟူ၍ တရားဒေသနာတော်မြတ် ပါဌ်ဝယ် အဓိပ္ပါယ် လာသည်၊ ထို့ကြောင့် ယခုအခါ သံသရာဘေးကို ရှုသဖြင့် ရဟန်းပြုတော် မူကုန်သော အရှင်မြတ်တို့သည်လည်း အသက်ကဲ့သို့ အလေးအမူ ပြုထိုက် သော သိက္ခာပုဒ်တော်ကို ကျော်နင်း လွန်ကျူးပြုလိုသော ကောက်ပင်ကို စားတတ်သော နွားဆိုးနှင့်တူသော စိတ်ကို သတိပညာတည်းဟူသော ဒုတ် လုံ့တံဖြင့် အဖန်ဖန် ရိုက်နှက် ပုတ်ခတ်၍ သီလကို ဖြူစင်စွာ သုတ်သင် စောင့်စည်းခြင်း, ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းခြင်း-အစရှိသည်ဖြင့် ကုသိုလ် ကောင်းမှု၌ ထမ်းပိုးထမ်းကြောက်သော နွားဆိုး, နွားညစ်ကဲ့သို့ တွန့်တို ဆုတ်နစ်တတ်သော စိတ်ကို ဝီရိယတည်းဟူသော နှင်တံဖြင့် အဖန်တလဲလဲ ပုတ်ခတ်၍ စင်ကြယ်အောင် သုတ်သင် စောင့်စည်း, ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းခြင်း အစရှိသည်ဖြင့် ကိုယ်ရှင်ကိုယ်ကို ဆုံးမ၍ သံသရာဝဋ်မှ လွတ်အောင် ရှက်ဆောင် ကြိုးကုတ် အားထုတ်တော်မူနိုင်ကြပါစေကုန် သတည်း။

သဗ္ဗညုဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်း သုံးတော်မူသောအခါ အရှင်သာရိပုတ္တရာ၏ တပည့်ဖြစ်သော ရာဓထေရ် သည် အလွန်ပြောဆို ဆုံးမလွယ်သဖြင့် မကြာမြင့်မီပင် အရဟတ္တဖိုလ်သို့ ရောက်သည်ကို အကြောင်းပြု၍—

ဣဓ ဘိက္ခဝေ ဘိက္ခုနာ နာမ ရာဓေန ဝိယ သုဒမ္မေန ဘဝိတဗ္ဗံ၊
ဒေါသံ ဒဿေတွာ ဩဝဒိယမာနေနာပိ န ကုဇ္ဈိတဗ္ဗံ၊ ဩဝါဒဒါယ-
ကော ပန နိဓိံ အာစိက္ခကော ဝိယ ဒဋ္ဌဗ္ဗော။—

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

အနက်။ ။ဘိက္ခဝေ-ရဟန်းတို့၊ ဣမ-ဤငါဘုရား သာသနာတော်၌၊ ဘိက္ခုနာ နာမ-ရဟန်းမည်သည်ကား၊ ရာဇေန ဝိယ-ရာဇထေရ်ကဲ့သို့၊ သုဒမ္မေန-လွန်စွာဆုံးမလွယ်သည်၊ ဘဝိတဗ္ဗံ-ဖြစ်ရာ၏၊ ဒေါသံ-သိက္ခာပုဒ်တော်ကို လွန်ကျူးကျော်နင်း၍ ကျင့်သော ဟုတ်မှန်တိုင်းသော အပြစ်ကို၊ ဒဿေတွာ-ပြ၍၊ဩဝဒိယမာနေနာပိ-ပြောဆိုဆုံးမသော်လည်း၊န ကုဇ္ဈိတဗ္ဗံ-အမျက်မထွက်အပ်၊ ပန-စင်စစ်သော်ကား၊ ဘိက္ခဝေ-ရဟန်းတို့၊ ဩဝါဒ-ဒါယကော-ဆုံးမပဲ့ပြင် သွန်သင်သော သူကို၊ နိဓိံ-ရွှေအိုးကို၊ အာစိက္ခဏ-ကော ဝိယ-ပြောကြားတတ်သောသူကို ကဲ့သို့၊ ဒဋ္ဌဗ္ဗော-မှတ်အပ်၏။

ဤဒေသနာတော်မြတ်ဝယ် အဓိပ္ပါယ်သော်ကား——ဝင့်ဆင်းရဲဘေးကို ကြောက်သဖြင့် ရဟန်းပြုကြကုန်သော ငါ၏ချစ်သား ရဟန်းများတို့.... ငါဘုရား၏ သားတော်ဖြစ်သော သူသည် မသိမလိမ္မာမီကာလ ချွတ်ချော် တိမ်းပါးသော်လည်း သီတင်းသုံးဘော်တို့ ပြောဆိုဆုံးမသောအခါ ရိုသေစွာ လိုက်နာ၍ ကျင့်အပ်၏၊ အပြစ်ကို ထင်စွာ ပြသဖြင့် ဆုံးမပေတတ်သော သူကို အမျက်ထွက်ခြင်း, မာန်မူခြင်းကို မပြုအပ်၊ ရွှေအိုးရတနာကို ဖော်ပြပေးတတ်သော သူကိုကဲ့သို့ အလေးအမြတ် ပြုအပ်၏၊ ထို့ကြောင့် သင်ချစ်သားတို့သည် ပြောဆို ဆုံးမခြင်းငှါ မခဲယဉ်းကြပါကုန်လင့်၊ သီတင်းသုံးဘော်တို့ ပြောဆို ဆုံးမသော စကားကို ရိုသေစွာလိုက်နာ၍ ကျင့်ကြပါကုန်-ဟု တရားဓမ္မဒေသနာတော်မြတ် ပါ၍ လာသည်။

ဤသို့လာသည်ကို အသင့်အတင့် နှလုံးသွင်းမိကြကုန်သည်ဖြစ်၍ ယခုအခါ သံသရာဝဋ်မှ လွတ်လိုကုန်သည်ဖြစ်၍ သိက္ခာပုဒ်တော်တို့ကို မသိမလိမ္မာမီကာလ ချွတ်ချော် တိမ်းပါး၍ ကျင့်မိသော်လည်း သီတင်းသုံးဘော်တို့ ပြောဆိုဆုံးမသည်ရှိသော် ဝမ်းမြောက် ဝမ်းသာ လိုက်နာတော်မူနိုင်ကြပါစေကုန်သတည်း။

ရှင်တော်ဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး၍ နေတော်မူသောအခါ ကီဋာဂိရိဇနပုဒ်၌ အဿဇိ ပုနဗ္ဗသုက ရဟန်းတို့သည် ဒါယကာတို့အား ဆွမ်း, သစ်သီး, ပန်း ပေးခြင်းစသော ကုလဒူသန အနေသန အမှုတို့ကို ပြုကျင့်၍ နေသော်လည်း အလဇ္ဇီအသင်းအပင်း အားကြီးသဖြင့် တစုံတယောက်သောသူမျှ မဆုံးမဝံ့ကြကုန်သည်ကို အကြောင်းပြု၍——

ဩဝဒေယျာနုသာသေယျ၊ အသဗ္ဘာ စ နိဝါရယေ။
သတဉ္ဟိ သော ပိယော ဟောတိ၊ အသတံ ဟောတိ အပ္ပိယော။ —
ဟူသော ဒေသနာမြတ်ကို ဟောတော်မူသည်။ (ဓမ္မပဒပါဠိတော်)

ဘိက္ခဝေ-ရဟန်းတို့၊ သဟဓမ္မိကာနံ-ချွတ်ချော်တိမ်းပါး မှောက်မှားကုန်သော အဆွေခင်ပွန်း သီတင်းသုံးဘော်တို့အား၊ ဩဝဒေယျ-သနားသဖြင့် သွန်သင် ဆုံးမရာ၏၊ အနုသာသေယျ-တားမြစ်ရာ၏၊ အသဗ္ဘာ စ-ရဟန်းတို့အား မလျောက်ပတ်သော မသူတော်တို့၏အကျင့်မှ၊ နိဝါရယေ-ဆီးတားရာ၏၊ ဟိ သစ္စံ-ငါဘုရား မိန့်တော်မူခြင်းသည် သင့်မြတ်၏၊ ဘိက္ခဝေ-ရဟန်းတို့၊ သော-ထိုဆုံးမပဲ့ပြင် သွန်သင် တားမြစ်တတ်သောသူကို၊ သတံ-သူတော်ကောင်းတို့၏၊ ဝါ-သူတော်ကောင်းတို့သည်၊ ပိယော-ချစ်မြတ်နိုးအပ်သည်၊ ဟောတိ-ဖြစ်၏၊ အသတံ-သူတော်ကောင်းမဟုတ် သူယုတ်မာတို့သည် သာလျှင်၊ အပ္ပိယော၀-မချစ်မမြတ်နိုးနိုင်သည်သာလျှင်၊ ဟောတိ-ဖြစ်၏။

အဓိပ္ပါယ်သော်ကား—ငါ၏ချစ်သား ရဟန်းများတို့....အဆွေခင်ပွန်း သီတင်းသုံးဘော်တို့သည် ချွတ်ချော် တိမ်းပါးသည်ရှိသော် သနားသဖြင့် ဆုံးမ မြစ်တားရာ၏။

ဤပုဂ္ဂိုလ်ကား ငါဆုံးမသည်ရှိသော် ငါ့အား အမျက်ထွက်ခြင်း, ရန်ငြိုးဖွဲ့ခြင်း, မာန်မူခြင်းကို ပြုလတ္တံ့ဟု ရှုရှားသဖြင့် မသွန်သင် မဆုံးမပဲ မနေရာ၊ ဆုံးမ သွန်သင်တတ်သော သူကို သူတော်ကောင်းတို့သည်ကား အလွန်ချစ်မြတ်နိုးကုန်၏၊ ထို့ကြောင့် သင်ချစ်သားတို့သည်လည်း သီတင်းသုံးဘော်တို့ ချွတ်ချော် တိမ်းပါးသည်ရှိသော် ဆုံးမပဲ့ပြင် သွန်သင်မြစ်တား ကြပါကုန်-ဟူ၍ အဓိပ္ပါယ်လာသည်။

ဤသို့လာသည်ကို အသင့်အတင့် နှလုံးသွင်းတော်မူမိကြကုန်သည် ဖြစ်၍ ချမ်းသာကို တောင့်တသဖြင့် ရဟန်းပြုတော်မူကြကုန်သော ဘုရားသားတော်သခင် အရှင်မြတ်တို့သည် သီတင်းသုံးဘော်တို့ သိက္ခာပုဒ်တော်ကို ကျော်နင်း လွန်ကျူး၍ ကျင့်သည်ကို သိမြင်လျက် သူ့ဝန်နှင့်သူ ရှိပါစေ၊ သူ့ထိုက်နှင့်သူ နေပါစေ၊ သူ့ငရဲ သူခံပါစေ၊ ဤသူအား ဆုံးမ မြစ်တားသည်ရှိသော် ငါ့အား မနှစ်သက်ခြင်း, အမျက်ထွက်ခြင်း စသည် ပြုရာ၏-ဟု မဆုံးမ မပဲ့ပြင် ရှောင်ရှား လွှဲဖယ်၍ နေတော်မမူကြကုန်မူ၍ တယောက်သည် တယောက်အား ပြောဆို ဆုံးမတော်မူနိုင်ကြပါစေ သတည်း။

သုံးလူ့ထွဋ်ထား ဘုရားသခင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ပျော်ပိုက်တော်မူသော အခါ ဆန္နမထေရ်သည် တရားနှင့်လျော်ညီစွာ ဆုံးမပဲ့ပြင်တတ်သော အဆွေခင်ပွန်းတို့နှင့် ပေါင်းဖော် ဆည်းကပ်ခြင်းကို မပြုမူ၍ မဆုံးမ မပဲ့ပြင်တတ်သော သူတို့နှင့်သာ ပေါင်းဖော် မှီဝဲခြင်းကို ပြုသဖြင့် လောကုတ္တရာ အကျိုးစီးပွါး ဆုတ်ယုတ်သည်ကို အကြောင်းပြု၍——

န ဘဇေ ပါပကေ မိတ္တေ၊ န ဘဇေ ပုရိသာဓမေ။

ဘဇေထ မိတ္တေ ကလျာဏေ၊ ဘဇေထ ပုရိသုတ္တမေ။——

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ဘိက္ခဝေ-ရဟန်းတို့၊ ပါပကေ-ယုတ်မာကုန်သော၊ မိတ္တေ-အဆွေခင်ပွန်းတို့ကို၊ န ဘဇေ-မမှီဝဲ မဆည်းကပ်ရာ၊ အဒမေ-ချွတ်ချော်တိမ်းပါး မှောက်မှားသည်ကို သိမြင်လျက် မဆုံးမ မပဲ့ပြင်ကုန်သော၊ ပုရိသေ-ယောကျ်ားတို့ကို၊ န ဘဇေ-မမှီဝဲ မဆည်းကပ်ရာ၊ ကလျာဏေ-ကောင်းသော အကျင့်ရှိကုန်သော၊ မိတ္တေ-အဆွေခင်ပွန်းတို့ကို၊ ဘဇေထ-မှီဝဲဆည်းကပ်ရာ၏၊ ပုရိသုတ္တမေ- မကောင်းမြစ်တား ကောင်းရာ တိုက်တွန်းတတ်ကုန်သော ယောကျ်ားမြတ်တို့ကို၊ ဘဇေထ-မှီဝဲဆည်းကပ်ကုန်ရာ၏။

ထိုဒေသနာတော်မြတ် ပါဌ်ဝယ် အဓိပ္ပါယ်သော်ကား—ငါ၏ ချစ်သား ရဟန်းများတို့....သံသရာဘေးကို ကြောက်သဖြင့် ရဟန်းပြုကြကုန်သော သင်တို့သည် ယုတ်မာသော အကျင့်ရှိကုန်သော ပုဂ္ဂိုလ်တို့နှင့် ပေါင်းဖော်ခြင်းကို မပြုအပ်၊ သူတပါးတို့ ပြုကျင့်အပ်သော ယုတ်မာသော အမှုကို သိမြင်လျက် ဆုံးမ ပဲ့ပြင်ခြင်းကို မပြုတတ်ကုန်သော အဆွေခင်ပွန်းတို့ကိုလည်း မဆည်းကပ်ကြပါကုန်လင့်၊ မကောင်း ကောင်းရာ တိုက်တွန်းတတ်သော အဆွေခင်ပွန်းတို့ကိုသာ မှီဝဲဆည်းကပ်ကြပါကုန်-ဟူ၍ အဓိပ္ပါယ်လာသည်။

ဤသို့လာသည်ကို ပညာတည်းဟူသော ရွှေနားဖြင့် မှတ်သားတော်မူမိကြကုန်သည်ဖြစ်၍ ယခုအခါ သံသရာဘေးကို ရှုသဖြင့် ရဟန်းပြုတော်မူကြကုန်သော အရှင်မြတ်တို့သည် ရေဝယ်မျောသော အခါ ကယ်ဆယ်လာသော သူတို့ကဲ့သို့ ပုထုဇဥ်ဂတိဖြစ်၍ ချွတ်ချော်တိမ်းပါးသော အခါ ဆုံးမတားမြစ်ပေးတတ်သော အဆွေခင်ပွန်းကောင်းကို မြတ်နိုး စုံမက်တော်မူနိုင်ကြပါစေကုန်သတည်း။

သေယျော အယောဂုဠော ဘုတ္တော၊ တတ္တော အဂ္ဂိသိခူပမော။
ယဉ္စေ ဘုဉ္ဇေယျ ဒုဿီလော၊ ရဋ္ဌပိဏ္ဍံ အသညတော။
ကာသာဝကဏ္ဌာ ဗဟဝေါ၊ ပါပဓမ္မာ အသညတာ။
ပါပါ ပါပေဟိ ကမ္မေဟိ၊ နိရယံ တေ ဥပပဇ္ဇရေ။

## (ဓမ္မပဒပါဠိတော်)

ဒုဿီလော-သီလမရှိသော၊ အသညတော-သိက္ခာပုဒ်တော်နှင့် မလျော်သော အကျင့်ကို ကျင့်သည်ဖြစ်၍ ကိုယ်နှုတ်နှလုံး သုံးပါးလုံးကို မစောင့်သော ပုဂ္ဂိုလ်သည်၊ ရဋ္ဌပိဏ္ဍံ-ပြည်သူတို့၏ ဆွမ်းကို၊ယဉ္စေ ဘုဉ္ဇေယျ-အကယ်၍ စားငြားအံ့၊ တတော-ထိုသီလမရှိပဲလျက် ပြည်သူတို့၏ ဆွမ်းကို စားသောထက်၊ တတ္တော-ရဲရဲညိသော၊ အဂ္ဂိသိခူပမော-မီးတောက်မီးလျှံနှင့် တူသော၊ အယောဂုဠော-သံတွေခဲကို၊ ဘုတ္တော-စားရခြင်းသည်၊ သေယျော-မြတ်၏။

ဘိက္ခဝေ-ရဟန်းတို့၊ ကာသာဝကဏ္ဌာ-သင်္ကန်း လည်၌ရောက်ကုန်သော၊ ပါပဓမ္မာ-သိက္ခာပုဒ်တော်ကို ကျော်နင်း လွန်ကျူးသဖြင့် ယုတ်မာသော အကျင့်ရှိကုန်သော၊ အသညတာ-ကိုယ်ဣန္ဒြေ နှုတ်ဣန္ဒြေကို မစောင့်စည်းကုန်သော၊ ပါပါ-ယုတ်မာကုန်သော၊ ဗဟဝေါ-များစွာကုန်သော၊ တေ-ထိုရဟန်းတို့သည်၊ ပါပေဟိ-ယုတ်မာကုန်သော၊ ကမ္မေဟိ-မိမိပြုအပ်သော မကောင်းမှုကံတို့ဖြင့်၊ နိရယံ-ငရဲ၌၊ ဥပပဇ္ဇရေ-ဖြစ်ကြရကုန်၏။

ဤသို့ မိန့်ဟ ပြသတော်မူသော ဒေသနာတော်မြတ် ပါဠ်ဝယ် အဓိပ္ပါယ်သော်ကား—သီလကို ရှိသေစွာ မစောင့်ထိန်းမူ၍ လွန်ကျူး ကျော်နင်းကုန်သော ပုဂ္ဂိုလ်တို့အား သဒ္ဓါယုံကြည်၍ ပေးလှူအပ်သော ပြည်သူတို့၏ ဆွမ်းကို စားရသောထက် ရဲရဲညိသော မီးတောက်မီးလျှံနှင့် တူသော သံတွေခဲကို မျိုရခြင်းသည်သာလျှင် မြတ်၏။ ထိုယုတ်မာကုန်သော အလဇ္ဇီပုဂ္ဂိုလ်တို့သည် မိမိတို့ပြုအပ်သော ယုတ်မာသော အမှုဖြင့် ငရဲဘုံ၌ ဖြစ်၍ အဆုံးမရှိ ကြီးမားလှစွာသော ဘေးဘယ ဒုက္ခကို ခံကြရကုန်၏၊ ထို့ကြောင့် သင်ချစ်သားတို့သည် သီလသိက္ခာကို ရှိသေစွာ ထိန်းသိမ်း စောင့်ရှောက်ကြပါ-ဟူ၍ အဓိပ္ပါယ်လာသည်။

ယင်းသို့ မဟာကရုဏာတော်ဖြင့် ပြီးသော ရွှေနှလုံးတော်ဖြင့် ဆုံးမတော်မူသည်ကို နှလုံးနှစ်ခြိုက် ပိုက်မိတော်မူကုန်သော ဘုရားသားတော်

သခင် အရှင်မြတ်တို့သည် ငါသည် ဝဋ္ဋဆင်းရဲ ကင်းစေခြင်းငှါ သာသနာ
တော်၌ ဘုန်းတော်ကို ခိုလှုံလာ၏၊ ပစ္စည်းပရိက္ခရာကို တောင့်တသဖြင့်
ဘုန်းတော်ကို ခိုလှုံလာသည် မဟုတ်၊ ယင်းသို့ ဖြစ်လျှက် ပစ္စည်းပရိက္ခရာ
ဟူသော အကြောင်းကြောင့် သိက္ခာပုဒ်တော်ကို လွန်ကျူး ကျော်နင်း
ပြုကျင့်မိသည် ရှိသော် သံသရာဝဲ့ဝန် အလွန်လေးလတ္တံ့၊ အစာကိုသာ မြင်၍
သန်လျက်သွားကို မမြင်သော ကျီးမိုက်ကဲ့သို့ ဖြစ်ရချေလတ္တံ့-ဟု သံသရာ
ဘေးကိုရှုသဖြင့် သီလသိက္ခာကို လုံခြုံစွာ မကျိုးမပေါက်ရအောင် ထိန်း
သိမ်းစောင့်ရှောက်တော်မူနိုင်ကြပါစေကုန်သတည်း။

ယထာပိ ဒဟာဂမ္ဘီရော၊ ဝိပ္ပသန္နော အနာဝိလော။
ဧဝံ ဓမ္မာနိ သုတွာန၊ ဝိပ္ပသီဒန္တိ ပဏ္ဍိတာ။ (ဓမ္မပဒပါဠိတော်)

ဒဟာဂမ္ဘီရော-အလွန်နက်လှစွာသော ရေအိုင်၌၊ ဥဒကံ-ရေသည်၊ အနာ-
ဝိလော-မနောက်သည်၊ ဝိပ္ပသန္နော-အထူးသဖြင့် ကြည်လင်သည်၊ ဟောတိ
ယထာ-ဖြစ်သကဲ့သို့၊ ဧဝံ တထာ-ထိုအတူ၊ ဓမ္မာနိ-ပြုကျင့်အပ်, မပြုကျင့်အပ်
သော တရားတို့ကို၊ သုတွာန-ကြားနာရသည်ရှိသော်၊ ပဏ္ဍိတာ-ပညာရှိ
သော သူတို့သည်၊ ဝိပ္ပသီဒန္တိ-အထူးသဖြင့် ကြည်ညိုကြကုန်၏။

ထိုဒေသနာမြတ် ပါဠ်ဝယ် အဓိပ္ပါယ်သော်ကား—ငါ၏ချစ်သား ရဟန်း
များတို့....ပညာရှိ သူတော်ကောင်းတို့သည် သူတော်ကောင်းတို့၏ တရား
စကားကို ကြားနာရသောအခါ ရှစ်သောင်းလေးထောင် နက်ခြင်းဆောင်
သော မဟာသမုဒ္ဒရာ၌ အတိသီတောဒက အတိအစ္ဆောဒက ချမ်းအေး
ကြည်လင်စွာသော ရေကဲ့သို့ အတိဝိပ္ပသန္န အတိပါမောဇ္ဇဖြစ်၍ လွန်စွာ
နှစ်သက် မြတ်နိုးကြကုန်၏၊ ထို့ကြောင့် သင်ချစ်သားတို့သည်လည်း
သူတော်ကောင်းတို့၏ အပ်,မအပ်သော ကပ္ပိယာကပ္ပိယ ဝိနိစ္ဆယ,သုဝိသုဒ္ဓ-
သီလအာနိသံသ, အပ္ပမာဒါစာရ-အစရှိသော သဒ္ဓမ္မာစာရ အတိဒုလ္လဘ
တရားကို ကြားနာရသောကာလ အတိပါမောဇ္ဇဖြစ်၍ အလွန်နှစ်သက်
မြတ်နိုးကြပါကုန်၊ မလိုက်မနာနိုင်ပဲ မရှိကြပါကုန်လင့်၊ မအပ်သော
အကပ္ပိယ အသဒ္ဓမ္မာစာရတို့ကို ဝေးစွာရှောင်၍ ပြုကျင့်အပ်သော ကပ္ပိယ-
သဒ္ဓမ္မာစာရ အကျင့်မြတ်ကို ကောင်းမွန်စွာ လိုက်နာ၍ ကျင့်နိုင်ကြပါ
စေကုန်၊ မတွန့်မတို မဆုတ်မနစ်ကြပါကုန်လင့်-ဟူ၍ မဟာကရုဏာတော်
ရှင် ရှင်တော်ဘုရား၏ အလိုတော် အဓိပ္ပါယ်လာသည်။

ထို့ကြောင့် ယခုအခါ ရှေးရှေးသော ဘဝတို့၌ ဖြည့်ဆည်းပူးအပ်သော ပုညသမ္ဘာရ ရှိသည်ဖြစ်၍ ဘုန်းတော်နေဝန်း ထွန်းတောက်ပသော ရှင်တော်ဘုရား၏ သာသနာတော်၌ ပဗ္ဗဇိတဒုလ္လဘကို ရတော်မူကြကုန်သော ပုဂ္ဂိုလ်မြတ်တို့သည် သခင်ရှင်တော်ဘုရား ဟောကြားတော်မူအပ်သော ဝိသောဓိတ၌ အကျိုးနှင့် သိက္ခာပဒ ဝီတိက္ကမ၌ အပြစ်တို့ကို နှလုံးနှစ်ခြိုက် မှတ်ပိုက်တော်မူကြကုန်သည် ဖြစ်၍ သီလသံဝရ အပ္ပမာဒါစာရ၌ အလွန် ထက်သန်သော သဒ္ဓါတရားကို ဖြစ်စေသဖြင့် ရက္ခိတဗ္ဗသီလ, ဘာဝေတဗ္ဗ-ဘာဝနာကို လွန်စွာကြိုးကုတ် အားထုတ်တော်မူနိုင်ကြပါစေကုန်သတည်း။

ဘေးကင်းရာ လမ်းမှန်ကို မသိသဖြင့် သားရဲဘီလူး ထူပြောသော လမ်းမှားကို သွားမိသော ယောကျ်ားသည် လမ်းခရီး၌ ကျွမ်းကျင်လိမ္မာသော သူက ဘေးကင်းရာ လမ်းမှန်ကို ညွှန်ချသောအခါ ဆောလျင်စွာ ဖြောင့်ဖြောင့်မတ်မတ် လိုက်ဘိသကဲ့သို့ နတ်ရွာ မဂ်ဖိုလ် လမ်းကိုညွှန်ချတော်မူအပ်သော မဟာကရုဏာတော်ရှင် ရှင်တော်ဘုရား၏ အမိန့်တော်မြတ်ကို မှတ်သား လိုက်နာတော်မူနိုင်ကြပါစေကုန်သတည်း။

မျက်စိနှစ်ဖက်ပျက်သောသူကားသည် တောင်ဝှေးဆွဲသူ လူ၏ နောက်သို့ကောက်ကောက်လိုက်မှသာလျှင် ချမ်းသာရသကဲ့သို့ သဗ္ဗညုတသခင်စကျ္ သုံးပါးအရှင် ဖြစ်တော်မူသော သုံးလူ့ထွဋ်ထား မြတ်စွာဘုရား၏ နောက်တော်သို့ ကောက်ကောက် လိုက်တော်မူနိုင်ကြမှ ချမ်းသာရမည့် အရေးကို ထောက်တွေးတော်မူနိုင်ကြပါစေသတည်း။ ဤသို့ မဟာကရုဏာတော်ရှင် ရှင်တော်ဘုရား၏ နောက်သို့ ကောက်ကောက်လိုက်၍ သီလသိက္ခာကို လုံခြုံစွာထိန်းသိမ်း စောင့်ရှောက်လိုသော သဒ္ဓါပသန္န ကုလပုတ္တ လဇ္ဇီပေသလ သိက္ခာကာမ ပုဂ္ဂိုလ်မြတ်တို့သည် များစွာသောအားဖြင့် စီဝရပရိဘောဂ, သန္နိဓိသိက္ခာပဒ, ကုလဒူသကသိက္ခာပဒအရာတို့၌ နှလုံးမသွင်းမိ, သတိမရကြကုန်သည်ဖြစ်၍ ချွတ်ချော် တိမ်းပါးမိတတ်ကုန်ရာ၏၊ ထို့ကြောင့် ယခုရေးသားလတ္တံ့သော စီဝရပရိဘောဂဝိနိစ္ဆယ, သန္နိဓိဝိနိစ္ဆယ, ကုလဒူသက-ဝိနိစ္ဆယတို့ကို မှတ်သားလေ့ကျက် ဆောင်ရွက်တော်မူကြပါကုန်။

## စီဝရပရိဘောဂဝိနိစ္ဆယ

ထိုသုံးပါးတို့တွင် စီဝရဝိနိစ္ဆယ၌ ကပ္ပဗိန္ဒုထိုးခြင်း, အဓိဋ္ဌာန်တင်ခြင်း, အဓိဋ္ဌာန်ချခြင်း, ဝိကပ္ပနာပြုခြင်း, စွန့်ခြင်း အစီအရင်တို့ကို သိအပ်ကုန်၏၊

သက်န်းကို ကပ္ပဗိန္ဒုထိုးလိုသော ပုဂ္ဂိုလ်သည် ဝတ်ခြင်း, ရုံခြင်းငှါလောက်သော သက်န်းတို့ကို တထောင့်၌ရင်း, နှစ်ထောင့်၌ရင်း, သုံးထောင့်၌ရင်း, လေးထောင့်၌ရင်း ထိုးအပ်၏၊ ထိုသို့ ထိုးသော် တထောင့်၌ တပေါက်တည်းမျှသာ ထိုးအပ်၏၊ နှစ်ပေါက် သုံးပေါက် စသည်ဖြင့် စဉ်၍ စု၍ မထိုးအပ်၊ ငယ်လျှင်လည်း ကြမ်းပိုး ကျောက်ကုန်းအောက်, ကြီးလျှင်လည်း ဥဒေါင်းမျက်လုံးထက် မယုတ်မလွန်စေမူ၍လည်း ထိုးအပ်၏၊ ထိုးပြီးသည့်နောက်မှ ပျက်သည်ရှိသော် တဖန် မထိုးသော်လည်း အပ်၏၊ အသစ်ဖြစ်စေ,အဟောင်းဖြစ်စေ မထိုးဘူးသေးလျှင် ထိုး၍ သုံးဆောင်အပ်၏၊ သူတပါးတို့ သက်န်းကို တရက်မျှငှါး၍ အခိုက်အတန့် ဝတ်သော် မထိုးဘူးသေးက ထိုး၍သာ ဝတ်အပ်၏။ (ပါစိတျာဒိ အဋ္ဌကထာ၊ ဝိမတိ ဝိနောဒနီ ဋီကာတို့မှ လာသော အဓိပ္ပါယ်။)

ဤသို့ ဗိန္ဒုထိုးသော အစီအရင်ကို အဋ္ဌကထာ,ဋီကာလာတိုင်း မှတ်သား၍ နေရာကျနအောင် ထိုးသဖြင့် သက်န်းကို သုံးဆောင်တော်မူကြပါစေကုန်သတည်း။

ဤသို့ ဗိန္ဒု ထိုးပြီးသည်ရှိသော် အဓိဋ္ဌာန် တင်အပ်၏၊ ဗိန္ဒုမထိုးမီ အဓိဋ္ဌာန် မတင်အပ်၊ အဓိဋ္ဌာန် တင်သည်ရှိသော် အလျားအနံ ပမာဏလောက်သော သုံးထည်သော သက်န်းကို တိစီဝရိက် အမည်ဖြင့် တင်အပ်၏၊ တင်သည်ရှိသော် "ဣမံ သံဃာဋိံ အဓိဋ္ဌာမိ"ဟု ဆို၍ ဒုကုဋ်ကို တင်အပ်၏၊ "ဣမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ"ဟု ဆို၍ ကိုယ်ဝတ်ကို တင်အပ်၏၊ "ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ"ဟု ဆို၍ သင်းပိုင်ကို တင်အပ်၏၊ ကြွင်းသော သက်န်းတို့ကို ဝိကပ္ပနာ ပြုအပ်၏၊ ပြုသည်ရှိသော် "ဣမံ စီဝရံ တုယှံ ဝိကပ္ပေမိ"ဟု ဆို၍ ပြုအပ်၏။

ဝိကပ္ပနာပြုခံရသော ရဟန်းက "မယှံ သန္တကံ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ"ဟုဆို၍ သက်န်းရှင် ရဟန်းအား ပေးအပ်၏၊ ကြွင်းသော ပုဝါပုဆိုး စသည်တို့ကို ပရိက္ခာရစောဠတင်အပ်၏၊ တင်သည်ရှိသော် တထည်သာဖြစ်လျှင် "ဣမံ ပရိက္ခာရစောဠံ အဓိဋ္ဌာမိ"ဟု ဆို၍ တင်အပ်၏၊ အများဖြစ်လျှင် "ဣမာနိ ပရိက္ခာရစောဠာနိ အဓိဋ္ဌာမိ"ဟု ဆို၍ အဓိဋ္ဌာန် တင်အပ်၏၊ သက်န်းရရသမျှ ပရိက္ခာရစောဠ အဓိဋ္ဌာန်သာ မတင်မူ၍ ဤသို့ ဆိုအပ်ပြီးသော နည်းဖြင့် သုံးထည်ကို တိစီဝရိက် အဓိဋ္ဌာန်တင်၍ ကြွင်းသော သက်န်းတို့ကို ဝိကပ္ပနာပြု၍ ပုဝါပုဆိုးတို့ကို ပရိက္ခာရစောဠ

တင်၍ သုံးဆောင်ခြင်းသည် ပါဠိ,အဋ္ဌကထာ,ဋီကာတို့နှင့် အလွန်သင့်လျော်သော နည်းလည်း ဖြစ်၏၊ ဆရာကြီး ဆရာမြတ်တို့သည်လည်း အလွန်နှစ်သက်တော်မူကြကုန်၏၊ တိစီဝရိက် အမည်ဖြင့် အဓိဋ္ဌာန် တင်အပ်သော သုံးထည်သော သင်္ကန်းကို နှစ်တောင့်ထွာ ဟတ္ထပါသ်အတွင်း၌ ထား၍ အရုဏ်တက်စေရ၏၊ သင်္ကန်းနှင့် ဟတ္ထပါသ်အတွင်းမှ ကင်း၍ တက်သည်ရှိသော် ပါစိတ်အာပတ်လည်း သင့်၏၊ သင်္ကန်းကိုလည်း စွန့်ထိုက်၏၊ မစွန့်မူ၍ ဒေသနာကြားသော်လည်း အာပတ်မှ မထ၊ သင်္ကန်းစွန့်လိုသည်ရှိသော် ရဟန်းတပါးအထံ၌ ဆောင့်ကြောင့်ထိုင်၍ လက်အုပ်ချီလျက် "ဣဒံ မေ ဘန္တေ စီဝရံ ရတ္တိဝိပ္ပဝုတ္ထံ အညတြ ဘိက္ခုသမ္မုတိယာ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ" ဟူ၍ စွန့်အပ်၏၊စွန့်အပ်ပြီးသည်ရှိသော် ဒေသနာကြားအပ်၏၊ ဒေသနာကြားပြီးသည်ရှိသော် အစွန့်ခံရသော ရဟန်းက "ဣမံ စီဝရံ အာယသ္မတော ဒမ္မိ" ဟု ဆို၍ သင်္ကန်းကို ပြန်ပေးအပ်၏ (အများဖြစ်က "ဣမာနိ" ဟု ဆိုအပ်၏)၊ ထိုနောက်မှ တဖန် သင်္ကန်းကို တဖန် အဓိဋ္ဌာန်တင်၍ သုံးဆောင်အပ်၏၊ အလျားတတောင့်ထွာ, အနံတထွာခွဲရှိသော ပုဝါမှစ၍ အလုံးစုံသော ပုဝါ ဖျင် ပုဆိုး သင်္ကန်း ဟူသမျှတို့ကို ရသောနေ့မှစ၍ ဆယ်ရက်အတွင်း၌ အဓိဋ္ဌာန် ဝိကပ္ပနာ ပြုအပ်၏၊ မပြုမိသည်ရှိသော် ပါစိတ်အာပတ်လည်း သင့်၏၊ သင်္ကန်းကိုလည်း စွန့်ထိုက်၏၊ စွန့်သည်ရှိသော် တထည်သာ ဖြစ်အံ့ "ဣဒံ မေ ဘန္တေ စီဝရံ ဒသာဟာတိက္ကန္တံ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ" ဟု ဆို၍ စွန့်အပ်၏။

အများဖြစ်လျှင် "ဣမာနိ မေ ဘန္တေ စီဝရာနိ ဒသာဟာတိက္ကန္တာနိ နိဿဂ္ဂိယာနိ၊ ဣမာနာဟံ အာယသ္မတော နိဿဇ္ဇာမိ" ဟု ဆို၍ စွန့်အပ်၏၊ စွန့်ပြီးသည်ရှိသော် ဒေသနာကြားအပ်၏၊ကြားပြီးသည်ရှိသော် အစွန့်ခံရသော ရဟန်းက "ဣမာနိ စီဝရာနိ အာယသ္မတော ဒမ္မိ" ဟု ဆို၍ ပေးအပ်၏၊ ခိုးသူလုယူခြင်း, အကျွမ်းဝင်၍ ယူခြင်း, ငဲ့ကွက်ခြင်းမရှိ စွန့်ခြင်း, လှူထွက်ခြင်း, ပစ္စုဒ္ဓိုရ်၍ ပြုခြင်း, သေခြင်း, လိင်ပြန်ခြင်း, သိက္ခာချခြင်း-ဤ ရှစ်ပါးသော အကြောင်းတို့ကြောင့် အလုံးစုံသောသင်္ကန်း အဓိဋ္ဌာန် ကျ၏။

အမည်ဖြင့် အဓိဋ္ဌာန်တင်သော တိစီဝရိက်သင်္ကန်း သုံးထည်၌ လက်သန်းလက်သည်းခွံ ပမာဏမျှ ပေါက်သည်ရှိသော်လည်း အဓိဋ္ဌာန် ကျ၏၊ တဖန်ချုပ်၍ အဓိဋ္ဌာန် တင်အပ်၏၊ မတင်သည်ရှိသော် ပေါက်သည့် နေ့မှစ၍ ဆယ်ရက် လွန်သည်ရှိသော် နိဿဂ္ဂိ ထိုက်၏၊ နိဿဂ္ဂိထိုက်သော သင်္ကန်းကို

သုံးဆောင်သည်ရှိသော် သုံးဆောင်တိုင်း,သုံးဆောင်တိုင်း ဒုက္ကဋ် အာပတ် သင့်၏၊ သက်နိုးသစ်ကိုရ၍ တိစီဝရိက် အဓိဋ္ဌာန်တင်လိုသည်ရှိသော် တင်ပြီး သော သက်နိုးဟောင်းကို အဓိဋ္ဌာန် ချအပ်၏၊ ချသည်ရှိသော် ဒုကုဋ်ကို "ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိ"-ဟု,ကိုယ်ဝတ်ကို "ဣမံ ဥတ္တရာသင်္ဂံ ပစ္စုဒ္ဓရာမိ" ဟု,သင်းပိုင်ကို "ဣမံ အန္တရဝါသကံ ပစ္စုဒ္ဓရာမိ" ဟု ဆို၍ ချအပ်၏၊ပရိက္ခာရ- စောဠ အဓိဋ္ဌာန်တင်သော သက်နိုးကို တိစီဝရိက်အဓိဋ္ဌာန် တင်လိုပြန်သည် ရှိသော် သက်နိုးဟောင်းကို ယခင် တင်အပ်ပြီးသော ပရိက္ခာရစောဠ အဓိဋ္ဌာန်မှ ချ၍ တင်အပ်၏။ (ပါဠိ,အဋ္ဌကထာ,ဋီကာတို့ကို များစွာ ဆောင်၍ ရေးသားက ပညာမပွင့် နားမပွင့်ရသေးကုန်သော ပုဂ္ဂိုလ်တို့အား မှတ်သား ခက်မည် စိုးသောကြောင့် မှတ်သား လွယ်စိမ့်သောငှါ သုံးဆောင်တတ်ရုံမျှ အမြွက်အားဖြင့် ရေးသားလိုက်ပါသည်၊ အကျယ် ဝိတ္ထာရအားဖြင့် မှတ်သား လိုသော ပုဂ္ဂိုလ်တို့သည် ထိုထိုသို့သော ပါဠိ အဋ္ဌကထာ ဋီကာတို့ကို ယူ၍ သိအပ်ကုန်၏။)

အမြတ်တရားကို အားထုတ်ခြင်းငှါ အလိုရှိသော ပုဂ္ဂိုလ်တို့သည် ဤသို့ ဆိုအပ်ခဲ့ပြီးသော သက်နိုးဆောင်နည်း, အဓိဋ္ဌာန်တင်နည်း, ချနည်း, ဝိကပ္ပနာ ပြုနည်း စသည်တို့ကို အသေအချာ မှတ်သားပြီး၍ သက်နိုး သုံးထည်ကို အမည်ဖြင့် အဓိဋ္ဌာန်တင်ခြင်း, ကြွင်းသော သက်နိုးတို့ကို ဝိကပ္ပနာ ပြုခြင်း, ပုဝါ, ပုဆိုး အစရှိသည်တို့ကို ပရိက္ခာရစောဠတင်ခြင်း တို့ကို ပြု၍ ပါဠိ,အဋ္ဌကထာ, ဋီကာလာ အတိုင်း သက်နိုးတို့ကို သုံးဆောင် တော်မူနိုင်ကြပါစေကုန်သတည်း။

ဤသို့ မတတ်စွမ်းနိုင်သည်ဖြစ်၍ သုခပရိဘောဂကို အလိုရှိသော ပုဂ္ဂိုလ်တို့သည် သုံးထည်ကို ပရိက္ခာရစောဠတင်၍ ကြွင်းသော သက်နိုး စသည်တို့ကို ဝိကပ္ပနာ ပြု၍ သုံးဆောင်တော်မူကြစေကုန်သတည်း။

ရရသမျှသော သက်နိုး ဖျင် ပုဆိုးတို့ကို ပရိက္ခာရစောဠတင်၍ သုံး ဆောင်ခြင်းကိုကား အပ်-မအပ် ကပ္ပိယာကပ္ပိယ ဝိဝါဒပြု၍ ဆရာကြီး ဆရာမြတ်တို့ပင် ငြင်းခုံ ပြောဆိုလျက် ရှိသောကြောင့် မည်သို့ အထူး အပ်-မအပ်သည်ကို မရေးသား မဆုံးဖြတ်တော့ပြီ။

ယင်းသို့သော်လည်း "ဝိနယလက္ခဏံ ဂရုကေ ဌိတံ"ဟု ကျမ်းဂန်လာ သည်နှင့်အညီ ဂရု,လဟုနှစ်ပါး ကွဲပြားပြောဆိုလျက်ရှိသော် လဟုကိုပယ်၍ ဂရုသို့လိုက်ပြီး ကောင်းစွာကျင့်ခြင်းသည် သံသရာဘေးကို ကြောက်ရွံလေ့

ရှိကုန်သော သကျပုတ္တ မဟာသမဏတို့၏ ကျင့်ရိုး ဝိနည်းလက္ခဏာမည်၏။ ယင်းသို့ ဝိနည်း လက္ခဏာလာသည့်အတိုင်း ပရိက္ခာရစောဠချည်း တင်သော် အပ်၏-ဟူသော လဟုဝါဒကို ပယ်၍ မအပ်ဟူသော ဂရုဝါဒသို့ လိုက်၍ ကျင့်မှုကား အတိသုန္ဒရံ-အလွန် ကောင်းမြတ်လှတော့သည်သာ၊ သကျပုတ္တ မဟာသမဏ အလွန် ဖြစ်လှတော့သည်သာတည်း။

ဤလောက၌ ဥစ္စာဓနကို ဆည်းပူး ရှာဖွေခြင်းငှါ သွားသော ယောကျ်ားသည် ဥစ္စာဓန တွေ့မြင်လေလေ, ဝမ်းမြောက်ဝမ်းသာရှိလေလေ ဖြစ်သကဲ့သို့ ပြုကျင့်စရာ သဒ္ဓမ္မာစာရ ပေါများလေတိုင်း ဝမ်းမြောက် ဝမ်းသာ သဒ္ဓါကြည်နူးလေလေ ဖြစ်တော်မူနိုင်ကြပါစေသတည်း။

သံသရာဘေးကို ရှုသဖြင့် ရဟန်းပြုတော်မူကြကုန်သော ပုဂ္ဂိုလ်မြတ်တို့သည် နီဝရဏတည်းဟူသော ကိလေသာ ရန်သူသည် နှိပ်စက်ဖျက်ဆီး အပ်သည်၏ အဖြစ်ကြောင့် ဟုတ်မှန်တိုင်းသော သူတော်ကောင်းအကျင့်ကို လိုက်နာ၍ မကျင့်နိုင်ကုန်၊ ပုထုဇဉ်ဗာလ၏ သဘောသည် ပေါ့ပေါ့ လျော့ လျော့ဖြင့်သာ ဝတ်စားသုံးဆောင်၍ နေချင်တတ်၏။

အနာရောဂါ စွဲရောက်သောသူသည် မိမိအလိုရှိအပ်သော ဥစ္စာရတနာတို့ကို မရှာမှီးမဆည်းပူးနိုင်သကဲ့သို့ ကိလေသာတည်းဟူသော ရောဂါ စွဲရောက်သည် ဖြစ်၍ မြတ်သော သူတော်ကောင်းအကျင့် ဥစ္စာရတနာကို မရှာမှီး မဆည်းပူးနိုင်ပဲ ရှိတတ်လှကုန်၏၊ တဖက်ရန်သူစစ်သည် ဖမ်း၍သွားအပ် သောသူသည် ဘေးကင်းရာ အရပ်သို့ အလိုရှိတိုင်း မသွားနိုင်သကဲ့သို့ နီဝ-ရဏတည်းဟူသော ရန်သူဖမ်းသည်ဖြစ်၍ ဘုန်းတော်နေဝန်း ထွန်းတောက် ပသော ရှင်တော်ဘုရား ညွှန်ပြတော်မူအပ်သော သူတော်ကောင်းတို့၏ သဒ္ဓမ္မာစာရတည်းဟူသော နိဗ္ဗာန်လမ်းခရီးသို့ ဖြောင့်မတ်စွာ မလိုက်နိုင်ပဲ ရှိတတ်လှကုန်၏။

သည်းခြေပျက်သောသူသည် စတုမဓုအရသာကို ခါးစပ်သည်ဟု ထင် မှတ်သကဲ့သို့ သဒ္ဓါပညာ နည်းပါးကုန်သော ပုထုဇဉ်ဗာလတို့သည် ဟုတ်မှန် တိုင်းသော သူတော်ကောင်းတရား ပြုကျင့်ရခြင်းကို ဆင်းရဲအံ့သည် ထင်မှတ်၍ အလွန်လျှင် ဝန်လေးတတ်ကုန်၏။

မှက်, ခြင်, ယင်ရဲတို့သည် စန္ဒကူးသရက္ခန်ကို ပစ်ထား၍ အလွန်စက်ဆုပ် ဖွယ်ရှိသော ခွေးကောင်ပုပ် စသည်ကိုသာ စုံမက်သကဲ့သို့ မှက်, ခြင်, ယင်ရဲ

နှင့် တူသော ပုထုဇဉ်ဗာလတို့သည် သုံးပါးသော ချမ်းသာကို ပြီးစေတတ်, ပြုကျင့်အပ်သော သူတော်ကောင်းတို့၏ အကျင့်ကို မကျင့်နိုင်ကုန်မူ၍ အပါယ်ဒုက္ခကို ဖြစ်စေတတ်သော မပြုကျင့်အပ်သော အမှုတို့ကိုသာလျှင် ပြုကျင့်မိတတ်ကုန်၏။ ထိုသို့ အပ်သည်ကို မကျင့်, မအပ်သည်၌ ပြုကျင့်ခြင်းကိုမူကား ဘဝအဆက်ဆက် ဗျဉ္ဇနဗျဉ္ဇိ ဗိဋ္ဌာရာဗိဋ္ဌာရီ ဖြစ်စဉ်ကာလကပင် ပြုကျင့်ဘူးလှလေကုန်ပြီ၊ ပြုကျင့်အပ်သော ရဟန်းတရားကိုမူကား ကမ္ဘာအရာ ကမ္ဘာအထောင် လွန်အောင်မျှ မပြုကျင့်ရနိုင်ကုန်၊ ပေတဘုံ၌ ဖြစ်ကုန်သော သတ္တဝါတို့သည် အစာအာဟာရကို စားသောက်ရခြင်းငှါ အလွန်ခဲယဉ်းကုန်သကဲ့သို့ ထိုအတူ ကိလေသာတည်း ဟူသော ရန်သူမီးပူတို့ဖြင့် နှိပ်စက်အပ်ကုန်သော ပုထုဇဉ်ဗာလတို့သည် ဟုတ်တိုင်း မှန်သော သူတော်ကောင်းတရား တည်းဟူသော အစာအာဟာရကို အလွန်ရခဲကုန်၏၊ ထို့ကြောင့် ပေတဘုံသူတို့သည် အစာအာဟာရကို အလွန်တောင့်တမက်မောသကဲ့သို့ သံသရာဘေးကို ကြောက်ကုန်သော ပုဂ္ဂိုလ်တို့သည် သူတော်ကောင်းတို့၏ ဟုတ်မှန်တိုင်းသော တရားကို အလွန်တောင့်တမြတ်နိုးအပ်ကုန်၏၊ စက္ခုနှစ်ဖက်ပျက်သော သူကန်းတို့သည် ဟုတ်မှန်တိုင်းသော ဘေးကင်းရာ လမ်းခရီးသို့ ရောက်ခြင်းငှါလည်း အလွန်ခဲယဉ်းကုန်၏၊ ကံတော်ကံငြား ရောက်ပါသော်လည်း ဖြောင့်မတ်စွာ လျှောက်၍ သွားခြင်းငှါလည်း အလွန်ခဲယဉ်းကုန်၏။

ထို့အတူ ပညာစက္ခုကန်းသော အန္ဓပုထုဇဉ်တို့သည် ပြုကျင့်အပ်သော သူတော်ကောင်းတရားကို ဟုတ်တိုင်းမှန်စွာ သိရမည်လည်း အလွန်ခဲယဉ်းကုန်၏၊ သိသည့်အတိုင်း ဖြောင့်မတ်စွာ လိုက်နာရမည်လည်း အလွန်ခဲယဉ်းကုန်၏။

စက္ခုကွယ်သောသူသည် တောင်ဝှေးဆွဲသော သူ၏ နောက်သို့ ကောက်ကောက် လိုက်အပ်သကဲ့သို့ သုံးလူ့ထွဋ်ထား ရှင်တော်ဘုရား၏ အဆုံးအမတော်တည်းဟူသော ဘေးကင်းရာ လမ်းခရီးသို့ ဖြောင့်မတ်စွာ လိုက်အပ်ကုန်၏။

ဇက်သတ်၍ မရသော မြင်းကြမ်းကဲ့သို့ရင်း, ကောက်ယူ၍ မရသော အမုန်ယစ်သော ဆင်ကဲ့သို့ရင်း, ဘဝအဆက်ဆက် မဆုံးမမူ၍ ပေါက်လွတ်ထားသော စိတ်မိုက် စိတ်ကြမ်း ဝင်သဖြင့် ရှင်တော်ဘုရား၏ ရွှေနောက်တော်သို့ ကောက်ကောက် မလိုက်နိုင်ပဲ မရှိစေအပ်ကုန်။

ဤလောက၌ လယ်လုပ်ကုန်သွယ်သော သူတို့သည် တသက်လျှာ မသုံးဆောင်ရသော ပစ္စည်းဥစ္စာဓနကိုပင် အပတ်တကုတ် ကြိုးအားထုတ်၍ လုပ်ဆောင် ရှာဖွေကြကုန်သေး၏။

တနေ့တရက် တနံနက်မျှ အားထုတ် ပြုကျင့်သဖြင့် ဘဝအဆက်ဆက် နိဗ္ဗာန်ရောက်သည့်တိုင်အောင် သုခသမ္ပတ္တိကို ပြီးစေတတ်သော သူတော်ကောင်းတရားကိုကား အဘယ်သို့လျှင် ငါအားမထုတ်ပဲ ရှိအံ့နည်း-ဟု ကိုယ်ရှင်ကိုယ်ကို သွန်သင်ဆုံးမသဖြင့် အမြတ်တရားကို အားထုတ်သင့်လှတော့သည်။

ပုဆိုးအဝတ်တို့ကို မိခင်ဘခင်တို့ သွန်သင်ပြသည့်အတိုင်း ဝတ်ဆင်သော ဗာလဒါရက ရွာသားသူငယ်တို့သည် ပွဲပရိသတ်တို့၏ အလယ်၌ အလွန်တင့်တယ်သကဲ့သို့ သုံးလူ့ထွဋ်တင် ဘခင် ရှင်တော်ဘုရား ဆုံးမပဲ့ပြင် သွန်သင်ဟောကြားတော်မူသည့်အတိုင်း အဝတ်သက်န်းတို့ကို သုံးဆောင်သည်ရှိသော် လဇ္ဇီ, သီလဝန်, ပညဝန် ပုဂ္ဂိုလ်တို့၏ အလယ်၌ အလွန်လျှင် တင့်တယ်ခြင်းသို့ ရောက်၏။

မိခင်ဘခင်တို့ သွန်သင်ဆုံးမသော အတိုင်း မဝတ်မဆင်မူ၍ ထဘီကို ပြောင်းပြန် စောက်ထိုးဝတ်သော ဥမ္မတ္တက သူရူးမသည် ပွဲပရိသတ်လေးပါးတို့၏ အလယ်၌ ပြက်ရယ်ပြုဖွယ် ဖြစ်သကဲ့သို့ ဘခင် ရှင်တော်ဘုရားဟောကြား သွန်သင်တော်မူသည့်အတိုင်း မဝတ်မသုံးဆောင်သော ပုဂ္ဂိုလ်သည် လဇ္ဇီ, သီလဝန်, ပညဝန် ပုဂ္ဂိုလ်တို့၏ အလယ်၌ အလွန်ပြစ်တင် ကဲ့ရဲ့ဖွယ်ဖြစ်၏၊ ထို့ကြောင့် ဘုန်းတော်နေရှိန် ထိန်ထိန် တောက်ပတော်မူသော သဗ္ဗညုရှင်တော်ဘုရားသည် သခေျလေးထပ် တသိန်းကပ်လုံး ဆင်းရဲငြိုငြင်သဖြင့် ဆည်းပူးရှာမှီး၍ ရအပ်သော သဗ္ဗညုတရွှေဉာဏ်တော်ဖြင့် မဖောက်မပြန် ဝေဖန်ပိုင်းခြား ဟောကြားပြသ ဆုံးမတော်မူသည့်အတိုင်း ဝတ်ရုံသုံးဆောင်တတ်အောင် အလွန်ကြိုးကုတ် အားထုတ်တော်မူနိုင်ကြစေကုန်သတည်း။

· အချို့သော ပုဂ္ဂိုလ်တို့သည် ရရသမျှသော သက်န်း အစရှိသည်ကို တစုံတခုသော အဓိဋ္ဌာန်တင်ခြင်း, ဝိကပ္ပနာပြုခြင်းတို့ကို မပြုမူ၍ ရသည့်အတိုင်း အမှတ်မဲ့သာ သုံးဆောင်၍ နေမိသည်လည်း ရှိကြကုန်၏၊ ထိုသို့ သုံးဆောင်ခြင်းသည် အလျှင်း မအပ်၊ သုံးဆောင်တိုင်း သုံးဆောင်တိုင်း

အာပတ္တိ အာပဇ္ဇနသို့ ရောက်၍ သံသရာဝန် အလွန်လေးကုန်၏၊ ထို့ကြောင့် ဖျင် သက်န်း စသည်တို့ကို ရသောနေ့မှ စ၍ ဆယ်ရက်အတွင်း၌ အဓိဋ္ဌာန် တင်ခြင်း, ဝိကပ္ပနာပြုခြင်းတို့ကို ပြု၍ သုံးဆောင်တော်မူကြပါစေသတည်း။

စီဝရပရိဘောဂဝိနိစ္ဆယ ပြီး၏။

---

## သန္နိဓိဝိနိစ္ဆယ

သန္နိဓိဝိနိစ္ဆယ၌ ဤဆိုအပ်လတ္တံ့သောနည်းဖြင့် မှတ်အပ်၏၊ အာဟာရ အကျိုးငှါ နှံ့စေတတ်သော အလုံးစုံသော ခဲဘွယ် ဘောဇဉ်တို့သည် ယာဝကာလိက မည်ကုန်၏။

ကြာစွယ် မုဒရက် သရက် သပြေ ဖက်သက် တရော် တောင့်က်ပျော အိမ်ငှက်ပျော သစ်မည်ဆည်တို့ကို ရေချမ်းဖြင့် နယ်၍ စစ်၍ ပြုအပ်သော အဖျော်ရှစ်ပါးသည် ယာမကာလိက မည်၏။

ဆီဦး ထောပတ် ပျား တင်လဲ ဆီ တို့သည် သတ္တာဟကာလိက မည် ကုန်၏၊ အာဟာရကိစ္စကို မပြီးစေတတ်သော သစ်မြစ် သစ်ဥ သစ်ပွင့် သစ်သီး အစရှိသည်တို့သည် ယာဝဇီဝက မည်ကုန်၏။

ထိုလေးပါးတို့တွင် ယာဝကာလိကကို မဇ္ဈန္ဟိကကာလတိုင်အောင် သုံး ဆောင်အပ်၏၊ ယာမကာလိကကို အရုဏ်တက်သည့်တိုင်အောင် မွတ်သိပ် ဆာလောင်ခြင်း ပိပါသ အကြောင်းရှိသည် ရှိသော် သုံးဆောင်အပ်၏၊ သတ္တာဟကာလိကကို ဂေလညအကြောင်းရှိသော် ခုနစ်ရက်ပတ်လုံး သုံး ဆောင်အပ်၏၊ ယာဝဇီဝကကိုလည်း ဂေလညရှိသည် ရှိသော် အသက်ထက် ဆုံး သုံးဆောင်အပ်၏၊ ယနေ့ အကပ်ခံသော ယာဝကာလိက ယာမကာလိ- ကတို့ကို ပုန ဒိဝသမှ စ၍ သုံးဆောင်သည် ရှိသော် သန္နိဓိပါစိတ်အာပတ် သင့်၏၊ ပုရေ ပဋိဂ္ဂဟိတဖြစ်သော သတ္တာဟကာလိက, ယာဝဇီဝကတို့ကို မဇ္ဈန္ဟိကကာလအတွင်း၌ အကြောင်းမရှိပဲ သုံးဆောင်သည် ရှိသော် သုံး ဆောင်တိုင်း သုံးဆောင်တိုင်း ဒုက္ကဋ်အာပတ်သင့်၏။

ပစ္ဆာဘတ္တ နေလွဲသောအခါ၌ အကြောင်းမရှိပဲ သုံးဆောင်သည် ရှိသော် ဝိကာလဘောဇနကြောင့်လည်း ဒုက္ကဋ်အာပတ်သင့်၏၊ သန္နိဓိပစ္စယ ကြောင့်လည်း ဒုက္ကဋ်အာပတ်သင့်၏၊ ပုရေ ပဋိဂ္ဂဟိတဖြစ်သော သတ္တာဟ-

ကာလိက, ယာဝဇီဝကတို့ကို ယာဝကာလိကနှင့် ရောရ၍ သုံးဆောင်သည် ရှိသော် မျိုတိုင်း မျိုတိုင်း ပါစိတ်အာပတ်သင့်၏၊ ယုတ်သော အပိုင်း အခြားအားဖြင့် မုခဒွါရ သွား၏အကြားတို့၌ ကပ်ငြိသော သတ္တာဟ-ကာလိက, ယာဝဇီဝက အညစ်အကြေးနှင့် ရောမိသော်လည်း မျိုတိုင်း မျိုတိုင်း ပါစိတ်အာပတ်သင့်၏၊ ထို့ကြောင့် ယခုအခါ ကွမ်း ဆေး အစရှိသည်တို့ကို အနေ့နေ့ အရက်ရက် အကပ်ခံ၍ ပုရေဘတ္တ၌ငှင်း, ပစ္ဆာဘတ္တ၌ငှင်း သုံးဆောင်ကြသော ပုဂ္ဂိုလ်တို့အား သန္နိဓိဒုက္ကဋ် သန္နိဓိပါစိတ် အာ-ပတ်တို့မှ မလွတ်နိုင်ကုန်၊ ရှေးအခါ အကပ်ခံသော ဆေး ကွမ်း အစရှိသည်တို့ကို ဂေလညအကြောင်းမရှိပဲလျက် သုံးဆောင်သည်ရှိသော် သုံးဆောင်တိုင်း သုံးဆောင်တိုင်း သန္နိဓိဒုက္ကဋ်အာပတ်သင့်၏၊ တဖန် ဆွမ်း အစရှိသည်တို့ကို စားပြန်သည်ရှိသော် ယခင် ဆေးဖတ် ကွမ်းဖတ်နှင့် ရောပြွမ်းမိသည်ဖြစ်၍ မျိုတိုင်း မျိုတိုင်း သန္နိဓိပါစိတ်အာပတ်သင့်ကုန်၏၊ ထို့ကြောင့် နေ့ရှည်ရက်ဆက် အကပ်ခံ၍ မသုံးဆောင်ပဲ နေမလွဲမီ ပုရေဘတ္တ၌ တနေ့စာ တနေ့စာ လောက်ရုံမျှသာ ကွမ်း ဆေး အစရှိသည်တို့ကို အကပ်ခံ၍ သုံးဆောင်အပ်ကုန်၏၊ မကုန်၍ ကြွင်းကျန်သည်ရှိသော် လူသာမဏေတို့အား ပေးခြင်း ငဲ့ကွက်ခြင်းမရှိ စွန့်ခြင်းဖြင့် စွန့်အပ်ကုန်၏၊ စွန့်၍ တဖန် ရပြန်သည် ရှိသော်ကား လဒ္ဓကပ္ပိယမေဝ-အပ်လှတော့သည်သာတည်း။

မိခင်ဘခင်တို့သည် အဆိပ်သီးကို စားဆဲ စားလတ္တံ့ ဖြစ်သော သားငယ် သမီးငယ် မလိမ္မာသူတို့ကို မြင်လျှင် အလွန် စိုးရိမ်ကြောင့်ကြခြင်း ဖြစ်သကဲ့သို့ မဟာကရုဏာတော်ရှင် ဘုရားသခင် ရှင်တော်သည် မအပ်မရာ သုံးဆောင် စားသောက်ကုန်သော တပည့်သားတော်တို့ကို အလွန် ကြောင့်ကြတော်မူ၏၊ ထို့ကြောင့် သဗ္ဗညုရှင်တော်ဘုရား၏ ရွှေမျက်နှာတော်ကို ရှုမြော်ထောက်ထားသောအားဖြင့်ငှင်း, သံသရာဝဋ်ဒုက္ခကို အဖန်တလဲလဲ ရှုသဖြင့်ငှင်း ရှင်တော်ဘုရား၏ ရွှေနှလုံးတော်ကို ချမ်းမြေ့စေတတ်သော သုံးပါးသော သုခသမ္ပတ္တိတို့ကို ပြီးစေတတ်သော သူတော်ကောင်းတို့၏ သဒ္ဓမ္မာစာရကို ဖြောင့်မတ်စွာလိုက်နာ၍ ကျင့်တော်မူနိုင်ကြစေကုန်သတည်း။

ဓမ္မိယလဒ္ဓ တရားသဖြင့် ရအပ်သောပစ္စည်းဖြစ်လျက် သန္နိဓိကို ဖြစ်စေ၍ သုံးဆောင်မိသဖြင့် အာပတ္တိအာပဇ္ဇနသို့ ရောက်သော ငါသည် မှန်မြတ် လှစွာသော သူကရ-မံသကို အဆိပ်နှင့် ရောရ၍ သုံးဆောင် မှားသော

ယောက်ျားနှင့် တူလေစွ့တကား၊ ဘုန်းတော်နေဝန်း ထွန်းတောက်ပသော ဘုရားသားတော်ဖြစ်တပြီးလျှက် သိက္ခာသီလ၌ ဂရုဂါရဝ မပြုခြင်းကြောင့် အာပါယိကဒုက္ခကို တွေ့ရချေက အလွန် မသင့်လွန်းတကား-ဟု မိမိကိုယ်ကို သွန်သင်ဆုံးမ၍ သန္နိဋ္ဌိသိက္ခာပဒ ဝီတိက္ကမမှ လွတ်အောင် ရှက်ဆောင် ကြိုးကုတ် အားထုတ်တော်မူနိုင်ကြပါစေကုန်သတည်း။

သံသရာဘေးကို ရှုသဖြင့် သဗ္ဗညုရှင်တော်ဘုရား၏ သားတော် အဖြစ်သို့ ရောက်ကုန်သော အရှင်မြတ်တို့သည် ဤသို့လည်း မိမိကိုယ်ကို သွန်သင် ဆုံးမတော်မူအပ်ကုန်၏၊ ငါသည် ဘုရားသားတော်တို့ ရသင့်ရထိုက်သော အရိယာမဂ် အရိယာဖိုလ် နိဗ္ဗာန်အလို့ငှါ ရဟန်းပြုသော သဒ္ဓါပဗ္ဗဇိတ စစ်စစ်တည်း၊ သဒ္ဓါပဗ္ဗဇိတဖြစ်သော အို-သူတော်ကောင်း.... အစိန္တေယျ သာသနာ ရောင်ဝါထိန်ဝင်း ထွန်းလင်းခိုက်ကို ရသင့်ရထိုက်သော အရိယာ မဂ် အရိယာဖိုလ်ကို အမောင်ရပြီလော၊ ရခြင်း၏ အကြောင်းဖြစ်သော သမထဝိပဿနာဘာဝနာကို လွန်စွာ ပွါးနိုင်ပါ၏လော၊ စတုပစ္စယ၌ တပ်မက်စေတတ်သော တဏှာလောဘ, အလုပ်အကျွေး ဥပါသကာ ဥပါသိကာ တို့၌ တွယ်တာ မက်မောစေတတ်သော တဏှာလောဘ, အရပ်ဒေသ၌ တွယ်တာ ကပ်ငြိတတ်သော တဏှာလောဘ- အစရှိသော ကိလေသာ တည်းဟူသော မှက်, ခြင်, ယင်ရဲတို့၏ ကိုက်ခဲခြင်းမှ တနေ့တရက်မျှ လွတ် ပါ၏လော။

သူတော်တကာ တမ်းစေ့ရုံမျှ မဝတ်မစားတတ်ပဲ သင် ရှိပါသေးသည် မဟုတ်လော၊ ဤလောက၌ သူတော်တကာ တမ်းစေ့အောင် မဝတ်တတ် မစားတတ်သောသူကို အတိဗာလ ဥမ္မတ္တက-ဆိုအပ်သကဲ့သို့ သာသနာတော်၌လည်း ဘုရားသာသနာတော်ထမ်း ရဟန်းတကာတို့ ဝတ်စားသုံးဆောင်ရုံ မျှကို မသိမလိမ္မာသည်ရှိသော် အတိဗာလ ဥမ္မတ္တကဟု သူတပါးတို့ ဆိုသင့်ပေလိမ့်မည် မဟုတ်လော၊ ထိုသို့ဖြစ်၍ ဘုရားသားတော်တကာတို့ ဝတ်စား သုံးဆောင်ရုံကို ရှင်တော်ဘုရား အလိုအတိုင်း ဟုတ်မှန်စွာ သိအောင် ပြုသဖြင့် ဝတ်စား သုံးဆောင်တတ်အောင်, သုံးဆောင်မိအောင် ပြုအပ် ပြုသင့် ပြုထိုက်လှပေတော့သည်-ဟု ကိုယ်ရှင်ကိုယ်ကို သွန်သင်ဆုံးမ တော်မူအပ်ကုန်၏။

ဘုန်းတော်နေမီး ထိန်ထိန်ညီးသော ရှင်တော်ဘုရား၏ အမွေတော် ဥစ္စာကို ဆည်းပူးရှာဖွေခြင်းငှါ အဂါရမှ အနဂါရသို့ ဝင်ရောက်သဖြင့်

ပဗ္ဗဇိတဒုလ္လဘကို ရတော်မူကြကုန်သော အရှင်မြတ်တို့သည် ရှင်တော်ဘုရား ပေးသနားတော်မူအပ်သော အမွေတော်စစ် ဥစ္စာနှစ်ကို မရရအောင် ကြိုးပမ်းလို့လ ဥဿာဟ ပြုအပ်လှတော့သည်။

အစိန္တေယျ မဟာကရုဏာတော်ရှင် ဘုရားသခင် ပေးသနားတော်မူအပ်သော အမွေတော်စစ် ဥစ္စာနှစ်ကား မုချအထူးအားဖြင့် အရဟတ္တမဂ် အရဟတ္တဖိုလ်တည်း၊ ထိုမှဆုတ်လျှင် အနာဂါမ်, ထိုမှဆုတ်လျှင် သကဒါ-ဂါမ်, ထိုမှဆုတ်လျှင် သောတာပန်, ထိုမှဆုတ်လျှင် လောကီစျာနလာဘီပုဂ္ဂိုလ်, ထိုမှဆုတ်လျှင် သီလဝန္တ ဝိပဿက ကလျာဏပုဂ္ဂိုလ်တို့၏ အဖြစ်သည်ပင်လျှင် ရှင်တော်ဘုရား၏ အမွေဥစ္စာနှစ်တည်း၊ ဤမှဆုတ်၍ သိက္ခာ-ပဒ ဝီတိက္ကမကို ပြုသဖြင့် သီလဝန္တ အဖြစ်သို့မျှ မရောက်နိုင်ကုန်သော ကိလေသာမာရ် ရန်သူ့လက်သို့ ရောက်၍ ဝိသုဒ္ဓသီလ သဒ္ဓမ္မာစာရတို့ကို မကျင့်နိုင်ကုန်သော ပုဂ္ဂိုလ်တို့သည် အစိန္တေယျ ပေးသနားတော်မူအပ်သော ဥစ္စာနှစ်ကို ရသည်မမည်၊ သကျပုတ္တ မဟာသမဏစစ်မမည်၊ ရှင်တော်ဘုရား၏ ဓမ္မရင်နို့ကို သောက်စို့သည် မမည်၊ ထို့ကြောင့် သုံးလူ့မင်း၏ ခြေရင်းတော်ပါး ခစားဆည်းကပ်၍ ဘုန်းတော်ကို ခိုလှုံတော်မူလာကြကုန်သော ပုဂ္ဂိုလ်မြတ်တို့သည် သုံးလူ့ထွဋ်တင် ဘုရားရှင် ပေးသနားတော်မူအပ်သော အမွေတော် ဥစ္စာနှစ်တို့တွင် အောက်ထစ် အယုတ်ဆုံးဖြစ်သော သီလဝန္တပုဂ္ဂိုလ်၏ အဖြစ်တည်းဟူသော ဥစ္စာနှစ်ကိုမျှ မရကြသေးက မဟာဇာနီယဖြစ်၍ ရှုံးခြင်းကြီး ရှုံးလောက်အံ့သည်ကို ပညာစက္ခုဖြင့် ထောက်ရှု မြော်တွေးတော်မူနိုင်ကြပါစေကုန်သတည်း။ ထိုသို့ ထောက်ရှုမြော်တွေးသဖြင့် ဟုတ်မှန်တိုင်းသော သဒ္ဓမ္မာစာရကို ကြိုးပမ်းတော်မူနိုင်ကြပါစေကုန်သတည်း။

သန္နိမိဝိနိစ္ဆယ ပြီး၏။

---

## ကုလဒူသကဝိနိစ္ဆယ

ကုလဒူသကဝိနိစ္ဆယ၌ ဤသို့မှတ်အပ်၏၊ ကုလံ ဒူသေတီတိ ကုလဒူသ-ကော၊ ယော-အကြင် အလဇ္ဇီပုဂ္ဂိုလ်သည်၊ ကုလံ-ဒါယကာ ဒါယိကာမကို၊ ဝါ-ဒါယကာ ဒါယိကာမတို့၏ သဒ္ဓါတရားကို၊ ဝါ-ဒါယကာ ဒါယိကာမတို့၏ မနုဿသမ္ပတ္တိ, ဒေဝသမ္ပတ္တိကို၊ ဒူသေတိ-သစ်သီးတလုံး ပန်းတပွင့် စသည်ဖြင့်

ချီးမြှင့်ဟန်ပြု၍ ဖျက်ဆီးတတ်၏၊ ဣတိ တသ္မာ-ထိုသို့ဖျက်ဆီးတတ်သော သတ္တိကြောင့်၊ သော-ထိုအလဇ္ဇီပုဂ္ဂိုလ်သည်၊ ကုလဒူသကော-ကုလဒူသက မည်၏။

ဤသို့သော ဝစနတ္ထ ဝိဂ္ဂဟနှင့်လျော်ညီစွာ ဒါယကာတို့ကို ဖျက်ဆီး တတ်သည်၏ အဖြစ်ကြောင့် ကုလဒူသကမည်၏။ ဒါယကာတို့ကို ဖျက်ဆီး တတ်သော အလဇ္ဇီပုဂ္ဂိုလ်ရ၏။

ကုလာနံ ဒူသနံ ကုလဒူသနံ၊ ကုလာနံ-ဒါယကာတို့ကို၊ ဒူသနံ-ဖျက်ဆီး ခြင်းတည်း၊ ကုလဒူသနံ-ဒါယကာတို့ကို ဖျက်ဆီးခြင်း၊ သိက္ခာပုဒ်တော်ကို လွန်ကျူး ကျော်နင်း၍ ဒါယကာတို့ကို ဖျက်ဆီးခြင်းတည်းဟူသော ဝီတိက္ကမ စေတနာရ၏၊ ဖျက်ဆီးသည် ဟူသည်လည်း တစုံတခုသော ဒုတ် လှံတံ စသည်ဖြင့် ဖျက်ဆီးသည်မဟုတ်။

ဒါရုံ ဝေဠုံ ဖလံ ပုပ္ဖံ၊ စုဏ္ဏံ နှာနမုခေါဒကံ။
မတ္တိကာ ဒန္တကဋ္ဌာဒိံ၊ န ဒဒေ ကုလသင်္ဂဟာ။——

ဟူသော ဂါထာလာသည်နှင့် အညီ ဒါယကာတို့အား သစ်သီးသစ်ပွင့် စသည်ကို ပေး၍ ထောက်ပံ့ ချီးမြှင့်ခြင်းသည်ပင်လျှင် ဖျက်ဆီးသည် မည်၏၊ သီတင်းသုံးဘော် ငါးယောက်, အမိအဘ, အမိအဘကို လုပ်ကျွေး သော တဒုပဋ္ဌာက, ဘိက္ခုနိဿိတက ရှင်လောင်း, ကိစ္စကြီးငယ်ကို ရွက် ဆောင်သော ဝေယျာဝစ္စကရ, ဂိလာန, ခီဏပရိဗ္ဗယ ပြည်ရွာကိုဖျက်ဆီး သော ခိုးသူ, စစ်ရှုံး၍ ထွက်ပြေးလာသော မင်း ဤသူတို့အား ပေးသည် ရှိသော် ပေးအပ်၏၊ ကုလဒူသက မဖြစ်၊ မိကြီးမိထွေး စသော ဉာတကာတို့ အား ငါနောက်အခါ အလိုရှိလျှင် အစားပေးရမည်၊ ယခု ဤဝတ္ထုကို သုံးဆောင်နှင့်တော့-ဟု တာဝကာလိကသာ ပေးသည်ရှိသော် အပ်၏၊ ဤသို့ မဆိုမူ၍ အမှတ်မဲ့ ပေးလိုက်သည် ရှိသော် မအပ်၊ သဒ္ဓါဒေယျ ဝိနိပါတန ဒုက္ကဋ်အာပတ်သင့်၏၊ ကုလဒူသကကား မဖြစ်။

ယခင်ဆိုအပ်ခဲ့ပြီးသော ပုဂ္ဂိုလ်တွင် သဟဓမ္မိက အမိအဘ သာမဏေ လောင်း အဆွေတော်သူတို့မှ ကြွင်းသော ခွင့်ပြုတော်မူအပ်သော ပုဂ္ဂိုလ်တို့ အားသော်လည်း လာဘ်ကိုမငဲ့သဖြင့်သာလျှင် ပေးအပ်၏၊ လာဘ်ကိုငဲ့သည် ရှိသော်ကား ကုလဒူသက ဖြစ်၏၊ ထို့ကြောင့် သာရတ္ထဒီပနီကျမ်း ဋီကာ၌ "ဂိလာန ဂမိကိဿရာဒီနံ အနုညာတပုဂ္ဂလာနမ္ပိ အတ္တနော သန္တကံ ဒေန္တေန အပစ္စာသီသန္တေနေဝ ဒါတဗ္ဗံ" ဟု မိန့်အပ်၏။

ထိုအခွင့် ပြုတော်မူအပ်သော ဆိုအပ်ခဲ့ပြီးသော ပုဂ္ဂိုလ်တို့မှ ကြွင်းကုန်သော သူတို့အား လာဘ်ကိုငဲ့သည်ဖြစ်စေ, မငဲ့သည်ဖြစ်စေ မပေးအပ်သည်သာလျှင်တည်း၊ ထို့ကြောင့် သာရတ္ထဒီပနီဋီကာ၌ "အနနုညာတ-ပုဂ္ဂလာနံ ပန အပစ္စာသီသန္တေနာပိ ဒါတုံ န ဝဋ္ဋတိ"ဟု မိန့်အပ်၏။ ဝိမတိ-ဝိနောဒနီ ဋီကာ၌လည်း "အနနုညာတာနံ ပန အပစ္စာသီသန္တေနာပိ ဒါတုံ န ဝဋ္ဋတိ သဒ္ဓါဒေယျဝိနိပါတတ္တာ၊ ပစ္စာသီသာယ ပန ကုလဒူသနမ္ပိ ဟောတိ"ဟု မိန့်အပ်ပြီ၊ ၎င်းဝိမတိဝိနောဒနီဋီကာ အလိုအားဖြင့် လာဘ်ကိုမငဲ့မူ၍ ပေးသည်ရှိသော် ကုလဒူသန မဖြစ်၊ သဒ္ဓါဒေယျဝိနိပါတဒုက္ကဋ်ရှိသာ သင့်၏၊ လာဘ်ကိုငဲ့၍ ပေးမှသာလျှင် ကုလဒူသန ဖြစ်၏။

ဝိမတိအလို ကုလဒူသန ဖြစ်သည်ဖြစ်စေ, မဖြစ်သည်ဖြစ်စေ အာပတ္တိ-အာပဇ္ဇနသို့ ရောက်သည်ချည်း၊ သမသမဖြစ်သောကြောင့် တစုံတခုသော လာဘ်ကို ငဲ့,မငဲ့သော အခြင်းအရာဖြင့် မပေးအပ်သည်သာလျှင်တည်း၊ အကျွမ်းဝင်သော ဥပါသကာတို့သည် ကျောင်းသို့လာ၍ ရဟန်းအား မတောင်းပဲ အလိုအလျောက် စားသည်ရှိသော် မတားမြစ်သော်လည်း လဒ္ဓကပ္ပိယမေဝ-အပ်လှတော့သည်သာတည်း၊ ထို့ကြောင့် ဝိမတိ၌ "အတ္တနော သန္တကမ္ပိ ပစ္စယဒါယကာ ယဒိ သယမေဝ ဝိဿာသေန ဂဏှန္တိ၊ န ဝါရေတဗ္ဗာ၊ လဒ္ဓကပ္ပိယမ္ပိ တုဏှီ ဘဝိတဗ္ဗံ"ဟု မိန့်အပ်ပြီ။

ခွင့်မပြုအပ်ကုန်သော ဒါယကာတို့အား ဆွမ်း, သစ်သီး အစရှိသည်ကို ပေးမိသည်ရှိသော် ပေးတိုင်း ပေးတိုင်း ကုလဒူသနဒုက္ကဋ် အာပတ်သင့်၏၊ ထိုပေးအပ်သော ဒါယကာတို့က ငါ့အား ချီးမြှောက် ထောက်ပံ့လိုသော အရှင်ပေတည်း-ဟု ပေးလှူအပ်သော အလှူကို ခံယူသည်ရှိသော် ခံယူအပ်သော အခါ၌လည်း အနေသန ဒုက္ကဋ် အာပတ်သင့်၏၊ သုံးဆောင်သော အခါ၌လည်း သုံးဆောင်တိုင်း သုံးဆောင်တိုင်း ဒုက္ကဋ်အာပတ်သင့်၏၊ ထိုအာပတ်ကို ဒေသနာပင် ကြားသော်လည်း ထိုအာပတ်ကို မှတ်၍ အာယတိံ သံဝရဖြင့် မကြားခြင်းကြောင့် အာပတ်မှ မထနိုင်ကုန်၊ နေ့ဆက် လဆက် သင့်ဖန်များသဖြင့် ကုဋ္ဌေမကသော အာပတ် အညစ်အကြေးတို့နှင့်ရောပြွမ်းလေကုန်၏၊ တနေ့တရက် တနံနက်မျှ အလဇ္ဇီအဖြစ်မှ မလွတ်နိုင်, မထွက်နိုင်ကုန်၊ မဟာသာဝဇ္ဇ မဟာဝိနာသဖြစ်၍ သံသရာဝန် အလွန်လေးကုန်၏၊ ဝဋ္ဋ ဒုက္ခမှ ထွက်မြောက်လိုသည်ဖြစ်၍ အစိန္တေယျ ဘုန်းတော်ကို ခိုလှုံပါသည်ဖြစ်၍ စတုပစ္စယကြောင့် ဝဋ္ဋဒုက္ခ၌ပင် နစ်မြဲ နစ်ကုန်

ရာ၏၊ ယင်းသို့ ဖြစ်၍ သဒ္ဓါပဗ္ဗဇိတ ဖြစ်သော အရှင်မြတ်တို့သည် ဤသို့ ကိုယ့်ကို ကိုယ်ရှင် သွန်သင် ဆုံးမကုန်ရာ၏၊ ငါသည် သံသရာဩဃမှ ထွက်မြောက်ခြင်း အကျိုးငှါ ရဟန်းပြုသော သဒ္ဓါပဗ္ဗဇိတ စစ်စစ်တည်း၊ ဥဒရ-ကာရဏကြောင့် ဘယာပဗ္ဗဇိတမဟုတ်၊ ယင်းသို့ဖြစ်လျက် စတုပစ္စယကို နန္ဒိရာဂဖြစ်၍ သံသရာဩဃမှ ထွက်မြောက်စေတတ်သော အဓိသီလကို ပျက်စေသဖြင့် ဒုက္ခောဃ သံသာရောဃ၌ နစ်တတ် နစ်စေတတ်သော ပါပဓမ္မ လာမကာစာရကို ပြုကျင့်မိချေက သဒ္ဓါပဗ္ဗဇိတဖြစ်သော ငါသည် ဘယာပဗ္ဗဇိတဖြစ်လေစွ တကား၊ သံသာရောဃမှ ထွက်မြောက်လိုသော ငါသည် သံသာရောဃ၌ နစ်မွန်းမြဲ နစ်မွန်းရချေလတ္တံ့ဖြစ်လေစွ တကား၊ အသိန်းမက အဘိုးအနဂ္ဃထိုက်သော အဓိသီလကို စွန့်သဖြင့် ဥဒရကာရဏ ကြောင့် စတုပစ္စယကို ရှာမှီးဆည်းပူးမိသော ငါသည် အသိန်းမက အဘိုး အနဂ္ဃဖြစ်ထိုက်သော ဝတ်ပန်းပုဆိုးကိုချွတ်၍ အလွန်ဆိုးဝါး ညစ်ညမ်းသော အဝတ်ပုဆိုးကို ဝတ်မှားမိသော ဥမ္မတ္တက သူရူးမနှင့် တူလေစွ တကား။

ဘုန်းတော်နေရှိန် ထိန်ထိန်တောက်သော လူ့ဘသက်နှင်း သုံးလူ့မင်း၏ သားတော် ဖြစ်လျက် သုဝိသုဒ္ဓသီလ ဘာဝေတဗ္ဗဘာဝနာ အစရှိသော သဒ္ဓမ္မာစာရဥစ္စာနှစ်ကို မရလိုက်ချေက ကုဋေရှစ်ဆယ် ဥစ္စာကြွယ်ဝသော သူဌေးသားဖြစ်ပါလျက် အတိဒလိဒ္ဒ သူဆင်းရဲတို့၏ သားနှင့် အလားတူစွာ ကြွေအန်ပုဆစ် စသောအမှုတို့ဖြင့် ပျော်ပိုက် ကစားပါများသဖြင့် ကုဋေရှစ်ဆယ်ကြွယ်ဝသော ဥစ္စာဓနတို့မှ ဆုတ်ယုတ်သဖြင့် ခွက်လက်ဆွဲ၍ တောင်းစားရဘူးသော မနသေဋ္ဌိ သူဌေးသားနှင့်အလားတူစွာ ဖြစ်ရချေ၏တကား-ဟု ယထာဘူတဉာဏ်ဖြင့် သွန်သင်ဆုံးမ၍ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဥစ္စာနှစ်ကို သာ မရ ရအောင် ရှက်ဆောင် ကြိုးကုတ်အပ်ကုန်၏၊ အဝိဇ္ဇာ တဏှာရန် မာရ် ဟူသော အကြောင်းကြောင့် ချွတ်ချော်တိမ်းပါး မှောက်မှားသဖြင့် ကုလဒူသန အစရှိသော ပါပဓမ္မ လာမကာစာရကို ပြုကျင့်မိလျက်ရှိချေက ဤသို့ ကိုယ့်ကိုယ်ကို သွန်သင်ဆုံးမအပ်ကုန်၏၊ သင်သည် သဒ္ဓါပဗ္ဗဇိတမဟုတ်လော၊ သင်၏ ပါပကာစာရသည် သဒ္ဓါပဗ္ဗဇိတ သကျပုတ္တတို့ အကျင့်လော၊ သင်သည် နဝလောကုတ္တရဓမ္မအလို့ငှါ ရဟန်းပြုခြင်း မဟုတ်လော၊ သင်၏ ကုလဒူသနစသော ပါပဓမ္မသည် နဝလောကုတ္တရဓမ္မနှင့် ရာတန်သလော။

သင်၏ စတုပစ္စယသည် နဝလောကုတ္တရဓမ္မလော၊ နိရယဘေး ပေတဘေးတို့ကို အမောင်ကြောက်သည် မဟုတ်လော။

အမောင်၏ ဟီနဓမ္မသည် နိရယဘုံ, ပေတဘုံသို့ အမှန်ဆောင်ချလိမ့်မည် မဟုတ်လော။

သင်၏ စတုပစ္စယက နိရယဘေး ပေတဘေးမှ ကယ်လိမ့်မည်လော။
အသင် ပူတိကာယကို အစ္စန္တဓုဝ မှတ်သလော။
"အင္ဂသုဝေ ဝါ ပရသုဝေ ဝါ" နင်သေခါနီးပြီ မဟုတ်လော။
ကုလဒူသန အနေသန အစရှိသော လာမကာစာရဖြင့် ဤပူတိကာယကို မွေးကျွေးသော အမောင့်ကို သဒ္ဓါပဗ္ဗဇိတဟု အသူဆိုသမုတ်လိမ့်မည်နည်း၊ မဟာသမဏ သကျပုတ္တစစ်ဟု တစုံတယောက်သောသူ ခေါ်ဆိုလိမ့်မည်နည်း၊ သင်၏ လာမကာစာရကို သင်မစွန့်နိုင်ချေက ယခုအခါမှ စ၍ သင် အကျင့်အားလျော်စွာ ငါကား ဘယာပဗ္ဗဇိတ ပေတည်း၊ ဥဒရကာရဏကြောင့် ပဗ္ဗဇိတ အဖြစ်သို့ ရောက်ပေသော သူတည်းဟု ပရိသတ်တို့ အလယ်၌ ဝန်ချပေးလျှောက်ပေး,သင်ကဲ့သို့သောသူကို သဒ္ဓါပဗ္ဗဇိတယောင် မဆောင်စေနှင့်ဟု ကိုယ့်ကိုကိုယ်ရှင် တင်းတင်းမာမာ နာကျည်းအောင်ဆုံးမ၍ ရှင်တော်ဘုရား ရွှေနှလုံးတော်ကြည်လင် နှစ်သက်တော်မမူသော ကုလဒူသန လာမကာစာရတို့မှ ဝေးစွာ လွတ်အောင် ရှောင်ကြဉ်နိုင်ကြပါစေကုန်သတည်း။

စတုပစ္စယကို ပမာဏပြု၍ ဥဒရကာရဏကြောင့် အာပါယိကဒုက္ခသို့ မရောက်ရအောင် အစ္စန္တ သုခဖြစ်၍ စင်စစ်ကေန် ချမ်းသာ မှန်သော နိဗ္ဗာန်ပြည်ကြီးသို့ ဆောလျင် လွယ်ကူ ရောက်တော်မူရအောင် ကောင်းမြတ်သော သုသမာစာရကို တတ်စွမ်း အားထုတ်တော်မူနိုင်ကြစေကုန်သတည်း။

အစိန္တေယျ ဘုရားသခင် သာသနာတော်ဝယ် မူလဘူတက တေဘူမ္မတ္တက ဝဋ္ဋဒုက္ခမှ ထွက်မြောက်လိုသည်ဖြစ်၍ သကျပုတ္တပဗ္ဗဇ္ဇ အဖြစ်သို့ ရောက်သော သဒ္ဓါသမ္ပန္န ကုလပုတ္တ အမျိုးကောင်းသားဖြစ်လျက် အဆက်ဆက်သောဘဝ၌ လိုက်၍ နှိပ်စက် ဖျက်ဆီးတတ်သော နီဝရဏမာရ်ကိုယ်တွင်းရန်သည် အဖန်ဖန်နှိပ်စက်သဖြင့် တိမ်းပါးချွတ်ချော် မတော်ပြုမှားမိသော ပါပဓမ္မ လာမကာစာရကို သဟာဓမ္မိက ကလျာဏမိတ္တတို့က ဆုံးမ တားမြစ်သော်လည်း မစွန့်ပစ်နိုင်ပဲ ရှိတော်မူကြကုန်သော ပုဂ္ဂိုလ်အရှင်တို့သည် သံသာရဝဋ္ဋဒုက္ခကို ယထာဘူတဉာဏ်ဖြင့် အဖန်တလဲလဲ

ရှု၍ တနည်း တဖန် ကိုယ့်ကိုကိုယ်ရှင် ဤသို့ သွန်သင် ဆုံးမအပ်၏၊ အသင့်ကို အပါယ်ဘေး ဝဋ်ဆင်းရဲဘေးမှ တားမြစ်လိုသည်ဖြစ်၍ ကလျာ-ဏမိတ္တ သဟာဓမ္မိကတို့က သနားချစ်ခင်သဖြင့် သွန်သင်ဆုံးမကြသည်ကို အသင် အဘယ်ကြောင့် မလိုက်မနာပဲ ရှိတုံအံ့နည်း၊ သင်သည် အာပါယိက ဝဋ်ဒုက္ခကို ကြောက်ရွံ့သည် မဟုတ်လော၊ ယခု ကလျာဏမိတ္တ သဟာဓမ္မိကတို့က ဆိုဆုံးမခြင်းသည်လည်း သင့်ကို အာပါယိကဝဋ်ဒုက္ခသို့ မရောက်အောင် ရှက်ဆောင် မှိုင်းမကြသည် မဟုတ်လော၊ သင်သည် တိဝိဓဒုက္ခသုခသမ္ပတ္တိကို ဣစ္ဆာသယရှိသဖြင့် ပဗ္ဗဇ္ဇအဖြစ်သို့ ရောက်သော သဒ္ဓါပဗ္ဗဇိတ မဟုတ်လော၊ ဟုတ်သော် တိဝိဓသုခသမ္ပတ္တိကို ပြည့်စုံစေတတ်သော သဒ္ဓမ္မာစာရ ခရီး လမ်းကို ကလျာဏမိတ္တတို့က ညွှန်ချကြသည် မဟုတ်လော၊ သင်၏ ဆိုနိုင် ခက်သော ဒုဗ္ဗစသဘောသည် တိဝိဓသုခ သမ္ပတ္တိကို ပြီးစေတတ်သလော၊ တောင်ဝှေး ဆွဲသောသူ၏ နောက်သို့ ကောက်ကောက် မလိုက်သော သူကာဏ်းသည် အလွန်မိုက်သည် မဟုတ်လော၊ ကလျာဏမိတ္တတို့သည် တောင်ဝှေးဆွဲသော သူနှင့် မတူပေလော၊ သင်သည် အန္ဓဗာလနှင့် မတူ လော၊ တိကိစ္ဆာစရိယတို့က ဆေးဝါးကုသ မှိုင်းမသည်ကိုမခံ မသောက်လို သော သူနာကို ဗာလုမ္မတ္တက မဆိုရလော၊ သင်သည် သူနာဗာလနှင့် မတူ သလော၊ သင်ကဲ့သို့ ဒုဗ္ဗစ သဘောရှိသောသူကို အဘယ် ကလျာဏမိတ္တ တို့က ဆိုဆုံးမနိုင်ချေအံ့နည်း၊ အနာရောဂါစွဲရောက်သော သားရဲဗျဂ္ဃတို့ကို အဘယ် တိကိစ္ဆာစရိယတို့ တစုံတယောက်မျှ ဆေးဝါးကုသ မှိုင်းမဝံ့တုံ အံ့နည်း၊ ဒေါသမာနဖြင့် ဒုဗ္ဗစ သဘောရှိသော သင်သည် ဆေးဝါးမန္တရား တို့ဖြင့် ကုသမှိုင်းမသူတို့ ကင်းသော သားရဲဗျဂ္ဃနှင့် မတူလော။

ဆူးငြောင့် သစ်ငုတ် သစ်ချွန်စူးသော တောဆင်တောကျွဲ တောသားရဲ တို့ကို အဘယ် တစုံတယောက်သောသူ ချဉ်းကပ်၍ ယူခြင်းငှါ ရဲဝံ့နိုင်တုံ အံ့နည်း၊ သနားသည်ဖြစ်လျက်ပင် ကလျာဏမိတ္တတို့က မဆုံးမ မသွန်သင် ဝံ့သော ဒုဗ္ဗစ....သင်သည် ထို တောဆင် တောကျွဲ တောသားရဲတို့နှင့် မတူ သလော၊ မွန်မြတ်လှစွာသော သူကရမ်းသကို လက်မှလွှတ်၍ အသုစိကို စားသောက်သောသူသည် ဥမ္မတ္တက မဟုတ်လော။

မဂ္ဂဖလနိဗ္ဗာနကို ပြီးစေတတ်သော အလွန်မြတ်သော အဓိသီလသိက္ခာကို စွန့်သဖြင့် ပါပဓမ္မလာမကာစာရကို ပြုကျင့်၍ စတုပစ္စယကို ရှာမှီးဆည်းပူး သော သင်သည် ယခင်ဥမ္မတ္တကနှင့် မတူလော၊ သင်၏ ပါပဓမ္မ လာမကာ-

စာရဖြင့် ရသော စတုပစ္စယသည် အသုစိနှင့် ကွဲပြားခြားနားသည် မှတ်သလော။

စကြာမင်းကြီး၏ သားကြီးရတနာသည် ဒွန်းစဏ္ဍားတို့၏ အမှုအရာကို ပြုကျင့်သလော၊ အစိန္တေယျ လူ့ဘထိပ်နင်း သုံးလူ့မင်း၏ သားတော်ဖြစ်သော သင်သည် ယုတ်မာလှစွာသော ပုဂ္ဂိုလ်တို့၏ အကျင့်နှင့် လျော်မည်လော၊ လူပရိသတ်တို့၏ အနီး၌ အသုစိကို စားသော သူကရိသည် လူသူမြင်သည်မှ ရှက်အံ့လော။

လဇ္ဇီသီလဝန္တ ပုဂ္ဂိုလ်တို့၏ အနီးအပါး ဘုရားပရိသတ်တို့၏ အလယ်၌ ပါပဓမ္မ လာမကာစာရတို့ကို ပြုကျင့်အံ့သည်မှ မရှက်သော ဒုဗ္ဗစ....သင်သည် ယခင် သူကရနှင့် မတူလော။

ညဥ့်အခါ ပိုးဖလံသည် ဆီမီးရောင်လျှံ အတွင်းသို့ ဆင်းအံ့သည်မှ ကြောက်၏လော၊ ထိုသို့ သေဘေးကို မသိမကြောက်သော ပိုးဖလံသည် အလွန် မမိုက်သလော၊ သင်သည် ပိုးဖလံနှင့် မတူလော။

လတ်တလော သေစေတတ်သော အဆိပ်ဝိသကို စားမှားသော ပုရိသဗာလသည် ဆောလျင်စွာ သေကြေပျက်စီးခြင်းသို့ ရောက်သည် မဟုတ်လော၊ ကုလဒူသန အစရှိသော လာမကာစာရဖြင့် ရသော စတုပစ္စယသည် အဆိပ်ဝိသနှင့် ခြားသလော၊ ပုရိသဗာလနှင့် ကွဲပြားလေသလော၊ အဘိုးအသိန်းမက ထိုက်သော ကျောက်သံပတ္တမြားကို ခေးသွေးကျောက်ကြမ်းနှင့် လဲမှားမိသော သူသည် အလွန်ဆုံးရှုံးခြင်းသို့ ရောက်သည် မဟုတ်လော၊ ထိုသူကို ဗာလုမ္မတ္တက ဟု မဆိုရသလော၊ စတုပစ္စယဟူသော အကြောင်းကြောင့် ယုတ်မာညစ်ညမ်းသော ကုလဒူသန အစရှိသော ပါပဓမ္မကို ကျင့်မိသော သင်သည် ဘုရားသားတော်တို့ ရသင့်ရထိုက်သော နဝလောကုတ္တရဓမ္မကို ရနိုင်လိမ့်မည်လော၊ မရခဲ့သော် မြတ်လှစွာသော နဝလောကုတ္တရဓမ္မနှင့် စတုပစ္စယကို လဲမိမှားသည်နှင့် မတူလော၊ တူသော် သင်၏ စတုပစ္စယသည် ခေးသွေးကျောက်ကြမ်း မဟုတ်လော၊ သင်သည် အသိန်းမက အဘိုးထိုက်သော ကျောက်သံပတ္တမြားကို ခေးသွေးကျောက်ကြမ်းနှင့် လဲမိမှားသော ဗာလုမ္မတ္တကနှင့် မတူလော၊ ကျွဲပါးနားနီး စောင်းတီးသည် ရှိသော် စောင်းညှင်း၏ သာယာပြေညှင်းသော မဓုသဒ္ဒကို သာယာနာပျော်ဘွယ် ရှိ၏ဟု သိ၏လော၊ သဟာဓမ္မိက မိတ်ဆွေကလျာဏတို့က တရားသဖြင့် ဆုံးမပဲ့ပြင်သည်ကို သာယာနှစ်သက် စုံမက်ရမည်မှန်း မသိသော

အမောင်သည် ဂေါမဟိ`သနှင့် မတူလော၊ ဤလောက၌ နေဝန်းမဏ္ဍလ သူရိယသည် လေးကျွန်းလုံးကို ထွန်းသည် မဟုတ်လော၊ ထွန်းသော် သစ်ပင် လိုဏ်ခေါင်းအောင်းသော ခင်ပုတ်ငှက်တို့အား အရောင်တောက်၏လော၊ သာသနာတော်၏ သီလတည်းဟူသော အရောင်အဝါသည် အမောင့်မှာ ရှိ၏လော၊ ပါပဓမ္မ လာမကာစာရ တည်းဟူသော အမိုက်သစ်ခေါင်း၌ ပျော်ပိုက် ကိန်းအောင်းသော အမောင်သည် ယခင် ခင်ပုတ်ငှက်နှင့် မတူ လော၊ သာသနာတော်၌ သုနခ သူကရတို့သည် သဒ္ဓမ္မာစာရ အကျင့်မြတ် ကို ကျင့်နိုင်၏လော၊ ဘုရားမျက်မှောက်တော်တွင် စေတီအပြင် အတွင်း၌ သာ ကျင်ကြီးကျင်ငယ် စွန့်တတ်သည်သာ မဟုတ်လော၊ သဒ္ဓမ္မာစာရ အကျင့်မြတ်ကို အားမထုတ်မူ၍ ယုတ်မာသော ပါပါစာရကိုသာလျှင် ကျင့်သော အမောင်သည် ယခင် သုနခ သူကရတို့နှင့် ထူးခြားဦးမည် ထင်သလော၊ ဘုရားကို မဖူးပဲနှင့် ခေါင်းလောင်းကို ထိုးခွဲသော သူကဲ့သို့ ဥဒါန်းပြု၍ ခိုင်းနှိုင်းကြသော ဥပမာသည် သင်ကဲ့သို့သော သူကိုပင် မဟုတ်လော၊ လေးဆဲ့ကိုးယူဇနာ စန္ဒရာဇာ လဝန်းသည် လေးကျွန်းလုံးကို ထွန်းသည် မဟုတ်လော၊ တိမ်တိုက်ဖုံးသော် မမိုက်လော၊ အစိန္တေယျ သုံးလူ့ဘ၏ သာသနာတော်ရောင်သည် စန္ဒရာဇာ လရောင်နှင့် မတူလော၊ သင်၏ ကုလဒူသန အစရှိသော ယုတ်မာသော ပါပါစာရသည် တိမ်တိုက် နှင့် မတူလော။

အလွန်ဖြူစင်လှသော အဝတ်ပုဆိုးကို အသုစိရည်ဖြင့် သွန်းလောင်း သော သူယုတ်မာကို ပုဆိုးရှင် ဓနသာမိက ထောင်းသတ်စရာ မကောင်း လော၊ အလွန်စင်ကြယ်သော သာသနာတော်ကို သင်၏ ယုတ်မာလှစွာ ပါပါစာရ အသုစိဖြင့် သွန်းလောင်းသော နင်သူယုတ်မာကို သာသနာ သခင် အစိန္တေယျဘုရားရှင် နှစ်သက်ကြည်လင်တော်မူလိမ့်မည်လော။

ခိုးထုပ်နှင့်တကွ မိသော စောရဗာလကို ဓနသာမိက မထောင်းသတ် လော၊ နင်၏ ယုတ်မာသော ပါပဓမ္မသည် ခိုးထုပ်မဟုတ်လော၊ နင်သည် စောရဗာလနှင့် မတူလော၊ ရှင်တော်ဘုရားသည် ဓနသာမိ မဟုတ်လော၊ ပါပါစာရ တည်းဟူသော ခိုးထုပ်နှင့်တကွ ရှင်တော်ဘုရား၏ ရှေ့တော်ပါး၌ နင်ကား အဘယ်ကို ပြေး၍ လွတ်မည်နည်း။

ယခင် စောရဗာလသည် ထိပ်ထောင် နှောင်အိမ်သို့ မရောက်မကျ လော၊ ကြေးငွေပေး၍ မရွေးမနုတ်သော် ထိပ်ထောင်နှောင်အိမ်မှ လွတ်လိမ့်

မည်လော၊ ရွှေမှုဖျောက်၍ နောက်မှုကျင့်သဖြင့် သုဝိသုဒ္ဓသီလာစာရ တည်းဟူသောတံစိုး လက်ဆောင်ထိုး၍ မရွေးနုတ်သော် အာပါယိက ဒုက္ခ ထောင်တန်းမှ တက်စွမ်း လွတ်မြောက်စရာ ဘယ်မှာရလိမ့်မည်နည်း။

ဤသို့ ဆိုခဲ့ပြီးသော ပုံပမာ အတန္တုကို အမောင်ရှု၍ အမောင်၏ ကုလဒူသန အစရှိသော လာမကာစာရမှ စွန့်ဘိလော့။

သဒ္ဓါပဗ္ဗဇိတဖြစ်သော အိုသူတော်ကောင်း....သင်သည် အဘယ်ကြောင့် ဆုံးမခက်ရှိဘိသနည်း၊ ဘေးအပေါင်းကိုပြ၍ ဆုံးမတတ်သော အစိန္တေယျ ဘုရားသားဖြစ်သော အိုအမောင် သပ္ပုရိသ....သံသရာဘေးကို ကြောက်ပါ လော့၊ ရှင်တော်ဘုရား၏ ရွှေမျက်နှာတော်ကိုလည်း ထောက်ပါလော့၊ မူလ ဘူတက ဝဋ္ဋဒုက္ခကို ကြောက်သည်ဖြစ်၍ အစိန္တေယျအမှုထမ်း ရဟန်းအဖြစ် သို့ ရောက်လာသည်ကို အမောင်လည်၍ အောက်မေ့ပါဦးလော့၊ အမောင် သတိပြုပါလော့၊ မရဏမင်း၏ ခံတွင်းသို့ ဆင်းသက်ရမည်လည်း နီးလှပြီ။

အဇ္ဇသုဝေ ပရသုဝေ သေသောအခါ၌လည်း "သာပတ္တိကဿ ဘိက္ခဝေ ဒွေ ဂတိယော ဣစ္ဆိတဗ္ဗာ" စသည်ဖြင့် ဟောတော်မူအပ်သော ဒေသနာ တော်မြတ်နှင့်အညီ ပါပဓမ္မ လာမကာစာရနှင့်တကွ မရဏသို့ရောက်သော အမောင်မှ နိရယဘုံ, ပေတဘုံသို့ မရောက်ပဲ လွဲခဲ့သော် အစိန္တေယျ မိန့်ခွန်းတော်မှတ်ချက် ဓမ္မစက်လွဲလျက် နေခဲ့ရာပြီ။

လွဲလည်း မလွဲနိုင်ပြီ၊ ယင်းသို့ဖြစ်၍ အမောင်သတိပြု၊ အို-သပ္ပုရိသ.... သပ္ပုရိသ ဘုရားသားတော်ဖြစ်သော သင်သည် သပ္ပုရိသမဖြစ်သော နေသာဒ ဝနေစရ တံငါ မုဆိုးစသော အတိဗာလ အလွန်မိုက်လှကုန်သော သူတို့နှင့် အတူတူပင် နိရယဘုံ, ပေတဘုံသို့ သွားတော့မည်လော၊ ဘေးအ ပေါင်းကို တားမြစ်တတ်သော ဘုရားသားဖြစ်လျက် နေသာဒ ဗာလ တို့နှင့် အတူ ဆင်းရဲဒုက္ခ ဘေးဘယရောက်လိမ့်သော သင်သည် အဘယ်နှင့် ဥပမာတူသည် ထင်မည်နည်း။

ကုဋေရှစ်ဆယ် ကြွယ်ဝသော သူဌေးသားသည် စဏ္ဍာလ၏သားနှင့် အတူ စောရကမ္မ ခိုးမှုပြုမိ၍ ထောင်တန်းနှောင်အိမ် တခုတည်း၌ ဆင်းရဲ စွာ ခံနေခဲ့ရသည်နှင့် မတူလော။

ပြည်လုံးသနင်း မင်းဧကရာဇ် သားတော်ဖြစ်လျက် အဘမင်းဧကရာဇ် နှင့် ဆန့်ကျင်ဘက်အမှုကို ပြုမှား၍ ဆင်းရဲသား အတိဒလိဒ္ဒတို့နှင့်အတူ ထောင်တန်းတခုတည်း ခံနေရသည်နှင့် မတူလော။

အပါယ်ဘေးကို ကြောက်ရွံလေ့ရှိသော သပ္ပုရိသ အိုသူတော်ကောင်း.... အမောင် အပတ်တကုတ် ကြိုးအားထုတ်သော ပါပဓမ္မ လာမကာစာရက အမောင့်ကို အပါယ်သို့ ချလုပြီ၊သဒ္ဓါပဗ္ဗဇိတဖြစ်သော အိုသူတော်ကောင်း.... အမောင် ကြောက်မသော အပါယ်ဘေး နီးလှပြီ။

မျက်စိနှစ်ဖက်ပျက်သော သူကာဏ်းအန္ဓဗာလသည် မျက်စိအမြင်ရှိသော မိတ်ဆွေခင်ပွန်း၏ စကားကို နားမထောင်မှား၍ အသူတရာ နက်လှစွာသော ချောက်ကမ်းပါးပြတ်သို့ ကျရောက်သည်နှင့် တူလှပြီ၊ သစ်ကျားသားရဲဘေးမှ ကြောက်သည်ဖြစ်၍ ဆောလျင်စွာ ပြေးသွားပါလျက် လမ်းမှားသို့ လိုက်မိ၍ သစ်ကျား သားရဲ အနီးအပါးသို့ ရောက်လုသော ပုရိသမဂ္ဂမူဠှနှင့်လည်း တူလှပြီ၊ ယင်းသို့ဖြစ်၍ အပါယ်ဘေးကို ကြောက်သော အမောင် သပ္ပုရိသ....သတိပြု ကြိုးစားပါ၊ ဘုရားသားတော် ပြီသအောင် ပြုပါ၊ သဒ္ဓါပဗ္ဗဇိတ သပ္ပုရိသစစ် ဖြစ်သော အမောင်သည် ရှင်တော်ဘုရား ပေးသနားတော်မူအပ်သော သဒ္ဓမ္မာစာရ အကျင့်မြတ်တည်းဟူသော သင်္ဘောဖောင်တော်ဖြင့် သံသရာတည်းဟူသော သမုဒ္ဒရာထိုမှာဘက်ကမ်းသို့ လှမ်းရောက်နိုင်အောင် ဆောင်ရွက်ကြိုးကုတ် အားထုတ်ပါ၊ ပညာတည်းဟူသော တက်မကို မြဲစေပါ၊ ဝီရိယတည်းဟူသော ထိုးဝါးဖြင့် ထိုးပါ၊ သဒ္ဓါတည်းဟူသော ရွက်ကိုဖြန့်ပါ, ဖွင့်လှစ်ပါ၊ သတိတည်းဟူသော လက်ဖြင့် သီလတည်းဟူသော ရွက်ကြိုးကိုဆွဲပါ, ကိုင်ပါ၊ သဒ္ဓါပဗ္ဗဇိတဖြစ်သော အိုသူတော်ကောင်း... ခဲပါ, ကြိုးပါ, အားထုတ်ပါဟု တင်းချည်တခါ သာချည်တလှည့် ပြု၍ ကိုယ့်ကို ကိုယ်ရှင် အဖန်ဖန် သွန်သင်ဆုံးမတော်မူနိုင်ကြစေကုန်သတည်း။

ဤသို့ ရေးသား လျှောက်ဆိုအပ်ပြီးသော ပုံပမာတန္တုတို့ကို အဖန်ဖန်ရှုသဖြင့် ကိုယ့်ကို ကိုယ်ရှင် သွန်သင် ဆုံးမနိုင်သည်ဖြစ်၍ သီလဝိသုဒ္ဓိကို ရကုန်သော အရှင်မြတ်တို့သည် တိမ်တိုက်ဖုံးအုပ်ခြင်းမှ ကင်းသော နေဝန်း လဝန်းနှင့်လည်း တူကုန်၏၊ ရွှံ့စေး ညွန်ပုပ်တွင်း၌ နစ်သည်ဖြစ်၍ အရောင်လှလှ မထွန်းတောက်နိုင်သော ပတ္တမြားစစ်ကို ရွှံ့စေး ညွန်ပုပ်တွင်းမှ ထုတ်၍ သုတ်သင်ဆေးကြောသောကာလ အရောင်ဝင်းဝင်း ထွန်းလင်းတောက်ပခြင်း ဖြစ်သည်နှင့် တူကုန်၏၊ သလာတိမ်လွှမ်းသည်ဖြစ်၍ အလင်းကို မရသော မျက်စိကို ကောင်းမွန်စွာသော မဟောသဓဆေးမြတ်ဖြင့် ကုသော

အခါ ကြည်လင်စွာ စက္ခုအလင်းရသည်နှင့် တူကုန်၏၊ ယင်းသို့ဖြစ်၍ ပါပဓမ္မ လာမကာစာရ အညစ်အကြေးမှ ထမြောက်သဖြင့် အလွန်စင်ကြယ်ခြင်းသို့ ရောက်ကုန်သော သဒ္ဓါပဗ္ဗဇိတ သီလဝန္တ အရှင်မြတ်တို့သည် ဤသို့ ကိုယ့်ကို ကိုယ်ရှင် ကြည်လင် ဝမ်းမြောက်အပ်ကုန်၏၊ ငါအား တိမ်ပုပ်နှင့်တူသော ယုတ်မာသော လာမကာစာရ အညစ်အကြေးတို့မှ ကင်းစင်ပေပြီ၊ ငါ၏ သီလတည်းဟူသော အရောင်အဝါသည် တိမ်တိုက်မှ လွတ်သော နေဝန်း, လဝန်းကဲ့သို့ ထွန်းလင်းတောက်ပလေပြီ၊ ရွှံစေးညွန်ပုပ်မှ ဖော်ထုတ်အပ်သော မဏိစစ်ကဲ့သို့ အရောင်ထင်ပေပြီ၊ ငါအား ယုတ်မာသော ပါပဓမ္မ၌ အပြစ်ကို ဖုံးလွှမ်းတတ်သော အဝိဇ္ဇာ တည်းဟူသော သလာတိမ်တို့သည် ကင်းစင် လွင့်ပျောက်ပေပြီ၊ သဒ္ဓမ္မာစာရ၌ အကျိုးကို မြင်တတ်သော ပညာ စက္ခုအလင်းကို ရပေပြီ၊ ငါအား မျက်စိလည်သည်ဖြစ်၍ ခရီးမှားသော သူသည် မျက်စိလည် ပြေပျောက်၍ ဘေးကင်းရာ လမ်းမှန်လမ်းကြောင်းသို့ ရောက်သကဲ့သို့ သဒ္ဓမ္မာစာရ အကျင့်မြတ်တည်းဟူသော ဘေးအပေါင်း၏ ကင်းရာ,ကုန်ရာ နိဗ္ဗာန်လမ်းကြောင်းသည် တည့်မတ်ပေပြီ၊ နေထွက်လို၍ အရုဏ်တက်သကဲ့သို့ မဂ်ဉာဏ်,ဖိုလ်ဉာဏ် တည်းဟူသော နေမင်းသူရိယ ထွက်ပေါ် လာလုနီးသည်ဖြစ်၍ ယုတ်မာသော လာမကာစာရတည်းဟူသော ညဥ့်အမိုက် ကုန်ပျောက်သဖြင့် သဒ္ဓမ္မာစာရ အကျင့်မြတ်တည်းဟူသော ဉာဏ်ကို ဆင်ခြင်မိပေပြီ၊ မဂ်ဉာဏ်,ဖိုလ်ဉာဏ် တည်းဟူသော ရွှေထီးတင်ရလု နီးပေပြီ၊စကြဝတေးမင်း ဖြစ်ခြင်းငှါထိုက်သော စက္ကဝတ္တိ ရာဇာလောင်းအား သီတင်းဥပုသ် ခုနစ်ရက် စောင့်ထိန်းသည်မှ နောက်၌ စကြာရတနာ ဆိုက် ရောက်လာသကဲ့သို့ ငါအား သုဝိသုဒ္ဓ သီလာစာရ တည်းဟူသော အလွန် စင်ကြယ်သော သီတင်းဥပုသ် သုံးနေပေပြီ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ် တည်းဟူ သော စကြာရတနာ ဆိုက်ရောက်လာလုပေပြီ၊ ငါ၏ ရဟန်းအဖြစ်သည် အလွန် ကောင်းမြတ် စင်ကြယ်သော ရဟန်းအဖြစ်တည်း၊ ငါသည် အလွန် ရခဲစွာသော ဝိသုဒ္ဓ ပဗ္ဗဇိတ ဒုလ္လဘကို အရတော်ပေစွ၊ ဘုန်းတော်နေဝန်း ထွန်းလင်း တောက်ပသော ရှင်တော်ဘုရား၏ သားတော် ပြီသလှပေစွ၊ စကြာမင်းကြီး၏ သားကြီးရတနာ အိမ်ရှေ့မင်းသည် ဘခင်မင်းကြီး မှိုင်းမ အပ်သော အိမ်ရှေ့ အဆောင်အရွက် အစီးအနင်းတို့ဖြင့် အိမ်ရှေ့ နံရံ၌ လျောက်ပတ်တင့်တယ်စွာ စံနေရသကဲ့သို့ ငါတို့သခင် ရှင်တော်ဘုရား ပေး သနားတော်မူအပ်သော သုဝိသုဒ္ဓ သီလာစာရ အကျင့်မြတ်တည်းဟူသော

အိမ်ရွှေရတနာတို့ဖြင့် သာသနာတော်တည်းဟူသော နံရံအိမ်တော်၌ အလွန်တင့်တယ်စွာ ငါနေရပေပြီ၊ သကျပုတ္တ မဟာသမဏ စစ်လှပေပြီ၊ တဖက်သား မာရ်စစ်သည်ရန်ကို ပယ်လှန်ဖြိုဖျက်သည်၏ အပြီး၌ ထီးနန်းကို ရသော မင်းရဲရာဇာကဲ့သို့ ငါအား ယုတ်မာ ညစ်ညမ်းသော ပါပဓမ္မကို ဖြစ်စေတတ်သော နီဝရဏ ရန်ကို ပယ်လှန်ပစ်ချ နှိမ်နင်းရပေပြီ၊ နတ်ရွာ မဂ်ဖိုလ် တည်းဟူသော ထီးနန်းကို ရလုပေပြီ၊ သာဓု-သာဓု ကောင်းလေစွ, ကောင်းလေစွ၊ အဟောသုခံ-အဟောသုခံ ချမ်းသာလေစွ, ချမ်းသာလေစွ ဟု အတိပါမောဇ္ဇ, အတိသောမနဿ ဖြစ်၍ ပုနပ္ပုနံ အဖန်တလဲလဲ သဒ္ဒါ ကြည်လင် ရွှင်လန်းသောစိတ်ကို ဖြစ်စေအပ်ကုန်၏။ စစ်သည်တဖက် ရန် အမျက်ကို တိုက်ဖျက်နှိမ်နင်းပြီးသော မင်းရဲရာဇာသည် သတ္တသတ္တာဟ ပတ်လုံး အောင်ပွဲခံ၍ အောင်သံ ကြုံးဝါးဘိသကဲ့သို့ အံ့ဩချီးမွမ်း၍ မကုန် နိုင်သော ကျေးဇူးတော်အဖုံ့,ဂုဏ်တော်အနန္တ,ဉာဏ်တော် အပ္ပမေယျ, ဘုန်း တော် အတုလ, သေဋ္ဌဇေဋ္ဌ ဖြစ်တော်မူသော အစိန္တေယျ လောကထွဋ်တင် သဗ္ဗညု ရှင်တော်သည် တထောင့်ငါးရာ ကိလေသာမာရ် ငြိုးထားရန်ကို လေး တန်သော မဂ်ဉာဏ်ဖြင့် ပယ်လှန်အောင်နိုင်၍ သဗ္ဗညုတဉာဏ်, အာသယာ- နုသယဉာဏ်, ဣန္ဒြိယပရောပရိယတ္တိဉာဏ်, ဒေသနာဉာဏ် တည်းဟူသော ကနက္ကဒဏ် ထီးဖြူရိပ်၌ အဘိသိက်ခံတော်မူပြီး၍ သင်္ချေလေးထပ် တသိန်း ကပ်ပင် ငြိုငြင်သဖြင့် နှိမ်နင်းပယ်ဖျက် ခါတွက်ပစ်ချရသော ကိလေသာ မာရ် ငြိုးထားရန်သည် ကြွင်းကျန်မရ အနဝသေသ အပုနာဂတ ဖြစ်၍ အလွန်ကြည်လင် ဝမ်းမြောက်တော်မူသော ရွှေနှလုံးတော် ရှိတော်မူသော ကြောင့် ရတနာရွှေဂူမှ ထွက်ပြူကွန့်မြူးသော ကေသရရာဇာ ခြင်္သေ့မင်းကဲ့သို့ မထိတ်မလန့် ရဲဝံ့လှစွာ ခြောက်ဖြာသော ဣန္ဒြေတော်တို့ဖြင့် ငြိမ်သက် တင့် တယ် ထက်ဝယ်ဖွဲ့ခွေ နေတော်မူပြီးလျှင် ပတ္တမြားနှံ့သာကြုံတ်နှင့် တူသော မွှေးကြိုင်လှစွာသော ခံတွင်းတော်ကို ဖွင့်လှစ်တော်မူပြီးကာ, ဗြဟ္မာမင်း၏ အသံကဲ့သို့သော သာယာစွာသော အသံတော်ဖြင့် အောင်ပွဲခံ၍ ကိလေသာ မာရ် ငြိုးထားရန်ကို အောင်သံ ကြုံးဝါးတော်မူခြင်းငှါ "ယဒါ ဟဝေ ပါတု- ဘဝန္တိ ဓမ္မာ အာတာပိနော ဇာယတော" အစရှိသော ဥဒါန်းဂါထာ ဒေသနာကို မြွက်ခါကျူးရင့် လှစ်ဖွင့်ကြုံးဝါး အာဏာ ထားတော်မူသည်။

ယင်းနည်းအတူ အစိန္တေယျ လောကထွဋ်တင် သုံးလူ့ရှင်၏ ရွှေရင်တော် နှစ် သားတော်စစ် ဖြစ်ကုန်သော အရှင်သခင်မြတ်တို့သည်လည်း ပါပဓမ္မ

လာမကာစာရကို ဖြစ်စေတတ်သော ရုန့်ရင်းသော နီဝရဏမာရ် ငြိုးထား ရန်ကို ပယ်လှန်နှိမ်နင်းပြီး၍ သုဝိသုဒ္ဓ သီလာစာရအဖြစ်သို့ ရောက်သော အခါ ဝမ်းမြောက်ဝမ်းသာ သဒ္ဓါကြည်လင် အလွန်ရွှင်လန်းသော ပီတိ-ပါမောဇ္ဇသောမနဿကို ဖြစ်စေလျက်—

ယဒါ သုဏာတိ သဒ္ဓမ္မံ၊ ပါပဓမ္မံ ဝိသဇ္ဇတိ။
သမာစရတိ သဒ္ဓမ္မံ၊ သဒ္ဒဟန္တဿ ဘိက္ခုနော။
ယဒါ ဟောန္တိ ယထာဘူတာ၊ ပါပဓမ္မာ ဝိနဿရေ။
ပါတု ဘဝန္တိ သဒ္ဓမ္မာ၊ သတိမန္တဿ ဘိက္ခုနော။
ဒဋ္ဌသတိ ယဒါ ဟောတိ၊ ကိဥ္စိ ဝေရံ န ခံသတိ။
သီလာစာရံ သုဝိသုဒ္ဓံ၊ ပညဝန္တဿ ဘိက္ခုနော။
ယာယ သက္ကာ ဝိခံသိတုံ၊ တမဝိန္ဒိ တယာ အဟံ။
ဝိခံသိတော ပုနပ္ပုနံ၊ သမသီလမ္ပိ ဘိန္ဒိတံ။
ယထာ ဝတ္တံ သုဝိသုဒ္ဓံ၊ မံသောဒကေန သိဉ္စိတံ။
ဧဝံ ပါပကဓမ္မေန၊ သဂ္ဂမဂ္ဂေါပိ ဝါရိတော။
ယထာ စန္ဒော အသုရေန၊ ဂဟိတော့ဝံ ယဒါ အဟံ။
ပဘာသမ္ပတ္တိသီလမ္ပိ၊ မိလာတံ အတိကာရိတံ။
သတိ သဒ္ဓါ ပညာဝိန္ဒာ၊ သာ တံ ဝေရိက ခံသိတာ။
ပဿထ မံ မမာဝုဓံ၊ တယာ ပုန န ခံသိတော။—

ဟူသော ဝေရိနိဒ္ဒမန အပုနာဂတ ကာရဏ ဖြစ်သော **ဉဒါန်းဂါထာ**တို့ဖြင့် နီဝရဏမာရ် ငြိုးထားရန်ကို တဖန်မပြန်ရ အပုနာဂတ ဖြစ်အောင် အောင်ပွဲခံ၍ အောင်သံကြူးဝါး အာဏာထားတော်မူကြပါစေကုန်သတည်း။

ဎင်း ဉဒါန်းဂါထာ၏ အနက်ကား— ဘောသပ္ပုရိသ-အို-သူတော်ကောင်း....သဒ္ဒဟန္တဿ-သဒ္ဓါတရားနှင့် ပြည့်စုံသော၊ ဘိက္ခုနော-ရဟန်းအား၊ ယဒါ-အကြင်ကာလ၌၊ သဒ္ဓမ္မံ-သူတော်ကောင်းတို့၏ တရားစကားကို၊ သုဏာတိ-ကြားနာရ၏၊ တဒါ-ထိုသူတော်ကောင်းတို့၏ တရားစကား ကြားနာရသောအခါ၌၊ ပုဗ္ဗေ-ရှေးကာလ၌၊ ကာရိတံ-တိမ်းပါးချွတ်ချော် မတော်ပြုမှားမိသော၊ ပါပဓမ္မံ-ယုတ်မာ ညစ်ညမ်းသော အကျင့်ကို၊ သီဿံ-ဆောလျင်စွာ၊ ဝိသဇ္ဇတိ-ပယ်စွန့်နိုင်၏၊ သဒ္ဓမ္မံ-သူတော်ကောင်းတို့၏ကောင်းမြတ်သော အကျင့်ကို၊ သမာစရတိ-ကောင်းစွာကျင့်၏။

ဘော သပ္ပုရိသ-အို-သူတော်ကောင်း....သတိမန္တဿ-မြဲမြံသော သတိရှိသော၊ ဘိက္ခုနော-ရဟန်းအား၊ ယဒါ-အကြင်ကာလ၌၊ ယထာဘူတာ-သိက္ခာပဒ ဝီတိက္ကမ၌ အပြစ်, သဒ္ဓမ္မာစာရကို အားထုတ်ခြင်း၌ အကျိုးကို ဟုတ်မှန်တိုင်း မြော်မြင် ဆင်ခြင်တတ်သော, ယထာဘူတ ဉာဏ်တို့သည်၊ ဟောန္တိ-ပါတုဘဝန္တိ-ထင်ရှား ဖြစ်ကုန်၏၊ တဒါ-ထိုယထာဘူတဉာဏ် ဖြစ်သော အခါ၌၊ ပါပဓမ္မာ-တိမ်းပါး ချွတ်ချော် မတော်ပြုမှားမိသော ယုတ်မာသော အကျင့်တို့သည်၊ ဝိနဿရေ-ဝိနဿန္တိ-ပျက်စီးကုန်၏၊ သဒ္ဓမ္မာ-သုဝိသုဒ္ဓသီလာစာရ အစရှိသော သူတော်ကောင်းတို့၏ အကျင့်မြတ်တို့သည်၊ ပါတုဘဝန္တိ-ထင်ရှားဖြစ်ကုန်၏။

ဘောန္တော သပ္ပုရိသာ-အို-သူတော်ကောင်းတို့.... ပညဝန္တဿ-ပညာရှိသော၊ ဘိက္ခုနော-ရဟန်း၏၊ ယဒါ-အကြင်ကာလ၌၊ ဒဠှသတိ-မြဲမြံထင်မြင်သော သတိသည်၊ ဟောတိ-ဖြစ်၏၊ တဒါ-ထို မြဲမြံထင်မြင်သော သတိ ဖြစ်သော အခါ၌၊ တဿ ဘိက္ခုနော-ထို ပညဝန်ပုဂ္ဂိုလ်၏၊ သုဝိသုဒ္ဓံ-အလွန် သန့်ရှင်း စင်ကြယ်သော၊ သီလာစာရံ-သီလတည်းဟူသော အကျင့်မြတ်ကို၊ ကိဉ္စိ ဝေရံ-တစုံတခုသော နီဝရဏမာရ်, ငြိုးထားရန်သည်၊ န ဓံသတိ-မဖျက် ဆီးနိုင်။

ဘောနီဝရဏဝေရိက-အို-နီဝရဏမာရ် ငြိုးထားရန်.... တံ-သင့်ကို၊ ဝိဓံ-သေန္တော-ဖျက်ဆီးလိုသော၊ အဟံ-ငါသည်၊ ယာယ-အကြင် သတိသဒ္ဓါပညာ တည်းဟူသော လက်နက်ဖြင့်၊ တံ-သင်နီဝရဏမာရ်ကို၊ ဝိဓံသိတုံ-နှိပ်စက် ဖျက်ဆီးခြင်းငှါ၊ သက္ကာ-တတ်စကောင်း၏၊ တံ-သတိ ပညာ သဒ္ဓါတည်းဟူသော လက်နက်ကို၊ အဝိန္ဒံ-အဝိန္ဒန္တော-မရသေးသည် ဖြစ်၍၊ ဝါ-မရသေး သောကြောင့်၊ တယာ-သင်နီဝရဏမာရ် ကိုယ်တွင်းရန်သည်၊ ပုနပ္ပုနံ-အဖန် တလဲလဲ၊ အဟံ-ငါ့ကို၊ ဝိဓံသိတော-နှိပ်စက် ဖျက်ဆီးအပ်လေပြီ၊ မမ-ငါ၏၊ သီလမ္ပိ-သီလကိုလည်း၊ ဘိန္ဒိတံ-သင် ချိုးဖျက်လှလေပြီ။

ဘော နီဝရဏဝေရိက-အို-နီဝရဏမာရ် ငြိုးထားရန်.... သုဝိသုဒ္ဓံ-အထူး သဖြင့် ဖြူစင်ကောင်းမြတ်လှစွာသော၊ ဝတ္ထံ-ပုဆိုးကို၊ မံသောဒကေန-မံသိ-ဥဒကေန-အလွန် ညစ်လှစွာသော မီးသွေးရေဖြင့်၊ သိဉ္စိတံ ယထာ-သွန်း လောင်း ဘိသကဲ့သို့၊ ဧဝံ တထာ-ဤအတူ၊ တယာ-သင်နီဝရဏမန်ရန်သူညစ် သည်၊ ပါပကဓမ္မေန-ယုတ်မာ ညစ်ညမ်း လှစွာသော အကျင့်တရားတည်း ဟူသော အညစ်အကြေးဖြင့်၊ မမ-ငါ၏၊ ဝိသုဒ္ဓံ-အထူး စင်ကြယ်လှသော

သီလကို၊ သိဒ္ဓိတံ-သွန်းလောင်းလေပြီ၊ မေ-ငါ၏၊ သဂ္ဂမဂ္ဂေပိ-စင်စစ်ထုတ်ချောက် ရောက်လတ္တံ့သော နတ်ရွာ မဂ်ဖိုလ်ကိုလည်း၊ ဝါရိတော-သင်တားဆီး ကန့်ကွက် နှောက်ရှက်လေပြီ။

ရေ နီဝရဏဝေရိက-ဟယ်-နီဝရဏမာရ် ကိုယ်တွင်းရန်.... အသုရေနအသုရိန်သည်၊ စန္ဒော-အဇဋ္ဌာကာသ ကောင်းကင်ဝ၌ တောက်ပထွန်းလင်းသော လဝန်းကို၊ ဂဟိတော ယထာ-ထွန်းခွင့်မရ မိုက်မှောင်ကျအောင် ဖမ်းယူဘိသကဲ့သို့၊ ဧဝံ-တထာ-ဤအတူ၊ တယာ-သင်နီဝရဏမာရ်ရန်သုရိန်သည်၊ အဟံ-သုဝိသုဒ္ဓ သီလတည်း ဟူသော အရောင် အလင်းဖြင့် ထွန်းလင်းတောက်ပသော ငါ့ကို၊ ဝါ-ငါ၏ သီလကို၊ ဂဟိတော-ဖမ်းယူအပ်လေပြီ။ မေ-ငါ၏၊ ပဘာသမ္ပတ္တိသီလမ္ပိ-အရောင်အဝါနှင့် ပြည့်စုံသော သီလမြတ်ကိုလည်း၊ အတိမိလာတံ-အလွန်ညှိုးနွမ်းအောင်၊ ဝါ-အရောင် မဲ့အောင်၊ ကာရိတံ-သင် ပြုအပ်လေပြီ။

ဘော နီဝရဏဝေရိက-ညစ်ညမ်းလှစွာသော နီဝရဏမာရ် ရန်သူ.... ဣဒါနိ-ယခုအခါ၌၊ တံ-သင့်ကို၊ ခံသိတာ-ဖျက်ဆီးကြောင်း ဖြစ်သော၊ သာသတိသဒ္ဓါပညာ-ထိုသတိသဒ္ဓါပညာတည်းဟူသော လက်နက်ကို၊ အဝိန္ဒာ-ငါ ရပေပြီ။ ဝေရိက-ဟယ်ရန်သူ... မမ-ငါ၏၊ တံ အာဝုမံ-ထိုသတိသဒ္ဓါပညာတည်းဟူသော လက်နက်ကို၊ ပဿထ-ရှုကြကုန်လော့၊ တယာ-သင်နီဝရဏမာရ်သည်၊ ပုန-တဖန်၊ အဟံ-ငါ့ကို၊ ကဒါစိ-တရံတဆစ်မျှ၊ န ခံသိတော-မဖျက်ဆီးရပြီ၊ ဝါ-နောက်တဖန်ဤကဲ့သို့ ယုတ်မာသော ကုလဒူသန, အနေသန အစရှိသော ပါပမမ္ဗ လာမကာစာရကို ငါ မပြုကျင့်ပြီ။

သီလဝိသောဓနီ သညီခေါ်မှန်း ဤသည့်ကျမ်းသည် ဤတွင်တခဏ်းအပြီးသတ်လတ်ပြီ။

ယခုအခါ၌ သဒ္ဓါသမ္ပန္န ကုလပုတ္တ သိဿာနုသိဿ အမျိုးကောင်းသားတို့အား သင်ကြားလေ့ကျက် ဆောင်ရွက်ရန် အကျိုးငှါ ဘုရားအလိုတော်နှင့် သင့်လျော်သော သုတ္တာနုလောမကို ယထာသတ္တိ အစွမ်းရှိသည် အားလျော်စွာ မာဂဓဘာသာ ဂါထာပါဠိတို့ဖြင့် ရေးသားပြုပြင် စီရင်ပေအံ့။ (ပဋိညာဉ်။)

သုဝေါ ဝဒတိ ဝါစမ္ပိ၊ မနုဿေဟိ သုသိက္ခိတော။
မက္ကဋ္ဌောပိ စ နစ္စန္တော၊ ကော အဒန္တော မဟာမုနိ။

မနုဿေဟိ-လူတို့သည်၊ သုသိက္ခိတော-ကောင်းစွာ သင်အပ်သော၊ သုဝေါပိ-ကျေးသားသည်လည်း၊ ဝါစံ-လူတို့ ဘာသာစကားကို၊ ဝဒတိ-ပြောဆိုတတ်သေး၏၊ မက္ကဋောပိ စ-မျောက်ပင်သော်လည်း၊ နစ္စန္တော-ကတတ်သေး၏၊ ဗုဒ္ဓေန-ဘုရားသည်၊ သုသိက္ခိတော-ကောင်းစွာ သွန်သင်ဆုံးမအပ်သော၊ မဟာမုနိ-ရဟန်းမြတ် ဖြစ်တပြီးလျက်၊ ကော အဒန္တော-အဘယ်ကြောင့်လျှင် မယဉ်ကျေးပဲ ရှိရတုံအံ့နည်း။

ကဏှသပ္ပေါ ဃရေဃေဝ၊ အဒန္တော စေပိ ပေါသိတော။
အဒန္တဿ အလဇ္ဇိဿ၊ သာသနေပိ စ တံသမော။

ကဏှသပ္ပေါ-မြွေဟောက်ကို၊ ဃရေဃေဝ-အိမ်၌သာလျှင်၊ ပေါသိတော-အစာကျွေး၍ မွေးမြူအပ်သည်၊ စေပိ ဟောတိ-အကယ်၍ ဖြစ်လင့်ကစား၊ သော ကဏှသပ္ပေါ-ထိုမြွေဟောက်သည်၊ အဒန္တော-မယဉ်ကျေးနိုင်၊ သာသနေပိ စ-သာသနာတော်၌လည်း၊ ဗုဒ္ဓေန-ရှင်တော်ဘုရားသည်၊ ပေါသိတော-ပစ္စယာမိသ, ဓမ္မာမိသတို့ဖြင့် မွေးမြူမှုိင်းမပါလျက်၊ အဒန္တဿ-မယဉ်ကျေးနိုင်သော၊ အလဇ္ဇိဿ-အလဇ္ဇီပုဂ္ဂိုလ်အား၊ တံသမော-ထို ကဏှ-သပ္ပနှင့်တူသည်၊ ဘဝေ-ဖြစ်ရာ၏။ (ရှင်တော်ဘုရား သားတော်ဖြစ်လျက် ကဏှသပ္ပနှင့် မခြားမနား မရှိစေအပ်ကုန် ဟူလို။)

အရညေ စေပိ ပဿန္တော၊ တိဏန္တရေ မိဂေါ မဏိံ။
သော တံ မဏိံ န ဂဏှာတိ၊ တိဏံ ခါဒံဝ ဂစ္ဆတိ။

အရညေ-တော၌၊ မိဂေါ-သမင်သည်၊ တိဏန္တရေ-မြက်သစ်ပင်ကြား၌၊ မဏိံ-ပတ္တမြားရတနာကို၊ ပဿန္တော-တွေ့မြင်သည်၊ သစေ ဟောတိ-အကယ်၍ ဖြစ်ငြားအံ့၊ ပန-ယင်းသို့ပင် တွေ့မြင်သော်လည်း၊ သော မိဂေါ-ထိုသမင်သည်၊ တံ မဏိံ-ထိုပတ္တမြားကို၊ န ဂဏှာတိ-မကောက်ယူတတ်၊ တိဏံဝ-မြက်ကိုသာလျှင်၊ ခါဒံ-ခါဒန္တော-ခဲစားလျက်၊ ဂစ္ဆတိ-သွား၏။

ဧကေကမ္ပိ အနဂ္ဃန္တံ၊ သဒ္ဓမ္မံ ဗုဒ္ဓသာသနေ။
စဇံ ဧသံ ပရိက္ခာရံ၊ တံသမော စာပိ သော ယတိ။

တထာ-ထို့အတူ၊ ဗုဒ္ဓသာသနေ-ဘုရားရှင်သာသနာတော်၌၊ ဧကေ-ကမ္ပိ-တပါးတပါးပင်ဖြစ်သော်လည်း၊ အနဂ္ဃန္တံ-အဖိုးဖြတ်ခြင်းငှါ မစွမ်းနိုင်သော၊ သဒ္ဓမ္မံ-သူတော်ကောင်းတရားကို၊ စဇံ-စဇန္တော- စွန့်လျက်၊ ပရိက္ခာရံ-ပစ္စည်းပရိက္ခရာကို၊ ဧသံ-ဧသန္တော-ရှာမှီးသော၊ သောပိ ယတိ-

ထိုရဟန်းသည်လည်း၊ တံသမေဝ-ထိုသမင်နှင့်တူသည်၊ ဘဝေ-ဖြစ်၏။ (ရှင်တော်ဘုရား သားတော်ဖြစ်လျက် တောသမင်လို မရှိစေအပ် ဟူလို။)

သူကရောပိ ဝစ္စံ ခါဒံ၊ မနုဿာနံ အဟိရိကော။
ပါပဓမ္မာပိ အာစာရာ၊ လဇ္ဇီနံ သောပိ တံသမော။

ဝစ္စံ-ကျင်ကြီးကို၊ ခါဒံ-ခါဒန္တော-စားသော၊ သူကရောပိ-ဝက်သည်လည်း၊ မနုဿာနံ-လူတို့အား၊ အဟိရိကော-မရှက်၊ ပါပဓမ္မာ-ယုတ်မာသောသဘောရှိသော၊ အာစာရာ-ညစ်ညမ်းသောအကျင့်မှ၊ လဇ္ဇီနံ-ရပ်ထက်ဝန်းကျင် လဇ္ဇီသူတော်ကောင်းတို့အား၊ အဟိရိကော-အရှက်မရှိသော၊ သောပိ-ထိုအလဇ္ဇီပုဂ္ဂိုလ်သည်လည်း၊ တံသမော-ထိုသူကရနှင့် မခြားနားသည်၊ ဘဝေ-ဖြစ်၏။ (ခြားနားပါစေ ဟူလို။)

ဒီပိဗျဂ္ဃဿ ပုတ္တောပိ၊ ဒီပိဗျဂ္ဃေါဝ ဇာယတိ။
အလဇ္ဇိနော ဘဝန္တိပိ၊ အလဇ္ဇိဿာပိ သိဿကာ။

ဒီပိဗျဂ္ဃဿ-သစ်ကျားရဲ၏၊ ပုတ္တောပိ-သားသည်လည်း၊ ဒီပိဗျဂ္ဃေါဝ-သစ်ကျားရဲသာလျှင်၊ ဇာယတိ-ဖြစ်၏၊ ဟိ-တထာ-ထိုမှို၊ အလဇ္ဇိဿာပိ-အလဇ္ဇီပုဂ္ဂိုလ်၏လည်း၊ သိဿကာ-တပည့်သားတို့သည်၊ ပါယသော-များသောအားဖြင့်၊ အလဇ္ဇိနော-အလဇ္ဇီပုဂ္ဂိုလ်တို့သည်၊ ဘဝန္တိ-ဖြစ်ကုန်၏။ (အလဇ္ဇီထံ တပည့်ခံမမှားလေနှင့် ဟူလို။)

ကေမ္ပိ ဒီပိဗျဂ္ဃမ္ပိ၊ နာတိပေါသေ ဃရေ နရော။
ကေကမ္ပိ အလဇ္ဇိနံ၊ န ပေါသေ သီလဝါ ယတိ။

နရော-လူသည်၊ ဃရေ-အိမ်၌၊ ဒီပိဗျဂ္ဃမ္ပိ-သစ်ကျားကိုလည်း၊ ကေမ္ပိ-တကောင်တည်း အနည်းငယ်သာဟူ၍၊ နာတိပေါသေ-မမွေးမြူရာ၊ သီလဝါ-သီလရှိသော၊ ယတိပိ-ရဟန်းသည်လည်း၊တထာ-သားရဲသစ်ကျားကို မမွေးစားအပ်သည်နှင့်အတူ၊ အလဇ္ဇိနံ-အလဇ္ဇီပုဂ္ဂိုလ်ကို၊ ကေကမ္ပိ-တယောက်တည်းပင် ဖြစ်သော်လည်း၊ န ပေါသေ-မမွေးမြူရာ။ (အလဇ္ဇီကို တပည့် မလုပ်ပါနှင့် ဟူလို။)

တံ ပေါသကံ ပုရိသံ စေ၊ သော ဟိံသတိ ဣမံ ဘဝံ။
ဒုက္ခံ ဂစ္ဆေ အလဇ္ဇီ တံ၊ ပေါသကောနေကဇာတိယံ။

တံ ပေါသကံ-ထိုသားရဲသစ်ကျားကို မွေးမှားသော၊ ပုရိသံ-ယောကျ်ား ကို၊ သောဒီပိဗျဂ္ဃေါ-ထိုသစ်ကျားသားရဲသည်၊ စေဟိံသတိ-အကယ်၍ ညှဉ်း ဆဲသတ်ပုတ်သည်ဖြစ်အံ့၊ ဠမ်ဘဝံ-ဤဘဝမျှ၊ ဒုက္ခံ-ဆင်းရဲခြင်းသို့၊ ဂစ္ဆေ- ဂစ္ဆေယျ-ရောက်ရာ၏၊ တံအလဇ္ဇိံ-ထိုအလဇ္ဇီပုဂ္ဂိုလ်ကို၊ ပေါသကော-မွေးမိ သော၊ သောဘိက္ခု-ထိုရဟန်းသည်၊ သီလဝိနာသံ-သီလ၏ပျက်စီးခြင်းသို့၊ ပါပုဏိတွာ-ရောက်၍၊ အနေကဇာတိယံ-များစွာသောဘဝ၌၊ ဒုက္ခံ-ဆင်းရဲ သို့၊ ဂစ္ဆေ-ဂစ္ဆေယျ-ရောက်ရာ၏။

ဇလဇာ စ ထလေ ဒုက္ခာ၊ ထလဇာ ဇလအန္တောပိ။
လဇ္ဇာလဇ္ဇီပိ ဒုက္ခိတ္တာ၊ အညမညဿ သန္တိကေ။

ဇလဇာ စ-ရေနေသတ္တဝါတို့သည်လည်း၊ ထလေ-ကြည်းကုန်းထက်၌၊ ဒုက္ခာ-ဆင်းရဲကုန်၏၊ ထလဇာပိ-ကြည်းနေသတ္တဝါတို့သည်လည်း၊ ဇလ- အန္တောပိ-ရေ၏အတွင်း၌လည်း၊ ဒုက္ခာ-ဆင်းရဲကုန်၏၊ တထာ-ထို့အတူ၊ လဇ္ဇီပိ-လဇ္ဇီ ပုဂ္ဂိုလ်တို့သည်ငင်း၊ အလဇ္ဇီပိ-အလဇ္ဇီ ပုဂ္ဂိုလ်တို့သည်ငင်း၊ တေဥဘော-ထိုနှစ်ယောက်သားတို့သည်၊ အညမညဿ-အချင်းချင်း တ ယောက်သည် တယောက်၏၊ သန္တိကေ-အထံ၌၊ ဒုက္ခိတ္တာ-ဒုက္ခိတာ-ဆင်းရဲ ကြကုန်၏။

ပါဏကာ ပူတိဂန္ဓေသု၊ ရမန္တိ ရာဇကုမ္ဘာရာ။
သုဂန္ဓေသွေဝ ဌာနေသု၊ တံသဒိသာဝ လဇ္ဇီနော။

ပါဏကာ-ပိုးလောက်တို့သည်၊ပူတိဂန္ဓေသု-ပုပ်သော အနံ့ရှိကုန်သောအ ရပ်ဌာနတို့၌သာလျှင်၊ ရမန္တိ-မွေ့လျော်ပျော်ပါးကုန်၏၊ သုဂန္ဓေသု-ကောင်း သောအနံ့ရှိသော အရပ်ဌာနတို့၌၊ နရမန္တိ-မမွေ့လျော်ကုန်၊ ရာဇကုမ္ဘာရာ- မင်းသားတို့သည်၊ သုဂန္ဓေသုဧဝ-မွှေးကြိုင်ပျံ့သင်းသော အနံ့ရှိသည်သာ လျှင် ဖြစ်ကုန်သော၊ ဌာနေသု-ပြတည်းအိပ်ရာနေရာတို့၌၊ ရမန္တိ-မွေ့လျော် ပျော်ပါးကုန်၏၊ လဇ္ဇီနော-လဇ္ဇီသီလဝန် ပုဂ္ဂိုတို့သည်ကား၊ တံသဒိသာဝ- ထိုရာဇကုမ္ဘာရနှင့် အလားတူသည်သာလျှင်၊ ဟောန္တိ-ကုန်၏၊ အလဇ္ဇီနော- တို့သည်ကား၊ ပါဏကသဒိသာ-ပိုးလောက်ယောင် ပြေးလေစွ ဘကား။

မဏိ နဋ္ဌတိ ဂိဇ္ဈာနံ၊ ပူတိံ စေ သမဋ္ဌတိ။
ပါပဓမ္မော အလဇ္ဇီဿ၊ သတံ ဓနံ န အဋ္ဌတိ။

ဂိဏ္ဍာနံ-လင်းတတို့အား၊ မဏိ-ပတ္တမြားသည်၊ နဋ္ဌတိ-အဖိုးမထိုက်၊ တေသံ-ထိုလင်းတတို့အား၊ ပူတိ ဝေ-အပုပ်ကောင်သည်သာလျှင်၊ အဋ္ဌတိ-အဖိုးထိုက်၏၊ ဝါ-အသုံးကျ၏၊ တထာ-ထို့အတူ၊ အလဇ္ဇီဃ-အလဇ္ဇီပုဂ္ဂိုလ်အား၊ ပါပဓမ္မော-ယုတ်မာညစ်နွမ်းသော မသူတော်အကျင့်သည်၊ အဋ္ဌတိ-အဖိုးထိုက်၏၊ သတံ-သူတော်ကောင်းတို့၏၊ ဓနံ-သုဝိသုဒ္ဓသီလာစာရ အစရှိသော ဥစ္စာနှစ်သည်၊ န အဋ္ဌတိ-အဖိုးမထိုက်။

(ရှင်တော်ဘုရား သားတော်ဖြစ်လျက် လင်းတယောင်မပြေးပါစေလင့်၊ သကျပုတ္တဘုရားသားပီသအောင် သမ္မာစာရကိုသာ စုံမက် မြတ်နိုးကြပါ ဟူလို။)

သုဘောဇနံ ပဏီတမ္ပိ၊ ကုဋ္ဌရောဂဿ ဟတ္ထကေ။
ဇေဂုစ္ဆိတံ ဌိတံ ဟောတိ၊ အညေဟိ တဿ ဘောဇနံ။

ပဏီတံ-မွန်မြတ်သော၊ သုဘောဇနမ္ပိ-အလွန်မြတ်သော ဘောဇဉ်သည်လည်း၊ ကုဋ္ဌရောဂဿ-နူနာစွဲသောသူ၏၊ ဟတ္ထကေ-လက်၌၊ ဌိတံ-တည်သည်၊ စေ ဟောတိ-အကယ်၍ ဖြစ်အံ့၊ တဿ-ထိုသူ၏၊ ဘောဇနံ-ဘောဇဉ်ကို၊ အညေဟိ-သူတပါးတို့သည်၊ ဇေဂုစ္ဆိတံ-စက်ဆုပ်အပ်၏။

မာနိတော တာဒိသေနေဝ၊ အလဇ္ဇီနာဝ မာနိတံ။
အလဇ္ဇီဿာပိ ကပ္ပိယံ၊ တံ လဇ္ဇီနာ န ဘောဇနံ။

တာဒိသေနေဝ-ထိုနှင့်အလားတူသော နူခြင်းသည်သာလျှင်၊ တံ ဘောဇနံ-ထိုနူသူ၏ ဘောဇဉ်ပစ္စည်းကို၊ မာနိတံ-မြတ်နိုးနိုင်၏၊ တထာ-ထို့အတူ၊ အလဇ္ဇီဿာပိ-အလဇ္ဇီပုဂ္ဂိုလ်၏လည်း၊ ဘောဇနံ-ဘောဇဉ်ကို၊ ကပ္ပိယမ္ပိ-ဓမ္မိယလဒ္ဓတရားဖြင့် ရအပ်သော ဘောဇဉ်ပင် ဖြစ်သော်လည်း၊ အလဇ္ဇီနာဝ-အလဇ္ဇီပုဂ္ဂိုလ်ချည်းသာလျှင်၊ မာနိတံ-မြတ်နိုးနိုင်၏၊ လဇ္ဇီနာ-လဇ္ဇီသီလဝန်ပုဂ္ဂိုလ်သည်ကား၊ တံ ဘောဇနံ-ထိုဘောဇဉ်ကို၊ နမာနိတံ-မမြတ်နိုးအပ်၊ ဝါ-မမြတ်နိုးနိုင်။

သုနခသူကရာနံဝ၊ ပတိရူပမ္ပိ ဂူထကံ။
န ဝိသယော မနုဿာနံ၊ အဓမ္မိယောပိ ပစ္စယော။
ပတိရူပံ အလဇ္ဇီနံ၊ န သတံ ဟောတိ လဇ္ဇီနံ။

ဂူထကံ-မစင်သည်၊ သုနခသူကရာနံဝ-သုနခသူကရတို့အားလျှင်။ ပတိရူပံ-လျောက်ပတ်၏၊ မနုဿာနံ-လူတို့အား၊ န ဝိသယော-အရာမဟုတ်၊ အဓမ္မိယော-မတရားသဖြင့် ရအပ်သော၊ ပစ္စယောပိ-ပစ္စည်းသည်လည်း၊

အလဇ္ဇီနံ-အလဇ္ဇီပုဂ္ဂိုလ်တို့အားသာ၊ ပတိရူပေါ-လျောက်ပတ်၏၊ သတံ-သူတော်ကောင်းဖြစ်ကုန်သော၊ လဇ္ဇီနံ-လဇ္ဇီပုဂ္ဂိုလ်တို့အား၊ ပတိရူပေါ-လျောက်ပတ်သည်၊ န ဟောတိ-မဖြစ်။

(မတရားသဖြင့် ရအပ်သော ပစ္စည်းကို ဂူထကဲ့သို့ ထင်မှတ်၍ ရှောင်ကြဉ်အပ်၏ ဟူလို။)

ကုဋ္ဌရောဂဿ ဂန္ဓေယျုံ၊ သုန္ဒရာပိ အသုန္ဒရာ။
ပရိဘောဂါပိ တေ သဗ္ဗေ၊ ကုစ္ဆိတာ ဟောန္တိ သဗ္ဗသော။
ကပ္ပိယာပိ အကပ္ပိယာ၊ အလဇ္ဇိဿေဝ သန္တိကေ။
တေ သဗ္ဗေပိ ဇိဂုစ္ဆိတာ၊ မုနိန္ဒေန ပကာသိတာ။

သုန္ဒရာပိ-ကောင်းမြတ်သည်လည်း ဖြစ်ကုန်သော၊အသုန္ဒရာပိ မကောင်းမြတ်သည်လည်း ဖြစ်ကုန်သော၊ ပရိဘောဂါပိ-အသုံး အဆောင်တို့သည်လည်း၊ ကုဋ္ဌရောဂဿ-နူနာစွဲသော သူ၏၊ သန္တိကံ-အထံသို့၊ ဂန္ဓေယျုံ-အကယ်၍ ရောက်ကုန်ငြားအံ့....။ တေ သဗ္ဗေ-ထိုအလုံးစုံသော ကောင်း-မကောင်းသော အသုံးအဆောင်တို့သည်၊ သဗ္ဗသော-ခပ်သိမ်းသော အပြားအားဖြင့်၊ ကုစ္ဆိတာ-စက်ဆုပ်အပ်ကုန်သည်၊ ဟောန္တိ ယထာ-ဖြစ်ကုန်သကဲ့သို့၊ ကပ္ပိယာပိ-ကပ္ပိယ ပစ္စည်းတို့သည်ငင်း၊ အကပ္ပိယာပိ-အကပ္ပိယ ပစ္စည်းတို့သည်ငင်း၊ အလဇ္ဇိဿ-အလဇ္ဇီပုဂ္ဂိုလ်၏၊ သန္တိကေ-အထံ၌၊ စေဂန္ဓေယျုံ-အကယ်၍ ရောက်ကုန်သည်ဖြစ်အံ့၊တေသဗ္ဗေပိ-ထိုအလုံးစုံသော ပစ္စည်းတို့ကိုလည်း၊ ဇိဂုစ္ဆိတာ-စက်ဆုပ်အပ်ကုန်၏။ ဣတိ-ဤသို့၊ မုနိန္ဒေန-ရှင်တော်ဘုရားသည်၊ ပကာသိတာ-ဟောဖော်ပြသ ဆုံးမတော်မူအပ်ကုန်၏။

သော အလဇ္ဇီပိ အတ္တာနံ၊ ဒုက္ခံ ခနတိ အညေသံ။
ဘိန္ဒတိ သာသနမ္ပိ စ၊ မုနိန္ဒံ ပဋိဟညတိ။

သောအလဇ္ဇီ- ထိုအလဇ္ဇီ ပုဂ္ဂိုလ်သည်၊ အတ္တာနံပိ-မိမိကိုယ်ကိုလည်း၊ ဒုက္ခံ-ဆင်းရဲအောင်၊ ခနတိ-တူးဖို၏၊ အညေသံပိ-သူတပါးတို့အားလည်း၊ ဒုက္ခံ-ဆင်းရဲအောင်၊ ခနတိ-တူးဖို၏၊ သာသနမ္ပိ စ-သာသနာကိုလည်း၊ ဘိန္ဒတိ-ဖျက်ဆီးသည် မည်၏၊ မုနိန္ဒံ-သာသနာတော်သခင် ရှင်တော်ဘုရားကိုလည်း၊ ပဋိဟညတိ-ပုတ်ခတ်သည် မည်၏။

ဇေဋ္ဌပုတ္တော စဏ္ဍာလဿ၊ စက္ကဝတ္တိဿ ရာဇိနော။
ဟီနံ ကမ္မံ န ကရောတိ၊ သကျပုတ္တောပိ ကိံ ကရေ။

စက္ကဝတ္တိဿ ရာဇိနော-စကြဝတေးမင်းကြီး၏၊ ဇေဋ္ဌပုတ္တော-သားကြီး ရတနာသော်လည်း၊ စက္ကာလဿ-ဒွန်းစက္ကား၏၊ ဟီနံ ကမ္မံ-ယုတ်သောအမှုကို၊ န ကရောတိ-မပြုတကား၊ သက္ယပုတ္တောပိ-ဘုရားသားတော် ဖြစ်လျက်လည်း၊ ဟီနကမ္မံ-ယုတ်မာသော အမှုကို၊ ကိံ ကရေ-အဘယ့်ကြောင့် ပြုရကုန် အံ့နည်း။

သစေ သုဏေယျ သော သတ္တော၊ မုနိသေဋ္ဌဿ သဒ္ဓမ္မံ။
မင်္ဂလုကောပိ သုခံ လဗ္ဘေ၊ သက္ယပုတ္တော န လဗ္ဘေ ကိံ။

ယော သတ္တော-အကြင်သတ္တဝါသည်၊ မုနိသေဋ္ဌဿ-ရှင်တော် ဘုရား၏၊ သဒ္ဓမ္မံ-တရားစကားကို၊ သစေ သုဏေယျ-အကယ်၍ ကြားနာရငြားအံ့၊ သော သတ္တော-ထိုသတ္တဝါသည်၊မင်္ဂလုကောပိ-ဘားယော်ပင် ဖြစ်သော်လည်း၊ သုခံ-ချမ်းသာသုံးပါးကို၊ လဗ္ဘေ-ရတုံသေး၏၊ သက္ယပုတ္တော-ဘုရားသား တော်ဖြစ်လျက်လည်း၊ သုခံ-ချမ်းသာသုံးပါးကို၊ ကိံ န လဗ္ဘေ-အဘယ့်ကြောင့် မရပဲ ရှိအံ့နည်း။ (မင်္ဂလုကဒေဝပုတ္တ ဝတ္ထုကို ထောက်။)

သုနခေါပိ သစေ ဟောတိ၊ မုနိန္ဒက္ကဿ သာသနေ။
ကဒါစာပါယမုတ္တော၀၊ ကိံ န မုစ္စေ မဟာမုနိ။

သုနခေါပိ-ခွေးပင်ဖြစ်သော်လည်း၊မုနိန္ဒက္ကဿ-ဘုန်းတော်နေဝန်း ထွန်းတောက်ပသော ရှင်တော်ဘုရား၏၊ သာသနေ-သာသနာတော်၌၊ စေ-ဟောတိ-အကယ်၍ ဖြစ်သည် ဖြစ်အံ့၊ ကဒါစိ-တရံတခါ၊ အပါယမုတ္တော၀-အပါယ်ဘေးမှ လွတ်သေးသလျှင်ကတည်း၊ မဟာမုနိ-ရဟန်းမြတ် ဖြစ်လျက်၊ ကိံ န မုစ္စေ-အဘယ့်ကြောင့် အပါယ်ဘေးမှ မလွတ်နိုင်ပဲ ရှိအံ့နည်း။ (ဓမ္မပဒအဋ္ဌကထာ ဃောသကဝတ္ထုကို ထောက်။)

သံသာရဘယပဿန္တော၊ ပဏ္ဍိတော့ နိဝေသယေ။
ပါပေဟိ ပရိဝဇ္ဇေယျ၊ သဒ္ဓမ္မံ၀ သမာစရေ။

သံသာရဘယပဿန္တော-လာလတ္တံ့သော သံသရာဘေးကို မြင်လေ့ ရှုလေ့ ကြောက်လေ့ ရှိသော၊ ပဏ္ဍိတော-ပညာရှိသော အမျိုးသားသည်၊ ဇဝ် ဂ္လမိနာ ဝုတ္တနယေန-ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်၊ နိဝေသယေ-နှလုံးသွင်းရာ၏၊ နိဝေသယိတွာ-နှလုံးသွင်း၍၊ ပါပေဟိ-ယုတ်မာညစ်ညမ်း ကုန်သော မကောင်းမှုတို့မှ၊ ပရိဝဇ္ဇေယျ-ဝေးစွာ ရှောင်ကြဉ်ရာ၏၊ သဒ္ဓမ္မံ၀-သူတော်ကောင်းတို့၏ အကျင့်မြတ်ကိုသာလျှင်၊ သမာစရေ-ကောင်းစွာ ကျင့်ရာ၏။

သဒ္ဓါ ရက္ခတိ သီလမ္ပိ၊ ပညာ ရက္ခတိ တံ ဒွယံ။
သတိ ရက္ခတိ တံ တိဏ္ဏံ၊ တေန ဒဠှံ သတိံ ကရေ။

သဒ္ဓါ-သဒ္ဓါတရားသည်၊ သီလမ္ပိ-သီလတရားကိုလည်း၊ ရက္ခတိ-စောင့်၏၊ ပညာ-ပညာတရားသည်၊ တံ ဒွယံ-ထိုသဒ္ဓါသီလနှစ်ပါးကို၊ ရက္ခတိ-စောင့်၏၊ သတိ-သတိတရားသည်၊ တံ တိဏ္ဏံ-ထိုသီလ ပညာ သဒ္ဓါသုံးပါး အပေါင်းကို၊ ရက္ခတိ-စောင့်၏၊ တေန-ထိုကြောင့်၊ ပိယသီလော-သီလကိုချစ်သော၊ ပဏ္ဍိတော-ပညာရှိသော၊ ကုလပုတ္တော-အမျိုးကောင်းသားသည်၊ သတိံ-သတိကို၊ ဒဠှံ-မြဲစွာ၊ ကရေ-ပြုရာ၏။

သီတောဒကေန သမ္ပုဏ္ဏံ၊ တဠာကမ္ပိ ဝိနုပ္ပလံ။
န သောဘတိ သဒ္ဓေါဒကော၊ ဝိနာ သီလေန တံသမော။

သီတောဒကေန-ချမ်းအေးသောရေဖြင့်၊ သမ္ပုဏ္ဏံ-ကန်အလုံးအလျှံပြည့်သော၊ တဠာကမ္ပိ-တဖက်ဆည် ရေကန်ကြီးသည်လည်း၊ ဥပ္ပလံ-ကြာကို၊ ဝိနာ-ကြဉ်၍၊ န သောဘတိ-မတင့်တယ်၊ သဒ္ဓေါဒကော-သဒ္ဓါတရား တည်းဟူသော ရေနှင့်ပြည့်စုံသော၊ ယတိပိ-ရဟန်းသည်လည်း၊ သီလေန-သီလ တည်းဟူသော ကြာတိုက်နှင့်၊ ဝိနာ-ကင်းမူကား၊ တံသမော-ထိုရေသာ ရောက်၍ ကြာမပေါက်သော တဖက်ဆည် ရေကန်နှင့်တူသည်၊ဘဝေ-ဖြစ်၏။

(တဠာကော-ဆိုလိုလျှက် ဝါစာသိလိင္ဂအကျိုးငှါ တဠာကံ-ဟု လိင်ပြန်သည်။)

အဗ္ဘာသုရေန မုတ္တောဝ၊ နဘေ စန္ဒောဝ ဇောတတေ။
ပါပါစာရေဟိ မုတ္တောဝ၊ ဇောတေတိ သာသနေ ယတိ။

နဘေ-ကောင်းကင်၌၊ စန္ဒောပိ-လ သည်လည်း၊ အဗ္ဘာသုရေန-တိမ်-တိုက်အသုရိန်မှ၊ မုတ္တောဝ-လွတ်သော်သာလျှင်၊ ဇောတတေ-ကောင်းစွာ ထွန်းလင်းတောက်ပနိုင်၏၊ သာသနေ-သာသနာတော်၌၊ ယတိပိ-ရဟန်းသည်လည်း၊ ပါပါစာရေဟိ-ယုတ်မာညစ်ညမ်းသော အကျင့်တို့မှ၊ မုတ္တောဝ-ကင်းလွတ်သော်သာလျှင်၊ ဇောတေတိ-ထွန်းလင်းတောက်ပနိုင်၏၊ ဝါ-ထင်ပေါ်ကျော်စောနိုင်၏။

(သီလမရှိသော ရဟန်းသည် အသုရိန်ဖမ်းသောလ၏ အရောင်ကဲ့သို့ ညှိုးနွမ်း၏-ဟူလို။)

သုဘောဇနံ ဝိသဇ္ဇန္တော၊ ဝစ္စံ ခါဒံဝ ဥမ္မာဒေါ။
သီလံ စဇံ အကပ္ပိယံ၊ သေဝန္တော စာပိ တံသမော။

သုဘောဇနံ-ကောင်းမြတ်သော ဘောဇဉ်ကို၊ ဝိသဇ္ဇန္တော-စွန့်လျက်၊ ဝစ္စံ-ကျင်ကြီးကို၊ ခါဒံ-ခါဒန္တော-စားသောသူကို၊ ဉမ္မာဒေါဝ-သူရူးဟူ၍သာလျှင်၊ သမ္မနိတော-သမုတ်အပ်၏၊ သီလံ-မြတ်လှစွာသော သီလကို၊ စဇံ-စဇန္တော-စွန့်လျက်၊ အကပ္ပိယံ-ရွှေငွေ ဘဏ္ဍာစသော အကပ္ပိယ ပစ္စည်းကို၊ သေဝန္တော-ရှာမှီးသော၊ သောပိ-ထိုရဟန်းသည်လည်း၊ တံသမော-ထိုဉမ္မာဒနှင့်တူသည်၊ ဘဝေ-ဖြစ်၏။

အပ္ပဂ္ဃန္တံ ပရိဘောဂံ၊ ဉဒရဿေဝ ကာရဏာ။
အဓမ္မေနေဝ သေဝန္တော၊ အနေကဂ္ဃံ ပရာဇယံ။
အာပန္နော ဟောတိ သော ဘိက္ခု၊ ဝိသံ ခါဒံဝ ပုရိသော။

ဉဒရဿေဝကာရဏာ-ဝမ်းဟူသော အကြောင်းကြောင့်၊ အပ္ပဂ္ဃန္တံ-အဖိုး မထိုက်သော၊ ပရိဘောဂံ-အသုံးအဆောင်ကို၊ အဓမ္မေနေဝ-မတရားသဖြင့် သာလျှင်၊ ဝါ-တရားနှင့် မလျော်သော ကုလဒူသန, အနေသန, ရူပိယသံ-ဝေါဟာရ, ကယဝိက္ကယ-အစရှိသော အမှုဖြင့်၊ သေဝန္တော-ရှာမှီးသော၊ သော ဘိက္ခု-ထိုရဟန်းသည်၊ အနေကဂ္ဃံ-အဖိုးများစွာထိုက်သော လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာမှ၊ ပရာဇယံ-ရှုံးခြင်းသို့၊ အာပန္နော-ရောက်လေ၏၊ ကိမိဝ-အဘယ်ကဲ့သို့နည်း ဟူမူကား၊ ဝိသံ-အဆိပ်ကို၊ ခါဒံ-ခါဒန္တော-စားသော၊ ပုရိသောဣဝ-ယောကျ်ားမိုက်ကဲ့သို့တည်း။

တာဒိသံ ပဝနေ ဗျဂ္ဃော၊ ဗိဠာရောပိ စ သမတ္ထော။
တာဒိသံ တေန စေ ကာရေ၊ တံသဒိသော ဘဝေ ဘိက္ခု။

တာဒိသံ-ထိုသို့ မအပ်သဖြင့် ရှာမှီးသုံးဆောင် စားသောက်ခြင်းကို၊ ပဝနေ-တောအုပ်၌၊ ဗျဂ္ဃောပိ စ-ကျားသည်၎င်း၊ ဗိဠာရောပိ စ-ကြောင် သည်၎င်း၊ သမတ္ထော-စွမ်းနိုင်၏၊ တေန-ထိုသို့ ဗျဂ္ဃဗိဠာရတို့ပင် စွမ်းနိုင် သော အမှုဖြစ်သောကြောင့်၊ ဘိက္ခု-ရဟန်းသည်၊ တာဒိသံ-ထိုသို့ သဘော ရှိသော မအပ်သဖြင့် ရှာမှီးသုံးဆောင်ခြင်းကို၊ စေ ကာရေ-အကယ်၍ ပြုငြားအံ့၊ သကျပုတ္တောပိ-ဘုရားသားတော် ဖြစ်လျက်လည်း၊ တံသဒိသော-ထိုဗျဂ္ဃဗိဠာရနှင့်တူသည်၊ ဘဝေ-ဖြစ်၏။

ပရိဝဇ္ဇေ အကပ္ပိယာ၊ အာရကာ ဣတိ ပဏ္ဍိတော။
ဝိသံ ဂူထံ အဂ္ဂိခန္ဓံ၊ သံသာရဘယပဿိကော။

ဝါတိ-ဤသို့ မတရားသဖြင့်ရှာ၍ သုံးဆောင်စားသောက်မိသည်ရှိသော် အဆိပ်ကိုစားမိသော ပုရိသဗာလ, အသုစိကို စားမှားသော ဥမ္မတ္တက, တောကျားဗျဂ္ဃ, ဗိဋ္ဋာရ-တို့နှင့် မခြားမနား-အလားတူစွာ ဖြစ်ရချေ၏-တကား-ဟု ကိုယ့်ကိုကိုယ်ရှင် သွန်သင်ဆုံးမသဖြင့်၊ သံသာရဘယပဿိ-ကော-သံသရာဘေးကို ကြောက်လေ့ ရှိသော၊ ပဏ္ဍိတော-ပညာရှိသည်၊ ဝိသံဝ-အဆိပ်ကဲ့သို့ငှင်း၊ ဂူထံဝ-မစင်ကဲ့သို့ငှင်း၊ အဂ္ဂိခန္ဓံဝ-မီးကျီးစုကဲ့သို့ငှင်း၊ ဝါ-မီးပုံကြီးကဲ့သို့ငှင်း၊ မနသိကရိတွာ-နှလုံးသွင်း၍၊ အကပ္ပိယာ-မအပ်သော အကပ္ပိယပစ္စည်းမှ၊ အာရကာ-ဝေးစွာ၊ ပရိဝဇ္ဇေ-ရှောင်ကြဉ်ရာ၏။

(အစိန္တေယျ လူ့ဘထိပ်တင် သုံးလူ့မင်း၏သားတော် ဖြစ်တပြီးလျက် အဆိပ်ကိုစားမှားသော ပုရိသဗာလ, မွန်မြတ်သော ဘောဇဉ်ကို စွန့်လျက် အသုစိကိုစားမှားသော ဥမ္မတ္တက နှင့်လည်း မခြားမနား၊ အဟိတ်တိရစ္ဆာန် ဖြစ်သော ဗျဂ္ဃဗိဋ္ဋာရနှင့်လည်း မကွဲမပြားဖြစ်ရချေက အလွန်မသင့်ရာ၊ ရှင်တော်ဘုရား မျက်နှာကိုလည်းထောက်, သံသရာဘေးကိုလည်းကြောက်, ရှင်တော်ဘုရားကိုလည်း အားနာ, သံသရာဘေးကိုလည်း စာနာသဖြင့် "ပြိတ္တာတို့ဘောင် ဥစ္စာဆောင်" ဆိုသကဲ့သို့ မဖြစ်ရလေအောင် အကပ္ပိယ မအပ်သော ပစ္စည်းလေးပါးတို့ကို မသုံးမဆောင် ရှောင်ကြဉ်ကြရာသည် ဟူလို။)

ဥမ္မာဒေါ အတ္တနုမ္မဇ္ဇံ၊ န မညတိပိ သွာလဇ္ဇီ။
အတ္တနော အလဇ္ဇိတ္တမ္ပိ၊ တံသမောပိ အဇာနန္တော။

ဥမ္မာဒေါ-ရူးသောသူသည်၊ အတ္တနော-မိမိ၏၊ ဥမ္မဇ္ဇံ-ရူးသော အဖြစ်ကို၊ န မညတိ-မသိ၊ ယော-အကြင် အလဇ္ဇီ ပုဂ္ဂိုလ်သည်၊ အတ္တနော-မိမိ၏၊ အလဇ္ဇိတ္တံ-အလဇ္ဇီအဖြစ်ကို၊ စေ န မညတိ-အကယ်၍ မသိသည် ဖြစ်အံ့၊ အတ္တနော-မိမိ၏၊ အလဇ္ဇိတ္တံ-အလဇ္ဇီ အဖြစ်ကို၊ အဇာနန္တော-မသိသော၊ သော အလဇ္ဇီပိ-ထိုအလဇ္ဇီပုဂ္ဂိုလ်သည်လည်း၊ တံသမော-ထိုဥမ္မာဒနှင့် တူသည်၊ ဘဝေ-ဖြစ်၏။

(ရူးသွပ်သော သူသည် မိမိကိုယ်ကို ရူးသကဲ့သို့ မထင်သော်လည်း လူရှင်အများတို့၏ ဥမ္မတ္တကသမ္မုတိကို ရသကဲ့သို့ အလဇ္ဇီပုဂ္ဂိုလ်သည်လည်း ငှင်းနည်းတူပင် ဟူလို။)

ယဒါ မညတိ ဥမ္မာဒေါ၊ တဒါ ပိဝတိ ဘေသဇ္ဇံ။
အလဇ္ဇိတ္တမ္ပိ ဇာနန္တော၊ သောတုံ သဇ္ဇေယျ စေ သာခုံ။
န စေ သဇ္ဇေယျ သွာလဇ္ဇိ၊ အတျုမ္မာဒေါ အတေကိစ္ဆော။

ဥမ္မာဒေါ-ရူးသော သူသည်၊ ယဒါ-အကြင် အခါ၌၊ အတ္တနော-မိမိ၏၊ ဥမ္မဇ္ဇံ-ရူးသော အဖြစ်ကို၊ မညတိ-သိ၏၊ တဒါ-ထိုအခါ၌၊ ဘေသဇ္ဇံ-ဆေးကို၊ အာရဗ္ဘ-အားထုတ်၍၊ပိဝတိ-သောက်၏၊ သော-ထိုအလဇ္ဇီပုဂ္ဂိုလ်သည်၊အတ္တ-နော-မိမိ၏၊ အလဇ္ဇိတ္တံ-အလဇ္ဇီအဖြစ်ကို၊ ဇာနန္တော-သိသည် ရှိသော်၊ တံ အလဇ္ဇိတ္တံ-ထိုအလဇ္ဇီ အဖြစ်တည်း ဟူသော ယုတ်မာသော အကျင့်ကို၊ စေ သဇ္ဇေယျ-အကယ်၍ စွန့်ငြားအံ့၊ သာခု-ကောင်း၏၊ ဝါ-ချီးမွမ်းထိုက်၏၊ နော သဇ္ဇေယျ-အကယ်၍ မစွန့်ငြားအံ့၊ သော အလဇ္ဇီပိ-ထိုအလဇ္ဇီ ပုဂ္ဂိုလ်သည် လည်း၊ အတေကိစ္ဆော-ဆေးကုစား၍ မရနိုင်သော၊ အတျုမ္မာဒေါ-အလွန်ရူး သောသူသည်၊ ဘဝေ-ဖြစ်၏။

န သောစတိပိ ဥမ္မာဒေါ၊ အတ္တာနံ အတိဟာသော၀။
ဝသတိ တဿ သော ဝါသော၊ သုဝါသောတိ န သံသိဋ္ဌော။
မဟာဒုက္ခံ ဘယာ ပဿံ၊ ပမဇ္ဇန္တောပိ တံသမော။

လောကေ-လောက၌၊ သော ဥမ္မာဒေါပိ-ထိုရူးသောသူသည်လည်း၊ အတ္တာနံ-မိမိကိုယ်ကို၊ ဘိန္ဒော-ပျက်စီးအံ့သည်မှ၊ န သောစတိ-မစိုးရိမ်၊ အတိဟာသော၀-အလွန်မြူးထူးရွှင်ပျစွာသာလျှင်၊ ဝသတိ-နေ၏၊ တဿ-ထိုသူ၏၊ သော ဝါသော-ထိုကြောင့်ကြ စိုးရိမ်မရှိ မြူးထူးနေခြင်းသည်၊ သုဝါသောတိ-ကောင်းသော နေခြင်းဟူ၍၊ န သံသိဋ္ဌော-မချီးမွမ်းအပ်၊ သာသနေပိ-ဘုရားသာသနာတော်၌လည်း၊ မဟာဒုက္ခံ-ကြီးစွာသောဆင်းရဲ ခြင်းရှိသော၊ ဘယံ-လာလတ္တံ့သော ဘေးကို၊ အပဿံ-အပဿန္တော-မမြင် သည်ဖြစ်၍၊ ပမဇ္ဇန္တော-မေ့မေ့ လျော့လျော့ နေမှားသော သူသည်လည်း၊ တံသမော-ထိုဥမ္မာဒနှင့်တူသည်၊ ဘဝေ-ဖြစ်၏။

(သူရူးသည် သေဘေး သေဒဏ် မင်းဘေး မင်းဒဏ် ရာဇဒေါသသင့် သော်လည်း မိမိကိုယ်ကို ရူးမှန်း, အမှုရောက်နေမှန်း မသိသကဲ့သို့ ဟေတု-ဥမ္မတ္တက မဟာသာဝဇ္ဇ-အမှုကြီး သင့်ရောက်သည်ကို မသိပဲ ရှိတတ်လှ၏၊ ယင်းသို့ မရှိစေရာ ဟူလို။) (ဗျဂ်ျတ္တ)

သမီပေ ကဏ္ဍသပ္ပဿ၊ အန္ဓဇနောပိ စေ ဌိတော။
သော န ပဿိတဗ္ဗော၊ အတိသူရောတိ သောစိတော။
အာသန္နေပါယဒုက္ခဿ၊ ပမာဒေါ သောပိ တံသမော။

အန္ဓဇနော-သူကန်းသည်၊ ကဏှသပ္ပဿ-မြွေဟောက်၏၊ သမီပေ-အနီး၌၊ ဌိတော-တည်သည်၊ စေ ဟောတိ-အကယ်၍မူလည်း ဖြစ်လင့်ကစား၊ သောပိ-ထိုသူကန်းကိုလည်း၊ အတိသူရောတိ-အလွန်ရဲရင့်သောသူ ဟူ၍၊ န ပဿိ-တဗ္ဗော-မချီးမွမ်းအပ်၊ ပရေဟိ-ကြည့်သူ မြင်သူ တပါးသူတို့သည်၊ သောစိ-တော-အလွန် ကြောင့်ကြအပ်၏၊ အပါယဒုက္ခဿ-အပါယ် ဆင်းရဲဘေး၏၊ အာသန္နေ-အနီး၌၊ ပမာဒေါ-မေ့မေ့ လျော့လျော့ နေသော၊ သောပိ-ထို အလဇ္ဇီပုဂ္ဂိုလ်သည်လည်း၊ တံသမော-ထိုသူကန်းနှင့်တူသည်၊ ဘဝေ-ဖြစ်၏။

(သူကန်းသည် ကိုက်ခဲအံ့သောငှါ ရှေးရှုလာသော မြွေဟောက်ဘေးကို မမြင်သကဲ့သို့ အပါယ်ဘေးကို မမြင်ပဲ ရဲရဲတင်းတင်း နေမိတတ်လျှ၏၊ မြွေဟောက်ကိုက်မှ သတိရသကဲ့သို့ အပါယ်ဘေးသို့ ရောက်မှ သတိသံဝေဂရ တတ်လျှ၏၊ ယင်းကဲ့သို့ မဖြစ်စေရာ ဟူလို။)

သတ္ထမေဝ သုခံ ဒုက္ခံ၊ ကရောတိ ဥဘယံ ဖလံ။
တေန ကမ္မံ စေ ကရေယျ၊ သုခိတော ဟောတိ သော ဇနော။
ဥမ္မာဒေါ တေန အတ္တာနံ၊ ပဟရိတွာ မတံ ဂစ္ဆေ။
န ဒေါသော ပန သတ္ထဿ၊ ဥမ္မာဒဿေဝ ဒေါသော ဟိ။
သာသနေပိ အလဇ္ဇီဿ၊ သုခံ တာဝ ဘယံ ဂစ္ဆေ။
သာသနံ သုခဓာရေန္တံ၊ ဒုက္ခာဂတောပိ တာဒိသော။

လောကေ-လောက၌၊ သတ္ထမေဝ-ဓားလက်နက် တခုတည်းပင်လျှင်၊ သုခံ ဝါ-ချမ်းသာကိုငှင်း၊ ဒုက္ခံ ဝါ-ဆင်းရဲကိုငှင်း၊ ဥဘယံ ဖလံ-အကျိုးနှစ်ပါး ကို၊ ကရောတိ အဘိနိပ္ဖါဒေတိ-ပြီးစေတတ်၏၊ ကထံ-ပြီးစေဟန် အသို့နည်း ဟူမူကား၊ တေန-ထိုဓားလက်နက်ဖြင့်၊ ကမ္မံ-သင့်တင့် လျောက်ပတ်သော အမှုကို၊ စေ ကရေယျ-အကယ်၍ ပြုငြားအံ့၊ သော ဇနော-ထိုလူသည်၊ သုခိ-တော-ချမ်းသာသည်၊ ဟောတိ-ဖြစ်၏၊ ဥမ္မာဒေါ-ရူးသောသူသည်၊ တေန-ထိုဓားလက်နက်ဖြင့်၊ အတ္တာနံ-မိမိကိုယ်ကို၊ ပဟရိတွာ-ပုတ်ခတ်ထိုးသတ်၍၊ မတံ-သေခြင်းသို့၊ ဂစ္ဆေ-ရောက်ရာ၏၊ ပန-ယင်းသို့ ရောက်ရသော်လည်း၊ သတ္ထဿ-ဓားလက်နက်၏၊ န ဒေါသော-အပြစ်မဟုတ်၊ ဥမ္မာဒဿေဝ-သူရူး၏

သာလျှင်၊ ဒေါသော-အပြစ်တည်း၊ သာသနေပိ-ဘုရားသာသနာတော်၌လည်း၊ အလဇ္ဇီသ-အလဇ္ဇီ ပုဂ္ဂိုလ်အား၊ သုခံ-ချမ်းသာရေးကို၊ တာဝတိင္ဒတုထားဘိဦး၊ မဟာဒုက္ခံ-အဆုံးမရှိ ကြီးစွာသော ဆင်းရဲခြင်းရှိသော၊ ဘယံ-အပါယ်စသော ဘေးသို့၊ ဂစ္ဆေ-ရောက်သေး၏၊ သုခာဝရေန္တံ-ချမ်းသာကို ဆောင်တတ်သော၊ သာသနံ-သာသနမ္ပိ-သာသနာတော် အဖြစ်ကိုလည်း၊ နိဿာယ-မှီ၍၊ ဒုက္ခာဂတော-ဆင်းရဲခြင်းသို့ ရောက်သော၊ သောပိ-ထို အလဇ္ဇီရဟန်းသည်လည်း၊ တာဒိသော-ထိုမားသန်လျက်ဖြင့် မိမိလည်ပင်းကို ထိုးမိမှားသော ဥမ္မာဒနှင့်တူသည်၊ ဘဝေ-ဖြစ်၏။

(ချမ်းသာသုံးပါးကို ပေးတတ်သော သာသနာတော်၌ ဖြစ်တပြီးလျက် ဘေးမသင့်စေရာ ဟူလို။)

မာတာပိတူဟိ ဒါတဗ္ဗံ၊ သုဝဏ္ဏမ္ပိ န ရက္ခတိ။
အတျူမ္မာဒေါ အတေကိစ္ဆော၊ အပဏ္ဍိတော သတံ ဓနံ။
ကဒါစိပိ အနုမ္မာဒေါ၊ ပမာဒံ ယက္ခာဂါဟေန။
ပတ္တော ဓနံ ဝိသဇ္ဇေယျ၊ ပဏ္ဍိတော ရာဂဂါဟောပိ။

အတေကိစ္ဆော-ဆေးမကုစားကောင်းအောင်၊ အတျူမ္မာဒေါ-အလွန်ရူးသော သူသည်၊ မာတာပိတူဟိ-မိခင်ဘခင်တို့သည်၊ ဒါတဗ္ဗံ-ပေးအပ်သော၊ သုဝဏ္ဏမ္ပိ-ရွှေကိုသော်လည်း၊ န ရက္ခတိ-လုံခြုံစွာ မစောင့်ရှောက်နိုင်၊ တထာ-ထို့အတူ၊ အပဏ္ဍိတော-ပညာမရှိသော မောဟုမ္မတ္တက ပုဂ္ဂိုလ်သည်၊ ဗုဒ္ဓေန-ရှင်တော်ဘုရားသည်၊ ဒါတဗ္ဗံ-ပေးသနားတော်မူအပ်သော၊ သတံ-သူတော်ကောင်းတို့၏၊ ဓနံ-သီလသမာဓိစသော ဥစ္စာကို၊ န ရက္ခတိ-မစောင့်ရှောက်နိုင်၊ လောကေ-လောက၌၊ အနုမ္မာဒေါပိ-မရူးသောသူသည်လည်း၊ ကဒါစိ-တရံတခါ၊ယက္ခာဂါဟေန-ဘီလူးဖမ်းသဖြင့်၊ ပမာဒံ-မေ့လျော့ခြင်းသို့၊ပတ္တော-ရောက်သည်ရှိသော်၊ ဓနံ-အလွန်စုံမက်မြတ်နိုးအပ်သော ဥစ္စာကိုပင်သော်လည်း၊ ဝိသဇ္ဇေယျ-စွန့်မိရာ၏၊ တထာ-ထို့အတူ၊ သာသနေ-ဘုရားသာသနာတော်၌၊ ပဏ္ဍိတောပိ-ပညာရှိသောပုဂ္ဂိုလ်ပင် ဖြစ်သော်လည်း၊ ကဒါစိ-တရံတခါ၊ ရာဂဂါဟော-စတုပစ္စယ၌ အလွန် တွယ်တာ ကပ်ငြိသော တဏှာ-လောဘအစရှိသော ရာဂဘီလူးဖမ်းသည်ရှိသော်၊ သတံ-သူတော်ကောင်းတို့၏၊ ဓနံ-တရားတည်းဟူသော ဥစ္စာနှစ်ကို၊ ဝိသဇ္ဇေယျ-စွန့်မိလျက် ရှိရာ၏။

(ဤလောက၌ရူးသောသူသည် မိမိဥစ္စာရတနာတို့ကို လုံခြုံစွာမစောင့်ရှောက်နိုင်သကဲ့သို့ သိက္ခာပဒဝီတက္ကမ၌ အဝိဇ္ဇာ ဖုံးလွှမ်းသည် ဖြစ်၍

မောဟမုဠ္ဍ္ဍက ရှူးခြင်းဖြင့် ရှူးသောသူသည် မိမိ၏သီလာစာရ စသော ဥစ္စာနှစ်တို့ကို လုံခြုံစွာ မစောင့်ရှောက်နိုင်ပဲ ရှိတတ်၏၊ ဤလောက၌ မရှူးသောပုဂ္ဂိုလ်သည်လည်း တရံတခါ တစ္ဆေဘီလူးဖမ်းသဖြင့် မေ့လျော့ခြင်းသို့ ရောက်၍ မိမိဥစ္စာကိုစွန့်ပစ်၍ သွားမိတတ်၏၊ထိုအတူ ပညာရှိသော သီလဝါပုဂ္ဂိုလ်သည်လည်း ကိလေသာရာဂ နှိပ်စက်ဖျက်ဆီးအပ်သည် ရှိသော် အလွန် တွေဝေ မိန်းမောသဖြင့် အလွန်စင်ကြယ်လှစွာသော သီလကိုပင် စွန့်မိတတ်၏၊ ယင်းသို့ဖြစ်၍ သီလကို ဖျက်ဆီးတတ်သော ကိလေသာရာဂ ဘီလူးကို လက်မခံရာ၊ ရှင်တော်ဘုရား ပေးသနားတော်မူအပ်သော မဟောသဓမန္တရားဖြင့် အဖန်တလဲလဲ စွဲမြဲနေရာ၏ ဟူလို။)

> အတိလဇ္ဇာယ သုစ္ဆန္နံ၊ အင်္ဂဇာတမ္ပိ ဥမ္မာဒေ။
> ဝိဝရိတွာပိ ဂစ္ဆေယျ၊ နိသဇ္ဇေယျ နိဝတ္ထမ္ပိ။
> ပဏ္ဍိတော သီလဝါ ဘိက္ခု၊ ကာမစ္ဆန္ဒေန ဗာဓိတော။
> သမ္မောသေန စဇေ သီလံ၊ တေန ဒဠှံ သတိံ ကရေ။

ပုဗ္ဗေ-ရှေးကာလ၌၊ အတိလဇ္ဇာယ-အလွန်ရှက်နိုးသဖြင့်၊ သုစ္ဆန္နံ-ကောင်းစွာ ဖုံးလွှမ်းအပ်သော၊ အင်္ဂဇာတမ္ပိ-အင်္ဂါကြီးငယ်ကိုသော်လည်း၊ ဥမ္မာဒေ-ရှူးသွပ်ခြင်းသည်၊ ဇာတေ-ဖြစ်သည်ရှိသော်၊ ဝိဝရိတွာပိ-ဖွင့်လှစ်၍မူလည်း၊ ဂစ္ဆေယျ-သွားမိရာ၏၊ နိဝတ္ထမ္ပိ-အဝတ်ကင်းသည် ဖြစ်၍ မူလည်း၊ နိသဇ္ဇေယျ-နေထိုင်မိရာ၏၊ တထာ-ထို့အတူ၊ ပဏ္ဍိတော-ပညာရှိသော၊ သီလဝါ-သီလရှိသော၊ ဘိက္ခုပိ-ရဟန်းသည်လည်း၊ ကာမစ္ဆန္ဒေန-ကာမစ္ဆန္ဒနီဝရဏတည်းဟူသော ဘီလူးသည်၊ ဗာဓိတော-နှိပ်စက်အပ်သည် ရှိသော်၊ သမ္မောသေန-တွေဝေ မိန်းမောသဖြင့်၊ သီလံ-သီလတည်းဟူသော တန်ဆာကို၊ စဇေ-စွန့်မိရာ၏၊ တေန-ထို့ကြောင့်၊ ပိယသီလော-သီလချစ်သော၊ ဘိက္ခု-ရဟန်းသည်၊ သတိံ-သတိကို၊ ဒဠှံ-မြဲစွာ၊ ကရေ-ပြုရာ၏။

(ကောင်းမြတ်သော အဝတ်တန်ဆာဖြင့် ဆင်ယင်၍ နေသော သတို့သမီး သတို့သားတို့ အလယ်၌ အဝတ်ကို ချွတ်၍ နေမိတတ်သော သူရှူးကဲ့သို့ မောဟ တည်းဟူသော ရှူးရည် ရှူးသွေးဝင်သဖြင့် သီလတည်းဟူသော ဝတ်စားတန်ဆာကို ချွတ်၍ လဇ္ဇီသီလဝန္တတို့၏ အလယ်၌ မရှက်မကြောက် နေမိတတ်၏၊ ယင်းသို့ မနေမိစေရာ ဟူလို။ )

ဗာလာနံ မံသပေသိမ္ပိ၊ သုနခါ ကာကသေနာ စ။
တေသံ ပသယှ ခါဒေယျုံ၊ ဒုပ္ပညာနံ ဓနံ သီလံ။
ကိလေသိကာပိ ဘိန္ဒေယျုံ၊ တေန ပညံ သုဘာဝယေ။

ဗာလာနံ-အလွန် အားနည်းသော လူငယ်မလိမ္မာတို့၏၊ ဟတ္ထေ-လက်၌၊ မံသပေသိမ္ပိ-သားတစ်ကိုလည်း၊သုနခါ စ-ခွေးတို့သည်၎င်း၊ကာကသေနာ စ-ကျီးစွန်ရဲတို့သည်၎င်း၊ တေသံ-ထိုသူငယ်မလိမ္မာတို့အား၊ ပသယှ-နှိပ်စက်၍၊ ဝါ-လုယူ၍၊ ခါဒေယျုံ-စားကုန်ရာ၏၊ တထာ-ထို့အတူ၊ ဒုပ္ပညာနံ-ပညာနည်းပါးကုန်သော၊ ဝါ-သိက္ခာပုဒ်တော်ကို လွန်ကျူးခြင်း စသည့် အပြစ်ကို မမြင်တတ်ကုန်သော၊ ယတိနံ-ရဟန်းတို့၏၊ သီလံ-သီလ တည်းဟူသော၊ ဓနံ-ဥစ္စာရတနာနှစ်ကို၊ ကိလေသိကာပိ-ကိလေသာ တည်းဟူသော ကျီးစွန်ရဲတို့သည်လည်း၊ ဘိန္ဒေယျုံ-ဖျက်ဆီးတတ်ကုန်၏၊ တေန-ထို့ကြောင့်၊ သီလသံဝရိကော-သီလကို စောင့်စည်းလိုသော ရဟန်းသည်၊ ပညံ-ပညာကို၊ ဝါ-သိက္ခာသီလကို ဂရုဂါရဝပြုခြင်း၌ အကျိုး, မပြုခြင်း၌ အပြစ်ကို သိတတ်သော ဉာဏ်ပညာကို၊ သုဘာဝယေ-ကောင်းစွာ ပွါးများအောင်ပြုရာ၏။

(သိက္ခာပုဒ်တော်ကို အစိန္တေယျ အလိုတော်မြတ်အတိုင်း သိရအောင် မေးမြန်း သင်ကြားခြင်းကို မပြုမူ၍ စားမှု ဝတ်မှုကိုသာလျှင် ဝါယာမထုတ်၍ အဝိဇ္ဇာ တည်းဟူသော မှောင်တွင်း၌သာ ကြီးပွါးသော ဒုပ္ပညပုဂ္ဂိုလ်၏ သီလကို ကိလေသာ တည်းဟူသော ကျီးစွန်ရဲတို့သည် လုယက်၍ ယူတတ်ကုန်၏၊ ယင်းသို့ မယူရအောင် ကပ္ပိယာ ကပ္ပိယ ဝိနိစ္ဆယတို့ကို အဖန်တလဲလဲ ဆွေးနွေးမေးမြန်းခြင်း, လေ့ကျက်သင်ကြား မှတ်သား ဆောင်ရွက်ခြင်းတို့ကို ပြုရာ၏-ဟူလို။)

သုဘောဇနံ ပဏီတမ္ပိ၊ ဇာတေ ဗျာဓိမှိ ပုရိသော။
န ဣစ္ဆတိပိ ဘုဉ္ဇိတုံ၊ ဒါယကာနမ္ပိ ကုပ္ပတိ။
သံကိလေသိကရောဂေန၊ ပီဠိတော ဇနော သဒ္ဓမ္မံ။
န ဣစ္ဆတိ ဝိသုဒ္ဓိတ္ထုံ၊ ဒေသေန္တာနမ္ပိ ကုဇ္ဈေယျ။

ပုရိသော-ယောကျ်ားသည်၊ဗျာဓိမှိ-နာဖျားခြင်းသည်၊ဇာတေ-ဖြစ်လတ်သော်၊ပဏီတံ-မွန်မြတ်သော၊သုဘောဇနမ္ပိ-အလွန်မွန်မြတ်သောဘောဇဉ်ကိုလည်း၊ ဘုဉ္ဇိတုံ-စားခြင်းငှါ၊ န ဣစ္ဆတိ-အလိုမရှိ၊ ဒါယကာနမ္ပိ-စားစိမ့်သောငှါ ပေးလာကုန်သော သူတို့အားလည်း၊ကုပ္ပတိ-အမျက်ထွက်ခြင်းကို ပြုတတ်

၏၊ တထာ-ထိုအတူ၊ သံကိလေသိကရောဂေန-ကိလေသာတည်းဟူသော အနာဖြင့်၊ ပီဠိတော-နှိပ်စက်အပ်သော၊ ဇနော-လူသည်၊ ဝိသုဒ္ဓန္တံ-စင်ကြယ် ကောင်းမြတ်လှစွာသော၊ သဒ္ဓမ္မံ-သူတော်ကောင်းတို့၏ တရားကို၊န ဣစ္ဆတိ- အလိုမရှိ၊ ဒေသေန္တာနမ္ပိ-ဟောပြော ဆုံးမလာကုန်သောသူတို့အားလည်း၊ ကုဇ္ဈေယျ-အမျက်ထွက်ခြင်းကို ပြုမိရာ၏။

(အနာရောဂါ စွဲရောက်သောသူသည် စတုမဓုအရသာကိုမျှ မစားလို သကဲ့သို့ ကိလေသာရောဂါ နှိပ်စက်သောသူသည် သူတော်ကောင်းတို့၏ သီလသမာဓိ စသော တရားအမြိုက် သုခာဘုတ်ကို အလိုမရှိပဲ နေမိတတ် လှ၏၊ ယင်းသို့ မရှိစေရာ-ဟူလို။)

သုနခေါ ဥမ္မာဒေ ဇာတေ၊ ဥဒကမ္ပိ န ပိဝတိ။
ဇနော မောဟေန ဥမ္မာဒေါ၊ ဓမ္မရသံ န ဣစ္ဆတိ။

သုနခေါ-ခွေးသည်၊ ဥမ္မာဒေ-ရူးသွပ်ခြင်းသည်၊ ဇာတေ-ဖြစ်လတ်သည် ရှိသော်၊ အတိပိပါသော-အလွန်မွတ်သိပ်သည်ဖြစ်လျက်၊ ဥဒကမ္ပိ-ရေကို သော်လည်း၊ န ပိဝတိ-မသောက်၊ တထာ-ထို့အတူ၊ မောဟေန-သဒ္ဒမ္မာ- စာရဠ် အကျိုးကိုမသိတတ်သော မောဟဖြင့်၊ဥမ္မာဒေါ-ရူးသွပ်သော၊ဇနော- လူသည်၊ ဓမ္မရသံ-တရားတည်းဟူသော အမြိုက်အရသာကို၊န ဣစ္ဆတိ-အလို မရှိ။

(အလွန်မွတ်သိပ် ဆာလောင်သည်ဖြစ်လျက် ဘေးဖြစ်အံ့ သည်ဟု ထင် မှတ်၍ ရေကိုမျှမသောက်ဝံ့သော သုနခုမ္မတ္တကကဲ့သို့ အနမတဂ္ဂ သံသရာမှ စ၍ အလွန်မွတ်သိပ်လှသော ဓမ္မရသကိုပင် ဆင်းရဲအံ့သည်ဟု ထင်မှတ်၍ မသောက်စား, မနာခံ, မကျင့်ကြံနိုင်ပဲ ရှိတတ်လှ၏၊ ယင်းကဲ့သို့ မရှိစေရာ ဟူလို။)

သော ဥမ္မဇ္ဇံ န ဇာနာတိ၊ နု ခေါ ကေန အဟံ သုခံ။
ကိံ ဘေသဇ္ဇံ သုဘုဉ္ဇေယျံ၊ ကိံ ကရေယျံ န သောစတိ။
န ပရော ကောစိ ဘေသဇ္ဇံ၊ န သက္ကောတိ တိကိစ္ဆိတုံ။
ဒုဗ္ဗစဿ အလဇ္ဇိဿ၊ မောဟုမ္မာဒဿ တံသမော။

သော သုနခုမ္မာဒေါ-ထိုခွေးရူးသည်၊ အတ္တနော-မိမိ၏၊ ဥမ္မဇ္ဇံ-ရူးသော အဖြစ်ကို၊ န ဇာနာတိ-မသိ၊ ကေန နု ခေါ ဥပါယေန-အဘယ်သို့သော

အကြောင်းဖြင့်၊ အဟံ-ငါသည်၊ သုခံ-ချမ်းသာသည်၊ ဘဝေယျံ-ဖြစ်ရပါ အံ့နည်း၊ဣတိ ဝါ-ဤသို့ရင်း၊ ကိံ ဘေသဇ္ဇံ-အဘယ်ဆေးကို၊ သုဘုဥ္ဇေယျံ-ကောင်းစွာ စားရပါအံ့နည်း၊ ဣတိ ဝါ-ဤသို့လျှင်၊ ကိံ ကရေယျံ-အသို့ ပြုလတ္တံ့နည်း၊ဣတိ ဝါ-ဤသို့လျှင်၊န သောစတိ-မစိုးရိမ်၊ပရော-တပါးသော၊ ကောစိ-တစုံတယောက်သော တိကိစ္ဆာစရိယမှုလည်း၊ ဘေသဇ္ဇံ ဘေသဇ္ဇေန-ဆေးဝါးမန္တရားဖြင့်၊ တိကိစ္ဆိဘုံ-ကုစားအံ့သောငှါ၊ န သက္ကောတိ-မရဲဝံ့၊ မောဟမူဒဿ-မောဟဖြင့် ရှုံးသွပ်သော၊ ဒုဗ္ဗစဿ-ဆိုဆုံးမခက်သော၊ အလဇ္ဇိဿ-အလဇ္ဇီပုဂ္ဂိုလ်အား၊ တံသမော-ထိုဆေးဝါးမန္တရားတို့ဖြင့် ကုသ မှိုင်းမသူကင်းသော သုနခုမ္မာဒနှင့်တူသည်၊ ဘဝေ-ဖြစ်၏။

(အဝိဇ္ဇာတည်းသော ရှူးရေ, ရှူးသွေးဝင်သဖြင့် ဒေါသ မာနတည်းဟူသော ရှူးဆေးထ၍ နေသောအခါ သနားသည်ဖြစ်လျက် ကလျာဏ-မိတ္တသဟဓမ္မိကတို့ မဆိုမဆုံးမဝံ့ပဲ ရှောင်လွှဲ၍ နေရသဖြင့် ဆေးဝါးမှိုင်းမ ကုသသူကင်းသော သုနခုမ္မာဒကဲ့သို့ အလျောက်ပေါက်လွှတ်ရှူး၍ နေမိတတ်၏၊ ယင်းသို့ မနေမိစေရာ-ဟူလို။)

သီတောဒကေန သမ္ပုဏ္ဏံ၊ တဠာကမ္ပိ စ ပဿန္တော။
ဥဒကံ အပိဝန္တဿ၊ သော တဠာကော န ပတိဋ္ဌော။
ဓမ္မရသေန သမ္ပုဏ္ဏော၊ သာသနေပိ စ ပဗ္ဗဇ္ဇံ။
သုလဘော အပိဝန္တဿ၊ သာသနမ္ပိ စ ပတိဋ္ဌံ။

သီတောဒကေန-ချမ်းအေးသောရေဖြင့်၊ သမ္ပုဏ္ဏံ-ကန်အလုံးအလုံ့ပြည့်သော၊ တဠာကမ္ပိ-တဖက်ဆည်ကန်ကြီးကိုလည်း၊ ပဿန္တော-မြင်ရသည်ဖြစ်ပါလျက်၊ ဥဒကံ-ကြည်လင်ချမ်းအေးသောရေကိုပင်၊ အပိဝန္တဿ-မသောက်သူအား၊ ဝါ-မသောက်သည်ရှိသော်၊ သော တဠာကော-ထိုတဖက်ဆည်ကန်ကြီးသည်၊ တဿ-ထိုဗာလုမ္မတ္တက၏၊ ပတိဋ္ဌော-ကိုးကွယ်ရာသည်၊ န-မဖြစ်နိုင်၊ ဓမ္မရသေန-တရားတည်းဟူသော အမြိုက်အရသာရေဖြင့်၊ သမ္ပုဏ္ဏော-ပြည့်စုံစွာသော၊ သာသနေပိ-သာသနာတော်၌လည်း၊ ပဗ္ဗဇ္ဇံ-ပဗ္ဗဇိတ ဒုလ္လဘကို၊ သုလဘော-ကောင်းစွာလှလှ ရပြီးဖြစ်လျက်၊ တံ ဓမ္မရသံ-ထိုဝိသုဒ္ဓိသီလာစာရစသော တရားအမြိုက်အရသာကို၊ အပိဝန္တဿ-မသောက် မစား မနာခံသည်ရှိသော်၊ဝါ-ရှက်ဆောင် ကြိုးကုတ် အားထုတ်၍ မပြုကျင့်သည်ရှိသော်၊ သာသနမ္ပိ-သာသနာတော်သည်လည်း၊ တဿ ပုဂ္ဂလဿ-ထိုပုဂ္ဂိုလ်ယုတ်၏၊ ပတိဋ္ဌံ-မှီခိုကိုးကွယ်ရာသည်၊ န-မဖြစ်နိုင်။

(တဖက်ဆည် ရေကန်ကြီး၏ အနီးအပါး၌ ရေငတ်မွတ်သိပ်၍ သေကြေပျက်စီးသော ဗာလုမ္မတ္တကကဲ့သို့ မရှိစေရာ-ဟူလို။)

မိဂဝါဠေဟိ သံကိဏ္ဏံ၊ ဂစ္ဆန္တံ မဂ္ဂံ မဂ္ဂညော။
နိဘယံ အပ္ပဒိဿန္တော၊ သစေ ဂစ္ဆေယျ တံ မဂ္ဂံ။
နိဘယော သော ပုမာ ဟောတိ၊ န စေ ဂစ္ဆေယျ မဂ္ဂညော။
န ပတိဋ္ဌာ အလဇ္ဇိဿ၊ ဒုဗ္ဗစဿ မုနိန္ဒောပိ။

မိဂဝါဠေဟိ-သားရဲတို့ဖြင့်၊ သံကိဏ္ဏံ-ရောပြွမ်းသော၊ မဂ္ဂံ-လမ်းခရီးသို့၊ ဂစ္ဆန္တံ-သွားသောသူကို၊ မဂ္ဂညော-ခရီး၌ လိမ္မာသော ယောကျ်ားသည်၊ နိဘယံ-ဘေးကင်းရာ လမ်းခရီးသို့၊ အပ္ပဒိဿန္တော-ညွှန်ကြားသည်ရှိသော်၊ တံ မဂ္ဂံ-ထိုဘေးကင်းရာလမ်းကို၊ သစေ ဂစ္ဆေယျ-အကယ်၍ သွားငြားအံ့။ သော ပုမာ-ထိုယောကျ်ားသည်၊ နိဘယော-ဘေးကင်းသည်၊ ဟောတိ-ဖြစ်၏၊တံ မဂ္ဂံ-ထိုဘေးကင်းရာ လမ်းမှန်လမ်းကောင်းသို့၊စေ န ဂစ္ဆေယျ-အကယ်၍ မလိုက်မသွားသည် ဖြစ်အံ့၊ မဂ္ဂညော-ခရီးညွှန်သော ယောကျ်ားသည်၊ တဿ-ထိုခရီးမှားသော ပုရိသဗာလ၏၊ ပတိဋ္ဌာ-မှီခိုအားထားရာသည်၊ န-မဟုတ် မဖြစ်နိုင်၊ တထာ-ထို့အတူ၊ မုနိန္ဒောပိ-လူသုံးပါးတို့၏ ခရီးညွှန်သခင် ရှင်တော်ဘုရားပင်လည်း၊ ဒုဗ္ဗစဿ-အဆုံးအမခက်သော၊ အလဇ္ဇိဿ-အလဇ္ဇီပုဂ္ဂိုလ်၏၊ ပတိဋ္ဌာ-မှီခိုကိုးကွယ်ရာသည်၊ န-မဖြစ်နိုင်။

(ခရီးအရာကျွမ်းကျင်လိမ္မာသော ခရီးညွှန်သော ယောကျ်ား၏စကားကို နားမထောင် မှား၍ သားရဲဘီလူး ကိုက်ခဲ ညှဉ်းဆဲသဖြင့် သေကြေပျက်စီးရသော ပုရိသဗာလကဲ့သို့ လူသုံးပါးတို့၏ ခရီးညွှန်ဖြစ်တော်မူသော ရှင်တော်ဘုရားသားတော်ဖြစ်လျက် ဒုဗ္ဗစ-သဘောရှိသဖြင့် ရှင်တော်ဘုရားစကားကို နားမထောင်မူ၍ အပါယ်လမ်းသို့ ဖြောင့်ဖြောင့်မတ်မတ်လိုက်မိတတ်လှ၏၊ ယင်းသို့ မလိုက်မိစေရာ-ဟူလို။)

ဘေသဇ္ဇံ အပိဝန္တဿ၊ သုပဏ္ဏိတောပိ အာစေရော။
တဿ ဟောတိ န ပတိဋ္ဌာ၊ ဘဂဝါ တု မုနိန္ဒောပိ။
အလဇ္ဇိဿ ဒုဗ္ဗစဿ၊ အပိဝတော မဟောသဓံ။

ဘေသဇ္ဇံ-ဆေးကို၊ အပိဝန္တဿ-မသောက်သောသူအား၊ ဝါ-မသောက်သည်ရှိသော်၊ သုပဏ္ဏိတော-ဆေး၏အရာ အလွန်တတ်လိမ္မာသော၊ အာစေရောပိ-တိကိစ္ဆာစရိယသည်လည်း၊တဿ-ထိုဆေးမသောက်သောပုရိသဗာလ

၏၊ ပတိဋ္ဌာ-မှီခိုကိုးကွယ်ရာသည်၊ န-မဖြစ်နိုင်၊ ဘဂဝါ-ဘုန်းတော် နေရှိန် ထိန်ထိန်တောက်သော၊ မုနိန္ဒောပိ-ရှင်တော်ဘုရားသည်မူလည်း၊ မဟော-သဓံ-တရားတော်တည်းဟူသော ဆေးမြတ်ကို၊ အပိဝတော-မသောက်မနာခံသော၊ ဒုဗ္ဗစဿ-ဆိုနိုင်ခဲသော၊ အလဇ္ဇိဿ-အလဇ္ဇီပုဂ္ဂိုလ်၏၊ ပတိဋ္ဌာ-မှီခိုကိုးကွယ်ရာသည်၊ န-မဖြစ်နိုင်။

(တိကိစ္ဆာစရိယဆေးဆရာကြီးက ဆေးဝါးမန္တရားဖြင့် ကုသမှုင်းမသည်ကို မခံလိုသော သူနာဗာလကဲ့သို့ ကိလေသာတည်းဟူသော အနာရောဂါ လွန်စွာ စွဲခရောက်သည်ဖြစ်လျက် ရှင်တော်ဘုရား၏ ဓမ္မောသဓဆေးတော် မြတ်ကို မသောက်စား မနာခံပဲ မိုက်မဲတတ်လှ၏၊ ယင်းသို့ မမိုက်မိစေရာ-ဟူလို။)

ယက္ခာဂါဟေန ဥမ္မာဒေါ၊ ဂူထကဋ္ဌ သုဘောဇနံ။
အဂ္ဂိခန္ဓံ သုဝဏ္ဏဋ္ဌ၊ ပရိဝတ္တေန မညတိ။
တေန ဂူထံ ပရိဘုဉ္ဇေ၊ ပရိဝဇ္ဇေ သုဘောဇနံ။
အနာမသေ သုဝဏ္ဏမ္ပိ၊ အဂ္ဂိခန္ဓမ္ပိ အာမသေ။
ရာဂဂါဟေန ဥမ္မာဒေါ၊ အလဇ္ဇီပိ စ တံသမော။

ယက္ခာဂါဟေန-ဘီလူးဖမ်းသဖြင့်၊ ဥမ္မာဒေါ-အလွန်ရူးသွပ်သော ပုဂ္ဂိုလ်သည်၊ ဂူထကဋ္ဌ-မစင်ကိုရင်း၊ သုဘောဇနဋ္ဌ-ကောင်းသော ဘောဇဉ်ကိုရင်း၊ အဂ္ဂိခန္ဓဋ္ဌ-မီးကျီးခဲကိုရင်း၊ သုဝဏ္ဏဋ္ဌ-ရွှေကိုရင်း၊ ပရိဝတ္တေန-ပြန်လှန်သော အားဖြင့်၊ မညတိ-မှတ်ထင်တတ်၏၊ ယထာဘူတံ-ဟုတ်မှန်သည့်အတိုင်း၊ န ဇာနာတိ-မသိ၊ တေန-ထိုဖောက်လွဲ ဖောက်ပြန် ထင်မှတ်သည်၏ အဖြစ်ကြောင့်၊ သောဥမ္မာဒေါ-သည်၊ ဂူထမ္ပိ-မစင်ကိုလည်း၊ ပရိဘုဉ္ဇေ-သုံးဆောင်မိရာ၏၊ သုဘောဇနံ-ကောင်းသော ဘောဇဉ်ကိုလည်း၊ ပရိဝဇ္ဇေ-ဝေးစွာရှောင်ကြဉ်မိရာ၏၊အဂ္ဂိ ခန္ဓမ္ပိ-မီးကျီးခဲကိုလည်း၊ အာမသေ-သုံးသပ် ကောက်ယူမိရာ၏၊ သုဝဏ္ဏမ္ပိ-ရွှေရတနာကို မူလည်း၊ အနာမသေ-မသုံးသပ် မကောက်ယူပဲ ရှိခနမိတတ်၏၊ ရာဂဂါဟေန-ရာဂတည်းဟူသော ဘီလူးဖမ်းသဖြင့်၊ ဥမ္မာဒေါ-ရူးသွပ်သော၊ အလဇ္ဇီပိ-အလဇ္ဇီရဟန်းသည်လည်း၊ တံသမော-ထိုဖောက်သွဲ့ ဖောက်ပြန်အထင်မှားသော ဥမ္မာဒနှင့် တူသည်၊ ဘဝေ-ဖြစ်၏။

(အလဇ္ဇီပုဂ္ဂိုလ်သည် ဘီလူးဖမ်း၍ ရူးသော ဥမ္မာဒနှင့် တူ၏၊ ရွှေငွေစသော အကပ္ပိယ-ဘဏ္ဍာပစ္စည်း ပရိက္ခာရာသည် မစင်စု မီးကျီးခဲနှင့် တူ၏၊

သီလသမာဓိ စသော သူတော်ကောင်းတို့၏ တရားသည် ကောင်းမြတ်သော ဘောဇဉ်အရသာ ရွှေစင်ရတနာနှင့် တူ၏၊ သူရူးသည် ရွှေကိုမြင်လျှင် မီးတောက် မီးခဲထင်မှတ်သဖြင့် ရှောင်ကွင်း၍ သွားမိတတ်လှ၏၊ မီးတောက်မီးခဲကိုမြင်လျှင် ရွှေငွေရတနာဟု ထင်မှတ်၍ ဆောလျင်စွာ သုံးသပ်ကိုင်ယူ မှားလေ၏၊ ယင်းကဲ့သို့ပင် အလဇ္ဇီဒုပ္ပညာ အပ္ပဿုတ ပုဂ္ဂိုလ်တို့သည်လည်း မှားခြင်းကြီး မှားတတ်လှ၏၊ ယင်းကဲ့သို့ မမှားရအောင်, ရှောင်ကြဉ်အပ်သည်ကို ရှောင်ကြဉ်မိအောင်, မြတ်နိုးအပ်သည်ကို မြတ်နိုးမိအောင် သတိမိမိ ရှိစေရာ၏-ဟူလို။)

ဉမ္မာဒေါ ဒုဝိဓော ဟောတိ၊ သတေကိစ္ဆော အတေကိစ္ဆော။
သာသနေပိ စ သွာလဇ္ဇီ၊ သုဗ္ဗစောပိ စ ဒုဗ္ဗစော။

လောကေ-လောက၌၊ ဉမ္မာဒေါ-ရူးသောသူသည်၊ သတေကိစ္ဆော-ဆေးကုစား၍ ရကောင်းသော သူရူးတယောက်၊ အတေကိစ္ဆော-ဆေးဝါးမန္တရားတို့ဖြင့် ကုသ၍ မရကောင်းသော သူရူးသည်လည်း တယောက်၊ ဣတိ-ဤသို့၊ ဒုဝိဓော-နှစ်ပါးအပြားရှိသည်၊ ဟောတိ-ဖြစ်၏၊ သာသနေပိ-သာသနာတော်၌လည်း၊ သောအလဇ္ဇီ-ထိုအလဇ္ဇီပုဂ္ဂိုလ်သည်၊ သုဗ္ဗစောပိ စ-သိတင်းသုံးဘော်တို့ ဆိုဆုံးမလွယ်သော ပုဂ္ဂိုလ်လည်း တယောက်၊ ဒုဗ္ဗစော-သိတင်းသုံးဘော်တို့ ဆိုဆုံးမ၍ မရနိုင်သော ပုဂ္ဂိုလ်လည်း တယောက်၊ ဣတိ-ဤသို့၊ ဒုဝိဓော-နှစ်ပါးပြားသည်၊ ဟောတိ-ဖြစ်၏။

(ဤလောက၌ လူတန်းစေ့ရုံမျှ မနေရမူ၍ ကံမကောင်း အကြောင်းမသင့်သဖြင့် ရူးသွပ်ရခြင်းသည်ပင် ရှုံးချက်နာလှလေပြီ၊ တဖန် ဆေးကုစား၍ မရနိုင်အောင် အလွန်ရူးသွပ်သော အတေကိစ္ဆဉမ္မာဒ ဖြစ်ရသည်မှာမူကား ဆိုဘွယ်ရာမရှိ၊ လူဖြစ်တဘဝရှုံးခြင်းကြီး ရှုံးလေတော့သည်၊ ယင်း နည်းအတူ သာသနာတော်၌လည်း ဘုရားသားတော်တကာတို့တွင် ရဟန်းတကာတို့နှင့် မတူမူ၍ ကိလေသာမာရ် ရန်သူဖျက်ဆီးသဖြင့် သီလပျက်စီး၍ အလဇ္ဇီဖြစ်ရခြင်းသည်ပင် ရှုံးချက်အလွန်နာလှလေပြီ၊ တဖန် ဆိုဆုံးမ၍ မရသော အလဇ္ဇီ ဒုဗ္ဗစ ဖြစ်ပြန်ခဲ့သော် အတေကိစ္ဆဉမ္မာဒကဲ့သို့ မဟာဇာနီယဖြစ်၍ အလွန်ရှုံးခြင်းကြီး ရှုံးရာ၏၊ ယင်းကဲ့သို့ မဖြစ်စေရာ-ဟူလို။) (နေယျတ္ထ။)

သကုဏာ ဝိဇ္ဇိယံ ကဏ္ဍံ၊ န ဥဒ္ဒရန္တိ အညောညံ။
ဗျာဓကေမ္ပိ န ကိစ္စန္တိ၊ န ပတိဋ္ဌာတိ အညောညံ။
ယတယောပိ အနောဝါဒါ၊ အညမညံ အပ္ပတိဋ္ဌာ။
အပဏ္ဍိတာ အလဇ္ဇိနော၊ သဟာယာ တံသဘာဂါ စ။

လောကေ-လောက၌၊ သကုဏာ-ငှက်တို့သည်၊ အညောညံ-အညော အညဿ-အချင်းချင်း၊ဝါ-တကောင်သည် တကောင်အား၊ ဝိဇ္ဇိယံ-စူးဝင်အပ်သော၊ ကဏ္ဍမ္ပိ-မြှားကိုလည်း၊ န ဥဒ္ဒရန္တိ-မနုတ်တတ်ကြကုန်၊ ဗျာဓကံ-နာကျင်လှစွာသော မိမိအနာ သူတပါးအနာကိုသော်လည်း၊န ကိစ္စန္တိ-ဆေး မကုတတ်ကုန်၊ အညောညံ-အချင်းချင်း၊ ဝါ-တကောင်သည် တကောင်၏၊ ပတိဋ္ဌံ-မှီခိုကိုးကွယ်ရာသည်၊ န ဟောန္တိ-မဖြစ်ကုန်၊ သာသနေပိ-သာသနာ တော်၌လည်း၊ အညမညံ-အချင်းချင်း တယောက်သည် တယောက်အား၊ အနောဝါဒါ-ဆိုဆုံးမလေ့ မရှိကုန်သော၊ အပဏ္ဍိတာ-ပညာမဲ့ကုန်သော၊ အလဇ္ဇိနောသဟာယာ-အလဇ္ဇီ အပေါင်းအသင်း အဖော်သဟဲသာ ဖြစ်ကုန် သော၊ အညမညံ-အချင်းချင်း တယောက်သည် တယောက်၏၊ အပတိဋ္ဌာ-ကိုးကွယ်မှီခိုရာ မဖြစ်နိုင်ကြကုန်သော၊ ယတယောပိ-ရဟန်းတို့သည်လည်း၊ သကျပုတ္တာ-ဘုရားသားတော်ဖြစ်ပါကုန်လျက်၊ တံသဘာဂါ-ထိုတကောင် သည် တကောင်အား မကယ်ဆယ်နိုင်သော မြှားမှန်သော ငှက်အပေါင်းနှင့် တူကုန်သည်၊ ဟောန္တိ-ဖြစ်ကုန်၏။

(ရှင်တော်ဘုရား သားတော်တို့၏ ပရိသတ် အစည်းအဝေး ဖြစ်လျက် တောကြက် တောငှက် ပရိသတ်ကဲ့သို့ မရှိစေရာ၊ အချင်းချင်း စူးဝင် သောမြှားကို မနုတ်ယူတတ်သည်ဖြစ်၍ မြှားတန်းလန်းဖြင့်သာ သေကြရ ကုန်သော တောကြက် တောငှက်ကဲ့သို့ အချင်းချင်း ဆုံးမသွန်သင်ခြင်းမှ ကင်းသည်ဖြစ်၍ အလဇ္ဇီ အကျင့်တည်းဟူသော မြှားတံဖြင့်သာ သေရကြ တတ်လှကုန်၏၊ ယင်းသို့ မသေစေရာ-ဟူလို။)

အညမညံ နုဒ္ဒရန္တိ၊ ပပါတေ ပတိတာ မဂါ။
ဒုမ္မေဓိနော ဗဟူ ဗာလာ၊ တံသဘာဂါ အလဇ္ဇိနော။

ပပါတေ-ကမ်းပါးပြတ်၌၊ ပတိတာ-ကျရောက်ကုန်သော၊ မဂါ-သားတို့ သည်၊ အညမညံ-အချင်းချင်း တကောင်သည် တကောင်အား၊ နုဒ္ဒရန္တိ-

မထုဘ်ဆယ်နိုင်ကြကုန်၊ ဒုမ္မေဓိနော-ပညာနည်းပါးကုန်သော၊ ဗဟူ-များစွာကုန်သော၊ ဗာလာ-မလိမ္မာကုန်သော၊ အလဇ္ဇိနော-အလဇ္ဇီပုဂ္ဂိုလ်တို့သည်၊ တံသဘာဂါ-ထိုကမ်းပါးပြတ်၌ ကျရောက်သည်ဖြစ်၍ တကောင်သည် တကောင်အား မကယ်ဆယ်နိုင်သော တောသား တောင်ါးနှင့် တူကုန်သည်၊ ဟောန္တိ-ဖြစ်ကုန်၏။

(မဟာမုနိ၏ ပရိသတ်ဖြစ်လျက် တောသား တောငါးတို့ကဲ့သို့ တယောက်သည် တယောက်အား ဩဝါဒအနုသာသနီမှ ကင်း၍ မနေမိစေရာ-ဟူလို။) (ဗျဂ္ဂျတ္ထ။)

အညမညဿ ကာကာပိ၊ ဘယုပ္ပန္နေ မဟာသဒ္ဒံ။
ဝိရဝန္တိ ဒယာမေတ္တာ၊ အညမညမ္ပိ သောစန္တာ။
အညမညံ အသောစန္တာ၊ ယတယော တေ တတော ဗာလာ။

ကာကာပိ-အဟိတ်တိရစ္ဆာန် ဖြစ်သော ကျီးငှက်တို့ပင်သော်လည်း၊ အညမညဿ-အချင်းချင်း တကောင်သည် တကောင်အား၊ ဘယေ-မြှားမှန်ခြင်းစသော ဘေးသည်၊ ဥပ္ပန္နေ-ဖြစ်လာသည် ရှိသော်၊ ဒယာမေတ္တာ-ဒယာမေတ္တာယ-သနားချစ်ခင် ကြင်နာသောစိတ်ဖြင့်၊ မဟာသဒ္ဒံ-သည်းစွာသော အသံကို၊ ဝိရဝန္တိ-ဝန်းဝိုင်းရံပတ် မြည်တမ်းကြကုန်သေး၏၊ အညမညံ-အချင်းချင်း တကောင်သည် တကောင်အား၊ သောစန္တာပိ-စိုးရိမ်ပူပန်တတ်ကုန်သည်လည်း၊ ဟောန္တိ-ဖြစ်ကုန်၏၊ သကျပုတ္တာ-ရှင်တော်ဘုရားသားတော်တို့ ဖြစ်ပါကုန်လျက်၊ အညမညံ-အချင်းချင်း တပါးသည် တပါးအား၊ အသောစန္တာ-အပါယ်ဘယ ဘေးဒုက္ခသို့ ကျရောက်လတ္တံ့သည်မှ မစိုးရိမ် မကြောင့်ကြတတ်ကုန်၊ တေ ယတယော-ထို အချင်းချင်း ဆုံးမမြစ်တားခြင်းမှ ကင်းကုန်သော မဟာမုနိ့တို့သည်၊ တတော တေဟိ ကာကေဟိ-ထိုကျီးအပေါင်းတို့ထက်၊ ဗာလာ-မလိမ္မာကုန်သည်၊ ဟောန္တိ-ဖြစ်ကုန်၏။

(သကျပုတ္တမဟာသမဏပရိသတ် အစည်းအဝေး ဖြစ်တပြီးလျက် ကျီးငှက်လောက်မှ ကြောင့်ကြစိုးရိမ်ခြင်းမရှိ၊ အချင်းချင်း မြစ်တားခြင်းမှ ကင်းလျက် အမှတ်မဲ့ မနေမိကြစေရာ၊ ရှင်တော်ဘုရား သားတော်ဖြစ်လျက် ကျီးငှက်လောက်မှ မလိမ္မာဘဲ မရှိစေရ-ဟူလို။)

နေကသတာပိ ဥမ္မာဒါ၊ တံ ရောဂံ အညမညဿ။
န သမေန္တိ န ကိစ္ဆန္တိ၊ တံသဘာဂါ ဗဟူ ဗာလာ။

ဥမ္မာဒါ-သူရူးတို့သည်၊ နေကသတာပိ-အရာမက များစွာစုဝေး မိကြကုန်သော်လည်း၊ အညမညံ-အချင်းချင်း တယောက်သည် တယောက်၏၊ တံ ရောဂံ-ထိုရူးသော ဝေဒနာကို၊ န သမေန္တိ-မငြိမ်သက်စေတတ်ကုန်၊ န-ကိစ္ဆန္တိ-ဆေးမကုတတ်ကြကုန်၊ ဝါ-ကုစားတတ်သူ တစုံတယောက်မျှ မပေါ်လာနိုင်ကုန်၊ ဥမ္မတ္တာ၀-တရူးတည်း ရူးကြကုန်သည်သာလျှင်တည်း၊ ဗဟူ-များစွာကုန်သော၊ ဗာလာ-မလိမ္မာကုန်သော၊ ဝါ-မောဟတည်းဟူသော ရူးရည်, ရူးသွေးဝင်ကုန်သော၊ တေ ယတယော-ထိုညီညွတ်တိုင်ပင်သွန်သင်ဆုံးမခြင်းမှ ကင်းကုန်သော အလဇ္ဇီရဟန်းတို့သည်၊ တံသဘာဂါ-ထိုဥမ္မာဒပရိသတ်နှင့် အလားတူကုန်သည်၊ ဟောန္တိ-ဖြစ်ကုန်၏။

(အနုတ္တရ ဓမ္မရာဇာ၏ သားတော်ဖြစ်လျက် သူရူးတွေဇရ၍ နေသကဲ့သို့ မဖြစ်စေရာ၊ ရှင်တော်ဘုရားသားတော် သကျပုတ္တ မဟာသဏ္ဏပီပီ လျှောက်ပတ်သော အခါကာလတို့၌ အချင်းချင်း ညီညွတ်တိုင်ပင် သွန်သင် ဆုံးမနေရာ၏ ဟူလို။)

ပါပကမ္မာ န ဟိရန္တိ၊ နေသာဒါ အညမညဿ။
ပါပဓမ္မာ အဟိရန္တာ၊ ဒုမ္မေဓိနော သဘာဂါ တံ။

လောကေ-လောက၌၊ နေသာဒါ-တံငါမုဆိုးတို့သည်၊ ပါပကမ္မာ-ယုတ်မာသော တံငါမုဆိုးတို့ အမှုမှ၊ အညမညဿ-အချင်းချင်းအား၊ န ဟိရန္တိ-အရှက်မရှိကုန်၊ သာသနေပိ-သာသနာတော်၌လည်း၊ ပါပဓမ္မာ-ယုတ်မာသော အကျင့်မှ၊ အဟိရန္တာ-အရှက်မရှိကုန်သော၊ ဒုမ္မေဓိနော-ပညာနည်းပါးကုန်သော၊ မုနယောပိ-ရဟန်းတို့သည်လည်း၊ တံသဘာဂါ-ထိုတံငါမုဆိုးတို့၏ အလားတူလျှင် အလားရှိကုန်သည်၊ ဟောန္တိ-ဖြစ်ကုန်၏။

(မဟာမုနိ သားတော် ဖြစ်လျက် နေသာဒဗာလတို့ကဲ့သို့ မရှိစေရာ-ဟူလို။)

သုခံ ဣစ္ဆန္တိ သတ္တာ နော၊ သေန္တိ သုခိတံ ဓမ္မံ။
တထာ ဘာယန္တိ သတ္တာ နော၊ စရန္တိ နိဘယံ မဂ္ဂံ။

သတ္တာ-သတ္တဝါတို့သည်၊ သုခံ-ချမ်းသာခြင်းကို၊ ဣစ္ဆန္တိ-အလိုရှိကုန်၏၊ သုခိတံ-ချမ်းသာခြင်းကိုဖြစ်စေတတ်သော၊ ဝါ-ချမ်းသာခြင်း၏ အကြောင်းဖြစ်သော၊ ဓမ္မံ-သူတော်ကောင်းတို့၏ တရားကို၊ နော သေန္တိ၊ မရှာမဆည်းပူးနိုင်ကြကုန်၊ သတ္တာ-သတ္တဝါတို့သည်၊ ဘယာ-ဘေးမှ၊ ဘာယန္တိ-ကြောက်

ကုန်၏၊ နိဗ္ဗာနကိုတိုင်အောင်-ဘေးကင်းရာဖြစ်သော၊ မဂ္ဂ-နိဗ္ဗာန်လမ်းကြောင်းသို့၊ နောစရန္တိ-မသွားနိုင်ကုန်။

အတ္တနာ ဣစ္ဆိတံ ကမ္မံ၊ ဝေရိဟတ္ထဂတာ ဇနာ။
န ကရောန္တိ ဇနာ အန္ဓာ၊ န ဂစ္ဆန္တိ ဘူတံ ဝိထိံ။
ယထိစ္ဆိတံ အနေသန္တာ၊ တံသဘာဂါပိ တေ သတ္တာ။

ဝေရိဟတ္ထဂတာ-စစ်သူတဖက် ရန်သူလက်သို့ ရောက်ကုန်သော၊ ဝါ-ရန်သူဖမ်း၍ သွားအပ်ကုန်သော၊ ဇနာ-လူတို့သည်၊ အတ္တနာ-မိမိသည်၊ ဣစ္ဆိတံ-အလိုရှိအပ်သော၊ ကမ္မံ-စီးပွါးချမ်းသာ လုပ်ဆောင်မှုကို၊ န ကရောန္တိ-မပြုနိုင်ကုန်၊အန္ဓာ-ကန်းကုန်သော၊ဇနာ-လူတို့သည်၊ ဝါ-အန္ဓဇနာ-သူကန်းတို့သည်၊ ဘူတံ-ဟုတ်မှန်တိုင်းသော၊ ဝိထိံ-ဘေးကင်းရာ လမ်းမှန်လမ်းကြောင်းသို့၊ န ဂစ္ဆန္တိ-မသွားနိုင်ကုန်၊ အတ္တနာ-မိမိသည်၊ ယထိစ္ဆိတံ-အလိုရှိအပ်သော၊ သုခံ-လောကီ လောကုတ္တရာ ချမ်းသာနှစ်ပါးကို၊ အနေသန္တာ-မရှာမဆည်းပူးနိုင်ကုန်သော၊ ဒုမ္မေဓိနော-ပညာမျက်စိ ကန်းကုန်သော၊ တေ သတ္တာပိ-ထိုသတ္တဝါတို့သည်လည်း၊တံသဘာဂါ-ထိုရန်သူမိသော ပုရိသ သူကန်းအန္ဓဇနနှင့်အလားတူကုန်သည်၊ ဟောန္တိ-ဖြစ်ကုန်၏။

(လောက၌ စီးပွါးချမ်းသာ ရှာဖွေလုပ်ဆောင်အံ့သောငှါ သွားသော ပုရိသသည် ရန်သူဖမ်း၍ နှိပ်စက်ဖျက်ဆီးသဖြင့် အလိုရှိအပ်သော စီးပွါးချမ်းသာကို ရှာခွင့်မရသကဲ့သို့ ကိလေသာ ရန်သူဖမ်းဆီး နှိပ်စက်သဖြင့် မိမိအလိုရှိအပ်သော လောကီ လောကုတ္တရာ အကျိုးနှစ်ပါးကို မရှာဖြစ်, မရှာမိ, မရှာနိုင်ပဲ ကိလေသာဟူ ရန်သူလက်ထဲ၌သာ နိဗ္ဗျာပါရ နေမိတတ်လှ၏၊ ယင်းကဲ့သို့ မနေမိစေရာ၊ စက္ခုကွယ်သော သူကန်း ပုရိသသည် ဟုတ်မှန်တိုင်းသော ဘေးကင်းရာ လမ်းမှန်သို့ မကျနိုင်သကဲ့သို့ ပညာစက္ခုကန်းသဖြင့် ဟုတ်မှန်တိုင်းသော သဒ္ဓမ္မာစာရလမ်းစသို့ မလိုက်မိမူ၍ ပါပဓမ္မ တည်းဟူသော အပါယ်လမ်းမသို့ လိုက်မှားမိတတ်လှ၏၊ ယင်းကဲ့သို့လည်း မလိုက်မှားမိစေရာ-ဟူလို။)

ဒုက္ခေဟိ ဘာယတ္တာ သတ္တာ၊ ပါရမိနံ န ပူရေန္တိ။
ဗောဓိသတ္တာ တု ပူရေန္တာ၊ ဝရံ ဂစ္ဆန္တိ နိဗ္ဗာနံ။
နိဘာယံ ဘာယန္တာ သတ္တာ၊ န မုစ္စန္တိ ဘယာ ဒုက္ခာ။
ဝဋ္ဋဒုက္ခေ နိမုဂ္ဂါဝ၊ ဘဝါဘဝေ ပုနပ္ပုနံ။

သတ္တာ-သတ္တဝါတို့သည်၊ ဒုက္ခေဟိ-ဆင်းရဲအံ့သည်တို့မှ၊ ဘာယတ္တာ-ကြောက်ကုန်သည်၏ အဖြစ်ကြောင့်၊ ပါရမီနံ-ဒါနစသော ပါရမီတို့ကို၊ န ပူရေန္တိ-မဖြည့်ကျင့်နိုင်ကြကုန်၊ ဗောဓိသတ္တာ တု-အလောင်းတော်တကာတို့သည်ကား၊ ဒုက္ခေဟိ-ဆင်းရဲအံ့သည်တို့မှ၊ အဘာယတ္တာ-မကြောက်ကြကုန်သည်၏ အဖြစ်ကြောင့်၊ ပါရမီနံ-ဒါနသီလစသော ပါရမီတို့ကို၊ ပူရေန္တာ-ဖြည့်ကျင့်ကုန်သည်ဖြစ်၍၊ဝရံ-ဘေးခပ်သိမ်းတို့၏ ကင်းငြိမ်းရာဖြစ်၍ အလွန်မြတ်သော၊ နိဗ္ဗာနံ-ခေမာသောင်ကမ်း နိဗ္ဗာန်နန်းသို့၊ ဂစ္ဆန္တိ-လှမ်းရောက်နိုင်ကုန်၏၊ နိဘာယံ-နိဘာယိတဗ္ဗံ-ကြောက်သင့်သည်ကို မကြောက်အပ်သော အနည်းငယ် ပါရမီဖြည့်ကျင့်ရသော ဆင်းရဲခြင်းကို၊ ဘာယန္တာ-ကြောက်ကုန်သော၊ သတ္တာ-သတ္တဝါတို့သည်ကား၊ ဘယာ-အပါယ်ဘေးမှ၊ န မုစ္စန္တိ-မလွတ်ကုန်၊ ဒုက္ခာ-သံသရာဝဋ်ဆင်းရဲမှ၊ န မုစ္စန္တိ-မလွတ်မြောက်နိုင်ကုန်၊ ဝဋ္ဋဒုက္ခေ-ဝဋ်ဆင်းရဲ၌၊ ဘဝါဘဝေ-ဘဝဆက်ကာ ဘဝဆက်ကာ၊ ပုနပ္ပုနံ-အဖန်ဖန်အထပ်ထပ်၊ နိမုဂ္ဂါဝ-တနစ်တည်း နစ်ကြကုန်သည်သာလျှင်ကတည်း။

(မကြောက်သင့်သော ပါရမီ ဖြည့်ကျင့်ရသော အနည်းငယ် ဒုက္ခကို ကြောက်တတ်လှကြ၍ မဟာအဝီစိ နိရယဒုက္ခနှင့် အဖန်ဖန် တွေ့ကြုံနေကြရသည်-ဟူလို။)

ကြောင်ကိုက်မည်ကို ကြောက်၍ နောက်ဆုတ် နောက်ဆုတ် ပြုမှားသောကြောင့် ကျားနောက်က လာ၍ကိုက်လေသည်-ဟူလို၊ ကျားကိုက်မည်ကို ကြောက်လျှင် ကြောင်ကိုက်မည်ကို မထောက်သင့်ချေ၊ ပညာရှိကဝိတို့ သုံးစွဲယူနည်း ဥပဒေ။

သဒ္ဓါပသန္န ကုလပုတ္တ အမျိုးသားတို့အား သဒ္ဓါတရား တက်ပွါးစေခြင်းငှါ ရေးသားပြုပြင် စီရင်အပ်သော သီလဝိသောဓနီမည်မှန်း ဤသည့်ကျမ်းသည် ဤတွင်တခဏ်း အပြီးသတ်သည်။

ရွှေကျင်ဆရာတော်ထုတ်သည့်စာ နောင်လာသူတို့ အကျိုးတည်း။

သက္ကရာဇ် ၁၂၄၆-ခု ကဆုန်လဆုတ် ၄-ရက်နေ့ ၃-ချက်တီးကျော် အချိန်တွင် သီလဝိသောဓနီ သညီမည်မှန်း ဤသည့်ကျမ်းသည်၊ နိဋ္ဌိတံ-ပြီးပြီ။

# ဝဍ္ဎနာဒီပနီ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## အာသီသပတ္ထနာ

**“မာယူပမဥ္စ ဝိညာဏံ”**ဟူသော ပါဠိတော်နှင့်အညီ မသူတော်တရားကို သူတော်တရား ယောင်ယောင် ဝိညာဏက္ခန္ဓာ လှည့်ဆောင်၍ နိဗ္ဗာန်လမ်းကြောင်း မကျ ဥမ္မဂ္ဂ-ဟု ဆိုအပ်သော အပါယ်လမ်းကို နိဗ္ဗာန်လမ်း ထင်မှားကြကုန်သဖြင့် ကျားကို ကြောက်၍ ပြေးသည်တွင် ကျားရှိရာကို ပြေးဝင်မိသည့် သူကန်းဥပမာ မရှိကြပါစေခြင်းငှါ “အဋ္ဌကထာနေတ္တိ” ကျမ်းနှင့် ညှိ၍ သိသာခြားနား ရေးသား အပ်လတ္တံ့သော **ဝဍ္ဎနာဒီပနီ** သညီမည်မှန်း ဤသည့်ကျမ်းကို ညွှန့်လန်းသဒ္ဓါ နောင်လာနောက်သား အမျိုးသားတို့ မှတ်သားလေ့ကျက် ဆောင်ရွက် ကြည့်ရှုတော်မူကြစေကုန် သတည်း။

## ၁-ရာဂဝဍ္ဎနာ

**မေတ္တာယနာမုခေန ရာဂေါ ဝဍ္ဎေတိ။** ။နေတ္တိ အဋ္ဌကထာပါဠ်နှင့်အညီ ချစ်ခြင်းမေတ္တာကို အရင်းပြုသဖြင့် တပ်ခြင်း ရာဂတဏှာသည် မေတ္တာ ယောင်ဆောင်၍ လှည့်ပတ်တတ်သည်၊ ရာဂတဏှာကို မေတ္တာ မှတ်တတ် သည်၊ ရာဂ၏ လက္ခဏာကား မျှောက်နဲ့စေး၌ တောမျှောက်၏ တပ်မက် ခြင်းကဲ့သို့ရင်း, ဆီမီးရောင်၌ ပိုးဖလံ၏ မက်မောခြင်းကဲ့သို့ရင်း ပူပန် မိန်း မောခြင်းနှင့်တကွ အာရုံ၌ တပ်မက်မောခြင်း လက္ခဏာရှိသည်။ မေတ္တာ၏ လက္ခဏာကား နို့စို့သားငယ်၌ နို့တိုက်သော နွားမ၏သို့ ဝမ်းမြောက်ဝမ်းသာ ချမ်းအေးကြည်လင်ခြင်းနှင့် တကွ ချစ်ခြင်းလက္ခဏာ ရှိသည်။ တယောက် သောသူ၏ ရာဂသည် တယောက်သောသူ၌ ရာဂကို ပွါးစေ၍ ပူပန်မိန်းမော စေတတ်သည်၊ တယောက်သောသူ၏ မေတ္တာသည် တယောက်သောသူ၌ မေတ္တာကို ပွါးစေ၍ ကြည်လင် ချမ်းအေးစေတတ်သည်။

ရာဂကား မြွေစပါးကြီးချက် ငြိသောသူ၏သို့ မိမိဘေးကိုလည်း မမြင်, သူ၏ အကျိုးကိုလည်း မထင်, မိန်းမော တွေဝေခြင်းနှင့် **တကွ အာရုံကို**

မစွန့်ခွါနိုင်ခြင်း, ကပ်ငြိခြင်းကိစ္စ ရှိသည်၊ မေတ္တာကား နှိုစ့်ုလာသော သားငယ်ကို မပယ်မခွါနိုင်သော နွားမ၏သို့ သူတပါး၏ အကျိုးကို တောင့်တခြင်းနှင့်တကွ သူတပါးကို မစွန့်ပစ်ရက်, သူတပါးနှင့် အမြဲပေါင်းဘက်ခြင်းကိစ္စ ရှိသည်။ ရာဂကား အာရုံ၌ တပ်မက်ခြင်းကို အကြောင်းပြု၍ ကြည်ညိုဘွယ် မရှိ၊ ကိုယ်,နှုတ် အမူအရာ ဖောက်ပြန်ခြင်း, အပါသာဒိကဘာဝလျှင် ထင်သော အခြင်းအရာ ပစ္စုပဋ္ဌာန် ရှိသည်၊ မေတ္တာကား အာရုံ၌ ချစ်ခင်ခြင်းကို အကြောင်းပြု၍ ကြည်ညိုဘွယ် ကိုယ်,နှုတ် အမူအရာ ထင်စွာ ဖြစ်ခြင်း ပါသာဒိကဘာဝလျှင် ပစ္စုပဋ္ဌာန် ရှိသည်၊ ရာဂကား မိမိအလို ပြည့်စေလိုခြင်း ဆန္ဒလျှင် နီးသောအကြောင်း ပဒဋ္ဌာန် ရှိသည်၊ မေတ္တာကား သူတပါး၏ ကျေးဇူးဂုဏ်ကို မြင်ခြင်း ကတညုတာ၏ အဖြစ်သည်လျှင် နီးစွာသော အကြောင်း ပဒဋ္ဌာန် ရှိသည်။

ဤသို့ ဆိုအပ်ခဲ့ပြီးသော တဏှာ,မေတ္တာ နှစ်ပါးတို့၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန် သဘောတို့ကို အောက်မေ့ဆင်ခြင် စဉ်းစား၍ မေတ္တာယောင်ဆောင်သဖြင့် တဏှာ မလှည့်ပတ်ရအောင် သတိပြုအပ်သည် ဟူလိုသည်။

## ၂-သောကဝဋ္ဋနာ

**ကရုဏာယနာပတိရူပေန သောကော ဝဋ္ဋေတိ။** ။ရင်း အဋ္ဌကထာပါဠိနှင့်အညီ သနားကြင်နာခြင်း,ကရုဏာနှင့် တူသောအားဖြင့် စိုးရိမ်ခြင်း သောကတရား လှည့်ပတ်တတ်သည်၊ သောကကို ကရုဏာ ထင်တတ်သည်၊ သောကသည် ညစ်ညူးပူပန်ခြင်းနှင့်တကွ ကြောင့်ကြစိုးရိမ်ခြင်း လက္ခဏာ ရှိသည်၊ ကရုဏာကား မညစ်ညူး မပူပန်ပဲ သနားကြင်နာခြင်း လက္ခဏာ ရှိသည်၊ သောကကား အတွင်း၌ မနေသာ လွန်စွာပူအိုက်ခြင်း,သည်းမခံနိုင် နှလုံးမသာ ဒေါမနဿ ဝေဒနာကို ခံစားရခြင်း ကိစ္စရှိသည်၊ ကရုဏာကား သဒ္ဓါ, သတိ စသော တရားတို့နှင့်တကွ ဖြစ်၍ ပူပူအိုက်အိုက် မရှိ နှလုံးရွှင်လန်းခြင်းနှင့်ရင်း, လျစ်လျူရှုခြင်းနှင့်ရင်း တကွဖြစ်သဖြင့် နှလုံး၏ တုန်လှုပ်ခြင်းမျှ ကိစ္စရှိသည်၊ သောကကား နှလုံးပင်ပန်းခြင်းကို အကြောင်းပြု၍ ကိုယ်၏ ညှိုးနွမ်း ဖောက်ပြန်ခြင်းလျှင် ပစ္စုပဋ္ဌာန် ရှိသည်၊ ကရုဏာကား သနားခြင်းကို အကြောင်းပြု၍ ကယ်ဆယ် ချီးမြှောက် ထောက်ပံ့ခြင်းလျှင် ထင်သော အခြင်းအရာ ပစ္စုပဋ္ဌာန် ရှိသည်၊ သောကကား

ချစ်မြတ်နိုးခြင်း,တဏှာ မမာယနလျှင် နီးသောအကြောင်း ပဒဋ္ဌာန် ရှိသည်၊ ကရုဏာကား-အကျိုးစီးပွါးကို တောင့်တခြင်း,နှလုံး နူးညံ့ခြင်း ဟိတာကာရ မုဒုဘာဝလျှင် ပဒဋ္ဌာန်ရှိသည်။

ဤကို နှလုံးထား၍ ကရုဏာယောင်ယောင်နှင့် သောကမလှည့်ပတ်ရ အောင် သတိကြပ်ကြပ် ဆောင်အပ်သည် ဟူလိုသည်။

## ၃-ပဟာသဝဌနာ

**မုဒိတာဝိဟာရပတိရူပေန ပဟာသော ဝဍ္ဎေတိ။** ။ဋင်းအဌကထာပါဌ် နှင့်အညီ မုဒိတာ ဟန်ဆောင်၍ မြူးထူးရွှင်ပျခြင်း, ပဟာသတရား လှည့် ဖြားတတ်သည်၊ နှလုံးမြူးထူးခြင်း လောဘမူ သောမနဿပဟာသ တရားကို မုဒိတာ ဗြဟ္မဝိဟာရတရား မှတ်တတ်သည်။ ပဟာသကား သူတပါး ချမ်းသာ၌ သာယာခြင်း အဿာဒ လက္ခဏာ ရှိသည်၊ မုဒိတာကား သူတပါး ချမ်းသာ၌ မငြူစူခြင်း, ကြည်သာခြင်း လက္ခဏာ ရှိသည်။ ပဟာသကား ပူပန်ခြင်း ကိလေသာ သဘောနှင့် တကွ နှလုံးရွှင်မြူးခြင်း ကိစ္စရှိသည်၊ မုဒိတာကား နှလုံးချမ်းမြေ့ခြင်း အဒေါသ မေတ္တာသဘောနှင့် တကွ ဝမ်းမြောက်ခြင်း ပါမောဇ္ဇ ကိစ္စရှိသည်။ ပဟာသကား သူတ ပါးတို့ ရာဂတဏှာ ပွါးရာပွါးကြောင်း မကောင်းသော်လည်း ကြည်ညို ဘွယ် မရှိသော ကိုယ်နှုတ် အမူအရာတို့ကို ဖြစ်စေခြင်း ပစ္စုပဋ္ဌာန်ရှိသည်၊ မုဒိတာကား သူတပါးတို့ ချမ်းမြေ့ကြည်သာ မေတ္တာပွါးကြောင်း ကောင်း သော ကိုယ်,နှုတ် အမူအရာ ပါသာဒိကဘာဝကို ဖြစ်စေခြင်း ပစ္စုပဋ္ဌာန် ရှိသည်။ ပဟာသကား အဝိဇ္ဇာ ပမာဒ တရားလျှင် ပဒဋ္ဌာန် ရှိသည်၊ မုဒိတာကား မငြူစူခြင်း အနိဿုကီ အမစ္ဆရိဘာဝလျှင် ပဒဋ္ဌာန်ရှိသည်။ ဤကား အထူးတည်း။

## ၄-နိက္ခိတ္တဓုရတာဝဌနာ

**ဥပေက္ခာဝိဟာရပတိရူပေန ကုသလေသု ဓမ္မေသု နိက္ခိတ္တဓုရတာ ဝဍ္ဎေတိ။** ။ဋင်းအဌကထာ ပါဌ်နှင့်အညီ ဥပေက္ခာဗြဟ္မဝိဟာရ တရား ယောင်ဆောင်၍ ကုသိုလ်ကောင်းမှု၌ လုံ့လမပြု, စိတ်ချလက်ချ နေနိုင် အားသော နိက္ခိတ္တဓုရတာတရား လှည့်ဖြားတတ်သည်။ နိက္ခိတ္တဓုရတာ သည်ကား ကုသိုလ်ကောင်းမှု ဝတ်ကြီးဝတ်ငယ်တို့၌ အားမထုတ်ခြင်း

လျစ်လျူရှုခြင်း လက္ခဏာ ရှိသည်၊ ဥပေက္ခာ ဗြဟ္မဝိဟာရကား သတ္တဝါ, သင်္ခါရတို့၌ လျစ်လျူရှုခြင်း လက္ခဏာရှိသည်။ နိက္ခိတ္တ ဓုရတာကား ကုသိုလ်ကောင်းမှုတို့၌ လက်လျှော့ ဝန်ချခြင်း ကိစ္စရှိသည်၊ ဥပေက္ခာ ဗြဟ္မဝိဟာရကား သားမယား, စည်းစိမ်ဥစ္စာစသော သတ္တဝါ, သင်္ခါရ, ဣဋ္ဌာနိဋ္ဌတို့၌ စိုးရိမ်ကြောင့်ကြမရှိ ပကတိသွားမြဲ တရားလမ်းကို ဖြောင့်တန်းစွာ သွားနိုင်ခြင်း ကိစ္စရှိသည်။ နိက္ခိတ္တဓုရတာကား ငိုက်မျည်းပျင်းရိခြင်း ထိန, မိဒ္ဓ, အာလသိယလျှင် ပစ္စုပဋ္ဌာန်ရှိသည်၊ ဥပေက္ခာ ဗြဟ္မဝိဟာရကား တည်ကြည် ငြိမ်သက်ခြင်း သမာဓိလျှင် ပစ္စုပဋ္ဌာန်ရှိသည်။ နိက္ခိတ္တ ဓုရတာကား အသမ္ပဇည ဝဋ္ဋာဘိရတ ပမာဒလျှင် ပဒဋ္ဌာန်ရှိသည်၊ ဥပေက္ခာ ဗြဟ္မဝိဟာရကား သတ္တဝါ သင်္ခါရတို့၌ တွယ်တာခြင်းဟု ဆိုအပ်သော သတ္တ-ကေဋ္ဌာယန သင်္ခါရ-ကေဋ္ဌာယန တို့၏ အာဒီနဝကို ဆင်ခြင်ခြင်း သတိသမ္ပဇည ကံသာလျှင် မိမိဥစ္စာတည်းဟု ကမ္မဿကတာ ဉာဏ်နှင့် ပြည့်စုံခြင်း အစရှိသည်လျှင် ပဒဋ္ဌာန်ရှိသည်။ ဤကား အထူးတည်း။

## ၅-စိတ္တသန္တာပဝဏ္ဏနာ

**သံဝေဂပတိရူပေန စိတ္တသန္တာပေါ ဝဥ္စေတိ။** ။ငင်းအဋ္ဌကထာပါဌ်နှင့်အညီ ဝဋ်ဆင်းရဲ၌ ထိတ်လန့်ခြင်း သံဝေဂတရားနှင့် တူသဖြင့် စိတ်၏ပူပန်ခြင်းဒေါသဟု ဆိုအပ်သော စိတ္တသန္တာပ လှည့်ဖြားတတ်သည်။ စိတ္တသန္တာပကို သံဝေဂ မှတ်တတ်သည်။

စိတ္တသန္တာပကား နောက်ကျူ ညစ်ညူးခြင်းနှင့်တကွ စိတ်၏ပူပန်ခြင်း လက္ခဏာရှိသည်၊ သံဝေဂကား စိတ်၏ကြည်လင်ခြင်းနှင့်တကွ ဝဋ်ဆင်းရဲ၌ ထိတ်လန့်ခြင်း လက္ခဏာရှိသည်။ စိတ္တသန္တာပကား ရန်သူ၏ လက်၌ ရောက်သူကဲ့သို့ စိတ်၏ ဆင်းရဲခြင်း စိုးရိမ်ခြင်း ကိစ္စရှိသည်၊ သံဝေဂကား ရန်သူလက်သို့ မရောက်ခင် ရန်သူကိုငင်း ရန်သူမှ လွတ်ရာလွတ်ကြောင်း လမ်းခရီး ခေမာနဂရကိုငင်း မြင်သောသူ၏သို့ စိတ်၏ သက်သာခြင်းနှင့်တကွ ဝဋ္ဋဒုက္ခ၌ ထိတ်လန့် ငြီးငွေ့ခြင်းလျှင် ကိစ္စရှိသည်။ စိတ္တသန္တာပကား ရန်သူလက်၌ ယခုသေရအံ့သော သူကဲ့သို့ ကောင်း, မကောင်းသော အမှုကြီးငယ်တို့၌ ဖြောင့်မတ်စွာ အားမထုတ်နိုင်, ကြံမှိုင်ခြင်း အဒေဝမုခ ပတ္တခန္ဓလျှင် ပစ္စုပဋ္ဌာန်ရှိသည်၊ သံဝေဂကား ရန်သူကို

လက်ဝယ် ဖမ်းဆီးမိသော သူရဲကောင်း၏ကဲ့သို့ ဝဋ္ဋမူလကဖြစ်သော ရာဂ တဏှာစသည်ကို ပယ်ခွါလိုသော ဆန္ဒ,ဥဿာဟ,သမထဘာဝနာ,ဝိပဿနာ-ဘာဝနာတရားကို အားထုတ်လိုသော ဆန္ဒ ဥဿာဟကို ဖြစ်စေခြင်းလျှင် ပစ္စုပဋ္ဌာန်ရှိသည်။ စိတ္တသန္တာပကား အတ္တဘောကို တွယ်တာခြင်း တဏှာ-မမာယန, အတ္တအတ္တနိယသညာ, ဣတ္ထိ ပုရိသ သတ္တသညာ, ဇီဝသညာ ရှိသည်ကို အကြောင်းပြု၍ အတ္တဘာဝ၏ ဖောက်ပြန် ပျက်စီးမည်ကို စိုးရိမ် အောက်မေ့ခြင်း အယောနိသော မနသိကာရလျှင် ပဒဋ္ဌာန် ရှိသည်၊ သံဝေဂကား ဒုဂ္ဂတိဘေး, သံသရာဘေး ရောက်မည်ကို အောက်မေ့ခြင်း, ကိလေသာ အာသဝေါတို့၏ အပြစ် အာဒီနဝကို အောက်မေ့ခြင်း သတိ-သမ္ပဇည ယောနိသောမနသိကာရလျှင် ပဒဋ္ဌာန်ရှိသည်။ ဤကား အထူး တည်း။

## ၆-အသဒ္ဓိယဝဍ္ဍနာ

**ဝိမံသနာပဘိရူပေန အသဒ္ဓိယံ ဝဍ္ဎေတိ။** ။ဂင်း အဋ္ဌကထာပါဠိနှင့် အညီ စုံစမ်း ဆင်ခြင်ခြင်း ပညာတရားနှင့် တူသဖြင့် သူတပါးကို မယုံကြည် ခြင်း အသဒ္ဓိယတရား လှည့်ဖြားတတ်သည်၊ မသဒ္ဓါသည် ကို ပညာ မှတ် တတ်သည်။ မသဒ္ဓါခြင်း အသဒ္ဓိယကား မယုံကြည်ခြင်း အသဒ္ဒဟန-လက္ခဏာ၊ အသင့်အတင့် ကြည်ညိုစရာ အကြောင်းကို မကြံစည်, မကြည် ညိုစရာကိုသာ ကြံစည်ခြင်း အနောကပ္ပနရသ၊ မထိမဲ့မြင် မလေးစား ပြု ခြင်း အဝမညနာကာရလျှင် ပစ္စုပဋ္ဌာန်၊ အသပ္ပုရိသူပနိဿယ, အသဒ္ဓမ္မ-သဝန, အယောနိသောမနသိကာရ သဒ္ဓါတရားခေါင်းပါးခြင်းလျှင် ပဒ-ဋ္ဌာန်ရှိသတည်း။

ဝီမံသကား စုံစမ်း ဆင်ခြင်ခြင်း လက္ခဏာ၊ ကြည်ညိုဘွယ်ဂုဏ်ကို ရှာ၍ အသင့်အတင့် ကြံစည် အောက်မေ့ခြင်း ကိစ္စ၊ ကြည်ညိုဘွယ် များသော အ ရာတို့၌ အထူး ကြည်ညို မြတ်နိုး ကျိုးနွံ တုပ်ဝပ်ခြင်း, ကြည်ညိုဘွယ်မရှိ သော ပုဂ္ဂိုလ်တို့၌သော်လည်း မထီမဲ့မြင် မပြုခြင်း, လျစ်လျူရှုခြင်း ပစ္စုပဋ္ဌာန်၊ ဗဟုဿုတ, ပညဝန္တ ပုဂ္ဂိုလ်တို့ကို မှီဝဲခြင်း, မကောင်းမှုမှ လန့် ခြင်း, နှလုံးနူးညံ့ခြင်း အစရှိသော သန္တာဘာဝလျှင် ပဒဋ္ဌာန်ရှိသတည်း။ ဤကား ဝီမံသနှင့် အသဒ္ဓိယ အထူးတည်း။

## ၇-ပရဝဇ္ဇာနုပဿိတာဝဋ္ဋနာ

**ပါပဂရဟိတာပတိရူပေန ပရဝဇ္ဇာနုပဿိတာ ဝဋ္ဋေတိ။** ။ ၎င်း အဋ္ဌ-ကထာပါဠိနှင့်အညီ မကောင်းမှုကို ကဲ့ရဲ့ခြင်းဟု ဆိုအပ်သော သူတော်တရားနှင့် တူသဖြင့် သူတပါးအပြစ်ကို ရှုတတ်သော မသူတော်တရား လှည့်ဖြားတတ်သည်။ သူတပါး အပြစ်ကို မြင်တတ် ရှုတတ်သော ပုဂ္ဂလ-ဂရဟိတာကို ပါပဂရဟိတာမှတ်၍ မပြတ်အတွင် သုံးစွဲမိတတ်သည်။

ပုဂ္ဂလဂရဟိတာကား သူတပါး၏အပြစ်ကို မြင်ခြင်းလက္ခဏာ၊ နှလုံး မသာယာခြင်းနှင့် တကွ သူတပါးဂုဏ်ကို ချေဖျက် ပြောဆို ကြံစည် အောက်မေ့ခြင်းကိစ္စ၊ သူတပါးတို့၌ အနိစ္စဝုတ္တိ, အဂါရဝတာဟု ဆိုအပ်သော မကျိုးမနွံ မရိုသေခြင်းလျှင် ပစ္စုပဋ္ဌာန်၊ ကောဓ, ဥပနာဟ, ဣဿုကိတာ, မစ္ဆရိတာ စသော အသန္တဘာဝလျှင် ပဒဋ္ဌာန် ရှိသတည်း။

ပါပဂရဟိတာကား လောဘ, ဒေါသ စသော အကုသိုလ် ကိလေသာတို့၏ အပြစ် အာဒီနဝကို မြင်ခြင်းလက္ခဏာ၊ အကုသိုလ် ကိလေသာ နှိပ်စက်အပ်သော ပါပပုဂ္ဂလတို့၌ သနားကြင်နာခြင်းနှင့်တကွ အကုသိုလ် ကိလေသာတို့မှ လန့်ကြောက်စရာကို ကြံစည် အောက်မေ့ခြင်းကိစ္စ၊ မိမိ သန္တာန်၌ အကုသိုလ်ကိလေသာ မဖြစ်ပေါ်လာရအောင် စောင့်ရှောက် အားထုတ်ခြင်း ပစ္စုပဋ္ဌာန်၊ ဟိရိဩတ္တပ္ပလျှင် ပဒဋ္ဌာန်ရှိသတည်း။ ဤကား ပုဂ္ဂလဂရဟိတာ, ပါပဂရဟိတာ နှစ်ပါးတို့ အထူးတည်း။

ဤကို နှလုံးထား၍ သံသရာ၌ နစ်စေတတ်သော ပုဂ္ဂလဂရဟီ ပရဝဇ္ဇာ-နုပဿီ မဖြစ်ရအောင် သတိပြုအပ်လှတော့သည်။ ပုဂ္ဂလဂရဟီ ဖြစ်မည်ကို ဘုရားရှင် အလွန် ကြောင့်ကြ သနားတော်မူသည်၊ ထို့ကြောင့်—

> ပရဝဇ္ဇာနုပဿိဿ၊ နိစ္စံ ဥဇ္ဈာနသညိနော။
> အာသဝါ တဿ ဝဍ္ဎန္တိ၊ အာရာ သော အာသဝက္ခယာ။—

ဟူ၍ ဟောတော်မူသည်။

ပရဝဇ္ဇာနုပဿိဿ၊ သူတပါး၏ အပြစ်ကို ရှုလေ့ရှိသော။ နိစ္စံ၊ အမြဲ။ ဥဇ္ဈာနသညိနော၊ကဲ့ရဲ့ ရှုတ်ချလေ့ရှိထသော။ တဿ ပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ် အား။ အာသဝါ၊ တို့သည်။ ဝဍ္ဎန္တိ၊ တိုးပွါးကုန်၏။ သော ပုဂ္ဂလော၊ ထို

ပုဂ္ဂိုလ်သည်။ အာသဝက္ခယာ၊ အာသဝေါတရားကုန်ရာ နိဗ္ဗာန်မှ။ အာရာ အာရကာ၊ ဝေးခဲ့လေ၏။

အရဏသုတ်၌လည်း—

ရဟောဝါဒံ န ဘာသေယျ၊ န သမ္မုခါ ခိဏံ ဘဏေ။

အတရမာနော ဘာသေယျ၊ တရမာနော စ နော ဘဏေ။—

ဟူ၍ ဟောတော်မူသည်။

ရဟောဝါဒံ၊ မျက်ကွယ် ကဲ့ရဲ့စကားကို။ န ဘာသေယျ၊ မဆိုရာ။ သမ္မုခါ ခိဏံ၊ မျက်မှောက် ရှုတ်ချသောစကားကို။ န ဘဏေ၊ မဆိုရာ။ အတရမာနော၊ ဖြည်းဖြည်း သက်သာ ကောင်းစွာ စဉ်းစား၍ သာလျှင်။ ဘာသေယျ၊ ဆိုရာ၏။ တရမာနော၊ မဆင်ခြင်ပဲ အလျင်တဆော။ နော စ ဘဏေ၊ မဆိုရာ။ အယံ၊ ဤသို့ ကျင့်ခြင်း, နေခြင်းသည်။ အရဏဝိဟာရော နာမ၊ ကိလေသာကင်းသော နေခြင်းမည်၏။ ပုဂ္ဂလဂရဟိတာဖြစ်က အရဏဝိဟာရနှင့် ဝေးလေစွ ဟူလိုသည်။

ပါပဂရဟိတာ အကျင့်မူကား အရဏပဋိပဒါ အကျင့်ပင်တည်း၊ ၎င်း အကျင့်ကိုသာ ဘုရားရှင် နှစ်သက်တော်မူသည်။ ထို့ကြောင့်—

"အညေ ပန အရဟန္တာ ဓမ္မံ ဒေသေန္တာ မိစ္ဆာပဋိပန္နေ မိစ္ဆာပဋိပန္နာတိ သမ္မာပဋိပန္နေ သမ္မာပဋိပန္နာတိ ပုဂ္ဂလဝသေနာပိ ဥဿာဒနာပသာဒနာနိ ကတွာ ဓမ္မံ ဒေသေန္တိ၊ သုဘူတိထေရော ပန အယံ သမ္မာပဋိပဒါ အယံ မိစ္ဆာပဋိပဒါတိ ဓမ္မဝသေနေဝ ဓမ္မံ ဒေသေတိ၊ တမေဝ ဘဂဝါ အရဏပဋိပဒံ ပဋိပန္နောတိ ဝဏ္ဏေသိ၊ တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ အရဏဝိဟာရီနံ ယဒိဒံ သုဘူတီတိ"—

ဟူ၍ အဋ္ဌကထာဆရာ မိန့်အပ်ပြီ။

တပါးသော ရဟန္တာအသျှင်မြတ်တို့ကား ကောင်းစွာကျင့်သော ပုဂ္ဂိုလ်ကိုလည်း ကောင်းစွာကျင့်သော ပုဂ္ဂိုလ်ပေတည်းဟု ချီးမြှောက်၍ ဟောတော်မူကုန်၏၊ မှားသောအကျင့်ရှိသော ပုဂ္ဂိုလ်တို့ကိုလည်း မှားသော အကျင့်ကို ကျင့်ကြကုန်သော သူတို့တည်း ဟူ၍ မောင်းမဲခြင်းကို ပြု၍ တရားဟောတော်မူကြကုန်၏၊ အသျှင် သုဘူတိမထေရ်ကား ဤကဲ့သို့ ပုဂ္ဂိုလ်တို့၌ ချီးမွမ်းခြင်း, မောင်းမဲခြင်းကို မပြု၊ ဤအကျင့်ကား

ကောင်း၏, ဤအကျင့်ကား မကောင်း ဤသို့ စသည်ဖြင့် အာစာရဓမ္မကိုသာ ချီးမွမ်းခြင်း မောင်းမဲခြင်းကို ပြု၍ တရားဟောတော်မူလေ့ရှိသတည်း၊ ယင်းသို့သော ပုဂ္ဂိုလ်ကိုသာ ရာဂ, ဒေါသ စသော ကိလေသာကင်းသဖြင့် နေလေ့ရှိသောသူ ဟူ၍ ဘုရားသဗ္ဗညု ချီးမွမ်းတော်မူသည် ဟူလိုသည်။ ။ရဟန္တာ အသျှင်မြတ်တို့မှာ မိစ္ဆာပဋိပန္န ပုဂ္ဂိုလ်တို့ကို မိစ္ဆာပဋိပန္န ပုဂ္ဂိုလ်တို့ ဟူ၍ အကျိုးမျှားရာ၌ ဟုတ်တိုင်း ဆိုခြင်းကြောင့် ပုဂ္ဂလဂရဟာမူကား မဖြစ်၊ ထိုသို့ မဖြစ်သော်လည်း ပုဂ္ဂိုလ်ကို ကဲ့ရဲ့ပြစ်တင်ခြင်းနှင့် တစိတ် တူရကား မမြတ်လွန်းသည်ဖြစ်၍ ဘုရားသျှင် ချီးမွမ်းတော်မမူ၊ ဤသည်ကား မှားသောအကျင့်တည်း ဟူ၍ မကောင်းမှု အကုသိုလ် အကျင့်ကိုသာ ကဲ့ရဲ့တတ်သော ပါပဂရဟိတာကိုသာ ဘုရားသျှင် အလွန်နှစ်သက်တော်မူသည်ဖြစ်၍ ပုဂ္ဂလဂရဟိတာ မဖြစ်မိအောင် အသျှင်သုဘူတိမထေရ်ကဲ့သို့ ပါပဂရဟိတာဟု ဆိုအပ်သော အရဏဝိဟာရ-ပဋိပဒါ အကျင့်မြတ်ကို ကျင့်ဆောင်နိုင်အောင် နှလုံးထားအပ်သည် ဟူလိုသည်။ အဋ္ဌကထာဆရာ ပိဏ္ဍတ္ထ အဓိပ္ပါယ်။ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ။

ဂဠုန်လက်ဝယ် နဂါး, ခြသေ့်လက်ဝယ် သားသမင်ကိုမြင်လျှင် ဂဠုန် ခြသေ့်တို့ကို လွန်စွာကြောက်အပ်သည်၊ နဂါး သားသမင်တို့ကို လွန်စွာသနားအပ်သည်။ မိမိလည်း ဂဠုန်လက်သို့ မရောက်ရအောင် လွန်စွာ သတိပြုအပ်သည် ဟူသကဲ့သို့ ပါပကမ္မကို ကျင့်သူကို မြင်လျှင် ပါပကမ္မကိုရင်း, ပါပကမ္မ၏ အကြောင်း မကောင်းမှု ကိလေသာတို့ကိုရင်း လွန်စွာ ကြောက်အပ်သည်၊ ပါပကမ္မကို ကျင့်သောသူကို လွန်စွာသနားအပ်သည်၊ မိမိလည်း ပါပကမ္မသို့ မရောက်ရအောင် အထူးသတိပြုအပ်သည်၊ သို့မှ တရားလမ်းကျမည်၊ သို့မှ ပါပဂရဟိတာဟု ဆိုအပ်သော ပဋိပဒါမြတ်ကို ကျင့်မိသည် မည်နိုင်မည်။ ။သတိရှိပါစေ။

## ၈–ဖရုသဝါစတာဝဠ္ဈနာ

**နိဂ္ဂယှဝါဒိတာပတိရူပတာယ ဖရုသဝါစတာ ဝဋ္ဋေတိ။** ။၎င်း အဋ္ဌ-ကထာပါဌ်နှင့်အညီ နှိမ်နင်း၍ ဆုံးမလေ့ရှိသော ဆရာကောင်းတို့၏ အလေ့အကျက်နှင့် တူသဖြင့် ဖရုသဝါစာတရား လှည့်ဖြားတတ်သည်၊ ဖရုသဝါစာကိုပင် နိဂ္ဂယှဝါဒိတာဟု ထင်မှတ်၍ မဆင်ခြင်ဘဲ အမြဲနှုတ်ကြမ်းတမ်းတတ်သည်။ ဖရုသဝါစာကား ကြမ်းတမ်းသော အတွေ့ရှိသော လွှသွား

ကဲ့သို့ သည်းမခံသာ လွန်စွာကြမ်းတမ်းခြင်း လက္ခဏာ၊ သူတပါးနား၌ မချမ်းသာစေခြင်းကိစ္စ၊ သူတပါးတို့ ကောင်းကျိုး၏ မပြီးခြင်း, မကောင်းကျိုး၏ ထင်ရှားဖြစ်ခြင်း ပစ္စုပဋ္ဌာန်၊ ဒေါမနဿ ဒေါသလျှင် ပဒဋ္ဌာန်ရှိသတည်း။ နိဂ္ဂယှဝါဒိတာကား အပြစ်ကိုထင်စွာပြု၍ ဆိုဆုံးမခြင်း လက္ခဏာ၊ သူတပါးကို ကြောက်ရွံ့ရိုသေ သံဝေဂဖြစ်စေခြင်းကိစ္စ၊ သူတပါးတို့ အကျိုးပြီးခြင်းလျှင် ပစ္စုပဋ္ဌာန်၊ အကျိုးကိုတောင့်တခြင်း ဟိတာကာရ မူလလျှင် ပဒဋ္ဌာန်ရှိသတည်း။ ။ဤကား အထူး။

## ၉-စာဋုကမျတာဝဋ္ဋနာ

**ပိယဝါဒိတာပတိရူပတာယ စာဋုကမျတာ ဝဋ္ဋေတိ။** ။ငင်း အဋ္ဌကထာ ပါဠ်နှင့်အညီ နူတ်ခွန်းချိုသာ ပိယဝါစာရှိမှ ကောင်းမည်အထင်နှင့် အရိုအသေ ပြောဆိုသဖြင့် ဒါယကာတို့အောက် နှိမ့်ချ၍ ပြောဆိုခြင်း တည်းဟူသော အနေသန စာဋုကမျတာတရား လှည့်ဖြားတတ်သည်၊ စာဋုကမျတာ အနေသနကို ပိယဝါဒိတာဟု ထင်မှတ်တတ်သည်။ စာဋုကမျတာကား မိမိကိုယ်ကို နှိမ့်ချခြင်း လက္ခဏာ၊ ဒါယကာတို့ နားခံသာအောင် ကြံဆောင်မြှောက်စားခြင်း ကိစ္စ၊ မိဟိတပုဗ္ဗင်္ဂမ ပေဟိသွာဂတဝါဒိတာဟု ဆိုအပ်သော နူတ်ခွန်းချိုသာ ပြုခြင်းငှါ လောကဝတ်ပြုတတ်ခြင်းလျှင် ပစ္စုပဋ္ဌာန်၊ လာဘိစ္ဆာ မဟိစ္ဆာလျှင် ပဒဋ္ဌာန်။ ပိယဝါဒိတာကား ကြည်ညိုနှစ်သက်ဖွယ်သော တရားစကားကို ဆိုခြင်းလက္ခဏာ၊ "အပသန္နာနံ ပသာဒါယ ပသန္နာနံ ဘိယျောဘာဝါယ" ဟောတော်မူသည့်အတိုင်း ဒါယကာတို့အား သဒ္ဓါတရားကို ပွါးစေခြင်းကိစ္စ၊ "ဓမ္မိကော ပဋိသန္ဓာရော ကာတဗ္ဗော" ဟောတော်မူသည်ကို နှလုံးထား၍ မျက်မှောင်တကုပ်ကုပ် မလုပ်လွန်းဘဲ တရားနှင့်လျော်သော ပဋိသန္ဓာရကို ပြုခြင်းလျှင် ထင်သော အခြင်းအရာ ပစ္စုပဋ္ဌာန်၊ မေတ္တာကရုဏာလျှင် ပဒဋ္ဌာန်ရှိသတည်း။ ။ဤကား အထူး တည်း။

## ၁၀-အသံဝိဘာဂသီလတာဝဋ္ဋနာ

**အာဇီဝပါရိသုဒ္ဓိပတိရူပတာယ အသံဝိဘာဂသီလတာ ဝဋ္ဋေတိ။** ။ငင်း အဋ္ဌကထာပါဠ်နှင့်အညီ အာဇီဝပါရိသုဒ္ဓိယောင် ပြု၍ အသံဝိဘာဂသီလတာ ဟူသော မသူတော်တရား လှည့်ဖြားတတ်သည်။ အသံဝိဘာဂသီလတာကား မိမိပစ္စည်းကို သီတင်းသုံးဘော်တို့အား မဝေဘန် မခွဲခြမ်းလိုခြင်း

လက္ခဏာ၊ သူတပါးတို့နှင့် မဆက်ဆံစေခြင်းကိစ္စ၊ သူတပါးတို့၌ ပဋိသန္ထာရ မပြုခြင်း, သူတပါးတို့နှင့် အစေ့အစပ် မဖြစ်ခြင်း ပစ္စုပဋ္ဌာန်၊ မဇ္ဈေရလျှင် ပဒဋ္ဌာန်ရှိသတည်း။ အာဇီဝပါရိသုဒ္ဓိကား အလဇ္ဇီရဟန်းတို့နှင့် ရောပြွမ်း ပေးကမ်း ထောက်ပံ့ခြင်းဟု ဆိုအပ်သော အလဇ္ဇီပဂ္ဂဟအဖြစ်မှ စင်ကြယ် အောင် အသက်မွေးခြင်း လက္ခဏာ၊အလဇ္ဇီပုဂ္ဂိုလ်တို့နှင့် မဆက်ဆံခြင်းကိစ္စ၊ အလဇ္ဇီရဟန်းတို့နှင့် နှလုံးကျွမ်းဝင် မိတ်သင်္ဂဟ မပြုခြင်းလျှင် ပစ္စုပဋ္ဌာန်၊ သိက္ခာကာမတာ အနေသနပရိဝဇ္ဇနသာလျှင် ပဒဋ္ဌာန် ရှိသတည်း။ ဤကား အထူးတည်း။

ဤကို နှလုံးထား၍ အလဇ္ဇီပဂ္ဂဟဖြစ်မည် စိုးရိမ်ဟန်နှင့် မိမိပစ္စည်းကို ဝန်တိုနှမြောခြင်း မဇ္ဈေရစိတ် ဖြစ်တတ်သည်ကို ကြပ်ကြပ် သတိပြုအပ်သည် ဟူလိုသည်။

## ၁၁-မိစ္ဆာဇီဝဝဋ္ဋနာ

**သံဝိဘာဂသီလတာပတိရူပေန မိစ္ဆာဇီဝေါ ဝဋ္ဋေတိ။** ။ငင်း အဋ္ဌကထာ ပါဠိနှင့်အညီ မိစ္ဆာဇီဝကိုလည်း သံဝိဘာဂသီလတာ ဟု ဆိုအပ်သော နာယကအင်္ဂါတခု, တရားကောင်းတခု မှတ်တတ်သည်။ မိစ္ဆာဇီဝကား မအပ်သော ပစ္စည်းတို့ဖြင့် အသက်မွေးခြင်း လက္ခဏာ၊ နှစ်ဆဲ့တပါးသော အနေသန အမှုတို့ကို လွန်ကျူးပြုကျင့်ခြင်း ကိစ္စ၊ အနနုလောမိက ဂိဟိသံ- သဂ္ဂမျှားခြင်း, အာဇီဝပျက်စီးခြင်း, ဝိပ္ပဋိသာရဖြစ်ခြင်းတို့သည် အာကာရ- ဖလ-ဟု ဆိုအပ်သော ပစ္စုပဋ္ဌာန်၊ အလဇ္ဇီတာ, အညာဏတာ, မဟိစ္ဆတာ, ပါပိစ္ဆတာ, အတြိစ္ဆတာ စသည်တို့လျှင် ပဒဋ္ဌာန် ရှိသတည်း။

သံဝိဘာဂသီလတာကား ခွင့်ပြုတော်မူအပ်သော အနုညာတ ပုဂ္ဂိုလ် တို့၌ ပစ္စည်းတို့ကို ဝေဘန်ဖြန့်ဖြူးခြင်း လက္ခဏာ၊ သူတပါးတို့အား နှစ်လို ဝမ်းမြောက်ခြင်းကို ဖြစ်စေခြင်း ကိစ္စ၊ ပစ္စည်းလာဘ်တို့၌ အနပေက္ခ စွန့်ပစ် နိုင်ခြင်း လျစ်လျူရှုခြင်း ပစ္စုပဋ္ဌာန်၊ အမစ္ဆရိတာ ကာရုညတာလျှင် ပဒဋ္ဌာန် ရှိသတည်း။

## ၁၂-အသင်္ဂဟသီလတာဝဋ္ဋနာ

**အသံသဂ္ဂဝိဟာရိတာပတိရူပေန အသင်္ဂဟသီလတာ ဝဋ္ဋေတိ။** ။ငင်း အဋ္ဌကထာပါဠိနှင့်အညီ ဒါယကာတို့နှင့် မနီးနှော, ဝိနည်းတရားနှင့် အညီ နေလေ့ရှိသော သူတော်ကောင်းရဟန်းတို့ အဖြစ်နှင့် တူသဖြင့် ဒါယကာ

တို့အား ချီးမြှင့်လေ့မရှိခြင်း တည်းဟူသော အသင်္ဂဟိတတရား လှည့်ဖြား တတ်သည်။ ဝိနည်းတရားနှင့် အညီ တရားစကားတို့ဖြင့်၎င်း, တရားနှင့် ညီသော ပဋိသန္ဓာရ စကားတို့ဖြင့်၎င်း ချီးမြှောက်သင့်လျက် ဂိဟိသံသဂ္ဂ ဖြစ်မည်ကြောင့် စကားမပြော ရောနှောမရှိ အနေလွန်သဖြင့် တရားနှင့် အညီ ချီးမြှောက်ခြင်း မရှိသော အသင်္ဂဟသီလတာ ဟူသော မသူတော် တရား လှည့်ဖြားတတ်သည်ကို သတိရှိပါစေ ဟူလိုသည်။ လက္ခဏ, ရသ စသည်တို့ကို ရှေးနည်းမှီ၍တင်။

သာမညံ ဝါ သဘာဝေါ ဝါ လက္ခဏံ၊ ကိစ္စံ ဝါ သမ္ပတ္တိ ဝါ ရသော၊ အာကာရော ဝါ ဖလံ ဝါ ပစ္စုပဋ္ဌာနံ၊ အာသန္နကာရဏံ ပဒဋ္ဌာနံ။ ။အဋ္ဌကထာ လာသည့်အတိုင်း နည်းမှီး၍ ခွဲလေ။

သာမညံ ဝါ၊ အများနှင့် ဆက်ဆံသော သာမည လက္ခဏာသည်၎င်း။ သဘာဝေါ ဝါ၊ အများနှင့် မဆက်ဆံသော မိမိ၏ ဝိသေသ သဘော လက္ခဏာသည်၎င်း။ လက္ခဏံ၊ ၏။ ကိစ္စံ ဝါ၊မိမိ၏ လက္ခဏာသဘောအတိုင်း ပြုဆဲကိစ္စသည်၎င်း။ သမ္ပတ္တိ ဝါ၊ မိမိ၏ လက္ခဏာသဘော၏ ပြည့်စုံဆဲသည် ၎င်း။ ရသော-ရသမည်၏။ အာကာရော ဝါ၊ မိမိ၏ သဘောလက္ခဏာကို သိစေတတ် သိစေကြောင်း အခြင်းအရာ အာကာရသည်၎င်း။ ဖလံ ဝါ၊ ၎င်းတရား၏ အကျိုးသည်၎င်း။ ပစ္စုပဋ္ဌာနံ၊ ပစ္စုပဋ္ဌာန် မည်၏။ အာသန္န-ကာရဏံ၊ ယင်းတရားဖြစ်ခြင်း၏ နီးစွာသော အကြောင်းသည်။ ပဒဋ္ဌာနံ၊ ပဒဋ္ဌာန် မည်၏။

ဖဿစေတသိက်၏ ဝေဒနာ အစရှိသော စေတသိက်တို့နှင့် စေတော-ယုတ္တလက္ခဏာ၏ အဖြစ်ဖြင့် တူသော လက္ခဏာသည် ဖဿ၏ သာမည လက္ခဏာ မည်၏၊ အာရုံ၌ တွေ့ခြင်း လက္ခဏာသည် ဖဿ၏ ဝိသေသ ဖြစ်သော သဘာဝလက္ခဏာ မည်၏၊ ၎င်းလက္ခဏာ၏ ထင်ရှားဖြစ်ဆဲဟု ဆိုအပ်သော အာရုံ၌ ထိခိုက်ခြင်း ကိစ္စသည် ဖဿ၏ ရသ မည်၏၊ ၎င်းကိစ္စ လက္ခဏာကို သိကြောင်းဟု ဆိုအပ်သော "တိဏ္ဏံ သင်္ဂတိ ဖဿော"ဟု ဟောတော်မူသည့်အတိုင်း စက္ခုပသာဒ, ရူပါရုံ, စက္ခုဝိညာဏ အစရှိသော အကြောင်း တရားတို့၏ ပေါင်းဆုံမိခြင်းသည် ဖဿ၏ အာကာရ ပစ္စုပဋ္ဌာန် မည်၏။ "ဖဿပစ္စယာ ဝေဒနာ"ဟု ဟောတော်မူသည့်အတိုင်း ဖဿကြောင့် ဝေဒ-နာ ဖြစ်ပေါ်လာခြင်းသည် ဖဿ၏ ဖလပစ္စုပဋ္ဌာန် မည်၏၊ "သဠာယတန-

ပစ္စယာ ဖဿော” ဟု ဟောတော်မူသည်အတိုင်း စက္ခာယတန စသည်တို့၏ ထင်ရှားဖြစ်ခြင်းသည် ဖဿ၏ နီးစွာသော အကြောင်း ပဒဋ္ဌာန် မည်၏၊ အာကာရပစ္စုပဋ္ဌာနကား လက္ခဏာကို သိကြောင်း, ပဒဋ္ဌာန်ကား ယင်း လက္ခဏာရှိသော တရား၏ ဖြစ်ကြောင်းတည်း၊ ဤကား ပစ္စုပဋ္ဌာန်တစိတ် နှင့် ပဒဋ္ဌာန်တို့၏ အထူးတည်း။ ။ဤနည်းကို မှီ၍လည်းကြံ။

## ၁၃-အနနုလောမိကဂိဟိသံသဂ္ဂဝဋ္ဋနာ

**သင်္ဂဟသီလတာပတိရူပတာယ အနနုလောမိကဂိဟိသံသဂ္ဂေါ ဝဋ္ဋေ-တိ။** ။ငင်းအဋ္ဌကထာပါဠ်နှင့်အညီ ဒါယကာတို့အား ဝိနည်းတရားနှင့် အညီ အာမိသပဋိသန္ထာရ, ဓမ္မပဋိသန္ထာရတို့ဖြင့် ချီးမြှောက်ခြင်းနှင့် တူ သဖြင့် ရဟန်းတရားနှင့် မလျော်သော လူတို့နှင့် ရောနှောခြင်း ဂိဟိသံသဂ္ဂ ဖြစ်တတ်သည်ကို နှလုံးကြပ်ကြပ် ထားအပ်သည်။ “ပညာလွန်လျှင် သဒ္ဓါ နည်းသည်၊ ဝီရိယလွန်လျှင် ဥဒ္ဓစ္စ ဖြစ်တတ်သည်”ဟူသကဲ့သို့ ကုက္ကုစ္စ အားကြီး လွန်းလျှင် အသင်္ဂဟသီလတာ ဖြစ်တတ်သည်။ သင်္ဂဟသီလတာ လွန်လျှင် ဂိဟိသံသဂ္ဂ ဖြစ်တတ်သည်။ သတိရှိပါစေ ဟူလိုသည်။

## ၁၄-ပိသုဏဝါစတာဝဋ္ဋနာ

**သစ္စဝါဒိတာပတိရူပေန ပိသုဏဝါစတာ ဝဋ္ဋေတိ။** ။ငင်းအဋ္ဌကထာ ပါဠ်နှင့်အညီ “အမှန်ကို ဆိုလေ့ရှိသော သူ၏ အဖြစ်သည် မြတ်သည်သာလျှင် တည်း”ဟု နှလုံးသွင်း၍ သူတယောက်၏ထံ သူတယောက်၏ အပြစ်ဒေါသကို အရာရောက်ရာ အကျိုးရှိရာ၌ မထိမ်မဝှက် ဖြောင့်မှန်စွာ ပြောဆိုပါသော် လည်း အကြိမ်များ၍ အကျိုးမရှိရာ, အရာမရောက်ရာ၌ ပြောဆိုမိသဖြင့် ကုန်းချောတိုက်ခြင်း ပိသုဏဝါစာ ဖြစ်တတ်သည်။ သတိရှိစေအပ်သည် ဟူလိုသည်။

## ၁၅-အနတ္ထကာမတာဝဋ္ဋနာ

**အပိသုဏဝါစတာပတိရူပေန အနတ္ထကာမတာ ဝဋ္ဋေတိ။** ။ငင်းအဋ္ဌ-ကထာပါဠ်နှင့်အညီ တယောက်သော သူက တယောက်သောသူ၏ အကျိုးမဲ့ ကို ပြုမည် ကြံစည်သော အခြင်းအရာကို သိလျက်, ကြားလျက် ကုန်းတိုက်ရာ ရောက်မည်စိုး၍ ထိုပျက်စီးလတ္တံ့သော သူတယောက်အား မပြောမကြား

ရှောင်လွှဲ၍ နေသည်အဟန်နှင့် သူတပါးအကျိုးကို မတောင့်တခြင်းဟူသော မသူတော်တရား လှည့်ဖြားတတ်သည်။ မိတ်ဆွေခင်ပွန်းတို့ အကျိုးမဲ့ကို လိုလားခြင်း အနတ္ထကာမတာဟူသော ပါပဓမ္မဖြစ်တတ်သည်၊ သူတပါးတို့ ကွဲပြား ပျက်စီးခြင်းကို နှလုံးမထား ကရုဏာပုဗ္ဗင်္ဂမဖြင့် ပြောကြားသော် ပိသုဏဝါစာမှလည်း လွတ်၏၊ အတ္ထကာမတာလည်း ဖြစ်၏ ဟူလိုသည်။

## ၁၆-ကုလမစ္ဆရိယဝဇ္ဇနာ

**ကုလာနုဒယတာပတိရူပတာယ ကုလမစ္ဆရိယံ ဝဇ္ဇေတိ။** ။ငင်း အဋ္ဌကထာပါဠိနှင့်အညီ ဒါယကာတို့အား သနားခြင်း ကရုဏာနှင့် တူသဖြင့် ကုလမစ္ဆေရ ဖြစ်တတ်သည်၊ မိမိ ဥပဋ္ဌာက ဒါယကာတို့အိမ်၌ တပါးသော ရဟန်းတို့ အလှူခံယူ သွားလာ ထွက်ဝင်ကြသည်ကို မြင်လျှင် ဒါယကာကို သနား အားနာလွန်၍ အလှူခံပုဂ္ဂိုလ်တို့အား နှလုံးမသာ မစ္ဆေရစိတ် ဖြစ်မှန်းမသိ ဖြစ်တတ်သည်၊ မစ္ဆေရကို ကရုဏာ ထင်တတ်သည်၊ အားမနာ တန်ရာ၌ အားနာမလွန်ရအောင် သတိရှိစေရမည် ဟူလိုသည်။

## ၁၇-အာဝါသမစ္ဆရိယဝဇ္ဇနာ

**အာဝါသစိရတရကာမတာမုခေန အာဝါသမစ္ဆရိယံ ဝဇ္ဇေတိ။** ။ငင်း အဋ္ဌကထာပါဠိနှင့်အညီ မိမိကျောင်းတိုက် နေရာအာဝါသ၌ သံဃာတော်တို့ နှလုံးမွေ့လျော် ပျော်ဘွယ်သာယာ ရှည်မြင့်စွာ တည်ရစ်စေသော-ဟု ဉယျာန်သစ်ပင် တည်ထွင်ပြုစု ကြည့်ရှုစောင့်ရှောက်ခြင်းကို အရင်းမူသဖြင့် သူဖျက်ဆီးမည်ကို စိုးရိမ်ကြောင့်ကြ ဖျက်ဆီးသူတို့ကို နှလုံးရှုနခြင်း မစ္ဆေရ စိတ် ဖြစ်မှန်းမသိ ဖြစ်တတ်သည်၊ အာဝါသ မစ္ဆေရကို အာဝါသစိရတရ-ကာမတာ-ဟု ဆိုအပ်သော နောက်သားနောင်လာ သံဃာတော်တို့ ရှုမြော် စောင့်ရှောက်ရသော မဟာကုသိုလ်စိတ် မှတ်တတ်သည်၊ အစောင့်အရှောက် မလွန်လွန်းရအောင် သတိပြုအပ်သည် ဟူလိုသည်။

## ၁၈-ဓမ္မမစ္ဆရိယဝဇ္ဇနာ

**ဓမ္မပဋိဗဒ္ဓပရိဟရဏတာမုခေန ဓမ္မမစ္ဆရိယံ ဝဇ္ဇေတိ။** ။ငင်း အဋ္ဌကထာပါဠိနှင့်အညီ တရားနှင့်စပ်သော ဘဏ္ဍာကို သိမ်းဆည်းစောင့်ရှောက် ခြင်းကို အရင်းပြုသဖြင့် ဓမ္မမစ္ဆေရစိတ် ဖြစ်တတ်သည်၊ ပိဋကတ်စာပေ၊

စေတီပုထိုး ကိုးကွယ်ပူဇော်စု စောင့်ရှောက်ခြင်းကို အရင်းပြုသဖြင့် ရွှေပွတ်စာ ခိုး လူဆိုးလူပျက် စသည်တို့၌ နှလုံးမသာ မဇ္ဈေရစိတ် ဖြစ်သကဲ့သို့ ဟူလို သည်။ နှမြောစုံမက် မပေးရက်ကာမျှဖြင့် မစ္ဆေရ မဟုတ်၊ နှမြောစုံမက် မပေးရက်ပဲ အနိုင်အထက် ပေးရတော့မည်တကား ဟူ၍၎င်း, ယူသွား ကြသည်တကား ဟူ၍၎င်း နှလုံးမသာဖြစ်မှ မစ္ဆေရစိတ်မှတ်။ မိမိဥစ္စာ ကိုင်းကျွန်းလယ်ယာ ပျက်စီးမည်ကြောင့် ဆီးကာပိတ်ဆို့ ပြုကာမျှဖြင့် မစ္ဆေရ မဟုတ်၊ ကျွန်သွားလူသူ လုယူဖျက်ဆီး ရှိသည့်အခါ မသာနှလုံး ပူချုံးဝမ်းနဲ ဆဲရေးဆိုမြည် သည်အခါမှ မစ္ဆေရရန် မာရ်နိုင်ငံသို့ ရောက်လေ သည်မှတ်။

ယင်းသို့သောအခါ သူတပါးတွက်တာနှင့် ပစ္စုပ္ပန်အစီးအပွါးသာ ပျက် သည်၊ မိမိတွက်တာနှင့်ကား သံသရာစီးပွါးပါ ပျက်ပြားလေခဲ့သည်၊ တမတ် တန် ဥစ္စာပျောက်၍ သမီးမောင်နှံနှစ်ယောက် ခိုက်ရန်ဖြစ်ကြသည့်အခါ အဝတ်ပုဆိုး အိုးအင် ဖျာရိုင် သူ့ထက်ငါ မနိုင်ရအောင် အပြိုင်သား ဖျက် ဆီးကြသဖြင့် တအိမ်လုံး ပျက်ကြ၍ ဆုံးပါးကြီး ရောက်ရသည့် ဗာလ-ဗာလီတို့နှင့် တူလေစွတကားဟု နှလုံးထား၍ သူတပါးတွက်တာနှင့် ပစ္စုပ္ပန် စီးပွါး ပျက်ပြားရသည့်အခါတွင် ကိုယ့်တွက်တာနှင့် သံသရာ အစီးအပွါးပါ မပျက်ရအောင် သတိဆောင်အပ်လှတော့သည် မှတ်။

## ၁၉-ဘဿာရာမတာဝဏ္ဏနာ

**ဓမ္မဒေသနာဘိရတိမုခေန ဘဿာရာမတာ ဝဍ္ဍေတိ။** ။၎င်းအဋ္ဌကထာ ပါဠ်နှင့်အညီ တရားစကား ပြောဟောခြင်း၌ မွေ့လျော်ခြင်းကို အရင်းပြု သဖြင့် စကားများခြင်း၌ မွေ့လျော်ခြင်း ဟူသော ဘဿာရာမတာ ဖြစ် တတ်သည်၊ တရားစကား ပြောခြင်း၌သော်လည်း အတိုင်းအရှည်ကို သိရ မည်။ "ဘဂဝါ ကာလံ ဥ တွာ ပရိသံ ဥယျောဇေသိ" (ပါဠိတော်။) "ကာလေန ဓမ္မသာကစ္ဆာ" ဒေသနာတော်ကို နှလုံးထား၍ ပရိသတ်ထူထူ လူတအုန်းအုန်းနှင့် နှလုံးနှစ်ခြိုက် ဘဿာရာမ လိုက်တတ်သည်များကြောင့် တရားစကားကိုသော်လည်း တော်သင့်လျောက်ပတ် ကာလမှတ်၍ ဆုံးမ ခြင်းကိုပြုသဖြင့် ပရိသတ်ကို လွှတ်အပ်,သွားစေအပ်သည်၊ ယင်းသို့ မပြုက ဘဿာရာမတာ ဖြစ်တတ်သည် ဟူလိုသည်။

## ၂၀-သင်္ဂဏိကာရာမတာဝဥ္စနာ

**ဂဏာနုဂ္ဂဟကရဏတာမုခေန သင်္ဂဏိကာရာမတာ ဝဥ္စတိ။** ။ငင်း အဋ္ဌကထာပါဌ်နှင့်အညီ တပည့်သား ဂိုဏ်းသံဃာကို ချီးမြှောက်ခြင်းကို အရင်းပြုသဖြင့် အပေါင်းအဖော်၌ မွေ့လျော်ခြင်း သင်္ဂဏိကာရာမတာ ဖြစ်တတ်သည်၊ ပါဠိသင်ခြင်း, အဋ္ဌကထာသင်ခြင်း စသည်တို့ဖြင့် တပည့်သားဂိုဏ်းကို ချီးမြှောက်၍ သာသနာတော် စည်ပင်ခြင်းသို့ ရောက်အောင် ရွက်ဆောင်သည့်အမှတ်နှင့် အပေါင်းအဖော်ကို မစွန့်ခွါနိုင်ခြင်း သင်္ဂဏိ-ကာရာမ တဏှာဖြားယောင်း လှည့်ပတ်၍ စိတ္တေကဂ္ဂတာဘာဝနာ လက်လွတ်သဖြင့် သံသရာနခမ်း မသတ်နိုင်, နိဗ္ဗာန်သောင်ကမ်း မခပ်နိုင်ပဲ ရှိတတ်သည်။

"အတ္တသမံ ပေမံ နတ္ထိ" "အတ္တာ ဟိ အတ္တနော နာထော၊ ကောဟိ နာထော ပရော သိယာ" "အတ္တဒတ္ထံ ပရတ္ထေန၊ ဗဟုနာပိ န ဟာပယေ" ဒေသနာတော်မြတ် အရပ်ရပ်ကို နှလုံးထားသဖြင့် အဆုံးမရှိ ဘေးအတိ ပြွမ်းသော သံသရာဝယ် နေသာထိုင်အား သူတပါးတွက်တာနှင့် ကာလ လျှား၍ တရားလက်လွတ် မနေမိရအောင် သတိကြပ်ကြပ် ပြုအပ်လှတော့ သည် ဟူလိုသည်။

## ၂၁-ကမ္မာရာမတာဝဥ္စနာ

**ပုညကာမတာပတိရူပတာယ ကမ္မာရာမတာ ဝဥ္စတိ။** ။ငင်း အဋ္ဌကထာပါဌ်နှင့်အညီ ကမ္မာရာမတာကို ပုညကာမတာ မှတ်တတ်သည်၊ ကုသိုလ်ကောင်းမှုကို လိုလားသည့် အဟန်နှင့် သီလသမာဓိ, ဘာဝနာ ကုသိုလ်တရားတို့၏ အန္တရာယ် ကြီးကျယ်စွာသော နဝကမ္မအမှုကြီးကို ဦးစီး ပဲ့မှူး ရေတွင်းတူး ရေကန်ဆည် ဘုရားတည် ကျောင်းဆောက် အမှု မျိုးနှင့် ကာလလွန်ကျွမ်း၍ သမထဘာဝနာ ဝိပဿနာလမ်းကို ဖြောင့် တန်းစွာ သွားခွင့် မရသဖြင့် ဒုက္ခအဆုံးမသတ်နိုင်ပဲ ရှိရတတ်သည်။

သဘော်ပါ အထည်ကောင်း အဝတ်ကောင်း စိန်ကောင်း ကျောက် ကောင်း ကုန်ရောင်းစရာ ပေါမျှားသည့် နေဝါ သူကြွယ်ကြီးမျိုး ဖြစ်ပါလျက် ကန်စွန်းရွက်သည် မိန်းမ အတိဒလိဒ္ဒတို့ အတုအပ ကန်စွန်းရွက်ကုန် ရောင်းက လောကတွင်လည်း မတင့်တယ်၊ ဥစ္စာတိုး၍ ကြွယ်လှမည်လည်း မဟုတ်၊ ကြက်သရေ ဆုတ်ယုတ် ဂုဏ်သာ နုပ်လေတော့မည် ဆိုအပ်သကဲ့သို့

ရဟန်းမြတ်တို့၏ ဝိသေသဥစ္စာ သမထဘာဝနာ, ဝိပဿနာဘာဝနာ တည်းဟူသော စိန်ကောင်း ကျောက်ကောင်း ရောင်းစား ပွဲးများ စေအပ်သည့် အနဂ္ဃဥစ္စာကို ဥစ္စာမမှတ်၊ များစွာသော ဗျာပါရတည်း'ဟူသော ဒေါသ, ဒေါမနဿ စသော အကုသိုလ် ကိလေသာရန်သူ နီးလှသည့် နဝကမ္မအမှုကြီးကို ရဟန်းတို့ ဝိသေသဥစ္စာ ပုညာရာမတဆူပြု၍ နေသာဒ, ဝနေစရဖြစ်သော ဂဟဋ္ဌတို့သော်လည်းပြုစွမ်းနိုင်သော ဒါနမယ နဝကမ္မ ကုသိုလ်မျှနှင့်သာ အားရတင်းတိမ်က နိဗ္ဗာန်ရွှေအိမ်ရောက်နိုင်ခဲလိမ့်မည်၊ ဘေးကင်းရာလမ်းဖြောင့် လမ်းကောင်းကို ကြည့်၍ ဘေးထူပြောသည့် လမ်းဆိုး လမ်းကောက်သို့ လိုက်မှားသော မဂ္ဂမူဠ္ဌ ပုရိသဗာလကဲ့သို့ မရှိစေရာ ဟူလိုသည်။

## ၂၂-ဗျာပါဒဝဏ္ဏနာ

**ပဋိကူလသညိတာမုခေန ဗျာပါဒေါ ဝဍ္ဎေတိ။** ။ငင်းအဋ္ဌကထာပါဠိနှင့်အညီ နှလုံးမသာ ဗျာပါဒဖြစ်သည်ကို ပဋိကူလသညာ ကမ္မဋ္ဌာန်းထင်သည် မှတ်တတ်သည်၊ ဒေါသဖြင့် စက်ဆုပ်ရွံရှာသည်ကို ကမ္မဋ္ဌာန်း၏အစွမ်းဖြင့် ပဋိကူလသညာ ထင်သည် မှတ်တတ်သည်။

## ၂၃-ကာမစ္ဆန္ဒဝဏ္ဏနာ

**အပဋိကူလသညိတာမုခေန ကာမစ္ဆန္ဒော ဝဍ္ဎေတိ။** ။ငင်းအဋ္ဌကထာပါဠိနှင့်အညီ မစက်ဆုပ် မရွံရှာတတ်သည့် အမှတ်သညာဖြင့် ကာမဂုဏ်၌ တပ်နှစ်သက်ခြင်း ကာမစ္ဆန္ဒတရား လှည့်ဖြားတတ်သည်၊ စက်ဆုပ်ရွံရှာခြင်းသည် ဒေါသစရိုက်ကြောင့် ရွံရှာတတ်သည်လည်း ရှိသည်၊ ပဋိကူလ-သညာ ကမ္မဋ္ဌာန်း ထင်သောကြောင့် ရွံရှာသည်လည်း ရှိသည်။ မရွံရှာခြင်းသည်လည်း ပဋိကူလသညာ ကမ္မဋ္ဌာန်း၏ အစွမ်းဖြင့် မရွံရှာတတ်သည်လည်း ရှိသည်၊ ရာဂစရိုက်ကြောင့် မရွံရှာတတ်သည်လည်း ရှိသည်။ မိမိ၏ ဆံအစရှိသော သုံးဆယ့် နှစ်ပါးသော ကောဋ္ဌာသ တို့၌ငင်း, ဗဟိဒ္ဓသန္တာန်၌ သူတပါးတို့၏ ဆံအစရှိသော ကောဋ္ဌာသတို့၌ငင်း အတူတူ ရွံရှာဘွယ် ထင်ခြင်းသည် ပဋိကူလသညာ အစွမ်းဖြင့် ရွံရှာခြင်းတည်း။

မိမိသူတပါး အသေအရှင် မထူးမခြား ထင်သည် ရှိသော် ပဋိကူလသညာ ကမ္မဋ္ဌာန်း ထင်သည်မည်၏၊ ထို ပဋိကူလကမ္မဋ္ဌာန်း ထင်သည်ရှိသော် မိမိ ကိုယ်၌ကဲ့သို့ သူတပါး ကိုယ်၌လည်း မရွံရှာခြင်း, အသက်

ရှင်သော ကိုယ်၌ကဲ့သို့ အသက်မရှင်သော အကောင်ပုပ်၌လည်း မရွံရှာခြင်းသည် ဖြစ်၏၊ သူတပါးတို့ နှပ်, တံတွေး အစရှိသည်၌ကဲ့သို့ မိမိ၏ နှပ်, တံတွေး အစရှိသည်၌လည်း ရွံရှာခြင်း, အသက်မရှိ အကောင်ပုပ်၌ကဲ့သို့ အသက်ရှင်သော နှစ်သက်ဖွယ်ဟူ၍ သမုတ်အပ်သော အာရုံတို့၌လည်း ရွံရှာခြင်းသည် ဖြစ်၏။ ကာမစ္ဆန္ဒတဏှာ အားကြီးလွန်းသော သူသည်လည်း သူတပါးတို့ ရွံရှာကြသည့် အာရုံ၌လည်း မရွံရှာပဲ ရှိတတ်သည်၊ ဒေါသစရိုက် လွန်သော သူသည်လည်း သူတပါးတို့ သာယာကြသော အာရုံ၌သော်လည်း မသာယာ ခြင်းသည်၎င်း, နှလုံးမသာ ဗျာပါဒသည် ၎င်း ဖြစ်တတ်သည်၊ ဒေါသစရိုက် လွန်၍ မရွံတန် ရွံရှာခြင်း ဗျာပါဒ ဖြစ်သည်ကို ပဋိကူလသညာ ကမ္မဋ္ဌာန်း ထင်သည် အမှတ်ရှိတတ်သည်။ သတိပြုရန်။

## ၂၄-ထိနမိဒ္ဓဝဋ္ဋနာ

**သမာဓိမုခေန ထိနမိဒ္ဓံ ဝဋ္ဋေတိ။** ။၎င်း အဋ္ဌကထာပါဠ်နှင့် အညီ သမာဓိ ဟန်ဆောင်၍ ထိနမိဒ္ဓရန် ဖျက်ဆီးတတ်သည်၊ ထိနမိဒ္ဓကို သမာဓိ မှတ်တတ်သည်။ ။သမာဓိမုခေန၊ သမာဓိတရားကို အရင်းပြုသဖြင့်။ ဝ၊ ရှေးဦးစွာ သမာဓိ ဖြစ်ပေါ်လာခြင်းကို အရင်းပြုသဖြင့်။ ထိနမိဒ္ဓံ၊ ငိုက်မျည်း ပျင်းရိခြင်း ထိနမိဒ္ဓ ရန်သည်။ ဝဋ္ဋေတိ၊ သမာဓိယောင် ဟန်ဆောင် လှည့်ဖြားတတ်၏။

## ၂၅-ဥဒ္ဓစ္စဝဋ္ဋနာ

**ဝီရိယာရမ္ဘမုခေန ဥဒ္ဓစ္စံ ဝဋ္ဋေတိ။** ။၎င်း အဋ္ဌကထာပါဠ်နှင့် အညီ ဝီရိယ လွန်သဖြင့် ဥဒ္ဓစ္စဖြစ်တတ်သည်။ ။ဝီရိယာရမ္ဘမုခေန၊ ဝီရိယ အားထုတ်ခြင်းကို အရင်းပြုသဖြင့်။ ဥဒ္ဓစ္စံ၊ စိတ်၏ တည်ကြည်ရာမရ ပျံ့လွင့် တုန်လှုပ်ခြင်း ဥဒ္ဓစ္စတရားသည်။ ဝဋ္ဋေတိ၊ ဖြားယောင်း လှည့်ပတ်၏။

စိတ်ပျံ့လွင့်မည်မှ စိုးရိမ်သဖြင့် စကြံမသွား အထိုင်အနေများ၍ တရားကို နှလုံးသွင်းသည်ရှိသော် ဝီရိယလျော့လွန်းသဖြင့် ထိနမိဒ္ဓ နှိပ်စက်တတ်သည်၊ ထိနမိဒ္ဓနှိပ်စက်မည်မှ စိုးရိမ်သဖြင့် စကြံသွားခြင်း လွန်လျှင်လည်း ဝီရိယလွန်ခြင်းကြောင့် စိတ်၏တည်ကြည်ရာမရ ဥဒ္ဓစ္စဖျက်ဆီး၍ ဘာဝနာကမ္မဋ္ဌာန်း ပျက်စီးရတတ်သည်ကို သတိရှိစေရမည်။ ဝီရိယနှင့် သမာဓိ မျှအောင် ရံခါ စကြံသွားခြင်း, ရံခါ ရပ်ခြင်း, ထိုင်ခြင်းတို့ဖြင့် ဘာဝနာ

ကမ္မဋ္ဌာန်း စီးဖြန်းမှ တရားလမ်းကြောင်း ကျ၍ ကမ္မဋ္ဌာန်း အာနုဘော်ကို အထူးခံစားရမည် ဟူလိုသည်။

## ၂၆-ကုက္ကုစ္စဝဏ္ဏနာ

**သိက္ခာကာမတာမုခေန ကုက္ကုစ္စံ ဝဏ္ဓေတိ။** ။ ၎င်းအဋ္ဌကထာပါဌ်နှင့်အညီ နှလုံးပူပန်ခြင်း စိုးရိမ်ခြင်းဟူသော ကုက္ကုစ္စကို သိက္ခာကာမ မှတ်တတ်သည်၊ သီလသိက္ခာကို ကောင်းစွာ ဆောက်တည်လိုခြင်းကို အရင်းပြုသဖြင့် စိတ်၏ သက်သာရာမရ၊ ဝိနယကုက္ကုစ္စ အားကြီး၍ ဒေါသနှင့်သမ္ပယုတ် ဝိပ္ပဋိသာရီ ကုက္ကုစ္စ ဖြစ်တတ်သည်များကို နှလုံးထားသဖြင့် ကုက္ကုစ္စ အားမကြီးသင့်သော အရာ၌ ကုက္ကုစ္စအားမကြီးလွန်းရအောင် သတိရှိစေအပ်သည် ဟူလိုသည်၊ "ဥပါဒါန်ကြောင့် ဥပဒ် ဖြစ်တတ်သည်" ဟူသကဲ့သို့တည်း။

ထို့ကြောင့်—

"ယော ကုက္ကုစ္စယိတဗ္ဗံ၊ န ကုက္ကုစ္စာယတိ၊ ယော စ
အကုက္ကုစ္စယိတဗ္ဗံ ကုက္ကုစ္စာယတိ၊ ဥဘိန္နံ တေသံ အာသဝါ ဝဍ္ဎန္တိ"-

ဟူ၍ ဟောတော်မူသည်၊ ၎င်းဒေသနာကို အောက်မေ့၍ ဝိနယဂရုမရှိခြင်းကြောင့်၎င်း, ဆရာစဉ်ဆက် ပြုနေကျ အမူဖြစ်သောကြောင့်၎င်း ကုက္ကုစ္စရှိသင့်လျက် မရှိသည်ကို ကုက္ကုစ္စမရှိသင့်၍သာ မရှိသည် အထင်အမှတ်နှင့် နေကြသဖြင့် အဝိနယဂရု ဖြစ်တတ်သည်ကိုလည်း သတိထားအပ်လှတော့သည်။

## ၂၇-ဝိစိကိစ္ဆာဝဏ္ဏနာ

**ဥဘယပက္ခသန္တီရဏမုခေန ဝိစိကိစ္ဆာ ဝဍ္ဎေတိ။** ။ ၎င်းအဋ္ဌကထာပါဌ်နှင့်အညီ သကဝါဒီပက္ခ, ပရဝါဒီပက္ခနှစ်ပါးကို စုံစမ်းခြင်းကို အကြောင်းပြုသဖြင့် ဝိစိကိစ္ဆာ သက်ာယုံမှား အပါယ်တံခါး ပွင့်တတ်သည်၊ ပက္ခနှစ်ပါးတို့၏ အယူဝါဒကို ဟုတ်တိုင်း သိရလျှင် အကျိုးများ၏၊ ပရဝါဒ၏ မှားပုံကို သိမှ သကဝါဒ၏ ဂုဏ်ကို အထူးမြင်နိုင်မည် နှလုံးထား၍ ကုလားလူမျိုးတို့၏ အင်္ဂလိပ်စာ စသည်များကို ကြည့်ရှု ဆင်ခြင်ဖန်များသဖြင့် မိမိသကဝါဒ၌ ဝိစိကိစ္ဆာဖြစ်၍ သံသရာ၌ နစ်မြဲ နစ်ရတတ်သည် ဟူလိုသည်။

## ၂၈-သံမောဟာဝဋ္ဋနာ

**ဣဋ္ဌာနိဋ္ဌသမုပေက္ခနာမုခေန သံမောဟော ဝဋ္ဋတိ။** ။ငင်းအဋ္ဌက-ထာပါဌ်နှင့်အညီ ဣဋ္ဌာရုံ အနိဋ္ဌာရုံတို့၌ တုန်လှုပ်ခြင်းမရှိ၊ ပကတိ သည်းခံခြင်း, လျစ်လျူရှုခြင်းကို အကြောင်းပြုသဖြင့် ဆိုး,ကောင်း မသိတတ်၊ အမှတ်မဲ့ လျစ်လျူရှုခြင်း ဟူသော အညာဏုပေက္ခာ သံမောဟတရား လှည့်ဖြားတတ်သည်၊ အညာဏုပေက္ခာကိုပင် ဉာဏုပေက္ခာမှတ်၍ သံသရာ ရဟတ် မပြတ်နိုင်ပဲ ရှိတတ်သည်၊ အညာဏုပေက္ခာကား ဆိုး, ကောင်း, ယုတ်,မြတ် အမှတ်မထင် အာရုံ၏ သဘောကို ဖုံးလွှမ်းခြင်းနှင့်တကွ ဣဋ္ဌ, အနိဋ္ဌတို့၌ လျစ်လျူရှုခြင်း လက္ခဏာ၊ မစုံစမ်း မဆင်ခြင် အမှတ်မဲ့ နေခြင်းကိစ္စ၊ အတ္တဟိတ ပရဟိတ ဆုတ်ယုတ်ခြင်း ပစ္စုပဋ္ဌာန်၊ မုဋ္ဌဿတိ အပ္ပဿုတ ပမာဒလျှင် ပဒဋ္ဌာန် ရှိသတည်း။ ဉာဏုပေက္ခာကား ဣဋ္ဌ, အနိဋ္ဌ ဖြစ်သော အာရုံ၏ သဘောလက္ခဏာကို မဖုံးလွှမ်းခြင်းနှင့်တကွ လျစ်လျူရှုခြင်း လက္ခဏာ၊အာရုံ၏သဘောကို သိမြင်ခြင်းနှင့်တကွ ထိုအာရုံတို့ကြောင့် မတုန်လှုပ်ခြင်း တည်တံ့ခြင်းကိစ္စ၊ အာရုံ၌ ထွန်းလင်းခြင်းနှင့်တကွ ထို အာရုံ၌ မကြောင့်ကြပဲ သွားမြဲတိုင်းသော ကုသိုလ်တရားတို့၌ ဖြောင့်တန်းစွာ သွားနိုင်ခြင်း ပစ္စုပဋ္ဌာန်၊ နက်နဲသော သဘောရှိခြင်း ဂမ္ဘီရသဘာဝ-တာ, ကမ္မဿကတာဉာဏ်လျှင် ပဒဋ္ဌာန် ရှိသတည်း။

## ၂၉-မိစ္ဆာဒိဋ္ဌိဝဋ္ဋနာ

**ဝီမံသာမုခေန ဟေတုပတိရူပကပရိဂ္ဂဟေန မိစ္ဆာဒိဋ္ဌိ ဝဋ္ဋတိ။** ။ငင်း အဋ္ဌကထာပါဌ်နှင့် အညီ စုံစမ်း ဆင်ခြင်ခြင်းကို အကြောင်းပြုသဖြင့် အကြောင်းစစ်မဟုတ် အကြောင်းနှင့် တူသည်ကို သိမ်းဆည်း မိသည်ဖြစ်၍ မိစ္ဆာဒိဋ္ဌိ ဖြစ်တတ်သည်၊ "ဤလောကကို ပရမိဿရနတ် စသည် ဖန်ဆင်းခြင်းကြောင့် ဖြစ်၏"ဟူသော မိစ္ဆာဒိဋ္ဌိ စကားကို စုံစမ်းဆင်ခြင်ဖန်များသဖြင့် "တစုံတယောက် ပရမိဿရနတ်စသည် မဖန်ဆင်းပဲ အကြောင်းမဲ့ ဤမြင်းမိုရ်မြေကြီး,လ,နေ,နက္ခတ် စသည်တို့ မဖြစ်တန်ရာ၊ တစုံတယောက် ဣဒ္ဓိမာ ဖြစ်သူတို့ ဖန်ဆင်းခြင်းကြောင့်သာ ဖြစ်ရာသည်"ဟု သိမ်းဆည်း ဆင်ခြင်မိသဖြင့် မိစ္ဆာဒိဋ္ဌိဖြစ်၍ ဝဋ်ဆင်းရဲ၌ နစ်တတ်သည်ကို သတိပြု ဟူလိုသည်။

## ၃၀-အဒယာပန္နတာဝဋ္ဋနာ

**ဝိရတ္တတာပတိရူပေန သတ္တောသု အဒယာပန္နတာ ဝဋ္ဋေတိ။** ။ငင်း အဋ္ဌကထာပါဌ်နှင့် အညီ တပ်ခြင်းကင်းခြင်းဟု ဆိုအပ်သော သူတော်တရားနှင့် တူသဖြင့် သနားခြင်းမရှိသော မသူတော်တရား လှည့်ဖြားတတ်သည်။ သားမယား တပည့်သားတို့ကို မငဲ့မကွက် စွန့်ပစ်ထားခြင်းသည် တပ်ခြင်း, တွယ်တာခြင်း တဏှာခေါင်းပါးခြင်းကြောင့်ရင်း, မသနားတတ်ခြင်းကြောင့်ရင်း တပါးပါးသော အကြောင်းနှင့် စွန့်ပစ်ခြင်း ဖြစ်သလျှင်ကတည်း၊ ထိုနှစ်ပါးတို့တွင် သားငယ်နှင့်တကွ ရေဝယ်မျော သွားသော ယောကျ်ားသည် အလွန်ပင်ပန်းလှသဖြင့် မိမိအသက်သေဘေး ကို ကြောက်လှ၍ အလွန်သနားလျက်ပင် သားငယ်ကို စွန့်ပစ်ရသကဲ့သို့ မိမိသံသရာဘေးကို ကြောက်လှသဖြင့် အလွန် သနားကြင်နာလှလျက်ပင် သားမယား ခြွေရံ ပရိသတ်တို့ကို တွယ်တာ ငဲ့ကွက်ခြင်းကို မပြုဖြစ်, မပြု နိုင်, တပ်ခြင်း တွယ်တာခြင်းကို ဖျောက်၍ အားထုတ်အပ်သော သမထ ဘာဝနာ ဝိပဿနာ ဘာဝနာတို့ကို အားထုတ်ကြိုးပမ်း၍ နေလေ့ရှိသော သူ၏ အဖြစ်သည် ဝိရတ္တတာ ကုသိုလ်စိတ်ဖြင့် စွန့်ပစ်သည် မည်သည်။

**တနည်း**....ချစ်ခင်လှစွာသောသားငယ်ကို လက်ဝယ်ဆွဲ၍ တောမြိုင်ထဲသို့ အဝင်တွင် တောဆင်မုန်ယိုနှင့် တွေ့သဖြင့် အလန့်တကြား သားငယ်ကို စွန့် ပစ်ထား၍ ပြေးသွားမိသော မိခင်ကဲ့သို့ အလွန် ကြောက်မက်ဖွယ်သော ဘေးကြီးအတိပြွမ်းသော သံသရာတောစခန်းတွင် အပါယ်ဘေး ဝဋ်ဆင်း ရဲဘေး တည်းဟူသော ဆင်မုန်ယိုကို မြင်သဖြင့် သားမယား တပည့်သား ခြွေရံ ပရိသတ်တို့ကို မထောက်မညှာနိုင်, မအောက်မေ့နိုင်, ဗျာပါရမပြုနိုင်၊ မိမိ အားထုတ်အပ်သော ပဋိပတ်တရားကိုသာ ဖြောင့်တန်းစွာ အားထုတ်၍ နေလေ့ရှိသောသူ၏ အဖြစ်သည်သာလျှင် ဝိရတ္တတာဖြင့် စွန့်ခွါသည်မည် သတည်း၊ "နွားမတန်း သားမခင်" ဟူသကဲ့သို့ အကြောင်းအကျိုး ကျေးဇူး ရှိမှ မဆင်ခြင်, သနားကြင်နာတတ်သည့် ဝါသနာရင်းမရှိ အညာဏုပေက္ခာ ဟူသော အကြောင်းကြောင့် အမှတ်တမဲ့ လျစ်လျူ စွန့်ပစ်ထားခြင်း, အဒယာပန္နတာကိုပင် တပ်ခြင်း ကင်းခြင်း တည်းဟူသော ဝိရတ္တတာ ကုသိုလ်စိတ်တခု မှတ်သဖြင့် အဒယာပန္နတာ ဟူသော မျက်လှည့်သည် လှည့်စား၍ သံသရာ၌ ကာလလျားတတ်သည်ကိုလည်း သတိပြု ဟူလိုသည်။

## ၃၁-ကာမသုခလ္လိကာနုယောဂဝဍ္ဍနာ

**အနုညာတပဋိသေဝနပတိရူပေန ကာမသုခလ္လိကာနုယောဂေါ ဝဋ္ဋေတိ။** ၎င်း အဋ္ဌကထာပါဌ်နှင့် အညီ ဘုရားသခင် ခွင့်ပြုတော်မူအပ်သော ပစ္စည်း လေးပါးတို့ကို ပစ္စဝေက္ခဏာ ဆင်ခြင်၍ သုံးဆောင်ခြင်းဟု ဆိုအပ်သော ရဟန်းတို့၏ အနုညာတ ပဋိသေဝနနှင့် တူသဖြင့် ဂဟဋ္ဌဖြစ်သူ လူတို့က လည်း ငါတို့ ဂဟဋ္ဌဖြစ်သူတို့အား ဘုရားသခင် မမြစ်မပယ်သည် ဖြစ်၍ ခွင့်ပြုတော်မူအပ်သည်မည်သော လူတို့ဘာဝ သား,မယားတို့နှင့် ပျော်ပါး ၍ နေခြင်းသည်လည်း အနုညာတ ပဋိသေဝနပင်တည်းဟု မှတ်၍ ကာမ- သုခလ္လိကာနုယောဂဟု ဆိုအပ်သော ကာမဂုဏ်၌ ကပ်ငြိခြင်း ကာမတဏှာ ၏ အာဒီနဝကို မမြင်၊မစင်ဘင်ပုပ်ဝယ် သုနခ သူကရတို့နှင့် မထူး၊ စိတ်ချချ ပျော်မြူး၍ ဆွမ်းလွတ်ထမင်းလွတ်ရှူးသော သူရူး၏ပမာ ရာဂကင်းကြောင်း ကာမဂုဏ်မှ ထွက်မြောက်ကြောင်းကို အောက်မေ့ကောင်းသည် ဟူ၍မျှ သတိမရ၊ စိတ်ချလက်ချ နေမိသဖြင့် ဒွန်းစဏ္ဍားတို့သည် ကေရာဇ်မင်းမြတ် အဖြစ်ကို ရနိုးထင်စားခြင်း အာသာမရှိဘိသကဲ့သို့ နေက္ခမ္မာဘိရတဟု ဆိုအပ် သော ရဟန်းပဋ္ဌင်း အဖြစ်ကို တောင့်တခြင်း, ဆိတ်ငြိမ်ရာသို့ကပ်၍ အမြတ် တရားကို အားထုတ်ပွါးများခြင်း၌ စိတ်၏ညွတ်ခြင်း တပွေါဏ တန္နိန္နမျှ မဖြစ်၊ အမုန်ယစ်သော တောဆင်ပေါက် နောက်မှ တဟုန်တည်း လိုက်၍ လာသည်ကို မမြင်သော သူကန်းဥပမာ ရဲဝံ့စွာ နေမိကြ၍ သံသရာ၌ ဘေး ရော ထိတတ်သည်ကိုလည်း သတိကြပ်ကြပ် ထားပါကြ ဟူလိုသည်။

အနုညာတပဋိသေဝနပတိရူပေန၊ရဟန်းတို့၌ ဘုရားခွင့်ပြုတော်မူအပ် သော ပစ္စည်းတို့ကို သုံးဆောင်ခြင်းနှင့် တူသည်၏ အဖြစ်ဖြင့်။ ကာမ- သုခလ္လိကာနုယောဂေါ၊ကာမဂုဏ်၌ ကပ်ငြိခြင်းနှင့် ယှဉ်သော ကာမစ္ဆန္ဒ တဏှာသည်။ ဝဋ္ဋေတိ၊ လှည့်ပတ်ဖြားယောင်းတတ်၏။ ။အနက်။

## * အပရိက္ခဏတာဝဍ္ဍနာ

**သဒ္ဓါလုတာပတိရူပေန အပရိက္ခဏတာ ဝဋ္ဋေတိ။** ။၎င်းအဋ္ဌကထာပါဌ် နှင့် အညီ သဒ္ဓါတရား အားကြီးသည်နှင့် တူသောအဖြစ်ဖြင့် မစုံစမ်း မဆင် ခြင်ခြင်း သံမောဟတရား လှည့်ဖြားတတ်သည်၊ ရဟန်း သူတော်စင်တို့ကို ကြည်ညိုခြင်းကို အရင်းပြုသဖြင့် သုသီလ, ဒုဿီလ ဆိုး,ကောင်း မရွေး

တောသမင်ကိုသော်လည်း ဝါဝါမြင်တိုင်း ကြည်ညိုရတော့မည် အမှတ်နှင့် မြင်မြင်ဝါးဝါး သဒ္ဒါလွန်၍ ကြည်ညိုမှားသဖြင့် မောဟတရား လွှမ်းဖြား၍ ပစ္စုပ္ပန် တမလွန် အကျိုးနှစ်ပါး ဆုတ်ယုတ်ပျက်စီးတတ်သည်ကိုလည်း အထူး သတိရှိစေအပ်သည် ဟူလိုသည်။

## ၃၂-ဂရုနံ အနုသာသနိယာ အပဒက္ခိဏဂ္ဂါဟိတာဝဋ္ဋနာ

**အတ္တာဓိပတေယျတာပတိရူပေန ဂရုနံ အနုသာသနိယာ အပဒက္ခိဏဂ္ဂါဟိတာ ဝဋ္ဋေတိ။** ။ငင်း အဋ္ဌကထာပါဠ်နှင့် အညီ မိမိကိုယ်လျှင်မိမိ အကြီးအမှူးပြု၍ ဆုံးဖြတ်ပိုင်းခြား စီရင် ရွက်ဆောင်နိုင်ခြင်း ပညာကြီးသည်နှင့် တူသဖြင့် ဆရာမြတ်တို့ ဆုံးမသြဝါဒကို မလိုက်နာနိုင် မလိုက်နာလိုသော မသူတော်တရား လွှမ်းဖြားတတ်သည်။ ။သူတပါး ပညာဖြင့် ပညာပြုရသော သူပြောလာတိုင်း ကောင်းပြီလိုက်ရသော ပရနေယျ မင်းကဲ့သို့ မဟုတ်၊မိမိပညာစွမ်းဖြင့် အမှုခပ်သိမ်း ပြီးငြိမ်း ပြေလည်အောင် ဉာဏ်ပိုင်စိုးရ စီရင်ဆုံးဖြတ်၍ ကုသိုလ်ကောင်းမှုတို့ကို အားထုတ်ခြင်း, မကောင်းမှု အကုသိုလ်ကို ပယ်ခွါခြင်းငှါ အားထုတ်ခြင်းသည် အတ္တာဓိပတေယျ မည်၏။ ဆရာတို့ ဆုံးမအပ်သည်ကို နားမတင် နားမဝင် စိတ်ထင်ရာ ကောင်းနိုးနိုး အကျိုးမရှိရာကို ရဲဝံ့စွာ ပြုခြင်းသည် အပဒက္ခိဏဂ္ဂါဟိတာ မည်၏၊ ယင်း အပဒက္ခိဏဂ္ဂါဟိတာကို အတ္တာဓိပတေယျဟူသော သူတော်တရားကောင်း တခုမှတ်၍ နိဗ္ဗာန်အောင်ရပ်နှင့် လွဲရတတ်သည်ကိုလည်း သတိပြု ဟူလိုသည်။

အတ္တာဓိပတေယျတာ ပတိရူပေန၊ မိမိကိုယ်ကိုမိမိ အကြီးအမှူး ပြုစွမ်းနိုင်သော ပညာရှိသော အဖြစ်နှင့် တူသဖြင့်။ ဂရုနံ၊ဆရာသမားတို့၏။ အနုသာသနိယာ၊အဆုံးအမကို။ အပဒက္ခိဏဂ္ဂါဟိတာ၊ အရိုအသေ မနာယူနိုင်သော သူ၏ အဖြစ်ဟု ဆိုအပ်သော မာန,အတိမာန,မက္ခ,ပလာသ တရားသည်။ ဝဋ္ဋေတိ၊ ဝီမံသာဓိပတိ ဟူသော ပညာယောင်ဖြင့် ဖြားယောင်း လှည့်ပတ်တတ်၏။ ။အနက်။

အဓိပ္ပါယ် အရည်စစ်မှာကား မိမိကိုယ်ကို လူလိမ္မာ ပညာရှိတယောက် အထင်ပေါက်၍ အကျိုးကို လိုလားသော သူတပါးတို့၏ ဟောတရား နားမဝင် ပြောစကား နားမတင် စိတ်ထင်တိုင်း ပေါက်လွှတ်ကြဲ၍ ပြုလို အား မသဲသင့်ရာ၊ မပြုသင့်ရာ၌ ပြုလိုအားသဲ၍ လိပ်ခဲတည်းလည်း ပြုမိက

အာဒင္ဗဂ္ဂါဟိ ဒုပ္ပဋိနိဿဂ္ဂီ အပဒက္ခိဏဂ္ဂါဟိ အယုတ်တရား တိုးပွါး၍ သံသရာ၌ ရှည်လျားတတ်သည်၊ သတိပြုပါကြ ဟူလိုသည်။

## ၃၃-သဗြဟ္မစာရီသု အဂါရဝဝဋ္ဋနာ

**ဓမ္မာဓိပတေယျတာပတိရူပေန သဗြဟ္မစာရီသု အဂါရဝံ ဝဋ္ဋေတိ။** ။ ၎င်းအဋ္ဌကထာပါဌ်နှင့် အညီ တရားဓမ္မကို အလေးပြုသည်နှင့် တူသော အဖြစ်ဖြင့် သီတင်းသုံးဘော်တို့၌ မရိုမသေခြင်း အဂါရဝတရား ဖြစ်မှန်း မသိ ဖြစ်တတ်သည်။

ဓမ္မာဓိပတေယျတာပတိရူပေန၊တရားတော်ကို အရိုအသေ အလေးအမြတ်ပြု၍ နေသည်၏ အဖြစ်ဟုဆိုအပ်သော ကုသိုလ် မိတ်ဆွေယောင် ပြုသဖြင့်။သဗြဟ္မစာရီသု၊သီတင်းသုံးဘော်တို့၌။အဂါရဝံ၊မရိုသေခြင်းဟူသော ထမ္ဘ,သာရမ္ဘ,မာန,အတိမာန ရန်သူသည်။ဝဋ္ဋေတိ၊ လှည့်ပတ်တတ်၏။ ။ အနက်။

အဓိပ္ပါယ် အရည်စစ်မှာကား တရားကျမ်းဂန် စာပေသင်အံခြင်း ဘာဝနာ စီးဖြန်းခြင်းဟူသော တရား၌ မွေ့လျော်၍နေသည် အမှတ်နှင့် ကံကြီး ကံငယ် မှုကြီး မှုငယ်တို့ကြောင့် အညီအညွတ် စည်းဝေးကြသော သံဃာတော်တို့ကို လေးစားမမူ မလာမရောက် မချဉ်းမကပ် နေသဖြင့် သီတင်းသုံးဘော်တို့၌ မရိုသေခြင်းကို ပြုမှန်းမသိ ပြုမိသော အဂါရဝတရား လှည့်ဖြားတတ်သည်ကိုလည်း နှလုံးထား ဟူလိုသည်။

## ၃၄-အတ္တနိ စ ဓမ္မေ စ ပရိဗ္ဗဝဋ္ဋနာ

**လောကာဓိပတေယျတာပတိရူပေန အတ္တနိ စ ဓမ္မေ စ ပရိဗ္ဗဝေါ ဝဋ္ဋေတိ။** ။၎င်းအဋ္ဌကထာပါဌ်နှင့် အညီ လောကကို အလေးအမြတ် အရိုအသေပြုခြင်းနှင့် တူသဖြင့် မိမိ၌၎င်း, တရားဓမ္မ၌၎င်း နှိပ်စက်ခြင်း လှည့်စားတတ်သည်၊ လောကကို အလေးပြုခြင်း လွန်သဖြင့် မိမိချမ်းသာကိုင်၎င်း တရားတော်ကို၎င်း မငဲ့မကွက်နိုင်၊ မင်းချင်းယောကျ်ားတို့ကဲ့သို့ လောက မျက်နှာ အရှင့်မျက်နှာကိုသာ အလေးတမူ ကိုးကွယ်ရာ ပြုသဖြင့် မိမိကိုယ်၏ ဆင်းရဲခြင်း တရားတော်မှ ဆုတ်ယုတ်ခြင်းတို့သည် ဖြစ်တတ်ကုန်၏၊ ထိုသို့ ဖြစ်သော်လည်း မိမိကိုယ်ကို တရား ဆုတ်ယုတ်သည် ဆင်းရဲ ပင်ပန်းသည် အထင်အမှတ် မရှိ သတိမထား တရားလက်လွတ် လောကဝတ်နှင့်သာ ကာလကျွမ်း၍ နေမိတတ်သည်ကိုလည်း အထူးသတိပြုပါကြ။

ထိုလောကာဓိပတေယျ ဖြစ်သော လူတို့သည် ဓမ္မာဓိပတေယျ မရှိပဲ လောက၏ အကြိုက် အရှင်မင်းတို့ အလို မိတ်ဆွေခင်ပွန်းတို့ အလိုသို့ လိုက်၍ ကုသိုလ်ဓမ္မတို့ကို ပြုစု အားထုတ်ခြင်းတို့သည် ဖြစ်တတ်ကုန်၏၊ ယင်း တရားတို့သည်လည်း ကိုင်းမြက်တော၌ ပေါက်သော စပါးပင်တို့ကဲ့သို့ရင်း, တိမ်တိုက် ဖုံးအုပ်သော လကဲ့သို့ရင်း, အရှိန်အစော် သတ္တိအာနုဘော် နည်းပါးကုန်၏၊ ယင်း တရားတို့သော်လည်း တရွေ့ တရွေ့ ကာလလျှားသဖြင့် ကိုင်းမြက်အလွန်ထူထဲခြင်းသို့ ရောက်သောအခါ စပါးပင်တို့ အလျှင်း ပျောက်လေသကဲ့သို့ လောကမျက်နှာဖုံး၍ ကုသိုလ်တရား လုံးလုံးကွယ်တတ်သည်ကို ကြပ်ကြပ်သတိထား။

ခေါးကြား လုံကြား လေးညှတ်ကွင်းကြားတွင် အစာကို စုံမက်တတ်သော ကျီးငှက်ရဲသည် တပါးသော ကျီးတို့ကဲ့သို့ တောအုံကန္တာရ သစ်သီး သစ်ဥစသော အစာများနှင့် တင်းမတိမ် အားမရ ခေါးလုံလေးမြှား ညှတ်ကွင်းကြား၌ သားတစ်ကိုသာ အစာမှတ်၍ မပြတ်ချောင်းမြောင်း ကျီးရဲ ကောင်း လုပ်မိသဖြင့် လက်နက်ခေါးလုံထိ၍ သေဘေး ဆိုက်တတ်သကဲ့သို့ လောကာဓိပတေယျ အားကြီးခြင်းကို အရင်းပြုသဖြင့် လောကာပရာမ-ရာဇဘာယ-စသည်တို့နှိပ်စက်၍ ပစ္စုပ္ပန် တမလွန် အကျိုးနှစ်ပါး ပျက်ပြားတတ်သည်ကိုလည်း သတိထား ဟူလိုသည်။

## ၃၅-အသမ္မောဒနသီလတာဝဋ္ဋနာ

**မိတဘာဏိတာပတိရူပေန အသမ္မောဒနသီလတာ ဝဋ္ဋေတိ။** ။ ရင်း အဋ္ဌကထာပါဠိနှင့် အညီ ဘုရားသျှင်တို့၏ အလေ့အကျက်တခု ဖြစ်သော အာဂန္တုကသီတင်းသုံးဘော်တို့နှင့် ဝမ်းမြောက်ဝမ်းသာ အာလာပ,သလ္လာပ ပြောဆိုခြင်း ဟူသော မေတ္တာ မုဒိတာ ဗြဟ္မဝိဟာရ ကုသိုလ်တရား တည်းဟူသော သမ္မောဒနတရားကို နှလုံးမထား အတိုင်းအရှည်နှင့် ယှဉ်၍ စကားပြောခြင်း, စကားနည်းခြင်းသည်သာလျှင် ကောင်းမြတ်သည်ဟု နှလုံးပိုက်၍ စကားအလွန် နည်းသဖြင့် အာဂန္တုက သီတင်းသုံးဘော်တို့နှင့် ဝမ်းမြောက်ဝမ်းသာ ပိယဝါစာ မပြောဆိုနိုင် မပြုနိုင်သော ထယ်လိပ်သည် ဟူ၍ သမုတ်အပ်သော ထမ္ဘ,သာရမ္ဘ တည်းဟူသော အသမ္မောဒန အကုသိုလ်တရား ဖြစ်မှန်းမသိ ဖြစ်တတ်သည်ကိုလည်း သတိပြု။

မိတဘာဏိတာပတိရူပေန၊စကားမများစေရ အတိုင်းအရှည်နှင့် ယှဉ်၍ စကား ဆိုလေ့ရှိသောသူ၏ အဖြစ်နှင့်တူသဖြင့်။ အသမ္မောဒနသီလတာ၊ သီတင်းသုံးဘော် အာဂန္တုကတို့နှင့် ဝမ်းမြောက် ဝမ်းသာ ချိုသာစကား မပြောမဆိုနိုင် ခိုင်ခံ့ မာမြင်းသောသူ၏ အဖြစ်သည်။ ဝဋ္ဋေတိ၊ လျှည့်ပတ်တတ်၏။ ။အနက်။

## ၃၆-မာယာသာဌေယျဝဋ္ဋနာ

**သမ္မောဒနသီလတာပတိရူပေန မာယာသာဌေယျံ ဝဋ္ဋေတိ။** ။၎င်း အဋ္ဌကထာပါဠ်နှင့်အညီ အာဂန္တုက သီတင်းသုံးဘော်တို့နှင့် ဝမ်းမြောက် ဝမ်းသာ မေတ္တာရှေ့ထား စကားပြောဆိုခြင်း ဗုဒ္ဓါစိဏ္ဏသမ္မောဒနတရားနှင့် တူသဖြင့် ဝမ်းသာစလောက် ဝမ်းမြောက်စဖွယ် သွယ်သွယ် ဝိုက်ဝိုက် အယုတ်အလွန် မဆင်ခြင် အတွင်ပြောဆို၍ သွားသဖြင့် လှည့်ပတ်စဉ်းလဲခြင်း မာယာသာဌေယျ ဖြစ်တတ်သည်ကိုလည်း သတိရှိစေအပ်သည် ဟူလိုသည်။

သမ္မောဒနသီလတာ ပတိရူပေန၊ဝမ်းမြောက် ဝမ်းသာ ပိယဝါစာ ဆိုလေ့ရှိခြင်း သမ္မောဒနတရားနှင့် တူသောအဖြစ်ဖြင့်။ မာယာသာဌေယျံ၊အပြစ်မထင်ရှား ဖုံးထားကွယ်ကာ ဝင့်ဝါ အလွန် ပြောဆိုမိခြင်း တည်းဟူသော မာယာသာဌေယျ တရားသည်။ ဝဋ္ဋေတိ၊ လှည့်ပတ် ဖြားယောင်း တတ်၏။ ။အနက်။

ဤသည်လျှင် ဝဋ္ဋနာအပြား သုံးဆဲ့ခြောက်ပါး
အပြီးသတ်လတ်ပြီ။

---

## ဝဋ္ဋနာ ၃၆-ပါး သင်္ဂဟဂါထာ

ယခုအခါ နောင်လာနောက်သား အမျိုးကောင်းသားတို့၏ မှတ်သားလွယ်ရန် ဆောင်ရွက်ရန်ဘို့ အလို့ငှါ ဤဆိုလတ္တံ့သည်ကား သင်္ဂဟဂါထာတို့တည်း။

၁။ ရာဂေါ မေတ္တာယ ဝဋ္ဋေတိ၊ ကရုဏာယ တု သောကတာ။
မုဒိတာယ ပဟာသော စ-ပေက္ခာယ ဓုရနိက္ခတာ။
၂။ သံဝေဂေ စိတ္တသန္တာပေါ၊ အသဒ္ဓိယံ ဝီမံသနေ။
သဒ္ဓါယ အပရိက္ခာဏံ၊ ပါပေ တု ပရဝဇ္ဇတာ။

၃။ ဖရုသံ နိဂ္ဂဟော ဝါဒေ၊ ပိယဝါဒေ စ စာဋ္ဋုတာ။
သုဒ္ဓါဇီဝေ အဝေဘင်္ဂေါ၊ မိစ္ဆာဇီဝေါ ဝိဘာဇနေ။
၄။ အသင်္ဂဟော အသံသဂ္ဂေ၊ သင်္ဂဟေ ဂိဟိသံသဂ္ဂေါ။
ပိသုဏော သစ္စဝါဒိမှိ၊ အပိသုဏေ အနတ္ထိစ္ဆာ။
၅။ ကုလေ ဒယာယ မစ္ဆေရော၊ အာဝါသစိရကာမကေ။
ဓမ္မဿ ဒေသနေ ဘယော၊ ဂဏာသင်္ဂေါ တံသင်္ဂဟေ။
၆။ ပုညာရာမေ ကမ္မာရာမော၊ ပဋိကူလာယ ဗျာပါဒေါ။
ကာမော အပ္ပဋိကူလာယ၊ ထိနမိဒ္ဓံ သမာဓိမှိ။
၇။ ဥဒ္ဓစ္စံ ဝီရိယာရမ္ဘေ၊ သိက္ခာကာမေ တု ကုက္ကုစ္စံ။
သန္တိရဏေ ဝိစိကိစ္ဆာ၊ ဥပေက္ခာယ တု သမ္မောဟော။
၈။ မိစ္ဆာဒိဋ္ဌိ ဝီမံသာယ၊ ဝိရတ္တေ စ အကာရုညော။
အနုညာတသေဝနာယ၊ ကာမေ သုခလ္လိကာ တဏှာ။
၉။ အတ္တာဓိပတိဌာနမှိ၊ ဂရုနံ နာနုသာသနီ။
ဓမ္မာဓိပတိဌာနမှိ၊ သမဂ္ဂေသု အဂါရဝေါ။
၁၀။ လောကာဓိပတိဌာနမှိ၊ ဓမ္မေ သေ စ ပရိဗ္ဗဝေါ။
အသမ္မောဒေါ မိတာဘဏော၊ သာဌေယျာဒိသမ္မောဒနေ။
ဒသမတ္တာဟိ ဂါထာဟိ၊ ဆတ္တိံသ ဝဋ္ဋနာ မယာ။
နေတ္တိယာ သံဝဏ္ဏနာယ၊ သင်္ဂယှ အာဂတာ ကတာတိ။

၁။ မေတ္တာယ၊ မေတ္တာ ဖြစ်ရာ၌။ ရာဂေါ၊ ရာဂသည်။ ဝဋ္ဋေတိ၊ မေတ္တာယောင်ယောင် ဟန်ဆောင် လှည့်ဖြားတတ်၏။

၂။ တု၊ ထိုမှတပါး။ ကရုဏာယ၊ ကရုဏာ ဖြစ်ရာ၌။ သောကတာ၊ စိုးရိမ်ပူပန်ခြင်း သောကတရားသည်။ ဝဋ္ဋေတိ၊ ကရုဏာယောင် ဟန်ဆောင် လှည့်ဖြားတတ်၏။

၃။ မုဒိတာယ၊ မုဒိတာ ဖြစ်ရာ၌။ ပဟာသော၊ မြူးထူး ရွှင်ပျ လောဘမူ သောမနဿ တရားသည်။ ဝဋ္ဋေတိ၊ မုဒိတာ ဗြဟ္မဝိဟာရယောင် ဟန်ဆောင် ဖြားယောင်းတတ်၏။

၄။ ဥပေက္ခာယ၊ ဥပေက္ခာ ဗြဟ္မဝိဟာရ တရားကို ပွါးများရာ၌။ ခုရနိက္ခိတ္တတာ၊ ကုသိုလ်တရားတို့၌ အားမထုတ်ခြင်း, ဝန်ချခြင်းဟူသော မသူတော်တရားသည်။ ဝဋ္ဋေတိ၊ ဥပေက္ခာ ဗြဟ္မဝိဟာရယောင် ဟန်ဆောင် ဖြားယောင်းတတ်၏။

၅။ သံဝေဂေ၊ ဝဋ်ဆင်းရဲကို ထိတ်လန့်ခြင်း သံဝေဂ ဖြစ်ရာ၌။ စိတ္တ-သန္တာပေါ၊ စိတ်ပူပန်ခြင်း ဒေါသ ဒေါမနဿ တရားသည်။ ဝဍ္ဎေတိ၊ သံဝေဂယောင် ဟန်ဆောင် လှည့်ဖြားတတ်၏။

၆။ ဝီမံသနေ၊ ကြည်ညိုအပ်, မကြည်ညိုအပ် ယုတ်မြတ်ပုဂ္ဂိုလ် ရွေးချယ် စုံစမ်းခြင်း၌။ အသဒ္ဓိယံ၊ မကြည်ညိုတတ်သော အသဒ္ဓိယဟု ဆိုအပ်သော မက္ခိ ပဠာသိ အကုသိုလ် တရားသည်။ ဝဍ္ဎေတိ၊ စုံစမ်းဆင်ခြင်ပညာယောင်ယောင် ဟန်ဆောင် ဖြားယောင်းတတ်၏။

* သဒ္ဓါယ၊ သဒ္ဓါအားကြီးရာ၌။ အပရိက္ခဏံ၊ ဆိုးကောင်း ယုတ်မြတ် အမှတ်မထင် မဆင်ခြင်တတ် ပညာကင်းလွတ်သည်၏ အဖြစ်သည်။ ဝါ၊ မသိတတ်သော မောဟသည်။ ဝဍ္ဎေတိ၊ သဒ္ဓါယောင်ယောင် ဟန်ဆောင် ဖြားယောင်းတတ်၏။

၇။ တုံ၊ ထိုမှတပါး။ ပါပေ ပါပဂရဟဏေ၊ မကောင်းမှုကို ကဲ့ရဲ့ရှုတ်ချရာ၌။ ပရဝဇ္ဇတာ ပရဝဇ္ဇာနုပဿိတာ၊ သူတပါးတို့၏ အပြစ်ကို ရှုလေ့ရှိသည်၏ အဖြစ်တည်းဟူသော ဂရဟာ ဝမ္ဘနာ အက္ခောသန ဟူသော မသူတော်တရားသည်။ ဝဍ္ဎေတိ၊ ပါပဂရဟိတာဟု ဆိုအပ်သော သူတော် တရားယောင်ယောင် ဟန်ဆောင် လှည့်ဖြားတတ်၏။

၈။ နိဂ္ဂဟောဝါဒေ၊ တပည့်သားတို့ကို တရားအလျောက် အပြစ်ကောက်၍ နှိပ်နင်း ဆုံးမရာ၌။ ဖရုသံ၊ နှုတ်ကြမ်းတမ်းခြင်း ဖရုသဝါစာ အကုသိုလ်တရားသည်။ ဝဍ္ဎေတိ၊ နိဂ္ဂယှဝါဒီတာဟု ဆိုအပ်သော သူတော်တရားအယောင် ဟန်ဆောင် လှည့်ဖြားတတ်၏။

၉။ ပိယဝါဒေ၊ သူတပါးတို့ ချစ်ကြည်ညိုဘွယ် ပြောဆိုသောအခါ၌။ စာဋုကာ စာဋုကမျတာ၊ မိမိကိုယ်ကို ဒါယကာတို့အောက် နှိမ့်ချ၍ ပြောဆိုသဖြင့် လာဘ်ကို ရှာခြင်းဟူသော စာဋုကမျတာ အနေသန တရားသည်။ ဝဍ္ဎေတိ၊ ပိယဝါဒိတာဟူသော မေတ္တာယောင်ယောင် ဟန်ဆောင် တတ်၏။

၁၀။ သုဒ္ဓါဇီဝေ၊ အာဇီဝပါရိသုဒ္ဓိသီလကို ဖြည့်ကျင့်ရာ၌။ အဝေဘင်္ဂေါ၊ မိမိပစ္စည်းတို့ကို ဝေဘန်၍ သုံးဆောင်လေ့မရှိသော လောဘ မစ္ဆေရ အကုသိုလ်တရားသည်။ ဝဍ္ဎေတိ၊ လှည့်ပတ်တတ်၏။

၁၁။ ဝိဘာဇနေ၊ မိမိပစ္စည်းဥစ္စာတို့ကို ဝေဘန်ဖြန့်ဖြူး၍ သုံးဆောင်လေ့ရှိသော သဒ္ဓါ မေတ္တာ ကုသိုလ်တရား၏ အရာ၌။ မိစ္ဆာဇီဝေါ၊ အလဇ္ဇီပုဂ္ဂိုလ်နှင့် ဝေဘန်ဖြန့်ဖြူး သုံးဆောင်ခြင်း မိစ္ဆာဇီဝ အလဇ္ဇီပဂ္ဂဟ အကု-

သိုလ်တရားသည်။ ဝဋ္ဋေတိ၊ သံဝိဘာဂ နာယကဂုဏ်တည်း ဟူသော သဒ္ဓါ မေတ္တာအယောင် ဟန်ဆောင် လှည့်ဖြားတတ်၏။

၁၂။ အသံသဂ္ဂေ၊ လူတို့နှင့် ရောနှောခြင်း ဂိဟိသံသဂ္ဂ မရှိစေရ သီလကို ဖြည့်ကျင့်သော အရာ၌။ အသင်္ဂဟော၊ တရားနှင့် လျော်သော ဝစန ပဋိသန္ထာရ ဓမ္မပဋိသန္ထာရတို့ဖြင့် ဒါယကာတို့အား မချီးမြှောက်ခြင်းဟု ဆိုအပ်သော ကရုဏာမေတ္တာ သဒ္ဓါကင်းသော မသူတော်တရားသည်။ ဝဋ္ဋေတိ၊ ဂိဟိ အသံသဂ္ဂ သီလအယောင် ဟန်ဆောင် လှည့်ဖြားတတ်၏။

၁၃။ သင်္ဂဟေ၊ ဒါယကာတို့အား တရားနှင့်လျော်သော ဝစနပဋိသန္ထာရ ဓမ္မပဋိသန္ထာရတို့ဖြင့် ချီးမြှောက်ခြင်းဟု ဆိုအပ်သော ကရုဏာမေတ္တာ သဒ္ဓါတရားအရာ၌။ ဂိဟိသံသဂ္ဂေါ၊ လူတို့နှင့် တရားမသင့် ရောနှောခြင်းဟု ဆိုအပ်သော အာစာရဝိပတ္တိ မိစ္ဆာဇီဝ အကုသိုလ်တရားသည်။ ဝဋ္ဋေတိ၊ သင်္ဂဟဟု ဆိုအပ်သော သဒ္ဓါ မေတ္တာ ကရုဏာတရားယောင် ဟန်ဆောင် ဖြားယောင်းတတ်၏။

၁၄။ သစ္စဝါဒိမှိ၊ အမှန်ကို ဆိုလေ့ရှိသော သူ၏အဖြစ် တည်းဟူသော သူတော်တရား အရာ၌။ ပိသုဏော၊ သူနှစ်ယောက်တို့၏ အကြား ကွဲပြား စိမ့်ငှါ ကုန်းချော ပြောဆိုခြင်း မသူတော်တရားသည်။ ဝဋ္ဋေတိ၊သစ္စဝါဒိ-တာ ဟူသော သူတော်တရား အယောင် ဟန်ဆောင် ဖြားယောင်းတတ်၏။

၁၅။ အပိသုဏေ၊သူတပါးတို့ ကွဲပြားကြောင်းကို မပြောမဆိုခြင်း ဟူသော အပိသုဏဝါစာ သုစရိုက် တရားအရာ၌။ အနတ္ထိစ္ဆာ၊သူတပါးတို့ အကျိုးမဲ့ လိုလားခြင်း ဟူသော ဣဿာ မစ္ဆေရ ဒေါသမူ အကုသိုလ် တရားသည်။ ဝဋ္ဋေတိ၊ သူတပါးတို့ ပျက်ပြားကြလတ္တံ့သည်ကို သိမြင်လျက် ကုန်းတိုက်ရာ ရောက်မည်ကြောင့် မပြောဆိုဝံ့သည့် အဟန် ကြံစည် ဖြားယောင်းတတ်၏။

၁၆။ ကုလေ၊ အလုပ်အကျွေး ဒါယကာ၌။ ဒယာယ၊ သနား အားနာခြင်း ဟူသော ကုသိုလ်တရား အရာ၌။ မစ္ဆေရော၊ မိမိဒါယကာ အိမ်တွင် ဝင်ရောက်လာသူ အလှူခံတို့အား နှလုံးမသာခြင်း ဒေါသ မစ္ဆေရရန် သည်။ ဝဋ္ဋေတိ၊ ဒါယကာတို့အား သနားခြင်း ကရုဏာဟန် ကြံစည် လှည့်ပတ်တတ်၏။

၁၇။ အာဝါသစိရကာမကော၊နောက်သား နောင်လာ သံဃာတော်တို့ ပျော်ဘွယ်သာယာ အာဝါသ၏ ရှည်မြင့်စွာ တည်စေလိုခြင်း သဒ္ဓါ မေတ္တာ

ကုသိုလ်တရားအရာ၌။ အာဝါသမစ္ဆေရော၊ကျောင်းလူသူ လှူဖျက်ဆီးသည်များကို မသဒ္ဒါ မကြည်ညို ဝန်တိုခြင်း အာဝါသမစ္ဆေရ အကုသိုလ်တရားသည်။ ဝဋ္ဋေတိ၊ သဒ္ဓါမေတ္တာယောင် ဟန်ဆောင် ဖြားယောင်းတတ်၏။

၁၈။ ဓမ္မဿ၊တရားကို။ ဒေသနေ၊ဟောအပ်သော ကုသိုလ်တရားအရာ၌။ ဓမ္မမစ္ဆေရော၊ဓမ္မမစ္ဆေရ အကုသိုလ်တရားသည်။ ဝဋ္ဋေတိ၊ လှည့်ပတ်တတ်၏။

၁၉။ ဓမ္မဿ၊တရားကို။ ဒေသနေ၊ဟောအပ်သော ကုသိုလ်တရားအရာ၌။ ဘဿော၊အကျိုးမဲ့သော စကားတို့နှင့်တကွ ကာလရှည်ကြာ ပြောဆိုမိခြင်း ဘဿာရာမ တဏှာသည်။ ဝဋ္ဋေတိ၊ ဓမ္မဒေသနာဘိရတိယောင် ဟန်ဆောင် လှည့်ပတ်တတ်၏။

၂၀။ တံသင်္ဂဟော၊ထိုဂိုဏ်းသံဃာ တပည့်များကို တရားကျမ်းဂန် သင်အံပို့ချ ချီးမြှောက်ခြင်းဟု ဆိုအပ်သော သဒ္ဓါမေတ္တာ ကရုဏာ အရာ၌။ ဂဏသင်္ဂေါ၊ဂိုဏ်းအပေါင်း အဖော်၌ တွယ်တာခြင်း သင်္ဂဏိကာရာမ တဏှာသည်။ ဝဋ္ဋေတိ၊ ဂဏာနုဂ္ဂဟ သဒ္ဓါ မေတ္တာယောင် ဟန်ဆောင်ဖြားယောင်းတတ်၏။

၂၁။ ပုညာရာမေ၊ကုသိုလ်ကောင်းမှုနှင့်စပ်သော အမှုမျိုး၌ မွေ့လျော်ခြင်းဟူသော ကုသိုလ်တရား အရာ၌။ ကမ္မာရာမော၊သိမ်မွေ့စွာသော ရဟန်းတရားတို့၌ မမွေ့လျော်နိုင် အမှုသစ်၌သာ မွေ့လျော်နိုင်ခြင်း တဏှာ ဟူသော ကမ္မာရာမ ပပဉ္စတရားသည်။ ဝဋ္ဋေတိ၊ ကုသိုလ်ကောင်းမှု၌ မွေ့လျော်ခြင်း ပုညာရာမ အယောင် ဟန်ဆောင် လှည့်ဖြားတတ်၏။

၂၂။ ပဋိကူလာယ၊ပဋိကူလသညာ ကမ္မဋ္ဌာန်းအရာ၌။ ဗျာပါဒေါ၊စက်ဆုပ်ရွံရှာ နှလုံးမသာခြင်း ဗျာပါဒသည်။ ဝဋ္ဋေတိ၊ ပဋိကူလသညာ ကမ္မဋ္ဌာန်းထင်ယောင် ဟန်ဆောင် လှည့်ဖြားတတ်၏။

၂၃။ အပဋိကူလာယ၊ပဋိကူလသညာ ကမ္မဋ္ဌာန်း၏အစွမ်းဖြင့် ရွံရှာအပ်သော အာရုံကို မရွံရှာခြင်းဖြစ်ရာ၌။ ကာမော၊ကာမတဏှာသည်။ ဝဋ္ဋေတိ၊ ရာဂစရိုက် အစွမ်းဖြင့် မရွံရှာသည်ကိုလျက် ပဋိကူလကမ္မဋ္ဌာန်း ထင်သောအားဖြင့် မရွံရှာယောင် ဟန်ဆောင် ဖြားယောင်းတတ်၏။

၂၄။ သမာဓိမှိ၊ ဘာဝနာ ကမ္မဋ္ဌာန်းတွင် စိတ်ဝင်တည်ကြည်နေသည့်အရာ၌။ ထိနမိဒ္ဓံ၊ ငိုက်မျည်းခြင်း ထိနမိဒ္ဓသည်။ ဝဋ္ဋေတိ၊ သမာဓိယောင် ဟန်ဆောင် လှည့်ဖြားတတ်၏။

၂၅။ ဝီရိယာရမ္ဘော၊ မထိုင်မရပ် မပြတ်ပြန်လှန် စကြံသွားခြင်း စသည်ဖြင့် ကမ္မဋ္ဌာန်းကို ကြိုးပမ်း အားထုတ်ရာ၌။ ဥဒ္ဓစ္စံ၊ ကမ္မဋ္ဌာန်းတွင် မဝင်မသက် စိတ်ထွက် ပြေးသွားခြင်း ဥဒ္ဓစ္စတရားသည်။ ဝဋ္ဋေတိ၊ ဝီရိယတရား တိုးပွါးသည့်ဟန် ကြံဆောင် လှည့်ဖြားတတ်၏။

၂၆။ သိက္ခာကာမေ၊ ဝိနယကုက္ကုစ္စ သိက္ခာကာမ အားကြီးရာ၌။ ကုက္ကုစ္စံ၊ မအပ်လိမ့်ယောင် အပ်လိမ့်ယောင်နှင့် မရှောင်ပြုမိသဖြင့် နှလုံးမသာ ဝိပ္ပဋိသာရ ကုက္ကုစ္စသည်။ ဝဋ္ဋေတိ၊ သိက္ခာပုဒ်ကို လွန်ကျူးမိမည်မှ ကြောက်တတ်သော သိက္ခာကာမ ကုက္ကုစ္စယောင် ဟန်ဆောင် လှည့်ဖြားတတ်၏။

၂၇။ သန္တီရဏေ၊ သကဝါဒ ပရဝါဒ ပက္ခနှစ်ပါးတို့၌ ယုတ္တာယုတ္တိ ရှိ-မရှိကို ကြံစည် စုံစမ်းရာ၌။ ဝိစိကိစ္ဆာ၊ သကဝါဒ၌ သို့လော သို့လား သက်ာယုံမှားခြင်း ဝိစိကိစ္ဆာ အယုတ်တရားသည်။ ဝဋ္ဋေတိ၊ စူးစမ်း ဆင်ခြင်တတ်သော ပညာအယောင် ဟန်ဆောင် လှည့်ဖြားတတ်၏။

၂၈။ တု၊ ထိုမှတပါး။ ဥပေက္ခာယ၊ ဣဋ္ဌ, အနိဋ္ဌ အာရုံတို့၌ ဝမ်းမနည်း ဝမ်းမသာ လျစ်လျူရှုခြင်း ဥပေက္ခာတရား အရာ၌။ သမ္မောဟော၊ ဆိုး ကောင်း ယုတ် မြတ် မသိတတ်၍ အမှတ်မဲ့နေခြင်း အညာဏုပေက္ခာ ဟူသော မောဟတရားသည်။ ဝဋ္ဋေတိ၊ ဆိုး ကောင်း ယုတ် မြတ် သိတတ်လျက်သာ လျစ်လျူရှုရပါသည် ဟူသော ဉာဏုပေက္ခာအဟန် ကြံဆောင် ဖြားယောင်းတတ်၏။

၂၉။ ဝိမံသာယ၊ ပရမတ္ထသဘောကို နစ်နော ဆင်ခြင်တတ်သော ပညာတရားအရာ၌။ မိစ္ဆာဒိဋ္ဌိ၊ သတ္တဇီဝါ ငါ သူတပါးမဟုတ် ရုပ်နာမ်အစုမျှသာဖြစ်၍ လုံ့ခေးဖြင့် ထိုးခုတ်ခြင်းကို ပြုသော်လည်း ပကတိအားဖြင့် ပျက်စီးခြင်း သဘောရှိသော ဇီဝိတိန္ဒြေကို မဖျက်ဆီးနိုင်ရာ ရုပ်ကလာပ် အကြားကိုသာ လှံ့သွား ခေးသွား ကျရောက်သည်ဖြစ်၍ ပါဏာဝဓ မဖြစ်နိုင်ရာဟူသော အကိရိယဒိဋ္ဌိ အစရှိသော မိစ္ဆာဒိဋ္ဌိတရားသည်။ ဝဋ္ဋေတိ၊ ဉာဏ်ကြီးသည့်အယောင် ဟန်ဆောင် လှည့်ဖြားတတ်၏။

၃၀။ ဝိရတ္တေစ၊ သား သမီး ခြွေရံ ပရိသတ်တို့ တွယ်တာ မက်မောခြင်းကင်းသော ဝိရာဂတရား အရာ၌။ အကာရုညော၊ သူတပါးတို့အား သနားခြင်းမရှိ နိကရုဏာ သဘောတရားသည်။ ဝဋ္ဋေတိ၊ နှစ်သက် တွယ်တာခြင်း ကင်းသည့်အဟန် ကြံဆောင် ဖြားယောင်းတတ်၏။

၃၁။ အနုညာတသေဝနာယ၊ ဘုရားသခင် ခွင့်ပြုတော်မူသည်ကို ငါ မှီဝဲသည်ဟူသော အမှတ်ဖြင့်။ ကာမေ၊ သဒါရဟူသော စိုးပိုင်အာရုံ ကာမဂုဏ်အမှု၌။ သုခလ္လိကာတဏှာ၊ ကာမချမ်းသာဝယ် တွယ်တာမက်မောခြင်းတဏှာသည်။ ဝဍ္ဎေတိ၊ အပ်သည်ကိုသာ ငါ မှီဝဲသည် ဟူသော အမှတ်ကို ဖြစ်စေသဖြင့် လှည့်ပတ် ဖြားယောင်းတတ်၏။

၃၂။ အတ္တာဓိပတိဌာနမှိ၊ ကိုယ်ရှင်ကိုသာ ကိုယ်ဆရာဟု ပညာအားကိုး ကိုယ့်အကျိုးကို အမြတ်တနိုး ပြုရာ၌။ ဂရုနံနာနုသာသနီ၊ သီတင်းသုံးဘော် ဆရာသမား သူတပါးတို့၏ အဆုံးမကို မလိုက်နာနိုင်ခြင်း အယုတ်တရားသည်။ ဝဍ္ဎေတိ၊ အတ္တာဓိပတိဟန် ဉာဏ်ပိုင်လေသည့် အယောင်ကြံဆောင် လှည့်ဖြားတတ်၏။

၃၃။ ဓမ္မာဓိပတိဌာနမှိ၊ ကုသိုလ်တရားနှင့် နေခြင်း ဓမ္မဝိဟာရီသာ ပမာဏတည်းဟု နှလုံးပြုသဖြင့် ပရိယတ် ပဋိပတ်တရားကိုသာ အလေးအမြတ် ပြုရာ၌။ ဝါ၊ တရားတော်ကိုသာ အလေးအမြတ်ပြုသော သတိပညာ သဒ္ဓါတရား အရာ၌။ သမဂ္ဂေသု အဂါရဝေါ၊ သီတင်းသုံးဘော် သင်္ဃာတော်တို့ ကံကြီး ကံငယ် မှုကြီး မှုငယ်တို့ကြောင့် စည်းဝေးကြသည့် အခါ အညီအညွတ် မလာမရောက် မလောက်မလား လေးစားမပြု အမှတ်မဲ့နေခြင်းဟူသော သပြဟ္မစာရီ အဂါရဝတရားသည်။ ဝဍ္ဎေတိ၊ မိမိလည်း တရားတခု အာရုံပြု၍ ကောင်းသော နေခြင်းဖြင့်သာ နေရပါသည် အမှတ်ကို ဖြစ်စေသဖြင့် လှည့်ပတ် ဖြားယောင်းတတ်၏။

၃၄။ လောကာဓိပတိဌာနမှိ၊ သီတင်းသုံးဘော် ဆရာသခင် အသျှင်စသား သူတပါးတို့အား လေးစား ရှိသေသဖြင့် လောကအကြိုက် အလိုလိုက်၍ နှစ်ခြိုက်ဝမ်းသာ ဝေယျာဝစ္စ ဒါနကုသိုလ် ထိုထို အမှုတို့ကို အားထုတ်ရသော အရာ၌။ ဓမ္မေစ၊ မိမိစောင့်ရှောက် ပွါးများအပ်သော သီလသံဝရ သမထဘာဝနာတရား၌၎င်း။ သေစ၊ မိမိကိုယ်၌၎င်း။ ပရိဗ္ဗဝေါ၊ တရားမငဲ့ မျက်နှာငဲ့၍ ပြုရဖန်များသဖြင့် တရားမတိုး ကိုယ်ကျိုးမပါ ကိုယ်ချမ်းသာကို ကိုယ်သာနှိပ်စက် ဖျက်ဆီးရာရောက်သော အဖြစ်သည်။ ဝဍ္ဎေတိ၊ ဆရာသခင် အသျှင်များကို ခံ့ညားရှိသေခြင်း လောကာဓိပတိ ဟူသော ဂါရဝတရားအယောင် ဟန်ဆောင်လှည့်ဖြားတတ်၏။

၃၅။ မိတဘာဏော၊ အတိုင်းအရှည်နှင့် ယှဉ်၍ စကားပြောဆိုခြင်း သတိသမ္ပဇည တရား အရာ၌။ အသမ္မောဒေါ၊ စကား အလွန်နည်းပါးသဖြင့်

သီတင်းသုံးဘော် အာဂန္တုကတို့နှင့် ဝမ်းမြောက်ဝမ်းသာ မပြောဆိုနိုင်ခြင်း အာလသိယ မာန ထမ္ဘ သာရမ္ဘတရားသည်။ ဝဋ္ဋေတိ၊ စကားအရာ၌ အတိုင်းအရှည်ကိုသိသော သတိ သမ္ပဇည အယောင် ဟန်ဆောင် ဖြား ယောင်းတတ်၏။

၃၆။ သမ္မောဒနေ၊ သီတင်းသုံးဘော် အာဂန္တုက ရဟန်းတို့နှင့် ဝမ်းမြောက်ဝမ်းသာ ပြောဆိုလေ့ရှိသော သဒ္ဓါ မေတ္တာ ကုသိုလ်တရားအရာ ၌။ သာဌေယျာဒိ၊ အလွန် အယုတ်၊ ဟုတ် မဟုတ်ကို မဆင်ခြင် ဆိုချင် မက်မော အလိုင်းတကြီး ပြောဆိုမိသော မာယာသာဌေယျ အယုတ်တရား သည်။ ဝဋ္ဋေတိ၊ ဝမ်းမြောက်ဝမ်းသာ သဒ္ဓါကြည်ညို ဆိုသောအယောင် ဟန်ဆောင် လှည့်ပတ်တတ်၏။

ယထာဝုတ္တာနယေန၊ အကြင်အကြင် ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ နေတ္တိယာ သံဝဏ္ဏနာယ၊ နေတ္တိ အဋ္ဌကထာ ကျမ်းကျယ်စွာမှ။ အာဂတာ၊ လာကုန်သော။ ဆတ္တိံသ ဝဏ္ဏနာ၊ သုံးဆဲ့ခြောက်ပါး အတိုင်းအရှည်ရှိသော ဝဏ္ဏနာ တရားတို့ကို။ ဒသမတ္တာဟိ၊ဆယ်ဂါထာ အတိုင်းအရှည် ရှိကုန်သော။ ဂါထာဟိ၊ ဂါထာတို့ဖြင့်။ သင်္ဂယှ၊ အကျဉ်းပေါင်းရုံး ကျုံ့အောင် ချုံး၍။ မယာ၊ ခန္ဓာနာမ်ရုပ် သမုတ်အပ်စွာ ပညတ်ငါသည်။ ကတာ၊ နောင်လာ လူများ အမျိုးသားတို့ မတရားကို တရားယောင်ယောင် ထင်အောင်လှည့် ပတ် ဟန်ဆောင်တတ်သော မျက်လှည့်သည် အသွင် ဝိညာဉ်ရန်မက် မာရ် မင်းလက်၌ မပျက်စေကြောင်း ကောင်းစွာပြုစု စီရင်အပ်သော **ဝဏ္ဏနာဒီပနီ** သညီမည်မှန်း ဤသည့်ကျမ်းသည်။ နိဋ္ဌိတာ နိဋ္ဌံ ဥတာ ဂတာ ပတ္တာ၊ အပြီးသို့ ရောက်လတ်ပြီ။

ဝဏ္ဏနာဒီပနီကျမ်း ပြီး၏။

# ရွှေကျင်သံဃာတော်များသို့

**အထူးလျှောက်ထားခြင်းပါဘုရား....။**

၁၃၂၅-ခု တော်သလင်းလဆန်း ၆-ရက်၊ စနေနေ့ (၂၄-၈-၆၃)

ရွှေကျင်နိကာယ သာသနာဝင် ကျမ်းကြီးကို ဖတ်ရှုပြီးသောအခါ ရွှေကျင်ဂိုဏ်းကြီး၏ ဦးစီးနာယက ဆရာတော်များသည် ဘုရားရှင်၏ အဆုံးအမကို လေးစား နာယူခြင်းဖြင့် မည်မျှသာသနာတော်ကို စောင့်ရှောက်နိုင်ခဲ့သည်ကို အရှင်ဘုရားများ ရှေးကထက် ပိုမိုဝမ်းမြောက် ကြည်ညိုနိုင်ကြလိမ့်မည်ဟု ယုံကြည်ပါသည် ဘုရား။

ဘုရားရှင်ကိုယ်တော်မြတ်၏ အရိပ်အာဝါသသည် မည်မျှ ကြီးမားရှိ မည်မျှ အကျိုးပြုသည်ကို အရှင်ဘုရားများက တပည့်တော်များထက် ပိုမိုသိရှိပြီးဖြစ်သည်ဟု ယုံကြည်ပါသည်၊ လူအများသည် ပစ္စည်းရှာဖွေရေးတွင် တရားသဖြင့်ရင်း မတရားသဖြင့်ရင်း အသက်ဆံဖျား ရှာဖွေစုဆောင်းပြီး သံဃာတော်များကို တခမ်းတနား ကျောင်းများ, ပစ္စည်းလာဘ်လာဘများဖြင့် ပူဇော်ချီးမြှောက်လျက် ရှိကြသည်မှာ လက်တွေ့ပင် ဖြစ်ခဲ့ပါပြီ။

ထိုကဲ့သို့ လှူဒါန်းပူဇော်ကြသည့် အနက် ရွှေကျင်ဂိုဏ်း သံဃာများကို ကိုးကွယ်ဆည်းကပ်ကြသည်မှာ ပို၍ လေးစား ထူးခြားသည်ဟု ဆိုလျှင် လွဲမည်မထင်ပါ၊ ထိုသို့ လာဘ်လာဘ အကျော်အစော အထူးလေးစား ပူဇော်ကြခြင်းမှာ **ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးကြောင့်ပင်** ဖြစ်သည်ဟု ယုံကြည်ပါသည် ဘုရား။

ထို့ကြောင့် ရွှေကျင်သံဃာတော်များသည် ရွှေကျင်ဆရာတော်ဘုရားကြီး၏ အလိုတော်ကျ မိမိအကျိုး, သာသနာတော်၏ အကျိုးကို ရွှေကျင်ဂိုဏ်းကြီး၏ဂုဏ်, မိမိ၏ဂုဏ်ကို ထိန်းသိမ်းသောအားဖြင့် အထူး ကြိုးစားအပ်ကြသည်ဟု ယုံကြည်မိပါသည်။

သာသနာတော်ကို စောင့်ရှောက် ထိန်းသိမ်းနေကြရသော ဒါယကာ, ဒါယိကာမများသည် ယခုအချိန်၌ အလွန်စိတ်ဆင်းရဲလျက် သာသနာတော်၏ တာဝန်ကို ထမ်းဆောင်ရန် စီးပွါးရေးအားဖြင့် အခက်အခဲ ရှိနေသောအချိန်နှင့် ကြုံတွေ့နေရပါသည်၊ သို့ပင်လျက်လည်း သာသနာ့တာဝန်ကို မတွန့်မဆုတ် ထမ်းဆောင်ဆဲပင် ဖြစ်ပါသည်။

ထို့ကြောင့် ရွှေကျင်ဒကာ-ဒကာမများနှင့် တိုင်းသူပြည်သားတို့ အကျိုးစီးပွါးနှင့်တကွ သာသနာတော်၏ အကျိုးစီးပွါးကို ရှေးဆရာ့-ဆရာတော်ကြီးများ နည်းတူ သဒ္ဓါတရား ပြင်းပြစွာဖြင့် တရားနှင့်အညီ ကြိုးစားကူညီ စောင့်ရှောက်တော် မူကြပါရန် လေးမြတ်စွာ လျှောက်ထားပါသည် ဘုရား။

ရွှေကျင်ဂိုဏ်းတွင်နေ၍ မိမိကိုယ်တိုင် စာသင်စာချ တပည့်မွေး ဘုန်းကြီးနေရုံမျှနှင့် ယခုအချိန်တွင် သာသနာ့တာဝန်ကို ကျေပွန်ကြတော့မည်ဟု မထင်ပါဘုရား၊ ရွှေကျင်ဂိုဏ်းဝင် သံဃာတော်များသည် ပဌမ ရွှေကျင်ဆရာတော်ဘုရားကြီး၏ အဆုံးအမကို ဂိုဏ်းဝင်ပုဂ္ဂိုလ်များ အစဉ်အလာ မပျက်ရကြစေရန် စူဠသိဿကောဝါဒ, မဟာသိဿကောဝါဒ, ဝိစိတြဝန္ဒနာ, ဝဠနာဒီပနီ အစရှိသော ကိုယ်အမူအရာ, နှုတ်အမူအရာတို့ကို ယဉ်ကျေး၍ စိတ်ကို ဖြောင့်စင်း ဖြူစင်အောင် ပြုပြင်နိုင်သော စာပေများကို ကျောင်းသား, ဘိုးသူတော်, သာမဏေ, ရဟန်းမကျန် မိမိတို့ဩဇာ ပျံ့နှံ့ရာအရပ်တို့၌ မသင်မနေရ မကျင့်ချင် ကျင့်ချင်အောင် သင်ကြားပို့ချလိုက်နာကျင့်သုံးအပ်သည်ဟု ထင်ပါသည်ဘုရား။

စွမ်းနိုင်ပါလျှင် **ဗုဒ္ဓ၏နည်း**ဖြင့် နိုင်ငံရေး, စီးပွါးရေး, လူမှုရေး, ပညာရေး, ဉာဏ်ရင့်ကျက်ရေး, ကိုယ်စိတ်နှစ်ပါး ချမ်းသာရေးများကို ပိဋကတ်စာပေများမှ ထုတ်နုတ်၍ ခေတ်လူအများ လေ့လာချင်အောင် လေ့လာခွင့်ရအောင် နိုင်ငံတော်၏ တာဝန် သာသနာတော်၏ တာဝန်ကို ရွှေကျင်ဂိုဏ်းသားပီပီ တရားနှင့်အညီ ကြိုးစားကူညီတော်မူကြပါရန် လေးမြတ်စွာ ခြေတော်ဦးခိုက် လျှောက်ထားအပ်ပါသည် ဘုရား။

ထိန်ဝင်း

၂၄-၈-၆၃

၁၃၂၅-ခု၊ တော်သလင်းလဆန်း ၆-ရက်။

ထုတ်ဝေသူ - ဦးထိန်ဝင်း ( မှတ်ပုံတင်အမှတ် - ၀၂၂၄ )
အမှတ် ၁၀၇၊ စိန်ဂျွန်းလမ်း၊
ရန်ကုန်မြို့။
( ဖုံး - ၁၀၀၉၅ )

ပ-မ-ဗ-သ-စ—၂၅၆—၂၄-၁၀-၆၃, ၂၀၀၀